http://www.dhammadownload.com

ဒုတိယတွဲ
၁၃၇-၃

ရာဇာဓိရာဇဂုရုဆရာတော်ကြီးများ

ဝိနိစ္ဆယပေါင်း ၆၀-ကျော်ပါဝင်သော

ဝိနယသမ္မဟဝိနိစ္ဆယ

ဒုတိယတွဲ



၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ရာဇာဓိရာဇဂုရုဆရာတော်ကြီးများ

ဝိနိစ္ဆယပေါင်း ၆၀-ကျော်ပါဝင်သော

ဝိနယသမ္ဗဟဝိနိစ္ဆယ

ဒုတိယတွဲ

BUDDHIST LITERATURE GROUP
B.L.G
ဗုဒ္ဓစာပေအဖွဲ့

၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ဤဝိနယသမ္ဘဟဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)ကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
မမွဒါနဒါယကာများ

သရေစည်သူ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်

ဒုတိယပိုလ်ချုပ်ကြီးသာအေး(ဌေးမ်း)

ဇနီး ဒေါ်ဝေဝေခိုင်

"အေးရိပ်ဝေ"မိသားစု

သား,သမီး, မြေးတစုကောင်းမှု

နတ်လူသာမုခေါ်စေသော်။

http://www.dhammadownload.com

ဤဝိနယသမူဟဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)ကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါနဒါယကာများ

သရေစည်သူ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်

ဒုတိယဝိုလ်ချုပ်ကြီးသာအေး(ဌေးမ်း)

ဇနီး ဒေါ်ဝေဝေခိုင်

"အေးရိပ်ဝေ"မိသားစု

သား,သမီး, မြေးတစုကောင်းမှု

နတ်လူသာဓုခေါ်စေသော်။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိနယသမ္ဘဟဝိနိစ္ဆယ၊ ဒုတိယတွဲ

ရာဇာဓိရာဇဂုရုဆရာတော်ကြီးမျှား

http://www.dhammadownload.com



http://www.dhammadownload.com

ရာဇာဓိရာဇဂုရုဆရာတော်ကြီးများ

ဝိနိစ္ဆယပေါင်း ၆၀-ကျော်ပါဝင်သော

ဝိနယသမ္မဟဝိနိစ္ဆယ

ဒုတိယတွဲ



၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ဝိနယသမူဟဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)

ပုံနှိပ်မှတ်တမ်း

ပဉ္စမအကြိမ်။ ၁၃၂၀-ခု (၁၉၅၈)၊ သမ္မတပုံနှိပ်တိုက်၊ ဆိုင်းတန်း၊ မန္တလေး။

ဆဋ္ဌအကြိမ်
အုပ်ရေ (၁,၀၀၀)
၁၃၇၂-ခုနှစ်၊ (၂၀၁၁-ခုနှစ်)

ဆရာကြီး ဦးစိန်ပို (ဗုဒ္ဓစာပေအဖွဲ့၊ ဘဏ္ဍာရေးမှူး) ထံမှ ဤစာမူကို ရရှိသဖြင့်
ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှုဒါန်း၍
ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြိုးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ကမ္ဘာအေးပုံနှိပ်တိုက်အတွက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်မှတ်ပုံတင်အမှတ်
(၀၃၈၄၃)က ပုံနှိပ်၍ ဗုဒ္ဓစာပေအဖွဲ့ ဦးညွှန့်မောင် ယာယီမှတ်ပုံတင်အမှတ်
(၁၃၈၅)က ထုတ်ဝေသည်။

http://www.dhammadownload.com

သမ္မာသမ္ဗုဒ္ဓ ဒွိပဒုတ္တမ အတိဥက္ကဋ္ဌ အနုတ္တရမြတ်စွာ ဘုရားထွေသာ
ရွှေဗျာတော်မြတ် အာဏာတော်ပညတ်နှင့်တကွ ပိဋကတ္တယဆေက
ဝိနယဝိဒူ ပါရဂူမြောက် မာတင်မုန်သောက် စွယ်စုံရောက်၍
ပေါက်သားဇာနည် မဟာထေရ်ကြီးအစစ် ဖြစ်ကြီးဖြစ်တော်မူကြသော
ရာဇာဓိရာဇဂုရု လွတ်တုအကျော် ဆရာတော်ဘုရားကြီးတို့သည်
ပါဠို,အဋ္ဌကထာ,ဋီကာ,ဂန္ထန္တရသာဓကတို့နှင့်တကွ
စီရင်ဆုံးဖြတ်တော်မူကြသော
ဝိနိစ္ဆယဦးရေ ၆၀-ကျော်တို့ဖြင့် တန်းဆာဆင်အပ်သော

ဝိနယသမုဟဝိနိစ္ဆယကျမ်း

ဒုတိယတွဲ

ဦးနိဓိကြောဓအဿဇ

တည်းဖြတ်သုတ်သင် ပြင်ဆင်စီမံ၍ ပါဠိဆရာဦးကျော်မြင့် ကြီးကြပ်ပြင်ဆင်သည်။
ပဥ္စမအကြိမ် ထပ်မံရိုက်နှိပ်ခြင်း

မူပိုင်ရှင်
ဦးစံညွှန့်၏သမီး ဒေါ်ဖွားခင်၊ သား ကိုလှမောင်
ရန်ကုန်-မန္တလေး ပိဋကတ်စာအုပ်ဆိုင်၊
ဈေးချိုတော် စီရုံ၊ အမှတ် (၂-၃)၊ မန္တလေး။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိနယသမူဟဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)၊ မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- နိဒါန်း	[၁၅]
{ ၁ }	ပစ္စဝေက္ခဏာဂဏ္ဌိကျမ်း (မောင်းထောင်ဆရာတော် ဦးပညာဇောတ)	၆၂၁
{ ၂ }	ဘိုးတော်ဘုရားအမေးတော်ပုံ (ဗားကရာသာသနာပိုင်ဆရာတော်)	၆၉၁
{ ၃ }	ပါတိမောက္ခဒွေသဝိနိစ္ဆယ (အမည်မသိဆရာတော်)	၇၂၄
{ ၄ }	ဥပေါသထကမ္မဝိနိစ္ဆယ (ဗန်းမော်ဆရာတော်)	၇၃၂
{ ၅ }	အသုဘဒဿနဝိနိစ္ဆယ (ဗန်းမော်ဆရာတော်)	၇၃၆
{ ၆ }	သံယိကပစ္စယဝိနိစ္ဆယ (ဗန်းမော်ဆရာတော်)	၇၃၈
{ ၇ }	ဝိနယဓရဗဟုဿုတဝိနိစ္ဆယ (ဗန်းမော်ဆရာတော်)	၇၄၃
{ ၈ }	ဓူမပါနဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၇၅၆
{ ၉ }	ဝိသတိဝဿပရိပုဏ္ဏာဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၇၆၅
{ ၁၀ }	ဒဟရဘိက္ခုဥပသမ္ပဒဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၇၇၆
{ ၁၁ }	ကုလဒူသကဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၇၈၁
{ ၁၂ }	သုပ္ပဋိစ္ဆန္နပါရုပနဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၇၈၄
{ ၁၃ }	စီဝရရဇနဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၇၉၀
{ ၁၄ }	စီဝရဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၈၀၂
{ ၁၅ }	ဆတ္တဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၈၁၂
{ ၁၆ }	ဥပါဟနဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၈၂၄
{ ၁၇ }	သီမာဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၈၄၁
{ ၁၈ }	ပကိဏ္ဏကဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	
[၁]	ရှင်ဝိမလာစာရလျှောက် ပထမဝိနိစ္ဆယ	၈၅၀
[၂]	ပခန်းမြို့စားမင်းကြီးလျှောက် ဒုတိယဝိနိစ္ဆယ	၈၅၃

http://www.dhammadownload.com

စဉ် အကြောင်းအရာ	စာမျက်နှာ
[၃] ရှင်ဉာဏိန္ဒလျော်က် တတိယဝိနိစ္ဆယ	၈၆၀
[၄] ရှင်သီလာစာရလျော်က် စတုတ္ထဝိနိစ္ဆယ	၈၆၃
[၅] ရှင်ဥပါလိလျော်က် ပဉ္စမဝိနိစ္ဆယ	၈၆၇
[၆] ရှင်ဥပါလိလျော်က် ဆဋ္ဌဝိနိစ္ဆယ	၈၇၂
[၇] ရှင်ဥပါလိလျော်က် သတ္တမဝိနိစ္ဆယ	၈၇၅
[၈] ရှင်သီလာစာရလျော်က် အဋ္ဌမဝိနိစ္ဆယ	၈၇၃
[၉] ရှင်စန္ဒိမာလျော်က် နဝမဝိနိစ္ဆယ	၈၈၁
[၁၀] ရှင်ဉာဏလျော်က် ဒသမဝိနိစ္ဆယ	၉၀၀
[၁၁] ငပေါလူလျော်က် ဧကာဒသမဝိနိစ္ဆယ	၉၀၂
{ ၁၉ } အပ္ပိစ္ဆဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)	၉၀၆
{ ၂၀ } ရူပိယဆဋ္ဌကဝိနိစ္ဆယ (သီးလုံးဆရာတော်)	၉၁၇
{ ၂၁ } ပါဒ,ပါဒါရဟဝိနိစ္ဆယ (ဆင်တဲဆရာတော်)	၉၁၉
{ ၂၂ } သုရာပါနဝိနိစ္ဆယ	
[၁] ဆူးခါးဆရာတော်အဆုံးအဖြတ်	၉၃၀
[၂] အောင်မြေရွှေဘုံဆရာတော်အဆုံးအဖြတ်	၉၃၇
{ ၂၃ } သေနာသနပဋိဂ္ဂဟဝိနိစ္ဆယ (သီးလုံးဆရာတော်)	
[၁] ရှင်နန္ဒမာလာလျော်က် ပထမဝိနိစ္ဆယ	၉၄၆
[၂] ရှင်ဥက္ကံသမာလာလျော်က် ဒုတိယဝိနိစ္ဆယ	၉၅၇
{ ၂၄ } အပလောကနကမ္မဝိနိစ္ဆယ (သီးလုံးဆရာတော်)	၉၇၂
{ ၂၅ } စုဒ္ဒသမဝိနိစ္ဆယ (သီးလုံးဆရာတော်)	၉၈၁
[၁] အာသနဝိနိစ္ဆယ	၉၈၂
[၂] အတ္ထရဏဝိနိစ္ဆယ	၉၉၂
[၃] ပဉ္စဘိသိဝိနိစ္ဆယ	၉၉၄

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
[၄]	သေနာသနပရိဘောဂဝိနိစ္ဆယ	၉၉၅
[၅]	အလင်္ကိုပုဂ္ဂလဝိနိစ္ဆယ	၉၉၆
[၆]	ဥပေါသထပဝါရဏာဒိဝိနိစ္ဆယ	၉၉၈
[၇]	ဘိက္ခုပရိဘောဂဝိနိစ္ဆယ	၉၉၉
[၈]	စေတိယဂေါပကဝိနိစ္ဆယ	၁၀၀၁
[၉]	ပဒီပပူဇာရဟဝိနိစ္ဆယ	၁၀၀၃
[၁၀]	ဒွါရဗန္ဓနဝဿုပနာယိကဝိနိစ္ဆယ	၁၀၀၅
[၁၁]	ဝေယျာဝစ္စကရဝိနိစ္ဆယ	၁၀၀၆
[၁၂]	ဓူမပါနဝိနိစ္ဆယ	၁၀၀၇
[၁၃]	အလင်္ကိသံဝါသဝိနိစ္ဆယ	၁၀၀၉
[၁၄]	ဓမ္မသဝနဝိနိစ္ဆယ	၁၀၁၂
{ ၂၆ }	နိဿယမုစ္စကဝိနိစ္ဆယ (အမည်မသိဆရာတော်)	၁၀၁၃
{ ၂၇ }	အာရာမဝိနိစ္ဆယ (မိုးထားဆရာတော်)	၁၀၂၉
{ ၂၈ }	ကံ,ဒွါရဝိနိစ္ဆယ (မလက်တိုဂူကုန်းဂိုဏ်းထောက်ဆရာတော်)	၁၀၃၄
{ ၂၉ }	ကံ,ဒွါရဝိဝါဒဝိနိစ္ဆယ (ခင်မကန်ဆရာတော်)	၁၀၄၁
{ ၃၀ }	ပရိဘဏ္ဍပရိဏာမဝိနိစ္ဆယ (ခင်မကန်ဆရာတော်)	၁၀၄၆
{ ၃၁ }	ပဋိသန္ဓိဇနကကမ္မဝိနိစ္ဆယ (ခင်မကန်ဆရာတော်)	၁၀၅၄
{ ၃၂ }	ဒုစ္စရိတဝိနိစ္ဆယ	
[၁]	စံကျောင်းဆရာတော်အဆုံးအဖြတ်	၁၀၆၁
[၂]	လယ်ပြင်ဆရာတော်အဆုံးအဖြတ်	၁၀၆၃
{ ၃၃ }	မရဏာဓိပ္ပါယဝိနိစ္ဆယ (ခင်မကန်ဆရာတော်)	၁၀၆၄
{ ၃၄ }	အဒိန္နာဒါနဝိနိစ္ဆယ (မောင်းထောင်ဆရာတော်)	၁၀၆၈
{ ၃၅ }	စီဝရသိပ္ပနဝိနိစ္ဆယ (စံကျောင်းဆရာတော်)	၁၀၇၅

http://www.dhammadownload.com

စဉ် အကြောင်းအရာ	စာမျက်နှာ
{ ၃၆ } နိသီဒနဝိနိစ္ဆယ (မိုင်းခိုင်းဆရာတော်)	၁၀၈၀
{ ၃၇ } ဝစ္စကုဋိဝိနိစ္ဆယ (ပုခန်းဆရာတော်)	၁၀၈၆
{ ၃၈ } ဗုဒ္ဓနဝမဝိနိစ္ဆယ (မောင်းထောင်ဆရာတော်)	၁၀၉၂
{ ၃၉ } အနုသူရာဝိနိစ္ဆယကျမ်း (ကျော်အောင်စံထားဆရာတော်)	၁၀၉၆
{ ၄၀ } အစ္ဆယဒါနဝိနိစ္ဆယ (မိုင်းခိုင်းဆရာတော်)	၁၁၂၇
{ ၄၁ } အစ္ဆယဒါနာဒိဝိနိစ္ဆယ	၁၁၂၉
{ ၄၂ } ထာဝရကမ္မဘောဒနဝိနိစ္ဆယစာတမ်း (ဆူးခါးဆရာတော်)	၁၁၄၉
- အာသီသပတ္ထနာလက်ာဧကပိဒ်	၁၁၆၄
- ကျမ်းပြီးနိဂုံးလက်ာ	၁၁၆၅

မာတိကာ ပြီး၏။

----- x -----

http://www.dhammadownload.com

နိဒါန်း

အောင်သူတကာတို့၏၊ ပဝရာဘိသုဓဇ၊ ဓမ္မသာမိ၊ မုနိအထွဋ်၊ တမွတ်ဥသျှောင်၊ အောင်သူများဘ၊ သီရိနွဖျား၊ လူ ၃-ပါးတို့၏၊ ပတ္တမြား,ဝဇီရာ၊ နီလာ,မြသား၊ ပြယိုးယား အစစ်၊ ပြည်တန်မျက်နှစ်၊ အတုလဧကရာဇ်၊ ကာမ,ရူပ၊ အရူပသိမ်းကျုံး၊ ၃-ဘုံလုံးဦ၊ မင်းဆုံး ဓမ္မရာဇ်ဖြစ်တော်မူသော ဒေဝါတိဒေဝ၊ ငြဟ္မာတိငြဟ္မ၊ ပဝရပြဘင်၊ မာရ်နှင်ပရမေ၊ စော ဘုန်းဝေသည်၊ သချှေ ၄-ထပ်၊ ကပ် ၁-သိန်းပွါး၊ ဘုရားလောင်းတို့ တံထွာ၊ ပါရမီ,စာဂ၊ စရိယ ၃-ဆင့်၊ အကိုင်း,ညွှန့်ခက်၊ အရွက်,ဖူး,ငုံ၊ အမုံလှတင့်၊ မြင့်ထက်မြင့်၍၊ ရင့်လေရကား၊ ၅-ပါးတပြင်၊ မာရ်သေနင်္ကို၊ အောင်မြင်တိုက်လှဲရာ၊ ဒေဝသည်းဝှန်၊ မာရ်ပြည်စွန့်ကို၊ အောင်တံခွန်ဆောက်၊ အောင်သေသောက်ရာ၊ အပရာဇိတ၊ ဘူမျှားဦးကင်၊ ပလ္လင်ရွှေနန်း၊ သိမ်းမြန်းချုပ်ရာ၊ ၄-သစ္စာကို၊ ဆရာမရှိ၊ ကိုယ်ထူးသိ၍၊ ဓိပတိမှန်ချက်၊ အရဟတ္တမဂ်၊ ကနက်လွတ်ကျွန်း၊ ဖြူဝန်းဖွင့်လှစ်တော်မူသဖြင့် ၅-ဆင့်ဥေ ယျ၊ အနန္တသာဂရ၊ အနာဝရဏ-သဗ္ဗညုတဉာဏ်ကို ပန်ဆင်တော်မူပြီးမှ၊ မဏ္ဍာလ ၃-လီ၊ ကြွချီဒေသစာ၊ ဝေနေယျကြာ၊ သတ္တဝါကို၊ ဒေသနာရေအေး၊ တိုက်ကျွေးဝေငှ၊ ကောဏ္ဍာည,သုဘဒ်၊ စ,ဆုံးသတ်သား၊ လူ,နတ်တရုံ၊ ကုန်အောင်စုံကို၊ ဘုံခေမာသောင်၊ နိဗ္ဗာန်ခေါင်သို့၊ ကြဉ်းဆောင်သယ်ဝင်၊ ကယ်တင်ကူးတို့၊ ပို့ယူနုတ်၍၊ ထုတ်ပေအနန္တ၊ ဗုဒ္ဓကိစ္စ၊ သဗ္ဗတောဘဒြ၊ ပြီးကုန်ငသဖြင့်၊ အမတရွှေဘုံ၊ ရိပ်မြုံတင့်ဆန်း၊ သာကြင့်နန်းကို၊ နန်းသိမ်းသဘင်၊ ခံယင်ရိုက်တီး၊ ပြည်ကြီး နိဗ္ဗာန်၊ စံဝင်တော်မမူမီ၊ ထို,ဤမျှားစွာ၊ သတ္တဝါကို၊ မဟာကရုဏာတော်၊ နှိုးဆော်တိုက်တွန်း လေရကား၊ ကိုယ်စား,တော်စား၊ ရည်မှတ်သား၍၊ "ဘုရားငါနှင့်၊ အသင့်အာရုံ၊ မကြုံမကြိုက်၊ မတွေ့ထိုက်လည်း၊ အမြိုက် ၉-ပါး၊ ငါ့တရားကို၊ ကြားနာရ၍၊ တကွငါနှင့်၊ အသင့်ကြုံကြိုက်၊ ငါ့စရိုက်ကို၊ လိုက်ကြပစေ၊ မဂ္ဂ,ဖလ၊ နိဗ္ဗာနကို၊ ရပစေ"ဟု၊ စေ့ရေပိုင်းခြား၊ ယုဂဖလ၊ ဓမ္မအပြား၊ ၅,၀၀၀-အားဖြင့်၊ ထားတော်မူခဲ့သော သာသနာတော်သည်၊ သပြေမင်္ဂလာ၊ ဇမ္ဗူဒီပါ၊ သီရိဝှယ၊ နာမဘိဓေယျာ၊ လက်ယာဒီပ၊ ရတနာပုဏ္ဏ၊ ရတနာပုဏ္ဏာ၊ နွယ်ထွေကြောင်း လျော်၊ ကောင်းခြီးခေါ်သည်၊ ဤရတနာပုံရွှေမြို့တော်ကြီး၌၊ ညီးညီးဝင်းဝါ၊ ထောင်ရောင်ဖြာသည်၊ စကြာနေမင်း၊ ၃-ကျွန်းခပင်း၊ ပြိုးပြိုးဝင်းသကဲ့သို့၊ ရှင်,လူခပင်းတို့၏ စီးပွါးချမ်းသာကို ရှာယူဖြည့်တင်း၍ သာသနာတော်တည်းဟူသော နေမင်းသည် ထွန်းလင်းတောက်ပတော်မူပေသတည်း။

http://www.dhammadownload.com

ဝိနယသမ္ဗဟဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)

ယင်းသို့ တာရိန္ဒရ၊ လ-သီတဂူ၊ ယုန်ဖြူရွှေအိမ်၊ ထိန်ထိန်လှည့်ဝန်း၊ မြန်တို့ကျွန်း၌၊ ကွန့်ရွှန်းမြူးကာ၊ ပမာတန်ဆောင်၊ သာသနာတည်းဟူသော နေအရောင်သည်၊ ပြောင်ပြောင်ကြီး ထွန်းတောက်ပတော်မူစဉ်အခါ၊ **ပဉ္စမသင်္ဂီယနာတင်မင်းတရားကြီး၊ သားတော်မင်းတရားကြီး**၊ မင်းထီးမင်းဖျား၊ မင်းဖ,သား ၂-ပါး၊ မြောက်စားကိုးကွယ်တော်မူသော, ၃-ပုံပိဋကတ်၊ မုခပါဌ်ကို၊ တတ်လိုသူတို့၏ ကိုးကွယ်ရာတမူလည်း ဖြစ်ထသော, ပညာမုန်ရည်၊ ထေရ်စွယ်စုံဟု၊ အာရုံတွေးထောက်၊ ရွေးကောက်ပြီးကာ၊ သုခမွာဝယ်၊ တင့်တယ်စွာ ဌာနန္တရဝိသေသဖြင့်၊ အထူးခြီးပ၍ ဝိဝါဒဖြစ်ကြသည့် အနာထပုဂ္ဂိလိတို့၏ ကိုးကွယ်ရာတမူလည်းဖြစ်ထသော, လောကီအရာ၊ ဘာသာသက္ကတ၊ ဗျာကရဏ,ဒဏ္ဍီ၊ ဘင်္ဂလီ,နာဂရီ၊ တဟီကျမ်းဂန်၊ အဘိဓာန်,အလင်္ကာ၊ သဒ္ဒါပုဒ်ပါဠိ၊ ရုပ်ဓာတ်,ပစ္စည်း၊ ဆန်းနည်းမတြာ၊ ဂါထာဥပဒေ၊ အနေအထား၊ စကားဥပါယ်၊ မှတ်ဖွယ်ကျမ်းရိုး၊ ဆိုမျိုးဘာသာ၊ အရာရာတို့၌၊ လိမ္မာတတ်ကျွမ်းသော၊ တန်ခိုးသတင်း၊ ကျော်စောခြင်းလည်း ရှိထသော၊ ခမာ, ဇာဂရိယ၊ စသည်အင်္ဂါ၊ နာယကဂုဏ် ၆-ဖြာဖြင့်၊ မာနကို မထောင်လွှား၊ သူတပါးနှင့် မဆန့်ကျင်၊ ဖြူစင်သော သိက္ခာပုဒ်ကို မယုတ်မန္ဒမ်းစေရ၊ အတ္တုက္ကံသန, ပရဝမ္ဘန မရှိ၊ နိဝါတဝုတ္တိ၊ အလိနဝိရိယ၊ ဥဇုကသမာစာရ၊ သီလ,သမာဓိ-စသော ဂုဏ်တို့ဖြင့် ပြည့်စုံလှစွာသော မဟာထေရ်ကြီးတမူလည်းဖြစ်ထသော၊ ဤသို့ စသည်ဂုဏ်ပေါင်း၊ ရေသော်ညောင်းမျှ၊ အသောင်းမက၊ သီဿနုသီဿတို့၏၊ ကိုးကွယ်မှီခို၊ ရိုသေလေးမြတ်ကြရာ ဖြစ်တော်မူသော သာသနသောဇက သံဃရာဇာ ဗားကရာသာသနာပိုင်ဆရာတော်ဘုရားကြီးမှ စ၍ မဟာဓမ္မရာဇာဓိရာဇဂုရု၊ လှလှခတ်နှိပ်၊ တံဆိပ်မင်းစံ၊ နာမံထင်ပေါ်၊ ကျမ်းတတ်ပုဂ္ဂိလ်ကျော်၊ ဆရာတော်ဘုရားကြီးတို့သည် စီရင်ဆုံးဖြတ်အပ်သော ဤဝိနယသမ္ဗဟဝိနိစ္ဆယကျမ်း (တတိယတွဲ)ကို မန္တလေးမြို့၊ ဈေးချိုတော် စီရုံ၊ ဆိုင်နံပါတ် (၂-၃)၊ ရန်ကုန်,မန္တလေး ပိဋကတ်စာအုပ်တိုက်၊ မူပိုင်ရှင် ဦးစံညွှန့်၊ သား မောင်လှမောင်-က ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ပဉ္စမအကြိမ် ထပ်မံပြင်ဆင်ရိုက်နှိပ်ပါသတည်း။

----- × -----

★ ဦးဆန်းထွန်း၏ မိတ်ဆက်နိဒါန်းမှာ ပထမတွဲတွင် ပါပြီးဖြစ်သည်။

http://www.dhammadownload.com

ရာဇာဓိရာဇဂုရုဆရာတော်ကြီးများ

ဝိနယသမုဟဝိနိစ္ဆယကျမ်း

ဒုတိယတွဲ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မောင်းထောင်ဆရာတော်ဦးပညာဇောတ

{ ၁ } ပစ္ဆဝေက္ခဏာဂဏ္ဌိကျမ်း

[၁] ရတနတ္တယပဏာမ

၁- သီလမ္ဗုဟဒယံ နာထံ၊ မဟာကာရုဏိကံ နမေ။
ဓမ္မံ၌'သ ဘဝုဒ္ဓါရံ၊ သံယံ သီလာဒိသမ္ပဒံ။ ။

အဟံ၊ ငါသည်။ သီလမ္ဗုဟဒယံ၊ သီလတည်းဟူသော ရေဖြင့် ချမ်းမြေ့သော နှလုံးတော်ရှိတော်မူထသော။ မဟာကာရုဏိကံ၊ သူတပါးတို့နှင့် မဆက်ဆံသော, ကြီးမြတ်သော ကရုဏာရှိတော်မူထသော။ နာထဉ္စ၊ ဝေနေယျသတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာ

http://www.dhammadownload.com

ဖြစ်တော်မူသော မြတ်စွာဘုရားကိုလည်းကောင်း။ ဘဝုဒ္ဓါရံ၊ မိမိကို ကျင့်သောသတ္တဝါ အပေါင်းကို ဘဝ ၃-ပါးမှ ထုတ်၍ နိဗ္ဗာန်သို့ ဆောင်တတ်ထသော။ အဿ နာထဿ၊ ထို မြတ်စွာဘုရား၏။ ဓမ္မဥ္စ၊ မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်, ပရိယတ်-ဟု ဆိုအပ်သော ၁၀-ပါးသော တရားတော်ကိုလည်းကောင်း။ သီလာဒိသမ္ပဒံ၊ သီလ-အစရှိသော ကျေးဇူးနှင့် ပြည့်စုံသော။ ("အဿ နာထဿ"၏ "အဿသဒ္ဒါ လိုက်သည်"။) သံဃဉ္စ၊ မဂ္ဂဋ္ဌာန် ၄-ယောက်, ဖလဋ္ဌာန် ၄-ယောက်-ဟု ဆိုအပ်သော ၈-ယောက်သော အရိယာသံဃာတော်အပေါင်းကို လည်းကောင်း။ နမေ-နမာမိ၊ ရှိခိုးပါ၏။ နမဿိတ္ဝာ၊ ရှိခိုးပြီး၍။

၂- **သူရိယံ မေ မဟာထေရံ၊ မေတ္တောဒကေန သေစနံ။**
ဂရုံ စ သိဿဝေဓေန္တံ၊ နမာမိ သိရသာ ဓိရံ။ ။

မေတ္တောဒကေန၊ မေတ္တာတည်းဟူသော ရေချမ်းဖြင့်။ သတ္တာနံ၊ သတ္တဝါအပေါင်း တို့အား (ထည့်)။ သေစနံ၊ နှေ့ညဉ့်မပြတ် သွန်းလောင်းတတ်သော အလေ့ရှိထသော။ သိဿဝေဓေန္တံ၊ ထိုထိုအရပ်မှ ဆည်းကပ်လာကုန်သော စာသင်သားအပေါင်းတို့၏ ဉာဏ် ပညာကိုလည်း ပွါးစေတတ်ထသော။ ဓိရံ၊ ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့သည် ချောက်ချားတုန်လှုပ်စေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ မြဲမြံခိုင်ခံ့သော သမာဓိလည်း ရှိတော်မူထသော။ မဟာထေရံ၊ ဝါ ၂၀-ရှိပြီးသည်၏အဖြစ်ကြောင့် မဟာထေရ်လည်း ဖြစ်တော်မူထသော။ ဝါ၊ မြဲမြံစွာဖြစ်သော သီလ-အစရှိသော မြတ်သောကျေးဇူးနှင့်လည်း ပြည့်စုံထသော။ သူရိယံ၊ သူရိယအမည်ရှိသော။ ဝါ၊ သူတပါးတို့ ယုံမှားသင်္ကာ မိစ္ဆာအယူ-ဟူသော အမိုက်ကို ဖျောက်စွမ်းနိုင်သဖြင့် နေမင်းကဲ့သို့ဖြစ်၍ သူရိယ-ဟု မှည့်ခေါ်အပ်သော။ မေ၊ ငါ၏။ ဂရုံ စ၊ ဆရာမြတ်ကိုလည်း။ ဝါ၊ သဲအင်းဆရာတော်ဘုရားကြီးကိုလည်း။ သိရသာ၊ ဦးဖြင့်။ နမာမိ၊ ရှိခိုးပါ၏။ နမဿိတ္ဝာ၊ ရှိခိုးပြီး၍။

၃- **ကုလပုတ္တာန'မတ္ထာယ၊ တေနေဝါ'ဟံ သမိဒ္ဓိတော။**
ဂဏ္ဌိဋ္ဌာနံ ပကာသိဿံ၊ ပစ္ဆဝေက္ခဏပါဋိယာ။ ။

တေနေဝ ဂရုနာ၊ ထိုဆရာမြတ်သည်ပင်လျှင်။ သမိဒ္ဓိတော၊ တိုက်တွန်းအပ်သည်ဖြစ်၍။ ဝါ၊ တိုက်တွန်းအပ်သော။ အဟံ၊ ငါသည်။ ကုလပုတ္တာနံ၊ ကောင်းသောအကျင့် ရှိကုန်သော အမျိုးသားတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ပစ္ဆဝေက္ခဏပါဋိယာ၊ ပစ္ဆဝေက္ခဏာ ပါဋိတော်၏။ ဂဏ္ဌိဋ္ဌာနံ၊ ခဲခက်သောအရာကို။ ပကာသိဿံ၊ ပြပေအံ့။

ဤတွင် ရတနတ္တယပဏာမ, ဂန္ထာရမ္ဘ-စသည်ကို ဆိုရာစကား ၁-ရပ် အပြီးသတ်သတည်း။

----- × -----

http://www.dhammadownload.com

| ၂ | ပစ္စဝေက္ခဏာပါဠိ

၁။ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ·ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပီန ပဋိစ္ဆာဒနတ္ထံ။ (မူလပဏ္ဏာသ။၁၂)

၂။ ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ နဲ မဒါယ နဲ မဏ္ဍနာယ နဲ ဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ နဲ ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။
(မူလပဏ္ဏာသ။၁၂)

၃။ ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ။

၄။ ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဈပရမတာယ။
(မူလပဏ္ဏာသ၊၁၃။ နာမယောဂ-နှင့် အမှယောဂ-သာ ကွဲ၍ အနက်အဓိပ္ပါယ်တူသည်။)

"သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး-တည်းဟူသော ပစ္စည်း ၄-ပါးတို့ကို ရာဂတဏှာဖြင့် မက်မောလျက် အလိုရှိတိုင်း မမှီဝဲ, မသုံးဆောင်အပ်။ ဉာဏ်ပညာဖြင့် အသင့်ဆင်ခြင်၍သာ မှီဝဲသုံးဆောင်အပ်၏"ဟု ပြတော်မူလိုသော ဘုရားသခင်သည် "ပဋိသင်္ခါ ယောနိသော" အစရှိသော ပါဠိကို ဟောတော်မူသည်။

ထိုပါဠိအပေါင်းတို့တွင် လိုရင်းပါဠိကား-

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ။ ။
ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ။ ။
ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ။ ။
ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ ပဋိသေဝါမိ။

ဟူသည်တည်း။

http://www.dhammadownload.com

ပဌမပစ္စဝေက္ခဏာပါဠိဋ္ဌ မှတ်ဖွယ်အဓိပ္ပါယ်

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသခါ-ပဋိသခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ယာဝ-ဒေဝ၊ အကြင်မျှလောက် အခိုက်အတန့်ဖြစ်သော အကျိုးငှာသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ ငါ မှီဝဲ၏-ဟု ပေး။

ရှေးဆရာမြတ်တို့ "ယာဝဒေဝ"ကို အကြင်မျှလောက် အခိုက်အတန့်ဖြစ်သော အပိုင်းအခြားဖြင့်-ဟု ပေးတော်မူကုန်သည် မဟုတ်လော။ အဘယ်မူ၍ ဤသို့ အနက်ပေးသနည်းဟူမူ-

> ယာဝဒေဝါတိ ပယောဇနာဝဓိပရိစ္ဆေဒနိယမဝစနံ။ ဧတ္တကမေဝ ဟိ ယောဂိနော စီဝရပဋိသေဝနေ ပယောဇနံ ယဒိဒံ သီတဿ ပဋိဃာတာယာတိအာဒိ၊ န ဣတော ဘိယ္ယော။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁။၃၀)ပါဠိဖြင့် "ယာဝဒေဝ"ဟူသော ပုဒ်သည် "သီတဿ ပဋိဃာတာယ"အစရှိသော ပုဒ်၏အရဖြစ်သော အကျိုးကို ပိုင်းခြား၍ပြသော ပုဒ်တည်း-ဟု ဆိုသည်ကို နှလုံးထား၍လည်းကောင်း၊

> နာ ဒဝမဒမဏ္ဍနဝိဘူသနတ္ထဆ္ဒိ ဣဒံ 'ယာဝဒေဝါ'တိ အဝဓာရဏေန နိဝတ္တိတတ္ထဿ ဒဿနံ။

ဟူသော ၎င်းဋီကာပါဠိ (ဝိသုဒ္ဓိမဟာဋီ၊၁။၅၈)ကို ထောက်၍လည်းကောင်း၊

> **ဖြပ်နောင်ပေ၊ ဧဝနေ၊ ကန့်လေ ဖြပ်ချင်း။**
> **ဂုဏ်၏နောက်မှာ၊ ဧဝပါ၊ ကန့်ရာ ဂုဏ်ချင်းချင်း။ –**

ဟူသော နိယံစကားကို ထောက်၍ သမ္ဘဒါန်ပုဒ်ချင်းချင်းသာ ဖြစ်သင့်, ကန့်သင့်၏-ဟု နှလုံးပြု၍လည်းကောင်း၊

"သတ္ထာသမာဝုသောပသဂ္ဂနိပါတာဒိဟိ စ"ဟူသော ကစ္စည်းသုတ်နှင့်အညီ နိပါတ်ပုဒ်ဖြစ်၍ "ယာဝဒေဝ"ဟူသော ပုဒ်နောင် စတုတ္ထိသဝိဘတ် သင့်၏-ဟု နှလုံးပြု၍လည်းကောင်း၊

"စက္ကဝါဠသဟဿေဟိ၊ ဒသဟာဂမ္မ သတ္ထာသော"ဟူသော အဋ္ဌသာလိနီပါဠိ(၁)၌ သတ္ထာသော-ပုဒ်ကို အာဂမ္မ၌ သာမညအပါဒါန်, "ဒသဟိ စက္ကဝါဠသဟဿေဟိ"ဟူသော ပုဒ်ကို ဝိသေသအပါဒါန်-ဟု မဏိဒီပဆရာမြတ် မိန့်အပ်သည်ကို နှိုင်းဆ၍လည်းကောင်း၊

http://www.dhammadownload.com

"ယာဝဒေဝ"ဟူသော ပုဒ်သည် သာမညသမ္ဗဒါန်, "သီတသ ပဋိယာတာယ" အစရှိသောပုဒ်သည် ဝိသေသသမ္ဗဒါန် ဖြစ်သင့်၏-ဟု နှလုံးပြု၍လည်းကောင်း ပေးသည်။

အကယ်၍ 'ဖြင့်'ပေးငြားအံ့၊ "တစ်ခုသောကြိယာ၌ တစ်ခုသောတရားသည် ကရိဏ်းလည်း ဖြစ်၏၊ သမ္ဗဒါန်လည်း ဖြစ်၏"ဟူသော အနက်ရောက်ခဲ့၏။ ထိုသို့လည်း မဖြစ်ခဲ့။ "အကြင်မျှလောက်သော ကာလပတ်လုံး" ပေးငြားအံ့။ "ပယောဇနာဝမိ ပရိစ္ဆေဒ နိယမ-ဝစနံ"ဟူသော အဋ္ဌကထာပါဠိ(ဝိသုဒ္ဓိ၊၁။၃၀)နှင့်လည်း ဆန့်ရာ၏။ သာမညဝိသေသဖြစ်သော သဒ္ဒါတို့၏သဘောသည် ဝိဘတ်တူမြဲသာဖြစ်ရကား ဝိဘတ်မတူသည်၏အဖြစ်တည်း ဟူသော အပြစ်လည်း ရောက်ခဲ့ရာ၏။ ထို့ကြောင့် ထိုအနက်လည်း မသင့်။

အမှာ။ ပညာရှိတို့ အဖန်ဖန် ဆင်ခြင်တော်မူကြပါကုန်။ **နောက်နောက်သောအရာတို့၌ အဋ္ဌကထာ, ဋီကာ-ဟု သာမညမှာဆိုလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဋီကာချည်း မှတ်လေ။** ဧဝ-သဒ္ဒါကို သီတသ ပဋိယာတာယ-အစရှိသော သမ္ဗဒါန် ၃-ပါးတို့၌လည်း ယှဉ်၍ ယောဇနာလေ။

ပဋိသခီ်-ဟူသော ပုဒ်၌ ပဋိရှေး, သံရှေးရှိသော ခါဓာတ်၊ တွာ-ပစ္စည်း၊ ယ-ပြု။ ပဋိသခီ်ယ-ဟု ဆိုလိုလျက် ယ-ကို ချေ၍ ထားသည်။ အဘိညာ သစ္ဆိကတွာ-စသည်ကဲ့သို့။ ခါ ပကထနေ-ဟု ဓာတ်အနက်ဖော်။ (သဒ္ဒနီတိ၊ဓာတု၊၁၇။ ခါ ပကထနေ ချာ စ၊ ပကထနံ အာစိက္ခနံ ဒေသနံ ဝါ။)

ယင်းသို့သော် "နူတ်ဖြင့် ရွတ်အံ့သရဇ္ဈာယ်မှသာ ဣဏပရိဘောဂမှ လွတ်၏။ အောက်မေ့ဆင်ခြင်ကာမျှဖြင့် ဣဏပရိဘောဂမှ မလွတ်"ဟူသော အနက်သည် မရောက်ပြီလော-ဟူငြားအံ့၊ မရောက်။ အဘယ့်ကြောင့်နည်း ဓာတ်နက်ကို ကြားသောအရာ၌ ရထိုက်သော အနက်အပေါင်းတို့၄င် ထင်ရှားသော အနက်ကိုသာ သဒ္ဒါအရာ တတ်လိမ့်မာသော ဆရာကျော်တို့ ကြားတော်မူကုန်သည်ဖြစ်၍ သဒ္ဒနီတိဆရာမြတ်လည်း ထင်ရှားသော အနက်ကိုသာ ယူ၍ ခါ ပကထနေ-ဟု ဓာတ်နက်ကို ကြားတော်မူသောကြောင့်တည်း။

ဤပဋိသခီ်-ဟူသော တွာပစ္စယန္တကြိယာသည် ပုဗ္ဗကာလကြိယာ, အပရကာလကြိယာ, သမာနကာလကြိယာ ၃-ပါးတို့တွင် "သူရိယော တမံ ဟန္ဒာန သမုဂ္ဂတော"စသည်တို့၌ကဲ့သို့ သမာနကာလကြိယာ။ ထို့ကြောင့် သုံးဆောင်ဆဲ ဆင်ခြင်ရမည်။ ဤသို့ ဖြစ်သော် သုံးဆောင်ပြီးသည်မှနောက် နံနက်အခါ, ညအခါ-စသည်တို့၌ ဆင်ခြင်သော်လည်း မရသင့်-ဟူငြားအံ့။ "**ကုတော နု တွံ ဘိက္ခု အာဂစ္ဆသိ**"(သံ၊၁။၉၀)စသည်တို့၌ကဲ့သို့ ပစ္ဆာပွန်ကြိယာ၏ အနီးကိုလည်း ပစ္ဆာပွန်ပင် ဆိုရသောကြောင့် ရသင့်၏-ဖြေ။

http://www.dhammadownload.com

ဤ"ပဋိသခီ် ယောနိသော"ဟူသောပုဒ်၌ အကျုံးဝင်သော သခီ်-သဒ္ဒါသည်-

ဉာဏပညတ္တိကောဌာသ-ဂဏနာသု ပဒိဿတိ။
သခီ်သဒ္ဒေါတိ ဒီပေယျ၊ ဓမ္မဒီပဿ သာသနေ။ (သဒ္ဒနီတိ၊ဓာတုံ၊၁၈)

ဟု မိန့်အပ်သော ၄-ပါးသော အနက်ကို ဟော၏။ ထိုတွင်-

"**သခီ်ယေ'တံ ပဋိသေဝတိ**"(မ၊ဋ္ဌ၊၁။၇၀)စသည်တို့၌ သိခြင်းအနက်ကို ဟော၏။ သခီ်ယ၊ ပညာဖြင့် သိ၍။ ဧတံ၊ ထိုပစ္စည်းကို။ ပဋိသေဝတိ၊ မှီဝဲ၏-ဟု ပေး။

"**တေသံ တေသံ ဓမ္မာနံ သခီ် သမညာ**"စသည်တို့၌ အမည်နာမပညတ်ကို ဟော၏။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုတရားတို့၏။ သခီ်၊ အမည်တည်း။ သမညာ၊ အမည်-ဟုပေး။

"**ပဟ္ဌသညာသခီ် သမုဒါစရန္တိ**" (မ၊၁။၁၅၆)စသည်တို့၌ အဖို့အစု-ဟူသော အနက်ကို ဟော၏။ ပဟ္ဌသညာသခီ်၊ သံဝရာဝဋ်ကို ခဲ့တတ်သော တဏှာ, မာန, ဒိဋ္ဌနှင့် ယှဉ်သော သညာအစုတို့သည်။ သမုဒါစရန္တိ၊ နှိပ်စက်ကုန်၏-ဟု ပေး။

"**န သုကရံ သခီ်တုံ**" (သံ၊၁။၁၅၃)စသည်တို့၌ ရေတွက်ခြင်းအနက်ကို ဟော၏။ သခီ်တုံ၊ ရေတွက်ခြင်းငှာ။ န သုကရံ၊ မလွယ်-ဟု ပေး။ (သဒ္ဒနီတိ၊ဓာတုံ၊၁၈)

ထို ၄-ပါးသော အနက်တို့တွင် ဤ၌ သိခြင်းအနက်ကို ဟော၏။ ထို့ကြောင့် "ဉာဏပရိယာယော ဟိ ဣဓ သခီ်-သဒ္ဒေါ"ဟု ဋီကာ(မဟာဋီကာ၊၁။၅၆)ဆရာ မိန့်အပ်ပြီ။

ယောနိ-သဒ္ဒါသည် ခန္ဓာတို့၏ အစု-ဟူသောအနက်, အကြောင်း-ဟူသောအနက်, ပဿာဝမဂ်-ဟူသောအနက်၊ ဤ ၃-ပါးသော အနက်ကို ဟော၏။ (သဒ္ဒနီတိ၊ဓာတုံ၊၁၃၉)

ထို ၃-ပါးတို့တွင်-

- "**စတသော နာဂယောနိယော၊ စတသော သုပဏ္ဏယောနိယော**"စသည်တို့၌ ခန္ဓာတို့၏ အစု-ဟူသော အနက်ကို ဟော၏။
- "**န စာ'ဟံ ဗြာဟ္မဏံ ဗြူမိ၊ ယောနိဇံ မတ္တိသမ္ဘဝန္တိ**"စသည်တို့၌ ပဿာဝမဂ်ကို ဟော၏။
- "**ယောနိ ဟေသာ ဘူမိဇဖလဿ အဓိဂမာယ**"စသည်တို့၌ အကြောင်း-ဟူသော အနက်ကို ဟော၏။ (မ၊ဋ္ဌ၊၁။၃၄၁)

ထို့ကြောင့် သဒ္ဒါဆရာတို့သည်-

ခန္ဓာနဉ္စာပိ ကောဌာသေ၊ မုတ္တ မဂ္ဂေ စ ကာရဏေ။
ဣမေသု တီသု အတ္ထေသု၊ ယောနိ- သဒ္ဒေါ ပဝတ္တတိ။ (သဒ္ဒနီတိ၊ဓာတုံ၊၁၃၉)

http://www.dhammadownload.com

ဟု မိန့်အပ်ပြီ။ ထို ၃-ပါးသော အနက်တို့တွင် ဤ၌ **အကြောင်း**-ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် ဋီကာ၌ "ယောနိသောတိ စေ'တ္ထ ဥပါယတ္ထော ယောနိသော- သဒ္ဒေါ"ဟု မိန့်အပ်ပြီ။ "ယဝတိ ဣစ္ဆတိ ပဝတ္တတိ ဖလံ ဧတေနာတိ ယောနိ"ဟု ပြု။ အကြောင်းရစေ။ ယုဓာတ်၊ "မိဿနေ ဂတိယဉ္စ"ဟု ဓာတ်နက်ဖော်။ "ယဒနုပပန္နာ နိပါတနာ သိဒ္ဓန္တိ"ဟူသော ကစ္စည်းသုတ်ဖြင့်သော်လည်းကောင်း၊ "ယုတော နိ"ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့်သော်လည်းကောင်း နိ-ပစ္စည်းသက်။

စိဝရံ-ဟု **ဧ**ကဝုစ်ဝိဘတ်ဖြင့် အဘယ့်ကြောင့် ဟောတော်မူသနည်း။ အယုတ်သဖြင့် သက်နိုး ၃-ထည်ကို မှီဝဲသုံးဆောင်အပ်သည်ဖြစ်၍ "**ဧ**ကမှိ ဝတ္ထုဗ္ဗေ **ဧ**ကဝစနံ၊ ဗဟုမှိ ဝတ္ထုဗ္ဗေ ဗဟုဝစနံ"ဟူသော ပရိဘာသာနှင့်အညီ အများကို ဟောရကား 'စီဝရာနိ'ဟု ဗဟုဝုစ်ဝိဘတ်ဖြင့် ဟောတော်မူသင့်သည် မဟုတ်လောဟူမူ ဇာတိသဒ္ဒါဖြစ်၍ စီဝရံ-ဟု **ဧ**ကဝုစ်ဝိဘတ်ဖြင့် ဟောတော်မူသည်။ အကြင်မျှလောက်သော သက်နိုးကို မှီဝဲသုံးဆောင်၏၊ ထိုမျှလောက်သော သက်နိုးကို ယူရမည်။

သည်ကိုရည်၍ "**ဇာတျာပေက္ခံ ဧကဝစနံ၊ ဒဗ္ဗာပေက္ခံ ဗဟုဝစနံ**"ဟူ၍ သဒ္ဒါဂဏ်းဆရာတို့ မိန့်လေသည်။

ဇာတ်ကို အနေ၊ ဟောနိုးထွေ၊ ချလေ ဧကဝုစ်။
ဖြပ်မှာကား၊ ဟောနည်းပြား၊ ထားလေ ဗဟုဝုစ်။

ဟူ၍လည်း နိယံဆရာတို့ မိန့်လေသည်။

ပဋိသေဝါမိ-ဟူသော ပုဒ်၌ ပဋိဂ္ဂေါ်ရှိသော သိဝုဓာတ်၊ သေဝါယ်။ အဘယ်သို့ ဆင်ခြင်ခြင်းသည် အသင့်အားဖြင့် ဆင်ခြင်သည် မည်သနည်း၊ ဤသင်္ကန်းသည် ပထဝီ, အာပေါ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဓာတ် ၄-ပါး အပေါင်းမျှသာ ဖြစ်သည်။ ဤသင်္ကန်းကို မှီဝဲသုံးဆောင်သော ငါသည်လည်း ဓာတ် ၄-ပါး အပေါင်းမျှသာ ဖြစ်သည်-ဟု ဓာတ် ၄-ပါးအပေါင်း၏အစွမ်းဖြင့် ဆင်ခြင်ခြင်းသည်လည်းကောင်း၊ အဆင်း, အနံ့, အတွေ့နှင့် ပြည့်စုံသော ဤသင်္ကန်းသည် စက်ဆုပ်ခဲ့ရှာဖွယ် မရှိ။ ဤ ၁-လံမျှလောက်သော ငါ၏ကိုယ်သို့ ရောက်လျှင် အလွန်လျှင် စက်ဆုပ်ဖွယ် ဖြစ်လတ္တံ့-ဟု စက်ဆုပ်ခဲ့ရှာဖွယ်၏ အစွမ်းဖြင့် ဆင်ခြင်ခြင်းသည်လည်းကောင်း အသင့်အားဖြင့် ဆင်ခြင်သည်မည်သလော-ဟု ယုံမှားသင်္ကာ ဝိစိကိစ္ဆာရှိရာသောကြောင့် ထိုယုံမှားသင်္ကာ ဝိစိကိစ္ဆာကို ပယ်တော်မူလို၍ ယာဝဒေဝ-ဟူသော ပါဠိကို ဟောတော်မူသည်။ (သဒ္ဒနီတိ၊ဓာတု၊၁၇၁-၌ 'သိ သေဝါယ်၊ သေဝုသေစနေ'-ဟု ရှိ၏။)

http://www.dhammadownload.com

အဓိပ္ပါယ်ကား အကြင်မျှလောက်သော အချမ်း,အပူ-အစရှိသည်ကို ဖျောက်ခြင်း အကျိုးငှာသာလျှင် မှီဝဲသုံးဆောင်၏-ဟု ဆင်ခြင်ခြင်းသည် အသင့်အားဖြင့် ဆင်ခြင်သည် မည်၏-ဟူလို။ ယာဝ-ဟူသော ပုဒ်သည် အကျိုးကို ပိုင်းခြားခြင်းတည်းဟူသော ပုဒ်တည်း။ အကျိုးကို ပိုင်းခြားခြင်းတည်းဟူသော ပရိစ္ဆေဒအနက်ရှိ၏။ ဧဝသဒ္ဒါသည် နိယာမ-အဝဓာရဏအနက်ရှိ၏။ ထိုဧဝသဒ္ဒါဖြင့်ကား အလွယ်,အဆင်း၌တည်သော ပြည်ကြီးသူ-စသည်တို့ကဲ့သို့ မြူထူးကစားခြင်းငှာ ဝတ်ခြင်း၊ ပြည့်တန်ဆာမ-စသည်တို့ကဲ့သို့ တင့်တယ်လှပအောင် ဝတ်ခြင်း-အစရှိသည်တို့ကို နှစ်စေ၏။ အကြင်မျှလောက်သော အကျိုးငှာသာလျှင် သင်္ကန်းကို မှီဝဲလော-ဟု ဟောတော်မူ၏။ အကြင်မျှလောက်သော အကျိုး-ဟူသည် အဘယ်နည်း-ဟု လျှောက်ထားမေးမြန်းဖွယ် ရှိ၏။

သာမညဖြစ်သော အကျိုးကို ဝိသေသအားဖြင့် ထုတ်ဖော်၍ ပြတော်မူခြင်းငှာ "သီတသဿ ပဋိယာတာယ"ပါဠိကို ဟောတော်မူသည်။ အဓိပ္ပါယ်ကား အကြင်မျှလောက်သော အကျိုး-ဟူသည် အချမ်းကို ဖျောက်ခြင်းပင်-ဟူလို။

သိန္ဓတိတိ သိတံ။ သိဒိ သိတိယေ။ သိတိယံ သိတိဘာဝေါ။ (ဓာတုမာလာ၊၉၁)

တစ်နည်းကား "အန္တမသော မောရပိဥ္ဆမတ္တမ္ပိ သိဒေတိ ဩသိဒါပေတီတိ သိဒ္ဓါ" (ပကတိသိဒ္ဓါမြစ် ရစေ)။

နှစ်စေ၏-ဟူသည် နှိပ်စက်သောအရာပင် ဖြစ်ရကား နှိပ်စက်တတ်သော အချမ်းကိုလည်း "သီဒါ ဝိယာတိ သီတံ"ဟု ဥပမာ တဒ္ဓိတ်ပြု။ နောတက္ကာ၊ ချမ်းအေးသော သဘောရစေ။

"ပဋိယာတာယ"ဟူသော ပုဒ်၌ တဒတ္ထသမ္ဘဒါန်ဖြစ်၍ "အာယ စတုတ္ထေကဝစနဿတု"ဟူသော သုတ်ဖြင့် အာယပြု၍ ပြီးသည်။ ထိုအာယအပြုသည် သက်သက်သမ္ဘဒါန်၏ အရာဟူသမျှတို့၌ မပြုရ။ လာခြင်းအနက်ရှိသော ဓာတ်တို့၏ကံ, ဆောင်ခြင်းအနက်ရှိသော ဓာတ်တို့၏ကံ, သမ္ဘဒါန်အနက်မှ တပါး ၁ပဋိမိအနက်, ၂သာမိအနက်, ၃ကတ္တုအနက်-အစရှိသည်တို့၌ဖြစ်သော သ-ဝိဘတ်-ဟု ဆိုအပ်သော ဝိဘတ္တိဝိပလ္လာသ, တဒတ္ထသမ္ဘဒါန်အနက်၊ ဤ ၄-ပါးသော အနက်တို့၌ သက်သော သ-ဝိဘတ်ကိုသာ အာယပြုရ၏။ ထို့ကြောင့်-

ဂတျတ္ထကမ္မနိစေဝ၊ နယတ္ထဿ စ ကမ္မနိ။
ဝိဘတ္တိယာ ဝိပလ္လာသေ၊ တဒတ္ထေ စာ'တိ နိဒ္ဒိသေ။ ။

ဟု သဒ္ဒနီတိ၌ မိန့်အပ်ပြီ။

http://www.dhammadownload.com

ဂတျတ္ထကမ္မနိစေဝ၊ ဒ္ဒလည်းကောင်း။ နယတ္ထသ၊ ဆောင်ခြင်းအနက်ရှိသော ဓာတ်၏။ ကမ္မနိ စ၊ ဒ္ဒလည်းကောင်း။ ဝိဘတ္တိယာ၊ ၏။ ဝိပလ္လာသေ စ၊ ဒ္ဒလည်းကောင်း။ တဒတ္ထေ စ၊ တဒတ္ထသမ္ဗန်ဓနက်ဒ္ဒလည်းကောင်း။ ဣတိ၊ ဤသို့။ စတူသု၊ ကုန်သော။ ဌာနေသု၊ တို့၌။ အာယာဒေသော၊ ကို။ နိဒ္ဒိသေ၊ ပြရာ၏။ (သုတ္တမာလာ၊၁၂၄-၌ စုဏ္ဏိယ လာ၏။)

- လာခြင်းအနက်ရှိသော ဓာတ်၏ကံ၌ ပြယုဂ်ကား "မူလာယ ပဋိကဿေယျ၊ အပ္ပေါသဂ္ဂါယ ဂစ္ဆတိ"စသည်တည်း။
- ဆောင်ခြင်းအနက်ရှိသော ဓာတ်၏ကံ၌ ပြယုဂ်ကား "ဒကာယ နေတိ"စသည်တည်း။
- ပဋိမီအနက်၌ ပြယုဂ်ကား "ဝိရမထာ'ယသ္မန္တော မမ ဝစနာယ"စသည်တည်း။
- သာမိအနက်၌ ပြယုဂ်ကား "ဂဏာယ ဘတ္တာ"စသည်တည်း။
- ကတ္တားအနက်၌ ပြယုဂ်ကား "အသက္ကတာ စသွ ဓနဉ္စယာယ"စသည်တည်း။
- တဒတ္ထ၌ ပြယုဂ်ကား "အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"စသည်တည်း။

ဤသို့ ဆိုအပ်ပြီးသော အချမ်းကို ဖျောက်ခြင်းဌာသာလျှင် သင်္ကန်းကို မှီဝဲအပ်သလော-ဟု လျှောက်ထားမေးမြန်းဖွယ်ရှိရာသောကြောင့် "ဥဏ္ဍသ ပဋိယာတာယ" ဟူသော ပါဠိကို ဟောတော်မူသည်။ အဓိပ္ပါယ်ပါဠိလျှောက်ဆို။

"ဥသတိ, ဒဟာတိတိ ဥဏ္ဍံ"(ဥဏ္ဍော၊ ဓာတ္ဝတ္ထ)ဟု ပြု။ ဏ္ဍာ-ပစ္စည်း၊ ဥသ-ဒါဟော။ ဤဆိုအပ်ခဲ့ပြီးသော ၂-ပါးသော အကျိုးဌာသာလျှင် သင်္ကန်းကို မှီဝဲသုံးဆောင်အပ်သလော-ဟု လျှောက်ထားဖွယ် ရှိပြန်ရာသောကြောင့် "ဥံသမကသ ။ပ။ သမ္မသာနံ"ဟူသော ပါဠိကို ဟောတော်မူသည်။ "သိရေန သပ္ပတိ ဂစ္ဆတီတိ သရီသပါ"(ဓာတ္ဝတ္ထ။၃၄၅) (အရှင်ဝုဒ္ဓယောသ ဆရာတော်အလို)။ အကြွင်း သိလွယ်၏။

အချမ်း,အပူ-အစရှိသည်ကို ဖျောက်ခြင်းဌာ သင်္ကန်းကို မှီဝဲသော-ဟူ၍ ဆို၏။ အချမ်း,အပူ-အစရှိသည် ဖျောက်သဖြင့် အဘယ်အကျိုးရှိသနည်း။ ကာယိကသုခ, စေတသိကသုခကို ခံစားခြင်းအကျိုးဌာပင်လျှင် ဘုရားသခင် ခွင့်ပြုတော်မူသလော-ဟု လိန္တရစောဒနာ ရှိငြားအံ့။ "အချမ်း,အပူ-အစရှိသည်တို့သည် နှိပ်စက်သည် ဖြစ်အံ့၊ ကိုယ်၏ ကျင်နာခြင်း, စိတ်၏ ပျံ့လွင့်ခြင်းဖြစ်၍ ရဟန်းတရားကို အားမထုတ်နိုင်။ ထို့ကြောင့် ရဟန်းတရားကို အားထုတ်နိုင်ခြင်း အကျိုးဌာသာလျှင် ခွင့်ပြုတော်မူသည်"ဟု ဖြေ။ ဥဏ္ဍ၏ အရကား ကိုယ်တွင်းသန္တာန်, အပသန္တာန်တို့၌ ဓာတ်ချောက်ချားခြင်း, ဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်သော အပူ, မီးပူကို ယူ။ (ဥဏ္ဍသာတိ အဂ္ဂိသန္တာပသ။ ဝိသုဒ္ဓိ၊၁။၃၀) တပ-၏အရကား နေပူကို ယူ။

http://www.dhammadownload.com

ဤဆိုအပ်ပြီးသော အချမ်းကို ဖျောက်ခြင်း၊ အပူကို ဖျောက်ခြင်း၊ မှက်,ခြင်,လေ, နေပူ, မြွေ,ကင်း,သန်းတို့၏ ကိုက်ခြင်း,ထိပါးခြင်း-ဟု ဆိုအပ်သော အတွေတို့ကို ဖျောက်ခြင်း၊ ဤ ၃-ပါးသော အကျိုးဌာသာလျှင် သင်္ဏန်းကို မှီဝဲသုံးဆောင်ကောင်းသလော-ဟု မေးလျှောက်ဖွယ်ရှိသောကြောင့် (ဝါ) သင်္ဏန်းကို သုံးဆောင်ခြင်း၌ ဤ ၃-ပါးသော အကျိုးသာ ရှိသလော-ဟု မေးလျှောက်ဖွယ်ရှိ၍ "ယာဝဒေဝ ဟိရိကောပိနပွဒ္ဓိစ္စာဒနတ္ထံ"ဟူသောပါဠိကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား အကြင်မျှလောက်သော မြဲသောအကျိုး-ဟု ဆိုအပ်သော လောကဋ္ဌ အရှက်အကြောက်အသရေကို ဖျက်ဆီးတတ်သော ကျဉ်းမြောင်းလျှို့ဝှက်အပ်သောအရပ် ကို ဖုံးလွှမ်းခြင်းအကျိုးဌာသာလျှင်လည်း သင်္ဏန်းကို မှီဝဲသုံးဆောင်အပ်၏-ဟူလို။

ဤ "ယာဝဒေဝ"ဟူသော ပုဒ်ကို အောက်၌ ဟောပြီးလျက် အဘယ့်ကြောင့် တဖန် ထပ်၍ ဟောတော်မူပြန်သနည်း။ ပုနရုတ္တိ, နိရုတ္တကဒေါသ မရောက်ပြီလော-ဟု စောဒနာ ငြားအံ့။ "သဒ္ဓါဓိကော အတ္ထာဓိကော ဟောတိ"ဟူသော ပရိဘာသာနှင့်အညီ သဒ္ဓါလွန်လျှင် အနက်လွန်ကို သိအပ်သောကြောင့် အောက်၌ မမြဲသောအကျိုးကို ပိုင်းခြား၍ ပြတော်မူ သည်။ ဤ၌ကား ဧကန်စင်စစ် မြဲသောအကျိုးကို ပိုင်းခြား၍ ပြတော်မူသည်။ ထို့ကြောင့် ဆိုအပ်ပြီးသောအပြစ် မရောက်-ဟု ဖြေ။

"ဟိရိယတေ ဟိရီ၊ ဟိရိံ ကောပေတီတိ ဟိရိကောပိနံ" အဂိဇ္ဈတ်ရ၊ အဋ္ဌကထာအလို။

"ဟိရိတပ္ပန္တိ ဟိရီ၊ ကမ္မသာဓန။ ဟိရေ-ဓာတ်၊ လဇ္ဇာယံ" ငင်းအဂိဇ္ဈတ်ရ။

"ကုပံ အဝဓာရဏံ ပဋိစ္စာဒနံ အရဟတီတိ ကောပိနံ" အရဟတိ-တဒ္ဓိတ်၊ ဣဏာ-ပစ္စည်း၊ ငင်းရ။

"ဟိရီ စ တံ ကောပိနဉ္စာတိ ဟိရိကောပိနံ" ငင်းရ၊ ဋီကာဆရာအလို။

"ဟိရိကောပိနဿ ပဋိစ္စာဒနံ ဟိရိကောပိနပွဒ္ဓိစ္စာဒနံ" ကမ္မတ္ထဆဋ္ဌီ တပ္ပုရိသ်။

တဒတ္ထသမူဒါန်အနက်၌ စတုတ္ထီဝိဘတ်သက်၍ "အာယ စတုတ္ထေကဝစနဿ တု" ဟူသော သုတ်၌ တု-သဒ္ဒါဖြင့် သဝိဘတ်ကို ဒွေးဘော်နှင့်တကွ ထွဲ့-ပြု။

တစ်နည်းလည်း "ဟိရိကောပိနပဋိစ္စာဒနံ ဧဝ အတ္ထဲ ဟိရိကောပိနပဋိစ္စာဒနတ္ထဲ"ဟု ပြု။ အတ္ထသဒ္ဒါသည် ပယောဇနဝါစက နပုလ္လိင်။ ဤနောက်နည်း၌ တဒတ္ထသမူဒါန်အနက်၌ ပထမာ ဧကဝုစ် သိ-ဝိဘတ်သက်။ ထို့ကြောင့်-

http://www.dhammadownload.com

တဒတ္ထေ စ တုမတ္ထေ စ၊ ပထမာ ဟောတိ နပုံသကေ။
အာလပ္ပနေ စသဒ္ဒေန၊ သိန္တိ သိဿ ကတ'နုယေ။ ။ –

ဟု သဒ္ဒါတတ်ဆရာတို့ မိန့်အပ်ပြီ။

တဒတ္ထေ စ၊ တဒတ္ထသမ္ဘဒါန်အနက်၌လည်းကောင်း။ တုမတ္ထေ စ၊ တုမတ္ထသမ္ဘဒါန်အနက်၌လည်းကောင်း။ အာလပ္ပနေ စသဒ္ဒေန၊ "အာလပ္ပနေ စ"ဟူသော သုတ်၌ ပါသော စ-သဒ္ဒါဖြင့်။ နပုံသကေ၊ နပုလ္လိင်၌။ ပထမာ၊ ပထမာဝိဘတ်သည်။ ဟောတိ၊ ၏။ သိန္တိ၊ သိ-ဟူသော သုတ်ဖြင့်။ ကတံ၊ ပြုအပ်သော (အံ၌ စပ်)။ သိဿ၊ သိ-ဝိဘတ်၏။ အံ၊ အံ-အပြုသို့။ နယေ၊ ဆောင်ရာ၏။

ရှေးဝိကပ်အလိုသော် "ဟိရိ ။လ။ ပဋိစ္စာဒနတ္ထံ ဧဝ" လောကဒ္ဒ အရှက်,အကြောက်အသရေကို ဖျက်ဆီးတတ်သော ကျဉ်းမြောင်းလျှို့ဝှက်အပ်သောအရပ်ကို ဖုံးလွှမ်းအံ့ငှာသာလျှင်-ဟု ပေး။ နောက်ဝိကပ်အလိုကား လောကဒ္ဒ ။လ။ ကျဉ်းမြောင်းလျှို့ဝှက်အပ်သော အရပ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာသာ-ဟု ပေး။

ဤတွင်ရွေ့ကား သဒ္ဒနယ, အတ္ထနယတို့၌ မှတ်နိုင်,သိနိုင်လောက်သော ပုဂ္ဂိုလ်မြတ်တို့၏အကျိုးငှာ အထွက်, အတက်, စုဒ်, စောဒနာ, ဝိဂြိုဟ်ဝစနတ်, ဓာတ်ပစ္စည်း, ပါဠိအာဂုံဆောင်၍ မကျဉ်း,မကျယ်ဆိုသော ပဌမပစ္စဝေက္ခဏာပါဠိ၌ မှတ်ဖွယ်အဓိပ္ပါယ် ပြီး၏။

၁။ ပဌမစီဝရသိက္ခာပဒဝဏ္ဏို

ရဟန်းပဉ္စင်း, ရှင်သာမဏေပြုစ သဒ္ဒနယ, အတ္ထနယတို့၌ မမှတ်နိုင်, မသိနိုင်သော ရဟန်းငယ်, သာမဏေငယ်တို့ နူတ်တက်လေ့ကျက် ဆင်ခြင်စရာ ပါဠိလျှောက်အဓိပ္ပါယ်ကို ဆိုပေအံ့။

"ဤသင်္ကန်းကို အရွယ်,အဆင်း၌တည်သော ပြည်ကြီးသူ, ပြည့်တန်ဆာမ-စသည်တို့ကဲ့သို့ မြူးထူးကစားခြင်း, တင့်တယ်လှပခြင်းအကျိုးငှာ မမှီဝဲ,မသုံးဆောင်မူ၍ အခိုက်အတန့်အကျိုး-ဟု ဆိုအပ်သော အချမ်းကို ဖျောက်ခြင်း၊ အပူကို ဖျောက်ခြင်း၊ မှက်, ခြင်,လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ ကိုက်ခြင်း, ထိပါးခြင်း-ဟု ဆိုအပ်သော အတွေ့ကို ဖျောက်ခြင်း အကျိုးငှာသာလည်းကောင်း၊ လောကဒ္ဒ အရှက်အကြောက်အသရေကို ဖျက်ဆီးတတ်သော ကျဉ်းမြောင်းလျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကို ဖုံးလွှမ်းခြင်းတည်းဟူသော မြဲသောအကျိုးငှာသာလည်းကောင်း ငါ-မှီဝဲသုံးဆောင်ပါ၏၊" ဤသို့ ဝတ်တိုင်း,ရုံတိုင်း ဆင်ခြင်ရမည်။

http://www.dhammadownload.com

ဤ "**ပဋိသခီ္ဂ ယောနိသော စိဝရံ ပဋိသေဝါမိ**"အစရှိသော စကားဖြင့် "အနာရှိသော သူသည် ထိုအနာကို ပုဆိုးဖြင့် ဖုံးလွှမ်းသကဲ့သို့ ဖုံးလွှမ်းအံ့-ဟု နှလုံးပြု၍ သင်းပိုင်ကို ဝတ်အပ်၏။

- ထိုအမာကို ဖုံးလွှမ်းသော ပုဆိုးကို တစ်စုံတစ်ခုသော ကြိုးဖြင့် ဖွဲစည်းသကဲ့သို့ ဖွဲစည်းအံ့-ဟု နှလုံးပြု၍ ခါးပန်းကို စည်းအပ်၏။
- အရိုးစုကို ဖုံးလွှမ်းသကဲ့သို့ ဖုံးလွှမ်းအံ့-ဟု နှလုံးပြု၍ ကိုယ်ဝတ်,ဒုကုဋ်ကို ရုံအပ်၏။
- ဆေးထည့်သော အိုးကင်းကဲ့သို့ သပိတ်ခွက်တို့ကို နှလုံးပြု၍ သုံးဆောင်အပ်၏-ဟု နေယျတ္ထအားဖြင့် ပြတော်မူ၏။

စီဝရပစ္စဝေက္ခဏာဌ္ဌ သမ္မန္နတ္ထ, သဒ္ဒတ္ထ, ဝစနတ္ထ, အဓိပ္ပါယတ္ထ, နိတတ္ထ, နေယျတ္ထ-တို့ကို ဆိုရာဆိုကြောင်းဖြစ်သော စကားအစဉ်သည်ကား ဤတွင်ရွေ့ ပြီး၏။

စီဝရသိက္ခာပဒဝဏ္ဏ် ပြီး၏။

----- × -----

၂။ ပိဏ္ဍပါတသိက္ခာပဒဝဏ္ဏ်

သင်္ကန်းကို သုံးဆောင်သောကာလ ဆင်ခြင်ရာသောနည်းကို ပြတော်မူပြီး၍ ဆွမ်းကို သုံးဆောင်သောကာလ ဆင်ခြင်ရာသောနည်းကို ပြတော်မူလိုသော ဘုရားသခင်သည် "**ပဋိသခီ္ဂ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ**" (မ၊၁။၁၂)အစရှိသော ပါဠိကို အားထုတ်တော်မူသည်။ ဤအနုသန္ဓေစကား၌ ထိုထိုပါဠိတော်ဝယ် ဘုရားသခင်သည် အမှယောဂဖြင့် မဟောမူ၍ ပဋိသေဝတိ-ဟု နာမယောဂဖြင့် ဟောတော်မူလျက် အမှယောဂဖြင့် ဘုရားဟောသကဲ့သို့ အနုသန္ဓေဆိုခြင်းသည် မသင့်-ဟု လိန္ဒ္ဂရစောဒနာ ရှိပြားအံ့။ ဘုရားဟောတော်မူသော အခြင်းအရာကို ယူ၍ နှလုံးသွင်းရာသည်၏အဖြစ်ကို ပြသောပါဠိဖြစ်သောကြောင့်လည်းကောင်း, ယောဂမျှသာ ထူး၍ အနက်အားဖြင့် အထူးမရှိသောကြောင့်လည်းကောင်း ဘုရားဟောပင် မည်၏-ဟု နှလုံးသွင်း၍ ဆိုသည်-ဟု ဖြေအပ်၏။

အဘယ်ကဲ့သို့နည်း။ "**ဥဒ္ဓဗ္ဗံ ဥပဓ္ဓတီတိ သဗ္ဗပေနေဝ ဒေသိတံ**"ဟု အဘိဓမ္မတ္ထဝိဘာဝိနီဋီကာဆရာ ဆိုသကဲ့သို့ "**ဝိဒိုယတိ သံယဋိယတီတိ ပိဏ္ဍော**" ပိဒိုယတိ သံယဋိယတိ၊ ပေါင်းအပ်၏။

http://www.dhammadownload.com

"ပိဋ္ဌိ-သံယာတေ။ ကောဓ။ ပတတီတိ ပါတော၊ ပိဏ္ဍော ဧဝ ပါတော ပိဏ္ဍပါတော။ ပတနံ သန္နိပတနံ ဝါ ပါတော။ ပိဏ္ဍာနံ ပါတော ပိဏ္ဍပါတော"။ စားအပ်, သောက်အပ်,ခဲအပ်, လျက်အပ်သော အမှတ်မရှိသော ခဲဖွယ်ဘောဇဉ် ရ၏။

ထို့ကြောင့် "ပိဏ္ဍပါတန္တိ ယံကိဉ္စိ အာဟာရံ"ဟု အဋ္ဌကထာ(ဝိသုဒ္ဓိ၊၁။၃၀)ဆရာ မိန့်အပ်ပြီ။ ဤမှ ကြွင်းသော သဒ္ဒတ္ထ, ဝစနတ္ထ-စသည်ကို အောက်၌ ဆိုအပ်ပြီးသောနည်းကို အစဉ်မှီးသဖြင့် သိအပ်၏။ နောက်၌လည်း ထူးရာကိုသာ ဆိုအံ့။

လောက၌ ခရီးကို ညွှန်ပြခြင်း၌ လိမ္မာသော ယောကျ်ားသည် ခရီး၌ တွေ့ဝေသော သူအား ထင်ရှားစိမ့်သောဌာ နှေးဦးစွာ မလိုအပ်သောခရီးကို ကြားသကဲ့သို့ သတ္တဝါအပေါင်းတို့၏ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်တည်းဟူသော ခရီးကို ညွှန်ပြခြင်း၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည်လည်း အသင့်အားဖြင့် ဆင်ခြင်ရာသောနည်းကို ဗျတိရေကအားဖြင့် ထင်ရှားပြတော်မူလိုသည်ဖြစ်၍ "နေဝ ဒဝါယ"အစရှိသော ပါဠိကို ဟောတော်မူသည်။

ဒဝါယ၊ ရွာသူသားငယ်-စသည်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားခြင်းအကျိုးငှာ။

မဒါယ၊ လက်ဝှေ့,လက်ပန်းသည်-အစရှိသောသူတို့ကဲ့သို့ ဗလမာန်, ပုရိသမာန်ဖြင့် ယစ်ခြင်းအကျိုးငှာ-

- ခွန်အားဗလကို မှီ၍ဖြစ်သော မာန်သည် ဗလမာန် မည်၏။
- ငါယောကျ်ားတကား-ဟု ဖြစ်သော မာန်သည် ပုရိသမာန် မည်၏။

မဏ္ဍနာယ၊ နန်းတွင်းသူ, ပြည့်တန်ဆာမ-စသည်တို့ကဲ့သို့ တန်ဆာဆင်ခြင်းအကျိုးငှာ (သဒ္ဒတ္ထ)။

- အင်္ဂါကြီး,ငယ်ကို ပြည့်ဖြိုးစေခြင်းအကျိုးငှာ (အဓိပ္ပါယတ္ထ)။

ဝိဘူသနာယ၊ (ဂျမ်းသမား,) ကချေသည်-စသည်တို့ကဲ့သို့ အတင့်အတယ်ပြုခြင်းအကျိုးငှာ (သဒ္ဒတ္ထ)။

- အရေအဆင်း လှပပြေပြစ်စေခြင်းအကျိုးငှာ (အဓိပ္ပါယတ္ထ)။

ထို ၄-ပါးသော ပုဒ်တို့တွင်-

နေဝ ဒဝါယ-ဟူသော ပုဒ်ကို မောဟ၏ အားကြီးသောအကြောင်း၏အဖြစ်ကို ပယ်ခြင်းငှာ ဟောတော်မူအပ်၏။

F1.D

http://www.dhammadownload.com

နမဒါယ-ဟူသော ပုဒ်ကို ဒေါသ၏ အားကြီးသောအကြောင်း၏အဖြစ်ကို ပယ်ခြင်းငှာ ဟောတော်မူအပ်၏။

နမဏ္ဍနာယ နဝိဘူသနာယ-ဟူသော ပုဒ်တို့ကို ရာဂ၏ အားကြီးစွာသောအကြောင်း၏ အဖြစ်ကို ပယ်ခြင်းငှာ ဟောတော်မူအပ်၏။

တစ်နည်းလည်း နေဝ ဒဝါယ, နမဒါယ-ဟူသော ပုဒ်တို့ကို မိမိအား သံယောဇဉ် ဖြစ်သည်ကို ပယ်ခြင်းငှာ ဟောတော်မူအပ်၏။ မိမိမြူထူးကစားခြင်း, မာန်ရစ်ခြင်းကို စွဲ၍ မိမိအား ရာဂ, မောဟ, မာန-အစရှိသော သံယောဇဉ် ဖြစ်ကုန်၏-ဟူလို။

"နမဏ္ဍနာယ နဝိဘူသနာယ"ဟူသောပုဒ်ကို မိမိအားလည်းကောင်း, သူတပါးတို့ အားလည်းကောင်း သံယောဇဉ်ဖြစ်ခြင်းကို ပယ်ခြင်းငှာ ဟောတော်မူအပ်၏။ မိမိတန်ဆာ ဆင်ခြင်း, အတင့်အတယ်ပြုခြင်းကို စွဲ၍ မိမိအားလည်းကောင်း, သူတပါးအားလည်းကောင်း ရာဂ, ဒေါသ, မောဟ-အစရှိသော သံယောဇဉ် ဖြစ်ကုန်၏-ဟူလို။

တစ်နည်းလည်း ထို ၄-ပါးသော ပုဒ်တို့ဖြင့် မသင့်မလျော်ပတ် ချွတ်ယွင်းဖောက်ပြန် မမှန်သောအားဖြင့် ကျင့်ခြင်း, ကာမဂုဏ်စည်းစိမ်ကို ခံစားခြင်း၊ ဤ ၂-ပါးစုံကို ပယ်ခြင်းငှာ ဟောတော်မူအပ်၏။ အသင့်အားဖြင့် ဆင်ခြင်ရာသောနည်းကို ဗျတိရေကအားဖြင့် ယူလွယ်စိမ့်သောငှာ ပြတော်မူပြီး၍ အနွယအားဖြင့် ပြတော်မူလိုသော ဘုရားသခင်သည် ယာဝဒေဝ-ပုဒ်ကို ဟောတော်မူသည်။

တစ်နည်းကား အသင့်အားဖြင့် ဆင်ခြင်၍ မှီဝဲသုံးဆောင်အပ်သော-ဟု ဟောတော်မူရာ၌ အဘယ်ကဲ့သို့ မှီဝဲသုံးဆောင်ခြင်းသည် အသင့်အားဖြင့် မှီဝဲသုံးဆောင်သည် မည်သနည်း? ရွာသူ,သားငယ်-စသည်တို့ကဲ့သို့ မြူးထူးကစားခြင်းငှာ သုံးဆောင်ခြင်း-စသည်တို့သည်လည်း အသင့်အားဖြင့် မှီဝဲသုံးဆောင်သည် မည်သလော-ဟု ယုံမှားသင်္ကာ ရှိရာသောကြောင့် ထိုယုံမှားသင်္ကာကို ဖျောက်တော်မူလိုသော ဘုရားသခင်သည် "ယာဝဒေဝ" ဟူသော ပုဒ်ကို ဟောတော်မူသည်။

ဤအတက်ကား **"နောက် ဧဝတ္ထ၊ အဖြေပြမူ၊ သမုစ္စယအနက်၊ တဖက်လွတ်ဟန်၊ ကျန်ခဲ့နိုးနိုး၊ ကြိုး၍ ဖြေ၏၊ တင်လေ သမုစ္စယတ္ထ"**ဟူသော နိယ်စကားနှင့်အညီ တက်သည်။ ဧဝ-သဒ္ဒါရှိက သန္နိဋ္ဌာနတ္ထ, နိဝတ္တေတဗ္ဗ, အနုညာတတ္ထ ၃-ပါးရှိမြဲ။ အနုညာတတ္ထကား ရံခါ မရသည်လည်း ရှိ၏။ ထိုတွင်-

- ရူပကာယ၏ အစဉ်မပြတ် တည်ခြင်း-စသော အကျိုးသည် သန္နိဋ္ဌာနတ္ထ,

http://www.dhammadownload.com

- ရွာသူ,သားငယ်-စသည်တို့ကဲ့သို့ မြူးထူးကစားခြင်း-စသော အကျိုးသည် နိဝတ္ထေတဗ္ဗ,
- မွတ်သိပ်ဆာလောင်ခြင်းကို ဖျောက်ခြင်း-အစရှိသော အကျိုးသည် အနုညာတတ္တာ၊

၃-ပါးအထူး။

ဣမသ္မ ကာယသ္မ၊ ပထဝီ, အာပေါ, တေဇော, ဝါယော-ဟု ဆိုအပ်သော မဟာဘုတ် ၄-ပါးတို့ကို မှီသော ဤရူပကာယ၏ "**စာတုမဟာဘူတိကသ္မာတိ စတုမဟာ-ဘူတေ သန္ဓိသိတသ္မ**"။ (ဝိသုဒ္ဓိဋီကာ၊၁။၅၈)

ဒွိတိယာ-ဟူသော ပုဒ်၌ ပဗန္ဓဒ္ဒီ, ခဏဒ္ဒီ ၂-ပါးတို့တွင် ပဗန္ဓဒ္ဒီကိုသာ ယူအပ်၏။ ထို့ကြောင့် "ဒွိတိယာတိ ပဗန္ဓဒ္ဒိတတ္တံ"ဟု အဋ္ဌကထာ(၁။၃၁)ဆရာ မိန့်အပ်ပြီ။

"ယာပနာယ ဧဝ၊ ဇီဝိတိန္ဒြေ မပြတ်တည်သဖြင့် မျှခြင်းအကျိုးငှာသာလျှင်။ ဝါ၊ အာယုကပ်ပတ်လုံး တည်သဖြင့် မျှခြင်းအကျိုးငှာလျှင်။ ပိဏ္ဍပါတံ၊ ကို။ ပဋိသေဝါမိ၊ ငါ-မှီဝဲသုံးဆောင်ပါ၏။"

ဣမသ္မ ကာယသ္မ ဒွိတိယာ-ဟူသော ပုဒ်ဖြင့် ဆွေးမြေ့ယိုယိမ်း တိမ်းပါးသော အိမ်ရှင်သည် ထိုအိမ်အိုကို မလဲ,မပြု၊ မယိုမယိမ်း, မတိမ်းမပါးစိမ့်သောငှာ ထောက်တိုဖြင့် ထောက်ခြင်းကို ပြုသကဲ့သို့ ခန္ဓာကိုယ်၏ မပျက်မစီးစိမ့်သောငှာသာ အာဟာရကို မှီဝဲအပ်၏-ဟု ပြတော်မူ၏။ ယခုလောက၌ ကျားကန်သည်-ဟူ၏။

ယာပနာယ-ဟူသော ပါဠိဖြင့် လှည်းရှင်သည် လှည်း၏ ကောင်းစွာလည်စိမ့်သော ငှာ လှည်းစာကို ထိုးသကဲ့သို့ ဇီဝိတိန္ဒြေ၏ ကြာမြင့်စွာ တည်ခြင်းအကျိုးငှာသာ အာဟာရကို မှီဝဲအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

တစ်နည်းကား ဣမသ္မ ကာယသ္မ၊ ဤဥပါဒိဏ္ဏကကာယ၏။ ဒွိတိယာ၊ တည်ကြောင်းဖြစ်သော ဇီဝိတိန္ဒြေကို။ ယာပနာယ ဧဝ၊ မျှစေခြင်းအကျိုးငှာသာလျှင်။ (အဋ္ဌကထာ ဆရာ အလိုတော်ချည်း။) ဤနောက်နည်း၌ "တိဋ္ဌန္တိ ဥပါဒိဏ္ဏမ္ပမွာ ဧတာယာတိ ဒွိတိ"ဟု ပြု။ ဇီဝိတိန္ဒြေ ရ၏။

"ဝိဟိံသတိတိ ဝိဟိံသာ။" ယာ ဇိယ္ဆာ၊ အကြင် မွတ်သိပ်ဆာလောင်ခြင်းတည်း ဟူသော အနာသည်။ ဝိဟိံသတိ၊ ညှဉ်းဆဲနှိပ်စက်တတ်၏။ ဝိပုဗ္ဗ, ဟိသိဓာတ်။ "ဟိသိ ဟိံသာယံ၊ ဟိံသတိ ဝိဟိံသတိတိ ဝိဟိံသကော"(သဒ္ဒနီတိ၊ဓာတု။၃၄၇)၊ ဟိသ-ဓာတ် မဟုတ်။ ဟိသိ-ဓာတ်၊ စုရာဒိဂိုဏ်း၊ ဣကာရန္တဓာတ်ဖြစ်၍ ရှေ့၌ နိဂ္ဂဟိတ်လာ၍သာ ဝိဟိံသာ-ဟု ပြီးသည်။

http://www.dhammadownload.com

"ဇိယန္တာတိ ပရမာ ရောဂေါ"ဟု ဆိုသောကြောင့် မွတ်သိပ်ခြင်းသည် လွန်စွာသော အနာရောဂါ မည်၏။ "ဥပရမိယတေ ဥပရတိ၊ ဥပုဗ္ဗ ပပုဗ္ဗ ရမု-ဥပရမေ(ယမု-ဥပရမေ။ နီတိ၊ ၁၃၃။ ရမု-ကီဠာယံ၊နီတိ၊၁၃၄-ရှိ၏)။ ဝိဟိံသာယ ဥပရတိ ဝိဟိံသူပရတိ၊ တဿာ ဝိဟိံသူပရ-တိယာ"ဟု ဝိဘာဝန္တိခဲ့။ ဤပါဠိဖြင့် အိုင်းအနာရှိသောသူသည် အနာလိမ်းဆေးကို အနာ ပျောက်ခြင်းအကျိုးကိုသာ တောင့်တ၍ မှီဝဲသကဲ့သို့လည်းကောင်း၊ အပူ,အချမ်း-စသည်တို့ သည် နှိပ်စက်အပ်ကုန်သည်ရှိသော် ထိုအပူ,အချမ်းကို ပျောက်စေတတ်သော ဆန့်ကျင်ဘက် အချမ်း,အပူကို မှီဝဲသကဲ့သို့လည်းကောင်း မွတ်သိပ်ခြင်းတည်းဟူသော အနာ၏ ကင်းငြိမ်းခြင်း အကျိုးကိုသာ တောင့်တ၍ မှီဝဲအပ်၏-ဟု ပြတော်မူ၏။

ဗြဟ္မစရိယာနုဂ္ဂဟာယ-ဟူသော ပါဠိဖြင့် ခရီးခဲမှ ထွက်မြောက်လိုသော မောင်နှံ ဇနီး, သမီးခင်ပွန်း ၂-ယောက်တို့သည် မိမိတို့သား၏ အသားကို စားသကဲ့သို့လည်းကောင်း၊ မြစ်မှ ကူးမြောက်ခြင်းကို အလိုရှိသောသူတို့သည် လှေဖောင်ကို မှီကုန်သကဲ့သို့လည်း ကောင်း၊ သမုဒ္ဒရာမှ ကူးမြောက်ခြင်းကို အလိုရှိသောသူတို့သည် လှေ,သင်္ဘောကို မှီဝဲကုန် သကဲ့သို့လည်းကောင်း သံသရာတည်းဟူသော ခရီးခဲမှ ထွက်မြောက်ခြင်းအကျိုးကိုသာ ရည်ညွှန်း၍ မှီဝဲသုံးဆောင်အပ်သောအဖြစ်ကို ပြတော်မူ၏။

ထိုဥပမာအပေါင်းတို့တွင် မောင်နှံဇနီး, သမီးခင်ပွန်း ၂-ယောက်တို့၏ အထွေးပွတ္တိ အကျယ်ကို ဤသို့ သိအပ်၏။ မောင်နှံဇနီး, သမီးခင်ပွန်း ၂-ယောက်တို့သည် သားငယ်ကို ယူ၍ အနည်းငယ်သော ရိက္ခာဖြင့် ယူဇနာ ၁၀၀-ရှိသော ခရီးခဲကို သွားကုန်သည်ရှိသော် ထိုသူ ၂-ယောက်တို့အား ခရီးယူဇနာ ၅၀-သို့ရောက်လျှင် အနည်းငယ်သော ရိက္ခာသည် ကုန်လေ၏။ ထိုသူ ၂-ယောက်တို့သည် မွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ကဲ့ကဲ့ သော သစ်ပင်ရိပ်၌ နေကြကုန်၏။

ထိုအခါ ကြံရာမရသည်ဖြစ်၍ လင်သည် မယားကို ဤသို့ ဆို၏။ "အရှင်မ၊ ဤအရပ် မှ ထက်ဝန်းကျင် ယူဇနာ ၅၀-တိုင်တိုင် ရွာ,နိုဂုံး မရှိ။ ထို့ကြောင့် ယောကျ်ားတော်တကာတို့ ပြုရာသော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း-စသောအမှုကို ပြုခြင်းငှာ မတတ်ကောင်း။ ငါ့ကို သတ်၍ ထက်ဝက်သော အသားကို စား၍ ထက်ဝက်သော အသားကို ရိက္ခာပြု၍ သား,အမိ ၂-ယောက် ခရီးခဲကို လွန်မြောက်ကြလေလော့"ဟု ဆို၏။ မယားကလည်း ထို့အတူ လည်းကောင်း ဆိုပြန်၏။

ထို့နောင်မှ ယောကျ်ားသည် "အရှင်မ၊ ဤသူငယ်သည် အမိနှင့်ကင်း၍ အသက် မရှည်ရာ။ ထို့ကြောင့် ရှင်မ သေသဖြင့် ၂-ယောက်သောသူတို့၏ သေခြင်းသည် ဖြစ်ရာ၏။

http://www.dhammadownload.com

ထို့ကြောင့် ငါတို့သည် အသက်ရှည်ကုန်သည် ဖြစ်အံ့၊ သားကို တဖန် ရကုန်ရာ၏။ ယခုအခါ သားငယ်ကို သတ်၍ ခရီးလွန်မြောက်ကုန်အံ့"ဟု ဆို၏။

ထို့နောင်မှ အမိသည် သားငယ်ကို "ချစ်သား၊ အဘထံသို့ သွားလော့"ဟု ဆို၏။ ထိုသားငယ်သည် အဘထံသို့ သွားသည်ရှိသော် အဘက "ငါသည် သားငယ်ကို သတ်ခြင်းငှာ မစွမ်းနိုင်။ သင်သာလျှင် သင့်သားကို သတ်လော့"ဟု ဆို၍ အမိထံသို့ သွားစေ၏။ ထိုသားငယ်သည် အမိထံသို့ သွားပြန်သည်ရှိသော် အမိကလည်း "ငါသည် ဝမ်းဖြင့် ၁၀-လ လွယ်၍ ဆင်းရဲခြင်းခံရသဖြင့် ဖြစ်သော သားကို သတ်ခြင်းငှာ မစွမ်း"ဟု ဆို၍ အဘထံသို့ သွားစေပြန်၏။ ဤသို့သောနည်းဖြင့် သွားဖန်များသဖြင့် အမိ,အဘတို့အကြား၌ လဲ၍ သေ၏။ ထိုအခါ အမိ,အဘတို့သည် ပြင်းစွာ ငိုကြွေးမြည်တမ်း၍ ထိုသား၏အသားကို စားသဖြင့် ခရီးခဲကို လွန်မြောက်ကြကုန်၏။ ဤသို့ အတ္ထုပ္ပတ္တိအကျယ်ကို သိအပ်၏။

"ဣတိ ပုရာဏာ ဓေဒနံ ပဋိဟာိမိ"ဟူသော ပုဒ်၌ ဣတိ-သဒ္ဒါကား-

ဣတိ ဟေတုပကာရေသု၊ အာဒီသု စ'ဝမာရဏော။
နိဒဿနေ ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။ (ဓာန်၊ဂါ-၁၁၈၈) -

ဟူ၍ မိန့်အပ်သော ၇-ပါးသော အနက်တို့တွင် ပကာရတ္ထဇောတကနိပါတ်ပုဒ်။ ထိုဣတိ-သဒ္ဒါဖြင့် မှီဝဲအပ်သော အာဟာရကို မှီဝဲသောအခြင်းအရာကို ယူအပ်၏။ ထို့ကြောင့် "ဣတိ ဧဝံ ဣမိနာ ဝိဏ္ဏာပါတပဋိသေဝနေန"ဟု အဋ္ဌကထာ၌ မိန့်အပ်ပြီ။

ပုရာဏာ၊ သုံးဆောင်သည်မှ ရှေးအဖို့၌ဖြစ်သော။ ဝေဒနာ၌၊ မွတ်သိပ်ဆာလောင်ခြင်းလျှင် အကြောင်းရှိသော အဟောင်းဖြစ်သော ဆင်းရဲဝေဒနာကိုလည်း။ ပဋိဟာိမိ၊ ငါ-ဖျောက်အံ့။ နဝံ၊ အသစ်ဖြစ်သော။ ဝေဒနာ၌၊ အတိုင်းအရှည်မသိ သုံးဆောင်ခြင်းလျှင် အကြောင်းရှိသော ဆင်းရဲဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ ငါမဖြစ်စေအံ့။

"ပုရာဏန္တိ ဘောဇနတော ပုရိမကာလိကတ္တာ ပုရာတနံ။" ဤဋီကာပါဠိ(၁။၅၉)ကို ထောက်။ "ပုရေ ဘဝံ ပုရာဏံ"။ ပဋိဟာိမိ-၌ ပဋိရှေးရှိသော ဟန-ဓာတ်, ဿာမိ-ဝိဘတ်။ "ပဋိဟာိမီတိ ပဋိဟနိဿာမိ။" (ဝိသုဒ္ဓိဋီကာ၊၁။၅၉)

တစ်နည်းကား ပုရာဏံ၊ မသင့်,မလျောက်ပတ်သော ဘောဇဉ်ကို သုံးဆောင်ခြင်း၊ အတိုင်းအရှည်ကို မသိ သုံးဆောင်ခြင်း-ဟု ဆိုအပ်သော ပယောဂဝိပတ္တိတည်းဟူသော အထောက်အပံ့ကို ရ၍ ရှေးကံဟောင်းကြောင့်ဖြစ်သော။ ဝေဒနာ၌၊ ဆင်းရဲဝေဒနာကိုလည်း။ ပဋိဟာိမိ၊ ငါဖျောက်အံ့။

http://www.dhammadownload.com

ရှေးဘဝ၌ဖြစ်သော ကံဟောင်းသည် အထောက်အပံ့ဖြစ်သော မသင့်,မလျော်က် ပတ်သော အာဟာရကို သုံးဆောင်ခြင်း၊ အတိုင်းအရှည်မရှိသော အာဟာရကို သုံးဆောင် ခြင်း-ဟု ဆိုအပ်သော ပယောဂဝိပတ္တိအကြောင်းကို ရ၍ ဖြစ်စေအပ်လတ္တံ့သော ဆင်းရဲ ဝေဒနာသည် ပုရာကဝေဒနာ မည်၏။ သင့်တင့်လျောက်ပတ်သော ဘောဇဉ်ကို သုံးဆောင် ခြင်း, နှိုင်းယှဉ်ဆင်ခြင်၍ စားခြင်းဖြင့် ထိုဝေဒနာ၏အကြောင်းကို ဖျက်ဆီးသောအားဖြင့် အကျိုးဖြစ်သော ဝေဒနာကို ဖျက်ဆီး၏-ဟူလို။

နဝံ၊ ပစ္ဆာဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်း-တည်းဟူသော ပစ္ဆာပွန်အကုသိုလ် က်ကြောင့် ဖြစ်လတ္တံ့သည်ဖြစ်၍ အသစ်ဖြစ်သော။ ဝေဒနာ၌၊ ဆင်းရဲဝေဒနာကိုလည်း။ န ဉ်ပါဒေဿာမိ၊ ငါ မဖြစ်စေအံ့။

ယခုဘဝ ပစ္ဆာဝေက္ခဏာ မဆင်ခြင်မူ၍ ရသတဏှာဖြင့် မက်မောလျက် သုံးဆောင် ခြင်း၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်က်ကို စွဲ၍ နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဝေဒနာ သည် နဝဝေဒနာ မည်၏။ ပစ္ဆာဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းအစွမ်းဖြင့် ထိုဝေဒနာ ၏ အကြောင်းဖြစ်သော အကုသိုလ်က်ကို မဖြစ်စေသောအားဖြင့် ဖြစ်လတ္တံ့သော အကျိုးဖြစ် သော ဆင်းရဲဝေဒနာကို မဖြစ်စေ-ဟူလို။

ဣမဿ ကာယဿ၊ ၏။ ယာတြာ စ၊ နှိုင်းယှဉ်ဆင်ခြင်၍ သုံးဆောင်ခြင်းကြောင့် ဇီဝိတိန္ဒြေကို ဖြတ်တတ်သော ဘေးရန်၊ လျော်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း-ဟု ဆိုအပ်သော ဣရိယာပုထ် ၄-ပါးကို ဖျက်ဆီးတတ်သော ဘေးရန်၏ မရှိခြင်းကြောင့် ကြာမြင့် စွာသောကာလပတ်လုံး တည်ခြင်း-ဟု ဆိုအပ်သော မျှသောအဖြစ်သည်လည်း။ မေ၊ ငါ့အား။ ဘဝိဿတိ၊ လတ္တံ့။ ဤသို့ ဣမဿ ကာယဿ-ဟူသော ပုဒ်တို့ကို အလိုက်ခံ၍ သမ္ဗန်။

"ယပိယတေ ယာတြာ။ ယပ-ယာပနေ"။ (ဓာတုမာလာ။ဒု၂၇) ဤ "ယာတြာ စ မေ ဘဝိဿတိ"ဟူသော ပါဠိဖြင့် ဆေးကို မှီဝဲရသည်ရှိသော် မဖြစ်၊ မမှီဝဲရသော် မပြတ်ဖြစ်သော အနာသည် ယပ်စောက်အနာ မည်၏။ ထိုယပ်စောက်အနာရှိသောသူသည် ဆေးကို မှီဝဲသကဲ့သို့ ဆွမ်းကို မှီဝဲအပ်သောအဖြစ်ကို ပြတော်မူ၏။ ယင်းသို့သော် 'ယာတြာ စ'-၏ အရလည်း မျှခြင်း, ယာပနာယ-၏အရလည်း မျှခြင်းပင် ဖြစ်ခဲ့။ အသို့ထူးသနည်းဟူမူ ယာပနာယ၏-အရကား ဇီဝိတိန္ဒြေ၏ မျှခြင်းကို ယူ၊ ယာတြာ-၏အရကား ဣရိယာပုထ် ၄-ပါးတို့၏ မျှခြင်းကို ယူ။ ဤကား အထူး။

အနဝဇ္ဇတာ စ၊ သစ်သီးပေးခြင်း, ပန်းပေးခြင်း, ဆေးကုခြင်း, ဗေဒင်ဟောခြင်း-အစရှိသော မသင့်မလျော်က်ပတ်သောအားဖြင့် ဆွမ်းကို ရှာမှီးခြင်း၊ အတိုင်းအရှည်ကို

http://www.dhammadownload.com

မသိမူ၍ ခံခြင်း၊ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းတို့ကို ကြဉ်သဖြင့် အပြစ်မရှိသော အဖြစ်သည်လည်း။ မေ၊ ဥ့အား။ ဘဝိဿတိ၊ လတ္တံ့။ ဖာသုဝိဟာရော စ၊ နို့ငှင်းယှဉ်ဆင်ခြင်၍ စားသဖြင့် ချမ်းသာစွာ နေရခြင်းသည်လည်း။ မေ၊ ဥ့အား။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ မနသိ ကတွာပိ၊ ဤသို့ နှလုံးသွင်း၍လည်း။ ဝိဏ္ဏာပါတံ၊ ကို။ ပဋိသေဝါမိ၊ ဧ၏။

ဤသို့ သမ္မန်မှ-

> အနဝဇ္ဇတာ စ ဖာသုဝိဟာရော စာတိ အယုတ္တပရိယေသန ပဋိဂ္ဂဟဏပရိဘောဂ-ပရိဝဇ္ဇနေန အနဝဇ္ဇတာ၊ ပရိမိတပရိဘောဂေန ဖာသုဝိဟာရော။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ(၁။၃၂),

ထိုပါဠိ၏ အဖွင့်ဖြစ်သော-

> ဗုဒ္ဓပဋိကုဋ္ဌေန မိစ္ဆာဇီဝေန ပစ္စယပရိယေသနာ အယုတ္တပရိယေသနာ။ ဒါယက-ဒေယျဓမ္မာနံ အတ္တနော စ ပမာဏံ အဇာနိတွာ ပဋိဂ္ဂဟဏံ သဒ္ဓါဒေယျဝိနိပါတနတ္ထံ ဝါ ပဋိဂ္ဂဟဏံ အယုတ္တပဋိဂ္ဂဟဏံ၊ ယေန ဝါ အာပတ္တိ အာပဇ္ဇတိ။ အပစ္စဝေက္ခိတွာ ပရိဘောဂေါ အယုတ္တပရိဘောဂေါ။ တေသံ ပရိဝဇ္ဇနံ ဓမ္မေန သမေန ပစ္စယုပ္ပါဒ-နာဒိဝသေန ဝေဒိတဗ္ဗံ။ -

ဟူသော ဋီကာပါဠိ(ဝိသုဒ္ဓိ၊ဋီ၊၁။၆၁),

> အနဝဇ္ဇတာ စာ'တိ ဧတ္ထ အတ္ထိ သာဝဇ္ဇံ၊ အတ္ထိ အနဝဇ္ဇံ။ တတ္ထ အဓမ္မိကပရိယေသနာ အဓမ္မိကပဋိဂ္ဂဟဏံ အဓမ္မေန ပရိဘောဂေါတိ ဣဒံ သာဝဇ္ဇံ နာမ။ ဓမ္မေန ပရိယေ-သိတွာ ဓမ္မေန ပဋိဂ္ဂဟေတွာ ပစ္စဝေက္ခိတွာ ပရိဘုဉ္ဇနံ အနဝဇ္ဇံ နာမ။

ဟူသော အဋ္ဌသာလိနီပါဠိ(၄၃၁)တို့နှင့် ညီအံ့သည်။

> ယံ ဒွန္ဒတော ပရံ သုယျတိ၊ တံ ပစ္စေတဓေ မတိ သမ္ဗဒ္ဓတော။

ဟူသော သဒ္ဒဂယ်ပါဠိ,

> ဒွန်၏နောက်၌၊ ရှိသောပို့ဗ်၊ ယှဉ်လိုက် ပုဒ်တိုင်းမှာ။
> ဒွန်၏ ရှေ့ဖျား၊ ပို့ဗ်ရှိငြား၊ သွားလေ ပုဒ်တိုင်းသာ။ ။

ဟူသော နိယံဆရာစကားနှင့်လည်း ညီအံ့သည်။

http://www.dhammadownload.com

ပရိယေသနဥ္စ ပဋိဂ္ဂဟဏဥ္စ ပရိဘောဂဥ္စ ပရိယေသနပဋိဂ္ဂဟဏပရိဘောဂါ။ အယုတ္တေန ပရိယေသနပဋိဂ္ဂဟဏပရိဘောဂါ အယုတ္တပဋိယေသနပဋိဂ္ဂဟဏ-ပရိဘောဂါ။ အယုတ္တပရိယေသနပဋိဂ္ဂဟဏပရိဘောဂါနံ ပရိဝဇ္ဇနံ အယုတ္တပရိယေ-သနပဋိဂ္ဂဟဏပရိဘောဂပရိဝဇ္ဇနံ။

ဤသို့ အဋ္ဌကထာပါဠိကို ဝစနတ္ထပြုသဖြင့် ဒွန်၏ရှေ့, ဒွန်၏နောက်ဖြစ်သော ပုဒ်တို့နှင့် အသီးသီး စပ်အပ်သည်၏အဖြစ်ကို သိအပ်၏။ တရားတော်နှင့်လျော်စွာ ပစ္စည်းကို ရှာ၍, တရားတော်နှင့် လျော်စွာခံ၍, ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် အနဝဇ္ဇတာ မည်၏-ဟူလို။

တစ်နည်းကား အနဝဇ္ဇတာ စ၊ မသင့်မလျော်ပတ်သော ဘောဇဉ်ကို သုံးဆောင်ခြင်း, အတိုင်းအရှည်မသိ သုံးဆောင်ခြင်းတည်းဟူသော အကြောင်းကြောင့် မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်,လက်တဆန့်ဆန့်ရှိခြင်းတည်းဟူသော ပညာရှိတို့သည် ကဲ့ရဲ့အပ်သောအပြစ်-စသည်တို့၏ ကင်းသဖြင့် အပြစ်မရှိသော အဖြစ်သည်လည်း။ မေ၊ ဝ့ါအား။ ဘဝိဿတိ၊ လတ္တံ့၊ ဖာသုဝိဟာရော စ၊ သင့်တင့်လျောက်ပတ်သော ဘောဇဉ်ကို သုံးဆောင်ခြင်း၊ နှိုင်းယှဉ်ဆင်ခြင်၍ သုံးဆောင်ခြင်းတည်းဟူသောအကြောင်းကြောင့် ကာယဗလ၏ ပြည့်စုံသဖြင့် ချမ်းသာစွာ နေရခြင်းသည်လည်း။ မေ၊ ဝ့ါအား။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ မနသိကတွာပိ၊ ဤသို့ နှလုံးပိုက်၍လည်း။ ပိဏ္ဍာပါတံ၊ ကို။ ပဋိသေဝါမိ၊ ၏။

ဤအနက်ကား-

အသပ္ပါယာပရိမိတပရိဘောဇနပစ္စယာ အရတိတန္နိဝိဇ္ဇိတာ။ ဝိညူဂရဟာဒိဒေါ-သာဘာဝေန ဝါ အနဝဇ္ဇတာ၊ သပ္ပါယပရိမိတဘောဇနပစ္စယာ ကာယသမ္ပဒေန ဖာသုဝိဟာရော။

ဟူသော အဋ္ဌကထာပါဠိ(ဝိသုဒ္ဓိ၊၁။၃၂)နှင့် လျော်စေသည်။

တစ်နည်းကား အနဝဇ္ဇတာ စ၊ အလိုရှိတိုင်း ဝမ်းပြည့်အောင် သုံးဆောင်ခြင်းမှ ကြဉ်သည်ဖြစ်၍ အိပ်ရာ၌ အိပ်သဖြင့် ရအပ်သော ချမ်းသာ၊ လက်ဝဲ,လက်ယာ နံတောင်းပြောင်းလွဲ၍ အိပ်သဖြင့် ရအပ်သော ချမ်းသာ၊ ဝိုက်မျှဉ်းလျက် အိပ်သဖြင့် ရအပ်သော ချမ်းသာတို့ကို ပယ်သဖြင့် အပြစ်မရှိသော အဖြစ်သည်လည်း။ မေ၊ ဝ့ါအား။ ဘဝိဿတိ၊ လတ္တံ့။ ဖာသုဝိဟာရော စ၊ အတိုင်းအရှည်မှ ၄-လုတ်, ၅-လုတ် ယုတ်၍စားသဖြင့် ၄-ပါး သော ဣရိယာပုထ်တို့၏ မျှခြင်းကြောင့် ချမ်းသာစွာ နေရခြင်းသည်လည်း။ မေ၊ ဝ့ါအား။

http://www.dhammadownload.com

ဘဝိဿတိ၊ လတ္တံ့။ ဣတိ မနသိကတွာပိ၊ ဤသို့ နှလုံးသွင်း၍လည်း။ ပိဏ္ဍပါတံ၊ ကို။ ပဋိသေဝါမိ၊ ၏။

> ယာဝဒတ္ထဉ္စရာဝဒေဟကဿောဇနပရိဝုဇ္ဈနေန ဝါ သေယျသုခ ပဿသုခမိဒ္ဓသုခါနံ ပဟာနတော အနဝဇ္ဇတာ၊ စတုပစ္စာလောပမတ္တဉ်နဿောဇနေန စတုဣရိယာပထ-ယောဂျဿာဝပဋိပါဒနတော ဖာသုဝိဟာရော စ မေ ဘဝိဿတီတိပိ ပဋိသေဝတိ။

ဟူသော အဋ္ဌကထာပါဠိ(ဝိသုဒ္ဓိ၊၁။၃၂)နှင့်အညီ ယောဇနာသည်။

ထို ၃-ပါးသော အတ္ထဝိကပ်တို့တွင် နှေးအတ္ထဝိကပ်တို့ဖြင့် မအပ်သောပစ္စည်းကို သုံးဆောင်သဖြင့် အပြစ်ရှိသည်ကို ပြတော်မူသည်။ နောက် ၂-ပါးသော အတ္ထဝိကပ်ဖြင့် အပ်သော ပစ္စည်းကိုပင် အတိုင်းအရှည်ကို လွန်၍ သုံးဆောင်သဖြင့် အပြစ်ရှိသည်ကို ပြတော်မူသည်။

အလုံးစုံသော ဝိကပ်တို့၌ပင် အာဟာရကို ၄-လုတ်, ၅-လုတ်ယုတ်၍သုံးဆောင်သဖြင့်သာလျှင် ချမ်းသာစွာနေရသည်၏အဖြစ်ကို ပြတော်မူသည်။

ထို့ကြောင့် အရှင်သာရိပုတ္တရာမထေရ်သည်-

> **စတ္တာရော ပဉ္စ အာလောပေ၊ အဘုတ္တာ ဥဒကံ ပိဝေ။**
> **အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။**

(ထေရဂါထာ၃၄၃။ ဝိသုဒ္ဓိမဂ်၊၁။၃၂)ဟု မိန့်တော်မူပြီ။

စတ္တာရော ပဉ္စ အာလောပေ၊ ၄-လုတ်, ၅-လုတ်သော ဆွမ်းတို့ကို။ အဘုတ္တာ၊ မစားမူ၍။ ဥဒကံ၊ ကို။ ပိဝေ၊ သောက်ရာ၏။ အယံ၊ ဤသို့ ၄-လုတ်, ၅-လုတ် ယုတ်၍ စားသဖြင့် ရေကို သောက်ခြင်းသည်။ ပဟိတတ္တဿ၊ ကိုယ်, အသက်ကို မငဲ့မူ၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ ဝါ၊ အား။ ဖာသုဝိဟာရာယ၊ ဣရိယာပုထ် ၄-ပါးမျှသဖြင့် ချမ်းသာစွာ နေရခြင်းငှာ။ အလံ၊ လျောက်ပတ်၏။

ဤပိဏ္ဍပါတပစ္စဝေက္ခဏာ၌ စ-ပါးသော အဂီါတို့ကို ပေါင်း၍ သိအပ်၏။ အဘယ်ကဲ့သို့ သိအပ်ကုန်သနည်းဟူမူကား-

- နေဝ ဒဝါယလည်း အဂီါ ၁-ပါး, - န မဒါယလည်း အဂီါ ၁-ပါး,
- န မဏ္ဍနာယလည်း အဂီါ ၁-ပါး, - န ဝိဘူသနာယလည်း အဂီါ ၁-ပါး,
- ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယလည်း အဂီါ ၁-ပါး,

http://www.dhammadownload.com

- ဝိတိဿဝရတိယာ မြတ္တစရိယာနုဝတ္တာယလည်း အင်္ဂါ ၁-ပါး,
- ဣတိ ပုရာဏာဒ္ဓ ဝေဒနံ ဝဠိဘဒ္ဒါမိ၊ နဝဒ္ဓ ဝေဒနံ နာ ဥပ္ပါဒေဿာမိလည်း အင်္ဂါ ၁-ပါး,
- ယာတြာ စ မေ ဘဝိဿတိလည်း အင်္ဂါ ၁-ပါး၊

ဤသို့လျှင် ၈-ပါးသော အင်္ဂါတို့ကို ပေါင်း၍ သိအပ်ကုန်၏။ "အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ"ကား အင်္ဂါမဟုတ်၊ ဘောဇဉ်၏ အကျိုးဆက်တည်း။

မဟာသီဝမထေရ်မြတ်ကား အောက်၌ဖြစ်သော နေဝ ဒဝါယ-အစရှိသော အင်္ဂါ ၄-ပါးတို့သည် ပယ်အပ်သောအင်္ဂါ မည်ကုန်၏။ အထက်၌ဖြစ်သော ၈-ပါးသော အင်္ဂါတို့ကို ပေါင်း၍ သိအပ်ကုန်၏-ဟု ဆို၏။ ထိုမဟာသီဝမထေရ်အလို၌ ၈-ပါးသောအင်္ဂါတို့ကို အဘယ်သို့ သိအပ်ကုန်သနည်းဟူမူကား-

- ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာလည်း အင်္ဂါ ၁-ပါး,
- ယာဝနာယလည်း အင်္ဂါ ၁-ပါး,
- ဝိတိဿဝရတိယာလည်း အင်္ဂါ ၁-ပါး,
- မြတ္တစရိယာနုဝတ္တာယလည်း အင်္ဂါ ၁-ပါး,
- ဣတိ ပုရာဏာဒ္ဓ ဝေဒနံ ဝဠိဘဒ္ဒါမိလည်း အင်္ဂါ ၁-ပါး,
- နဝဒ္ဓ ဝေဒနံ နာ ဥပ္ပါဒေဿာမိလည်း အင်္ဂါ ၁-ပါး,
- ယာတြာ စ မေ ဘဝိဿတိလည်း အင်္ဂါ ၁-ပါး,
- အနဝဇ္ဇတာ စလည်း အင်္ဂါ ၁-ပါး၊

ဤသို့လျှင် ၈-ပါးသော အင်္ဂါတို့ကို ပေါင်း၍ သိအပ်ကုန်၏။ (မဟာဋီ၊၁။၆၂) "ဖာသုဝိဟာရော စ"-ကား ဘောဇဉ်၏ အကျိုးဆက်တည်း။

ဤသို့လျှင် ၈-ပါးသောအင်္ဂါနှင့်ပြည့်စုံသော အာဟာရကို သုံးဆောင်သော ရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ ဆွမ်းကို မှီဝဲသည် မည်၏။ ကြွင်းသော ပစ္စဝေက္ခဏာ ၃-ပါးတို့၌လည်း ရသင့်သည့်အားလျော်စွာ အင်္ဂါတို့ကို ပေါင်း၍ မှတ်လေ။

- စီဝရပစ္စဝေက္ခဏာ၌ အင်္ဂါ ၄-ပါး,
- သေနာသနပစ္စဝေက္ခဏာ၌လည်း ၄-ပါးသော အင်္ဂါ–

တို့ကို ပေါင်း၍ သိအပ်ကုန်၏။ ဂိလာနပစ္စယဘေသဇ္ဇပစ္စဝေက္ခဏာ၌ကား ၁-ပါးသော အင်္ဂါကိုသာ သိအပ်၏။ အဘယ်ကြောင့်နည်း? အဗျာပဇ္ဈပရမတာယ-ဟူသော အင်္ဂါ၏

http://www.dhammadownload.com

အထူးမရှိသင့်သောကြောင့်တည်း။ အထူးမရှိကြောင်းကိုလည်း အထက်အရာသို့ ရောက်မှ ဆိုအံ့။ ဆိုအပ်ပြီးသော ရသင့်ရထိုက်သော အဂ်ါများကို ပေါင်း၍ ဆင်ခြင်မှသာ ဣဏာပရိ-ဘောဂမှ လွတ်သည်မဟုတ်။ အကြောင်းအားလျော်စွာ အချမ်းနှိပ်စက်သောအခါ အချမ်းကို ဖျောက်ခြင်းအကျိုးငှာသာ မှီဝဲ၏-ဟု အဂ်ါ ၁-ပါးကို မှီဝဲဆင်ခြင်သော်လည်း ဣဏာ-ပရိဘောဂမှ လွတ်ရာ၏။ အဘယ့်ကြောင့်နည်း? ရာဂတဏှာမှ ကင်းခြင်းအကျိုးငှာသာလျှင် ဆင်ခြင်ရသည်ဖြစ်၍ ထိုသို့ အကြောင်းအားလျော်စွာ ဆင်ခြင်ကလည်း ရာဂတဏှာကို ဖျောက်ရသောကြောင့်တည်း။ အများရသင့်သော အရာ၌လည်း အများကိုပင် ပေါင်း၍ ဆင်ခြင်။ နောာ တက္ကော၊ အဋ္ဌကထာ,ဋီကာ တိုက်ရိုက်မလာ။

ပါဠိလျှောက်အဓိပ္ပါယ်ကား ဤဆွမ်းကို ရွာသူ,သားငယ်-စသည်တို့ကဲ့သို့ မြူးထူး ကစားခြင်း၊ လက်ဝှေ့,လက်ပန်းသည်တို့ကဲ့သို့ မာန်ယစ်ခြင်း၊ နန်းတွင်းသူ, ပြည့်တန်ဆာမ-စသည်တို့ကဲ့သို့ အဂ်ါကြီး,ငယ်တို့ ပြည့်ဖြိုးခြင်း၊ ဂျမ်းသမား, ကချေသည်-စသည်တို့ကဲ့သို့ အရေအဆင်း လှပပြေပြစ်ခြင်းအကျိုးငှာ မမှီဝဲမူ၍ ဤရူပကာယ၏ ကြာမြင့်စွာ တည်ခြင်း, ဇီဝိတိန္ဒြေ မပြတ်ခြင်း, မွတ်သိပ်ဆာလောင်ခြင်းကို ဖျောက်ခြင်း၊ သာသနာတော်ကို ခိုးမြောက်ခြင်းအကျိုးငှာသာ မှီဝဲ၏။

ဤသို့ ဆွမ်းကို မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် အဟောင်းဖြစ်သော ဝေဒနာ၏ပျောက်ခြင်း၊ အသစ်ဖြစ်သော ဝေဒနာ၏ မဖြစ်ခြင်း၊ ဣရိယာပုထ် ၄-ပါးတို့၏ မျှခြင်း၊ အပြစ်မရှိခြင်း၊ ချမ်းသာစွာ နေရခြင်းတည်းဟူသော အကျိုးကိုသာ နှလုံးသွင်း၍ ဤဆွမ်းကို သုံးဆောင်သည့်ကာလတိုင်း,လုတ်တိုင်း ဆင်ခြင်ရမည်။ ပဏ္ဏာပါတပစ္စဝေက္ခဏာ၌ သမ္မန္ဓတ္ထ, သဒ္ဒတ္ထ, ဝစနတ္ထ, အဓိပ္ပါယတ္ထ, နိဒတ္ထ, နေယျတ္ထတို့ကို ဆိုရာဆိုကြောင်းဖြစ်သော စကားအစဉ်သည် ဤတွင်ရွေ့ ပြီး၏။

ပဏ္ဏာပါတသိက္ခာပဒဂဏ္ဌိ ပြီး၏။

----- × -----

၃။ သေနာသနသိက္ခာပဒဂဏ္ဌိ

သင်္ကန်း,ဆွမ်းတည်းဟူသော ၂-ပါးကို မှီဝဲသုံးဆောင်သောကာလ ဆင်ခြင်ရာသော အခြင်းအရာကို ပြတော်မူပြီး၍ ယခုအခါ ကျောင်းတည်းဟူသော ပစ္စည်းကို မှီဝဲသုံးဆောင်သောကာလ ဆင်ခြင်ရာသော အခြင်းအရာကို ပြတော်မူလိုသော ဘုရားသခင်သည် 'ပဋိသခါ

http://www.dhammadownload.com

ယောနိသော သေနာသနံ ပဋိသေဝါမိ' အစရှိသော ဒေသနာတော်မြတ်ကို အားထုတ်တော်မူသည်။ ဤမှကြွင်းသော စကားရပ်တို့၌ ထူးသည်ကိုသာ ဆိုအံ့။

"သေတိ ဧတ္ထာတိ သေနံ၊ သီ-သယေ၊ ယု"(ဓာတု။၁၇၂)။ ဧတ္ထ၊ အရပ်၌ပေး။ ၂-ဖက်စောင်းမိုးသောကျောင်း, တစ်ဖက်စောင်းမိုးသောကျောင်း, ပြာသာဒ်ရှည်, ပြာသာဒ်ဦးပြည်း, ညောင်စောင်း, အင်းပျဉ်, သစ်ရွက်အခင်း, မြက်အခင်း, ဂူ, ပြအိုး, တန်ဆောင်း, လိုဏ်, ဝါးရုံ, သစ်ပင်ရင်း, မဏ္ဍပ်၊ ထိုမှတပါး ရဟန်းတို့၏ နေရာအရပ်-ဟူသမျှ ရစေ။

"အာသတိ နိသီဒတိ ဧတ္ထာတိ **အာသနံ**၊ အာသ ဥပသေဝနေ၊ ယု"(ဓာတု။၁၈၇)။ ၂-ဖက်စောင်းမိုးသောကျောင်း, တစ်ဖက်စောင်းမိုးသောကျောင်း, ပြာသာဒ်ရှည်, ပြာသာဒ်ဦးပြည်း, အပြင်အခင်း-စသည် ရစေ။ ဆိုအပ်ပြီးသော အလုံးစုံကိုပင် သေနာသန၌ သွင်း၍ ဆင်ခြင်ရမည်။ "သေနဉ္စ အာသနဉ္စ သေနာသနံ"အရပ်ပင် တူသော်လည်း အခိုက်အတန့်ကို စွဲ၍ အရကွဲသကဲ့သို့ ဒွန်ဖြစ်သည်။ "ဆဒ္ဒါရိကဝိမုတ္တာနိ"စသည်တို့ကဲ့သို့။ ထို့ကြောင့် အဋ္ဌကထာ(ဝိသုဒ္ဓိ၊၁။၃၂)၌ "သေနာသနန္တိ သေနဉ္စ အာသနဉ္စ"ဟု မိန့်အပ်ပြီ။

တစ်နည်းလည်း အခိုက်အတန့်ကို မငဲ့ဘဲ "သေနဉ္စ တံ အာသနဉ္စာတိ **သေနာသနံ**" ဟု ပြု။ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ၊ ကိုယ်၏ကျင်နာခြင်း, စိတ်၏ပျံ့လွင့်ခြင်းကို ပြုတတ်သော အချမ်း,အပူ-ဟူသော ဥတုကို ဖျောက်ခြင်း၊ အထူးထူးသော အာရုံမှ ဖယ်၍ ကမ္မဋ္ဌာန်းတည်းဟူသော တစ်ခုတည်းသော အာရုံ၌သာ စိတ်၏ကောင်းစွာ ကိန်းဝပ်ခြင်း၌ မွေ့လျော်ခြင်းအကျိုးငှာ။ ဝါ။ မလျောက်ပတ်သော အချမ်း,အပူ-ဟူသော ဥတု၊ ခြင်္သေ့, သစ်, ကျား-အစရှိသော ထင်ရှားသော ဘေးရန်၊ ရာဂ, ဒေါသ-အစရှိသော မထင်ရှားသော ဘေးရန်ကို ဖျောက်ခြင်း၊ အထူးထူးသောအာရုံမှ ဖယ်၍ ကမ္မဋ္ဌာန်းတည်းဟူသော တစ်ခုတည်းသော အာရုံ၌သာ စိတ်၏ကောင်းစွာကိန်းဝပ်ခြင်း၌ မွေ့လျော်ခြင်းအကျိုးငှာ။

> တံ တံ သတ္တကိစ္စံ အရတိ ဝတ္တေတီတိ ဥတု၊ အရ-ဂတိယံ(ဓာတု၊၁၅၈)၊ အကာရဿ ဥ၊ တုပစ္စယော (ဓာတ္ဝတ္ထ၊၆၁)။ ပရိသယတိ ကာယစိတ္တံ ဝိဟာဓတီတိ ပရိဿယော၊ ပရိသဒ္ဒူပဟ သိ-ဟိသာယံ။ ဥတု စ ဝ ပရိဿယော ဥတုပရိဿယော၊ တဿ ဝိနောဒနံ တထာ၊ ပဋိသံဟရိတ္တာ သမ္မဒေဝ လယနံ **ပဋိသလ္လာနံ**။ (မဟာဋီ၊၁။ ၆၃။ ပဋိဒ္ဓေး, သံဒ္ဓေးရှိသော လိ-အလ္လိယံ။ ဓာတု၊ ၂၅၄-၌ လိ-သိလေသေ-ဟု ရှိ၏။)

> ပဋိသလ္လာနေ အာရာမော ပဋိသလ္လာနာရာမော၊ ဥတုပရိဿယဝိနောဒနော စ ပဋိသလ္လာနာရာမော စ တထာ၊ တဿ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာ-ရာမတ္ထံ။ (ဒွေးအနက်ဖို့) ဥတု စ ပရိဿယော စ ဥတုပရိဿယော။

http://www.dhammadownload.com

အကြွင်းနည်းတူ။ နောက်နောက် အနက်ဖို့။

"သီတသ ပဋိယာတာယ ဥဏှသ ပဋိယာတာယ"ဟူသော ပါဠိဖြင့် အချမ်း,အပူ ဟူသော ဥတုဖျောက်ခြင်းကို ဟောတော်မူအပ်ပြီးလျက် "ဥတုပရိဏယဝိနောဒနပဋိသလ္လာနာရာမတ္ထံ"ဟူသော ပါဠိဖြင့် အချမ်း,အပူ-ဟူသော ဥတုဖျောက်ခြင်းကို အဘယ့်ကြောင့် ဟောတော်မူအပ်သနည်း-ဟူမူ အောက်စီဝရပစ္စဝေက္ခဏာ၌ ဟိရိကောပီနပဋိစ္စာဒနသည် မြဲသောအကျိုး၊ ကြွင်းသောအကျိုးတို့သည် မမြဲသော အကျိုးဖြစ်သကဲ့သို့ ထို့အတူ သီတသ ပဋိယာတာယ, ဥဏှသ ပဋိယာတာယ-ဟူသော ပုဒ်၌ ဆိုအပ်သော အချမ်း,အပူ-ဟူသော ဥတုကို ဖျောက်ခြင်းသည် မမြဲသောအကျိုး၊ ဥတုပရိဏယော-ဟူသော ပုဒ်၌ ဆိုအပ်သော နှိပ်စက်တတ်သော အချမ်း,အပူ-ဟူသော ဥတုကို ဖျောက်ခြင်းသည်ကား မြဲသောအကျိုးတည်း-ဟု ပြခြင်းငှာ ဟောတော်မူအပ်၏-ဟု ဖြေ။

ပါဠိလျှောက်အဓိပ္ပါယ်ကား ဤကျောင်းအိပ်ရာ,နေရာကို လောကဋ္ဌ ကာမစည်းစိမ်ကို ခံစားသော မင်း, မင်း၏အမတ်ကြီး-စသည်တို့ကဲ့သို့ တင့်တယ်လျောက်ပတ်ခြင်း၊ ကာယိကသုခ, စေတသိကသုခကို ခံစားလိုခြင်းတည်းဟူသော အကြောင်းကြောင့် မမှီဝဲမူ၍ အခိုက်အတန့်အကျိုး-ဟု ဆိုအပ်သော အချမ်းကို ဖျောက်ခြင်း၊ အပူကို ဖျောက်ခြင်း၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ ကိုက်ခြင်း, ထိပါးခြင်း-ဟု ဆိုအပ်သော အတွေ့တို့ကို ဖျောက်ခြင်းအကျိုးငှာသာလျှင်လည်းကောင်း၊

ကိုယ်၏ကျင်နာခြင်း, စိတ်၏ပျံ့လွင့်ခြင်းကို ပြုတတ်သော အချမ်း,အပူ-ဟူသော ဥတု, ခြသေ့, သစ်, ကျား-အစရှိသော ထင်ရှားသော ဘေးရန်၊ ရာဂ, ဒေါသ-အစရှိသော မထင်ရှားသောဘေးရန်ကို ဖျောက်ခြင်း၊ အထူးထူးသောအာရုံမှ ဖယ်၍ ကမ္မဋ္ဌာန်းတည်းဟူသော တစ်ခုတည်းသော အာရုံ၌သာ စိတ်၏ ကောင်းစွာကိန်းဝပ်မွေ့လျော်ခြင်း-ဟု ဆိုအပ်သော မြဲသော အကျိုးငှာသာလျှင်လည်းကောင်း ငါ-မှီဝဲသုံးဆောင်ပါ၏။

ဤ "**ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ**"အစရှိသော စကားဖြင့် ကိုးကွယ်ရာ မရှိ၍ အနာရောဂါ နှိပ်စက်သောသူသည် မြို့,ရွာ၏အနီး လမ်းခရီးဌာတည်သော ဇရပ်ဝယ် တက်၍နေသကဲ့သို့ နှလုံးသွင်း၍ ကျောင်းအိပ်ရာနေရာကို မှီဝဲသုံးဆောင်အပ်၏-ဟု နေယျတ္ထအားဖြင့် ပြတော်မူ၏။ သေနာသနာယ ပစ္စဝေက္ခဏာယံ ဂဏ္ဌိဋ္ဌာနံ။

သေနာသနသိက္ခာပဒဂဏ္ဌိ ပြီး၏။

----- x -----

http://www.dhammadownload.com

၄။ ဘေသဇ္ဇသိက္ခာပဒဂဏ္ဌိ

ဆေးပစ္စည်းကို သုံးဆောင်သည့်ကာလ၌ ဆင်ခြင်ရာသော အခြင်းအရာကို ပြတော်မူလိုသော ဘုရားသခင်သည် "ပဋိသင်္ခါ ယောနိသော ဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရံ" အစရှိသော ပါဠိတော်ပါဌ်(မ၊၁။၁၃)ကို ဟောတော်မူသည်။

ရောဂဿ ပတိပက္ခံ အယတိ ဂစ္ဆတီတိ ပစ္စယော၊ ဂိလာနာနံ ပစ္စယော ဂိလာန-ပစ္စယော၊ ဘိသဇ္ဇတိ တိကိစ္ဆတီတိ ဘိသဇ္ဇော၊ အဇဿ ကောဟ။ (အဘိဓာန်ဋီကာ)

"ဘိသဇ္ဇဿ ကမ္မံ ဘေသဇ္ဇံ"၊ ဏျတ္တာ ဘာဝေ တု-ဟူသော သုတ်၌ ဏျတ္တာ-ဟူသော ယောဂဝိဘာဂဖြင့် ကမ္မအနက်၌ ဏျပစ္စည်းသက်။

ထို့ကြောင့် ရူပသိဒ္ဓိ၌ "ဏျတ္ထာတာတိ ယောဂဝိဘာဂေန ကမ္မနိ သကတ္ထေ စ ဏျာဒယော"ဟု မိန့်အပ်ပြီ။ ဤအလိုသော် ပဌမကွရာ စ-နှင့် ဘေသစ္ဇ-ဟု ဆိုလိုလျက် ပဌမကွရာကို တတိယကွရာ ဇ-ပြု၍ ဘေသဇ္ဇ-ဟု ပြီးသည်။ 'ဂိလာနပစ္စယော၀ ဘေသဇ္ဇံ ဂိလာနပစ္စယဘေသဇ္ဇံ' သူနာအား လျော်ပတ်သော ထောပတ်-အစရှိသော ဆေးပစ္စည်း ရ၏။

သဒ္ဒနီတိဆရာအလိုကား "ဘိသဇ္ဇဿ ဣဒံ ဘေသဇ္ဇံ"ဟု ပြု။ ဣဒံ-တဒ္ဓိတ်၊ ဏျ-ပစ္စည်း။ "ကယာနံ ဂ္ဂယုဂံ ဇ္ဇယုဂဉ္စ"ဟူသော သုတ်(သုတ္တမာလာ၊၃၀)ဖြင့် က ၂-လုံးကို ဇ ၂-လုံးပြု။

ကယာနံ၊ က-အက္ခရာ, ယ-အက္ခရာတို့၏။ ဂ္ဂယုဂဉ္စ၊ က-အက္ခရာ အစုံပြုခြင်းသည်လည်းကောင်း။ ဇ္ဇယုဂဉ္စ၊ ဇ-အက္ခရာ အစုံပြုခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။ "ဂိလာန-ပစ္စယော၀ ဘေသဇ္ဇံ ဂိလာနပစ္စယဘေသဇ္ဇံ" သူနာအား လျော်ပတ်သော ထောပတ်-အစရှိသော ဆေးပစ္စည်း ရ၏။

ပရိသမန္တတော ရောဂါဒိအန္တရာယံ နိ၀ါရဏံ ကရောတီတိ ပရိက္ခာရော။
ပရိက္ခာရောတိ ပန "သတ္တဟိ နဂရပရိက္ခာရေဟိ သုပရိက္ခတံ ဟောတီ"။

(ဝိသုဒ္ဓိ၊၁။၃၃)စသည်တို့၌ အခြံအရံကို ပရိက္ခာရ-ဟု ဆိုအပ်၏။

"ရထော သီလပရိက္ခာရော၊ ဈာနက္ခော စက္ကဝိရိယော"စသည်တို့၌ တန်ဆာကို ပရိက္ခာရ-ဟု ဆိုအပ်၏။ "ယေ စ ခေါ ဣမေ ပဗ္ဗဇိတေန ဇီ၀ိတပရိက္ခာရာ သမုဒါနေတဗ္ဗာ"

http://www.dhammadownload.com

စသည်တို့၌ အဆောက်အဦကို ပရိက္ခာရ-ဟု ဆိုအပ်၏။ ဤအရာ၌ကား အဆောက်အဦ, အခြံအရံ ၂-ပါးပင် သင့်မြတ်၏။ (ဝိသုဒ္ဓိမဂ်၊၁။၃၃)

အဘယ်ကြောင့်နည်း? အသက်၏ ကြာမြင့်စွာ တည်ခြင်း၏အကြောင်း၊ အသက်၏အရံအတား၊ အစောင့်အရှောက် ဖြစ်သောကြောင့်တည်း။

"ဂိလာနပ္ပစ္စယဘေသဇ္ဇဉ္စ တံ ပရိက္ခာရော စာတိ တထာ"

ပါဠိတော် (ဝိသုဒ္ဓိမဂ်၊၁။၃၃)၌ "ဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရံ"သူနာအား လျောက်ပတ်သော ရောဂါ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဆေးသမားသဖွယ်ဖြစ်သော မြတ်စွာဘုရား၏အမှူ-ဟု ဆိုအပ်သော အသက်၏ အရံအတား, အဆောက်အဦဖြစ်သော ဆေးကို" ဤသို့ ပေးလို၏။

ဥပ္ပဒိတ္ထာတိ ဥပ္ပန္နာ၊ ဖြစ်ပြီးသော ဝေဒနာတို့၏ မိမိသဘောအားဖြင့်ပင် ပျောက်ပျက်သောကြောင့် ဘေသဇ္ဇပရိဘောဂဖြင့် မဖျောက်အပ်။ မဖြစ်သေးသော ဝေဒနာတို့ကိုသာ ဘေသဇ္ဇပရိဘောဂဖြင့် ဖျောက်အပ်သည်မဟုတ်လောဟူမူ ဖြစ်ပြီးသော ဝေဒနာနှင့်တူသောကြောင့် မဖြစ်သေးသော ဝေဒနာတို့ကိုလည်း ဥပ္ပန္နပုဒ်-ဟု ဆိုအပ်ကုန်၏။ "သာ ဧဝ တိတ္တိရိ၊ တာနိယေဝ သြသဓာနိ"(မဟာဋီ၊၁။၆၄)ဟူသကဲ့သို့။ "ဝိသေသေန အာဗာဓိယတေ ဝေယျာဗာဓော" ဓာတ် ၄-ပါးတို့၏ ချောက်ချားခြင်း၊ ထိုဓာတ် ၄-ပါးတို့၏ ချောက်ချားခြင်းကြောင့်ဖြစ်သော နူနာ, အိုင်းနာ, ဝဲနာ, ယားနာ-စသော အနာရစေ။ "ဝေယျာဗာဓတော ဥပ္ပန္နာ ဝေယျာဗာဓိကာ" ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာ ရစေ။

"တာသံ ဝေယျာဗာဓိကာနံ၊ ဝေယျာဗာဓိကာနံ"ရှိမူ ဗျာဓ-ဓာတ်။ "ဗျာဓ-တာဠနေ" ဟု သဒ္ဒနီတိ ဓာတု(၂၃၂)၌ ရှိသောကြောင့် သင့်သည်ချည်း။ "ဝေယျာဗာဓိကာနံ၊ ဓာတ် ၄-ပါးတို့၏ ချောက်ချားခြင်း၊ ထိုဓာတ် ၄-ပါးတို့၏ ချောက်ချားခြင်းလျှင် အကြောင်းရှိသော နူနာ, အိုင်းနာ, ယားနာ, ဝဲနာ-အစရှိသည်တို့ကြောင့် ဖြစ်ကုန်သော"ဟု ပေးလေ။ ထို့ကြောင့် အဋ္ဌကထာ (ဝိသုဒ္ဓိ၊၁။၃၄)၌-

> ဝေယျာဗာဓိကာနန္တိ ဇတ္ထ ဗျာဗာဓေတိ ဓာတုက္ခောဘော, တံသမုဋ္ဌာနာ ဓ ကုဋ္ဌ-ဂဏ္ဍပိဋကာဒယော။ ဗျာဗာဓတော ဥပ္ပန္နတ္တာ ဝေယျာဗာဓိကာ။

ဟု မိန့်အပ်ပြီ။

"ဝေယျာဗာဓိကာနံ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော နူနာ, အိုင်းနာ, ဝဲနာ, ယားနာ-အစရှိကုန်သော"ဟူ၍လည်း ပေးတော်မူကုန်၏။ ဝေဒနာနံ-ဟူသော ဝိသေသယ ပဌာနပုဒ်နှင့်လည်း မတန်၊ ဆိုအပ်ပြီးသော အဋ္ဌကထာပါဠိနှင့်လည်း ဆန့်ခဲ့ရာ၏။

http://www.dhammadownload.com

ဝိဘူသော အာဗာဓိယတေ ပီဠိယတေ ဗျာဗာဓော၊ ဗျာဗာဓော ဧဝ ဗျာဗဇ္ဈံ။
(ဒုက္ခဝေဒနာ ရစေး)

နတ္ထိ ထေ့ ဗျာဗဇ္ဈန္တိ အဗျာဗဇ္ဈံ၊ အဗျာဗဇ္ဈံ ဧဝ ပရမံ အဗျာဗဇ္ဈပရမံ။ တံ ဧဝ အဗျာဗဇ္ဈပရမတာ။ တာယ အဗျာဗဇ္ဈပရမတာယ။ (မဟာဋီ၊၁။၆၄။ ဝိဘင်္ဂ-ခဲ)

အဗျာဗဇ္ဈ-ဟု အသဒိသဒ္ဒေးဘော်နှင့်သာ ရှိလိုလို။ ကြောင့်ကြခြင်းမရှိသည်ကို ဟောသကဲ့သို့ အဗျာပဇ္ဇ-ဟု သဒိသဒ္ဒေးဘော်နှင့် အချို့ပါဠိရှိ၏၊ မသင့်။

"ဥပ္ပန္နာနံ ။ပ။ ဝေဒနာနံ ပဋိယာတာယ"ဟု ဟောတော်မူလျှင် ပြီးကောင်းပြီးလျက် အနက်အထူးမရှိဘဲ အဘယ့်ကြောင့် "အဗျာဗဇ္ဈပရမတာယ"ဟူသောပါဠိကို ဟောတော်မူပြန်သနည်း-ဟူမူ ဆေးပစ္စည်းကို အနာရောဂါ မပျောက်,မငြိမ်းသေးသရွေ့ကာလသာ မှီဝဲအပ်သည်။ အနာရောဂါ ပျောက်ငြိမ်းပြီးသည်မှနောက် မမှီဝဲအပ်-ဟု ပြတော်မူခြင်းငှာ ဟောတော်မူသည်။ ထိုသို့ ပြသဖြင့်လည်း အနာရောဂါ မရှိ၊ ပကတိသက်သက် မမှီဝဲအပ်-ဟု သိအပ်၏။ ဤကား "ယာဝတံ ဒုက္ခံ သဗ္ဗံ ပဟီနံ ဟောတိ တာဝါတိ အတ္ထော"ဟူသော အဋ္ဌကထာပါဠိ (ဝိသုဒ္ဓိ၊၁။၃၄)ကို ထောက်၍ ကြံဆဆုံးဖြတ်သည်။

ပါဠိလျှောက်အဓိပ္ပါယ်ကား အနာရောဂါအား လျော်ပတ်သော ဆီ, ဟား, တင်လဲ, ဇာဒိပ္ပိလိ, လေးညှင်း, ငရုတ်, ပိတ်ချင်း, ချင်း-အစရှိသော ဆေးကို ကိုယ်၌ဖြစ်သော ဓာတ် ချောက်ချားခြင်း၊ ထိုဓာတ်ချောက်ချားခြင်းလျှင် အကြောင်းရှိသော နူနာ, အိုင်းနာ, ဝဲနာ, ယားနာ-အစရှိသည်တို့ကြောင့်ဖြစ်သော ဆင်းရဲဝေဒနာကို ပယ်ဖျောက်ခြင်းအကျိုးငှာသာ ဆင်းရဲဝေဒနာ မငြိမ်းသေးသရွေ့ ကာလပတ်လုံး မှီဝဲသုံးဆောင်အပ်ပါ၏။

ဂိလာနပစ္စယဂဏ္ဌိဌာနံ။ ဘေသဇ္ဇသိက္ခာပဒဂဏ္ဌိ ပြီး၏။

----- × -----

၅။ သာဓာရဏပကိဏ္ဏကဝိနိစ္ဆယ

ဤသို့လျှင် ပစ္စဝေက္ခဏာ ၄-ပါးတို့၌ အသီးအသီး အသာဓာရဏဝိနိစ္ဆယကို ပြပြီး၍ ယခုအခါ ထိုပစ္စဝေက္ခဏာ ၄-ပါးတို့၌ သာဓာရဏပကိဏ္ဏကဝိနိစ္ဆယကို ပြဦးအံ့။

ပစ္စည်း ၄-ပါးတို့တွင် ဆိုးသစ်ဖြစ်သော သက်နှံး၌ ရှုပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဟု ဆိုအပ်သော ကာမဂုဏ် ၄-ပါးတို့ကို မုချအားဖြင့် ရအပ်ကုန်၏။ ထို ၄-ပါးတို့တွင်–

http://www.dhammadownload.com

- ဆိုးသစ်စဖြစ်သော သင်္ကန်း၏ နှစ်သက်ဖွယ်ရှိသော အဆင်းသည် ရူပါရုံ မည်၏။
- သုံးဆောင်သောကာလ ဖျစ်ဖျစ်မည်သော အသံသည် သဒ္ဒါရုံ မည်၏။
- ထိုဆိုးသစ်သောသင်္ကန်း၌ ဆိုးရောဆိုးခေါက်တို့၏ အနံ့သည် ဂန္ဓာရုံ မည်၏။
- ထိုသင်္ကန်း၌ နူးညံ့သော အတွေ့သည် ဖောဋ္ဌဗ္ဗာရုံ မည်၏။

ရသကိုကား သုံးဆောင်ခြင်းလျှင် အကြောင်းရှိသော ပီတိသောမနဿကို ပကတိရသနှင့် ရသချင်းတူရကား သဒိသူပစာအားဖြင့် ရအပ်၏။ ဤနည်းကို မှီ၍ ကြွင်းသော ပစ္စည်း ၃-ပါးတို့၌လည်း သိလေ။

- နှစ်သက်ဖွယ်ရှိသော ဆွမ်း၌ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဟု ဆိုအပ်သော ကာမဂုဏ် ၅-ပါးတို့ကို မုချအားဖြင့်ပင် ရအပ်ကုန်၏။
- ကျောင်း၌ကား သင်္ကန်း၌ကဲ့သို့ ကာမဂုဏ် ၄-ပါးတို့ကို မုချအားဖြင့် ရအပ်ကုန်၏။
- ဆေး၌ကား ဆွမ်း၌ကဲ့သို့ ကာမဂုဏ် ၅-ပါးတို့ကို မုချအားဖြင့် ရအပ်ကုန်၏။

ထိုပစ္စည်း ၄-ပါးတို့ကို အသင့်အားဖြင့် မဆင်ခြင်မူ၍ ရာဂတဏှာဖြင့် မက်မောလျက် သုံးဆောင်ကုန်သော ရဟန်းတို့သည် မမြတ်သော ရှာမှီးခြင်းဖြင့် ရှာမှီးသည် မည်ကုန်၏။

ထို့ကြောင့်–

> **ပဗ္ဗဇိတာနမ်ပိ စတူသု ပစ္စယေသု အပ္ပစ္စဝေက္ခဏပရိဘောဂေါ အနရိယပရိယေသနာ ဇဝေါ။**

ဟု မူလပဏ္ဏာသအဋ္ဌကထာ (၂။၉၇)၌ မိန့်အပ်ပြီ။

ထိုပစ္စည်း ၄-ပါးတို့ကို ရာဂတဏှာဖြင့် မက်မောလျက် သုံးဆောင်ကုန်သော ရဟန်းပုဏ္ဏားတို့၏ ကာမဂုဏ် ၅-ပါးတို့ကို ရှာမှီးခြင်းသည် မမြတ်သော ရှာမှီးခြင်း မည်၏-ဟု ပြတော်မူလိုသော မြတ်စွာဘုရားသည်–

> ပဠိမေ ဘိက္ခဝေ ကာမဂုဏာ၊ ကတမေ ပဉ္စ? စက္ခုဝိညေယ္ယာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ။ သောတဝိညေယ္ယာ သဒ္ဒါ ။ပ။ ဃာနဝိညေယ္ယာ ဂန္ဓာ။ ဇိဝှါဝိညေယ္ယာ ရသာ။ ကာယဝိညေယ္ယာ ဖောဋ္ဌဗ္ဗာ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ။

http://www.dhammadownload.com

ကျမေ ခေါ ဘိက္ခဝေ ပဋ္ဌ ကာမဂုဏာ။ ယေ ဟိ ကေစိ ဘိက္ခဝေ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ကျမေ ပဋ္ဌ ကာမဂုဏေ ဂထိတာ မုစ္ဆိတာ အဇ္ဈောပန္နာ အနာဒီနဝဒဿာဝိနော အနိဿရဏပညာ ပရိဘုဉ္ဇန္တိ၊ တေ ဧဝံမဿု ဝေဒိတဗ္ဗာ၊ "အနယမာပန္နာ ဗျသနမာပန္နာ ယထာကာမကရဏီယာ ပါပိမတော"။

သေယျထာပိ ဘိက္ခဝေ အာရညကော မဂေါ ဗဒ္ဓေါ ပါသရာသိ အမိသယေယျ၊ သော ဧဝံမဿ ဝေဒိတဗ္ဗော၊ "အနယ'မာပန္နော ဗျသန'မာပန္နော ယထာကာမကရဏီယော လုဒ္ဒဿ၊ အာဂစ္ဆန္တေ စ ပန လုဒ္ဒေ ယေန ကာမံ နံ ပက္ကမိဿတီ"တိ၊ ဧဝံမေဝ ခေါ ဘိက္ခဝေ ယေ ဟိ ကေစိ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ကျမေ ပဋ္ဌ ကာမဂုဏေ ဂထိတာ မုစ္ဆိတာ အဇ္ဈောပန္နာ အနာဒီနဝဒဿာဝိနော အနိဿရဏပညာ ပရိဘုဉ္ဇန္တိ၊ တေ ဧဝံမဿု ဝေဒိတဗ္ဗာ၊ "အနယမာပန္နာ ဗျသနမာပန္နာ ယထာကာမကရဏီယာ ပါပိမတော"။

ဟူ၍ ဟောတော်မူသည်။ (မူလပဏ္ဏာသ၊ ပါသရာသိသုတ်ပါဠိတော်။ ၂၃၀)

ဘိက္ခဝေ၊ တို့။ ကာမဂုဏာ၊ ကာမဂုဏ်တို့သည်။ ကျမေ ပဋ္ဌ၊ ဤ ၅-ပါးတို့တည်း။ ပဋ္ဌ၊ ၅-ပါးတို့-ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ကျဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ နှလုံးကို ပွါးစေတတ်ကုန်သော။ ပိယရူပါ၊ ချစ်အပ်,သာယာအပ်သော သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ ကိလေသာ ကာမ၏ အစီးအပွါးဖြစ်ကုန်သော။ ဝါ၊ ကိလေသာကာမ၏ အကြောင်းဖြစ်ကုန်သော။ ရဇနီယာ၊ တပ်နှစ်သက်ခြင်းကို ဖြစ်စေတတ်ကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ရူပါ၊ ရူပါရုံတို့သည်လည်းကောင်း။ ကျဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ ကုန်သော။ မနာပါ၊ ကုန်သော။ ပိယရူပါ၊ ကုန်သော။ ကာမူပသံဟိတာ၊ ကုန်သော။ ရဇနီယာ၊ ကုန်သော။ သောတဝိညေယျာ၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ သဒ္ဒါ၊ သဒ္ဒါရုံတို့ သည်လည်းကောင်း။

ဤနည်းချည်း ကျဋ္ဌာ, ကန္တာ-စသော ဝိသေသနပုဒ်တို့ကို ဆောင်၍ ပေးလေ။ ပါဠိတော်၌ကား မိဂပဒဝလဉ္ဇနနည်းအားဖြင့် အစ,အဆုံးကိုသာ ပြတော်မူသည်။

ကျဋ္ဌာ၊ ကုန်သော။ ကန္တာ၊ ကုန်သော။ မနာပါ၊ ကုန်သော။ ပိယရူပါ၊ ကုန်သော။ ကာမူပသံဟိတာ၊ ကုန်သော။ ရဇနီယာ၊ ကုန်သော။ ကာယဝိညေယျာ၊ ကုန်သော။ ဖောဋ္ဌဗ္ဗာ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်လည်းကောင်းတည်း။

http://www.dhammadownload.com

ဘိက္ခဝေ၊ တို့။ ကာမဂုဏာ၊ တို့သည်။ ဣမေ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေ ကေစိ၊ အမှတ်မရှိကုန်သော။ (ဟိ-ကား အနက်မရှိ။) သမဏာ ဝါ၊ ရဟန်းတို့ သည်လည်းကောင်း။ ဗြာဟ္မဏာ ဝါ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ ပဉ္စ၊ ကုန်သော။ ဣမေ ကာမဂုဏေ၊ တို့ကို။ ဂထိတာ၊ တဏှာဖြင့် မက်မောကုန်သည်ဖြစ်၍။ မုစ္ဆိတာ၊ တဏှာဖြင့် မိန်းမောတွေဝေကုန်သည်ဖြစ်၍။ အဇ္ဈောပန္နာ၊ တဏှာဖြင့် လွှမ်းမိုး၍ ရောက်ကုန်သည် ဖြစ်၍။ ဝါ၊ တဏှာဖြင့် သက်ကုန်သည်ဖြစ်၍။ အနာဒီနဝဒဿာဝိနော၊ အပြစ်ကို မရှုကုန် သည်ဖြစ်၍။ အနိဿရဏပညာ၊ ဝင့်မှ ထွက်မြောက်ကြောင်းဖြစ်သော ပစ္စဝေက္ခဏာဉာဏ် ပညာနှင့် ကင်းကုန်သည်ဖြစ်၍။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။ တေ၊ ထိုရာဂတဏှာဖြင့် မက်မောလျက် သုံးဆောင်ကုန်သော ရဟန်း,ပုဏ္ဏားတို့သည်။ ဝါ၊ တို့ကို။ အနယံ၊ အကျိုးဒီးပွါး မရှိခြင်းသို့။ အာပန္နာ၊ ရောက်ကုန်၏။ ဗျသနံ၊ ပျက်စီးခြင်းသို့။ အာပန္နာ၊ ရောက်ကုန်၏။ ပါပိမတော၊ မာရ်မင်းသည်။ ယထာကာမကရဏီယာ၊ မိမိနိုင်ငံသို့ ရောက်ပြန်သဖြင့် အလိုရှိ တိုင်း ပြုအပ်ကုန်၏။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ အာရညကော၊ တောအရပ်၌ တည်သော။ မဂေါ၊ သမင်သည်။ ဗဒ္ဓေါ၊ ဖွဲ့မိသည်ဖြစ်၍။ ပါသရာသိ၊ ကျော့ကွင်းစုကို။ အဓိသယေယျ၊ ဖိ၍ အိပ်ငြားအံ့။ သော၊ ထိုကျော့ကွင်းဖြင့် ဖွဲ့မိသော သမင်ကို။ ဝါ၊ သည်။ အနယံ၊ အကျိုးစီးပွါး မရှိခြင်းသို့။ အာပန္နော၊ ရောက်၏။ ဗျသနံ အာပန္နော၊ ၏။ လုဒ္ဒဿ၊ မုဆိုးသည်။ ယထာကာမကရဏီယော၊ မထွက်ပြေးနိုင်သဖြင့် အလိုရှိတိုင်း ပြုအပ်သည်။ လုဒ္ဒေ၊ သည်။ အာဂစ္ဆန္တေ စ၊ လာလတ်သော်လည်း။ ယေန ကာမံ၊ အလိုရှိတိုင်းသောအရပ် သို့။ နံ ပက္ကမိဿတိ၊ မထွက်ပြေးနိုင်။ ဣတိ ဧဝံ၊ သို့။ ဝေဒိတဗ္ဗော၊ သည်။ အဿ သေယျ-ထာပိ၊ ဖြစ်ရာသကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ ကေစိ၊ ကုန် သော။ သမဏာ ဝါ၊ တို့သည်လည်းကောင်း။ ဗြာဟ္မဏာ ဝါ၊ တို့သည်လည်းကောင်း။ ပဉ္စ၊ ကုန်သော။ ဣမေ ကာမဂုဏေ၊ တို့ကို။ ဂထိတာ၊ ကုန်သည်ဖြစ်၍။ မုစ္ဆိတာ၊ ကုန်သည်ဖြစ်၍။ အဇ္ဈောပန္နာ၊ ကုန်သည်ဖြစ်၍။ အနာဒီနဝဒဿာဝိနော၊ ကုန်သည်ဖြစ်၍။ အနိဿရဏ-ပညာ၊ ကုန်သည်ဖြစ်၍။ စတ္တာရော ပစ္စယေ၊ ပစ္စည်း ၄-ပါးတို့ကို (ဆည်)။ ပရိဘုဉ္ဇန္တိ၊ ကုန်၏။ တေ၊ တို့ကို။ ဝါ၊ တို့သည်။ အနယံ၊ သို့။ အာပန္နာ၊ ရောက်ကုန်၏။ (နည်းတူပေးလေ။ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းကိုကား ထိုမှ ပြန်သောအားဖြင့် သိအပ်၏။ ကျယ်အံ့ စိုး၍ လိုရုံမျှသာ ပြလိုက်သည်။)

ထိုကျော့ကွင်းထောင်သော မုဆိုးဥပမာ၌–

- တောသမင်ကဲ့သို့ ရဟန်း,ပုဏ္ဏားကို မှတ်။

http://www.dhammadownload.com

- မုဆိုးသည် ထောင်အပ်သော ကျော့ကွင်းကဲ့သို့ ပစ္စည်း ၄-ပါးတို့ကို မှတ်။
- ကျော့ကွင်းဖြင့် ဖွဲ့မိသောသမင်၏ ထိုကျော့ကွင်းကိုပင် ဖွဲ့ဖိ၍ အိပ်ခြင်းကဲ့သို့ ရဟန်း, ပုဏ္ဏားတို့၏ ပစ္စည်း ၄-ပါးတို့ကို ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းကို မှတ်။
- မုဆိုးလာလတ်သော် သမင်၏ အလိုအလျောက် မထွက်ပြေးနိုင်သကဲ့သို့ ရဟန်း,ပုဏ္ဏားတို့၏ မာရ်မင်း၏နိုင်ငံသို့ ရောက်သဖြင့် မာရ်မင်းသည် အလိုအလျောက် ပြုအပ်သည်ကို မှတ်။
- သုဏ္ဏပက္ခ၌ကား ကျော့ကွင်းဖြင့် မဖွဲ့မိသောသမင်သည် ကျော့ကွင်းကို ဖိ၍ အိပ်သကဲ့သို့ ရဟန်း,ပုဏ္ဏားတို့၏ ပစ္စည်း ၄-ပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းကို မှတ်။
- မုဆိုးလာလတ်သည်ရှိသော် သမင်၏ အလိုအလျောက် ထွက်ပြေးခြင်းကဲ့သို့ ရဟန်း, ပုဏ္ဏားတို့၏ မာရ်မင်းနိုင်ငံသို့ မကပ်သဖြင့် မာရ်မင်းသည် အလိုအလျောက် မပြုရသည်ကို မှတ်။

ထိုသို့ ပစ္စည်း ၄-ပါးတို့ကို ဆင်ခြင်ခြင်းသည် ရသောကာလ ဆင်ခြင်ခြင်း, သုံးဆောင်သောကာလ ဆင်ခြင်ခြင်း-ဟူ၍ ၂-ပါး အပြားရှိ၏။ ။ ထို ၂-ပါးတို့တွင်-

ရသောကာလ အဘယ်သို့ ဆင်ခြင်ရသနည်းဟူမူကား "ဤသင်္ဃန်းသည် အကြောင်းအားလျော်စွာဖြစ်သော ပထဝီ, အာပေါ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဓာတ် ၄-ပါး အပေါင်းမျှသာတည်း။ ဤသင်္ဃန်းကို သုံးဆောင်လတ္တံ့သော ငါသည်လည်း ဓာတ် ၄-ပါး အပေါင်းမျှသာတည်း"။ ဤသို့ ဓာတုမနသိကာရအစွမ်းဖြင့်လည်းကောင်း၊ "ဤသင်္ဃန်းသည် ယခုအခါ စက်ဆုပ်ခဲ့ရှာဖွယ် မရှိ။ ငါ၏ ကိုယ်ခန္ဓာအကောင်ပုပ်သို့ ရောက်သည်ရှိသော် အလွန်လျင် စက်ဆုပ်ဖွယ်ရှိသည် ဖြစ်လတ္တံ့။" ဤသို့ ပဋိကူလမနသိကာရအစွမ်းဖြင့်လည်းကောင်း ဆင်ခြင်ခြင်းသည် ရသောကာလ ဆင်ခြင်သည် မည်၏။ ဤကဲ့သို့ချည်း ပစ္စည်း ၄-ပါးတို့ကို ရသောကာလလည်း ဆင်ခြင်ရမည်။

သုံးဆောင်သောကာလ အဘယ်သို့ ဆင်ခြင်ရသနည်းဟူမူကား ပစ္စည်း ၄-ပါးတို့တွင်-

- သင်္ဃန်းကို ကိုယ်မှ ကွာစေ၍ ဝတ်တိုင်း,ရုံတိုင်း ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သုံးဆောင်ဆဲ ဆင်ခြင်ရမည်။
- ဆွမ်းကိုလည်း လုတ်တိုင်း,လုတ်တိုင်း ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သုံးဆောင်ဆဲ ဆင်ခြင်ရမည်။

http://www.dhammadownload.com

- ကျောင်းကိုလည်း အခန်းစံစက်အတွင်း၊ သစ်ပင်ရင်းသို့ ဝင်တိုင်း,ဝင်တိုင်း၊ အိပ်ရာ, နေရာကိုလည်း သုံးဆောင်တိုင်း,သုံးဆောင်တိုင်း ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သုံးဆောင်ဆဲ ဆင်ခြင်ရမည်။
- ဆေးကိုမူကား အကပ်ခံသော ကာလ၌လည်းကောင်း, သုံးဆောင်သောကာလ၌ လည်းကောင်း ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဆင်ခြင်ရမည်။

ထိုသို့ ၂-ပါးသော ကာလတို့၌ပင် ဆင်ခြင်သော်လည်း-

- အကပ်ခံသောကာလ ဆင်ခြင်၍, သုံးဆောင်သောကာလ မဆင်ခြင်သော ရဟန်း အားသာ အာပတ်သင့်၏။
- အကပ်ခံသောကာလ မဆင်ခြင်မူ၍, သုံးဆောင်သောကာလ ဆင်ခြင်သော ရဟန်း အား အာပတ်မသင့်။

ပစ္စည်း ၄-ပါးတို့တွင် ဆေးပစ္စည်း၌ အဘယ့်ကြောင့် အကပ်ခံသောကာလ, သုံး ဆောင်သောကာလ ၂-ပါး၌ ဆင်ခြင်ရာသနည်းဟူမူ အကပ်ခံသောကာလ ဆင်ခြင်ခြင်းမှာ ဂိလာနသညာကို ဖြစ်စေရခြင်း အကျိုးရှိသည်။ သုံးဆောင်သောကာလ ဆင်ခြင်ခြင်းမှာ ဣဏပရိဘောဂမှ လွတ်စေရခြင်း အကျိုးရှိသည်။

ထိုဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် သုံးဆောင်ဆဲ ဆင်ခြင်ခြင်းငှာ မစွမ်းနိုင်မူ ထိုသုံးဆောင်သောနေ့ နံနက်အခါ, ညအခါ, ညဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံတို့၌ အကြိမ်များစွာ ဆင်ခြင်ရမည်။ ထိုသို့ အကြိမ်များစွာ ဆင်ခြင်ခြင်းငှာ မစွမ်းနိုင်သော် ထို သုံးဆောင်သောနေ့ နံနက်အခါ-စသည်တို့၌ ၄-ကြိမ်သော်လည်းကောင်း, ၃-ကြိမ်သော် လည်းကောင်း, ၂-ကြိမ်သော်လည်းကောင်း, ၁-ကြိမ်သော်လည်းကောင်း ဆင်ခြင်အပ်၏။ ထိုသို့ မဆင်ခြင်မူ၍ တဖန် အရုဏ်တက်အံ့၊ ဣဏပရိဘောဂအာရာဒ္ဓ တည်၏။ ထိုဣဏ-ပရိဘောဂဖြစ်သော ရဟန်းအား ဣဏပရိဘောဂအာပတ်သင့်၏။ ထို့ကြောင့် "အပစ္စဝေက္ခိ-တပရိဘောဂေ ဣဏပရိဘောဂါပတ္တိ"ဟု ဋီကာအရှင် မိန့်အပ်၏။ (ဝိသုဒ္ဓိ၊ဋီ၊၁။၇၁)

ထိုဆိုအပ်ပြီးသော ပစ္စည်း ၄-ပါးတို့ကို သုံးဆောင်ခြင်းတို့သည် ထေယျပရိဘောဂ, ဣဏပရိဘောဂ, ဒါယဇ္ဇပရိဘောဂ, သာမိပရိဘောဂ-ဟူ၍ ၄-ပါး အပြားရှိကုန်၏။ ထို ၄-ပါးတို့တွင် ထေယျပရိဘောဂ-ဟူသည်ကား "ထေယျာယ ပရိဘောဂေါ ထေယျပရိဘော-ဂေါ"ဟူသော ဝစနတ္ထနှင့်အညီ မြတ်စွာဘုရားသည်လည်း ကိုယ်တော့်သာသနာတော်၌ သီလရှိသော ပုဂ္ဂိုလ်အားသာ ပစ္စည်း ၄-ပါးကို ခွင့်ပြုတော်မူသည်။ အလျှူဒါယကာတို့သည်

http://www.dhammadownload.com

လည်း သီလရှိသော ပုဂ္ဂိုလ်အားသာ မိမိတို့ ဥစ္စာပစ္စည်းကို ပေးလှူ စွန့်ကြဲကုန်သည်။ သီလ မရှိသော ပုဂ္ဂိုလ်အားကား မြတ်စွာဘုရားလည်း ခွင့်ပြုတော်မမူ။ ဒါယကာတို့သည်လည်း မပေးမလှူ မစွန့်မကြဲသောကြောင့် သီလမရှိသောပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းသည် သံယာတော်၏အလယ်၌ပင် နေ၍ သုံးဆောင်ငြားသော်လည်း အကျိုးစီးပွါး များအံ့သည်ကိုသာ အလိုရှိ၍ ပေးလှူကုန်၏။ ထိုအကျိုးစီးပွါးသည်လည်း မဆင်မခြင်ဘဲ သုံးဆောင်သောကြောင့် အလှူခံပုဂ္ဂိုလ် မစင်ကြယ်သည်ဖြစ်၍ အလိုရှိတိုင်း မပြီးစေနိုင်သောကြောင့် သူကြွေး,သူမြီကို ချေးယူ၍ စားသောသူနှင့် တူ၏-ဟူလိုသော်။

ထို့ကြောင့် လောက၌ ကြွေးမြီယူသောသူတို့သည် အရင်းနှင့်တကွ အတိုးအပွါးကို ဆပ်ပေးနိုင်က ကြွေးမြီကင်းသကဲ့သို့ အသင့်အားဖြင့် ဆင်ခြင်၍ သုံးဆောင်သောကြောင့် အလှူခံပုဂ္ဂိုလ် စင်ကြယ်သည်ဖြစ်၍ ဒါယကာတို့ အလိုရှိတိုင်းသော အကျိုးစီးပွါးကို ပြီးစေနိုင်လျှင် ဣဏာပရိဘောဂ မဟုတ်-ဟု ပြန်သောအားဖြင့် သိအပ်၏။

ထိုသို့ ဣဏာပရိဘောဂဖြစ်သော ရဟန်းသည် လောက၌ သူကြွေး,သူမြီတင်သော သူသည် မိမိအလိုအလျောက် အလိုရှိတိုင်းသောအရပ်သို့ သွားခြင်းငှာ မရသကဲ့သို့ မိမိ အလိုရှိအပ်သော လောကမှ ထွက်မြောက်ခြင်းငှာ မရမူ၍ အပါယ် ၄-ပါး ဝဋ်တရားတို့၌သာ နစ်မွန်းလေရာ၏။

ထို့ကြောင့် ဂင်းဋီကာ(ဝိသုဒ္ဓိမဂ်မဟာဋီ၊၁။၇၄)၌-

> **ယထာ ဣဏာယိကော အတ္တနော ရူစိယာ ဣဿိတဒေဿံ ဂန္တုံ န လဘတိ၊ ဧဝံ ဣဏာပရိဘောဂယုတ္တော လောကတော နိဿရိတုံ န လဘတိ။**

ဟု မိန့်အပ်ပြီ။

ဣဏာယိကော၊ သူကြွေး,သူမြီနှင့် စပ်ခြင်းရှိသောသူသည်။ ဝါ၊ သူကြွေး,သူမြီ ရှိသောသူသည်။ အတ္တနော၊ မိမိ၏။ ရူစိယာ၊ အလိုအားဖြင့်။ ဝါ၊ အလိုအလျောက်။ ဣဿိတ-ဒေဿံ၊ အလိုရှိအပ်သော အရပ်သို့။ ဂန္တုံ၊ သွားခြင်းငှာ။ န လဘတိ ယထာ၊ မရသကဲ့သို့။ ဧဝံ တထာ၊ တူ။ ဣဏာပရိဘောဂယုတ္တော၊ ဣဏာပရိဘောဂနှင့် ယှဉ်သောရဟန်းသည်။ လောကတော၊ လောက ၃-ပါးမှ။ နိဿရိတုံ၊ ထွက်မြောက်ခြင်းငှာ။ န လဘတိ၊ မရ။

ထိုမှ တပါးလည်း-

> **အယသာဝ မလံ သမုဋ္ဌိတံ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။**
> **ဧဝံ အတိဓောနစာရိနံ၊ တာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။ – (နေတ္တိ၊၁၀၈)**

http://www.dhammadownload.com

ဟူ၍ ပစ္စည်း ၄-ပါးကို မဆင်ခြင်မူ၍ သုံးဆောင်သောသူတို့အား အပါယ် ၄-ပါး လားကြောင်းကို ဘုရားဟောတော်မူသည်။

အယသာ၊ သံမှ။ သမုဋ္ဌိတံ၊ ဖြစ်သော။ မလံ၊ သံချေးသည်။ တတုဋ္ဌာယ၊ ထိုသံမှ တက်၍။ တမေဝ၊ ထိုသံကိုပင်လျှင်။ ခါဒတိ ယထာ၊ စားသကဲ့သို့။ ဧဝံ တထာ၊ တူ။ အတိ-ဓောနစာရိနံ၊ ပစ္စည်း ၄-ပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်သော ပညာကို လွန်၍ ကျင့်လေ့ရှိသော ရဟန်းကို။ တာနိ ကမ္မာနိ၊ ထိုမိမိတို့ဥစ္စာဖြစ်သော ကံတို့သည်။ ဒုဂ္ဂတိ၊ အပါယ် ၄-ပါးသို့။ နယန္တိ၊ ဆောင်ကုန်၏။

အတိဓောနစာရိနန္တိ ဓောနာ ဝုစ္စတိ စတ္တာရော ပစ္စယေ ဂ္ဂဒၶမတ္ထိတာယ အလ'မေ-တေနာတိ ပစ္စဝေက္ခိတ္တာ ပရိဘုဉ္ဇနပညာ။ (နေတ္တိအဋ္ဌကထာ။ ၂၂၃)

ဒါယဇ္ဇပရိဘောဂ-ဟူသည်ကား "ဒါတဗ္ဗန္တိ ဒါယံ၊ ဒါယံ အာဒိယန္တိတိ ဒါယာဒါ၊ ဒါယာဒါ ဧဝ ဒါယဇ္ဇံ၊ ဒါယဇ္ဇာနံ ပရိဘောဂေါ ဒါယဇ္ဇပရိဘောဂေါ"ဟူသော ဝစနတ်နှင့်အညီ အဘသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခွင့်ပြုတော်မူသောအားဖြင့် ပေးအပ်သော ပစ္စည်း ၄-ပါးတည်းဟူသော အမွေဥစ္စာကို ခံယူကုန်သော, သားတော်သဖွယ်ဖြစ်ကုန်သော သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂ မည်၏-ဟူလို။

သာမိပရိဘောဂဟူသည်ကား "သာမိနံ ပရိဘောဂေါ **သာမိပရိဘောဂေါ**"ဟူသော ဝစနတ်နှင့်အညီ တဏှာ၏ ကျွန်အဖြစ်ကို လွန်မြောက်သည်ဖြစ်၍ အရှင်ကဲ့သို့ ဖြစ်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂမည်၏-ဟူလိုသော်။

ထို ၄-ပါးသော သုံးဆောင်ခြင်းတို့တွင် သာမိပရိဘောဂ, ဒါယဇ္ဇပရိဘောဂ ၂-ပါးသည် အလုံးစုံသော ပုထုဇ္ဇန်, အရိယာပုဂ္ဂိုလ်တို့အားပင် အပ်၏။ ဂ္ဂဏပရိဘောဂ, ထေယျပရိဘောဂ ၂-ပါးကား မအပ်။

- ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းမှာ သာမိပရိဘောဂသာ။
- သေက္ခပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းမှာ ဒါယဇ္ဇပရိဘောဂသာ။
- သီလမရှိသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းမှာ ထေယျပရိဘောဂသာ။
- သီလရှိသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းမှာ ဂ္ဂဏပရိဘောဂ, ဒါယဇ္ဇ-ပရိဘောဂ, သာမိပရိဘောဂ ၃-ပါးပင် ရသင့်၏။

ထိုတွင် သီလရှိသော ပုထုဇ္ဇန်ပုဂ္ဂိုလ်သည် ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍လည်း သုံးဆောင်ခြင်းသည် ဂ္ဂဏပရိဘောဂ၊ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည်

http://www.dhammadownload.com

ဒါယဇ္ဇပရိဘောဂ၊ ကျဏပရိဘောဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အာဏာဏျပရိဘောဂ လည်း ယူသင့်၏။

ခေါင်းပါးသောအကျင့်၌ တည်သော, သီလရှိသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ ပစ္စည်း ၄-ပါး၌ တပ်မက်မောခြင်း တဏှာကို ပယ်၍ ထိုထိုပစ္စည်းတို့၌ လိမ်းကျံကပ်ငြိခြင်း မရှိသဖြင့် သုံးဆောင်ခြင်းသည်လည်း ဥပစာအားဖြင့် သာမိပရိဘောဂ-ဟု မှတ်။

ဤသို့ ကျဏပရိဘောဂ, ထေယျပရိဘောဂမှ လွတ်စေသဖြင့် ပစ္စည်း ၄-ပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းကြောင့်ဖြစ်သော ပညာနှင့်ယှဉ်သော ကုသိုလ်, ကြိယာစေတနာသည်–

> ပဋိစ္စ နိဿာယ ပရိဘုဉ္ဇမာနာ ပါဏိနော အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတေဟိတိ ပစ္စယာ။ ပစ္စယေ သန္ဓိဿိတံ သီလံ ပစ္စယသန္ဓိဿိတသီလံ။

ဟူသော ဝစနတ်နှင့်လျော်စွာ ပစ္စယသန္ဓိဿိတသီလ မည်၏။

သာဓာရဏပကိဏ္ဏကဝိနိစ္ဆယကား ဤတွင်ရွေ့. ပြီး၏။

----- × -----

၆။ ကျမ်းပြီးနိဂုံး

(၁) ကူးခန်းတျဝ့ယပူရဿ၊ ပုရတ္ထိမဒိသာယ စ။
ဒိယမုယဋ္ဌကာသိမှိ၊ သဲအင်းတျဝ့ယဂါမကေ။

(၂) သဲအင်းတိုက်ကျတိဝိသုတေ၊ ရမ္မေ သာဓုန'မာလယေ။
ဝသတျာ'နေကသိဿာနံ၊ ဝါစေန္တော ပိဋကတ္တယံ။ ။

(၃) သူရိယောတိ မဟာထေရော၊ ဇိနစက္ကေဓိဒေသိ ယော။
သဒိလဒ္ဓဝဒမေ့ဟိ၊ မာနိတော သဗ္ဗဝိညုဟိ။ ။

(၄) တဿု'ပဒေသလဒ္ဓေန၊ ပညာဇောတောတိ နာမိနာ။
ဂဏ္ဌိဋ္ဌာနံ ပကာသိတံ၊ ပစ္စဝေက္ခဏပါဠိယာ။ ။

(၅) ယထာယိဒံ အနာယာသံ၊ နိဋ္ဌိတံ သဗ္ဗပါဏိနံ။
သိဃ် သိဇ္ဈန္တု သက်ပ္ပါ၊ စန္ဒော ပန္နရသော ယထာ။ ။

http://www.dhammadownload.com

(၁) ကူးခန်းတျဝ့ယပူရဿ၊ ပုရတ္ထိမဒိသာယ စ။
ဒိယမုယဋ္ဌကာသိမှိ၊ သဲအင်းတျဝ့ယဂါမကေ။

ကူးခန်းတျဝ့ယပူရဿ၊ ကူးခန်း ပခန်း အမည်ရှိသော မြို့ကြီး၏။ ပုရတ္ထိမဒိသာယ၊ အရှေ့အရပ်မျက်နှာ၌။ (စ-သဒ္ဒါ ပဒပူရဏ) ဒိယမုယဋ္ဌကာသိမှိ၊ အခွဲနှင့်တကွ တာ ၂,၀၀၀-ခန့် ပမာဏရှိသော။ ဝါ၊ တာ ၁,၅၀၀-ခန့် အတိုင်းအရှည်ရှိသော။ (ပမာဏသဒ္ဒါကျေ။ ကာသိ-သဒ္ဒါ တောင်ဟော။ ၇-တောင်တာ ၁,၀၀၀-လျှင် ၁-တိုင်ဖြစ်သောကြောင့် ၁-တိုင်ခွဲခန့် ရှိ၏-ဟူလိုသည်) သဲအင်းတျဝ့ယဂါမကေ၊ သဲအင်းအမည်ရှိသော ရွာငယ်၌ (သာမညာဓာရ)။

(၂) သဲအင်းတိုက်ကွတိဝိသုတေ၊ ရမွေ သာဓုန'မာလယေ။
ဝသတျာ'နေကသိဿာနံ၊ ဝါစေန္တော ပိဋကတ္တယံ။ ။

(၃) သူရိယောတိ မဟာထေရော၊ ဇိနစက္ကေမိဇသီ ယော။
သဒ္ဓိလဇ္ဈဝဒမွေဟိ၊ မာနိတော သဗ္ဗဝိညုဟိ။ ။

သဲအင်းတိုက်ကွတိဝိသုတေ၊ သဲအင်းတိုက်-ဟူ၍ ထင်ပေါ်ကျော်စောသော။ သာဓုန်၊ သူတော်ကောင်းတို့၏။ အာလယေ၊ ကိန်းဝပ်ရာဖြစ်သော။ ရမွေ၊ သော။ ဝိဟာရေ၊ ၌။ (ဝိသေသာဓာရ၊ ဤဝိဟာရေကား ပဓာနပုဒ်အလို့ငှာသာ ထည့်။) ဇိနစက္ကေမိဇသီ၊ မြတ်စွာဘုရား သာသနာတော်တည်းဟူသော စက်၏ စည်ပင်ပြန့်ပွါးခြင်းကို အလိုရှိတော်မူသော။ သဒ္ဓိ-လဇ္ဈဝ ဒမွေဟိ၊ ပြေပြစ်သည်၏အဖြစ်, ဖြောင့်မတ်သည်၏အဖြစ်, စက္ခု-စသော ဣန္ဒြေ တို့ကို ဆုံးမခြင်းတို့ဖြင့်။ သဗ္ဗဝိညုဟိ၊ ခပ်သိမ်းသော ပညာရှိတို့သည်။ မာနိတော၊ မြတ်နိုးအပ်သော။ သူရိယောတိ၊ သူရိယ-ဟူသော အမည်ရှိသော။ ယော မဟာထေရော၊ အကြင် မဟာထေရ်မြတ်သည်။ အနေကသိဿာနံ၊ များစွာသော တပည့်သားတို့အား။ ပိဋကတ္တယံ၊ ၃-ပုံသော ပိဋကတ်ကို။ ဝါစေန္တော၊ ပို့ချတော်မူလျက်။ ဝသတိ၊ သီတင်းသုံးတော်မူ၏။

(၄) တဿ'ပဒေသလဒ္ဓေန၊ ပညာဇောတောတိ နာမိနာ။
ဂဏ္ဌိဌာနံ ပကာသိတံ၊ ပစ္စဝေက္ခဏပါဠိယာ။ ။

တဿ၊ ထိုမထေရ်မြတ်၏။ ဥပဒေသလဒ္ဓေန၊ သိမ်မွေနက်နဲ ခက်ခဲသော နည်း ဥပဒေသကို ရသော။ ပညာဇောတောတိ နာမိနာ၊ ပညာဇောတ အမည်ရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပစ္စဝေက္ခဏပါဠိယာ၊ ပစ္စဝေက္ခဏာပါဠိ၏။ ဂဏ္ဌိဌာနံ၊ ခက်ခဲသောအရာကို။ ပကာသိတံ၊ ပြအပ်ပြီ။

http://www.dhammadownload.com

(၅) **ယထာ'ယိဒံ အနာယာသံ၊ နိဋ္ဌိတံ သဗ္ဗပါဏိနံ။**
သိယီ သိဗ္ဗန္တု သက်ပ္ပါ၊ စန္ဒော ပန္နရသော ယထာ။ ။

ဣဒံ ဂဏ္ဌိဋ္ဌာန်၊ ဤပစ္စဝေက္ခဏာဂဏ္ဌိကျမ်းသည်။ အနာယာသံ အနာယာသေန၊ မငြိုမငြင်သဖြင့်။ နိဋ္ဌိတံ ယထာ၊ အပြီးအဆုံးသို့ ရောက်သကဲ့သို့။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏။ သက်ပ္ပါ၊ စီးပွါးများကြောင်း ကောင်းသောအကြံတို့သည်။ ပန္နရသော၊ တစ်ဆယ့်ငါးရက်၊ ဥဒဉ်းချက်မှ၊ တက်ထွန်းပသော။ စန္ဒော ယထာ၊ လပြည့်ဝန်းကဲ့သို့။ သိယီ၊ လျင်စွာ။ သိဗ္ဗန္တု၊ ပြီးပြည့်စုံ(ကုန်)ပါစေသတည်း။

သဲအင်းသာသနာပိုင်၊ ဗားကရာသာသနာပိုင်ဆရာတော်ဘုရားကြီးတို့၏တပည့်
ဦးပညာဇောတအဆုံးအဖြတ်

ပစ္စဝေက္ခဏာဂဏ္ဌိပါဠိ ပြီး၏။

* * * * * *

[၃] ပစ္စဝေက္ခဏာပါဠိအနက်

၁။ **ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပီနပဋိစ္ဆာဒနတ္ထံ။** (မူလပဏ္ဏာသ ၂)

အဟံ၊ ငါသည်။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါ-ယ၊ ပညာဖြင့် ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ယာဝဒေဝ၊ အကြင်မျှလောက်။ သီတဿ၊ အချမ်းကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းအကျိုးငှာသာလျှင်။ ဥဏှဿ၊ အပူကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းအကျိုးငှာသာလျှင်။ ဍံသမကသဝါတာတပ-သရီသပသမ္ဖဿာနံ၊ ခြင်,မှက်,လေ,နေပူ, မြွေ,ကင်း,သန်းတို့၏ အတွေ့တို့ကို။ ပဋိဃာတာယ၊ ငှာသာလျှင်။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ကမ္မဿ၊ ဤသင်္ကန်းကို။ ပဋိသေဝနာယ၊ မှီဝဲသုံးဆောင်ရခြင်း၏။ နိစ္စပယောဇနံ ပန၊ အမြဲဖြစ်သော အကျိုးသည်ကား။ ယာဝဒေဝ၊ လောက်။ ဟိရိကောပီနပဋိစ္ဆာဒနတ္ထံ၊ ရှက်ကြောက်တတ်သော ဟိရီ-ဟု ဆိုအပ်သော ကုသိုလ်ဓမ္မကို ဖျက်ဆီးတတ်သော အဂ်ိကြီး,ငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ။ ဝါ၊ ဟိရီ-ဟု ဆိုအပ်သော ကုသိုလ်ဓမ္မ၏ ပျက်စီးရာဖြစ်သော အဂ်ိကြီး,ငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ။ ဝါ၊ ရှက်အပ်

http://www.dhammadownload.com

သည်၏အဖြစ်ကြောင့် ဟိရီမည်သော ဖုံးလွှမ်းခြင်းဌာထိုက်သော အဂိုကြီး,ငယ်ကို ဖုံးလွှမ်းခြင်း အကျိုးဌာ။ စီဝရဲ့ ကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

၂။ **ပဋိသခ်ီ ယောနိသော ပိဏ္ဍာပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ နာ မဒါယ နာ မဏ္ဍနာယ နာ ဝိဘူသနာယ၊ ယာဝဒေဝ ကြမသ္သ ကာယသ္သ ဋ္ဌိတိယာ ယာပနာယ ဝိဟိံသူပရတိ-ယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ နာ ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။**

(မူလပဏ္ဏာသ ၂)

အဟံ၊ ငါသည်။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသခ်ီ ပဋိသခ်ီယ၊ ၍။ ပိဏ္ဍာပါတံ၊ ဆွမ်း-အစရှိသော အမှတ်မရှိသော ခဲဖွယ်ဘောဇဉ်-ဟု ဆိုအပ်သော အစာအာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ဒဝါယ၊ ရွာသူ, သားငယ်-အစရှိသော သူတို့ကဲ့သို့ မြူးထူးကစားခြင်းအကျိုးဌာ။ နေဝ ပဋိသေဝါမိ၊ မမှီဝဲ။ မဒါယ၊ လက်ဝှေ့, လက်ပန်းသည်-အစရှိသောသူတို့ကဲ့သို့ အားဖြင့် မာန်ယစ်ခြင်း, ယောကျ်ား-ဟူသော မာန်ယစ်ခြင်းအကျိုးဌာ။ နာ ပဋိသေဝါမိ၊ မမှီဝဲ။ မဏ္ဍနာယ၊ နန်းတွင်းသူ, ပြည့်တန်ဆာမ-အစရှိသောသူတို့ကဲ့သို့ လက်,ခြေ-အစရှိသော အစိတ်အစိတ်သော အဂိုကြီး,ငယ်တို့ကို ပြည့်ဖြိုးစေခြင်းအကျိုးဌာ။ ဝါ၊ တန်ဆာဆင်ခြင်းအကျိုးဌာ။ နာ ပဋိသေဝါမိ၊ မမှီဝဲ။ ဝိဘူသနာယ၊ ကချေသည်, ဂျမ်းသမား-အစရှိသောသူတို့ကဲ့သို့ အရေအသားတို့ကို ပျိုထွားပြည့်ဖြိုး တင့်တယ်စေခြင်းအကျိုးဌာ။ နာ ပဋိသေဝါမိ၊ ဝဲ။ ယာဝဒေဝ၊ လောက်။ ကြမသ္သ ကာယသ္သ၊ ဤမဟာဘုတ် ၄-ပါးကို မှီသော ဤစတုသန္တတိရုပ်အပေါင်း၏။ ဋ္ဌိတိယာ၊ အစဉ်မပြတ် စပ်သည်-ဟု ဆိုအပ်သော ပဗန္ဓဋ္ဌိ၏အစွမ်းအားဖြင့် တည်စေခြင်းအကျိုးဌာသာလျှင်။ ယာပနာယ၊ စတုသန္တတိရုပ်နှင့်စပ်သော ဇီဝိတိန္ဒြေ၏ ရှည်မြင့်စွာသောကာလပတ်လုံး မပြတ်ဖြစ်စေခြင်း အကျိုးဌာသာလျှင်။ ဝါ- ကြမသ္သ ကာယသ္သ၊ ဤမဟာဘုတ် ၄-ပါးကို မှီသော ဤဥပါဒိဏ္ဏကကာယ၏။ ဋ္ဌိတိယာ၊ တည်ကြောင်းဖြစ်သော ဇီဝိတိန္ဒြေကို။ ယာပနာယ၊ ရှည်မြင့်စွာသော ကာလပတ်လုံး မပြတ်ဖြစ်စေခြင်းအကျိုးဌာသာလျှင်။ ဝိဟိံသူပရတိယာ၊ မွတ်သိပ်ဆာလောင်ခြင်းကို ဖျောက်ခြင်းအကျိုးဌာသာလျှင်။ ဝါ- ဝိဟိံသူပရတိယာ၊ မွတ်သိပ်ဆာလောင်ခြင်းကြောင့်ဖြစ်သော ဒုက္ခဝေဒနာကို ဖျောက်ခြင်းအကျိုးဌာသာလျှင်။ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ-တည်းဟူသော သိက္ခာ ၃-ပါးဖြင့် ရေတွက်အပ်သော မြတ်သော သာသနာတော်ကို ချီးမြှောက်ခြင်းအကျိုးဌာသာလျှင်။ ဝါ၊ သမ္မာဒိဋ္ဌိ-အစရှိသော အရိယာမဂ္ဂင် ၈-ပါး တည်းဟူသော မြတ်သောအကျင့်ကို ချီးမြှင့်ခြင်းအကျိုးဌာသာလျှင်။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

http://www.dhammadownload.com

ကျွတိ ကျွမိနာ ပိဏ္ဍပါတပဋိသေဝနေန ပကာရေန၊ ဤသို့ ဆွမ်းကို မှီဝဲသုံးဆောင်ခြင်းတည်းဟူသော အပြားအားဖြင့်။ ပုရာဏ၊ မစားရခြင်းကြောင့် အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ မွတ်သိပ်ဆာလောင်ခြင်းလျှင် အကြောင်းရင်းရှိသော ဝေဒနာကိုလည်း။ ပဋိဟဒ်မိ၊ ဖျောက်အံ့။ ဝါ၊ ကျွတိ ပုရာဏဉ္စ ဝေဒနံ၊ မလျောက်ပတ်သော အာဟာရကို သုံးဆောင်ခြင်း, အတိုင်းအရှည်ပမာဏကို လွန်၍ သုံးဆောင်ခြင်း ပယောဂကို မှီ၍ ရှေးကံဟောင်း၏အစွမ်းကြောင့်ဖြစ်သော အဟောင်းဖြစ်သော ဝေဒနာကိုလည်း။ ပဋိဟဒ်မိ၊ ဖျောက်အံ့။ နဝဉ္စ ဝေဒနံ၊ အာဟာရတ္ထက-အစရှိသော ၅-ယောက်သော ပုဏ္ဏားတို့တွင် ၁-ယောက်ယောက်သော ပုဏ္ဏား၏ စားခြင်းကဲ့သို့ အတိုင်းအရှည်မရှိသော ပမာဏကို လွန်၍ သုံးဆောင်ခြင်းလျှင် အကြောင်းရင်းရှိသော အသစ်ဖြစ်သော ဝေဒနာကိုလည်း။ ဝါ၊ ပစ္စဝေက္ခဏာကို မဆင်ခြင်မူ၍ မသင့်သောအားဖြင့် သုံးဆောင်ခြင်းတည်းဟူသော ဆည်းပူးအပ်သော အကုသိုလ်ကံကို မှီ၍ နောင်ဘဝကာလ၌ ဖြစ်လတ္တံ့သော အပါယဒုက္ခ-အစရှိသော အသစ်ဖြစ်သော ဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊ ငါ့အား။ ယာတြာ စ၊ ဤစတုဇရူပကာယ၏ ရှည်မြင့်စွာ တည်သဖြင့် ကွရိယာပုထဇ် ၄-ပါးတို့၏ မပြတ်ဖြစ်ခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။ အနဝဇ္ဇတာ စ၊ မသင့်သောအားဖြင့် ရှာမှီးခြင်း, မသင့်သောအားဖြင့် ခံခြင်း, မသင့်သောအားဖြင့် သုံးဆောင်ခြင်းတို့ကို ကြဉ်၍ သင့်သောအားဖြင့် ရှာမှီးခြင်း, ခံခြင်း, သုံးဆောင်ခြင်းကြောင့် အပြစ်မရှိသောအဖြစ်သည်လည်းကောင်း။ ဖာသုဝိဟာရော စ၊ ၄-လုတ်, ၅-လုတ်သော ဆွမ်းတို့ကို လျှော့၍ သုံးဆောင်သဖြင့် ချမ်းသာစွာ နေရခြင်းသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ကွတိ၊ ဤသို့ ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်း-အစရှိသော အမှတ်မရှိသော ခဲဖွယ်ဘောဇဉ်-ဟု ဆိုအပ်သော အစာအာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

၃။ **ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ။** (မူလပံ။၁၃)

အဟံ၊ ငါသည်။ ယောနိသော၊ အားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ၍။ သေနာသနံ၊ ကျောင်း, အိပ်ရာ,နေရာကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝဒေဝ၊ လောက်။ သီတဿ၊ ကို။ ပဋိဃာတာယ၊ ငှာသာလျှင်။ ဥဏှဿ၊ ကို။ ပဋိဃာတာယ၊ ငှာသာလျှင်။ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ၊ တို့ကို။ ပဋိဃာတာယ၊ ငှာသာလျှင်။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ကွမဿ၊ ဤကျောင်း,အိပ်ရာ,နေရာကို။ ပဋိသေဝနာယ၊ မှီဝဲခြင်း၏။ နိစ္စပယောဇနံ ပန၊ အမြဲဖြစ်သော အကျိုးသည်ကား။ ယာဝဒေဝ၊ လောက်။ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ၊

http://www.dhammadownload.com

အချမ်း,အပူ-ဟု ဆိုအပ်သော ဥတုတည်းဟူသော ဘေးရန်ကို ဖျောက်ခြင်း, တစ်ယောက်အထီးတည်း ကိန်းအောင်းခြင်း, စိတ်ကို ကောင်းစွာထားရာဖြစ်သော ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်ခြင်းအကျိုးငှာ။ ဝါ၊ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ၊ အချမ်း,အပူ-ဟု ဆိုအပ်သော ဥတုကို ဖျောက်ခြင်း၊

- **အဗ္ဗတ္တသန္ဆာန်၌** ရာဂ,ဒေါသ-အစရှိသော မထင်ရှားသော ဘေးရန်ကို ဖျောက်ခြင်း၊
- **ဗဟိဒ္ဓသန္ဆာန်၌** သစ်, ကျား, ခြင်္သေ့-အစရှိသော ထင်ရှားသော ဘေးရန်ကို ဖျောက်ခြင်း၊
- တစ်ယောက်အထီးတည်း ကိန်းအောင်းခြင်း၊ စိတ်ကို ကောင်းစွာ ထားရာဖြစ်သော ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်ခြင်းအကျိုးငှာသာလျှင်။

ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

၄။ ပဋိသခ်ါ ယောနိသော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဈပရမတာယ။

အဟံ၊ ငါသည်။ ယောနိသော၊ အားဖြင့်။ ပဋိသခ်ါ ပဋိသခ်ါယ၊ ၍။ ဂိလာနပစ္စယ-ဘေသဇ္ဇပရိက္ခာရံ၊ အနာရောဂါ၏ ဆန့်ကျင်ဘက်, အနာရောဂါ၏ ငြိမ်းကြောင်းဖြစ်သော ဆီ, ပျား, တင်လဲ-အစရှိသော အသက်၏ အခြံအရံအကြောင်းဖြစ်သော ဆေးကို။ ဝါ၊ သူနာရဟန်းတို့အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ဆီ, ပျား, တင်လဲ-အစရှိသော အသက်၏ အခြံအရံအကြောင်းဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ယာဝဒေဝ၊ လောက်။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ဝေယျာဗာဓိကာနံ၊ မာတ်ချောက်ချားခြင်းလျှင် အကြောင်းရှိသော ကုဋ္ဌ, ဂဏ္ဍ-အစရှိကုန်သော အနာရောဂါတို့ကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ကာယိကဒုက္ခဝေဒနာတို့ကို။ ပဋိဃာတာယ၊ ငှာသာလျှင်။ အဗျာပဇ္ဈပရမတာယ၊ အနာငြိမ်းခြင်းကြောင့် ဆင်းရဲမရှိသည့်ကာလတိုင်အောင် အတိုင်းအရှည်အကျိုးငှာ။ ပဋိ-သေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ (မူလပဏ္ဏာသ။ ပါဠိတော်၌ နာမယောဂ-နှင့် ရှိ၏။)

ပစ္စဝေက္ခဏာပါဌ်အနက် ပြီး၏။

----- × -----

http://www.dhammadownload.com

၁။ စီဝရသိက္ခာပဒဝဏ္ဏ

ပဋိသခီ၊ ယောနိသော-ဟူသော ပုဒ်၌ ပဋိသခီ-သဒ္ဒါသည် ပညာ-ဟူသော အနက်၌ ဖြစ်၏။ ယောနိသော-သဒ္ဒါသည် ဥပါယပထ-ဟူသော အနက်၌ ဖြစ်၏။ ပဋိသေဝန-သဒ္ဒါသည် ပရိဘုဥ္ဇနပရိဘောဂအနက်၌ ဖြစ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် (၁။၂၉)၌–

> ပဋိသခီ၊ ယောနိသောတိ ဥပါယေန ပထေန ပဋိသခီယ ဥ တွာ၊ ပစ္စဝေက္ခိတွာတိ အတ္ထော။

ဟု မိန့်ပြီ။ ၎င်းဝိသုဒ္ဓိမဂ်၊ မဟာဋီကာ(၁။၅၆)၌လည်း–

> ပစ္စဝေက္ခိတွာတိ သီတပဋိယာတာဒိကံ တံ တံ ပယောဇနံ ပတိပတိ အဝေက္ခိတွာ၊ ဉာဏေန ပဿိတွာတိ အတ္ထော။

ဟု မိန့်အပ်ပြီ။ ပဋိသေဝတိ-၌ ပရိဘောဂ ပရိဘုဥ္ဇန-ဟူသည်လည်း သင်္ကန်းကို ဝတ်ရုံခြင်း, ခင်း၍အိပ်ခြင်း, ထိုင်ခြင်း, သင်္ကန်းကုဋိကို ပြု၍ သုံးဆောင်ခြင်း-အစရှိသည်ပင်တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် (၁။၃၀)၌–

> ပဋိသေဝတီတိ ပရိဘုဥ္ဇတိ၊ နိဝါသေတိ ဝါ ပါရုပတိ ဝါ။

ဟု မိန့်အပ်ပြီ။ ၎င်းဝိသုဒ္ဓိမဂ်၊ မဟာဋီကာ(၁။၅၆)၌လည်း–

> နိဝါသေတိ ဝါ ပါရုပတိ ဝါတိ ဝိကပ္ပနံ ပန ပဋိသေဝနပရိယာယသ္မာ ပရိဘောဂသ္မာ ဝိဘာဂဒဿနန္တိ တံ ပညပေတွာ သယနနိသီဒနစီဝရကုဋိကရဏာဒိဝသေနာပိ ပရိဘောဂသ္မာ သင်္ဂဟော ဒဋ္ဌဗ္ဗော။

ဟု မိန့်အပ်ပြီ။ ဤအဋ္ဌကထာ, ဋီကာတို့ဖြင့် မိမိနှင့်စပ်၍ သုံးဆောင်ခြင်းကို အရင်းမူသဖြင့် သင်္ကန်းကို သုံးဆောင်သောကာလ၌ ဆင်ခြင်၍သာ သုံးဆောင်အပ်၏-ဟု မှတ်ရာ၏။

"စီဝရံ ကာယတော မောစေတွာ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ"ဟူရကား ကိုယ်မှ လွှတ်၍ထားသော သင်္ကန်းကို ကောင်းစွာယူ၍ ဝတ်ရုံသုံးဆောင်ရာ၌ ပစ္စဝေက္ခဏာသတိဖြင့် ဆင်ခြင်၍သာ ဝတ်ရုံသုံးဆောင်ရာ၏။ "ပဋိသခီယ ဥ တွာ၊ ပစ္စဝေက္ခိတွာတိ အတ္ထော"ဟူသော အဋ္ဌကထာပါဠိဖြင့်လည်းကောင်း၊ "ပတိပတိ အဝေက္ခိတွာ၊ ဉာဏေန ပဿိတွာတိ အတ္ထော"ဟူသော မဟာဋီကာပါဠိဖြင့်လည်းကောင်း ပါဠိအစဉ်, အနက်အစဉ်သို့ သတိပညာဖြင့် ဆင်ခြင်အပ်၏-ဟူသောအနက်ကို ပြ၏။ ပါဠိအစဉ်ကိုသာ ရွတ်အပ်၏-

http://www.dhammadownload.com

ဟူသော အနက်ကို မပြအပ်-ဟု မှတ်ရာ၏။ စီဝရ-သဒ္ဒါသည် သင်္ကန်း ၃-ထည်တို့တွင် တစ်ထည်ထည်-ဟု ဆိုအပ်သော ဧကဝုစ်အနက်ကို ဟောသော, ဧကဝုစ်ဝိဘတ် အဆုံးရှိသော သဒ္ဒါပင်တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁။၃၀)၌ "**စီဝရန္တိ** အန္တရဝါသကာဒိသု ယံကိဉ္စိ"ဟု မိန့်အပ်ပြီ။ တစ်နည်းလည်း စီဝရ-သဒ္ဒါသည် ဇာတိ-သဒ္ဒါ ဖြစ်သည်၏အဖြစ်ကြောင့် ပါဠိတော်၌ စီဝရံ-ဟု ဧကဝုစ်ဖြင့် ဟောကြားသော်လည်း ယောဂီပုဂ္ဂိုလ်သည် အကြင်မျှလောက်သော သင်္ကန်းတို့ကို ဆောင်အပ်ကုန်၏။ ထိုအလုံးစုံသော သင်္ကန်းတို့ကို တပေါင်းတည်း သိမ်းရုံးအပ်၏-ဟူ၍ သိခြင်းငှာ တတ်ကောင်းသေး၏။

အဘယ်ကြောင့်နည်းဟူမူကား "အန္တရဝါသကာဒိသု ယံ ကိဉ္စိ"ဟူသော အဖွင့်၌ ယံ ကိဉ္စိ-သဒ္ဒါဖြင့် အကြွင်းမရှိ အလုံးစုံကို သိမ်းရုံး၍ ယူခြင်းငှာ သင့်သောကြောင့်တည်း။ ပညာဖြင့် အသင့်ဆင်ခြင်၍ သုံးဆောင်သည်-ဟူရာ၌လည်း အချမ်းကို ဖျောက်ခြင်း၊ အပူကို ဖျောက်ခြင်း၊ ခြင်,မှက်, လေ,နေပူ, မြွေ,ကင်း,သန်းတို့၏ အတွေ့တို့ကို ဖျောက်ခြင်း၊ ဟိရီဖျက်ဆီးတတ်သော အဂ်ိကြီး,ငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ မှီဝဲသုံးဆောင်ပါ၏-ဟု ဆင်ခြင်၍ သုံးဆောင်ခြင်းပင်တည်း။

ယာဝဒေဝ-သဒ္ဒါသည် ပယောဇဉ်အပိုင်းအခြားကို ပိုင်းခြားကြောင်းဖြစ်သော သဒ္ဒါတည်း။ ထိုစကားသည်ပင် သင့်၏။ ယောဂီပုဂ္ဂိုလ်၏ သင်္ကန်းကို မှီဝဲခြင်း၌ အကျိုးကား သီတ-အစရှိသည်တို့ကို ဖျောက်ခြင်းအကျိုး ရှိ၏။ ထို့ထက်လွန်သောအကျိုး မရှိ။ ကိုယ်၌ သီတ-အစရှိသည် နှိပ်စက်သည်ရှိသော် ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍ အသင့်အားဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို စီးဖြန်းပွါးများ အားထုတ်ခြင်းငှာ မတတ်နိုင်ရာ။ ကိုယ်၌ သီတ-အစရှိသည် မနှိပ်စက်သည်ရှိသော် တည်ကြည်ငြိမ်သက် ချမ်းသာသောစိတ်ရှိသည်ဖြစ်၍ အသင့်အားဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်ခြင်းငှာ တတ်နိုင်ရာ၏။ ထို့ကြောင့် အချမ်း-အစရှိသည်တို့ကို ဖျောက်ခြင်းအကျိုးငှာ သင်္ကန်းကို မှီဝဲအပ်၏-ဟု ဘုရားသဗ္ဗညုခွင့်ပြုတော်မူအပ်၏။

ရှေ့၌ ပယောဇဉ်အပိုင်းအခြားကို ပိုင်းခြားကြောင်းဖြစ်သော ယာဝဒေဝ-သဒ္ဒါကို ဟောပြီးလျက် နောက်၌ ယာဝဒေဝ-သဒ္ဒါကို တဖန် ဟောပြန်ခြင်းသည် အမြဖြစ်သော နိယတပယောဇဉ်ကို ပြခြင်းငှာ ဟောတော်မူပြန်သည်။

- ဟိရိကောပီနပဋိစ္ဆာဒနအကျိုးသည် နိယတပယောဇဉ် မည်၏။

- သီတပဋိဃာတ-စသော အကျိုးသည် **အနိယတပယောဇဉ်** မည်၏။

http://www.dhammadownload.com

- ထိုပယောဇဉ်တို့သည် ယာဝဒေဝ-ဟူသော ၂-ပုဒ်တို့၌ အကျွမ်းဝင်သော ဧဝ-သဒ္ဒါ၏ သန္နိဋ္ဌာနတ္ထ ဂဟေတဗ္ဗတ္ထ မည်၏။
- လီဠာ, ဝိဘူသာ, ဝိလမ္ဘနာ-အစရှိသည်အကျိုးငှာ ဝတ်ရုံသုံးဆောင်ခြင်းသည် ဆဋ္ဌေ-တဗ္ဗတ္ထ ပဋိသေဓေတဗ္ဗတ္ထ မည်၏။
- ပါဠိတော်၌လာသော သင်္ကန်းကို မှီဝဲသုံးဆောင်ခြင်း၏အကျိုးမှ တပါးသောသင်္ကန်း ကို မှီဝဲသုံးဆောင်ခြင်းအား လျော်ပတ်သောအကျိုးသည် အနုညာတတ္ထ မည်၏။

လီဠာ, ဝိဘူသာ, ဝိလမ္ဘနာအားဖြင့် ၃-ပါးတို့တွင် အရွယ်,အဆင်း၌ တည်ကုန်သော၊ ပြည်ကြီး၌ နေကုန်သော သတို့သမီးငယ်, သတို့သားငယ်တို့သည် တင့်တယ်စမွယ်ခြင်း၏ အစွမ်းအားဖြင့် အဝတ်ပုဆိုးတို့ကို ဝတ်ကုန်သကဲ့သို့ အချို့ကုန်သောသူတို့သည် တင့်တယ်စမွယ်ခြင်း၏ အစွမ်းအားဖြင့် ဝတ်ရုံသုံးဆောင်ကုန်၏။ ထိုသို့ သုံးဆောင်ခြင်းသည် လီဠတ္ထအကျိုးငှာ သုံးဆောင်သည် မည်၏။

ပြည့်တန်ဆာမ-အစရှိကုန်သောသူတို့သည် တန်ဆာဆင်ခြင်း၏ အစွမ်းအားဖြင့် တင့်တယ်စေခြင်းအကျိုးငှာ သုံးဆောင်သကဲ့သို့ အချို့သောသူတို့သည် တန်ဆာဆင်ခြင်း၏အစွမ်းအားဖြင့် တင့်တယ်စေခြင်းအကျိုးငှာ သုံးဆောင်ကုန်၏။ ထိုသို့ သုံးဆောင်ခြင်းသည် ဝိဘူသနတ္ထအကျိုးငှာ သုံးဆောင်သည် မည်၏။

နန်းတွင်းသူ, မင်းမောင်းမ-အစရှိကုန်သော သူတို့သည် ဖားရာမြေသီ တွဲလျားချခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း၊ ခါးသေး,တင်ကျယ်, လျငယ်သော ဝမ်းရှိစေခြင်းအကျိုးငှာ နံပါးကို ညှတ်စေသည်၏ အစွမ်းအားဖြင့်လည်းကောင်း ဝတ်ရုံသကဲ့သို့ အချို့သောသူတို့သည် ဝတ်ရုံကုန်၏။ ထိုသို့ ဝတ်ရုံခြင်းသည် ဝိလမ္ဘနတ္ထအကျိုးငှာ ဝတ်ရုံသည် မည်၏။

ဤသို့ စသည်ဖြင့် ဝတ်ရုံခြင်းသည် မသင့်သောအားဖြင့် မှီဝဲသုံးဆောင်သည် မည်၏။ ထိုသို့ ဝတ်ရုံခြင်းကို စွဲမှီ၍ များစွာသော ရာဂ, ဒေါသ, မောဟ, မာန-အစရှိသော အကုသိုလ်တရားတို့သည် ဖြစ်ပွါးကုန်၏။ ထိုအကုသိုလ်တရားတို့သည် ဣဏာ-ဟု ဆိုအပ်သော ကြွေးမြီ မည်ကုန်၏။ ထိုအကုသိုလ်မြီတို့ကြောင့် အပါယဒုက္ခ-အစရှိသော အကျိုးတို့သည် ဖြစ်ကုန်လတ္တံ့။ ထိုမြီကို မဖြစ်စေမူ၍ သီတ-အစရှိသည်ကို ဖျောက်ခြင်းအကျိုးငှာ, ဟိရိကောပီန-ပဋိစ္စာဒနအကျိုးငှာ မှီဝဲသုံးဆောင်ပါ၏-ဟု ဆင်ခြင်၍ သုံးဆောင်ရာ၏။ ထိုသို့ ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ဆိုအပ်ခဲ့ပြီးသော များစွာသော အကုသိုလ်မြီတို့သည် မဖြစ်ကုန်။ မဖြစ်ခြင်းကြောင့် အပါယဒုက္ခ-အစရှိသော အကျိုးတို့သည် မဖြစ်ကုန်။ ထိုအပါယဒုက္ခ-အစရှိသော ဆင်းရဲဒုက္ခတို့ကို မဖြစ်စေခြင်းအကျိုးငှာ အသင့်အားဖြင့် ဆင်ခြင်၍ သုံးဆောင်

http://www.dhammadownload.com

အပ်၏-ဟု သီတသ ပဋိယာတာယ-အစရှိသည်ကို ဘုရားသဗ္ဗညု ဟောတော်မူပြီ။

ဟိရီကောပိနန္တိ တံ တံ သမ္မာဓဒ္ဒာနံ။ ယသ္မိ ယသ္မိဉ္စိ အင်္ဂေ ဝိဝရိယမာနေ ဟိရီကုပ္ပတိ ဝိနဿတိ၊ တံ တံ ဟိရိံ ကောပနတော ဟိရီကောပိနန္တိ ဝုစ္စတိ။ တဿ စ ဟိရီကောပိနဿ ပဋိစ္ဆာဒနတ္ထန္တိ ဟိရီကောပိနပဋိစ္ဆာဒနတ္ထံ။ –

ဟု ဝိသုဒ္ဓိမဂ်(၁။၃၀)၌ မိန့်ပြီ။ ။ ဤကား ဘိန္နာဓိကရဏတ္ထသမာသ်တည်း။

ကူပါဝတရဏံ ဝါ ပဋိစ္ဆာဒနံ အရဟတီတိ ကောပိနံ။ ဟိရိယိတဗ္ဗဋ္ဌေန ဟိရီ စ တံ ကောပိနဉ္စာတိ ဟိရီကောပိနံ။

ငင်းဝိသုဒ္ဓိမဂ်မဟာဋီကာ(၁။၅၇)။ ။ ဤကား တုလျာဓိကရဏတ္ထသမာသ်တည်း။

ဤအလိုသော် "ရုက်အပ်သည်၏အဖြစ်ကြောင့် ဟိရိမည်သော, အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်းခြင်းငှာ ထိုက်သော အင်္ဂါကြီး,ငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ" ဤသို့ အနက်ပေးရာ၏။ ဤတွင် ပါဠိတော်နည်းအားဖြင့် "ပဋိသင်္ခါ ယောနိသော စိဝရံ ပဋိသေဝတိ"ဟု နာမယောဂ ပစ္စုပ္ပန်ကာလဟော ဝတ္တမာန်ဝိဘတ်ဖြင့် ပစ္စည်းကို သုံးဆောင်ရာဖြစ်သော ပစ္စုပ္ပန်ကာလကို ပြတော်မူအပ်၏။ ရဟန်းသည် "မိမိသည် ဆင်ခြင်၏"ဟု အမှယောဂ ဝတ္တမာန် မိ-ဝိဘတ်ဖြင့် ဆရာကြီး, ဆရာမြတ်, ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့သည် ရွှတ်ဖတ်သုံးစွဲတော်မူ ကြကုန်၏။ ဝိနယာလင်္ကာရ၌လည်း အမှယောဂဖြင့် ရွှတ်အပ်သည်-ဟု ပြတော်မူ၏။ အဋ္ဌကထာနည်း အားဖြင့်ကား ပစ္စုပ္ပန်,အတိတ် ကာလ ၂-ပါးတို့၌ ဆင်ခြင်သော်လည်း ပစ္စယသန္နိဿိတသီလသည် ပြည့်စုံ၏-ဟု မိန့်အပ်ကုန်၏။

ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ၌ကား "ပဋိသင်္ခါ ယောနိသော စိဝရံ ပဋိသေဝတိ"အစရှိသည်ဖြင့် ပစ္စည်းကို သုံးဆောင်သောကာလ၌ ဆင်ခြင်ရာသော အခြင်းအရာကို ဟောတော်မူသော်လည်း ဓာတုသညာ၏ အစွမ်းအားဖြင့်လည်းကောင်း, ပဋိကူလသညာ၏ အစွမ်းအားဖြင့်လည်းကောင်း ဆင်ခြင်သည်ရှိသော် ပစ္စယသန္နိဿိတသီလသည် ပြည့်စုံ၏-ဟု အပရေဝါဒကို ပြအပ်၏။

ကေစိဆရာတို့မူကား မဟာပစ္စဝေက္ခဏာအားဖြင့်သာလျှင် ဆင်ခြင်အပ်၏။ ဓာတုသညာ, ပဋိကူလသညာဖြင့် ဆင်ခြင်သော်လည်း ပစ္စယသန္နိဿိတသီလသည် ပျက်သည်သာ ဟူကုန်၏။ ဧကေဆရာတို့မူကား မသုံးဆောင်မီ ရှေးအဖို့ကပင်လျှင် ဓာတုသညာ, ပဋိကူလသညာကို ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ ပြည့်စုံသည်သာ လျှင်တည်းဟု ဆိုကုန်၏။ ဤသို့ အပရေဝါဒ, ဧကေဝါဒတို့ကို ထုတ်၍ ပြတော်မူအပ်ကုန်၏။ ထို့ကြောင့်-

http://www.dhammadownload.com

ဧတ္ထ စ "ပဋိသင်္ခါ ယောနိသော"တိအာဒိ ကာမံ ပစ္စယပရိဘောဂကာလေန ဝုစ္စတိ၊ ဓာတုဝသေန ပန ပဋိကူလဝသေန ဝါ ပစ္စဝေက္ခဏာယ ပစ္စယသန္နိဿိတ-သီလံ သုဗ္ဗတီတိ အပရေ။ ဘိဗ္ဘတီတိ ကေစိ။ ဧကေ ပန ပထမံ ဧဝ ပရိယတ္တန္တိ ဝဒန္တိ။ ဝိမံသိတဗ္ဗံ။

ဟု ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ(၁။၅၆)၌ မိန့်အပ်ပြီ။

ဤသို့ အထူးထူး အယူဝါဒပြားသော်လည်း ဝိသုဒ္ဓိမဂ် စာကိုယ်၌ပင် ဓာတုသညာ, ပဋိကူလသညာကို ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ ပြည့်စုံ၏-ဟု အထက်၌ မိန့်လတ္တံ့ဖြစ်သောကြောင့် ဓာတုသညာ, ပဋိကူလသညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ ပြည့်စုံ၏-ဟု မှတ်ရာ၏။

သင်္ကန်းကို ဓာတုသညာဖြင့် ဆင်ခြင်လိုမူကား "ဓာတုမတ္တကံ ယဒိဒံ စီဝရံ၊ တထူပမံ ပရိဘုတ္တော ပုဂ္ဂလော၀ိ ဓာတုမတ္တကမေဝ"ဟု ဆင်ခြင်ရာ၏။ (မဟာဋီ၊၁။၇၁-မြိုးရေး။)

ပဋိကူလသညာဖြင့် ဆင်ခြင်လိုမူ "ဝဏ္ဏ ဂန္ဓ ရသ ဖောဋ္ဌပ္ပ သမ္ဖန္နံ ဣဒံ စီဝရံ အဇိဂုစ္ဆနီယံ ဣမံ မမ ပူတိကာယံ ပတ္တာ ပန အတိဝိယ ဇိဂုစ္ဆနီယဘာဝံ ပါပုဏိသတိ"ဟု ဆင်ခြင်ရာ ၏။ ဤကား စီဝရံ၌ အကျင့်ဖြစ်သော အဓိပ္ပါယ်တည်း။

----- × -----

၂။ ပိဏ္ဍပါတသိက္ခာပဒဂတ္ထိ

ပိဏ္ဍပါတံ-၌ ပိဏ္ဍပါတ-ဟူသည် အာဟာရအကျိုးငှာ ပြုအပ်သော ခဲဖွယ်ဘောဇဉ်စသော အာဟာရပင်တည်း။ ထို့ကြောင့် "ပိဏ္ဍပါတန္တိ ယံကိဉ္စိ အာဟာရံ"(ဝိသုဒ္ဓိမဂ်၊၁။၃၀)ဟု မိန့်အပ်ပြီ။ မဟာဋီကာ(၁။၅၇)၌လည်း "ယံ ကိဉ္စိ အာဟာရန္တိ ခါဒနီယဘောဇနီယာဒိဘေဒံ ယံ ကိဉ္စိ အာဟရိတဗ္ဗ၀တ္ထုံ"ဟု မိန့်အပ်ပြီ။ နေ၀ ဒဝါယ-ဟူသော ပုဒ်ကို မောဟ၏ အကြောင်းဥပနိဿယကို ပယ်ခြင်းအကျိုးငှာသာလျှင် ဟောတော်မူအပ်၏။

အဘယ်ကြောင့်နည်းဟူမူကား အစာအာဟာရသည် မြူးထူးကစားခြင်းကို ဖြစ်စေတတ်၏။ မြူးထူးကစားခြင်းသည် မောဟကို ဖြစ်စေတတ်၏။ မောဟသည်လည်း မြူးထူးကစားခြင်းကိုပင် ဖြစ်စေတတ်၏။ မြူးထူးကစားခြင်းသည် မောဟ၏ အကြောင်းဖြစ်၏။ မောဟသည် နောင်လာလတ္တံ့ ဘ၀ဂတိတို့၌ အပါယဒုက္ခ-အစရှိသော ဘေးဘယကို ဖြစ်စေတတ်၏။ အကြောင်းဖြစ်သော မြူးထူးခြင်းကို ပယ်သဖြင့် အကျိုးဖြစ်သော မောဟကို

http://www.dhammadownload.com

ပယ်ရ၏။ ၎င်းအကြောင်းဖြစ်သော မောဟကို ပယ်သဖြင့် အကျိုးဖြစ်သော အပါယဒုက္ခ-အစရှိသော ဒုက္ခဘေးဘယအပေါင်းကို ပယ်ရ၏။ ဤအလုံးစုံကို ပယ်စေခြင်းငှာ နေဝ ဒဝါယ-ဟူသောပုဒ်ကို ဟောတော်မူအပ်၏။ ထို့ကြောင့်-

ဇထ္ထ စ နေဝ ဒဝါယာတိ ဇတံ် မောဟူပနိဿယပွဟာနတ္ထံ ဝုတ္တံ့။

ဟု ဝိသုဒ္ဓိမဂ်(၁။၃၁)၌ မိန့်အပ်ပြီ။

- အာဟာရသည် ခွန်အားဗလကို ဖြစ်စေတတ်၏။
- ဗလသည် ဗလမာန်ကို ဖြစ်စေတတ်၏။
- ဗလမာန်သည် ဒေါသကို ဖြစ်စေတတ်၏။

တစ်နည်းကား အာဟာရသည် ငါယောကျ်ား-ဟူ၍ဖြစ်သော **မာန**ကို ဖြစ်စေတတ်၏။

- ထိုမာနသည် **ဒေါသ**ကို ဖြစ်စေတတ်၏။

တစ်နည်းလည်း အာဟာရသည် အသဒ္ဓမ္မသေဝနာ-ဟု ဆိုအပ်သော **မေထုန်မှီဝဲခြင်း**ကို ဖြစ်စေတတ်၏။

- ထိုမေထုန်မှီဝဲခြင်းကို မှီ၍ဖြစ်သော မာနသည်လည်းကောင်း, ရာဂသည်လည်းကောင်း ပုရိသမဒ မည်၏။
- ထိုပုရိသမဒသည် ဒေါသကို ဖြစ်စေတတ်၏။
- ထိုအလုံးစုံသော ရာဂ, ဒေါသ, မာန-အစရှိသော အကုသိုလ်တရားတို့သည် အပါယဒုက္ခ-အစရှိသော **ဒုက္ခအပေါင်း**ကို ဖြစ်စေတတ်၏။

အကြောင်းဖြစ်သော ဗလမာန်, ပုရိသမာန်ကို ပယ်သဖြင့် အကျိုးဖြစ်သော ဒေါသကို ပယ်ရ၏။ အကြောင်းဖြစ်သော ရာဂ, ဒေါသ, မာန-အစရှိသော အကုသိုလ်ကို ပယ်သဖြင့် အကျိုးဖြစ်သော အပါယဒုက္ခ-အစရှိသည်ကို ပယ်ရ၏။ ဤအလုံးစုံကို ပယ်စေခြင်းငှာ "**နမဒါယ**"ဟူသော ပုဒ်ကို ဟောတော်မူအပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်(၁။၃၁)၌ "**နမဒါယာတိ** ဇတေံ ဒေါသူပနိဿယပွဟာနတ္ထံ"ဟု မိန့်အပ်ပြီ။

အစာအာဟာရကို မှီဝဲသုံးဆောင်ခြင်းသည် နှလုံးသွင်းသို့ လိုက်၍ မဏ္ဍန, ဝိဘူသန အကျိုးသည် ဖြစ်၏။ မဏ္ဍန, ဝိဘူသနအကျိုးသည် ရာဂကို ဖြစ်စေတတ်၏။ ရာဂသည် အပါယဒုက္ခကို ဖြစ်စေတတ်၏။

- **မဏ္ဍန, ဝိဘူသန**-ဟူသောအကြောင်းကို ပယ်သဖြင့် ရာဂ-ဟူသောအကျိုးကို ပယ်ရ၏။

http://www.dhammadownload.com

- ရာဂ-ဟူသော အကြောင်းကို ပယ်သဖြင့် အပါယဒုက္ခ-အစရှိသော အကျိုးကို ပယ်ရ၏။

ဤအလုံးစုံကို ပယ်စေခြင်းငှာ "နံ မဏ္ဍနာယ နံ ဝိဘူသနာယ"ဟူသော ၂-ပုဒ်တို့ကို ဟောတော်မူအပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် (၁။၃၁)၌–

နံ မဏ္ဍနာယ နံ ဝိဘူသနာယာတိ ဧတံ ရာဂူပနိဿယပ္ပဟာနတ္ထံ။

ဟု မိန့်အပ်ပြီ။ အလုံးစုံ ၄-ပုဒ်လုံး၌ပင်လျှင် ရာဂ, ဒေါသ, မာန-စသော အကုသိုလ်တရားကို ပယ်ရခြင်း အကျိုးရှိ၏။ ရှိသော်လည်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်၏ အစွမ်းအားဖြင့် အသီးအသီး ခွဲခြမ်းဝေဖန်၍ ပြအပ်၏။

နေဝ ဒဝါယ, နံ မဒါယ-ဟူသော ၂-ပုဒ်ကို မိမိ၏ သံယောဇဉ်၏ဖြစ်ခြင်းကို မြစ်ခြင်းငှာ ဟောတော်မူအပ်၏။

နံ မဏ္ဍနာယ, နံ ဝိဘူသနာယ-ဟူသော ၂-ပုဒ်ကို သူတပါး၏လည်းကောင်း, မိမိ၏လည်းကောင်း သံယောဇဉ်၏ဖြစ်ခြင်းကို မြစ်ခြင်းငှာ ဟောတော်မူအပ်၏။

နေဝ ဒဝါယ, နံ မဒါယ, နံ မဏ္ဍနာယ, နံ ဝိဘူသနာယ-ဟူသော ၄-ပုဒ်တို့ဖြင့် မသင့်သောအားဖြင့်ဖြစ်သော မိစ္ဆာပဋိပတ်ကိုလည်းကောင်း, ကာမသုခလွန်ကဲနုယောဂကို လည်းကောင်း ပယ်ခြင်းငှာ ဟောတော်မူအပ်၏။

"ဣမဿ ကာယဿ ဒ္ဝိတိယာ ယာပနာယ"ဟူသော ပုဒ်ဖြင့်ကား အိမ်ရှင်သည် ဟောင်းလေပြီးသော အိမ်အိုကို ထောက်တိုပေးသကဲ့သို့လည်းကောင်း၊ လှည်းမှူးသည် လှည်းဝင်ရိုးကို ခိုင်စိမ့်သောငှာ ဆီဖြင့် သုတ်သကဲ့သို့လည်းကောင်း မဟာဘုတ် ၄-ပါးကို မှီသော ဤစတုသမုဋ္ဌာနိကကာယ၏ မပြတ်ဖြစ်၍ ရှည်မြင့်စွာ တည်စေခြင်းအကျိုးငှာ မှီဝဲပါ၏။ "နံ ဒဝမဒဏ္ဍာနဝိဘူသနတ္ထံ" လှန်။ ဝိဟိသူပရတိယာ-ဟူသော ပါဠိဖြင့် အိုင်းအမာရှိသောသူသည် အနာကို ဆေးလိမ်းကျံသကဲ့သို့ မွတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက်ခြင်းကို ဖျောက်ခြင်းအကျိုးငှာ မှီဝဲသုံးဆောင်ပါ၏။ "နေဝ ဒဝါယ"စသည်ဖြင့် လှန်။

ပြဟ္မစရိယာနုဂ္ဂဟာယ-ဟူသော ပါဠိဖြင့် ခရီးခဲမှ ထွက်မြောက်ခြင်းငှာ အလိုရှိသော မိန်းမ, ယောကျ်ား-ဟု ဆိုအပ်ကုန်သော အမိ,အဘတို့သည် သား၏အသားကို စားသကဲ့သို့လည်းကောင်း၊ မြစ်ကို ကူးလိုကုန်သောသူတို့သည် ဝါးဖောင်,သစ်ဖောင်တို့ကို ဖွဲ့ကုန်သကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာကို ကူးလိုကုန်သောသူတို့သည် သင်္ဘောလှေကို မှီကုန်သကဲ့သို့လည်းကောင်း ဆွမ်းကို မှီဝဲသုံးဆောင်ခြင်းကြောင့် ဖြစ်သော ကာယဗလကို မှီ၍ သိက္ခာ ၃-ပါးကို ဖြည့်ကျင့်သည်၏ အစွမ်းအားဖြင့် ၃-ပါး သော ဘဝကန္တာရမှ ထွက်မြောက်ခြင်းအကျိုးငှာ

http://www.dhammadownload.com

ကျင့်သည်ရှိသော် မြတ်သောအကျင့်ကို ခိုးမြှင့်ခြင်းအကျိုးငှာ မှီဝဲပါ၏။ "နေဝ ဒဝါယ"စသည်ဖြင့် လှန်။

ဆွမ်းကို မစားခြင်းကြောင့် မွတ်သိပ်ဆာလောင်ခြင်းတည်းဟူသော ဝေဒနာသည် အဟောင်းဖြစ်သောဝေဒနာ မည်၏။ အတိုင်းအရှည် မရှိ၊ ပမာဏကို လွန်၍ စားခြင်းကြောင့် ဖြစ်သော ဝမ်းသွန်ခြင်း, အော့အန်ခြင်း-စသော ဝေဒနာသည် အသစ်ဖြစ်သော ဝေဒနာ မည်၏။ ကြီးစွာသောအိုင်းအမာရှိသော သူသည် ထိုအိုင်းအမာကို ဆေးဖတ်ဖြင့် သိပ်သက့ဲသို့ အဟောင်း,အသစ်ဖြစ်သော ဝေဒနာကို ဖျောက်ခြင်း, မဖြစ်စေခြင်းအကျိုးငှာ မှီဝဲပါ၏။ ၅-ယောက်သော ပုဏ္ဏားတို့၏ စားခြင်းကဲ့သို့ အတိုင်းအရှည်ပမာဏကို လွန်၍ မစားပါ။

- စားရာအရပ်၌ အာဟာရကို စားပြီး၍ မထနိုင်ခြင်းကြောင့် လက်ကို ဆွဲ၍ ထူရအောင် စားသော ပုဏ္ဏားသည် **အာဟရဟတ္ထကပုဏ္ဏား** မည်၏။
- ထကား ထနိုင်၏။ ဗိုက်စူနံကား စားခြင်းကြောင့် မိမိပုဆိုးကို မိမိ မဝတ်နိုင်သည်ဖြစ်၍ သူတပါးတို့ ဝတ်၍ပေးရအောင် စားသော ပုဏ္ဏားသည် **အလံသာဋကပုဏ္ဏား** မည်၏။
- ထိုစားရာအရပ်၌ မထနိုင်၍ အိပ်လျက်,လူးလဲလျက်နေရအောင် စားသော ပုဏ္ဏားသည် **တတ္ထြဝဋ္ဋကပုဏ္ဏား** မည်၏။
- ဝမ်းမှသည် လည်ချောင်း, လည်ချောင်းမှသည် ခံတွင်း၊ ဤအလုံးစုံကို ပြည့်သည်ဖြစ်၍ ကျိုးနှိုက်မိအောင် စားသောပုဏ္ဏားသည် **ကာကမာသကပုဏ္ဏား** မည်၏။
- စားပြီးသည်၏ အခြားမဲ့၌ အန်အောင်စားသော ပုဏ္ဏားသည် **ဘုတ္တဝမိတကပုဏ္ဏား** မည်၏။

ထို ၅-ဦးသော ပုဏ္ဏားတို့၏ စားခြင်းသည် အပြစ်မရှိသော ခဲဖွယ်,ဘောဇဉ်ကို အပြစ်ရှိအောင် ပြုသည်မည်၏။ မိမိ၏ ဝမ်းအတိုင်းအရှည်, ဝမ်းမီးအတိုင်းအရှည်ဖြင့်သာ သုံးဆောင်ရာ၏-ဟူလိုသည်။ (ဝိသုဒ္ဓိ၊၁။၃၁။ မဟာဋီ၊၁။၅၉)

တစ်နည်းလည်း အာဟာရကို မစားခြင်းကြောင့်ဖြစ်သော ဝေဒနာသည် အဟောင်းဖြစ်သော ဝေဒနာ မည်၏။ ထိုဝေဒနာသည် ပွါးလတ်သည်ရှိသော် အင်္ကြိုး,ငယ်တို့၏ ပူပန်ခြင်း, တံကျင်လျှိုသကဲ့သို့ ဖြစ်ခြင်း, မူးဝေခြင်း-အစရှိသော ဝေဒနာသည် အသစ်ဖြစ်သော ဝေဒနာ မည်၏။ ထိုဝေဒနာတို့ကို ဖျောက်ခြင်း, မဖြစ်စေခြင်းအကျိုးငှာ မှီဝဲပါ၏။

တစ်နည်းလည်း ယခုဘဝ၌ မသင့်တင့်, မလျောက်ပတ်သော အာဟာရကို စားခြင်းကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်သော အာဟာရကိုသော်လည်း အတိုင်းအရှည်ကို

http://www.dhammadownload.com

လွန်၍ စားခြင်းကိုလည်းကောင်း မှီ၍ မကောင်းကျိုးပေးခွင့်ကို ရ၍ ရှေးကံဟောင်းကြောင့် ဖြစ်သော ဝေဒနာသည် **ပုရာဏဝေဒနာ** မည်၏။

လျောက်ပတ်သော ဘောဇဉ်ကို အတိုင်းအရှည်ရှိသော သုံးဆောင်ခြင်းဖြင့် ထို ဝေဒနာ၏အကြောင်းဖြစ်သော ကံဟောင်း၏ အခွင့်ပေးခြင်းကို ဖျက်ဆီးသည်ရှိသော် အဟောင်းဖြစ်သော ဝေဒနာကို ဖျောက်သည် မည်၏။ ပရိယာယ်, ဩဘာသ, နိမိတ်, သမ္ဗန္ဓ, ဇပ္ပ, ကုဟက, လပန, ဝိညတ်, ကုလဒူသက, အနေသန, ကယဝိက္ကယ, ရူပိယာဒိ-ပဋိဂ္ဂဟ, အဘူတာရောစန-အစရှိသည်တို့ဖြင့် ရအပ်သောပစ္စည်းကို သုံးဆောင်ခြင်းသည်လည်းကောင်း၊ တရားသဖြင့် ရှာမှီး၍ ရအပ်သော ပစ္စည်းကိုသော်လည်း ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည်လည်းကောင်း အကုသိုလ်ဓမ္မတို့ဖြင့် သုံးဆောင်ခြင်းကြောင့် **အယုတ္တပရိဘောဂ** မည်၏။

ထိုအကုသိုလ်ကြောင့် နောင်အနာဂတ်ဘဝ၌ များစွာသော အပါယဒုက္ခ-အစရှိသော ဒုက္ခဝေဒနာသည် အသစ်ဖြစ်သော ဝေဒနာ မည်၏။ ပစ္စဝေက္ခဏာဆင်ခြင်၍ ပစ္စည်းကို သုံးဆောင်သည်၏ အစွမ်းအားဖြင့် ထိုဒုက္ခ၏အကြောင်းရင်းဖြစ်သော အကုသိုလ်ကံကို မဖြစ်စေခြင်းသည် အသစ်ဖြစ်သောဝေဒနာကို မဖြစ်စေသည် မည်၏။ ဤအရာ၌ ရှေးဘဝ၌ဖြစ်သော ကံဟောင်း၏ ပုရာဏ-ဟူသောအမည်ကို ယခုဘဝ ဖြစ်ဆဲအကျိုးဖြစ်သော ဝေဒနာ၌ တင်စား၍ ယခုဖြစ်ဆဲဖြစ်သော ဝေဒနာကို ပုရာဏဝေဒနာ-ဟု ခေါ်ဝေါ်ခြင်းကြောင့် **ကာရဏူပစာ** မည်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော "ဝိဟိသူပရတိယာ"အစရှိသော ပုဒ် ၄-ခုအပေါင်းဖြင့် ပစ္စဝေက္ခဏာကို ဆင်ခြင်၍ သုံးဆောင်ခြင်းတည်းဟူသော ရဟန်းတို့အား လျောက်ပတ်သောပစ္စည်းကို သုံးဆောင်ခြင်း-ဟု ဆိုအပ်သော ယုတ္တပရိဘောဂကိုလည်းကောင်း၊ မွတ်သိပ်ဆာလောင်ခြင်း-အစရှိသော ဒုက္ခကို ဖျောက်ရသဖြင့် အတ္တကိလမထာနုယောဂကို ပယ်ရခြင်း၊ ဈာန်,မဂ်,ဖိုလ်-အစရှိသည်တို့၏အကြောင်းဖြစ်သော ကာယိကသုခကို မစွန့်ရခြင်းကြောင့် တရားနှင့်လျော်သော သုခကို မစွန့်ခြင်းကိုလည်းကောင်း ဒီပကတ္ထအားဖြင့် ပြအပ်၏။ သွားခြင်း ဣရိယာပုထ်-ဟု ဆိုအပ်သော ပတ်လပ်အနာ စွဲရောက်သောသူသည် ဆေးကို မှီဝဲသကဲ့သို့ ဣရိယာပုထ် ၄-ပါးတို့၏ မပြတ်ဖြစ်၍ ရှည်မြင့်စွာ တည်စေခြင်းငှာ မှီဝဲသုံးဆောင်ခြင်းသည် "ယာတြာ စ မေ ဘဝိဿတိ"မည်၏။

> **ယော ရောဂေါ သာဒ္ဓေါ် အသာဒ္ဓေါ် စ နံ ဟောတိ၊ သော ယာဗျရောဂေါ၊ သော ဇတဿ အတ္ထိတိ ယာဗျရောဂီ။ သော ဟိ နိစ္စကာလံ ဘေသဇ္ဇံ ဥပသေဝတိ၊ တထာ အယမ္မိတိ။**

http://www.dhammadownload.com

ယော ရောဂေါ၊ အကြောင်အနာသည်။ သာဒ္ဓေါ စ၊ သာယာအပ်သည်လည်းကောင်း။ အသာဒ္ဓေါ စ၊ မသာယာအပ်သည်လည်းကောင်း။ န ဟောတိ၊ မဖြစ်။ သော ယာပျရောဂေါ၊ ထိုသာယာအပ်, မသာယာအပ်သည်မဟုတ်သော အနာသည်။ ဇာသေ၊ ထိုသူအား။ အတ္ထိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော၊ ထိုသူသည်။ ယာပျရောဂီ၊ ယာပျရောဂီ မည်၏။ ဟိ သစ္စံ၊ မှန်၏။ သော၊ ထိုယပ်စောက်အနာရှိသောသူသည်။ နိစ္စကာလံ၊ အခါမပြတ်။ ဘေသဇ္ဇံ၊ ဆေးကို။ ဥပသေဝတိ၊ မှီဝဲသုံးဆောင်ရ၏။ တထာ၊ တူ။ အယမ္ပိ၊ ဤယောဂီရဟန်းသည်လည်း။ နိစ္စကာလံ၊ အခါမပြတ်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဥပသေဝတိ၊ မှီဝဲသုံးဆောင်ရ၏။

(ဝိသုဒ္ဓိမဂ်၊မဟာဋီ၊၁။၆၁)

- ကုလဒူသက-စသည်ဖြင့် ပစ္စည်းကို ရှာမှီးခြင်းသည် '**အယုတ္တပရိယေသန** = မသင့်သောအားဖြင့် ရှာမှီးခြင်း' မည်၏။
- ဒါယကာတို့၏အတိုင်းအရှည်, မိမိ၏အတိုင်းအရှည်ကို မသိမူ၍ အလွန်ကို ခံခြင်းသည် '**အယုတ္တပဋိဂ္ဂဟဏ** = မသင့်သောအားဖြင့် ခံခြင်း' မည်၏။
- ပစ္စဝေက္ခဏာမဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည် '**အယုတ္တပရိဘောဂ** = မသင့်သောအားဖြင့် သုံးဆောင်ခြင်း' မည်၏။

ဤသို့ မသင့်သောအားဖြင့် ရှာမှီးခြင်း, ခံခြင်း, သုံးဆောင်ခြင်းသည် 'သာဝဇ္ဇတာ-အပြစ်ရှိသောအဖြစ်' မည်၏။ ထို ၃-ပါးမှ ကြဉ်၍ အပြစ်မရှိသော ရှာမှီးခြင်း, ခံခြင်း, သုံးဆောင်ခြင်းသည် '**အနဝဇ္ဇတာ** = အပြစ်မရှိသောအဖြစ်' မည်၏။ အတိုင်းအရှည်ကို သိ၍ သုံးဆောင်ခြင်းသည် ဖာသုဝိဟာရ မည်၏။

တစ်နည်းလည်း မသင့်မတင့်သော အစာအာဟာရကို အတိုင်းအရှည်မရှိ၊ သုံးဆောင်ခြင်းကြောင့် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ခြင်း၌လည်းကောင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း၌လည်းကောင်း မမွေ့လျော်ခြင်း, ပျင်းရိခြင်း, ကိုယ်တဆန့်ဆန့်ရှိခြင်း, ပညာရှိတို့ ကဲ့ရဲ့ခြင်း-အစရှိသော အပြစ်တို့၏ မရှိခြင်းကြောင့် **အနဝဇ္ဇတာ** မည်၏။ သင့်တင့်လျောက်ပတ်သော အာဟာရကို အတိုင်းအရှည်အားဖြင့် စားခြင်းကြောင့် ကာယဗလ၏ဖြစ်သဖြင့် ချမ်းသာစွာ နေရခြင်းသည် ဖာသုဝိဟာရ မည်၏။

တစ်နည်းလည်း အလိုရှိတိုင်း ဝမ်းပြည့်အောင် စားခြင်းမှ ကြဉ်သဖြင့် အိပ်ခြင်းကို မှီ၍ဖြစ်သော ချမ်းသာ၊ လက်ဝဲနံတောင်း, လက်ယာနံတောင်းတို့ကို ပြန်ကာပြန်ကာ လူးလဲခြင်းကို မှီ၍ဖြစ်သော ချမ်းသာ၊ ငိုက်မျည်းခြင်းကို မှီ၍ဖြစ်သော ချမ်းသာတို့ကို ပယ်ရခြင်းကြောင့် အပြစ်မရှိသည်၏အဖြစ်သည် **အနဝဇ္ဇတာ** မည်၏။ ၄-လုတ်, ၅-လုတ်ကို လျှော့၍

http://www.dhammadownload.com

သုံးဆောင်သဖြင့် ၄-ပါးသော ဣရိယာပုထ်တို့၏ ခန့်သောအဖြစ်တို့၏ ပြီးခြင်းကြောင့် ချမ်းသာစွာ နေရခြင်းသည် ဖာသုဝိဟာရ မည်၏။

အခ်ို့သောရဟန်းသည် အပြစ်မရှိသောပစ္စည်းကို အပြစ်ရှိအောင် ပြုတတ်၏။ အဘယ်သို့ ပြုတတ်သနည်း။ "ငါကား များစွာသော ခဲဖွယ်,ဘောဇဉ်ကို ရ၏"ဟု အတိုင်း အရှည်ထက် လွန်၍ စားခြင်းကြောင့် ကြေစေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အထက်သို့ အော့အန်ခြင်း, အောက်သို့ ဝမ်းကျခြင်း-အစရှိသည်ဖြင့် ပင်ပန်းခြင်းသို့ ရောက်၏။ ကျောင်းတိုက်အလုံး၌ ရဟန်းတို့သည်လည်း ထိုရဟန်း၏ကိုယ်ကို သုတ်သင်ဆေးကြောရခြင်း, ဆေးကုရခြင်း, ဆေးဖော်(စပ်)ရခြင်း, ဆေးသမားတို့ကို ရှာရခြင်း-အစရှိသည်တို့ဖြင့် ကြောင့်ကြဖျာပါရ ဖြစ်ရကုန်၏။ တပါးသောသူတို့သည်လည်း "ဤအမှုကား အဘယ်အမှုနည်း" မေးလေသော် "ဤမည်သောရဟန်း၏ ဝမ်းရောင်ခြင်း, ဝမ်းကျခြင်း-အစရှိသော အမှုတည်း"။ ဤသို့ အစရှိသော စကားတို့ကို ကြား၍ "ဤရဟန်းကား အခါမပြတ် ဝမ်းရောင်ခြင်း, ဝမ်းကျခြင်း, အစာမကြေခြင်း အလေ့သဘောရှိ၏။ မိမိ၏ ဝမ်းပမာဏကို မသိလေယောင် တကား"ဟု ဆို၍ ကဲ့ရဲ့ကုန်၏။ ဤသို့ အပြစ်မရှိသောပစ္စည်းကိုလျှင် အပြစ်ရှိအောင် ပြုသည်မည်၏။ ဤသို့ အပြစ်ရှိအောင် ပြုသည်ရှိသော် **အနဝဇ္ဇတာ** မမည်။

ဤသို့ ၃-ဝါကျဖြင့် ပြအပ်ပြီးသော ဖာသုဝိဟာရလက္ခဏာကို သာဓကပါဠိဖြင့် ဆောင်၍ ပြတော်မူလိုရကား-

> **စတ္ထာရော ပဉ္စ အာလောပေ၊ အဘုတ္ထာ ဥဒကံ ဝိဝေ။**
> **အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော‌တိ။** (ဝိသုဒ္ဓိမဂ်၊၁။၃၂)-

ဟူ၍ မိန့်အပ်ပြီ။ ဤအရာ၌ အဂ်ီ ၈-ပါးတို့ကို ပေါင်းရုံးအပ်ကုန်၏။

(၁) "နေဝ ဒဝါယ" ဤကား အဂ်ီ ၁-ပါး,

(၂) "န မဒါယ" ဤလည်း အဂ်ီ ၁-ပါး,

(၃) "န မဏ္ဍနာယ" ဤလည်း အဂ်ီ ၁-ပါး,

(၄) "န ဝိဘူသနာယ" ဤလည်း အဂ်ီ ၁-ပါး,

(၅) "ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ" ဤလည်း အဂ်ီ ၁-ပါး။

(၆) "ဝိဟိံသူပရတိယာ ပြဟ္မစရိယာနုဂ္ဂဟာယ" ဤလည်း အဂ်ီ ၁-ပါး။

(၇) "ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခိမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ" ဤလည်း အဂ်ီ ၁-ပါး,

http://www.dhammadownload.com

(၈) "ယာတြာ စ မေ ဘဝိဿတိ" ဤလည်း အဂ်ိ ၁-ပါး။

"အနဝဇ္ဇတာ စ, ဖာသုဝိဟာရော စ" ဤ ၂-ပုဒ်တို့ဖြင့်ကား ဘောဇနာနိသံသ ဆွမ်းကို စားခြင်း၌ အကျိုးအာနိသင်တို့ကို ပြခြင်းတည်း။ ထိုအဂ်ိ ၈-ပါးတို့တွင်–

- ရှေးအဂ်ိ ၄-ပါးတို့သည် ဗျတိရေကအဂ်ိ မည်ကုန်၏။ ဗျတိရေကသမ္မဒါန်လည်း မည်ကုန်၏။
- နောက်အဂ်ိ ၄-ပါးတို့သည် အန္ဓယအဂ်ိ မည်ကုန်၏။ အန္ဓယသမ္မဒါန်လည်း မည်ကုန်၏။

တစ်နည်းလည်း မဟာသီဝထေရ်၏ အယူအားဖြင့် ရှေး၌ ဆိုအပ်ပြီးသော အဂ်ိ ၄-ပါးတို့သည် ပယ်အပ်သောအဂ်ိ မည်ကုန်၏။ အထက်၌ အဂ်ိ ၈-ပါးတို့ကို ပေါင်းအပ်ကုန်၏။

(၁) "ယာဝဒေဝ ဣမသ္မ ကာယသ္မ ဌိတိယာ" ၁-ပါး,
(၂) "ယာပနာယ" ၁-ပါး,
(၃) "ဝိဟိံသူပရတိယာ" ၁-ပါး,
(၄) "ဗြဟ္မစရိယာနုဂ္ဂဟာယ" ၁-ပါး,
(၅) "ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ" ၁-ပါး,
(၆) "နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ" ၁-ပါး,
(၇) "ယာတြာ စ မေ ဘဝိဿတိ" ၁-ပါး,
(၈) "အနဝဇ္ဇတာ စ" ၁-ပါး။

ဖာသုဝိဟာရော စ-ဟူသော ပုဒ်ဖြင့်ကား 'ဘောဇနာနိသံသ=ဆွမ်းကို သုံးဆောင်ခြင်း၌ အကျိုးအာနိသင်'ကို ပြခြင်းတည်း။

"ဣမသ္မ ကာယသ္မ ဌိတိယာ ယာပနာယ"ဟူသော ပုဒ်၌လည်း ယာပနာယ-ဟူ၍ ဟောတော်မူအပ်၏။ "ယာတြာ စ မေ ဘဝိဿတိ"ဟူသော ပုဒ်၌လည်း "ယာတြာတိ ယာပနာယ"ဟု ဖွင့်ဆိုအပ်၏။ ထို ၂-ပါးတို့၏အထူးကား အဘယ်နည်းဟူမူကား ရှေးပုဒ်၌ ယာပနာယ၏အရသည် မဟာဘူတ် ၄-ပါးကို မှီသော စတုသန္ဓတိရုပ်၏ အကြောင်းဖြစ်သော ဇီဝိတိန္ဒြေ၏ ရှည်မြင့်စွာသော ကာလပတ်လုံး မပြတ်ဖြစ်၍ တည်ခြင်းသည် ယာပနာ မည်၏။ နောက်ပုဒ်၌ ယာတြာတိ ယာပနာ-၏အရကား ဣရိယာပုထ် ၄-ပါးတို့၏ မပြတ်ဖြစ်ခြင်း-ဟု ဆိုအပ်သော တည်ခြင်းသည် ယာတြာ စ မည်၏။ ဤသည်လျှင် အထူးတည်း။

http://www.dhammadownload.com

ဤမျှအတိုင်းအရှည်ရှိသော "ယာတြာ စ မေ ဘဝိဿတိ"အစရှိသော ပုဒ် ၃-ခု အပေါင်းဖြင့် ပယောဇဉ်ကို သိမ်းဆည်းခြင်းကိုလည်းကောင်း, ဓမ္မိကသုခကို မစွန့်ခြင်းလျှင် အကြောင်းရှိသော ဖာသုဝိဟာရ-ဟု ဆိုအပ်သော မဇ္ဈိမပဋိပတ်အကျင့်ကိုလည်းကောင်း ဒီပကတ္ထအားဖြင့် ပြအပ်၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသော "ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ"အစရှိသောနည်းဖြင့် အဂိ၊ ၈-ပါးနှင့် ပြည့်စုံစွာ ဆွမ်း-အစရှိသော အာဟာရကို မျိုခြင်း, မှီဝဲသုံးဆောင်ခြင်းသည် သင့်သောအကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ ဆွမ်း-စသော အစာအာဟာရကို မှီဝဲသုံးဆောင်သည် မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ(၁။၆၂)၌-

၈ဝံ အဋ္ဌဂံသမန္နာဂတံ အာဟာရံ အာဟာရေန္တော ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝတိ နာမ။

ဟု မိန့်အပ်ပြီ။ သမ္မောအဋ္ဌကထာ၌လည်း ဤနည်းအတူ မိန့်အပ်ပြီ။

ဤအဋ္ဌကထာ, ဋီကာပါဠိတို့ကို နိဒ္ဒိဋ္ဌနည်းအားဖြင့် ယူ၍ အချို့သောအရှင်တို့သည် **ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ-မှ** စ၍ အဂိ၊ ၈-ပါးနှင့်ပြည့်စုံစွာ ဆင်ခြင်၍ ၁-လုတ်, ၁-လုတ်သော အာဟာရကို သုံးဆောင်ခြင်းသည် အသင့်အားဖြင့် ဆင်ခြင်၍ သုံးဆောင်သည် မည်၏-ဟု မိန့်အပ်ကုန်၏။ အချို့သော အရှင်တို့သည်သည်လည်း ထိုအဋ္ဌကထာ, ဋီကာပါဠိတို့၏အနက်ကို နေယျတ္ထနည်းအားဖြင့် ယူ၍ "နေဝ ဒဝါယ"အစရှိသော ၁-ပါး, ၁-ပါးသော အဂိကို ဆင်ခြင်၍ ၁-လုတ်,၁-လုတ်သော အာဟာရကို သုံးဆောင်ခြင်းသည် အသင့်အားဖြင့် ဆင်ခြင်၍ သုံးဆောင်သည် မည်၏-ဟု မိန့်အပ်ကုန်၏။ ဤဆွမ်းပစ္စည်း၌လည်း ဓာတုသညာ, ပဋိကူလသညာ၏အစွမ်းအားဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ ပြည့်စုံ၏-ဟု မိန့်အပ်ကုန်၏။ ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ၊ ၎င်းစာကိုယ်တို့၌ မိန့်အပ်သောကြောင့် ဓာတုသညာ, ပဋိကူလသညာဖြင့် ဆင်ခြင်၍လည်း သုံးဆောင်အပ်၏။

ဓာတုသညာဖြင့် ဆင်ခြင်လိုမူ **"ဓာတုမတ္တကံ ယဒိဒံ ပိဏ္ဍပါတံ၊ တထူပမံ ပရိဘုတ္တော ပုဂ္ဂလော ပိ ဓာတုမတ္တကမေဝ"**ဟု ဆင်ခြင်ရာ၏။

ပဋိကူလသညာဖြင့် ဆင်ခြင်လိုမူ **"ဝဏ္ဏ ဂန္ဓ ရသသမ္ဗန္ဓံ ဣဒံ ပိဏ္ဍပါတံ အဇိဂုစ္ဆနီယံ ဣမံ မမ ပူတိကာယံ ပတ္တာ ပန အတိဝိယ ဇိဂုစ္ဆနီယဘာဝံ ပါပုဏိဿတိ"** ဟု ဆင်ခြင်ရာ၏။

ဤသို့ ဓာတုသညာ, ပဋိကူလသညာဖြင့် ဆင်ခြင်အပ်၏-ဟူသည်ကို ထောက်သော် ရှေးဆိုခဲ့ပြီးသော အဋ္ဌကထာ, ဋီကာပါဠိတို့ကို နီတတ္ထ, နေယျတ္ထ-ယူ၍ ဆုံးဖြတ်ကြကုန်

http://www.dhammadownload.com

သော ၂-ဦးသောဆရာတို့၏ အယူတို့တွင် နေယျတ္ထနည်းအားဖြင့် ယူ၍ ၁-လုတ်,၁-လုတ် သော အာဟာရကို ၁-ခု, ၁-ခုသော အဂိါဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် အသင့်အားဖြင့် ဆင်ခြင်၍ သုံးဆောင်သည်ပင် မည်၏-ဟု ဆိုကုန်သော ဆရာတို့၏ စကားသည် သင့်မည်ပင်-ဟူ၍ ထင်မိသည်။

အဘယ့်ကြောင့်နည်းဟူမူကား အကယ်၍ အဂိါ ၈-ပါးနှင့် ပြည့်စုံစွာ ဆင်ခြင်မှ ရမည်ဖြစ်လျှင် ဓာတုသညာ, ပဋိကူလသညာသည် မရပေရာ။ ထို့ကြောင့် ထင်မိသည်။ ထိုဆွမ်းပစ္စည်း၌လည်း ပါဠိတော်နည်းအားဖြင့်ကား ပစ္စုပ္ပန်ကာလ၌ ဆင်ခြင်အပ်၏။ အဋ္ဌ-ကထာနည်းအားဖြင့်ကား အတိတ်ကာလ, ပစ္စုပ္ပန်ကာလ ၂-ပါးတို့၌ ဆင်ခြင်အပ်၏။ ဤကား ပိဏ္ဍပါတ်၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။

----- × -----

၃။ သေနာသနသိက္ခာပဒဂဏ္ဌိ

သေနာသနံ-ဟူသောပုဒ်၌ သေန, အာသန-ဟု ပုဒ်ဖြတ်၍ သေန-ဟူသော ပုဒ်ကို "သေတိ သယတိ ဧတ္ထ ဝိဟာရအမုယောဂါဒိမှိတိ သေနံ။"

ဧတ္ထ ဝိဟာရအမုယောဂါဒိမှိ၊ ဤ ၂-ဖက်စောင်းမိုးသောကျောင်း, တဖက်စောင်း မိုးသောကျောင်း-အစရှိသည်၌။ ဘိက္ခု၊ သည်။ သေတိ သယတိ၊ အိပ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အိပ်ရာဖြစ်သော သတ္တိကြောင့်။ သေနံ၊ သေန မည်၏။ ဝိဟာရ အမုယောဂ-အစရှိသော ကျောင်းရ၏။

အာဂန္တွာ ဘိက္ခု သေတိ နိသီဒတိ ဧတ္ထ မဉ္စပီဌာဒိမှိတိ အာသနံ။

ဧတ္ထ မဉ္စပီဌာဒိမှိ၊ ဤညောင်စောင်း,အင်းပျဉ်-အစရှိသည်၌။ ဘိက္ခု၊ သည်။ အာဂန္တွာ၊ ၍။ သေတိ နိသီဒတိ၊ နေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ နေရာဖြစ်သော သတ္တိကြောင့်။ အာသနံ၊ အာသန မည်၏။ "မဉ္စ, ပီဌ"အစရှိသော အခင်း ၁၀-ပါးရ၏။

သေနဉ္စ အာသနဉ္စာတိ သေနာသနံ။ သေနဉ္စ၊ ကျောင်းလည်း။ အာသနဉ္စ၊ နေရာ လည်း။ သေနာသနံ၊ ကျောင်း, အိပ်ရာ, နေရာ။

ဤသေနာသနံ-ဟူသော ပုဒ်၌ သေန-သဒ္ဒါဖြင့် ရဟန်းတို့၏ နေခြင်းအကျိုးငှာ ဆောက်အပ်သော ဝိဟာရ, အမုယောဂ, ပါသာဒ-အစရှိသော ကျောင်းတို့ကို အစပြု၍

http://www.dhammadownload.com

အလုံးစုံသော ကျောင်းတို့ကိုလည်းကောင်း၊ ကျောင်းမဟုတ်သော ဇရပ်, တန်ဆောင်း-အစရှိသော အိပ်ခြင်း, နေခြင်းဌာ လျောက်ပတ်သော ကျောင်း-အစရှိသည်တို့ကိုလည်းကောင်း ယူအပ်၏။

အာသန-သဒ္ဒါဖြင့် မဉ္ဇ, ပီဌ-အစရှိသော နေခြင်း,ထိုင်ခြင်းဌာ လျောက်ပတ်သော ၁၀-ပါးသော အခင်းတို့ကို ယူအပ်၏။ ထို ၂-ပါးတို့တွင် သေန-သဒ္ဒါဖြင့် ရအပ်သော ဝိဟာရ, အမှုယောဂ-စသော ကျောင်းကိုလည်းကောင်း၊ ဇရပ်, တန်ဆောင်း, ရေအိုးစင်, တံမြက်စင်, မီးတင်းကုပ်-အစရှိသော ကျောင်းမဟုတ်သော အိပ်ရာ, နေရာ, အရိပ်, အာဝါသတို့ကိုလည်းကောင်း သုံးဆောင်ခြင်းကို အရင်းမူသဖြင့် အမိုးတွင်းသို့ ဝင်၍ ထိုင်ခြင်း ဣရိယာပုထ်, အိပ်ခြင်း ဣရိယာပုထ်ဖြင့် သုံးဆောင်သောအခါ ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ရာ၏။ အမိုးတွင်း-ဟူ၍ ဆိုသော်လည်း လွင်တီးပြင်၌ ပြုအပ်သော, အမိုးမရှိသောအရပ် ဌာန၌လည်း သုံးဆောင်ခြင်းကို အရင်းမူသဖြင့် ထိုင်ခြင်း, အိပ်ခြင်းကို ပြုသောအခါ ဆင်ခြင်ရာ၏။

ထို့ကြောင့် ထိုင်ခြင်း, အိပ်ခြင်း ဣရိယာပုထ်ဖြင့် သုံးဆောင်သောအခါ-ဟူ၍ ဆိုငြားသော်လည်း အမိုးတွင်းသို့ ဝင်၍ သုံးဆောင်ခြင်းကို အရင်းမူသဖြင့် ညဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံတို့၌ စကြီသွားသော ရဟန်းသည်လည်း ဆင်ခြင်ရာ၏။ အမိုးမရှိသောသစ်ပင်၌ သုံးဆောင်ခြင်းကို အရင်းမူသဖြင့် အရိပ်မိုးသောအခါ၌မူကား ပစ္စဝေက္ခဏာ မဆင်ခြင်သော်လည်း ဣရိယာပထိဘောဂ မဖြစ်။ အခင်းရှိမူကား ဆင်ခြင်ရာ၏။ အာသန-ဟူသောပုဒ်ဖြင့် ရအပ်သော ၁၀-ပါးသော အခင်း,အိပ်ရာ,နေရာတို့ကို သုံးဆောင်ခြင်းကို အရင်းမူ၍ ထိုင်ခြင်း,အိပ်ခြင်း-စသည်ဖြင့် သုံးဆောင်သောအခါ၌ ဆင်ခြင်ရာ၏။ သီတ, ဥဏှ-စသည်တို့ကို ခွဲခြမ်းဝေဖန်ရာ၌ကား စီဝရ၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မှတ်ရာ၏။

"ဥတုပရိဏာယဝိနောဒနပဋိသလ္လာနာရာမတ္ထံ"ဟူသောပုဒ်၌ ဥတု-ဟူသည်ကား "သကပစ္စယေန အယတိ ပဝတ္ထတီတိ ဥတု၊ သီတဥဏှသဒိီတာ တေဇောဓာတု"ဟူသော ဝစနတ္ထ, အဘိဓေယျတ္ထနှင့်အညီ အချမ်း,အပူ-ဟု ဆိုအပ်သော တေဇောဓာတ်သည် ဥတုမည်၏။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ သကပစ္စယေန၊ မိမိ, မိမိ၏အကြောင်းကြောင့်။ အယတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဥတု၊ ဥတု မည်၏။ သီတဥဏှသဒိီတာ၊ သီတ,ဥဏှ-ဟု ဆိုအပ်သော။ တေဇောဓာတု၊ တေဇောဓာတ်ကို။ လဒ္ဓတိ၊ ရအပ်၏။

ပရိသယတိ အဘိဘဝတိ ဝိဇာဓတိတိ ပရိသယော။

http://www.dhammadownload.com

ယော သဘာဝေါ၊ အကြင်တရားသဘောသည်။ ပရိသယတိ အဘိဘဝတိ ဝိဇာ-ဓတိ၊ လွန်စွာလွှမ်းမိုး၍ နှိပ်စက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပရိဿယော၊ ပရိဿယ မည်၏။

ဥတုယေဝ ပရိဿယော ဥတုပရိဿယော။

ဥတုယေဝ၊ ဥတုသည်ပင်လျှင်။ ပရိဿယော၊ ပရိဿယ မည်၏။ ဥတုပရိဿယော၊ ဥတုသည်ပင်လျှင် ပရိဿယ။

ဝိနောဒေတီတိ ဝိနောဒနံ၊ ဝိနောဒိယတေ ဝါ ဝိနောဒနံ။

ယံ သေနာသနံ၊ အကြင်ကျောင်းသည်။ ဝိနောဒေတိ၊ အထူးထူးသော ဘေးရန်ကို ဖျောက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ သေနာသနံ၊ ထိုကျောင်းသည်။ ဝိနောဒနံ၊ ဝိနောဒန မည်၏။ ဝါ၊ တစ်နည်းကား။ ဝိနောဒိယတေ၊ ဖျောက်ခြင်း။ ဝိနောဒနံ၊ ဖျောက်ခြင်း။

ဥတုပရိဿယဿ ဝိနောဒနံ ဥတုပရိဿယဝိနောဒနံ။

ဥတုပရိဿယဿ၊ ဥတုသာလျှင်ဖြစ်သော ဘေးရန်ကို။ ဝိနောဒနံ၊ ဖျောက်တတ်သည်တည်း။ ဝါ၊ ဖျောက်ခြင်းတည်း။ ဥတုပရိဿယဝိနောဒနံ၊ ဥတုသာလျှင်ဖြစ်သော ဘေးရန်ကို ဖျောက်တတ်သည်။ ဝါ၊ ဘေးရန်ကို ဖျောက်ခြင်း။

နာနာရမ္မဏတော ပဋိဟရိတ္တာ ကမ္မဋ္ဌာနဘူတေ ဧကဂ္ဂိယေဝ အာရမ္မဏေ စိတ္တဿ သမ္မဒေဝ လယနံ ပဋိသလ္လာနံ။

နာနာရမ္မဏတော၊ အထူးထူးသော အာရုံမှ။ ပဋိဟရိတ္တာ၊ ဆုတ်နစ်ခဲ့၍။ ကမ္မ-ဋ္ဌာနဘူတေ၊ ကမ္မဋ္ဌာန်းဖြစ်၍ဖြစ်သော။ ဧကဂ္ဂိယေဝ အာရမ္မဏေ၊ တစ်ခုတည်းသောအာရုံ၌သာလျှင်။ စိတ္တဿ၊ စိတ်၏။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ လယနံ၊ တည်ခြင်း။ ဝါ၊ ထားခြင်း။ ပဋိသလ္လာနံ၊ အထူးထူးသော အာရုံမှ ဆုတ်နစ်ခဲ့၍ ကမ္မဋ္ဌာန်းဖြစ်၍ဖြစ်သော, တစ်ခုတည်းသာလျှင်ဖြစ်သော အာရုံ၌ စိတ်ကို ကောင်းစွာသာလျှင် ထားခြင်း။

"အာရမ္မဏံ အာရဓေ"။ အာရမ္မဏံ၊ မွေ့လျော်ခြင်း။ အာရာဓေ၊ မွေ့လျော်ခြင်း။

ပဋိသလ္လာနေ အာရာဓေ ပဋိသလ္လာနာရာဓေ။

ပဋိသလ္လာနေ၊ အထူးထူးသော အာရုံမှ ဖဲခွဲ၍ တစ်ခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကောင်းစွာထားခြင်း၌။ အာရာဓေ၊ မွေ့လျော်ခြင်းတည်း။ ဝါ၊ မွေ့လျော်တတ်သည်တည်း။ ပဋိသလ္လာနာရာဓေ၊ မွေ့လျော်တတ်သည်။ ဝါ၊ မွေ့လျော်ခြင်း။

http://www.dhammadownload.com

ဥတုပရိဏာယဝိနောဒနဉ္စ ပဋိသလ္လာနာရာမော စ ဥတုပရိဏာယဝိနောဒနပဋိသလ္လာနာရာမော။

ဥတုပရိဏာယဝိနောဒနဉ္စ၊ ဥတု-တည်းဟူသော ဘေးရန်ကို ဖျောက်ခြင်းတည်း။ ပဋိသလ္လာနာရာမော စ၊ အထူးထူးသော အာရုံမှ ဖဲ၍ တစ်ခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကောင်းစွာထားခြင်း၌ မွေ့လျော်ခြင်းတည်း။ ဣတိ တသ္မာ၊ ကြောင့်။ ဥတုပရိဏာယဝိနောဒနပဋိသလ္လာနာရာမော၊ မည်၏။

တသာ ဥတုပရိဏာယဝိနောဒန ပဋိသလ္လာနာရာမတ္တံ၊ ကိုယ်၏ ကျင်နာခြင်း, စိတ်၏ ပျံ့လွင့်ခြင်းကို ပြုတတ်သော မလျောက်ပတ်သော အကြင်ဥတုကို ကျောင်းကို မှီဝဲသဖြင့် ဖျောက်အပ်သည် ဖြစ်၏၊ ထိုဥတုကို ဖျောက်ခြင်းအကျိုးငှာလည်းကောင်း, အထူးထူးသော အာရုံမှ ဖဲ၍ တစ်ခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကောင်းစွာထားခြင်းငှာလည်း ကောင်း ကျောင်းကို မှီဝဲပါ၏။

တစ်နည်းလည်း ပဋိသလ္လာနာရာမ-ဟူသော ပုဒ်၌ ဂိုဏ်းတည်းဟူသော အပေါင်းအဖော်, ကိလေသာတည်းဟူသော အပေါင်းအဖော်မရှိသဖြင့် တစ်ယောက်အထီးတည်း ချမ်းသာစွာ နေခြင်းအကျိုးငှာ မှီဝဲပါ၏-ဟူသော ဤအနက်ကိုလည်း မှတ်အပ်၏။

ရှေး၌ "သီတာသာ ပဋိယာတာယ ဥဏှာသာ ပဋိယာတာယ"ဟု ဟောပြီးသည်ဖြစ်လျက် နောက်၌ ဥတုပရိဏာယ-ဟူသောပုဒ်၌ သီတဥတု, ဥဏှဥတုကိုပင် ထပ်မံ၍ ဟောတော်မူပြန်ခြင်းသည် ရှေးပုဒ်ဖြင့်ကား အနိယတပယောဇဉ်ကို ပြအပ်၏။ နောက်ပုဒ်ဖြင့်ကား နိယတပယောဇဉ်ကို ပြအပ်၏။ ရှေ့ ယာဝဒေဝ-သဒ္ဒါဖြင့် အနိယတပယောဇဉ်ကို ပိုင်းခြားအပ်၏။ နောက် ယာဝဒေဝ-သဒ္ဒါဖြင့် နိယတပယောဇဉ်ကို ပိုင်းခြားအပ်၏။

တစ်နည်းလည်း ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ဥတုသည် ဥတုသာလျှင် မည်၏။ ပရိဏာယသည် ထင်ရှားသော ပါကဋပရိဏာယ, မထင်ရှားသော ဖုံးလွှမ်းသော ပဋိစ္ဆန္နပရိဏာယအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်-

- ခြင်္သေ့,သစ်,ကျား-အစရှိသော ဘေးရန်တို့သည် ထင်ရှားသော ပါကဋဘေးရန် မည်ကုန်၏။
- ရာဂ, ဒေါသ, မောဟ-အစရှိကုန်သော အကုသိုလ်ကိလေသာ ဘေးရန်တို့သည် မထင်ရှားသော ဖုံးလွှမ်းသော **အပါကဋပဋိစ္ဆန္နဘေးရန်** မည်ကုန်၏။

ထို ၂-ပါးတို့တွင် ဟင်းလင်းအပြင်ရှိသော ကျောင်း, မပိတ်အပ်သော တံခါးရှိသော

http://www.dhammadownload.com

ကျောင်း, သစ်ပင်ရင်း-အစရှိသည်တို့၌ နေသောရဟန်းအား သစ်, ကျား, ခြင်္သေ့-အစရှိကုန်သော ထင်ရှားသော ဘေးရန်တို့သည် ဖြစ်ကုန်၏။ ထိုဆိုအပ်ခဲ့ပြီးသော မလုံခြုံသော ကျောင်း၌နေသော ရဟန်းအား မာတုဂါမ, ဝိသဘာဂ-အစရှိသော အာရုံကို မြင်သဖြင့် စိတ်၌ ကိလေသာတို့သည် ထိုးကျင့်သဖြင့် စိတ်၏ နှိပ်စက်ကျင်နာခြင်းသည် ဖြစ်ကုန်ရာ၏။ လုံခြုံသောကျောင်း၌မူကား မဖြစ်ကုန်ရာ။ ဤ ၂-ပါးသော ဘေးရန်တို့၏ မဖြစ်ခြင်းကို သိ၍ မှီဝဲသုံးဆောင်ရာ၏။

ဤကျောင်းပစ္စည်း၌လည်း ပါဠိတော်နည်းအားဖြင့် ပစ္စုပ္ပန်ကာလ၌ ဆင်ခြင်အပ်၏။ အဋ္ဌကထာနည်းအားဖြင့် အတိတ်,ပစ္စုပ္ပန် ကာလ ၂-ပါး၌ ဆင်ခြင်အပ်၏။ ဓာတုသညာ, ပဋိကူလသညာဖြင့်လည်း ဆင်ခြင်အပ်၏။ ဓာတုသညာဖြင့် ဆင်ခြင်သော်ကား "**ဓာတုမတ္တကံ ယဒိဒံ သေနာသနံ၊ တထူပမံ ပရိဘုတ္တော ပုဂ္ဂလော‌ပိ ဓာတုမတ္တကမေဝ**"ဟု ဆင်ခြင်ရာ၏။ ပဋိကူလသညာဖြင့် ဆင်ခြင်လိုမူ-

ဣဒံ သေနာသနံ အဘိနဝကာလေ အတိသုဘံ ဝိယ မနောရမ္မံ ဝိယ အဇိရဋ္ဌာနိယံ ဝိယ ဟောတိ။ ဇိရဇရာဇိဏ္ဏကာလေ ပန ဧကန္တအသုဘဇေဂုစ္ဆနိယဘာဝံ ပါပုဏာသိယတိ။

ဟု ဆင်ခြင်ရာ၏။ သင်္ကန်းပစ္စည်း, ဆွမ်းပစ္စည်းတို့၌လည်း ဤနည်းအတူ ဆင်ခြင်သော်လည်း သင့်၏-ဟူကုန်၏။ ။ ဤကား သေနာသန်-၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။

----- x -----

၄။ ဘေသဇ္ဇသိက္ခာပဒဝဏ္ဏို

"**ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ**"ဟူသော ဤပုဒ်၌-

ရောဂေန ဂိလာယတိ ရုဇ္ဈတီတိ ဂိလာနော။

ယော ပုဂ္ဂလော၊ သည်။ ရောဂေန၊ ကုဋ္ဌ, ဂဏ္ဍ, ပိဋကာ-အစရှိသော ရောဂါကြောင့်။ ဂိလာယတိ ရုဇ္ဈတိ၊ ကျင်နာတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပုဂ္ဂလော၊ သည်။ ဂိလာနော၊ မည်၏။

ပဋိပက္ခံ အယတိ ဂစ္ဆတိ ပဝတ္တတိ ဧတေနာ'တိ ပစ္စယော။

ဧတေန၊ ဤဆိ,ထောပတ်-အစရှိသော ဆေးကြောင့်။ ရောဂဿ၊ ကုဋ္ဌ,ဂဏ္ဍ-အစရှိသော အနာ၏။ ပဋိပက္ခံ၊ ဆန့်ကျင်ဘက်သည်။ ဟုတ္တာ၊ ၍။ ဝါ၊ ပဋိပက္ခံ၊ ငြိမ်းခြင်း,

http://www.dhammadownload.com

ကင်းခြင်းသည်။ ဟုတ္တာ၊ ၍။ အယတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပစ္စယော၊ ပစ္စယ မည်၏။

အယတိ ပဝတ္တေတီတိ ဝါ အယော။

ဝါ၊ တစ်နည်းကား။ ယဲ ဘေသဇ္ဇ၊ အကြောင် ဆီ, ပျား, တင်လဲ-အစရှိသော ဆေးသည်။ ပီတိ၊ သူနာရဟန်းတို့အား နှစ်သက်ခြင်းကို။ အယတိ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ အယော၊ အယ မည်၏။

အယတိ ပဝတ္တတိ ဧတေနာတိ ဝါ အယော။

ဝါ၊ တစ်နည်းကား။ ဧတေန၊ ထို ဆီ,ပျား,တင်လဲ-အစရှိသော ဆေးဖြင့်။ ပီတိ၊ သူနာရဟန်းတို့အား နှစ်သက်ခြင်းသည်။ အယတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ အယော၊ မည်၏။

"ပီတိယာ အယော ပစ္စယော။" ပီတိယာ၊ နှစ်သက်ခြင်းကို။ အယော၊ ဖြစ်စေတတ်သည်တည်း။ ပစ္စယော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ တစ်နည်းကား- ပီတိယာ၊ ပီတိ၏။ အယော၊ ဖြစ်ကြောင်းတည်း။ ပစ္စယော၊ ပီတိ၏ ဖြစ်ကြောင်း။

ဂိလာနဿ ပစ္စယော ဂိလာနပစ္စယော။

ဂိလာနဿ၊ နာသောရဟန်း၏။ ပစ္စယော၊ အနာ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကြောင်းဖြစ်သော ဆေးတည်း။ ဝါ-ဂိလာနဿ၊ နာသော ရဟန်းအား။ ပစ္စယော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ဆေးတည်း။ ဝါ၊ ဂိလာနဿ၊ နာသော ရဟန်း၏။ ပစ္စယော၊ နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော ဆေးတည်း။ ဂိလာနပစ္စယော၊ နာသောရဟန်း၏ နှစ်သက်ခြင်း၏ အကြောင်းဖြစ်သောဆေး။ ဆီ,ပျား,တင်လဲ-အစရှိသော ဆေးပစ္စည်း ရ၏။

"ဘိသက္ကဿ ကမ္မံ ဘေသဇ္ဇံ"။ ဘိသက္ကဿ၊ ဆေးသမားသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ကမ္မံ အနုညာတံ၊ ခွင့်ပြုတော်မူအပ်သော ဆေးတည်း။ ဘေသဇ္ဇံ၊ ဆေးသမားသဖွယ်ဖြစ်တော်မူသော ဘုရား၏ ခွင့်ပြုတော်မူအပ်သော ဆေး။ ဤဥဒ္ဒါလည်း ဆီ,ပျား,တင်လဲ-အစရှိသော ဆေးပင် ရ၏။

ဂိလာနပစ္စယော ဧဝ ဘေသဇ္ဇံ ဂိလာနပစ္စယဘေသဇ္ဇံ။

ဂိလာနပစ္စယော ဧဝ၊ သူနာတို့အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ဆီ,ပျား, တင်လဲ-အစရှိသော ဆေးသည်ပင်လျှင်။ ဘေသဇ္ဇံ၏။ ဂိလာနပစ္စယဘေသဇ္ဇံ၊ သူနာတို့

http://www.dhammadownload.com

အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ဆီ,ပျား,တင်လဲ-အစရှိသော ဆေးသည်ပင်လျှင် ဘေသဇ၊ ဤ၌လည်း ဆီ,ပျား,တင်လဲ-အစရှိသည်ပင် ရ၏။

ပရိက္ခာရ-သဒ္ဒါသည် အကြောင်း-ဟု ဆိုအပ်သော သမ္ဘာရအနက်, အခြံအရံ-ဟု ဆိုအပ်သော ပရိဝါရအနက်၊ ဤအနက် ၂-ပါး၌ ဖြစ်၏။ ထို ၂-ပါးတို့တွင် အကြောင်း သမ္ဘာရထွဋ္ဌကား "**ပရိသမန္တတော ကရိယတိ ဖလံ နိဗ္ဗတ္တတိ ဧတေနာတိ ပရိက္ခာရော**"ဟု ပြု၍ ဇီဝိတိန္ဒြေ၏ ရှည်မြင့်စွာသောကာလပတ်လုံး တည်ကြောင်းဖြစ်သောဆေး ရစေ။

ပရိဝါရထွဋ္ဌကား "**ပရိသမန္တတော အန္ဆရာယာနံ ဝါရဏံ ကရောတီတိ ပရိက္ခာရော**"ဟု ပြု၍ ရောဂါ-အစရှိသော အန္တရာယ်တို့ကို မဖြစ်စေခြင်းငှာ ထက်ဝန်းကျင်မှ တားမြစ်ခြင်းကို ပြုတတ်သောဆေး ရစေ။ လောကူပမာအားဖြင့်ကား မင်းခယောက်ျားတို့ သည် ရန်သူတို့အား အန္တရာယ်ပြုခွင့်ကို မပေးမူ၍ မိမိ၏အရှင်ဖြစ်သော မင်းတို့အား ခြံရံ၍ စောင့်သကဲ့သို့ ဤဆေးပစ္စည်းသည်လည်း ရောဂါတို့အား အခွင့်ကို မပေးမူ၍ အရှင်စိုးမင်းနှင့် တူသော ဇီဝိတိန္ဒြေ၏ ရှည်မြင့်စွာသောကာလပတ်လုံး ဖြစ်စေခြင်းငှာ ခြံရံတတ်ပေရကား ဆေးသည် ဇီဝိတိန္ဒြေ၏ အခြံအရံ မည်၏။

ထို့ကြောင့် "**ဂိလာနပစ္စယဘေသဇ္ဇဥ္စ တံ ပရိက္ခာရော စာ'တိ ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရော**"ဟု ပြု၍ သူနာရဟန်းတို့အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သော၊ အမှတ်မရှိ လျော့က်ပတ်သော ဆေးသမားသဖွယ် ဖြစ်တော်မူသော ဘုရားသဗ္ဗညုသည် ခွင့်ပြုတော်မူအပ်သော ဆီ, ပျား, တင်လဲ-အစရှိသော အသက်၏အကြောင်း, အသက်၏အခြံအရံကို (ဝါ) အသက်၏အကြောင်း, အသက်၏အခြံအရံဖြစ်သော ဆေးကို-ဟု အနက်ပေးရာ၏။

"**ဥပ္ပဇ္ဇိတ္ထာတိ ဥပ္ပန္နာ**"။ ယာ ဣမာ ဝေဒနာယော၊ အကြောင်ဝေဒနာတို့သည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ကုန်ပြီ။ ဣတိ တသ္မာ၊ ကြောင့်။ ဥပ္ပန္နာ၊ မည်ကုန်၏။ "**တာသံ ဥပ္ပန္နာနံ**"ဟု ခံ။ ဤသို့ ပြုသော် ကာယိကဖြစ်သော အတိတ်ဒုက္ခဝေဒနာ ရ၏။

ဆေးကို သုံးဆောင်သဖြင့် မဖြစ်ကုန်သေးသော, ဖြစ်လတ္တံ့ဖြစ်ကုန်သော အနာဂတ် ဝေဒနာတို့သည်သာလျှင် ပျောက်ကုန်၏။ ဖြစ်ပြီး,ဖြစ်ဆဲဖြစ်ကုန်သော ဝေဒနာတို့သည် မပျောက်ကုန်။ အဘယ်ကြောင့်နည်းဟူမူကား ဖြစ်ပြီးသော ဝေဒနာတို့သည် ဥပါဒ်,ဋ္ဌိ,ဘင်အား ဖြင့် ဖြစ်၍ ချုပ်လေကုန်ပြီ ဖြစ်သောကြောင့်တည်း။ ဖြစ်ဆဲ, ဥပါဒ်ဆဲဖြစ်သော ဒုက္ခဝေဒနာ သည်လည်း မိမိ၏ ကိစ္စသဘောအားဖြင့် ဋ္ဌိသို့လည်းကောင်း, ဘင်သို့လည်းကောင်း ရောက်၍ အလိုလိုချုပ်လတ္တံ့ဖြစ်သောကြောင့် ဆေးကုရန် မရှိပြီ။ အနာဂတ်ဖြစ်သော ဒုက္ခဝေဒနာ

http://www.dhammadownload.com

သည်လည်း မဖြစ်သေးဖြစ်၍ ဆေးကို မှီဝဲခြင်းကြောင့် ပျောက်ရန် မရှိ။ ထိုသို့ မရှိသော်လည်း အနာဂတ်ဝေဒနာဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကုဋ္ဌ, ဂဏ္ဍ-အစရှိသော အနာ၏ ပျောက်ခြင်းကြောင့် အကျိုးဖြစ်သော အနာဂတ်ဖြစ်သော ဒုက္ခဝေဒနာသည် ပျောက်၏။ ကုဋ္ဌ, ဂဏ္ဍ-အစရှိသော ရောဂါသည်လည်း ဆေးကုခြင်းကြောင့် စင်စစ် မပျောက်။ ကုဋ္ဌ, ဂဏ္ဍ-အစရှိသော ရောဂါဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဓာတ် ၄-ပါးတို့တွင် ၁-ပါးပါး ယုတ်သည်,လွန်သည်-ဟု ဆိုအပ်သော မညီညွတ်ခြင်းတည်းဟူသော ဓာတုက္ခောဘသည်သာလျှင် ဆေးကို မှီဝဲခြင်းကြောင့် ပျောက်၏။

- အကြောင်းဖြစ်သော ဓာတုက္ခောဘ ပျောက်သဖြင့် အကျိုးဖြစ်သော ကုဋ္ဌ, ဂဏ္ဍ-အစရှိသော ရောဂါပျောက်၏။

- အကြောင်းဖြစ်သော ရောဂါပျောက်ခြင်းကြောင့် အကျိုးဖြစ်သော အနာဂတ်၌ ဖြစ်လတ္တံ့သော ဒုက္ခဝေဒနာ မဖြစ်သည်ကိုပင် ဆေးကြောင့် အနာဂတ်ဝေဒနာ ပျောက်သည်-ဟူကုန်၏။

ထိုသို့ဖြစ်သော် အနာဂတ်ဖြစ်သော ဒုက္ခဝေဒနာပျောက်ခြင်းအကျိုးငှာ ဆေးကို မှီဝဲအပ်၏-ဟု မဆိုမူ၍ "ဖြစ်ပြီး ဖြစ်ဆဲသော ဝေဒနာတို့ကို ဖျောက်ခြင်းအကျိုးငှာ ဆေးကို သုံးဆောင်သည်"ဟု ဆိုခြင်းသည် ဖြစ်လတ္တံ့သောဝေဒနာ၏ ဖြစ်ပြီး,ဖြစ်ဆဲဖြစ်သော ဝေဒနာတို့နှင့် တူသည်၏အဖြစ်ကြောင့် "တာနိယေဝ ဩသဓာနိ"ဟူသကဲ့သို့ သဒိသူပစာရအားဖြင့် ဖြစ်လတ္တံ့သောဝေဒနာကို ဖြစ်ပြီးသောဝေဒနာ, ဖြစ်ဆဲသောဝေဒနာ-ဟု တင်စား၍ ခေါ်ဝေါ်သည်-ဟူလိုသော်။

ထို့ကြောင့် "ဥပ္ပန္နာနန္တိ ဇာတာနံ ဘူတာနံ နိဗ္ဗတ္တာနံ"ဟု ဝိသုဒ္ဓိမဂ်(၁။၃၄) ၌ မိန့်အပ်ပြီ။ အကြောင်း,အကျိုးဆက်၍ ဆိုမူကား မလျော်ပတ်သော ဥတု, အာဟာရကြောင့် ဓာတုက္ခောဘသည်ဖြစ်၍ ဓာတုက္ခောဘကြောင့် ကုဋ္ဌ, ဂဏ္ဍ-အစရှိသော ရောဂါသည် ဖြစ်၏။ ထို ရောဂါကြောင့် ကာယိကဒုက္ခဝေဒနာသည် ဖြစ်၏။ ထို ၄-ပါးတို့တွင် ဆေးကို မှီဝဲခြင်းကြောင့် ဓာတုက္ခောဘသည်သာလျှင် ပျောက်၏။ ကြွင်းသော ၃-ပါးတို့သည် မပျောက်ကုန်။ ထိုသို့ မပျောက်သော်လည်း အကြောင်းဖြစ်သော ဓာတုက္ခောဘ ပျောက်သဖြင့် အကျိုးဖြစ်သော ရောဂါဝေဒနာတို့သည် ပျောက်သည်ဖြစ်၍ ဤအလုံးစုံတို့သည် ဆေးကြောင့် ပျောက်သည်-ဟူကုန်၏။ ဒေါသမူဒွေ၌ရှိသော ဒေါမနဿဝေဒနာ, ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဒုက္ခဝေဒနာ ၂-ပါးတို့တွင် ဤအရာ၌ ကာယိကဒုက္ခဝေဒနာကိုသာ လိုအပ်၏။ ဒေါမနဿဝေဒနာကို မလိုအပ်။

http://www.dhammadownload.com

ဝေယျာဗာဓိကာနံ-ဟူသောပုဒ်၌ "ဝိဝိဓာ အာကာရေန ဗာဓတိတိ ဗျာဗာဓော။"

ယော ဓာတုက္ခောဘော၊ အကြောင် ဓာတ်ချောက်ချားခြင်းသည်။ ဝိဝိဓာ အာကာရေန၊ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်။ သတ္တော၊ သတ္တဝါတို့ကို။ ဗာဓတိ၊ နှိပ်စက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဓာတုက္ခောဘော၊ ထိုဓာတ်ချောက်ချားခြင်းသည်။ ဗျာဗာဓော၊ မည်၏။ ဓာတ် ၄-ပါးတို့၏ မညီမညွတ် ဖောက်ပြန်ခြင်းတည်း-ဟူသော ဓာတုက္ခောဘ ရ၏။

တစ်နည်းလည်း ယော ကုဋ္ဌဂဏ္ဍပိဋကာဒိရောဂေါ၊ အကြောင် ကုဋ္ဌ, ဂဏ္ဍ, ပိဋက-အစရှိသော ရောဂါသည်။ ဝိဝိဓာကာရေန၊ ဖြင့်။ သတ္တော၊ တို့ကို။ ဗာဓတိ၊ နှိပ်စက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကုဋ္ဌဂဏ္ဍပိဋကာဒိရောဂေါ၊ သည်။ ဗျာဗာဓော၊ မည်၏။ ကုဋ္ဌဂဏ္ဍပိဋကာဒိရောဂေါ၊ သည်။ ဗျာဗာဓော၊ မည်၏။ ကုဋ္ဌ, ဂဏ္ဍ, ပိဋက-အစ ရှိသော ရောဂါ ရ၏။

"ဗျာဗာဓတော ဥပ္ပန္နာ ဝေယျာဗာဓိကာ။" ဗျာဗာဓတော၊ ဓာတ်ချောက်ချားခြင်းကြောင့်။ ဝါ၊ ကုဋ္ဌ,ဂဏ္ဍ,ပိဋက-အစရှိသော ရောဂါကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော ဒုက္ခဝေဒနာတို့သည်။ ဝေယျာဗာဓိကာ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော ဝေဒနာတို့။ ဝါ၊ ကုဋ္ဌ, ဂဏ္ဍ, ပိဋက-အစရှိသော ရောဂါကြောင့် ဖြစ်ကုန်သော ဒုက္ခဝေဒနာတို့။ "တာသံ ဝေယျာဗာဓိကာနံ ဝေဒနာနံ"ဟူ၍ စပ်ရာ၏။ ဤအရာ၌ ဒေါမနဿဝေဒနာကို မလိုအပ်၊ ကာယိကဒုက္ခဝေဒနာကိုသာ လိုအပ်၏။ (ဝိသုဒ္ဓိမဂ်၊၁။၃၄)

ထို့ကြောင့် "ဝေဒနာနန္တိ ဒုက္ခဝေဒနာ"ဟု ကြားပြီးသော နောက်၌ "အကုသလ-ဝိပါကဝေဒနာ"ဟု ဆင့်၍ အဋ္ဌကထာ၌ အဘိဓေယျတ္ထကို ကြားတော်မူပြန်သည်။ "ဝိဝိဓာ-ကာရေန ဗာဓတိတိ ဗျာဗာဓော။" ယော သဘာဝေါ၊ အကြောင် ဒုက္ခဝေဒနာ-ဟူသော သဘော သည်။ ဝိဝိဓာ ကာရေန၊ ဖြင့်။ သတ္တော၊ တို့ကို။ ဗာဓတိ၊ နှိပ်စက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ဗျာဗာဓော၊ မည်၏။ "ဗျာဗာဓော ဧဝ ဗျာဓဿိ"၊ ဗျာဗာဓော ဧဝ၊ ဗျာဗာဓသည်ပင်လျှင်။ ဗျာဓဿိ၊ မည်၏။

"ဒုက္ခန္တိ အတ္ထော"ဟု ဋီကာ (၁။၆၄)၌ အဘိဓေယျတ္ထကို ကြားရကား ကာယိက-ဒုက္ခဝေဒနာ ရ၏။ "နတ္ထိ ဗျာဓဿိ ဧတ္ထာတိ အဗျာဓဿိ"။ ဧတ္ထ၊ ဤကာလ၌။ ဗျာဓဿိ၊ (ဆေးပစ္စည်းကို မှီဝဲခြင်းကြောင့်) ဒုက္ခဝေဒနာသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ အဗျာဓဿိ၊ မည်၏။ လွန်စွာ နှိပ်စက်တတ်သော ကာယိကဒုက္ခဝေဒနာ မရှိ၊ ပျော်သည် တိုင်အောင် ဆေးပစ္စည်းကို မှီဝဲသုံးဆောင်ခြင်း အတိုင်းအရှည် ရ၏။

http://www.dhammadownload.com

ထို့ကြောင့် "**အဗျာဗဇ္ဈပရမတာယာတိ နိဗ္ဗုတ္ဓပရမတာယ။ ယာဝ တံ ဒုက္ခံ သဗ္ဗံ ပဟီနံ ဟောတိ တာဝါတိ အတ္ထော**"ဟု ဝိသုဒ္ဓိမဂ်(၁။၃၄)၌ မိန့်အပ်ပြီ။

အဗျာဗဇ္ဈပရမတာယ၊ လွန်စွာသော ဆင်းရဲမရှိသော ကာလတိုင်အောင် အတိုင်းအရှည်အကျိုးငှာ။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဤသို့ အနက်ပေး။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ပစ္စည်း ၄-ပါးတို့၌ကား ရသောကာလ၌လည်းကောင်း, သုံးဆောင်သောကာလ၌လည်းကောင်း၊ ဤ ၂-ပါးသောကာလ၌ ပစ္စဝေက္ခဏာကို ဆင်ခြင်အပ်၏။ ထို့ကြောင့် "**ဒုဝိဓံ ပစ္စဝေက္ခဏံ ပစ္စယာနံ ပဋိလာဘကာလေ ပရိဘောဂကာလေ စ**" ဟု ဝိသုဒ္ဓိမဂ်(၁။၄၁)၌ မိန့်အပ်ပြီ။

ထိုပစ္စည်း ၄-ပါးတို့ကို ရသောကာလ၌ ဆင်ခြင်သည်ရှိသော် ဓာတုသညာ၏ အစွမ်းအားဖြင့်လည်းကောင်း, ပဋိကူလသညာ၏ အစွမ်းအားဖြင့်လည်းကောင်း ဆင်ခြင်ရာ၏။ ထိုသို့ ဆင်ခြင်၍ ထားအပ်ကုန်သော သင်္ဃန်း-အစရှိကုန်သော ပစ္စည်း ၄-ပါးတို့ကို ထိုရသောကာလမှနောက် သုံးဆောင်သောကာလ၌ ပစ္စဝေက္ခဏာကို ဆင်ခြင်၍ သုံးဆောင်သောရဟန်း၏ သုံးဆောင်ခြင်းသည် အပြစ်မရှိ။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်(၁။၄၁)၌–

> **ပဋိလာဘကာလေပိ ဟိ ဓာတုဝသေန ဝါ ပဋိကူလဝသေန ဝါ ပစ္စဝေက္ခိတ္တွာ ဌပိတာနိ စီဝရာဒီနိ တတော ဥတ္တရိ ပရိဘုဉ္ဇန္တဿ အနဝဇ္ဇော ပရိဘောဂေါ၊ ပရိဘောဂကာလေပိ။**

ဟု မိန့်အပ်ပြီ။

"တတော ဥတ္တရိ ပရိဘုဉ္ဇန္တဿ အနဝဇ္ဇော ပရိဘောဂေါ"ဟူသော ရှေးဝါကျကို ထောက်သော် ပစ္စည်း ၄-ပါးတို့ကို ရ၍ မသုံးဆောင်မီ ရှေ့အဖို့ကာလ၌ ဓာတုသညာစသည်တို့ဖြင့် ဆင်ခြင်၍ ထားအပ်သည်ရှိသော် သုံးဆောင်သောကာလ၌ မဆင်ခြင်မိသော်လည်း အပြစ်မရှိ၊ ဣဏာပရိဘောဂ မဖြစ်-ဟု ဆိုရာရောက်၏။ သို့ရောက်သော်လည်း ပရိဘောဂကာလေပိ-ဟူသော နောက်ဝါကျဖြင့် သုံးဆောင်သောကာလ၌ ဆင်ခြင်အပ်သည်သာတည်းဟူသော အနက်ကို ပြအပ်၏။ ပစ္စည်းကို ရသောကာလ ဆင်ခြင်အပ်၏-ဟူရာ၌ ပစ္စဝေက္ခဏာ၏ အစ၌ စင်ကြယ်ခြင်းရှိသည်၏အဖြစ်ကို ပြအပ်၏။ ပရိဘောဂကာလ၌ ပစ္စဝေက္ခဏာကို မဆင်ခြင်အပ်-ဟူ၍ ပယ်သောအရာ မဟုတ်။

ထို့ကြောင့်–

http://www.dhammadownload.com

ပစ္စဝေက္ခဏာယ အာဒိသုဒ္ဓိဒဿနပရမေတံ။ နှ ပရိဘောဂကာလေ ပစ္စဝေက္ခဏာ-
ပဋိက္ခေပပရံ။ တေနာဟ "ပရိဘောဂကာလေပီ"တိ။

ဟု ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ(၁။၇၂)၌ မိန့်အပ်ပြီ။

ဤကား ပစ္စည်း ၄-ပါးတို့၌ ဆင်ခြင်သင့်သောအရာ အလုံးစုံကို ပေါင်းရုံး၍ ဆိုအပ်သော စကားတည်း။ ပစ္စည်း ၄-ပါးတို့ကို ဆင်ခြင်ရာ၌ ဤဆိုလတ္တံ့သည်ကား သန္နိဋ္ဌာန်ဖြစ်သော အဆုံးအဖြတ်တည်း။ ပရိဘောဂသည် ထေယျပရိဘောဂ, ဏ္ဏကပရိဘောဂ, ဒါယဇ္ဇပရိဘောဂ, သာမိပရိဘောဂအားဖြင့် ၄-ပါးတည်း။

ထို ၄-ပါးတို့တွင်–

- သံဃာ့အလယ်၌နေ၍ ဒုဿီလပုဂ္ဂိုလ်၏ ပစ္စည်း ၄-ပါးကို သုံးဆောင်ခြင်းသည် ဘုရားသခင်၏ ပစ္စည်းကိုလည်းကောင်း, ဒါယကာတို့၏ ပစ္စည်းကိုလည်းကောင်း ခိုး၍ သုံးဆောင်သောကြောင့် ထေယျပရိဘောဂ မည်၏။
- သီလရှိသော ရဟန်း၏ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်း ၄-ပါးကို သုံးဆောင်ခြင်းသည် သူ့ကြွေးမြီကို ယူ၍ စားသည်နှင့် တူသောကြောင့် ဏ္ဏကပရိဘောဂ မည်၏။
- သေက္ခ ၇-ယောက်တို့၏ ပစ္စည်း ၄-ပါးကို သုံးဆောင်ခြင်းသည် အဘ၏ဥစ္စာကို သားတို့သည် အမွေခံ၏အဖြစ်ဖြင့် ယူသကဲ့သို့ ဘုရားတည်း-ဟူသော အဘ၏ ပစ္စည်း ၄-ပါးတည်း-ဟူသော ဥစ္စာကို သေက္ခ ၇-ယောက်တည်း-ဟူသော သားတော်တို့သည် အမွေခံ၏အဖြစ်ဖြင့် သုံးဆောင်ခြင်းကြောင့် ဒါယဇ္ဇပရိဘောဂ မည်၏။
- ရဟန္တာပုဂ္ဂိုလ်တို့၏ ပစ္စည်း ၄-ပါးကို သုံးဆောင်ခြင်းသည် တဏှာတည်းဟူသော ကျွန်၏အဖြစ်မှ လွန်သောကြောင့် သာမိပရိဘောဂ မည်၏။

ထို ၄-ပါးသော ပရိဘောဂတို့တွင် သာမိပရိဘောဂ, ဒါယဇ္ဇပရိဘောဂ ၂-ပါးသည် သာလျှင် အလုံးစုံသော ရဟန္တာ, သေက္ခ, ပုထုဇဉ်ဖြစ်ကုန်သော ရဟန်းတို့အား အပ်ကုန်၏။ ဏ္ဏကပရိဘောဂသည် မအပ်။ ထေယျပရိဘောဂ၌မူကား ဆိုဖွယ်ရာမရှိ၊ မအပ်သည်သာ လျှင်တည်း။ သီလရှိသော ရဟန်း, သာမဏေ၏ ပစ္စဝေက္ခဏာဆင်ခြင်၍ ပစ္စည်းကို သုံးဆောင်ခြင်းသည် ဏ္ဏကပရိဘောဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဏ္ဏကပရိဘောဂ မမည်။ ဒါယဇ္ဇပရိဘောဂ၌သော်လည်း သင်္ကြိုဟ်ခြင်းသို့ ရောက်၏။

အဘယ်ကြောင့်နည်းဟူမူကား သီလဝန္တပုဂ္ဂိုလ်ကို သေက္ခ-ဟူ၍ ရေတွက်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ထို့ကြောင့် "သီလဝန္တပုထုဇ္ဇနော သောတာပန္နေယေဝ

http://www.dhammadownload.com

သင်္ဂဟိတော"ဟူ၍လည်းကောင်း၊ "သီလဝန္တပုထုဇ္ဇနော သေက္ခော'တွေဝ သဒ္ဒီ ဂစ္ဆတိ"ဟူ၍ လည်းကောင်း မိန့်အပ်ပြီ (သံ၊၃။၁၂။ သေက္ခသုတ္တ)။

ဤ ၄-ပါးသော ပရိဘောဂတို့တွင် သာမိပရိဘောဂသည် အလွန်မြတ်၏။ ထို့ကြောင့် ထိုသာမိပရိဘောဂကို တောင့်တသော ရဟန်းသည်ကား ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ပစ္စည်း ၄-ပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ ပစ္စည်း ၄-ပါးကို သုံးဆောင်သဖြင့် (ကွဏပရိဘောဂ), ဒါယဇ္ဇပရိဘောဂကို ပြည့်စုံစေသဖြင့် ပစ္စယသန္နိဿိတသီလကို ပြည့်စုံစေအပ်၏။

ထိုသို့ ပစ္စဝေက္ခဏာကို ဆင်ခြင်ရာ၌လည်း–

> စီဝရံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ၊ ပိဏ္ဍပါတော အာလောပေ အာလောပေ၊ တထာ အသက္ကောန္တေန ပုရေဘတ္တပစ္ဆာဘတ္တပုရိမယာမ မဇ္ဈိမယာမ-ပစ္ဆိမယာမေသု။ သစ'ဿ အပစ္စဝေက္ခတောဝ အရုဏံ ဥဂ္ဂစ္ဆတိ၊ ကွဏပရိဘောဂ-ဌာနေ တိဋ္ဌတိ။ သေနာသနမ္ပိ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ။

ဟူ၍ ဝိသုဒ္ဓိမဂ်(၁။၄၁)၌ မိန့်အပ်သော–

သင်္ကန်း,ဆွမ်း,ကျောင်း၊ ဤပစ္စည်း ၃-ပါးတို့၌ သုံးဆောင်သည့်ကာလ မဆင်ခြင်မိသော် မွန်းမတည့်မိ ပုရေဘတ္တအခါ၌လည်းကောင်း, မွန်းလွဲပြီးဖြစ်သော ပစ္ဆာဘတ္တအခါ၌လည်းကောင်း၊ ညဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံတို့တွင် တစ်ပါးပါးသော ယံ၌လည်းကောင်း ဆင်ခြင်ရာ၏။ သုံးဆောင်သော် အကြိမ်စေ့အောင် ဆင်ခြင်ခြင်းငှာ မတတ်နိုင်မူ တစ်နေ့သုံးဆောင်သော အစာအာဟာရကို ရည်၍ တစ်နေ့၌ ၄-ကြိမ်လည်းကောင်း, ၃-ကြိမ်လည်းကောင်း, ၂-ကြိမ်လည်းကောင်း, ၁-ကြိမ်သော်လည်းကောင်း ဆင်ခြင်အပ်၏။ ထိုသို့ မဆင်ခြင်သော ရဟန်းအား အရုဏ်တက်သည် ဖြစ်အံ့၊ ကွဏပရိဘောဂအရာ၌ တည်၏။ ထို့ကြောင့်–

> **တထာ အသက္ကောန္တေန ယထာဝုတ္တကာလဝိသေသဝသေန ဧကဿိ ဒ္ဝိဝသေ စတုက္ခတ္တုံ၊ တိက္ခတ္တုံ၊ ဒ္ဝိက္ခတ္တုံ၊ သကိံယေဝ ဝါ ပစ္စဝေက္ခိတဗ္ဗံ။ သစ'ဿ အပစ္စဝေက္ခတော အရုဏံ ဥဂ္ဂစ္ဆတိ၊ ကွဏပရိဘောဂဌာနေ တိဋ္ဌတိ။**

ဟု ဝိနယာလင်္ကာရဋီကာ (၁။၁၃၈)၌ မိန့်အပ်ပြီ။ ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ (၁။၇၂)၌လည်း–

> **သေနာသနမ္ပိ ပရိဘောဂေ ပရိဘောဂေတိ ပဝေသေ ပဝေသေ။**

ဝိနယာလင်္ကာရဋီကာ(၁။၁၃၉)၌လည်း–

http://www.dhammadownload.com

ပရိဘောဂေ ပရိဘောဂေတိ ဥဒကပတနဋ္ဌာနတော အန္တောပဝေသနေသု နိသီဒန-သယနေသု စ။

ဟု နည်းတူပင် မိန့်အပ်၏။ ဆေးပစ္စည်း၌ကား-

ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာဝ ဝဋ္ဋတိ။

ဟူ၍ ဝိသုဒ္ဓိမဂ်(၁။၄၁)၌ မိန့်အပ်သောကြောင့် ဆေးပစ္စည်းကို အကပ်ခံသောကာလ၌လည်းကောင်း, သုံးဆောင်သောကာလ၌လည်းကောင်း ပစ္စဝေက္ခဏာသတိရှိသည်၏ အဖြစ်သည်သာလျှင် အပ်၏။

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ(၁။၁၃၉)၌လည်း-

သတိပစ္စယတာ ဝဋ္ဋတိတိ ပစ္စဝေက္ခဏသတိယာ ပစ္စယတ္တံ လဒ္ဓံ ဝဋ္ဋတိ။ ပဋိဂ္ဂဟဏေ စ ပရိဘောဂေ စ ပစ္စဝေက္ခဏာသတိ အဝဿံ လဒ္ဓဗ္ဗာတိ ဒဿေတိ။

ဟု မိန့်အပ်ပြီ။

ထိုသို့ မိန့်အပ်သော်လည်း အကပ်ခံသောကာလ ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်၍ သုံးဆောင်သောအခါ မဆင်ခြင်သော် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အန္တရာပတ် ဒုက္ကဋ် အာပတ်သင့်၏။ အကပ်ခံသောကာလ မဆင်ခြင်မူ၍ သုံးဆောင်သောကာလ ဆင်ခြင်သည်ရှိသော် ထိုအန္တရာပတ်ဒုက္ကဋ်မှ လွတ်၏။ ထိုဒုက္ကဋ်မှသာ လွတ်သည် မဟုတ်၊ ဣရိယာပထ-ဘောဂလည်း မဖြစ်။ ထိုသို့ မဖြစ်ခြင်းကြောင့် ပါတိမောက္ခသံဝရသီလ, ပစ္စယသန္နိဿိတသီလ ၂-ပါးသည် ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် ဆေးပစ္စည်းကို သုံးဆောင်သော ရဟန်းသည် သုံးဆောင်ဆဲ ပစ္စုပ္ပန်ကာလ၌သာ ဆင်ခြင်၍ သုံးဆောင်အပ်၏။

မဆင်ခြင်မူ ဆိုအပ်ခဲ့ပြီးသော ဒုက္ကဋ်အာပတ်သို့ ရောက်၍ ပါတိမောက္ခသံဝရသီလ ပျက်၏။ နောက်မှ ဆင်ခြင်သော် ပစ္စယသန္နိဿိတသီလ ပြည့်စုံခြင်းသို့ ရောက်သေး၏။ အရုဏ်တက်သောကာလမှစ၍ မွန်းတည့်မီအတွင်း၌ ဆေးအကျိုးငှာ အကပ်ခံသော သတ္တာဟကာလိက, ယာဝကာလိကတို့ကိုလည်းကောင်း၊ ပိပါသစ္ဆေဒနအကျိုးငှာ အကပ်ခံအပ်သော ယာမကာလိက အဖော်ကိုလည်းကောင်း နေမလွဲမီ သုံးဆောင်သည်ရှိသော်လည်း ဂိလာနကိုပင် ဆင်ခြင်၍ သုံးဆောင်အပ်၏။

မဆင်ခြင်မိသော်လည်း ဝိကာလဘောဇနသိက္ခာပုဒ်, သန္နိဓိသိက္ခာပုဒ်တို့ဖြင့် အန္တရာပတ်ဒုက္ကဋ် မသင့်သေး။ ထိုနေ့ နေလွဲသောကာလ၌ ထိုပစ္စည်း ၃-ပါးတို့ကို မိမိတို့၏ အကြောင်းအားလျော်စွာ အကြောင်းရှိ၍ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်သော်

http://www.dhammadownload.com

ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ ၁-ညဉ့်သည် လွန်ပြီး၍ နံနက်ကာလ၌ အကြောင်းရှိ၍ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်သော် သန္နိဓိသိက္ခာပုဒ်ဖြင့် အန္တရာပတ်ဒုက္ကဋ် သင့်၏။ ၁-ညဉ့်-စသည် လွန်ပြီး၍ အကြောင်းအားလျော်စွာ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ နေလွဲသောကာလ၌ သုံးဆောင်သည်ရှိသော် ဝိကာလဘောဇန, သန္နိဓိသိက္ခာပုဒ်တို့ဖြင့် အန္တရာပတ် ဒုက္ကဋ်အာပတ် သင့်၏။

ထိုကာလိက ၃-ပါးတို့ကို နံနက်အရုဏ်တက်သည်မှ မွန်းမတည့်မီအတွင်း၌ ဆေးအကျိုး, ယာမကာလိကအကျိုးငှာ အကပ်ခံပြီး၍ မွန်းမတည့်မီကာလ၌ အာဟာရအကျိုးငှာလည်းကောင်း, ဆွမ်း-စသော အာမိသတို့နှင့် ရောလည်းကောင်း သုံးဆောင်သော်လည်း အာပတ်မသင့်။ နေလွဲသောကာလ၌ အာဟာရအကျိုးငှာ သုံးဆောင်သော် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ အကြောင်းမရှိဘဲ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်သော်လည်းကောင်း၊ အကြောင်းရှိသော်လည်း ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်သော်လည်းကောင်း အာဟာရကို သုံးဆောင်သည်နှင့် တစ်စိတ်အားဖြင့် တူသောကြောင့် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ် သင့်၏။

ယာမကာလိကဖြစ်မူ အကြောင်းရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ၊ အာဟာရအကျိုးငှာ သုံးဆောင်သည်ဖြစ်စေ, ပိပါသစ္ဆေဒနအကျိုးငှာ သုံးဆောင်သည်ဖြစ်စေ၊ ပစ္စဝေက္ခဏာဆင်ခြင်၍လည်းကောင်း, မဆင်ခြင်ဘဲလည်းကောင်း သုံးဆောင်သည်ဖြစ်စေ၊ ၁-ညဉ့်လွန်ပြီး၍ နံနက်ကာလ သုံးဆောင်သော် သန္နိဓိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်သင့်၏။ မွန်းလွဲသောကာလ၌ ထိုဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သုံးဆောင်သော် ဝိကာလဘောဇန, သန္နိဓိသိက္ခာပုဒ်တို့ဖြင့် ဒုက္ကဋ်သင့်၏။

သတ္တာဟကာလိကကို ၇-ရက်က လွန်သော် နိဿဂ္ဂိယပါစိတ်အာပတ် သင့်၏။ မသုံးဆောင်ရ။ သုံးဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ထိုသတ္တာဟကာလိကကို နေမလွဲမီ သုံးဆောင်ခြင်း, နေလွဲပြီးသောကာလ၌ အာဟာရအကျိုးငှာ သုံးဆောင်ခြင်း, အကြောင်းမရှိဘဲ ပစ္စဝေက္ခဏာကို ဆင်ခြင်၍ သုံးဆောင်ခြင်း, အကြောင်းရှိသော်လည်း ပစ္စဝေက္ခဏာကို မဆင်ခြင်ဘဲ သုံးဆောင်ခြင်းတို့၌ ရှေးနည်းအတူ မှတ်အပ်၏။ ယာဝဇီဝကာ၌ သတ္တာဟကာလိက နည်းတူပင်။ ကာလအရှည်,အတိုကို ပိုင်းခြား၍ အာပတ်သင့်, မသင့်ကို မှတ်အပ်၏။

ပရိယာယ်, ဩဘာသ, နိမိတ္တ, သာမန္တဇပ္ပ, ဝိညတ်, ကယဝိကွယ, ရူပိယာဒိပဉ္စဂဟ, အဘူတာရောစန-အစရှိသည်-ဟု ဆိုအပ်ကုန်သော ပရိယာယ်ဆို၍ ရသောပစ္စည်း, အရိပ်အယောင်ဆို၍ ရသောပစ္စည်း, နိမိတ်ပြု၍ ရသောပစ္စည်း, ပစ္စည်းအနီးနှင့်စပ်သော စကားကို

http://www.dhammadownload.com

ဆို၍ ရသောပစ္စည်း, တောင်း၍ရသောပစ္စည်း, ရောင်းဝယ်၍ရသောပစ္စည်း, ရွှေငွေကို ခံခြင်း, သာယာခြင်းတို့ဖြင့် ရသောပစ္စည်း, မဟုတ်မမှန်သော ဥတ္တရိမနုဿဓမ္မ အစရှိသော မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ပြောဟော၍ ရသောပစ္စည်း၊ ဤသို့ အစရှိသော ပစ္စည်းတို့သည် မစင်ကြယ်သော, တရားနှင့်မလျော်သော **အပရိသုဒ္ဓအဓမ္မိယ** မည်ကုန်၏။ ထိုပစ္စည်းတို့ကို ရဟန်း, သာမဏေတို့သည် သုံးဆောင်ခြင်းငှာ မထိုက်ကုန်။ သုံးဆောင်သော ရဟန်း, သာမဏေတို့အား ဒုက္ကဋ်အာပတ်သင့်ခြင်း, ဒဏ်ထိုက်ခြင်းသို့ ရောက်ကုန်၏။ ပစ္စဝေက္ခဏာဆင်ခြင်သော်လည်း စင်ကြယ်ခြင်းသို့ မရောက်သည်ဖြစ်၍ ဆင်ခြင်ခြင်းငှာ မထိုက်ကုန်။ ဆင်ခြင်၍လည်း မရ။ ဣဏပရိဘောဂ-ဟူ၍လည်း မဆိုအပ်။ စင်စစ်အားဖြင့် မဟာ-သာဝဇ္ဇဖြစ်၍ အပြစ်ကြီးသည်သာတည်း။

ထို့ကြောင့် ပစ္စည်းကို ရှာမှီးသောကာလ, ခံသောကာလ, သုံးဆောင်သောကာလ တို့၌ အလွန်စင်ကြယ်သော ပစ္စည်းတို့ကို ရှာ၍, ခံ၍, ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ကုန်ရာ၏။ ဤသို့ဖြစ်မှသာလျှင် ပစ္စယသန္နိဿိတသီလ ပြည့်စုံ၍ အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံခြင်းသို့ ရောက်၏။ အာဇီဝသည်လည်း ဝိရိယသမ္မာအာဇီဝ, ဝိရတိသမ္မာအာဇီဝ, စေတနာသမ္မာအာဇီဝအားဖြင့် ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင်–

- 'မစင်ကြယ်သော ပစ္စည်းကို မရပါစေလင့်။ စင်ကြယ်သော ပစ္စည်းကိုသာ ရပါစေ'ဟု ပစ္စည်းကို ရှာသောအခါ စင်ကြယ်အောင် အားထုတ်၍ ရှာကြောင်းဖြစ်သော ဝိရိယသည် **ဝိရိယသမ္မာအာဇီဝ** မည်၏။
- မစင်ကြယ်သော ပစ္စည်းကို ရ၍ မခံမူ၍ ပယ်စွန့်ခြင်းသည်လည်းကောင်း, မသုံးဆောင်မူ၍ ပယ်စွန့်ခြင်းသည်လည်းကောင်း **ဝိရတိသမ္မာအာဇီဝ** မည်၏။
- စင်ကြယ်စွာ အားထုတ်၍ ရှာမှီးသဖြင့် စင်ကြယ်စွာရသော ပစ္စည်းကို စင်ကြယ်၏-ဟု အမှတ်ရှိ၍ သုံးဆောင်သောအခါ၌ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်၌ရှိသော စေတနာသည် **စေတနာသမ္မာအာဇီဝ** မည်၏။

ထို ၃-ပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ပစ္စည်းတို့သည်သာလျှင် ပစ္စ-ဝေက္ခဏာဆင်ခြင်ခြင်းငှာ ထိုက်ကုန်၏။ မတရားသဖြင့် ရှာမှီး၍ မတရားသဖြင့်ရသော ပစ္စည်းတို့သည် ပစ္စဝေက္ခဏာဆင်ခြင်ခြင်းငှာ မထိုက်ကုန်။ ထို့ကြောင့် တရားသဖြင့် ပစ္စည်းကို ရှာ၍ တရားသဖြင့် ရသောပစ္စည်းတို့ကို ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပစ္စဝေက္ခဏာသတိကို မကင်းစေမူ၍ အသင့်အားဖြင့် ဆင်ခြင်၍ ပစ္စယသန္နိဿိတသီလကို ပြည့်စုံစေခြင်းငှာ သုံးဆောင်မှီဝဲကုန်ရာ၏-ဟူလိုသော်။

http://www.dhammadownload.com

သမ္မာ အာဇီဝန္တိ ဧတေနာတိ သမ္မာအာဇီဝေါ။

ဧတေန၊ ထိုသမ္မာအာဇီဝဖြင့်။ ဝါ၊ ဝိရတိဖြင့်။ ဝါ၊ စေတနာဖြင့်။ သမ္မာ၊ ကောင်းစွာ။ အာဇီဝန္တိ၊ အသက်မွေးတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ကောင်းစွာ အသက်မွေးကြောင်း ဖြစ်သော သတ္တိကြောင့်။ ဧတေနာတိ ပဒေန၊ ဧတေန-ဟူသော ပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌော၊ သော။ သော ဝိရိယဝိရတိစေတနာဓမ္မော၊ ထိုဝိရိယ, ဝိရတိ, စေတနာ ၃-ပါးအပေါင်းသည်။ သမ္မာ-အာဇီဝေါ၊ မည်၏။

"ဝိပါသာဂေလညဿ ဝူပသမနတော ပါနီယမ္ပိ ဂိလာနပစ္စယော"တိ အာပမုခေန ဒဿိတံ ဂိလာနပစ္စယံ။ (ဝိသုဒ္ဓိ၊ဋီ၊၁။၇၄)

ဝိပါသာဂေလညဿ၊ ရေသိပ်ခြင်းတည်းဟူသော အနာ၏။ ဝူပသမနတော၊ ငြိမ်းခြင်းကြောင့်။ ပါနီယမ္ပိ၊ ရေကိုလည်း။ ဂိလာနပစ္စယောတိ၊ ဂိလာနပစ္စယ-ဟူ၍။ အာပမုခေန၊ ရေကို အရင်းမူသဖြင့်။ ဒဿိတံ၊ ပြအပ်သော။ ဂိလာနပစ္စယံ၊ ဆေးပစ္စည်းကို။

ဤသို့ ပြအပ်သည်နှင့်အညီ အချို့သော အရှင်တို့သည် ရေကို သုံးဆောင်သော ကာလ ဂိလာနကို ဆင်ခြင်၍ သုံးဆောင်ရမည်-ဟူကုန်၏။ ဆေးပစ္စည်းနှင့် တူသည်၏ အဖြစ်ကိုသာလျှင် သိအပ်၏။ ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်းကြောင့် အာပတ်လည်း မသင့်၊ ဣဏာပရိဘောဂလည်း မဖြစ်။

အဘယ့်ကြောင့်နည်းဟူမူကား ကာလိက ၄-ပါးတို့တွင် တစ်ပါးပါးမျှ၌ မပါမဝင်သည်၏ အဖြစ်ကြောင့်တည်း။ ဆင်ခြင်လျှင် အကျိုးမရှိလော-ဟူငြားအံ့၊ အကျိုးရှိ၏။ အကျိုးကို အလိုရှိ၍ ဆင်ခြင်လိုမူ "အသိတေ ပိတေ ခါယိတေ သာယိတေ သမ္မဇ္ဇနကာရီ ဟောတိ"ဟူ၍ မဟာသတိပဋ္ဌာနသုတ်(မ၊၁။၇၂)၌ လာသောနည်းဖြင့် ဆင်ခြင်ရာ၏။ ဝစ္စကုဋိ, ပဿာဝကုဋိတို့ကို သုံးဆောင်သောကာလ၌လည်း "ဥစ္စာရ ပဿာဝကမ္မေ သမ္မဇ္ဇနကာရီ ဟောတိ"ဟူ၍ မဟာသတိပဋ္ဌာနသုတ်(မ၊၁။၇၂)၌ လာသောနည်းဖြင့် ဆင်ခြင်ရာ၏-ဟု ဆရာကြီး,ဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့ မိန့်ဆိုတော်မူကြကုန်၏။

ပစ္စဝေက္ခဏာ ၄-ပါးပါဠိအနက်နှင့် အဓိပ္ပါယ်ကား ပြီး၏။

ပစ္စဝေက္ခဏာဂဏ္ဌိကျမ်း ပြီး၏။

★★★★★★★

http://www.dhammadownload.com

ဗားကရာသာသနာပိုင်ဆရာတော်

{ ၂ } ဘိုးတော်ဘုရားအဖေးတော်ပုံ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[၁] ပထမ ဝိသုဒ္ဓိမဂ်နိဒ္ဒေသ

မဟာဒါန်ဝန် လျှောက်ပါသည် ဆရာတော်ဘုရား။ "ပကတိဂါမ, ဝိသုဒ္ဓိဂါမ ၂-ပါး တွင် ပကတိဂါမကို ဆိုသည့်စကားရပ်မှာ "တဿ တဿ ဂါမဿ ဘောဇကာ ဗလီ လဘန္တိ" (ဝိ၊၅၊၃။၃၃၃)-ဟု ဆိုသည့်စကားသည် ပကတိဂါမခေတ် အပိုင်းအခြားကို ထင်ရှားစွာ သိစေလို၍ ဆိုခြင်းသာ ဖြစ်သည်။ ဝိသုဒ္ဓိဂါမမှာ ပကတိဂါမခေတ်မှ ပယ်သီးနယ်ခြားဖြစ်အောင် အခွန်နှင့်တကွပေးမှသာ ဝိသုဒ္ဓိဂါမမြောက်မည် ဖြစ်သည်-အထင်တော်ရှိသည်။ အပိုင်းအခြား မူလဖြစ်မည်၊ အခွန်မူလဖြစ်မည်၊ အပိုင်းအခြား,အခွန် ၂-ပါးစုံညီမှ မူလဖြစ်မည်- အခြင်းအရာများနှင့် ဝိသုဒ္ဓိဂါမလက္ခဏာကို သိတော်မူသောအောင်-

- မင်းအိုဆရာတော်,
- မင်းရွာဆရာတော်,
- ပလိုင်းဆရာတော်,
- မဟာဒါန်တိုက်ဝန်ကျောင်းဆရာတော်,
- တောင် ၄-လုံးဆရာတော်,
- ဆုံထားတိုက်အိမ်ရှေ့ဆရာတော်,
- ဗားကရာဆရာတော်,
- မုန်တောဆရာတော်-

တို့ကို မဟာဒါန်ဝန်က အသီးအသီး လျှောက်ထား၍ တရားကျမ်းဂန်နှင့်အညီ ဆရာတော်တို့ ဆက်သွင်းစေ"။

၁၁၄၈-ခု၊ ပြာသိုလဆန်း၊ ၁၄-ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ခွက်ရသည့်အတိုင်း လျှောက်ထားပါသည်။ အမိန့်တော်တွင်ပါသည့် စကားရပ်များကို ဆင်ခြင်တော်မူ၍ ပါဠိ, အဋ္ဌကထာ, ဋီကာနှင့်အညီ သိတော်မူသောအောင် ၎င်းလပြည့်ကျော် ၁-ရက်နေ့ သွင်းတော်မူပါ ဆရာတော်ဘုရား။

http://www.dhammadownload.com

ဗားကရာဆရာတော် မေတ္တာစာ ဆက်သွင်းပါသည် သာသနာ့ဒါယကာ မဟာ-ဓမ္မရာဇ် တရားမင်းမြတ်၊ သိမ်အပြားသည် **ဗဒ္ဓသိမ်, အဗဒ္ဓသိမ်**-ဟူ၍ ၂-ပါးရှိသည်။ ထို ၂-ပါးတွင် အဗဒ္ဓသိမ်သည် ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်-ဟူ၍ ၃-ပါးပြားသည်။

- တစ်ခုသော ဂါမခေတ်သည် **ဂါမသိမ်** မည်၏။
- ဂါမခေတ်မှ လွတ်သော ဝိဇ္ဈာဋဝိတောကြီး-စသည်တို့၌လည်းကောင်း၊ တံငါတို့၏ နေ့ချင်း မပြန်နိုင်သော သမုဒ္ဒရာအလယ် ကျွန်းငယ်-စသည်တို့၌လည်းကောင်း သံဃာအဆုံးမှ ထက်ဝန်းကျင် ၇-အဗ္ဘန္တရအတွင်းသည် **သတ္တဗ္ဘန္တရသိမ်** မည်၏။
- မြစ်,သမုဒ္ဒရာ,ဇာတဿရအိုင်တို့၌ သံဃာအဆုံးမှ ရေတစ်ကျ ပမာဏအရပ်သည် **ဥဒကုက္ခေပသိမ်** မည်၏။

ထို ၃-ပါးတွင် သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်တို့မှာ မမြဲ။ သံဃာသွားတိုင်း သိမ်သက်သည်ဖြစ်သောကြောင့် သီမသမုတိကံကို ခွင့်ပြုတော်မမူ။ ဂါမသိမ်သည် အမြဲတည်၍ သံဃာ မသိမ်းနိုင်မည်ဖြစ်သောကြောင့် သံဃဖာသုဖြစ်စေခြင်းငှာ ထိုဂါမသိမ် အတွင်းတွင် သီမသမုတိကံကို ခွင့်ပြုတော်မူသည်။ ထိုဂါမသိမ်သည်လည်း အဒိန္နာဒါန်သိက္ခာပုဒ်၌ ဂါမကဲ့သို့ မဟုတ်။ ဤအရာ၌မူ အခွန်ပိုင်သူတို့၏ အခွန်ရရာအရပ်သည် ကျဉ်းသည်ဖြစ်စေ,ကျယ်သည်ဖြစ်စေ ဂါမသိမ်မည်၏-ဟု ပြတော်မူလိုသော ဗုဒ္ဓမတညုအရှင်အဋ္ဌကထာဆရာသည်-

> **ယတ္ထကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဇကာ ဗလီ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာ'တွေဝ သခ်ံ ဂစ္ဆတိ။**

(မဟာဝါ။၃၃၃)ဟူ၍ မိန့်သည်။

တစ်ခုသော ဂါမခေတ်အတွင်းတွင် အကြင် တစ်ခုသောအရပ်ကို 'ဤအရပ်သည်လည်း ဝိသုံဂါမ ဖြစ်စေသတည်း'ဟု ပိုင်းခြား၍ တစ်စုံတစ်ယောက်သောသူအား မင်းက ပေး၏။ ထိုအရပ်သည်လည်း ဝိသုံဂါမသိမ် မည်သည်သာတည်း-ဟု ပြတော်မူလိုသော အရှင်အဋ္ဌကထာဆရာသည်-

> **ယမ္ပိ ဧကသ္မိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ 'အယံ ဝိသုံဂါမော ဟောတူ'တိ ပရိစ္ဆိန္နိတ္တာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။** (ဝိ၊ဋ္ဌ၊၁။၃၃၃)

ဟူ၍ မိန့်သည်။

http://www.dhammadownload.com

အခွန်ရ၏-ဟူသည်လည်း ယေဘုယျသာ ဖြစ်သည်။ 'ဤမျှသော ပယ်နယ်အဖို့ သည် ဂါမဖြစ်စေ'-စသည်ဖြင့် မင်း၏အမိန့်တော်စာရင်း တင်မှတ်အပ်သော မြေအရပ်တို့တွင် အကြင်အကြင် တဘက်ဆည်ကန်, မြောင်း, သချိုင်း, တောင်-စသော အရပ်၌ အခွန်မကောက်,မယူ။ ထိုအခွန် မကောက်မယူရာဖြစ်သော, မင်း-စသောသူတို့သည် ပိုင်းခြားအပ်သော မြေအရပ်သည် မြစ်, သမုဒ္ဒရာ, ဇာတသရဒိုင်မှ တပါးဖြစ်လျှင် ဂါမသီမ်မည်သည်သာတည်း-ဟု ပြတော်မူလို၍ အရှင်အဌကထာဆရာ၏ အာဘောဂကို သိသော အရှင်ဇီကာဆရာသည်-

> ဗလီ လဘန္ဆီတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ။ 'အယံ ဂါမော ဧတ္တကော ကရိသဘာဂေါ'တိ အာဒိနာ ပန ရာဇပဏ္ဏေသု အာရောပိတေသု ဘူမိဘာဂေသု ယသ္မိ ယသ္မိ တဋ္ဌာကမာတိကာသုသာနပဋ္ဌာဒိကေ ပဒေသေ ဗလီ နာ ဂဏှန္တိ-သောပိ ဂါမသီမာ ဧဝ။ ရာဇာဒိဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သဗ္ဗောဝ ဌပေတွာ နဒိလောဏိဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗော။ တေနာ'ဟ "ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတီ"တိ။ (ဝိမတိ၊ဋီ၊၂။၁၅၇)

ဟူ၍ မိန့်သည်။

ထိုဝိသုံဂါမအတွင်းတွင်ပင် တစ်စုံတစ်ခုသောအရပ်ကို မင်းက နုတ်၍ တပါးသော ရွာနှင့် ပေါင်းယှဉ်စေသည်ဖြစ်အံ့။ ထိုအရပ်သည် သွင်းရာဖြစ်သော ဂါမသီမ်အဖြစ်သို့ ဝင်သည်သာတည်း-ဟု ပိုင်းခြားအပ်သော မြေအရပ်သည် မင်းဖျက်မှ ပျက်ကြောင်းကို ပြတော်မူလိုသော အရှင်ဇီကာဆရာသည်-

> **သစေ ပန တတ္ထ ရာဇာ ကဉ္စိ ပဒေသံ ဂါမန္တရေန ယောဇေတိ၊ သော ပဝိဋ္ဌဂါမသီမတံ ဧဝ ဘဇတိ။** (ဝိမတိ၊ဋီ၊၂။၁၅၇)

ဟူ၍ မိန့်သည်။

ဤအဌကထာ, ဋီကာကို ထောက်၍ အခွန်ပိုင်မင်း-စသောသူတို့က "ဤမျှသော ပယ်အတွင်းတွင် ရထိုက်သည့် အခွန်အတုတ်ကို ရှေးထုံးစံရှိသည့်အတိုင်း မည်သူသိမ်းခံလေ"ဟု ပိုင်း၍ ပေးခြင်းသည်သာ မူလဖြစ်သည်။ ပေးပြီးသည့်နောက် ထိုသူ အခွန်ကောက်ခံသည်ဖြစ်စေ, မကောက်ခံသည်ဖြစ်စေ ထိုမြေအရပ်သည် မင်းဖျက်မှ ပျက်သည်ဖြစ်သောကြောင့် အခွန်မူလ မဟုတ်။ မူလီဖြစ်သည်-ဟု မှတ်တော်မူရာသည့်အကြောင်းကို မေတ္တာစာ ဆက်သွင်းပါသည် သာသနာ့ဒါယကာ မဟာမဃရာဇ် တရားမင်းမြတ်။

* * * * * *

http://www.dhammadownload.com

[၂] ဒုတိယ ဝိသုဂါမဝိနိစ္ဆယ

မဟာဒါန်ဝန် လျှောက်ပါသည်ဘုရား။ "ဆရာတော်တို့က စာသွင်း၍ သမုတ်စေသည့်သိမ်မြေကို မှူးတော်,မတ်တော်တို့ကို ကျေးစား, ရွာစား သနားတော်မူသကဲ့သို့ နှုတ်တော်ထား၍ မြေစားပေးသည် မဟုတ်။ အတိုင်းအတာနှင့် ပိုင်းခြား၍ ပေးတော်မူသည်လည်း ပယ်ဟောင်း, နယ်ဟောင်း၊ ပကတိရွာက သီးခြားသည်- နှုတ်တော်ထားတော်မူသည် မဟုတ် ဖြစ်သည်။ စာသွင်း၍သမုတ်သည့် အရပ်ရပ်သိမ်များသည် ဝိသုဂါမလက္ခဏာ စုံညီ၍ သိမ်မြောက်မည်, မမြောက်မည်ကို-

မန်လည်ဆရာတော်, မင်းအိုဆရာတော်,
မင်းရွာဆရာတော်တို့နှင့် ၁၂-ပါးဆရာတော်တို့မှာ-

မဟာဒါန်ဝန်က အသီးအသီး လျှောက်ထားစေ"။

၁၁၄၈-ခု၊ ပြာသိုလပြည့်ကျော်၊ ၆-ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း လျှောက်ပါသည်။ အမိန့်တော်အရကို ဆင်ခြင်ကြည့်ရှုတော်မူ၍ စာသွင်းတော်မူပါ။ ၎င်းသွင်းစာကိုလည်း ၎င်းလပြည့်ကျော်၊ ၈-ရက်နေ့၊ နံနက် ၁-ချက်တီးကို ဒကာတော်က သိမ်းယူ၍ ဆက်သွင်းပါမည် ဆရာတော်ဘုရား။

ဗားကရာဆရာတော် မေတ္တာစာ ဆက်သွင်းပါသည် သာသနာ့ဒါယကာ မဟာမဓုရာဇ် တရားမင်းမြတ်၊ သာသနာတော် အညစ်အကြေးဘေးရန်ကို ဆေးကြောသုတ်သင်တော်မူသဖြင့် သာသနာတော် အရှည်စည်ပင်ပြန့်ပွါးများမည့်အကြောင်း ကောင်းမြတ်သော ရွှေနှုတ်တော်ဖြင့် သာသနာတော်ကို ခိုးမြှောက်ထိန်းသိမ်း စောင်မတော်မူသည်နှင့်အညီ သာသနာတော်ရေးနှင့် စပ်၍ ကောင်းမြတ်သန့်ရှင်း သေချာမြဲမြံစွာ တည်စေခြင်းငှာ ပညာတော်အစွမ်းဖြင့် နှိုင်းယှဉ်ဆင်ခြင်တော်မူ၍ အမေးတော်ရှိသည်တွင် ဆရာတော်တို့က စာသွင်း၍ သမုတ်စေသည့် သိမ်မြေကို မှူးတော်,မတ်တော်တို့ကို ကျေးစား,ရွာစား သနားတော်မူသကဲ့သို့ နှုတ်တော်ထား၍ မြေစားပေးသည် မဟုတ်။ အတိုင်းအတာနှင့် ပိုင်းခြား၍ ပေးတော်မူသည်လည်း ပယ်ဟောင်း,နယ်ဟောင်း၊ ပကတိရွာက သီးခြားသည်-နှုတ်တော်ထားတော်မူသည်မဟုတ် ဖြစ်သည်-ဟူ၍ ဗျတိရေက ၂-ချက်သာ ပါ၍ 'မည်သူတို့ကို ကျေးစား,ရွာစား သနားတော်မူသကဲ့သို့ နှုတ်တော်ထား၍ မြေစားပေးတော်မူသည်၊ အတိုင်းအတာနှင့် ပိုင်းခြား၍ ပေးတော်မူသည်လည်း မည်ကဲ့သို့ နှုတ်တော်ထားတော်မူသည်'ဟု အနွယ် ၂-ချက် မပါသောကြောင့် ဝိသုဂါမလက္ခဏာ စုံညီ၍ သိမ်မြောက်မည်, မမြောက်မည်ကို

http://www.dhammadownload.com

ကျမ်းဂန်နှင့်ညီ၍ ထောက်ထားရမည် ခဲခက်ပါကြောင်းကို မေတ္တာစာ ဆက်သွင်းပါသည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

* * * * * *

[၃] တတိယ ဝိသုဒ္ဓိမဝိနိစ္ဆယ

ကျောင်းဒကာ မကွေးမြို့စား လျှောက်ပါသည် ဆရာတော်ဘုရား။ "၁၁၄၈-ခု၊ ပြာသို လပြည့်ကျော်၊ ၁၄-ရက်နေ့ မြေနန်းတော်သို့ မြင်းခင်းသဘင် ထွက်စံတော်မူရာတွင် သိမ်သမုတ်ကြသည့်အမှုကို ယခု သမုတ်ကြသည့်အတိုင်း သိမ်မြောက်ထိုက်သည်, မမြောက်ထိုက်သည်ကို သင်္ကာကျေလောက်အောင် ဆရာတော်တို့ အမိန့်တော် မရှိကြ။ သိမ်သမုတ်လိုပါသည် မေတ္တာစာ သွင်းကြလျှင် 'သမုတ်လေလော့'ဟု သာမညဆိုလိုက်သည့်စကားနှင့်လည်း သိမ်မမြောက်ရာ၊ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်။ ဒိုင်းဝန်ဆရာတော်, ဗားကရာဆရာတော်တို့ကိုလည်း ဒိုင်းဝန်က သိသာအောင် လျှောက်ရမည်။

အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသောကြောင့် အထက်ဆရာတော်တို့က 'သိမ်သမုတ်လိုပါသည်' မေတ္တာစာသွင်းကြသည့်ကာလ 'သမုတ်လေတော့' ခွင့်ပေးတော်မူရာတွင် မေတ္တာစာအရကို ထောက်၍ ဝိသုဒ္ဓိမဖြစ်စေခြင်းငှာ မြေစားနှင့်တကွ အမိန့်တော်ပြန်ချက် ရှိခဲ့သည်။ ၎င်းပြန်ချက်အမိန့်တော်ကိုပင် ဆရာတော်တို့က အခိုင်ယူခဲ့သည်။ ရှိခိုးသံတော်ဦးတင်ရာတွင် "သိမ်သမုတ်လိုပါသည်" မေတ္တာစာသွင်း၍ 'သမုတ်စေတော့' သာမညဆိုလိုက်သည့်စကားနှင့် သိမ်မမြောက်ထိုက်ကြောင်းကို ဝိနယာလင်္ကာရ ဋီကာတွင် ထွက်ဆို၍ ရှိသည်။ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ပါရသည်။ ယခု သမုတ်သည့်အတိုင်း မြောက်မည်, မမြောက်မည်ကို သိသာမြင်သာ ခြားခြားနားနား ပါဠိ,အဋ္ဌကထာ, ဋီကာကျမ်းဂန်နှင့်အညီ သင်္ကာကျေတော်မူလောက်အောင် အမိန့်တော်ရှိပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၄၈-ခု၊ ပြာသိုလပြည့်ကျော်၊ ၉-ရက်နေ့ မြေနန်းတော်တွင် သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ရှေ့တော်၌ တရားကျမ်းဂန်နှင့်အညီ ဝိသုဒ္ဓိမလက္ခဏာ မြောက်၍ သီမသမုတိကံ ထိုက်သည့်အကြောင်းကို ပြောဟောပါပြီ။ ဇကရာဇ်မင်းမြတ် ရွှေနှလုံးတော်က သန့်လွင်ရှင်းလင်းတော်မမူသေးသည်ဖြစ်၍ ယခုတဖန် အမိန့်တော်ရှိကြောင်းနှင့် ကျောင်းဒကာက လျှောက်ထားပြန်သည့်အရာမှာ ကေစိဝါဒနှင့် ရောယှက်အံ့သည်ကို ဆင်ခြင်တော်မူ၍ အမိန့်တော်ရှိသည့်အရာ ဖြစ်သည်။

http://www.dhammadownload.com

ထိုကေစိဝါဒကိုလည်း ဝိနယာလင်္ကာရဋီကာ (၁။၃၄၉)၌-

> **ကေစိ ပန အာစရိယာ "မယံ သီမံ ဗန္ဓိတုကာမာ၊ တသ္မာ 'ဧတ္တကော ဘူမိပရိစ္ဆေဒေါ ဝိသုံ ခေတ္တံ ဟောတူ"တိ ရာဇာနံ အာပုစ္ဆိတ္ဝာ တေန ဩကာသေ ကတေ "ဣဒံ ဌာနံ ဝိသုံဂါမခေတ္တံ ဟောတီ"တိ မနသိကတ္ဝာ တတြဋ္ဌေယေဝ ဘိက္ခူ ဟတ္ထပါသာနယနာဒိနာ သောဓေတ္ဝာ သီမာသမ္မဟနသီမာဗန္ဓနာဒီနိ ကရောန္တိ။ –**

ဟူ၍ လာသည်။

ကေစိ ပန အာစရိယာ၊ အချို့သော ဆရာတို့သည်ကား။ မယံ၊ ငါတို့သည်။ သီမံ၊ သီမ်ကို။ ဗန္ဓိတုကာမာ၊ သမုတ်လိုကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတ္တကော ဘူမိပရိစ္ဆေဒေါ၊ ဤမျှသော မြေအပိုင်းအခြားသည်။ ဝိသုံ ခေတ္တံ၊ အသီးသီးသော ခေတ်သည်။ ဟောတူတိ၊ ဖြစ်ပါစေ-ဟု။ ရာဇာနံ၊ မင်းကို။ အာပုစ္ဆိတ္ဝာ၊ ပန်ကြား၍။ တေန၊ ထိုမင်းသည်။ ဩကာသေ၊ အခွင့်ကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ ဣဒံ ဌာနံ၊ ဤ မင်းအခွင့်ပြုသော အရပ်သည်။ ဝိသုံဂါမခေတ္တံ၊ အသီးဂါမခေတ်သည်။ ဟောတီတိ၊ ဖြစ်၏-ဟု။ မနသိကတ္ဝာ၊ နှလုံးသွင်း၍။ တတြဋ္ဌေ၊ ထိုမင်း အခွင့်ပေးသောအရပ်အတွင်း၌ တည်ကုန်သော။ ဘိက္ခူ ယေဝ၊ ရဟန်းတို့ကိုသာလျှင်။ ဟတ္ထပါသာနယနာဒိနာ၊ ဟတ္ထပါသ်သို့ ဆောင်ခြင်း-စသည်ဖြင့်။ သောဓေတ္ဝာ၊ သုတ်သင်၍။ သီမာသမ္မဟန သီမာဗန္ဓနာဒီနိ၊ သိမ်နုတ်ခြင်း, သိမ်သမုတ်ခြင်း-စသည်တို့ကို။ ကရောန္တိ၊ ပြုကုန်၏။

ထိုကေစိဝါဒ၌ ဒါယကာ ကတ္တားဖြစ်သော မင်းက ပဋိဂ္ဂါဟကဖြစ်သော ဂါမဘောဇကအား "ဤမည်သော မြေအရပ်ကို အခွန်အတုတ် သိမ်းခံစားလေတော့"ဟု အခွန်ဖြင့် ပိုင်းခြား၍ ပေးသည်မဟုတ်။ 'ငါတို့မှာ သိမ်သမုတ်လိုပါသည်။ ထို့ကြောင့် ဤမျှလောက်သော မြေအပိုင်းအခြားသည် အသီးခေတ် ဖြစ်ပါစေ'-ဟု သက်သက် ရဟန်းတို့အလိုဖြင့်သာ မင်းမှာ အခွင့်တောင်း၍ မင်းကလည်း ထိုရဟန်းတို့ တောင်းတိုင်း အခွင့်ပေးလေသည် ဖြစ်သောကြောင့်-

> **ယမ္ပိ ဧကသ္မိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံပိ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမော ဟောတိ ယေဝ။ –**

ဟူသော အဋ္ဌကထာ (၀ိ၊၄၊၃။၃၃၃)နှင့် မညီ။ အဘယ်သို့ မညီသနည်း? အဋ္ဌကထာ၌ "ရာဇာ ကဿစိ ဒေတိ" (၀ိ၊၄၊၃။၃၃၃)ဟု တစ်စုံတစ်ယောက်သောသူအား ပေးကြောင်းကို လာသည်။ ထိုကေစိဝါဒ၌ကား မင်းက မြေစား မပေး၊ မြေစားသူလည်း မရှိ၊ ဤသို့ မညီသတည်း။

http://www.dhammadownload.com

ဂါမဝရိဇ္ဇေဒါတိ သဗ္ဗဒိသာသု သီမံ ပရိစ္ဆိန္ဒိတွာ 'ဣမသ္မာ ပဒေသသ္မာ ဧတ္တကော ကရော'တိ ဧဝံ ကရေန နိယမိတော ဂါမပွဒေသော။ (ဝိနယဝိနိစ္ဆယ၊ဋီ၊၁။၁၇၉)

ဟူသော ဝိနယဝိနိစ္ဆယဋီကာနှင့်လည်း မညီ။ အဘယ်သို့ မညီသနည်း? ဋီကာ၌ "ကရေန နိယမိတော ဂါမပွဒေသော"ဟု အခွန်ဖြင့် မှတ်အပ်သော ရွာ အရပ်-ဟု လာသည်။ ထိုကေစိဝါဒ၌ကား အခွန်ဖြင့် မမှတ်။ ဤသို့ မညီသတည်း။

ယခု ဧကရာဇ်တရားမင်းမြတ် ကုသိုလ်တော်ပွါး ကိုယ်စားတော်ရည်၍ သာသနာတော် ၅၀၀၀-ပတ်လုံး တည်၍ စည်ပင်ပြန့်ပွါး မျှားခြင်းအကျိုးငှာ သမုတ်အပ်သော သိမ်မှာ "မည်သူကို မည်သူဒိုင်နယ်မြေတွင် အတာ-၃၀၊ ၄၀-မြေကို ဝိသုဂါမမြေစား သနားတော်မူသည်။ အခွန်အတုတ်ကို ရှေးအရိုးအစဉ်ရှိသည့်အတိုင်း မှန်အောင် စစ်ကြော၍ စား" ဟူ၍ အမိန့်တော်နှင့် ပေးအပ်တော်မူသည်မှာ "ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ"ဟူသော အဋ္ဌကထာနှင့်လည်း ညီသည်။ "**ကရေန နိယမိတော ဂါမပွဒေသော**"ဟူသော ဝိနယဝိနိစ္ဆယ ဋီကာနှင့်လည်း ညီသည်ဖြစ်သောကြောင့် ထိုကေစိဝါဒနှင့် နှိုင်းယှဉ်၍ပင် ကြံဆင်ခြင်ဖွယ်မရှိ။ ထိုသို့ပင် မရှိသော်လည်း လက်ဝဲရံ အရှင်မောဂ္ဂလ္လာန်သည် ရဟန်းပြု၍ ၇-ရက်လည် လျှင် ရဟန္တာဖြစ်သည်။

ဥပမာဆိုသည်ရှိသော် ဆင်းရဲသားတို့မှာ ထွက်သွားလျှင် အလွယ်တကူ အဆောတလျင် ထွက်သွားသကဲ့သို့ ဖြစ်သည်။ လက်ယာရံ ရှင်သာရိပုတ္တရာသည် ရဟန်းပြု၍ လခွဲလွန်မှ ရဟန္တာဖြစ်သည်။ ဥပမာဆိုသည်ရှိသော် မင်းဧကရာဇ်တို့ ထွက်တော်မူလျှင် ဝိုလ်ပါ, ဆင်, မြင်း ခင်းကျင်းစီရင်ရန် မျှား၍ ကြာမြင့်သကဲ့သို့ အရှင်သာရိပုတ္တရာသည်လည်း ပညာတော်ကျယ်သဖြင့် ဆင်ခြင်ကြံစည်ခြင်း များသောကြောင့် ရဟန္တာအဖြစ်သို့ ရောက်ခဲသည်-ဟု တရားကျမ်းဂန်လာသည်နှင့်အညီ ကျယ်ဝန်းခွဲခြမ်းစိတ်ဖြာသော ပညာတော်ဖြင့် သင့်အောင် ကြံဆင်ခြင်တော်မူခြင်းသည် အံ့ဖွယ်ပင် ဖြစ်ပေသည် ဧကရာဇ်မင်းမြတ်။

* * * * * *

[၄] စတုတ္ထ ဝိသုဂါမဝိနိစ္ဆယ

ကျောင်းဒကာ မကွေးမြို့စား လျှောက်ပါသည် ဆရာတော်ဘုရား။ ယမန်နေ့ လျှောက်ချက် ဆရာတော်က မိန့်တော်မူချက်ကို မသွင်းရပါသေး။ ယနေ့လည်းကောင်း, နက်ဖြန်လည်းကောင်း ထွက်တော်မူလျှင် သွင်းပါမည်။ ယမန်နေ့ မင်းရွာဆရာတော်, မောင်း-

http://www.dhammadownload.com

ထောင်ဆရာတော်တို့ကို ပင့်လျှောက်၍ ၎င်းစကားရပ်ကို မေးမြန်းတော်မူရာတွင် ယခု သမုတ်သည့်သိမ်အတိုင်း မြောက်ထိုက်ကြောင်းကိုပင် မိန့်တော်မူကြရာတွင် အမှတ်မထင် သမုတ်လေတော့သာ ဒကာတော်က ဆိုလိုက်ပေသည်။ စေတနာက သိမ်မြောက်စေခြင်း လက္ခဏာကို သတိစေတနာ နှလုံးမသွင်းမိ ရှိသည်ဖြစ်၍ ယခု သမုတ်သည့်အတိုင်း မမြောက်ရာချေ ယူပေသည်။ **သတိစေတနာပင် နှလုံးမသွင်းသော်လည်း မြောက်ထိုက်သည့် တရားရှိလျှင် မြောက်စေရမည်။ မြောက်ထိုက်သည့်တရား မရှိလျှင်လည်း ထပ်မံ၍ သိမ်မြောက်အောင် ဖြစ်စေသင့်မည်။** ဧကရာဇ်မင်းမြတ်က ထပ်၍ လျှောက်ထားပြန်ရာတွင် သင်္ကာကျော်တော်မူလောက်အောင် ကျမ်းဂန်ထွက် ဥပမာ, ဥပမေယျနှင့် ဆရာတော်တို့ အမိန့်တော် မရှိကြ၍ ဧကရာဇ်မင်းမြတ် ရွေးနှုလုံးတော် သန့်လွင်ငြိမ်ဝပ်စွာ ရှိတော်မမူချေသေး ဖြစ်ပါသည်။ ၎င်းစေတနာစကားကို သိသာမြင်သာရှိအောင် မိန့်တော်မူပါဦး။ ယမန်နေ့စာတွင် ဆက်လက်ထည့်သွင်း၍ ဆက်သပါမည် ဆရာတော်ဘုရား။

စေတနာက သိမ်မြောက်စေခြင်းလက္ခဏာကို သတိစေတနာ နှလုံးမသွင်းမိ ရှိသည်ဖြစ်၍ ယခု သမုတ်သည့်အတိုင်း မမြောက်ရာချေသေး- ယူပေသည်။ "သတိစေတနာ နှင့်ပင် နှလုံးမသွင်းသော်လည်း မြောက်ထိုက်သည့်စကားရှိလျှင် မြောက်စေရမည်။ မြောက်ထိုက်သည့်တရား မရှိလျှင်လည်း ထပ်မံ၍ သိမ်မြောက်အောင် ဖြစ်စေသင့်မည်"ဟု ဧကရာဇ်မင်းမြတ်က သံသယရှိတော်မူသည့်အရာမှာ ကျမ်းဂန်နှင့် ညီသည်ကိုသာ ဖြစ်စေရမည်။ ကျမ်းဂန်နှင့် မညီသည်ကို ပယ်ရမည်-ဟု သံသယရှိသည့်အရာဖြစ်သောကြောင့် သင့်မြတ်ကောင်းမွန် ချီးမွမ်းထိုက်လှပေသည်။

အဒိန္နာဒါန်သိက္ခာပုဒ်-စသည်တို့၌ "ယရ ယရူပစာရ၊ ဂါမ ဂါမူပစာရ"အတွင်းတွင်သာ ဂါမ-ဟု လာသည်။ ဂါမသိမ်အရာမှာ ထိုကဲ့သို့ မဟုတ်။ တစ်ယောက်သောသူ၏ အခွန်စားရာ ဂါမခေတ်လုံးသည် ဂါမသိမ် မည်သည်။ ထိုဂါမသိမ်အတွင်းတွင် ဥပုသ်, ပဝါရဏာ-စသော ကံကြီး,ကံငယ်ကို ခွင့်ပြုတော်မူလိုသော ဘုရားသခင်သည်-

> **အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ။ ယာ တဿ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။** (မဟာဝ။၁၅၀)

ဟူ၍ ခွင့်ပြုတော်မူသည်။

ထိုဂါမသိမ်-ဟူသည်လည်း တစ်ယောက်သောသူ၏ အခွန်ပိုင်ရာ အရပ်တည်း-ဟု ပြတော်မူလိုသော ဗုဒ္ဓမတညု အရှင်အဋ္ဌကထာဆရာသည်-

http://www.dhammadownload.com

တတ္ထ အဌပိတာယာတိ အပရိစ္ဆိန္နာယ။ ဂါမဂ္ဂဟဏေန စေ'တ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ။ တတ္ထ ယတ္ထကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိ လဘန္တိ။ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာ'တ္တေဝ သင်္ချံ ဂစ္ဆတိ။ နဂရနိဂမသီမာသုပိ ဧသေဝ နယော။ (ဝိ၊ဋ္ဌ၊၃။၃၃၃)

ဟူ၍ မိန့်သည်။

ပကတိဂါမခေတ်သာ ဂါမသီမ်မည်သည် မဟုတ်သေး။ ထိုဂါမခေတ်အတွင်းတွင် တစ်ခုသောအရပ်ကို 'ဝိသုံဂါမ ဖြစ်စေ'-ဟု ပိုင်းခြား၍ တစ်စုံတစ်ယောက်သောသူအား မင်းပေးအပ်သော မြေအရပ်သည်လည်း ဝိသုံဂါမသီမ် မည်သည်သာတည်း-ဟု ပြတော်မူလိုသော အရှင်အဋ္ဌကထာဆရာသည်-

ယမ္ပိ ဧကဿ် ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္နိတ္တာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။ -

ဟူ၍ မိန့်သတည်း (ဝိ၊ဋ္ဌ၊၃။၃၃၃)။

ထိုပကတိဂါမခေတ်သည်လည်းကောင်း, မင်းပိုင်းခြား၍ ပေးအပ်သော မြေအရပ်သည်လည်းကောင်း ကမ္မဝါဖြင့် သမုတ်အပ်သော ဗဒ္ဓသီမ်နှင့် တူသည်သာတည်း-ဟု နိဂုံးအုပ်၍ ပြတော်မူလိုသော အရှင်အဋ္ဌကထာဆရာသည်-

တသ္မာ သာ စ ဣတရာ စ ပကတိဂါမနဂရနိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ။ (ဝိ၊ဋ္ဌ၊၃။၃၃၃)

ဟူ၍ မိန့်သည်။

ပိုင်းခြား၏-ဟူသည်လည်း ဆူး, စောင်ရန်း, ကျောက်တိုင်-စသည်ဖြင့် ပိုင်းခြားသည် မဟုတ်။ "ဤမည်သော အရပ်တွင်းတွင် မည်သူ အခွန်စားလေတော့"ဟု အခွန်ဖြင့် မှတ်၍ ပိုင်းခြားခြင်းသာ အပိုင်းအခြားဖြစ်သည်-ဟု အရှင်အဋ္ဌကထာဆရာ၏ အာဘောဂကို သိသော အရှင်ဋီကာဆရာသည်-

ဂါမပရိစ္ဆေဒေါတိ သတ္ထဒိသာသု သီမံ ပရိစ္ဆိန္ဒိတ္တာ 'ဣမသ္မာ ပဒေသသ္မာ ဧတ္တကော ကရော'တိ ဧဝံ ကရေန နိယမိတော ဂါမပ္ပဒေသော။ ယထာဟ "ယတ္တကေပဒေသေ ။ပ။ ဝိသုံဂါမသီမာ ဟောတိယေဝါ"တိ။

ဟူ၍ မိန့်သည်။ (ဝိနယဝိနိစ္ဆယ၊ဋီ၊၁။၁၇၉)

http://www.dhammadownload.com

ပါဠိတော်သာ မူလရင်း ဖြစ်သည်။ ပါဠိတော်မှ အဋ္ဌကထာ ထွက်သည်၊ ပါဠိ, အဋ္ဌကထာမှ ဋီကာထွက်သည် ဖြစ်သောကြောင့် ပါဠိတော်နှင့် မညီသော အဋ္ဌကထာ စကားရပ်ကိုလည်း ပါဠိတော်နှင့် ခိုင်းနှိုင်း၍ **အရှင်ဗုဒ္ဓဃောသဆရာ** ပယ်တော်မူသည်။

နှေးအဋ္ဌကထာဟောင်း၌လာသည့်စကားရပ်ကို မကြိုက်မနှစ်သက်လွန်းသော်လည်း ခိုင်းနှိုင်းရာ ပါဠိတော်အထောက်အထား မရှိလျှင် ပယ်တော်မမူဝံ့။ ဗုဒ္ဓမတည်ဟု ဖြစ်ပေသည်။ အဋ္ဌကထာ ပမာဏမှတ်လေ-ဟူ၍သာ မိန့်သည်။ ဋီကာဆရာတို့လည်း ပါဠိတော်နှင့် ညီအံ့မထင်လျှင် အရှင်ဗုဒ္ဓဃောသဆရာ စကားကိုပင် ပါဠိတော်နှင့် ခိုင်းနှိုင်း၍ ပယ်တော်မူကုန်သည်။ ဋီကာစကားချင်းကိုလည်း ပါဠိ,အဋ္ဌကထာနှင့် ညီအံ့မထင်လျှင် ပါဠိ, အဋ္ဌကထာကို ထောက်၍ နောက်ဋီကာ၌ ပယ်တော်မူကုန်သည်။ ပါဠိ,အဋ္ဌကထာနှင့်ညီသော ဋီကာစကားရပ်ကို မပယ်ဝံ့ကုန်။

ထို့ကြောင့် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်ချင်းနှင်းဖူး၍ ပါဠိ, အဋ္ဌကထာ, ဋီကာ ၃-ရပ်ကို စပ်ဟပ်သဖြင့် မှန်ကန်အောင် ယူကြံနိုင်သော နှေးပညာရှိတို့သည် ပါဠိ, အဋ္ဌကထာ, ဋီကာအညီလာသော စကားရပ်ကို သူတပါးတို့က ပါဠိ, အဋ္ဌကထာ, ဋီကာ ခိုင်းနှိုင်းစရာ မရှိ။ အခြားစကားနှင့် ဆိုငြားသော်လည်း ပညာရှိတို့ အယူမသက်ကြကုန်။

ယခု ဧကရာဇ်တရားမင်းမြတ် ကုသိုလ်တော်ပွါး, ကိုယ်စားတော်ရည်၍ သာသနာတော် ၅,၀၀၀-ပတ်လုံးတည်၍ စည်ပင်ပြန့်ပွါး မှားခြင်းအကျိုးငှာ သမုတ်အပ်သော သိမ်မှာ "မည်သူ့ကို မည်သူ့ဒိုင်နယ်မြေတွင် အတာ-၃၀၊ အတာ ၄၀-မြေကို ဝိသုဂါမမြေစား အသနားခံတော်မူသည့် အခွန်အတုတ်ကို ရှေးရိုးအစဉ်ရှိသည့်အတိုင်း မှန်အောင် စစ်ကြော၍ စား"ဟူ၍ အမိန့်တော်ပေးအပ်သည့် အရပ်အတွင်းတွင် ဖြစ်၍-

> **ယမ္မိ ဧကသ္မိ ယေ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံ ဝိသုဂါမော ဟောတူ"တိ ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုဂါမသီမာ ဟောတိယေဝ။ -**

ဟူသော အဋ္ဌကထာနှင့်လည်း ညီသည် (ဝိ၊၄၊၃။၃၃၃)။

> **ဂါမပရိစ္ဆေဒေါတိ သတ္ထဒိသာသု သီမံ ပရိစ္ဆိန္ဒိတ္ထာ 'ဣမသ္မာ ပဒေသသ္မာ ဧတ္တကော ကရော'တိ ဧဝံ ကရေန နိယမိတော ဂါမပဒေသော။ (ဝိ-ဋီ၊၃။၁၇၉)**

ဟူသော ဋီကာနှင့်လည်း ညီသည်ဖြစ်သောကြောင့် ပါဠိ, အဋ္ဌကထာ ကျမ်းဂန်နှင့် ထောက်ရှု၍ တစ်စုံတစ်ယောက်သောသူမျှ ပယ်ဖျက်ခြင်းငှာ မတတ်နိုင်ရာ။ ထို့ကြောင့် သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် ငါ-ချီးမြှောက်ပြုစု ရွက်ဆောင်တော်မူသော သိမ်အမှုသည် မည်ကဲ့သို့ မရည်မတွေးငြားသော်လည်း ဘုရားလောင်း သုမေဓာရှင်ရသေ့

http://www.dhammadownload.com

သည် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်ကို မမြင်ဘဲပင် ပညာဖြင့် ဆင်ခြင်လျှင် ကျမ်းဂန်နှင့် ညီသကဲ့သို့ ပါရမီတော်ကြောင့် ဘုန်းတော်ကြီးသော ဧကရာဇ်မင်းဖြစ်၍ တရားကျမ်းဂန်နှင့် ညီသဖြင့် ပညာတော်ဖြင့် ဆင်ခြင်၍ အလွန်ဝမ်းမြောက်တော်မူသင့်သည်။

* * * * * *

[၅] ပဋ္ဌမ ဝိသုဂါမဝိနိစ္ဆယ

ဒကာတော်အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား။ တစ်စုံတစ်ယောက် သောသူက ကိုယ်ဖို့လည်း မဟုတ်, သူတပါးဖို့လည်း မဟုတ်၊ အခွန်အတုတ်ကိုလည်း မဆို၊ 'မည်သည့်အရပ်တွင် အပိုင်းအခြားမည်မျှ မြေအရပ်ကို အသီးအခြားဖြစ်စေသင့်ကြောင်း' နှင့် လျှောက်ထား၍ မင်းဧကရာဇ်က 'အသီးအခြားဖြစ်စေ' ခွင့်ပြုတော်မူလျှင် ထိုမြေရပ်သည် အသီးအခြား ဖြစ်ထိုက်မည်, မဖြစ်ထိုက်မည်ကို အဓိန့်တော်ရှိရာ ဦးထိပ်ရွက်ပါရမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

ဧကရာဇ်မင်းမြတ်က "အသီးအခြား ဖြစ်စေတော့"ဟု ခွင့်ပြုတော်မူသည်ကို မဆိုထားဘိဦး။ ဆင်းရဲသားတို့မှာ မိဘသေလွန်၍ လယ်ကြီး ၁-ကွင်းကို ၂-စု, ၃-စု စသည်ဖြင့် ပိုင်းခြားဝေငှသော်လည်း အသီးအခြားဖြစ်တော့သည်။

ဝိသုဂါမဝိနိစ္ဆယ ပြီး၏။

* * * * * *

[၆] ရွေး,ပဲ,မူး,မတ်မှစ၍ အလေးအချိန်အတွက်၊ တောင်းတင်းအချင့်အတွက်၊ လက်ဖက်ကွမ်းစားအဆုံးအဖြတ်

ကျောင်းဒကာ လျှောက်ပါသည် ဆရာတော်ဘုရား။ ယခုကာလ သုံးစွဲကြသည့် အလေးမှာ ၈-ရွေးကို ၁-ပဲ, ၁-ကျပ်လျှင် ရွေး ၁၆၀-အသုံးအစွဲ ပြုကြသည်။ မည်သည့် အကြောင်း အစွဲအလမ်း ကျမ်းဂန်စာပေကို ထောက်၍ သုံးစွဲကြသည်ကို မသိရပါ။ ယခုနိုင်ငံတော်အတွင်း မြန်မာတို့အစွဲအလမ်း ဂဏန်းကျမ်း, အဘိဓာန်ကျမ်းများတွင် ဆိုသည့် အချင့်အတွက်များနှင့်လည်း မညီမညွတ်ဖြစ်ကြသည်။ အခြားတိုင်းနိုင်ငံ အလေးအချင့် အတွက်နှင့်လည်း မညီမညွတ်ရှိကြသည်။

http://www.dhammadownload.com

ပိဋကတ်ကျမ်းထွက် ပြောဆိုသည့်စကား ကြားဖူးသည်မှာလည်း နီလကဟာပဏာ ရုဒြဒါမကကဟာပဏာ-စသည်ဖြင့် အများအပြားရှိသည်တွင် နီလကဟာပဏာ ၄-ဖို့ ၁-ဖို့ မတ်ဖြင့် အဒိန္နာဒါန်ပါရာဇိကကို ဆုံးဖြတ်ရမည် ကြားဖူးပါသည်။ နီလကဟာပဏာ ၄-ဖို့ ၁-ဖို့ မတ်သည် စပါးလုံးမည်မျှ, ရွေးလုံးမည်မျှ ရှိသည်။ မည်သည်က စ၍ ရွေး, ပဲ, မူး, မတ်, ကျပ်, ဆယ်, ပိဿာ-ဖွဲသည်များကို အလေး, တောင်း, တင်း အညီအညွတ် ဖြစ်စေလို၍ မပြတ်စကား စပ်လျဉ်းသည်တွင် မဟာသီရိဇေယျသခ်ၤဃာဆရာကိုလည်း လျှောက်၍ သိတော်မူသာအောင် စာသွင်းစေ။ ဘုရားအမိန့်တော်မြတ်ကို ထပ်၍ ဦးထိပ်ရွက်ရသော ကြောင့် လျှောက်လာပါစေသည်။

ရွေး,ပဲ,မူး,မတ်မှ စ၍ အလေးအချိန်အတွက်၊ လက်ဖက်, ကွမ်းစား, တောင်း, တင်း အချင့်အတွက်များကို သိတော်မူသာအောင် အထောက်အထား လောကဓမ္မကျမ်းများနှင့် အညီ စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

ဗားကရာဆရာတော် မေတ္တာစာ ဆက်သွင်းပါသည် သာသနာ့ဒါယကာ မဟာဓမ္မ-ရာဇ် တရားမင်းမြတ်၊ ပဲ, မတ်, ကျပ်, ရာ, ထောင်-စသော အချိန်အရေအတွက်သည် ဘုရားသခင် လက်ထက်တော်မှ ရှေးကာလအရှည်ကပင် ဖြစ်သည်။ ထို့ကြောင့် ထိုထိုသော ဇာတ်နိပါတ်-စသည်တို့၌ ထိုပဲ, မတ်, ကျပ်, ရာ, ထောင်-စသော အချိန်အရေအတွက်ကိုသာ ဆိုသည်။ ဘုရားသခင်လည်း လောကဓမ္မအလုံးစုံကို အကုန်သိမြင်တော်မူလျက် ရှေးရှေးက သုံးစွဲခဲ့ရိုး ဖြစ်သော ပဲ, မတ်, ကျပ်, ရာ, ထောင်-စသော အချိန်အရေအတွက်ကို ပြင်ဖျက်၍ အသီး ပညတ်တော်မမူ။ လူတို့ သုံးစွဲခဲ့ရိုးအတိုင်းသာ ဟောတော်မူသည်။

ရာဇဂြိုဟ်ပြည်ဝယ် ဗိမ္ဗိသာရမင်း၏ သစ်တော်ကို ခိုးယူခြင်းကြောင့် ရှင်ဓနိယထေရ်ကို အကြောင်းပြု၍ အဒိန္နာဒါန်ဒုတိယပါရာဇိကကို ပညတ်တော်မူသည့်ကာလ ဘုရားသခင်သည် ကိုယ်တိုင်တော်သာလျှင် လောကဝေါဟာရကိုလည်း သိတော်မူ၏။ ရှေးဘုရားရှင်တို့သည်လည်း ဤမျှသောဝတ္ထုဖြင့် ပါရာဇိကအာပတ်ကို ပညတ်တော်မူကုန်၏။ ဤမျှသော ဝတ္ထုဖြင့် ထုလ္လစ္စည်းအာပတ်, ဤမျှသော ဝတ္ထုဖြင့် ဒုက္ကဋ်အာပတ်ကို ပညတ်တော်မူကုန်၏-ဟု လွန်လေပြီးသော ဘုရားရှင်တို့၏ ပညတ်ကိုလည်း သိတော်မူ၏။ ထိုသို့ သိတော်မူသော်လည်း လောကဝေါဟာရကို သိသော တပါးသောပညာရှိတို့နှင့် မနှီးနှောဘဲ "၁-မတ်မျှသော ဥစ္စာကို ခိုးသဖြင့် ပါရာဇိကရောက်စေ"ဟု ပညတ်တော်မူခဲ့သော် သိလိုကို စောင့်ခြင်း မည်သည်ကား တစ်ယောက်သောရဟန်းအားလည်း မနှိုင်းယှဉ်နိုင်, မရေတွက်နိုင်၊ မြေကြီး, သမုဒ္ဒရာ, ကောင်းကင်သို့ ပျံ၏။

http://www.dhammadownload.com

အဘယ့်ကြောင့် ဘုရားရှင်သည် ၁-မတ်မျှဖြင့် ဖျက်ဆီးလေဘိသနည်း-ဟု အပြစ်တင်၍ ဉာဏ်တော်အစွမ်းကို မသိသောသူတို့သည် သိက္ခာပုဒ်ကို ဖျက်ဆီးကုန်ရာ၏။ ပညတ်တော်မူအပ်သော သိက္ခာပုဒ်သည်လည်း ပညတ်တော်မူတိုင်း မတည်ရာ။ လောက-ဝေါဟာရကို သိသော ပညာရှိတို့နှင့် နီးနှောင်၍ ပညတ်တော်မူသည်ရှိသော် ထိုကဲ့ရဲ့ခြင်းသည် မဖြစ်ရာ။ စင်စစ်မူကား ဤအိမ်ရာထောင်သောသူတို့သည်လည်း ၁-မတ်မျှဖြင့် ခိုးသူကို သတ်ကုန်, နှောင်ဖွဲ့ကုန်, နှင်ထုတ်ကုန်၏။

အဘယ့်ကြောင့် ဘုရားသခင်သည် ရဟန်းဖြစ်သူကို မဖျက်ဆီးဘဲ ရှိတုံအံ့နည်း။ ရဟန်းဖြစ်သူသည် သူတပါးဥစ္စာကို မြက်,သစ်ရွက်ကိုမျှ မယူသင့်တကား-ဟု ချီးမွမ်းကုန်ရာ၏။ ဉာဏ်တော်အစွမ်းကို သိကုန်လတ္တံ့။ ပညတ်တော်မူအပ်သော သိက္ခာပုဒ်သည်လည်း မပျက်မစီး ပညတ်တော်မူတိုင်း တည်လတ္တံ့။ ထို့ကြောင့် လောကဝေါဟာရကို သိသော ပညာရှိတို့နှင့် နီးနှောင်၍ ပညတ်တော်မူလိုသော ဘုရားသခင်သည် ပရိသတ် ၄-ပါးအလယ်တွင်နေသော တရားဆုံးဖြတ်သော အမတ်ဖြစ်ဖူးသော ရဟန်းကို ခေါ်တော်မူ၍ မဂဓရာဇ်တိုင်းကို အစိုးရသော များသောစစ်သည်ရှိသော ဗိမ္ဗိသာရမင်းသည် "အဘယ်မျှဖြင့် ခိုးသူကို ဖမ်း၍ သတ်ခြင်း, နှောင်ဖွဲ့ခြင်း, နှင်ထုတ်ခြင်းကို ပြုသနည်း"ဟု မေးတော်မူ၏။

တရားဆုံးဖြတ်သော အမတ်ဖြစ်ဖူးသော ထိုရဟန်းကလည်း "၁-မတ်သော ဥစ္စာ, ၁-မတ်ထိုက်သော ဥစ္စာကို ခိုးလျှင်ပင် သတ်ခြင်း, နှောင်ဖွဲ့ခြင်း, နှင်ထုတ်ခြင်း ပြုပါသည်"ဟု နားတော်လျှောက်လျှင် "၁-မတ်သောဥစ္စာ, ၁-မတ်ထိုက်သောဥစ္စာကို ခိုးလျှင် ပါရာဇိကရောက်စေ"ဟု ပညတ်တော်မူသည်။ ထိုပညတ်အပ်သော ပါရာဇိက၏အကြောင်းဖြစ်သော ပါဒ-ဟု ဆိုအပ်သော ၁-မတ်သည်လည် ထိုအဒိန္နာဒါန်ပါရာဇိကကို ပညတ်တော်မူသော ကာလ ရာဇဂြိုဟ်ပြည်၌ ၅-ပဲလျှင် ၁-မတ်ဖြစ်သည်။

ထို့ကြောင့် ပါရာဇိကဏ်ပါဠိတော်(၅၅)၌-

တေန ခေါ ပန သမယေန ရာဇဂဟေ ပဉ္စမာသကော ပါဒေါ ဟောတိ။ -

ဟူ၍ လာသည်။

တေန ခေါ ပန သမယေန၊ ထိုအဒိန္နာဒါန်ပါရာဇိကကို ပညတ်တော်မူသောကာလ၌။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပဉ္စမာသကော၊ ၅-ပဲသည်။ ပါဒေါ၊ ၁-မတ်သည်။ ဟောတိ၊ ဖြစ်၏။

ထိုရာဇဂြိုဟ်ပြည်၌ သုံးစွဲအပ်သော ၅-ပဲ-ဟု ဆိုအပ်သော ၁-မတ်သည်လည်း ရွှေ၌ဖြစ်သော နီလကဟာပဏ-ဟု ဆိုအပ်သော ကျပ်၏ ၄-ဖို့ ၁-ဖို့တည်း။

http://www.dhammadownload.com

ထိုမတ်ဖြင့် လွန်လေကုန်ပြီးသော ဘုရားရှင်တို့သည်လည်း ပါရာဇိကကို ပညတ်တော်မူကုန်ပြီ။ လာလတ္တံ့သော ဘုရားရှင်တို့သည်လည်း ပညတ်တော်မူကုန်လတ္တံ့။ ခပ်သိမ်းသော ဘုရားရှင်တို့၏ ပါရာဇိကဝတ္ထု၊ ပါရာဇိကအာပတ်ကို ပညတ်ရာ၌ အကွဲအပြား မရှိ၊ တူသည်သာတည်း-ဟု ပြတော်မူလိုသော ဗုဒ္ဓမတညုအဋ္ဌကထာဆရာသည်-

> **ပဌမာသကော ပါဒေါတိ တဒါ ရာဇဂဟေ ဝိသတိမာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဌမာသကော ပါဒေါ။ ဧတေန လက္ခဏေန သတ္ထုနပဒေသု ကဟာပဏာဿ စတုတ္ထော ဘာဂေါ "ပါဒေါ"တိ ဝေဒိတဗ္ဗော။ သော စ ခေါ ပေါရာဏာဿ နီလကဟာပဏာဿ ဝသေန၊ န ဣတရေသံ ရူဠှိဒါမကာဒီနံ။**
>
> **တေန ဟိ ပါဒေန အတီတဗုဒ္ဓါပိ ပါရာဇိကံ် ပညပေသုံ၊ အနာဂတာပိ ပညပေဿန္တိ။ သတ္ထုဗုဒ္ဓါနဉ္ဉိ ပါရာဇိကဝတ္ထုမှိ ဝါ ပါရာဇိကေ ဝါ နာနတ္တံ နတ္ထိ။ ဣမာနေဝ စတ္တာရိ ပါရာဇိကဝတ္ထူနိ၊ ဣမာနေဝ စတ္တာရိ ပါရာဇိကာနိ၊ ဣတော ဉိန် ဝါ အတိရေကံ် ဝါ နတ္ထိ။ တသ္မာ ဘဂဝါပိ ဓနိယံ် ဝိဂရဟိတ္တာ ပါဒေနေဝ ဒုတိယ-ပါရာဇိကံ် ပညပေန္တော "**ယော ပန ဘိက္ခု **အဒိန္နံ် ထေယ္ယသင်္ခါတ**"န္တိအာဒိ'မာဟ။**

ဟု မိန့်သည် (ဝိ၊ဋ္ဌ၊၁။ ၂၅၈)။

ပဌမာသကော ပါဒေါတိ၊ **ပဌမာသကော ပါဒေါ**-ဟူသည်ကား။ တဒါ၊ ထိုအခါ၌။ ရာဇဂဟေ၊ ၌။ ဝိသတိမာသကော၊ ပဲ ၂၀-သည်။ ကဟာပဏော၊ ၁-သပြာသည်။ ဟိ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပဌမာသကော၊ ၅-ပဲသည်။ ပါဒေါ၊ ၁-မတ်တည်း။ ဧတေန လက္ခဏေန၊ ထိုလက္ခဏာဖြင့်။ သတ္ထုနပဒေသု၊ တို့၌။ ကဟာပဏာဿ၊ ၁-သပြာ-ဟု ဆိုအပ်သော ၁-ကျပ်၏။ စတုတ္ထော ဘာဂေါ၊ ၄-ဖို့ ၁-ဖို့သည်။ ပါဒေါ၊ ၁-မတ်မည်၏။ ဣတရေသံ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ သော စ ခေါ၊ ထို ၁-မတ်ကိုလည်း။ ပေါရာဏာဿ၊ ရှေး၌ဖြစ်သော။ နီလကဟာပဏာဿ၊ အပြစ်မရှိခြင်းကြောင့် နီလကဟာပဏ-ဟု ဆိုအပ်သော ကျပ်၏။ ဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဣတရေသံ၊ ဤနီလကဟာပဏမှ တပါးကုန်သော။ ရူဠှိဒါမကာဒီနံ၊ ရူဠှိဒါမ-မည်သော မင်းသည် ဖြစ်စေအပ်သော ကဟာပဏ-ဟု ဆိုအပ်သော ကျပ်-အစရှိသည်တို့၏။ ဝသေန၊ ဖြင့်။ န ဝေဒိတဗ္ဗော၊ မသိအပ်။ (ဒုဠှိဒါမ-ဟု မူကွဲရှိ၏။)

ဟိ သစ္စံ၊ မှန်၏။ တေန ပါဒေန၊ ထိုနီလကဟာပဏ၏ ၄-ဖို့ ၁-ဖို့ဖြစ်သော မတ်ဖြင့်။ အတီတဗုဒ္ဓါပိ၊ လွန်လေကုန်ပြီးသော ဘုရားရှင်တို့သည်လည်း။ ပါရာဇိကံ်၊ ပါရာဇိက သိက္ခာပုဒ်ကို။ ပညပေသုံ၊ ပညတ်တော်မူကုန်ပြီ။ အနာဂတာပိ၊ နောင်လာလတ္တံ့သော

http://www.dhammadownload.com

ဘုရားရှင်တို့သည်လည်း။ ပညပေသန္တိ၊ ပညတ်တော်မူကုန်လတ္တံ့။ ဟိ ယသ္မာ၊ ကြောင့်။ သတ္တဗုဒ္ဓါနံ၊ တို့၏။ ပါရာဇိကဝတ္ထုမှိ ဝါ၊ ဝတ္ထုဌ်လည်းကောင်း။ ပါရာဇိကေ ဝါ၊ ပါရာဇိကဌ်လည်းကောင်း။ နာနတ္တံ၊ အထူးသည်။ နတ္ထိ၊ မရှိ။ ဣမာနေဝ စတ္တာရိ၊ ဤ၄-ပါးတို့သည်သာလျှင်။ ပါရာဇိကဝတ္ထူနိ၊ ပါရာဇိကဝတ္ထုတို့သည်။ ဣမာနေဝ စတ္တာရိ သာလျှင်။ ပါရာဇိကာနိ၊ ပါရာဇိကတို့သည်(တည်း)။ ဣတောဝါ၊ ဤ ၄-ပါးအောက်။ ဉီနံ ဝါ၊ အယုတ်သည်လည်း။ နတ္ထိ၊ မရှိ။ ဣတောဝါ၊ ဤ ၄-ပါးထက်။ အတိရေကံ ဝါ၊ အလွန်သည်လည်း။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ဘဂဝါပိ၊ သည်လည်း။ ဓနိယံ၊ ဓနိယမထေရ်ကို။ ဝိဂရဟိတ္တာ၊ ကဲ့ရဲ့တော်မူဦး၍။ ပါဒေနေဝ၊ ၁-မတ်ဖြင့်သာလျှင်။ ဒုတိယပါရာဇိကံ၊ ဒုတိယပါရာဇိကသိက္ခာပုဒ်ကို။ ပညပေန္တော၊ ပညတ်တော်မူလိုသောကြောင့်။ **ယော ပန ဘိက္ခု အဒိန္နံ ထေယျသင်္ခါတန္တိ** အာဒိ၊ "ယော ။လ။ တံ"စသည်ကို။ အာဟ၊ ဟောတော်မူ၏။

ဤပါဠိ၊ အဋ္ဌကထာတို့၌ ၅-ပဲလျှင် ၁-မတ်၊ ပဲ ၂၀-လျှင် ၁-ကျပ်၊ ၄-မတ်လျှင် ၁-ကျပ်-ဟူလိုသည်။ ထိုနိလကဟာပဏ-ဟူသည်လည်း ရှေးမင်းတို့သည် ရွှေကျမ်းဟောင်းနှင့်အညီ စီရင်အပ်သော တံဆိပ်အမှတ်နှင့်ပြည့်စုံသော ကျပ်စေ့တည်း-ဟု ပြလိုသော ဝဇိရဗုဒ္ဓိကာဆရာသည်-

ဗာရာဏသိနဂရာဒိသု တေဟိ တေဟိ ရာဇူဟိ ပေါရာဏကသတ္ထာနုရူပံ လက္ခဏသမ္ပန္နာ ဥပ္ပါဒိတာ နိလကဟာပဏာ။ -

ဟူ၍ မိန့်သည် (ဝဇိရ။၁၂၃)။

ဗာရာဏသိနဂရာဒိသု၊ ဗာရာဏသီပြည်-အစရှိသည်တို့၌။ တေဟိ တေဟိ ရာဇူဟိ၊ ထိုထိုသို့သော မင်းတို့သည်။ ပေါရာဏကသတ္ထာနုရူပံ၊ ရှေးကျမ်းဟောင်းနှင့် လျော်ညီစွာ။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်သော။ လက္ခဏသမ္ပန္နာ၊ တံဆိပ်အမှတ်နှင့် ပြည့်စုံသော ကျပ်စေ့သည်။ နိလကဟာပဏာ၊ **နိလကဟာပဏ** မည်၏။

သာရတ္ထဒီပနီဋီကာ (၂။၁၂၃)၌လည်း-

ပေါရာဏကသတ္ထာနုရူပံ လက္ခဏသမ္ပန္နာ ဥပ္ပါဒိတာ နိလကဟာပဏာတိ ဝေဒိတဗ္ဗာ။

ဟူ၍ လာသည်။

ပေါရာဏကသတ္ထာနုရူပံ၊ ရှေးကျမ်းဟောင်းနှင့် လျော်ညီစွာ။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်သော။ လက္ခဏသမ္ပန္နာ၊ တံဆိပ်အမှတ်နှင့် ပြည့်စုံသော ကျပ်စေ့ကို။ နိလကဟာပဏာတိ၊ **နိလကဟာပဏ**-ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

http://www.dhammadownload.com

ဝိမတိနောဒနီဋီကာ(၁။၁၆၉)၌လည်း-

> ပေါရာဏသတ္ထာနုရူပံ ဥပ္ပါဒိတော ဝိသတိမာသပွမာဏဥတ္တမသုဝဏ္ဏဂ္ဃနကော လက္ခဏသမ္ပန္နော နီလကဟာပဏောတိ ဝေဒိတဗ္ဗော။ -

ဟူ၍ လာသည်။

ပေါရာဏကသတ္ထာနုရူပံ၊ ရှေးကျမ်းဂန်ဟောင်းနှင့် လျော်ညီစွာ။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော။ ဝိသတိမာသပွမာဏဥတ္တမသုဝဏ္ဏဂ္ဃနကော၊ ပဲ ၂၀-ပမာဏရှိသော ရွှေစင်ထိုက်သော။ လက္ခဏသမ္ပန္နော၊ တံဆိပ်အမှတ်နှင့် ပြည့်စုံသော ကျပ်စေ့ကို။ နီလကဟာပဏောတိ၊ နီလကဟာပဏ-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ရူဒြဒါမ-မည်သော မင်း-စသည်ငို့သည် ဖြစ်စေအပ်သော ကျပ်စေ့သည် ရူဒြဒါမကကဟာပဏ မည်၏။ ထိုရူဒြဒါမကကဟာပဏသည် နီလကဟာပဏနှင့် စက်ချိန်လျှင် ၃-မတ်သာ ရှိသည်-ဟု ပြလိုသော ဝဇိရဗုဒ္ဓိဋီကာဆရာသည်-

> ရူဒြဒါမကော နာမ ရူဒြဒါမကာဒီဟိ ဥပ္ပါဒိတော။ တေသံ ကိရ တိဘာဂံ အဂ္ဃတိ ရူဒြဒါမကော။ -

ဟူ၍ မိန့်သည် (ဝဇိရ။၁၂၃)။

ရူဒြဒါမကာဒီဟိ၊ ရူဒြဒါမ မည်သော မင်း-စသည်တို့သည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကျပ်စေ့သည်။ ရူဒြဒါမကော နာမ၊ ရူဒြဒါမကကဟာပဏ မည်၏။ ရူဒြဒါမကော၊ ရူဒြဒါမကကဟာပဏသည်။ တေသံ၊ ထိုနီလကဟာပဏတို့၏။ တိဘာဂံ၊ ၃-ဖို့ကို။ အဂ္ဃတိ ကိရ၊ ထိုက်သတတ်။

သာရတ္ထဒီပနီဋီကာ(၂။၁၂၃)၌လည်း-

> ရူဒြဒါမေန ဥပ္ပါဒိတော ရူဒြဒါမကော။ သော ကိရ နီလကဟာပဏသ တိဘာဂံ အဂ္ဃတိ။ -

ဟူ၍ လာသည်။

ရူဒြဒါမေန၊ ရူဒြဒါမမည်သော မင်းသည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကျပ်စေ့သည်။ ရူဒြဒါမကော၊ ရူဒြဒါမကကဟာပဏမည်၏။ သော၊ ထိုရူဒြဒါမကကဟာပဏသည်။ နီလကဟာပဏသ၊ နီလကဟာပဏ၏။ တိဘာဂံ၊ ၃-ဖို့ကို။ အဂ္ဃတိ ကိရ၊ ထိုက်သတတ်။

ဝိမတိဝိနောဒနီဋီကာ(၁။၁၆၉)၌လည်း-

http://www.dhammadownload.com

ရူဒြဒါမေန နာမ ကေနစိ ဥပ္ပါဒိတော ရူဒြဒါမကော။ သော ကိရ နိလကဟာပဏသ္မ တိဘာဂံ အဂ္ဃတိ။ -

ဟူ၍ လာသည်။

ရူဒြဒါမေန နာမ ကေနစိ၊ ရူဒြဒါမ-မည်သော အမှတ်မရှိသော မင်းသည်။ ဥပ္ပါဒိ-တော၊ ဖြစ်စေအပ်သော ကျပ်စေ့သည်။ ရူဒြဒါမကော၊ ရူဒြဒါမကကဟာပဏ မည်၏။ သော၊ ထိုရူဒြဒါမကကဟာပဏသည်။ နိလကဟာပဏသ္မ၊ နိလကဟာပဏ၏။ တိဘာဂံ၊ ၃-ဖို့ကို။ အဂ္ဃတိ ကိရ၊ ထိုက်သတတ်။

ဤဝိနည်းဋီကာကြီး ၃-စောင်တို့၌ ရူဒြဒါမကကဟာပဏသည် နိလကဟာပဏ ၏ ၃-ဖို့ကို ထိုက်သည်ဆိုသောကြောင့် နိလကဟာပဏနှင့် ရူဒြဒါမကကဟာပဏကို-

- ကျပ်ချင်း စက်လျှင် ရူဒြဒါမကကဟာပဏကျပ်သည် နိလကဟာပဏကျပ်၏ ၃-မတ်သာ ရှိသည်။
- ဆယ်ချင်း စက်လျှင် ရူဒြဒါမကကဟာပဏ ၁၀-သည် နိလကဟာပဏ ၁၀-၏ ၇-ကျပ်, ၂-မတ်သာ ရှိသည်။
- ပိဿာချင်း စက်လျှင် ရူဒြဒါမကကဟာပဏ ၁-ပိဿာသည် နိလကဟာပဏ ၁-ပိဿာ၏ ၇၅-ကျပ်သာ ရှိသည်-ဟူလိုသည်။

ကဟာပဏ-ဟု ဆိုအပ်သော ကျပ်စေ့သည်လည်း ရွှေဖြင့်ပြုအပ်သော ကျပ်စေ့၊ ငွေဖြင့်ပြုအပ်သော ကျပ်စေ့၊ ရွှေ, ငွေ, ကြေးနီ ၃-ပါးရောစ၍ ပြုအပ်သော ကျပ်စေ့-ဟူ၍ ၃-ထွေ ရှိသည်။ ထို ၃-ထွေတို့တွင် အဘယ်ကျပ်စေ့သည် နိလကဟာပဏ မည်သနည်း-ဟူမူကား အချို့သောဆရာတို့ကား ရွှေဖြင့်ပြုအပ်သော ကျပ်စေ့သည် နိလကဟာပဏ မည်၏-ဟု ဆိုကုန်သည်။ အချို့သောဆရာတို့က ရွှေ, ငွေ, ကြေးနီ ၃-ပါးရောစ၍ ပြုအပ်သော ကျပ်စေ့သည် နိလကဟာပဏ မည်၏-ဟု ဆိုကုန်သည်။ သိင်္ဂါဘာဇနဝိနိစ္ဆယ အချို့သော စာတို့၌ **"ပါဒေါ နာမ ပဗ္ဗမာသံ သုဝဏ္ဏဿ"**ဟု ရှေးပက္ခအယူရှိသော ဆရာတို့၏ အလိုအားဖြင့် ရေးသား၍ ပါဠိရှိသည်။ အချို့သော စာတို့၌ ဒုတိယပက္ခ အယူရှိသော ဆရာတို့ အလိုအားဖြင့် **"ပဗ္ဗမာသံ ဟိရညဿ"**ဟု ရေးသား၍ ပါဠိရှိသည်။ ရွှေ,ငွေ,ကြေးနီ ၃-ပါး အရောကို ဟိရညဿ-ဟု ဆိုလိုသည်။ ထိုဝါဒ ၂-ပါးတွင် ရှေးဝါဒအတိုင်း ဝိမတိ-ဝိနောဒနီဋီကာဆရာ အယူရှိသည်။

ထို့ကြောင့်-

http://www.dhammadownload.com

ပေါရာဏာသတ္ထာနုရူပံ ဥပ္ပါဒိတော ဝိသတိမာသပ္ပမာဏဥတ္တမသုဝဏ္ဏဋ္ဌနကော လက္ခဏသမ္ပန္နော နီလကဟာပဏောတိ ဝေဒိတဗ္ဗော။ (ဝိမတိ၊ဋီ၊၁။၁၆၉)

ဟူ၍ မိန့်သည်။ နောက်ဝါဒအတိုင်း ဝိနယဝိနိစ္ဆယဥတ္တရသိဒ္ဓည်းဋီကာဆရာ အယူရှိသည်။ ထို့ကြောင့်-

> မိဿကကဟာပဏော ယေဝ နီလကဟာပဏော။ တတ္ထေဝ ဟိ ပေါရာဏသတ္ထဝိဟိတံ လက္ခဏံ ဒိဿတိ။ ကထံ? ပဋမာသာ သုဝဏ္ဏာဿ, တထာ ရဇတဿ။ ဒသမာသာ တမ္ဗဿာတိ ဧတေ ဝိသတိမာသေ မိဿေတ္တာ ဗန္ဓနတ္ထာယ ဝိဟိမတ္တံ-လောဟံ ပက္ခိပိတ္တာ အက္ခရာနိ စ ဟတ္ထိအာဒိန'မညတရဿ ရူပံ ဒဿေတ္တာ ကတော နိဒ္ဒေါသတ္တာ နီလကဟာပဏော နာမ ဟောတိ။

(ဥတ္တရဝိနိစ္ဆယ၊ဋီ။၄၀၇-၈)ဟူ၍ မိန့်သည်။

မိဿကကဟာပဏော ယေဝ၊ ရွှေ,ငွေ,ကြေးနီ ၃-ပါးရောရှိ ပြုအပ်သော ကျပ်စေ့သည်သာလျှင်။ နီလကဟာပဏော၊ မည်၏။ ဟိ သစ္စံ၊ မှန်၏။ တတ္ထေဝ၊ ထိုရွှေ,ငွေ,ကြေးနီ ၃-ပါးရောရှိ ပြုအပ်သော ကျပ်စေ့၌သာလျှင်။ ပေါရာဏသတ္ထဝိဟိတံ၊ ရှေးကျမ်းဟောင်း၌ စီရင်အပ်သော။ လက္ခဏံ၊ လက္ခဏာသည်။ ဒိဿတိ၊ ထင်၏။ ကထံ၊ အသို့ ထင်သနည်းဟူမူကား။ သုဝဏ္ဏာဿ၊ ရွှေ၏။ ပဋမာသာ၊ ၅-ပဲ။ ရဇတဿ၊ ငွေ၏။ တထာ၊ ထို့အတူ ၅-ပဲ။ တမ္ဗဿ၊ ကြေးနီ၏။ ဒသမာသာ၊ ၁၀-ပဲ။ ဣတိ၊ သို့။ ဧတေ ဝိသတိမာသေ၊ ထို ပဲ ၂၀-တို့ကို။ မိဿေတ္တာ၊ ၍။ ဗန္ဓနတ္ထာယ၊ အရောင်အဆင်းကောင်းသဖြင့် စပ်ခြင်းအကျိုးငှာ။ ဝိဟိမတ္တံလောဟံ၊ ၁-စပါးမျှ အာနုဘော်ရှိသော သံကို။ ပက္ခိပိတ္တာ၊ ခတ်၍။ အက္ခရာနိ စ၊ အက္ခရာတို့ကိုလည်းကောင်း။ ဟတ္ထိအာဒိန်၊ ဆင်သဏ္ဌာန်-စသည်တို့တွင်။ အညတရဿ ရူပံ၊ အမှတ်မရှိ တစ်ခုခုသော သဏ္ဌာန်ကိုလည်းကောင်း။ ဒဿေတ္တာ၊ ပြ၍။ ကတော၊ ပြုအပ်သော ကျပ်စေ့သည်။ နိဒ္ဒေါသတ္တာ၊ အပြစ်မရှိသည်၏ အဖြစ်ကြောင့်။ နီလကဟာပဏော နာမ၊ မည်သည်။ ဟောတိ၊ ၏။ (ပါရာဇိကဏ် အတ္ထယောဇနာဆရာလည်း ဤအတူပင် ယူသည်။)

စပါး, ချင်ရွေး, ပဲ, မတ်-အဆုံးအဖြတ်ကို တိပိဋကဂဏ္ဌိပုဒ်၌-

> **စတ္တာရော ဝီဟယော ဂုဠာ၊ ဒ္ဝေ ဂုဠာ မာသကော ဘဝေ။**
> **မာသကာ ပန ပဉ္စေ'တေ၊ ပါဒဂ္ဃံ့ ပဂုဠတိ။ ။**

ဟူ၍ လာသည်။

http://www.dhammadownload.com

စတ္တာရော ဝိဟယော၊ ၄-စပါးတို့သည်။ ဂုဏ္ဍာ၊ ၁-ချင်္ဂေး ဖြစ်၏။ ဒွေ ဂုဏ္ဍာ၊ ၂-ချင်္ဂေးတို့သည်။ မာသကော၊ ၁-ပဲသည်။ ဘဝေ၊ ဖြစ်၏။ ဧတေ ပန ပဉ္စမာသကာ၊ ထို ၅-ပဲတို့ကိုကား။ ပါဒဂ္ဃန္တိ၊ ၁-မတ်ထိုက်၏-ဟူ၍။ ပဝုစ္စတိ၊ အပ်၏။

- ၄-စပါးလျှင် ၁-ချင်္ဂေး၊ - ၂-ချင်္ဂေးလျှင် ၁-ပဲ၊
- ၅-ပဲလျှင် ၁-မတ်ဖြစ်သောကြောင့် - ၁-ပဲလျှင် ၈-စပါး၊
- ၁-မတ်လျှင် စပါး-၄၀၊ - ၁-ကျပ်လျှင် စပါး-၁၆၀၊
- ၁-ပဲလျှင် ၂-ဂွေး၊ - ၁-မတ်လျှင် ၁၀-ဂွေး၊
- ၁-ကျပ်လျှင် ဂွေး ၄၀-ရှိ၏-ဟူလိုသော်။

အဘိဓာန်၌-

စတ္တာရော ဝိဟယော ဂုဏ္ဍာ၊ ဒွေ ဂုဏ္ဍာ မာသကော ဘဝေ။
ဒွေ အက္ခာ မာသကာ ပဉ္စ-က္ခာနံ ဓရဏ'မဋ္ဌကံ။ ။ (၄၇၉)

သုဝဏ္ဏော ပဉ္စဓရဏံ၊ နိက္ခဉ္စ နိ'တ္ထိ ပဉ္စ တေ။
ပါဒေါ ဘာဂေ စတုတ္ထေ'ထ၊ ဓရဏာနိ ပလံ ဒသ။ (ဓာန်၊ဂါ။၄၈၀)
တုလာ ပလသတဉ္စာထ၊ ဘာရော ဝီသတိ တာ တုလာ။ ။ (ဓာန်၊ဂါ။၄၈၁)

ဟူ၍ လာသည်။

စတ္တာရော ဝိဟယော၊ ၄-စပါးတို့သည်။ ဂုဏ္ဍာ၊ ၁-ချင်္ဂေး ဖြစ်၏။ ဒွေ ဂုဏ္ဍာ၊ ၂-ချင်္ဂေးတို့သည်။ မာသကော၊ ၁-ပဲသည်။ ဘဝေ၊ ဖြစ်၏။ ဒွေ ပဉ္စမာသကာ၊ ပဲ ၁၀-တို့သည်။ အက္ခာ၊ ၁-အက္ခာ ဖြစ်၏။ အက္ခာနံ၊ အက္ခာတို့၏။ အဋ္ဌကံ၊ ၈-ခုသည်။ ဓရဏံ၊ ဓရဏ ၁-ခုဖြစ်၏။

ပဉ္စဓရဏံ၊ ၅-ဓရဏသည်။ သုဝဏ္ဏော၊ သုဝဏ္ဏ ၁-ခု ဖြစ်၏။ တေ ပဉ္စ သုဝဏ္ဏာ တု၊ ထိုသုဝဏ္ဏ ၅-ခုတို့သည်ကား။ နိက္ခံ၊ ၁-နိက္ခ ဖြစ်၏။ နိတ္ထိ၊ ပုလ္လိင်,နပုလ္လိင်တည်း။ ပါဒေါ၊ ပါဒ-သဒ္ဒါသည်။ စတုတ္ထေ ဘာဂေ၊ အမှတ်မရှိသော ဝတ္ထု၏၊ ၄-ဖို့ ၁-ဖို့၌။ ဝတ္ထုတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ ဒသ ဓရဏာနိ၊ ဓရဏ ၁၀-တို့သည်။ ပလံ၊ ၁-ပိုလ်ဖြစ်၏။ ပလသတဉ္စ၊ ပိုလ် ၁၀၀-သည်ကား။ တုလာ၊ ၁-ချိန် ဖြစ်၏။ အထ၊ ထိုမှတပါး။ တာ ဝီသတိ တုလာ၊ ထိုချိန် ၂၀-တို့သည်။ ဘာရော၊ ၁-ဝန် ဖြစ်၏။

"ပါဒေါ ဘာဂေ စတုတ္ထေ"ဟူသော ပါဠိ၌-

http://www.dhammadownload.com

တေ နိက္ခာ ပဋ္ဌ ပါဒေါ နာမ၊ သော ပါဒေါ စတုတ္ထေ ဘာဂေ ဝတ္တတိ'တေ့ကစ္စာနံ မတံ။

ဟူ၍ ဧကစ္စေဝါဒအားဖြင့်သာ ဋီကာဆရာ အတ္ထယောဇနာ ပြုသည်။

တေ နိက္ခာ ပဋ္ဌ၊ ထိုနိက္ခာ ၅-ခုတို့သည်။ ပါဒေါ နာမ၊ ပါဒ မည်၏။ သော ပါဒေါ၊ ထိုပါဒသည်။ စတုတ္ထေ ဘာဂေ၊ ၄-ဖို့ ၁-ဖို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသည်ကား။ ဧကစ္စာနံ၊ ဧကစ္စေဆရာတို့၏။ မတံ၊ အလိုတည်း။

ဋီကာဆရာ အလိုအားဖြင့်ကား–

တေ ပဋ္ဌ သုဝဏ္ဏာ နိက္ခံ နာမာ'တိ အမှာကံ မတိ။ ယဿ ကဿစိ ဝတ္ထုနော စတုတ္ထေ ဘာဂေ ပါဒေါ။

ဟု အတ္ထယောဇနာပြုသည်။

တေ ပဋ္ဌ သုဝဏ္ဏာ၊ ထိုသုဝဏ္ဏ ၅-ခုတို့သည်။ နိက္ခံ နာမ၊ နိက္ခ မည်၏။ ဣတိ၊ ဤသည်ကား။ အမှာကံ၊ ငါတို့၏။ မတိ၊ အလိုတည်း။ ပါဒေါ၊ ပါဒ-သဒ္ဒါသည်။ ယဿ ကဿစိ၊ အမှတ်မရှိသော။ ဝတ္ထုနော၊ ဝတ္ထု၏။ စတုတ္ထေ ဘာဂေ၊ ၄-ဖို့ ၁-ဖို့၌။ ဝတ္တတိ၊ ဖြစ်၏။

ဤသို့ ၂-နည်း အတ္ထယောဇနာပြုရာတွင် ဧကစ္စေဝါဒအားဖြင့် ၅-နိက္ခသည် ၁-ပါဒ ဖြစ်၏-ဟု အတ္ထယောဇနာပြုခြင်းသည် တပါးကျမ်းဂန်တို့နှင့် နှိုင်းယှဉ်သော် မလျော်, မသင့်။ ဋီကာဆရာအလိုအားဖြင့် နိက္ခနှင့် မစပ်မဟပ်မူ၍ ပါဒ-သဒ္ဒါသည် အမှတ်မရှိသော ဝတ္ထု၏ ၄-ဖို့ ၁-ဖို့၌ ဖြစ်၏-ဟု အသီးအခြား အတ္ထယောဇနာပြုခြင်းသည်သာ တပါးကျမ်းဂန်တို့နှင့် နှိုင်းယှဉ်သော် တော်သင့်သည်။

ရွှေ, ငွေ, ကြေးနီ ၃-ပါးရော၍ ပြုအပ်သော မတ်စေ့သည် ရွှေဖြင့် ပြုအပ်သော မတ်စေ့၏ အဝက်ထိုက်သောကြောင့် စပါး ၂၀-အချိန်ရှိသော ရွှေမတ်ဝက်ကို ခိုးလျှင် ပါရာဇိကရောက်၏-ဟု ပြလိုသော ဝိနယဝိနိစ္ဆယဥတ္တရသီဋ္ဌည်းဋီကာဆရာသည်–

သာမဏေရာနံ ဒသိကသုတ္တေနာပိ ပါရာဇိကော ဟောတိ။ ဥပသမ္ပန္နာနံ ပန သုဝဏ္ဏဿ ဝီသတိ ဝီဟိမတ္တေန။ တံ ပန သုဝဏ္ဏမာသကဝသေန အမ္ဗတိယမာသကံ ဟောတိ။

(ဥတ္တရဝိနိစ္ဆယဋီ။၄၀၈)ဟူ၍ မိန့်သည်။

http://www.dhammadownload.com

သာမဏေရာနံ၊ သာမဏေတို့အား။ ဒသိကသုတ္တေနာပိ၊ မိစ္ဆာဇျည်မျှင်ကို ခိုးသဖြင့်လည်း။ ပါရာဇိကော၊ ပါရာဇိကအာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဥပသမ္မန္နာနံ ပန၊ ပဉ္စင်းတို့အားကား။ သုဝဏ္ဏဿ၊ ရွှေ၏။ ဝိသတိ ဝိဟိမတ္တေန၊ စပါး ၂၀-အချိန်ကို ခိုးကာမျှဖြင့်။ ပါရာဇိကော၊ ပါရာဇိကအာပတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ ပန၊ ထိုရွှေ, ငွေ,ကြေးနီ ၃-ပါးရောရှ ပြုအပ်သော မတ်သည်ကား။ သုဝဏ္ဏမာသကဝသေန၊ ရွှေဖြင့် ပြုအပ်သော ပဲ၏အစွမ်းဖြင့်။ အမုတိယမာသကံ၊ ၂-ပဲခွဲ ထိုက်သည်။ ဟောတိ၊ ဖြစ်၏။

တိပိဋကဂဏ္ဌိပုဒ်၌လည်း 'သုဝဏ္ဏဝီသဝီဟဋ္ဌံ၊ ပါဒဂ္ဃန်္တိ ပဝုစ္စတိ'-ဟူ၍ လာသည်။

သုဝဏ္ဏဝီသဝီဟဋ္ဌံ၊ စပါး ၂၀-အချိန်ရှိသော ရွှေထိုက်သော ဝတ္ထုကို။ ပါဒဂ္ဃန်္တိ၊ ၁-မတ်ထိုက်သော ဝတ္ထု-ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဤကျမ်း ၂-စောင်တို့၌ ရွှေ,ငွေ,ကြေးနီ ၃-ပါးရောရှ ပြုအပ်သော ၁-မတ်သည် ပါရာဇိကဝတ္ထုဖြစ်၏။ ထိုရွှေ,ငွေ,ကြေးနီ ၃-ပါးရောရှ ပြုအပ်သော ၁-မတ်သည် တန်ခိုးအာနုဘော်ရှိသော သံ၏အစွမ်းဖြင့် ကောင်းမွန်ခြင်းကြောင့် ရွှေမတ်ဝက်ထိုက်သည် ဖြစ်၏။ ရွှေမတ်ဝက်သည်လည်း ပါရာဇိကဝတ္ထု ဖြစ်၏ ဟူလိုသည်။

ဤဆိုအပ်ပြီးသောနည်းဖြင့် ပါဠို, အဋ္ဌကထာ, ဋီကာကြီး ၃-စောင်တို့၌ ပဲ, မတ်, ကျပ်ကို ဆိုသည်။ ဝိနယဝိနိစ္ဆယ ဥတ္တရသိဒ္ဓဉ်းဋီကာ၊ ပါရာဇိကဏ်အတ္ထယောဇနာတို့၌ စပါး, ပဲ, မတ်, ကျပ်ကို ဆိုသည်။ တိပိဋကဂဏ္ဌိပုဒ်, အဘိဓာန်တို့၌ စပါး, ရွှေ, ပဲ, မတ်ကို ဆိုသည်ဖြစ်သောကြောင့်–

၄-စပါးလျှင် ၁-ရွှေ၊	၂-ရွှေးလျှင် ၁-ပဲ၊	၅-ပဲလျှင် ၁-မတ်၊
၄-မတ်လျှင် ၁-ကျပ်၊	၁-ပဲလျှင် ၂-ရွှေး၊	၁-မတ်လျှင် ၁၀-ရွှေး၊
၁-ကျပ်လျှင် ရွှေး-၄၀၊	၁-ရွှေးလျှင် ၄-စပါး၊	၁-ပဲလျှင် ၈-စပါး၊
၁-မတ်လျှင် စပါး-၄၀၊	၁-ကျပ်လျှင် စပါး-၁၆၀ –	

ဟူ၍ ခေါ်ဝေါ်ခြင်းသည် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့၌ တညီတညွတ်တည်းလာသော စကားရပ်ဖြစ်သည်-ဟု မှတ်တော်မူရာသည်။ ဂဏန်းကျမ်းကို စီရင်သော ဆရာသည်ကား ဉာဏ်ပွါးစေခြင်းငှာ ကျမ်းဂန်လာ,မလာသော စကားရပ်ကို ရောယှက်၍ ရေးထားသည်။

တမွှဒီပတိုင်း ရေ့မြေထက် မဂဓရာဇ်တိုင်းရေ့မြေ, ဩဇာ သာသောကြောင့် အပင်, အသီး ကြီး,ငယ်ရှိမည်။ တမွှဒီပတိုင်းတွင်လည်း ၁-ရပ်နှင့် ၁-ရပ် ရေ့မြေထူးသောကြောင့်

http://www.dhammadownload.com

အပင်,အသီး ကြီး,ငယ်ရှိမည်။ ၁-ပင်တွင်လည်း အသီးကြီး,ငယ်ရှိမည်။ အသီး, အစေ့ ၁-လုံးတွင်လည်း အသစ်,အဟောင်း, လေး,ပေါ့-ရှိမည်ကို ဆင်ခြင်တော်မူရာသည်။

ရှေးဘေးလောင်းတော် မင်းဧကရာဇ်တို့ လက်ထက်၌လည်း ပညာရှိတို့နှင့် တိုင်ပင်၍ တမွှဒီပတိုင်း မြေ,ရေထက် မဂဓရာဇ်တိုင်းမြေ,ရေ, ဩဇာ သာသောကြောင့် မဂဓရာဇ်တိုင်းမှ စပါးချင်ရွေး ၁-လုံးနှင့် တမွှဒီပတိုင်းက စပါးချင်ရွေး ၄-လုံးသည် အမျှသင့်သည်-ဟု ကြံဆင်ခြင်သဖြင့် မဂဓရာဇ်တိုင်းက စပါး ၁-လုံးနှင့် တမွှဒီပတိုင်းမှ ချင်ရွေး ၁-လုံး အမျှဖြစ်သင့်သည်ဟု ယူ၍-

၈-ရွေးလျှင် ၁-ပဲ၊ ၅-ပဲလျှင် ၁-မတ်၊ ၄-မတ်လျှင် ၁-ကျပ်၊
၁-ပဲလျှင် ၈-ရွေး၊ ၁-မတ်လျှင် ရွေး-၄၀၊ ၁-ကျပ်လျှင် ရွေး-၁၆၀ -

ပြု၍ သမုတ်ပညတ်မည်ကိုလည်း ဆင်ခြင်မှတ်တော်မူရာသည်။

ကွမ်းစား,တောင်း,တင်း အချင့်အတွက် အသုံးအစွဲပြုသည်မှာ တစ်တိုင်းနှင့် တစ်တိုင်း မတူ၊ အထွေထွေအထူးထူးရှိသည်။ ကျမ်းဂန်တို့၌လည်း အထွေထွေအပြားပြား အာစရိယ-ဝါဒအများ ရှိသည်။ ယခုသုံးစွဲသည့် တောင်း,တင်းနှင့် ကျမ်းဂန်တို့၌လာသော ကွမ်းစား, တောင်း, တင်း-သည် အခေါ်အဝေါ်အဖတ်အဆင့် မညီ။

ယခုသုံးစွဲသည့် တောင်း,တင်းမှာ-

၂-လမယ်လျှင် ၁-စလယ်၊ ၂-စလယ်လျှင် ၁-ခွက်၊
၂-ခွက်လျှင် ၁-ပြည်၊ ၂-ပြည်လျှင် ၁-စရွတ်၊
၂-စရွတ်လျှင် ၁-စိတ်၊ ၂-စိတ်လျှင် ၁-ခွဲ၊
၂-ခွဲလျှင် ၁-တင်း - ဖြစ်သည်။

ကျမ်းဂန်တို့၌လာသော ကွမ်းစား, တောင်း, တင်းမှာ-

၄-ဆုပ်လျှင် ၁-ကုဋ္ဌံ၊ ၄-ကုဋ္ဌံလျှင် ၁-ကွမ်းစား၊
၄-ကွမ်းစာလျှင် ၁-အာဠှက၊ ၄-အာဠှကလျှင် ၁-စိတ်၊
၄-စိတ်လျှင် ၁-တင်း - ဖြစ်သည်။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာဆရာသည်-

နဝ ဝါဟသဟဿာနီတိ ဧတ္ထ စတသော မုဋ္ဌယော ဧကော ကုဋ္ဌဝေါ၊ စတ္တာရော ကုဋ္ဌဝါ ဧကော ပတ္ထော၊ စတ္တာရော ပတ္ထာ ဧကော အာဠှကော၊ စတ္တာရော

http://www.dhammadownload.com

အာဠကာ ဧကံ ဒေါဏံ၊ စတ္တာရိ ဒေါဏာနိ ဧကာ မာနိကာ၊ စတသော မာနိကာ ဧကော ခါရီ၊ ဝီသတိ ခါရိကာ ဧကော ဝါဟော၊ တဒေဝ 'ဧကံ သကဋ္ဌန်တိ သုတ္တနိပါတဋ္ဌကထာဒီသု (သုတ္တနိ၊ဋ္ဌ၊၂။၁၉၇) ဝုတ္တံ။

ဟူ၍ မိန့်သည်။ (ဝိမတိ၊၁။၂၈)

နဝ ဝါဟသဟဿာနီတိ ဧတ္ထ၊ 'နဝ ။လ။'ဉျိပုဒ်၌။ စတသော မုဋ္ဌိယော၊ ၄-ဆုပ်တို့သည်။ ဧကော ကုဋုံဝေါ၊ ၁-ကုဋုံ မည်၏။ စတ္တာရော ကုဋုံဝါ၊ ၄-ကုဋုံတို့သည်။ ဧကော ပတ္ထော၊ ၁-ကွမ်းစား မည်၏။ စတ္တာရော ပတ္ထာ၊ ၄-ကွမ်းစားတို့သည်။ ဧကော အာဠကော၊ ၁-အာဠက မည်၏။ စတ္တာရော အာဠကာ၊ ၄-အာဠကတို့သည်။ ဧကံ ဒေါဏံ၊ ၁-စိတ် မည်၏။ စတ္တာရိ ဒေါဏာနိ၊ ၄-စိတ်တို့သည်။ ဧကာမာနိကာ၊ ၁-တင်း မည်၏။ စတသော မာနိကာ၊ ၄-တင်းတို့သည်။ ဧကာ ခါရီ၊ ၁-ခါရီ မည်၏။ ဝီသတိ ခါရိကာ၊ ခါရီ ၂၀-တို့သည်။ ဧကော ဝါဟော၊ ၁-ဝါဟ မည်၏။ တဒေဝ၊ ထို ၁-ဝါဟသည်ပင်လျှင်။ ဧကံ သကဋံ၊ ၁-လှည်း မည်၏။ ဣတိ၊ ဤသို့။ သုတ္တနိပါတဋ္ဌကထာဒီသု၊ တို့၌။ ဝုတ္တံ၊ ၏။

ပတ္ထ, နာဠိ သဒ္ဒါ ၂-ပါးသည် ကွမ်းစားဟော ဖြစ်သည်။ "ပတ္ထော တု နာဠိ နာရိယံ" ဟူ၍ လာသည် (ဓာန်၊ဂါ။၄၈၄)။

တု၊ ထိုမှတပါးသော။ ပတ္ထော၊ ကွမ်းစား။ နာဠိ၊ ကွမ်းစား။ နာရိယံ၊ နာဠိသဒ္ဒါကား ဣတ္ထိလိင်တည်း။

အာဠက, တုမ္ဟ၊ ဤသဒ္ဒါ ၂-ပါးကား ပရိယာယ် စကားလှည့်တည်း။ ထို့ကြောင့် အဘိဓာန် (ဂါ။၄၈၄)၌ "**အာဠကော နိတ္ထိယံ တုမ္ဟော**"ဟူ၍ လာသည်။

အာဠကော၊ အာဠက။ တုမ္ဟော၊ တုမ္ဟ။ နိတ္ထိယံ၊ ပုလ္လိင်, နပုလ္လိင်တည်း။

အာဠက, တဠု-ဟူသည် အတူတူပင်။ ပရိယာယ်ဝေါဟာရ ဖြစ်သည်။ ထိုအာဠက ဟူသည် ၁၀-သစ်, ၁၂-သစ် စတုရန်းရှိသော ဇလားတည်း။

ထို့ကြောင့် အဘိဓာန်ဋီကာ (၃၂၆)၌ "**ဒသဂုံလံ ဒွါဒသဂုံလံ ဝါ သတ္ထတော မာနမိဒံ အာဠကော**"ဟု မိန့်သည်။

သတ္ထတော၊ ထက်ဝန်းကျင် စတုရန်းအားဖြင့်။ ဒသဂုံလံ ဝါ ဒွါဒသဂုံလံ ဝါ၊ ၁၀-သစ်, ၁၂-သစ် ပမာဏရှိသော။ မာနမိဒံ၊ ချင့်ရာချင့်ကြောင်းဖြစ်သော ဇလားသည်ပင်။ အာဠကော၊ အာဠက မည်၏။

http://www.dhammadownload.com

ပျဉ်ပြားထု လက် ၁-သစ်ဖြစ်၍ အတွင်းစွန်းနှင့် တိုင်းလျှင် ၁၀-သစ်, ပြင်စွန်းနှင့် တိုင်းလျှင် ၁၂-သစ်-ဟူလိုသည်။ ယခု စဉ့်တော်ငင်းနှင့် လျော်၏။

သာရတ္ထဒီပနီဋီကာ(၁။၁၂၄)၌လည်း-

> နဝ ဝါဟသဟဿာနီတိ ဧတ္ထ စတသ္သော မုဋ္ဌိယော ဧကော ကုဋ္ဌဝေါ။ စတ္တာရော ကုဋ္ဌဝါ ဧကော ပတ္ထော၊ စတ္တာရော ပတ္ထာ ဧကော အာဠ္ဟကော၊ စတ္တာရော အာဠ္ဟကာ ဧကံ ဒေါဏံ၊ စတ္တာရော ဒေါဏာ ဧကာမာနိကာ၊ စတသ္သော မာနိကာ ဧကာခါရိ၊ ဝိသတိ ခါရိယော ဧကော ဝါဟော၊ တဒေဝ "ဧကံ သကဋ္ဌ"န္တိ သုတ္တနိပါတ-ဋ္ဌကထာဒီသု ဝုတ္တံ။ ဣဓ ပန ဒ္ဝေ သကဋာနိ ဧကော ဝါဟောတိ ဝဒန္တိ။ -

ဟူ၍ လာသည်။

အဘိဓာန် (ဂါ။၄၈၂၄၈၃)၌လည်း-

> ကုဋ္ဌဝေါ ပသတော ဧကော၊ ပတ္ထော တေ စတုရော သိယုံ။
> အာဠ္ဟကော စတုရော ပတ္ထာ၊ ဒေါဏံ ဝါ စတုရာ'ဠ္ဟကံ။ ။
> မာနိကာ စတုရော ဒေါဏာ၊ ခါရိ'တ္ထိ စတုမာနိကာ။
> ခါရိယော ဝီသ ဝါဟော'ထ၊ သိယာ ကုမ္ဘော ဒသမ္ဗဏံ။ ။ -

ဟူ၍ လာသည်။

ဧကော ပသတော၊ ၁-လက်ဖက်သည်။ ကုဋ္ဌဝေါ၊ ၁-ကုဋ်ံ မည်၏။ တေ စတုရော၊ ထို ၄-ကုဋ်ံတို့သည်။ ပတ္ထော၊ ၁-ကွမ်းစား (၁-စလယ်)မည်သည်။ သိယုံ၊ ဖြစ်ကုန်၏။ စတုရော ပတ္ထာ၊ ၄-ကွမ်းစားတို့သည်။ အာဠ္ဟကော၊ ၁-ကုဋ်ံ (၁-ပြည်)မည်၏။ စတုရာ'ဠ္ဟကံ၊ ၄-ကုဋ်ံသည်။ ဒေါဏံ၊ ၁-စိတ် မည်၏။ ဝါ၊ ပုလ္လိင်လည်း ရှိ၏။

စတုရော ဒေါဏာ၊ ၄-စိတ်တို့သည်။ မာနိကာ၊ ၁-တင်း မည်၏။ စတုမာနိကာ၊ ၄-တင်းသည်။ ခါရိ၊ ၁-ခါရိ မည်၏။ ကွတ်၊ ကွတ်လိင်တည်း။ ဝီသ ခါရိယော၊ ခါရိ ၂၀-တို့သည်။ ဝါဟော၊ ၁-လှည်း မည်၏။ အထ၊ ထိုမှတပါး။ ဒသမ္ဗဏံ၊ ၁၁-စိတ်လျှင် ၁-အမွှာ ဖြစ်၍ စိတ်ပေါင်း ၁၁၀-ဟု ဆိုအပ်သော ၁၀-အမွှာသည်။ ကုမ္ဘော၊ ၁-ကုမ္ဘ မည်သည်။ သိယာ၊ ၏။

မြန်မာဝေါဟာရအားဖြင့် ၁-ခါရိကို ၁-တို့၊ ၁-ကုမ္ဘကို ၁-ပုပ် ဆိုသည်။ ၁-ကုဋ်ံ, ၁-လက်ဖက်-ဟူသည် အတူတူပင်၊ ၄-ဆုပ်စီ ရှိ၏-ဟူလိုသည်။

http://www.dhammadownload.com

ဝဇိရဗုဒ္ဓိဋီကာ (၂၆)၌လည်း-

> **မာဂဓကေန ပတ္ထေန စတ္ထာရော ပတ္ထာ အာဋ္ဌကံ၊ စတ္ထာရိ အာဋ္ဌကာနိ ဒေါဏံ၊ စတုဒေါဏာ မာနိကာ၊ စတုမာနိကာ ခါရိကာ၊ ဝီသတိခါရိကော ဝါဟောတိ။**

ဟူ၍ လာသည်။

ကောကာလိကသုတ်အဖွင့်၊ သုတ္တနိပါတ်အဋ္ဌကထာ (၂။၁၉၇)၌လည်း-

> ဝီသတိခါရိကောတိ မာဂဓေန ပတ္ထေန စတ္တာရော ပတ္ထာ ကောသလရဋ္ဌေ ဧကော ပတ္ထော ဟောတိ၊ တေန ပတ္ထေန စတ္တာရော ပတ္ထာ အာဋ္ဌကံ၊ စတ္တာရိ အာဋ္ဌကာနိ ဒေါဏံ၊ စတုဒေါဏာ မာနိကာ၊ စတုမာနိကာ ခါရိ၊ တာယ ခါရိယာ ဝီသတိခါရိကော။ တိလဝါဟောတိ တိလသကဋ္ဌံ။

ဟူ၍ လာသည်။

ဝီသတိခါရိကောတိ၊ ကား။ မာဂဓေန ပတ္ထေန၊ မဂဓရာဇ်ကွမ်းစားဖြင့်။ စတ္တာရော ပတ္ထာ၊ ၄-ကွမ်းစားတို့သည်။ ကောသလရဋ္ဌေ၊ ကောသလတိုင်း၌။ ဧကော ပတ္ထော၊ ၁-ကွမ်းစားသည်။ ဟောတိ၊ ၏။ တေန ပတ္ထေန၊ ထိုကောသလတိုင်း၌ဖြစ်သော ကွမ်းစားဖြင့်။ စတ္တာရော ပတ္ထာ၊ ၄-ကွမ်းစားတို့သည်။ အာဋ္ဌကံ၊ ၁-အာဋ္ဌက မည်၏။ စတ္တာရိ အာဋ္ဌကာနိ၊ ၄-အာဋ္ဌကတို့သည်။ ဒေါဏံ၊ ၁-စိတ်မည်၏။ စတုရော ဒေါဏာ၊ ၄-စိတ်တို့သည်။ မာနိကာ၊ ၁-တင်း မည်၏။ စတုမာနိကာ၊ ၄-တင်းသည်။ ခါရိ၊ ၁-ခါရိ မည်၏။ တာယ ခါရိယာ၊ ထိုခါရိဖြင့်။ ဝီသတိ ခါရိကော၊ ခါရိ ၂၀-သည်။ တိလဝါဟော၊ နှမ်း ၁-လှည်း မည်၏။ တိလဝါဟောတိ၊ တိလဝါဟော-ဟူသည်ကား။ တိလသကဋ္ဌံ၊ နှမ်း ၁-လှည်းတည်း။ မဂဓရာဇ် ကွမ်းစားထက် ကောသလတိုင်းကွမ်းစားသည် ၄-ဆတက် ကြီး၏-ဟူလိုသည်။

မဂဓရာဇ်ကွမ်းစားနှင့် ကောသလတိုင်းကွမ်းစားသာ ထူးသည် မဟုတ်သေး၊ မဂဓရာဇ်ကွမ်းစားနှင့် ဒမိဋ္ဌကွမ်းစား, သီဟဠကွမ်းစားလည်း ထူး၏-ဟု ပြတော်မူလို၍ အဋ္ဌကထာကျဉ်းကို စိရင်တော်မူသော အရှင်ဗုဒ္ဓယောသဆရာသည် သမန္တပါသာဒိက အမည်ရှိသော ဝိနည်းအဋ္ဌကထာ (၂။၂၈၂)၌-

> သီဟဠဒီပေ ပကတိနာဠိ မဟန္တာ၊ ဒမိဋ္ဌနာဠိ ခုဒ္ဒကာ၊ မဂဓနာဠိ ပမာဏယုတ္တာ၊ တာယ မဂဓနာဠိယာ ဒိယဓုနာဠိ ဧကော သီဟဠနာဠိ ဟောတီတိ မဟာအဋ္ဌကထာယံ ဝုတ္တံ။

ဟူ၍ မိန့်သည်။

http://www.dhammadownload.com

တိပိဋကဂဏ္ဌိပုဒ်၌လည်း-

သီဟဠဒီပေ ပကတိနာဠိ မဟန္တာ၊ ဒမိဠနာဠိ ခုဒ္ဒကာ၊ မဂဓနာဠိ ပမာဏယုတ္တာ၊ တာယ မဂဓနာဠိယာ ဒီယမုနာဠိ ဧကာ သီဟဠနာဠိ ဟောတိတိ မဟာအဋ္ဌကထာယံ ဝုတ္တံ။

ဟူ၍ အတူတူပင် လာသည်။

သီဟဠဒီပေ၊ ၌။ ပကတိနာဠိ၊ ပြကတော့ကွမ်းစားသည်။ မဟန္တာ၊ ကြီး၏။ ဒမိဠနာဠိ၊ ဒမိဠကွမ်းစားသည်။ ခုဒ္ဒကာ၊ ငယ်၏။ မဂဓနာဠိ၊ မဂဓရာဇ်ကွမ်းစားသည်။ ပမာဏယုတ္တာ၊ အတိုင်းအရှည်နှင့် ယှဉ်၏။ တာယ မဂဓနာဠိယာ၊ ထိုမဂဓရာဇ်ကွမ်းစားဖြင့်။ ဒီယမုနာဠိ၊ ၁-ကွမ်းစားခွဲသည်။ ဧကာ သီဟဠနာဠိ၊ သီဟိုဠ် ၁-ကွမ်းစားသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ မဟာအဋ္ဌကထာယံ၊ ၌။ ဝုတ္တံ၊ ၏။

ဒမိဠကွမ်းစား-ဟူသည်ကား ၄-ဆုပ်ကို ၁-ကုဋ္ဌံ၊ ၄-ကုဋ္ဌံကို ၁-ကွမ်းစား၊ ဤသို့ ရှေးသူဟောင်းတို့ ခေါ်ဝေါ်ရိုးအားဖြင့် ဖြစ်သော ကွမ်းစားတည်း။

ထို့ကြောင့် တေရသကဏ်ဍီကာဆရာသည်-

ပတ္ထော စ "စတုပလော ကုဋ္ဌဝေါ၊ စတုကုဋ္ဌဝေါ ပတ္ထော"တိ ဣမိနာ လောကိယ-ဝေါဟာရေန ဝေဒိတဗ္ဗော။ (သာရတ္ထ၊ဋီ၊၂။၄၂၈)

ဟူ၍ မိန့်သည်။

ပတ္ထော စ၊ မဂဓရာဇ်ကွမ်းစား၏ အဝက်ဖြစ်သော ဒမိဠကွမ်းစားကိုကား။ စတုပလော၊ ၄-လက်ဆွမ်းသည်။ ကုဋ္ဌဝေါ၊ ၁-ကုဋ္ဌံ မည်၏။ စတုကုဋ္ဌဝေါ၊ ၄-ကုဋ္ဌံသည်။ ပတ္ထော၊ ၁-ကွမ်းစား မည်၏။ ဣတိ ဣမိနာ လောကိယဝေါဟာရေန၊ ဤသို့ လူတို့ သုံးစွဲခေါ်ဝေါ်ရိုးအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၁-ဆုပ်-ဟူသည်နှင့် ၁-လက်ဆွမ်း-ဟူသည် အတူတူ။ ဝိမတိဝိနောဒနီဋီကာ (၁။ ၃၄၈)၌လည်း-

လောကိယေဟိပိ-

လောကိယဲ မဂဓဠွေ'တိ၊ ပတ္ထဒွယ'မုဒါဟဋံ။
"လောကိယဲ သောဋ္ဌသပလံ၊ မာဂဓံ ဒွိဝုဏံ မတ"န္တိ။ ။

ဧဝံ လောကေ နာဠိယာ မဂဓနာဠိ ဒွိဝုဏာတိ ဒဿိတာ။

ဟူ၍ လာသည်။

http://www.dhammadownload.com

လောကိယေဟိပိ၊ လောကိပညာရှိတို့သည်လည်း။ လောကိယ်၊ လူတို့ ပကတိသုံးစွဲသော ကွမ်းစားလည်းကောင်း။ မဂဓံ စ၊ မဂဓရာဇ်ကွမ်းစားလည်းကောင်း။ ဣတိ၊ ဤသို့။ ပတ္ထဒ္ဒယ်၊ ကွမ်းစား ၂-ခုအပေါင်းကို။ ဥဒါဟဋ္ဌ၊ ထုတ်အပ်၏။ လောကိယ်၊ ပကတိ လူတို့ သုံးစွဲသော ကွမ်းစားသည်။ သောဋ္ဌသပလံ၊ ၁၆-လက်ဆွမ်းရှိ၏။ ဒ္ဒိဂုဏံ၊ ပကတိလူတို့ သုံးစွဲသော ကွမ်းစားထက် ၂-ဆသာသော ကွမ်းစားကို။ မာဂဓံ၊ မဂဓရာဇ်ကွမ်းစား-ဟူ၍။ မတံ၊ သိအပ်၏။ ဣတိ၊ ဤသို့။ လောကေ နာဋ္ဌိယာ၊ လောကဌ် သုံးစွဲရိုး ပကတိ ဒမိဋ္ဌ ကွမ်းစားထက်။ ဒ္ဒိဂုဏာ၊ ၂-ဆတက်ဖြစ်သော ကွမ်းစားကို။ မဂဓာနာဋ္ဌိတိ၊ မဂဓရာဇ်ကွမ်းစား-ဟူ၍။ ဒဿိတာ၊ ပြအပ်၏။

ဥက္ကဋ္ဌော နာမ ပတ္ထော အမ္ဗာဋ္ဌကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဥ္ဇနံ။ (ပါရာဇိကဏ်ပါဠိတော်။၃၅၃)

ဥက္ကဋ္ဌော နာမ ပတ္ထော၊ ဥက္ကဋ္ဌသပိတ်မည်သည်ကား။ အမ္ဗာဋ္ဌကောဒနံ၊ အာဋ္ဌကဝက် ဆန်ဖြင့်ချက်သော ထမင်းကို။ ဂဏှာတိ၊ ယူ၏။ စတုဘာဂံ ခါဒနံ၊ ထမင်း၏ ၄-ဖို့ ၁-ဖို့ ခဲဖွယ်ကိုလည်းကောင်း။ တဒုပိယံ ဗျဥ္ဇနံ၊ အဆုံးလုတ်တိုင်အောင် စားလောက်သဖြင့် ထို ထမင်းအား လျော်သော ဟင်းလျာကိုလည်းကောင်း။ ဂဏှာတိ၊ ယူ၏။

အာဋ္ဌကဝက်-ဟူသည်ကား ၄-ကွမ်းစားသည် ၁-အာဋ္ဌကဖြစ်သောကြောင့် ၂-ကွမ်းစားတည်း။ ထိုကွမ်းစားသည်လည်း မဂဓရာဇ်ကွမ်းစားတည်း-ဟု ပြတော်မူလိုသော အဋ္ဌကထာဆရာသည်–

အမ္ဗာဋ္ဌကောဒနံ ဂဏှာတီတိ မဂဓနာဋ္ဌိယာ ဒ္ဒိန္နံ တဏ္ဍုလနာဋ္ဌိနံ သြဒနံ ဂဏှာတိ။

(ဝိ၊၄။၂။၂၈၁)ဟူ၍ မိန့်သည်။

အမ္ဗာဋ္ဌကောဒနံ ဂဏှာတီတိ၊ **အမ္ဗာဋ္ဌကောဒနံ ဂဏှာတိ**-ဟူသည်ကား။ မဂဓနာဋ္ဌိယာ၊ မဂဓရာဇ်ကွမ်းစားဖြင့်။ ဒ္ဒိန္နံ တဏ္ဍုလနာဋ္ဌိနံ၊ ဆန် ၂-ကွမ်းစားတို့၏။ သြဒနံ၊ ထမင်းကို။ ဂဏှာတိ၊ ယူ၏။

မဇ္ဈိမော နာမ ပတ္ထော နာဋ္ဌိကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဥ္ဇနံ။

မဇ္ဈိမော နာမ ပတ္ထော၊ **မဇ္ဈိမသပိတ်**မည်သည်ကား။ နာဋ္ဌိကောဒနံ၊ ဆန် ၁-ကွမ်းစားချက် ထမင်းကို။ ဂဏှာတိ၊ ယူ၏။ စတုဘာဂံ ခါဒနံ၊ ထမင်း၏ ၄-ဖို့ ၁-ဖို့ ခဲဖွယ်ကိုလည်းကောင်း။ တဒုပိယံ ဗျဥ္ဇနံ၊ အဆုံးလုတ်တိုင်အောင် စားလောက်သဖြင့် ထိုထမင်းအား လျော်သော ဟင်းလျာကိုလည်းကောင်း။ ဂဏှာတိ၊ ယူ၏။ (ပါရာဇိကဏ်ပါဠိတော်။၃၅၃)

http://www.dhammadownload.com

ကွမ်းစား-ဟူသည်လည်း မဂဓရာဇ်ကွမ်းစားတည်း-ဟု ပြတော်မူလိုသော အဋ္ဌ-ကထာဆရာသည်-

နာဠိကောဒနန္တိ မဂဓနာဠိယာ ဧကာယ တဏ္ဍုလနာဠိယာ သြဒနံ။

ဟူ၍ မိန့်သည် (ဝိ၊ဋ္ဌ၊၂။၂၈၂)။

နာဠိကောဒနန္တိ၊ နာဠိကောဒနံ-ဟူသည်ကား။ မဂဓနာဠိယာ၊ မဂဓရာဇ်ကွမ်းစား ဖြင့်။ ဧကာယ တဏ္ဍုလနာဠိယာ၊ ဆန် ၁-ကွမ်းစား၏။ သြဒနံ၊ ထမင်းကို။

သြမကော နာမ ပတ္ထော ပတ္ထောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။

သြမကော နာမ ပတ္ထော၊ သြမကသဝိတ်မည်သည်ကား။ ပတ္ထောဒနံ၊ ကွမ်းစား၀က် ချက်သောထမင်းကို။ ဂဏှာတိ၊ ယူ၏။ စတုဘာဂံ ခါဒနံ၊ ထမင်း၏ ၄-ဖို့ ၁-ဖို့ ခဲဖွယ်ကို လည်းကောင်း။ တဒုပိယံ ဗျဉ္ဇနံ၊ အဆုံးလုတ်တိုင်အောင် စားလောက်သဖြင့် ထိုထမင်းအား လျော်သော ဟင်းလျာကိုလည်းကောင်း။ ဂဏှာတိ၊ ယူ၏။ (ပါရာဇိကဏ်ပါဠိတော်။၃၅၃)

ကွမ်းစား၀က်-ဟူသည်လည်း မဂဓရာဇ်ကွမ်းစား၀က်တည်း-ဟု ပြတော်မူလိုသော အရှင်အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၂။၂၈၂)ဆရာသည်-

ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပမုနာဠိကောဒနံ။ - ဟူ၍ မိန့်သည်။

ပတ္ထောဒနန္တိ၊ ပတ္ထောဒနံ-ဟူသည်ကား။ မဂဓနာဠိယာ၊ မဂဓရာဇ်ကွမ်းစားဖြင့်။ ဥပမုနာဠိကောဒနံ၊ ကွမ်းစား၀က် ဆန်ဖြင့်ချက်သော ထမင်းကို။

ပတ္ထောဒနံ-၌ ပတ္ထ-ဟူသည်, ကွမ်းစား-ဟူသည်လည်း ဒမိဋ္ဌကွမ်းစားတည်း။ ထိုဒမိဋ္ဌ ကွမ်းစားသည် မဂဓရာဇ်ကွမ်းစား၏ အ၀က်တည်း။ အဋ္ဌကထာ၌မူကား မဂဓရာဇ်ကွမ်းစား ကို ပမာဏပြုလို၍ "ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပမုနာဠိကောဒနံ"ဟူ၍ ဆိုသည်။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ (၁။၃၄၈)ဆရာသည်-

မဂဓနာဠိတော ဥပမုဋ္ဌ ပုရာဏဒမိဋ္ဌနာဠိသဒိသံ ပတ္ထံ နာမ ဟောတိ။ ဧတေန စ "သြမကော နာမ ပတ္ထော ပတ္ထောဒနံ ဂဏှာတီ"တိ ပါဠိဝစနဋ္ဌ သမေတိ။ -

ဟူ၍ မိန့်သည်။

မဂဓနာဠိတော၊ မဂဓရာဇ်ကွမ်းစားမှ။ ဥပမုဋ္ဌ၊ ထက်၀က်သည်လည်း။ ပုရာဏ-ဒမိဋ္ဌနာဠိသဒိသံ၊ ရှေးသုံးစွဲဟောင်းဖြစ်သော ဒမိဋ္ဌကွမ်းစား-ဟု ဆိုအပ်သော။ ပတ္ထံ နာမ၊ ပတ္ထ မည်သည်ကား။ ဟောတိ၊ ဖြစ်၏။ ဧတေန စ၊ ဤစကားနှင့်လည်း။ သြမကော နာမ

http://www.dhammadownload.com

ပတ္ထော ပတ္ထောဒနံ ဂဏှာတီတိ ပါဠိဝစနဉ္စ၊ ဩမကော နာမ ပတ္ထော ပတ္ထောဒနံ ဂဏှာတိ-ဟူသော ဤပါဠိစကားသည်လည်း။ သမေတိ၊ ညီ၏။

တေရသကဏ်ဋီကာ (သာရတ္ထဒီ၂။၄၅၈)၌လည်း-

> **ဣမိနာ စ 'ပတ္ထဒ္ဒယံ မဂဓနာဠိ'တိ ဒဿိတံ ဟောတိ။ ပတ္ထော စ 'စတုပလော ကုဍ္ဝေါ၊ စတုကုဍ္ဝေါ ပတ္ထော'တိ ဣမိနာ လောကိယဝေါဟာရေန ဝေဒိတဗ္ဗော။**

ဟူ၍ လာသည်။

ဣမိနာ စ၊ 'ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပမုနာဠိကောဒနံ'-ဟူသော ဤအဋ္ဌကထာ စကားဖြင့်လည်း။ ပတ္ထဒ္ဒယံ၊ ပကတိလူတို့ သုံးစွဲသော ဒမိဠကွမ်းစား ၂-ခု အပေါင်းကို။ မဂဓနာဠိတိ၊ မဂဓရာဇ်ကွမ်းစား-ဟူ၍။ ဒဿိတံ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပတ္ထော စ၊ ပကတိလူတို့ သုံးစွဲသော ဒမိဠကွမ်းစားကိုလည်း။ စတုပလော၊ ၄-လက်ဆွမ်းသည်။ ကုဍ္ဝေါ၊ ၁-ကုဋ်ရှူ မည်၏။ စတုကုဍ္ဝေါ၊ ၄-ကုဋ်ရှူသည်။ ပတ္ထော၊ ကွမ်းစား မည်၏။ ဣတိ၊ ဤသို့။ ဣမိနာ လောကိယဝေါဟာရေန၊ ဤသို့ လူတို့ သုံးစွဲခေါ်ဝေါ်ရိုးအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤဋီကာဆရာ ၂-ဦးတို့၏အလိုကား ပတ္ထောဒနံ-ဟူ၍ ဟောတော်မူသည်မှာ ပကတိဒမိဠကွမ်းစားကို ရည်၍ ဟောတော်မူသည်။ အဋ္ဌကထာဆရာကား မဂဓရာဇ်ကွမ်းစားကို ပမာဏပြု၍ "မဂဓနာဠိယာ ဥပမုနာဠိကောဒနံ"ဟူ၍ ဖွင့်သည်။ "ပတ္ထောဒနံ၊ ဒမိဠကွမ်းစားဆန်ဖြင့် ချက်အပ်သော ထမင်းကို"ဟု ပါဠိတော်၌ အနက်သမ္မန်လေ-ဟူလိုသည်။ ဒမိဠကွမ်းစား-ဟူသည်နှင့် လောကီယကွမ်းစား-ဟူသည် အတူတူပင်။ ထိုကွမ်းစား ၂-ပါးသည်လည်း-

၄-ဆုပ်ကို ၁-ကုဋ်ရှူ။	၄-ကုဋ်ရှူကို ၁-ကွမ်းစား၊
၄-ကွမ်းစားကို ၁-အာဠှက၊	၄-အာဠှကကို ၁-စိတ်၊
၄-စိတ်ကို ၁-တင်း	–

ဖြစ်သောကြောင့် ရှေး၌ ဆိုအပ်ခဲ့ပြီးသော ဝိမတိဝိနောဒနီဋီကာ, သာရတ္ထဒီပနီဋီကာ, အဘိဓာန်ကျမ်းတို့၌ လာသော ၄-ဆုပ်လျှင် ၁-ကုဋ်ရှူ၊ ၄-ကုဋ်ရှူလျှင် ၁-ကွမ်းစား-ဟူသည်နှင့် အတူတူပင်။

လောကီဆရာတို့၏ အလိုအားဖြင့် ဒမိဠ ၂-ကွမ်းစားလျှင် မဂဓရာဇ် ၁-ကွမ်းစား ဖြစ်၏-ဟူလိုသည်။

http://www.dhammadownload.com

အန္ဓအဋ္ဌကထာဆရာတို့ အလိုအားဖြင့် ၁၃-လက်ဖက်ခွဲသည် မဂဓရာဇ် ၁-ကွမ်းစား မည်၏။

ထို့ကြောင့် သမန္တပါသာဒိကဝိနည်းအဋ္ဌကထာ(၀ိ၊၃၊၂။၂၈၂)၌-

မဂဓနာဠိ နာမ အမုတေရသပလာ ဟောတီတိ အန္ဓအဋ္ဌကထာယံ ဝုတ္တံ။

ဟူ၍ လာသည်။

မဂဓနာဠိ နာမ၊ **မဂဓရာဇ်ကွမ်းစား** မည်သည်ကား။ အမုတေရသပလာ၊ ၁၃-လက်ဖက်ခွဲ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အန္ဓအဋ္ဌကထာယံ၊ ပြတိုက်အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ ။ ဆရာမြတ်တို့ကား "အမုတေရသပလာ၊ ၁၂-လက်ဖက်လတ် ပမာဏ ရှိသည်"ဟု အနက်သမ္မန်သည်။

ဒီယသော နဝ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ ပမာဏိကာ ကာရေတဗ္ဗာ။ မဇ္ဈိမဿ ပုရိသဿ အမုတေရသဟတ္ထာ။

စသောအရာနှင့် နှိုင်းယှဉ်လျှင် သင့်အံ့သို့ မထင်။ ထိုသို့ပင်ဖြစ်သော်လည်း မတိမ်းမယိမ်းလွန်း၊ ၄-ဆုပ်မျှသာ အလျော့အသာရှိသည်။ ထိုအန္ဓအဋ္ဌကထာဆရာ၏အလိုအားဖြင့် ၁၃-ကုဠဲခွဲမှ မဂဓရာဇ် ၁-ကွမ်းစား ဖြစ်သည်။ မဂဓရာဇ် ၁-ကွမ်းစားကို ၅၄-လက်ဆုပ်ရှိသည်။ ဒမိဠကွမ်းစားထက် ၃-ဆ မက ကြီးသည်။ ထိုမဂဓရာဇ်ကွမ်းစားသည် ကေစိဝါဒ၊ အပရေဝါဒ အားဖြင့် ရှိသေးသည်-ဟု ပြတော်မူလို၍ တေရသကဏ်ဍီကာဆရာသည်-

> **မဂဓနာဠိ** နာမ ဆပသတာ နာဠိ'တိ ကေစိ။ အဋ္ဌပသတာ'တိ အပရေ။ တတ္ထ ပုရိမာနံ မတေန တိပသတာယ နာဠိယာ ဒွေ နာဠိယော ဧကာ မဂဓနာဠိ ဟောတိ၊ ပစ္ဆိမာနံ စတုပသတာယ နာဠိယာ ဒွေ နာဠိယော ဧကာ မဂဓနာဠိ။ -

ဟူ၍ မိန့်သည်(သာရတ္ထ၊၂။၄၂၇)။

မဂဓနာဠိ နာမ၊ **မဂဓရာဇ်ကွမ်းစား** မည်သည်ကား။ ဆပသတာ၊ ၆-လက်ဖက်ရှိသော။ နာဠိ၊ ကွမ်းစားတည်း။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ အဋ္ဌပသတာ၊ ၈-လက်ဖက်ရှိသော ကွမ်းစားသည် မဂဓရာဇ်ကွမ်းစား မည်၏။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ ပုရိမာနံ၊ ကေစိဆရာတို့၏။ မတေန၊ အလိုအားဖြင့်။ တိပသတာယ နာဠိယာ၊ ၃-လက်ဖက်ရှိသော ဒမိဠကွမ်းစားဖြင့်။ ဒွေ နာဠိယော၊ ၂-ကွမ်းစားတို့သည်။ ဧကာ မဂဓနာဠိ၊ မဂဓရာဇ် ၁-ကွမ်းစား မည်သည်။ ဟောတိ၊ ၏။ ပစ္ဆိမာနံ၊ အပရေဆရာတို့၏။ မတေန၊

http://www.dhammadownload.com

အလိုအားဖြင့်။ စတုပသတ္တာယ နာဋိယာ၊ ၄-လက်ဖက်ရှိသော ဒမိဋ္ဌကွမ်းစားဖြင့်။ ဒွေ နာဋိယော၊ ၂-ကွမ်းစားတို့သည်။ ဧကော မဂဓနာဋိ၊ မဂဓရာဇ ၁-ကွမ်းစား မည်၏။

ကေစိဆရာတို့ကား ၄-ဆုပ်လျှင် ၁-ကုဋ္ဌ၊ ၃-ကုဋ္ဌလျှင် ၁-ကွမ်းစားရှိသော ဒမိဋ္ဌကွမ်းစားဖြင့် ၂-ကွမ်းစားသည် မဂဓရာဇ်ကွမ်းစားဖြစ်သောကြောင့် ၆-ကုဋ္ဌလျှင် မဂဓရာဇ် ကွမ်းစားဖြစ်၏-ဟူလိုသည်။ ၁-ကုဋ္ဌ-ဟူသည်, ပသတ-ဟူသည် အတူတူပင်။ အသံသာ ကွဲသည်။ ဤကေစိဝါဒ၌ မဂဓရာဇ် ၁-ကွမ်းစားလျှင် ၂၄-လက်ဆုပ် ရှိသည်။ အပရေဆရာ တို့ကား ၄-လက်ဆုပ်လျှင် ၁-ကုဋ္ဌ၊ ၄-ကုဋ္ဌလျှင် ၁-ကွမ်းစားရှိသော ဒမိဋ္ဌကွမ်းစားဖြင့် ၂-ကွမ်းစားသည် မဂဓရာဇ်ကွမ်းစား ဖြစ်သောကြောင့် ၈-ကုဋ္ဌလျှင် မဂဓရာဇ် ၁-ကွမ်းစား ဖြစ်၏-ဟူလိုသည်။ ဤအပရေဝါဒ၌ မဂဓရာဇ် ၁-ကွမ်းစားလျှင် ၃၂-လက်ဆုပ် ရှိသည်။

ဤမှတပါး ဝါဒအပြားကို ပြတော်မူလို၍ ဝိမတိဝိနောဒနီဋီကာဆရာသည်-

> **အာစရိယဓမ္မပါလတ္ထေရေန ပန "ပကတိယာ စတုမုဋ္ဌိကံ ကုဉ္စပံ၊ စတုကုဉ္စပံ နာဠိ၊ တာယ နာဠိယာ သောဠသ နာဠိယော ဒေါဏော၊ တံ ပန မဂဓနာဠိယာ ဒ္ဝါဒသ နာဠိယော ဟောန္တိ ဝဒန္တိ"တိ ဝုတ္တံ။ -**

(ဝိမတိ၊၁။၃၄၈)ဟူ၍ မိန့်သည်။

တေရသကဏ်ဋီကာ(သာရတ္ထဒီ၂။၄၂၇)၌လည်း-

> **အာစရိယဓမ္မပါလတ္ထေရေန ပန "ပကတိယာ စတုမုဋ္ဌိကံ ကုဉ္စပံ၊ စတုကုဉ္စပံ နာဠိ၊ တာယ နာဠိယာ သောဠသ နာဠိယော ဒေါဏော၊ တံ ပန မဂဓနာဠိယာ ဒ္ဝါဒသ နာဠိယော ဟောန္တိ ဒန္တိ"တိ ဝုတ္တံ။ -**

ဟူ၍ အတူတူပင် လာသည်။

အာစရိယဓမ္မပါလတ္ထေရေန ပန၊ **ဆရာဓမ္မပါလမထေရ်**သည်ကား။ ပကတိယာ၊ ပကတိအားဖြင့်။ စတုမုဋ္ဌိကံ၊ ၄-ဆုပ်သည်။ ကုဉ္စပံ၊ ၁-ကုဋ္ဌ မည်၏။ စတုကုဉ္စပံ၊ ၄-ကုဋ္ဌသည်။ နာဠိ၊ ဒမိဋ္ဌ ၁-ကွမ်းစား မည်၏။ တာယ နာဠိယာ၊ ထိုဒမိဋ္ဌကွမ်းစားဖြင့်။ သောဠသနာဠိယော၊ ၁၆-ကွမ်းစားတို့သည်။ ဒေါဏော၊ ၁-စိတ်မည်၏။ တံ ပန၊ ထိုဒမိဋ္ဌ ၁၆-ကွမ်းစား ရှိသော စိတ်သည်ကား။ မဂဓနာဠိယာ၊ မဂဓရာဇ်ကွမ်းစားဖြင့်။ ဒ္ဝါဒသ နာဠိယော၊ ၁၂-ကွမ်းစားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

ဤဆရာဓမ္မပါလအယူ၌ ဒမိဋ္ဌ ၁၆-ကွမ်းစားကို မဂဓရာဇ် ၁၂-ကွမ်းစားရှိသည် ဆိုသောကြောင့် ၄-ဆုပ်လျှင် ၁-ကုဋ္ဌ၊ ၅-ကုဋ္ဌ၊ ၁-လက်ဆုပ်နှင့် ၁-လက်ဆုပ်၏ ၃-ဖို့ ၁-

http://www.dhammadownload.com

ဖို့လျှင် မဂဓရာဇ် ၁-ကွမ်းစား ဖြစ်သည်။ ထိုမဂဓရာဇ် ၁-ကွမ်းစားလျှင် လက်ဆုပ် ၂၀-ရှိ၏-ဟူလိုသည်။ ဒမိဋ္ဌကွမ်းစား-ဟူသည်လည်း ရှေးသူဟောင်းတို့ သုံးစွဲရိုး ပကတိကွမ်းစား ဖြစ်သည်။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ (၁။၃၄၈)၌ "ဒမိဋ္ဌနာဠီတိ ပုရာဏနာဠိ သန္ဓာယ ဝုတ္တံ" ဟူ၍ လာသည်။ တေရသကဏ်ဋီကာ (၂။၄၂၃)၌လည်း "ပကတိယာ စတုမုဋ္ဌိကံ ကုဍုဝံ၊ စတုကုဍုဝံ နာဠိကံ"ဟူ၍ လာသည်။ ဆရာမြတ်တို့ကား "ဒမိဋ္ဌနာဠိ၊ ကြည်းတို့၏ ကွမ်းစား"ဟု အနက်သမ္မန်သည်။

ဤသို့ ဆိုအပ်ပြီးသောကျမ်းဂန်တို့၌ လာသည်ကို ထောက်၍ ပမာဏမဇ္ဈိမပုရိသ၏ ပကတိလက်ဆုပ်ဖြင့်-

၄-ဆုပ်လျှင် ၁-ကုဍုံ၊ ၄-ကုဍုံလျှင် ၁-ကွမ်းစား၊
၄-ကွမ်းစားလျှင် ၁-အာဠှက၊ ၄-အာဠှကလျှင် ၁-စိတ်၊
၄-စိတ်လျှင် ၁-တင်း -

ပြု၍ သမုတ်ပညတ်သုံးစွဲလျှင် ရှေးသူဟောင်းတို့ သုံးစွဲရိုးပကတိဖြစ်သော ဒမိဋ္ဌကွမ်းစားနှင့် ညီမည်။ ပမာဏ မဇ္ဈိမပုရိသ၏ ပကတိလက်ဆုပ်ဖြင့်-

၄-လက်ဆုပ်ကို ၁-ကုဍုံ၊ ၁၃-ကုဍုံ၂-လက်ဆုပ်ကို ၁-ကွမ်းစား၊
၄-ကွမ်းစားကို ၁-အာဠှက၊ ၄-အာဠှကကို ၁-စိတ်၊
၄-စိတ်ကို ၁-တင်း -

ပြု၍ သမုတ်ပညတ်သုံးစွဲလျှင် အန္ဓအဋ္ဌကထာဆရာ၏အလို၊ မဂဓရာဇ်ကွမ်းစားနှင့် ညီမည်။ ပမာဏ မဇ္ဈိမပုရိသ၏ ပကတိလက်ဆုပ်ဖြင့်-

၄-လက်ဆုပ်လျှင် ၁-ကုဍုံ၊ ၆-ကုဍုံလျှင် ၁-ကွမ်းစား၊
၄-ကွမ်းစားလျှင် ၁-အာဠှက၊ ၄-အာဠှကလျှင် ၁-စိတ်၊
၄-စိတ်လျှင် ၁-တင်း -

ပြု၍ သမုတ်ပညတ်သုံးစွဲလျှင် ကေစိဆရာ၏အလို၊ မဂဓရာဇ်ကွမ်းစားနှင့် ညီမည်။ ပမာဏ-မဇ္ဈိမပုရိသ၏ ပကတိလက်ဆုပ်ဖြင့်-

၄-လက်ဆုပ်လျှင် ၁-ကုဍုံ၊ ၈-ကုဍုံလျှင် ၁-ကွမ်းစား၊
၄-ကွမ်းစားလျှင် ၁-အာဠှက၊ ၄-အာဠှကလျှင် ၁-စိတ်၊
၄-စိတ်လျှင် ၁-တင်း -

http://www.dhammadownload.com

ပြု၍ သမုတ်ပညတ်သုံးစွဲလျှင် အပရေဆရာ၏အလို မဂဓရာဇ်ကွမ်းစားနှင့်လည်း ညီမည်။ လောကီပညာရှိတို့၏အလို မဂဓရာဇ်ကွမ်းစားနှင့်လည်း ညီမည်။ ပမာဏ မဇ္ဈိမပုရိသ၏ ပကတိလက်ဆုပ်ဖြင့်-

၄-လက်ဆုပ်လျှင် ၁-ကုဋ်။	၅-ကုဋ်၊ ၁-လက်ဆုပ်နှင့်
၁-လက်ဆုပ်၏ ၃-ဖို့ ၁-ဖို့လျှင် ၁-ကွမ်းစား၊	၄-ကွမ်းစားလျှင် ၁-အာဠက၊
၄-အာဠကလျှင် ၁-စိတ်၊	၄-စိတ်လျှင် ၁-တင်း -

ပြု၍ သမုတ်ပညတ်သုံးစွဲလျှင် ဆရာဓမ္မပါလ၏အလို မဂဓရာဇ်ကွမ်းစားနှင့် ညီမည်ကိုလည်း ဆင်ခြင်တော်မူရာသည်။

ရှေးဘေးလောင်းတော် မင်းဧကရာဇ်တို့လည်း လောကဓမ္မကို သိသောပညာရှိတို့နှင့် ညီညွတ်တိုင်ပင်၍ လူတို့သုံးစွဲရိုး ပကတိဒမိဠကွမ်းစားနှင့် ၁-ကုဋ်အရာကို ၁-လမယ်၊ ၁-ကွမ်းစားအရာကို ၁-ခွက်၊ ၁-အာဠကအရာကို ၁-စရွတ်၊ ၁-ဒေါဏအရာကို ၁-ခွဲ၊ ၁-ခု ခြားညီအောင် ကြံဆင်ခြင်သဖြင့် ပမာဏ မဇ္ဈိမပုရိသ၏ ပကတိလက်ဆုပ်ဖြင့်-

၄-လက်ဆုပ်လျှင် ၁-လမယ်,	၈-ဆုပ်လျှင် ၁-စလယ်,
၁၆-ဆုပ်လျှင် ၁-ခွက်,	၃၂-ဆုပ်လျှင် ၁-ပြည်,
၆၄-ဆုပ်လျှင် ၁-စရွတ်,	၁၂၈-ဆုပ်လျှင် ၁-စိတ်,
၂၅၆-ဆုပ်လျှင် ၁-ခွဲ,	၅၁၂-ဆုပ်လျှင် ၁-တင်းပြု၍-

ပမာဏ မဇ္ဈိမပုရိသ၏ ပကတိလက်ဆုပ်ဖြင့်-

၄-လက်ဆုပ်လျှင် ၁-လမယ်,	၂-လမယ်လျှင် ၁-စလယ်,
၂-စလယ်လျှင် ၁-ခွက်,	၂-ခွက်လျှင် ၁-ပြည်,
၂-ပြည်လျှင် ၁-စရွတ်,	၂-စရွတ်လျှင် ၁-စိတ်,
၂-စိတ်လျှင် ၁-ခွဲ,	၂-ခွဲလျှင် ၁-တင်း -

ပြု၍ သမုတ်ပညတ်သုံးစွဲသည်။ ယခုလည်း ခေါ်ဝေါ်သုံးစွဲသည်မှာ ရှေးသူဟောင်းတို့ သုံးစွဲရိုး ပကတိဒမိဠကွမ်းစားနှင့် ၁-ခုခြား ညီ,မညီကိုလည်း ဆင်ခြင်တော်မူရာသည့် အကြောင်းကို မေတ္တာစာ သွင်းဆက်ပါသည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

ဗားကရာသာသနာပိုင်ဆရာတော်ဘုရားကြီးအဆုံးအဖြတ် အမေးတော်ပုံ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အမည်မသိဆရာတော်

{၃} ပါတိမောက္ခဒွဒ္ဒသဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သပ္ပညဘုရားသခင် သာသနာတော်မြတ်၌ သဒ္ဓါယုံကြည်၍ ရဟန်းပြုကုန်သော ဝိနယကုက္ကုစ္စက သဒ္ဓမ္မဂဝေသီ လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်မြတ်တို့သည် အလေးဂရု ပြုအပ်သော ဥပုသ်ကံအရာ၌ သံသယဖွဲ့ဟ ဝိဝါဒစကား အယူဝါဒပြားသည်ကို ပါဠို, အဋ္ဌကထာ, ဋီကာထောက်ထားသဖြင့် ဝိနိစ္ဆယစကားအစဉ်ကို စီရင်ရေးသားပေအံ့။

အနုဇာနာမိ ဘိက္ခဝေ ထေရာဓိကံ ပါတိမောက္ခံ။ (ဝိနည်းမဟာဝါပါဠိတော်။၁၅၅)

ထေရာဓိကန္တိ ထေရာဓိနံ၊ ထေရာယတ္တံ ဘဝိတုန္တိ အတ္ထော၊ ထေရာဓေယ္ယန္တိပိ ပါဌော။ တသ္မာ ထေရေန သယံ ဝါ ဥဒ္ဒိသိတဗ္ဗံ၊ အညော ဝါ အဇ္ဈေသိတဗ္ဗော။
(ဂဠိဝိနည်းမဟာဝါအဋ္ဌကထာ။၃၄၀)

ဤသို့ ပါဠို,အဋ္ဌကထာ လာသည်ဖြစ်သောကြောင့် ပါတိမောက်ပြခြင်းသည် သံဃာထေရ်နှင့်သာ စပ်သည်။ သံဃာထေရ်သာ အစိုးရသည်ဖြစ်၍ သံဃာထေရ်သည် ကိုယ်တိုင် မူလည်း ပြအပ်၏၊ သူတပါးကိုသော်လည်း တိုက်တွန်းအပ်၏။ သံဃာထေရ် မဟုတ်သော သူသည်–

နာ ဘိက္ခဝေ သံဃမဇ္ဈေ အနဇ္ဈိဋ္ဌေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိသေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊၃။၁၅၅)

ဟု ပညတ်တော်ပါဠို လာရှိရကား–

သံဃာထေရ် မတိုက်တွန်းဘဲ မိမိအလိုအလျောက် မပြအပ်။ သံဃာထေရ် တိုက်တွန်းသော်လည်းကောင်း, သံဃာထေရ်ကို ပန်ကြား၍သော်လည်းကောင်း ပြအပ်၏။ **"အဇ္ဈေသန-ဝိဓာနဉ္စေတ္ထ ဓမ္မဇ္ဈေသနေ ဝုတ္တနယမေဝ"**ဟု အဋ္ဌကထာ(မဟာဝ။၃၄၀) လာရကား 'ဓမ္မဇ္ဈေသန'

http://www.dhammadownload.com

၌ကဲ့သို့ သံယာထေရ်ဖြစ်သူသည် ပါတိမောက္ခုဒ္ဒေသကရဟန်း အများရှိလျှင် တလှည့်စီ တိုက်တွန်းတောင်းပန်အပ်၏။

သံယတ္ထေရောပိ စ ဥစ္စတရေ အာသနေ နိသိန္နော ယာစိတုံ န လဘတိ။

ဟု ၎င်းဓမ္မဂ္ဂေသနာ၌ အဋ္ဌကထာ(၀ိ၊၄၊၃၀၉)လာရှိရကား မြင့်မြတ်သောနေရာ၌ နေ၍ မတောင်းပန်, မတိုက်တွန်းအပ်။ ဓမ္မဂ္ဂေသနာအရာ၌-

အဂ္ဂေသနာ စေ'တ္ထ သံယေန သမ္မတဓမ္မဂ္ဂေသကာယတ္ထာ ဝါ သံယထေရာယတ္ထာ ဝါ။

ဟု အဋ္ဌကထာ(၀ိ၊၄၊၃၀၉)လာရှိ၍ ဤပါတိမောက္ခုဒ္ဒေသဂ္ဂေသနာအရာ၌ကား-

ထေရေန သယံ ဝါ ဥဒ္ဒိသိတဗ္ဗံ၊ အညော ဝါ အဂ္ဂေသိတဗ္ဗော။ -

ဟူ၍သာ အဋ္ဌကထာ(၀ိ၊၄၊၃၄၀)လာရှိရကား သံယာထေရ်မှတပါး သမုတိရ အဂ္ဂေသက-ဟူ၍ မရှိကောင်းရာပြီ။ သံယာထေရ်ဖြစ်သူက "သင်သည် ပါတိမောက္ခုဒ္ဒေသကရဟန်းတို့ကို ပါတိမောက်ပြစိမ့်သောဌာ တိုက်တွန်းတောင်းပန်လော"ဟု စေခိုင်းအပ်သောသူသည် သာလျှင် "အနုဇာနာမိ ဘိက္ခဝေ ထေရာမိကံ ပါတိမောက္ခံ"ဟူသော အမိန့်တော်အရဖြင့် မိမိပြင် ဆိုင်ပိုင်သူ တပါးမရှိ။ ပါတိမောက်ပြခြင်းကို အစိုးရဖြစ်သူ သံယာထေရ် စေခိုင်းခွင့်ပေးလေသောကြောင့် အဂ္ဂေသနအမှုကို ပြုသင့်,ပြုထိုက်ရာ၏။

သံယာထေရ် စေခိုင်း ခွင့်ပေးအပ်သော ထိုအဂ္ဂေသကဖြစ်သူသည် အဘယ်သို့ တောင်းပန်တိုက်တွန်းအပ်သနည်းဟူမူကား ပါတိမောက္ခုဒ္ဒေသကရဟန်းထံ ချဉ်းကပ်၍-

ထေရော ဘန္တေ မံ "ထေရံ ပါတိမောက္ခုဒ္ဒေသံ ယာစာပေတိ၊ ဥဒ္ဒိသတု ဘန္တေ ထေရော ပါတိမောက္ခံ"။

သီတင်းငယ်ဖြစ်လျှင်-

ထေရော အာဝုသော မံ "အာယသ္မန္တံ ပါတိမောက္ခုဒ္ဒေသံ ယာစာပေတိ၊ ဥဒ္ဒိသတု အာယသ္မာ ပါတိမောက္ခံ"။

ဤသို့ တောင်းပန်တိုက်တွန်းအပ်သည်။ ထိုသို့ တောင်းပန်တိုက်တွန်းပြီးသည့် ကာလ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စတို့ကို မစစ်မမေးမီ စကားရပ်တို့နှင့်တကွ ဖြေဆိုမေးမြန်း၍ ပါတိမောက်ပြလိုသော ပါတိမောက္ခုဒ္ဒေသကရဟန်းသည် "အနုဇာနာမိ ဘိက္ခဝေ သံယမဂ္ဂေ သမ္မတေန ဝိနယံ ပုစ္ဆိတုံ" (၀ိ၊၃၊၁၅၂)အစရှိသည်ဖြင့် ပညတ်တော်ပါဠိ လာရှိရကား အဂ္ဂေသက ရဟန်း၏ ရှိရင်းဘွဲ့အမည် မဟုတ်၊ တိဿ, ဖုဿ-စသော ဘွဲ့အမည်တပါးဖြင့်

http://www.dhammadownload.com

ဥတ်ရွတ်ကြလိုလျှင် "သင်သည် တိသ္သတည်း။ သင်၏အမည်ကို တိသ-ဟူ၍ မှတ်။ သံယာတော် အပေါင်းသည်လည်း ဤအဇ္ဈောသကပုဂ္ဂိုလ်၏အမည်ကို တိသ-ဟူ၍ မှတ်တော်မူကြပါ" ဤသို့ တိသ-ဟူသောအမည်ကို ထိုသူ၏ သကနာမဖြစ်စေ၍-

> **သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ တိသံ ဘိက္ခုံ ဝိနယံ ပုစ္ဆေယ္ယံ။** (ဝိ၃။၁၅၃)

ဤသို့ မိမိကိုယ်ကို မိမိသမုတ်၍ မေး။

အဇ္ဈောသကဖြစ်သူသည်လည်း ထို့အတူ ဖုဿ-ဟူသောအမည်ကို ပါတိမောက္ခဒ္ဒေ-သကထေရ်၏ သကနာမဖြစ်အောင် ပြု၍-

> **သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဖုဿေန ထေရေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယ္ယံ။** (ဝိ၃။၁၅၃)

ဤသို့ မိမိကိုယ်ကို မိမိသမုတ်၍ ဖြေ။

"**ပရေန ဝါ ပရော သမ္မန္နိတဗ္ဗော**"ဟူ၍ ပါဠိတော် (ဝိ၃။၁၅၂)လာရှိရကား သူတပါးကို သမုတ်စေ၍လည်း ဤသို့ မေး,ဖြေမည့်သူတို့သည် မိမိတို့ ကိုယ်ကို သမုတ်၍ မေး,ဖြေရာသော ပါတိမောက်ပြခြင်းနှင့် စပ်လျဉ်းသည်။ ပညတ်ဝိနည်း-ဟူသည်ကား ကြီးမားမြင့်မြတ်သော ကရုဏာရှင် သဗ္ဗညုဘုရားသခင် ခွင့်ပြုတော်မူအပ်သော ပါတိမောက်ပြခြင်း ဟူသည်-

> သီလံ ယော နံ ပါတိ ရက္ခတိ၊ တံ မောက္ခေတိ မောစယတိ အာပါယိကာဒိဟိ ဒုက္ခေဟိ, အတ္တာနုဝါဒါဒိဟိ ဝါ ဘယေဟိတိ **ပါတိမောက္ခံ**။ (ကခ်ီ။၈၄)-

ဟူ၍လာသော အဋ္ဌကထာပါဠိနှင့်အညီ ပါတိမောက္ခသံဝရစေတနာသည် မြတ်စွာဘုရား ပညတ်တော်မူတိုင်း လွန်ကျူးခြင်း မရှိ၊ မိမိကိုယ်ကို ရိုသေစွာ စောင့်ရှောက်သောသူကို အပါယ်လားခြင်း အစရှိသော ဆင်းရဲ၊ မိမိကိုယ်ကို မိမိစွပ်စွဲရခြင်း, သီတင်းသုံးဖော် ပညာရှိတို့၏ စွပ်စွဲစော်ဒနာကို ခံရခြင်းဘေးတို့မှ ဝေးလံကင်းလွတ်စေတတ်သောကြောင့် ပါတိ-မောက် မည်၏။

ဂန္ထော ပန တဿ ပါတိမောက္ခဿ ဇောတကတ္တာ ပါတိမောက္ခန္တိ ဝုစ္စတိ။

ဟူ၍ ၎င်းအဋ္ဌကထာ လာရကား ၅-ပါးသော ဥဒ္ဒေသတို့ဖြင့် ပိုင်းခြားမှတ်သားအပ်သော ဤ"**သုဏာတု မေ ဘန္တေ သံဃော**"အစရှိသော ဘိက္ခုမာတိကာကျမ်းသည်လည်း ထိုပါတိ-

http://www.dhammadownload.com

မောက္ခသံဝရသီလကို ပြတတ်,ထွန်းပစေတတ်သော သတ္တိသဘောရှိ၍ ပါတိမောက် မည်၏။ "ပါတိမောက္ခဿ ဥဒ္ဒေသော ပါတိမောက္ခုဒ္ဒေသော"ဟူသည်နှင့်အညီ စတုဝဂ္ဂ-အစရှိသော သံဃာသည် သုတ္တုဒ္ဒေသ သံဃာဥပုသ်ပြုခြင်းငှာ သိက္ခာပုဒ် ပညတ္တိဓမ္မကို ပြခြင်းသည် ပါတိမောက်ပြခြင်း မည်၏။

[၁] ပါတိမောက် မေး,ဖြေပုံ

(မေး) ၁။ ထိုပါတိမောက်ပြခြင်းကို ရာဇဂြိုဟ်ပြည်, သာဝတ္ထိပြည်, အာဠဝီပြည်, ကောသမ္ဗီပြည်, ဝေသာလီပြည်, သဂ္ဂတိုင်း, ဘဂ္ဂတိုင်းအားဖြင့် ဝိနည်းသိက္ခာပုဒ်ကို ပညတ်ခွင့်ပြုတော်မူရာ အရပ်ဌာန ၇-ပါးတို့တွင် အဘယ်တိုင်းပြည်ဌာနဝယ် အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းဝတ္ထုဖြစ်ချေသောကြောင့် သပ္ပညုဘုရား ဟောကြားခွင့်ပြုတော်မူအပ်လေသနည်း?

(ဖြေ) **"တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ"**အစရှိသည်ဖြင့် လာသော ဝိနည်းမဟာဝါပါဠိတော် (၁၃၉)နှင့် လျော်စွာ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကူဋ်တောင်တွင် သပ္ပညုဘုရားသခင်သည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ကိုယ်တော်တည်း ကိန်းအောင်းနေတော်မူစဉ်–

ယန္နူနာ'ဟံ ယာနိ မယာ ဘိက္ခူနံ ပညတ္တာနိ သိက္ခာပဒါနိ၊ တာနိ နေသံ ပါတိမောက္ခုဒ္ဒေသံ အနုဇာနေယျံ၊ သော နေသံ ဘဝိဿတိ ဥပေါသထကမ္မံ။ (ဝိ၊၃။၁၄၀)

မယာ၊ ငါဘုရားသည်။ ဘိက္ခူနံ၊ တို့အား။ ယာနိ သိက္ခာပဒါနိ၊ အကြင် သိက္ခာပုဒ်တို့ကို။ ပညတ္တာနိ၊ ပညတ်အပ်ကုန်၏။ တာနိ၊ ထိုသိက္ခာပုဒ်တို့ကို။ နေသံ၊ ထိုရဟန်းတို့အား။ ပါတိမောက္ခုဒ္ဒေသံ၊ ပါတိမောက်ပြစိမ့်သည်ကို။ အဟံ၊ ငါဘုရားသည်။ ယန္နူန အနုဇာနေယျံ၊ အကယ်၍ ခွင့်ပြုရမူကား။ သာဓု၊ ကောင်း၏။ သော၊ ထိုပါတိမောက်ပြခြင်းသည်။ နေသံ၊ ထိုရဟန်းတို့အား။ ဥပေါသထကမ္မံ၊ ဥပုသ်ကံသည်။ ဘဝိဿတိ၊ လတ္တံ့။

ဤသို့ လူ,နတ်တို့၏ လောကီ,လောကုတ္တရာ စီးပွါးချမ်းသာကို ဆောင်တတ်သော သာသနာတော် အခွန့်ရှည်စွာတည်ကြောင်း ကောင်းမြတ်သော အကြံတော်ဖြစ်၍ တက်သစ်သောနေဝန်း, ထွန်းသစ်သော လ-ပမာ တပည့်သံဃာတို့ ဘောင်သို့ ရောင်ခြည်တော်ပြုံးပြက် ကိုယ်တော်မှ ထွက်လျက် လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ် အံ့ဖွယ်တို့ဖြင့် တင့်တယ်ရှုမငြီး

http://www.dhammadownload.com

ကိုယ်တော်တည်း ကိန်းရာမှ ကြွတော်မူလာဘိ၍ အသက်ထက်ဆုံး နှလုံးထား စရာ သာယာနာပျော်ဖွယ်ရှိသော ဓမ္မပဋိသန္ဓာရတနားစကားကို ပြုပြီးလျှင် **'အနုဇာနာမိ ဘိက္ခဝေ ပါတိမောက္ခံ ဥဒ္ဒိသိတုံ'** (ဝိ၃။၁၄၀)အစရှိသည်ဖြင့် အလုံးစုံ ပါတိမောက်ပြရာသော အစီအရင်များကို ဟောကြားခွင့်ပြုတော်မူပါသည် ဘုရား။

(မေး) ၂။ သာဓု သာဓု၊ ငါ့ရှင်။ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကူဋ်တောင်မှာ တပည့်သံယာရဟန်း အပေါင်းကို အကြောင်းပြု၍ အကြံအစည်တော်ကောင်း အကြောင်းဝတ္ထုတော် ပေါ်ဖြစ်လာခြင်း-ဟူသော အကြောင်းကြောင့် ဟောကြားခွင့်ပြုတော်မူအပ် သော ထိုပါတိမောက္ခုဒ္ဒေသသည် အဘယ်မျှ အပြားရှိသနည်း?

(ဖြေ) **"ပဉ္စိမေ ဘိက္ခဝေ ပါတိမောက္ခုဒ္ဒေသာ"**အစရှိသည်ဖြင့် ဝိနည်းမဟာဝါပါဠိ (၁၅၁) လာရှိရကား နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ, သံဃာဒိသေသုဒ္ဒေသ, အနိယ-တုဒ္ဒေသ, ဝိတ္ထာရုဒ္ဒေသ-အားဖြင့် ၅-ပါး အပြားရှိပါသည်ဘုရား။

(မေး) ၃။ သာဓု သာဓု၊ ငါ့ရှင်။ ထို ၅-ပါးသော ပါတိမောက္ခုဒ္ဒေသကို သဗ္ဗညုဘုရား ဟောကြားခွင့်ပြုတော်မူအပ်သည်ဖြစ်၍ နှစ်သက်ရာရာ ဥဒ္ဒေသကို ပြလိုသမျှ ပြခြင်းငှာ အပ်ကောင်းပါအံ့လော?

(ဖြေ) **"နှ ဘိက္ခဝေ အသတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ။ ယော ဥဒ္ဒိသေယျ၊ အာပတ္တိ ဒုက္ကဋဿ"** (ဝိ၃။၁၅၂) –

ဟု ပညတ်တော်ပါဠို လာရှိရကား အန္တရာယ် ၁၀-ပါး မရှိက အကျဉ်းသံခိတ္တ မပြအပ်၊ အကျယ်စောင်လုံး ဝိတ္ထာရပြမှသာ အပ်ပါသည်ဘုရား။

(မေး) ၄။ သာဓု သာဓု၊ ငါ့ရှင်။ အန္တရာယ် ၁၀-ပါးလည်း မရှိ၊ ပါတိမောက် အကျယ်စောင် လုံးလည်း နှုတ်၌ မလာ၊ အကျဉ်း ၂-ဥဒ္ဒေသ, ၃-ဥဒ္ဒေသမျှသာ နှုတ်၌လာသော် ခွင့်ပြုတော်မူအပ်သော ပါတိမောက်ပြခြင်းအမှုကို မပြုအပ်ဟု မှတ်ရာသလော?

(ဖြေ) **"ဒွေ ပန အာနန္ဒာ သုဝိသဒါ ဝါစုဂ္ဂတာ ဟောန္တိ၊ ထေရာယတ္တောဝ ပါတိမောက္ခော"** ဟူ၍ အဋ္ဌကထာ (ဝိ၆၊၃။၃၄၁)၌ လာရကား အယုတ္တအားဖြင့် ၂-ဥဒ္ဒေသမျှပင် သံဃာထေရ်ဖြစ်သူအား ချောမောသန့်ရှင်းစွာ နှုတ်၌လာမူ ပါတိမောက်ပြခြင်း သည် သံဃာထေရ်နှင့်သာ စပ်ဆိုင်သည်။ သံဃာထေရ်သာ အစိုးရသည်ဖြစ်၍ နှုတ်၌ လာသမျှ ၂-ဥဒ္ဒေသကို ပြ၍ သုတ္တုဒ္ဒေသသံဃဉပုသ်ကို ပြုအပ်၏-ဟု မှတ်အပ်ပါသည်ဘုရား။

http://www.dhammadownload.com

(မေး) ၅။ သာဓု သာဓု၊ ဝဲ့ရှင်။ သံဃာထေရ်တို့ ၂-ဥဒ္ဒေသမျှကိုပင် မပြ,မစွမ်းနိုင်ခဲ့လျှင် အဘယ်သို့ ပြုအပ်ပါသနည်း?

(ဖြေ) **"သစေ ပန ဧတ္တကံပိ ဝိသဒံ ကာတုံ န သက္ကောတိ၊ ဗျတ္တသ္သ ဘိက္ခုနော အာယတ္တော ဟောတိ"** ဟူ၍ ဂင်းအဋ္ဌကထာ (ဝိ၊၄၊၃၇၁)လာရကား သံဃာထေရ်သည် မိမိမှ တပါး ဗျတ္တိပဋိဗလ ရဟန်းတစ်ပါးပါးကို စောင်လုံးအာဂုံ နှုတ်ခွံလာလျှင် အကျယ် ဝိတ္ထာရ၊ မလာလျှင် ၂-ဥဒ္ဒေသအောက် မယုတ်စေမူ၍ လာသမျှ ဥဒ္ဒေသတို့ကို အကုန်ပြစေ၍ သုတ္တုဒ္ဒေသသံဃာ့ဥပုသ်ကို ပြုအပ်ပါသည်ဘုရား။

(မေး) ၆။ သာဓု သာဓု၊ ဝဲ့ရှင်။ **"အနုဇာနာမိ ဘိက္ခဝေ ဥပေါသထာဂါရံ သမ္မဇ္ဇိတုံ"** (ဝိ၊၃။ ၁၅၈)အစရှိသည်ဖြင့် ပညတ်တော်ပါဠိ လာရှိရကား ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စတို့ကို ပြည့်စုံအောင် အားထုတ်၍ ဥပုသ်ပြုအပ်သည်ဖြစ်သောကြောင့်-

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ဥပေါသထဿ ဧတာနိ၊ 'ပုဗ္ဗကရဏ'န္တိ ဝုစ္စတိ။ -

ဟူ၍ အဋ္ဌကထာ (ဝိ၊၄၊၃၇၄)ဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်းအမှုကို ပြုအပ်ပြီလော?

(ဖြေ) ပြုအပ်ပါပြီဘုရား။

(မေး) ◈ ဆီမီးထွန်းညှိခြင်းအမှုကို ပြုအပ်ပြီလော?

(ဖြေ) ❖ နေ့အခါဖြစ်၍ ဆီမီးထွန်းညှိဖွယ် မရှိပါပြီဘုရား။

◈ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်းအမှုကို ပြုအပ်ပြီလော?

❖ ပြုအပ်ပါပြီဘုရား။

◈ နေရာခင်းခြင်းအမှုကို ပြုအပ်ပြီလော?

❖ ပြုအပ်ပါပြီဘုရား။

(မေး) ၇။ သာဓု သာဓု၊ ဝဲ့ရှင်။ ဤ ၄-ပါးကုန်သော အမှုတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ-ဟူ၍ ဆိုအပ်ကုန်၏။

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။ -

http://www.dhammadownload.com

ဟူ၍ အဋ္ဌကထာ (ဝိ၊၄၊၃။၃၄၄)ဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ ဆောင်အပ်သော ကိစ္စပသုတဂိလာန-စသော ရဟန်းတို့၏ ဆန္ဒကို ကြားအပ်ပြီလော?

(ဖြေ) ဆန္ဒဟာရကရဟန်း ဤသိမ်အပြင် သံဃာအစည်းအဝေး၌ မရှိ၍ ကြားဖွယ်ကိစ္စ မရှိပါပြီဘုရား။

◈ ပါရိသုဒ္ဓိကို ကြားအပ်ပြီလော?

❖ ပါရိသုဒ္ဓိဟာရကရဟန်း ဤသိမ်အပြင် သံဃာအစည်းအဝေး၌ မရှိ၍ ကြားဖွယ်ကိစ္စ မရှိပါပြီဘုရား။

◈ ဟေမန္တ, ဂိမှာန, ဝဿာန-အားဖြင့် ၃-ပါးသော ဥတုတို့တွင် ယခု ဘယ်နှစ်ပက္ခ အလွန်, ဘယ်နှစ်ပက္ခ အကြွင်းရှိသော ဥတုနည်း?

❖ ၄-ပက္ခအလွန်, ၄-ပက္ခအကြွင်းရှိသော ရှေးဦးအစ ဟေမန္တဥတုဖြစ်ပါသည်ဘုရား။

◈ ယခု ဤသိမ်အပြင်၌ စည်းဝေးသော ရဟန်းအပေါင်း အရေအတွက် ဘယ်မျှ ရှိပါသနည်း?

❖ ၃-ကျိပ်ရှိပါသည်ဘုရား။

◈ "ဘိက္ခုနီမတို့ ဆုံးမခံပါအံ့"ဟု တောင်းပန်လာသော စကားကို ကြားအပ်ပြီလော?

❖ ဘိက္ခုနီမတို့ မရှိသောကြောင့် ဩဝါဒပဋိဂ္ဂါဟကရဟန်း မရှိ၍ ကြားဖွယ်ကိစ္စ မရှိပါဘုရား။

(မေး) ၈။ သာဓု သာဓု၊ ဇ့ါရှင်။ ဤ ၅-ပါးကုန်သော ကိစ္စအမှုတို့ကို သံဃာ ညီညွတ်ပြီ(းနော်) ပါတိမောက်မပြမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-ဟူ၍ ဆိုအပ်ကုန်၏။

ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ နဟောန္တိ၊ 'ပတ္တကလ္လ'န္တိ ဝုစ္စတိ။ –

ဟူ၍ အဋ္ဌကထာ(ဝိ၊၄၊၃။၃၄၄)ဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီအားဖြင့် ၃-ပါးသော ဥပုသ်နေ့တို့တွင် ယခု အဘယ်ဥပုသ်နေ့နည်း?

http://www.dhammadownload.com

(ဖြေ) ပန္နရသီဥပုသ်နေ့ ဖြစ်ပါသည်ဘုရား။

◈ သုတ္တုဒ္ဒေသသံဃာ့ဥပုသ်အား လျောက်ပတ်ကုန်သော စတုဝဂ္ဂ, အတိရေက-စတုဝဂ္ဂရဟန်းတို့သည် ဤတစ်ခုတည်းသော သိမ်မှာ ၂-တောင့်ထွာဟတ္ထပါသ်ကို မစွန့်မူ၍ တည်ကြပါ၏လော?

❖ တည်ကြပါ၏ဘုရား။

◈ ယခု ဤသံဃာအစည်းအဝေး၌ ဝတ္ထုသဘောတူ အာပတ် ရှိကုန်သလော?

❖ အချင်းချင်း ဒေသနာကံပြု၍ ဝတ္ထုသဘောတူ အာပတ် မရှိပါပြီဘုရား။

◈ လူ, သာမဏေ-အစရှိသော ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်တို့သည် ဤသံဃာ့ဘောင် ၂-တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရှိကုန်သလော?

❖ မရှိပါဘုရား။

(မေး) ၉။ သာဓု သာဓု၊ ငါ့ရှင်။ ဤ ၄-ပါးသော အင်္ဂါတို့ဖြင့် သင်္ဂြိဟ်အပ်သော ဥပုသ်ကံကို "ပတ္တော ကာလော ဣမဿ ကမ္မဿာတိ ပတ္ထကာလံ။ ပတ္တကာလမေဝ ပတ္ထ-ကမ္မံ" ဟူသည်နှင့်အညီ လျောက်ပတ်သောအခါရှိသောကြောင့် ဝိညူပသဋ္ဌ ဖြစ်သော ပတ္တကလ္လဥပုသ်ကံ-ဟူ၍ ဆိုအပ်၏။

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခု-သံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓေန် ကရောမ။

ဤသို့ သံဃာကို အာရာဓနပြုစေခြင်းငှာ ကြားပြီးလျှင် "သုဏာတု မေ ဘန္တေ သံဃော အဇ္ဇပေါသထော"အစရှိသဖြင့်လာသော ပါတိမောက်ကို သံဓိတ္တ, ဝိထ္ထာရ ပြသင့်သည်အားလျော်စွာ ပြလေရာ၏။

သံဃာအစည်းအဝေးအား လျောက်ပတ်စွာ ပါတိမောက်မပြမီ ပြုအပ်သောအစီ အရင် အခမ်းအနား စကားနိဒါန်းအစဉ်သည် ဤတွင်ရွေ့ ပြီး၏။

ပါတိမောက် အမေး,အဖြေ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ဗန်းမော်ဆရာတော်

{၄} ဥပေါသထကမ္မဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စိရံ တိဋ္ဌတု-

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။ (ဝိသုဒ္ဓိ၊၁။၃၅)

ဟူသည်နှင့်အညီ အသက်ထက်မက ရိုသေလေးမြတ် စောင့်ရှောက်အပ်သော ပါတိမောက္ခ-သံဝရသီလကို ကျင့်လိုသော ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့သည်-

သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိတဗ္ဗံ၊ အယံ တတ္ထ သာမီစီ။ (ဝိ၃။၁၈၆) -

ဟူသည်နှင့် ညီစေသဖြင့်-

အပ္ပညတ္တံ နာ ပညပေတဗ္ဗံ၊ ပညတ္တံ ဝါ နာ သမုစ္ဆိန္ဒိတဗ္ဗံ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိတဗ္ဗံ။ (ဝိ၁။၃၃၇) -

ဟု မိန့်ရကား-

ဘုရားသခင် ပညတ်တော်အတိုင်း မယုတ်မလွန်စေသဖြင့် ကျင့်အပ်ကုန်သည်။ ထိုသို့ ကျင့်အပ်သော ပညတ်သိက္ခာပုဒ်တော်တို့တွင် ဥပုသ်ကံအရာ၌ ပါတိမောက်ပြခြင်းငှာ သံဃာလောက်လျက်နှင့် ပါတိမောက်မပြဘဲ နဒီ-စသော သိမ်တပါးသို့ သွား၍ များသော အားဖြင့် ယခုကာလ ဂဏဥပုသ်ကို ပြုကြသည့်အရာသည် ဒုက္ကဋ်အာပတ်မှ မလွတ်ရာ-ဟူသော အယူဝါဒကို ပါဠို, အဋ္ဌကထာ, ဋီကာသို့ ချသဖြင့် သင့်,မသင့်ကို ချင့်ထောက်ရှုမြော်လတ်လျှင် ဆဗ္ဗဂ္ဂိရဟန်းများသည် မိမိ,မိမိတို့ ပရိသတ်ဖြင့်သာ ပါတိမောက်ပြ၍

http://www.dhammadownload.com

သံယာ့ဥပုသ်ကို ပြုကြသောကြောင့်–

အနုဇာနာမိ ဘိက္ခဝေ သမဂ္ဂါနံ ဥပေါသထကမ္မံ။ (ဝိ၃။၁၄၃)

ဟု သဗ္ဗညုဘုရား ပညတ်ထားတော်မူသည့်ကာလ အဘယ်မျှလောက်အရပ်တိုင်အောင် စည်းဝေးမှ သံယာမဂ္ဂိုဖြစ်ရာမည့်အကြောင်းကို ရဟန်းများ လျှောက်ထားကြလျှင်–

အနုဇာနာမိ ဘိက္ခဝေ ဧတ္တာဝတာ သာမဂ္ဂိ၊ ယာဝတာ ဧကာဝါသော။ (ဝိ၃။၁၄၃)

ဟု တစ်ခုသော အာဝါသအတွင်း စည်းဝေးညီညွတ်စေအပ်ကြောင်းကို ပညတ်ခွင့်ပြုတော်မူသည်။

ထိုသို့ ပညတ်ခွင့်ပြုတော်မူသည့်ကာလ အဘယ်မျှလောက်သောအရပ်သည် တစ်ခုသော အာဝါသဖြစ်ကြောင်းကို လျှောက်ထားကြ၍–

အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ။ (ဝိ၃။၁၄၄)

အစရှိသည်ဖြင့် တစ်ခုသောသိမ်သည် တစ်ခုသောအာဝါသဖြစ်ကြောင်းကို သဗ္ဗညုဘုရား ဟောကြားပညတ်တော်မူသည်။

ထိုသို့ ဟောကြားပညတ်တော်မူသောကြောင့် တစ်ခုသောသိမ်၌ တည်ချေလျှင် ၁-ယူဇနာပင် ဝေးလံ၍ အရံမျှင်းတား အသီးအသီး ခြားသဖြင့် များစွာသော ကျောင်းပေါင်း ထောင်,သောင်းမကသော်လည်း ၁-အာဝါသပင် ဖြစ်ရကား ၁-အာဝါသတည်း၌ ကျောင်းအများရှိလျက် မိမိတို့ကျောင်းတွင်သာ ၁-အာဝါသကဲ့သို့ မှတ်ထင်၍ သံယာ မလောက်ခိုက် ခဏ္ဍ-စသော သိမ်တပါးသို့ သွားသဖြင့် ၂-ပါး, ၃-ပါး ဂဏဥပုသ်ကို ပြုကြသည့်ကာလ ထိုဝါဒရှင်တို့မှာ မိမိတို့ ဝါဒအလိုသော် သံယာလောက်လျက် ဖြစ်ချေသောကြောင့် ဒုက္ကဋ်ရာဇာပတ်သင့်ကုန်ရာ၏။ ဤသို့ မိမိတို့အယူဝါဒနှင့် မိမိတို့ ပြုကြသည့်အမှု ဥဇုကပဋိပက္ခဖြစ်ရာသောအကြောင်းကို သိအပ်ကုန်၏။

နာ ဘိက္ခဝေ တာဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဂန္တွော အညတြ သံယေန အညတြ အန္တရာယာ။ (ဝိနည်းမဟာဝါဂါဠိ။၁၈၇)

သဘိက္ခုကာ အာဝါသာတိ ယသ္မိံ အာဝါသေ ဥပေါသထကာရကာ ဘိက္ခူ အတ္ထိ၊ တမှာ အာဝါသာ ယံ နာ သက္ကောတိ တာဒဟေဝ အာဂန္တုံ။ သော အာဝါသော ဥပေါသထံ အကတွာ နာ ဂန္တွော။ (ဂဠ်းအဋ္ဌကထာ။ဝိ၊၅၊၃။၃၄၇-၈)

http://www.dhammadownload.com

သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ၊ ဥပေါသထာ'ဓိဋ္ဌာနတ္ထံ သီမာပိ နဒီပိ နဂန္ထဗ္ဗာ။ သစေ ပနေ'တ္ထ ကောစိ ဘိက္ခူ ဟောတိ၊ တဿ သန္တိကံ ဂန္တ္ဗွံ ဝဋ္ဋတိ။ ဝိဿဋ္ဌဥပေါသထာပိ အာဝါသာ ဂန္တ္ဗွံ ဝဋ္ဋတိ။ (၎င်းအဋ္ဌကထာ။ဝိ၊ဋ္ဌ၊၃၃၄)

ဝိဟာရသီမာယံ ပန သံယေ ဝိဇ္ဇမာနေပိ ကေနစိ ပစ္စယေန ခဏ္ဍသီမာယံ တီသု ဒ္ဝီသု ဝါ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တေသု ကမ္မံ ဓမ္မေန သမဂ္ဂမေဝ၊ ဘိန္နသီမဋ္ဌာတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိဝိနောဒနီဋီကာ။၂။၁၇၀)

၎င်းပါဠိ, အဋ္ဌကထာ, ဋီကာ ၃-ရပ်တို့၏ **ပဂ္ဂတ္ထအဓိပ္ပါယ်** မှတ်ဖွယ်အကျဉ်းကား ပါတိမောက်ပြခြင်းငှာ သံဃာလောက်၍ ပါတိမောက်ပြသဖြင့် သံဃာ့ဥပုသ်ပြုအံ့-ဟု အားထုတ်ကုန်သော ရဟန်းတို့ရှိရာ အာဝါသတစ်ခုမှသည် ၎င်းရဟန်းတို့ မရှိရာ အာဝါသတစ်ခုသို့ အယုတ်အားဖြင့် မိမိပါ သံဃာလောက်သော ရဟန်း ၄-ပါး, ၅-ပါးနှင့် ကင်း၍ အန္တရာယ်အကြောင်းမရှိဘဲ ဂဏဥပုသ်, ပုဂ္ဂလဥပုသ်ကို ပြုခြင်းငှာ မသွားအပ်။ ပါတိမောက်ပြခြင်းငှာ သံဃာမလောက်သောကြောင့် ဂဏဥပုသ်ကို ပြုအံ့-ဟု အားထုတ်သော ရဟန်းတို့ရှိရာ အာဝါသတစ်ခုမှသည် ရဟန်းမရှိရာ အာဝါသတစ်ခုသို့ အဖော်ရဟန်းနှင့် ကင်း၍ တစ်ယောက်ချင်း အန္တရာယ်အကြောင်းမရှိဘဲ ပုဂ္ဂလဥပုသ်ကို ပြုခြင်းငှာ မသွားအပ်။ ရဟန်းရှိမူကား သွားအပ်၏။

ပါတိမောက်ပြခြင်းငှာ သံဃာပင် လောက်သော်လည်း ပါတိမောက် ပြသဖြင့် သံဃာ့ဥပုသ်ကို ပြုအံ့-ဟု အားမထုတ်၊ လွတ်သောဥပုသ်ရှိရာ အာဝါသတစ်ခုမှလည်း ဂဏဥပုသ်, ပုဂ္ဂလဥပုသ်ကို ပြုခြင်းငှာ အာဝါသတစ်ခုသို့ သွားအပ်၏။ သံဃာ့ဥပုသ်ကို ပြုခြင်းငှာ သွားသည်မှာကား ဆိုဖွယ်ရာ မရှိပြီ။ သာသနာတော်၌ အလွန်တင့်တယ် ကြည်ညိုဖွယ်ကို ဆောင်သော ဥပုသ်ကံဖြစ်၍ နှစ်သက်ခွင့်ပြုတော်မူရင်းဖြစ်ရကား သွားအပ်သည်သာ။ ဂဏဥပုသ်ကို လွတ်ရာ အာဝါသမှလည်း ပုဂ္ဂလဥပုသ်ကို ပြုခြင်းငှာ သွားရာ၌ ထို့အတူ သွားအပ်၏။

ဤသို့ ပါဠိ, အဋ္ဌကထာ, ဋီကာ ၃-ရပ်တို့၏ ပဂ္ဂတ္ထအဓိပ္ပါယ်ကို မှတ်ယူအပ်ရကား ယခုကာလမှာ သံဃာရဟန်းတို့သည် မိမိတို့၏ ကျောင်းတည်ရာ တစ်ခုသော အာဝါသ-ဟု ဆိုအပ်သော ဗဒ္ဓသိမ်, အဗဒ္ဓသိမ်တို့ကို သုတ်သင်အပ်သောကြောင့် ၎င်းသိမ်တို့၌ ပါတိမောက်ပြ၍ သံဃာ့ဥပုသ်ကို ပြုအံ့-ဟု အားထုတ်နိုးဆော်ခြင်း မရှိကြကုန်။ များသော

http://www.dhammadownload.com

အားဖြင့် ဝိသဒ္ဒဥပေါသထချည်း ဖြစ်ကြသောကြောင့် ဂဏဥပုသ်, ပဋိလဥပုသ်ကို အလိုရှိရာသိမ်မှ တပါးသို့ သွား၍ ပြုကုန်သော်လည်း ပညတ်တော်နှင့် သင့်လျော်လျောက်ပတ်သောကြောင့် ဒုက္ကဋ်အာပတ် မသင့်-ဟု မှတ်ယူအပ်ကုန်၏။ ဤသို့ မှတ်ယူအပ်ရကား နေရာကျောင်း၌ သံဃာလောက်က ပါတိမောက်မပြုဘဲ မနေအပ်။ နေလျှင် ဒုက္ကဋ်အာပတ်-ဟု ပညတ်အပ်သော ထိုဝါဒစကားကို **အမှားစင်စစ်**-ဟု စွန့်အပ်ကုန်ရာသည်။

သဗ္ဗညုဘုရားသခင် သာသနာတော်၌ သဒ္ဓါ၍ ရဟန်းပြုကုန်သော အမျိုးကောင်းသားတို့၏ မှီခိုရာ သီလ, သမာဓိ, ပညာဂုဏ်ရှင် ခက်သင်တောရတိုက်နေ ပုဂ္ဂိုလ်သူမြတ်သည် တိုက်တွန်းစေခိုင်းအပ်သည်ဖြစ်၍ **ပဏ္ဍိတဝံသာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု**-ဟူသော ဘွဲ့တံဆိပ်တော်ရ အမရပူရရွှေမြို့တော် **ဗန်းမော်ဆရာတော်ဘုရားကြီး**သည် အလေးဂရုပြုအပ်သော ဥပုသ်ကံအရာ၌ အကြံခေါ်ချွတ် အပြစ်မလွတ်သော အယူဝါဒကို ပါဠိ, အဋ္ဌကထာ, ဋီကာ ထောက်ထားသဖြင့် ပယ်ရှားနှိပ်နင်းအပ်သော ဝိနိစ္ဆယစကားအစဉ်သည် သာသနာတော် ၂၃၉၇-ခု၊ ကောဇာသက္ကရာဇ် ၁၂၁၅-ခု၊ ပဌမဝါဆိုလဆန်း ၅-ရက်နေ့တွင် စီရင်ပြီးဆုံး နိဂုံးကမ္ပတ် လက်စသတ်၏။


ဥပုသ်ကံအဆုံးအဖြတ် ပြီး၏။

★★★★★★★

http://www.dhammadownload.com

ဗန်းမော်ဆရာတော်

{ ၅ } အသုဘဒဿနဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနသာသနံ စိရံ တိဋ္ဌတု။

ယခုကာလ ကျေးတောရပ်ရွာဒေသများမှာ မသာအသုဘရှိရာ ရွာတွင်း,ပြည်တွင်းသို့ ဝင်၍ များသောအားဖြင့် မသာရှေ့က သွားကြ,လိုက်ကြသည့်အရာသည် ဝိနည်းပညတ်သိက္ခာပုဒ်တော်နှင့် လျော်,မလျော်၊ ညီ,မညီ လဇ္ဇီသူတော်ကောင်းတို့ အလေ့အကျင့် ဟုတ်,မဟုတ်ကို သိလိုမှတ်လိုကြောင်းနှင့် လျှောက်ထားတောင်းပန် ဝိနိစ္ဆယခံ စေလွှတ်လိုက်သည်မှာ-

> 'မတာနံ ပရိဝါရတ္ထံ အာဂစ္ဆန္တု'တိ ပက္ကောသန္တိ၊ နံ ဂန္တ္ဗံ၊ "သိဝထိကဒဿနေ အသုဘဒဿနေ စ မရဏာသတိ ပဋိလဘိဿာမီ"တိ ကမ္မဋ္ဌာနသီသေန ဂန္တုံ ဝဋ္ဋတိ။ (သမန္တပါသာဒိက၊ တတိယပါရာဇိကအဖွင့်။ ဝိ၊၄၊၂။၆၇)

မတာနံ၊ သူသေတို့၏။ ပရိဝါရတ္ထံ၊ အခြံအရံအလို့ငှာ။ အာဂစ္ဆန္တု၊ ကြွပါကုန်လော။ ဣတိ၊ သို့။ ပက္ကောသန္တိ၊ ပင့်ခေါ်လာကုန်အံ့။ နံ ဂန္တ္ဗံ၊ မလိုက်,မသွားအပ်။ သိဝထိကဒဿနေ စ၊ သုသာန်တစပြင်ကို မြင်ရသော်လည်းကောင်း။ အသုဘဒဿနေ စ၊ အထူးထူးအထွေထွေ သူသေတို့ကို မြင်ရသော်လည်းကောင်း။ မရဏာသတိ၊ မရဏာသတိကို။ ပဋိလဘိဿာမ၊ ရကုန်အံ့သတည်း။ ဣတိ၊ သို့။ ကမ္မဋ္ဌာနသီသေန၊ ကမ္မဋ္ဌာန်းကို အရင်းမူသဖြင့်။ ဂန္တုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

> ဂန္တုံ ဝဋ္ဋတီတိ "ပရိဝါရတ္ထာယ အာဂစ္ဆန္တု"တိ ဝုတ္တေပိ ဧဝံ သလ္လက္ခေတွာ ဂန္တုံ ဝဋ္ဋတိ။ (ဎီးအဖွင့် သာရတ္ထဒီပနီဋီကာ၊၂။၂၇၆)

ဂန္တုံ ဝဋ္ဋတီတိ၊ ကား။ ပရိဝါရတ္ထာယ၊ ငှာ။ အာဂစ္ဆန္တု၊ ကုန်လော။ ဣတိ ဝုတ္တေပိ၊ ဤသို့ ပင့်ခေါ်လာသော်လည်း။ ဧဝံ၊ ဤသို့ အဋ္ဌကထာဆိုတိုင်း။ သလ္လက္ခေတွာ၊ ကမ္မဋ္ဌာန်းကို မှတ်၍။ ဂန္တုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

http://www.dhammadownload.com

လေသကမ္ဗံ(လေသကပ္ပံ) အကတ္တာ သမုပ္ပန္နသုဒ္ဓစိတ္တေန ပရိဝါရတ္ထာယ အာဂစ္ဆန္တူတိ ဝုတ္ထေပိ ဂန္ဆံ ဝဋ္ဋတိ။ (ဝိမတိဝိနောဒနီဋီကာ၊၁။၂၃၇)

လေသကမ္ဗံ၊ 'အသုဘရှု ကြွတော်မူပါ' ဒကာပင့်ရင်းရှိပြီးဖြစ်၍ ဘယ်အပြစ်, ဘယ်အာပတ် သင့်အံ့နည်း၊ သွားသော်,လိုက်သော်ကော-ဟူသော အမျက်ထောင်ခြင်း အတင်းအမာအမူကို။ အကတ္တာ၊ မပြုမူ၍။ သမုပ္ပန္နသုဒ္ဓစိတ္တေန၊ ကောင်းစွာဖြစ်သော စိတ်၏ စင်ကြယ်ခြင်းဖြင့်။ ပရိဝါရတ္ထာယ၊ ငှာ။ အာဂစ္ဆန္တူ၊ ကုန်လော။ ဣတိ၊ သို့။ ဝုတ္ထေပိ၊ သော်လည်း။ ဂန္ဆံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာ ၃-ရပ်တို့၏ **ပိဏ္ဍာတ္ထအဓိပ္ပါယ် မှတ်ဖွယ်အကျဉ်းကား** အသင့်အတင့် ကမ္မဋ္ဌာန်းတရားကို နှလုံးထားနိုင်လျှင် ရွာတွင်း, ရွာပြင်မဆို၊ 'အခြံအရံအလို့ငှာ ကြွတော်မူပါ'ဟု ပင့်ခေါ်လာသော်လည်း လိုက်အပ်, သွားအပ်၏။ 'အသုဘရှု ကြွပါ'-စသော ဓမ္မယုတ္တကပွဲယစကားဖြင့် ပင့်ခေါ်လာမူကား ဆိုဖွယ်ရာမရှိ၊ လိုက်အပ်, သွားအပ်သည်တည်း။ မသာ၏ပရိသတ်အခြံအရံ အစည်အပင် အတင့်အတယ်ကို လိုသော အယောနိသောမနသိကာရ၊ ကမ္မဋ္ဌာန်းမှ လွတ်သောစိတ်ရှိမူကား 'အသုဘရှု ကြွပါ'-စသော ဓမ္မယုတ္တကပွဲယစကားဖြင့်ပင် ပင့်ခေါ်လာသော်လည်း မသွား,မလိုက်အပ်။

ဤသို့ ၎င်းအဋ္ဌကထာ, ဋီကာ ၃-ရပ်တို့၏ ပိဏ္ဍာတ္ထအဓိပ္ပါယ်ကို မှတ်ယူအပ်ကုန်၏။ ထိုသို့ မှတ်ယူအပ်သော အဋ္ဌကထာ, ဋီကာ သဘောသွားနှင့် များသောအားဖြင့် ကျေးတော မြို့ရွာများမှ မသာအသုဘရှု ပင့်သူ,လိုက်သူ ၂-ဦးသားတို့၏ ပြုကြသည့်အမှုသည် သင့်လျော်ညီညွတ်သက်ဝင်နိုင်ရာသော အကြောင်းအရိပ် မထင်၊ ပညာရှိနည်းမှီ လဇ္ဇီသူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်ခြင်း မကင်း,မလွတ်ရာသောသဘောသာ ထင်ရှားခဲ့ရကား ရဟန်းပညာရှိ, လူပညာရှိ, ပရိယတ္တိမွေ သာသနာမူလ ထွန်းပပွင့်လင်းရာ မဟာရာဇာနီ မင်းနေပြည်ကြီး၌ ပျော်မှီးနေထိုင်သော ပုဂ္ဂိုလ်မွန်,ပုဂ္ဂိုလ်မြတ်တို့၏နည်းကို ခံ၍ သုသာန်သို့ အရောက်သာ ပင့်ကုန်,သွားကုန်ရာသည်။ မသာ၏ ပရိသတ်အခြံအရံကို ငဲ့သဖြင့် မပင့်အပ်, မသွားအပ်-ဟု မှတ်ယူရမည်။

လဇ္ဇီပေသလ သိက္ခာကာမ ပတတ်ကိုင်းတောရ အရည၀ါသီပုဂ္ဂိုလ်သူမြတ်တောင်းပန်အပ်သည်ဖြစ်၍ သာသနာတော် ၂၃၉၉-ခု၊ ကောဇာသက္ကရာဇ် ၁၂၁၇-ခု၊ ပဌမဝါဆိုလပြည့်ကျော်၊ ၁၃-ရက်နေ့ ရေးသားဆုံးဖြတ်အပ်သော **ပဏ္ဍိတဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု**-ဟူသော ဘွဲ့တံဆိပ်တော်ရ အမရပူရရွှေမြို့တော် ဗန်းမော်ဆရာတော်ဘုရားကြီး ဆုံးဖြတ်ချက် **အသုဘဒဿနဝိနိစ္ဆယ ပြီး၏။**

★ ★ ★ ★ ★ ★ ★

http://www.dhammadownload.com

ပန်းမော်ဆရာတော်

{ ၆ } သံယိကပစ္စယဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနသာသနံ စိရံ တိဋ္ဌတု။

သံယာ့ပစ္စည်းဥစ္စာ, စေတီပစ္စည်းဥစ္စာများကို စောင့်ရှောက်ထိန်းသိမ်းသော ဂေါပက ရဟန်း ပြုကျင့်အပ်သောအရာသည် ဥပနိဓိကထာ၊ အဒိန္နာဒါန်သိက္ခာပုဒ်အဖွင့်၌–

စေတိယဿ ဝါ သံယဿ ဝါ သန္တကေန စေတိယဿ သန္တကံ ရက္ခာပေတုံ ဝဋ္ဋတိ။ စေတိယဿ သန္တကေန သံယဿ သန္တကံ ရက္ခာပေတုံ န ဝဋ္ဋတိ။

ဟူ၍လာသော အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁။၃၁၃)ဆို၊ ပရိဝါပါဠိတော်အဖွင့်၌လည်း–

သံယိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ။ စေတိယဿ သန္တကေန အပလောကေတွာပိ သံယိကကိစ္စံ ကာတုံ န ဝဋ္ဋတိ။

ဟူ၍လာသော အဋ္ဌကထာ (ပရိဝါ။ဋ္ဌ။၂၅၄)ဆိုတို့ဖြင့် ယွင်းယိုပြိုပျက်လေသော သံယိကကျောင်း၊ သံဃာမရှိ, လပ်လျားလေဘိသော သံယိကကျောင်းများကို ဘုရားစေတီ, ဘုရားဦးဇရပ်, ပြာသာဒ်, တန်ဆောင်း-စသည် ပြုလုပ်ကြလေကုန်သည်။ ၎င်းအဋ္ဌကထာ စကားတို့ကို ဋီကာအများ မဖွင့်မဆိုကြ၍ ပြုလုပ်ကြလေသည့်အမှုကို အဋ္ဌကထာ၏ အလိုအဓိပ္ပါယ်ကျ,မကျကို နှိုင်းဆထောက်ရှုလတ်သော်–

သဗ္ဗညုဘုရားသခင်သည် အာဠဝိပြည်၊ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူကြိုက်တွင် တပါးကျောင်းက အင်းပျဉ်, ညောင်စောင်း-စသော သံယိကအသုံးအဆောင်တို့ကို ရဟန်းများ ယူ၍ သုံးဆောင်ကြသောကြောင့် အလှူရှင်ဒါယကာ ၁-ဦး၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြား၍ ရဟန်းများ လျှောက်ထားကြရာတွင်–

http://www.dhammadownload.com

> **နာ ဘိက္ခဝေ အညတြ ပရိဘောဂေါ အညတြ ပရိဘုဉ္ဇိတဗ္ဗော၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။** (ဝိ၊၁။၈၃။ စူဠဝါပါဠိတော်။၃၂၇)

ဟု ပညတ်မြစ်တားတော်မူသည်။

ထိုအခါ ဥပုသ်အိမ်သို့လည်းကောင်း, စည်းဝေးနေထိုင်ရာသို့လည်းကောင်း ဆောင်ယူခြင်းငှာ ကုက္ကုစ္စ မကင်းကြသဖြင့် အခင်းမရှိသောမြေ၌ နေကြကုန်သော် ကိုယ်အင်္ဂါ, အဝတ်သင်္ကန်းတို့ကို မြေမှုန့်လူးလဲလိမ်းကပ်သည်ဖြစ်၍ လျှောက်ထားကြလျှင် **"အနုဇာနာမိ ဘိက္ခဝေ တာဝကာလိကံ ဟရိတုံ"** (ဝိ၊၁။၈၃။ စူဠဝါ။၃၂၈)ဟု အခိုက်အတန့် ဆောင်ယူသုံးဆောင်စိမ့်သောငှာ ခွင့်ပြုတော်မူသည်။ ထိုသို့ ခွင့်ပြုတော်မူသည်ကို အခိုက်အတန့်မျှ တာဝကာလိကသာ ခွင့်ပြုတော်မူသည်-ဟု ကုက္ကုစ္စ မကင်းရှိကြ၍ သံယိကကျောင်းကြီး ပြိုပျက်ရာမှ အင်းပျဉ်, ညောင်စောင်း-စသော သေနာသနပရိဘောဂတို့ကို မယူဆောင်ဝံ့ရှိကုန်၍ လျှောက်ထားကြပြန်သော် **"အနုဇာနာမိ ဘိက္ခဝေ ဝုတ္ထဝ္ဿာယ ဟရိတုံ"** (စူဠဝါ။ ၃၂၈)ဟု လုံခြုံစေခြင်းအကျိုးငှာ ဆောင်ယူစိမ့်သည်ကို ခွင့်ပြုတော်မူအပ်လေသည်။

ထိုသို့ ပညတ်ခွင့်ပြုတော်မူအပ်သော ပါဠိတော်မြတ်တို့တွင် **"အနုဇာနာမိ ဘိက္ခဝေ ဝုတ္ထဝ္ဿာယ ဟရိတုံ"**ဟူသော ဤပါဠိတော်မြတ်၏အဖွင့်၊ သမန္တပါသာဒိကအဋ္ဌကထာ(၄။ ၈၆-၇)၌–

> ဝုတ္ထဝ္ဿာယာတိ ယံ တတ္ထ မဋ္ဌပီဌာဒိ၊ တဿ ဝုတ္ထဝ္ဿာယ တံ အညတြ ဟရိတုံ အနုဇာနာမီတိ အတ္ထော။ တသ္မာ အညတြ ဟရိတ္မာ သံယိကပရိဘောဂေန ပရိဘုဉ္ဇန္တဿ နဠံ သုနဠံ၊ ဇိဏ္ဏံ သုဇိဏ္ဏံ။ သစေ အရောဂံ၊ တသ္မိံ ဝိဟာရေ ပဋိသင်္ခတေ ပုန ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇတော နဠံ ဝါ ဇိဏ္ဏံ ဝါ ဂိဝါ ဟောတိ။ တသ္မိံ ပဋိသင်္ခတေ ဒါတဗ္ဗမေဝ။ သစေ တတော ဂေါပါနသိအာဒီနိ ဂဟေတ္မာ အညသ္မိံ သံယိကာဝါသေ ယောဇေန္တိ၊ သုယောဇိတာနိ။ ပုဂ္ဂလိကာဝါသေ ယောဇေန္တေဟိ ပန မူလံ ဝါ ဒါတဗ္ဗံ။ ပဋိပါကတိကံ ဝါ ကာတဗ္ဗံ။ ဆဒ္ဒိတဝိဟာရေတော မဋ္ဌပီဌာဒိနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဒါရေယေဝ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ ပုန အာဝါသိကကာလေ ဒဿာမီတိ ဂဟေတ္မာ သံယိကပရိဘောဂေန ပရိဘုဉ္ဇန္တဿ နဠံ သုနဠံ၊ ဇိဏ္ဏံ သုဇိဏ္ဏံ။ အရောဂဿေ ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇန္တဿ နဠံ ဂိဝါ ဟောတိ။ တတော ဒွါရဝါတပါနာဒီနိ သံယိကာဝါသေ ဝါ ပုဂ္ဂလိကာဝါသေ ဝါ ယောဇိတာနိ ပဋိဒါတဗ္ဗာနိယေဝ။

ဟူ၍ လာသည်။

http://www.dhammadownload.com

ဤအရာမှာ သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီဋီကာတို့၌ အလျှင်းပင် အဖွင့်အဆို မရှိမလာ။ ဝဇိရဗုဒ္ဓိဋီကာမှာကား–

ဒွါရဝါတပါနာဒီနိ အပဟရိတ္တာ ဒါတုံ အသက္ကုဏေယျတော "ပဒိဒါတဗ္ဗာနိယေဝါ"တိ ဝုတ္တံ။

ဟူ၍ ဤမျှသာ လာသည်။ (ဝဇိရ။၅၂၉)

ထိုသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာ ၃-ရပ်တို့တွင် ပါဠိတော်မြတ်၌ "ဂုတ္တဏ္ဌာယ ဟရိတုံ"ဟူ၍ မူလသံယိက အစအရင်း မပြတ်မဆုံးစေရ၊ ဂုတ္တဏ္ဌာယအကျိုးငှာ ဆောင်ယူ အပ်ကြောင်းကိုသာ ခွင့်ပြုတော်မူအပ်လေသည်။ အစအရင်းပြတ် ဆောင်ယူအပ်ကြောင်း ကို ခွင့်ပြုတော်မမူ။ ထိုသို့ ခွင့်ပြုတော်မမူလေသောကြောင့် "**သစေ တတော ဂေါပါနသီ-အာဒီနိ ဂဟေတ္ဝာ**"အစရှိသည်ဖြင့် ယွင်းယိုပြိုပျက်သော သံယိကကျောင်းမှ အချင်, ထုပ်, လျော်-စသော ဒဿသမ္ဘာရတို့ကို ယူ၍ သံယိကကျောင်း၌ ပြုလုပ်သည်ကိုသာ သုယော-ဇိတ-ဟူ၍ အဋ္ဌကထာဆိုသည်။

ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ, ကျောင်းတို့၌ ပြုလုပ်ကောင်းသည်ကို မဆို။ "**တတော ဒွါရဝါတပါနာဒီနိ**"အစရှိသည်ဖြင့်လည်း သံဃာစွန့်ပစ်ထွက်သွား လပ်လျားလျက်ရှိသော သံယိကကျောင်းမှာကား တံခါးရွက်, လေသာပြတင်း-စသော ဒဿသမ္ဘာရတို့ကို ယူငင်၍ သံယိကကျောင်း၌ပင် ပြုသော်လည်း ဒုယောဇိတဖြစ်ကြောင်းကို အဋ္ဌကထာ ဆိုသည်။ ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ, ကျောင်းတို့၌ ပြုလုပ်ကောင်းသည်ကို မဆို။

ဂရုဘဏ္ဍဝိနိစ္ဆယအရာ၌လည်း–

(သာ) သံဃကမ္မေ စ စေတိယကမ္မေ စ ကတေ သစေ အတိရေကာ ဟောတိ။ ပုဂ္ဂလိကကမ္မေပိ ဥပနေတုံ ဝဋ္ဋတိ။ (စူဠဝါ။၄။၈၁) –

အစရှိသဖြင့် ကျောင်း၏အဖြစ်သို့ မရောက်သေးသော ကြိမ်,နွယ်,ဝါး,သက်ငယ်-စသော သံယိကဒဿသမ္ဘာရတို့ဖြင့် စေတီအမှု၌ ပြုလုပ်အပ်ကြောင်းကိုသာ အဋ္ဌကထာ ဆိုသည်။ ကျောင်းအဖြစ်သို့ ရောက်လေပြီးသော အချင်, ထုပ်, လျော်-စသော သံယိကဒဿသမ္ဘာရ တို့ကို ဖျက်ယူ၍ ပြုလုပ်အပ်ကြောင်းကို မဆို။

အပလောကနကမ္မံ ကတ္ဝာ တတြုပ္ပါဒတော ကာရေတဗ္ဗံ၊ သံယိကေနပိ။ –

(ဝိ၅၊၄။၂၅၄)ဟူ၍ တတြုပ္ပါဒပစ္စည်းဥစ္စာများဖြင့် ဘုရား,စေတီအမှု၌ ပြုလုပ်အပ်ကြောင်းကို ပြဆိုအပ်သော ပရိဝါအဋ္ဌကထာစကား၌ 'သံယိကေနာပိ'ဟူသော ပုဒ်ကို–

http://www.dhammadownload.com

သံယိကေနာပိတိ န ကေဝလဉ္စ တတြုပ္ပါဒတော ပစ္စယဒါယကေဟိ စတုပစ္စယတ္ထာယ သံယဿ ဒိန္နဝတ္ထုနာပိတိ အတ္ထော။ –

ဟူ၍ ဖွင့်ဆိုလေအပ်သော ဝိမတိဝိနောဒနီဋီကာ (၂။၃၁၈)မှာလည်း ကျောင်း၏အဖြစ်သို့ မရောက်သေးသော ပစ္စည်း ၄-ပါးအကျိုးငှာ လှူအပ်သော သံယိကဥစ္စာဖြင့်သာ ပြုလုပ်အပ်ကြောင်းကို ဆိုလေသည်။ ကျောင်းကို ဖျက်ယူ၍ ပြုလုပ်အပ်ကြောင်းကို မဆို။ ထိုသို့ ပါဠိတော်မလာ၊ အဋ္ဌကထာ, ဋီကာများလည်း မဖွင့်မဆိုကြလေဘိသောကြောင့်–

ဒိန္နမိဒံ ကာရဏာစ္စာယာ ဒိဿတိ၊ ပဋိက္ခိတ္တဘာဝေါယေဝ သာဓု၊ အကပ္ပိယေ ဌာတဗ္ဗံ။

ဟူ၍လာသော အဋ္ဌကထာ(ဝိ၊၄၊၁။၁၉၈)နှင့်ညီစွာ ကုက္ကုစ္စ မရှိစေခြင်းငှာ သေနာသန-ပရိဘောဂတို့မှတပါး သံယာအား တစ်စုံတစ်ယောက်သောသူတို့ ပေးလှူလေအပ်၊ သင့်တင့်လျောက်ပတ်သော သံယိကပစ္စည်းဥစ္စာ၊ သံယာ၏အရံ၌ဖြစ်သော ဝတ္ထု, ဝေဠု-စသော ရက္ခိတဂေါပိတ တြုပ္ပါဒပစ္စည်းဥစ္စာရပ် ဒဿသမ္ဘာရတို့ဖြင့်သာ သမုဒီဘူတသံယာကို ပန်ကြား၍ ဘုရားစေတီ၏အမှုကို ပြုလုပ်ဆောင်ရွက်ကုန်ရာသည်။ **သံယဿ ဝါ သန္တကေန-**ဟူသော သာမညဆို၊ **သံယိကေန-**ဟူသော သာမညဆိုတို့ဖြင့် ပြုလိုတိုင်း မပြုလုပ်အပ်၊ ရှိသေလေးမြတ် ဆင်ခြင်အပ်သောအရာ-ဟူ၍ မှတ်။

ထို့ကြောင့် မဟုတ်လော–

ကပ္ပိယေပိ စ ဝတ္ထုသ္မိံ၊ စိတ္တဿ လဟုဝတ္တိနော။
ဝသေန သာမညဂုဏာ၊ စဝန္တိ'ဓ ပုထုဇ္ဇနာ။ ။

တသ္မာ ပရပရိက္ခာရံ၊ အာသီဝိသ'မိဝေါ'ရဂံ။
အင်္ဂိ ဝိယ စ သမ္ဘသံ၊ နာ'မသေယျ ဝိစက္ခဏော။

(ဝိ၊၄၊၁။၃၄၆) ဟု မိန့်သည်။

ဝတ္ထုသ္မိံ၊ ယူအပ်,ငင်အပ်သော ဝတ္ထုသည်။ ကပ္ပိယေပိ စ၊ အပ်သော်လည်း။ စိတ္တဿ၊ စိတ်၏။ လဟုဝတ္တိနော၊ လျင်မြန်သော ဖြစ်ခြင်း၏။ ဝသေန၊ ဖြင့်။ ဣဓ၊ ဤသူတပါး ဥစ္စာကို ယူငင်ရာ၌။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ရဟန်းတို့သည်။ သာမညဂုဏာ၊ ရဟန်းကျေးဇူးဂုဏ်မှ။ စဝန္တိ၊ ရွှေ့လျောတတ်ကုန်၏။

တသ္မာ၊ ကြောင့်။ ပရပရိက္ခာရံ၊ သူတပါးဥစ္စာ ပရိက္ခရာများကို။ အာသီဝိသံ၊ အဆိပ်လျင်မြန်သော။ ဥရဂံ ဣဝ စ၊ မြွေကဲ့သို့လည်းကောင်း။ အင်္ဂိ ဝိယ စ၊ ကိုင်ယူမိသောခဏ ဒုက္ခဝေဒနာ လွန်စွာဖြစ်စေတတ်သော မီးကဲ့သို့လည်းကောင်း။ သမ္ဘသံ သမ္ဘသန္တော၊

http://www.dhammadownload.com

ကောင်းစွာ ရှုမြော်လျက်။ ဝိစက္ခဏော၊ ပညာရှိသော သူတော်ကောင်းရဟန်းသည်။ နအာမသေယျ၊ မသုံးသပ်, မကိုင်ယူရာ။

ဤသို့ အလွန်ရိုသေလေးမြတ် ဆင်ခြင်အပ်သောအရာဖြစ်ကြောင်းကို အဋ္ဌကထာဆရာမြတ် မိန့်ဆိုဆုံးမအပ်လေသည်။ ထို့ကြောင့် ဘုရား,စေတီမူနှင့်စပ်သော ကိစ္စမြတ်ပင်ဖြစ်ငြားသော်လည်း ဘုရားသခင် ပညတ်တော်ဖြင့် ပြုအပ်ပါလေ၏လော, မပြုအပ်လောတွေးတောသံသယကုက္ကုစ္စ များစရာအကြောင်းရှိစေခဲ့လျှင်ပင် ကျား,ဆင်-အစရှိသော ခရီးခဲကို ရှောင်လွဲကြဉ်ခွါ၍ သိက္ခာသီလကိုသာ အလေးဂရုပြုအပ်ချေသည်။ ဤကဲ့သို့မျှ မဟုတ်၊ သိက္ခာပုဒ်တော်နှင့် မလျော်,မလျောက်ပတ်၊ အကပ်ပိယအကြောင်း ထင်ရှားခဲ့မူကား ဆိုဖွယ်ရာမရှိချေ။ အလွန်ရိုသေအပ်, အလေးပြုအပ်လှပေသည်-ဟု နှလုံးထား၍ ဖဲကြဉ်ရှောင်ရှားကုန်ရာသည်။ **"အယံ အမှာကံ ခန္ဓိ၊ ဣတော ယုတ္တတရံ ဝိစာရေတွာ ဂဟေတဗ္ဗံ"**ဟူသည်နှင့်အညီ ဤသို့ ပြဆိုအပ်ပြီးသော အဆုံးအဖြတ်ထက် ဆတက်လွန်ကျူး အထူးသင့်မြတ်လျောက်ပတ်သောအကြောင်းကို ကောင်းစွာ ရှာကြံကြည့်ရှု မေးမြန်းစူးစမ်း၍ မှတ်ယူအပ်၏၊ မှတ်ယူကြလေ။

ပရိသတ်ကို စိုးအုပ်၍ အကြီးအမှူးပြုလုပ်သူတို့ ပြည့်စုံစေအပ်, တောင့်တအပ်သော ပဏ္ဏိတဝိယတ္တမေဓာဝီ လဇ္ဇီကုက္ကုစ္စက သိက္ခာကာမ ဗဟုဿုတ-စသော ပရိနာယကအင်္ဂါဂုဏ် ၆-ဖြာဖြင့် မာနကို မထောင်မလွှား၊ သူတပါးတို့နှင့် မဆန့်ကျင်၊ စင်ကြယ်သော အသက်မွေးခြင်း မဆုတ်ယုတ်၊ အတ္တုက္ကံသန, ပရဝမ္ဘန မရှိ၊ အရိယဝံသဓမ္မ ၄-ပါး တရားစုံညီ ခန္ဓိမေတ္တာ ဒယာကရုဏာ နိဝါတဝုတ္တိ အလိနဝိရိယ ဥဒ္ဓကသမာစာရ ပရိယတ္တိဝိသာရဒသီလ,သမာဓိ-အစရှိသော ဂုဏ်ကျေးဇူး, ဂုဏ်နှံ့တို့ဖြင့် သင်းပျံ့လှိုင်ကြွ၍ လူ,ရှင်ရဟန်းတို့သည် ခိုးမွမ်းကြည်ညို ရိုသေလေးမြတ်ကိုးကွယ်အပ်သော သီးလုံးတောရ အရည၀ါသီပုဂ္ဂိုလ် မဟာထေရ်မြတ်, **မေဓာလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု**-ဟူသော ဘွဲ့တံဆိပ်တော်ရ အမရပူရ နဂရ၀ါသီအကျော် ပြည်ဆရာတော်မဟာထေရ်မြတ်၊ ယင်းသည့် မဟာထေရ်မွန် သီလဝန်ပုဂ္ဂိုလ်မြတ် ၂-ပါးတို့ တိုက်တွန်းစေခိုင်းတော်မူကြလေအပ်သည်ဖြစ်၍ သာသနာတော် ၂၄၀၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၂၁၈-ခု၊ ဟေမန္တဥတုသမယ၊ ပြာသိုလဆန်း၊ ၁၀-ရက်နေ့တွင် **ပဏ္ဏိတဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု**-ဟူသော ဘွဲ့တံဆိပ်တော်ရ အမရပူရရွှေမြို့တော်–

ဗန်းမော်ဆရာတော်မဟာထေရ်မြတ် မိန့်ဆိုဆုံးဖြတ်ချက် သံဃိကဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ဗန်းမော်ဆရာတော်

{၇} ဝိနယဓရဗဟုဿုတဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဗ္ဗညုဘုရားသခင် ရွှေပြည်နိဗ္ဗာန် စံဝင်တော်မူသည်မှနောက် နှစ်ပေါင်း ၄၀၀-ကျော်တိုင် ရောက်လျှင်ပင် သံဃာရဟန်းများသည် ဘုရားသခင်ပိဋကတ်ကို ငြိုငြင်ပင်ပန်းစွာ ဆောင်ရွက်ကြရသည်ဖြစ်၍ ပိဋကတ်တော် မပျောက်မပျက်စေခြင်းငှာ ရဟန္တာအရှင်မြတ်တို့ စည်းဝေးတိုင်ပင်၍ ပေထက်အက္ခရာ တင်ထားကြရသည်။ ထိုကာလကပင် သာသနာတော်မှာ သံဃာရဟန်းတို့အား ငြိုငြင်ပင်ပန်း ကျမ်းဂန်ပိဋကတ်ကို မဆောင်မရွက် နိုင်ခြင်း၏အကြောင်း ပေါ်ဖြစ်နှောင့်ယှက်လာခဲ့သည်။ ယခုကာလမှာကား ဆိုဖွယ်ရာ မရှိပြီ။ နှစ်ပေါင်း ၂၀၀၀-ကျော်၍ သာသနာတော် အဓွန့်ရှည်လေပြီ။

မည်မည္ဗတ်သော ဥတုဘောဇဉ်၊ စိတ်မကြည်လင်ခြင်း၏ အကြောင်းဖြစ်သော လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ထိန, မိဒ္ဓ-စသော ပါပဓမ္မအစု အကုသိုလ်ရမ္မက်တို့သည် နှောင့်ယှက်ခြင်း များ၍ ရဟန်းရှင်,လူအပေါင်းအား ကာယဗလ, သဒ္ဓါဗလ, သတိ ဗလ, ပညာဗလ အလွန်ဆုတ်ယုတ်ခဲ့ကြသည်ဖြစ်၍ သာသနာတော်မြတ်၏မူလ ပရိယတ္တိဓမ္မကို ဟုတ်ဟုတ်ငြားငြား ရှေးကံနည်းပါးသူတို့ အားထုတ်ဆောင်ရွက်နိုင်ခြင်းငှာ ခဲလေရာသည်။ "ငါတို့ကဲ့သို့သောသူများမှ အားမထုတ်လေလျှင် ဘုရားသာသနာတော် ဆုတ်ယုတ်ခဲ့ချေရာသည်တကား"ဟု ဘုရားသခင်သာသနာတော်ကို ပူဇော်ခြီးမြှောက်ကြစေရန် ကျမ်းဂန်အရ ဝိနယဓရ ဗဟုဿုတအာဂါလက္ခဏာကို သာသနာတော်၌ အကျိုးစီးပွါးများစေရန် စီမံရေးသား ပေအံ့။

ဇိနသာသနံ စိရံ တိဋ္ဌတု။

တထာရူပါ'ဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ၊ တသ္မာ ဗဟုဿုတော။ သုတာ ဓာတာ၊ တသ္မာ သုတဓရော။ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ၊ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ၊ တသ္မာ သုတသန္နိစယော။

http://www.dhammadownload.com

တတ္ထ ဝစသာ ပရိစိတာတိ ဝါစာယ ပဂုဏာ ကတာ။ မနသာနုပေက္ခိတာတိ မနသာ အနုပေက္ခိတာ၊ အာဝဇ္ဇနသ ဒီပသဟသေန ဩဘာသိတာ ဝိယ ဟောန္တိ။ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါတိ အတ္ထတော စ ကာရဏတော စ ပညာယ သုဋ္ဌု ပဋိဝိဒ္ဓါ သုပစ္စက္ခကတာ ဟောန္တိ။

အယံ ပန ဗဟုသုတော နာမ တိဝိဓော ဟောတိ၊ နိဿယမုစ္စနကော ပရိသုပဋ္ဌာပကော ဘိက္ခုနောဝါဒကောတိ။ တတ္ထ နိဿယမုစ္စနကေန ဥပသမ္ပဒါယ ပဋ္ဌဝသေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ဒွေ မာတိကာ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ ပက္ခဒိဝသေသု ဓမ္မသာဝနတ္ထာယ သုတ္တန္တတော စတ္တာရော ဘာဏဝါရာ, သမ္မတ္တာနံ ပရိကထနတ္ထာယ အန္ဓကဝိန္ဒမဟာရာဟုလောဝါဒအမ္ဗဋ္ဌသဒိသော ဧကော ကထာမဂ္ဂေါ, သံယဘာတ္တမဂ််လာမဂ််လေသု အနုမောဒနတ္ထာယ တိဿော အနုမောဒနာ, ဥပေါသထပဝါရဏာဒိဇာနနတ္ထံ ကမ္မာကမ္မဝိနိစ္ဆယော, သမဏဓမ္မကရဏတ္ထံ သမာဓိဝသေန ဝါ ဝိပဿနာဝသေန ဝါ အရဟတ္တပရိယောသာန'မေကံ ကမ္မဋ္ဌာနံ, ဧတ္ထကံ ဥဂ္ဂဟေတဗ္ဗံ။ ဧတ္တာဝတာ ဟိ အယံ ဗဟုသုတော ဟောတိ စာတုဒ္ဒိသော၊ ယတ္ထ ကတ္ထစိ အတ္တနော ဣဿရိယေန ဝသိတုံ လဘတိ။

ပရိသုပဋ္ဌာပကေန ဥပသမ္ပဒါယ ဒသဝဿေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ပရိသံ အဘိဝိနယေ ဝိနေတုံ ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ အသက္ကောန္တေန တီဟိ ဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ၊ ကမ္မာကမ္မဉ္စ ခန္ဓကဝတ္တဉ္စ ဥဂ္ဂဟေတဗ္ဗံ။ ပရိသာယ ပန အဘိဓမ္မေ ဝိနယနတ္ထံ သစေ မဏ္ဍိမဘာဏကော ဟောတိ မူလပဏ္ဏာသကော ဥဂ္ဂဟေတဗ္ဗော။

ဒီဃဘာဏကေန မဟာဝဂ္ဂေါ၊ သံယုတ္တဘာဏကေန ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါ မဟာဝဂ္ဂေါ ဝါ၊ အင်္ဂုတ္တရဘာဏကေန ဟေဋ္ဌာ ဝါ ဥပရိ ဝါ ဥပမုနိကာယော ဥဂ္ဂဟေတဗ္ဗော၊ အသက္ကောန္တေန တိကနိပါတတော ပဋ္ဌာယ ဟေဋ္ဌာ ဥဂ္ဂဟေတုမ္ပိ ဝဋ္ဋတိ။ မဟာပစ္စရိယံ ပန ဧကံ ဥဂ္ဂဏှန္တေန စတုက္ကနိပါတံ ဝါ ပဉ္စကနိပါတံ ဝါ ဂဟေတုံ ဝဋ္ဋတိယေဝ ဥတ္တံ။ ဇာတကဘာဏကေန သာဋကထံ ဇာတကံ ဥဂ္ဂဟေတဗ္ဗံ၊ တတော သြရံ န ဝဋ္ဋတိ။ ဓမ္မပဒမ္ပိ သဟ ဝတ္ထုနာ ဥဂ္ဂဟေတုံ ဝဋ္ဋတိယေဝ ဥတ္တံ။ တတော တတော သမုစ္စယံ ကတွာ မူလပဏ္ဏာသကမတ္တံ ဝဋ္ဋတိ န ဝဋ္ဋတိတိ။ န ဝဋ္ဋတိတိ ကုရုန္ဒဋ္ဌကထာယံ ပဋိက္ခိတ္တံ။ ဣတရာသု ဝိစာရဏာယေဝ နတ္ထိ။

အဘိဓမ္မေ ကိဉ္စိ ဂဟေတဗ္ဗန္တိ န ဥတ္တံ။ ယဿ ပန သာဋကထမ္ပိ ဝိနယပိဋကံ အဘိဓမ္မပိဋကဉ္စ ပဂုဏံ၊ သုတ္တန္တေ စ ဝုတ္တပ္ပကာရော ဂန္ထော နတ္ထိ၊ ပရိသံ ဥပဋ္ဌာပေတုံ

http://www.dhammadownload.com

နံ လဘတိ။ ယေန ပန သုတ္တန္တတော စ ဝိနယတော စ ဝုတ္တပ္ပမာဏော ဂန္ထော ဥဂ္ဂဟိတော၊ အယံ ပရိသုပဋ္ဌာပကော ဗဟုဿုတော ဟောတိ ဒိသာပါမောက္ခော ယေနကာမံဂမော၊ ပရိသံ ဥပဋ္ဌာပေတုံ လဘတိ။

ဘိက္ခုနောဝါဒကေန ပန သာဋကထာနိ တီဏိ ပိဋကာနိ ဥဂ္ဂဟေတဗ္ဗာနိ၊ အသက္ကောန္တေန စတူသု နိကာယေသု ဧကဿ အဋ္ဌကထာ ပဂုဏာ ကာတဗ္ဗာ၊ ဧကနိကာယေန ဟိ သေသနိကာယေသုပိ ပဉ္ဉံ ကထေတုံ သက္ခိဿတိ။ သတ္တသု ပကရဏေသု စတုပ္ပကရဏဿ အဋ္ဌကထာ ပဂုဏာ ကာတဗ္ဗာ၊ တတ္ထ လဒ္ဓနယေန ဟိ သေသပကရဏေသု ပဉ္ဉံ ကထေတုံ သက္ခိဿတိ။ ဝိနယပိဋကံ ပန နာနတ္ထံ နာနာကာရဏံ၊ တသ္မာ တံ သဒ္ဓိံ အဋ္ဌကထာယ ပဂုဏံ ကာတဗ္ဗမေဝ။ ဧတ္တာဝတာဟိ ဘိက္ခုနောဝါဒကော ဗဟုဿုတော နာမ ဟောတီတိ။

(ပါစိတ်ဘိက္ခုနောဝါဒဝဏ်အဋ္ဌကထာ။၅၄၊၅၅)

ဂင်းအဋ္ဌကထာဖြင့်သာ နိဿယမုစ္စက, နိဿယာစရိယပုဂ္ဂိုလ်မြတ်တို့၏ သတ္တိအင်္ဂါပမာဏကို မုချကေန် အမှန်သိနိုင်,မှတ်နိုင်ရာသည်။

မဟာဝါခန္ဓကဋ္ဌ ဟောတော်မူအပ်သော ပဋ္ဌက, ဆက္ကပါဠိတော်တို့ဖြင့်ကား အဋ္ဌကထာဆရာလို ပုဂ္ဂိုလ်မှ သိနိုင်,မှတ်နိုင်ရာသည်။ ထိုသို့ မဟုတ်ခဲ့မူကား ဘုရားသခင် အလိုတော်နှင့်လျော်အောင် ဂင်းခန္ဓကပါဠိတော်မှ အတ္ထသာရဝိနိစ္ဆယကို ထုတ်ပြနိုင်မည် ခဲယဉ်း၏။

ယူဇနာ ၂၄၀,၀၀၀-အထုရှိသော မဟာပထဝီမြေကြီး အောက်အဖို့မှ ပျားငယ်ကင်းသော ပျားလပို့ပမာ ကောင်းမွန်စွာလှ ရသဩဇာနှင့် ပြည့်စုံသော မြေဆီဩဇာအရသာကို ကောင်းစွာ ယူဆောင်၍ ထားဘိသကဲ့သို့ ယူဇနာ ၈၄,၀၀၀-နက်သော မဟာသမုဒ္ဒရာရေထဲမှ ရွှေ,ငွေ,မြ,ခဲ,ပတ္တမြား-စသော ရတနာတို့ကို ကောင်းစွာ ထုတ်ဆောင်စုပုံ၍ ထားဘိသကဲ့သို့ နိယျာနိကဖြစ်သော ဘုရားသာသနာတော်၌ မြတ်သောတရားကို ရှာသဖြင့် သဒ္ဓါ၍ ရဟန်းပြုကုန်သော မုဒုကပညာ သိက္ခာကာမ လဇီပေသလပုဂ္ဂိုလ်တို့အား 'သို့လော, သို့လော'-ဟု တွေးတောယုံမှားကင်းစေခြင်းငှာ သိမ်မွေ့နက်နဲ အမှန်သို့ ကျအောင် ယူဆနိုင်ခဲသော ဂင်းပဋ္ဌက, ဆက္ကပါဠိတော်တို့မှ ဘုရားသခင် အလိုတော်ကျ ရသင့်,ရထိုက်သမျှသော သဘောအနက် အကုန်အစင်၊ ထို့ပြင် မယုတ်မလျော့အပ်သော သဗ္ဗဏ္ဍိမပရိစ္ဆေဒ၊ အတ္ထသာရဝိနိစ္ဆယကို ထုတ်ပြစုပုံ၍ အဋ္ဌကထာဆရာ မြတ်စွာဘုရား ထားတော်မူခဲ့ပေသည်-ဟု အဋ္ဌကထာဆရာ၌ ယုံကြည်၍ ဂင်းအဋ္ဌကထာဆိုတိုင်းသာ နိဿယမုစ္စက, နိဿယာစရိယ

F8.D

http://www.dhammadownload.com

ပုဂ္ဂိုလ်တို့သည် အားထုတ်ဆောင်ရွက် နှုတ်တက်အာဂုံရှိစေအပ်သော ကျမ်းဂန်ပမာဏတို့ကို သန္နိဋ္ဌာန်ကျ မှတ်အပ်ကုန်သည်။

ထို့ထက် သက်သာရာကို ရှာလိုသောအားဖြင့် "ဘယ်ပဥ္စကမှာ ဘယ်ပုဒ်မပါ၊ ဘယ်အင်္ဂါကို ဘယ်နှယ်ဟောသော"ဟု ပြောဆိုကြံစည် မရှိကောင်းရာပြီ။ ဤအဋ္ဌကထာပါဠိ၌ "သဗ္ဗန္တိမေန ပရိစ္ဆေဒေန"ဟူသော စကားဖြင့် မိမိပြဆိုလတ္တံ့သော ကျမ်းဂန်ပမာဏအောက် မယုတ်လျော့အပ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သီစေကြောင်းကို "ယဿ ပန သာဋ္ဌကထမ္မိ"အစရှိသည်ဖြင့်လာသော ၎င်းအဋ္ဌကထာ၏ နောက်ဝါကျ စကားရပ်တို့ဖြင့် သိအပ်ကုန်၏။ သဗ္ဗန္တိမပရိစ္ဆေဒဖြင့် ပြအပ်သောအရာ-ဟူသမျှ၌ပင် ဟေဋ္ဌိမပရိစ္ဆေဒ, ပစ္ဆိမပရိစ္ဆေဒ, လာမကပရိစ္ဆေဒဖြင့် ပြအပ်သည်အတူ ပဌမပါရာဇိကသိက္ခာပုဒ်မှာလာသော အန္တမသော အနုက်သဘောမျိုးချည်း မှတ်ယူလေ။

ထို့ကြောင့် ၎င်းသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ၌ "အန္တမသောတိ သဗ္ဗန္တိမေန ပရိစ္ဆေဒေန"ဟု မိန့်ဆိုအပ်လေသည်။ "အသဏ္ဌာန္ဆေန တိဟိ ဇနေဟိ ။ပ။ ကာတဗ္ဗာ"ဟူသော စကားဖြင့် တစ်ယောက်တည်း မတတ်နိုင်လျှင် ၃-၄-ယောက်စပ်၍ ဆောင်ရွက်ပြန်လှန်အပ်ကြောင်းကိုသာ ပြသည်။ ပရိဝတ္တိတဗ္ဗမမ္မကို လျော့သည့်စကား မဟုတ်-ဟု မှတ်အပ်သည်။ ၎င်းဆောင်ပြအပ်သော အဋ္ဌကထာပါဠိ၏ သံဝဏ္ဏနာဋီကာတို့၌ လာဟန်ကား—

> အတ္ထတောတိ ပါဠိအတ္ထတော။ ကာရဏတောတိ ကာရဏူပပတ္တိတော၊ အဋ္ဌကထာတောတိ အဓိပ္ပါယော။ အထဝါ ကာရဏတောတိ ဓမ္မတော၊ တေန အတ္ထတော ဓမ္မတောတိ ဝုတ္တံ ဟောတိ။ အထဝါ အတ္ထတောတိ ဖလတော။ "ကာရဏတောတိ ဟေတုတော။ ဓမ္မပဒမ္ပိ ဇာတကေန သဟာ"တိ ဒိလိတံ။ ပဠံ ကထေတုန္တိ "ပဠံ ပုဋ္ဌော ကထေတီ"တိ ဇတ္ထ ဘိက္ခုနိယာ ပုဋ္ဌေန "နံ ဇာနာမိ"တိ နံ သက္ကာ ကထေတုံ၊

ဤမျှသာ လာသည် (ဝဇိရဗုဒ္ဓိဋီကာ။၃၀၄)။

> ဝဋ္ဋဒုက္ခနိဿရဏတ္ထိကေဟိ သောတဗ္ဗတော သုတံ၊ ပရိယတ္တိဓမ္မော။ တံ ဓာရေတီတိ သုတဓရော။ သုတဿ အာဓာရဘူတော။ ယဿ ဟိ ဣတော ဂဟိတံ ဇတ္တော ပလာယတိ၊ ဆိဒ္ဒဃဋ္ဋေ ဥဒကံ ဝိယ နံ တိဋ္ဌတိ၊ ပရိသမဇ္ဈေ ဇကံ သုတ္တံ ဝါ ဇာတကံ ဝါ ကထေတုံ ဝါ ဝါစေတုံ ဝါ နံ သက္ကောတိ၊ အယံ နံ သုတဓရော နာမ။ ယဿ ပန ဥဂ္ဂဟိတံ ဗုဒ္ဓဝစနံ ဥဂ္ဂဟိတကာလသဒိသမေဝ ဟောတိ။ ဒသပိ ဝီသတိပိ ဝဿာနိ သဇ္ဈာယံ အကရောန္တဿ နံ နဿတိ၊ အယံ သုတဓရော နာမ။ တေနေဝါဟ "ယဒဿ တ"န္တိအာဒိ။

http://www.dhammadownload.com

ဧကပဒမ္ပိ ဧကက္ခရမ္ပိ အဝိနဋ္ဌံ ဟုတ္တာ သန္နိဓိယတီတိ သန္နိစယော၊ သုတံ သန္နိစယော ဧတဿိန္တိ သုတသန္နိစယောတိ အာဟ "သုတံ သန္နိဓိတံ အသ္သိန္တိ သုတ-သန္နိစယော"တိ။ ယဿ ဟိ သုတံ ဟဒယမဉ္ဇုသာယံ သန္နိဓိတံ သိလာယ လေခါ ဝိယ သုဝဏ္ဏယဋ္ဌေ ပက္ခိတ္တာ သိဟဝသာ ဝိယ စ သာဓု တိဋ္ဌတိ၊ အယံ သုတသန္နိ-စယော နာမ။ တေနာဟ "ဧတေန ။ပ။ အဝိနာသံ ဒဿေတီ"တိ။

ဓာတာတိ ပဂုဏာ ဝါစုဂ္ဂတာ။ ဧကဿ ဟိ ဥဂ္ဂဟိတဗုဒ္ဓဝစနံ နိစ္စကာလိကံ န ဟောတိ။ "အသုကသုတ္တံ ဝါ ဇာတကံ ဝါ ကထေဟီ"တိ ဝုတ္တေ သဇ္ဈာယိတ္တာ အညေဟိ သံသန္ဒိတ္တာ ပရိပုစ္ဆာဝသေန အတ္ထံ ဩဂါဟိတ္တာ ဇာနိဿာမီ"တိ ဝဒတိ။ ဧကဿ ပဂုဏံ ပဗန္ဓဝိစ္ဆေဒါဘာဝတော ဂဠိသောတသဒိသံ ဘဝဂ်သော-တသဒိသဉ္စ အကိတ္တိမံ သုခပ္ပဝတ္တိ ဟောတိ၊ "အသုကသုတ္တံ ဝါ ဇာတကံ ဝါ ကထေဟီ"တိ ဝုတ္တေ ဥဒ္ဓရိတ္တာ တမေဝ ကထေတိ။ တံ သန္ဓာယ ဝုတ္တံ "ဓာတာ"တိ။

ဝါစာယ ပဂုဏာ ကတာတိ သုတ္တဒသကဝဂ္ဂဒသကပဏ္ဏာသဒသကဝသေန ဝါစာယ သဇ္ဈာယိတာ၊ ဒသသုတ္တာနိ ဂတာနိ၊ ဒသဝဂ္ဂါနိ ဂတာနိတိအာဒိနာ သလ္လက္ခေတ္တာ ဝါစာယ သဇ္ဈာယိတာတိ အတ္ထော။ သုတ္တေကဒေသဿ ဟိ သုတ္တမတ္တဿ စ ဝစသာ ပရိစယော ဣဓ နာဓိပ္ပေတော။ အထ ခေါ ဝဂ္ဂါဒိဝသေ-နေဝ။ မနသာ အနုပေက္ခိတာတိ မနသာ အနု အနုပေက္ခိတာ၊ ဘာဂသော နိဇ္ဈာယိတာ စိန္တိတာတိ အတ္ထော။ အာဝဇ္ဇနဿာတိ ဝါစာယ သဇ္ဈာယိတုံ ဗုဒ္ဓဝစနံ မနသာ စိန္တေန္တဿ။ သုဋ္ဌု ပဋိဝိဒ္ဓါတိ နိဇ္ဇဋံ နိဂ္ဃဏ္ဌိ ကတ္တာ သုဋ္ဌု ယာထာဝတော ပဋိဝိဒ္ဓါ။ ဒ္ဝေ မာတိကာတိ ဘိက္ခုမာတိကာ ဘိက္ခုနီမာတိကာ စ။

ဝါစုဂ္ဂတာတိ ပုရိမဿေဝ ဝေဝစနံ။ တိဿော အနုမောဒနာတိ သံယဘာတ္တေ ဒါနာနိသံသပဋိသံယုတ္တအနုမောဒနာ, ဝိဟာရာဒိမဂ်လေ မဂ်လသုတ္တာဒိအနု-မောဒနာ, မတကဘတ္တာဒိအဝမဂ်လေ တိရောကုဋ္ဋာဒိအနုမောဒနာတိ ဣမာ တိဿော အနုမောဒနာ။ ကမ္မာကမ္မဝိနိစ္ဆယောတိ ပရိဝါရာဝသာနေ ကမ္မဝဂ္ဂေ ဝုတ္တဝိနိစ္ဆယော။ "ဝိပဿနာဝသေန ဥဂ္ဂဏှန္တေန စတုဓာတုဝဝတ္ထာနမုခေန ဥဂ္ဂဟေတဗ္ဗ"န္တိတိသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။ စတူသု ဒိသာသု အပ္ပဋိဟတ္တာ စတဿော ဒိသာ ဧတဿာတိ စတုဒ္ဒိသော၊ စတုဒ္ဒိသော ယေဝ စာတုဒ္ဒိသော။ စတဿော ဝါ ဒိသာ အရဟတိ, စတူသု ဝါ ဒိသာသု သာဓုတိ စာတုဒ္ဒိသော။

အာဘိဝိနယေတိ သကလေ ဝိနယပိဋကေ။ ဝိနေတုန္တိ သိက္ခာပေတုံ။ "ဒ္ဝေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာတိ ဣဒံ ပရိပုစ္ဆာဝသေန ဥဂ္ဂဟဏမ္ပိ သန္ဓာယ ဝုတ္တ"န္တိ

http://www.dhammadownload.com

ဝဒန္တိ။ ဧကဿ ပမုဋ္ဌဿ ဣတရဿ ပဂုဏဿ ဟောတိတိ အာဟ၊ "တီဟိ ဇနေဟိ သဒ္ဓိ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ"တိ။ အဘိဓမ္မေတိ နာမရူပပရိစ္ဆေဒေ။ ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါတိ မဟာဝဂ္ဂတော ဟေဋ္ဌာ သဂါထကဝဂ္ဂေါ နိဒါနဝဂ္ဂေါ ခန္ဓကဝဂ္ဂေါတိ ဣမေ တယော ဝဂ္ဂါ။ 'ဓမ္မပဒမ္ပိ သဟ ဝတ္ထုနာ ဥဂ္ဂဟေတုံ ဝဋ္ဋတီ'တိ မဟာပစ္စရိယံ ဝုတ္တတ္တာ ဇာတကဘာဏကေန သာဋ္ဌကထံ ဇာတကံ ဥဂ္ဂဟေတွာပိ ဓမ္မပဒမ္ပိ သဟ ဝတ္ထုနာ ဥဂ္ဂဟေတဗ္ဗမေဝ။ (သာရတ္ထဒီပနိဋီကာ၊၃။၃၉၊၄၀)

ပရိကထနတ္ထန္တိ ပကိဏ္ဏကကထာဝသေန ပရိစ္ဆိန္နဓမ္မကထနတ္ထံ။ တိဿော အနုမောဒနာတိ သံယဘ္ဘာဒိသု ဒါနာနိသံသပဋိသံယုတ္တာ နိဓိကဏ္ဍသုတ္တာဒိ အနုမောဒနာ, ဂေဟပွဝေသနမင်္ဂလာဒိသု မင်္ဂလသုတ္တာဒိ အနုမောဒနာ, မတက-ဘတ္တာဒိအဝမင်္ဂလေသု တိရောကုဋ္ဋာဒိ အနုမောဒနာတိ ဣမာ တိဿော အနု-မောဒနာ။ ကမ္မာကမ္မဝိနိစ္ဆယောတိ ပရိဝါရာဝသာနေ ကမ္မဝဂ္ဂေ ဝုတ္တဝိနိစ္ဆယော။ သမာဓိဝသေနာတိ သမထပုဗ္ဗကဝသေန။ ဝိပဿနာဝသေန ဝါတိ ဒိဋ္ဌဝိသုဒ္ဓိအာဒိ-ကာယ သုက္ခဝိပဿနာယ ဝသေန။ အတ္တနော သီလရက္ခနတ္ထံ အပရာနပေက္ခ-တာယ ယေန ကာမံ ဂန္တုံ စတသော ဒိသာ အရဟတိ၊ အသ ဝါ သန္တိ၊ တာသု ဝါ သာဓုတိ စာတုဒ္ဒိသော။

အဘိဝိနယေတိ ပါတိမောက္ခသံဝရသင်္ခါတေ သံဝရဝိနယေ၊ တပ္ပကာသကေ ဝါ ဝိနယပိဋကေ။ ဝိနေတုန္တိ သိက္ခာပေတုံ ပကာသေတုံ။ ပဂုဏာ ဝါစုဂ္ဂတာတိ ပါဠိတော စ အတ္ထတော စ ပဂုဏာ မုခေ သန္နိဓာပနဝသေန ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ အတ္ထမတ္တဝသေန ပေ'တ္ထ ယောဇနံ ကရောန္တိ။ အဘိဓမ္မေတိ လက္ခဏရသာဒိ-ဝသေန ပရိစ္ဆိန္နေ နာမရူပဓမ္မေ။ ပုဗ္ဗေ ကိရ မဟာထေရာ ပရိယတ္တိအနန္တရ ဓာနာယ ဧကေကဿ ဂဏဿ ဒီဃနိကာယာဒိဧကေကဓမ္မကောဋ္ဌာသံ နိယျာ-တေန္တာ "တုမ္ဟေ ဧတံ ပါဠိတော စ အဋ္ဌကထာတော စ ပရိဟရထ၊ သက္ကောန္တာ ဥတ္တရိပိ ဥဂ္ဂဏှထာ"တိ ဧဝံ သကလဓမ္မံ ဂန္ထဝသေန နိယျာတေန္တိ။

တတ္ထ တေ စ ဘိက္ခူ ဂန္ထနာမေန ဒီဃဘာဏကာ မဇ္ဈိမဘာဏကာတိ ဝေါဟာရိယန္တိ၊ တေ စ အတ္တနော ဘာရဘူတံ ကောဋ္ဌာသံ ပရိစ္ဆဇိတွာ အညံ ဂဟေတုံ န လဘန္တိ။ တံ သန္ဓာယာ'ဟ "သဧ မဇ္ဈိမဘာဏကော ဟောတီ"တိ အာဒိ။ တတ္ထ "ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါ"တိ မဟာဝဂ္ဂတော ဟေဋ္ဌိမာ သဂါထကဝဂ္ဂေါ နိဒါနဝဂ္ဂေါ ခန္ဓကဝဂ္ဂေါတိ ဣမေ တယော ဝဂ္ဂါ။ တီကနိပါတတော ပဋ္ဌာယ ဟေဋ္ဌာတိ ဧကကနိပါတဒုကနိပါတေ သန္ဓာယ ဝုတ္တံ။ ဓမ္မပဒမ္ပိ သဟ ဝတ္ထုနာ ဇာတကဘာဏ-

http://www.dhammadownload.com

> ကေန အတ္တနော ဇာတကေန သဒ္ဓိ ဥဂ္ဂဟေတဗ္ဗံ။ တတော ဩရံ နဒီတီရေ မဟာပစ္စရိဝါဒဿ အဓိပ္ပါယော။ တတော တတောတိ ဒီဃနိကာယာဒိတော။ ဥစ္စိနိတ္တာ ဥဂ္ဂဟိတံ သဒ္ဒမဿ ဋ္ဌိတိယာ, ဘိက္ခုနောပိ ပုဗ္ဗာပရာနုသန္ဓိအာဒိကုသလ-တာယ စ နံ ဟောတီတိ တံ နံ ဝဏ္ဏီတိ ပဒိုက္ခိတ္တံ။ အဘိဓမ္မေ ကိဉ္စိ ဂဟေတဗ္ဗန္တိ နံ ဝုတ္တန္တိ ဧတ္ထ ယသ္မာ ဝိနယေ ကုသလတ္တိကာဒိဝိဘာဂေါ, သုတ္တန္တေသု သမထ-ဝိပဿနာမဂ္ဂေါ စ အဘိဓမ္မပါဋိ ဝိနာ နံ ဝိညာယတိ၊ အန္ဓကာရေ ပဝိဋ္ဌကာလော ဝိယ ဟောတိ၊ တသ္မာ သုတ္တဝိနယာနံ ဂဟဏဝသေန အဘိဓမ္မဂ္ဂဟဏံ ဝုတ္တမေဝါ-တိ ဝိသုံ နံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ယထာ "ဘောဇနံ ဘုဉ္ဇိတဗ္ဗ"န္တိ ဝုတ္တေ "ဗျဉ္ဇနံ ခါဒိတဗ္ဗ"န္တိ အဝုတ္တမ္ပိ ဝုတ္တမေဝ ဟောတိ တဒဝိနာဘာဝတော၊ ဧဝံ သမ္ဗဒမ်ဲဒံ ဒဋ္ဌဗ္ဗံ။ (ဝိမတိဋီကာ၊၂။၂၀၊၂၁)

ဎင်းဋီကာ ၃-ရပ်တို့တွင် သာရတ္ထဒီပနီဋီကာ (၃။၄၀)၌—

> ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာတိ ဣဒံ ပရိပုစ္ဆာဝသေန ဥဂ္ဂဟဏမ္ပိ သန္ဓာယ ဝုတ္တန္တိ ဝဒန္တိ။

ဟူသော စကားမှာ ပရိပုစ္ဆာ၏အစွမ်းအားဖြင့် သင်ခြင်း-ဟူသည် ဥဘတောဝိဘင်း သက်သက်ကို သင်ခြင်းလည်း မဟုတ်။ ဎင်း၏ အဋ္ဌကထာကို သင်ခြင်းလည်း မဟုတ်။ "ပရိပုစ္ဆာ-ဝသေန အတ္ထံ ဩဂါဟိတ္ထာ"ဟူ၍ လာသော ဎင်းဋီကာ၏ ရှေ့စကားကို ထောက်ထား၍ ပရိပုစ္ဆာ၏အစွမ်းအားဖြင့် သိအပ်သော ဎင်းပါဠိတော်မြတ်၏ ပဒတ္ထကို မူလဘာသာဖြင့် သော်လည်းကောင်း, ဘာသာတပါးဖြင့်သော်လည်းကောင်း သင်ကြားခြင်း-ဟူလိုဘိ၏-ဟု သိအပ်၏။

"ဥဂ္ဂဟဏမ္ပိ"၌ ပိ-သဒ္ဒါသည်ကား သမုစ္စယတ္ထတည်း။ ထိုပိ-သဒ္ဒါဖြင့် ဥဘတော ဝိဘင်းပါဠိသက်သက် သင်ခြင်းကို ဆီးအပ်၏။ ဎင်းပြဆိုအပ်သော ဋီကာပါဌ်တစ်ဝါကျလုံး၏ နိဂုံးအုပ်အဓိပ္ပါယ်ကား ဥဘတောဝိဘင်းပါဠိသက်သက် သင်ခြင်းကိုသာ ရည်၍ ဤ "ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ"ဟူသော စကားကို အဋ္ဌကထာဆိုသည် မဟုတ်။ ပရိပုစ္ဆာ၏အစွမ်းဖြင့် သိအပ်သော ဎင်းပါဠို၏ အနက်သင်ခြင်းကိုလည်း ရည်၍ ဆိုသည်-ဟူလိုသော်။

ထို့ကြောင့် မဟုတ်လော။ ဝိမတိဝိနောဒနီဋီကာ (၂။၂၀)၌ "ပါဠိတော စ အတ္ထ-တော စ ပဂုဏာ"ဟု မိန့်အပ်လေသည်။ ပါဠိတော်မြတ်၏ အတ္ထသဘောသည် အဋ္ဌကထာ မဟုတ်လော-ဟူပြားအံ့။ ပဒတ္ထ, အဓိပ္ပါယတ္ထ, ဝိနိစ္ဆယတ္ထ, ထေရဝါဒတို့နှင့် အပြည့်အစုံ

http://www.dhammadownload.com

လာသော အဋ္ဌကထာတစ်ကျမ်းလုံးပါ လေ့လာဆောင်ရွက်အပ်သောအရာမှာ ၎င်းဋီကာပင် "ပါဠိတော စ အဋ္ဌကထာတော စ ပရိဟရဏ"ဟု မိန့်ဆိုအပ်လေသည်။

ဝဇိရဗုဒ္ဓိဋီကာ (၃၀၄)၌လည်း "အတ္ထတောတိ ပါဠိအတ္ထတော။ ကာရဏတောတိ ကာရဏူပပတ္တိတော၊ အဋ္ဌကထာတောတိ အဓိပ္ပါယော"ဟူ၍ မိန့်ဆိုရကား ပါဠိအတ္ထကို အဋ္ဌကထာ မဆိုအပ်-ဟု မှတ်လေရာသည်။

ဝိမတိဝိနောဒနီဋီကာ (၂။၂၀)၌လည်း–

> ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာတိ ပါဠိတော စ အတ္ထတော စ ပဂုဏာ မုခေ သန္နိဓာ-ပနဝသေန ဝါစုဂ္ဂတာ ကာတဗ္ဗာ။

ဟူသော ပါဠ်ဖြင့် ဥဘတောဝိဘင်းပါဠ်, အနက် ၂-ပါးစုံကို အာဂုံန္နတ်တက် သွက်သွက်ပါအောင် ဆောင်ရွက်လေ့လာ ပုဒ်အက္ခရာ မပျက်မစီး ကောင်းစွာ သိမှီးသည်၏အစွမ်းအားဖြင့် နိစ္စကာလိက ဝါစုဂ္ဂတပြုအပ်၏-ဟူသော သကဝါဒကို ပြုအပ်၏-ဟု မှတ်အပ်သည်။ "အတ္ထမတ္ထဝသေနပေ'တ္ထ ယောဇနံ ကရောန္တိ"(ဝိမတိ၊၂။၂၀)ဟူသောပါဠ်ဖြင့်ကား ၎င်းဝိဘင်းပါဠ်ပါဠိကိုပင် အရအမိ မရှိသော်လည်း ၎င်း၏ ပဒတ္ထ-ဟု ဆိုအပ်သော နိဿယအနက်မျိုးမျှကိုပင် ပဂုဏဝါစုဂ္ဂတ ပြုအပ်၏-ဟူသော ပရဝါဒကို ပြသည်-ဟု မှတ်အပ်သည်။ ပါဠိနှင့် မကင်းအပ်၊ မကင်းကောင်းသော ပါတိမောက္ခဒ္ဒေသ-စသော အရာတို့နှင့် ဆန့်ကျင်ရကား ဤပရဝါဒကို အလိုမရှိအပ်-ဟု မှတ်အပ်သည်။

၎င်းနိဿယမူစွက, ပရိသုပဋ္ဌာပက ဗဟုသုတတို့ လေ့လာဆောင်ရွက် နှုတ်တက် အာဂုံရှိစေအပ်သော ကျမ်းဂန်ပမာဏကို မဟာဝါခန္ဓကအရာတွင် အဋ္ဌကထာ မဆိုပြီ။

> **ပဉ္စကဆက္ကေသု စေ'တ္ထ ယတ္ထက် သုတံ နိဿယမုတ္ထကဿ ဂ္ဂန္ဆိတဗ္ဗံ၊ တံ ဘိက္ခုနောဝါဒကဝဏ္ဏနာယံ ဝုတ္တံ(ဝိ၊၄၊၃။၂၈၅)။ အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာတိဇာဒိမှိ ဗျတ္တော ပုဗ္ဗေ ဘိက္ခုနောဝါဒကဝဏ္ဏနာယံ ဝုတ္တလက္ခဏောယေဝ။**

(ဝိ၊၄၊၃။၂၆၆)ဟူ၍ ဤဘိက္ခုနောဝါဒကအဋ္ဌကထာကိုသာ ညွှန်းအပ်လေသည်။ ဋီကာများလည်း ၎င်းခန္ဓကအရာတွင် အထူးမဆိုပြီ။

ဗဟုသုတ ၃-ယောက်လုံးအဂ်ိုဟ်–

> **ဥဘယာနိ ခေါ ပန'ဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ သုဝိနိစ္ဆိတာနိ သုတ္တသော အနုဗျဉ္ဇနသော။** (ဝိ၊၃။၁၁၄)

http://www.dhammadownload.com

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော် ၃-ဌာနတို့တွင် အဋ္ဌကထာ အထူးမလာသော နိဿယမုစ္စကအဂ်ီပါဠိတော်ကိုကား–

> **ဥဘယာနိ ခေါ ပနဿ ။ပ။ အနုဗျဉ္ဇနသောတိ သဗ္ဗောပါယံ ပဘေဒေါ မာတိကာ-ဋ္ဌကထာယံ ဉာတော ဟောတိ။** (ဝဇိရဗုဒ္ဓိဋီကာ။၄၂၄)
>
> **ဥဘယာနိ ခေါ ပနဿ ။ပ။ အနုဗျဉ္ဇနသောတိ ဧတ္ထ "သဗ္ဗောပိ စာယံ ပဘေဒေါ မာတိကာဋ္ဌကထာယံ ဉာတာယံ ဉာတော ဟောတီ"တိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။** (သာရတ္ထဒီပနီဋီကာ၊၃။၂၄၄)
>
> **"ဥဘယာနိ ခေါ ပနဿ ။ပ။ အနုဗျဉ္ဇနသော"တိ ဧတ္ထ သဗ္ဗောပိ စာယံ ပဘေဒေါ** မာတိကာဋ္ဌကထာယံ ဉာတာယံ ဉာတော ဟောတိ။ (ဝိမတိဝိနောဒနီဋီကာ၊၂။၁၁၂)

ဤသို့ ဋီကာ ၃-စောင် ဆိုကြသည်။

ဤအဆိုဖြင့်လည်း သိလျှင်ပင် ကိစ္စပြီး၏-ဟူ၍ မမှတ်အပ်။ အဘယ်ကြောင့်နည်း ဟူမူကား နိဿယမုစ္စကရဟန်းအား ဘုရားဟောတော်မူအပ်သော ပဋ္ဌာန, ဆက္ကပါဠိတော်လာ အာပတ်အဂ်ီ ၂၃-ပုဒ်တို့တွင် သိအပ်သောအရာများကို သိကာမျှနှင့် အရဟမိ မရှိက ဒုပ္ပညာ-အစရှိသော အာပတ်အဂ်ီ ၁၄-ပုဒ်တို့မှ လွတ်ရုံသာ ရှိသည်။ အရဟမိ ရှိအပ်သော အရာကို မရှိခြင်းနှင့်စပ်၍ ပညတ်တော်မူအပ်သော အပ္ပသုတ-စသည်အပြား ပုဒ် ၄-ပါး တို့မှ မလွတ်ဖြစ်ခဲ့ရသောကြောင့်တည်း။

ပရိသုပဋ္ဌာပကအဂ်ီပါဠိလာသော ၎င်းပါဠိတော်မြတ်၏ သံဝဏ္ဏနာကို–

> **ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန နာ သွာဂတာနိ ဟောန္တိတိ** ဥဘတောဝိဘင်္ဂဝသေန နာ သွာဂတာနိ။ **နာ သုဝိဘတ္ထာနီတိ** မာတိကာဝိဘင်္ဂဝသေန။ **နာ သုပ္ပဝတ္တီနီတိ** ဝါစုဂ္ဂတဝသေန။ **နာ သုဝိနိစ္ဆိတာနိ သုတ္ထသော အနုဗျဉ္ဇနသောတိ** မာတိကာတော စ ဝိဘင်္ဂတော စ နာ သုဋ္ဌု ဝိနိစ္ဆိတာနိ။

ဟူ၍လာသော မဟာဝါဓန္ဓကအဋ္ဌကထာ(၂၇၂)ဖြင့် သိအပ်၏။ ဘိက္ခုနောဝါဒကအဂ်ီဋ္ဌ လာသော ၎င်းပါဠိတော်၏ အဖွင့်သည်ကား–

> ဥဘယာနိ ခေါ ပနဿာတိ အာဒိ ပန ယသ္မာ အညသ္မိံ သကလေ နဝင်္ဂေပိ ဗာဟုဿစ္စေ သတိ သာဋ္ဌကထံ ဝိနယပိဋကံ ဝိနာ နာ ဝဋ္ဋတိ ယေဝ၊ တသ္မာ ဝိသုံ ဝုတ္တံ။ တတ္ထ ဝိတ္ထာရေနာတိ ဥဘတောဝိဘင်္ဂေန သဒ္ဒိ။ သွာဂတာနီတိ သုဋ္ဌု အာဂတာနိ။ ယထာ အာဂတာနိ ပန သွာဂတာနိ ဟောန္တိ၊ တံ ဒဿေတုံ သုဝိဘတ္ထာနီတိအာဒိ

http://www.dhammadownload.com

ဝုတ္တံ။ တတ္ထ သုဝိဘတ္ထာနီတိ သုဋ္ဌု ဝိဘတ္တာနိ ပဒပစ္စာဘဋ္ဌသက်ရဒေါသဝိရဟိတာနိ။ သုပ္ပဝတ္တီနီတိ ပဂုဏာနိ ဝါစုဂ္ဂတာနိ။ သုဝိနိစ္ဆိတာနိ သုတ္ထသောတိ ခန္ဓကပရိဝါရတော အာဟရိတဗ္ဗသုတ္တဝသေန သုဋ္ဌု ဝိနိစ္ဆိတာနိ။ အနုဗျဉ္ဇနသောတိ အက္ခရပဒပါရိပူရိ-ယာ စ သုဝိနိစ္ဆိတာနိ အခဏ္ဍာနိ အဝိပရီတက္ခရာနိ။ ဧတေန အဋ္ဌကထာ ဒီပိတာ၊ အဋ္ဌကထာတော ဟိ ဧသ ဝိနိစ္ဆယော ဟောတီတိ။ –

ဟူ၍ ပါစိတ်၊ ဘိက္ခုနောဝါဒကဝဂ် အဋ္ဌကထာ (၅၆)၌ပင် လာသည်။ ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ဖြင့် ၎င်းပါဠိတော် ၃-ဌာနတို့၏ ဝိနိစ္ဆယတ္ထကို သိအပ်၏။

ဤသို့ ပြဆိုခဲ့ပြီးသည်ကား–

- နိဿယမုစ္စက, ပရိသုပဋ္ဌာပက ဗဟုဿုတပုဂ္ဂိုလ်တို့ အလိုရှိအပ်သော ကျမ်းဂန် အလုံးစုံကို အာဂုံ ဝါစုဂ္ဂတ အရအမိ မရှိသော်လည်း သိအပ်သောအရာကို သိက ဗဟုဿုတ ဆိုထိုက်၏-ဟူသော သဗ္ဗသဂီဟိကဝါဒ,
- သုတ္တန်ကို မရရှိစေ၊ ဝိနည်းကိုကား ရစေတတ်သည်။ ဝိနည်းကို ရမှ ဗဟုဿုတ ဆိုထိုက်သည်-ဟူသော ဧကစ္စဝါဒ၊

ဤဝါဒ ၂-ပါးတို့ကို ဆင်ခြင်ထောက်ထားဖွယ် အကျယ်ပြဆိုအပ်သော ဝိနိစ္ဆယ စကား-ဟူလိုသည်။

အတိုကောက်ကား နိဿယမုစ္စက, ပရိသုပဋ္ဌာပကတို့၏ အဂ်ီ-ဟူ၍ အဋ္ဌကထာ ပြအပ်သော ကျမ်းဂန်တို့ကို နိစ္စကာလိက နှုတ်၌ပင် မရသော်လည်း သင်ဖူးနားဝ အဓိပ္ပါယ် ကျကို သိလျှင် နိဿယမုစ္စက ဖြစ်ထိုက်, နိဿယာစရိယ ပြုထိုက်၏-ဟူသော အယူဝါဒ ကို ၎င်းပြဆိုခဲ့ပြီးသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့် ချင့်ထောက်တိုင်းထွာသော် ပါဠိတော်၌ လည်း "သွာဂတာနိ သုပ္ပဝတ္တီနိ" (ဝိ၊၃။၁၁၄)ဟူသောပုဒ်တို့နှင့် လာခဲ့သည်။

အဋ္ဌကထာ၌လည်း "ပဂုဏာ ဝါစုဂ္ဂတာ ကတ္ထာ, ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ"ဟူ၍ ဆိုခဲ့သည်။

ဋီကာများ၌လည်း "ဓာတာတိ ပဂုဏာ ဝါစုဂ္ဂတာ"စသည်ဖြင့် သာရတ္ထဒီပနီဋီကာ လာသည်။

ဝိမတိဋီကာ (၂။၂၀)၌လည်း ဗဟုဿုတအင်္ဂါပြအရာတွင် "မုခေ သန်ဓာပနဝသေန ဝါစုဂ္ဂတာ ကာတဗ္ဗာ"။

http://www.dhammadownload.com

ဝိနည်းဓိရ်ပြ လက္ခဏာအရာဒ္ဓလည်း "ဝါစုဂ္ဂတန္တိ ဝါစာယ ဥဂ္ဂတံ၊ တတ္ထ နိရန္တရံ တိဒ္ဓတိ အတ္ထော"ဟူ၍ လာခဲ့သည်။

ဝိနိစ္ဆယဋီကာဒ္ဓလည်း "**ပါဠိတော စ အဒ္ဓကထာတော စ ဝစနပထာရုဠှော ဓေါဟာ-ရကွမာယေဝ ကာတဗ္ဗာ**"ဟူ၍ ဆိုခဲ့သည်။ (ဋီ၊၁။၄၄၃)

အရအမိရ်ိစေအပ်သော ကျမ်းဂန်တို့ကို အရအမိ မရ်ိခြင်းလည်း အင်္ဂါ ၁-ပါး, သိအပ်သောအရာကို မသိခြင်းလည်း အင်္ဂါ ၁-ပါးဖြစ်၍ သိကာမျှနှင့် အမိအရ မရ်ိလျှင် အင်္ဂါယုတ်လျော့လပ်၍ အာပတ္တိဒေါသ မကင်းမလွတ်ရာသော အကြောင်းကိုလည်း–

> ယတ္တကံ သုတံ ပရိသံ ပရိဟရန္တသ္သ ဣစ္ဆိတဗ္ဗံ၊ တေန ဝိရဟိတတ္တာ **အပ္ပသုတော**။ ယံ တေန ဇာနိတဗ္ဗံ အာပတ္တာဒိ၊ တဿ အဇာနနတော ဒုပ္ပညော။ ဣမသ္မိံ ပဋ္ဌကေ ပုရိမာနိ တီဏိ ပဒါနိ အယုတ္တဝသေန ဝုတ္တာနိ၊ ပစ္ဆိမာနိ ဒွေ အာပတ္တိအင်္ဂဝသေန။

ဟူ၍ အဒ္ဓကထာဆရာမြတ် မိန့်အပ်လေသည်။ (ဝိ၊ဋ၊၃။၂၇၁)

ဤသို့လာသော ပါဠို, အဒ္ဓကထာ, ဋီကာတို့နှင့် သင့်လျော်သက်ဝင်နိုင်ရာသော သဘောလက္ခဏာ မရ်ိသည်ဖြစ်၍ မနှစ်သက်အပ်သော ဝါဒ-ဟု မှတ်အပ်ကုန်သည်။ ဒွေ မာတိကာ ဥဘတောဝိဘင်းများမှာ "ပဂုဏာ ဝါစုဂ္ဂတာ"ဟု အဒ္ဓကထာလာသည်ဖြစ်၍ နှုတ်တွင်ရွှ နိစ္စကာလိက အရအမိရ်ိအပ်သည်-ဟု ဆိုတန်စေ။

"သုတ္တန္တတော စတ္တာရော ဘာဏဝါရာ" (ဝိ၊ဋ၊၃။၅၄)စသည်ဖြင့်လာသော အရာတို့မှာကား "ဥဂ္ဂဟေတဗ္ဗံ, ဥဂ္ဂဟေတတ္ထော"ဟူ၍ အဒ္ဓကထာ ဆိုအပ်သည်ဖြစ်သော ကြောင့် သုတ္တန်ကျမ်းဂန်, ကမ္မာကမ္မဝိနိစ္ဆယ, ခန္ဓကဝတ်တို့ကိုကား သင်ကြားကြည့်ရှုဖူးကာမျှ နှင့်ပင် ကိစ္စပြီးကောင်း၏။ အရအမိရ်ိအပ်သေးသည်-ဟု မဆိုကောင်းရာပြီ-ဟူသော အယူ ဝါဒကိုလည်း ပါဠို,အဒ္ဓကထာ လာရ်ိသည်များနှင့် နှိုင်းဆထောက်ထားလျှင် ဗဟုသုတ ၃-ယောက်တို့တွင် အထက်မြက်ဆုံးဖြစ်သော ဘိက္ခုနောဝါဒကရဟန်းအားပင် "**ဘိက္ခုနော-ဝါဒကေန** ပန သာဒ္ဓကထာနိ တီဏိ ပိဋကာနိ ဥဂ္ဂဟေတဗ္ဗာနိ"ဟု အဒ္ဓကထာ (ဝိ၊ဋ၊၃။၅၅) ပြဆိုအပ်လေသည်။

ထိုဝါဒရှင်များ ဉာဏ်သွားသဘောရောက်လို့ဖြစ်လျှင် ဥဂ္ဂဟေတဗ္ဗာနိ-ဟု အဒ္ဓ-ကထာ လာခြင်းကြောင့် ဘိက္ခုနောဝါဒကရဟန်းသည် အဒ္ဓကထာနှင့်တကွသော ပိဋကတ် ၃-ပုံကို သင်ကြားရုံမျှနှင့် အရအမိ မရ်ိသော်လည်း သမုတိ ရထိုက်၏-ဟူသော အနက် ရောက်ခဲ့သည်။ ထိုသို့ကား မဟုတ်။ နှုတ်တွင် ရွှ၊ နိစ္စကာလိက အရအမိရ်ိမှ သမုတိ

http://www.dhammadownload.com

ရထိုက်သည်။ ဤအတူ ပရိသုပဋ္ဌာပကရဟန်းအားလည်း "ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ"ဟု ပြဆိုအပ်ပြီးသော ဝိနည်းကျမ်းဂန်ကိုပင် နောက်ဝါကျစကား၌ ဥဂ္ဂဟိတော-ဟု ပြဆိုအပ်သည်ဖြစ်၍ "ဥဂ္ဂဟေတဗ္ဗံ, ဥဂ္ဂဟေတဗ္ဗော၊ ဥဂ္ဂဟေတုံ, ဥဂ္ဂဟိတော"ဟု လာသောအရာတို့၌လည်း လေ့လာဆောင်ရွက် နူတ်တက်အာဂုံရှိမှ ဗဟုသုတ ဆိုထိုက်သည်-ဟု မှတ်အပ်သောသဘောရှိသည်။

သာရတ္ထဒီပနီဋီကာ၌လည်း "ဒွေ မာတိကာ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ" (ဝိ၊ဋ၊၃။ ၅၄)ဟု လာသော ဗဟုသုတအင်္ဂါပြအရာတွင် "ဝါစုဂ္ဂတာတိ ပုရိမဿေဝ ဝေဝစနံ (သာရတ္ထ၊ဋီ၊၃။၃၉)။ ဓမ္မံ ပရိယာပုဏန္တိ"ဟု လာသော ကျမ်းဂန်သင်ခြင်းအပြား ၃-ပါး၏ လက္ခဏာပြအရာတွင်လည်း–

> ပရိယာပုဏန္တီတိ ဥဂ္ဂဏှန္တီတိ အတ္ထော။ သဇ္ဈာယန္တိ စေဝ ဝါစုဂ္ဂတာ ကရောန္တာ ဓာရေန္တိ စာတိ ဝုတ္တံ ဟောတိ။

ဟူ၍ လာရှိရကား "ပဂုဏာ ဝါစုဂ္ဂတာ, ဥဂ္ဂဟေတဗ္ဗံ, ဥဂ္ဂဟေတဗ္ဗော"ဟူသော ပုဒ်တို့လည်း ဝေဝုစ်ပရိယာယ် စကားလှယ်မျှသာဖြစ်၍ ပုဒ်သာ ပြားသည်၊ အနက်သဘောသွား အတူတူဟု မှတ်ယူရန်ရှိသည်။

အင်္ဂကထာဆရာမြတ်သည်လည်း–

> **ယဿ ပန ဿဂ္ဂကထမွိ ဝိနယပိဋကံ အဘိဓမ္မပိဋကဉ္စ ပဂုဏံ၊ သုတ္တန္တေ စ ဝုတ္တ-ပကာရော ဂန္ထော နတ္ထိ၊ ပရိသံ ဥပဋ္ဌာပေတုံ နဿ လဘတိ။** (ဝိ၊ဋ၊၃။၅၅)

ဟူ၍ မိမိပြဆိုအပ်ပြီးသော သုတ္တန်ကျမ်းဂန်တို့ကို အရအမိ မရှိက ပရိသုပဋ္ဌာပက မပြုထိုက်ကြောင်းကို မိန့်ဆိုအပ်လေသည်။ "နံ ပဋိဗလော ဟောတိ"ဟူသော လိုက်ပုဒ်ကို အားထား၍ "အဘိဓမ္မေ ဝိနေတုံ အဘိဝိနယေ ဝိနေတုံ"ဟု အာပတ်အင်္ဂါ သဒ္ဒါပုဒ်နေချင်း မကွဲမပြားဘုရားဟောပါဠိ လာရှိသည်ဖြစ်၍ ဝိနည်းကို ဝါစုဂ္ဂတ၊ သုတ်ကိုကား သင်ကြားရုံမျှသာ-ဟု အင်္ဂကထာဆိုရာသော အကြောင်းသဘော မရှိကောင်းရာသည်များကိုလည်း ထောက်ရှုမြော်အပ်သည်။

"**ပက္ခဒိဝသေသု ဓမ္မသာဝနတ္ထာယ သုတ္တန္တတော စတ္တာရော ဘာဏဝါရာ**"(ဝိ၊ဋ၊၃။၅၄) စသည်ဖြင့် လာသော နိဿယမုစ္စကအင်္ဂါပြအရာတို့မှာလည်း အရအမိ မရှိချေက ပက္ခနေ့ရက်တို့မှာ ဓမ္မာသနဖြစ်သော နေရာမြတ်၌ ဒူးတဆတ်ဆတ်, ယပ်တောင် တလှုပ်လှုပ်, ချောင်းတဟုတ်ဟုတ်နှင့် ဘယ်သုတ်,ဘယ်တရားကိုမျှ အစအမြီတ် ရှာ၍မရသော ဥဒါယီ

http://www.dhammadownload.com

ရဟန်းသည် ပင်ပန်းဆင်းရဲ ခဲပစ်ခံရ မစင်တွင်းသို့ ကျ၍ ဒုက္ခကြီးရောက်လေသည်ပမာ ဖြစ်ရာသောအကြောင်းရှိ၍ နိစ္စကာလိက ရွတ်ရွတ်ပါအောင် အရဆောင်အပ်သည်။ ထို့ကြောင့် မဟုတ်လော-

ဝါစုဂ္ဂတာဝ ကာတဗ္ဗာ၊ ပဂုဏာ ဒွေပိ မာတိကာ။
သုတ္တန္တတော စ စတ္တာရော၊ ဘာဏဝါရာ ပကာသိတာ။ -

ဟူ၍လာသော ဝိနယဝိနိစ္ဆယဂါထာ၊ စာကိုယ်ဋီကာ(၌၊၁။၄၄၃)၌-

> စတ္တာရော ဘာဏဝါရာ ပဂုဏာ ဝါစုဂ္ဂတာဝ ကာတဗ္ဗာတိ ပကာသိတာတိ ယောဇနာ။ ပဂုဏာတိ ကျမိနာ ပါဠိယံ။ ပဂုဏံ ကတွာ ဓာရေတွာ ပဋိပုစ္ဆိတဗ္ဗန္တိ ဒဿေတိ။ ဝါစုဂ္ဂတာဝ ကာတဗ္ဗာတိ ကျမိနာ တဒတ္ထံ သုတွာ ဓာရေတွာ ပရိပုစ္ဆိ-တဗ္ဗမေဝါတိ ဒဿေတိ။

ဟူ၍ သုတ္တန်ကျမ်းဂန် ၄-ဘာဏဝါရကိုလည်း မှတ်ကြောအောင် နှုတ်တွင် အရဆောင်အပ်ကြောင်းကို မိန့်ဆိုအပ်လေသည်။ ဤသို့ လာသော ပါဠို,အဋ္ဌကထာ, ဋီကာကျမ်းဂန်သဘောတို့နှင့် မရောမနှောသည်ဖြစ်၍ စင်စစ် ထိုဝါဒကို အလိုမရှိအပ်သော ဝါဒ-ဟု မှတ်ကုန်ရာသည်။ လောကဓာတ် ၃-ပါး၌ ဘုရားမှ တပါးသောသူတို့နှင့် မဆက်မဆံ သဗ္ဗညုတဉာဏ်၏သာ ကျက်စားရာ အာရုံဖြစ်၍ စင်စစ်မြတ်သော ပညတ်သိက္ခာပုဒ်တော်နှင့် မလျော်မလျောက်ပတ်သော ဝါဒ ၂-ပါးကို ပါဠို, အဋ္ဌကထာ, ဋီကာ ထောက်ထားသဖြင့် ပယ်ရှားအပ်သော ဝိနိစ္ဆယစကားစဉ်သည် ဤတွင်ရွေ့ ပြီး၏မှတ်။

အံ့ဖွယ် ၈-ဖြာ, အင်္ဂါ ၉-ပါးရှိသော နိယျာနိကသဗ္ဗညုဘုရားသာသနာတော်၌ မြတ်သောတရားကို ရှာသဖြင့် သဒ္ဓါ၍ ရဟန်းပြုကုန်သော သိက္ခာကာမ လဇ္ဇီပေသလ ကလျာဏမိတ္တဖြစ်သူ သီတင်းသုံးဖော်အပေါင်းတို့သည် တောင်းပန်တိုက်တွန်းအပ်သည်ဖြစ်၍ သာသနာတော် ၂၃၉၈-ခုနှစ်၊ ကောဇာသင်္ကြာန် ၁၂၁၆-ခုနှစ်၊ ဝသန္တဥတုသမယ၊ ဝါခေါင်လဆန်း၊ ၁၀-ရက်နေ့တွင် ပဏ္ဍိတဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော ဘွဲ့တံဆိပ်တော်ရ အမရပူရရွှေမြို့တော် ဗန်းမော်ဆရာတော်ဘုရားကြီး ဆုံးဖြတ်ချက်-


ဝိနယဓရဟုသုတဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{၈} ဓူမပါနဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဩဓိသ အနောဓိသ-ဟု ဆိုအပ်သော ၅၂၈-သွယ်သော မေတ္တာတို့ဖြင့် "ဘုန်းတော်ကြီး၍ သက်တော်ရာကျော် ရှည်စေသော်"ဟု နေ့,ညမပြတ် သွန်းဖြန်းလေ့ရှိသော **ကေတု-ဓမ္မဝရာလင်္ကာရဓဇမဟာဓမ္မရာဇဂုရု** တံဆိပ်နာမံတော်ရှိသော **အောင်မြေရွှေဘုံဆရာတော်** စာဆက်သွင်းပါသည်။ သာသနာတော်၏ အစီးအပွါး, ပြည်သူလူအပေါင်းတို့၏ အစီးအပွါးကို အခါခပ်သိမ်း တောင့်တတော်မူလေ့ရှိသော သာသနပါလက သမုတိနတ်မြတ်ဖြစ်တော်မူသော မဟာဓမ္မရာဇ် တရားမင်းမြတ်။

> **ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။** – ဟူသော ပါဠိတော် (ဒီ၊၂။၁၂၆)၊
>
> **ယာဝ စ ဓမ္မဝိနယော တိဋ္ဌတိ၊ တာဝ အနတီတသတ္ထုကမေဝ ပါဝစနံ။** (ဝိ၊၄၊၁။၅)

ဟူသော သင်္ဂီယနာတင် အရှင်မြတ်တို့ စကားတော်နှင့်အညီ အကြင်မျှလောက်သော ကာလ ဓမ္မဝိနယ-ဟု ဆိုအပ်သော သုတ်,အဘိဓမ္မာ,ဝိနည်းတရားတော်သည် တည်၏။ ထိုမျှလောက်သောကာလ ဓမ္မဝိနယ-ဟု ဆိုအပ်သော စကားတော်ကား မလွန်သောဘုရားရှိသည်ဖြစ်၍ ဟောထားတော်မူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်သည် ဘုရားကိုယ်တော်ပင် မည်သည်။

> **ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ။**

ဟူသော အဋ္ဌကထာ (ဝိ၊၄၊၁၁)နှင့်အညီ ၃-ပုံသော ပိဋကတ်တို့တွင် ဝိနည်းပိဋကတ်တော်ကား မြတ်စွာ ဘုရားသာသနာတော်၏ အသက်ဖြစ်၍ ဝိနည်းပိဋကတ်သည် သဒ္ဓါအနက် မယုတ်သဖြင့် လဇ်ဇီပုဂ္ဂိုလ်တို့၌ တည်သည်ရှိသော် သိက္ခာ ၃-ပါးတို့ဖြင့် သကြိုဟ်ရေတွက်အပ်သော ဘုရားသခင်သာသနာတော် မြင့်ကြာတာရှည် တည်သည် ဖြစ်သည်။

http://www.dhammadownload.com

သိက္ခာယ ပညာပနံ နာမ အညေသံ အဝိသယော၊ ဗုဒ္ဓါနမေဝ ဝိသယော။

ဟူ၍လည်းကောင်း,

ဝိနယပညတ္တိသမယော သာရိပုတ္တာဒီဟိပိ ဒုဒ္ဓိညေယ္ယော။

ဟူ၍လည်းကောင်း အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁။စ၁)လာသည်နှင့်အညီ ဤဝိနည်းပိဋကတ်သည် နာနတ္တ, နာနာဗျဉ္ဇနဖြစ်၍ အလွန်ဆန်းကျယ်နက်နဲ ခက်ခဲသောကြောင့် ဘုရားသခင်အရာသာ ဖြစ်သည်၊ သူတပါးအရာ မဟုတ်။ အရှင်သာရိပုတ္တရာ-စသော ရဟန္တာအရှင်မြတ်တို့ပင်လည်း ဝိနည်းသိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းကို သိနိုင်ခဲသည်။ ယင်းသို့ ဖြစ်၍–

ဗုဒ္ဓေန ဧကွော ဝိနယော စ ဝုတ္တော၊ ယော တဿ ပုတ္တေဟိ တထေဝ ဉာတော။
သော ယေဟိ တေသံ မတိမစ္ဆရတ္တာ၊ ယသ္မာ ပုရေ အဋ္ဌကထာ အကံသု။

ဟူသော အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁။၃၃။ ဝိ၊ဋ္ဌ၊၂။၂၀၁)နှင့်အညီ ဘုရားဟောသော ပါဠိတော်ကို ဘုရားဟောတော်မူတိုင်း သိကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန်သော ရဟန္တာအရှင်မြတ်တို့သည် ဖွင့်အပ်ကုန်သော အဋ္ဌကထာ၊ ထိုပါဠိတော်, အဋ္ဌကထာနှင့်အညီ သင့်လျော်အောင် သီဟိုဠ်ကျမ်းတတ် သခင်မြတ်တို့သည် ဖွင့်အပ်ကုန်သော ဋီကာကျမ်းဂန်တို့နှင့် ညီညွတ်သော အနက်သဘောကို ကောင်းစွာယူ၍ ဆေးသောက်,ကွမ်းစား အပ်,မအပ်-ဟူသော ဝိဝါဒစကားကို ရှေးသားဆုံးဖြတ်ပေအံ့။ ထိုသို့ ဆုံးဖြတ်လတ္တံ့သော အဆုံးအဖြတ်ကို ပညာစက္ခုဖြင့် အဖန်ဖန် ရှုတော်မူစေသတည်း။

ယခုအခါ ပဋိညာဉ်ပြုသည်အားလျော်စွာ ပုစ္ဆာထားသင့်သောအရာ၌ ပုစ္ဆာထား၍ ဆိုပေအံ့။ "သီတင်းသည် သာမဏေရဟန်းတို့သည် ဆေးအဆိုးကို သောက်အပ်မည်လော, မသောက်အပ်မည်လော"ဟူမူ ယင်းဆေး၏ အဆိုးသည် ကာလိက ၄-ပါးတို့တွင် အာဟာရကိစ္စကို မပြီးစေတတ်သည်ဖြစ်၍ ယာဝဇီဝကဖြစ်သည်။ ယင်းသည့် ယာဝဇီဝကဖြစ်သော ဆေး၏အဆိုးသည် အကပ္ပိယ မံသ, ယစ်မျိုး-စသည်တို့ကဲ့သို့ အကပ္ပိယဝတ္ထု မဟုတ်သောကြောင့် နံနက်ကာလ၌ဖြစ်မူ အကြောင်းမရှိဘဲ သုံးဆောင်အပ်၏။

ထို့ကြောင့် ခုဒ္ဒသိက္ခာ (ဂါ။၉၈)၌–

သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ။

ဟု မိန့်အပ်၏။

သဗ္ဗကာလိကသမ္ဘောဂေါ၊ အလုံးစုံသော ကာလိကကို သုံးဆောင်ခြင်းသည်။ ကာလေ၊ နံနက်ကာလ၌။ သဗ္ဗဿ၊ အလုံးစုံ နာ,မနာသော ရဟန်းအား။ ကပ္ပတိ၊ အပ်၏။

http://www.dhammadownload.com

ဝိနယဝိနိစ္ဆယဋီကာ(၁။၃၅၂)၌လည်း–

> ကာလိကာ စတ္တာရောပိ ပုရေဘာတ္တံ ကာလေ ယာဝ မဗျန္နာ ကေဝလမ္ပိ မိဿေတွာပိ ယထာသုခံ အသတိပိ ပစ္စယေ ပရိဘုဉ္ဇိတုံ ဘိက္ခုဿ ဝဋ္ဋန္တိ။

ဟူ၍ မိန့်အပ်၏။

သမန္တပါသာဒိကာဋ္ဌကထာ၌လည်း–

> **ဘိက္ခု ဓုမဝဋ္ဋိံ ပဋိဂ္ဂဟေတွာ ဓုမံ ပိဝတိ၊ မုခဓွေ ကဏ္ဍော စ မနောသိလာယ လိတ္တော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကသံသဋ္ဌေ ဒေါသော နတ္ထိ။**

ဟု မိန့်အပ်၏။ (ဝိ၊ဋ္ဌ၊၃။၁၁၈)

ဘိက္ခု၊ ရဟန်းသည်။ ဓူမဝဋ္ဋိ၊ အခိုးတံကို။ ပဋိဂ္ဂဟေတွာ၊ ထိုနေ့ အကပ်ခံ၍။ ဓူမံ၊ အခိုးကို။ ပိဝတိ၊ သောက်၏။ မုခဓွေ၊ ခံတွင်းသည်လည်းကောင်း။ ကဏ္ဍော စ၊ လည်ချောင်းသည်လည်းကောင်း။ မနောသိလာယ၊ ဆေးဒန်း,မြင်းသီလာဖြင့်။ လိတ္တော ဝိယ၊ လိမ်းကျံသကဲ့သို့။ ဟောတိ၊ ၏။ ယာဝကာလိကံ၊ ယာဝကာလိကဝတ္ထုကို။ ဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ယာဝကာလိကေန၊ ယာဝကာလိကဝတ္ထုနှင့်။ ယာဝဇီဝိကသံသဋ္ဌေ၊ ယာဝဇီဝိကကို ရောနှောရာ၌။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

ယင်းသို့ နံနက်ကာလ၌ ဆေးကို သောက်သင့်သော် ဆရာမြတ်တို့သည် နံနက်ကာလ၌လည်း ဆေးသောက်ခြင်းကို အသို့မူ၍ မြစ်ကုန်သနည်း၊ နေလွဲကာလ၌သာ မြစ်သင့်ပါ၏တကား-ဟူမူ နံနက်ကာလ၌ သောက်သော် အာပတ်သင့်၏-ဟူ၍ တစ်စုံတစ်ခုသော ဝိနည်း ပါဠို, အဋ္ဌကထာ, ဋီကာ, ဝိနိစ္ဆယတို့၌ မလာ။

ထိုသို့ပင် မလာသော်လည်း လဇီပေသလ, သိက္ခာကာမဖြစ်ကုန်သော အရှင်မြတ်တို့သည် ဤဆေး၏အခိုးကို သောက်,ရှူခြင်းသည် သမဏသာရုပ္ပ မဖြစ်-ဟု နှလုံးပိုက်တော်မူကုန်သဖြင့် “**အပ္ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယ္ယောဘာဝါယ**”ဟူသော ဝိနည်းပါဠိတော်အားလျော်စွာ မကြည်ညိုကုန်သေးသောသူတို့အား ကြည်ညိုစေခြင်းငှာ, ကြည်ညိုကုန်ပြီးသောသူတို့အားလည်း လွန်စွာ သဒ္ဓါတရား ပွါးများစေခြင်းငှာ မြစ်တော်မူကုန်သည်။ တစ်ကြောင်းလည်း သလ္လေခပဋိပတ်၌ တည်ကုန်သော ဓမ္မကာမပုဂ္ဂိုလ်အရှင်မြတ်တို့သည် “**အပ္ပကိစ္ဆော စ သလ္လဟုကဝုတ္တိ**”ဟူသော ခုဒ္ဒကပါဋ္ဌပါဠိတော်ကို နှလုံးထား၍ အပ္ပကိစ္ဆဖြစ်စေခြင်းငှာ မြစ်တော်မူကုန်သည်။

/ http://www.dhammadownload.com

အဘယ်အရာ၌ကဲ့သို့နည်း-ဟူမူ ဝိညတ်ဖြင့် ရသော ထောပတ်-စသော ဆေးကို အနာငြိမ်းလျှင် သုံးဆောင်သင့်မည်, မသုံးဆောင်သင့်မည်-ဟူရာ၌ ဝိနယဓရပုဂ္ဂိုလ်တို့သည် "ဝိနည်းဒေသနာ၌ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်၏၊ အာပတ်မသင့်-ဟု နှလုံးထား၍ သုံးဆောင်ခြင်းငှာ အပ်၏"ဟု ဆိုကုန်၏။ ထိုသို့ ဆိုကုန်သော်လည်း သလ္လေခပဋိပတ်၌ တည်ကုန်သော သုတ္တန္တိကအရှင်မြတ်တို့သည် "အကယ်၍ကား အာပတ်မသင့်၏ရှင့်။ ထိုသို့ ပင် မသင့်သော်လည်း ယင်းသည့်ဆေးသည် ရရင်းမူလက ဝိညတ်ဖြင့် ရရကား အာဇီဝကို ပျက်စေသောကြောင့် မအပ်"ဟု ဆိုကုန်သကဲ့သို့ ထို့အတူ ဝိနည်းပါဠို, အဋ္ဌကထာ, ဋီကာ ဝိနိစ္ဆယတို့၌ အာပတ်သင့်၏-ဟု မလာသော်လည်း လူတို့၏ ကဲ့ရဲ့ခြင်း, ရှုတ်ချခြင်း, ဖရိုဖရဲ ဆိုခြင်းမှ ကင်းစေခြင်းငှာလည်းကောင်း၊ သဒ္ဓါတရား ပွါးများစေခြင်းငှာလည်းကောင်း၊ အပွကိစ္စဖြစ်စေခြင်းငှာလည်းကောင်း မြစ်တော်မူကုန်သည်။

ယင်းသည့်ဆေး၏ အခိုးကို သောက်,ရှူစိမ့်သောငှာ မြတ်စွာဘုရားသည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသနည်း-ဟူမူ **အရှင်ဝိလိန္ဒဝစ္ဆမထေရ် ဥယျဉ်နာစွဲသည်ကို** အကြောင်းပြု၍ မဟာဝါဘေသဇ္ဇခန္ဓက(၂၉၆)၌ **"အနုဇာနာမိ ဘိက္ခဝေ ဓူမံ ပါတုံ"** ဟု မြတ်စွာဘုရား ခွင့်ပြုတော်မူသည်။

ဘိက္ခဝေ၊ တို့။ ဓူမံ၊ အခိုးကို။ ပါတုံ၊ သောက်စိမ့်သောငှာ။ အနုဇာနာမိ၊ ၏။

ထိုအခိုးတံကို လှူသောသူသည် အဘယ်မျှသောအကျိုးကို ရသည်နည်းဟူမူ–

ဓူမနေတ္ထေ ဇိနေ ဒတ္တွာ၊ သံယေ ဂဏဝရုတ္တမေ။
တီဏာ'နိသံသေ အနုဘောမိ၊ ကမ္မာနုဋ္ဌဝိကေ မမ။ ။ (အပ၊၁။၃၆၅)

သတိ မေ ဥဇုကာ ဟောတိ၊ သုသမ္မန္ဓာ စ နာရဝေါ။
လဘာမိ ဒိဗ္ဗနယနံ၊ တဿ နိဿန္ဒတော အဟံ။ ။ (အပ၊၁။၃၆၅)

ဤသို့ အပဒါန်ကျမ်း၊ ပိလိန္ဒဝစ္ဆထေရသုတ်တွင် လာရကား–

- ဖြောင့်သော သတိရှိသည်လည်း ၁-ပါး,
- အကြောတို့သည် ကောင်းစွာ စေ့စပ်အပ်ကုန်သည်လည်း ၁-ပါး,
- နတ်မျက်စိကို ရသည်လည်း ၁-ပါး၊

ဤ ၃-ပါးသော အကျိုးတို့ကို ရသည်။

ဇိနေ ဇိနဿ၊ ဘုရားရှင်အားလည်းကောင်း။ ဂဏဝရုတ္တမေ၊ အလွန်မြတ်သော ဂိုဏ်း၌ ဖြစ်တော်မူသော။ သံယေ သံဃဿ၊ အားလည်းကောင်း။ ဓူမနေတ္ထေ၊ အခိုးတံ

http://www.dhammadownload.com

တို့ကို။ ဒတ္တာ၊ လှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော့ကပ်ပတ်ကုန်သော။ တီဏာ'နိသံသေ၊ ၃-ပါးသော အကျိုးတို့ကို။ မမ၊ ငါသည်။ အနုဘောမိ၊ ခံစားရ၏။

မေ၊ ငါ၏။ သတိ၊ သတိသည်။ ဥဇုကာ၊ ဖြောင့်သည်။ ဟောတိ၊ ၏။ နှာရဝေါ၊ အကြောတို့သည်။ သုသမ္ဟန္ဓာ စ၊ ကောင်းစွာ စပ်အပ်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ တဿ၊ ထိုအခိုးတံလှူရခြင်း၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ အဟံ၊ ငါသည်။ ဒိဗ္ဗနယနံ၊ နတ်မျက်စိကို။ လဘာမိ၊ ရ၏။

ဓူမနေတ္တ-ဟူသည် မီးမှုတ်ပြောင်း, ဆေးတံ-ဟူလိုသည်။

ဓူမနေတ္တန္တိ ဓူမနာဠိကာ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၂။၃၀၃)

ယင်းသည့် ဆေး၏အခိုးကို နံနက်ကာလ၌ အကြောင်းမရှိဘဲ သောက်အပ်သကဲ့သို့ နေလွဲကာလ၌လည်း အကြောင်းမရှိဘဲပင် သောက်အပ်မည်လောဟူမူ-

အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ။

ဟူသော ဝိကာလဘောဇနသိက္ခာပုဒ်၊ ပါစိတ်ပါဠိတော် (၁၁၆) အနာပတ္တိဝါရနှင့်အညီ ယင်းဆေး၏အခိုးသည် ကာလိက ၄-ပါးတို့တွင် ယာဝဇီဝိကဖြစ်ရကား နေလွဲသောအခါ အနာတည်းဟူသော အကြောင်းရှိမူ သောက်အပ်၏။ အနာဟူသော အကြောင်းမရှိမူ မသောက်အပ်။

ကွမ်းစားခြင်း, ဆေးဝါးခြင်းသည် နေလွဲသောအခါ၌ အပ်မည်လော, မအပ်မည်လော-ဟူမူ ယင်းသည့် ကွမ်း,ဆေးတို့သည်-

မူလံ သာရံ တစော ဖေဂ္ဂု၊ ပဏ္ဏံ ပုပ္ဖံ ဖလံ လတာ။
အာဟာရတ္ထ'မသာဓေန္တံ၊ သဗ္ဗံ တံ ယာဝဇီဝိကံ။ ။

ဟူသော ခုဒ္ဒသိက္ခာပါဠိ(ဂါ။၉၇)နှင့်အညီ အာဟာရကိစ္စကို မပြီးစေတတ်ရကား ကာလိက ၄-ပါးတို့တွင် ယာဝဇီဝိကဖြစ်သည်။

အာဟာရတ္ထံ၊ အာဟာရကိစ္စကို။ အသာဓေန္တံ၊ မပြီးစေနိုင်သော။ မူလံ၊ အမြစ်လည်းကောင်း။ သာရံ၊ အနှစ်လည်းကောင်း။ တစော၊ အခွံ,အခေါက်လည်းကောင်း။ ဖေဂ္ဂု၊ အကာလည်းကောင်း။ ပဏ္ဏံ၊ အရွက်လည်းကောင်း။ ပုပ္ဖံ၊ အပွင့်လည်းကောင်း။ ဖလံ၊ အသီးလည်းကောင်း။ လတာ၊ နွယ်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ ယာဝဇီဝိကံ၊ ယာဝဇီဝိက မည်၏။

http://www.dhammadownload.com

ယင်းသည့် ယာဝဇီဝိကမည်သော ကွမ်း, ဆေးတို့သည် နေလွဲသောအခါ၌ကား ဖျားနာခြင်း-ဟူသော အကြောင်းရှိသော်သာ သုံးဆောင်အပ်၏။ အကြောင်းမရှိမူ မသုံးဆောင်အပ်။ ထို့ကြောင့် ခုဒ္ဒသိက္ခာ(ဂါ။၉၈)၌ "သတိ ပစ္စယေ ဝိကာလေပိ၊ ကပ္ပတေ ကာလိကတ္ထယံ" ဟု မိန့်အပ်၏။

ပစ္စယေ၊ မွတ်သိပ်ဆာလောင်ခြင်း-ဟူသောအကြောင်း, အနာ-ဟူသောအကြောင်းသည်။ သတိ၊ ရှိသော်။ ကာလိကတ္တယံ၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက-ဟူသော ကာလိက ၃-ပါးတို့၏အပေါင်းသည်။ ဝိကာလေ(ပိ)၊ နေလွဲသောအခါ၌လည်း။ ကပ္ပတေ၊ အပ်၏။

ဤခုဒ္ဒသိက္ခာပါဠိ၌ "သတိ ပစ္စယေ"၏အရကို ဋီကာ (အဘိနဝဋီ။၃၀၄၊၃၀၅)၌–

> သတိ ပစ္စယေတိ တီသု ယာမကာလိကံ ဝိပါသာဒိကာရဏေ သတိ၊ သတ္တာဟ-ကာလိကံ ယာဝဇီဝိကဉ္စ ဂေလညကာရဏေ သတိတိ အတ္ထော။

ဤသို့ ၎င်း၏ ဋီကာသစ်ဆရာ ဖွင့်ရကား ယာမကာလိကဖြစ်မူ မွတ်သိပ်ဆာလောင်ခြင်း-ဟူသော ဝိပါသအကြောင်းရှိမှသာ အပ်သည်။ သတ္တာဟကာလိက, ယာဝဇီဝိကဖြစ်မူ ဖျားနာခြင်း-ဟူသော ဂေလညအကြောင်းရှိမှသာ အပ်သည်။ ဤသို့ အကြောင်း ၂-ပါး ခွဲ၍ ယူရာ၏။

သတိ ပစ္စယေတိ၊ သတိ ပစ္စယေ-ဟူသည်ကား။ တီသု၊ ယာမကာလိက, သတ္တာဟ-ကာလိက, ယာဝဇီဝိက ၃-ပါးတို့တွင်။ ယာမကာလိကံ၊ သည်။ ဝိပါသာဒိကာရဏေ၊ မွတ်သိပ်ဆာလောင်ခြင်းအကြောင်းရှိသည်။ သတိ၊ ရှိသော်။ ကပ္ပတေ၊ အပ်၏။ သတ္တာဟကာလိကဉ္စ၊ သတ္တာဟကာလိကသည်လည်းကောင်း။ ယာဝဇီဝိကဉ္စ၊ ယာဝဇီဝိကသည်လည်းကောင်း။ ဂေလညကာရဏေ၊ ဖျားနာခြင်း-ဟူသော အကြောင်းသည်။ သတိ၊ သော်။ ကပ္ပတေ၊ ၏။ ဣတိ အတ္ထော၊ ဤကား အနက်။

ဝိနယဝိနိစ္ဆယဋီကာ၌လည်း–

> ယာဝကာလိကဝဇ္ဇာ တယော ကာလိကာ ပစ္စာဘတ္တံ ဝိကာလေ ပစ္စယေ ဝိပါသာဒိ-ကရဏေ သတိ ကေဝလမ္ပိ ပစ္စေကမ္ပိ မိဿေတွာပိ ပရိဘုဉ္ဇိတုံ ဘိက္ခုဿ ဝဋ္ဋနီ။

ဟူ၍ မိန့်အပ်၏။ (ဋီ၊၁။၃၅၂)

ခုဒ္ဒသိက္ခာဆရာသည် အဘယ်ပါဠိတော်, အဘယ်အဋ္ဌကထာကို ထောက်၍ ယာမကာလိက-စသော ကာလိက ၃-ပါးအပေါင်းသည် အကြောင်းရှိသော်သာ နေလွဲအခါ၌

F9.D

http://www.dhammadownload.com

အပ်၏-ဟု မိန့်ဆိုလေသနည်းဟူမူ–

ယာမကာလိကံ သတ္ထာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ။

ဟူသော ဝိကာလဘောဇနသိက္ခာပုဒ်၊ ပါစိတ်ပါဠိတော် (၁၁၆)ကို ထောက်၍လည်းကောင်း,

အနာပတ္တိ ယာမကာလိကံ သတ္ထာဟကာလိကံ ယာဝဇီဝိကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ။

ဟူသော ၎င်းသိက္ခာပုဒ်၊ အနာပတ္တိဝါရပါစိတ်ပါဠိတော် (၁၁၆)ကို ထောက်၍လည်းကောင်း,

အနုဇာနာမိ ဘိက္ခဝေ မူလာနိ ဘေသဇ္ဇာနိ ဟလိဒ္ဒိံ သိင်္ဂိဝေရံ ဝစံ ဝစတ္တံ အတိဝိသံ ကဋုကရောဟိဏိံ ဥသီရံ ဘဒ္ဒမုတ္တကံ၊ ယာနိ ဝါ ပန'ညာနိပိ အတ္ထိ မူလာနိ ဘေသဇ္ဇာနိ နေဝ ခါဒနီယေ ခါဒနီယတ္ထံ ဖရန္တိ၊ န ဘောဇနီယေ ဘောဇနီယတ္ထံ ဖရန္တိ၊ တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟာရိတုံ၊ သတိ ပစ္စယေ ပရိဘုဉ္ဇိတုံ၊ အသတိ ပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿာတိ။

ဟူသော ဘေသဇ္ဇခန္ဓကပါဠိတော်(၀ိ၊၃။၂၉၂)ကို ထောက်၍လည်းကောင်း,

အနုဇာနာမိ ဘိက္ခဝေ ပဏ္ဏာနိ ဘေသဇ္ဇာနိ နိမ္ဗပဏ္ဏံ ကုဋဇပဏ္ဏံ ပဋောလပဏ္ဏံ သုလသိပဏ္ဏံ ကပ္ပါသပဏ္ဏံ၊ ယာနိ ဝါ ပန'ညာနိပိ အတ္ထိ ပဏ္ဏာနိ ဘေသဇ္ဇာနိ နေဝ ခါဒနီယေ ခါဒနီယတ္ထံ ဖရန္တိ၊ န ဘောဇနီယေ ဘောဇနီယတ္ထံ ဖရန္တိ၊ တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟာရိတုံ၊ သတိ ပစ္စယေ ပရိဘုဉ္ဇိတုံ၊ အသတိ ပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿာတိ။ –

ဟူသော ၎င်းပါဠိတော်(၀ိ၊၃။၂၉၃)ကို ထောက်၍လည်းကောင်း,

အနုဇာနာမိ ဘိက္ခဝေ ဝိလာနဿ ဂုဠံ၊ အဝိလာနဿ ဂုဠောဒကံ။ –

ဟူသော ၎င်းပါဠိတော်(၀ိ၊၃။၃၂၀)ကို ထောက်၍လည်းကောင်း,

အနုဇာနာမိ ဘိက္ခဝေ ဝိလာနဿ လောဏသောဝီရကံ၊ အဝိလာနဿ ဥဒကသမ္ဘိန္နံ ပါနပရိဘောဇနေန ပရိဘုဉ္ဇိတုံ။ –

ဟူသော ၎င်းပါဠိတော်(၀ိ၊၃။၃၀၄)ကို ထောက်၍လည်းကောင်း,

ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဟဏအဇ္ဈောဟာရေသု၊ ကာလေ ဝိကာလသညိဿ, ဝေမတိကဿ စ ဒုက္ကဋံ။ –

http://www.dhammadownload.com

ဟူသော ကခ်ါဝိတရဏီအဋ္ဌကထာ (၂၂၅)၊ ဝိကာလဘောဇနသိက္ခာပုဒ်၊ အန္တရာပတ္တိကို ထောက်၍လည်းကောင်း,

ယာမကာလိကာဒီနိ သတိ ပစ္စယေ ပရိဘုဉ္ဇန္တဿ, ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။ –

ဟူသော ၎င်းအဋ္ဌကထာ (၂၂၅)၊ အနာပတ္တိဝါရကို ထောက်၍လည်းကောင်း,

ဂိလာနဿ ဂုဠ္ဆီ တထာရူပေန ဗျာဓိနာ ဂိလာနဿ ပစ္စာဘတ္တံ ဂုဠံ အနုဇာနာမိတိ အတ္ထော။ (ဝိ၊၄၊၃၊၃၇၇)

ဟူသော မဟာဝါ ဘေသဇ္ဇခန္ဓကအဋ္ဌကထာကို ထောက်၍လည်းကောင်း မိန့်ဆိုလေသည်။

ခံတွင်းချဉ်သည်ကို ဂိလာနအဖြစ်သို့ သွင်းမည်လော, မသွင်းမည်လော-ဟူမူ ဂိလာန-ဟူသည် "**ဂိလာယတိ ရုဇ္ဇတီတိ ဂိလာနော။ န ဂိလာယတီတိ အဂိလာနော**"ဟူ၍ အစောင်စောင်သော ဋီကာတို့၌ ဝိဂြိုဟ်လှစ်သည်ကို ထောက်သဖြင့် ဂိလာန-ဟူသည် ပကတိသဘောမှ ဖောက်ပြန်၍ ဖြစ်သည်။ ထိုခံတွင်းချဉ်ခြင်းသည် တပါးသောအနာတို့ကို ဆေးကုသ၍ လွတ်သကဲ့သို့ ဆေးငုံ၍ လွတ်လောက်, ပျောက်လောက်သော ကာလအားဖြင့် လွတ်ခြင်း, ပျောက်ခြင်းသည်သာ ပမာဏဖြစ်သည်။ ဆေးငုံနေကျဖြစ်၍ မငုံရသောကြောင့် ခံတွင်းချဉ်သည်ကို အနာမဆိုသင့်။ ကွမ်းစားနေကျသူတို့သည် ကွမ်းကို မစားရလျှင် ခံတွင်းအလွန်ချဉ်သည်။ မစားဘဲနေသူတို့မှာ ခံတွင်းချဉ်သည် မရှိ-ဟု ဘေးလောင်းတော်မင်း တရားလက်ထက် ဝိနည်း ၅-ကျမ်းဂဏ္ဌိကို စီရင်တော်မူသော ဝိနယဓရပုဂ္ဂိုလ်ဖြစ်သော ဆင်တဲဆရာတော်ဘုရားကြီး အမိန့်ရှိဖူးပါသည်။

အလုံးစုံသောကာလတို့၌ အနာ-ဟူသော အကြောင်းမရှိဘဲ ဆေးသောက်ခြင်း, နေလွဲသောအခါ အနာ-ဟူသော အကြောင်းမရှိဘဲ ကွမ်းစားခြင်းသည် လဇီပေသလ သိက္ခာကာမဖြစ်ကုန်သော ထေရဝါဒသက်နှံးရုံဂိဏ်းသား–

တောင်ငူမြို့နေ **အရှင်ဝိစိတ္တာလင်္ကာရ**, ငမြာရွာနေ **အရှင်ပညာသာရ**,
မဏ္ဍူမောဂ္ဂလွာန်ရွာနေ **အရှင်ဓမ္မနန္ဒ**, ငါးရံ့အိုရွာနေ **အရှင်ကလျာဏဓဇ**,
မိုးကောင်းမြို့နေ **အရှင်အဂ္ဂဇေသီ**–

စသော ဝိနည်း ပါဠိ, အဋ္ဌကထာ, ဋီကာကို မပြတ်ရွက်ဆောင်ချပို့လေ့ရှိကုန်သော ဝိနယဓရ ပုဂ္ဂိုလ်သူမြတ်တို့၏ အမူအရာအလေ့အကျင့် မဟုတ်။ အာစရိယဝါဒ ဒုကုဋ္ဌတင်ဂိဏ်းသား တို့ရွာနေ အရှင်ဂုဏဇေသီ, ၎င်းဆရာတပည့် အရှင်ဝိမလာစာရ, ၎င်းဆရာ အနွယ်အဆက် အရှင်အတုလယသ-စသော ပုဂ္ဂိုလ်တို့၏ အမူအရာအလေ့အကျင့်သာ ဖြစ်သည်-ဟု ဆရာမြတ် မိန့်ဆိုဖူးပါသည်။

http://www.dhammadownload.com

ဤသို့ ပါဠို,အဋ္ဌကထာ,ဋီကာတို၌လာသော စကားရပ်တို့ကို ထောက်၍လည်းကောင်း, ပမာဏမူလောက်သော ဆရာမြတ်တို့၏ မိန့်ဆိုသော စကားကို ထောက်၍လည်းကောင်း ကွမ်း,ဆေးတို့ကို နေလွဲသောအခါ၌ အနာ-ဟူသော အကြောင်းရှိသော်သာ သင့်တင့်သည်၊ ရှင်သာမဏေ, ရဟန်းတို့သည် သုံးဆောင်သင့်သည်။ အကြောင်းမရှိမူ မသုံးဆောင်အပ်။ အကြောင်းမရှိဘဲ သုံးဆောင်သော် သီတင်းသည်ဖြစ်မူ သီလကိလိဋ္ဌ, သာမဏေဖြစ်မူ ဒဏ်, ရဟန်းဖြစ်မူ ဒုက္ကဋ်အာပတ်သင့်၏-ဟု နှလုံးတော်သွင်းရန် ရှိသည်။

အချို့သော တောနေအရှင်တို့ကား အကြောင်းကင်းသဖြင့် နေလွဲအခါ ကွမ်း,ဆေးတို့ကို သုံးဆောင်သော သီတင်းသည်တို့သည် ဝိကာလဘောဇနသိက္ခာပုဒ် ပျက်၏-ဟု ဒါယကာတို့အား နှုတ်ဖြင့်လည်း ဩဝါဒပေးကုန်သည်။ စာပေကိုလည်း ရေး၍ ပေးကုန်သည်။ ထိုသို့ ဩဝါဒပေးခြင်းသည်-

ဝိကာလတာ ယာဝကာလိကတာ အဇ္ဈောဟရဏဋ္ဌေ ဣမာနေ'တ္ထ တီဏိ အဂိါနိ။

ဝိကာလတာ၊ နေလွဲသည်လည်းဖြစ်စေ။ ယာဝကာလိကတာ၊ ယာဝကာလိကဝတ္ထုလည်းဖြစ်စေ။ အဇ္ဈောဟရဏ်၊ မျိုသည်လည်း ဖြစ်စေ။ ဣတိ ဣမာနိ တီဏိ၊ ဤ ၃-ပါးတို့သည်။ ဧတ္ထ၊ ဤဝိကာလဘောဇနသိက္ခာပုဒ်၌။ အဂိါနိ၊ အင်္ဂါတို့တည်း။ (ကခီ။ဋ္ဌ။၂၂၅)

ဤသို့ ကခီဝိတရဏီအဋ္ဌကထာ၌ ယာဝကာလိကဝတ္ထုကိုသာ အင်္ဂါ၌ သွင်း၍ ကြွင်းသော ယာမကာလိက-စသော ကာလိက ၃-ပါးတို့ကို အင်္ဂါ၌ မသွင်းရကား ကခီဝိ-တရဏီအဋ္ဌကထာနှင့် ဆန့်သည်ဖြစ်၍ "မြင်းကို စီးသည်၊ ထီး,မ-မသိ"ဟူဘိ၏သို့ "စာကိုသာ ကြည့်၏။ စာတွင်လာသော စကားရပ်တို့ကို ရှေ့,နောက်နှီးနှော၍ သဘောသက်ကျကျနန မိမိရရ မသိ။ ဆရာနည်းလည်း မရ။ လိပ်ခဲတည်းလည်း"ဟူဘိ၏သို့ အသေအချာ အထောက်အကိုး မရှိ၊ ဆိုလိုရာရာဆိုသော အတ္တနောမတိစကားဖြစ်၍ မသင့်သော အယူဝါဒ ဖြစ်ချေသည်-ဟု နှလုံးသွင်းရန် ရှိသည်- သာသနပါလက သမုတိနတ်ဖြစ်တော်မူသော မဟာဓမ္မရာဇ်တရားမင်းမြတ်။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် ဓူမပါနဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{၉} ဝိဿတိဝဿပရိပုဏ္ဏဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝန့်ရှင်တော်မင်းမြတ် ပုခန်းမြို့စား လျှောက်ပါသည် ဆရာတော်။ ဧကရာဇ် မင်းမြတ်က "ပဋိသန္ဓေနှင့်တကွ ပဉ္စင်းခံရာ၌ ၁၀-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်လျှင် မည်မျှ လ,ရက် လွန်သင့်မည်။ ၉-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်လျှင် မည်မျှ လ,ရက် လွန်သင့်မည်။ ၇-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်လျှင် မည်မျှ လ,ရက်လွန်သင့်မည်ကို သိသာခြားနားအောင် ဆရာတော်တို့ကို သေချာစွာ လျှောက်ထား၍ သံတော်ဦးတင်ရမည်" အမိန့်တော်ရှိသောကြောင့် ဝိနည်းကျမ်းဂန်တို့၌ လာသည့်အတိုင်း ၁၀-လ, ၉-လ, ၇-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့ကို ပဉ္စင်းခံရာ၌ မည်မျှ လ,ရက် လွန်သင့်သည်ကို သိသာခြားနားအောင် ရေးသား၍ အမိန့်တော်ရှိစေချင်ပါသည် ဆရာတော်ဘုရား။

လျှောက်ထားရာ၌ အမိန့်ရှိလိုက်သည်ကား အနှစ် ၂၀-အောက်ယုတ်သော ပုဂ္ဂိုလ်အား ပဉ္စင်းအဖြစ်ကို ပယ်အပ်၏။ သာမဏေအဖြစ်ကို မပယ်အပ်။ ထို့ကြောင့် ပဋိသန္ဓေယူသည်မှစ၍ အနှစ် ၂၀-ပြည့်သောပုဂ္ဂိုလ်သည် ပဉ္စင်းခံအပ်၏။ ထိုစကားသည် မှန်၏။ ပဋိသန္ဓေနှင့်တကွ အနှစ် ၂၀-ပြည့်သောပုဂ္ဂိုလ်သည်လည်း အနှစ် ၂၀-ပြည့်သောပုဂ္ဂိုလ်ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဤသို့ ဆိုလိုကြောင်းကို ကား-

> **ဥနဝီသတိဝဿဿ ပန ဥပသမ္ပဒါယေဝ ပဋိက္ခိတ္တာ, န ပဗ္ဗဇ္ဇာ။ တသ္မာ ပဋိသန္ဓိဂ္ဂဟဏတော ပဋ္ဌာယ ပရိပုဏ္ဏဝီသတိဝဿော ဥပသမ္ပာဒေတဗ္ဗော။ ဂဗ္ဘဝီသောပိ ဟိ ပရိပုဏ္ဏဝီသတိဝဿောတွေဝ သဒ္ဒီ ဂစ္ဆတိ။ -**

ဟူသော ဝိနယသင်္ဂဟဋီပါဠိ (၁၅၃)ကို ထောက်ဆသဖြင့် သိအပ်၏။

ပဋိသန္ဓေယူသည်မှ စ၍ အနှစ် ၂၀-ပြည့်သောပုဂ္ဂိုလ်ကို ပဉ္စင်းခံအပ်,သင့်သည်၏ အဖြစ်ကို အဘယ်ပါဠိတော်ကို ထောက်ဆသဖြင့် သိအပ်သနည်းဟူမူ-

http://www.dhammadownload.com

ယဲ ဘိက္ခဝေ မာတုကုစ္ဆိသ္မိ ပဌမံ စိတ္တံ ဥပ္ပန္နံ၊ ပဌမံ ဝိညာဏံ ပါတုဘူတံ၊ တဒုပါဒါယ သာဝ'ဿ ဇာတိ။ အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝိသဲ ဥပသမ္ပာဒေတုံ။ –

ဟူသော ဝိနည်းမဟာဝါပါဠိတော် (၁၂၉)ကို ထောက်သဖြင့် သိအပ်၏။

ဘိက္ခဝေ၊ တို့။ မာတုကုစ္ဆိသို့၊ အမိဝမ်းဠ၌။ ယဲ ပဌမံ စိတ္တံ၊ အကြင် ပဌမစိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်၏။ ယဲ ပဌမံ ဝိညာဏံ၊ အကြင် ပဌမဝိညာဏ်သည်။ ပါတုဘူတံ၊ ထင်ရှားဖြစ်၏။ တံ ပဌမစိတ္တံ၊ ထိုပဌမစိတ်ကို။ ဥပါဒါယ၊ စွဲ၍။ အဿ သတ္တဿ၊ ထိုသတ္တဝါအား။ သာဝ ပဋိသန္ဓိ၊ ထိုပဋိသန္ဓေစိတ်သည်လျှင်။ ဇာတိ၊ ဘဝမည်၏။ ဘိက္ခဝေ၊ တို့။ ဂဗ္ဘဝိသဲ၊ ပဋိသန္ဓေနှင့်တကွ အသက် ၂၀-ရှိသောသူကို။ ဥပသမ္ပာဒေတုံ၊ ပဉ္စင်းခံစိမ့်သောငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ဂဗ္ဘမာသေဟိ သဒ္ဓိ ဝိသတိ ဝဿာနိ အဿာတိ ဂဗ္ဘဝိသော။

(ဝိနယာလင်္ကာရဋီ၊၁။၂၅၂)

အဿ၊ ထိုသူအား။ ဂဗ္ဘမာသေဟိ၊ ပဋိသန္ဓေနေသော လတို့နှင့်။ သဒ္ဓိ၊ ကွ။ ဝိသတိ-ဝဿာနိ၊ အနှစ် ၂၀-တို့သည်။ သန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော၊ ထိုသူသည်။ ဂဗ္ဘဝိသော၊ ဂဗ္ဘဝိသ မည်၏။

ဂဗ္ဘ(ဂဇ္ဈေ)သယိတကာလေန သဒ္ဓိ ဝိသတိမံ ဝဿံ ပရိပုဏ္ဏ'မဿာတိ ဂဗ္ဘဝိသော။

(သာရတ္ထဋီ၊၃။၈၅။ ဝိမတိ၊ဋီ၊၂။၄၆)

ထိုပါဠိတော်၌ အကြင်သူသည် ၁၂-လတို့ပတ်လုံး အမိဝမ်း၌နေ၍ သီတင်းကျွတ်လပြည့်၊ မဟာပဝါရဏာနေ့၌ ဖွားတော်။ ထိုသူသည် ထိုဖွားသောအခါမှစ၍ အကြင်မျှလောက် ၁၉-နှစ်မြောက်သော နှစ်၌ သီတင်းကျွတ်လပြည့်၊ မဟာပဝါရဏာနေ့သည် ဖြစ်၏။ ထိုမျှလောက် ထိုသီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ကို လွန်၍ လပြည့်အထွက် ၁-ရက်နေ့၌လည်း ပဉ္စင်းခံအပ်၏။ ဤသို့သောအကြောင်းဖြင့် ယုတ်ခြင်း၊ပွါးခြင်းကို သိအပ်၏။

ဤသို့ ဆိုလိုကြောင်းကိုကား—

တတ္ထ ယော ဒွါဒသ မာသေ မာတုကုစ္ဆိသ္မိ ဝသိတွာ မဟာပဝါရဏာယ ဇာတော၊ သော တတော ပဌာယ ယာဝ ဧကူနဝီသတိမေ ဝဿေ မဟာပဝါရဏာ အတိက္ကာမေတွာ *(မဟာပဝါရဏာ၊ တံ အတိက္ကမိတွာ)* ပါဋိပဒေ ဥပသမ္ပာဒေတဗ္ဗော။ ဒေတေနု'ပါယေန ဟာယနဝုဒ္ဓိ ဝေဒိတဗ္ဗံ။

ဟူသော ဝိနယသင်္ဂဟအဋ္ဌကထာပါဠိ(၁၅၃)ကို ထောက်သဖြင့် သိအပ်၏။

http://www.dhammadownload.com

ဤပဌမနည်းဝယ် "ဧတေနုပါယေန ဟာယနဝမုနံ ဝေဒိတဗ္ဗံ"ဟူသော အဋ္ဌကထာ ပါဠိ၌ အဓိပ္ပါယ်ကား ၁၃-လ ပဋိသန္ဓေနေ၍ သီတင်းကျွတ်လပြည့်နေ့ ဖွားမြင်သော ပုဂ္ဂိုလ် ဖြစ်အံ့။ ထိုသူကို ၁၉-နှစ်မြောက်သောနှစ်၌ ၁-လ ယုတ်သဖြင့် တော်သလင်းလပြည့်ကျော် ၁-ရက်နေ့ ပဋိသန္ဓေးခံအပ်၏။ ၁၄-လ, ၁၅-လ-စသည်ဖြင့် ပဋိသန္ဓေယူသော ပုဂ္ဂိုလ်တို့ကို ပဋိသန္ဓေးခံရာ၌လည်း ၁၉-နှစ်မြောက်သောနှစ်၌ ၂-လယုတ်, ၃-လယုတ် စသည်ဖြင့် လတို့ကို ယုတ်စေ၍ ပဋိသန္ဓေးခံအပ်၏။ ဤကား ဟာယန။

- ၁၂-လ ပဋိသန္ဓေနေ၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဖွားမြင်သော ပုဂ္ဂိုလ်ဖြစ်အံ့၊ ဖွားသည်မှစ၍ ၁၉-နှစ်မြောက်သောနေ့၌ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ ပဋိသန္ဓေးခံအပ်၏။
- ၁၁-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ၁၉-နှစ်မြောက်သော နှစ်၌ တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့ ပဋိသန္ဓေးခံအပ်၏။
- ၁၀-လပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ၁၉-နှစ်မြောက်သောနှစ်၌ နတ်တော် လပြည့်ကျော် ၁-ရက်နေ့ ပဋိသန္ဓေးခံအပ်၏။
- ၉-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ၁၉-နှစ်မြောက်သောနှစ်၌ ပြာသိုလပြည့် ကျော်၊ ၁-ရက်နေ့ ပဋိသန္ဓေးခံအပ်၏။
- ၇-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ၁၉-နှစ်မြောက်သောနှစ်၌ တပေါင်းလပြည့်-ကျော် ၁-ရက်နေ့ ပဋိသန္ဓေးခံအပ်၏။

ဤသို့ ၁-လစီ ပိုသင့်, တိုးသင့်ရကား ၁၁-လ ပဋိသန္ဓေနေမူ ၁-လ၊ ၁၀-လ ပဋိ-သန္ဓေနေမူ ၂-လ၊ ၉-လ ပဋိသန္ဓေနေမူ ၃-လ၊ ၇-လ ပဋိသန္ဓေနေမူ ၅-လ။ ဤသို့ တိုးပွါးခြင်းကို သိအပ်,မှတ်အပ်၏။ ။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ (၁။၂၅၂)၌-

ဟာယနဝမုနန္တိ ဂဗ္ဘမာသေသု အဓိကေသု ဥတ္တရိ ဟာယနံ, ဥနေသု ဝမုနန္တိ ဝေဒိတဗ္ဗံ။

ဟာယနဝမုနန္တိ ဂဗ္ဘမာသေသု အဓိကေသု ဥတ္တရိ ဟာယနံ, ဥနေသု ဝမုနန္တိ ဝေဒိတဗ္ဗံ။

(သာရတ္ထ၊ဋီ၊၃။၈၅)ဟု မိန့်အပ်ပြီ။

ရှေးမထေရ်တို့သည်ကား ၁၉-နှစ်ပြည့်သော သာမဏေကို ဝါခေါင်လပြည့်ကို လွန်၍ လပြည့်အထွက် ၁-ရက်နေ့၌ ပဋိသန္ဓေးခံအပ်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူကား ၁-နှစ် ထဲ၌ ၆-ပါးသော စာတုဒ္ဒသီဥပုသ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် အနှစ် ၂၀-တို့၌ ၄-လ တို့သည် ယုတ်ကုန်၏။ မင်းတို့သည် ၃-နှစ်, ၃-နှစ်မြောက်လတ်သော် ဝါကို ငင်ကုန်၏။

http://www.dhammadownload.com

ဤသို့ ငင်သဖြင့် ၁၈-နှစ်တို့၌ ၆-လတို့သည် ပွါးကုန်၏။ ထို ၆-လမှာ စာတုဒ္ဒသီဥပုသ်အား ဖြင့် ယုတ်ကုန်သော ၄-လတို့ကို ပယ်၍ ၂-လတို့သည် ကြွင်းကုန်သည် ဖြစ်ကုန်၏။ ထို ၂-လတို့ကို ယူ၍ အနှစ် ၂၀-တို့သည် ဖြစ်ကုန်၏။ ဤသို့ ယုံမှားခြင်း မရှိကုန်သည်ဖြစ်ကုန်၍ ဝါခေါင်လပြည့်ကို လွန်၍ လပြည့်အထွက် ၁-ရက်နေ့၌ ပဉ္စင်းခံကုန်၏။ ဤစကား၌ အကြင်သူသည် ပဝါရဏာပြု၍ အသက် ၂၀-ရှိသည်ဖြစ်လတ္တံ့။ ထိုသူကို ရည်၍ "ဧကူနဝိသတိ-ဝဿံ"ဟူ၍ ဆိုအပ်၏။

ဤသို့ ဆိုလိုကြောင်းကိုကား–

> ပေါရာဏာကတ္ထေရာ ပန ဧကူနဝိသတိဝဿံ သာမဏေရံ နိက္ခမနိယံ ပုဏ္ဏမာ-သိယံ(နိက္ခမနိယပုဏ္ဏမာသိံ) အတိက္ကမ ပါဠိပဒဒိဝသေ ဥပသမ္ပာဒေန္တိ။ ကသ္မာ? ဧကသ္မိံ ဝဿေ စာတုဒ္ဒသိကဥပေါသထာ ဟောန္တိ၊ ဣတိ ဝိသတိယာ ဝဿေသု စတ္တာရော မာသာ ပရိဟာယန္တိ။ ရာဇာနော တတိယေ တတိယေ ဝဿေ ဝဿံ ဥက္ကဍ္ဎန္တိ၊ ဣတိ အဌာရသဝဿေသု ဆ မာသာ ဝဍ္ဎန္တိ။ တတော ဥပေါသထဝသေန ပရိဟီနေ စတ္တာရော မာသေ အပနေတ္ဝာ ဒွေ မာသာ အဝသေသာ ဟောန္တိ၊ တေ ဒွေ မာသေ ဂဟေတ္ဝာ ဝိသတိ ဝဿာနိ ပရိပုဏ္ဏာနိ ဟောန္တီတိ နိဂ္ဂဟိ ဟုတ္ဝာ နိက္ခမနိယံ ပုဏ္ဏမာသိံ(နိက္ခမနိယပုဏ္ဏမာသိံ)အတိက္ကမ ပါဠိပဒေ ဥပသမ္ပာဒေန္တိ။ ဧတ္ထ ပန ယော ပဝါရေတ္ဝာ ဝိသတိဝဿော ဘဝိဿတိ၊ တံ သန္ဓာယ 'ဧကူနဝိသတိဝဿ'န္တိ ဝုတ္တံ။

ဟူသော ဝိနယသင်္ဂဟအဋ္ဌကထာ(၁၅၃)ကို ထောက်သဖြင့် သိအပ်၏။

၁၂-လပတ်လုံး အဓိဝမ်းဥနေ၍ သီတင်းကျွတ်လပြည့်နေ့၌ ဖွားသောအခါမှ စ၍ ၁၉-နှစ်သည် ဧကူနဝိသတိဝဿ မည်၏။

> **ဧကူနဝိသတိဝဿန္တိ** ဒွါဒသမာသေ မာတုကုစ္ဆိသ္မိံ ဝသိတ္ဝာ မဟာပဝါရဏာယ ဇာတကာလတော ပဋ္ဌာယ ဧကူနဝိသတိဝဿံ။ (သာရတ္ထဒီ၊၃။၈၅)

ဟူသော ဝိနယာလင်္ကာရဋီကာ(၁။၂၅၂)။

နိက္ခမနိယ, ပုဏ္ဏမာသိယ-ဟူသည် ဝါခေါင်လပြည့်တည်း။ ဝါဆိုလပြည့်၏ အခြားမရှိသော လပြည့်-ဟူလို။

> **နိက္ခမနိယပုဏ္ဏမာသိ**တိ သာဝဏမာသဿ ပုဏ္ဏမိယာ အာသဋ္ဌိ(အာသာဠှိ)ပုဏ္ဏ-မိယာ အနန္တရပုဏ္ဏမိ။ (ဝိမတိဒီကာ၊၂။၄၇။ ဝိနယာလင်္ကာရဋီကာ၊၁။၂၅၃)

http://www.dhammadownload.com

ပါဠိပဒဒိဝသ-ဟူသည် ပစ္ဆိမဝါဝယ် ဝါသို့ ကပ်သောနေ့-ဟူလို။

ပါဠိပဒဒိဝသေတိ ပစ္ဆိမိကာယ ဝဿူပဂမနဒိဝသေ။

(သာရတ္ထ၊ဋီ၊၃။၈၅။ ၎င်းဝိနယာလင်္ကာရဋီကာ၊၁။၂၅၂)

ပါဠိပဒဒိဝသေတိ ပစ္ဆိမိကာယ ဝဿူပနာယိကာယ။

(ဝိမတိ၊ဋီ၊၂။၄၇။ ဝိနယာလင်္ကာရဋီကာ၊၁။၂၅၃)

အတ္ထအားဖြင့်ကား ၁၂-လပတ်လုံး အမိဝမ်း၌နေ၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဖွားမြင်သောသူကို ပစ္ဆင်းခံအပ်ကုန်၏-ဟူလို။

ဒွါဒသ မာသေ မာတု ကုစ္ဆိသ္မိံ ဝသိတ္ဝာ မဟာပဝါရဏာယ ဇာတံ ဥပသမ္ပာဒေန္တီတိ အတ္ထော။ (ဝိမတိ၊ဋီ၊၂။၄၇။ ဝိနယာလင်္ကာရဋီကာ၊၁။၂၅၃)

ညဉ့်နေ့ ၃၀-သည် ၁-လမည်၏။ ဤသို့ ဆိုသောကြောင့် "စတ္တာရော မာသာ ပရိဟာယန္တီ"ဟူ၍ ဆိုအပ်၏။

တီသု ရတ္တိဒိဝေါ မာသော (ဒွါဒသမာသိကော သံဝစ္ဆရော)တိ(အံ၊၁။၂၁၃) ဝစနတော စတ္တာရော မာသာ ပရိဟာယန္တီတိ ဝုတ္တံ။(ဝိမတိ၊ဋီ၊၂။၄၇။ ဝိနယာလင်္ကာရဋီကာ၊၁၊၂၅၂-၃)

နှစ်ကို အထက်သို့ ငင်ခြင်းသည် ဝဿဥက္ကမ္မ မည်၏။ အတ္ထအားဖြင့် ၃-နှစ်မြောက်၌ ၁-လလွန်သည်၏အဖြစ်ကြောင့် လကို စွန့်သောအားဖြင့် နှစ်ကို အထက်ငင်ကုန်၏။ ထို့ကြောင့် ၃-ခုမြောက်သော နှစ်သည် ၁၃-လရှိသည်ဖြစ်၏-ဟူလို။

ဝဿံ ဥက္ကမ္မန္တီတိ ဝဿံ ဥဒ္ဓံ ကမ္မန္တိ။ တတိယသံဝစ္ဆရေ ဧကမာသဿ အဓိကတ္တာ မာသပရိစ္ဆေဒေန ဝဿံ ဥဒ္ဓံ ကမ္မန္တီတိ အတ္ထော၊ တသ္မာ တတိယော တတိယော သံဝစ္ဆရော တေရသမာသိကော ဟောတိ။ (ဝိနယာလင်္ကာရဋီကာ၊၁။၂၅၂)

ဝဿံ ဥက္ကမ္မန္တီတိ ဝဿံ ဥဒ္ဓံ ကမ္မန္တိ၊ "ဧကမာသံ အဓိကမာသော"တိ ဆဋ္ဌေတ္တာ ဝဿံ ဥပဂစ္ဆန္တီတိ အတ္ထော။ တသ္မာ တတိယော တတိယော သံဝစ္ဆရော တေရသမာသိကော ဟောတိ။ (ဝိမတိ၊ဋီ၊၂။၄၇)

နှစ်၏ ၁၂-လရှိသည်၏အဖြစ်ကြောင့် ၁၈-နှစ်တို့၌ လွန်သော 'လ'တို့ကို အသီးယူ၍ ၆-လတို့သည် ပွါးကုန်၏-ဟု ဆိုအပ်၏။

သံဝစ္ဆရဿ ပန ဒွါဒသမာသိကတ္တာ အဋ္ဌာရသသု ဝဿေသု အဓိကမာသေ ဝိသုံ ဂဟေတ္ဝာ ဆ မာသာ ဝဗ္ဗန္တီတိ ဝုတ္တံ။ (သာရတ္ထ၊ဋီ၊၃။၈၅။ ဝိနယာလင်္ကာရဋီကာ၊၁။၂၅၂)

http://www.dhammadownload.com

"တတော"၌ တ-သဒ္ဒါကို ဆ-မာသကို စွဲ၍ "တတောတိ ဆမာသတော" (၎င်းသာရတ္ထ ဋီကာ၊၃။၈၅။ ဝိနယာလင်္ကာရဋီ၊၁။၂၅၂)

နှစ်လတို့ကို ယူ၍-ဟူသည် ဝါခေါင်လပြည့်မှ အကြင်မျှလောက် ဖွားသည်ဖြစ်၍ ဖြစ်သော မဟာပဝါရဏာနေ့-ဟု ဆိုအပ်သော သီတင်းကျွတ်လပြည့်နေ့သည် ရှိ၏။ ထိုရွေ့လောက် အကြင် နှစ်,လတို့သည် မရောက်ကုန်သေး။ ဝါ၊ အနာဂတ်ဖြစ်ကုန်၏။ ထိုနှစ်,လတို့၏အကျိုးငှာ လွန်သောလမှ ရအပ်ကုန်သော နှစ်,လတို့ကို ယူ၍-ဟူလို။

ထို့ကြောင့် "**ယော ပဝါရေတ္တာ ဝိသတိဝဿော ဘဝိဿတိ**" ဤသို့ အစရှိသောပါဠိကို (ဝိနယသင်္ဂဟ။၁၅၃) အဋ္ဌကထာဆရာသည် မိန့်၏။

> **တေ ဒ္ဝေ မာသေ ဂဟေတ္ဝာတိ** နိက္ခမနီယပုဏ္ဏမာသတော ယာဝ ဇာတဒိဝသ-ဘူတာ မဟာပဝါရဏာ၊ တာဝ ယေ ဒ္ဝေ မာသာ အနာဂတာ၊ တေသံ အတ္ထာယ အဓိကမာသတော လဒ္ဓေ ဒ္ဝေ မာသေ ဂဟေတ္ဝာ။ တေနာ'ဟ "ယော ပဝါရေတ္တာ ဝိသတိဝဿော ဘဝိဿတိ"တိ အာဒိ။ (ဝိမတိ၊ဋီ၊၂။၄၇)

အဘယ့်ကြောင့် ကင်းသော ယုံမှားခြင်းရှိသနည်းဟူမူ လွန်သော လတို့နှင့်တကွ ပြည့်သောနှစ်ရှိသည်၏အဖြစ်ကြောင့် ကင်းသော ယုံမှားခြင်းရှိသည်ဖြစ်၏။

> **နိက္ခန္တိ**၊ ဟုတ္ထာတိ အဓိကမာသေဟိ သဒ္ဓိံ ပရိပုဏ္ဏဝိသတိဝဿတ္ထာ နိဗ္ဗေမတိကာ ဟုတ္ဝာ။ (၎င်းသာရတ္ထဋီကာ၊၃။၈၅။ ဝိနယာလင်္ကာရဋီကာ၊၁။၂၅၂)

နိက္ကန္တိ၊ ဟုတ္ထာ-ဟူသော ဤပုဒ်ကို ၁၈-နှစ်တို့၏သာလျှင် လွန်သောလတို့ကို ယူ၍ ထိုလွန်သောလမှ အနှစ် ၂၀-တို့၌လည်း စာတုဒ္ဒသီတို့၏အလို့ငှာ ၄-လတို့၏ ယုတ်သဖြင့် ခပ်သိမ်းသော အပြားအားဖြင့် အနှစ် ၂၀-ပြည့်သည်၏အဖြစ်ကို ရည်၍ ဆိုအပ်၏။

> **နိက္ခန္တိ**၊ ဟုတ္ထာတိ ဣဒံ အဋ္ဌာရသန္နံ ဝဿာနံ ဧကအဓိကမာသေ ဂဟေတ္ဝာ တတော ဝိသတိယာ ဝဿေသုပိ စာတုဒ္ဒသီအတ္ထာယ စတုန္နံ မာသာနံ ပရိဟာ-ပနေန သဗ္ဗဒါ ပရိပုဏ္ဏဝိသတိဝဿတံ သန္ဓာယ ဝုတ္တံ။ (ဝိမတိဝိနောဒနီဋီကာ၊၂။၄၇)

ဂဏ္ဌိပုဒ် ၃-စောင်တို့၌ကား အသို့ဆိုသနည်းဟူမူ ၁၈-နှစ်တို့၏သာလျှင် လွန်သော လတို့ကို ယူ၍ ရေတွက်အပ်သည်၏အဖြစ်ကြောင့် ကြွင်းသော နှစ် ၂-ပါး၏လည်း လွန်သောနေ့တို့သည် ဖြစ်ကုန်၏။ ထိုလွန်သောနေ့တို့ကို ရည်၍ "နိက္ကန္တိ၊ ဟုတ္ထာ"ဟူ၍ ဆိုအပ်၏-ဟု ဂဏ္ဌိပုဒ် ၃-စောင်တို့၌ ဆိုအပ်၏။

http://www.dhammadownload.com

ယံ ပန ဝုတ္တံ တီသုပိ ဂဏ္ဌိပဒေသု အဌာရသန္နံယေဝ ဝဿာနံ အဓိကမာသေ ဂဟေတ္ဘာဂဏီတဏ္ဌာ သေသဝဿဒွယဿပိ အဓိကဒိဝသာနိ ဟောန္တိ၊ တာနိ အဓိကဝဿာနိ သန္ဓာယ၊ 'နိဏ္ဏာဒါ ဟုတ္ဘာ'တိ ဝုတ္ထန္တိ။ (ဂဠ်းဝိနယာလင်္ကာရဋီကာ၊၁။၂၅၂)

ထိုဂဏ္ဌိပုဒ် ၃-စောင်တို့၌ ဆိုအပ်သော စကားအတိုင်းပင် ယူသင့်,ယူအပ်သလော ဟူမူ ၂-ပါးကုန်သော နှစ်တို့၌ လွန်သောနေ့ မည်သည်တို့ကို အသီးမရအပ်ကုန်။ ၃-ခု မြောက်သောနှစ်၌ နှစ်ကို ငင်သောအားဖြင့် လွန်သော လတို့ကို စွန့်ပြီးခဲ့သည်ရှိသော်သာ လျှင် လွန်သောလ၏ ဖြစ်သင့်သောကြောင့် အသီးမရအပ်ကုန်။ ထို့ကြောင့် ၂-ပါးကုန်သော နှစ်တို့၌ လွန်သောနေ့တို့သည် အသီးမဖြစ်ကုန်ရကား ထိုဂဏ္ဌိပုဒ် ၃-စောင်တို့၌ ဆိုသော စကားကို မယူသင့်,မယူအပ်-ဟူလို။

တံ နဂဟေတဗ္ဗံ၊ နဟိ ဒ္ဝီသု ဝဿေသု အဓိကဒိဝသာနိ နာမ ဝိသုံ ဥပလဗ္ဘန္တိ၊ တတိယေ ဝဿေ ဝဿုဏ္ဏမုနဝသေန အဓိကမာသေ ပရိစ္ဆေယေဝ အတိရေက-မာသသမ္ဘဝတော၊ တသ္မာ ဒ္ဝီသု ဝဿေသု အတိရေကဒိဝသာနိ ဝိသုံ နဲ သမ္ဘဝန္တိ။
(ဂဠ်းဝိနယာလင်္ကာရဋီကာ၊၁။၂၅၂)

"ဒ္ဝေ မာသေ ဂဟေတ္ဘာ ဝိသတိဝဿာနိ ပရိပုဏ္ဏာနိ ဟောန္တိ"(ဝိနယသင်္ဂဟ၊၆။၁၅၃) ဟူသော ဤပုဒ်ကို အဘယ်ကြောင့် ဆိုသနည်းဟူမူ ၁၉-နှစ်ကိုလည်း တဖန် တပါးသော နှစ်တို့၌ ထည့်သည်ရှိသော် အနှစ် ၂၀-တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ဆို၏။

ကေနဝိသတိဝဿမှိ စ ပုန အပရသ္မိ ဝဿေ ပက္ခိတ္တေ ဝိသတိ ဝဿာနိ ပရိပုဏ္ဏာနိ ဟောန္တီတိ အာဟ။ တတ္ထ ပန ။ပ။ ဝုတ္တံ။ (ဂဠ်းဝိနယာလင်္ကာရဋီကာ၊၁။၂၅၃)

ဟူသော ဤပါဠိ၌ နိပါတ်တို့၏ ပြားသောအနက် ရှိသည်၏အဖြစ်ကြောင့် ပန-သဒ္ဒါသည် ဟိ-သဒ္ဒါ အနက်ရှိ၏။ တတ္ထ ဟိ-ဟူ၍ ဆိုအပ်သည် ဖြစ်၏။ ထိုစကားသည် မှန်၏။ ဤဟိ-သဒ္ဒါအနက်ရှိသော ပန-သဒ္ဒါကို ဆိုအပ်ပြီးသည်သာလျှင် ဖြစ်သောအနက်ကို ပြီးသည်၏ အစွမ်းအားဖြင့် ဆိုအပ်၏။

တတ္ထ ပန ။ပ။ ဝုတ္ထန္တိ အနေကတ္ထတ္တာ နိပါတာနံ ပနသဒ္ဒေါ ဟိသဒ္ဒတ္ထော၊ တတ္ထ ဟိတိ ဝုတ္တံ ဟောတိ။ ကွဒဉ္စိ ဝုတ္တဿေဝတ္ထဿ သမတ္ထနဝသေန ဝုတ္တံ။
(ဂဠ်းဝိနယာလင်္ကာရဋီ၊၁။၂၅၃)

ဤပန-သဒ္ဒါဖြင့် အဘယ်သို့သောအနက်ကို ပြသနည်းဟူမူ ၁၉-နှစ်ရှိသော သာမဏေကို ဝါခေါင်လပြည့်ကို လွန်၍ အထွက် ၁-ရက်နေ့၌ ပဉ္စင်းခံအပ်ကုန်၏-ဟူ၍

http://www.dhammadownload.com

အကြင်စကားကို ဆိုအပ်၏။ ထိုသို့ဆိုရာ၌ ပဋိသန္ဓေနေသော လတို့ကိုလည်း ယူ၍ ၂-ပါး ကုန်သော လတို့နှင့် အနှစ် ၂၀-ပြည့်သည်ကို ရည်၍ "ဧကူနဝီသတိဝဿ"ဟူ၍ ဆိုအပ်၏။ ထို့ကြောင့် လွန်သောလတို့၌ ၂-လတို့ကို ယူကုန်သည်ရှိသော်သာလျှင် အနှစ် ၂၀-တို့သည် ပြည့်ကုန်၏။ ဤသို့သော အနက်ကို ပြ၏။ ဤသို့ မှတ်အပ်၏။

> ဣမိနာ စ ဣမံ ဒီပေတိ– ယံ ဝုတ္တံ "ဧကူနဝီသတိဝဿံ သာမဏေရံ နိက္ခမနီယပုဏ္ဏမာသိ အတိက္ကမ္မ ပါဋိပဒဒိဝသေ ဥပသမ္မာဒေန္တီ"တိ၊ တတ္ထ ဂဿမာသေပိ ဂဟေတွာ ဒွီဟိ မာသေဟိ အပရိပုဏ္ဏဝီသတိဝဿံ သန္ဓာယ "ဧကူနဝီသတိဝဿ"န္တိ ဝုတ္တံ။ တသ္မာ အဓိကမာသေသု ဒ္ဝီသု ဂဟိတေသု ဧဝ ဝီသတိဝဿာနိ ပရိပုဏ္ဏာနိ နာမ ဟောန္တီတိ။ (ဎင်းဝိနယာလင်္ကာရဋီကာ၊၁။ ၂၅၃)

ပဝါရဏာပြုပြီး၍ အနှစ် ၂၀-ဖြစ်လတ္တံ့-ဟူသည်ကား သီတင်းကျွတ် လပြည့်နေ့သည် လွန်သည်ရှိသော် ပဋိသန္ဓေနေသော နှစ်နှင့်တကွ အနှစ် ၂၀-ဖြစ်လတ္တံ့။ ဤအနက်ကို မှတ်အပ်၏-ဟူလို။

> **ပဝါရေတွာ ဝီသတိဝဿော ဘဝိဿတီတိ မဟာပဝါရဏာဒိဝသေ အတိက္ကန္တေ ဂဟ္ဏဝဿေန သဟ ဝီသတိဝဿော ဘဝိဿတီတိ အတ္ထော။** (ဝိမတိ၊ဋီ၊၂။၄၇)

အကြင်ကြောင့် ပဋိသန္ဓေနေသော လတို့သည် ရေတွက်ခြင်းသို့ ရောက်ကုန်သည် ဖြစ်ကုန်၏။ ထို့ကြောင့် အကြင်သူသည် အဓိဝမ်း၌ ၁၂-လတို့ပတ်လုံး နေ၏။ ထိုသူသည် ၂၁-နှစ်ရှိသည် ဖြစ်၏။ အကြင်သူသည် ၇-လတို့ပတ်လုံး နေ၏။ ထိုသူသည် ၇-လ အလွန်ရှိသော အနှစ် ၂၀-ရှိသည်။ ဝါ၊ အနှစ်-၂၀, ၇-လရှိသည် ဖြစ်၏။ ၆-လသားကား အသက်မရှည်။ ဤသို့ ဆိုလိုကြောင်းကိုကား–

> **တသ္မာ ယော မာတုကုစ္ဆိသ္မိံ ဒွါဒသ မာသေ ဝသိ၊ ယော ဧကဝီသတိဝဿော ဟောတိ။ ယော သတ္တ မာသေ ဝသိ၊ သော သတ္တမာသာဓိကဝီသတိဝဿော။ ဆမာသဇာတော ပန နဒိဝတိ။**

ဟူသော ဝိနယသင်္ဂဟပါဠိ(၁၅၃)ကို ထောက်သဖြင့် သိအပ်၏။

တသ္မာ-၌ "ယသ္မာ ဂဿမာသာပိ ဂဏှနူပဂါ ဟောန္တိ"ဟု အနိယတ် ထည့်၍ အနက်ပေး။ "တသ္မာတိ ယသ္မာ ဂဿမာသာပိ ဂဏှနူပဂါ ဟောန္တိ၊ တသ္မာ"။ (ဝိနယာလင်္ကာရဋီကာ၊၁။ ၂၅၃။ သာရတ္ထ၊ဋီ၊၃။၈၅)

ဖွားသောနေ့မှစ၍ အနှစ် ၂၀-ရှိသည်ဖြစ်၍ ပဋိသန္ဓေ လတို့နှင့်တကွ ၂၁-နှစ်သည် ဧကဝီသတိဝဿ မည်၏။

http://www.dhammadownload.com

ကေဝိသတိဝဿော ဟောတီတိ ဇာတဒိဝသတော ပဋ္ဌာယ ဝိသတိဝဿော သမာနော ဂတ္တမာသေဟိ သဒ္ဓိ ကေဝိသတိဝဿော ဟောတိ။

(ဌင်းဝိနယာလင်္ကာရဋီကာ၊၁။ ၂၅၃။ သာရတ္ထဒီ၊၃။၈၅)

ကေဝိသတိ ဝဿောတိ ဇာတိယာ ဝိသတိ ဝဿံ သန္ဓာယ ဝုတ္တံ။ (ဝိမတိ၊ဋီ၊၂။၄၇)

အသက် ၂၀-မပြည့်သောသူကို အသက် ၂၀-ပြည့်၏-ဟူသော အမှတ်ဖြင့် ပဉ္စင်းခံရသော ရဟန်းအား အာပတ်မသင့်။ ထိုသို့ မသင့်သော်လည်း ထိုအသက် ၂၀-မပြည့်ဘဲ ပဉ္စင်းခံသော ပုဂ္ဂိုလ်သည် ပဉ္စင်းမဖြစ်သည်သာလျှင် ဖြစ်၏။ ထိုသူသည် ၁၀-ဝါလွန်သဖြင့် တပါးသောသူကို အကယ်၍ ပဉ္စင်းခံအံ့။ ထိုဥပဇ္ဈာယ်ကို လွှတ်၍ ဂိုဏ်းသည် အကယ်၍ ပြည့်အံ့၊ ကောင်းစွာ ပဉ္စင်းဖြစ်၏။ ထိုဥပဇ္ဈာယ်သည်လည်း အကြင်မျှလောက် မသိ၊ ထိုမျှလောက် ထိုပုဂ္ဂိုလ်အား နတ်ပြည်ခရီး၏ အန္တရာယ်သည်လည်း မဖြစ်။ မင်္ဂ၏အန္တရာယ်သည်လည်း မဖြစ်။ ထိုသို့ မဖြစ်လျှင်မူလည်း သိသည်ရှိသော် တဖန် ပဉ္စင်းခံအပ်၏။

ဤသို့ ဆိုလိုကြောင်းကိုကား-

> ဥနဝိသတိဝဿံ ပန 'ပရိပုဏ္ဏဝိသတိဝဿော'တိ သညာယ ဥပသမ္ပာဒေန္တသ အနာပတ္တိ၊ ပုဂ္ဂလော ပန အနုပသမ္ပန္နော ဟောတိ။ သစေ ပန သော ဒသဝဿစ္စယေန အညံ ဥပသမ္ပာဒေတိ၊ တဿေ မုဠ္ဟတ္တာ ဂဏော ပူရတိ၊ သူပသမ္ပန္နော။ သောပိ စ ယာဝ န ဇာနာတိ၊ တာဝဿ နေဝ သဂ္ဂန္တရာယော၊ န မောက္ခန္တရာယော ဥ တ္တာ ပန ပုန ဥပသမ္ပဒိတဗ္ဗံ။

ဟူသော ဝိနယသင်္ဂဟပါဠိ (၁၅၄)ကို ထောက်သဖြင့် သိအပ်၏။

တပါးသောသူကို ပဉ္စင်းခံ၏-ဟူသည် ဥပဇ္ဈာယ်သည်လည်းကောင်း, ကမ္မဝါဆရာသည်လည်းကောင်း ဖြစ်၏။ ပဉ္စင်းခံ၏-ဟူလိုသည်။

> အညံ ဥပသမ္ပာဒေတိတိ ဥပဇ္ဈာယော ကမ္မဝါစာစရိယော ဝါ ဟုတ္တာ ဥပသမ္ပာဒေတိ။ (သာရတ္ထဒီပနီဋီကာ၊၃။၈၆)

(အညံ) ဥပသမ္ပာဒေတိတိ ဥပဇ္ဈာယော အာစရိယော ဝါ ဟုတ္တာ ဥပသမ္ပာဒေတိ။

သောပိ၊ ထိုအသက်မပြည့်ဘဲ ပဉ္စင်းခံသော, ပဉ္စင်းမဟုတ်သော သူသည်လည်း။ ဤသို့ အနက်ပေး။ (ဝိမတိ၊ဋီ၊၂။၄၇)

သောပီတိ ဥပသမ္ပာဒေန္တောပိ အနုပသမ္ပန္နော။ (ဝိမတိ၊ဋီ၊၂။၄၇)

http://www.dhammadownload.com

ဤအရာ၌ စောဒနာသည် ဖြစ်ရာ၏။ အဋ္ဌကထာ(ဝိ၊၄၊၁။၁၃၆), ဝိနယာလင်္ကာရ ဋီကာ(၁။၂၅၂၊၂၅၄)တို့၌ "အဋ္ဌာရသသု ဝဿေသု ဆ မာသာ ဝမ့္ဆန္တိ"ဟူ၍ ဆိုအပ်၏။ ယခုအခါ၌မူကား ၁၉-နှစ်တို့၌ ၇-လတို့သည် လွန်ကုန်၏-ဟူ၍ ဆိုကုန်၏။

အဘယ်အကြောင်းဖြင့် ဤအရာ၌ သိအပ်သနည်း။ ဤကား စောဒနာတည်း။ အဖြေဆိုဦးအံ့။ အဋ္ဌကထာ, ဋီကာတို့၌ သာသနာတော်၏ အခေါ်အဝေါ်အားဖြင့် လောကီယ တိထိသို့ မလိုက်မူ၍ ၃-နှစ်, ၃-နှစ်တို့၌ လဖျောက်ခြင်းကို ယူ၍ ၁၈-နှစ်တို့၌ ၆-လတို့သည် ပွါးကုန်၏-ဟူ၍ ဆိုအပ်၏။ ယခုကာလ၌ကား ဗေဒင်၏ အခေါ်အဝေါ် အားဖြင့် လ,နေ တို့၏ သွားခြင်း-ဟု ဆိုအပ်သော တိထိကို ယူ၍ ရေတွက်အပ်ကုန်သည် ဖြစ်၍ ၁-ခုယုတ် ၂၀-ကုန်သော နှစ်တို့၌ ၇-လတို့သည် လွန်၏-ဟူ၍ ဆိုအပ်ကုန်၏။ ဤသို့ မှတ်အပ်၏။

> ဇတ္ထ သိယာ– အဋ္ဌကထာဋီကာသု "အဋ္ဌာရသသု ဝဿေသု ဆ မာသာ ဝမ့္ဆန္တိ"တိ ဝုတ္တံ။ ဣဒါနိ ပန "ဧကူနဝီသတိယာ ဝဿေသု သတ္တမာသာ အဓိကာ"တိ ဝဒန္တိ။ ကထ'မေတ္ထ ဝိညာတဗ္ဗန္တိ? ဝုစ္စတေ– အဋ္ဌကထာဋီကာသု သာသနဝေါဟာရေန လောကီယဂတိ အနုပဂမ္ဖ တီသု တီသု သံဝစ္ဆရေသု မာသဆဋ္ဌံ ဂဟေတွာ "အဋ္ဌာရသသု ဝဿေသု ဆ မာသာ ဝမ့္ဆန္တိ"တိ ဝုတ္တံ။ ဣဒါနိ ပန ဗေဒဝေါဟာရေန စန္ဒသူရိယဂတိသဒိသံ တိထိ ဂဟေတွာ ဂဏေန္တော "ဧကူနဝီသတိယာ ဝဿေသု သတ္တမာသာ အဓိကာ"တိ ဝဒန္တိတိ။ (ဝိနယာလင်္ကာရဋီကာ၊၁။၂၅၄)

ပေါရာဏာက ထေရဝါဒကို ပြဆိုရာ ဒုတိယဝါဒ၌ ဆိုအပ်ပြီးသော ပါဠို, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌လာသော စကားရပ်တို့ကို ထောက်ရှုနှိုင်းယှဉ် ဆင်ခြင်သဖြင့် ဟာယန, ဝမုန, လ, ရက်-တို့ကို ရေတွက်သည်ရှိသော် ၁၈-နှစ်စေ့သော ပုဂ္ဂိုလ်ဖြစ်အံ့။

၃-နှစ် ၁-ကြိမ် ဝါထပ်ရကား ဝမုန ၆-လ ရ၏။ ၁-နှစ်လျှင် ရက်မစုံ ၆-လစီ ရရကား ၁၈-နှစ်လျှင် ဟာယန ၃-လနှင့် ၁၈-ရက် ရ၏။ ယခင် ဝမုန ၆-လ၊ သင့်တွင် ဟာယန ၃-လနှင့် ၁၈-ရက်ကို နုတ်သော် ၂-လနှင့် ၁၂-ရက် ကြွင်းကျန်၏။ ၎င်း ၂-လ နှင့် ၁၂-ရက်ကို ၁၈-နှစ်တွင် ထည့်လျှောက်စွက်သော် ၁၈-နှစ်၊ ၂-လနှင့် ၁၂-ရက်ရ၏။

ထိုသို့ ၁၈-နှစ်လျှင် ဝမုနရက် ၂-လနှင့် ၁၂-ရက် ရရကား ၁၀-လပဋိသန္ဓေနေသောပုဂ္ဂိုလ်ကို ဖွားသည်မှစ၍ ၁၉-နှစ်ပြည့်သည့်နေ့၌ ဥပသမ္ပဒကံကို ရွက်ဆောင်သော် ပဋိသန္ဓေ ၁၀-လတွင် ဝမုန ၂-လနှင့် ၁၂-ရက်ကို ထည့်လျှင် အနှစ် ၂၀-နှင့် ၁၂-ရက် ရရကား ၁၂-ရက် ပိုလွန်၏။

http://www.dhammadownload.com

၉-လ ပဋိသန္ဓေနေသောပုဂ္ဂိုလ်ကို ၁၉-နှစ်ပြည့်သည့်နေ့၌ ဥပသမ္မဒကံကို ရွက်ဆောင်သည်ဖြစ်အံ့။ ယခင် ရက်ပို ၁၂-ရက်၌ ၁၈-ရက် ထည့်စွက်သော် ၁-လပြည့်ရကား ၁၈-ရက် ပိုလွန်သင့်၏။

၇-လ ပဋိသန္ဓေနေသောပုဂ္ဂိုလ်ကို ၁၉-နှစ်ပြည့်သည့်နေ့၌ ဥပသမ္မဒကံကို ရွက်ဆောင်သည်ဖြစ်အံ့။ ယခင်ရက်ပို ၁၂-ရက်၌ ၂-လနှင့် ၁၈-ရက် ထည့်စွက်သော် ၃-လပြည့်ရကား ၂-လနှင့် ၁၈-ရက် ပိုလွန်သင့်၏။

ဤကား သာရတ္ထဒီပနီဋီကာ, ဝိနယာလင်္ကာရဋီကာဆရာတို့ ဝါဒတည်း။

ဂဏ္ဌိပုဒ် ၃-စောင်ဆရာတို့၏ ဝါဒအားဖြင့်ကား ကျန် ၂-နှစ်တို့၌လည်း ဟာယန, ဝမုန ရသင့်သည်ဖြစ်၍ ရေတွက်သော် ၃-နှစ် ၁-ကြိမ် ဝါထပ်ရကား ၁၉-နှစ်စေ့လျှင် ဝမုန ၆-လနှင့် ၁၀-ရက်ရ၏။ ၁-နှစ်လျှင် ရက်မစုံ ၆-လစီ ရရကား ၁၉-နှစ်စေ့လျှင် ဟာယန ၃-လနှင့် ၂၄-ရက် ရ၏။ ယခင် ဝမုန ၆-လနှင့် ၁၀-ရက်တွင် ဟာယန ၃-လနှင့် ၂၄-ရက်ကို နုတ်သော် ၂-လနှင့် ၁၆-ရက် ကြွင်းကျန်၏။

ပဋိသန္ဓေ ၁၀-လနေသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ဝမုန ၈-ရက်, ဟာယန ၅-ရက်ရရကား ဝမုန ၈-ရက်တွင် ဟာယန ၅-ရက်ကို နုတ်သော် ၃-ရက် ကြွင်းကျန်၏။ ၎င်းဒုတိယကျန် ၃-ရက်ကို ပထမကျန် ၂-လနှင့် ၁၆-ရက်တွင် ထည့်၊ ၂-လနှင့် ၁၉-ရက် ဝမုန ရ၏။ ထိုသို့ ၁၉-နှစ်ပြည့်သောနေ့၌ ဝမုန ၂-လနှင့် ၁၉-ရက်ရရကား ၁၀-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို ၁၉-နှစ်ပြည့်သောနေ့၌ ပဉ္စင်းခံသည်ဖြစ်အံ့။ ပဋိသန္ဓေ ၁၀-လတွင် ဝမုန ၂-လနှင့် ၁၉-ရက်ကို ထည့်လျှင် အနှစ် ၂၀-နှင့် ၁၉-ရက် ရရကား ၁၉-ရက် ပိုလွန်၏။

၉-လ ပဋိသန္ဓေနေသောပုဂ္ဂိုလ်ကို ၁၉-နှစ်ပြည့်သည့်နေ့၌ ပဉ္စင်းခံသည် ဖြစ်အံ့၊ ယခင် ရက်ပို ၁၉-ရက်တွင် ၁၁-ရက်ထည့်သော် ၁-လပြည့်ရကား ၁၁-ရက် ပိုလွန်သင့်၏။

၇-လ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို ၁၉-နှစ်ပြည့်သည့်နေ့၌ ပဉ္စင်းခံသည် ဖြစ်အံ့၊ ယခင်ရက်ပို ၁၉-ရက်၌ ၂-လနှင့် ၁၁-ရက် ထည့်စွက်သော် ၃-လပြည့်ရကား ၂-လနှင့် ၁၁-ရက် ပိုလွန်သင့်၏-ဟု မှတ်ယူသင့်သည်-ပုခန်းမြို့စား ဝန့်ရှင်တော်မင်းကြီး။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် ဝိသတိဝဿပရိပုဏ္ဏဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{ ၁၀ } ဒဟရဘိက္ခုဥပသမ္ပဒဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်စန္ဒိမာ လျှောက်ပါသည် ဆရာတော်ဘုရား။ ၁၀-ဝါ မပြည့်သော ရဟန်းငယ်သည် ဥပဇ္ဈာယ်ဆရာ အာဏာတို့က မပြုဘဲလည်းကောင်း, ဥပဇ္ဈာယ်ဆရာကို မရည်ဘဲလည်းကောင်း သာမဏေပြုသော် ပဋ္ဌဇ္ဈက် မပြည့်စုံ-ဟု အချို့သောဆရာတို့ ယူကြကုန်သည်။ အချို့သောဆရာတို့သည်လည်း ပဋ္ဌဇ္ဈက် ပြည့်စုံ၏-ဟု ယူကြကုန်သည်။ ထိုဝါဒ ၂-ပါးတို့တွင် အဘယ်ဝါဒ သင့်,မသင့်ကို သိလိုပါသည်။ ဝိနည်းကျမ်းဂန်တို့၌ မည်သို့ လာရှိသည်-ဟု ရေးသားသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်တောင်းပန်သော စကားသည် သာသနာတော်၏ မူလဖြစ်၍ သုတေသနပုဂ္ဂိုလ်တို့ မှတ်သားရန် ကျမ်းဂန်တို့၌လာသော စကားရပ်၌ ဉာဏ်သက်ဝင်သည့်အတိုင်း ရေးသားဖြေဆိုလိုက်အံ့။

ဒဟရော ဝါ ပန သာမဏေရော ဝါ သာမဏေရိ ဝါ အာဏာတ္ထိယာ ကာသာယာနံ ဒါတုံ လဘတိ။ –

ဟု အဋ္ဌကထာဆရာ မဆိုမူ၍–

သာမဏေရော ပန သာမဏေရီ ဝါ အာဏာတ္ထိယာ ကာသာယာနိ ဒါတုံ လဘတိ။

ဟူ၍သာ (မဟာဝါ)အဋ္ဌကထာ(၂၄၈)ဆရာ ဆိုတော်မူသောကြောင့် ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ဆရာ မစေခိုင်းသော်လည်း သင်္ကန်းကို ပေးခြင်းငှာ ရ၏-ဟု အနက်ဖြစ်သင့်ရကား–

ဘိက္ခုနာ သဟတ္ထေန ဝါ အာဏတ္ထိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ။ အဒိန္နံ နဝဋ္ဋတိ။ (ဝိ၊၄၊၃၊၂၅၀)

http://www.dhammadownload.com

ဟူသော အဋ္ဌကထာပါဠိ၌ "ဘိက္ခုနာ"ဝယ် ဘိက္ခု၏အရကို ပကတတ်ဖြစ်သော ထေရ, နဝ, မဇ္ဈိမ ရဟန်းအလုံးစုံကိုပင် ယူသင့်သည်။ ယင်းသို့ ယူသင့်သည်ဖြစ်၍ ဒဟရဘိက္ခုသည် ဥပဇ္ဈာယ်ဆရာကို မရည်မှူ၍ သာမဏေပြုသော် ဥဘတောသုဒ္ဓိ ဖြစ်အံ့၊ သာမဏေအဖြစ်သို့ ရောက်၏-ဟု ဧကန်မုချ မှတ်ယူသင့်သည်။

ထို့ကြောင့် (ဝိနည်း)မဟာဝါအဋ္ဌကထာ (၂၅၀)၌-

သာမဏေရပတ္ထာ ပန ဥဘတောသုဒ္ဓိယာဝ ဝဋ္ဋတိ၊ နော ဧကတော သုဒ္ဓိယာ။

ဟု မိန့်အပ်ပြီ။ အချို့သောဆရာတို့သည်-

အထ'ဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ အာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ။

ဟူသော (ဝိနည်း)မဟာဝါအဋ္ဌကထာ(၂၅၀)ပါဠိ အကျုံးဝင်သော အာစရိယပုဒ်ကို ဝိနယ-ဝိနိစ္ဆယဋီကာ(၂။၁၃၅)၌-

ဝိဇ္ဇာသိပ္ပံ အာစာရသမာစာရံ ဝါ သိက္ခိတုကာမေဟိ အာဒရေန စရိတဗ္ဗော ဥပဇ္ဈာ-ပေတဗ္ဗောတိ အာစရိယော၊ တံ။

ဟု ဝစနတ္ထမူပြီးလျှင် "ဥပဇ္ဈာယေ ဥပလက္ခဏသမန္နာဂတောယေဝ ပုဂ္ဂလော"ဟု အဘိ-ဓေယျတ္ထကြားသည်ကို စွဲ၍ ဘိက္ခုနာဒ၌ ဘိက္ခု၏အရကို "ဒသဝဿပရိပုဏ္ဏာ ဥပဇ္ဈာစရိယ၊ အာစရိယ"တို့ကိုသာ ယူ၍ အနုဒ္ဒိဿ ဒဟရဘိက္ခုသည် ပဗ္ဗဇ္ဇာကို ရွှက်ဆောင်မူ ဥဘတော သုဒ္ဓိပင် ဖြစ်သော်လည်း ပဗ္ဗဇ္ဇာ မပြည့်စုံ-ဟု ယူကုန်၏။ ထိုသို့ ဝိနိစ္ဆယဋီကာ၌ အဘိဓေယျတ္ထ ကြားသည်ကို စွဲ၍ ပဗ္ဗဇ္ဇာ မပြည့်စုံ-ဟု ယူခြင်းသည် မသင့်။ အဘယ်ကြောင့်နည်းဟူမူ-ဝိနိစ္ဆယဋီကာ၌ ဥပဇ္ဈာယ်နှင့် လက္ခဏာတူသော ပုဂ္ဂိုလ်ရ၏-ဟု အဘိဓေယျတ္ထ ကြားခြင်းသည် "အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ"ပါဠိတို့၌ကဲ့သို့ ဥက္ကဋ္ဌနိဒ္ဒေသ အားဖြင့် အဘိဓေယျတ္ထ ကြားခြင်းမျှသာ ဖြစ်သည်။ ဒသဝဿပရိပုဏ္ဏဖြစ်မှသာ ပဗ္ဗဇ္ဇာ ပြည့်စုံသည်ကို ရည်၍ အဘိဓေယျတ္ထ ကြားသည် မဟုတ်။ ထို့ကြောင့် အာစရိယ၏အရကို ဥပဇ္ဈာယ်ဆရာမှတပါး ပဗ္ဗဇ္ဇာကို ရွှက်ဆောင်သော ပကတတ်ဖြစ်သော ထေရ,နဝ,မဇ္ဈိမ ပုဂ္ဂိုလ်အလုံးစုံကို ယူသင့်သည်။ ယင်းသို့ ယူမှသာ အောက်ဝယ် ပြဆိုအပ်သော-

သာမဏေရော ပန သာမဏေရိံ ဝါ အာဏတ္တိယာ ကာသာယာနိ ဒါတုံ လဘတိ။

ဟူသော (မဟာဝါ)အဋ္ဌကထာ (၂၄၈)နှင့် ညီမည်။

F10D

http://www.dhammadownload.com

ဒဟရဘိက္ခုသည် သင်္ကန်းပေးခြင်းငှာ အပ်၏-ဟူသော စကားသည် သင့်တန်စေ။ သရဏာဂုံ ပေးခြင်းငှာ အပ်၏-ဟူသော စကားသည် အဘယ်ကို ထောက်၍ သိအပ်သနည်း ဟူမူ အဋ္ဌကထာ၌ ပဉ္စင်းငယ်အား စေခိုင်းရာ၌ "သရဏာနိ ပန သယံ ဒါတဗ္ဗာနိ"ဟု မဆို မူ၍ သာမဏေအား စေခိုင်းရာ၌ "သရဏာနိ ပန သယံ ဒါတဗ္ဗာနိ"(ဝိ၊ဋ္ဌ၊၃၊၂၄၈)ဟု ဆိုအပ် သောကြောင့် ပဉ္စင်းငယ်သည်လည်း သရဏာဂုံ ပေးခြင်းငှာ အပ်၏။

ထို့ကြောင့် မဟာဝါအဋ္ဌကထာ(၂၄၈)၌-

ပုရိသံ ဟိ ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတိ၊ မာတုဂါမံ ဘိက္ခုနိတော အညော။

ဟု မိန့်အပ်၏။

ဝိနယဝိနိစ္ဆယအဋ္ဌကထာ(၂။၂၃၆)၌လည်း-

ပုရိသံ ဘိက္ခုတော အညော၊ ပဗ္ဗာဇေတုံ န ဝဋ္ဋတိ။

ဟု မိန့်အပ်၏။ အဋ္ဌကထာ စကား ၂-ရပ်ကိုပင် ရည်၍ ဝိမတိဋီကာ(၂။၉၄)၌လည်း "ပဗ္ဗာဇေတိတိ ဣဒံ တိဝိဓံပိ သန္ဓာယ ဝုတ္တံ"ဟု မိန့်အပ်ပြီ။ ယင်းသို့ ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ကို မရည်မူ၍ မိမိအလိုအလျောက် ရှင်သာမဏေ ပြုသင့်၏-ဟု ယူခဲ့သော်-

ဧတံ ပဗ္ဗာဇေတိတိ(ဝိ၊ဋ္ဌ၊၃၊၂၄၉) ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနဉ္စ သန္ဓာယ ဝုတ္တံ။ ဥပဇ္ဈာယံ ဥဒ္ဒိဿ ပဗ္ဗာဇေတိတိ ဧတ္ထာပိ ဧသေဝ နယော။

ဟူ၍ သာရတ္ထဒီပနီဋီကာ (၃။၂၀၁)၌ ဆိုအပ်သော စကားနှင့်လည်းကောင်း,

ပဗ္ဗာဇေတွာ နယာတိ ဣမိနာ ကေသေ ဆိန္ဒိတွာ ကာသာယာနိ အစ္ဆာဒေတွာ အာနေဟီတိ အယမတ္ထော ဒီပိတောတိ ဒဋ္ဌဗ္ဗော။ အဝုတ္ထောတိ ဥပဇ္ဈာယေန အနုယျောဇိတော သော ဒဟရော။ သစေ ဟိ(တံ) သယမေဝ ကေသစ္ဆေဒနကာ-သာယစ္ဆာဒနေဟိ ပဗ္ဗာဇေတိ၊ ဝဋ္ဋကိတိ ယောဇနာ။

ဟူသော ဝိနယဝိနိစ္ဆယဋီကာ(၃။၁၃၀)၌လာသော စကားနှင့်လည်းကောင်း မဆန့်ပြီလော-ဟူမူ ယင်းဋီကာ ၂-ရပ်တို့၌ ဒဟရဘိက္ခုသည် ကေသစ္ဆေဒန, ကာသာယစ္ဆာဒန ၂-ပါးသာ အပ်၏-ဟု ဆိုအပ်သော စကားသည် "ထေရာဓေယျံ(ထေရာဓိကံ) ပါတိမောက္ခံ"ဟူသော ပါဠို-တော် (ဝိနည်းမဟာဝါ။၁၅၅)နှင့်ညီစွာ ပါတိမောက်ပြရာ၌ မထေရ်ကြီးသည် ၂-ဥဒ္ဒေသ ဝါစုဂ္ဂတရှိသည် ဖြစ်အံ့၊ ပါတိမောက်ပြခြင်းသည် မထေရ်ကြီးနှင့် စပ်၏-ဟူသကဲ့သို့ ထို့အတူ ဥပဇ္ဈာယ်ဆရာ မျက်မှောက်ထင်ရှားရှိရာ၌ သရဏာဂုံပေးခြင်းသည် ဥပဇ္ဈာယ်ဆရာနှင့်

http://www.dhammadownload.com

စပ်သောကြောင့် ဆိုသောစကားဖြစ်သည်။ ပဉ္စင်းငယ်သည် သရဏဂုံပေးခြင်းငှာ မထိုက်သောကြောင့်ဆိုသော စကားမဟုတ်-ဟု ယူသင့်သည်။

ထို့ကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ(၂၉၁)၌-

> **ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ၊ ဥပဇ္ဈာယော၀ တတ္ထ ဣဿရော, နာစရိယော။ –**

ဟု မိန့်အပ်၏။

မထေရ်ကြီး မျက်မှောက်ထင်ရှားရှိလျက် မထေရ်ကြီး မစေခိုင်းဘဲ, မထေရ်ကြီးကို မရည်ဘဲ ပဉ္စင်းငယ်သည် သရဏဂုံပေးသည် ဖြစ်အံ့၊ ထိုပဉ္စင်းငယ်အား ဒုက္ကဋ်အာပတ်သင့်၏။ ပဗ္ဗဇ္ဇာကံမူကား ဥဘတောသုဒ္ဓိ ဖြစ်အံ့၊ သမ္မတ္တိ ဖြစ်၏-ဟု ယူသင့်သည်။ အဘယ်အရာတို့၌ကဲ့သို့နည်းဟူမူကား သုတ္တန္တေသဥပုသ်ပြုရာ၌ မထေရ်ကြီး ၂-ဥဒ္ဒေသ နှုတ်ဝယ်ရှိပါလျက် မထေရ်ကြီး မတိုက်တွန်းဘဲ ပဉ္စင်းငယ် ပါတိမောက်ပြသည်ရှိသော် ပဉ္စင်းငယ်အား ဒုက္ကဋ်သာ သင့်၍ ပါတိမောက်ပြခြင်းသည် သုဥ္ဒိဒ္ဒုဖြစ်၏သို့ ထို့အတူ ပဗ္ဗဇ္ဇာ သမ္မတ္တိဖြစ်၏-ဟု မှတ်ရာသည်။ မထေရ်ကြီး မျက်မှောက်ထင်ရှား မရှိရာ၌ကား ယနေ့ ခံသစ်ဖြစ်သော ပဉ္စင်းငယ်သည် ဥပသမ္ပဒကံကို ရွက်ဆောင်ရာ၌ ဗျဉ္ဇနဝုဒ္ဓိ ၁၀-ပါးနှင့်ညီစွာ ကမ္မဝါစာကို ရွတ်ခြင်းငှာ စွမ်းနိုင်သဖြင့် ကမ္မဝါစာ ရွတ်ဖတ်သည် ဖြစ်အံ့။ အာပတ်မသင့်မူ၍ ဥပသမ္ပဒကံသည် သမ္မတ္တိဖြစ်၍သို့ အာပတ်လည်း ကင်း၊ ပဗ္ဗဇ္ဇာ သမ္မတ္တိဖြစ်၏-ဟု ယူသင့်သည်။

> **ဒသ၀ဿေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပတ္တာဇေတဗ္ဗံ၊ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ –**

ဟူ၍ ပရိ၀ါပါဠိတော် (၂၄၈)၌ ဟောတော်မူသောကြောင့် °ဗျတ္တ ²ပဋိဗလ ³ဒသ၀ဿပရိပုဏ္ဏဘိက္ခုသာ သာမဏေပြုသင့်သည် မဟုတ်လောဟူမူ ယင်းပါဠိတော်၌ အကျုံး၀င်သော "ပတ္တာဇေတဗ္ဗံ ဥပသမ္ပာဒေတဗ္ဗံ"ပုဒ်၏ "ဥပဇ္ဈာယေန ဟုတ္ဝာ ပတ္တာဇေတဗ္ဗံ ဥပသမ္ပာဒေတဗ္ဗံ" ဟူသော အနက်ကို ယူသင့်ရကား ဒသ၀ဿပရိပုဏ္ဏ ဗျတ္တ ပဋိဗလပုဂ္ဂိုလ် ဖြစ်အံ့၊ ဥပဇ္ဈာယ်ပြု၍ သာမဏေပြုသင့်, ပဉ္စင်းခံသင့်၏။ ဒသ၀ဿ အပရိပုဏ္ဏပုဂ္ဂိုလ်ဖြစ်အံ့၊ ဥပဇ္ဈာယ်မပြုမူ၍ သာမဏေပြုသင့်, ပဉ္စင်းခံသင့်၏-ဟု ယူသင့်သည်။

အဘယ်အရာကို ထောက်၍ သိအပ်သနည်းဟူမူ-

http://www.dhammadownload.com

ပဌဟိ ဘိက္ခဝေ အဝေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္မာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော၊ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ (ဝိ၊၃။၉၀)

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတ္ဝာ သာမဏေရာ န ဂဟေတဗ္ဗော။ –

ဟူ၍ သာရတ္ထဒီပနီဋီကာ (၃။၂၃၉)ဆရာ ဖွင့်သည်ကို ထောက်သဖြင့်လည်းကောင်း၊

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန (ဟုတ္ဝာ န) ပဗ္ဗာဇေတဗ္ဗော။

ဟူ၍ ဝိမတိဝိနောဒနီဋီကာ(၂။၁၀၇)ဆရာ ဖွင့်သည်ကို ထောက်သဖြင့်လည်းကောင်း၊

[၁]ဥပဇ္ဈာစရိယ, [၂]နိဿယာစရိယ, [၃]ပဗ္ဗဇ္ဇာစရိယ, [၄]ဥပသမ္ပဒါစရိယ, [၅]ဓမ္မာစရိယ ၅-ဦးတို့တွင် ရှေးဖြစ်သော ဥပဇ္ဈာစရိယ, နိဿယာစရိယ ၂-ပါးဦးသာ ဒသဝဿ ပရိပုဏ္ဏ-အင်္ဂါကို ယူသင့်သည်။ နောက်ဖြစ်သော ဥပဇ္ဈာစရိယ-စသော ၃-ပါးတို့ဦးကား ဒသဝဿ-ပရိပုဏ္ဏအင်္ဂါကို မယူသင့်သည်ကို ထောက်သဖြင့်လည်းကောင်း သိရာသည်။ ဤသို့ ဆိုအပ်ပြီးသော စကားအရပ်ရပ်တို့ကို ထောက်သဖြင့် ၁၀-ဝါမပြည့်သော ရဟန်းငယ်သည် ဥပဇ္ဈာယ်ဆရာ အာဏာတို့က မပြုဘဲ, ဥပဇ္ဈာယ်ဆရာကို မရည်ဘဲ မိမိအလိုအလျောက် သာမဏေပြုသည်လည်း သာမဏေ မဖြစ်သည် မဟုတ်၊ သာမဏေ ဖြစ်၏-ဟု ဧကန္တ-နိသံသယ မှတ်ယူသင့်သည်။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် ဒဟရဘိက္ခုဥပသမ္ပဒဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{ ၁၁ } ကုလဒူသကဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ဓမ္မပါလလျှောက်ပါသည် ဆရာတော်ဘုရား။ အချို့သော ပုဂ္ဂိုလ်တို့သည် အကြင်ရဟန်းသည် သစ်သီးပေးခြင်း, ပန်းပေးခြင်း-စသော ကုလဒူသက အမှုကို ၁-ကြိမ်ပင်သော်လည်း ပြုမိသည် ဖြစ်အံ့၊ ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ပြုသင့်၏-ဟု အယူဝါဒရှိကုန်သဖြင့် ထိုထို မြို့,ရွာ,နိုဂုံးဇနပုဒ်တို့၌ ရဟန်းတို့ကို ပဗ္ဗာဇနီယကံကို ပြုကုန်သည်။ ထိုအယူဝါဒသည် သင့်မည်, မသင့်မည်ကို သိလိုပါသည်။ ကျမ်းဂန်တို့၌ မည်သို့ လာရှိသည်-ဟု ရေးပေးသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့် စကားသည် သာသနာတော်၏ ဝုဋ္ဌိဝရူဇ္ဇာဝ ဖြစ်၍ ကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း အကျဉ်းမှတ်သားရန် ရေးလိုက်အံ့။

ဘေးလောင်းတော် မင်းကွန်းဘုရားကြီးဒါယကာ ဆင်ဖြူများရှင် မင်းတရားလက်ထက်မှ စ၍ ယခု ရတနာပုံမြို့ကြီးကို တည်ထောင်တော်မူသော ငါတို့ မင်းဧကရာဇ်လက်ထက်တော်တိုင် သာသနာတော်၌ နေ,လကဲ့သို့ ထင်ရှားတော်မူကုန်သော ပရိယတ္တိ-ဝိသာရဒ, လဇ္ဇီပေသလ, သိက္ခာကာမဖြစ်တော်မူကုန်သော—

မန်လည်ဆရာတော်[၁]	မင်းအိုဆရာတော်[၂]	မင်းရွာဆရာတော်[၃]
ရွှေတောင်ဆရာတော်[၄]	ဆုံထားဆရာတော်[၅]	ဗားကရာဆရာတော်[၆]
ဆင်တဲဆရာတော်[၇]	စလင်းဆရာတော်[၈]	သဲအင်းဆရာတော်[၉]
အုတ်ကျောင်းဆရာတော်[၁၀]	နေရင်းဆရာတော်[၁၁]	ဂူကြီးဆရာတော်[၁၂]
အသောကာရာမဆရာတော်[၁၃]	ခင်မကန်ဆရာတော်[၁၄]	ပြည်ဆရာတော်[၁၅]

ပုဂံဆရာတော်မြတ်[၁၆] တို့မူကား—

အကြင်ရဟန်းသည် သစ်သီးပေးခြင်း, ပန်းပေးခြင်း-စသော ကုလဒူသကအမှုကို ပြုမိသော်လည်း လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့သည် "နောင်အခါ ဤကဲ့သို့သောအမှုကို မပြုပါပြီ-ဟု အာယတိ သံဝရ၌တည်၍ ဒေသနာကမ္မကို ပြုလော့"ဟု ဆုံးမအပ်သည်ရှိသော် အရိုအသေ နာယူသဖြင့် ဒေသနာကံကို ပြုသည်ဖြစ်အံ့၊ ထိုရဟန်းအား ပဗ္ဗာဇနီယကံ

http://www.dhammadownload.com

ကို မပြုမူ၍ တရားနှင့်လျော်စွာ ဆုံးမကံမြစ်ခြင်းကို ပြုရာ၏။ ဆုံးမကံမြစ်ခြင်းကို ပြု၍ မစွန့်သော ရဟန်းကိုသာ ပဗ္ဗာဇနီယကံကို ပြုသင့်၏-ဟု အယူရှိတော်မူကြကုန်၏။ ထိုဆရာတော်ဘုရားကြီးတို့၏ အယူဝါဒသည်–

သတ္ထာ တံ ပဝတ္တိ သုတွာ တေသံ ပဗ္ဗာဇနီကမ္မကရဏတ္ထာယ သပရိဝါရေ ဒွေ အဂ္ဂသာဝကေ အာမန္တေတွာ "ဂစ္ဆထ သာရိပုတ္တာ၊ တေသု ယေ တုမှာကံ ဝစနံ န ကရောန္တိ၊ တေသံ ပဗ္ဗာဇနီယကမ္မံ ကရောထ။ ယေ ပန ကရောန္တိ၊ တေ ဩဝါဒထ အနုသာသထ။ ဩဝဒန္တော ဟိ အနုသာသန္တော အပဏ္ဏိတာနံယေဝ အပ္ပိယော ဟောတိ အမနာပေါ။ ပဏ္ဏိတာနံ ပန ပိယော ဟောတိ မနာပေါ"တိ အနုသန္ဒိ ယဒ္ဓေတွာ ဓမ္မံ ဒေသေန္တော ဣမံ ဂါထ'မာဟ။

"ဩဝဒေယ္မာ'နုသာသေယ္မ၊ အသဒ္ဓာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော"တိ။ ။

ဒေသနာဝသာနေ (ဗဟူ)သောတာပတ္တိဖလာဒီနိ ပါပုဏိသု။ သာရိပုတ္တ မောဂ္ဂလ္လာနာပိ စ တတ္ထ ဂန္ဒာ တေ ဘိက္ခူ ဩဝဒိသု အနုသာသိသု။ တေသု ဧကစ္စေ ဩဝါဒံ သမ္မဒ္ဓိစ္ဆိတွာ သမ္မာ ဝတ္တိသု၊ ဧကစ္စေ ဝိဇ္ဈိသု၊ ဧကစ္စေ ပဗ္ဗာဇနီယကမ္မံ ပါပုဏိသု။

ဟူသော ဓမ္မပဒအဋ္ဌကထာ(၁။၃၄၉)၌လာသော စကားရပ်နှင့်လည်းကောင်း,

ယံ ပန ပရတော "အမိသိလေ သီလဝိပန္နော ဟောတိ ။ပ။ တဇနီယကမ္မံ ကရေယ္မာ"တိ ဝုတ္တံ၊ တံ "အာယတိ သံဝရေ ဌတွာ ဝုဋ္ဌာနံ ကရောဟီ"တိ ဩဝဒိယ-မာနဿ အနာဒရိယာဒိပစ္စယလဟုကာပတ္တိ သန္ဓာယ ဝုတ္တံ။ သီလဝိပတ္တိမူလကဉ္စိ လဟုကာပတ္တိ အာပန္နော ဣဓ အဘေဒူပစာရေန "အမိသိလေ သီလဝိပန္နော"တိ ဝုတ္တော၊ "အတိဒိဋ္ဌိယာ ဒိဋ္ဌိ ဝိပန္နောတိ ဧတ္ထ ဝိယ။

ယထာ စ ဒိဋ္ဌိ ဂဟေတွာ ဝေါဟရန္တဿ 'ဣတော ဒိဋ္ဌိတော ဩရမာဟီ'တိ အဝတွာ ကတကမ္မံ ကေဝလာယ ဒိဋ္ဌိဝိပတ္တိယာ ကတတ္တာ အနာပတ္တိယာ ကတံ နာမ အဓမ္မကမ္မံ ဟောတိ၊ ဧဝံ သီလဝိပတ္တိ အာပဇ္ဇိတွာ လဇ္ဇိဓမ္မေ ဩဣဏ္ဏဿ ယထာဓမ္မံ ဝုဋ္ဌာယ သံဝရေ ဌာတုကာမဿ ကတံ တဇနီယာဒိကမ္မံ ကေဝလာယ သီလဝိပတ္တိ-ယာ ကတတ္တာ အဒေသနာဂါမိနိယာ ကတံ နာမ အဓမ္မကမ္မံ ဟောတိ။ တေနေဝ နိယဿကမ္မေပိ 'အပိဿု ဘိက္ခူ ပကတာ ပရိဝါသံ၊ ဒေန္တာ'တိ အာဒိနာ သံဝရေ အဋ္ဌာနမေဝ ကမ္မနိမိတ္တဘာဝေန ဝုတ္တံ။ အဒန္တံ ဒမနတ္ထမေဝ ဟိ တဇနီယာဒိကမ္မာနိ အနုညာတာနိ။

http://www.dhammadownload.com

ဟူသော ဝိမတိဝိနောဒနီဋီကာ (၂။၂၁၂။၂၁၃)၌လာသော စကားရပ်တို့နှင့်လည်းကောင်း ညီညွတ်ရကား သင့်တင့်လျောက်ပတ် ဘုရားအလိုတော်မြတ်ကျသော အယူဝါဒဖြစ်သည်-ဟု မှတ်သင့်သည်။

အချို့သော ဓမ္မဝါဒီပုဂ္ဂိုလ်တို့သည်ကား–

> **သာရိပုတ္တမောဂ္ဂလ္လာနေ အာမန္တေသိ၊ 'ဂစ္ဆထ တုမှေ သာရိပုတ္တာ ကီဒၢဂိရိ ဂန္ဒာ အဿဇိပုနဗ္ဗသုကာနံ ဘိက္ခူနံ ကီဒၢဂိရိသ္မာ ပဗ္ဗာဇနီယကမ္မံ ကရောထ။ တုမှာကံ ဧတေ သဒ္ဓိဝိဟာရိကာ'တိ။**

ဟူသော ဘိက္ခုဝိဘင်းပါဠိတော် (၀။၁။၂၇၈)၌လာသော စကားရပ်ကိုသာ နှလုံးပိုက်သဖြင့် အကြင်ရဟန်းသည် ၁-ကြိမ် ၁-ခါမျှတည်းဖြင့် ခွင့်ပြုတော်မမူအပ်သော ဒါယိကာမတို့အား သစ်သီးပေးခြင်း, ပန်းပေးခြင်း-စသော ကုလဒူသကအမှုကို ပြုမိအံ့။ ထိုရဟန်းအား ဆုံးမကံမြစ်ခြင်းကို မပြုမူ၍ ပဗ္ဗာဇနီယကံကို ပြုသင့်၏-ဟု အယူရှိကုန်၏။

ထိုဓမ္မဝါဒီပုဂ္ဂိုလ်တို့၏ အယူဝါဒသည် ယခင် ပြဆိုအပ်ခဲ့ပြီးသော ဓမ္မပဒအဋ္ဌကထာ၊ ဝိမတိဝိနောဒနီဋီကာတို့၌လာသော စကားရပ်တို့နှင့် ညီနှိုင်းနှိုးနှောခြင်းကို မပြုမူ၍ လိပ်ခဲတည်းလည်း-ဟူဘိ၏သို့ မိမိတို့ ကြည့်ရှုမိသမျှသော ကျမ်းဂန်တို့၌လာသော စကားရပ်ကိုသာ အမြဲအစွဲပြုသဖြင့်ယူရကား စာပေကျမ်းဂန်အကြည့်အရှုမှ နည်းသော, လဒ္ဓါ-ပဒေသမှလည်း ကင်းသော အပွသုတဒုပ္ပညပုဂ္ဂိုလ်တို့၏ အယူဝါဒဖြစ်သည်-ဟု မှတ်သင့်သည်။ ထိုသို့ လဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့သည် ဆုံးမကံမြစ်သဖြင့် ကုလဒူသကအမှုကို စွန့်၍ ပရိသုဒ္ဓအဖြစ်သို့ ရောက်သောရဟန်းကို ပဗ္ဗာဇနီယကံကို ပြုသည်ဖြစ်အံ့။

> အပရေဟိပိ ဘိက္ခဝေ တီဟင်္ဂေဟိ သမန္နာဂတံ ပဗ္ဗာဇနီယကမ္မံ အဓမ္မကမ္မဉ္စ ဟောတိ အဝိနယကမ္မဉ္စ ဒုဝူပသန္တဉ္စ။ အနာပတ္တိယာ ကတံ ဟောတိ၊ အဒေသနာဂါမိနိယာ အာပတ္တိယာ ကတံ ဟောတိ၊ ဒေသိတာယ အာပတ္တိယာ ကတံ ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ တီဟင်္ဂေဟိ သမန္နာဂတံ ပဗ္ဗာဇနီယကမ္မံ အဓမ္မကမ္မဉ္စ ဟောတိ အဝိနယကမ္မဉ္စ ဒုဝူပသန္တဉ္စ။

ဟူသော စူဠဝါဂကမ္မက္ခန္ဓက၊ အဓမ္မကမ္မဒွါဒသကပါဠို (၂၉)နှင့် ဆန့်ကျင်ရကား အဓမ္မကံဖြစ်၍ မသင့်မလျော်၊ ဘုရားအလိုတော် မကျ၊ ဒုဂ္ဂဟိတဝိပရိတဝါဒဖြစ်သည်-ဟု ဧကန္တ နိသ်သယ မုချမှတ်ယူသင့်သည် တပည့်ရှင်ဓမ္မပါလ။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် ကုလဒူသကဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{ ၁၂ } သုပ္ပဋိစ္ဆန္နပါရုပနဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ဓမ္မာဘိနန္ဒ လျှောက်ပါသည် ဆရာတော်ဘုရား။ အချို့သော ဆရာတို့သည် ပရိမဏ္ဍလပါရုပနကို ၂-ဖက်အစွန်းတို့ကို ညီညွတ်စွာ ပြုပြီးလျှင် လိပ်၍ ပခုံး ၁-ဖက်တင်သဖြင့် ရုံအပ်၏-ဟု အယူဝါဒရှိသဖြင့် တပည့်လက်သားတို့အား ဩဝါဒပေး၍ ရုံစေကုန်၏။ ထိုအယူဝါဒသည် ဝိနည်းကျမ်းဂန်တို့၌လာသော စကားရပ်နှင့် ညီ, မညီကို သိလိုပါသည်။ ဝိနည်းကျမ်းဂန်တို့၌ မည်သို့ လာရှိသည်-ဟု ဝိနိစ္ဆယကို ရေးသနား စေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်ရာ၌ လဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့ မှတ်သားရန် ဝိနည်းကျမ်းဂန်တို့၌ လာသည့်အတိုင်း ရေးလိုက်အံ့။

ပါရုပန-သည် ပရိမဏ္ဍလပါရုပန, သုပ္ပဋိစ္ဆန္နပါရုပန-ဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် **ပရိမဏ္ဍလပါရုပနကို**–

ဂိဟိပါရုတံ အပါရုပိတွာ ဥဘော ကဏ္ဏေ သမံ ကတွာ ပါရုပန် ပရိမဏ္ဍလပါရုပန် နာမ။

ဟူသော ကခ်ီဝိတရဏီအဋ္ဌကထာ (၂၇၈)ပါဠိ၌ "ဥဘော ကဏ္ဏေ သမံ ကတွာ"ဟူသော ဝါကျ နောင် 'ပဋိသယ်ရိတွာ'-ဟူသော ဝါကျသည် မရှိရကား ၂-ဖက်အစွန်းတို့ကို မလိပ်မူ၍ လက်ဝဲပခုံးစွန်း၌ သင်္ကန်းကို တင်၍ ကျောက်ကုန်း၏အနီးဖြစ်သော နံပါး၌လည်းကောင်း, ဝမ်း၏အနီးဖြစ်သော နံပါး၌လည်းကောင်း တွဲလျားကျကုန်သော ၂-ဖက်အစွန်းတို့ကို ဆင်၏ကျောက်ကုန်း၌ တွဲလျားကျသော ခေါင်းလောင်း, ဆည်းလည်းကဲ့သို့ ညီညွတ်စွာ ပြု၍ ဥတ္တရာသင်္ကိစ္စ၏အဖြစ်ဖြင့် ရုံအပ်၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

ပါရုပိတမ္ပန္တိ ဥတ္တရာသင်္ကိစ္စဝသေန ဝုတ္တံ။ – ဟူသော ဝဇိရဗုဒ္ဓိဋီကာ(၃၄၅),

http://www.dhammadownload.com

ဧကံသန္တိ ဧကော အံသော အဿ စီဝရဿာတိ ဝိဂ္ဂဟော။ ကြိယာဝိသေသနံ ဝါ ဘုမ္မတ္ထေ ဝါ ဥပယောဂဝစနံ၊ ဧကသ္မိံ အံသေတိ အတ္ထော။ –

ဟူသော ခုဒ္ဒသိက္ခာဋီကာသစ် (၃၅၉),

ဥဘော ကဏ္ဏေ(ကောဏေ) သမံ ကတ္တာ(ဝိနယဝိနိစ္ဆယ၊၆။၁၇၄)တိ ပါရုပနဿ ဧကံသေ ကတဿ ပိဋ္ဌိပသေ ဥဒရပသေ စ သြလမ္ဗမာနေ ဥဘော ကဏ္ဏေ ဟတ္ထိပိဋ္ဌေ ယဏ္ဏာ(ဂဏ္ဍာ) ဝိယ သမံ ကတ္တာ။ –

ဟူသော ဝိနယဝိနိစ္ဆယဋီကာ(၂။၉-၁၀),

ဟတ္ထိပိဋ္ဌေ လမ္ဗယဏ္ဏာ ဝိယ ဥဘော ကဏ္ဏေ သမံ ကတ္တာ ဝါမအံသကုဋေ့ စီဝရံ သဏ္ဌာပေတ္တာ ဧကတော အနောလမ္ဗေတ္တာ ပရိမဏ္ဍလံ ပါရုပ်ိတုံ ဝဋ္ဋတိ။ –

ဟူသော သိက္ခာပဒဝဏ္ဏန,

ဧကံသံ ဥတ္တရာသင်္ဃံ ကရိတ္တာတိ ဧကသ္မိံ အံသေ သာဓုကံ ဥတ္တရာသင်္ဃံ ကတ္တာတိ အတ္ထော၊ ဧကံသံ စီဝရံ ကတ္တာတိ ဧတ္ထ ပန ပုန သဏ္ဌာပနဝသေန (ဧဝံ) ဝုတ္တံ။ ဧကံသန္တိ စ ဝါမံသံ ပါရုပိတ္တာ ဌိတသ္သေဝေတံ အဓိဝစနံ။ ယတော ယထာ ဝါမံသံ ပါရုပိတ္တာ ဌိတံ ဟောတိ။ တထာ စီဝရံ ကတ္တာ ဧဝမဿ အတ္ထော ဝေဒိတဗ္ဗော။ –

ဟူသော ဝဇီသသုတ်အဋ္ဌကထာ, (နိက္ခေဓပသုတ်။ သုတ္တနိ၊၁၄၊ ၂။၇၉-၈၀။ထောက် ဝိသဒိသံ)

ဧကံသံ ဥတ္တရာသင်္ဃံ သာဓုကံ ကရိတ္တာ ပါရုပနသဒိ်တာ သိက္ခာ ပူရေတဗ္ဗာတိ။ ဧကံသန္တိ ဧကသ္မိံ ဝါမေ အံသေ ခန္ဓေ။ –

ဟူသော ပါတိမောက္ခပဒဋ္ဌအနုဝဏ္ဏနာ(၂၉၇)၊

ဤဆိုအပ်ပြီးသော ဝိနည်းကျမ်းဂန်တို့ကို ထောက်သဖြင့် သိအပ်၏။

ယင်းသို့ ပရိမဏ္ဍလပါရုပန-ကိုကား ကျောင်းဝယ် သံဃာစည်းဝေးသောကာလ, ဘုရားအား ပူဇော်လို၍ ဆည်းကပ်သောကာလ-စသည်တို့၌လည်းကောင်း၊ ရွာတွင်းသို့ နေလို၍ ကပ်သော ဝါသုပကတရဟန်းသည် ရွာတွင်း၌နေသော ကာလ၌လည်းကောင်း ရုံအပ်၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

ဝိဟာရေပိတိ ဗုဒ္ဓုပဋ္ဌာနာဒိကာလေ။ - ဟူသော ဝဇိရဗုဒ္ဓိဋီကာ(၃၄၅),

ဝိဟာရေပိတိ ဗုဒ္ဓုပဋ္ဌာနာဒိကာလံ သန္ဓာယ ဝုတ္တံ–ဟူသော သာရတ္ထဒီပနီ(၃။၁၀၅),

http://www.dhammadownload.com

ဝိဟာရေတိပိ သံဃသန္နိပါတဗုဒ္ဓပဋ္ဌာနာဒိကာလံ သန္ဓာယ ဝုတ္တံ။ –

ဟူသော ဝိမတိဝိနောဒနီဋီကာ(၂။၆၁),

အာရာမေ ဝါတိ ဗုဒ္ဓုပဋ္ဌာနာဒိကာလံ သန္ဓာယ ဝုတ္တံ။ –

ယူသော ကင်္ခါဝိတရဏီအဘိဋီကာ(၄၃၇),

အာရာမေပိ သံဃသန္နိပါတဗုဒ္ဓုပဋ္ဌာနာဒိကာလေ။ –

ဟူသော ပါတိမောက္ခဝဏ္ဏ အနုဝဏ္ဏနာ(၂၉၇),

ဝိဝရိတွာ နိသီဒတောတိ ဝိဟာရေ ဝိယ ဧကံသပါရုပနံ သန္ဓာယ ဝုတ္တံ။

ဟူသော ဝိမတိဋီကာ(၂။၆၁)။

ဤဆိုအပ်ပြီးသော ဝိနည်းကျမ်းဂန်တို့ကို ထောက်သဖြင့် သိအပ်၏။ "သုပ္ပဋိဗ္ဗန္န-ပါရုပန"ကိုကား ၂-ဖက်သော အစွန်းတို့ကို ညီညွတ်စွာ ပြုပြီးလျှင် လိပ်ခြင်း-စသည်တို့ကို ပြု၍သာ ရုံအပ်၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

သုပ္ပဋိဗ္ဗန္နောတိ သုဋ္ဌု ပဋိဗ္ဗန္နော၊ ဂဏ္ဌိကံ ပဋိမုဉ္စိတွာ အနုဝါတန္တေန ဂိဝံ ပဋိစ္ဆာဒေတွာ ဥဘော ကဏ္ဏေ သမံ ကတွာ ပဋိသယံရိတွာ ယာဝ မဏိဗန္ဓံ ပဋိစ္ဆာဒေတွာ အန္တရယရေ ဂမိဿာမိတိ အတ္ထော။ –

ဟူသော ကင်္ခါဝိတရဏီအဋ္ဌကထာ (၂၇၉),

ဂါမပွဝေသနာဒိကာလေ သံဃာဋိယော သဂုဏံ ကတွာ ဂိဝဉ္စ မဏိဗန္ဓဉ္စ အနုဝါတန္တေန ပဋိစ္ဆာဒေတွာ ဇာဏုမဏ္ဍလတော ဟေဋ္ဌာ ပကတျာဂုံလေန စတုရဂုံလမတ္တံ ဩတာရေတွာ အနောလမွေတွာ ဥဘော ကဏ္ဏေ သမံ ကတွာ ပဋိသံဟရိတွာ ဂဏ္ဌိကံ ပါသကေ ပဋိမုဉ္စိတွာ ပါရုပနသင်္ခါတာ သိက္ခာ အာဒရေန ပူရေတဗ္ဗာ။ –

ဟူသော ပါတိမောက္ခဝဏ္ဏအနုဝဏ္ဏနာ(၂၉၇)၊

ဤဆိုအပ်ပြီးသော ဝိနည်းကျမ်းဂန်တို့ကို ထောက်သဖြင့် သိအပ်၏။ ဧကေဆရာတို့အား ယခင်ဆောင်ပြအပ်သော–

ဟတ္ထိပိဋ္ဌေ လမ္ဗယန္တော ဝိယ ဥဘော ကဏ္ဏေ သမံ ကတွာ ဝါမဘံသကုဋ္ဌေ စီဝရံ သဏ္ဌပေတွာ ဧကတော အနောလမွတော ပရိမဏ္ဍလံ ပါရုပိတုံ ဝဋ္ဋတိ။

http://www.dhammadownload.com

ဟူသော သိက္ခာပဒဝလဉ္ဇနပါဠိကို ကျမ်းတပါးတို့၌လာသော စကားရပ်တို့နှင့် မနှီးနှော မည်ရိုင်းမူ၍ သဒ္ဒက္ကမအားဖြင့် ယောဇနာ၍ မသင့်သောအားဖြင့် အနက်ကို ယူပြီးလျှင် သင်္ကန်းကို လိပ်၍ လက်ဝဲပခုံး ၁-ဖက်၌ တင်၍ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်း၍ ဧကံသပါရုပန-ကို မိမိတို့လည်း ပြုကုန်၏။ တပည့်သားတို့အားလည်း နည်းဥပဒေသပေး၍ ပြုစေကုန်၏။ ထိုဧကေဆရာတို့၏ အယူဝါဒသည် မသင့်။

အဘယ်ကြောင့် မသင့်သနည်းဟူမူ ထိုသို့ မိမိတို့အယူဝါဒအတိုင်း ဧကံသပါရုပန-ကို ပြုစေလိုမူ သုပ္ပဋိစ္ဆန္နပါရုပနသိက္ခာပုဒ်ကဲ့သို့ ပရိမဏ္ဍလပါရုပနသိက္ခာပုဒ်၌လည်း "ဥဘော ကဏ္ဏေ သမံ ကတွာ ပဋိသဃ်ရိတွာ(*ပဋိသံဟရိတွာ*) ယာဝ မဏိဗန္ဓံ ပဋိစ္ဆာဒေတွာ"ဟူ၍ အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၁၆၂)ဝယ် ဝါကျအပြည့်အစုံ ပြရှိရာ၏။ ယင်းသို့ မရှိမူ၍ "ဥဘော ကဏ္ဏေ သမံ ကတွာ ပါရုပနဝတ္ထံ ပူရေန္တေန ပရိမဏ္ဍလံ ပါရုပိတဗ္ဗံ"ဟူ၍သာ ပရိမဏ္ဍလပါရုပနသိက္ခာပုဒ်၏အဖွင့်ဖြစ်သော အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၁၆၂)၌ လာရှိရကား ထိုဧကေဆရာတို့၏ အယူဝါဒသည် မသင့်။ ထိုဧကေဆရာတို့ ကိုးစားအမှီပြုသော သိက္ခာပဒဝလဉ္ဇနပါဠိကိုလည်း–

> သုပ္ပဋိစ္ဆန္နေနာတိ နံ သိသပါရုတေန(*နံ သသီသံ ပါရုတေန*) အထခေါ ဂဏ္ဌိကံ ပဋိမုဉ္စိတွာ အနုဝါတန္တေန ဂီဝံ ပဋိစ္ဆာဒေတွာ ဥဘော ကဏ္ဏေ သမံ ကတွာ ပဋိသံဟရိတွာ ယာဝ မဏိဗန္ဓံ ပဋိစ္ဆာဒေတွာ အန္တရယရေ ဂန္တ်ဗ္ဗံ။

ဟူသော အဋ္ဌကထာပါဠိ(ဝိ၊ဋ္ဌ၊၃၊၁၆၂)၌ သဒ္ဒက္ကမအားဖြင့် အတ္ထယောဇနာ မပြုမူ၍ အတ္ထက္ကမအားဖြင့်သာ အတ္ထယောဇနာ ပြုသင့်သကဲ့သို့–

ဝါမအံသကုဋ္ဌေ၊ လက်ဝဲပခုံးစွန်း၌။ စီဝရံ၊ သင်္ကန်းကို။ သဏ္ဌာပေတွာ၊ ကောင်းစွာ တင်ထား၍။ ဧကတော၊ ရှေ့အစွန်း, နောက်အစွန်းတစ်ဖက်မှ ဝမ်း၏အနီးဖြစ်သော နံပါး, ကျောက်ကုန်း၏အနီးဖြစ်သော နံပါး၌ တွဲလျားကျသော အစွန်းတစ်ဖက်ဖက်မှ။ အနော-လမွေတွာ၊ တွဲလျားမကျစေမူ၍။ ဝါ၊ မရှည်စေမူ၍။ ဥဘော ကဏ္ဏေ၊ ၂-ခုသော အစွန်း တို့ကို။

တစ်နည်းကား ဧကတော၊ ဝမ်း၏အနီးဖြစ်သော နံပါး၌ တွဲလျားကျသော အစွန်း ၁-ခုကို။ အနောလမွေတွာ၊ ကျောက်ကုန်း၏အနီးဖြစ်သော နံပါး၌ တွဲလျားကျသော နောက် အစွန်း ၁-ခုထက် မရှည်စေမူ၍။ ဥဘော ကဏ္ဏေ၊ ၂-ခုသော အစွန်းတို့ကို။

တစ်နည်းကား ဧကတော၊ ရှေ့အစွန်း ၁-ခုကို။ အနောလမွေတွာ၊ နောက်အစွန်း ၁-ခုထက် မရှည်စေမူ၍။ ဥဘော ကဏ္ဏေ၊ ကျောက်ကုန်းဖြစ်သော နံပါး, ဝမ်း၏အနီး ဖြစ်သော နံပါး၌ တွဲလျားကျကုန်သော ၂-ခုသော အစွန်းတို့ကို။ ဟတ္ထိပိဋ္ဌေ၊ ဆင်၏ကျောက်

http://www.dhammadownload.com

ကုန်း၌။ လမ္မယက္ကာ ဝိယ၊ တွဲလျားကျသော ခေါင်းလောင်း,ဆည်းလည်းကဲ့သို့။ သမံ ကတွာ၊ ညီညွတ်စွာပြု၍။ ပါရုပိတုံ၊ ရုံခြင်းငှာ။ ဝါ၊ ရုံခြင်းသည်။ ဝဋ္ဋတိ၊ အပ်၏။ ဝါ၊ သင့်၏။

ဤသို့ ဧကတော-၌ ဧက-သဒ္ဒါကို ဧကသိသ်ကြဲ၍လည်းကောင်း, တောပစ္စည်းကို "အန္တရာယေ အသေသတော"၌ကဲ့သို့ ဥပယောဂတ္ထ ကြဲ၍လည်းကောင်း အတ္ထက္ကမအားဖြင့်သာ ယောဇနာ ရာ၏။ ဤသို့ ယောဇနာမှသာ ယခင်ပြဆိုအပ်ပြီးသော ဝဇိရဗုဒ္ဓိဋီကာ-စသည်တို့နှင့် ဂဂီရေသည် ယမုနာ-စသော ရေတို့နှင့် ရောနှောဘိသက်သဲ့သို့ အဓိပ္ပါယ်မတိမ်း မယိမ်း ရောနှောရာသည်။ ကျမ်းဂန်သိမြင်တော်မူကုန်သော လဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်အရှင်မြတ်တို့သည်လည်း ယခင်ပြဆိုအပ်သော ဋီကာတို့၌ လာသည့်အတိုင်းသာ ဧကံသပါရုပနကို ပြုတော်မူကြကုန်သည်။ ထို့ကြောင့် ထိုဧကေဆရာတို့၏ အယူဝါဒသည်လည်း ဝိပရိတဒဿနဟိတဝါဒ ဖြစ်သည်-ဟု မှတ်ယူသင့်သည်။ ဧကစ္ဆေဆရာတို့ကား–

> **ယထာ စ ပါဠိကာရကော ဘိက္ခု ဧကံသပါရုပနေန ပါရုတံ ဝါမဟဟံ ဝိဝရိတ္တာ စီဝရံ အံသကုဋံ အာရောပေတိ။ ဧဝံ အပါရုပိတ္တာ။ –**

ဟူသော စူဠဝါအဋ္ဌကထာ (၅၅)ပါဠိကို မသင့်သောအားဖြင့် စွဲလမ်း၍ ယခုကာလ ရဟန်းတို့၏ ဧကံသ ဥတ္တရာသင်္ဃပါရုပနသည် ရဟန်းတို့၏ သီတင်းကြီးစဉ်အတိုင်း အစဉ်ကို တည်စေသော ပါဠိကာရကရဟန်းတို့၏ ရုံသကဲ့သို့ ရုံရကား မအပ်-ဟု အပြစ်တင်ဆိုကုန်၏။

ထိုဧကစ္ဆေဆရာတို့ အပြစ်တင်ဆိုခြင်းသည် ယခုကာလ ရုံအပ်သော ဧကံသ ဥတ္တရာသင်္ဃပါရုပနသည် လက်ဝဲလက်မောင်းကို ဖုံးလွှမ်း၍ ရုံရကား မိမိတို့ ကိုးစားစွဲလမ်းသော အဋ္ဌကထာ၌ အကျုံးဝင်သော "ဝါမဟဟံ ဝိဝရိတ္တာ"ဟူသော ဝါကျနှင့် ဆန့်ကျင်သောကြောင့် "မြင်းကို စီး၍ ထီး,မ-မသိ"ဟူဘိ၏သို့ ပါဠိသဘော, အဋ္ဌကထာသဘောကို မသိ, မမြင်သည်ဖြစ်၍သာ အပြစ်တင်ဆိုခြင်းဖြစ်သည်-ဟု မှတ်သင့်သည်။

အပရေဆရာတို့ကား စီဝရက္ခန္ဓကအဋ္ဌကထာ(၀။၄၊၃။၄၀၉)၌လာသော–

> ဗာဟန္တိန္တိ သုပ္ပမာဏံ စီဝရံ ပါရုပေန္တေန သံဟရိတ္တာ ဗာဟာယ ဥပရိ ဌပိတာ ဥဘော အန္တာ ဗဟိမုခါ တိဋ္ဌန္တိ၊ တေသံ ဧတံ နာမံ။

ဟူသော ပါဠိကို ယခင်ပြဆိုအပ်ပြီးသော အဋ္ဌကထာ, ဋီကာတို့၌လာသော စကားရပ်တို့အားရှေ့,နောက် မနှိုးနှောမူ၍ မသင့်သောအားဖြင့် အနက်အဓိပ္ပါယ်ကို ယူ၍ ယခုကာလ ရဟန်းတို့ ဧကံသပါရုပန ဥတ္တရာသင်္ဃကိစ္စသည် စီဝရက္ခန္ဓကဋ္ဌလာသော စကားရပ်နှင့် မညီ-ဟူ၍ အပြစ်တင်ဆိုကြကုန်၏။

http://www.dhammadownload.com

ထိုသို့ စီဝရကွန္ဓကအဋ္ဌကထာ၌ "သုပ္ပမာဏံ စီဝရံ ပါရုပေန္တေန သံဟရိတွာ"ဟူ၍ လာသော်လည်း အောက်ပရိမဏ္ဍလပါရုပနသိက္ခာပုဒ်၏ အဖွင့်၌ ပဋိသံဟရိတွာ-ဟူသော ပါဠိသည် မရှိ။ သုပ္ပဇိဋ္ဌန္ဓပါရုပနသိက္ခာပုဒ်၏အဖွင့်၌သာ ပဋိသံဟရိတွာ-ဟူသော ပါဠိသည် ရှိရကား ဤ၌လည်း သံဟရိတွာ-ဟူသော သဒ္ဒါကို ထောက်သဖြင့် ပါရုပေန္တေန၏အရကို ဧကံသ ပါရုပနကို မယူသင့်။ သုပ္ပဇိဋ္ဌန္ဓပါရုပန-ကိုသာ ယူသင့်သည်ဖြစ်၍ သုပ္ပဇိဋ္ဌန္ဓသိက္ခာပုဒ်နှင့်ညီစွာ ကောင်းသောပမာဏရှိသော သင်္ကန်းကို ရုံသောရဟန်းသည် အစွန်း ၂-ဖက်တို့ကို ထပ်လိပ်၍ လက်မောင်း၏အထက်၌ ထားအပ်သည်ရှိသော် အစွန်း ၂-ဖက်တို့သည် အပသို့ ရှေးရှုတည်ကုန်ရကား ဗာဟန္တ-ဟူသော အမည်သည် ထိုအစွန်း ၂-ဖက်ကို ထပ်၍ လိပ်အပ်သော လက်လိပ်အနားပတ်တို့၏ အမည်တည်း-ဟူ၍ ဗာဟန္တ၏အမည်ကိုသာ ပြဆိုသော စကားရပ် ဖြစ်သည်။ ဧကံသ ပါရုပနကို ပြဆိုသော စကားရပ် မဟုတ်။

ထို့ကြောင့် စီဝရကွန္ဓကဋ္ဌလာသော စကားရပ်တို့ကို ကိုးစားအမှီပြု၍ ထိုအပရေဆရာတို့ အပြစ်တင်ဆိုခြင်းသည် "ခုတ်ရာ တပါး၊ ရှရာတခြား"ဟူဘိ၏သို့ ဧကံသပါရုပနကို ပြဆိုသော အရာမဟုတ်။ ဗာဟန္တကို ပြဆိုသော အရာဖြစ်ရကား ဝိနည်းကျမ်းဂန်တတ်သိလိမ္မာတော်မူကုန်သော ဆရာမြတ်တို့ အထံမှ လဒ္ဓေါပဒေသ ကင်းခြင်းကြောင့် မိမိအရာဌာန၌ မလိမ္မာသည်ဖြစ်၍သာ အပြစ်တင်ဆိုခြင်းရှိသည်-ဟု မှတ်သင့်သည်။

ကေစိဆရာတို့ကား ယိုးဒယားပြည်မှ လာသောရဟန်း, သီဟိုဠ်ကျွန်းမှ လာသောရဟန်းတို့သည် သင်္ကန်းကို လိပ်ပြီးလျှင် လက်ဝဲပခုံးစွန်းတစ်ဖက်၌ တင်၍ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်း၍ ဧကံသ ပါရုပနပြုသည်ကို ထောက်ထားကိုးစားပြု၍ ထိုရဟန်းတို့ကဲ့သို့ ဧကံသပါရုပနကို သင့်၏-ဟု ဩဝါဒပေးကုန်၏။ ထိုသို့ ဩဝါဒပေးခြင်းသည် ထိုပြည်, ထိုကျွန်း၌ ယခုကာလရှိကုန်သော ရဟန်းတို့သည် ရှေးအနော်ရထာမင်းတို့၏ လက်ထက်၌ သီဟိုဠ်ကျွန်းမှ လာရောက်ကုန်သော ရဟန်းတို့ကဲ့သို့ ကျမ်းဂန်သိမြင်ကုန်သောရဟန်းတို့ မဟုတ်ရကား ငါတို့ မြန်မာနိုင်ငံ၌ သီတင်းသုံးနေတော်မူကုန်သော, ကျမ်းဂန်သိမြင်တော်မူကုန်သော, လဇ္ဇီပေသလ သိက္ခာကာမဖြစ်တော်မူကုန်သော ဆရာမြတ်တို့ ဝတ်ရုံသုံးဆောင်ခြင်းကိုသာ ပမာဏမူသင့်သည်ဖြစ်၍ မသင့်သော ဝါဒ ဖြစ်သည်-ဟု မှတ်ယူသင့်သည် တပည့် ရှင်ဓမ္မာဘိနန္ဒ။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် သုပ္ပဇိဋ္ဌန္ဓပါရုပနဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{၁၃} စီဝရဂုဏဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ပညာသီရိ လျှောက်ဝံ့ပါသည်။ ကျေးဇူးရှင်ဆရာတော် ဘုရား။ အချို့သော ရဟန်းတို့သည် ဆိုးရည်၌ ကုက္ကုစ္စသံသယရှိသဖြင့် သက္ကလတ်သင်္ကန်း ကို မိမိတို့လည်း မသုံးဆောင်ကုန်။ သဒ္ဓိဝိဟာရိက, အန္တေဝါသိကတပည့်တို့အားလည်း မသုံးဆောင်စေကုန်။ ထိုသို့ ကုက္ကုစ္စသံသယရှိခြင်းသည် သင့်မည်, မသင့်မည်ကို သိလိုပါ သည်။ ဝိနိစ္ဆယကို ရေးပေးသနားတော်မူပါမည့်အကြောင်းကို လျှောက်တောင်းပါသည် ကျေးဇူးရှင်ဆရာတော် အရှင်သူမြတ်ဘုရား"။

လျှောက်တောင်းပန်ရာ၌ မိန့်ဆိုလိုက်သည်ကား ရဟန်းတို့ ဝတ်ရုံသုံးဆောင်ခြင်း ၌ အပ်သောသင်္ကန်းသည်-

၁ခေါမသင်္ကန်း, ၂ကပ္ပါသသင်္ကန်း, ၃ကောသေယျသင်္ကန်း,
၄ကမ္ဗလသင်္ကန်း, ၅သာဏသင်္ကန်း, ၆ဘင်္ဂသင်္ကန်း၊

ဤသို့ ဇာတ်အားဖြင့် အလျော်အဟပ်နှင့်တကွ ၆-ထည် အပြားရှိ၏။ ဤသို့ ဆိုလိုကြောင်း ကိုကား-

အနုဇာနာမိ ဘိက္ခဝေ ဆ စီဝရာနိ ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂန္တိ။

ဟူသော မဟာဝါစီဝရက္ခန္ဓကပါဠိတော် (၃၉၄)ကို ထောက်၍လည်းကောင်း,

ဆန္နံ စီဝရာနံ အညတရန္တိ ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂန္တိ ဣမေသံ ဆန္နံ စီဝရာနံ အညတရံ။ -

ဟူသော သမန္တပါသာဒိကအဋ္ဌကထာပါဠိ (၀၊၄၊၂၂၁)ကို ထောက်၍လည်းကောင်း,

http://www.dhammadownload.com

(အတိရေက် စီဝရန္တိ)အတိရေကစီဝရံ၊ စီဝရံ နာမ ခေါမံ ကပ္ပါသိကံ် ကောသေယျံ ကမ္မလံ် သာဏံ် ဘင်္ဂံ် ဇတေသံ ဝါ တဒုဘယလောမာနံ် ဝါ အညတရံ။ –

ဟူသော ကခ်ီဝိတရဏီအဋ္ဌကထာပါဠ်(၁၅၃)ကို ထောက်၍လည်းကောင်း,

ခေါမ ကောသေယျကပ္ပါသ-သာဏဘင်္ဂိနိ ကမ္မလံ်။
ကပ္ပိယာနိ ဆဋ္ဌေ'တာနိ၊ သာဒုလောမာနိ ဇာတိတော။ ။ –

ဟူသော ခုဒ္ဒသိက္ခာလက်သန်းအဋ္ဌကထာပါဠ် (နှာ-၅။ဂါ။၃၀)ကို ထောက်၍လည်းကောင်း,

ခေါမံ ကပ္ပါသကောသေယျံ၊ သာဏံ ဘင်္ဂံ ကမ္မလံ်။
စီဝရံ ဆဋ္ဌိဓံ ဝုတ္တံ၊ ဇာတိတော ပန ကပ္ပိယံ်။ ။ –

ဟူသော ဝိနယဝိနိစ္ဆယအဋ္ဌကထာပါဠ် (နှာ-၅၃။ ဂါ။၅၅၀)ကို ထောက်၍လည်းကောင်း သိအပ်၏။

ထို ၆-ထည်သော သင်္ကန်းတို့တွင်–

- ခေါမချည်ဖြင့် ရက်အပ်သော ပုဆိုးသည် **ခေါမသင်္ကန်း** မည်၏။
- ဝါချည်ဖြင့် ရက်အပ်သော ပုဆိုးသည် **ကပ္ပါသသင်္ကန်း** မည်၏။
- ပိုးချည်ဖြင့် ရက်အပ်သော ပုဆိုးသည် **ကောသေယျသင်္ကန်း** မည်၏။
- လူမွေး,သားမွေးတို့ကို ထား၍ ကြွင်းသော သားမွေးကို ပြုအပ်သော ပုဆိုးသည် **ကမ္မလသင်္ကန်း** မည်၏။
- ပိုက်ဆန်လျှော်ဖြင့် ရက်အပ်သော ပုဆိုးသည် **သာဏသင်္ကန်း** မည်၏။
- ခေါမ-အစရှိသော ချည် ၅-ပါးတို့ဖြင့် ရက်အပ်သော ပုဆိုးသည် **ဘင်္ဂသင်္ကန်း** မည်၏။ တစ်နည်းကား ကေစိဝါဒအားဖြင့် လျှော်ဖြင့်ပြီးသော သင်္ကန်းသည် **ဘင်္ဂသင်္ကန်း** မည်၏။

ဤသို့ ဆိုလိုကြောင်းကိုကား–

ခေါမန္တိ ခေါမသုတ္တေဟိ ဝါယိတံ် ခေါမပဋ္ဋစီဝရံ၊ တထာ သေသာနိ။ ကမ္မလန္တိ ဧဠကာဒီနံ် လောမမယသုတ္တေန ဝါယိတပဋ္ဌံ။ သာဏန္တိ သာဏဝါကသုတ္တေဟိ ကတစီဝရံ။ ဘင်္ဂန္တိ ခေါမသုတ္တာဒီနိ သင်္ဂါနိ ဇကစ္စာနိ ဝါ မိဿေတွာ ကတစီဝရံ။ ဘင်္ဂမ်ပိ ဝါကမယမေဝါတိ ကေစိ။

http://www.dhammadownload.com

ဟူသော တေရသကဏ်ဍီကာပါဠိ (သာရတ္ထ၊ ၂။၃၈၅။ထောက် ဝိသဒိသဲ)ကို ထောက်၍လည်း ကောင်း,

> ခေါမန္တိ ခေါမသုတ္တေဟိ ဝါယိတံ ခေါမပဋ္ဋစီဝရံ၊ တံ ဝါကမယန္တိ ဝဒန္တိ။ ကပ္ပါသ-သုတ္တေဟိ ဝါယိတံ ကပ္ပါသိကံ။ ဧဝံ သေသာနိပိ၊ ကမ္မလန္တိ ဧဠကာဒီနံ လောမ-မယသုတ္တေန ဝါယိတပဋ္ဋံ။ သာဏန္တိ သာဏဝါကသုတ္တေဟိ ကတစီဝရံ။ ဘင်္ဂန္တိ ခေါမသုတ္တာဒီနိ သင်္ဃာနိ, ဧကစ္စာနိ ဝါ မိဿေတွာ ဝါယိတံ စီဝရံ။ ဘင်္ဂမ်ပိ ဝါကမယ-မေဝါတိ ကေစိ။

ဟူသော ဝိမတိဝိနောဒနိဋီကာပါဠိ (၁။၃၁၀။ထောက် ဝိသဒိသဲ)ကို ထောက်၍လည်းကောင်း,

> ခေါမန္တိ ခေါမသုတ္တေဟိ ဝါယိတံ ခေါမပဋ္ဋစီဝရံ။ တထာ သေသာနိ။ ကမ္မလံ နာမ မနုဿလောမဝါဠလောမေ ဌပေတွာ သေသလောမေဟိ ဝါယိတွာ ကတ-ဝတ္ထံ။ သာဏံ နာမ သာဏဝါကေဟိ ကတဝတ္ထံ။ ဘင်္ဂီ နာမ ခေါမသုတ္တာဒီဟိ ပဋ္ဌဟိ မိဿေတွာ ကတဝတ္ထံ။ ပါဠေက္ကံ ဝါကမယမေဝါတိပိ ဝဒန္တိ။ –

ဟူသော ဝိနယတ္ထမဉ္ဇူသာဋီကာ(ကခ်ီဋီကာသစ်)ပါဠိကို ထောက်၍လည်းကောင်း,

> တတ္ထ ခေါမန္တိ ဂဒ္ဓဇာတိ။ ဥပစာရတော ပန ခေါမေန ခေါမသုတ္တေန ဝါယိတန္တိ တဒ္ဓိတေန ဥပစာရေန ဝါ ခေါမံ ခေါမပဋ္ဋစီဝရံ၊ တထာ အဝသေသာနိ။ သာဏံ သာဏဝါကသုတ္တေဟိ ဝါယိတံ စီဝရံ။ ဘင်္ဂီ ခေါမသုတ္တာဒီနိ သင်္ဃာနိ ဧကစ္စာနိ ဝါ ဝေါမိဿေတွာ ဝါယိတစီဝရံ။ ဝါကမယမေဝါတိ ကေစိ။ ကမ္မလန္တိ မနုဿလောမံ ဝါဠလောမဉ္စ ဌပေတွာ သေသလောမေဟိ ဝါယိတံ။ –

ဟူသော သုမင်္ဂလပသာဒနီမည်သော ခုဒ္ဒသိက္ခာအဘိနဝဋီကာပါဠိ (၂၇၀)ကို ထောက်၍ လည်းကောင်း,

> ခေါမန္တိ ဧဝံ နာမကံ စီဝရံ၊ ခေါမန္တိ ဂဒ္ဓဝိသေသဿ နာမံ၊ တဿ ဝါကေဟိ ကတစီဝရံ၊ ကာရဏောပစာရဝေါဟာရဝသေန "ခေါမ"န္တိ ဝုတ္တံ။ ကပ္ပါသန္တိ ကပ္ပါသ-သုတ္တမယံ စီဝရံ။ ဣဒမ်ပိ ဝုတ္တနယေန "ကပ္ပါသ"န္တိ ဝုစ္စတိ။ ကောသေယ္ယံ နာမ ကောသကာရကိမိကောသံ၊ ကောသေန နိဗ္ဗတ္တံ သုတ္တံ ကောသေယ္ယံ။ ဣဓ ပန တေန ကောသေယ္ယသုတ္တေန နိဗ္ဗတ္တံ စီဝရံ "ကောသေယ္ယ"န္တိ ဝုတ္တံ။ သာဏန္တိ သာဏဝါကသုတ္တေဟိ ဝါယိတွာ ကတစီဝရံ။ ဣဒဉ္စ ခေါမံ ဝိယ ဒဠ္ဠတ္တံ။ ဘင်္ဂန္တိ ခေါမသုတ္တာဒီနိ သင်္ဃာနိ, ဧကစ္စာနိ ဝါ မိဿေတွာ ကတစီဝရံ။ ဣဒံ ကရဏပ္ပ-ကာရေန လဒ္ဓနာမကံ။ "ဘင်္ဂီ နာမ ဧကော ဂဒ္ဓဇာတိ။ တဿာ ဝါကမယသုတ္တေဟိ

http://www.dhammadownload.com

ဝါယိတွာ ကတစီဝရ"နွှဲ့ ကေစိ။ ဣမသ္မိံ ပက္ခေ ခေါမံ ဝိယ ဂဟေတဗ္ဗံ။ ကမ္မလဒ္ဓိ မနုဿလောမဝါဠလောမံ ဝိနာ သေသလောမေဟိ ဝါယိတွာ ကတစီဝရံ။

ဟူသော ဝိနယဝိနိစ္ဆယဋီကာပါဠိ (၁။၂၆၈)ကို ထောက်၍လည်းကောင်း သိအပ်၏။

ထို ၆-ထည်သော သင်္ကန်းအား လျော်သောသင်္ကန်းတို့သည်-

[1]ဒုကူလသင်္ကန်း, [2]ပဉ္ဆုဏ္ဏသင်္ကန်း, [3]သောမာရသင်္ကန်း,
[4]စိနသင်္ကန်း, [5]ဣဿိဒ္ဓိဇသင်္ကန်း, [6]ဒေဝဒိန္နသင်္ကန်း-

ဟူ၍ ၆-ပါး အပြားရှိ၏။ ဤသို့ ဆိုလိုကြောင်းကိုကား-

ဘဂဝတာ ဆ စီဝရာနိ အနုညာတာနိ။ ဓမ္မသင်္ဂီဟကတ္ထေရေဟိ တေသံ အနုလောမာနိ ဒုကူလံ, ပဉ္ဆုဏ္ဏံ(ပတ္ထုဏ္ဏံ), စိနပဋ္ဋံ(စိနပဋ္ဋံ), သောမာရပဋ္ဋံ, ဣဿိဓမယိကံ, ဒေဝဒတ္တိယန္တိ အပရာနိ ဆ အနုညာတာနိ။ -

ဟူသော မဟာဝါဘေသဇ္ဇက္ခန္ဓကအဋ္ဌကထာပါဠိ(၀ိဋ္ဌ၃။၃၈၅)ကို ထောက်၍လည်းကောင်း,

ဒုကူလံ ပဉ္ဆုဏ္ဏံ (ပတ္ထုဏ္ဏံ) သောမာရပဋ္ဋံ စိနပဋ္ဋံ ဣဿိဇံ ဒေဝဒိန္နန္တိ ဣမာနိ ပန ဆ စီဝရာနိ ဧတေသံယေဝ အနုလောမာနိတိ ဝိသုံ န ဝုတ္တာနိ။ -

ဟူသော တေရသကဏ်ဋီကာပါဠိ (သာရတ္ထ၊ဋီ၊၂။၃၈၅)ကို ထောက်၍လည်းကောင်း,

ဒုကူလံ ပဉ္ဆုဏ္ဏံ(ပဉ္ဆုဏ္ဏံ) သောမာရပဋ္ဋံ စိနပဋ္ဋံ ဣဿိဇံ ဒေဝဒိန္နန္တိ ဣမာနိ ပန ဆ စီဝရာနိ ဧတေသံယေဝ အနုလောမာနိတိ ဝိသုံ န ဝုတ္တာနိ။ -

ဟူသော ဝိမတိဝိနောဒနိဋီကာပါဠိ (၁။၃၁၀-၃၁၁)ကို ထောက်၍လည်းကောင်း,

တဒနုလောမနံ ဝါတိ ဒုကူလံ ပဉ္ဆုဏ္ဏံ သောမာရပဋ္ဋံ စိနပဋ္ဋံ ဣဿိဇံ ဒေဝဒိန္နန္တိ တေသံ ခေါမာဒီနံယေဝ အနုလောမာနံ ဆန္နံ စီဝရာနံ။ -

ဟူသော ဝိနယတ္ထမဉ္ဇူသာဋီကာ*(ကခ်ီဋီကာသစ်၊ ၂၇၉)*ပါဠိကို ထောက်၍လည်းကောင်း,

ဒုကူလဠေဝ ပဉ္ဆုဏ္ဏ-ပဋံ သောမာရစိနဇံ။
ဣဿိဇံ ဒေဝဒိန္နဠ၊ တဿ တဿာ'နုလောမိကံ။ -

ဟူသော ခုဒ္ဒသိက္ခာလင်္ကာရသန်းအဋ္ဌကထာပါဠိ (နှာ-၅။၈။၃၁)ကို ထောက်၍လည်းကောင်း,

ဒုကူလဠေဝ ပဉ္ဆုဏ္ဏံ၊ စိနံ သောမာရပဋ္ဋကံ။
ဣဿိဇံ ဒေဝဒိန္နဠ၊ တဿေ'တံ အနုလောမိကံ။ -

F11D

http://www.dhammadownload.com

ဟူသော ဝိနယဝိနိစ္ဆယအဋ္ဌကထာပါဠိ (နှာ-၅၃။ဂါ။၅၅၂)ကို ထောက်၍လည်းကောင်း သိအပ်၏။ ထို ၆-ထည်သော အနုလောမသင်္ကန်းတို့တွင်-

- ဒုကူလ-ဟု ဆိုအပ်သော တစ်စုံတစ်ခုသော လျှော်အထူးဖြင့် ရက်အပ်သော ဘွဲ့ဖြူပုဆိုးသည် **ဒုကူလသင်္ကန်း** မည်၏။
- ပဋ္ဋားဏ်(ပဋ္ဋာက)တိုင်း၌ဖြစ်သော ပုဆိုးသည် **ပဋ္ဋားဏ်သင်္ကန်း** မည်၏။
- သောမာရတိုင်း, စိန့်တိုင်း၌ဖြစ်သော ပုဆိုးသည် **သောမာရသင်္ကန်း, စိနသင်္ကန်း** မည်၏။
- ဧဟိဘိက္ခူတို့အား တန်ခိုးဖြင့်ဖြစ်သော ပုဆိုးသည် **ဣဒ္ဓိဇသင်္ကန်း** မည်၏။
- ဇာလိနီမည်သော နတ်သမီးသည် အနုရုဒ္ဓါထေရ်အား လှူအပ်သောပုဆိုးနှင့်တူသော, နတ်တို့သည် လှူအပ်သော, ပဒေသာပင်၌ဖြစ်သော ပုဆိုးသည် **ဒေဝဒိန္နသင်္ကန်း** မည်၏။
- ထိုအနုလောမသင်္ကန်း ၆-ထည်တို့တွင် ဒုကူလသင်္ကန်းသည် လျှော်ဖြင့် ပြီးသောကြောင့် **သာဏသင်္ကန်းအား** လျော်၏။
- ပဋ္ဋားဏ်သင်္ကန်း, သောမာရသင်္ကန်း, စိနသင်္ကန်း ဤ ၃-ထည်သော သင်္ကန်းတို့သည် ပိုးချည်ဖြင့် ပြီးသောကြောင့် **ကောသေယျသင်္ကန်းအား** လျော်ကုန်၏။
- ဣဒ္ဓိဇသင်္ကန်း, ဒေဝဒိန္နသင်္ကန်း ဤ ၂-ထည်သော သင်္ကန်းတို့သည် ခေါမ-စသည်တို့တွင် တပါးပါးဖြစ်သောကြောင့် ခေါမ-စသော ၆-ထည်သော သင်္ကန်းတို့အား လျော်ကုန်၏။

ဤသို့ ဆိုလိုကြောင်းကိုကား-

> တတ္ထ ပဋ္ဋားဏ္ဏန္တိ ပဋ္ဋားဏ္ဏဒေသေ ပါဏောကေဟိ သဏ္ဌာတဝတ္ထုံ။ ဒွေ ပဋ္ဌာ ဒေသနာမေနေဝ ဝုတ္တာ။ တာနိ တီဏိ ကောသေယျသာနုလောမာနိ၊ ဒုကူလံ သာဏသ၊ ဣကရာနိ ဒွေ ကပ္ပါသိကသ ဝါ သတ္တေသံ ဝါ။ –

ဟူသော မဟာဝါ၊ ဘေသဇ္ဇက္ခန္ဓကအဋ္ဌကထာပါဠိ(၃၈၅)ကို ထောက်၍လည်းကောင်း,

> **ဒွေ ပဋ္ဌာ ဒေသနာမေနေဝါတိ စိနပဋ္ဋောမာရပဋ္ဋာနိ။ တီဏီတိ ပဋ္ဋားဏ္ဏေန သဟ တီဏိ။ ဣဒ္ဓိမယိက် ဧဟိဘိက္ခူနံ နိဗ္ဗတ္တံ။ ဒေဝဒတ္တိယံ အနုရုဒ္ဓတ္ထေရေန လဒ္ဓံ။** –

ဟူသော ဝဇိရဗုဒ္ဓိဋီကာပါဠိ (၄၈၇)ကို ထောက်၍လည်းကောင်း,

http://www.dhammadownload.com

ဒုကုလဉ္စိ သာဏသ အနုလောမံ ဝါကမယတ္တာ။ ပဋ္ဌဏ္ဏဒေသေ သဏ္ဌာတဝတ္ထံ ပဋ္ဌဏ္ဏံ။ ပဋ္ဌဏ္ဏံ ကောသေယျဝိသေသောတိ ဟိ အဘိဓာနကောသေ ဝုတ္တံ။ သောမာရဒေသေ စိနဒေသေ ဇာတဝတ္ထာနိ သောမာရစိနပဒဏာနိ။ ပဋ္ဌဏ္ဏာဒီနိ တီဏိ ကောသေယျသ အနုလောမာနိ ပါဏကေဟိ ကတသုတ္တမယတ္တာ။ ဣဒ္ဓိဇန္တိ ဧဟိဘိက္ခူနံ ပုညိဒ္ဓိယာ နိဗ္ဗတ္တစီဝရံ။

တံ ခေါမာဒီနံ အညတရံ ဟောတိတိ တေသံ ဧဝ အနုလောမံ။ ဒေဝတာဟိ ဒိန္နံ စီဝရံ ဒေဝဒိန္နံ။ တံ ကပ္ပရုက္ခေ နိဗ္ဗတ္တံ ဇာလိနိယာ ဒေဝကညာယ အနုရုဒ္ဓတ္ထေရသ ဒိန္နဝတ္ထသဒိသံ။ တမ္မိ ခေါမာဒီနံ ယေဝ အနုလောမံ ဟောတိ။ တေသု အညတရဘာဝတော။

ဟူသော တေရသကဏ်ဍီကာပါဠိ(သာရတ္ထဒီ၂။၃၃၅-၃၈၆)ကို ထောက်၍လည်းကောင်း,

ဒုကုလဉ္စိ သာဏသ အနုလောမံ ဝါကမယတ္တာ။ "ပဋ္ဌဏ္ဏံ ကောသေယျဝိသေသော"တိ အဘိဓာနကောသေ ဝုတ္တံ။ သောမာရဒေသေ, စိနဒေသေ စ ဇာတဝတ္ထာနိ သောမာရစိနပဒဏာနိ။ ပဋ္ဌဏ္ဏာဒီနိ တီဏိ ကောသေယျသ အနုလောမာနိ ပါဏကေဟိ ကတသုတ္တမယတ္တာ။ ဣဒ္ဓိဇန္တိ ဧဟိဘိက္ခူနံ ပုညိဒ္ဓိယာ နိဗ္ဗတ္တစီဝရံ၊ ကပ္ပရုက္ခေ နိဗ္ဗတ္တံ, ဒေဝဒိန္နဥ္စ ခေါမာဒီနံ အညတရံ ဟောတိတိ တေသံ သဒ္ဒေသံ အနုလောမာနိ။ –

ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိ (၁။၃၁၁)ကို ထောက်၍လည်းကောင်း,

တတ္ထ ဒုကုလံ သာဏသ အနုလောမံ ဝါကမယတ္တာ။ ပဋ္ဌဏ္ဏဒေသေ ပါဏကေဟိ သဏ္ဌာတဝတ္ထံ ပဋ္ဌဏ္ဏံ။ သောမာရဒေသေ ဇာတဝတ္ထံ သောမာရ ပဒံ။ တထာ စိနပဒံ။ ဣမာနိ တီဏိပိ ကောသေယျသ အနုလောမာနိ ပါဏကေဟိ ကတသုတ္တမယတ္တာ။ ဣဒ္ဓိဇ ဧဟိဘိက္ခူနံ ပုညိဒ္ဓိယာ နိဗ္ဗတ္တံ စီဝရံ။ တံ ပန ခေါမာဒီနံ အညတရံ ဟောတိတိ တေသံယေဝ အနုလောမံ။ ဒေဝတာဟိ ဒိန္နံ စီဝရံ ဒေဝဒိန္နံ။ တံ ကပ္ပရုက္ခေ နိဗ္ဗတ္တံ ဇာလိနိယာ ဒေဝကညာယ အနုရုဒ္ဓတ္ထေရသ ဒိန္နံ ဝတ္ထသဒိသံ။ တမ္မိ ခေါမာဒီနံယေဝ အနုလောမံ ဟောတိ။ တေသု အညတရဘာဝတော။ -

ဟူသော ဝိနယတ္ထမဉ္ဇူသာဒီကာ(ကခ်ီဒီသစ်။၂၇၉၊၂၈၀)ပါဠိကို ထောက်၍လည်းကောင်း,

တတ္ထ ဒုကူလန္တိ ဒုကူလသဒ်ါတေန ကေနစိ ဝါကဝိသေသေန ဝါယိတံ စီဝရံ။ ဧဝါ'တိ သမုစ္စယေ။ သော ဥပရိ အာကဓိတတ္တော။ ပဋ္ဌဏ္ဏန္တိ ပဋ္ဌဏ္ဏေသု ဇာတံ ပဋ္ဌဏ္ဏံ။ ဒေသဝါစိနော ဗဟုဝစနန္တာတိ ဗဟူဝစနေန ဝိဂ္ဂဟော။ တထာ သောမာရာ

http://www.dhammadownload.com

စ စိနာ စ။ တေသု ဇာတံ သောမာရစိနဇ၊ ဣမာနိ တီဏိ ပါဏာကေဟိ ကတ-သုတ္တသခေါမမယာနိ(ကတသုတ္တမယာနိ)။ ဧဟိဘိက္ခူနံ ပုညိဒ္ဓိယာ ဇာတံ ဣဒ္ဓိဇ၊ တံ ပန ခေါမာဒီနံ အညတရံ။ ဒေဝဒိန္နဿ ဒေဝေဟိ ဒိန္နံ ကပ္ပရုက္ခေ နိဗ္ဗတ္တစီဝရံ။ တဒေတံ ဒုကူလာဒိ တဿ တဿ ယထာဝုတ္တဿ ခေါမာဒိနော အနုလောမိကံ ဟောတိ ။ပ။ ကထံ ဒုကူလံ သာဏာဿ အနုလောမံ၊ ပဋ္ဋဏ္ဏာဒီနိ တီဏိ ကောသေ-ယျဿ အနုလောမာနိ၊ ဣဒ္ဓိဇ ဒေဝဒိန္နဿ ခေါမာဒီနံ အနုလောမန္တိ။

ဟူသော ခုဒ္ဒသိက္ခာ(အဘိနဝ)ဋီကာပါဠိ(၂၇၀၊၂၇၁)ကို ထောက်၍လည်းကောင်း,

ဒုကူလန္တိ ဧဝံ နာမကံ ရုက္ခဝါကမယစီဝရံ။ ပဋ္ဋဏ္ဏန္တိ ပဋ္ဋဏ္ဏဒေသေ သဉ္ဇာ-ဇာတဝတ္ထုံ။ 'ပဋ္ဋဏ္ဏံ ကောသေယျံ ဝိသေသော'တိ အဘိဓာနကောသေ ဝုတ္တံ။ စိနန္တိ စိနဒေသေ ဥပ္ပန္နဝတ္ထုံ။ သောမာရပဋ္ဋကန္တိ သောမာရဒေသေ ဥပ္ပန္နဝတ္ထုံ။ 'သောမာရ-စိနပဋ္ဋက'န္တိပိ လိခန္တိ။ သောယေဝ'တ္ထော။ ဣဒ္ဓိဇန္တိ ဧဟိဘိက္ခူနံ ပုညိဒ္ဓိယာ နိဗ္ဗတ္တံ စီဝရံ။ ဒေဝဒိန္နန္တိ ဒေဝေဟိ ဒိန္နံ စီဝရံ။ တံ ဟိ ကပ္ပရုက္ခေ နိဗ္ဗတ္တံ။ ဇာလိနိယာ ဒေဝကညာယ အနုဒ္ဓတ္ထေရဿ ဒိန္နဝတ္ထုသဒိသံ။ တဿာတိ ဇာတိတော ဆဋ္ဌဿ ကပ္ပိယစီဝရဿ။ ဣဒံ ဆဋ္ဌစီဝရံ ယထာရဟံ အနုလောမိကံ ဝုတ္တန္တိ အတ္ထော။ ဒုကူလံ ဟိ သာဏာဿ အနုလောမံ ဝါကမယတ္တာ။ ပဋ္ဋဏ္ဏာဒီနိ ကောသေယျဿ အနုလောမာနိ ပါဏာကေဟိ ကတသုတ္တမယတ္တာ၊ ဣဒ္ဓိဇမ္ပိ ခေါမာဒီနံယေဝ အညတရံ ဟောတီတိ တေသံ အနုလောမံ၊ ဒေဝဒိန္နမ္ပိ ခေါမာဒီနံယေဝ အနုလောမံ ဟောတီတိ တေသံ အညတရဘာဝတော။ ယထာ'ဟု-

သာဏာဿ တု ဒုကူလံ ဟိ၊ ဣဒ္ဓိဇံ ဒေဝဒိန္နကံ။
ခေါမာဒီနံ'ဝသိဋ္ဌံ တု၊ ကောသေယျဿာနုလောမိကန္တိ။ ။ —

ဟူသော ဝိနယဝိနိစ္ဆယဋီကာပါဠိ(၁။၂၆၉)ကို ထောက်၍လည်းကောင်း,

ပဋ္ဋဏ္ဏဒေသေ သဉ္ဇာတဝတ္ထုံ ပဋ္ဋဏ္ဏံ။ 'ပဋ္ဋဏ္ဏကောသေယျံ ဝိသေသော'တိ ဟိ အဘိဓာနကောသေ ဝုတ္တံ။ သောမာရဒေသေ စိနဒေသေ စ ဇာတဝတ္ထာနိ သောမာရစိနပဋ္ဋာနိ။ ပဋ္ဋဏ္ဏာဒီနိ တီဏိ ကောသေယျဿ အနုလောမာနိ ပါဏာ-ကေတိ ကတသုတ္တမယတ္တာ။ ဣဒ္ဓိဇံ ဧဟိဘိက္ခူနံ ပုညိဒ္ဓိယာ နိဗ္ဗတ္တစီဝရံ၊ တံ ခေါမာဒီနံ အညတရံ ဟောတီတိ တေသံ ဧဝ အနုလောမံ။ ဒေဝတာဟိ ဒိန္နံ စီဝရံ ဒေဝဒတ္တိယံ(ဒေဝဒိန္နံ)။ ကပ္ပရုက္ခေ နိဗ္ဗတ္တံ ဇာလိနိယာ ဒေဝကညာယ အနုရုဒ္ဓတ္ထေရဿ ဒိန္နဝတ္ထုသဒိသံ၊ တမ္ပိ ခေါမာဒီနံယေဝ အနုလောမံ ဟောတိ၊

http://www.dhammadownload.com

တေသု အညတရဘာဝတော။ **ဒွေ ပဌာ ဒေသနာမေန ဝုတ္ထာတိ** တေသံ သရူပ-ဒဿနမတ္တ'မေတံ နာညံ နိဝတ္တနပဒံ ပဋိက္ခေပဋ္ဌသိဒ္ဓိ ဒေသနာမေနေဝ ဝုတ္တတ္တာ။

ဟူသော ဝိနယာလင်္ကာရဋီကာ(၂။၃၈၅၊၃၉၉)ပါဠိကို ထောက်၍လည်းကောင်း၊

ဆိုအပ်ခဲ့ပြီးသော ခေါမ-စသော သင်္ကန်း ၆-ထည်၊ ဒုကူလ-စသော အနုလောမ-သင်္ကန်း ၆-ထည်တို့တွင် ဤသင်္ကလတ်သင်္ကန်းသည် လူမွေး,သားမွေးတို့ကို ထား၍ ကြွင်းသော သားမွေးတို့ဖြင့် ရက်အပ်သော သင်္ကန်းဖြစ်ရကား ကမ္မလသင်္ကန်းပင် ဖြစ်သည်။ ထို့ကြောင့် **အထည်ကိုယ်၌**လည်း ကုက္ကုစ္စသဲ့သယ မရှိသင့်။

ဆိုးရည်မှာလည်း ဟောင်းသည့်ကာလ ဆပ်ပြာရည်ဖြင့် ဖွပ်လျှော်လျှင် အနီအကွက်မရှိမူ၍ ပကတိအဆင်းသာ ဖြစ်ရကား နန္တင်း-စသော အကပ်ိယဆိုးရည်-ဟု မယူ, မမှတ်သင့်။ အကယ်၍ နန္တင်း-စသော အကပ်ိယ ဆိုးရည် ဖြစ်ငြားအံ့၊ ဆပ်ပြာရည်ဖြင့် ဖွပ်လျှော်သည့်ကာလ နီကွက်ရာ၏။ ထိုသို့လည်း မနီ,မကွက်ခဲ့။ ထို့ကြောင့် ဆိုးရည်၌လည်း ကုက္ကုစ္စသဲ့သယ မရှိသင့်။

အဆင်းမှာလည်း သဗ္ဗနီလက-စသော အကပ်ိယသင်္ကန်းအဖြစ်မှ ကင်းရကား ရဟန်းတို့နှင့် အလွန်လျော်သော အဆင်းဖြစ်သောကြောင့် အဆင်း၌လည်း ကုက္ကုစ္စသဲ့သယ မရှိသင့်-ဟု နှလုံးပိုက်တော်မူကုန်သဖြင့် ရှေးရှေးသော ကျမ်းတတ်အရှင်မြတ်တို့သည်လည်းကောင်း၊ ယခု ငါတို့ မျက်မှောက်၌ နေ,လကဲ့သို့ သာသနာတော်၌ ထင်ရှားတော်မူကုန်သော ပရိယတ္တိဝိသာရဒ လဇ္ဇီပေသလ သိက္ခာကာမဖြစ်တော်မူကုန်သော စံကျောင်းဆရာတော်ဘုရား, သဲအင်းဆရာတော်ဘုရား, နေရင်းဆရာတော်, ဂူကြီးဆရာတော်, ဗားကရာဆရာတော်, အုတ်ကျောင်းဆရာတော်, ခင်မကန်ဆရာတော်, ပြည်ဆရာတော်, ပုဂံဆရာတော်-စသော ဆရာတော်ဘုရားကြီးတို့သည်လည်းကောင်း မူလအထည်ကို ဆိုးရည်, အဆင်း ၂-ပါး၌ပင် ကုက္ကုစ္စသဲ့သယ ကင်းသဖြင့် သင်္ကလတ်သင်္ကန်းကို သုံးဆောင်တော်မူကုန်သည်။ ထိုသို့ ကုက္ကုစ္စသဲ့သယ ကင်းသဖြင့် သုံးဆောင်တော်မူကြခြင်းသည်-

ဒွေ'မေ ဘိက္ခဝေ ပဏ္ဍိတာ။ ကတမေ ဒွေ? ယော စ အနာပတ္တိယာ အနာပတ္တိသညီ။ ယော စ အာပတ္တိယာ အာပတ္တိသညီ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပဏ္ဍိတာ။ -

ဟူ၍လာသော အင်္ဂုတ္တိုရ်၊ ဒုကနိပါတ်ပါဠိတော်(၈၃)နှင့်အညီ ထိုအရှင်မြတ်တို့သည် အာပတ်မသင့်သည်၌ အာပတ်မသင့်၊ အာပတ်သင့်သည်၌ အာပတ်သင့်၏-ဟု အရာဌာနကို ဧကန်မုချ သိကုန်ရကား ထိုအရှင်မြတ်တို့ကို ပဏ္ဍိတပုဂ္ဂိုလ်တို့-ဟူ၍ ဧကန္တနိဿယ နှလုံးပိုက်ထားသင့်သည်။

http://www.dhammadownload.com

ထိုသို့ ကျမ်းဂန်တတ်သခင် အရှင်မြတ်တို့ပင် ကုက္ကုစ္စသံသယ ကင်းကုန်သဖြင့် သုံးဆောင်တော်မူကြသည်ကို ထောက်သဖြင့် ထိုအရှင်မြတ်တို့၏ သိဿာနုသိဿဖြစ်ကုန်သော ထေရ, နဝ, မဇ္ဈိမဖြစ်ကုန်သော ရဟန်းတို့သည်လည်း ကုက္ကုစ္စသံသယ ကင်းသဖြင့် သုံးဆောင်ကုန်ရာသည်။

အကယ်၍ နန္ဒင်း-စသော အကပ္ပိယဆိုးရည်ဖြင့် ဆိုးသော သင်္ကန်းပင် ဖြစ်စေကာမူ အကြင်ရဟန်းသည် ထိုနန္ဒင်း-စသော အကပ္ပိယဆိုးရည်ဖြင့် ဆိုးသောသင်္ကန်းကို ကပ္ပိယဆိုးရည်ဖြင့် ဆိုးသောသင်္ကန်း-ဟု အမှတ်ရှိသဖြင့် ဝတ်ရုံသုံးဆောင်ငြားအံ့။

ဤသိက္ခာပုဒ်သည်-

ပကိဏ္ဏကေသု ဥဒ္ဒိဿ- ကတံ ဟိတ္ဝာ'ညမံသကံ။
ကေတ္ထရဏပါဝုရဏံ၊ ဧကမဠွေ တုဝဋ္ဋနံ။
ကေတော ဘုဉ္ဇနဉ္စာပိ၊ နစ္စဂီတာဒိ သတ္ထပိ။ ။

အကာယဗန္ဓနဉ္စာပိ၊ ပတ္ထဟတ္ထကဝါဠကံ။
အစိတ္ထက'မိဒံ သဗ္ဗံ၊ သေသ'မေတ္ထ သစိတ္ထကံ။ -

ဟူသော မူလသိက္ခာပါဠိ(နှာ-၄၅၂-၃။ ဂါ။၁၀၄၊၁၀၅)နှင့်အညီ သစိတ္ထက, အစိတ္ထက ၂-ပါးတို့တွင် သစိတ္ထကသိက္ခာပုဒ် ဖြစ်သည်။

သစိတ္ထကသိက္ခာပုဒ်ဖြစ်ကလည်း-

ဝိတိဏ္ဏမနစိတ္ထေန၊ သစိတ္ထက'မစိတ္ထကံ။
ပညတ္တိဇာနနေနာပိ၊ ဝဇ္ဇာစရိယာ တထာ။ -

ဟူသော မူလသိက္ခာပါဠိ (နှာ-၄၅၃။ ဂါ။၁၀၆)နှင့်အညီ ဝိတိဏ္ဏမစိတ်ရှိသော်သာ အာပတ်သို့ရောက်ကောင်းရကား ထိုအကပ္ပိယဆိုးရည်ဖြင့် ဆိုးသောသင်္ကန်းကို ကပ္ပိယဆိုးရည်ဖြင့် ဆိုးသောသင်္ကန်း-ဟု အထင်အမှတ်ရှိ၍ သုံးဆောင်သောရဟန်းသည် ဝိတိဏ္ဏမစိတ်မရှိသောကြောင့် ထိုပုဂ္ဂိုလ်အား အာပတ်သင့်၏-ဟု အပြစ်တင်ဖွယ် မရှိ။

အခြို့သော တက္ကီရဟန်းတို့သည် "ကုလားတို့မည်သည်ကား ဆေးချုပ်၌ အလွန်တတ်သိလိမ္မာကုန်သည်။ သင်္ကလတ်သင်္ကန်းသည်လည်း ဆိုးရည်ကို ဧကန်တပ်အပ် မသိရကား နန္ဒင်း-စသော အကပ္ပိယဆိုးရည်ဖြင့် ဆိုး၏"ဟု ထင်မှတ်ကုန်၍ ကုက္ကုစ္စသံသယရှိကုန်သဖြင့် မိမိတို့လည်း မသုံးဆောင်ကုန်။ အန္ဓေဝါသိက သဒ္ဓိဝိဟာရိကတပည့်တို့အားလည်း ဩဝါဒပေး၍ မသုံးဆောင်စေကုန်။

http://www.dhammadownload.com

ထိုတက္ကိရဟန်းတို့၏ ဝါဒသည်-

> **ဒ္ဝိန္နံ ဘိက္ခဝေ အာသဝါ ဝဍ္ဎန္တိ။ ကတမေသံ ဒ္ဝိန္နံ? ယော စ နာ ကုက္ကုစ္စာယိတဗ္ဗံ ကုက္ကုစ္စာယတိ။ ယော စ ကုက္ကုစ္စာယိတဗ္ဗံ နာ ကုက္ကုစ္စာယတိ။ ဣမေသံ ခေါ ဘိက္ခဝေ ဒ္ဝိန္နံ အာသဝါ ဝဍ္ဎန္တိ။**

ဟူသော အဂုတ္တိရ်၊ ဒုကနိပါတ်ပါဠိတော်ပါဠ် (၈၄)နှင့်အညီ ကုက္ကုစ္စမရှိသင့်သည်၌ ကုက္ကုစ္စ ရှိရကား ထိုပုဂ္ဂိုလ်၏သန္တန်ဝယ် အာသဝေါတရား ပွါးများခြင်းသာ ဖြစ်သည်။

တစ်ကြောင်းမှာလည်း လောကုပမာအားဖြင့် သားမိုက်, သမီးမိုက်တို့သည် မိဘတို့၏အဝတ်ကို လှစ်ဘိ၏သို့ ထို့အတူ မိမိတို့၏ ကျေးဇူးရှင်ဖြစ်တော်မူကုန်သော အာစရိယပါစရိယတို့ ကုက္ကုစ္စသံသယ ကင်းကုန်သဖြင့် သုံးဆောင်တော်မူကုန်ပါလျက် တဖန် မိမိတို့ ကုက္ကုစ္စသံသယရှိခြင်းသည်-

> **ဒ္ဝေ'မေ ဘိက္ခဝေ ဗာလာ။ ကတမေ ဒ္ဝေ? ယော စ အနာပတ္တိယာ အာပတ္တိသညီ၊ ယော စ အာပတ္တိယာ အနာပတ္တိသညီ။ ဣမေ ခေါ ဘိက္ခဝေ ဒ္ဝေ ဗာလာ။**

ဟူသော အဂုတ္တိရ်၊ ဒုကနိပါတ် ပါဠိတော်ပါဠ်(၈၃)နှင့်အညီ ကုက္ကုစ္စသံသယ မရှိသင့်သည်၌ ကုက္ကုစ္စသံသယရှိသဖြင့် အာပတ်မသင့်သည်၌ အာပတ်သင့်၏-ဟု အမှတ်ရှိရကား ထိုပုဂ္ဂိုလ်တို့ကို အနာပတ္တိယာ အာပတ္တိသညီ ဗာလပုဂ္ဂလ, အာပတ္တိယာ အနာပတ္တိသညီ ဗာလပုဂ္ဂလ ၂-ပါးတို့တွင် အနာပတ္တိယာ အာပတ္တိသညီ ဗာလပုဂ္ဂလ-ဟူ၍ ဧကန္တနိသံသယ မှတ်ယူသင့်သည်။

တစ်နည်းလည်း ရှေးရှေးသော ကျမ်းတတ်သခင် အရှင်မြတ်တို့ပင် ကုက္ကုစ္စသံသယ ကင်းကုန်သဖြင့် ဝတ်ရုံသုံးဆောင်တော်မူကုန်ပါလျက် အနုမာန ရမ်းဆသောအားဖြင့် မိမိတို့ ကုက္ကုစ္စသံသယဖြစ်ခြင်းသည် သောက်ရေခွက်အတွင်းတွင် မိကျောင်းကို မြင်၏-ဟူဘိသို့ ရှေးရှေးသော ကျမ်းဂန်ကို ကျနသိမြင်တော်မူကုန်သော အရှင်မြတ်တို့ မမြင်ရာကို မြင်ပေသည်-ဟု ဆိုရန်ရှိချေသည်။

အကယ်၍ မိမိတို့သည် ဆိုးရည်၌ ကုက္ကုစ္စသံသယရှိသည် ဖြစ်အံ့။

> **သဗ္ဗနီလကာဒီနိ ရဇနံ ဓောဝိတွာ ပုန ရဇိတွာ ဓာရေတဗ္ဗာနိ။ နာ သဏ္ဌာ စေ ဟောန္တိ ဓောဝိတုံ၊ ပစ္စတ္ထရဏာနိ ဝါ ကာတဗ္ဗာနိ၊ တိပဋ္ဌိစီဝရသာ ဝါ (ဒုပဋ္ဌိစီဝရသာ ဝါ) မဇ္ဈေ ဒါတဗ္ဗာနိ။ –**

ဟူသော ဝိနည်းမဟာဝါအဋ္ဌကထာ(၄၁၆), ဝိနယသင်္ဂဟအဋ္ဌကထာ(၄၅၈-၉),

http://www.dhammadownload.com

တိပဋ္ဌစီဝရဿ ဝါ မဗ္ဗေ ဒါတဗ္ဗာနီတိ ဝုတ္တတ္တာ တိပဋ္ဌစီဝရံ ဓာရေတုံ ဝဋ္ဋတီတိ သိဒ္ဓံ။ တိပဋ္ဌာဒီနဉ္စ ဗဟုပတ္တစီဝရာနံ အန္တရေ ဤဒိသာနိ အသာရုပ္ပဝတ္ထာနိ ပဋိပိလောတိကာနိ ကာတဗ္ဗာနီတိ ဒဿေတိ။ —

ဟူသော ဝိနယာလင်္ကာရဋီကာ(၂။၃၇၇),

သဗ္ဗနီလကာဒိဝတ္ထေသု လဒ္ဓေသု ကပ္ပိယရဇေန ရဇိတ္ဝာ တံ ဝဏ္ဏံ နာသေတ္ဝာ ဝါ ကပ္ပိယဝတ္ထာနိ ဥဘယပဿေသု အလ္လိယာပေတ္ဝာ ပဋိစ္ဆာဒေတ္ဝာ ဝါ နိဝါသေတုံ ဝဋ္ဋတီတိ အဋ္ဌကထာယံ ဝုတ္တံ။

ဟူသော ဝိနယဝိနိစ္ဆယဋီကာ(၁။၂၈၅-၂၈၆)ပါဠိနှင့်အညီ အကပ္ပိယဆိုးရည်ကို ဖွပ်လျှော်ပြီးလျှင် ကပ္ပိယဆိုးရည်ဖြင့် ဆိုး၍လည်းကောင်း၊ ဖွပ်လျှော်ခြင်းငှာ မစွမ်းနိုင်လျှင်လည်း အိပ်ရာခင်းပြု၍လည်းကောင်း၊ အိပ်သော အဝတ်-စသည်ကို နံပါး ၂-ဖက်တို့၌ ငြိကပ်စေသဖြင့် ဖုံးလွှမ်း၍ လည်းကောင်း ဝတ်ရုံသုံးဆောင်အပ်ပါလျက် နှုတ်ကို မစောင့်စည်းမူ၍ မင်း, မင်း၏အမတ်-စသောသူတို့အား ရဟန်းတို့ ဝတ်ရုံသုံးဆောင်ခြင်းငှာ မအပ်-ဟု ပြောဆိုခြင်းသည် ထိုမင်း, မင်း၏အမတ်-စသောသူတို့၏ ပရိစ္စာဂစေတနာ, အလှူခံပုဂ္ဂိုလ်တို့၏ လာဘ်ကို ဖျက်ဆီးရာ ရောက်ချေသည်။

ထိုသို့ မင်း, မင်းအမတ်-စသောသူတို့၏ ပရိစ္စာဂစေတနာ, အလှူခံပုဂ္ဂိုလ်တို့၏ လာဘ်ကို ဖျက်ဆီးသည် မည်ချေသောကြောင့် ဝတ်ရုံသုံးဆောင်ခြင်းငှာ မအပ်-ဟု ပြောဟောသောရဟန်းတို့သည် အနန္တရဘဝမှစ၍ ဘဝအဆက်ဆက်တို့၌ လောသကတိဿမထေရ်(ဇာ၊၎၊၁၅၁)ကဲ့သို့ လူဖြစ်သော်လည်း အဝတ်အသုံးအဆောင် နည်းပါးခြင်း, ရဟန်းဖြစ်သော်လည်း ပစ္စည်း ၄-ပါး ရှားပါးခေါင်းပါးခြင်းသို့ ရောက်ရာချေသည်။

ထိုပုဂ္ဂိုလ်တို့၏ ကုက္ကုစ္စသံသယရှိခြင်း၏အကြောင်းကို ရှာဖွေသော် ရှေးရှေးသော ဘဝတို့က သီလဝန်, ဂုဏဝန်အရှင်မြတ်တို့အား မွန်မြတ်သော အဝတ်အထည်တို့ကို မလှူခဲ့ဘူးသောကြောင့် မသုံး,မဆောင်ထိုက်သူဖြစ်၍သာ ကုက္ကုစ္စသံသယရှိ၏-ဟု ယူရန်ရှိချေသည်။ တစ်ကြောင်းမှာလည်း မော်ရမ်မြို့ငြိမ်မြို့၊ ရဟန်းတို့သည် သင်္ကလတ်သင်္ကန်း၌ ဆိုးရည်ဝယ် ကုက္ကုစ္စသံသယရှိသဖြင့် ဘိလပ်မြို့မှ လာကုန်သော သင်္ဘောသားကုလားတို့အား မေးမြန်းသည့်ကာလ "ကုလားတို့ဝေါဟာရအားဖြင့် စီခရာအမည်ရှိသော ဥကို လိုးပြီးလျှင် ကျိုး၍ ၎င်းအရည်ဖြင့် ဆိုးပါသည်။ ဝါစေချင်လည်း ၄-ခါ, ၅-ခါ ဆိုးပါသည်။ နီစေချင်လည်း အကြိမ်များစွာ ဆိုးပါသည်"ဟု ပြောဆိုကုန်သည်။

http://www.dhammadownload.com

ထိုစီခရာပင်၏ အခြင်းအရာကို မေးမြန်းသည့်ကာလလည်း "ဘူးပင်ကဲ့သို့ အနွယ် ဖြစ်ပါသည်။ အရွက်,အရိုးမှာလည်း ဘူးရွက်, ဘူးရိုးနှင့် တူပါသည်။ အရိုး,အဥ နီပါသည်။ ဥစေလိုသော် နွယ်ရောက်ရာ၌ မြေဖို့လျှင် ဖို့ရာအရပ်၌ ဥ-ပါသည်။ ဥကြီးလျှင် ၁-ပိဿာခန့်, အလတ်ဖြစ်လျှင် ၅၀-ခန့်, အငယ်ဖြစ်လျှင် ၃၀-ခန့်သာ ရှိပါသည်။ ထိုစီခရာပင်သည် ဘိလပ်မြို့၌သာ ပေါက်ရောက်ပါသည်"ဟု ပြောဆိုကုန်သည်။

ထိုကုလားသင်္ဘောသားတို့ကို ရဟန်းတို့က "ဆောင်ယူခဲ့ပါ"မှာလိုက်သဖြင့် သင်္ဘော သားတို့ ဆောင်ယူခဲ့သည့်ကာလ လှိုင်းပြုံးလျှင် ကျိုး၍ ပိတ်ကို ဆိုး၍စမ်းလျှင် သင်္ဘောသားတို့ ဆိုသည့်အတိုင်းပင် အရောင်အဆင်း ထွက်သဖြင့် ရဟန်းတို့ ကုက္ကုစ္စသံသယ ကင်းပျောက် ကုန်သည်-ဟု မော်လမြိုင်မြို့မှ ရွှေမြို့တော်သို့ ရောက်လာသော အသက် ၇၀-ခန့်ရှိသော ရဟန်း ၁-ဦးသည် ဂူကြီးတိုက်အုပ်ဆရာတော် ဦးရွှေမိတ်, ၎င်းတိုက်ကြပ် ဦးသုန္ဒရတို့ မျက်မှောက် ပြောဆိုသည်ကို ၎င်းတိုက်အုပ်,တိုက်ကြပ်တို့ပြောသဖြင့် ကြားသိရသည်ဖြစ်၍ လည်း ငါတို့အား သက္ကလတ်သက်နှံးဝယ် ဆိုးရည်၌ ကုက္ကုစ္စသံသယ မရှိ။ ဤပြဆိုအပ်ပြီး သော စကားရပ်တို့ကို ထောက်သဖြင့် လဇီပေသလ သိင်္ဂကာမပုဂ္ဂိုလ်တို့သည် သက္ကလတ် သက်နှံး၌ ဆိုးရည်ဝယ် ကုက္ကုစ္စသံသယကင်းသဖြင့် ဝတ်ရုံသုံးဆောင်၍ ရဟန်းတရား ကိုသာ ကြိုးပမ်းအားထုတ်ကုန်ရာသည်။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် စီဝရရဇနဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{ ၁၄ } စီဝရဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ဝိလာသ ခြေတော်ဦးခိုက် လျှောက်ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား။ ပိုး, ကတ္တီပါ, မိုင်းလုံး, ဖဲဝါသင်္ဘန်းတို့ကို အချို့သောရဟန်းတို့သည် ဆိုးရည်, အဆင်း ၂-ပါး၌ ကုက္ကုစ္စသံသယရှိသဖြင့် ဝတ်ရုံသုံးဆောင်ခြင်းငှာ မအပ်-ဟု အယူဝါဒရှိကုန်သဖြင့် မဝတ်ရုံ, မသုံးဆောင်ကုန်။ အချို့သော ရဟန်းတို့လည်း ဆိုးရည်, အဆင်း ၂-ပါး၌ ကုက္ကုစ္စသံသယ ကင်းသဖြင့် ဝတ်ရုံသုံးဆောင်ခြင်းငှာ အပ်၏-ဟု အယူဝါဒ ရှိကုန်သဖြင့် ဝတ်ရုံသုံးဆောင်ကုန်သည်။ ထိုဝါဒ ၂-ပါးတို့တွင် အဘယ်ဝါဒ သင့်,မသင့်ကို သိလိုပါသည်။ ကျမ်းဂန်အထောက်အထားနှင့်တကွ ရေးပေးသနားတော်မူပါ ဆရာတော် ဘုရား"။

လျှောက်ထားရာ၌ မိန့်ဆိုလိုက်သည်ကား ရဟန်းတို့ ဝတ်ရုံသုံးဆောင်ခြင်းငှာ အပ်သော သင်္ဘန်းသည် [၁]ခေါမပုဆိုး, [၂]ကောသေယျပုဆိုး, [၃]ကပ္ပါသပုဆိုး, [၄]သာဏပုဆိုး, [၅]ဘင်္ဂပုဆိုး, [၆]ကမ္ဗလာ၊ ဤသို့ ဇာတ်အားဖြင့် အလျော်အဟပ်နှင့်တကွ ၆-ပါးအပြားရှိ၏။

ဤသို့ ဆိုလိုကြောင်းကိုကား-

> **အနုဇာနာမိ ဘိက္ခဝေ ဆ စီဝရာနိ ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂန္တိ။** –

ဟူသော မဟာဝါစီဝရက္ခန္ဓကပါဠိတော်ပါဠ် (၃၉၄)ကို ထောက်၍လည်းကောင်း,

> **ဆန္နံ စီဝရာနံ အညတရန္တိ ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂန္တိ ဣမေသံ ဆန္နံ စီဝရာနံ အညတရံ။** –

ဟူသော သမန္တပါသာဒိကအဋ္ဌကထာပါဠ် (၀၊၄၊၂၊၂၁)ကို ထောက်၍လည်းကောင်း,

http://www.dhammadownload.com

အတိရေကစီဝရံ(အတိရေကံ စီဝရန္တိ) စီဝရံ နာမ ခေါမံ ကပ္ပါသိကံ ကောသေယ္ယံ ကမ္မလံ သာဏံ ဘင်္ဂန္တိ ဧတေသဲ ဝါ တဒုနုလောမာနံ ဝါ အညတရံ။ –

ဟူသော ကခ်ီဝိတရဏီအဋ္ဌကထာပါဠ်(၁၅၃)ကို ထောက်၍လည်းကောင်း,

ခေါမံ ကပ္ပါသကောသေယ္ယံ၊ သာဏံ ဘင်္ဂံ ကမ္မလံ။
စီဝရံ ဆဋ္ဌိမံ ဝုတ္တံ၊ ဇာတိတော ပန ကပ္ပိယံ။ –

ဟူသော ဝိနယဝိနိစ္ဆယအဋ္ဌကထာပါဠ်(နှာ-၅၃။ ဂါ။၅၅၁)ကို ထောက်၍လည်းကောင်း,

ခေါမ ကောသေယျကပ္ပါသ- သာဏဘင်္ဂါနိ ကမ္မလံ။
ကပ္ပိယာနိ ဆဋ္ဌေ'တာနိ၊ သာ'နုလောမာနိ ဇာတိတော။ ။ –

ဟူသော ခုဒ္ဒသိက္ခာလင်္ကာရသန်းအဋ္ဌကထာပါဠ် (နှာ-၅။ ဂါ။၃၀)ကို ထောက်၍လည်းကောင်း သိအပ်၏။

ထို ၆-ထည်တို့တွင်-

"**ခေါမန္တိ** ခေါမသုတ္တေဟိ ဝါယိတံ ခေါမပဋ္ဋံ**စီဝရံ**"ဟူသော(သာရတ္ထ၊ဋီ၊၂။၃၈၅)၊ ဝိနယတ္ထမဉ္ဇူသာဋီကာ(ကခ်၊ဋီ-သစ်၊၂၇၉)ပါဠ်နှင့်အညီ ခေါမချည်ဖြင့် ရက်သောပုဆိုးသည် **ခေါမပုဆိုး** မည်၏။

"ကောသေယျသုတ္တေဟိ ဝါယိတံ ကောသေယျံ"ဟူသော ၎င်းဋီကာပါဠ်နှင့်အညီ ပိုးချည်ဖြင့် ရက်သောပုဆိုးသည် **ကောသေယျပုဆိုး** မည်၏။

"ကပ္ပါသေဟိ ဝါယိတံ ကပ္ပါသံ"ဟူသော ၎င်းဋီကာပါဠ်နှင့်အညီ ဝါချည်ဖြင့် ရက်အပ်သောပုဆိုးသည် **ကပ္ပါသပုဆိုး** မည်၏။

"**သာဏ** နာမ သာဏဝါကေဟိ ကတံ ဝတ္ထံ"ဟူသော ၎င်းဋီကာပါဠ် (ခုဒ္ဒသိက္ခာ-ပုရာဏဋီကာ။၈၆)နှင့်အညီ ပိုက်ဆန်လျှော်ဖြင့် ရက်သောပုဆိုးသည် **သာဏပုဆိုး** မည်၏။

"**ဘင်္ဂံ** နာမ ခေါမသုတ္တာဒီဟိ ပဋ္ဌာဟိ မိဿေတွာ ကတံ ဝတ္ထံ"ဟူသော ၎င်းဋီကာပါဠ် (ခုဒ္ဒသိက္ခာပုရာဏဋီကာ။၈၆)နှင့်အညီ ခေါမ-စသော ချည် ၅-ပါးတို့ဖြင့် ရောရက်သော ပုဆိုးသည် **ဘင်္ဂပုဆိုး** မည်၏။

"**ကမ္မလံ** နာမ မနုဿလောမံ ဝါဠဲလောမံ ဒုပေတ္တာ (သေသ)လောမေဟိ ဝါယိတ္တာ ကတံ ဝတ္ထံ"ဟူသော ၎င်းဋီကာပါဠ်(ခုဒ္ဒသိက္ခာပုရာဏဋီကာ။၈၆)နှင့်အညီ လူမွေး,သားမွေးတို့ကို ထား၍ ကြိုင်းသော အမွေးတို့ဖြင့် ရက်သော သက္ကလတ်သည် **ကမ္မလာ** မည်၏။

http://www.dhammadownload.com

ထို ၆-ထည်သော ပုဆိုးအား လျော်သော ပုဆိုးသည်ကား [၃]ဒုကူလပုဆိုး, [၄]ပဋ္ဋဏ္ဏ ပုဆိုး, [၇]သောမာရပုဆိုး, [၆]စိနပုဆိုး, [၁]ကၠဝိဇပုဆိုး, [၆]ဒေဝဒိန္နပုဆိုး-ဟူ၍ ၆-ပါး အပြားရှိ၏။ ဤသို့ ဆိုလိုကြောင်းကိုကား-

ဘဂဝတာ ဆ စီဝရာနိ အနုညာတာနိ။ ဓမ္မသင်္ဂီဟကတ္ထေရေဟိ တေသံ အနုလောမာနိ ဒုကူလံ ပဋ္ဋဏ္ဏံ(ပတ္ထဏ္ဏံ) စိနပဋ္ဋံ(စိနပတ္တံ) သောမာရပဋ္ဋံ ကၠဝိမယိကံ ဒေဝဒတ္တိယန္တိ အပရာနိ ဆ အနုညာတာနိ။ –

ဟူသော မဟာဝါ။ ဘေသဇ္ဇက္ခန္ဓကအဋ္ဌကထာပါဠိ(ဝိ၊၅၃၃။၃၈၅)ကို ထောက်၍လည်းကောင်း,

ဒုကူလဉ္စေဝ ပဋ္ဋဏ္ဏံ၊ စိနံ သောမာရပဋ္ဋကံ။
ကၠဝိဇံ ဒေဝဒိန္နဉ္စ၊ တဿေ'တံ အနုလောမိကံ။ –

ဟူသော ဝိနယဝိနိစ္ဆယအဋ္ဌကထာပါဠိ(နှာ-၅၃။ ဂါ။၅၅၂)ကို ထောက်၍လည်းကောင်း,

ဒုကူလဉ္စေဝ ပဋ္ဋဏ္ဏ-ပဋ္ဋံ သောမာရစိနဇံ။
ကၠဝိဇံ ဒေဝဒိန္နဉ္စ၊ တဿ တဿာ'နုလောမိကံ။ –

ဟူသော ခုဒ္ဒသိက္ခာလင်္ကာရအဋ္ဌကထာပါဠိ(နှာ-၅။ ဂါ။၃၁)ကို ထောက်၍လည်းကောင်း,

ဒုကူလံ ပဋ္ဋဏ္ဏံ သောမာရပဋ္ဋံ စိနပဋ္ဋံ ကၠဝိဇံ ဒေဝဒိန္နန္တိ ကၠမာနိ ပန ဆ စီဝရာနိ ဧတေသံယေဝ အနုလောမာနိတိ ဝိသုံ န ဝုတ္တာနိ။ –

ဟူသော တေရသကဏ်ဍိကာ(သာရတ္ထဒီ၊၂။၃၈၅), ၎င်းနည်းတူလာသော ဝိမတိဝိနောဒနိဋီကာ(၁။၃၁၀-၃၁၁), ဝိနယာလင်္ကာရဋီကာပါဠိကို ထောက်၍လည်းကောင်း,

တဒနုလောမာနံ ဝါတိ ဒုကူလံ ပဋ္ဋဏ္ဏံ သောမာရပဋ္ဋံ စိနပဋ္ဋံ ကၠဝိဇံ ဒေဝဒိန္နန္တိ။
တေသံ ခေါမာဒီနံယေဝ အနုလောမာနံ ဆန္နံ စီဝရာနံ။ –

ဟူသော ဝိနယတ္ထမဉ္ဇူသာဋီကာ(ကခ်။ဋီ-သစ်။၂၇၉)ပါဠိကို ထောက်၍လည်းကောင်း သိအပ်၏။ ထို ၆-ထည်သော အနုလောမပုဆိုးတွင်-

"ဒုကူလန္တိ ဒုကူလသဒိသံတေန ကေနစိ ဝါကဝိသေသေန ဝါယိတံ စီဝရံ"ဟူသော သုမင်္ဂလပွသာဒနီမည်သော ခုဒ္ဒသိက္ခာအဘိနဝဋီကာပါဠိ(၂၇၀)နှင့်အညီ ဒုကူလ-ဟု ဆိုအပ်သော တစ်စုံတစ်ခုသော လျှော်အထူးဖြင့် ရက်အပ်သော ဘွဲ့ဖြူပုဆိုးသည် ဒုကူလပုဆိုး မည်၏။

"ပဋ္ဋဏ္ဏေသု ဇာတံ ပဋ္ဋဏ္ဏံ"ဟူသော ၎င်းခုဒ္ဒသိက္ခာအဘိနဝဋီကာ(၂၇၀)ဝိဂ္ဂဟနှင့်အညီ ပဋ္ဋ(ပဋ္ဋဏ္ဏ)တိုင်းဌဖြစ်သော ပုဆိုးသည် ပဋ္ဋဏ္ဏပုဆိုး မည်၏။

http://www.dhammadownload.com

"တေသု သောမာရေသု ဇာတံ သောမာရံ"ဟူသော ၎င်းဋီကာ(ခုဒ္ဒသိက္ခာဋီ-သစ်။ ၂၇၁)ဝိဂ္ဂဟနှင့်အညီ သောမာရတိုင်း၌ ဖြစ်သောပုဆိုးသည် **သောမာရပုဆိုး** မည်၏။

"စိနေသု ဇာတံ စိနံ"ဟူသော ၎င်းဋီကာ(ခုဒ္ဒသိက္ခာဋီ၊သစ်။၂၇၁)ဝိဂ္ဂဟနှင့်အညီ စိန တိုင်း၌ဖြစ်သော ပုဆိုးသည် **စိနပုဆိုး** မည်၏။

"ဧဟိဘိက္ခူနံ ပုညိဒ္ဓိယာ ဇာတံ ဣဒ္ဓိဇံ"ဟူသော ၎င်းဋီကာ(ခုဒ္ဒသိက္ခာဋီ၊သစ်။၂၇၁) ပါဠိနှင့်အညီ ဧဟိဘိက္ခူတို့အား တန်ခိုးဖြင့်ဖြစ်သော ပုဆိုးသည် **ဣဒ္ဓိဇပုဆိုး** မည်၏။

"**ဒေဝဒိန္နဿ** ဒေဝဟိ ဒိန္နံ ကပ္ပရုက္ခေ နိဗ္ဗတ္တံ စီဝရံ"ဟူသော ၎င်းဋီကာ(ခုဒ္ဒသိက္ခာဋီ၊ သစ်၊၂၇၁)ပါဠိနှင့်အညီ နတ်တို့သည် လှူအပ်သော, ပဒေသာပင်၌ဖြစ်သော သင်္ကန်းသည် **ဒေဝဒိန္နပုဆိုး** မည်၏။

ခေါမ-စသော ၆-ထည်သောပုဆိုးတို့အား အဘယ်သို့ လျော်သနည်း-ဟူမူ ထိုအနု-လောမသင်္ကန်း ၆-ထည်တို့တွင် ဒုကူလပုဆိုးသည် လျှော်ဖြင့်ပြီးသောကြောင့် **သာဏပုဆိုး** အား လျော်၏။ ပဋ္ဋဏ္ဏပုဆိုး, သောမာရပုဆိုး, စိနပုဆိုး၊ ဤ ၃-ထည်သော ပုဆိုးတို့သည် ပိုးချည်ဖြင့် ပြီးသောကြောင့် **ကောသေယျပုဆိုးအား** လျော်ကုန်၏။ ဣဒ္ဓိဇပုဆိုး, ဒေဝဒိန္နပုဆိုး၊ ဤ ၂-ထည်သောပုဆိုးတို့သည် ခေါမ-စသည်တို့တွင် တပါးပါး ဖြစ်သောကြောင့် ခေါမ-စသော ၆-ထည်သောပုဆိုးတို့အား လျော်ကုန်၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

> တတ္ထ ပဋ္ဋဏ္ဏန္တိ ပဋ္ဋဏ္ဏဒေသေ ပါဏကေဟိ သဏ္ဌာတဝတ္ထံ။ ဒ္ဝေ ပဉ္စာ ဒေသနာမေ-နေဝ ဝုတ္တာ။ တာနိ တီဏိ ကောသေယျသာနုလောမာနိ။ ဒုကူလံ သာဏဿ၊ ဣတရာနိ ဒ္ဝေ ကပ္ပါသိကဿ ဝါ သဏ္ဍေဝံ ဝါ။ –

ဟူသော မဟာဝါ၊ ဘေသဇ္ဇက္ခန္ဓကအဋ္ဌကထာပါဠိ(၃၈၅)ကို ထောက်၍လည်းကောင်း,

> **ကထံ ဒုကူလံ သာဏဿ အနုလောမံ၊ ပဋ္ဋဏ္ဏာဒီနိ တီဏိ ကောသေယျဿ အနု-လောမာနိ၊ ဣဒ္ဓိဇံ ဒေဝဒိန္နဉ္စ ခေါမာဒီနမနုလောမန္တိ။** –

ဟူသော ခုဒ္ဒသိက္ခာအဘိနဝဋီကာ(၂၇၁)ပါဠိကို ထောက်၍လည်းကောင်း,

> ဒုကူလံ ဟိ သာဏဿ အနုလောမံ ဝါကမယတ္တာ၊ ပတ္တုဏ္ဏာဒီနိ ကောသေ-ယျဿ အနုလောမာနိ ပါဏကေဟိ ကတသုတ္တမယတ္တာ၊ ဣဒ္ဓိဇမ္ပိ ခေါမာဒီနံ ယေဝ အညတရံ ဟောတိတိ တေသံ အနုလောမံ၊ ဒေဝဒိန္နမ္ပိ ခေါမာဒီနံယေဝ အနုလောမံ ဟောတိ တေသု အညတရဘာဝတော။ –

ဟူသော ဝိနယဝိနိစ္ဆယဋီကာ(၁။၂၆၉)ပါဠိကို ထောက်၍လည်းကောင်း သိအပ်၏။

http://www.dhammadownload.com

ဤသို့ ဆိုအပ်ခဲ့ပြီးသော ခေါမ-စသော သင်္ကန်း ၆-ထည်, ဒုကူလ-စသော အနု-လောမသင်္ကန်း ၆-ထည်တို့တွင် ကတ္တိပါ, မိုင်းလုံး, ဖဝါသင်္ကန်းသည် ကောသေယျဝိသေသ ဖြစ်ရကား "ပဋ္ဌဏ္ဏ် ကောသေယျဝိသေသောတိ ဟိ အဘိဓာနကောသေ ဝုတ္တံ"ဟူသော သာရတ္ထဒီပနီဋီကာ(၂။၃၈၅), ဝိမတိဝိနောဒနီဋီကာ(၁။၃၁၁), ဝိနယာလင်္ကာရဋီကာ(၂။၃၈၅၊၃၉၉) ပါဠိတို့နှင့်အညီ ပဋ္ဌဏ္ဏ အနုလောမပုဆိုး၌ အကျုံးဝင်၏-ဟု နှလုံးပိုက်တော်မူကုန်သဖြင့်၊ တစ်နည်းလည်း ဤကတ္တိပါ, မိုင်းလုံး, ဖဝါသင်္ကန်းသည် ပဋ္ဌဏ္ဏအရပ်-စသည်တို့၌ဖြစ်သော ပုဆိုး, ချည်ပုဆိုးနှင့် သိမ်မွေချောမောချင်း တူရကား ပဋ္ဌဏ္ဏပုဆိုး-စသော အနုလောမပုဆိုး၌ အကျုံးဝင်၏-ဟု နှလုံးပိုက်တော်မူကုန်သဖြင့် ရှေးရှေးသော ကျမ်းဂန်သိမြင်တော်မူကုန်သော ပုဂ္ဂိုလ်သူမြတ်တို့သည် ဆိုးရည်,အဆင်း ၂-ပါးတို့၌ ကုက္ကုစ္စသံသယ မရှိမူ၍ အလှူခံပြီးလျှင် အလှူပေးပုဂ္ဂိုလ်တို့အား အကျိုးအာနိသင် ပွါးများစေခြင်းငှာ ကိုယ်တိုင် သုံးဆောင်၍လည်း ရဟန်းတရားကို အားထုတ်ကုန်ရာသည်။

ကိုယ်တိုင်မသုံးဆောင်လျှင်မူလည်း မွန်မြတ်သောသင်္ကန်းမည်သည်ကား ပရိယတ်, ပဋိပတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်ပေသည်-ဟု နှလုံးထားပြီးလျှင် ပရိယတ်, ပဋိပတ်ကို ကြိုးစားအားထုတ်ကုန်သော သီတင်းသုံးဖော်တို့အား လှူဒါန်းကုန်သည်။ အလှူပေးသော ဒါယကာ, ဒါယိကာမတို့သည်လည်း သီလဝန်,ဂုဏဝန်ပုဂ္ဂိုလ်တို့အား စေတနာ ၃-တန်ပြဋ္ဌာန်း၍ သိမ်မွေချောမောသော အဝတ်သင်္ကန်းတို့ကို လှူရမူ ဟီနဒါန, မဇ္ဈိမဒါန, ပဏီတဒါန ၃-ပါးတို့တွင် ပဏီတဒါနဖြစ်၍ နိဗ္ဗာန်မရောက်မီအကြား သုဂတိဘဝတို့၌ သူတကာတို့ထက် သာလွန်သော အဝတ်အထည်ကို သုံးဆောင်ရခြင်းအကြောင်း ဖြစ်သည်။ အဆုံးဘဝ၌လည်း ပတ္တနာအားလျော်စွာ သစ္စာ ၄-ပါးတရားကို သိခြင်းအကြောင်း ဖြစ်ချေသည်။

အချို့သောပုဂ္ဂိုလ်တို့သည် ဆိုးရည်, အဆင်း ၂-ပါး၌ ကုက္ကုစ္စသံသယရှိသဖြင့် ကတ္တိပါ, မိုင်းလုံး, ဖဝါသင်္ကန်းတို့ကို မသုံးဆောင်ကုန်။ ထိုပုဂ္ဂိုလ်တို့သည်ကား ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ မအပ်-ဟု တိုက်ရိုက်မရှိဘဲလျက် အနုမာန ရမ်းဆသောအားဖြင့် သူခပ်သိမ်းတို့ မမြင်ဘဲလျက် 'သောက်ရေခွက်အတွင်းတွင် ငါသာ မိကျောင်းကို မြင်သည်'ဟူ၏သို့ ရှေးရှေးသော ကျမ်းဂန်သိမြင်တော်မူကုန်သော ပုဂ္ဂိုလ်သူမြတ်တို့ မမြင်ရာကို မြင်ပေသည် ဆိုရန်ရှိလေသည်။

မိမိတို့ ကုက္ကုစ္စသံသယရှိသည်နှင့်သာ မနေမူ၍ ဒါယကာ, ဒါယိကာမတို့အား "ရဟန်းတို့ကို သုံးဆောင်ခြင်းငှာ မအပ်"ဟု ပြောဟောသောရဟန်းတို့သည် ဒါယကာ, ဒါယိကာမတို့၏ မွန်မြတ်သောဝတ္ထုကို လှူလိုသော စေတနာကိုလည်းကောင်း၊ ထိုဝတ္ထုကို

http://www.dhammadownload.com

အာရုံပြု၍ဖြစ်သော စေတနာ၏အစွမ်းကြောင့်ဖြစ်သော သုဂတိဘဝတို့၌ သုံးဆောင်ခံစားလတ္တံ့သော အကျိုးအာနိသင်ကိုလည်းကောင်း၊ အလှူခံပုဂ္ဂိုလ်တို့၏ လာဘ်ကိုလည်းကောင်း ဖျက်ဆီးရာ ရောက်ချေသည်။ ထိုသို့ အလှူပေးပုဂ္ဂိုလ်တို့၏ စေတနာအာနိသင်, အလှူခံပုဂ္ဂိုလ်တို့၏လာဘ်ကို ဖျက်ဆီးသည် မည်ချေသောကြောင့် ဝတ်ရုံသုံးဆောင်ခြင်းငှာ မအပ်-ဟု ပြောသောရဟန်းတို့သည် အနန္တရဘဝမှစ၍ ဘဝအဆက်ဆက်တို့၌ လောသကတိဿမထေရ်ကဲ့သို့ လူဖြစ်သော်လည်း အဝတ်အသုံးအဆောင် နည်းပါးခြင်း, ရဟန်းဖြစ်သော်လည်း ပစ္စည်း ၄-ပါး ခေါင်းပါးခြင်းသို့ ရောက်ရာချေသည်။ ထိုပုဂ္ဂိုလ်တို့၏ ကုက္ကုစ္စသံသယရှိခြင်း၏အကြောင်းကို ရှာဖွေသော် ရှေးရှေးသောဘဝတို့က သီလဝန်, ဂုဏဝန် အရှင်မြတ်တို့အား မွန်မြတ်သော အဝတ်အထည်တို့ကို မလှူဖူးခဲ့သောကြောင့် မသုံးဆောင်ထိုက်သူဖြစ်၍ ကုက္ကုစ္စသံသယရှိသည်-ဟု ယူရန်ရှိသည်။

အချို့သော ပုဂ္ဂိုလ်တို့သည်လည်း အချို့သော မထေရ်ကြီးတို့ မသုံးဆောင်သည်ကို စွဲ၍ အထင်အမြင်အားဖြင့် မအပ်-ဟု အယူရှိကုန်သည်။ ထိုမဟာထေရ်ကြီးတို့သည် မအပ်သောကြောင့် မသုံးဆောင်သည် မဟုတ်။ လူတို့ဝယ် ကြီးရင့်သောသူတို့ ဆင်ယင်သော အဝတ်တန်ဆာသည် ငယ်သောသူတို့ ဆင်ယင်သော် မတင့်တယ်။ ငယ်သောသူတို့ ဆင်ယင်သော အဝတ်တန်ဆာသည် ကြီးရင့်သောသူတို့ ဆင်ယင်သော် မတင့်တယ်သကဲ့သို့ "ငါတို့ကား အရွယ်ကြီးရင့်ပြီဖြစ်၍ သိမ်မွေ့ချောမောသော အဝတ်ကို သုံးဆောင်ခြင်းငှာ မလျောက်ပတ်ချေပြီ"ဟု နှလုံးသွင်းပြီးလျှင် အရွယ်နှင့်ပြည့်စုံသော တပည့်ရှင်ရဟန်းတို့အား ဝတ်ရုံစိမ့်သောငှာ ပေးကုန်သည်။ မအပ်မူ တပည့်ရှင်ရဟန်းတို့အား မပေးရာ။ ထို့ကြောင့် အချို့သော မထေရ်ကြီးတို့ မသုံးဆောင်အပ်သည်ကို စွဲ၍ အထင်အမြင်အားဖြင့် မအပ်-ဟု ယူခြင်းသည် မသင့်သောအယူ ဖြစ်ချေသည်။

အချို့သော ရဟန်းတို့ကား အဖိုးထိုက်တန်သည်ကို စွဲ၍ မအပ်-ဟု အယူရှိကုန်သည်။ ထိုအဖိုးထိုက်တန်သည်ကို စွဲ၍ မအပ်-ဟု အယူရှိသောပုဂ္ဂိုလ်တို့ကား ဝိနည်း၌ မသိ,မလိမ္မာသောကြောင့် ယူခြင်းမျှသာ ဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူ ဝိနည်း၌ အဖိုးထိုက်တန်သောကြောင့် မအပ်-ဟု လာသည် မရှိ။ ဝေရဉ္ဇပုဏ္ဏားသည် ဘုရားအမှူးရှိသော သံဃာတော် ၅၀၀-တို့အား သင်္ကန်းအလို့ငှာ ပုဆိုးလှူသည့်ကာလ သံဃာ ၁-ပါး, ၁-ပါးအား ၁-ထည်, ၁-ထည်လျှင် အသပြာ ၅၀၀-စီတန်သော ပုဆိုး ၂-ထည်ကို ကပ်လှူသည်-ဟု ပါရာဇိကဏ်အဋ္ဌကထာ(၁။၁၆၇)၊ ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ၌ လာသောကြောင့်လည်းကောင်း, ဇလိနီမည်သော နတ်သမီးသည် အရှင်အနုရုဒ္ဓါထေရ်အား လှူသောသင်္ကန်းသည် အဖိုးအနက္ဃထိုက်၏-ဟု ဓမ္မပဒအဋ္ဌကထာ(၁။၃၈၇)၌ လာသောကြောင့်လည်းကောင်း အဖိုးကို ပမာဏပြုသဖြင့် မအပ်-ဟု ယူခြင်းသည်လည်း မသင့်သောအယူပင် ဖြစ်ချေသည်။

http://www.dhammadownload.com

တစ်ကြောင်းလည်း ကတ္တိပါ, မိုင်းလုံး, ဖဝါတို့ကို ကျမ်းဂန်သိမြင်တော်မူကုန်သော ရှေးဆရာမြတ်တို့သည်–

> အထ ခေါ ပုဏ္ဏသော မလ္လပုတ္တော တံ သိက္ခံဝဏ္ဏံ ယုဂမဋ္ဌံ ဓာရဏီယံ ဘဂဝတော ဥပနာမေသိ "ဣဒံ ဘန္တေ သိက္ခံဝဏ္ဏံ ယုဂမဋ္ဌံ ဓာရဏီယံ၊ တံ မေ ဘန္တေ ဘဂဝါ ပဋိဂ္ဂဏှာတု အနုကမ္ပံ ဥပါဒါယာ"တိ။ တေန ဟိ ပုဏ္ဏသ ဧကေန မံ အစ္ဆာဒေဟိ၊ ဧကေန အာနန္ဒိ။ "ဧဝံ ဘန္တေ"တိ ခေါ ပုဏ္ဏသော မလ္လပုတ္တော ဘဂဝတော ပဋိဿုဏိတွာ ဧကေန ဘဂဝန္တံ အစ္ဆာဒေတိ၊ ဧကေန အာယသ္မန္တံ အာနန္ဒံ။ –

ဟူသော သုတ်မဟာဝါ။ ပရိနိဗ္ဗာနသုတ်ပါဠိတော်(နှာ-၁၁၀)နှင့်အညီ မလ္လာမင်းသား ပုဏ္ဏသည် ပုဆိုးစုံကို ကိုင်၍ "ရှင်ပင်ဘုရား၊ ဤပုဆိုးစုံသည် အကျွန်ုပ်မှာ ရံခါရံခါ ဆောင်ပါသည်။ သိက္ခာဝဏ္ဏစင်အဆင်းနှင့်တူသော အဆင်းရှိ၏။ နူးညံ့သိမ်မွေ့ ချောမောပြေပြစ်လှပါသည်။ အကျွန်ုပ်အား သနားတော်မူသည်ကို အကြောင်းပြု၍ ဤပုဆိုးစုံကို ခံတော်မူပါ"ဟု ကပ်လျှ၏။ "ပုဏ္ဏသ၊ ထိုသို့ လျှောတပြီးကား ၁-ထည်သော ပုဆိုးကို ငါဘုရားအား လှူလော့။ ၁-ထည်သောပုဆိုးကို အာနန္ဒာအား လှူလော့"ဟု မိန့်တော်မူ၏။ ပုဏ္ဏသသည်လည်း "ကောင်းပါပြီ ရှင်ပင်ဘုရား"ဟု ဘုရားသခင် မိန့်တော်မူတိုင်း ၁-ထည်သော ပုဆိုးကို မြတ်စွာဘုရားအား ကပ်လှူ၏။ တစ်ထည်သော ပုဆိုးကို အရှင်အာနန္ဒာအား ကပ်လှူ၏-ဟူ၍လာသော အတ္ထုပ္ပတ္တိကို နှလုံးပိုက်တော်မူကုန်သဖြင့်လည်းကောင်း၊

> ပရိယောသာနဒိဝသေ သတ္ထာဘိက္ခူနံ ပတ္တေ ဓောဝါပေတွာ ဘောသဇ္ဇာယ သပ္ပိနဝနီတတေလမဓုဖာဏိတာနံ ပူရေတွာ တိစီဝဉ္စ ရေဟိ သဒ္ဓိံ အဒါသိ။ သံယနဝကဘိက္ခုနာ လဒ္ဓတိစီဝရသာဋကာ သတသဟဿဂ္ဃနိကာ အဟေသုံ။

ဟူသော ဗုဒ္ဓဝင်အဋ္ဌကထာပါဠိ(၁၈၁)နှင့်အညီ မင်္ဂလာဘုရားလက်ထက် ငါတို့ဘုရားလောင်း သုရုစိပုဏ္ဏားသည် ကုဋေ ၁-သိန်းသော သံဃာတော်တို့အား တိစီဝရိက်သင်္ကန်းကို ကပ်လှူရာ၌ သယ်နောရဟန်းသည် ရအပ်သော တိစီဝရိက်ပုဆိုးသည် အဖိုး ၁-သိန်းထိုက်၏-ဟူရာ၌လည်း ဤမလ္လာမင်းသား ပုဏ္ဏသသည် ကပ်လှူအပ်သော သင်္ကန်းကဲ့သို့ သိက္ခာဝဏ္ဏစင်အဆင်းနှင့်တူသော, နူးညံ့သိမ်မွေ့ ချောမြေ့ပြေပြစ်သော သင်္ကန်းပင်တည်း-ဟု နှလုံးပိုက်တော်မူကုန်သဖြင့်လည်းကောင်း၊

> သော သတ္ထု ဂန္ဓကုဋိမဟံ ကရောန္တော အဋ္ဌသဋ္ဌိယာ ဘိက္ခုသတသဟဿာနံ အန္တောဝိဟာရေယေဝ နဝမာသေ မဟာဒါနံ ဒတွာ (ဒါန)ပရိယောသာနေ သတ္ထေသံ တိစီဝရံ အဒါသိ။ သံယနဝကဿ စီဝရသာဋကာ သဟဿဂ္ဃနကာ အဟေသုံ။

http://www.dhammadownload.com

ဟူသော ဓမ္မပဒအဋ္ဌကထာပါဠိ(၂။၄၃၆)နှင့်အညီ ဤကမ္ဘာမှ ၉၁-ကမ္ဘာထက် ဝိပဿီဘုရား ပွင့်တော်မူသောအခါ ဇောတိကသူဋ္ဌေးအလောင်းဖြစ်သော သူဋ္ဌေးသည် ဝိပဿီဘုရား သီတင်းသုံးရန် ဂန္ဓကုဋိကို ဆောက်ပြီးလျှင် ကျောင်းပူဇော်သည့်ကာလ ၆-သန်း, ၈-သိန်း သော ရဟန်းတို့အား ကျောင်းတွင်း၌သာ ၉-လပတ်လုံး ကြီးစွာသောအလှူကို လှူ၍ လှူပြီး သောအဆုံး၌ အလုံးစုံကုန်သော ရဟန်းတို့အား တိစီဝရိက်သင်္ကန်း ကပ်လှူ၏။ ထိုအခါ သယ်နောရဟန်း-ရသော သင်္ကန်းလျာပုဆိုးသည် အဖိုး ၁-သိန်းထိုက်၏-ဟူရာ၌လည်း ဤမလွှာမင်းသား ပုက္ကုသသည် ကပ်လှူအပ်သော သင်္ကန်းကဲ့သို့ သိဒ္ဓိရွှေစင်အဆင်းနှင့် တူသော, နူးညံ့သိမ်မွေ့ ချောမြေပြေပြစ်သော သင်္ကန်းပင်တည်း-ဟု နှလုံးပိုက်တော်မူကုန် သဖြင့်လည်းကောင်း၊

> ဧကော ကိရ ဗြာဟ္မဏော စိန္တေသိ "ဗုဒ္ဓရတနသ္မ စ သံဃရတနသ္မ စ ပူဇာ ပညာယတိ၊ ကထံ နုခေါ ဓမ္မရတနံ ပူဇိတံ နာမ ဟောတီ"တိ။ သော ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတ'မတ္ထံ ပုစ္ဆိ။ ဘဂဝါပိ အာဟ "သစေပိ ဗြာဟ္မဏ ဓမ္မရတနံ ပူဇေတုကာမော၊ ဧကံ ဗဟုဿုတံ ပူဇေဟိ"တိ။ ဗဟုဿုတံ ဘန္တေ အာစိက္ခထာတိ။ "ဘိက္ခုသံဃံ ပုစ္ဆထာ"တိ။ သော ဘိက္ခုသံဃံ ဥပသင်္ကမိတွာ "ဗဟုဿုတံ ဘန္တေ အာစိက္ခထာ"တိ အာဟ။ အာနန္ဒတ္ထေရော ဗြာဟ္မဏာတိ။ ဗြာဟ္မဏော ထေရံ သဟဿဂ္ဃနိကေန စီဝရေန ပူဇေသိ။

ဟူသော ပါထေယျဝဂ်အဋ္ဌကထာ(၉၃), ဓမ္မပဒအဋ္ဌကထာ, တေရသကဏ်ဍကာ(သာရတ္ထ၊၂။ ၃၈၄)ပါဠိနှင့်အညီ "ပုဏ္ဏား ၁-ဦးသည် တရားရတနာအား ပူဇော်လို၍ အရှင်အာနန္ဒာအား ပူဇော်သော သင်္ကန်းသည် အဖိုး ၁,၀၀၀-ထိုက်၏"ဟူရာ၌လည်း မလွှာမင်းသား ပုက္ကုသ သည် ကပ်လှူသောသင်္ကန်းကဲ့သို့ သိဒ္ဓိရွှေစင်အဆင်းနှင့်တူသော, နူးညံ့သိမ်မွေ့ ချောမြေ ပြေပြစ်သော သင်္ကန်းပင်တည်း-ဟု နှလုံးပိုက်တော်မူကုန်သဖြင့်လည်းကောင်း၊

> အထ ခေါ ဝေရဉ္ဇော ဗြာဟ္မဏော ဗုဒ္ဓပမုခံ ဘိက္ခုသံဃံ ပဏီတေန ခါဒနီ-ယေန ဘောဇနီယေန သဟတ္ထာ သန္တပ္ပေတွာ သမ္ပဝါရေတွာ ဘဂဝန္တံ ဘုတ္တာဝိ ဩနီတပတ္တပါဏိ် တိစီဝရေန အစ္ဆာဒေသိ၊ ဧကမေကဉ္စ ဘိက္ခုံ ဧကမေကေန ဒုဿယုဂေန အစ္ဆာဒေသိ။ –

ဟူသော ပါရာဇိကဏ်ပါဠိတော်(၀။၁။၁၂)၊

> တိစီဝရေန အစ္ဆာဒေသိတိ တိစီဝရံ ဘဂဝတော အဒါသိ။ ဣဒံ ပန ဝေါဟာရ-ဝစနမတ္တံ ဟောတိ 'တိစီဝရေန အစ္ဆာဒေသိ'တိ။ တသ္မိံ စ တိစီဝရေ ဧကမေကော

http://www.dhammadownload.com

သာဒူကော သဟဿဲ အဂ္ဃတိ။ ဣတိ ပြာဟွဏော ဘဂဝတော တိသဟဿဂ္ဃနကံ တိစီဝရ'မဒါသိ။ ဥတ္တမံ ကာသိကဝတ္ထသဒိသံ။ **ဧကမေကဿ ဘိက္ခုံ ဧကမေကေန ဒုဿယုဂေနာတိ ဧကမေကေန ဒုဿယုဂဥ္စေန။** တတြ **ဧကသာဒူကော** ပဿသတာနိ အဂ္ဃတိ။ **ဧဝံ** ပဿန္နံ ဘိက္ခုသတာနံ ပဿသတသဟဿဂ္ဃနကာနိ ဒုဿာနိ အဒါသိ။

ဟူသော ပါရာဇိကဏ္ဍအဋ္ဌကထာပါဠိ(၁။၁၆)နှင့်အညီ "ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားအား ကပ်လှူအပ်သော တိစီဝရိက်သင်္ကန်းသည် ၁-ထည်,၁-ထည်လျှင် အဖိုး ၁,၀၀၀-စီ ထိုက်ရကား အဖိုး ၃,၀၀၀-ထိုက်၏။ သံဃာတော် ၅၀၀-တို့အား ကပ်လှူအပ်သော ၁-ခု, ၁-ခုသော ပုဆိုးအစုံသည် ၁-ထည်, ၁-ထည်လျှင် ၅၀၀-စီ ထိုက်ရကား အဖိုး ၁,၀၀၀-ထိုက်၏-ဟူရာ၌လည်း မလ္လာမင်းသား ပုက္ကုသသည် ကပ်လှူအပ်သော သင်္ကန်းကဲ့သို့ သိဂ္ဂီရွှေစင်အဆင်းနှင့်တူသော, နူးညံ့သိမ်မွေ့ ချောမြေပြေပြစ်သော သင်္ကန်းပင်တည်း-ဟု နှလုံးပိုက်တော်မူကုန်သဖြင့်လည်းကောင်း–

ကတ္တိပါသင်္ကန်း, *(မိုင်းလုံးသင်္ကန်း,)* ဖဲဝါသင်္ကန်းတို့ကို ကိုယ်တိုင်ပင် ဝတ်ရုံသုံးဆောင်တော်မူကုန်သည်။ အန္တေဝါသိက, သဒ္ဓိဝိဟာရိကတပည့်တို့အားလည်း ဩဝါဒပေး၍ သုံးဆောင်စေကုန်သည်။ ထိုသို့ ကိုယ်တိုင်သုံးဆောင်တော်မူခြင်း, ဩဝါဒပေး၍ တပည့်သားတို့အား သုံးဆောင်စေခြင်းသည်လည်း ကျမ်းသိ,ဂန်သိ အရှင်မြတ်တို့ပင်ဖြစ်၍ ကျမ်းဂန်အထောက်အထားနှင့်ပင် သုံးဆောင်တော်မူကုန်ရကား ထိုအရှင်မြတ်တို့အား အပြစ်တင်ရန် မရှိပေ။ ထိုအရှင်မြတ်တို့၏ နှလုံးသွင်းကား ယခင်သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်၌လာသော မလ္လာမင်းသား ပုက္ကုသအတ္ထုပ္ပတ္တိကို ထောက်၍ အနုလောမသင်္ကန်း ၆-ထည်တို့တွင် ဒုကူလသင်္ကန်းမှ ကြွင်းသော ၅-ထည်သော သင်္ကန်းတို့သည် ဆိုးခြင်းကိစ္စပြီးပြီးသော သင်္ကန်းကိုသာ ယူသင့်၏-ဟု အယူရှိတော်မူကုန်သည်။

အကယ်၍ ထိုကတ္တိပါ, မိုင်းလုံး, ဖဲဝါသင်္ကန်းတို့သည် နန္တင်း-စသော အကပ်ိယဆိုးရည်ဖြင့်ပင် ဆိုးစေကာမူ အကြင်ရဟန်းသည် ထိုနန္တင်း-စသော အကပ်ိယဆိုးရည်ဖြင့် ဆိုးသောသင်္ကန်းကို ကပ်ိယဆိုးရည်ဖြင့် ဆိုးသောသင်္ကန်း-ဟု အမှတ်ရှိသဖြင့် ဝတ်ရုံသုံးဆောင်ငြားအံ့။

ဤသိက္ခာပုဒ်သည်–

ပကိဏ္ဏကေသု ဥဒ္ဒိဿ-ကတံ ဟိတ္ဝာ'ညမံသကံ။
ဧကတ္ထရဏပါဝုရဏံ၊ ဧကမ္ဘွေ တုဝဋ္ဋနံ။
ဧကတော ဘဥ္ဇနဋ္ဌာပိ၊ နစ္စဂီတာဒိ သတ္ထပိ။ ။

http://www.dhammadownload.com

အကာယဒန္ဓနဿပိ၊ ပတ္ထဟတ္ထကဝါဒုကံ။
အစိတ္တက'မိဒံ သတ္ထံ၊ သေသ'မေတ္ထ သစိတ္တကံ။ ။

ဟူသော မူလသိက္ခာ၊ လက်သန်းအဋ္ဌကထာပါဠိ(နှာ-၄၅၂-၃။၀။၁၀၄၊၁၀၅)နှင့်အညီ သစိတ္တက, အစိတ္တက ၂-ပါးတို့တွင် သစိတ္တကသိက္ခာပုဒ်ဖြစ်သည်။

သစိတ္တကသိက္ခာပုဒ်ဖြစ်ကလည်း–

ဝိတိက္ကမနဝိတ္ထေန၊ သစိတ္တက'မစိတ္တကံ။
ပညတ္တိဇာနနေနာပိ၊ ဝဒန္တာစရိယာ တထာ။ ။

ဟူသော ၎င်းမူလသိက္ခာလက်သန်းအဋ္ဌကထာ(နှာ-၄၅၃။ ၀၊-၁၀၆)ပါဠိနှင့်အညီ ဝိတိက္ကမစိတ်ရှိသော်သာ အာပတ်သို့ ရောက်ကောင်းရကား ထိုရှေးဆရာမြတ်တို့သည် ဝိတိက္ကမစိတ်မရှိမူ၍ ဝတ်ရုံ,သုံးဆောင်ခြင်းငှာ အပ်၏-ဟု သုဒ္ဓစိတ်ဖြင့် ဝတ်ရုံ,သုံးဆောင်တော်မူကုန်သောကြောင့် ထိုရှေးဆရာမြတ်တို့အား အာပတ်သင့်၏-ဟု အပြစ်တင်ဖွယ် မရှိ။

အဆုံးအဖြတ်မည်သည် ဖြည့်ဆည်းပူးအပ်သော ပါရမီပုညသမ္ဘာရရှိသော, နက်နဲသောဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သာ ဆုံးဖြတ်နိုင်ရာချေသည်။ ဖြည့်ဆည်းပူးအပ်ပြီးသော ပါရမီပုညသမ္ဘာရ မရှိသော, ဉာဏ်နည်းသော ပုဂ္ဂိုလ်တို့သည် မဆုံးဖြတ်နိုင်ရာ။ ဆုံးဖြတ်သည့်အတိုင်း ဟုတ်သည်, မဟုတ်သည်ကို သိခြင်းသည်လည်း ဉာဏ်အမြင်ရှိသောသူတို့သာ သိရာသည်၊ ဉာဏ်အမြင်မရှိသောသူတို့ မသိရာ။ ထို့ကြောင့် ဤအဆုံးအဖြတ်ကို ယုံမှားသံသယရှိလျှင် ပရိယတ္တိ ဗဟုသုတဂုဏ်နှင့် ပြည့်စုံတော်မူကုန်သော ပုဂ္ဂိုလ်ကျော်အရှင်မြတ်တို့အား လျှောက်ထား၍ မှတ်သားရာသည်။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် စီဝရဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{၁၅} ဆတ္တာဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ဓမ္မာဘိနန္ဒ လျှောက်ပါသည် ဆရာတော်ဘုရား။ ယခုကာလ အချို့သောဆရာတို့သည်-

နာ ဘိက္ခဝေ ဆတ္တံ ဓာရေတဗ္ဗံ။ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ -

ဟူသော စူဠဝါပါဠိ (၂၆၉)၊

နာ ဘိက္ခဝေ သဥပါဟနေန ဂါမော ပဝိသိတဗ္ဗော။ ယော ပဝိသေယျ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါပါဠိ (၂၈၃)၊

ဤပါဠို ၂-ရပ်တို့ကို အထောက်အထား ကိုးစားအမှီပြုသဖြင့် ရွာတွင်း၌ ထီး,ဖိနပ် မဆောင်း, မစီးသင့်-ဟု အယူဝါဒရှိသဖြင့် မိမိတို့လည်း ရွာတွင်း၌ ထီး,ဖိနပ် မဆောင်း,မစီးကုန်။ တပည့်ရဟန်းတို့အားလည်း ရွာတွင်း၌ ထီး,ဖိနပ် မဆောင်း,မစီးစေကုန်။ တပါးသော ရဟန်းတို့သည် ရွာတွင်း၌ ထီး,ဖိနပ် ဆောင်း,စီးသည်ကို ကြားသိမြင်လျှင်လည်း အလွဲပက္ခသို့ သွင်း၍ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ဆိုကုန်၏။ ထိုရဟန်းတို့ အယူဝါဒသည် ဝိနည်းပါဠို, အဋ္ဌကထာ, ဋီကာတို့၌လာသော စကားနှင့် ညီမည်, မညီမည် သိလိုပါသည်။ နောင်လွဲ-ပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့ မှတ်သားကြည့်ရှုရန် ပုစ္ဆာထား၍ ဝိနည်းပါဠို, အဋ္ဌကထာ, ဋီကာတို့၌ လာသည့်အတိုင်း ထီး,ဖိနပ်အဆုံးအဖြတ်ကို ရေးပေးသနားတော်မူစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့်အတိုင်း လွဲပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့ မှတ်သားကြည့်ရှုရန် ပါဠို, အဋ္ဌကထာ, ဋီကာတို့၌လာသည့် စကားရပ်နှင့်ညီစွာ ပုစ္ဆာထား၍ ရေးလိုက်အံ့။

http://www.dhammadownload.com

ရဟန်းတို့ ဆောင်းသင့်သော ထီးသည် အဘယ်မျှ အပြားရှိသနည်းဟူမူ–

ဆတ္တံ နာမ တီဏိ ဆတ္တာနိ သေတဆတ္တံ၊ ကိလဉ္ဇဆတ္တံ၊ ပဏ္ဏဆတ္တံ၊ မဏ္ဍလပဒ္ဓံ သလာကပဒ္ဓံ။ (ဝိ၊ ၂။ ၂၆၂။ ၄၅၁)

ဟူ၍ ဘိက္ခုဝိဘင်းဝယ်လာရကား သေတဆတ္တ, ကိလဉ္ဇဆတ္တ, ပဏ္ဏဆတ္တ-ဟူ၍ ၃-ပါး အပြားရှိ၏-ဟူလို။ ၃-ပါးတို့တွင် အဘယ်သို့သော ထီးသည် သေတဆတ္တမည်သနည်းဟူမူ-

တတ္ထ သေတဆတ္တန္တိ ဝတ္ထပလိဂုဏ္ဌိတံ ပဏ္ဏရဆ္ဆတ္တံ။

ဟူ၍ ၎င်းအဋ္ဌကထာ (ပါစိတျာဒိ။ ၁၆၇)လာရကား ပုဆိုးဖြူဖြင့် လွှမ်းအပ်၊ မွှမ်းအပ်သော ထီးသည် သေတဆတ္တမည်၏-ဟူလို။

အဘယ်သို့သော ထီးသည် ကိလဉ္ဇဆတ္တမည်သနည်းဟူမူ–

ကိလဉ္ဇဆတ္တန္တိ ဝိလီဝဆတ္တံ-ဟူ၍ အဋ္ဌကထာ(၁၆၇)၌လည်းကောင်း,

ဝိလီဝဆတ္တန္တိ ဝေဏုဝိလီဝေဟိ ကတဆတ္တံ-ဟူ၍ သာရတ္ထဋီကာ(၃။၁၀၈)၌လည်းကောင်း,

ဝိလီဝဆတ္တန္တိ ဝေဠုပေသိကာဟိ ကတံ-ဟူ၍ ဝိမတိဝိနောဒနီဋီကာ(၂။၆၄)၌လည်းကောင်း

လာရကား ဝါခြမ်းဖြင့် ပြီးသောထီး, ဝါးခြမ်းစိပ်ဖြင့် ပြီးသောထီးသည် ကိလဉ္ဇဆတ္တ မည်၏-ဟူလို။

အဘယ်သို့သော ထီးသည် ပဏ္ဏဆတ္တမည်သနည်းဟူမူကား–

"ပဏ္ဏဆ္ဆတ္တန္တိ တာလပဏ္ဏာဒီဟိ ယေဟိ ကေဟိစိ ကတံ"ဟူ၍ ၎င်းအဋ္ဌကထာ (ပါစိတျာဒိ။၁၆၇)၌ လာရကား ထန်းရွက်-အစရှိကုန်သော အမှတ်မရှိသော သစ်ရွက်တို့ဖြင့် ပြုအပ်သော ထီးသည် ပဏ္ဏဆတ္တမည်၏-ဟူလို။

ယခင် ပြဆိုအပ်ပြီးသော ထီး ၃-ပါးသာ ဆတ္တမည်သလောဟူမူ–

ယမ်ပိ တတ္ထဇာတကဒဏ္ဍကေန ကတံ ဇကပဏ္ဏဆတ္တံ ဟောတိ၊ တမ်ပိ ဆတ္တမေဝ။

ဟူ၍ အဋ္ဌကထာ(ပါစိတျာဒိ။၁၆၇)၌လည်းကောင်း–

တတ္ထဇာတကဒဏ္ဍကေန ကတန္တိ တာလပဏ္ဏံ သဟ ဒဏ္ဍကေန ဆိန္နိတ္ဝာ တမေဝ ဆတ္တဒဏ္ဍံ ကရောန္တိ ဂေါပါလကာဒယော ဝိယ၊ တံ သန္ဓာယေတံ ဝုတ္တံ။

ဟူ၍ သာရတ္ထဒီပနီဋီကာ (၃။၁၀၈)၌လည်းကောင်း,

http://www.dhammadownload.com

တတ္ထဇာတကဒဏ္ဍကေန ကတန္တိ သဟ ဒဏ္ဍကေန ဆိန္နတာလပဏ္ဏာဒိဟိ ကတံ။

ဟူ၍ ဝိမတိဝိနောဒနီဋီကာ(၂။၆၄)၌လည်းကောင်း လာရကား နွားကျောင်းသားတို့သည် ပြုအပ်,ဆောင်းအပ်သော ထီးကဲ့သို့ ထိုအပင်၌ရောက်သော ထန်းရွက်ကို အရိုးနှင့်တကွ ဖြတ်၍ ပြုအပ်သော တစ်ခုသော သစ်ရွက်ထီးသည်လည်း ဆတ္တ မည်၏-ဟူလို။ ဤသို့ ဆိုအပ်ပြီးသော ထီး ၃-ပါးတို့သည် ရဟန်းတို့ ဆောင်းအပ်, ဆောင်းသင့်သော ထီးမည်၏။ ယခင်ပြဆိုအပ်ပြီးသော ထီး ၃-ပါးတို့၌ အပ်,မအပ်ခွဲခြမ်းစိစစ်ရန် မရှိပြီလောဟူမူ-

> **ကေစိ တာလပဏ္ဏစ္ဆတ္တံ အန္ဓော ဝါ ဗဟိ ဝါ ပဒွဝဏ္ဏေန သုတ္တေန သိဗ္ဗန္တော ဝဏ္ဏမဋ္ဌ ကရောန္တိ တံ န ဝဋ္ဋတိ။ ဆတ္တပဏ္ဏကေသု မကရဒန္တကံ ဝါ အမုစန္ဓကံ ဝါ ဆိန္ဒိတုံ န ဝဋ္ဋတိ။**
>
> **ဆတ္တဒဏ္ဍေ ဂေဟထမ္ဘေသု ဝိယ ယဋ္ဌကော ဝါ ဝါဠရူပံ ဝါ န ဝဋ္ဋတိ။ သစေပိ သဗ္ဗတ္ထ အာရဂ္ဃေန လေခါ ဒိန္နာ ဟောတိ၊ သာပိ န ဝဋ္ဋတိ။**

ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာ(၁။၂၅၁၊၂၅၂)၌လည်းကောင်း,

> **ပဒွဝဏ္ဏေဟိ သုတ္တေဟိ၊ အန္ဓော ဗဟိ စ သိဗ္ဗိတုံ။**
> **ဂိရိကူဋမုစန္ဓာဒီ၊ ဆတ္တေ ပဏ္ဏေ စ ဆိန္ဒိတုံ။ –**

ဟူ၍ ခုဒ္ဒသိက္ခာ(ဂ။၂၅၉)၌ လာရကား ၅-ပါးသော အဆင်းရှိသောချည်ဖြင့် အတွင်း,အပဝယ် အပြေအပြစ်ပြုအပ်သော ထီး၊ ထီးရွက်တို့၌ မကာရိုးသွား, လ-ထက်ဝက်သဏ္ဌာန် ထုသော ထီး၊ ထီးရိုးဝယ် အိမ်သည်တိုင်တို့၌ကဲ့သို့ ကြာသွတ်အိုးသဏ္ဌာန်ပြုသော ထီး၊ အလုံးစုံ သောထီးရိုး၌ ပွတ်ဆောက်ဦးဖြင့် အရေးပေးသော ထီး၊ ဤသို့ ဆိုအပ်ပြီးသော ထီးတို့သည် ရဟန်းတို့ မသုံးဆောင်အပ်သော ထီးမည်၏-ဟူလို။

အသို့ပြုအပ်သော ထီးသည် ရဟန်းတို့အား အပ်သောထီး မည်သနည်းဟူမူ-

> ကေဝဏ္ဏေန ပန နီလေန ဝါ ပီတကေန ဝါ ယေန ကေနစိ သုတ္တေန အန္ဓော ဝါ ဗဟိ ဝါ သိဗ္ဗိတုံ, ဆတ္တဒဏ္ဍဂ္ဂါဟကံ သလာကပဋ္ဋံ ဝါ ဝိနန္ဓိတုံ ဝဋ္ဋတိ၊ တဉ္စ ခေါ ထိရကရဏတ္ထံ၊ န ဝဏ္ဏမဋ္ဌတ္ထာယ။ ယဋ္ဌကမ္ပိ ဝါဠရူပမ္ပိ ဘိန္ဒိတွာ ဓာရေတဗ္ဗံ။ လေခါပိ ယံသိတွာ ဝါ အပနေတဗ္ဗာ၊ သုတ္တကေန ဝါ ဒဏ္ဍော ဝေဋ္ဌေတဗ္ဗော။ ဒဏ္ဍဗုန္ဓေ ပန အဟိစ္ဆတ္တကသဏ္ဌာနံ ဝဋ္ဋတိ။ ဝါတပွဟာရေန အစလနတ္ထံ ဆတ္တမဏ္ဍလိကံ ရဏ္ဍကေဟိ ဂါဟေတွာ ဒဏ္ဍေ ပန္ဓန္တိ၊ တသ္မိံ ပန္ဓနဋ္ဌာနေ ဝလယမိဝ ဥက္ကိရိတွာ လေခံ ဒ္ဗပေန္တိ၊ သာ ဝဋ္ဋတိ။

ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာ(၁။၂၅၁၊၂၅၂)၌လည်းကောင်း,

http://www.dhammadownload.com

ဝဋ္ဋတိ ဒဏ္ဍဗုန္ဒမှိ၊ အဟိစ္ဆတ္တကသာဒိသံ။
သိဗ္ဗိတုံ ဇကဝဏ္ဏေန၊ ပဋ္ဌရံ ဝါ ဝိနန္ဒိတုံ။ –

ဟူ၍ ခုဒ္ဒသိက္ခာ(နှာ-၂၉)၌လည်းကောင်း လာသောကြောင့်–

- တစ်ခုသောအဆင်းရှိသော ညိုသောအဆင်းရှိသောချည်, ရွှေသောအဆင်းရှိသော ချည်-အစရှိသော အမှတ်မရှိသော အဆင်းရှိသောချည်ဖြင့် အတွင်း,အပဝယ် ချုပ်သောထီး၊
- ထီးရိုးကို မြဲစေတတ်သော ထီးစွန်ဆုပ်ကို ယခင်ချည်ဖြင့် ဖွဲ့သောထီး၊
- အရိုး၌ ကြာသွတ်အိုး, သားရဲရုပ် အရေးမရှိသောထီး၊
- ကြာသွတ်အိုး, သားရဲရုပ်ရှိသော် ထိုကြာသွတ်အိုး, သားရဲရုပ်ကို ဖျက်သောထီး၊
- အရေးရှိသော် အရေးကို ပယ်၍, ၎င်းချည်ဖြင့် အရိုးကို ရစ်၍ ၎င်းအရေးကို မထင်စေသောထီး၊
- ထီးရိုးအဖူး၌ မှိုငုံသဏ္ဌာန် ပြုသောထီး၊
- လေခတ်သဖြင့် မလှုပ်စိမ့်သောငှာ ထီးချက်ကို ကြိုးငယ်တို့ဖြင့် ကိုင်၍ ထီးရိုးဝယ် ဖွဲ့ရာသောအရပ်၌ လက်ကောက်ကဲ့သို့ ထစေ၍ အရိုးကို ပြုသောထီး၊

ဤဆိုအပ်ပြီးသော ထီးတို့ကား ရဟန်းတို့ သုံးဆောင်ခြင်းငှာအပ်သော ထီးတို့မည်ကုန်၏။ ထိုထီး ၃-ပါးကို ရဟန်းတို့အား သုံးဆောင်စိမ့်သောငှာ ခွင့်ပြုတော်မူသည်ကို အဘယ်ပါဠိထောက်သဖြင့် သိအပ်သနည်းဟူမူ "အနုဇာနာမိ ဘိက္ခဝေ ဆတ္တံ"ဟူ၍ စူဠဝါပါဠိတော်(၂၆၉)ဝယ် လာရကား ၎င်းစူဠဝါပါဠိတော်ကို ထောက်သဖြင့် ခွင့်ပြုတော်မူအပ်သည်ကို သိအပ်၏-ဟူလို။ ထိုမူလပညတ်တော်သည် ပညတ်တော်အတိုင်းပင် မြဲလေသလော ဟူမူ–

"န ဘိက္ခဝေ ဆတ္တံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ"ဟူ၍ ၎င်းပါဠိတော် (စူဠဝါ၊၂၆၉)ဝယ် လာရကား ထီးဆောင်းခြင်းကို မြစ်တော်မူပြန်၏။ မမြဲ-ဟူလို။ မြစ်တော်မူ၏-ဟု ဆိုသော် အလုံးစုံသော ရဟန်းတို့အားပင် မြစ်တော်မူသလောဟူမူ "အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဆတ္တံ ဓာရေတုံ"ဟူ၍ ၎င်းပါဠိတော် (စူဠဝါ၊၂၆၉)ဝယ် လာရကား အဂိလာနရဟန်းသာ မြစ်တော်မူ၏။ ဂိလာနရဟန်းအား ခွင့်ပြုတော်မူ၏-ဟူလို။ ဤစူဠဝါပါဠိတော်ဝယ် အသို့သောရဟန်းသည် ဂိလာနမည်သနည်း။ မထမကြွနိုင်သော ရဟန်းသည် ဂိလာန-မည်လေသလောဟူမူ–

http://www.dhammadownload.com

ဂိလာနဿ ဆတ္ထန္တိ ဇ္ဈေ ယဿ ကာယဘာဟော ဝါ ပိတ္တကောပေါ ဝါ ဟောတိ, စက္ခု ဝါ ဒုဗ္ဗလံ၊ အညော ဝါ ကောစိ အာဗာဓော ဝိနာ ဆဇ္ဈောန ဥပ္ပဇ္ဇတိ၊ တဿ ဂါမေ ဝါ အရညေ ဝါ ဆတ္တံ ဥဒ္ဓရတိ။ –

ဟူ၍ ၎င်းအဋ္ဌကထာ(၀ိ၊၄၊၄း၅၂)၌ လာရကား–

- ကိုယ်ပူသော အနာရှိသော ရဟန်း,
- သည်းခြေဖျက်သော အနာရှိသော ရဟန်း,
- မျက်စိအမြင်အားနည်းသော ရဟန်း,
- ထီးနှင့်ကင်းသည်ရှိသော် တပါးသော အမှတ်မရှိသောအနာ ဖြစ်လတ္တံ့သော ရဟန်း–

သည် ဂိလာန မည်၏-ဟူလို။

တစ်နည်းကား "ဂိလာနာ နာမ ယဿာ ဝိနာ ဆတ္တုပါဟနံ န ဟာသု ဟောတိ။ (သာ ဂိလာနာ နာမ)"ဟူ၍ ဘိက္ခုနီဝိဘင်း (၄၅၁)ဝယ် လာရကား အကြင်ရဟန်းအား ထီးနှင့် ကင်းသဖြင့် ချမ်းသာမဖြစ်၊ ထိုရဟန်းသည် ဂိလာန မည်၏-ဟူလို။ အဂိလာနရဟန်းသည် အလျှင်းပင် ထီးဆောင်းခြင်းကို ခွင့်မပြုရပြီလောဟူမူ–

အနုဇာနာမိ ဘိက္ခဝေ အဂိလာနေနပိ အာရာမေ အာရာမူပစာရေ ဆတ္တံ ဓာရေတုံ။

ဟူ၍ ၎င်းပါဠိတော် (စူဠဝ၊၂၄၀)လာရကား အဂိလာနရဟန်းသည် အာရာမ်, အာရာမ်၏ ဥပစာ၌ ထီးဆောင်းခြင်းငှာ အပ်၏-ဟူလို။ ဤပါဠိတော်၌ အသို့သောရဟန်းသည် အဂိလာန မည်သနည်းဟူမူ-

အဂိလာနာ နာမ ယဿာ ဝိနာ ဆတ္တုပါဟနံ ဟာသု ဟောတိ။ (သာ အဂိလာနာ နာမ)။

ဟူ၍ ဘိက္ခုနီဝိဘင်း(၀ိ၊၂၊၄၅၁)ဝယ် လာရကား အကြင်ရဟန်းအား ထီးနှင့်ကင်းသည်ရှိသော် ချမ်းသာ၏။ ထိုရဟန်းသည် အဂိလာန မည်၏-ဟူလို။

ထိုအဂိလာနရဟန်းသည် အာရာမ်, အာရာမ်၏ဥပစာရမှ တပါးသောအရပ်၌ အလျှင်းပင် ထီးဆောင်းခြင်းငှာ မအပ်ပြီလောဟူမူ "**ဝဿေ ပန စီဝရဂုတ္တတ္ထံ ဝါဠိမဂစောရ-ဘယေသု စ အတ္ထဂုတ္တတ္ထမ်ဳ ဝဋ္ဋတိ**"ဟူ၍ စူဠဝါအဋ္ဌကထာ(၂၂)ဝယ် လာရကား အဂိလာန ရဟန်းသည် မိုးကာလ၌ကား ဂါမ, အရည ၂-ပါး၌ သင်္ကန်းကို လုံခြုံစိမ့်သောငှာ ဆောင်ခြင်း

http://www.dhammadownload.com

ဌာ အပ်၏။ ဥတု ၃-ပါး၌ကား သားရဲဘေး, ခိုးသူဘေးတို့ကြောင့်လည်း ကိုယ်ကို စောင့်ရှောက်စိမ့်သောဌာ ဆောင်းအပ်၏-ဟူလို။

ဝိနည်းကျမ်းဂန် တတ်သိလိမ္မာတော်မူကုန်သော အရှင်မြတ်တို့ကား ဤ"ဝါဠဗိဂစောရဘယေသု စ"ဟူသော စကားသည် "လဒ္ဓါတပတ္တော ရာဇကုမာရော။ ဝရကနကမယေ မေရုရာဇေ"ဟူသော ပါဠိတို့၌ကဲ့သို့ ဥပလက္ခဏာနည်း ဖြစ်သည်။ အဘယ်သို့ ဖြစ်သနည်းဟူမူ "လဒ္ဓါတပတ္တော ရာဇကုမာရော"ဟူသောပါဠိ၌ ရအပ်သော ထီးဖြူရှိသော မင်းသား-ဟူရာဝယ် ထိုမင်းသားသည် ထီးဖြူကိုသာ ရသည် မဟုတ်၊ ထီးဖြူမှတပါး သန်လျက်, သင်းကျစ်, သားမြီးယပ်, ခြေနင်းတို့ကို ရသော်လည်း ထီးဖြူဖြင့်သာ မှတ်၍ ရအပ်သော ထီးဖြူရှိသောမင်းသား-ဟု ဥပလက္ခဏာနည်းဖြင့် ဆိုဘိ၏သို့လည်းကောင်း၊

"ဝရကနကမယေ မေရုရာဇေ"ဟူသော ပါဠိ၌လည်း မြင်းမိုရ်တောင်ကို ရွှေဖြင့်ပြီး၏ ဟူရာ၌ ရွှေဖြင့်သာ ပြီးသည်မဟုတ်၊ အရှေ့မျက်နှာမှ ငွေ, တောင်မျက်နှာမှ ဂ္ဂန္ဓနီလာ, အနောက်မျက်နှာမှ ဖလ်, မြောက်မျက်နှာမှ ရွှေဖြင့်ပြီးသော်လည်း ရွှေဖြင့်သာ မှတ်၍ ဥပလက္ခဏာနည်းဖြင့် ရွှေဖြင့်ပြီးသော မြင်းမိုရ်တောင်မင်း-ဟူ၍ ဆိုဘိ၏သို့လည်းကောင်း ထို့အတူ သားရဲဘေး, ခိုးသူဘေးမှတပါး နေပူဘေး-စသည်တို့ကြောင့် ဆောင်းသင့်သော်လည်း ဥပလက္ခဏာနည်းအားဖြင့် သားရဲဘေး, ခိုးသူဘေးဖြင့် မှတ်၍ "ဝါဠဗိဂစောရဘယေသု စ အတ္ထဂုတ္တတ္ထမ္မိ ဝဋ္ဋတိ"ဟူ၍ အဋ္ဌကထာဆရာ ဆိုတော်မူသည်။

ထို့ကြောင့် သားရဲဘေး, ခိုးသူဘေးမှတပါး နေပူ-စသည်တို့ကြောင့် ကိုယ်ကိုစောင့်ရှောက်စေခြင်းငှာ ဂါမ, အရညာ၌ ထီးကို ရဟန်းတို့ ဆောင်းအပ်ကုန်၏-ဟု မိန့်တော်မူ၏။ ထိုဆရာတို့ မိန့်တော်မူသောစကားသည် "အာပဒါသု အနာပတ္တိ"စသော အနာပတ္တိဝါရပါဠို, အဋ္ဌကထာ, ဋီကာစကားရပ်တို့နှင့် သင့်လျော်ရကား ယုတ္တတရ-ဟု သာရအားဖြင့် မှတ်သင့်သည်။

တစ်နည်းလည်း ဤ"ဝါဠဗိဂစောရဘယေသု စ အတ္ထဂုတ္တတ္ထမ္မိ ဝဋ္ဋတိ"ဟူသော ဝါကျ၌ အကျုံးဝင်သော စ-သဒ္ဒါသည် အဝုတ္တသမုစ္စည်းအနက်ရှိရကား ယင်း စ-သဒ္ဒါဖြင့် နေပူဘေး-စသည်တို့ကိုလည်း ပေါင်းဆည်းယူသင့်သည် ဖြစ်၍ နေပူဘေး-စသည်တို့ကြောင့်လည်း ကိုယ်ကိုစောင့်ရှောက်ခြင်းငှာ ဆောင်းရာဝယ် အာပတ်မသင့်-ဟု မှတ်ရမည်။

တစ်နည်းလည်း "အာပဒါသု အနာပတ္တိ"ဟူ၍ ဘိက္ခုနီဝိဘင်း၊ အနာပတ္တိဝါရ၌လည်းကောင်း, "ကေနစိ ဥပဒ္ဒုတာ ဟောတိ၊ ဧဝရူပါသု အာပဒါသု ဓာရေတုံ ဝဋ္ဋတိ"ဟူ၍ အဋ္ဌကထာ၌လည်းကောင်း, "အာပဒါသုတိ ရဋ္ဌဘေဒါဒိအာပဒါသု"ဟူ၍ ဝိနယဝိနိစ္ဆယဋီကာ

http://www.dhammadownload.com

(၂။၁၁၈)၌လည်းကောင်း လာရကား ထိုဂိလာနရဟန်းသည် တိုင်းပြည်ပျက်စီးခြင်းဘေး, သားရဲဘေး, ခိုးသူဘေး, နေပူဘေး-စသော ဘေးတို့ကြောင့်လည်း ဆောင်းခြင်းငှာ အပ်၏-ဟူလို။ ယခင်ဋီကာ ပါဠိ၌ အာဒိ-သဒ္ဒါ၏ အာဒိဝန်ကို နေပူဘေး-စသည်ကို ယူလေ။

အလုံပြို့၊ အထက်တိုက် သာစည်ရွာမလျှင် ချက်မြှုပ်ဇာတိရှိတော်မူသော ပရိယတ္တိဝိသာရဒဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် ဝူကြီးဆရာတော်ဘုရားကြီးကား နေပူသောအခါ ခရီးသွားလိုသော် အဂိလာနရဟန်းသည် အနာရှိဆဲပင် မဟုတ်သော်လည်း နေပူခံဆေးကို သုံးဆောင်၍ သွားသင့်သကဲ့သို့ ထို့အတူ အဂိလာနရဟန်းသည် နေပူဘေး-စသည် တွေ့သဖြင့် ဖြစ်လတ္တံ့သောရောဂါကို မဖြစ်စေခြင်းငှာ နှလုံးပိုက်သဖြင့် ရွာ, တောအရပ် ၂-ပါး၌ပင် ထီးဆောင်းခြင်းငှာ အပ်၏-ဟု မိန့်တော်မူ၏။ ထိုစကားလည်း အနာပတ္တိဝါရနှင့် လျော်သောကြောင့် သာရအားဖြင့် မှတ်သင့်သော စကားရပ်ပင် ဖြစ်သည်။ တစ်နည်းလည်း–

> ဓာရေယျာတိ ဂ္ဂဟိနာ သုဒ္ဓကတ္တုန်ဒ္ဒေသေန အဂိလာနဿပိ ပရံဓာရာပနေ ပရဿ ဓာရဏာသာဒိယနေ စ အနာပတ္တိတိ ဝိညာယတိ။

ဟု ဝိနိစ္ဆယဋီကာ(၂။၂၈၈)ဝယ် လာရကား ထိုအဂိလာနရဟန်းသည်လည်း သူတပါးကို ဆောင်းစေခြင်း, သူတပါးတို့ ဆောင်းသည်ကို သာယာခြင်းငှာ အပ်သေး၏-ဟူလို။

တစ်နည်းလည်း "ဧကပဏ္ဏစ္ဆတ္တံ ပန သတ္ထတ္ထော ဝဋ္ဋတီ"ဟူ၍ စူဠဝါအဋ္ဌကထာ(၅၂)၌လည်းကောင်း၊ "ဧကပဏ္ဏစ္ဆတ္တံ နာမ တာလပတ္တန္တိ ဂဏ္ဌိပဒေသု ဝုတ္တံ"ဟူ၍ သာရတ္ထဒီပနီ(၃။၃၉၀)၌လည်းကောင်း လာရကား ထိုအဂိလာနရဟန်းသည် အောက်ဝယ် ထီးအပြားကို ပြဆိုရာ၌ အကျုံးဝင်သော, ထန်းရွက်ဖြင့် ပြုအပ်သော ဧကပဏ္ဏဆတ္တကို ဂါမ, အရည ၂-ပါး၌ပင် ဆောင်းခြင်းငှာ အပ်၏-ဟူလို။ ယခုကာလ ရဟန်းတို့ ထီးဆောင်းခြင်းသည် နေပူဘေး-စသည်တွေ့သဖြင့် ဖြစ်လတ္တံ့သော အနာရောဂါကို မဖြစ်စေခြင်းငှာ နှလုံးပိုက်သဖြင့် ဆောင်း ကုန်ရကား အာပတ်သင့်ဖွယ်မရှိ-ဟု မှတ်ရမည်။

သန္တောသ ၁၂-ပါးနှင့်ပြည့်စုံသော အပ္ပိစ္ဆပုဂ္ဂိုလ်-စသည်တို့အား ပရိက္ခရာ ၈-ပါး မှစ၍ ၁၂-ပါးတိုင်အောင် သင့်ရာ၌ ၁၂-ပါးဝယ် ထီး, ဖိနပ် ၂-ပါးကို သွင်း၍ ရေတွက်ရာ ပါရကား ဂါမဝါသီရဟန်းတို့သာ ဂါမ၌ ဝိနည်းသိက္ခာပုဒ်နှင့်လျော်ညီစွာ ထီးကို ဆောင်းသင့်သည်မဟုတ်၊ သန္တောသ ၁၂-ပါးနှင့်ပြည့်စုံသော အရညဝါသီ အပ္ပိစ္ဆပုဂ္ဂိုလ်-စသည်တို့သည်လည်း ဂါမ၌ ဝိနည်းသိက္ခာပုဒ်နှင့်လျော်စွာ ထီးဆောင်းခြင်းငှာ အပ်၏-ဟု မှတ်ရာသည်။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယ်၊ သီလက္ခန်ဓာမည်ဖလသုတ်အဋ္ဌကထာ၌–

http://www.dhammadownload.com

ဣမိနာ ပန ဒွါဒသဝိဓေန ဣတရီတရပစ္စယသန္တောသေန သမန္နာဂတဿ ဘိက္ခု-နော အဋ္ဌ ပရိက္ခရာ ဝဋ္ဋန္တိ တိဏာ စီဝရာနိ ပတ္တော ဒန္တကဋ္ဌဿဒနဝါသိ ဧကာ သူစိ ကာယဗန္ဓနံ ပရိဿာဝနန္တိ။ ဝုတ္တမ္ပိ စေတံ–

တီစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌ'တေ၊ ယုတ္တယောဂဿ ဘိက္ခုနော‌တိ။

အယံ တာဝ အဋ္ဌပရိက္ခာရိကဿ ပရိက္ခာရမတ္တာ။ နဝပရိက္ခာရိကဿ ပန သေယျံ ပဝိသန္တဿ တတြဋ္ဌကံ ပစ္စတ္ထရဏံ ဝါ ကုဋိကာ ဝါ ဝဋ္ဋတိ။ ဒသပရိက္ခာရိ-ကဿ နိသီဒနံ ဝါ စမ္မခဏ္ဍံ ဝါ ဝဋ္ဋတိ။ ဧကာဒသပရိက္ခာရိကဿ ပန ကတ္တရယဋ္ဌိ ဝါ တေလနာဠိကာ ဝါ ဝဋ္ဋတိ။ ဒွါဒသပရိက္ခာရိကဿ ဆတ္တံ ဝါ ဥပါဟနံ ဝါ ဝဋ္ဋတိ။ ဧတေသု စ အဋ္ဌပရိက္ခာရိကောဝ သန္တုဋ္ဌော၊ ဣတရေ အသန္တုဋ္ဌာ မဟိစ္ဆာ မဟာ-ဘာရာတိ နံ ဝတ္ထွာ။, ဧတေပိ ဟိ အပ္ပိစ္ဆာဝ သန္တုဋ္ဌာဝ သုဘရာဝ သလ္လဟုက-ဝုတ္တိနောဝ။

(ဒီဃ၁။၁၈၄/၁၈၅)ဟူ၍ မိန့်အပ်၏။

အရိုးရှည်, အရွက်ကြီး ပြန့်ကျယ်သောထီးကို ရဟန်းတို့ ဆောင်းအပ်, ဆောင်းသင့်မည်လောဟူမူ–

ဝိနည်းပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌ အရိုးရှည်, အရွက်ပြန့်ကျယ်သော ထီးကို ဆောင်းသော် အာပတ်သင့်၏-ဟူ၍ မလာသောကြောင့်လည်းကောင်း၊ သူတပါးကို ဆောင်းစေရာ၌လည်းကောင်း၊ သူတပါးဆောင်းသည်ကို သာယာခြင်း၌လည်းကောင်း အာပတ်မသင့်-ဟု ဝိနိစ္ဆယဋ္ဌကာ၌ လာသောကြောင့်လည်းကောင်း ဝိနည်းကျမ်းဂန် တတ်သိ လိမ္မာသော ဆရာမြတ်တို့သည် အရိုးရှည်, အရွက်ပြန့်ကျယ်သော ထီးကို ယောနိသော မနသိကာရဖြင့် ဆောင်းတော်မူကုန်သည်။

အသို့ ယောနိသောမနသိကာရပြုတော်မူကုန်သနည်းဟူမူ အရိုးရှည်, အရွက်ပြန့်ကျယ်သော ထီးကို ဆောင်းသည်ရှိသော် နေပူဘေး-စသည်မှ ကင်းလွတ်သည်။ နေပူဘေး-စသည်မှ ကင်းလွတ်လျှင် ကာယသုခ, စိတ္တသုခ ဖြစ်သည်။ ကာယသုခ, စိတ္တသုခဖြစ်လျှင် ခရီးသွားစဉ်ပင် **"အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ"**စသော မဟာသတိပဋ္ဌာန သုတ်နှင့် လျော်ညီစွာ ခြေချီခြင်း, ခြေချခြင်း-စသည်တို့၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းဌာ စွမ်းနိုင်သည်-ဟု ယောနိသောမနသိကာရဖြင့် ဆောင်းတော်မူကုန်သည်။

http://www.dhammadownload.com

ထို့ကြောင့် အရိုးရှည်, အရွက်ပြန့်ကျယ်သော ထီးကို ဆောင်းရာဝယ် ပါဠိ,အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌ အာပတ်မထင်,မမြင်ရကား ဆောင်းလိုသော ရဟန်းတို့သည် ထိုအရှင် မြတ်တို့ကဲ့သို့ ယောနိသော မနသိကာရဖြင့်သာ ဆောင်းကုန်ရာသည်။ လှပတင့်တယ်ကုန်၍ အယောနိသော မနသိကာရဖြင့်ကား မဆောင်းကုန်လင့်။ ဤစကားလည်း ပရိယတ္တိဝိသာရဒ ဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် ဂုဏ်ကြီးဆရာတော် အမိန့်တည်း။

ဤမိန့်ဆိုသော စကားလည်း ပရိယတ္တိဝိသာရဒဖြစ်တော်မူကုန်သော မြသိန်းတန် ဆရာတော်, ဗားကရာဆရာတော်, ခင်မကန်ဆရာတော်, မြည်ဆရာတော်, ပုဂံဆရာတော်-စသော ဆရာတော်ကြီးတို့ ဆောင်းသည်ကို ငါတို့မျက်မှောက်ပင် အမြင်ဖြစ်၍ သင့်သော စကားပင် ဖြစ်သည်။

အကြင်ရဟန်းတို့သည် ရွာတွင်း၌ ထီးဆောင်းကုန်သော ရဟန်းတို့၏ အာဘောဂ နှလုံးသွင်းကိုလည်း မသိဘဲလျက် ရွာတွင်း၌ ထီးဆောင်းကုန်သော ရဟန်းကို ကြားသိမြင် လျှင် အလဇ္ဇီပကွသို့ သွင်း၍ ကဲ့ရဲ့ရှုတ်ချအပြစ်တင်ဆိုကုန်၏။ ထိုကဲ့ရဲ့ရှုတ်ချအပြစ်တင် ဆိုကုန်သော ရဟန်းတို့သည် အရိယူပဝါဒကံနှင့်တူသော ဂရုကံရှိချေရကား-

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နံ'မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။ (ဓမ္မပဒ။၃၃)

ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ ဝ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။ ။

ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ ဝ ဒါရုဏံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ။ ။

အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သော'ပပဇ္ဇတိ။ -

ဟူသော ဓမ္မပဒပါဠိတော်(၃၄)ပါဠိနှင့်အညီ ပစ္စုပ္ပန်ဘဝ၌ပင် ကြမ်းကြုတ်သောဝေဒနာ-စသော ဒုက္ခ၏အကြောင်း ၁၀-ပါးတို့တွင် ၁-ပါးပါး ရောက်ရာသည်။ ကိုယ်ခန္ဓာ၏ ပျက်သည်မှ နောက်၌လည်း ငရဲသို့ လားရာသည်။ ထိုကြောင့် ပညာရှိသော အမျိုးသားသည်-

ဣဓ သောစတိ ပစ္စ သောစတိ၊ ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊ ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

ဣဓ တပ္ပတိ ပစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
'ပါပံ မေ ကတ'န္တိ တပ္ပတိ၊ ဘိယ္ယော တပ္ပတိ ဒုဂ္ဂတိ ဂတော။ (ဓမ္မပဒ။၁၅)

http://www.dhammadownload.com

ဝါဏိဇော၀ ဘယဲ့ မဂ္ဂံ၊ အပွသတ္ထော မဟဒ္ဓနော။
ဝိသံ ဇိဝိတုကာမော၀၊ ပါပါနိ ပရိ၀ဇ္ဇယေ။ ။ (ဓမ္မပဒ။၃၁)

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တ'မေ၀ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ရဇော ပဋိ၀ါတံ၀ ခိတ္တော။ (ဓမ္မပဒ။၃၂၂)

အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဍ္ဎော၀ တပ္ပတိ။ (ဓမ္မပဒ။၃၃၆)

ဤသို့ ဆောင်ပြအပ်သော ဓမ္မပဒဋ္ဌလာသော တရားတော်ကို နှလုံးပိုက်သဖြင့် နည်းသော လှည်းကုန်သည်အဖော်ရှိသော, များသောဥစ္စာရှိသော ကုန်သည်သည် ဘေဘျမ်းရှိသောခရီးကို ကြဉ်ဘိသကဲ့သို့လည်းကောင်း၊ အသက်မသေ နေလိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကို ကြဉ်သကဲ့သို့လည်းကောင်း အရိယူပ၀ါဒကံနှင့် အလားတူသော, ရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချခြင်း-ဟူသော မကောင်းမှုကို စိတ်မျှ မဥပါဒ်မူ၍ ဝေးစွာရှောင်ကြဉ်ရာ၏။

ထိုမှတပါးလည်း ပညာရှိသော အမျိုးသားသည် ငါတို့ဘုရားလောင်း သခ်ပုဏ္ဏား သည် မိမိ၏သားဖြစ်သော သုပိမမည်သော ပစ္စေကဗုဒ္ဓါ၏စေတီကို ထီးဖြူဖြင့် လှူဒါန်းပူဇော်ခဲ့ဖူးသောကြောင့် ပစ္ဆိမဘ၀၀ယ် ဘုရားဖြစ်တော်မူသောအခါ ရာဇဂြိုဟ်ပြည်မှသည် ဝေသာလီပြည်သို့ ကြွသွားတော်မူသောအခါ၌လည်းကောင်း, ဝေသာလီပြည်မှသည် ရာဇဂြိုဟ်ပြည်သို့ ကြွသွားတော်မူသောအခါ၌လည်းကောင်း ရာဇဂြိုဟ်ပြည်သူ, ဝေသာလီပြည်သူတို့သည် အရာမက များစွာသော ထီးဖြူတို့ဖြင့်လည်းကောင်း၊ နဂါး,နတ်,ငြဟ္မာတို့သည်လည်း လူပြည်မှ အကနိဋ္ဌငြဟ္မာပြည်တိုင်အောင် အဆင့်ဆင့်သော ထီးဖြူတို့ဖြင့်လည်းကောင်း ပူဇော်ခြင်း ခံတော်မူရသည်-ဟု ခုဒ္ဒကပါဋ္ဌ၊ ဓမ္မပဒ၊ သုတ်နိပါတ်အဋ္ဌကထာ ၃-ရပ်တို့၌လာသော ဘုရားလောင်း သခ်ပုဏ္ဏား၏ အတ္ထုပ္ပတ္တိကို နှလုံးသွင်းသဖြင့်လည်းကောင်း၊

ပိလိန္ဒ၀စ္ဆမထေရ်အလောင်းတော်သည် ဤကမ္ဘာမှ ပြန်၍ရသော် ကမ္ဘာ ၁-သိန်းထက်၌ ပဒုမုတ္တရဘုရားရှင်လက်ထက် ဘုရားအမှူးရှိသော သံဃာတော်အား ထီးလှူခဲ့ဖူးသော ကောင်းမှုကြောင့် ဖြစ်လေရာရာ သုဂတိဘ၀တို့၌–

ဆတ္တေ စ သုဂတေ ဒတ္တွာ၊ သံဃေ ဂဏ၀ရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆ၀ိကေ မမ။ ။

သီတံ ဥဏှံ နဇာနာမိ၊ ရဇောလ္လံ နလိမ္ပတိ။
အနုပဒ္ဒ၀ေါ အနီတိ စ၊ ဟောမိ အပစိတော သဒါ။ ။

http://www.dhammadownload.com

သုခုမစ္ဆဝိကော ဟောမိ၊ ဝိသဒံ ဟောတိ မာနသံ။
ဆတ္ထသတသဟဿာနိ၊ ဘဝေ သံသရတော မမ။ ။
သဗ္ဗာလင်္ကာရယုတ္တာနိ၊ တဿ ကမ္မဿ ဝါဟသာ။
ဣမံ ဇာတိ ဌပေတ္ဝာန၊ မတ္ထကေ ဓာရယန္တိ မေ။ ။
ကသ္မာ ဣမာယ ဇာတိယာ၊ နတ္ထိ မေ ဆတ္ထဓာရဏာ။
မမ သဗ္ဗံ ကတံ ကမ္မံ၊ ဝိမုတ္တိဆတ္ထပတ္ထိယာ။ –

ဟူသော ဝိလိန္ဒဝစ္ဆအပဒါန်ပါဠိတော်ပါဠ်(၁။၃၅၈)နှင့်အညီ–

(၁) အပူ,အချမ်းမရှိသည်လည်း ၁-ပါး,

(၂) ကိုယ်၌ မြူ,ကြေး,ညှင်းမတင်၊ သန့်ရှင်းသည်လည်း ၁-ပါး,

(၃) ဘေးဥပဒ်မရှိသည်လည်း ၁-ပါး,

(၄) စိုးရိမ်ကြောင့်ကြမရှိသည်လည်း ၁-ပါး,

(၅) သူခပ်သိမ်းတို့ ရိုသေအပ်သည်လည်း ၁-ပါး,

(၆) သိမ်မွေ့နူးညံ့သော အရေအဆင်းရှိသည်လည်း ၁-ပါး,

(၇) စိတ်နှလုံး သန့်ရှင်းသည်လည်း ၁-ပါး,

(၈) ပစ္ဆိမဘဝမှ တပါးသောဘဝတို့၌ ခပ်သိမ်းသော တန်းဆာနှင့်ယှဉ်သော ၁-သိန်းသော ထီးတို့ကိုလည်းကောင်း, ပစ္ဆိမဘဝ၌လည်း အရဟတ္တဖိုလ်ထီးဖြူကိုလည်းကောင်း ဆောင်းရသည်လည်း ၁-ပါး၊

ဤ ၈-ပါးသောအကျိုးတို့ကို ရသည်-ဟု အပဒါန်ကျမ်း၌လာသော ဝိလိန္ဒဝစ္ဆမထေရ်၏အတ္ထုပ္ပတ္တိကို နှလုံးသွင်းသဖြင့်လည်းကောင်း မိမိလက်ရှိ ပစ္စည်းအားအင်နှင့် လျော်စွာ သဒ္ဓါတရားကို ရှေ့ထား၍ ဘုရားတပည့်သား, သံယာတော်မြတ်တို့အား ထီးကို လှူဒါန်းပြီး လျှင် အလိုရှိအပ်သောဆုနှင့်တကွ နိဗ္ဗာန်ဆုကို ပတ္ထနာပြုရာသည်။

ဆိုအပ်ပြီးသော ပါဠို, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌လာသော စကားရပ်တို့ကို ထောက်သဖြင့်–

နံ ဘိက္ခဝေ ဆတ္တံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။–

http://www.dhammadownload.com

ဆတ္တဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)

ဟူသော စူဠဝါပါဠိ (၂၆၉)ကို ယခင်ပြဆိုအပ်ပြီးသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့် မညီမွှေး, မနှီးနှောမူ၍ ရဟန်းတို့သည် ရွာ, တောအရပ်တို့၌ ထီးမဆောင်းသင့်-ဟု ယူသော ရဟန်းတို့၏အယူဝါဒသည် ဝိနည်းကျမ်းဂန် တတ်သိလိမ္မာတော်မူကုန်သော ဆရာမြတ်တို့၏အထံမှ လဒ္ဓါပဒေသ ကင်းခြင်းကြောင့်လည်းကောင်း, ပိဋကတ်စာပေကျမ်းဂန် အကြည့်အရှုနည်းပါးခြင်းကြောင့်လည်းကောင်း လိပ်ခဲတည်းလည်း-ဟူဘိ၏သို့ ထင်မိထင်ရာယူသော အပွသုတ ဒုပ္ပညာ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အယူဝါဒဖြစ်ရကား ဒုဂ္ဂဟိတဝိပရိတဝါဒဖြစ်သည်-ဟု မှတ်သင့်သည် တပည့်ရှင်ဓမ္မာဘိနန္ဒ။


အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် ဆတ္တဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{ ၁၆ } ဥပါဟနဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ဓမ္မာဘိနန္ဒ လျှောက်ပါသည် ဆရာတော်ဘုရား။ ယခုကား အချို့သောရဟန်းတို့သည် "**နု ဘိက္ခဝေ သဉ္ဉပါဟနေန ဂါမော ပဝိသိတဗ္ဗော၊ ယော ပဝိသေ-ယျ၊ အာပတ္တိ ဒုက္ကဋဿ**"ဟူသော ဝိနည်းမဟာဝါပါဠို(၂၈၃)ကိုသာ ကိုးစားအမှီပြုသဖြင့် ရွာတွင်း၌ မိမိတို့လည်း ဖိနပ်မစီးကုန်၊ တပည့်သားတို့အားလည်း မစီးစေကုန်။ တပါးသော ရဟန်းတို့ စီးသည်ကို မြင်လျှင်လည်း အလွဲပက္ခသို့ သွင်း၍ ကဲ့ရဲ့ရှုတ်ချခြင်းကို ပြုကုန်၏။ ထိုရဟန်းတို့ အယူပါဒသည် ဝိနည်းပါဠို, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌လာသော စကား ရပ်တို့နှင့် ညီမည်, မညီမည်ကို သိလိုပါသည်။ နောင်လွဲပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့ မှတ်သားရန် ဝိနည်းပါဠို, အဋ္ဌကထာ, ဋီကာတို့၌ လာရှိသည့်အတိုင်း ပစ္စာထား၍ ဥပါဟန ဝိနိစ္ဆယကို ရေးသားပေးသနားစေချင်သည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့်အတိုင်း လွဲပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့ မှတ်သားကြည့်ရှုရန် ရေးလိုက်ပေအံ့။

ရဟန်းတို့ မစီးအပ်သော ဖိနပ်ကား အဘယ်နည်းဟူမူ–

- အလုံးစုံ ညိုသောအဆင်းရှိသော ဖိနပ်,
- အလုံးစုံ ရွှေသောအဆင်းရှိသော ဖိနပ်,
- အလုံးစုံ နီသောအဆင်းရှိသော ဖိနပ်,
- အလုံးစုံ မောင်းသောအဆင်းရှိသော ဖိနပ်,
- အလုံးစုံ မည်းသောအဆင်းရှိသော ဖိနပ်,

http://www.dhammadownload.com

- မဟာရဂ်မည်သော ဆိုးရည်ဖြင့် ဆိုးသော ဖိနပ်,

- မဟာနာမ်မည်သော ဆိုးရည်ဖြင့် ဆိုးသော ဖိနပ် –

ဤသို့ ဆိုအပ်ပြီးသော ဖိနပ်တို့ကား ရဟန်းတို့ မစီးအပ်သော ဖိနပ်တည်း။ ဤသို့ ဆိုလိုကြောင်းကိုကား–

> နု ဘိက္ခဝေ သတ္ထုနိလိကာ ဥပါဟနာ ဓာရေတဗ္ဗာ ။ပ။ နု သတ္ထုပိတိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နု သတ္ထုလောဟိတိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နု သတ္ထုမဏ္ဍိဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နု သတ္ထုကဏ္ဏာ ဥပါဟနာ ဓာရေတဗ္ဗာ။ နု သတ္ထုမဟာရဂ်ရတ္တာ ဥပါဟနာ ဓာရေတဗ္ဗာ။ နု သတ္ထုမဟာနာမရတ္တာ ဥပါဟနာ ဓာရေတဗ္ဗာ။ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါပါဠိတော် (၂၇၃)ကို ထောက်သဖြင့်လည်းကောင်း,

> **သတ္ထုနိလိကာတိ သတ္ထာဝ နိလိကာ၊ ဧသ နယော သတ္ထုပိတိကာဒီသုပိ။** –

ဟူသော ၎င်းအဋ္ဌကထာ(၀ိ၊၄၊၃။၃၆၇)ကို ထောက်သဖြင့်လည်းကောင်း,

> **သတ္ထုနိလကဩဒါတ-ပိတလောဟိတကဏ္ဏကာ။**
> **မဟာရဂ် မဟာနာမ-ရဂ်ရတ္တာ စုပါဟနာ။**
> **သတ္ထုမဏ္ဍိဋ္ဌိကာ စိတြာ၊ နိလပိတာဒိဝဒ္ဓိကာ။**

ဟူသော ခုဒ္ဒသိက္ခာပါဠ်(နှာ-၂၀)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။ ယခင်ပြဆို အပ်ပြီးသော ဖိနပ်တို့သည် အဘယ်၏အဆင်းကဲ့သို့ အဆင်းရှိသနည်းဟူမူ–

- ညိုသောဖိနပ်သည် အောင်မဲညိုပွင့်အဆင်း ရှိ၏။

- ရွှေသောဖိနပ်သည် မဟာလှေကားပွင့်အဆင်း ရှိ၏။

- နီသောဖိနပ်သည် လယ်ခေါင်းရုန်းပွင့်အဆင်း ရှိ၏။

- မောင်းသောဖိနပ်သည် ပိန္နဲနွယ်,ထန်းကျစ်အဆင်း ရှိ၏။

- မည်းသောဖိနပ်သည် အသစ်သော ပုတီးနက်သီးအဆင်း ရှိ၏။ တနည်း ရေဖြင့် စွတ်သော ကျီးတောင်အဆင်း ရှိ၏။

- မဟာရဂ်မည်သော ဆိုးရည်ဖြင့် ဆိုးသောဖိနပ်သည် ကင်းခြေများကျောက်ကုန်း အဆင်း ရှိ၏။

http://www.dhammadownload.com

- မဟာနာမမည်သော ဆိုးရည်ဖြင့် ဆိုးသောဖိနပ်သည် ပြာသောအဆင်း ရှိ၏။ တစ်နည်း သစ်ရွက်ရော်အဆင်း ရှိ၏။ တစ်နည်း ကြာပွင့်အဆင်း ရှိ၏-ဟူလို။

ဤသို့ ဆိုလိုကြောင်းကိုကား–

> တတ္ထ စ နီလိကာ ဥမာပုပ္ဖဝဏ္ဏာ ဟောတိ၊ ပိတိကာ ကဏိကာရပုပ္ဖဝဏ္ဏာ၊ လောဟိတိကာ ဇယသုမနပုပ္ဖဝဏ္ဏာ၊ မဉ္ဇိဋ္ဌိကာ မဉ္ဇိဋ္ဌဝဏ္ဏာ ဧဝ၊ ကဏှာ အဒ္ဒါရိဋ္ဌက-ဝဏ္ဏာ၊ မဟာရဏ်ရတ္ထာ သတပဒီပိဋ္ဌဝဏ္ဏာ၊ မဟာနာမရတ္ထာ သမ္ပိန္နဝဏ္ဏာ ဟောတိ ပဏ္ဏုပလာသဝဏ္ဏာ။ ကုရုန္ဒိယံ ပန 'ပဒုမပုပ္ဖဝဏ္ဏာ'တိ ဝုတ္တာ။ –

ဟူသော မဟာဝါအဋ္ဌကထာပါဠိ(၃၆၇)ကို ထောက်သဖြင့်လည်းကောင်း၊

> အဒ္ဒါရိဋ္ဌကဝဏ္ဏာတိ အဘိနဝါရိဋ္ဌဖလဝဏ္ဏာ။ ဥဒကေန တိန္တကာကပတ္တဝဏ္ဏာ-တိပိ ဝဒန္တိ။ –

ဟူသော တေရသကဏ်ဋီကာ(သာရတ္ထဒီ၊ဒု။၂၉၄)ကို ထောက်သဖြင့်လည်းကောင်း၊

> အဒ္ဒါရိဋ္ဌကဝဏ္ဏာတိ အလ္လာရိဋ္ဌဖလဝဏ္ဏာ၊ တိန္တကာကပဏ္ဍဝဏ္ဏာတိပိ ဝဒန္တိ။

ဟူသော ဝိမတိဋီကာ(၂။၁၈၃)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော သဗ္ဗနီလက-စသော ဖိနပ်တို့ကို ရသော် အသို့ပြု၍ သုံးဆောင်ရမည်နည်းဟူမူ ထိုသို့ဆိုအပ်ပြီးသော ဖိနပ်တို့တွင် အမှတ်မရှိ တစ်ခုခုသောဖိနပ်ကို ရသည်ရှိသော် အပေါ်၌လိမ်းသော အညို-အစရှိသော အဆင်းကို ပုဆိုးကြမ်းဖြင့် သုတ်၍ အဆင်းကို ဖျက်၍ သုံးဆောင်ခြင်းငှာ အပ်၏။ စိုးစဉ်းမျှ ဖျက်သည်ရှိသော် အပ်သည်သာ လျှင်တည်းဟူလို။

ဤသို့ ဆိုလိုကြောင်းကိုကား–

> **ဧကာသု ယဲကိဉ္စိ လဘိတ္ထာ ရဇနံ စောဠကေန ပုဉ္ဆိတ္ထာ ဝဏ္ဏံ ဘိန္ဒိတ္ထာ ဓာရေတုံ ဝဋ္ဋတိ။ အပ္ပမတ္တကေပိ ဘိန္နေ ဝဋ္ဋတိယေဝ။**

ဟူသော ဌင်းအဋ္ဌကထာ(၀ိ၊၃၊၃။၃၆၇)ကို ထောက်သဖြင့်လည်းကောင်း၊

> ရဇနန္တိ ဥပလိတ္တံ နီလာဒိဝဏ္ဏံ သန္ဓာယ ဝုတ္တံ။ တေနာ'ဟ 'စောဠကေန ပုဉ္ဆိတ္ထာ'တိ။ တဉ္စိ တထာ ပုဉ္ဆိတေ ဝိဂစ္ဆတိ။

ဟူသော ဝိမတိဋီကာ(၂။၁၈၃)ကို ထောက်သဖြင့်လည်းကောင်း၊

http://www.dhammadownload.com

ဝဏ္ဏဘေဒံ တထာ ကတွာ၊ ဓာရေတဗ္ဗာ ဥပါဟနာ။ –

ဟူသော ဝိနယဝိနိစ္ဆယ(၂၅၅)ကို ထောက်သဖြင့်လည်းကောင်း၊

နီလာဒိဝဏ္ဏံ သကလံ၊ ပုဉ္ဇိတ္ဝာ ဝေ'ကဒေသကံ။
ဥပါဟနာ ဝဠ္ဍေယျ၊ ဟာရေတွာ ခလ္လကာဒိကံ။ –

ဟူသော ခုဒ္ဒသိက္ခာ (နှာ-၂၀)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏-ဟူလို။

အကြင်ဖိနပ်သည် သားရဲ၏ မကောင်းသောအနံ့ကို ပယ်ခြင်းငှာ အမည်း, အနီ-အစရှိသော ဆိုးရည်ဖြင့် ဆိုးအပ်သည်၏အဖြစ်ကြောင့် အမည်း, အနီ-အစရှိသော အဆင်းရှိသည်ဖြစ်၍ ထိုအဆင်းကို ပုဆိုး-အစရှိသည်တို့ ပယ်ခြင်းငှာ မတတ်ကောင်းသည် ဖြစ်အံ့၊ ထိုဖိနပ်ဝယ် အဆင်းသည် သားရေနှင့် အလားတူရကား ရဟန်းတို့ စီးခြင်းငှာ အပ်၏။

ဤသို့ ဆိုလိုကြောင်းကိုကား–

ယံ ပန စမ္မဿ ဒုဂ္ဂန္ဓပနယနတ္ထံ ကာဠရတ္တာဒိရဇနေဟိ ရဇိတတ္တာ ကာဠရတ္တာဒိဝဏ္ဏော ဟောတိ၊ တံ စောဠာဒိဟိ အပနေတုံ န သက္ကာ စမ္မဂတိကမေဝ၊ တသ္မာ တံ ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။

ဟူသော ဝိမတိဋီကာ(၂။၁၈၃)ကို ထောက်သဖြင့် သိအပ်၏။

ထိုပြဆိုအပ်ပြီးသော ဖိနပ်မှတပါး **မအပ်သောဖိနပ်** မရှိပြီလောဟူမူ–

- ညိုသော အသည်းတပ်သော ဖိနပ်,
- ရွှေသော အသည်းတပ်သော ဖိနပ်,
- နီသော အသည်းတပ်သော ဖိနပ်,
- မောင်းသော အသည်းတပ်သော ဖိနပ်,
- မည်းသော အသည်းတပ်သော ဖိနပ်,
- မဟာရဏ်မည်သော ဆိုးရည်ဖြင့်ဆိုးသော အသည်းတပ်သော ဖိနပ်,
- မဟာနာမမည်သော ဆိုးရည်ဖြင့်ဆိုးသော အသည်းတပ်သော ဖိနပ်-

ဤသို့ ဆိုအပ်ပြီးသော ဖိနပ်တို့သည်လည်း မအပ်သောဖိနပ် မည်ကုန်၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

http://www.dhammadownload.com

နှ ဘိက္ခဝေ နီလကဝဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ ။ပ။ နှ ပီတကဝဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နှ လောဟိတကဝဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နှ မဋ္ဌိဋ္ဌိကဝဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နှ ကဏ္ဍဝဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နှ မဟာရဏ်ရတ္တဝဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ နှ မဟာနာမရတ္တဝဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ –

ဟူသော မဟာဝါပါဠို (ဝိ၊၃။၂၇၃)ကို ထောက်သဖြင့်လည်းကောင်း၊

နီလကဝဋ္ဌိကာတိ ယာသံ ဝဋ္ဌိယေဝ နီလာ၊ ဧသ နယော သဗ္ဗတ္ထ။ –

ဟူသော ၎င်းအဋ္ဌကထာ (ဝိ၎၊၃။၃၆၇)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

ထိုသို့ ဆိုအပ်ပြီးသော နီလကဝဋ္ဌိက-စသော ဖိနပ်တို့ကို ရသည်ရှိသော် အသို့ပြု၍ သုံးဆောင်ရမည်နည်းဟူမူ ဧတာပိ ဝဏ္ဏဘေဒံ ကတ္တွာ ဓာရေတဗ္ဗာ-ဟူ၍ ၎င်းအဋ္ဌကထာ (ဝိနည်းမဟာဝါ။၃၆၇)၌ လာရကား ညှိသောအဆင်း-စသည်ကို ဖျက်၍ သုံးဆောင်အပ်၏-ဟူလို။ ထိုမှ တပါးလည်း–

- ဖနောင့်ဖုံးတပ်သော ဖိနပ်, - ခြေထုပ်စွပ်သော ဖိနပ်,
- ဝါ၊ ပန်းသေး ဖိနပ်, - ဝါ၊ သလုံးဖုံးသော ဖိနပ်,
- ဖမိုးဖုံးသော ဖိနပ်, - လဲတုံးသွတ်သော ဖိနပ်,
- ခါတောင်ကဲ့သို့ ပြောက်သော အသည်းတပ်သော ဖိနပ်,
- ဆိတ်ကုလား, ဆိတ်မြန်မာ ဦးခိုကဲ့သို့ အသည်းတပ်သော ဖိနပ်,
- ကင်းမြီးကောက်လက်မကဲ့သို့ အသည်းတပ်သော ဖိနပ်,
- ဥဒေါင်းရင်မွေးတို့ဖြင့် ချုပ်အပ်သော ဖိနပ်,
- သဏ္ဌာန်အားဖြင့် ဆန်းကြယ်သော အသည်းတပ်သော ဖိနပ်၊

ဤသို့ ဆိုအပ်ပြီးသော ဖိနပ်တို့သည်လည်း ရဟန်းတို့အား မအပ်ကုန်။ ဤသို့ ဆိုလိုကြောင်း ကိုကား–

နှ ဘိက္ခဝေ ခလ္လကဝဋ္ဌိ ဥပါဟနာ ဓာရေတဗ္ဗာ ။ပ။ နှ ပုဋဝဋ္ဌိ ဥပါဟနာ ဓာရေတဗ္ဗာ။ နှ ပါလိဂုဏ္ဌိမာ ဥပါဟနာ ဓာရေတဗ္ဗာ။ နှ တူလပုဏ္ဏိကာ (*ဥပါဟနာ ဓာရေတဗ္ဗာ*)။ နှ တိတ္တိရပတ္တိကာ (*ဥပါဟနာ ဓာရေတဗ္ဗာ*)။ နှ မေဏ္ဍဝိသာဏဝဋ္ဌိကာ၊

http://www.dhammadownload.com

နံ အဇ္ဈတ္တသာဏဝဋ္ဋိကာ *(ဥပါဟနာ မာရေတဗ္ဗာ)*။ နံ ဝိစ္ဆိကာဋိကာ။ နံ မောရပိဉ္ဆပရိ-သိဋ္ဌိတာ။ နံ စိတြာ ဥပါဟနာ မာရေတဗ္ဗာ။ ယော မာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါပါဠိတော်(၀ိ၊၃။၂၇၄)ကို ထောက်သဖြင့်လည်းကောင်း၊

ခလ္လကဗဒ္ဓါတိ ပက္ခိပိမာနတ္ထံ တလေ ခလ္လကံ ဗန္ဓိတ္ဝာ ကတာ။ ပုဋဗဒ္ဓါတိ ယောနကဥပါဟနာ ဝုစ္စတိ၊ ယာ ယာဝဇ္ဈတော သဗ္ဗပါဒံ ပဋိစ္ဆာဒေတိ။ ပါလိဝုဏ္ဏိ-မာတိ ပလိဝုဏ္ဏိတ္ဝာ ကတာ၊ ယာ ဥပရိ ပါဒမတ္တမေဝ ပဋိစ္ဆာဒေတိ၊ နံ ဇဃိ။ တူလပုဏ္ဏိကာတိ တူလပိစုနာ ပူရေတ္ဝာ ကတာ။ တိတ္ထိရုပတ္ထိကာတိ တိတ္ထိရုပတ္ထ-သဒိသာ ဝိစိတ္တဗဒ္ဓါ၊ **မေဏ္ဍဝိသာဏဝဋ္ဋိကာတိ** ကဏ္ဏိကဋ္ဌာနေ မေဏ္ဍကသိင်္-သဏ္ဌာနေ ဝဋ္ဋေ ယောဇေတ္ဝာ ကတာ။ **အဇ္ဈတ္တသာဏဝဋ္ဋိကာဒိသုပိ** ဧသေဝ နယော၊ ဝိစ္ဆိကာဋိကာပိ တတ္ထေဝ ဝိစ္ဆိကနဂုံဋ္ဌသဏ္ဌာနေ ဝဋ္ဋေ ယောဇေတ္ဝာ ကတာ။ **မောရ-ပိဉ္ဆပရိသိဋ္ဌိတာတိ** တလေသု ဝါ ဝဋ္ဋေသု ဝါ မောရပိဉ္ဆေဟိ သုတ္တကသဒိသေဟိ ပရိသိဋ္ဌိတာ။ **စိတြာ'တိ** ဝိစိတြာ။ –

ဟူသော ၎င်းအဋ္ဌကထာ(၀ိ၊၅၊၃။၃၆၇)ကို ထောက်၍လည်းကောင်း၊

ဝိစိတြာတိ သဏ္ဌာနတော ဝိစိတြပဋာ အဓိပ္ပေတာ၊ နံ ဝဏ္ဏတော သဗ္ဗသော အပနေတဗ္ဗေသု ခလ္လကာဒိသု ပဝိဋ္ဌတ္တာ။ –

ဟူသော ဝိမတိဋီကာ(၂။၁၈၃)ကို ထောက်သဖြင့်လည်းကောင်း၊

ပုဋခလ္လကဗဒ္ဓါ စ၊ တထေဝ ပါလိဝုဏ္ဏိမာ။
တူလပုဏ္ဏာ နံ ဝဋ္ဋန္တိ၊ သဗ္ဗနီလာဒယောပိ စ။။

စိတြာ ဥပါဟနာ မေဏ္ဍ-ဝိသာဏု'ပမဝဋ္ဋိကာ။
နံ စ ဝဋ္ဋန္တိ မောရဿ၊ ပိဉ္ဆေန ပရိသိဋ္ဌိတာ။ –

ဟူသော ဝိနယဝိနိစ္ဆယ(၂၅၅)ကို ထောက်သဖြင့်လည်းကောင်း၊

သဗ္ဗမဉ္ဇေဋ္ဌိကာ စိတြာ၊ နီလပိတာဒိဝဋ္ဋိကာ။
တိတ္ထိရုပတ္ထိကာ မေဏ္ဍ-အဇ္ဈတ္တသာဏဝဋ္ဋိကာ။။

ခလ္လဗဒ္ဓါ ပုဋဗဒ္ဓါ၊ တူလပုဏ္ဏာ စု'ပါဟနာ။
ပါလိဝုဏ္ဏိမကာ မောရ-ပိဉ္ဆေန ပရိသိဋ္ဌိတာ။
ဝိစ္ဆိကာဋိကတာ သီဟ-ဗျဂ္ဃဒ္ဝိပိနံ။ –

ဟူသော ခုဒ္ဒသိက္ခာပါဋ္ဌ (နှာ-၂၀)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။။

F14.A

http://www.dhammadownload.com

ထိုခလွကဗန္ဓဖိနပ်-စသည်တို့ကို ရမူ-အပ်အောင် အသို့ပြုရမည်နည်းဟူမူ–

> **စတာသု ယဲကိဒ္ဓိ လဘိတွာ သစေ တာနိ ခလွကာဒီနိ အပနေတွာ သက္ကာ ဟောန္တိ ဝဋ္ဋဓိတုံ၊ ဝဋ္ဋဓေတဗ္ဗာ၊ တေသု ပန သတိ ဝဋ္ဋဓန္တေသ ဒုက္ကဋံ။**

ဟူ၍ ၎င်းအဋ္ဌကထာ(၀ိ၊၄၊၃၊၃၆၇)၌လည်းကောင်း၊

"ပုဏ္ဏဒီ **အပနေတွာ ဝါ**"ဟူ၍ ဝိနယဝိနိစ္ဆယ(နှာ-၂၅၅)၌လည်းကောင်း၊ "**ဟာရေတွာ ခလွကာဒိကံ**"ဟူ၍ ခုဒ္ဒသိက္ခာ(နှာ-၂၀)၌လည်းကောင်း လာရကား ထိုခလွကဗန္ဓဖိနပ်-စသည်တို့တွင် အမှတ်မရှိသော ဖိနပ်ကို ရသည်ရှိသော် ဖနောင့်ဖုံး-စသည်တို့ကို ပယ်၍ သုံးဆောင်ခြင်းငှာ အကယ်၍ တတ်ကောင်းအံ့၊ ပယ်၍ သုံးဆောင်ခြင်းငှာ အပ်၏။ ထိုဖနောင့်ဖုံး-စသည်ရှိလျက် သုံးဆောင်သောရဟန်းအား ဒုက္ကဋ်သင့်၏-ဟူလို။ "**ခလွကာဒီနိ အပနေတွာ**" ဟူ၍ အဋ္ဌကထာ(၀ိ၊၄၊၃၊၃၆၇)ဆရာ ဆိုတော်မူအပ်သည်၏အဖြစ်ကြောင့် ၂-ခု, ၃-ခုတို့ကို ဖြတ်ခြင်းကို ပြု၍ သုံးဆောင်ခြင်းငှာ အပ်၏-ဟု ဆိုကုန်သော ဆရာတို့၏ အယူကို မယူအပ်။

ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ(၄၇၇)၌–

> **ခလွကာဒီနိ အပနေတွာတိ ဝုတ္တတ္တာ ဒွေ တီဏိ ဆိဒ္ဒါနိ ကတွာ ဝဋ္ဋေတုံ ဝဋ္ဋတီတိ ဝဒန္တာနံ ဝါဒေါ န ဂဟေတဗ္ဗော။**

ဟူ၍ မိန့်အပ်ပြီ။ ထိုမှတပါး–

- ခြေသို့ရောဖြင့် အနားပတ်သော ဖိနပ်,
- ကျားရောဖြင့် အနားပတ်သော ဖိနပ်,
- သစ်ရောဖြင့် အနားပတ်သော ဖိနပ်,
- သစ်နက်ရောဖြင့် အနားပတ်သော ဖိနပ်,
- ဖျံရောဖြင့် အနားပတ်သော ဖိနပ်,
- ကြောင်ရောဖြင့် အနားပတ်သော ဖိနပ်,
- ရှဉ့်နက်ရောဖြင့် အနားပတ်သော ဖိနပ်,
- ခင်ပုပ်တောင်ဖြင့် ရံသော ဖိနပ်, ဝါ၊ ရှူးရောဖြင့် အနားပတ်သော ဖိနပ်၊

ဤသို့ ဆိုအပ်ပြီးသော ဖိနပ်တို့သည်လည်း **ရဟန်းတို့ မစီးအပ်သော ဖိနပ်**-ဟူလို။

ဤသို့ ဆိုလိုကြောင်းကိုကား–

http://www.dhammadownload.com

နံ ဘိက္ခဝေ သီဟစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ ။ပ။ နံ ဗျဂ္ဃစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ နံ ဒီပိစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ နံ အဇိနစမ္မ-ပရိက္ခဋာ ဥပါဟနာ။ နံ ဥဒ္ဒစမ္မပရိက္ခဋာ ဥပါဟနာ။ နံ မဇ္ဇာရစမ္မပရိက္ခဋာ ဥပါဟနာ။ နံ ကာဠကစမ္မပရိက္ခဋာ ဥပါဟနာ။ နံ လုဝကစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ –

ဟူသော မဟာဝါပါဠိတော်(ဝိနည်း။၂၇၄)ကို ထောက်သဖြင့်လည်းကောင်း၊

သီဟစမ္မပရိက္ခဋာ နာမ ပရိယန္တေသု စီဝရေ အနုဝါတံ ဝိယ သီဟစမ္မံ ယောဇေတွာ ကတာ။ လုဝကစမ္မပရိက္ခဋာတိ ပက္ခိဝိဠာလစမ္မပရိက္ခဋာ။

ဟူသော ဂဠ်းအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။၃၆၇)ကို ထောက်သဖြင့်လည်းကောင်း၊

ဝိဠာလသဒိသမုခတ္တာ မဟာဇလူကာ 'ပက္ခိဝိဠာလာ'တိ (စ) ဝုစ္စတိ၊ တေသံ စမ္မံ နာမ ပက္ခလောမမေဝ။ –

ဟူသော ဝိမတိဋီကာ(၂။၁၈၃)ကို ထောက်သဖြင့်လည်းကောင်း၊

မဇ္ဇာရကာဠကောလူက-သီဟဗျဂ္ဃဒီပိနံ။
အဇိနဿ စ စမ္မေန၊ နံ ဝဋ္ဋတိ ပရိက္ခဋာ။ –

ဟူသော ဝိနယဝိနိစ္ဆယ(နှာ-၂၅၅)ကို ထောက်သဖြင့်လည်းကောင်း၊

(ဝိစ္ဆိကာဋိကတာ) **သီဟ-ဗျဂ္ဃဒ္ဝီဇိနဒီပိနံ။**
မဇ္ဇာရကာဠကောလူက-စမ္မေဟိ စ ပရိက္ခဋာ။ –

ဟူသော ခုဒ္ဒသိက္ခာ(နှာ-၂၀)ကို ထောက်သဖြင့်လည်းကောင်း၊

ထိုခြေသို့ရေပတ်သော ဖိနပ်တို့ကို ရသော် အသို့ပြု၍ သုံးဆောင်ရမည်နည်းဟူမူ-

တောသုပိ ယာ ကာစိ လဘိတွာ တံ စမ္မံ အပနေတွာ ဓာရေတဗ္ဗာ။–

ဟူ၍ မဟာဝါအဋ္ဌကထာ (ဝိ၊ဋ္ဌ၊၃။၃၆၈)၌လည်းကောင်း,

"ဆိန္နိတွာ ဝါပိ သဗ္ဗသော"ဟူ၍ ဝိနိစ္ဆယ(နှာ-၂၅၅)၌လည်းကောင်း

လာရကား ခြသေ့ရေဖြင့် အနားပတ်သောဖိနပ်-စသည်ကို ရသည်ရှိသော် ခြသေ့ရေ-စသည်ကို ပယ်၍ သုံးဆောင်ခြင်းငှာ အပ်၏-ဟူလို။

F14.C

http://www.dhammadownload.com

ယခင်ပြဆိုအပ်သော ရဟန်းတို့ စီးအပ်သော ဖိနပ်တို့သည် မဖျိမဒေသအရပ်၌ ၂-ထပ်, ၃-ထပ်, ၄-ထပ်-စသည် အပ်လေကောင်းအံ့လောဟူမူ–

အနုဇာနာမိ ဘိက္ခဝေ ဧကပလာသိကံ ဥပါဟနံ၊ န ဘိက္ခဝေ ဒိဝုဏာ ဥပါဟနာ ဓာရေတဗ္ဗာ၊ န တိဝုဏာ ဥပါဟနာ ဓာရေတဗ္ဗာ၊ န ဝုဏ္ဏုဏ္ဏူပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ –

ဟူ၍ မဟာဝါ(ဝိနည်း။၂၇၂)၌လည်းကောင်း၊

ဒိဝုဏာတိ ဒ္ဝိပဋလာ၊ တိဝုဏာတိ တိပဋလာ၊ ဝုဏ္ဏုဏ္ဏူပါဟနာတိ စတုပဋလတော ပဋ္ဌာယ ဝုစ္စတိ။

ဟူ၍ ၎င်းအဋ္ဌကထာ(ဝိ၊ဋ၊၃။၃၆၇)၌လည်းကောင်း၊

"ဝဋ္ဋန္တိ မဖျိမေဒေသေ၊ န ဝုဏ္ဏုဏ္ဏူပါဟနာ" ဟူ၍ ဝိနယဝိနိစ္ဆယ(နှာ-၂၅၅)၌လည်းကောင်း,

"မဖျိဒေသေ န ကပ္ပန္တိ၊ ဂဏ္ဌိဏ္ဏူပါဟနာ နဝါ" ဟူ၍ ခုဒ္ဒသိက္ခာ (နှာ-၁၉)၌လည်းကောင်း လာရကား မဖျိမဒေသ၌ ၁-ထပ်သောဖိနပ်သာ အပ်၏။ ၂-ထပ်သောဖိနပ်, ၃-ထပ်သောဖိနပ်, ၄-ထပ် စသည်ရှိသော အထပ်ထပ်သော ဖိနပ်တို့သည် ရဟန်းတို့အား မအပ်-ဟူလို။

၄-ထပ်-စသည်ရှိသော ဂဏ္ဌိဏ္ဏူပါဟနဖိနပ်သည် မဖျိမအရပ်၌ ရဟန်းတို့အား မအပ်-ဟု ဆိုအပ်သော် လူတို့ သုံးဆောင်စီးပြီးသော ၄-ထပ်-စသည်ရှိသော ဖိနပ်သည်လည်း မအပ်သလောဟူမူ **"အနုဇာနာမိ ဘိက္ခဝေ ဩမုက္ကံ ဝုဏ္ဏုဏ္ဏူပါဟနံ"** ဟူ၍ မဟာဝါ(ဝိနည်း။၂၇၅)၌လည်းကောင်း၊

န ဘိက္ခဝေ နဝါ ဝုဏ္ဏုဏ္ဏူပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍ မဟာဝါ (ဝိနည်း။၂၇၅)၌လည်းကောင်း၊

ဩမုက္ကန္တိ ပရိမုဋ္ဌတ္တာ အပနီတံ။ နဝါတိ အပရိဘုတ္တာ။ –

ဟူ၍ ၎င်းအဋ္ဌကထာ (ဝိနည်း။၃၆၈)၌လာရကား အသစ်သော, အထပ်ထပ်သော ဖိနပ်သာ မဖျိမအရပ်၌ ရဟန်းတို့အား မအပ်။ လူတို့သည် စွပ်၍,စီးပြီး၍ ပယ်ပြီးသော၊ အထပ်ထပ်သော ဖိနပ်မူကား မဖျိမအရပ်၌ ရဟန်းတို့အား အပ်၏ဟူလို။ ယင်းသို့ ပြဆိုအပ်ပြီးသော ၁-ထပ်သော ဖိနပ်, စီးပြီးသော ၄-ထပ်-စသည်ရှိသော ဖိနပ်တို့ကို အာရာမ်တွင်း, အာရာမ်ပ

http://www.dhammadownload.com

၂-ပါး၌ပင် မြတ်စွာဘုရား ခွင့်ပြုတော်မူရကား ထိုကာလဝယ် အာရာမ, ဂါမ ၂-ပါး၌ပင် ရဟန်းတို့ ဖိနပ်စီးကုန်၏-ဟု မှတ်ရ၏မည်။

ထိုကာလ မြတ်စွာဘုရားသည် အာရာမ၌ ဖိနပ်ကို အချင်းခပ်သိမ်းပင် ခွင့်ပြုတော်မူသလောဟူမူ–

> နံ ဘိက္ခဝေ အာစရိယေသု အာစရိယမတ္တေသု ဥပဇ္ဈာယေသု ဥပဇ္ဈာယမတ္တေသု အနုပါဟနေသု စင်္ကမမာနေသု သဥပါဟနေန စင်္ကမိတဗ္ဗံ၊ ယော စင်္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ။
>
> နံ စ ဘိက္ခဝေ အဇ္ဈာရာမေ ဥပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍ မဟာဝါပါဠိတော်(ဝိနည်း။၂၇၅)၌လည်းကောင်း၊

> **အာစရိယေသုတိအာဒိမှိ** ပဗ္ဗဇ္ဇာစရိယော ဥပသမ္ပဒါစရိယော နိဿယာစရိယော ဥဒ္ဒေသာစရိယောတိ ဣမေ စတ္တာရောပိ ဣမ အာစရိယာ ဧဝ။ အဝသိကဿ ဆဗ္ဗဿော အာစရိယမတ္တော။ သော ဟိ စတုဝဿကာလေ တံ နိဿာယ ဝစ္ဆတိ၊ ဧဝံ ဧကဝဿဿ သတ္တဝဿော၊ ဒုဝဿဿ အဋ္ဌဝဿော၊ တိဝဿဿ နဝဝဿော၊ စတုဝဿဿ ဒသဝဿော။ ဣမေပိ အာစရိယမတ္တာ ဧဝ။ ဥပဇ္ဈာယဿ သန္ဒိဋ္ဌသမ္ဘတ္တာ ပန သဟာယဘိက္ခူ ယေ ဝါ ပန ကေစိ ဒသဟိ ဝဿေဟိ မဟန္တတရာ၊ တေ သဗ္ဗေပိ ဥပဇ္ဈာယမတ္တာ နာမ။ ဧတ္တကေသု ဘိက္ခူသု အနုပါဟနေသု စင်္ကမန္တေသု သဥပါဟနဿ စင်္ကမတော အာပတ္တိ။

ဟူ၍ ၎င်းအဋ္ဌကထာ (ဝိ၊ဋ္ဌ၊၃၆၈)၌လာရကား ဆဗ္ဗဂ္ဂိရဟန်းတို့သည် မြတ်စွာဘုရား, မထေရ်ကြီးတို့သည် ဖိနပ်မစီးကုန်ဘဲ စင်္ကြံကြွသွားရာ မိမိတို့သည် ဖိနပ်စီးကုန်လျက် စင်္ကြံသွားသည်ကို အကြောင်းပြု၍ အာရာမ်တွင်း၌ ဖိနပ်စီးခြင်း မြစ်တော်မူပြန်၏-ဟူလို။

အာရာမ်တွင်း၌ ဖိနပ်စီးခြင်းကို မြစ်တော်မူ၏-ဟု ဆိုသော် အလုံးစုံ နာ,မနာသော ရဟန်းတို့အားပင် မြစ်တော်မူသလောဟူမူ–

> **အနုဇာနာမိ ဘိက္ခဝေ ယဿ ပါဒါ ဝါ ဒုက္ခာ ပါဒါ ဝါ ဖာလိတာ ပါဒဒါလော ဝါ အာဗာဓော ဥပါဟနံ ဓာရေတုံ။** –

ဟူ၍ မဟာဝါ(ဝိနည်း။၂၇၆)၌ လာရကား ခြေနာကျင်သော ရဟန်း, ခြေကွဲသော ရဟန်း, ခြေမှ တံသင်းကဲ့သို့ အသားထွက်သော ရဟန်းတို့အား ခွင့်ပြုတော်မူပြန်၏-ဟူလို။ ထိုကာလ

http://www.dhammadownload.com

အဂိလာနရဟန်းတို့အား အာရာမဝယ် ခပ်သိမ်းသောအရပ်ဌာန၌ပင် ဖိနပ်စီးခြင်းကို မြစ်တော်မူသလောဟူမူ–

အနုဇာနာမိ ဘိက္ခဝေ 'ဣဒါနိ မဉ္စံ ဝါ ပီဌံ ဝါ အာဘိရုဟိဿာမိ'တိ ဥပါဟနံ ဓာရေတုံ။

ဟူ၍ မဟာဝါပါဠိတော် (ဝိနည်း။ ၂၇၆) လာရကား ညောင်စောင်း,အင်းပျဉ်သို့ တက်သည့်ကာလ အာရာမဝယ် အဂိလာနရဟန်းပင် ဖြစ်သော်လည်း ဖိနပ်စီးခြင်းကို ခွင့်ပြုတော်မူပြန်၏-ဟူလို။

ထိုကာလ အာရာမ၌ ဖိနပ်စီးခြင်းကို အဂိလာနရဟန်းအား ခွင့်ပြုတော်မမူပြီလော ဟူမူ–

အနုဇာနာမိ ဘိက္ခဝေ အဇ္ဈာရာမေ ဥပါဟနံ ဓာရေတုံ။

ဟူ၍ မဟာဝါပါဠိတော် (ဝိနည်း။ ၂၇၆)ဝယ် လာရကား ရဟန်းတို့သည် ညဉ့်အခါ ဥပုသ်အိမ်သွားရာဝယ် ဆူးငြောင့်,သစ်ငုတ်တို့ကို နင်းမိသဖြင့် ခြေ၏ နာကျင်ခြင်းဖြစ်သည်ကို အကြောင်းပြု၍ အာရာမ၌ အဂိလာနရဟန်းအား ဖိနပ်စီးခြင်းကို ခွင့်ပြုတော်မူပြန်၏ဟူလို။

မဇ္ဈိမဒေသ၌ အာရာမ, ဂါမ ၂-ပါး၌ပင် ၁-ထပ်သော ဖိနပ်၊ စီးပြီး၍ ပယ်ပြီးသော, ၄-လွှာ, ၄-ထပ်မှစ၍ အထပ်ထပ်သော ဖိနပ်တို့ကို ရဟန်းတို့အား ခွင့်ပြု၏-ဟု ဆိုသော် ထိုအာရာမ, ဂါမ ၂-ပါးတို့တွင် ဂါမ၌ အချင်းခပ်သိမ်း အမြဲပင် ခွင့်ပြုတော်မူသလောဟူမူ-

န ဘိက္ခဝေ သဉ္ဇပါဟနေန ဂါမော ပဝိသိတဗ္ဗော၊ ယော ပဝိသေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍ မဟာဝါပါဠိ (ဝိနည်း။ ၂၈၃)၌လာရကား ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ဖိနပ်နှင့်တကွ ရွာတွင်းသို့ မဝင်အပ်။ ဝင်သော် ဒုက္ကဋ်သင့်၏-ဟု မြစ်တော်မူပြန်သောကြောင့် မမြဟူလို။

ဖိနပ်စီးလျက် ရွာတွင်း မဝင်အပ်-ဟု ဆိုသော် ဂိလာန, အဂိလာနရဟန်း အလုံးစုံပင် မဝင်အပ်သလောဟူမူ–

အနုဇာနာမိ ဘိက္ခဝေ ဂိလာနေန ဘိက္ခုနာ သဉ္ဇပါဟနေန ဂါမံ ပဝိသိတုံ။

ဟူ၍ ၎င်းပါဠိတော် (၂၈၃)၌ ဟောတော်မူခြင်းကြောင့် အဂိလာနရဟန်း ဖိနပ်စီးလျက် ရွာတွင်းသို့ မဝင်အပ်။ ဂိလာနရဟန်းမူကား ဖိနပ်စီးလျက် ရွာတွင်းသို့ ဝင်အပ်၏-ဟူလို။

ဤပါဠိတော်ပါဌ်၌ ဂိလာန-ဟူသည် အသို့သော ရဟန်းနည်း။ မထ,မကြွနိုင်၊ နာသောရဟန်း ဂိလာနမည်သလောဟူမူ–

http://www.dhammadownload.com

ဂိလာနေန ဘိက္ခုနာ သဥပါဟနေနာတိ ဇတ္ထု ဂိလာနော နာမ ယော န သက္ကောတိ အနုပါဟနော ဂါမံ ပဝိသိတုံ။

ဟူ၍ ၎င်းအဋ္ဌကထာ(၀ိ၊၄၊၃၇၀)ဝယ် လာသောကြောင့်လည်းကောင်း၊

ယဿ ပါဒါ ဝါ ဖာလိတာ ပါဒဒီလာ ဝါ အာဗာဓော ပါဒါ ဝါ ဒုက္ခာ ဟောန္တိ၊ ယော န သက္ကောတိ အနုပါဟနော ဂါမံ ပဝိသိတုံ၊ ဇဝရူပေန ဂိလာနေန သဥပါဟနေန ဂါမံ ပဝိသိတုံ ဝဋ္ဋတိ။

ဟူ၍ ဝိနယသင်္ဂဟအဋ္ဌကထာ(၄၅၆)ဝယ် လာသောကြောင့်လည်းကောင်း၊

ပါဒဒီလာဗာဓော နာမ ပါဒတော ဒီလသဒိသံ မံသံ နိက္ခန္တံ ဟောတိ။

ဟူ၍ မဟာဝါအဋ္ဌကထာ(၀ိ၊၄၊၃၆၈)၌ လာသောကြောင့်လည်းကောင်း–

- ခြေကွဲနာရှိသော ရဟန်း,
- ခြေမှ တံသင်းနှင့်တူသော အသားထွက်သော ရဟန်း,
- ခြေနာကျင်သော ဒုက္ခဝေဒနာရှိသော ရဟန်း,
- ဖိနပ်မစီးဘဲ ရွာတွင်းသို့ ဝင်ခြင်းငှာ မစွမ်းနိုင်သောရဟန်း၊

ဤဆိုအပ်ပြီးသော ရဟန်းတို့သည် ဂိလာနမည်ကုန်၏ဟူလို။ **တစ်နည်းလည်း–**

ဂိလာနော နာမ ယဿ ဝိနာ ဆတ္တုပါဟနံ န ဖာသု ဟောတိ၊ သော ဂိလာနော နာမ။ (၀ိ၊၂။၄၅၁)

ဟူ၍ ဘိက္ခုနီဝိဘင်း၊ ပဒဘာဇနီဝယ် လာရကား အကြင်ရဟန်းအား ဖိနပ်နှင့် ကင်းသဖြင့် မချမ်းသာ၊ ထိုရဟန်းသည် ဂိလာနမည်၏ဟူလို။ အဂိလာနရဟန်းသည် အလျှင်းပင် ဂါမ၌ ဖိနပ်မစီးသင့်ပြီလောဟူမူ–

"အာပဒါသု အနာပတ္တိ"ဟူ၍ ဘိက္ခုနီဝိဘင်း၊ အနာပတ္တိဝါရ၌ လာသောကြောင့်လည်းကောင်း၊ "**အာပဒါသူတိ** ကေနစိ ဥပဒ္ဒုတာ ဟောတိ၊ ဇဝ ရူပါသု အာပဒါသု မာရေတုံ ဝဋ္ဋတိ"ဟူ၍ အဋ္ဌကထာ(၀ိ၊၄၊၂၁၆)၌ လာသောကြောင့်လည်းကောင်း၊ "**အာပဒါသူတိ** ရဋ္ဌ-ဘေဒါဒိ အာပဒါသု"ဟူ၍ ဝိနယဝိနိစ္ဆယဋီကာ(၂။၁၁၈)၌ လာသောကြောင့်လည်းကောင်း ထိုအဂိလာနရဟန်းသည် တိုင်းပြည်ပျက်စီးခြင်းဘေး, နေပူ-စသော ဘေးတို့ကြောင့် ရွာတွင်း၌ ဖိနပ်စီးခြင်းငှာ အပ်၏-ဟူလို။ ယင်းဋီကာပါဠိ၌ အာဒိ-သဒ္ဒါ၏ အာဒိဝန်ကို နေပူဘေး-စသည်ကို ယူလေ။

http://www.dhammadownload.com

ပစ္စန္တရစ်အရပ်ဖြစ်မူကား–

> **အဝန္တိဒက္ခိဏာပထေ ဘိတ္ဘဝေ ကဏ္ဍုတ္ထရာ ဘူမိ ခရာ ဂေါကဏ္ဏကဟတာ၊ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဥဏ္ဍုံဏ္ဍုပါဟနံ။ –**

ဟူ၍ မဟာဝါ(ဝိနည်း။၂၈၈)၌လည်းကောင်း၊

> **ကဏ္ဍုတ္ထရာတိ ကဏ္ဍမတ္တိကုတ္တရာ၊ ဥပရိ ဝမိုတ ကဏ္ဍမတ္တိကာတိ အတ္ထော။ ဂေါကဏ္ဏကဟတာတိ ဂုန္နံ ခုရေဟိ အက္ကန္တဘူမိတော သမုဋ္ဌိတေဟိ ဂေါကဏ္ဏကေဟိ ဥပဟတာ။ တေ ကိရ ဂေါကဏ္ဏကေ ဧကပဋ္ဌလိကာ ဥပါဟနာ ရက္ခိတုံ နသက္ကောန္တိ၊ ဧဝံ ခရာ ဟောန္တိ။ –**

ဟူ၍ ၎င်းအဋ္ဌကထာ(ဝိဇ္ဇ၊၃။၃၇၀)၌လာရကား ပစ္စန္တရစ်အရပ်မည်သည် မည်းသော မြေတို့ဖြင့် စုန်ရရုန် တက်ကုန်သောကြောင့်လည်းကောင်း, တစ်နည်း အထက်သို့ စုန်ရရုန် တက်သော မြေနက်ရှိသောကြောင့်လည်းကောင်း, နွားခြေရာမှဖြစ်သော မြေဆူးတို့ဖြင့် ဖျက်ဆီးသောကြောင့်လည်းကောင်း မြေကြမ်းသည်ဖြစ်၍ အသစ်သော, အထပ်ထပ်သော ဖိနပ်ကို ခွင့်ပြုတော်မူရကား အဂိလာနရဟန်းပင် ဖြစ်သော်လည်း မြေကြမ်းရာအရပ်၌ သွားသည်ရှိသော် ဂိလာနရဟန်းကဲ့သို့ပင် ခြေနာကျင်ခြင်း-စသော ဒုက္ခဝေဒနာ ဖြစ်ရာသောကြောင့် အဂိလာနရဟန်းသည်လည်း မြေကြမ်းရာအရပ်၌ ဖြစ်လတ္တံ့သော ခြေနာခြင်း-စသော ဒုက္ခဝေဒနာကို အကြောင်းပြုသဖြင့် ရွာတွင်း၌ ဖိနပ်စီးခြင်းငှာ အပ်၏။

သာသနသောဓကဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် ဗားကရာဆရာတော်ဘုရားကြီးသည်လည်း ဤပဒေသပညတ်ကို ထောက်သဖြင့်ပင်လျှင် ပစ္စန္တရစ်မည်သည် မြေကြမ်းရကား အဂိလာနရဟန်းသည်လည်း ဖြစ်လတ္တံ့သောဘေးကို အကြောင်းပြု၍ ဂိလာနိ ဖိနပ်စီးခြင်းငှာ အပ်၏-ဟု မိန့်တော်မူ၏။ အလုံမြို့၊ အထက်တိုက် သာစည်ရွာမလျှင် ဖွားရာချက်မြှုပ်ဇာတိရှိတော်မူသော ပရိယတ္တိဝိသာရဒဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် ဂူကြီးဆရာတော်ဘုရားသည်လည်း အဂိလာနပုဂ္ဂိုလ်သည် ရောဂါရှိဆဲပင် မဟုတ်သော်လည်း ဖြစ်လတ္တံ့သော ရောဂါကို အကြောင်းပြု၍ ဆေးကို သုံးဆောင်ခြင်းငှာ အပ်သကဲ့သို့ ပစ္စန္တရစ်ဝယ် မြေကြမ်းရကား အဂိလာနပုဂ္ဂိုလ်သည်လည်း ဖြစ်လတ္တံ့သော ခြေနာကျင်ခြင်း-စသော ဒုက္ခဝေဒနာကို မဖြစ်ပါစေလင့်-ဟု နှလုံးပိုက်သဖြင့် ရွာတွင်း၌ ဖိနပ်စီးခြင်းငှာ အပ်၏-ဟု မိန့်တော်မူ၏။

ယခုကာလ ရွာတွင်း၌ ဖိနပ်စီးကုန်သော ရဟန်းတို့သည်လည်း ကြမ်းသောမြေရှိခြင်းကြောင့်လည်းကောင်း, နေပူခြင်းဘေးကြောင့်လည်းကောင်း ခြေနာကျင်ခြင်း-စသော ဒုက္ခဝေဒနာ မဖြစ်ပါစေလင့်-ဟု နှလုံးပိုက်သဖြင့် စီးကုန်ရကား ထိုရဟန်းတို့အား အာပတ်

http://www.dhammadownload.com

သင့်၏-ဟူ၍ အပြစ်တင်ဖွယ် မရှိ။ သန္တောသ ၁၂-ပါးနှင့်ပြည့်စုံသော အပ္ပိစ္ဆပုဂ္ဂိုလ်-စသည်တို့အား ပရိက္ခရာ ၈-ပါးမှစ၍ ၁၂-ပါးတိုင်အောင် ဆောင်သင့်ရာ၏။ ပရိက္ခရာ ၈-ပါးဝယ် ထီး,ဖိနပ် ၂-ပါးတို့ကို ထည့်သွင်း၍ ရေတွက်ရာ ပါရကား ထီး,ဖိနပ်မည်သည် ရဟန်းတို့ သွားလေရာ အမြဲပင်ဆောင်သင့်သော ပရိက္ခရာ ၈-ပါးဖြစ်၍ ရဟန်းတို့နှင့် အလွန်သင့်လျော်သော အသုံးအဆောင်ပင်တည်း-ဟု ဧကန္တမှတ်ရာသည်။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယ်၊ သီလက္ခန်သာမညသုတ် အဋ္ဌကထာ၌-

> ဣမိနာ ပန ဒွါဒသဝိဓေန ဣတရီတရပစ္စယသန္တောသေန သမန္နာဂတဿ ဘိက္ခုနော အဋ္ဌ ပရိက္ခာရာ ဝဋ္ဋန္တိ တီဏိ စီဝရာနိ ပတ္တော ဒန္တကဋ္ဌေဒနဝါသိ ဧကာ သူစိ ကာယဗန္ဓနံ ပရိဿာဝနန္တိ။ ဝုတ္တမ္ပိ စေတံ-
>
> **တီစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။**
> **ပရိဿာဝနေန အဋ္ဌ'တေ၊ ယုတ္တယောဂဿ ဘိက္ခုနော'တိ။**
>
> အယံ တာဝ အဋ္ဌပရိက္ခာရိကဿ ပရိက္ခာရမတ္တာ။ နဝပရိက္ခာရိကဿ ပန သေယျထိုပဝိသန္တဿ တတြဋ္ဌကံ ပစ္စတ္ထရဏံ ဝါ ကုဋ္ဌိကာ ဝါ ဝဋ္ဋတိ။ ဒသပရိက္ခာရိကဿ နိသီဒနံ ဝါ စမ္မခဏ္ဍံ ဝါ ဝဋ္ဋတိ။ ဧကာဒသပရိက္ခာရိကဿ ပန ကတ္တရယဋ္ဌိ ဝါ တေလနာဠိကာ ဝါ ဝဋ္ဋတိ။ ဒွါဒသပရိက္ခာရိကဿ ဆတ္တံ ဝါ ဥပါဟနံ ဝါ ဝဋ္ဋတိ။ ဧတေသု စ အဋ္ဌပရိက္ခာရိကောဝ သန္တုဋ္ဌော၊ ဣတရေ အသန္တုဋ္ဌာ မဟိစ္ဆာ မဟာဘာရာတိ နံ ဝတ္တုဗ္ဗာ။ ဧတေပိ ဟိ အပ္ပိစ္ဆာဝ သန္တုဋ္ဌာဝ သုဘရာဝ သလ္လဟုကဝုတ္တိနော၀။

(ဒီ၊ဋ္ဌ၊၁။၁၈၄၊၁၈၅)ဟူ၍ မိန့်အပ်၏။

အကြင်ရဟန်းတို့သည် ရွာတွင်း၌ ဖိနပ်စီးကုန်သော ရဟန်းတို့၏ အာဘောဂနှလုံးသွင်းကိုလည်း မသိဘဲလျက် ရွာတွင်း၌ ဖိနပ်စီးကုန်သော ရဟန်းတို့ကို ကြားသိမြင်လျှင် အလဇ္ဇီပကွသို့ သွင်း၍ ကဲ့ရဲ့ရှုတ်ချအပြစ်တင်ဆိုကုန်၏။ ထိုကဲ့ရဲ့ရှုတ်ချအပြစ်တင် ဆိုကုန်သော ရဟန်းတို့သည် အရိယူပဝါဒကံနှင့်တူသော ဂရုကံရှိချေရကား-

> ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပဒုဋ္ဌေသု ဒုဿတိ။
> ဒသန္နံ'မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။ (ခုဒ္ဒ၊ပ၁။၃၃)
>
> ဝေဒနံ ဖရုသံ ဇာနိံ၊ သဇီဝဿ စ ဘေဒနံ။
> ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။ ။

http://www.dhammadownload.com

ရာဇတော ဝါ ဥပသဂ္ဂံ၊ အဿကွာနံ ဝ ဒါရကံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ။ ။

အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သော'ပပဇ္ဇတိ။ ။

ဟူသော ဓမ္မပဒပါဠိတော်(၃၄)ပါဒ်နှင့်အညီ ပစ္စုပ္ပန်ဘဝ၌ပင် ကြမ်းကြုတ်သောဝေဒနာ-စသော ဒုက္ခ၏အကြောင်း ၁၀-ပါးတို့တွင် ၁-ပါးပါး ရောက်ရာသည်။ ကိုယ်ခန္ဓာ၏ ပျက်သည်မှ နောက်၌လည်း ငရဲသို့ လားရာသည်။

ထို့ကြောင့် ပညာရှိသော အမျိုးသားသည်–

ဣဓ သောစတိ ပေစ္စ သောစတိ၊ ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊ ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
'ပါပံ မေ ကတ'န္တိ တပ္ပတိ၊ ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။ (ဓမ္မပဒ။၁၅)

ဝါဏိဇော ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမော ဝ၊ ပါပါနိ ပရိဝဇ္ဇယေ။ ။ (ဓမ္မပဒ။၃၁)

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တ'မေဝ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။ (ဓမ္မပဒ။၃၂)

အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဍ္ဎော ဝ တပ္ပတိ။ (ဓမ္မပဒ။၃၃)

ဤသို့ ဆောင်ပြအပ်သော ဓမ္မပဒဋ္ဌလာသော တရားတော်ကို နှလုံးပိုက်သဖြင့် နည်းသော လှည်းကုန်သည်အဖော်ရှိသော, များသောဥစ္စာရှိသော ကုန်သည်သည် ဘေးဘျမ်းရှိသောခရီးကို ကြဉ်ဘိသကဲ့သို့လည်းကောင်း၊ အသက်မသေ နေလိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကို ကြဉ်သကဲ့သို့လည်းကောင်း အရိယူပဝါဒကံနှင့် အလားတူသော ရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချခြင်း-ဟူသော မကောင်းမှုကို စိတ်မျှ မဥပါဒ်မူ၍ ဝေးစွာရှောင်ကြဉ်ရာ၏။

ထိုမှတပါး၊လည်း ပညာရှိသော အမျိုးသားသည် "ယာနတော သုခိတော ဟောတိ" ဟူသော ဘုရားရွေနှုတ်တော်ထွက် ဒေသနာနှင့်လျော်ညီစွာ ငါတို့ဘုရားလောင်း သခ်ပုဏ္ဏား သည် "ကုန်သွယ်အံ့သောင့် သုဝဏ္ဏဘုမ္မိအရပ်သို့ သွားအံ့"ဟု လှေသင်္ဘောဆိပ်သို့ သွားရာ

http://www.dhammadownload.com

နေပူမွန်းတည့်အခါ ခရီးခဲ သဲအပြင်၌ အရှင်ပစ္စေကဗုဒ္ဓါ ကြွတော်မူသည်ကို မြင်၍ ထိုအရှင် ပစ္စေကဗုဒ္ဓါအား ဖိနပ်ကို လှူသော ကောင်းမှုကြောင့် သမုဒ္ဒရာဝယ် လှေသဘော်ပျက်သော ကာလ မဏိမေခလာ ရေစောင့်နတ်သမီးသည် အလျား ၈-ဉသဘ, အနံ ၄-ဉသဘ, စောက်တာ ၂၀-ရှိသော ရတနာဖြင့်ပြီးသော လှေသဘော်ကို ဖန်ဆင်းပြီးလျှင် ဣန္ဒနီလာဖြင့် ပြီးသော လင်းယင်တိုင်, ရွှေဖြင့်ပြီးသော တက်မ, ငွေဖြင့်ပြီးသော ထိုးဝါးတို့ကိုလည်း ဖန်ဆင်း၍ ထိုလှေသဘော်ဝယ် ရတနာ ၇-ပါး အတိပြည့်စေသဖြင့် ဘုရားလောင်းကို လည်ကို ဖက်၍ လှေသဘော်ထက်သို့ တင်ပြီးလျှင် မိမိနေရာအိမ်သို့ ပို့ဆောင်သဖြင့် ပစ္စက္ခ၌ပင် ကာယသုခ, စိတ္တသုခ ၂-ပါးကို ရ၍ ဒါန,သီလကို အားထုတ်သဖြင့် စုတိ၏အခြားမဲ့၌ နတ်ပြည်သို့ လားရသည်။ အဆုံးဘဝ၌လည်း သပ္ပညုတဉာဏ်ကို ရတော်မူသည်-ဟု ခုဒ္ဒကနိကာယ် အဝင် စရိယပိဋကပါဠိ,အဋ္ဌကထာကျမ်းတို့၌လာသော **ဘုရားလောင်းသခ်ပုဏ္ဏား၏ အတ္ထုပ္ပတ္တိ** ကို နှလုံးသွင်းသဖြင့်လည်းကောင်း၊

အရှင်ပိလိန္ဒဝစ္ဆမထေရ်၏အလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက် ဘုရားအမှူးရှိသော သံဃာတော်အား ဖိနပ်ကို လှူခဲ့ဖူးသော ကောင်းမှုကြောင့် ဖြစ်လေရာရာ သုဂတိဘဝတို့၌-

ဥပါဟနေ ဇိနေ ဒတ္တွာ၊ သံဃေ ဂဏဝရုတ္တမေ။
တီဏာ'နိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။ ။

ဟတ္ထိယာနံ အာဿယာနံ၊ သိဝိကာ သန္ဒမာနိကာ။
သဒ္ဒိသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။ ။

မဏိမယာ တမ္ဗမယာ၊ သောဏ္ဏာရဇတပါဒုကာ။
နိဗ္ဗတ္တန္တိ ပဒုဒ္ဓါရေ၊ ဘဝေ သံသရတော မမ။ ။

နိယာမံ သတိ ဓာဝန္တိ၊ အာဝုအာစာရသောဓနံ။
ဣမေ ဂုဏော ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။ ။

ဟူသော ပိလိန္ဒဝစ္ဆအပဒါန်ပါဠိ(၁။၃၆၃)နှင့်အညီ-

- ဆင်ယာဉ် ၆-သန်း, မြင်းယာဉ် ၆-သန်း, ထမ်းစင် ၆-သန်း, သန်လျင်း ၆-သန်းတို့ကို ရသည်လည်း ၁-ပါး၊
- ဖဝါးချတိုင်း မြမြက်တို့ဖြင့်ပြီးသော ခြေနင်း, ကမ္မလာဖြင့်ပြီးသော ခြေနင်း, ရွှေခြေနင်း, ငွေခြေနင်းတို့ကို ရသည်လည်း ၁-ပါး၊

http://www.dhammadownload.com

- မကောင်းမှုကို သုမ်သင်ခြင်း၌ မြဲသောသတိရှိသည်လည်း ၁-ပါး၊

ဤ ၃-ပါးသော အကျိုးတို့ကို ရသည်။ အဆုံးဘဝ၌လည်း အရဟတ္တဖိုလ်သို့ ရောက်သည်-ဟု အပဒါန်ကျမ်း၌လာသော ပိလိန္ဒဝစ္ဆထေရ်၏ အတ္ထုပ္ပတ္တိကို နှလုံးသွင်းသဖြင့်လည်းကောင်း သဒ္ဓါတရားကို ရှေ့ထား၍ မိမိလက်ရှိ ပစ္စည်းအင်အားနှင့်လျော်စွာ ဘုရားတပည့်သား သံဃာတော်မြတ်တို့အား ဖိနပ်ကို လျှဒါန်းပြီးလျှင် အလိုရှိအပ်သောဆုနှင့်တကွ နိဗ္ဗာန်ဆုကို ပတ္ထနာရာသည်။

ဤပြဆိုအပ်ပြီးသော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌လာသော စကားအရပ်ရပ်တို့ကို ထောက်သဖြင့်-

နု ဘိက္ခဝေ သဥပါဟနေန ဂါမော ပဝိသိတဗ္ဗော၊ ယော ပဝိသေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူသော မဟာဝါပါဠို(၀၊၃။၂၈၃)ကို ဝိနည်းကျမ်းဂန်အရပ်ရပ်တို့၌လာသော စကားရပ်တို့နှင့် မနှီးနှောမူ၍ ရွာတွင်း၌ ဖိနပ်မစီးအပ်-ဟု ယူကုန်သော ရဟန်းတို့၏ အယူဝါဒသည် ဝိနည်းကျမ်းဂန် တတ်သိလိမ္မာတော်မူကုန်သော ဆရာမြတ်တို့၏အထံမှ လဒ္ဓါပဒေသ ကင်းခြင်းကြောင့်လည်းကောင်း၊ ပိဋကတ်စာပေကျမ်းဂန် အကြည့်အရှု နည်းခြင်းကြောင့်လည်းကောင်း ပိဋကတ်ဝယ် ဉာဏ်မသက်ဝင်နိုင်သည်ဖြစ်၍ လိပ်ခဲတည်းလည်းဟူဘိ၏သို့ ထင်မိထင်ရာယူသော အပွသုတ ဒုပ္ပညာ အဓမ္မဝါဒိပုဂ္ဂိုလ်တို့၏ အယူဝါဒဖြစ်ရကား ဝိဟရိတဒုဂ္ဂဟိတဝါဒဖြစ်သည်-ဟု မှတ်သင့်သည် တပည့်ရှင်ဓမ္မာဘိနန္ဒ။

ကေတုဓမ္မဝရာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်နာမံတော်ရှိသော
အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးသည်
စီရင်ဆုံးဖြတ်ရေးသားအပ်သော-

ဥပါဟနဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{ ၁၇ } သီမာဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်အရိယာဝံသ ခြေတော်ဦးခိုက်လျှောက်ဝံ့ပါသည် ကျေးဇူးရှင်ဆရာတော်ဘုရား။

ဣမသ္မိံ ဌာနေ ဧကစ္စေ ထေရာ ပါဠိအဋ္ဌကထာယ အတ္ထသဘာဝံ အသမပေက္ခိတ္တွာ ဝိမတိဒ္ဓိကာဒီသု အာဂတဝစနံ ဗဟုံ အာဟရိတ္တွာ ဗျာကုလဝစနံ ဝိလောမာဓိပ္ပါယံ အတ္ထသဘာဝံ ဒီပေန္တိ။

ဟူ၍ **မဏိဇောတာလင်္ကာရဇမဟာဓမ္မရာဇာဓိရာဇဂုရု**-တံဆိပ်နာမံတော်ရှိသော ခင်မဂန်ဆရာတော်ဘုရားကြီးသည် စီရင်တော်မူအပ်သော သီမာဝိနိစ္ဆယကျမ်း၌ ဝိမတိဒ္ဓိကာ-စသည်တို့၌ လာသောစကားသည် ပါဠိသဘော, အဋ္ဌကထာသဘောနှင့်မညီ နှောင့်နှက်၏-ဟူ၍သာ ပြဆိုခဲ့သည်။ မည်သည့်အရာဌာနဝယ် ပါဠိသဘော, အဋ္ဌကထာသဘောနှင့် မညီနှောင့်နှက်၏-ဟု ဗျာကုလဖြစ်သော အရာဌာနကို အာကာရနှင့်တကွ မပြ,မဆိုခဲ့ပါ။ ပါဠိသဘော, အဋ္ဌကထာသဘောနှင့်မညီ နှောင့်နှက်သောအရာဌာနကို သိလိုပါသည်။ နောက်နောက်သော ပုဂ္ဂိုလ်တို့ မှတ်သားရန် ပါဠိသဘော, အဋ္ဌကထာသဘောနှင့်မညီ၊ နှောင့်နှက်သည့်အရာဌာနကို ပုစ္ဆာထားပြီးလျှင် ဝိသဇ္ဇနာမူ၍ ရေးသားတော်မူစေချင်ပါသည် ကျေးဇူးရှင်ဆရာတော်ဘုရား"။

လျှောက်ထားသည့်အတိုင်း နောက်နောက်သောပုဂ္ဂိုလ်တို့ မှတ်သားရန် ပုစ္ဆာထားပြီးလျှင် ဝိသဇ္ဇနာမူ၍ ရေးလိုက်အံ့။

သစေ ပန သေတု ဝါ သေတုပါဒါ ဝါ ဗဟိတိရေ ပတိဋ္ဌိတာ၊ ကမ္မံ ကာတုံ န ဝဋ္ဋတိ၊ သီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ။ (ဝိ၊ဋ္ဌ၊၃။၃၃၅)

F4D

http://www.dhammadownload.com

ဟူသော အဋ္ဌကထာပါဠိ၌ 'သီမံ သောဧတွော'၏အရကို နဒီသိမ်, ဂါမသိမ် ၂-ပါးတို့၌ တည်သော ရဟန်းတို့ကိုပင် ဟတ္ထပါသ်သို့ ဆောင်၍ တံတားထက် ကံပြုသင့်သလောဟူမူ-

သေတု ဝါ သေတုပါဒါ ဝါတိ ဧတ္ထ စ သီမသောဓနံ နာမ ဂါမသီမဌေ ဟတ္ထပါသာနယနံ။

ဟူသော ဝဇိရဗုဒ္ဓိဋီကာ(၄၅၉)၊

သီမံ ဝါ သောဧတွောတိ ဧတ္ထ သီမသောဓနံ နာမ ဂါမသီမာဒီသု ဌိတာနံ ဟတ္ထပါသာနယနာဒိ။

ဟူသော သာရတ္ထဒီပနီဋီကာ(၃။၂၇၅)တို့နှင့်အညီ မြစ်၌ရှိသော ရဟန်းတို့ကို ဟတ္ထပါသ်သို့ မဆောင်မူ၍ ဂါမဓေတ်၌ရှိသော ရဟန်းတို့ကိုသာ ဟတ္ထပါသ်သို့ ဆောင်၍ တံတားထက် ကံပြုရာသည်။ "ဂါမသီမာဒီသု"၌ အာဒိ-သဒ္ဒါဖြင့် ဝိဟာရသီမ်ကို ယူ။ ဝိဟာရသီမ်-ဟူသည် ဗဒ္ဓသီမ်ပင်တည်း။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ(၃။၂၇၅)၌ "ဝိဟာရသီမန္တိ ဗဒ္ဓသီမံ သန္ဓာယ ဝဒတိ"ဟု မိန့်အပ်၏။

ဤ"သစေ ပန သေတု ဝါ"စသော အဋ္ဌကထာ(ဝိ၄၊၃။၃၃၅)ပါဠိ၌ "ကမ္မံ ကာတုံ န ဝဋ္ဋတိ"ဟူသောပါဠိဖြင့် "နဒီယံ သေတုံ ကရောန္တိ"စသော ရှေ့ဝါကျ၌ကဲ့သို့ တံတားခြေသည် ဂါမဓေတ်နှင့် စပ်ရကား နဒီသိမ်, ဥဒကုက္ခေပသိမ်အဖြစ်ဖြင့် ကံမပြုအပ်သည်၏အဖြစ်ကို ပြ၏။ "သီမံ သောဧတွော ကမ္မံ ကာတဗ္ဗံ"ဟူသောပါဠိဖြင့် တံတားထက် ကံပြုလိုမူ ယင်း တံတားသည် ဂါမဓေတ်နှင့် စပ်သဖြင့် ဂါမ၌ အကျုံးဝင်ရကား ဂါမဓေတ်၌ရှိသော ရဟန်းတို့ကို ဟတ္ထပါသ်ထဲသို့ ဆောင်၍လည်းကောင်း, ဂါမဓေတ်မှ အပပြု၍လည်းကောင်း ကံပြုအပ်သည်၏အဖြစ်ကို ပြ၏။ ဤသို့ အဓိပ္ပါယ်ကို မှတ်။

ထို့ကြောင့် သီမာဝိနိစ္ဆယကျမ်း၌–

ဧတ္ထ စ သီမသောဓနံ နာမ ဝိဟာရသီမ ဂါမသီမာသု ဌိတာနံ ဘိက္ခူနံ ဟတ္ထပါသာနယနဝသေန စ တတော ဗဟိကရဏဝသေန စ ပတိဋ္ဌာပနံ။ သာခံ ဝါ ဆိန္နိတ္ဝာ တဿ ရုက္ခဿ ဗဟိ ပတိဋ္ဌိတဘာဝေန နာသနကရဏဘ္ဝာတိ ဒဋ္ဌဗ္ဗာ။

ဟူ၍လည်းကောင်း၊

န သမ္ဗန္ဓအဋ္ဌာဓိသု၊ တတ္ထ ကရောန္တိ ဟိ ဂါမသီမာဒီသု ဌိတာနံ ဘိက္ခူနံ ဟတ္ထပါသာနယနဝသေန တတော ဗဟိကရဏဝသေန စ သီမံ သောဧတွော ဝါ သာခံ ဝါ ဆိန္နိတ္ဝာ တဿ ဗဟိ ဌိတဘာဝေန နာသေတွော ဝါ ကမ္မံ ကာတဗ္ဗံ။

ဟူ၍လည်းကောင်း မိန့်အပ်၏။

http://www.dhammadownload.com

ထိုသို့ ဂါမခေတ်၌တည်သော ရဟန်းတို့ကိုသာ ဟတ္ထပါသ်သို့ ဆောင်၍ တံတား ထက် ကံပြုရာသည်ကို အဘယ်အရာကို ထောက်၍ သိအပ်သနည်းဟူမူ–

> ဓုဝသေတု ဝါတိ ယတ္ထ ရုက္ခသယ်ာတမယော ဝါ ပဒရဗဒ္ဓေါ ဝါ ဇယ်သတ္ထ-သေတု ဝါ ဟတ္ထိအဿာဒိနံ သဗ္ဗရဏာယောဂ္ဂေါ မဟာသေတု ဝါ အတ္ထိ၊ အန္တမသော တခ်ဏာညေဝ ရုက္ခံ ဆိန္ဒိတွာ မနုဿာနံ သဗ္ဗရဏာယောဂ္ဂေါ ဧကပဒိကသေတုပိ ဓုဝသေတုတွေဝ သခ်္ဂီ ဂစ္ဆတိ။ –

ဟူသော မဟာဝါ၊ ဥပေါသထခန္ဓကအဋ္ဌကထာပါဠ် (ဝိ၊ဋ္ဌ၊၃။၃၂၈)နှင့်အညီ သစ်ဖောင်ဖြင့် ဖွဲ့သဖြင့်ပြီးသော တံတားဖြစ်စေ၊ ပျဉ်ခင်းသော တံတားဖြစ်စေ၊ လူအပေါင်းသွားသော တံတားဖြစ်စေ၊ ဆင်,မြင်း-စသည်တို့၏ သွားခြင်း၌ဆန့်သော ကြီးစွာသော တံတား-စသည် ဖြစ်စေ၊ အယုတ်သဖြင့် ထိုခဏ၌သာလျှင် သစ်ပင်ကို ဖြတ်၍ လူတို့၏သွားခြင်းငှာ လျောက်ပတ်သော ၁-ဖဝါးသာ ဆန့်သော တံတားဖြစ်စေ၊ ဤဆိုအပ်ပြီးသော တံတားတို့တွင် တစ်ခုခုသော မြဿောတံတားရှိသော မြစ်၌ နဒီပါရသိမ်သမုတ်သည့်ကာလ မြစ်၌ရှိသော ရဟန်းတို့ကို ဟတ္ထပါသ်သို့ မဆောင်မူ၍ ဂါမခေတ်၌ရှိသော ရဟန်းတို့ကိုသာ ဟတ္ထပါသ်သို့ ဆောင်၍ ကမ္မဝါစာဖြင့် သမုတ်သည်ရှိသော် ကမ္မသမ္မတ္တိဖြစ်သည့်အရာကို ထောက်သဖြင့် သိအပ်၏။ ထို့ကြောင့် မဟာဝါ၊ ဥပေါသထခန္ဓကအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။၃၂၉)၌–

> အထ သဗ္ဗနိမိတ္တာနံ အန္တော ဋ္ဌိတေ ဘိက္ခူ ဟတ္ထပါသကတေ ကတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ နဒီယံ ဋ္ဌိတာ အနာဂတာပိ ကမ္မံ န ကောပေန္တိ။ –

ဟု မိန့်အပ်၏။ ဤအဋ္ဌကထာ၌လာသော စကားကိုပင် ရည်၍ သီမာဝိနိစ္ဆယ၌–

> ဂါမာဒီဟိ ပန သမ္မန္နသေတုမှိ ကမ္မံ ကရောန္တေဟိ နဒီအာဒီသု ဋ္ဌိတာနံ သောဓေ-တဗ္ဗကိစ္စံ နတ္ထိ၊ တေန ဝုတ္တံ "သစေ ပန သေတု ဝါ သေတုပါဒါ ဝါ ဗဟိ နဒီတီရေ ပတိဋ္ဌိတာ။ ကမ္မံ ကာတုံ န ဝဋ္ဋတိ၊ သီမံ သောဓေတွာ ကာတဗ္ဗ"(ဝိ၊ဋ္ဌ၊၃။၃၃၅)နှိုင်း။

> အပိ စ ခေါ ဂါမာဒီသုယေဝ ဋ္ဌိတာနံ ဟတ္ထပါသာနယနာဒီနာ သောဓေတဗ္ဗာ။ န သေတုနော သမီပဋ္ဌေ ဥဒကတလေ။ ကသ္မာ ဥဒကုက္ခေပဂါမသီမာဒီနံ သက-ဘာဝပရိစ္ဆိန္နာ အညော အညေန ရတနဝိဒတ္ထိ စတုရဂ်လမတ္တမ္ပိ အန္တရိတေ သမ္ဘေဒ-ဒေါသော နတ္ထေဝ။ တတော အဓိကရန္တရိတေ ပန ဝတ္တဗ္ဗမေဝ နတ္ထိ၊ တသ္မာ န သောဓေတဗ္ဗာ။ တေနာ'ဟ ဘဂဝါ "အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ။ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ"(ဝိ၃။၁၅၀)တိ။

http://www.dhammadownload.com

ဟု မိန့်အပ်၏။ ထိုမြစ်ကမ်းနား၌ တိုင်ခြေရောက်သော တံတားသည် အဘယ်၌ အကျုံးဝင်သနည်း။ နဒီ-၌ အကျုံးဝင်သလော, ဂါမ၌ အကျုံးဝင်သလောဟူမူ–

ဓုဝသေတုရှိသော မြစ်ဝယ် နဒီပါရသိမ်သမုတ်ရာ၌ မြစ်တွင်း၌ရှိသော ရဟန်းတို့သည် မလာကုန်သော်လည်း ကံကို မယုက်စေကုန်-ဟူသော အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၃၉)စကားကို ထောက် သဖြင့် ဂါမ၌ အကျုံးဝင်၏-ဟု မှတ်သင့်သည်။

တစ်နည်းလည်း "အသမ္မတာယ ဘိက္ခဝေ သီမာယ"(ဝိ၊၃၊၁၅၀)အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ဂါမခေတ်ကိုသာ ဂါမသီမ်-ဟု ခွင့်ပြုတော်မူအပ်သည်၏အဖြစ်ကြောင့် ရွာ-အစရှိသည်တို့နှင့် စပ်သော တံတားသည် ဂါမ၌ အကျုံးဝင်၏။ ထိုရွာ-အစရှိသည်တို့နှင့် စပ်သော တံတား၏ ဂါမ၌ အကျုံးဝင်သည်၏အဖြစ်ကြောင့် တံတားသည်လည်း ဂါမသီမ် အဖြစ်သို့ ရောက်၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယာတိအာဒိနာ ပန ဘဂဝတာ ဂါမခေတ္တ-မေဝ ဂါမသီမာတိ အနုညာတတ္တာ ဂါမသီမာဒိဟိ သမ္ဗန္ဓသေတု ဂါမပရိယာပန္နော ဟောတိ။ တဿေတုနော ဂါမပရိယာပန္နတ္တာ သေတုပိ ဂါမသီမဘာဝံ ဂတော။

ဟူသော သီမာဝိနိစ္ဆယကို ထောက်သဖြင့် သိအပ်၏။

ထိုတံတား၏ ရွာ၌အကျုံးဝင်သည်၏အဖြစ်ကြောင့် ဂါမသီမ်အဖြစ်သို့ ရောက်၏-ဟု ဆိုသော် အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၃၃၅)၌ "သစေ ပန သေတု ဝါ ။ပ။ နဒီ ဝဋ္ဋတိ"ဟူသော နောက်ဝါကျဖြင့် ဂါမသီမ်-အစရှိသည်တို့နှင့်စပ်သော တံတား၏ ကံပြုအပ်သောအရာ မဟုတ်သည်၏ အဖြစ်ကိုသာ ပြအပ်သည်မဟုတ်လော။ ထိုသို့လျက် ထိုရွာနှင့်စပ်သော တံတား၏ ရွာ၌ အကျုံးဝင်သည်၏အဖြစ်ကြောင့် ဂါမသီမ်အဖြစ်သို့ ရောက်၏-ဟူသော စကားသည် အသို့ သင့်ပါမည်နည်းဟူမူ အဋ္ဌကထာ၌ "သစေ ပန သေတု ဝါ ။ပ။ နဒီ ဝဋ္ဋတိ"ဟူသော နောက်ဝါကျဖြင့် ဂါမသီမ်-အစရှိသည်တို့နှင့်စပ်သော တံတား၏, ကံ၏ ပြုအပ်သောအရာ မဟုတ်သည်၏အဖြစ်ကိုသာ အကယ်၍ ပြအပ်သည်ဖြစ်အံ့။

ဤသို့ ဖြစ်သည်ရှိသော် ကံ၏ပြုအပ်သောအရာကို မြစ်ကြောင်းဖြစ်သော "သစေ ပန သေတု ဝါ ။ပ။ နဒီ ဝဋ္ဋတိ"ဟူသောစကားဖြင့် အပြီးသတ်သည်ကို ပြု၍ ဆိုအပ်သည်ဖြစ်ရာ၏။ ဆုံးဖြတ်ကြောင်းဖြစ်သော "သီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ"ဟူသော စကားကို မဆိုရာ။ အဋ္ဌကထာဆရာသည် ဆိုလည်း ဆိုခဲ့။ ထိုသို့ ဆုံးဖြတ်ကြောင်းဖြစ်သော "သီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ"ဟူသော စကားကို အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၃၃၅)ဆရာ ဆိုတော်မူသောကြောင့် ပုဒ်တပါးကို ဆုံးဖြတ်ကြောင်းဖြစ်သော ထို"သီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ"

http://www.dhammadownload.com

ဟူသော စကားဖြင့် ထိုရွာနှင့်စပ်သော တံတားဌပင်လျှင် သိမ်ကို သုတ်သင်သဖြင့် ကံကို ပြုအပ်သည်၏အဖြစ်ကို ပြတော်မူသော အဋ္ဌကထာဆရာသည် ရွာ၏ မြဿောအားဖြင့် မတည်မူ၍ ယုတ်ခြင်း,ပွါးခြင်းသဘောရှိသည်၏အဖြစ်ကြောင့် ထိုရွာနှင့်စပ်သော တံတား၏ ဂါမသိမ် အဖြစ်ကိုသာ အဋ္ဌကထာဆရာသည် ပြတော်မူ၏။ ထို့ကြောင့် ထိုရွာနှင့်စပ်သော တံတား၏ ရွာဌအကျွူးဝင်သည်၏ အဖြစ်ကြောင့် တံတားသည်လည်း ဂါမသိမ်အဖြစ်သို့ ရောက်၏-ဟူသော စကားသည် သင့်သောစကားပင်တည်းဟူလို။ ဤသို့ ဆိုလိုကြောင်း ကိုကား-

> ယဒိ ပန အဋ္ဌကထာယံ 'သစေ ပန သေတု ဝါ ။ပ။ န ဝဋ္ဋတီ'တိ ဥတ္တရဝါကျေန ဂါမသီမာဒီဟိ သမ္ဗန္ဓသေတုနော ကမ္မဿ အကတ္တုဗ္ဗဘာနဘာဝေါယေဝ ဒဿိတော ဟောတိ။ ဧဝံ ကမ္မကတ္တုဗ္ဗဘာနပဋိသေဓေန သစေ ပန တာဒိဝစနေန နိဋ္ဌံ ကတ္တာ ဝတ္တဗ္ဗံ သိယာ။ န ပန သန္နိဋ္ဌာနံ သီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗန္တိ ဝစနံ ဝတ္တဗ္ဗံ သိယာ၊ ဝုတ္တဥ္စ။ တသ္မာ တေန ဝစနေန ပဒန္တရသန္နိဋ္ဌာနေန တမ္ပိယေဝ သေတုမ္ပိ သီမသောဓနေန ကမ္မံ ကတ္တုဗ္ဗတံ ဒဿေန္တေန ဂါမဿ နိယမေန အဋ္ဌတွာ ဟာယန-ဝမုနသဘာဝတ္တာ တဿေတုနောပိ ဂါမသီမဘာဝေါ စ ဒီပိတောဝ ဟောတီတိ။

ဟူသော သီမာဝိနိစ္ဆယကို ထောက်၍ သိအပ်၏။

မြစ်အတွင်း တိုင်ခြေအချို့ ကျရောက်သောကြောင့် နဒီဌ အကျွူးဝင်သဖြင့်လည်း မြစ်ဌတည်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ မဆောင်မူ၍ ကံပျက်ရာသည် မဟုတ်လော ဟူမူ မြစ်အတွင်း တိုင်ခြေကျရောက်သော်လည်း ဂါမသိမ်, နဒီသိမ်တို့၏ မိမိသဘောအား ဖြင့် ပိုင်ခြားအပ်သည်၏အဖြစ်ကြောင့် နဒီဌတည်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ မဆောင်သော်လည်း ကံကို မပျက်စေ။ ဤသို့ ဆိုလိုကြောင်းကိုကား-

> **သမ္ဗန္ဓေသု ပန ဂါမသီမာဒီသုယေဝ။ န သမီပေ ဥဒကပိဋ္ဌေ။ ဥဒကုက္ကေ့ပဂါမ-သီမာဒီနဉ္စ သကဘာဝပရိစ္ဆိန္နတ္ထာ အညော အညေန အသမ္ဗန္ဓေ သတိ ရတနဝိဒတ္ထိ စတုရဂုံလမတ္ထမ္ပိ အန္ဆရိတေ သမ္ဘေဒဒေါသော နတ္ထေဝ။ တတော အဓိကန္ဆရိတေ ပန ဝတ္ထုဗ္ဗမေဝ နတ္ထိ။**

ဟူသော သီမာဝိနိစ္ဆယကို ထောက်၍ သိအပ်၏။

ထိုသို့ မိမိသဘောအားဖြင့် ပိုင်ခြားအပ်သည်ဖြစ်၍ ကံကို မပျက်စေသည်၏အဖြစ်ကို အဘယ်အရာကို ထောက်၍ သိအပ်သနည်းဟူမူ အမွန်တိုသော ဓုဝသေတုရှိသော မြစ်ဌ အမွန်မှစ၍ မြစ်ဝတိုင်အောင် သံယာတို့ ဥပုသ်ကံကို ပြုဆဲ နဒီပါရသိမ်သမုတ်သော

http://www.dhammadownload.com

ရဟန်းတို့သည် မြစ်၌ရှိသောရဟန်းတို့ကို ဟတ္ထပါသ်သို့ မဆောင်မူ၍ သမုတ်သော်လည်း ကမ္မသမ္မတ္တိဖြစ်သည့်အရာကို ထောက်၍ သိအပ်၏။

ဓုဝသေတုရှိသော မြစ်ဝယ် နဒီပါရသိမ်သမုတ်ရာ၌ ကမ္မသမ္မတ္တိဖြစ်သည်ကို ထောက်၍ သိအပ်၏-ဟု ဆိုသော် နဒီနှင့်ဂါမသည် နိဿယသိမ်အချင်းချင်းဖြစ်၍ သဘာဂသိမ်ဖြစ်သောကြောင့် ကမ္မသမ္မတ္တိ ဖြစ်သင့်၏-ဟူသောစကားသည် သင့်တန်စေ။ နဒီပါရသိမ်သမုတ်ဆဲ မြစ်၌ ကဲ်ပြုသောရဟန်းတို့သည် တဲတား၏အနီး ဥဒကုက္ခေပသိမ်ကို ငဲ့ခြင်းကြောင့် ဥဒကုက္ခေပသိမ်သည် တဲတားတိုင်ခြေအတွင်း ဝင်ခဲ့ဒဲ့။ ကမ္မဝိပတ္တိဖြစ်ရာသည် မဟုတ်လောဟူမူ အဋ္ဌကထာ၌ "**နဒိယံ ဌိတာ အနာဂတာပိ ကမ္မံ န ကောပေန္တိ**"(ဝိ၊ဋ္ဌ၊၃၊၂၉၉) ဟု သာမညသာ လာရကား ဤအရာ၌ ဥဒကုက္ခေပါပေက္ခနဒီ, အပေက္ခနဒီ ၂-ပါးကိုပင် ယူသင့်သည်ဖြစ်၍ ဥဒကုက္ခေပသိမ်သည် တဲတားတိုင်ခြေအတွင်း ရောက်သော်လည်း ကမ္မသမ္မတ္တိဖြစ်ရာသည်၊ ဝိပတ္တိ မဖြစ်ရာ။ ကမ္မဝိပတ္တိ မဖြစ်-ဟု ဆိုသော် ဥဒကုက္ခေပသိမ် နှင့် ဂါမသိမ်သည် နိဿယ, နိဿိတဖြစ်၍ ဝိသဘာဂဖြစ်ရကား သမ္ဘေဒဒေါသဖြစ်၍ ကမ္မဝိပတ္တိဖြစ်၏-ဟု ဝိမတိ၌ လာသောစကားနှင့် မဆန့်ပြီလောဟူမူ ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ်သည် နိဿယ, နိဿိတဖြစ်၍ ဝိသဘာဂဖြစ်သောကြောင့် သမ္ဘေဒဒေါသဖြစ်၍ ကဲ်ကို ပျက်စေ၏။

ဤသို့ စသည်ဖြင့် ဝိမတိ၌လာသော စကားသည် ပါဠိသဘော, အဋ္ဌကထာသဘောနှင့် အလုံးစုံညီညွတ်သော သဗ္ဗသဂ်ဟကစကား မဟုတ်။ အချို့ညီ, အချို့မညီ နှောင့်နှက်သော စကားဖြစ်ရကား အတ္တနောမတိမ္ဗသာ ဖြစ်သည်။ ထို့ကြောင့် သဘာဂ, ဝိသဘာဂသိမ် အရောအယှက်ကို ပြဆိုရာ၌ မိမိထုတ်ဆိုအပ်သော ဝိမတိဋီကာ(၂။၁၅၃)ဆရာသည်ပင်-

> **ယာသု အညမညံ ရုက္ခာဒိသမ္ဗန္ဓေသုပိ ဒေါသော နတ္ထိ။ ယာသု ပန အတ္ထိ၊ (နံ) တာသု ဝိသဘာဂသိမာသု ရုက္ခာဒိသမ္ဗန္ဓေသု သတိ ဧကတ္ထ ဌိတော ဣတရဋ္ဌာနံ ကမ္မံ ကောပေတိ ဧဝ အဋ္ဌကထာယံ သာမညတော သောဓနဿ ဝုတ္တတ္တာတိ။ အမှာကံ ခန္တိ၊ ဝီမံသိတ္ဝာ ဂဟေတဗ္ဗံ။**

ဟု မိန့်အပ်ပြီ။

ဤသို့ ဝိမတိဋီကာဆရာသည် မိမိစကားကိုပင် မိမိသန္ဓိဋ္ဌာန်ကျ မထင်၊ သံသယရှိသောကြောင့် "**အမှာကံ ခန္တိ၊ ဝီမံသိတ္ဝာ ဂဟေတဗ္ဗံ**"ဟု ဥယျောဇဉ်မူသည်ကို ထောက်သဖြင့် ပါဠိသဘော, အဋ္ဌကထာသဘောနှင့် အလုံးစုံ ညီညွတ်သော သဗ္ဗသဂ်ဟကစကား မဟုတ်၊ အတ္တနောမတိမ္ဗသာ-ဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com

အမွန်တိုသောမြစ်၌ သဲယာကို သိမ်းဆည်းနိုင်သဖြင့်လည်းကောင်း, သဲယာသည် အမွန်မှစ၍ မြစ်ဝတိုင်အောင် ပြည့်သဖြင့်လည်းကောင်း ဥဒကုက္ခေပသိမ်ကို မငဲ့မူ၍ လှေကြိုးကို ကမ်းနားဝယ် နှက်ထားအပ်သော သစ်ငုတ်၌ချည်၍ လှေထက် ကံပြုမူ သမ္မေဒ-ဒေါသဖြစ်သဖြင့် ကမ္မဝိပတ္တိဖြစ်ရာသလော၊ ထိုသို့မဟုတ် သမ္မေဒဒေါသ မဖြစ်သင့်သဖြင့် ကမ္မဝိပတ္တိဖြစ်ရာသလောဟူမူ ဝိမတိဋီကာဆရာ အလိုအားဖြင့် ဂါမဖြင့် နဒီသည် နိဿယ သိမ်အချင်းချင်းဖြစ်၍ သဘာဂဖြစ်ရကား သမ္မေဒဒေါသ မဖြစ်-ဟု ယူသင့်သည်။

ထို့ကြောင့် ဝိမတိ(၌၂။၁၆၅)၌–

ယာ ပနေတာ (လောကဝေါဟာရသိဒ္ဓါ) ဂါမာရညနဒီသမုဒ္ဒဇာတဿရသိမာ ပဉ္စ၊ တာ အညမညရုက္ခာဒိသမ္ဗန္ဓေပိ သမ္မေဒဒေါသံ နာပဇ္ဇတိ၊ တထာ လောက-ဝေါဟာရာဘာဝတော။ န ဟိ ဂါမာဒယော ဂါမန္တရာဒိဟိ နဒီအာဒိဟိ စ ရုက္ခာဒိသမ္ဗန္ဓ-မတ္ထေန သမ္ဘိန္နာတိ။

ဟု မိန့်အပ်၏။

ဂါမနှင့် နဒီစပ်ရာ၌ သမ္မေဒဒေါသ မဖြစ်-ဟု ဆိုအပ်သောစကားသည် ဥဒကုက္ခေပ သိမ်ကို မငဲ့သော နဒီ၌သာ သမ္မေဒဒေါသ မဖြစ်သင့်။ ဥဒကုက္ခေပသိမ်ကို ငဲ့သော နဒီ၌ကား သမ္မေဒဒေါသ ဖြစ်သင့်၏-ဟု ဝိမတိဋီကာဆရာ အယူရှိသည်။ ထိုဝိမတိဋီကာဆရာ အယူသည် အဋ္ဌကထာ၌လာသော စကားရပ်နှင့် ညီညွတ်သော အယူဝါဒပင်လောဟူမူ–

နဒီတီရေ ပန ခါဏုကံ ကောဋ္ဌေတွာ တတ္ထ ဗဒ္ဓနာဝါယ န ဝဋ္ဋတိယေဝ။ –

ဟူ၍ အဋ္ဌကထာ(၀ိ၊၆၊၃။၃၃၅)၌ ဥဒကုက္ခေပါပေက္ခနဒီ-ဟု မလာမူ၍ နဒီ-ဟူ၍သာ သာမညလာရကား ဥဒကုက္ခေပသိမ်ကို ငဲ့သော နဒီဖြစ်စေ, မငဲ့သော နဒီဖြစ်စေ တပါးပါး သော မြစ်၌တည်သော လှေကို ကမ်းနားဝယ် နှက်ထားအပ်သော သစ်ငုတ်၌ ကြိုးဖြင့်ချည်၍ သီမသောဓန မပြုမူ၍ ထိုလှေထက် ကံပြုမူ သမ္မေဒဒေါသဖြစ်သဖြင့် ကမ္မဝိပတ္တိဖြစ်၏-ဟု ယူသင့်ရကား ထိုဝိမတိဋီကာဆရာ အယူဝါဒသည် အဋ္ဌကထာနှင့် ညီညွတ်သော အယူဝါဒ မဟုတ်-ဟု မှတ်သင့်သည်။

ထိုသို့ အဋ္ဌကထာ၌လာသော စကားရပ်နှင့် ညီညွတ်သောအယူဝါဒ မဟုတ်ရကား ယခင် ဆိုအပ်ခဲ့ပြီးသော လှေထက် ကံပြုသောရဟန်းတို့သည် "**တီရဋ္ဌေ ရုက္ခေ ဗဒ္ဓနာဝါယ ဂါမော အာဓာရော**"ဟူသော ဝဇိရဗုဒ္ဓိဋီကာ (၄၅၉)နှင့်အညီ ကမ်းနား၌တည်သော သစ်ပင်၌ ဖွဲ့သော လှေ၏တည်ရာသည် ဂါမဖြစ်ရကား တစ်နည်းလည်း "**အသမ္ဘတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ။ပ။ ဧကုပေါသထာ**"ဟူသော မဟာဝါ၊ ဥပေါသထက္ခန္ဓကပါဠိတော်

http://www.dhammadownload.com

(၁၅၀)နှင့်အညီ လှေသည် ဂါမနှင့်စပ်သဖြင့် ဂါမဋ္ဌအကျူးဝင်ရကား ဂါမခေတ်ဋ္ဌတည်သော ရဟန်းတို့ကိုသာ ဟတ္ထပါသ်သို့ ဆောင်၍ ကံပြုကုန်ရာသည်။

ထို့ကြောင့် ဝိမတိဋီကာ (၂။၁၆၄)၌လာသော–

> တတြိဒံ သုတ္တာနုလောမတော နယဂ္ဂဟဏမုခံ- ယထာ ဟိ ဗဒ္ဓသီမာယံ သမ္မတာ ဝိပတ္တိသီမာ ဟောတီတိ တာသံ အညမညံ ရုက္ခာဒိသမ္ဗန္ဓော နဝဋတိ။ ဧဝံ နဒီအာဒီသု သမ္မတာပိ ဗဒ္ဓသီမာ ဝိပတ္တိသီမာဝ ဟောတီတိ တာဟိပိ သဒ္ဒိ တဿာ ရုက္ခာဒိသမ္ဗန္ဓော နဝဋတီတိ သိဒ္ဓံ။ ဣမိနာ နယေန သတ္တဗ္ဘန္တရသီမာယ ဂါမနဒီ-အာဒီဟိ သဒ္ဒိ ဥဒကုက္ခေပသီမာယ စ အရညာဒီဟိ သဒ္ဒိ ရုက္ခာဒိသမ္ဗန္ဓသ နဝဋနကဘာဝေါ ဉာတဗ္ဗော၊ ဧဝမေတာ ဘဂဝတာ အနုညာတာ ဗဒ္ဓသီမာ သတ္တဗ္ဘန္တရ-ဥဒကုက္ခေပသီမာ အညမညဉ္စေဝ အတ္တနော နိဿယဝိရဟိတာဟိ ဣတရီတရာ-သံ နိဿယသီမာဟိ စ ရုက္ခာဒိသမ္ဗန္ဓေ သတိ သမ္ဘေဒဒေါသ'မာပဇ္ဇတီတိ သုတ္တာ-နုလောမနယော ဉာတဗ္ဗောဝ။ အတ္တနော အတ္တနော ပန နိဿယဘူတဂါမာဒိဟိ သဒ္ဒိ ဗဒ္ဓသီမာဒိနံ တိဿန္နံ ဥပဂတ္တိကာလေ ဘဂဝတာ အနုညာတသ သမ္ဘေ-ဒ'ဇ္ဈောတ္ထရဏသ အနုလောမတော ရုက္ခာဒိသမ္ဗန္ဓောပိ အနုညာတောဝ ဟောတီတိ ဒဋ္ဌဗ္ဗံ။

ဟူသော သီမာသင်္ကရကထာသည် ပါဠိသဘော, အဋ္ဌကထာသဘောနှင့် အလုံးစုံညီညွတ်သော သဗ္ဗသင်္ဂီဟကစကား မဟုတ်။ အချို့အညီ, အချို့မည် အာကုလဗျာကုလ နှောင့်နှက်သော စကားဖြစ်ရကား အတ္တနောမတိမ္မသာ ဖြစ်သည်။

ထိုသို့ အတ္တနောမတိမ္မသာ ဖြစ်သောကြောင့် ဂါမသိမ်နှင့် ဗဒ္ဓသိမ် စပ်ယှက်ရာ၌ သမ္ဘေဒ မဖြစ်သင့်-ဟု ဝိမတိဋီကာဆရာ ဆိုသောစကားကို အခမ-မူ၍ ပဋိက္ခေပပြုလိုသော သီဟဠဝါသီဝါစိဿရမဟာထေရ်သည် သီမာလင်္ကာရကျမ်း၌–

> ဧကာဒသဝိပတ္တိနံ၊ ယာယ'မညတရာယပိ။
> သီမာ ဝိပတ္တိယာ မုတ္တာ-တိသမ္ဗတ္တိဟိ သံယုတ္တာ။ ။
>
> ရုက္ခာသာခါဖိ နဒီ၊ သီမာဟိပိ အသင်္ကရာ။
> ဗဒ္ဓသီမာဟိ သာ သဗ္ဗ၊ သံယာ ကမ္မာရဟာ မတာ။ ။
>
> သင်္ကရေ သတိ သီမာ နာ-မ သောဓေတွာ ကထံ ပန။
> ကုပ္ပတေ သံယကမ္မန္တိ၊ ဝုတ္ထ'မဋ္ဌကထာယ ဟိ။ ။

http://www.dhammadownload.com

သီမာဝိနိစ္ဆယ (အောင်မြေရွှေဘုံဆရာတော်)

ကေစိ ကာသဠ သီမာနံ၊ ဝိဇ္ဇမာနေပိ သင်္ကရေ။
ကတဿ တံ အသောဓေတွာ၊ ကမ္မဿာ ကောပ'မဗြဝုံ။ ။

ဂါမသီမာယ သမ္မန္နေ၊ ဗဒ္ဓသီမာယ သင်္ကရော။
သာခါဒီဟိ နု ဟောတီတိ၊ စောဒိယာန'မိဒံ မတံ။ ။

စသည်ဖြင့် မိန့်အပ်ပြီ။

ပဌမအုဒ္ဓံကျောင်းဆရာတော်, ဒုတိယအုဒ္ဓံကျောင်းဆရာတော်, ပြည်ဆရာတော်ဘုရားကြီးတို့၏ ဓမ္မာစရိယဖြစ်တော်မူသော ညောင်ကန်ရွာလျှင် ချက်မြူပ်ဇာတိရှိသော မုနိန္ဒသာရအမည်ရှိသော အရှင်မြတ်ကား ဝိမတိဝိနောဒနီကျမ်း၌လာသော ဝိနိစ္ဆယ၊ သီမာလင်္ကာရကျမ်း၌လာသော ဝိနိစ္ဆယစကား ၂-ရပ်တို့တွင် သီမာလင်္ကာရကျမ်း၌လာသော ဝိနိစ္ဆယကို နှစ်သက်တော်မူသဖြင့် မိမိသည် စီရင်အပ်သော ဝိနယသာရဂဏ္ဌိ၌ လင်္ကာပေသလ သိက္ခာ-ကာမ ဝိနယဓရအရှင်မြတ်တို့ကား ဝိမတိဝိနောဒနီဋီကာရှင်ဝါဒကဲ့သို့သော ဝါဒကို စောလဝါသီဆရာတို့သာ ယူ၍ ခပ်သိမ်းသော ဋီကာဆရာ, ဂဏ္ဌိဆရာတို့ မယူသောကြောင့်လည်းကောင်း၊ ပါဠို, အဋ္ဌကထာတို့နှင့် မလျော်သောကြောင့်လည်းကောင်း ဝိမတိဝိနောဒနီဋီကာလာတိုင်း ပြုသော် ဝိပတ္တိဖြစ်၏-ဟု ဆိုတော်မူကုန်၏-ဟူ၍ မိန့်အပ်၏။

ဤဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကို ဉာဏ်ဖြင့် စိစစ်ဆင်ခြင်၍ မည်သည့်အရာဌာနကား ပါဠိသဘော, အဋ္ဌကထာသဘောနှင့် မညီ၊ အာကုလ, ဗျာကုလနှောင့်နှက်သော အရာဌာနတည်း-ဟု နှလုံးပိုက်သဖြင့် ပါဠိသဘော, အဋ္ဌကထာသဘောနှင့်ညီသော ဝိနိစ္ဆယကိုသာ ယူ၍ လင်္ကာပေသလ သိက္ခာကာမ ကုက္ကုစ္စကပဂ္ဂိုလ်တို့သည် ဥဒကုက္ခေပသိမ်၌ ဥပသမွဒက်-စသည်ကို ရွက်ဆောင်ကုန်ရာသည်။

အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ် သီမာဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

အောင်မြေလွှောဘုံဆရာတော်

{ ၁၈ } ပကိဏ္ဏကဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[၁] ရှင်ဝိမလာစာရလျှောက် ပထမဝိနိစ္ဆယ

မမ ပုညံ စိရံ တိဋ္ဌတု။

"ဘုရားတပည့်တော် ရှင်ဝိမလာစာရ လျှောက်ပါသည် ဆရာတော်ဘုရား။

★ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ-ဟူသောပါဠိ (ပါထိကဝဂ္ဂပါဠိ။၁၇၈)ကို အစွဲပြု၍ အသညသတ်ပုဂ္ဂိုလ်တို့အားလည်း အာဟာရ ၄-ပါးတွင် တစ်ပါးပါးကို ရသဖြင့်သာ ထိုဘုံ၌ တည်တံ့နိုင်သည်။ မရမူ မတည်တံ့နိုင်ရာ-ဟု ယူကြပါသည်။ ထိုပုဂ္ဂိုလ်အား အာဟာရ ၄-ပါးတွင် တစ်ပါးပါးကို ရှုမရ သိလိုပါသည်။

ကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း မှတ်သားရန် ရှေးသနားတော်မူပါ ဆရာတော်ဘုရား"။

လျှောက်ထားရာ၌ မှတ်သားရန် ပဋ္ဌာထား၍ ရှေးလိုက်အံ့။ "**သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ**"ဟူသော သုတ်ပါထေယျပါဠိတော်ပါဠိ(၁၇၈)၌ သဗ္ဗ-သဒ္ဒါသည် "**သဗ္ဗေ တသန္တိ ဒဏ္ဍာဿ**"ပါဠိ၌ကဲ့သို့ သပ္ပဒေသသဗ္ဗဖြစ်သင့်၍ အသညသတ်ပုဂ္ဂိုလ်ကို ထားသဖြင့် ကြွင်းသောသတ္တဝါတို့ကိုသာ ယူရမည်လောဟူမူ-

သဗ္ဗေ သတ္တာတိ ကာမဘဝါဒီသု သညာဘဝါဒီသု ဧကဝေါကာရဘဝါဒီသု စ သဗ္ဗ-ဘဝေသု သဗ္ဗသတ္တာ။

ဟူ၍ သုတ်ပါထေယျအဋ္ဌကထာ (၁၅၆)၌လည်းကောင်း၊

http://www.dhammadownload.com

အာဟာရဋ္ဌိတိကာတိ ပစ္စယဋ္ဌိတိကာ၊ ပစ္စယာယတ္တဝုတ္တိကာတိ အတ္ထော။ ပစ္စယတ္ထော ဟေတ္ထ အာဟာရသဒ္ဒေါ "**အယ'မာဟာရော အနုပ္ပန္နဿ ဝါ ကာမဆ္ဆန္ဒဿ ဥပါဒါယာ**"တိအာဒီသု ဝိယ။ ဧဝဉ္စိ 'သဗ္ဗေ သတ္တာ'တိ ဣမိနာ အသညသတ္တာပိ ပရိဂ္ဂဟိတာ ဟောန္တိ။ -

ဟူ၍ ၎င်းဋီကာ(ပါထိကဝဂ္ဂ၊ဋီ။၁၆၇)၌လည်းကောင်း လာသောကြောင့် သဗ္ဗ-သဒ္ဒါသည် "**သဗ္ဗညုတညာဏ သဗ္ဗပုဗ္ဗဝဇာလမှာ**"စသည်တို့၌ကဲ့သို့ နိပ္ပဒေသသဗ္ဗဖြစ်ရကား ကာမဘဝ စသည်, သညာဘဝ-စသည်, ဧကဝေါကာရဘဝ-စသည်တို့၌ဖြစ်ကုန်သော အလုံးစုံသော သတ္တဝါတို့ကိုပင် ယူသင့်သည်။

ယင်းသို့ အသညသတ်ပုဂ္ဂိုလ်ကိုလည်း ယူသွင်းသင့်သော် ထိုအသညသတ်ပုဂ္ဂိုလ်တို့အား ကဗဠီကာရအာဟာရ-စသော ၄-ပါးသော အာဟာရတို့တွင် အဘယ်အာဟာရ-ရသနည်း?

အသညသတ္တာ ဧဝါ အဟေတုကာ အနာဟာရာ အဖဿကာ။

ဟူသောပါဠို(အဘိ၊၂။၄၃၄)ကို ထောက်သဖြင့်လည်းကောင်း, (ပါထိက၊ဋ္ဌ။၁၅၇)

ပါဠိယံ ပန အနာဟာရာတိ ဝစနံ အသညဘဝေ စတုန္နံ အာဟာရာနံ အဘာဝသန္ဓာယ ဝုတ္တံ၊ န ပစ္စယာဟာရဿ အဘာဝတော။ -

ဟူသော သုတ်ပါဌေယျဋီကာပါဠို(၁၆၇)ကို ထောက်သဖြင့်လည်းကောင်း အသညသတ်ဘုံ၌ ကဗဠီကာရာဟာရ-စသော ၄-ပါးသော အာဟာရကိုပင် မရ-ဟူလို။ ယင်းသို့ မရသော် ထိုအသညသတ်ပုဂ္ဂိုလ်တို့သည် အဘယ်အာဟာရဖြင့် ထိုဘုံ၌ တည်ကုန်သနည်းဟူမူ-

တတ္ထ အသညဘဝေ ပစ္စယာဟာရော လဗ္ဘတိ။ -

ဟူသော သုတ်ပါဌေယျအဋ္ဌကထာ(၁၅၇),

တတ္ထာ'တိ ပရိယာယာဟာရော နိပ္ပရိယာယာဟာရောတိ ဒ္ဝိသု အာဟာရေသု။ အသညဘဝေ ယဒိပိ နိပ္ပရိယာယာဟာရော န လဗ္ဘတိ။ ပစ္စယာဟာရော ပန လဗ္ဘတိ ပရိယာယာဟာရလက္ခဏောာ။ -

ဟူသော ၎င်းဋီကာ(ပါထိကဝဂ္ဂ၊ဋီ။၁၆၈),

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာတိ သဗ္ဗေ သခီဏာ ပစ္စယုပ္ပန္နာ။ တတ္ထာ'ဟာရော ပစ္စယတ္ထော။ (ဝိသုဒ္ဓိမဂ်ဂဏ္ဌိ)

http://www.dhammadownload.com

တေသဉ္စိ စျာနံ အာဟာရော ဟောတိ။- ဟူသော ၎င်းအဋ္ဌကထာ(ပါထိကဋ္ဌ။၁၅၇),

စျာနန္တိ ဧကဝေါကာရဘဝါဝဟံ သညာယ ဝိရဇ္ဇနဝသေန ပဝတ္တံ ရူပါဝစရ-စတုတ္ထစျာနံ။ - ဟူသော ၎င်းဋီကာ(ပါထိကဝဏ္ဏဋီ။၁၆၇),

တေ ဟိ ယံ စျာနံ ဘာဝေတ္ဝာ နိဗ္ဗတ္တာ၊ တဒေဝ နေသံ ပစ္စယော ဟောတိ။ ယထာ ဇိယာဝေဂေန ခိတ္တသရော ယာဝ ဇိယာဝေဂေါ အတ္ထိ၊ တာဝ ဂစ္ဆတိ၊ ဧဝံ ယာဝ စျာနပစ္စယော အတ္ထိ၊ တာဝ တိဋ္ဌန္တိ။ တသ္မိံ နိဋ္ဌိတေ ခီဏာဝေဂေါ သရော ဝိယ ပတန္တိ။

ဟူသော ၎င်းအဋ္ဌကထာ(ပါထိကဝဏ္ဏဋ္ဌ။၁၅၇),

အသညာနဉ္စေဝ အဝသေသာနဉ္စ ပစ္စယာဟာရာ။

ဟူသော ၎င်းအဋ္ဌကထာပါဠိ(ပါထိကဝဏ္ဏဋ္ဌ။၁၅၈)တို့နှင့်အညီ အသညသတ်ဘုံ၌ ပစ္စယာဟာရကိုသာ ရ-ရကား ထိုအသညသတ်ပုဂ္ဂိုလ်တို့အား ဧကဝေါကာရဘဝကို ဆောင်တတ်သော သညာ၌ တပ်ခြင်း ကင်းသည်၏အစွမ်းဖြင့်ဖြစ်သော **ရူပါဝစရစတုတ္ထစျာန်**-ဟု ဆိုအပ်သော **ပစ္စယာဟာရဖြင့် တည်ကုန်၏**-ဟူလို။

ကာမဘုံ၌ မုချဆတ်ဆတ်အားဖြင့် ကဗဠီကာရာဟာရ-စသော အာဟာရတို့ကို ရအပ်ကုန်၏။ ရူပဘုံ, အရူပဘုံတို့၌ အသညသတ်ပုဂ္ဂိုလ်ကို ထား၍ ကြွင်းသောပုဂ္ဂိုလ်တို့အား ကဗဠီကာရာဟာရကြဉ်သော ၃-ပါးသော အာဟာရတို့ကို ရအပ်ကုန်၏။ အသညသတ်ပုဂ္ဂိုလ်တို့အားလည်းကောင်း, ကြွင်းသော ပုဂ္ဂိုလ်တို့အားလည်းကောင်း ပစ္စယာဟာရကိုသာ ရအပ်၏။

ကာမဘဝေ နိပ္ပရိယာယေန စတ္တာရော အာဟာရာ။ ရူပါရူပဘဝေသု ဌပေတွာ အသညသေသာနံ တယော။ အသညာနဉ္စေဝ အဝသေသာနဉ္စ ပစ္စယာဟာရာတိ ဣမိနာ အာဟာရေန 'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ'တိ။ (၎င်းပါထိကဝဏ္ဏအဋ္ဌကထာ။၁၅၈)

တယောတိ တယော အရူပါဟာရာ ကဗဠီကာရာဟာရဿ စ အဘာဝတော။ အဝသေသာနန္တိ အသညသတ္တေဟိ အဝသေသာနံ။ ကာမဘဝါဒီသု နိဗ္ဗတ္တာသတ္တာနံ။
(၎င်းပါထိကဝဏ္ဏဋီကာ။၁၇၀)

ဤပြဆိုအပ်ခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ, ဋီကာစကားရပ်တို့ကို ထောက်ရှုသဖြင့် အသညသတ်ဘုံ၌ ကဗဠီကာရာဟာရ-စသော ၄-ပါးသော အာဟာရကို မရအပ်။ **ပစ္စယာ-ဟာရကိုသာ ရအပ်၏**-ဟု နိသ်သယ မှတ်ရာသည် တပည့် ရှင်ဝိမလာစာရ။

* * * * * *

http://www.dhammadownload.com

[၂] ပခန်းမြို့စားမင်းကြီးလျှောက် ဒုတိယဝိနိစ္ဆယ

ဗု ဓံ သံ အဟံ ဝန္ဒာမိ။

"ဝန့်ရှင်တော် **ပခန်းမြို့စား မင်းကြီးလျှောက်**ပါသည် ဆရာတော်။ ဧကရာဇ်မင်းမြတ်ထံ စံကျောင်းဆရာတော်က 'ဥပဇ္ဈာယ်ဆရာ မစေမခိုင်းဘဲ၊ ဥပဇ္ဈာယ်ဆရာကို မရည်ဘဲ ၁၀-ဝါ မပြည့်သောရဟန်းသည် သရဏဂုံပေး၍ သာမဏေပြုသော် ဆရာ,တပည့် ၂-ယောက်ပင် ငွာန်ကရိဏ်း ပီသသော်လည်း သာမဏေ မဖြစ်'-ဟု စာသွင်းသောကြောင့်-

★ 'သာမဏေ ဖြစ်,မဖြစ်ကို ဝါဧကရာဇ်မင်းမြတ် သေချာစွာ သိလိုသည်။ ဝိနည်းကျမ်းဂန် သိမြင်လိမ္မာကုန်သော တံဆိပ်တော်ရ ဆရာတော်တို့ကို သေချာစွာ လျှောက်ထား၍ သံတော်ဦးတင်ရမည်' –

အမိန့်တော်မြတ်ရှိသည်ဖြစ်၍ ဝိနည်းကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း သာမဏေဖြစ်,မဖြစ်ကို သေချာစွာရေး၍ စေလွှတ်လိုက်သည့် လွှက်ရည်သား ငစဉ်ထဲ ပေးသနားလိုက်ပါဆရာတော်"။

လျှောက်တောင်းပန်ရာ၌ မိန့်ဆိုလိုက်သည်ကား-

> **အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေက-ဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ နိဿယံ ဒါတုံ။** –

ဟူသော ဝိနည်းမဟာဝါပါဠိတော် (၈၉)၌ အကျုံးဝင်သော ဥပသမ္ပာဒေတုံ-ဟူသော ပုဒ်၏ "ဥပဇ္ဈာယေန ဟုတ္ဝာ ဥပသမ္ပာဒေတုံ"ဟူသော အနက်ကိုသာ ယူသင့်သည်ကို ထောက်သဖြင့်လည်းကောင်း၊

> အပရေဟိပိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော။ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ ကတမေဟိ ပဉ္စဟင်္ဂေဟိ? အာပတ္တိံ န ဇာနာတိ၊ အနာပတ္တိံ န ဇာနာတိ၊ လဟုကံ အာပတ္တိံ န ဇာနာတိ၊ ဂရုကံ အာပတ္တိံ န ဇာနာတိ၊ ဥိနဒသဝဿော ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော၊ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။

http://www.dhammadownload.com

ဟူသော ဝိနည်းမဟာဝါပါဠိတော်၌ ဥပသမ္မာဒေတဗ္ဗ ပဋ္ဌက, သောဋ္ဌသဝါရပါဠိ (၉၃)၌ အကျုံးဝင်သော "နာ သာမဏေရော ဥပဇ္ဈာပေတဗ္ဗော"ဟူသော ပုဒ်ကို–

> **နာ သာမဏေရော ဥပဇ္ဈာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ သာမဏေရော နာ ဥပဇ္ဈာပေတဗ္ဗော** *(ဂဟေတဗ္ဗော)*။

ဟူ၍ သာရတ္ထဒီပနီဋီကာ (၃။၂၃၉)၌ ဖွင့်သည်ကို ထောက်သဖြင့်လည်းကောင်း၊

> **နာ သာမဏေရော ဥပဇ္ဈာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ နာ ပဗ္ဗာဇေတဗ္ဗော**။

ဟူ၍ ဝိမတိဝိနောဒနီဋီကာ (၂။၁၀၇)၌ ဖွင့်သည်ကို ထောက်သဖြင့်လည်းကောင်း ဦန-ဒသဝဿာဘိက္ခုသည် ဥပဇ္ဈယ်ပြု၍သာ ပဗ္ဗဇ္ဇာကို မရွက်ဆောင်သင့်၊ ဥပဇ္ဈာယ်မပြုမူ၍ ပဗ္ဗဇ္ဇာကို ရွက်ဆောင်မူကား ပဗ္ဗဇ္ဇာ သမ္မတ်တို့ဖြစ်၏-ဟူ၍ မှတ်ယူသင့်သည်။

ယင်းသို့သော် ပရိဝါပါဠိတော် (၂၄၈)၌–

> **ဒသဝဿေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပဗ္ဗာဇေတဗ္ဗံ၊ ဥပသမ္မာဒေတဗ္ဗံ၊ နိဿ-ယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော**။

ဟူ၍ လာသောကြောင့် ဦနဒသဝဿပုဂ္ဂိုလ်သည် ပဗ္ဗဇ္ဇာကို ပြုရာ၌ သမ္မတ်တို့ဖြစ်၏-ဟူသော စကားသည် ပဗ္ဗာဇေတဗ္ဗံ-ဟူသော ဝါကျနှင့် မဆန့်ကျင်ပြီလောဟူမူ ယင်းသည့် ပရိဝါပါဠိတော်၌ "ပဗ္ဗာဇေတဗ္ဗံ"ဟူသော ဝါကျသည် အောက်ဝယ် မဟာဝါပါဠိတော်၊ ဥပသမ္မာဒေတဗ္ဗ ပဋ္ဌက,သောဋ္ဌသဝါရ၌ ပြဆိုအပ်သော "အပရေဟိပိ ဘိက္ခဝေ"စသော ပါဠိနှင့် ညီသည်ရှိသော် ရှေ့,နောက်ဆန့်ကျင်ရကား ပါဠိပို့,ပါဠိလွန် ဖြစ်သည်။ ထို့ကြောင့် ပဗ္ဗဇ္ဇာ သမ္မတ်တို့ဖြစ်၏-ဟူသောစကားသည် ပရိဝါပါဠိတော်၌လာသော ပဗ္ဗာဇေတဗ္ဗံ-ဟူသော ဝါကျနှင့် မဆန့်ကျင်-ဟု မှတ်ယူသင့်သည်။

ထိုထိုအရပ်ရပ်သော ပရိဝါပါဠိတော်ပါဠိတို့၌ ပဗ္ဗာဇေတဗ္ဗံ-ဟူသော ဝါကျသည် အထင်အရှားရှိရကား ပရိဝါပါဠိတော်နှင့်ပင် ဆန့်ကျင်၏တကားဟူမူ အောက်မဟာဝါပါဠိတော် ဥပသမ္မာဒေတဗ္ဗ ပဋ္ဌက,သောဋ္ဌသဝါရ (၉၃)၌ အကျုံးဝင်သော "နာ သာမဏေရော ဥပဇ္ဈာပေတဗ္ဗော"ဟူသော ဝါကျကို "**နာ သာမဏေရော ဥပဇ္ဈာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ သာမဏေရော နာ ပဗ္ဗာဇေတဗ္ဗော**"ဟူ၍ ဝိမတိဝိနောဒနီဋီကာ (၂။၁၀၇)၌ ဖွင့်ဘိ၏သို့ "ဒသဝဿေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပဗ္ဗာဇေတဗ္ဗံ"ဟူသော ဝါကျ၏ ဗျတိရိက်အစွမ်းဖြင့် ရသင့်ရထိုက်သော "**ဦနဒသဝဿေန ဘိက္ခုနာ အဗျတ္တေန အပဋိဗလေန နာ ပဗ္ဗာဇေတဗ္ဗံ**"ဟူသော ဝါကျ၌ အကျုံးဝင်သော "နာ ပဗ္ဗာဇေတဗ္ဗံ"ပုဒ်ကိုလည်း "**ဥပဇ္ဈာယေန**

http://www.dhammadownload.com

ဟုတ္တာ နု ပဗ္ဘာဇေတွံ"ဟူ၍ ဖွင့်သင့်ရကား ဥိနဒသဝဿဘိက္ခုသည် ဥပဇ္ဈာယ်ပြု၍သာ ပဗ္ဗဇ္ဇာကို မရွက်ဆောင်သင့်။ ဥပဇ္ဈာယ်မပြုမူ၍ကား ပဗ္ဗဇ္ဇာကို ရွက်ဆောင်သင့်၏-ဟူ၍ မှတ်သင့်သည်။ ဤသို့ "ပဗ္ဘာဇေတွံ"ဟူသော ပါဠိရှိသင့်၏-ဟု အယူရှိသောပုဂ္ဂိုလ်တို့ စောဒနာ၌ ပရိဟာရ-မူရာသည်။

အချို့သော ဆရာတို့သည်–

> ဥဘတော သုဒ္ဓိယာတိ *(ဥဘတော သုဒ္ဓိယာဝ ဝဋ္ဋတိတိ)* ဇာတ္တေ မဟာထေရော ပတိတ-ဒန္တာဒိကာရဏာတာယ။ –

အစရှိသည်ဖြင့် ဝဇိရဗုဒ္ဓိဋီကာ(၄၁၂)၌ လာသောကြောင့်လည်းကောင်း၊

> ဥဘိန္နံပိ ထေရထေရီနံ 'ဣမေဟိ စီဝရေဟိ ဣမံ အစ္ဆာဒေဟီ'တိ။ –

အစရှိသဖြင့် ဝိနယဝိနိစ္ဆယဋီကာ(၂။၁၃၁)၌ လာသောကြောင့်လည်းကောင်း၊

> ဝိဇ္ဇာသိပ္ပံ အာစာရသမာစာရံ ဝါ သိက္ခိတုကာမေဟိ အာဒရေန စရိတဗ္ဗော ဥပဇ္ဈာပေတဗ္ဗောတိ အာစရိယော၊ တံ၊ ဥပဇ္ဈာယေ ဥပလက္ခဏသမန္နာဂတောယေဝ ပုဂ္ဂလော။

ဟူ၍ ၎င်းဝိနယဝိနိစ္ဆယဋီကာ(၂။၁၃၅)၌ လာသောကြောင့်လည်းကောင်း

* ထေရ, နဝ, မဇ္ဈိမ ပုဂ္ဂိုလ် ၃-ဦးတို့တွင် ထေရပုဂ္ဂိုလ်သာ သရဏဂုံ ပေးသင့်၏။

* နဝ, မဇ္ဈိမပုဂ္ဂိုလ်တို့သည် ထေရပုဂ္ဂိုလ်တို့က မစေမခိုင်းဘဲလည်းကောင်း, ထေရပုဂ္ဂိုလ်တို့ကို မရည်ဘဲလည်းကောင်း သရဏဂုံပေးမူ ဥဘတောသုဒ္ဓိပင် ဖြစ်သော်လည်း ပဗ္ဗဇ္ဇာ မပြည့်စုံ-ဟု အယူရှိကုန်၏။

ထိုသို့ ယခင်ဋီကာ ၂-ရပ်တို့၌လာသော စကားကို စွဲ၍ ပဗ္ဗဇ္ဇာ မပြည့်စုံ-ဟု ယူခြင်းသည် မသင့်သောအယူဝါဒ ဖြစ်သည်။

အဘယ်ကြောင့်နည်းဟူမူကား ယခင်ဋီကာ ၂-ရပ်တို့၌ ထေရပုဂ္ဂိုလ်ကိုသာ ပြဆိုခြင်းသည် 'ရာဇာ အာဂတော'ကဲ့သို့ ပဓာနနည်းအားဖြင့် ပြဆိုသော စကားသာဖြစ်သည်။ ပဗ္ဗဇ္ဇာ မပြည့်စုံသောကြောင့် ပြဆိုသောစကား မဟုတ်။ တစ်နည်းလည်း–

> သတိပိ မာတုဂါမဿာပိ ဒမ္မဘာဝေ ပုရိသဝဟဏံ ဥက္ကဋ္ဌပရိစ္ဆေဒဝသေနာတိ ဝဒန္တိ။

ဟူသော ပါရာဇိကဏ်အဋ္ဌကထာ(၁-အဖွင့်၊ ၂၉၀),

http://www.dhammadownload.com

ဥက္ကဋ္ဌပရိစ္ဆေဒဝသေနာတိ ဥက္ကဋ္ဌသတ္တပရိစ္ဆေဒဝသေန။ ဒေဝမနုဿာ ဧဝ ဟိ ဥက္ကဋ္ဌသတ္တာ၊ နှ တိရစ္ဆာနာဒယော။ –

ဟူသော သာရတ္ထဒီပနီဋီကာ(၁။၂၉၃)ပါဠိတို့နှင့်အညီ ထိုဋီကာ ၂-ရပ်တို့၌ ကာသာယစ္ဆာဒန, သရဏဒါနအရာဝယ် ထေရပုဂ္ဂိုလ်ကိုသာ ပြဆိုခြင်းသည် "အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ"ပါဠိတို့၌ကဲ့သို့ ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် ပြဆိုခြင်းသာ ဖြစ်သည်။ ပဋ္ဌဏ်က် မပြည့်စုံသောကြောင့် ပြဆိုသောစကား မဟုတ်-ဟူ၍ မှတ်ယူသင့်သည်။ ထို့ကြောင့်–

အထ'ဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိအာဒိနာ သရဏာနိ ဒါတဗ္ဗာနိ။ –

ဟူသော မဟာဝါအဋ္ဌကထာပါဠိ(၀ိ၊၆၊၃။၂၅၀)၌ အကျုံးဝင်သော အာစရိယ၏အရကိုလည်း ဥပဇ္ဈာယ်ဆရာမှတပါး ပဋ္ဌဏ်က်ကို ရွက်ဆောင်သော ပကတတ်ဖြစ်သော ထေရ, နဝ, မဇ္ဈိမပုဂ္ဂိုလ် အလုံးစုံကိုပင် ယူသင့်သည်။ ယင်းသို့ ယူမှသာ "**သာမဏေရော ပန သာမဏေရီ ဝါ အာဏတ္တိယာ ကာသာယာနိ ဒါတုံ လဘတိ**"ဟူသော မဟာဝါအဋ္ဌကထာ(၀ိ၊၆၊၃။၂၄၈)နှင့် ညီမည်။ အကယ်၍ ထိုဋီကာ ၂-ရပ်တို့၌ လာသည့်အတိုင်းပင် ထေရပုဂ္ဂိုလ်ကိုသာ ယူသည်ဖြစ်အံ့။

သစေပိ အညံ ဒဟရံ ဝါ သာမဏေရံ ဝါ ဥပါသကံ ဝါ အာဏာပေတိ "အာဝုသော ဧတောနိ ကာသာယာနိ ဂဟေတ္ဝာ ဧတံ အစ္ဆာဒေဟီ"တိ။ –

ဟူသော မဟာဝါအဋ္ဌကထာပါဠိ(၀ိ၊၆၊၃။၂၅၀)၌လည်း ဒဟရဘိက္ခု, သာမဏေယောက်ျား, ဥပါသက၊ ဤ ၃-ဦးသောပုဂ္ဂိုလ်တို့ကိုသာ ကာသာယစ္ဆာဒနအရာ၌ ပြဆိုရကား ထို ၃-ဦးသောသူတို့မှတပါး သာမဏေမိန်းမ, သိက္ခာမာန်, ဘိက္ခုနီ, ဥပါသိကီ, အနုပါသက, အနုပါသိကီတို့ကို စေခိုင်းသဖြင့် ကာသာယစ္ဆာဒနကို ပြုစေ၍ ပဋ္ဌဏ်က်ကို ရွက်ဆောင်မူ မအပ်-ဟူသော အနက်ရောက်ခဲ့ရာ၏။

ယခင် ဆိုအပ်ခဲ့ပြီးသော သာမဏေမိန်း-စသည်တို့ကို စေခိုင်းသဖြင့် ပဋ္ဌဏ်က်ကို ရွက်ဆောင်ရာ၌ ပဋ္ဌဏ်က် မပြည့်စုံသည် မဟုတ်၊ ပြည့်စုံရကား ထို"**သစေပိ အညံ ဒဟရံ ဝါ**" စသောပါဠို၌ ဒဟရဘိက္ခု-စသော ၃-ဦးသော ပုဂ္ဂိုလ်တို့ကိုသာ အညံ-၏အရ မယူမူ၍ သာမဏေမိန်း-စသည်တို့ကိုလည်း အညံ-၏အရ ယူသင့်သကဲ့သို့ ထို့အတူ ထေရပုဂ္ဂိုလ်ကိုသာ မယူမူ၍ နဝ, မဇ္ဈိမပုဂ္ဂိုလ်ကိုလည်း ယူသင့်ရကား ထိုနဝ, မဇ္ဈိမပုဂ္ဂိုလ် ၂-ဦးသည်လည်း ကာသာယစ္ဆာဒန, သရဏဒါန ၂-ပါးအပ်၏-ဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com

ထို့ကြောင့် ဝိမတိဋီကာ(၂။၉၄)၌–

> (သယံ) ပဗ္ဘာဇေတဗ္ဗောတိ ဧတ္ထ 'ကေသမဿုံ ဩဟာရေတွာ'တိအာဒိဝစနတော ကေသစ္ဆေဒန ကာသာယစ္ဆာဒန သရဏဒါနာနိ ပဗ္ဗဇ္ဇာ နာမ။ တေသု ပစ္ဆိမဒ္ဒယံ ဘိက္ခူဟိ ဧဝ ကာတဗ္ဗံ။ ကာရေတဗ္ဗံ ဝါ။

ဟု မိန့်၏။

> **ယံ ပန နိဝါသနံ ဝါ ပါရုပနံ ဝါ အနာဏတ္တိယာ နိဝါသေတိ ဝါ ပါရုပတိ ဝါ၊ တံ အပနေတွာ ပုန ဒါတဗ္ဗံ။** –

ဟူသော ၎င်းအဋ္ဌကထာပါဠိ(ဝိနည်းမဟာဝ။၂၄၊၂၅၀)နှင့်အညီ ဤ"သစေပိ အညံ ဒဟရံ ဝါ"စသော မဟာဝါအဋ္ဌကထာ(ဝိ၄၊၃။၂၅၀)ပါဠိ၌ ဒဟရံ ဝါ-ဟူ၍ ပဉ္စင်းငယ်ကိုလည်း ကာသာယစ္ဆာဒနအရာ၌ ပြဆိုသောကြောင့် ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ဆရာ မစေမခိုင်းဘဲ သင်္ကန်းကို ဝတ်စေ၍ ပဗ္ဗဇ္ဇာကံရွက်ဆောင်မူ ဝိပတ္တိဖြစ်ရာသည် မဟုတ်လောဟူမူ–

အောက်ဝယ် "**သာမဏေရော ပန**"စသော (ဝိ၄၊၃။၂၄၈)ဝါကျ၌လည်းကောင်း၊

> **သာမဏေရောပိ ဝါ ဒါတုံ၊ သာမဏေရီပိ ဝါ တထာ။**
> **အာဏတ္တိယာ ဥဘိန္နမ္ပိ၊ ကာသာယာနိ လာဘန္တိ တေ။** ။ –

ဟူသော ဝိနယဝိနိစ္ဆယအဋ္ဌကထာပါဠိ(၂၃၆)၌လည်းကောင်း၊

> ဥဘိန်္နပိ ထေရထေရိနံ "ဣမေဟိ စီဝရေဟိ ဣမံ အစ္ဆာဒေဟိ"တိ **အာဏတ္တိယာ** သာမဏေရောပိ ဝါ ဟောတု *(တထာ သာမဏေရီ ဝါ ဟောတု၊)* တေ ဥဘော သာမဏေရသာမဏေရီ ကာသာယာနိ ဒါတုံ လဘတိတိ ယောဇနာ။ –

ဟူသော ၎င်းဋီကာပါဠိ(ဝိနယဝိနိစ္ဆယဋီကာ၊ ၂။၁၃၁)၌လည်းကောင်း–

ဒဟရဘိက္ခုကို လွှတ်၍ သာမဏေယောက်ျား, သာမဏေမိန်းမတို့ကိုသာ ကာသာယစ္ဆာဒနအရာ၌ ပြဆိုရကား ဤ"သစေပိ"(ဝိ၄၊၃။၂၅၀)စသောပါဠိ၌လည်း ဒဟရဘိက္ခုကို ကြွင်းချန်၍ ဒဟရဘိက္ခုမှတပါး သာမဏေယောက်ျား-စသောသူတို့သည် ဥပဇ္ဈာယ်ဆရာ မစေမခိုင်းဘဲ ကာသာယစ္ဆာဒနကို ပြု၍ ပဗ္ဗဇ္ဇာကံကို ရွက်ဆောင်မူ ဝိပတ္တိဖြစ်၏။ ဒဟရဘိက္ခုသည် ဥပဇ္ဈာယ်ဆရာ မစေမခိုင်းဘဲ ကာသာယစ္ဆာဒနကို ပြု၍ ပဗ္ဗဇ္ဇာကံကို ရွက်ဆောင်မူကား ပဗ္ဗဇ္ဇာကံ သမ္မတ္တိဖြစ်၏-ဟူ၍ မှတ်ယူသင့်သည်။

တစ်နည်းလည်း "ဒဟရံ ဝါ သာမဏေရံ ဝါ"စသော ဝါကျဖြင့် ပြဆိုအပ်သော ဒဟရဘိက္ခု, သာမဏေ, ဥပါသက ၃-ဦးတို့တွင် ဒဟရဘိက္ခုသည် "ပုရိသံ ဟိ ဘိက္ခုတော

http://www.dhammadownload.com

အညော”(ဝိ၊၄၊၃။၂၄၈)စသော ဝါကျဝယ် ဘိက္ခုတော-ပုဒ်၌ အကျုံးဝင်ရကား အဂဟိ-တဂ္ဂဟဏနည်းဖြင့် ဒဟရဘိက္ခုကို မယူမူ၍ မယူအပ်သေးသော သာမဏေ, ဥပါသက တို့ကိုသာ ယူသဖြင့် ထို ၂-ဦးသောသူတို့သည် ဥပဇ္ဈာယ်ဆရာ မစေမခိုင်းဘဲ သင်္ကန်းကို ဝတ်စေရာ၌ သင်္ကန်းကို ပယ်၍ တဖန်သင်္ကန်းကို ပေးအပ်၏။ ဒဟရဘိက္ခုမူကား မိမိအလို အလျောက်ပင် ကာသာယစ္ဆာဒနကို ပြု၍ သရဏဂုံ ပေးသင့်၏-ဟု မှတ်ယူသင့်သည်။

တစ်နည်းလည်း ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ဆရာ အာဏာတို့ကမပြုဘဲ ကာသာ-ယစ္ဆာဒန မပြုသင့်-ဟု ယူခဲ့သော် ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ဆရာကို ရည်၍ ပတ္တဇ္ဇုံကို ပြုရာ၌ ဥပဇ္ဈာယ်ဆရာ အာဏာတို့က-မပြုရကား ပတ္တဇ္ဇုံ သမ္မတ္တိ မဖြစ်-ဟု အတ္ထာပတ္တိ ဖြစ်ခဲ့ရာ၏။

အဋ္ဌကထာ(ဝိ၊၄၊၃။၂၄၈)ဝယ်–

အဝုတ္ထောပိ စေ ဒဟရဘိက္ခု ဥပဇ္ဈာယံ ဥဒ္ဒိဿ ပတ္တာဇေတိ၊ ဝဋ္ဋတိ။ –

ဟူ၍လည်းကောင်း၊

ဝိနယဝိနိစ္ဆယ(၂၃၆)၌လည်း–

ဥပဇ္ဈာယံ ပနု'ဒ္ဒိဿ(ဥပဇ္ဈာယမထု'ဒ္ဒိဿ)၊ အဝုတ္ထော ဒဟရော ပန။
ပတ္တာဇေတိ သစေ တံ သော၊ သယမေဝါတိ(သယမေဝါဓိ) ဝဋ္ဋတိ။ –

ဟူ၍လည်းကောင်း တိုက်ရိုက်ပင် ဥပဇ္ဈာယ်ဆရာကို ရည်၍ ပတ္တဇ္ဇုံ ရွက်ဆောင်သင့်၏-ဟု လာရကား ဤ “**သစေပိ အညံ ဒဟရံ ဝါ**”စသော (ဝိ၊၄၊၃။၂၅၀)ဝါကျ၌–

- ပဉ္စင်းငယ်ကို ထား၍ ကြွင်းသော သာမဏေ-စသောသူတို့သည် ဥပဇ္ဈာယ်ဆရာ မစေမခိုင်းဘဲ မိမိတို့အလိုအလျောက် ဝတ်စေရာ၌လည်းကောင်း၊
- ထိုပတ္တဇ္ဇုံအဖြစ်ကို ငဲ့သောသူသည် ဥပဇ္ဈာယ်ဆရာ မစေမခိုင်းဘဲ မိမိအလိုအလျောက် ဝတ်ရုံရာ၌လည်းကောင်း–

“တံ အပနေတွာ ပုန ဒါတဗ္ဗံ”ဟူသော ဝိနည်းမဟာဝါအဋ္ဌကထာပါဠိ(၂၅၀)နှင့်အညီ ထိုသင်္ကန်းကိုပင် ပယ်၍ တဖန် သင်္ကန်းကို ပေးအပ်၏။ ဒဟရဘိက္ခုမူကား မိမိအလို အလျောက်ပင် ကာသာယစ္ဆာဒနကို ပြု၍ သရဏဂုံ ပေးသင့်၏-ဟု အဋ္ဌကထာဝယ် ရှေ့စကား, နောက်စကား ၂-ရပ်ကို ပညာစက္ခုဖြင့် ညှိနှိုင်းနှိုးနှောဆင်ခြင်သဖြင့် မှတ်ယူသင့်သည်။

http://www.dhammadownload.com

ထို့ကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ(၂၄၈)၌–

> **ပုရိသံ ဟိ ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတိ၊ မာတုဂါမံ ဘိက္ခုနိတော အညော။**

ဟူ၍ မိန့်အပ်၏။

ဤအဋ္ဌကထာပါဠိ၌ "ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတိ"ဟူသော စကားကို သရဏဂုံပေးခြင်းကို ရည်၍ ဆိုအပ်၏။ ထိုသို့ သရဏဂုံပေးခြင်းကို ရည်၍ ဆိုအပ်သည်၏အဖြစ်ကြောင့် "သာမဏေရော ပန"(ဝိ၊ဋ္ဌ၊၃။၂၄၈)အစရှိသော ဝါကျကို အဋ္ဌကထာဆရာ ဆိုတော်မူ၏။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ(၃။၂၀၁)၌–

> **ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတိတိ သရဏဒါနံ သန္ဓာယ ဝုတ္တံ။ တေနာ'ဟ "သာမဏေရော ပနာ"တိ အာဒိ။ –**

ဟူ၍ မိန့်အပ်ပြီ။

ဝိမတိဝိနောဒနီဋီကာ(၂။၉၄)၌လည်း–

> **ပဗ္ဗာဇေတုံ န လဘတိတိ သရဏဒါနံ သန္ဓာယ ဝုတ္တံ။ –**

ဟူ၍ မိန့်အပ်ပြီ။

ဤသို့ သာရတ္ထဒီပနီ၌ "**တေနာ'ဟ သာမဏေရော ပနာတိအာဒိ**"ဟူ၍ "**သာမဏေရော ပန**"အစရှိသော ဝါကျကို သာဓကမူရကား "**ဘိက္ခုတော အညော**"စသော ဝါကျ၌ ဘိက္ခု၏အရကို "သာမဏေရော ပန"စသော ဝါကျကို ထောက်သဖြင့် ပကတတ်ဖြစ်သော ထေရ, နဝ, မဇ္ဈိမ ရဟန်းအလုံးစုံကိုပင် ယူသင့်သည်။

ထို့ကြောင့် **ပကတတ်ဖြစ်သော ထေရ,နဝ,မဇ္ဈိမ ရဟန်းအလုံးစုံပင် သရဏဂုံပေး၍ သာမဏေပြုရာ၌ ပဗ္ဗဇ္ဇက် သမ္ဗတ္တိဖြစ်၏**-ဟု မှတ်ယူသင့်သည် ဝန်ရှင်တော်မင်းကြီး။

* * * * * *

http://www.dhammadownload.com

[၃] ရှင်ဉာဏိန္ဒလျှောက် တတိယဝိနိစ္ဆယ

ပုဒ္ဓသာသနံ သီယံ ဝမှုတု။

"ဘုရားတပည့်တော် ရှင်ဉာဏိန္ဒ လျှောက်ပါသည် ဆရာတော်ဘုရား။ 'စေတနာပက္ခိကာ ဝါ ဘဝန္တိ အဗ္ဗောဟာရိကာ ဝါ'-ဟူသော ပါဠိဌ်–

★ အချို့သောဆရာတို့ သန္နိဋ္ဌာပကစေတနာ၏ ပုဗ္ဗဘာဂဌ်ဖြစ်ကုန်သော အဘိဏှာစသော တရားတို့ကိုလည်း ပါဏာဟနန-စသော ကာယက်မြောက်သည်ရှိသော် စေတနာပက္ခိက အဗ္ဗောဟာရိက ယူသင့်၏-ဟူ၍ အယူရှိကုန်သည်။

★ အချို့သောဆရာတို့လည်း ဇဝိတိန္ဒြေကို ဖြတ်တတ်သော သန္နိဋ္ဌာပကစေတနာနှင့် တကွဖြစ်သော အဘိဏှာ-စသော တရားတို့ကိုသာ စေတနာပက္ခိက အဗ္ဗောဟာရိက ယူသင့်၏။ သန္နိဋ္ဌာပကစေတနာ၏ ရှေးအဖို့ဌ် ဖြစ်ကုန်သော အဘိဏှာစသည်တို့ကို စေတနာပက္ခိက အဗ္ဗောဟာရိက မယူသင့်-ဟူ၍ အယူရှိကုန်သည်။

ထိုအယူဝါဒ ၂-ပါးတို့တွင် အဘယ်အယူဝါဒ သင့်,မသင့်ကို ကျမ်းဂန်အကိုးအထောက်အထားနှင့် ရေးပေးသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်တောင်းပန်ရာ၌ သုတေသနပုဂ္ဂိုလ်တို့ မှတ်သားရန် ကျမ်းဂန်အထောက်အထားနှင့် ရေးသားလိုက်အံ့။

သဟတ္ထာ ဟိ ပါဏံ ဟနန္တသ အဒိန္နံ အာဒိယန္တသ မိစ္ဆာစာရံ စရန္တသ (ကမ္မံ) ကာယကမ္မမေဝ ဟောတိ၊ ဒွါရံပိ ကာယဒွါရမေဝ ဟောတိ။ ဧဝံ တာဝ အကုသလံ ကာယကမ္မံ၊ ကာယဒွါရေ သမုဋ္ဌာတိ။ တေဟိ ပန စိတ္တေဟိ သဟဇာတာ အဘိဏှာဗျာပါဒမိစ္ဆာဒိဋ္ဌိယော စေတနာပက္ခိကာ ဝါ ဘဝန္တိ။ အဗ္ဗောဟာရိကာ ဝါ။

ဟူသော အဋ္ဌသာလိနီအဋ္ဌကထာ(၁၃၃),

အထ ကထံ တေဟိ ပါဏာဟနနစိတ္တာဒီဟိ သဟဇာတာ အဘိဏှာဗျာပါဒမိစ္ဆာဒိဋ္ဌိယော စေတနာပက္ခိကာ ဘဝန္တိ။

ဟူသော ဂုဠ္ဍတ္ထဒီပနီ,

http://www.dhammadownload.com

ပါဏာဟနနအဒိန္နာဒါနမိစ္ဆာစာရဝသေန ပဝတ္တေတိ စိတ္တေတိ သဟဇာတတ္တာ ကာယ-
ကမ္မဝေါဟာရလာဘာ။

ဟူသော ၎င်းဒီပနီ,

တထာပိ တေ ပါဏာဟနနအဒိန္နာဒါနမိစ္ဆာစာရဝသေန ပဝတ္တာယ ကာယဒ္ဒါရိက
စေတနာယ သဟကာရီကာရဏဘာဝတော ကာယကမ္မဝေါဟာရလာဘာ ဟုတ္တာ
စေတနာပက္ခိကာ ဘဝန္တိ။

ဟူသော ၎င်းဒီပနီ,

တထာပိ တေဟိ စိတ္တေဟိ သဟဇာတာနံ အဘိဏှာဒီနံ 'အဟော ဝတ ယံ ပရဿ
တံ မမဿာ'တိ ပရသန္တကဿ အတ္တပရိဏာမနဝသေန စ ဣမေ သတ္တာ ဟညန္တု ဝါ
ဗဇ္ဈန္တု ဝါ ဥစ္ဆိဇ္ဇန္တု ဝါ မာ ဝါ အဟေသုန္တိ ဝါတိအာဒိဝသေန စ အပဝတ္တတ္တာ မနောကမ္မ-
ဝေါဟာရဝိရဟာ ဟုတ္တာ အဇ္ဈောဟာရိကာ ဝါ ဘဝန္တိ။

ဟူသော ၎င်းဒီပနီ,

တတ္ထ ပရသန္တကဿ အတ္ထနော ပရိဏာမနဝသေန ပဝတ္တာ အဘိဏှာ ဇဝ စ၊
ဣမေ သတ္တာ ဟညန္တုတိအာဒိဝသေန ပဝတ္တော ဗျာပါဒေါ ဇဝ စ၊ နတ္ထိ ဒိန္နံ နတ္ထိ
ယိဋ္ဌန္တိအာဒိဝသေန ပဝတ္တာ မိစ္ဆာဒိဋ္ဌိ ဇဝ မနောကမ္မံ နာမ ဟောတိ။ နံ ပါဏာဟနန-
အဒိန္နာဒါနမိစ္ဆာစာရဝသေန ပဝတ္တအဘိဏှာဒယော။

ဟူသော ၎င်းဒီပနီ,

စေတနာ ပနေ'တ္ထ အဇ္ဈောဟာရိကာတိ ဇတ္ထ အဘိဏှာဒီဟိ သဟဂတာ စေတနာ
ကာယဒ္ဒါရေ စ ဝစီဒ္ဒါရေ စ သမုဋ္ဌာတာပိ ကာယကမ္မန္တိ ဝစီကမ္မန္တိ စ ဝေါဟာရံ န
လဘတိ။

ဟူသော ၎င်းဒီပနီ,

ယထာ ပါဏာတိပါတာဒိသိဒ္ဓိယာ စေတနာယ ပဌာနဘာဝေ သတိ အဘိဏှာဒယော
စေတနာပက္ခိကာ ဘဝန္တိတိ ဝုတ္တံ။

ဟူသော ၎င်းဒီပနီ,

အဘိဏှာဒိပဓာနတ္ထာတိ ဇတေန ဝိဇ္ဇမာနေသုပိ ဗျာပါဒါဒီသု ယဒါ ကာယ-
ဝစီဒ္ဒါရေသု စေတနာ ဗလဝတီ ဟောတိ၊ နံ တထာ ဣတရေ၊ တဒါ ပဓာနဘာဝ-
တော စေတနာ ကာယကမ္မံ ဝစီကမ္မန္တိ စ ဝေါဟာရံ လဘတိ။ သော ခေါ ပနသာ

http://www.dhammadownload.com

ပဓာနဘာဝေါ ပါဏာတိပါတာဒိသိဒ္ဓိယာ ဝိညာယတိ။ ယဒါ ပန တေသုယေဝ ဒွါရေသု အဘိဇ္ဈာဒယော ဗလဝန္တော ဟောန္တိ၊ နော ဟဏာ စေတနာ၊ တဒါ တတ္ထ ဝိဇ္ဇမာနာပိ စေတနာ အပဓာနဘာဝတော ကာယကမ္မံ ဝစီကမ္မန္တိ စ ဝေါဟာရံ နော လဘတိ၊ အဘိဇ္ဈာဒယော ပန ပဓာနဘာဝတော သတိပိ ကာယဂ်ဝါစဂ်စောပနေ သကေန ဝဝတ္ထာနေန မနောကမ္မံတွေဝ ဝုစ္စန္တိတိ ဒဿေတိ။ (အနုဋီကာ၊၁။၈၅-၆)

ဤဆိုအပ်ပြီးသော အဋ္ဌကထာ, ဋီကာ, ဒီပနီပါဠိတို့၌ "ဇဝိတိန္ဒြေကို ဖြတ်တတ်သော သန္နိဋ္ဌာပကစေတနာနှင့်တကွဖြစ်သော အဘိဇ္ဈာ-စသည်တို့ကိုသာ "စေတနာပကွိက အဇ္ဈောဟာရိက"ဟု ပြဆိုသောကြောင့်လည်းကောင်း၊ "ပါဏာတိပါတ-အစရှိသည်တို့၏ ပြီးသဖြင့် စေတနာပြဋ္ဌာန်းသည်ရှိသော် အဘိဇ္ဈာ-စသည်တို့သည် စေတနာပကွိက အဇ္ဈော-ဟာရိက ဖြစ်ကုန်၏"ဟု ပြဆိုသောကြောင့်လည်းကောင်း သန္နိဋ္ဌာပကစေတနာနှင့် တကွဖြစ်သော အဘိဇ္ဈာ-စသည်တို့ကိုသာ–

> **စေတနာပကွိကာ ဝါ ဘဝန္တိ ကာယကမ္မဝေါဟာရလာဘာ။ အဇ္ဈောဟာရိကာ ဝါ** မနောကမ္မဝေါဟာရဝိရဟာ။ သသမ္ဘာရဗထဝီအာဒီသု အာပါဒယော ဇတ္ထု နိဒဿနံ။

ဟူသော မူလဋီကာ(၁။၇၈),

> ကာယဒွါရိကစေတနာယ သဟကာရိကာရဏာဘာဝတော **ကာယကမ္မဝေါဟာ-**ရလာဘာ။ အဘိဇ္ဈာဒီနံ ပရသန္တကဿ အတ္တနော ပရိဏာမနဝသေန "ဣမေ သတ္တာ ဟညန္တု"တိအာဒိနာ စ အပ္ပဝတ္တတ္တာ **မနောကမ္မဝေါဟာရဝိရဟာ**။ အစေ-တနာသဘာဝတော ဝါ ပါဏာတိပါတာဒိဝသေန အဇ္ဈောဟာရိကာ၊ ပါဏာတိ-ပါတာဒိဘာဝေန နော ဝတ္တဗ္ဗာတိ အတ္ထော။ ဇတ္ထာတိ အဇ္ဈောဟာရိကဘာဝေ။

ဟူသော အနုဋီကာ(၁။၈၅),

> **စေတနာပကွိကာ ဝါတိ** စေတနာ ဝိယ ကာယဝစီကမ္မံ (ကာယဝစီကမ္မာဒိ) နာမ ဟောန္တိ၊ နော မနောကမ္မံ နာမ၊ တဿာယေဝ ပဓာနတ္တာ၊ တေသံ ပန အပဓာနတ္တာတိ အဓိပ္ပါယော။

ဟူသော မဏိသာရမဉ္ဇူသာပါဠိ(၂။၄၅)တို့နှင့်အညီ ကာယကံ-ဟူသော ဝေါဟာရကို ရခြင်း ကြောင့်လည်းကောင်း, မနောကံ-ဟူသော ဝေါဟာရမှ ကင်းခြင်းကြောင့်လည်းကောင်း စေတနာပကွိက အဇ္ဈောဟာရိက-ဟု မှတ်ယူသင့်သည်။ သန္နိဋ္ဌာပကစေတနာ၏ ပုဗ္ဗဘာဂ၌ ဖြစ်ကုန်သော အဘိဇ္ဈာ-စသည်တို့ကိုကား စေတနာပကွိက အဇ္ဈောဟာရိက-ဟု မမှတ်ယူသင့်, မမှတ်ယူအပ်။

http://www.dhammadownload.com

ထိုသို့ သန္နိဋ္ဌာပကစေတနာ၏ ရှေးအဖို့၌ဖြစ်သော အဘိဇ္ဈာ-စသော တရားတို့ကိုမူကား-

> ဒုဋ္ဌစိတ္တသ အမရဏာဓိပ္ပါယသ ဖရုသကာယဝစီပယောဂသမုဋ္ဌာပိကာ ဖရုသ-စေတနာ ဖရုသဝါစာ။ မရဏာဓိပ္ပါယေ ပန သတိ အတ္ထသိဒ္ဓိတဒဘာဝေသု ပါဏာ-တိပါတာ ဗျာပါဒါ စ ဟောန္တိ။ –

ဟူသော အနုဋီကာ(၁။၈၉)၊

> **ကာယဝစီကမ္မစိတ္တေဟိ အသမ္ဘယတ္ထာ အဘိဇ္ဈာဒယော မနောကမ္မံ နာမ ဟောန္တိ။**

ဟူသော မဏိသာရမဉ္ဇူသာပါဠိ(၂။၄၅)တို့နှင့်အညီ "အဟော ဝတ ယံ ပရဿ တံ မမဿ" စသည်တို့၏အစွမ်းဖြင့် မနောဒွါရ၌သာဖြစ်မူ မနောဒွါရမနောက်, ကာယဒွါရ၌သာဖြစ်မူ ကာယဒွါရမနောက်, ဝစီဒွါရ၌ဖြစ်မူ ဝစီဒွါရမနောက်-ဟု ဖြစ်ထိုက်သည်အားလျော်စွာ ဒွါရ, ကံ ၂-ရပ်တို့ကို မှတ်ယူသင့်သည်။ "အဟော ဝတ ယံ ပရဿ တံ မမဿ"စသည်တို့၏ အစွမ်းဖြင့် မဖြစ်မူ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ အားလျော်စွာ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်-ဟု မှတ်ယူသင့်သည် တပည့်ရှင်ဉာဏိန္ဒ။

----- × -----

[၄]　ရှင်သီလာစာရလျှောက် စတုတ္ထဝိနိစ္ဆယ

"ဘုရားတပည့်တော် ရှင်သီလာစာရ လျှောက်ပါသည် ဆရာတော်ဘုရား။ အချို့သော ဆရာတို့သည်-

> ★ **ဣတ္ထိယောပိ ပန အရိယာ ဝါ အနရိယာ ဝါ အဋ္ဌသမာပတ္တိလာဘိနိယော ဗြဟ္မပါရိ-သဇ္ဇေသုယေဝ နိဗ္ဗတ္တန္တိ။** –

ဟူသော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၁၈၆),

> ★ **ဗြဟ္မပါရိသဇ္ဇေသုယေဝ န ဗြဟ္မပုရောဟိတာဒီသု ဣတ္ထိလိင်္ဃ ဟိနတ္ထာ။** –

ဟူသော ဌင်းဋီကာအဖွင့် မဏိသာရမဉ္ဇူသာ(၂။၈၃)၊

ဤကျမ်း ၂-ရပ်တို့၌လာသော စကားကိုသာ ဒဋ္ဌကမ္မပြု၍ "အရိယာမူလည်းဖြစ်စေ, အနရိယာမူလည်းဖြစ်စေ သမာပတ် ၈-ပါးကို ရသော မိန်းမတို့သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်ကုန်၏။ ဗြဟ္မပရောဟိတ-စသည်တို့၌ မဖြစ်ကုန်"ဟု အယူရှိကုန်သည်။ ထိုအယူသည်

http://www.dhammadownload.com

သင့်မည်, မသင့်မည်ကို သိလိုပါသည်။ သင်္ဂီယနာဝင်ကျမ်းကြီးတို့၌ မည်သို့ လာရှိသည်-ဟု ရေးပေးသနားစေချင်ပါသည် အရှင်ဘုရား"။

လျှောက်တောင်းပန်ရာ၌ သုတေသနပုဂ္ဂိုလ်တို့ မှတ်သားရန် ရေးသားပေအံ့။

အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကို စီရင်တော်မူသော အရှင်သုမင်္ဂလသာမိဆရာသည်–

> **ဣတ္ထိ စ ဣဓ ဈာနံ ဘာဝေတွာ ကာလံ ကတွာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပ္ပဇ္ဇတိ။ န မဟာဗြဟ္မာနံ။**

ဟူသော သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ(၄၁၉), အင်္ဂုတ္တိရ်၊ ဇကနိပါတ် အဋ္ဌကထာ(အံ၊ဋ္ဌ၊၁။၃၆၃), နပရိကပ္ပသုတ်အဋ္ဌကထာတို့ကို မှီး၍–

> **ဣတ္ထိယောပိ ပန အရိယာ ဝါ အနရိယာ ဝါ အဋ္ဌသမာပတ္တိလာဘိနိယော ဗြဟ္မပါရိသဇ္ဇေသုယေဝ နိဗ္ဗတ္တန္တိ။**

ဟူသော (ဋီကာကျော်။၁၈၆)ပါဠိကို စီကုံးတော်မူသည်။

ဌင်းဋီကာ၏အဖွင့်ဖြစ်သော မဏိသာရမဉ္ဇူသာကျမ်း(၂။၈၃)ကို စီရင်တော်မူသော ရှင်အရိယဝံသဆရာသည် ယခင် ဝိဘင်းအဋ္ဌကထာ, အင်္ဂုတ္တိရ်အဋ္ဌကထာတို့ကိုပင် မှီး၍ "**ဗြဟ္မပါရိသဇ္ဇေသုယေဝ နံ ဗြဟ္မပုရောဟိတာဒီသု ဣတ္ထိလိင်္ဂံသ ဟီနတ္တာ**"ဟူ၍ ဟိတ်ပါဠိနှင့်တကွပင် ဖွင့်ဆိုတော်မူသည်။

ထိုသို့ ဋီကာ ၂-ရပ်တို့၌ ဖွင့်ဆိုကုန်သော်လည်း–

> **"အဋ္ဌန'မေတံ အနဝကာသော ယံ ဣတ္ထိ သတ္ထတ္ထံ ကရေယျ၊ မာရတ္ထံ ကရေယျ၊ ဗြဟ္မတ္ထံ ကရေယျ၊ နေတံ ဌာနံ ဝိဇ္ဇတီ"တိ ပဇာနာတိ။**

ဟူသော ဝိဘင်းပါဠို(၃၄၉)၌လည်းကောင်း, "**ဣတ္ထိ စ ဣဓ ဈာနံ ဘာဝေတွာ**"စသော ဝိဘင်းအဋ္ဌကထာ(၄၁၉)ပါဠို၌လည်းကောင်း၊ "**အရိယာ ဝါ နံ အရိယာ ဝါ**"ဟု ဝိသေသန-မမူ၍ ဣတ္ထိ-ဟူ၍ သာမညသာ ဟောတော်မူသောကြောင့်လည်းကောင်း၊

> **နန္ဒာ နာမ ဘန္တေ ဘိက္ခုနီ နာတိကေ ကာလင်္ကတာ၊ တဿာ ကာ ဂတိ ကော အဘိသမ္ပရာယောတိ။ နန္ဒာ နာမ အာနန္ဒ ဘိက္ခုနီ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကာ တတ္ထ ပရိနိဗ္ဗာယိနီ အနာဝတ္တိဓမ္မာ တသ္မာ လောကာ။**

ဟူသော ဒီဃနိကာယ်၊ မဟာဝဂ္ဂပရိနိဗ္ဗာနသုတ်ပါဠိတော်(၇၈),

http://www.dhammadownload.com

ဣဓ ဘန္တေ ရညော ဥတေနဿ ဥယျာနဂတဿ အန္တေပုရံ ဒဍ္ဎံ၊ ပဋ္ဌ စ ဣတ္ထိသတာနိ ကာလင်္ဂတာနိ ဟောန္တိ သာမာဝတိ ပမုခါနိ။ တာသံ ဘန္တေ ဥပါသိကာနံ ကာ ဂတိ၊ ကော အဘိသမ္ပရာယောတိ။ သန္တေ'တ္ထ ဘိက္ခဝေ ဥပါသိကာယော သောတာပန္နာ၊ သန္တိ သကဒါဂါမိနိယော၊ သန္တိ အနာဂါမိနိယော၊ သဗ္ဗာ တာ ဘိက္ခဝေ ဥပါသိကာယော အနိပ္ဖလာ ကာလင်္ဂတာ။ –

ဟူသော ဥဒါန်းပါဠိတော်(၁၇၆),

တာ သတ္ထု သန္တိကေ ဓမ္မံ သုတွာ အဓိဂတဖလာယ ဝိညာတသာသနာယ ခုဇ္ဇုတ္တရာယ အရိယသာဝိကာယ သေက္ခပဋိသမ္ဘိဒါပတ္တာယ သတ္ထာရာ ဒေသိတနိယာမေနေဝ ဓမ္မံ ဒေသေန္တိယာ သန္တိကေ သောတာပတ္တိဖလဿ အဓိဂတာ အန္တရန္တရာ ကမ္မဋ္ဌာနမနသိကာရေန ယုတ္တပယုတ္တာ ဂေဟေ စျာယန္တေ ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာနံ မနသိ ကရောန္တိယော ကာစိ ဒုတိယဖလံ ကာစိ တတိယဖလံ ပါပုဏိတွာ ကာလ'မကံသု။

ဟူသော ၎င်းဥဒါန်းအဋ္ဌကထာ(၃၄၈),

ယသ္မာ ပန တာ ဣမသ္မိံ အတ္ထဘာဝေ အရိယဖလာနိ သစ္ဆာကံသု၊ ရတနတ္တယံ ပယိရုပါသိံသု၊ တသ္မာ တတ္ထ အနာဂါမိနိယော သုဒ္ဓါဝါသေသု ဥပပန္နာ၊ ဣတရာ ကာစိ တာဝတိံသေသု ။ပ။ ကာစိ ပရနိမ္မိတဝသဝတ္တိသု ဥပပန္နာ။

ဟူသော ၎င်းဥဒါန်းအဋ္ဌကထာ(၃၄၉)၊

ဤသို့ ဆိုအပ်ခဲ့ပြီးသော ပါဠိ, အဋ္ဌကထာတို့၌ အနာဂါမ်မိန်းမတို့သည် သုဒ္ဓါဝါသဘုံတို့၌သာ ဖြစ်ကုန်၏-ဟူ၍ လာသည်ကို ထောက်သဖြင့်လည်းကောင်း၊

အဋ္ဌသမာပတ္တိလာဘီနံ ပန ကိံ နိယမေတိ? ပဂုဏဇ္ဈာနံ။ ယဒေဝဿ ပဂုဏံ ဟောတိ၊ တေန ဥပ္ပဇ္ဇတိ။ သဗ္ဗေသု ပန ပဂုဏေသု ကိံ နိယမေတိ? ပတ္ထနာ။ ယတ္ထ ဥပပတ္တိံ ပတ္ထေတိ၊ တတ္ထေဝ ဥပ္ပဇ္ဇတိ(ဥပပဇ္ဇတိ)။ ပတ္ထနာယ အသတိ ကိံ နိယမေတိ? မရဏသမယေ သမာပန္နာ သမာပတ္တိ။ မရဏသမယေ သမာပန္နာ နတ္ထိ၊ ကိံ နိယမေတိ? နေဝသညာနာသညာယတနသမာပတ္တိ။ ဧကံသေန ဟိ သော နေဝသညာနာသညာယတနေ ဥပပဇ္ဇတိ။

ဟူ၍ မမွဟာဒယဝိဘင်းအဋ္ဌကထာ (သမ္မောဟဝိနောဒနီ။၅၀၅)၌ လာသည်ကို ထောက်သဖြင့်လည်းကောင်း–

http://www.dhammadownload.com

* သမာပတ် ၈-ပါးကို ရသော အရိယာမိန်းမတို့အား ကျက်ထိလိင် ယုတ်သည်၏အဖြစ်သည် ရှင်ငြားသော်လည်း မိမိတို့၏သဏ္ဌာန်၌ လောကီတရားတို့ထက် လွန်မြတ်သော လောကုတ္တရာတရား တည်ရကား သမာပတ် ၈-ပါးကို ရသော သောတာပန်, သကဒါဂါမ်မိန်းမတို့သည် ပဂုဏ္ဏာန်, နိကန္တိသေခါနိုးကာလ၌ ဝင်စားအပ်သော သမာပတ်-စသည် အားလျော်စွာ အသည်သတ်ဘုံ, သုဒ္ဓါဝါသဘုံကြဉ်သော ပြဟ္မာဘုံတို့၌ ပြဟ္မာကြီးတို့၏ အလုပ်အကျွေးပြဟ္မာငယ်သာ ဖြစ်ကုန်၏။

* အနာဂါမ်မိန်းမတို့သည်ကား ပဂုဏ္ဏာန်, နိကန္တိ သေခါနိုးကာလ၌ ဝင်စားအပ်သော သမာပတ်-စသည်အား လျော်စွာ အလုံးစုံသော ပြဟ္မာဘုံတို့၌ ပြဟ္မာကြီးတို့၏ အလုပ်အကျွေးပြဟ္မာငယ်သာ ဖြစ်ကုန်၏။

* သမာပတ် ၈-ပါးကို ရသော အနရိယာမိန်းမတို့သည်ကား ကျက်ထိလိင် ယုတ်သည်၏အဖြစ်ကြောင့်လည်းကောင်း, မိမိတို့၏သဏ္ဌာန်၌ လောကီတရားတို့ထက် လွန်မြတ်သော လောကုတ္တရာတရား မတည်သည်၏အဖြစ်ကြောင့်လည်းကောင်း သုဒ္ဓါဝါသ ၅-ဘုံကြဉ်သော အလုံးစုံသော ပြဟ္မာဘုံတို့၌ ပြဟ္မာကြီးတို့၏ အလုပ်အကျွေးပြဟ္မာငယ်သာ ဖြစ်ကုန်၏-ဟု မှတ်ယူသင့်သည်။

* ကပ္ပဝိနာသကာဠမူကား မီး-စသည် မဖျက်သော ပြဟ္မာဘုံ၌ ဖြစ်ကုန်၏-ဟု မှတ်ယူသင့်သည်။

ယင်းသို့သော် အရှင်သုမင်္ဂလသာမိဆရာ, ရှင်အရိယဝံသဆရာမြတ်တို့သည် ပိဋကတ် ၃-ပုံ၌ ပါဠိ, အဋ္ဌကထာ-စသည်တို့ကို လှုပ်ချောက်ချားနိုင်သော ပုဂ္ဂိုလ်ဖြစ်လျက် ယခင် ပရိနိဗ္ဗာနသုတ်၊ ဥဒါန်းပါဠိ,အဋ္ဌကထာတို့၌လာသည့် စကားရပ်တို့ကို မတွေ့မမြင်လေသလောဟူမူ တွေ့မြင်၏၊ မတွေ့မမြင် မရှိရာ။ ထိုသို့ပင် တွေ့မြင်သော်လည်း သတိမမူဂူမမြင်-ဟူဘိ၏သို့ သတိမေ့လျော့၍သာ ဖွင့်ဆိုဆုံးဖြတ်တော်မူသည်-ဟု မှတ်ယူသင့်သည်။

ဆရာမြတ်တို့ ဖွင့်ဆိုသောကျမ်းသည် အဘိဓမ္မာလက်သန်းအဋ္ဌကထာ၏ အဖွင့်ဖြစ်ရကား သုတ္တန်အဋ္ဌကထာ၌လာသော စကားရပ်တို့ကို ပမာဏမပြုမူ၍ အဘိဓမ္မာအဋ္ဌကထာ၌လာသော စကားရပ်ကိုသာ ပမာဏပြု၍ အဘိဓမ္မာအဋ္ဌကထာ၌လာသော စကားရပ်အတိုင်း ဖွင့်ဆိုဆုံးဖြတ်တော်မူကုန်သည်-ဟု မှတ်ယူသင့်သည် တပည့်ရှင်သီလာစာရ။

----- × -----

http://www.dhammadownload.com

[၅] ရှင်ဥပါလိလျှောက် ပဉ္စမဝိနိစ္ဆယ

ဇိနသာသနံ စိရံ တိဋ္ဌတု။

★ "ဘုရားတပည့်တော် ရှင်ဥပါလိ လျှောက်ပါသည်ဘုရား။ နေလွဲဆေးသောက်, ဆေးဝါး, ကွမ်းစားရာဝယ် အာပတ်သင့်,မသင့်ကို မှတ်သားရန် ရေးသားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့်အတိုင်း ရေးသားဆုံးဖြတ်ပေအံ့။

"ဆေးတံ, ဆေးလိပ်တို့ကို နေလွဲအခါ သောက်,ရှူရာ၌ ယင်းဆေးငွေ့အခိုးသည် ဝတ္ထုဒြပ် မရကောင်းရကား သပိတ်ဖုတ်ရာ, ဆိုးရည်-စသည် ကျိုရာ၌ အခိုးအငွေ့သည် နားပေါက်, ခံတွင်း, နှာခေါင်းထဲသို့ ဝင်ရာဝယ် အဇ္ဈောဟာရိကဖြစ်၍ အနာပတ္တိ-ဟူဘိ၏သို့ အဇ္ဈောဟာရိကဖြစ်ရကား အာပတ်မသင့်-ဟူ၍ မှတ်ရာသည်။

ထို့ကြောင့် ပါစိတ္တိဒိအဋ္ဌကထာ၊ ဒန္ဓပေါနသိက္ခာပုဒ်အဖွင့်(၁၁၉)၌-

> **ပတ္တံ ဝါ ရဇနံ ဝါ ပစန္တဿ ကဏ္ဏနာသမုခဆိဒ္ဒေဟိ ဓုမော(ဓူမော) ပဝိသတိ၊ ဗျာမိပစ္စယာ ပုပ္ပံ ဝါ ဖလံ ဝါ ဥပသိဿတိ၊ အဇ္ဈောဟာရိကတ္တာ ဝဋ္ဋတိ။ –**

ဟူ၍ မိန့်အပ်၏။

ဆိုးရည်-စသည်ကို ကျိုရာ၌ အခိုးကို သောက်ရှူလိုသော စေတနာ မရှိ၊ မိမိ အလျောက်သာ ဝင်ခဲ့သည်။ အခိုးတံကို သောက်ရှူရာ၌ကား သောက်ရှူလိုသော စေတနာ ရှိခဲ့၊ ပမာပမည်း မတန်ပါတကား-ဟူမူ ဆိုးရည်-စသည် ကျိုရာ၌ သောက်ရှူလိုသော စေတနာ မရှိ၊ မိမိအလျောက်သာ ဝင်သော်လည်း ဤအဋ္ဌကထာဝယ် အဇ္ဈောဟာရိက-ဟူ၍ မဆိုခဲ့သော် ဤသိက္ခာပုဒ်သည် အစိတ္တကသိက္ခာပုဒ်ဖြစ်၍ အစိတ္တကအာပတ် သင့်ရာသည်။ သောက်ရှူလိုမူကား သစိတ္တကအာပတ် သင့်ရာသည်။ ဤသို့လည်း အာပတ်မသင့်ဖြစ်၍ အဇ္ဈောဟာရိကချင်း တူရကား ပမာပမည်းပြုသင့်ပါ၏-ဟူလို။

ထိုအခိုးကို သုံးဆောင်သည့်အခါ အကပ်ခံရဦးမည်လောဟူမူ "ခုမာဒိ အဇ္ဈော-ဟာရိကာဘာဝေါ"ဟူ၍ ကခ်ီဝိတရဏီအဋ္ဌကထာ၊ ဒန္ဓပေါနသိက္ခာပုဒ်(၂၃၂)ဝယ် အဂ်ိုကို ပြရာ၌ "အခိုး-အစရှိသော အဇ္ဈောဟာရိက မဟုတ်သည်လည်း ဖြစ်စေ"ဟူ၍လာရကား အဇ္ဈော-ဟာရိကဖြစ်၍ အကပ်ခံဖွယ်ကိစ္စ မရှိပြီ-ဟူလို။

http://www.dhammadownload.com

ပါစိတ်အဋ္ဌကထာ၊ ဒန္တပေါနသိက္ခာပုဒ်အဖွင့်၌မူကား ကခ်ီဝိတရဏီအဋ္ဌကထာ၌ ကဲ့သို့ အဂိါကို မပြခဲ့။ ထိုသို့ပင် မပြသော်လည်း "ခူမဝတ္ထိ(ခူမဝင်္ခိ) ပဋိဝတ္ထေတွာ"(ဝိ၊၄၊၃၀။ ၁၁၈)ဟူ၍လာရကား ၎င်းအဋ္ဌကထာအလိုမူ အကပ်ခံ၍ သုံးဆောင်သင့်၏-ဟူ၍ ယူသင့်၏။

ဤအဋ္ဌကထာ ၂-ရပ်စကားလာ ကွဲပြားရာတွင် "ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ ဧတံ ဝိနယလက္ခဏံ"ဟူ၍ အဋ္ဌကထာ(ဝိ၊၄၊၃၀။ ၂၉။ ဝိသင်္ခ၊၇၉)တို့၌ လာရကား ဂရုက, လဟုက ၂-ပါးတို့တွင် ဂရုကၦ တည်ခြင်းသည် ဝိနည်း၏လက္ခဏာမည်သည်ဖြစ်၍ အကပ်ခံ၍ သုံးဆောင်ခြင်းသာ သင့်၏-ဟူ၍ မှတ်ရာသည်။ ယင်းအခိုးတံ, ဆေးလိပ်တို့ကို ဂိလာနအကြောင်းရှိမှသာ ဝိကာလ၌ သုံးဆောင်သင့်သလောဟူမူ ယင်းအခိုးသည် ဝတ္ထုဒြပ်မရကောင်းရကား ကာလဝိမုတ်ဖြစ်၍ အကြောင်းမရှိဘဲပင် ရေကို သုံးဆောင်သင့်သကဲ့သို့ ထို့အတူ အကြောင်းမရှိဘဲပင် သုံးဆောင်သင့်၏-ဟူလို။

ယင်းသို့ "ဂိလာနအကြောင်း မရှိသော်လည်း သုံးဆောင်သင့်၏"ဆိုသော် ယင်းအခိုးသည် ခံတွင်း, လည်ချောင်း၌ ဆေးဒန်း, မြင်းသီလာကဲ့သို့ လိမ်းကျံသဖြင့် ဝမ်းထဲသို့ ဝင်ခဲ့သော် ဝိကာလဘောဇနအန္တရာပတ် မသင့်ရာပြီလောဟူမူ ဝိကာလ၌ ပျို့အန်ရာဝယ် အာစောက်သို့ ရောက်သော ယာဝကာလိကဝတ္ထုကို တဖန်မျိုရာ၌ အရာမဟုတ်သောကြောင့် အာပတ်မသင့်တုံသေး၏ရှင့်။ အကြောင်းမဲ့ အခိုးတံကို သောက်ရှုသဖြင့်လည်း လည်ချောင်း၌ကပ်ငြိသော ဆေးဒန်း,မြင်းသီလာကဲ့သို့သော ယာဝဇီဝကဝတ္ထုသည် ဝမ်းထဲသို့ ဝင်ရာ၌ကား အဗ္ဗောဟာရိကဝတ္ထုဖြစ်၍ ဝိကာလဘောဇနအန္တရာပတ် ဧကန်မသင့်-ဟူ၍ မှတ်ရာသည်။

အချို့သောပုဂ္ဂိုလ်တို့တမူကား ဂိလာနအကြောင်းရှိမှသာ သုံးဆောင်သင့်၏၊ ဂိလာနအကြောင်းမရှိမူ၍ သုံးဆောင်သော် လည်ချောင်းဝယ် ကပ်ငြိသော ဆေးဒန်း, မြင်းသီလာကဲ့သို့သော ယာဝဇီဝကဝတ္ထုသည် ဝမ်းထဲဝင်သည့်ကာလ ဝိကာလဘောဇနအန္တရာပတ် သင့်ရာသည်-ဟု ဆိုကုန်၏။ ထိုပုဂ္ဂိုလ်တို့ ဆိုသည့်စကားသည် မသင့်။

အဘယ့်ကြောင့်နည်းဟူမူ ဂိလာနအကြောင်းခံသဖြင့် သုံးဆောင်ရာ၌လည်း လည်ချောင်း၌ ကပ်ငြိသော ယာဝဇီဝကဝတ္ထုသည် သုတ်သင်နှိုင်ခဲသောကြောင့်လည်းကောင်း၊ အဗ္ဗောဟာရိကဖြစ်သောကြောင့်လည်းကောင်း နွေတပါးဝယ် ယာဝကာလိကဝတ္ထုနှင့် ရောနှောမိသဖြင့် သုံးဆောင်ရာ၌လည်း သန္နိဓိပါစိတ် မသင့်သည်ကို ထောက်သဖြင့်ပင် ထိုပုဂ္ဂိုလ်တို့စကား မသင့်သည်၏အဖြစ်ကို သိရာသည်။

ထို့ကြောင့် ပါစိတ်အဋ္ဌကထာ၊ ဒန္တပေါနသိက္ခာပုဒ်အဖွင့်(၁၁၈)၌-

http://www.dhammadownload.com

ဘိက္ခု ဓူမဝဏ္ဏီ ပဋိဂ္ဂဟေတွာ ဓူမံ ပိဝတိ၊ မုခဉ္စ ကဏ္ဌော စ မနောသိလာယ လိတ္ထော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝကသံသဋ္ဌေ ဒေါသော နတ္ထိ။ –

ဟူ၍ မိန့်အပ်၏။

အဘယ်အရာတို့၌ကဲ့သို့ အဇ္ဈောဟာရိကဖြစ်သနည်းဟူမူ–

- သွားကြားဝယ် သိမ်မွေ့သော အာမိသသည် အရသာမထင်မူ၍ ခံတွင်းသို့ ဝင်ရာ အဇ္ဈောဟာရိကဖြစ်သကဲ့သို့လည်းကောင်း၊
- ဆွမ်းဘုဉ်းပေးကုန်သော ရဟန်းတို့၏ သွား,လက်သည်းကုန်ရာ, သပိတ်၏ အဆင်းကုန်ရာ၌ အဇ္ဈောဟာရိကဖြစ်သကဲ့သို့လည်းကောင်း၊
- ဆေး-စသည်ကို ကျိတ်ရာ၌ ကျောက်ပြင်, ကျောက်သားပြုန်းရာ, ဆေးထောင်းရာဝယ် ကျည်ပွေ့-စသည် ပြုန်းရာ၌ အဇ္ဈောဟာရိကဖြစ်သကဲ့သို့လည်းကောင်း၊
- တင်လဲချက်ရာဝယ် ဖွဲနုပါရာ၌ အဇ္ဈောဟာရိကဖြစ်သကဲ့သို့လည်းကောင်း၊
- ဆေးချက်ရာဝယ် သေ-ပါရာ၌ အဆင်း, အနံ့, အရသာပြယ်သော် အဇ္ဈောဟာရိကဖြစ်သကဲ့သို့လည်းကောင်း–

ထို့အတူ ခံတွင်း, လည်ချောင်း၌ စွဲကပ်သော ယာဝဇီဝကဝတ္ထုသည်လည်း အဇ္ဈောဟာရိကဖြစ်ရကား ယင်းယာဝဇီဝကနှင့် ယာဝကာလိက ရောနှောရာ၌လည်း အာပတ်မသင့်-ဟူ၍ မှတ်ရာသည်။ "ဣဒါနိ အဇ္ဈောဟာရိကနယော ဝုစ္စတိ"(ဝိ၊၄၊၃။၁၃၃)စသည်ဖြင့် အောက်ဝယ် ပဋိညာဏ်မူသည်ကို ထောက်သဖြင့်လည်း အဇ္ဈောဟာရိကဖြစ်သည်၏အဖြစ်ကို သိရာသည်။

ယင်းသို့သော် ယခင် "ဘိက္ခု ဓူမဝဏ္ဏီ"-စသော အဋ္ဌကထာ(ဝိ၊၄၊၃။၁၁၈)ပါဠိ၌ အကျုံးဝင်သော ပဋိဂ္ဂဟေတွာ-ဟူသောပုဒ်ကို "ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ"ဟူ၍ တေရသကဏ်ဋီကာ(သာရတ္ထ၊ဋီ၊၃။၇၅)၌လည်းကောင်း၊

"ဘုဉ္ဇိတုံ ဝဋ္ဋတီတိ ဓူမဝဏ္ဏီယာ တဒဟုပဋိဂ္ဂဟိတတ္တာ ဝုတ္တံ"ဟူ၍ ဝိမတိဋီကာ (၂။၃၈)၌လည်းကောင်း ဖွင့်ရကား သန္နိဓိ မဖြစ်-ဟူသော စကားသည် ဋီကာ ၂-ရပ်နှင့် မဆန့်ပြီ လောဟူမူ "သဇ္ဈကာလိကသမ္ဘောဂေါ၊ ကာလေ သဇ္ဈဃ ကပ္ပတိ"ဟူ၍ ခုဒ္ဒသိက္ခာ(နှာ-၁၁)ဝယ် လာရကား ယနေ့ နံနက်ဖြစ်အံ့၊ ကာလိက ၄-ပါးလုံးပင် သုံးဆောင်သင့်သည်ဖြစ်၍ လျှင်းပါးဖွယ် ပသဒ်မရှိသင့်ရကား ဋီကာဆရာမြတ် ဖွင့်ခြင်းသည် ဤအရာဝယ် ငါတို့ကား မသင့်-

http://www.dhammadownload.com

ဟူ၍ ထင်မိ၏။ ဖွင့်လိုမူ "ပဋိဂ္ဂဟေတွာတိ ပူရေ ပဋိဂ္ဂဟေတွာ"ဟူ၍လည်းကောင်း၊ "ဘုဉ္ဇိတုံ ဝဋ္ဋတီတိ ဓုမာယ အတ္ထောဟာရိကတ္တာ ဘုဉ္ဇိတုံ ဝဋ္ဋတိ"ဟူ၍လည်းကောင်း ဖွင့်မှ သင့်မည်။

ပိလိန္ဒဝစ္ဆထေရ် ဦးယဉ်းနာစွဲသည်ကို အကြောင်းပြု၍ "**အနုဇာနာမိ ဘိက္ခဝေ ဓုမံ ပိဝိတုံ(ဓူမံ ပါတုံ)**"(ဝိ၊၃၊၂၉၆)ဟူ၍ ပညတ်တော်မူရကား ယင်းဆေး၏အခိုးသည် ယာဝဇီဝကမည်သင့်ပါတကားဟူမူ အနာကို အကြောင်းပြု၍ ပညတ်ငြားသော်လည်း ဝတ္ထုဒြပ် မရကောင်းသည်ဖြစ်၍ ယာဝဇီဝက မမည်သင့်။ ကာလဝိမုတ်သာ မည်သင့်သည်။ အဘယ်အရာ၌ကဲ့သို့နည်းဟူမူ တစ်စုံတစ်ယောက်သောသူသည် ကိုယ်ပူနာဖြစ်ခဲ့သဖြင့် လိမ္မာသောဆေးသမားသည် ဤအနာနှင့် အလွန်အေးမြသောရေသည် လျော်၏-ဟု ရေကို သောက်စေသော် အနာငြိမ်းခဲ့၏။ ထိုရေသည် ကာလဝိမုတ်ဖြစ်ရကား ကာလိက၌ မရေတွက်သင့်သကဲ့သို့ ထို့အတူ ယင်းဆေး၏ အခိုးအငွေ့သည် ဝတ္ထုဒြပ်မရကောင်းရကား ကာလဝိမုတ်-ဟူ၍ မှတ်ရာသည်။

နေလွဲအခါ ကွမ်းစား, ဆေးဝါးရာ၌ အသို့နည်းဟူမူ ယင်းကွမ်း,ဆေးတို့သည် အာဟာရကိစ္စကို မပြီးစေနိုင်ရကား ယာဝဇီဝကဝတ္ထု ဖြစ်သည်။

ထို့ကြောင့် ခုဒ္ဒသိက္ခာ(နှာ-၁၁)၌–

> **မူလံ သာရံ တစော ဖေဂ္ဂု၊ ပဏ္ဏံ ပုပ္ဖံ ဖလံ လတာ။**
> **အာဟာရတ္ထ'မသာဓေန္တံ၊ သဗ္ဗံ တံ ယာဝဇီဝိကံ။ –**

ဟူ၍ မိန့်အပ်၏။

ယင်းယာဝဇီဝကဝတ္ထုကိုကား ဂိလာနအကြောင်းရှိသော်သာ သုံးဆောင်သင့်၏။ အကြောင်းမဲ့ သုံးဆောင်မူကား ဒုက္ကဋ်အာပတ်သင့်၏-ဟူ၍ မှတ်ရာသည်။

ထို့ကြောင့် ပါစိတ်ပါဠိတော်၊ ဝိကာလဘောဇနသိက္ခာပုဒ်(၁၁၆)၌–

> **ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ။**

ဟူ၍လည်းကောင်း,

> **အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ။**

ဟူ၍လည်းကောင်း ဟောတော်မူအပ်၏။

http://www.dhammadownload.com

ကခ်ီဝိတရဏီအဋ္ဌကထာ(၂၂၅)၌လည်း-

> ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဟဏအပ္ပောဟာရေသု၊ ကာလေ ဝိကာလသညိဿ ဝေမတိကာဒီနဥ္စ (ဝေမတိကဿ စ) ဒုက္ကဋံ။

ဟူ၍လည်းကောင်း,

> ယာမကာလိကာဒီနိ သတိ ပစ္စယေ ပရိဘုဉ္ဇန္တဿ ဥမ္မတ္တကာဒီနဥ္စ အနာပတ္တိ။ -

ဟူ၍လည်းကောင်း မိန့်အပ်၏။

ခုဒ္ဒသိက္ခာ(နှာ-၁၁)၌လည်း-

> သတိ ပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္ထယံ။

ဟူ၍ မိန့်အပ်၏။

ဎင်းဋီကာ(၃၀၅)၌လည်း-

> သတိ ပစ္စယေတိ တီသု ယာမကာလိကံ ပိပါသာဒိကာရဏေ သတိ၊ သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ ဂေလညကာရဏေ သတီတိ အတ္ထော။

ဟူ၍ မိန့်အပ်၏။

ခံတွင်းချဉ်သည်, ခံတွင်းပုပ်သည်, ခံတွင်းကျိသည်ကို ဂိလာနသို့ သွင်းသင့်မည်လော, မသွင်းသင့်မည်လောဟူမူ-

> ဝေယျာဗျာဓိကာနန္တိ ဧတ္ထ ဗျာဗာဓေတိ ဓာတုက္ခောဘော တံသမုဋ္ဌာနာ စ ကုဋ္ဌဂဏ္ဍပီဠကာဒယော။ ဗျာဗာဓတော ဥပ္ပန္နတ္တာ ဝေယျာဗာဓိကာ။ ဝေဒနာနန္တိ အကုသလဝိပါကဒုက္ခဝေဒနာနံ၊ တာသံ ဝေယျာဗာဓိကာနံ။ -

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိနှင့်အညီ ဓာတုက္ခောဘသည် ဗျာဗာဓမည်ရကား ခံတွင်းချဉ်ခြင်း, ခံတွင်းပုပ်ခြင်း, ခံတွင်းကျိခြင်းသည် ဓာတုက္ခောဘကြောင့်သာ ဖြစ်သည်ဖြစ်၍ ဂိလာနဝယ် သွင်းသင့်၏-ဟူ၍ မှတ်ရာသည် ငါ့ရှင်ဥပါလိ။

* * * * * *

http://www.dhammadownload.com

[၆] ရှင်ဥပါလိလျှောက် ဆဌဝိနိစ္ဆယ

ရတနတ္တယံ အဟံ ဝန္ဒာမိ။

"ဘုရားတပည့်တော် ရှင်ဥပါလိ လျှောက်ပါသည် ဆရာတော်ဘုရား။

★ ပါစိတ်အဋ္ဌကထာ၊ ဒန္တဖေါနသိက္ခာပုဒ်(ဝိ၊၄၊၃၊၁၁၈)အဖွင့်ဝယ်–

ဘိက္ခု ဓုမဝဋ္ဋိ ပဋိဂ္ဂဟေတွာ ဓုမံ ပိဝတိ။ မုခဒွ ကတ္ထော စ မနောသိလာယ လိတ္ထော ဝိယ ဟောတိ။ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ။ ယာဝကာလိကေန ယာဝဇီဝက-သံသဋ္ဌေ ဒေါသော နတ္ထိ။ –

ဟူ၍ လာသောပါဠိ၌ အကျုံးဝင်သော ပဋိဂ္ဂဟေတွာ-ပုဒ်ကို "ပဋိဂ္ဂဟေတွာတိ တဒဟု-ပဋိဂ္ဂဟေတွာ"ဟူ၍ တေရသကဏ်ဍိကာ(သာရတ္ထ၊ဋီ၊၃၊၇၅)၌လည်းကောင်း၊ "ဘုဉ္ဇိတုံ ဝဋ္ဋတိ" ပုဒ်ကိုလည်း "ဘုဉ္ဇိတုံ ဝဋ္ဋတီတိ ဓုမဝဋ္ဋိယာ တဒဟုပဋိဂ္ဂဟိတတ္တာ ဝုတ္တံ"ဟူ၍ ဝိမတိဋီကာ (၂၊၃၈)၌လည်းကောင်း ဖွင့်ပါသည်။ ထိုဖွင့်သည့်အတိုင်းပင် မှတ်ရမည်လော။ ထိုနေ့ဝယ် နံနက်ကာလ သုံးဆောင်ရာ၌ကား ကာလိက ၄-ပါးပင် အပ်သည်ဖြစ်၍ ပသာဒလျှင်းပါးဖွယ် မရှိသင့်ရကား ၎င်း(ဒန္တဖေါဏ)သိက္ခာပုဒ်အဋ္ဌကထာဝယ် လာသည့်စကားရပ်တို့ကို အဖန်ဖန် ကြည့်ရှုပြီးလျှင် ရှေ့နောက် နှီးနှောစဉ်းစားကြံစည်၍ ဝိနိစ္ဆယကို ရေးပေးသနားစေချင်ပါ သည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့်အတိုင်း ဆုံးဖြတ်ရေးသားပေအံ့။

"သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ"ဟူသော ခုဒ္ဒသိက္ခာပါဠိ(နှာ-၁၁)နှင့်အညီ ထိုနေ့ဝယ် နံနက်ကာလ သုံးဆောင်ရာ၌ကား ကာလိက ၄-ပါးပင် အပ်သည် ဖြစ်၍ လျှင်းပါးဖွယ် ပသာဒမရှိရကား ယခင်ဆောင်ပြအပ်သော အဋ္ဌကထာပါဠိ၌ အကျုံးဝင် သော ပဋိဂ္ဂဟေတွာ-ပုဒ်ကို–

- "ပဋိဂ္ဂဟေတွာတိ ပူရေ ပဋိဂ္ဂဟေတွာ"ဟူ၍လည်းကောင်း၊
- "ဘုဉ္ဇိတုံ ဝဋ္ဋတိ"ပုဒ်ကိုလည်း "ဘုဉ္ဇိတုံ ဝဋ္ဋတီတိ ဓုမာယ အတ္ထောဟာရိကတ္တာ ဘုဉ္ဇိတုံ ဝဋ္ဋတိ"ဟူ၍လည်းကောင်း

http://www.dhammadownload.com

အဖွင့်ပြသဖြင့် "ရဟန်းသည် ယမန်နေ့ဝယ် အခိုးတံကို အကပ်ခံ၍ အခိုးကို သောက်ရာ ခံတွင်းသည်လည်းကောင်း, လည်ချောင်းသည်လည်းကောင်း ဆေးဒန်း, မြင်းသီလာဖြင့် လိမ်းကျံသကဲ့သို့ ရှိသည်ဖြစ်အံ့၊ ယာဝကာလိကကို သုံးဆောင်ခြင်းငှာ အပ်၏။ အဗ္ဗော-ဟာရိကဖြစ်ရကား ယာဝကာလိကနှင့် ယာဝဇီဝက ရောနှောရာ၌ အာပတ်မသင့်"ဟူ၍ ၎င်းပါဠိ၏အဓိပ္ပါယ်ကို မှတ်ရာသည်။

အဗ္ဗောဟာရိကဖြစ်သည်၏အဖြစ်ကို အဘယ်ကို ထောက်သဖြင့် သိရာအံ့နည်း ဟူမူ ၎င်းဝါကျ၏အနန္တရဝယ် ပြအပ်သော-

> **ပတ္တံ ဝါ ရဇနံ ဝါ ပစန္တဿ ကဏ္ဏနာသမုခဆိဒ္ဒေဟိ ဓူမော ပဝိသတိ၊ ဗျာဓိပစ္စယာ ပုပ္ပံ ဝါ ဖလံ ဝါ ဥပသိဉ်တိ၊ အဗ္ဗောဟာရိကတ္တာ ဝဋ္ဋတိ။** (ဝိ၊ဋ္ဌ၊၃။၁၁၉)

ဟူသော ပရဝါကျကို ထောက်သဖြင့် သိရာသည်။

အဘယ်အရာတို့၌ကဲ့သို့ အဗ္ဗောဟာရိကဖြစ်သနည်းဟူမူ-

* ဆွမ်းဘုဉ်းပေးကုန်သော ရဟန်းတို့၏ သွားကုန်ရာ, လက်သည်းကုန်ရာ, သပိတ်၏ အဆင်းကုန်ရာ၌ အဗ္ဗောဟာရိကဖြစ်သကဲ့သို့လည်းကောင်း၊

\- ဆေးမြစ်-စသည်ကို ကျိတ်ရာ၌ ကျောက်ပြင်,ကျောက်သား ပြုန်းခဲ့သော်လည်းကောင်း၊ ဆေးကို ထောင်းရာ၌ ဆုံ,ကျည်ပွေ-စသည်တို့သည် ပြုန်းခဲ့သော်လည်းကောင်း အဗ္ဗောဟာရိကဖြစ်သကဲ့သို့လည်းကောင်း၊

* သွားကြားဝယ် သိမ်မွေ့သော အာမိသသည် အရသာမထင်မူ၍ ခံတွင်းသို့ ဝင်ရာ၌ အဗ္ဗောဟာရိကဖြစ်သကဲ့သို့လည်းကောင်း-

ထို့အတူ ခံတွင်း, လည်ချောင်းဝယ် စွဲသော မြင်းသီလာကဲ့သို့သော ယာဝဇီဝကဝတ္ထု သည်လည်း အဗ္ဗောဟာရိကဖြစ်ခဲ့ရကား ရောနှောရာဝယ် အာပတ်မသင့်-ဟူ၍ မှတ်ရာသည်။ ။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

> **ဘုဉ္ဇန္တာနံ ဟိ ဒန္တာ ခီယန္တိ၊ နခါ ခီယန္တိ။ ပတ္တဿ ဝဏ္ဏော ခီယတိ အဗ္ဗောဟာရိကံ။**

(ဝိ၊ဋ္ဌ၊၃။၁၁၃)ဟူ၍လည်းကောင်း၊

> **မူလဘေသဇ္ဇာဒီနိ ပိသန္တာနံ ဝါ ကောဋ္ဋေန္တာနံ ဝါ နိသဒနိသဒပေါတကဥဒုက္ခလ-မုသလာဒီနိ ခီယန္တိ။**

(ဝိ၊ဋ္ဌ၊၃။၁၁၃)ဟူ၍လည်းကောင်း၊

http://www.dhammadownload.com

သစေ ဒန္ဆန္တရေ လဂ္ဂဿ *(အာမိသဿ ရသော ပဝိသတိ၊ အာပတ္တိယေဝ။ သစေ)* **သုခုမံ အာမိသံ ဟောတိ၊ ရသော နု ပညာယတိ၊ အဇ္ဈောဟာရိကပက္ခံ ဘဇတိ။**

(ဝိ၊ဋ္ဌ၊၃၁၉)ဟူ၍လည်းကောင်း မိန့်အပ်၏။

တေရသကဏ်ဍီကာ အဖွင့်မှားပုံ

ယခင် တေရသကဏ်ဍီကာ(သာရတ္ထ၊ဋီ၊၃။၇၅)ဝယ် "ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂ-ဟေတွာ"ဟူသော သံဝဏ္ဏနာသည် ဝိရဒ္ဓသံဝဏ္ဏနာဖြစ်သည်-ဟု ဆိုသော် ဤကဲ့သို့ တပါး သောအရာတို့၌ ဝိရဒ္ဓဖြစ်သည့် သံဝဏ္ဏနာသည် တေရသကဏ်ဍီကာဝယ် ရှိပါသေး၏လော ဟူမူ မဟာဝါဝယ် ပဗ္ဗဇ္ဇကထာ၌-

> **ဧတေသု ဧကံ ဒွေ ဝါပိ ကရောန္တော တထာ ဝေါဟာရိယတီယေဝ၊ တသ္မာ ဧတံ ပဗ္ဗာဇေတီတိ ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနဉ္စ သန္ဓာယ ဝုတ္တံ၊ ဥပဇ္ဈာယံ ဥဒ္ဒိဿ ပဗ္ဗာဇေတီတိ ဧတ္ထာပိ ဧသေဝ နယော။** (သာရတ္ထ၊ဋီ၊၃။၂၀၁)

ဟူ၍ ဖွင့်ရာ၌လည်း ဝိရဒ္ဓသံဝဏ္ဏနာ-ဟူ၍ မှတ်ရာသည်။

မှတ်ရခြင်း၏အကြောင်းကား သာမဏေအား စေရာ၌သာ "**သရဏာနိ ပန သယံ ဒါတဗ္ဗာနိ**"ဟူ၍ အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၂၄၈)ဝယ် လာသောကြောင့် သာမဏေအား စေရာ၌သာ ကေသစ္ဆေဒန, ကာသာယစ္ဆာဒန ၂-ပါးရသင့်သည်။ ပဉ္စင်းငယ်အား စေရာ၌ကား ကေသစ္ဆေဒန, ကာသာယစ္ဆာဒန, သရဏဒါန ၃-ပါးလုံးပင် ရသင့်သည်ဖြစ်၍ ဝိရဒ္ဓ သံဝဏ္ဏနာ-ဟူ၍ မှတ်ရာသည်။

ထို့ကြောင့် ဝိမတိဋီကာ(၂။၉၄)၌-

- "တေသု ပန္နိမဒ္ဒယံ ဘိက္ခူဟိ ဧဝ ကာတဗ္ဗံ ကာရေတဗ္ဗံ ဝါ"ဟူ၍လည်းကောင်း၊
- "ပဗ္ဗာဇေတီတိ ဣဒံ တိဝိဓမ္မိ သန္ဓာယ ဝုတ္တံ"ဟူ၍လည်းကောင်း-

မိန့်အပ်၏။

ဆရာမြတ်တို့လည်း **သံဝဏ္ဏနာစကား ၂-ရပ်တို့တွင် ဝိမတိ(ဋီ၊၂။၉၄)၌ လာသော သံဝဏ္ဏနာစကားကိုသာ အဋ္ဌကထာဝယ်လာသော စကားရပ်နှင့် ညီသည်ဖြစ်၍ နှစ်သက်ကုန်** သဖြင့် ပဉ္စင်းငယ်အား စေရာ၌ ၃-ပါးလုံးကိုပင် ပြုစေတော်မူကုန်သည် ငါ့ရှင်ဥပါလိ။

* * * * * *

http://www.dhammadownload.com

[၇] ရှင်ဥပါလိလျှောက် သတ္တမဝိနိစ္ဆယ

ပုံ ဓံ သံ အဟံ နမာမိ။

"ဘုရားတပည့်တော် ရှင်ဥပါလိ လျှောက်ပါသည် ဆရာတော်ဘုရား။

- ✯ အချို့သော ပုဂ္ဂိုလ်တို့က ပစ္စန္တရစ်၏အရပ်ဝယ် မြေကြမ်းသည်ဖြစ်စေ, မြေနူးညံ့သည်ဖြစ်စေ အလုံးစုံသောအရပ်၌ပင် ဖိနပ်စီးသင့်၏-ဟု အယူရှိပါကုန်သည်။
- ✯ အချို့သော ပုဂ္ဂိုလ်တို့ကလည်း ပစ္စန္တရစ်ဝယ် မြေကြမ်းရာအရပ်၌သာ ဖိနပ်စီးသင့်၏၊ မြေမကြမ်းရာအရပ်၌ကား ဖိနပ်မစီးသင့်-ဟူ၍ အယူရှိပါကုန်သည်။

ထိုဝါဒ ၂-ပါးတို့တွင် အဘယ်ဝါဒသင့်မည်, မသင့်မည်ကို ကျမ်းဂန်အထောက်အထားနှင့် ရေးသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့်အတိုင်း ဆုံးဖြတ်ရေးသားလိုက်အံ့။

အဝန္တိဒက္ခိဏာပထေ ဘိက္ခဝေ ကဏ္ဏုတ္ထရာ ဘူမိ ခရာ ဂေါကဏ္ဏကဟတာ၊ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဥပါဟနံ ဓာရေတုံ ပါဟနာ။

(ဝိနည်းမဟာဝါပါဠိတော်။ ၂၈၈)

အဓိပ္ပါယ်ကား "ပစ္စန္တရစ်အရပ်မည်သည် မည်းသော, အထက်စုန့်ရရုန့်တက်သော မြေနက်၊ နွားခြေရာတို့သည် ဖျက်ဆီးအပ်သော, ဆူးကဲ့သို့ ကြမ်းသောမြေရှိရကား ချစ်သားရဟန်းတို့၊ အလုံးစုံသော ပစ္စန္တရစ်တို့၌ ၄-ထပ်မှ စ၍ အထပ်ထပ်သောဖိနပ်ကို ငါဘုရား ခွင့်ပြုတော်မူ၏"ဟူလို။

ဤပဒေသပညတ်ကို ထောက်၍ ပစ္စန္တရစ်အရပ်တို့၌ မြေကြမ်းရာအရပ်ဖြစ်စေ, မြေကြမ်းရာအရပ် မဟုတ်သည်ဖြစ်စေ အလုံးစုံသောအရပ်တို့၌ပင် ရဟန်းတို့ ဖိနပ်စီးခြင်းငှာ အပ်၏။ "ပစ္စန္တရစ်တို့၌ မြေကြမ်းရာအရပ်, မကြမ်းရာအရပ်တို့၌ပင် စီးခြင်းငှာ အပ်၏"ဟု ဆိုသော ဤသိက္ခာပုဒ်ကဲ့သို့ ပစ္စန္တရစ်၌သာ အပ်၏။

မဖြစ်မအရပ်၌ မအပ်သောသိက္ခာပုဒ် ရှိသေးသလောဟူမူ-

- မဖြစ်မအရပ်၌ ဒသဝဂ္ဂသံယာဖြင့် ဥပသမ္ပဒကံကို ခွင့်ပြုတော်မူ၏။

http://www.dhammadownload.com

- ပစ္စန္တရစ်အရပ်၌ကား သံဃာနည်းပါးသောကြောင့် ပဉ္စဝဂ္ဂသံဃာဖြင့်သာ ဥပသမ္ပဒကံကို ခွင့်ပြုတော်မူ၏။
- မဇ္ဈိမအရပ်၌ကား အချမ်း,အပူမျှသောကြောင့် လခွဲ ၁-ကြိမ်သာ ရေချိုးခြင်းကို ခွင့်ပြုတော်မူ၏။
- ပစ္စန္တရစ်အရပ်၌ကား အချမ်း,အပူ မမျှရကား အမြဲရေချိုးခြင်းကို ခွင့်ပြုတော်မူ၏။

ဤသို့ စသည်ဖြင့် ပစ္စန္တရစ်အရပ်၌သာ အပ်၏၊ မဇ္ဈိမအရပ်၌ မအပ်သော ပဒေသပညတ်သည် ရှိ၏။ ထို့ကြောင့် ပစ္စန္တရစ်၌ဖြစ်မှ အထပ်ထပ်သောဖိနပ်ကို အလုံးစုံသော အရပ်တို့၌ ပင် စီးသင့်၏-ဟူလို။

အချို့သောပုဂ္ဂိုလ်တို့ကမူ မြေကြမ်းရာအရပ်၌သာ စီးသင့်၏၊ မြေမကြမ်းရာအရပ်၌ကား မစီးသင့်-ဟု ဆိုကုန်၏။ ထိုပုဂ္ဂိုလ်တို့ဆိုသည့်အတိုင်း မှန်ငြားအံ့။ ပစ္စန္တရစ်အရပ်ဝယ် သံဃာနည်းပါးရာ၌သာ ပဉ္စဝဂ္ဂသံဃာဖြင့် ဥပသမ္ပဒကံကို ရွက်ဆောင်သင့်၏။ သံဃာများရာ၌ကား မဇ္ဈိမအရပ်၌ကဲ့သို့ပင် ဒသဝဂ္ဂသံဃာဖြင့် ဥပသမ္ပဒကံကို ရွက်ဆောင်သင့်၏။ ပစ္စန္တရစ်အရပ်ဝယ် အချမ်း,အပူ မညီညွတ်သောအရပ်၌သာ အမြဲရေချိုးသင့်၏။ အချမ်း, အပူမျှသောအရပ်၌ကား မဇ္ဈိမအရပ်၌ကဲ့သို့ပင် လခွဲ ၁-ကြိမ် ရေချိုးသင့်၏-ဟု အနက်ရောက်ခဲ့ရာသည်။ ထိုသို့လည်း မရောက်ခဲ့။

တစ်ကြောင်းမှာလည်း ဘုရားထင်ရှားရှိတော်မူစဉ် ရဟန်းတို့သည် ညဉ့်အခါ ဥပုသ်သိမ်သို့ ဥပုသ်ပြုသွားရာ ဆူးငြောင့်,သစ်ငုတ် စူးသည်ဖြစ်၍ ဘုရားအား လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် "အနုဇာနာမိ ဘိက္ခဝေ အဇ္ဈာရာမေ ဥပါဟနံ မာရေတုံ"(ဝိ၊၃။ ၂၇၆)ဟူ၍ ပညတ်တော်မူရကား ဆူးငြောင့်,သစ်ငုတ် ရှိသည့်အရပ်ဖြစ်စေ၊ မရှိသည့်အရပ်ဖြစ်စေ ရဟန်းတို့ စီးခွင့်ကို ရသကဲ့သို့ ထို့အတူ ဤ"**အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဥပါဟနံ(ဥပါဟနာ)**"(ဝိ၊၃။၂၈၈)ဟူသော ပညတ်သည်လည်း ပဒေသပညတ်ဖြစ်ရကား ပစ္စန္တရစ်အရပ် ဖြစ်အံ့၊ မြေကြမ်းသည်ဖြစ်စေ, မကြမ်းသည်ဖြစ်စေ ခပ်သိမ်းသောအရပ်တို့၌ စီးခြင်းငှာ အပ်၏။

အကယ်၍ ထိုပုဂ္ဂိုလ်တို့ အယူအတိုင်း မြေကြမ်းရာအရပ်၌သာ စီးသင့်၏၊ မြေမကြမ်းရာအရပ်၌ကား မစီးသင့်သည် ဖြစ်အံ့။ အာရာမဝယ် ခွင့်ပြုရာ၌ကား ဆူးငြောင့်, သစ်ငုတ်ရှိရာအရပ်၌သာ စီးသင့်၏။ ဆူးငြောင့်,သစ်ငုတ်မရှိရာအရပ်၌ကား မစီးသင့်-ဟူ၍ အနက်ရောက်ရာ၏။ ထိုသို့လည်း အနက်မရောက်ခဲ့ရကား ထိုပုဂ္ဂိုလ်တို့ အယူဝါဒသည် မသင့်။

http://www.dhammadownload.com

တစ်နည်းလည်း "ဒကွိဏတော နဒါတိ"ဟူသောပါဠိ၌ ဦးပြည်းရဟန်း, ရသေ့မုနိအား မလျှု-ဟူ၍ ဆိုရာဝယ် ဆွမ်းကို, သင်္ဘန်းကို, ကျောင်းကို, ဆေးကို မလျှု-စသည်ဖြင့် အထူးမဆိုခြင်းကြောင့် ပစ္စည်း ၄-ပါးကိုပင် မလျှု-ဟု သိရသကဲ့သို့လည်းကောင်း၊

"ဗုဒ္ဓဝါတိ ဗုဒ္ဓေါ"ဟူသောပါဠိ၌ သိတတ်သောကြောင့် ဘုရားကို ဗုဒ္ဓဆိုရာဝယ် သခီရကို, ဝိကာရကို, လက္ခဏကို, နိဗ္ဗာန်ကို, ပညတ်ကို သိတော်မူခြင်းကြောင့် ဗုဒ္ဓမည်၏-ဟု အထူးမဆိုခြင်းကြောင့် ဥယျတရား ၅-ပါးကိုပင် သိတော်မူသည်-ဟု သိရသကဲ့သို့လည်းကောင်း၊

ပိဋကသုရာ, ပုဝသုရာ-စသည်ကို သောက်ခြင်းမှ ကြဉ်၏-ဟု ဝိသေသ မဆိုမူ၍ **"သုရာမေရယမဒ္ဒပမာဒဋ္ဌာနာ ဝေရမဏီ"**ဟူ၍ သာမညဆိုခြင်းကြောင့် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော အလုံးစုံသောယစ်မျိုးမှ ကြဉ်၏-ဟု သိရသကဲ့သို့လည်းကောင်း၊

ထို့အတူ "အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဂိလာနေန ဘိက္ခုနာ ဘူမိခရဏာနေ ဂဏ္ဍုပါဟနံ"ဟု အထူးမဟောမူ၍ "အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဂဏ္ဍုပါဟနံ"(ဝိနည်းမဟာဝါ။ ၂၈၈)ဟူ၍ သာမညဟောတော်မူခြင်းကြောင့် **ပစ္စန္တရစ်အရပ် ဖြစ်အံ့၊ မြေကြမ်းရာအရပ်ဖြစ်စေ, မကြမ်းရာအရပ်ဖြစ်စေ အလုံးစုံသောအရပ်၌ ဂိလာနရဟန်း, အဂိလာနရဟန်း ၂-ပါးပင် စီးခြင်းငှာ အပ်၏**-ဟူ၍ မှတ်ရာသည် ငါ့ရှင်ဥပါလိ။

* * * * * *

[၈]　ရှင်သီလာစာရလျှောက် အဌမဝိနိစ္ဆယ

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

"ဘုရားတပည့်တော် ရှင်သီလာစာရ လျှောက်ပါသည် ဆရာတော်ဘုရား။

★ အချို့သော ဝိနယမာတိကာပါဠိ၌ သုဒ္ဓပါစိတ်၊ အဋ္ဌမဝဂ်၊ ဧကာဒသမသိက္ခာပုဒ်ဝယ် 'ယထာ သံထုတံ'-ဟူ၍ ဥကာရန္တနှင့် ရှိပါသည်။

★ အချို့သော ဝိနယမာတိကာပါဠိ၌လည်း 'ယထာ သန္ဓတံ'-ဟု ဒန္တဇစတုတ္ထကွရာ အကာရန္တနှင့် ရှိပါသည်။

http://www.dhammadownload.com

ထိုပါဠိ ၂-ရပ်တို့တွင် အဘယ်ပါဠိ သင့်မည်, မသင့်မည်ကို ကျမ်းဂန်အထောက်အထားနှင့် ရေးသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့်အတိုင်း ဆုံးဖြတ်ရေးသားပေအံ့။

သမာ ထဝိယတိ ပသံသိယတီတိ သံထုတော။ မိတ္တော။ သံပုတ္တော၊ ထု အဘိတ္ထဝေ။ ကမွေ တော။ ယော ယော သံထုတော ယထာသံထုတံ။ အံ ဝိဘတ္တိ ။ပ။ ဘာဝါတိ သိသ အံ။ (ပါတိမောက္ခဂဏ္ဌိ)

ဧကာဒသမေ ယထာသန္ဓတန္တိ သံယောဂသဟိတော အကာရန္တော။ ဒန္တဇ-စတုတ္ထဓကာရော ဝါ တာဒိသောဝ မုဒ္ဓဇဌကာရော ဝါ ဒိဿတိ၊ ဝိမံသိတပ္ပံ။ နာနာ-ဂန္ထေဟိ ကာရဏံ ပရိယေသိတပ္ပံ။ အမ္ဖေဟိ ပန သံပုတ္တော၊ ထု အဘိတ္ထဝေ၊ ကမွေ တောတိ ဂဏ္ဌိယံ ဝုတ္တတ္တာ သနိဂ္ဂဟိတဉ္စကာရသဟိတဉ္စ ယထာသံထုတမေဝ လိခိတပ္ပံ။ (ပါတိမောက္ခလိခနယ)

ဤသို့ ဆောင်ပြအပ်သော ကျမ်းတို့၌ကား ယထာ သံထုတံ-ဟူ၍ နိဂ္ဂဟိတ် ဉကာ-ရန္တနှင့်သာ ရှိသင့်သည်-ဟူ၍ လာသည်။ သို့ပင်လာသော်လည်း "ဝိမံသိတပ္ပံ နာနာဂန္ထေဟိ (ကာရဏံ) ပရိယေသိတပ္ပံ"ဟူ၍ လိခနယကို ရေးစီရင်သော ကျော်အောင်စံထားဆရာတော် မိန့်ဆိုသောကြောင့် စုံစမ်းဆင်ခြင်၍ အကြောင်းကို ရှာသည်ရှိသော် ကခ်ီဝိတရဏီ အဋ္ဌကထာ(၂၆၀)၌-

ယထာသန္ဓုတန္တိ(ယထာသန္ဆုတန္တိ) ယော ယော မိတ္တသန္ဒိဋ္ဌသမ္ဘတ္တာဒိဝသေန သန္ဓတော(သန္ဆုတော)၊ တသ တသာတိ အတ္ထော။

ဟူ၍ ဒန္တဇစတုတ္ထကာရာ ဓ-နှင့် လာသောကြောင့်လည်းကောင်း၊ ပါတိမောက္ခပဒတ္ထအနု-ဝဏ္ဏနာ(၂၈၂)၌လည်း-

ယထာသန္ဓတန္တိ ယထာမိတ္တံ။ ယသ ယသ မိတ္တသာတိ အတ္ထော။ ယော ယော သန္ဓတော ယထာသန္ဓတံ။ အဗျယီဘာဝသမာသောယံ ဝိဘာဝါစကော ဟေ'တ္ထ ယထာသဒ္ဒေါ။ သန္ဓတသဒ္ဒေါ မိတ္တသဒ္ဒေန သမာနတ္ထော။ စတုတ္ထေကဝစနသ အံအာဒေသော ဟောတိ။ သန္ဓတသ ယထာအနုရူပံ ဝါ ယထာသန္ဓတံ။

ဟူ၍ ဒန္တဇစတုတ္ထကာရာ ဓ-နှင့် လာသောကြောင့်လည်းကောင်း များစွာသော ဝိနယမာတိ-ကာပါဠိ, ဝိဘင်းပါဠိတို့၌လည်း ယထာသန္ဓတံ-ဟူ၍ န-သံယောဂ, အကာရန္တ စတုတ္ထကာရာ ဓ-နှင့်သာ လာရှိသည်။

http://www.dhammadownload.com

အမရပူရမြို့တည်မင်းတရားကြီးလက်ထက် ဗားကရာဆရာတော်ကြီး သုတ်သင်တော်မူအပ်သော ဝိနယမာတိကာဌ်လည်း ယထာသန္ဓတံ-ဟူ၍ နှ-သံယောဂ, အကာရန္တ စတုတ္ထကွရာ ဓ-နှင့်သာ လာရှိသည်။ သို့လာရှိသော်လည်း ပါဠိနယော **အစိန္တေယျော** ယေဝ-ဟူသော သဒ္ဒနီတိ(ဓာ။၇၉)ပါဠိနှင့်အညီ ပါဠိနည်းသည် အစိန္တေယျဖြစ်ရကား စတုတ္ထကွရာ ဓ-နှင့် ရှိသည်အားလျော်စွာ နောင်လာအမျိုးသားတို့ မှတ်သားရန် ဝိဂွဟရသင့်သည်အားလျော်စွာ လှစ်ဆိုလိုက်ဦးအံ့။

သန္ဒ ပသဝနေ (နီတိ၊ဓာ။၉၅)၊ မေတ္တံ သန္ဒတိ ပသဝတိတိ သန္ဒတော၊ မိတ္တော။ သန္ဒဓာတု၊ သန္ဒ ပသဝနေ။ တော။ ဒဿ ဓော။ ။ ဒိ ခယေ၊ သံသုဠ္ဠ ဒေါသံ ဒိတိ ခယတီတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ ဒိ ဓာတု။ ဒိ ခယေ၊ တော။ ဣဿ အတ္တံ။ ဒဿ ဓော။

ဒေ သောဓနေ (*ဒေ သောဓနေ။* နီတိ၊ဓာ-၈၂။ *ဒေ ပါလ သောပွသောဓာဝမညန္နေ။* ဓာတွတ္ထသင်္ဂဟ-၁၉၅။)၊ သံသုဠ္ဠ ကောဓံ ဒေတိ သောဓေတီတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ ဒေဓာတု၊ ဒေ သောဓနေ၊ တော။ ဒဿ ဓော၊ ဧကာရဿ အတ္တံ။ ။ ဥဒိ ပသဝကိလေဒနေသု (နီတိ၊ဓာ။၂၁၅)၊ သံသုဠ္ဠ မေတ္တံ ဥဒတိ ပသဝတိတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ ဥဒိဓာတု၊ ဥဒိ ပသဝနေ၊ တော။ ဥဿ လောပေါ၊ ဒဿ ဓော။

ဒါ ရက္ခနေ (*ဒါ ဒါနသောဓန သုဒ္ဓဆေဒရက္ခာပလာယနေ။* ဓာတွတ္ထ။၁၈၆)။ သံသုဠ္ဠ မေတ္တံ ဒါတိ ရက္ခတီတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ ဒါ ဓာတု၊ ဒါ ရက္ခနေ၊ တော။ အာကာရဿ အကာရော၊ ဒဿ ဓော။ ဓူ ဝိဓူနနေ(နီတိ၊ဓာ။၁၀၇)၊ သံသုဠ္ဠ ကောဓံ ဓူတိ ဝိဓူနတီတိ သန္ဒတော။ သံပုဗ္ဗ ဓူ ဝိဓူနနေ၊ တော။ ဝိကာရဿ အံ(*ဉိကာရဿ အကာရော*)။

ဓေ ပါနေ (နီတိ၊ဓာ။၁၀၇)၊ သံသုဠ္ဠ မေတ္တံ ဓေတိ ပါတီတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ ဓေ ဓာတု ပါနေ တော။ ဧဿ'တ္တံ။ ။ ဧဓ ဗုဒ္ဓိယံ(*ဝုဒ္ဓိယံ*)။(နီတိ၊ဓာ။၁၀၈) သံသုဠ္ဠ ဧဓတိ ဗုဒ္ဓိယတီတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ ဧဓဓာတု။ ဧဓ ဗုဒ္ဓိယံ တ။ ဧကာရဿ လောပေါ။

သုဓ သောဓေယေ သုဓော ဒိ သုန္ဓော စု သုဒ္ဓိ၊ (ဓာတွတ္ထ၊၃၆၈။ နီတိ၊ဓာ၊၂၃၁)။ သံသုဠ္ဠ ကောဓံ သုဓတိ သောဓေတီတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ သုဓ ဓာတု။ သုဓ သောဓယေ။ သုကာရဿ လောပေါ။ ။ ဒဓ ဓာရဏော (နီတိ၊ဓာ။၁၀၈)။ သံသုဠ္ဠ ဝိဿာသာနံ ဟိတံ ဒဓာတီတိ သန္ဒတော၊ မိတ္တော။ သံပုဗ္ဗ ဒဓဓာတု။ ဒဓ ဓာရဏော၊ တ။ ဒ လောပေါ။

http://www.dhammadownload.com

ရုဓ ကာမေ။ သံသုဋ္ဌ ဝိဿာသာနံ ဟိတံ ရုဓတိ ကာမေတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ရုဓဓာတု။ ရုဓ ကာမေ၊ တ။ ရု လောပေါ။ ။ ဗုဓိ ဟိ်သာယံ (နီတိ၊ဓာ။၃၁၉)။ သံသုဋ္ဌ ကောဓံ ဗုဓတိ ဟိ်သတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ဗုဓိဓာတု ဟိ်သာယံ၊ တ။ ဗု လောပေါ။

ဝဓ သံယမေ (နီတိ၊ဓာ။၃၁၉)။ သံသုဋ္ဌ ကောဓံ ဝဓတိ သံယမတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ဝဓ သံယမေ၊ တ။ ဝ လောပေါ။ ဗဓ ဗန္ဓနေ (နီတိ၊ဓာ။၃၂၀)။ သံသုဋ္ဌ မေတ္တံ ဗဓတိ ဗန္ဓတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ဗဓ ဓာတု ဗန္ဓနေ၊ တ။ ဝ လောပေါ။ သံပုဗ္ဗ ဓာ သန္ဓိမှိ (နီတိ၊ဓာ။၂၃၁)။ သံသုဋ္ဌ မေတ္တာစိတ္တေန သန္ဓိယတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ဓာဓာတု သန္ဓိမှိ၊ တ။ အာကာရဿ ရဿော။

ရုမိ အာဝရဏေ ရုဏောဂ ရု အာဝရေ (ဓာတွတ္ထသင်္ဂဟ၊၂၉၅။ နီတိ၊ဓာ။၂၁၂၊၃၂၂)။ သံသုဋ္ဌ ကောဓံ ရုဓတိ အာဝရတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ရုမိဓာတု။ အာဝရဏေ၊ တ။ ရု လောပေါ။ ဓု ဂတိထေရိယေသု (နီတိ၊ဓာ။၁၀၇)။ သံသုဋ္ဌ မေတ္တာစိတ္တံ ဓုတိ ထေရိယတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ဓုဓာတု ထေရိယေ၊ တ။ ဥဿ'တ္တံ။

သဓု ဥန္နေ (နီတိ၊ဓာ။၁၁၀)။ သံသုဋ္ဌ မေတ္တံ ဥန္နတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ သဓုဓာတု၊ ဥန္နေ၊ တ။ သလောပေါ။ ဥဿ'တ္တံ။ ။ အဒိ ဗန္ဓနေ (နီတိ၊ဓာ။ ၈၆)။ သံသုဋ္ဌ မေတ္တာစိတ္တံ အဒတိ ဗန္ဓတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ အဒိ ဗန္ဓနေ၊ တ။ အလောပေါ။ ဒဿ ဓော။ ဝဒ ဝဒ္ဓနေ (နီတိ၊ဓာ။၁၀၉)၊ သံသုဋ္ဌ မေတ္တာစိတ္တံ ဝဒ္ဓေတီတိ သန္ဓေတော၊ မိတ္တော။ သံပုဗ္ဗ ဝဒ္ဓဓာတု ဝဒ္ဓနေ၊ တော။ ဝကာရဒကာရ-လောပေါ။

ဤသို့ ဆောင်ပြအပ်သော ဝိဂ္ဂဟကိုကား ပါရာဇိကဏ်အဋ္ဌကထာ(၁။၉၅)၌ ဘဂဝါ-ဟူသော ပုဒ်ကဲ့သို့တည်း။

"ဘဂီ ဘဇီ ဘာဂီ ဝိဘတ္တဝါ ဣတိ၊ ဓကာသိ ဘဂ္ဂန္တိ ဂရုတိ ဘာဂျဝါ။
ဗဟူဟိ ဉာယေဟိ သုဘာဝိတတ္တာနော၊ ဘဝန္တဂေါ သော ဘဂဝါတိ" ဝုစ္စတိ။

စသည်ဖြင့် သင်္ဂဟဂါထာမူပြီးလျှင် ဝဏ္ဏာဂမ-စသော နိရုတ္တိ ၅-ပါးတွင် ရသင့်သော နိရုတ္တိနည်းဖြင့် စိရင်ဘိ၏သို့ ထို့အတူ သန္ဓတ-ပုဒ်ကိုလည်း "ဓာတွတ္ထော အနေကတ္ထော"ဟူသော ပရိဘာသာနှင့်အညီ ဓာတ်အနက်သည် အနေကဖြစ်၍ ရသင့်သည်အားလျော်စွာ ဓာတ်အနက်ကို ယူ၍ နိရုတ္တိနည်း ၅-ပါးတွင် တစ်ပါးပါးဖြင့် စိရင်သည်ရှိသော် မပြီးမရှိရာ၊ ပြီး

http://www.dhammadownload.com

သည်သာဖြစ်၍ အ-ကာရန္တ ဒန္တဇ စတုတ္ထကွရာ ဓ-နှင့်ရှိသော ပါဠိသည်သာ ယုတ္တတရ ဖြစ်သည်-ဟု မှတ်သားရာသည် ငါ့ရှင် ရှင်သီလာစာရ။

* * * * * *

[၉] ရှင်စန္ဒိမာလျှောက် နဝမဝိနိစ္ဆယ

"ဘုရားတပည့်တော် ရှင်စန္ဒိမာ ခြေတော်ဦးခိုက် လျှောက်ပုံပါသည် ဆရာတော် ဘုရား။

★ **မနုဿဘူတဿေဝ မနုဿဘူတံ မာတရံ ဝါ ပိတရံ ဝါ အပိ ပရိဝတ္တလိင်္ဂံ(ပရိဝတ္တ-လိင်္ဂံ) ဇီဝိတာ ဝေါရောပေန္တဿ ကမ္မံ အာနန္တရိယံ ဟောတိ။** (မ၊၅၊၇၆။အံ၊၅၊၁။ ၃၅၅)

ဟူသော သမ္မောဟဝိနောဒနီပါဠိ(၅။၄၀၇)၌ အပရိဝတ္တလိင်္ဂံ-ဟူသောပုဒ်ကို "**အပရိဝတ္တလိင်္ဂံ၊ လိင်မပြန်သော**"ဟု နေရင်း **မဏိရတနာဆရာတော်ဘုရား** အနက် သမ္မန်တော်မူသည်ကို စွဲ၍လည်းကောင်း၊

သမ္မောဂဏ္ဌိ၊ ဉာဏဝိဘင်း၌ "လိင်မပြန်မီ ထိုအတ္တဘောဌ အကြင်ဘဝင် အစဉ်, ဇီဝိတိန္ဒြေအစဉ်သည် ဖြစ်၏။ ထိုဘဝင်အစဉ်, ဇီဝိတိန္ဒြေအစဉ်သည်ပင် လိင်ပြန်သော်လည်း တစ်ခုသောကံသည် ဖြစ်စေအပ်သောကြောင့် တပါးအခြား မဟုတ်ပြီရကား လိင်ပြန်၍ အမိသည် အဘ၊ အဘသည် အမိဖြစ်သော်လည်း အာနန္တရိယကံဖြစ်၏"ဟု ယူလေအံ့ စိုးရကား 'အပရိဝတ္တလိင်္ဂံ'ဟု မိန့်။ 'မပြန်သော လိင်ရှိသော (ဝါ) ပြန်သော လိင်မရှိသော' ပေး။ "မာတရံ ဝါ ပိတရံ ဝါ"၌ အသီး အသီး စပ်။ ဤသို့ ရွှေတောင်ဆရာတော်ဘုရား အနုသန္ဓေကျမ်းတက် အနက်သမ္မန် တော်မူသည်ကို စွဲ၍လည်းကောင်း၊

★ အချို့သောဆရာတို့သည် လိင်ပြန်သော အမိ,အဘတို့၏ ဇီဝိတိန္ဒြေကို ချရာ၌ အာနန္တရိယကံ မထိုက်-ဟု ယူကြကုန်သည်။ ထိုအနက်သမ္မန်တော်မူခြင်းသည် သင့်မည်, မသင့်မည်။ အာနန္တရိယကံ မထိုက်-ဟု ယူခြင်းသည်လည်း သင့်မည်, မသင့်မည်ကို သိလိုပါသည်။

ကျမ်းဂန်အထောက်အထားနှင့် ရေးသနားတော်မူစေချင်ပါသည် ဆရာတော်ဘုရား"။

http://www.dhammadownload.com

ထိုဆရာတော် ၂-ပါးအား ၃-ပါးသော ဒွါရတို့ဖြင့် ရိုသေစွာ ရှိခိုးဦး၍ အတ္တုက္ကံသန, ပရဝမ္ဘန, မက္ခ, ပလာသ-စသော အကုသိုလ်ဓမ္မတို့မှ ဝေးစွာကြဉ်၍ ဓမ္မာနုဂ္ဂဟကို နှလုံးထား၍ သုတေသနပုဂ္ဂိုလ်တို့၏ ကြည့်ရှုမှတ်သားရန်အလို့ငှာ ဖြေဆိုလိုက်အံ့။

မနုဿဘူတဿေဝ မနုဿဘူတံ မာတရံ ဝါ ပိတရံ ဝါ အပိ အပရိဝတ္တလိင်္ဂံ(ပရိဝတ္တ-လိင်္ဂံ) ဇိဝိတာ ဝေါရောပေန္တဿ ကမ္မံ အာနန္တရိယံ ဟောတိ။ (မ၊၃၄၊၇၆၊အံ၊၃၊၁၃၅)

ဟူသော သမ္မောဟဝိနောဒနီပါဠိ(၃၊၄၀၇)၌ အပရိဝတ္တလိင်္-ဟူသောပုဒ်ဝယ် အ-သဒ္ဒါသည်-

ပဋိသေဓေ ဝုမိုတဇ္ဇာဝေ၊ အညတ္ထေ သဒိသေပိ စ။
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟပ္ပကေ။ (နိတိသုတ္တ၊၃၇၃)

ဟူ၍ မုခမတ္တဒီပနီကျမ်း၌ ပြအပ်သော ပဋိသေဓ-စသော အ-သဒ္ဒါ၏ ၁၀-ပါးသောအနက်၊

ဝုမိုတဇ္ဇာဝ သဒိသ-နိသေဓ'ညပ္ပကေ ရဟေ။
နိန္နာဝိရုဒ္ဓဝိရဟ-သုညေ အ ပဒပူရဏေ။ –

ဟူ၍ ဧကက္ခရကောသကျမ်း(နှာ-၃၉၊ဂါ-၁၃)၌ ပြအပ်သော ဝုမိုု-စသော အ-သဒ္ဒါ၏ ၁၁-ပါးသောအနက်တို့တွင် "ခိပိ အနန္တကံ အပုနပ္ပုနံ အဒဿမာနော အပိလန္ဓနံ အလာပု" စသော ပါဠိတို့၌ အကျုံးဝင်သော အ-သဒ္ဒါသည် ပဒပူရဏအနက်ကို ဟောသကဲ့သို့ ပဒပူရဏအနက်ဟော အပိ-သဒ္ဒါကိုလည်းကောင်း၊

"ဝိသုဒ္ဓကရုဏာဉာဏံ၊ ပုဒ္ဓံ"စသော ပဏာမဂါထာ၌ ပုဒ္ဓံ-ဝယ် စ-သဒ္ဒါကို–

ကမ္မတ္ထသမုစ္စယော စသဒ္ဒေါ လုတ္တနိဒ္ဒိဋ္ဌော၊ အဇ္ဈာဟရိတဗ္ဗောတိ ဝါ၊ ပါဌသေသော-တိပိ၊ ဂမျမာနတ္ထတ္ထာ နပ္ပယုတ္တောတိပိ ဝတ္တုံ ဝဋ္ဋတိ။ –

ဟူ၍ မဏိသာရမဉ္ဇူသာ(ဋီကာ၊၁။၁-၂)ဆရာသည် လုတ္တနိဒ္ဒိဋ္ဌ-စသည် ကြံသကဲ့သို့ လုတ္တနိဒ္ဒိဋ္ဌ စသည် ကြံ၍ "အပရိဝတ္တလိင်္ အပိ၊ လိင်ပြန်သော်လည်း" ဤသို့ အနက်ယောဇနာသင့်သည်။ "အပရိဝတ္တလိင်္၊ လိင်မပြန်သော"ဤသို့ အနက်မယောဇနာလင့်။ ယင်းသို့ အနက်ယောဇနာသည်ရှိသော် လိင်ပြန်သော အမိ,အဘတို့၏ ဇိဝိတန္ဒြေကို ချရာ၌ အာနန္တရိယကံမထိုက်-ဟု ဗျတိရေကနည်းအားဖြင့် အတ္ထာပတ္တိ ဖြစ်ခဲ့ရာ၏။ ယင်းသို့ ဖြစ်ခဲ့သော်–

ဣတ္ထိ ဟနေ န မာတရံ၊ ပုရိသဉ္စ န ပိတရံ(ဟနေ)။
ဟနေယျ အနန္တရိယံ မန္ဒော၊ တေန စာ'နန္တရံ ဖုသေ။
ပဉ္စာ မေ'သာ ကုသလေဟိ စိန္တိတာ။ – ဟူသော ပရိဝါပါဠိ (၃၇၆),

http://www.dhammadownload.com

ဟနေယျ အနရိယံ မန္ဒောတိ တဉ္ဉိ ဣတ္ထိ ဝါ ပုရိသံ ဝါ အနရိယံ ဟနေယျ။ အယံ ပဉ္စာ လိင်္ဂပရိဝတ္တေန ဣတ္ထိဘူတံ ပိတရံ ပုရိသဘူတဉ္စ မာတရံ သန္ဓာယ ဝုတ္တာ။

ဟူသော ၎င်းပရိဝါအဋ္ဌကထာ(၂၃၉),

လိင်္ဂပရိဝတ္တေ ပန သော ဧဝ ဧကမ္မနိဗ္ဗတ္တိတော ဘဝင်္ဂပဗန္ဓော ဇိဝိတိန္ဒြိယပ္ပဗန္ဓော စ နာ'ညောတိ အာဟ အပရိဝတ္တလိင်္ဂန္တိ။ –

ဟူသော မူလဋီကာ(၂။၂၀၇),

တံ ဟိ ဥပါဒါယ ဧကဇာတိသမညာ။ နာ ဇာတ္ထ စ ဘာဝကလာပဇိဝိတိန္ဒြိယသ-ဝသေန စောဒနာ ကာတဗ္ဗာ။ တဒညသ္သေဝ အဓိပ္ပေတတ္တာ။ တံ ဟိ တတ္ထ အဝိစ္ဆေဒဝုတ္တိယာ ပဗန္ဓဝေါဟာရံ လဘတိ။ ဣတရံပိ ဝါ ဘာဝါနုပါလနတာ-သာမညေနာတိ အနောကာသာဝ စောဒနာ။ –

ဟူသော အနုဋီကာ(၂။၂၀၈),

ယသ္မာ မာတုယာ ပတိတ္တာ ပရိဝတ္တိတလိင်္ဂါယ မတာယ သော မာတုယာတကော ဟောတိ၊ နာ ကေဝလံ မနုဿပုရိသယာတကော၊ တသ္မာ ပတိတသ္သေဝ ဝသေန အာပတ္တီတိ အဓိပ္ပါယေန ပတနဿုပံ ပမာဏန္တိ ဝုတ္တံ။ –

ဟူသော သာရတ္ထဒီပနီ(၂။၂၆၈), ဝိမတိဝိနောဒနီဋီကာ(၁။၂၃၀)၊

တတ္ထ စ လိင်္ဂေ ပရိဝတ္တေပိ သော ဧဝ ဧကမ္မနိဗ္ဗတ္တော ဘဝင်္ဂပဗန္ဓော ဇိဝိတိန္ဒြိယပ္ပဗန္ဓော စ၊ နာ အညောတိ အပိ ပရိဝတ္တလိင်္ဂန္တိ ဝုတ္တံ။ ယော ဟိ လိင်္ဂေ အပရိဝတ္တေ တသ္မိံ အတ္တဘာဝေ ဘဝင်္ဂဇိဝိတိန္ဒြိယပ္ပဗန္ဓော၊ သော ဧဝ ပရိဝတ္တေပိ လိင်္ဂေ တံယေဝ စ ဥပါဒါယ ဧကဇာတိသမညာ။ နာ စေ'တ္ထ ဘာဝကလာပဂတ-ဇိဝိတိန္ဒြိယသ္သ ဝသေန စောဒနာ ကာတဗ္ဗာ တဒညသ္သေဝ အဓိပ္ပေတတ္တာ။ တဉ္ဉိ တတ္ထ အဝိစ္ဆေဒဝုတ္တိယာ ပဗန္ဓဝေါဟာရံ လဘတိ။ ဣတရမ္ပိ ဝါ ဘာဝါနုပါလ-နတာသာမညေနာတိ အနောကာသာဝ စောဒနာ။ တသ္မာ ပရိဝတ္တေပိ လိင်္ဂေ တသ္သေဝ ဧကမ္မနိဗ္ဗတ္တသ္သ သန္တာနသ္သ ဇိဝိတာ ဝေါရောပနတော ဝေါဟာရ-(ဘေဒ)တော ဣတ္ထိယာတကော ဝါ ဟောတု ပုရိသယာတကော ဝါ၊ အာနန္တရိယ-ကမ္မတော နာ မုစ္စတိတိ ဇာတ္တကမေဝ တတ္ထ ဝတ္တဗ္ဗံ။

ဟူသော သာရတ္ထဒီပနီ(၂။၂၆၈-၉),

http://www.dhammadownload.com

ပရိဝတ္တလိင်္ဂပိ မာတရံ ဝါ ပိတရံ ဝါ ဇီဝိတာ ဝေါရောပေန္တဿ အာနန္တရိယကမ္မံ ဟောတိယေဝ။ သတိပိ ဟိ လိင်္ဂပရိဝတ္တေ သော ဧဝ ဧကမ္မနိဗ္ဗတ္တော ဘဝင်္ဂပ္ပ-ဗန္ဓော ဇီဝိတိန္ဒြိယပ္ပဗန္ဓော စ၊ နညော'တိ။

ဟူသော တေရသကဏ်(သာရတ္ထဒီ၃။၂၆၀။ မ၊ဋ္ဌ၊၇၆။ အံ၊ဋ္ဌ၊၁။၃၅၅),

ပုရိသံယေဝ မာရေတိ၊ နော ဣတ္ထိံ ဟနတိ နရော။
မာတုယာတကနာမေန၊ ဝုစ္စတိ သော ကထံ ပုန။

ဟူသော ဝဇိရ, သာရတ္ထသင်္ဂဟ,

အယံ ပဥ္ဟော လိင်္ဂပရိဝတ္ထနေ ပုရိသဘူတံ မာတရံ သန္ဓာယ ဝုတ္တော။

ဟူသော ၎င်းဋီကာ။

ဣတ္ထိမေဝ စ မာရေတိ၊ နော ဟရေ ပုရိသံ နရော။
ပိတုယာတကနာမေန၊ ဝုစ္စတိ သော ကထံ ပုန။ ။ —

ဟူသော ဝဇိရ, သာရတ္ထသင်္ဂဟ။

အယံ ပဥ္ဟော လိင်္ဂပရိဝတ္ထနေ ဣတ္ထိဘူတံ ပိတရံ သန္ဓာယ ဝုတ္တော။

ဟူသော ၎င်းဋီကာ။

ဤဆိုအပ်ပြီးသော ပါဠိ,အဋ္ဌကထာ, ဋီကာ,အနု, ဂန္ထန္တရတို့၌လာသော ဝိနိစ္ဆယတွေ့နှင့် ဆန့်ကျင်ရကား မသင့်။ ထို့ကြောင့် ပဌမအနက်ယောဇနာသည့်အတိုင်းသာ သင့်၏-ဟု မှတ်သားရာ၏။

အနန္တကံ၊ စုတ်ပြတ်ရုန်းကြမ်း ပုဆိုးနွမ်းကို။ ခိပိ၊ ပစ်စွန့်ပေးလျှပြီ။ ဝါ၊ ခံယူစေခြင်းနှင့် စပ်သဖြင့် ရဟန်း၏လက်၌ ပေးပြီ။ အပုနပ္ပုနံ၊ အဖန်တလဲလဲ။ အဒဿမာနော၊ ပြလျက်။ ဤသို့ အနက်ပေး။

ထို့ကြောင့် သဒ္ဒနီတိ(သုတ္တ)၊ စတုပဒ(၃၇၄)၌—

အပိ စ **အ**ကတိ(ကတ္တာ) နိပါတမတ္တံပိ။ တထာ ဟိ ဂေါပါလဝိမာနဝတ္ထုမှိ **ခိပိ** **အနန္တကန္တိ** ဣမသ္မိံ ပါဠိပဒေသေ အကာရော နိပါတမတ္တံ။ တတ္ထ **ခိပိန္တိ** ပဋိဂ္ဂါဟာပန-ဝသေန သမဏာသ ဟတ္ထေ **ခိပိ** အဒါသိ။ **အနန္တကန္တိ** နန္တကံ ပိလောတိကံ။

(နိတိသုတ္တ။၃၇၄)

http://www.dhammadownload.com

နာ'ဟံ ပုနံ န စ ပုနံ။ န စာပိ အပုနပ္ပုနံ။ ဟတ္ထိဟောန္ဒီ ပဝေက္ခာမိ။ ထွေ စ အပုနပ္ပုနန္တိ အကာရော နိပါတမတ္တံ။ ပုနပ္ပုနံ ဣတိ အဘိဏှတ္ထေ။ ဒုက္ခဇာတိ ပုနပ္ပုနံ။ (နိတိသုတ္တ။၃၈၈)ဟူ၍ မိန့်အပ်၏။

နန္ဒကံ ကပ္ပဌော ဇိဏ္ဏ-ဝသနန္တ္ဟ ပဋ္ဌစ္စရံ။ (အဘိဓာန်။၈။၂၉၃)

ဒွယံ စိရကာလတ္ထာ နိဒ္ဒသေ ဇိဏ္ဏဝတ္ထေ။ နတ္ထိ အန္ဓော ဒသာ ယဿ နန္ဒကံ။ သကတ္ထေ ကော။ (ၛင်းအဘိဓာန်ဋီကာ။၂၀၇)

အဒဿယမာနောတိ ထွေ အ-ကာရော နိပါတမတ္တံ၊ ဒဿယမာနောတိ အတ္ထော။ (ပါထေယျဝဂ္ဂအဋ္ဌကထာ။၂၂)

အပရိဝတ္ထလိင်္ဂန္တိ ပရိဝတ္တလိင်္ဂံ အပိ၊ ခိပိ အနန္တကန္တိ ထွေ ဝိယ အကာရော ပဒပူရဏတ္ထော။ အပိသဒ္ဒေါ လုတ္တနိဒ္ဒိဋ္ဌော။ ဤသို့ ဖွင့်။

နိယာမ်ဝါကျ၌သာ— သဒ္ဒါမပြု၊ အနက်ရ၊ အတ္ထပူရဏာ။
သဒ္ဒါရှိက၊ နက်မရ၊ ပဒပူရဏာ။

(ပုပ္ပုပ္ပုနံကို၊ ပုနံ ပုနံ-ဟူ၍ ပဒဒ္ဒေဒပြု။ စိရပ္ပဝါသီ-ကဲ့သို့ မ-ကို ပ-ပြု၍ ပြီး၏။)

အချို့သော အဋ္ဌကထာပါဠိတို့၌ "အပိ ပရိဝတ္တလိင်္ဂံ"ဟူ၍ ပဋိသေဓ ၂-ချက်နှင့် ရှိ၏။ ယင်းသို့ရှိမူ "ဒွိ ပဋိသေဓော ပကတျတ္ထော"ဟူသော သဒ္ဒလက္ခဏာနှင့်အညီ "စိတ္တာဝိယုတ္တာနံ သမံ အဝိသမံ"ဟူသောပါဠိတို့၌ကဲ့သို့ "အပိ ပရိဝတ္တလိင်္ဂံ၊ ပြန်သော လိင်ရှိသော်လည်း" ဤသို့ ပကတိ အနက်ယောဇနာ။

"အပိ ပရိဝတ္တလိင်္ဂံ"ဟူ၍လည်း ပါဠိရှိ၏။ "အပရိဝတ္တလိင်္ဂံ"ဟူသော ပါဠိ၌ကဲ့သို့ပင် အ-ကို ပဒပူရဏ၊ အပိ-ကို လုတ္တနိဒ္ဒိဋ္ဌ-စသည် ကြံ။ အချို့သော အဋ္ဌကထာပါဠိတို့၌လည်း "အပိ ပရိဝတ္တလိင်္ဂံ"ဟူ၍ အပိ-သဒ္ဒါ ရှေ့တည်၍ရှိ၏။ ထိုသို့ အပိ-သဒ္ဒါ ရှေ့တည်၍ရှိသော ပါဠိသည်—

ဤမသို့ ပကရဏော အဋ္ဌကထာနုရူပေန ဝိသဒ္ဒေါပိ နိပါတေသု ဣစ္ဆိတဗ္ဗော၊ အပိသဒ္ဒေါပိ စ နိပါတပက္ခိကော ကာတဗ္ဗော၊ ယတ္ထ ကြိယာဝါစကပဒတော ပုဗ္ဗော န ဟောတိ။ တံ ယထာ? "အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိ သော နာဓိဂစ္ဆတိ၊" "ရာဇာပိ ဒေဝေါပိ၊ ဣတိပိ သော ဘဂဝါ"တိ။ တေသု ဝိသဒ္ဒေါ ပဒမဗ္ဗေ ပဒါဝသာနေ စ နိပတတိ။ အပိသဒ္ဒေါ ပန ပဒါဒိမှိ ပဒမဗ္ဗေ ပဒါဝသာနေ စ နိပတတိ။ တိဋ္ဌတိပိ နိသီဒတိပိ၊ စင်္ကမတိပိ၊ နိပဇ္ဇတိပိ၊ အန္တရာပိ ဓာယတိ။

http://www.dhammadownload.com

ဟူသော သဒ္ဒနီတိ၊ စတုပဒ(သုတ္တ။၃၉၃၊၃၉၄)နှင့်အညီ အပိ-သဒ္ဒါသည် ပုဒ်တို့၏ အစ, အလယ်, အဆုံး ၃-ပါးတို့၌ပင် ကျသင့်ရကား–

အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိ သော နာဓိဂစ္ဆတိ။(ခု၊၁။၄၁။ ဇာတက၊၁။၇၄) **အပိ ဘန္တေ ဘိက္ခံ လဘိတ္ထာ။**(ဝိ၊၁။၂၇၅။ဝိ၊၄။၂၉။အံ၊၄။၁။၁၄၅) **အပိ အမှာကံ ပဏ္ဍိတကာ။**(ဒီ၊၁။၁၀၀။ ရွှန္ဒာ-၁၃၀။နိတိ၊သုတ္တ။၃၆၆) **အပိ အတရမာနာနံ။ ဖလာသာဝ သမိဇ္ဈတိ။**(ဇာတက၊၁။ ၃။ဇာတက၊၂။၁၅၁-၂)

အစရှိသော ပြယုဂ်တို့၌ကဲ့သို့ အပိ-သဒ္ဒါ အစ၌ ကျသဖြင့် အပိ ပရိဝတ္တလိင်-ဟူ၍လည်း ရှိသင့်သည်ဖြစ်၍ သင့်လျော်သော ပါဠိပင်-ဟု မှတ်သင့်သည်။

သော သမ္မသမ္မဒ္ဓသာဝကော၊ ထိုဘုရား၏ တပည့်သည်။ ဒိဗ္ဗေသု၊ နတ်၌ဖြစ်ကုန်သော။ ကာမေသု အပိ၊ ရူပါရုံက၊ စသည် ၅-ဖြာ၊ ကာမတို့၌လည်း။ ရတိ၊ မွေလျော်ခြင်းကို။ နာဓိဂစ္ဆတိ၊ မရ။ (ခမ္ဗပဒ။၄၁)

ဘန္တေ၊ အရှင်ဘုရား။ ဘိက္ခံ၊ ဆွမ်းကို။ လဘိတ္ထ အပိ၊ ရတော်မူကုန်ပြီလော။ အမှာကံ၊ ငါ-ပေါက္ခရသာတိပုဏ္ဏားတို့၏။ ပဏ္ဍိတကာ၊ ဗေဒင်လိမ္မာ ပညာရှိတို့သည်။ အပိ၊ ကဲ့ရဲ့ဖွယ်တို့တည်း။ သမ္မ သာရထိ၊ အချင်း ရထားထိန်း။ အတရမာနာနံ အတရမာနဿ၊ အဆောတလျင် မပြုသောသူအား။ ဖလာသာဝ၊ လိုအပ်သော အကျိုးသည်လျှင်။ အပိ သမိဇ္ဈတိ၊ ပြည့်စုံ၏။

ယင်းသို့ အပိ-သဒ္ဒါ ရှေ့၌ ကျသဖြင့် "အပိ ပရိဝတ္တလိင်"ရှိမူ "မနုဿဘူတသော၀၊ လူဖြစ်၍ ဖြစ်သည်သာလျှင်ဖြစ်သော။" ("ဝေါရောပေန္တဿ"၌ ဝိသေသန-စပ်။)

မနုဿဘူတံ၊ လူဖြစ်၍ဖြစ်သော။ မာတရံ ဝါ၊ အမိကိုလည်းကောင်း။ ပိတရံ ဝါ၊ အဘကိုလည်းကောင်း။ ပရိဝတ္တလိင် အပိ၊ လိင်ပြန်ငြားသော်လည်း။ ဇိဝိတာ၊ ဇိဝိတိန္ဒြေမှ။ ဝေါရောပေန္တဿ၊ ချသောပုဂ္ဂိုလ်အား။ ဝါ၊ ချသောပုဂ္ဂိုလ်၏။ ကမ္မံ၊ ကံသည်။ အာနန္တရိယံ၊ အာနန္တရိယကံသည်။ ဟောတိ၊ ၏။

ဤသို့ အပိ-သဒ္ဒါကို အဌာနယောဂကြဲ၍ ဂရဟာအနက်ထင်အောင် ယောဇနာလေ။ ဤသို့ ပါဠိ,အဋ္ဌကထာ,ဋီကာ-စသည်တို့၌လာသော ဝိနိစ္ဆယတ္ထတို့နှင့် ညီနှိုင်း၍ ယောဇနာအပ်သော အနက်, ဆုံးဖြတ်အပ်သော ဝိနိစ္ဆယတ္ထတို့ကိုသာ မှတ်သင့်ရာ၏။

မဏိရတနာဆရာတော်ဘုရား, ရွှေတောင်ဆရာတော်ဘုရားတို့ ယောဇနာအပ်သော အနက်မှာမူကား "သတိမမူ၊ ဂူမမြင်"ဟူဘိ၏သို့ ကျမ်းတပါးတို့၌လာသော ဝိနိစ္ဆယတ္ထတို့ကို နှလုံးမသွင်းမိမူ၍ သဒ္ဒါရှိတိုင်း အထင်အားဖြင့် ယောဇနာအပ်သော အနက်-ဟု မှတ်ယူ

http://www.dhammadownload.com

သင့်ရကား ထိုဆရာမြတ်တို့ ယောဇနာအပ်သော အနက်ကို စွဲ၍ အာနန္တရိယက် မထိုက်-ဟု ယူခြင်းသည် မသင့်သောအယူဝါဒဖြစ်သည်၊ အာနန္တရိယက် ထိုက်၏-ဟူ၍သာ ဧကန္တနိသ်သယမှတ်ယူသင့်သည်။ ။ ဤတွင် စကားတစ်ရပ် ပြီး၏။

ဆိဒ္ဓပိဓာနနီကျမ်း(နှာ-၁၆၇)မှ (နှာ-၁၆၉)ထိကို အလွယ်တကူ ကြည့်ရှုနိုင်ရန်အလို့ငှာ ယူ၍ ဖြပါသည်။

[ဤမာတ္ဂ, ပိတုဃာတကက်အရာ အဋ္ဌကထာ,ဋီကာပါဠိ ချုတ်ပျက်သောကြောင့် ရှေးဆရာကြီးတို့ ဉာဏ်မသက်နိုင်၍ ကြံမှိုင်ချုတ်ချော်ကြသည့်အရာကို သတိပြုရန် အမှာစကား ချပ်ဦးအံ့။

မနုဿဘူတသေဝ မနုဿဘူတံ မာတရံ ဝါ ပိတရံ ဝါ အဝိ ပရိဝတ္တလိင် ဇိဝိတာ ဝေါရောပေန္တသ ကမ္မံ အာနန္တရိယံ ဟောတိ။ *(အဘိဓ္ဓ၊၂။၄၀၇။သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ဉာဏဝိဘင်းအဖွင့်)*

မနုဿဘူတသေဝ၊ မိမိက လူဖြစ်လျက်သာလျှင်။ မနုဿဘူတံ၊ လူဖြစ်၍ဖြစ်သော။ မာတရံ ဝါ၊ အမိကိုလည်းကောင်း။ ပိတရံ ဝါ၊ အဘကိုလည်းကောင်း။ အဝိ ပရိဝတ္တလိင်၊ ပရိဝတ္တလိင် အဝိ၊ လိင်ပြန်သည်ကိုသော်လည်း။ ဇိဝိတာ၊ အသက်မှ။ ဝေါရောပေန္တသ၊ ချသော သား,သမီးအား။ ဝါ၊ ၏။ တစ်နည်းလည်း ဝေါရောပေန္တသ၊ ချသော။ မနုဿဘူတသေဝ၊ လူဖြစ်၍ဖြစ်သော သား,သမီးအားသာလျှင်။ ဝါ၊ ၏သာလျှင်။ ကမ္မံ၊ ကံသည်။ အာနန္တရိယံ၊ အာနန္တရိယကံသည်။ ဟောတိ၊ ၏။

အဝိ ပရိဝတ္တလိင်-၌ အဝိ-သဒ္ဒါ ဂရဟာတ္ထာ။ လိင်မပြန်မူ ပဂေဝ-ဟု သမ္ဘာဝနတ္ထကို ပေါင်းဆည်းသည်။ (အဋ္ဌကထာအနက်)

လိင်ံ ပရိဝတ္တေဝိ သော ဧဝ ဧကကမ္မနိဗ္ဗတ္တော ဘဝင်ပ္ပဗန္ဓော ဇိဝိတိန္ဒြိယပ္ပဗန္ဓော စ၊ နာညောတိ အာဟ 'အဝိ ပရိဝတ္တလိင်'န္တိ။ *(သာရတ္ထဋီ၊၂။၂၆၈။ မူလဋီကာ၊၂။၂၀၇)*

လိင်ံ၊ လိင်သည်။ ပရိဝတ္တေဝိ၊ ပြန်သော်လည်း။ ဧကကမ္မနိဗ္ဗတ္တော၊ တစ်ခုတည်းသော ဇနကကံသည် ဖြစ်စေအပ်သော။ ဘဝင်ပ္ပဗန္ဓော စ၊ ဘဝင်အစဉ်သည်လည်းကောင်း။ ဇိဝိတိန္ဒြိယပ္ပဗန္ဓော စ၊ ဇိဝိတိန္ဒြေအစဉ်သည်လည်းကောင်း။ သော ဧဝ၊ ထိုအစဉ်သည်သာလျှင်တည်း။ နာညော၊ ဘဝ ပြောင်းခြား၊ တပါးအစဉ် မဟုတ်ပြီ။ ဣတိ တသ္မာ၊ ကြောင့်။ အဝိ ပရိဝတ္တလိင်္ဂီ၊ ဟူ၍။ အာဟ၊ မိန့်ဆိုပြီ။

နာ စေ'တ္ထ ဘာဝကလာပဂတဇိဝိတိန္ဒြိယဿ ဝသေန စောဒနာ ကာတဗ္ဘာ တဒဉ္ဉဿေဝ အဓိပ္ပေတတ္တာ။ တဉ္ဧိ တတ္ထ အဝိစ္ဆေဒဝုတ္တိယာ ပဗန္ဓဝေါဟာရံ လဘတိ။ ဣတရံပိ ဝါ ဘာဝါနုပါလတာသာမညေနာတိ အနောကာသာဝ စောဒနာ။ တသ္မာ ပရိဝတ္တေဝိ လိင်ံ တဿေဝ ဧကကမ္မနိဗ္ဗတ္တဿ သန္တာနဿ ဇိဝိတာ ဝေါရောပနတော ဝေါဟာရဘေဒတော သော ဣတ္ထိယာတကော ဝါ ဟောတု ပုရိသယာတကော ဝါ၊ အာနန္တရိယကမ္မတော နံ မုစ္စတိ။
(တတိယပါရာဇိကအဖွင့် သာရတ္ထဒီပနီဋီကာ၊၂။၂၆၈။၂၆၉။အနုဋီကာ၊၂။၂၀၈)

ပရိဝတ္တလိင်္ဂီမို့ မာတရံ ဝါ ပိတရံ ဝါ ဇိဝိတာ ဝေါရောပေန္တဿ အာနန္တရိယံ ဟောတိယေဝ။
(မဟာဝါခနကအဖွင့် တေရသကဏ်ဋီကာ-သာရတ္ထ၊၃။၂၆၀)

http://www.dhammadownload.com

စ၊ ဆက်ဦးအံ့။ ဇတ္ထ၊ ဤအစဉ်မပြတ်-ဟူရာ၌။ ဘာဝကလာပဂတဇိဝိတိန္ဒြိယဿ၊ ချုပ်သွား, ပေါ်လာသော ဘာဝဒသကကလာပ် ၂-မျိုးတို့၌တည်သော ဇီဝိတိန္ဒြေ၏။ ဝသေန၊ အစွမ်းဖြင့်။ စောဒနာ၊ ပြစ်တင်ကဲ့ရဲ့ခြင်းကို။ န ကာတဗ္ဗာ၊ မပြုအပ်။ တဒဉ္ညဿေဝ၊ ထိုမှတပါးသော ကမ္မဇကလာပ် ၇-စည်း၌ပါသော ဇီဝိတိန္ဒြေကိုသာလျှင်။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုကြွင်း ကမ္မဇကလာပ် ၇-စည်း၌ပါသော ဇီဝိတိန္ဒြေသည်။ အဝိစ္ဆေဒဝုတ္တိယာ၊ မပြတ်ဖြစ်ခြင်းကြောင့်။ ပဗန္ဓဝေါဟာရံ၊ အစဉ်မပြတ်-ဟူသော ဝေါဟာရကို။ လဘတိ၊ ရ၏။ ဝါ၊ တစ်နည်းလည်း။ ဣတရံပိ၊ ရှေ့နောက် ဘာဝဒသကကလာပ် ၂-စည်း၌ပါသော ဇီဝိတိန္ဒြေသည်လည်း။ ဘာဝါနုပါလတာသာမညေန၊ ဘောကို စောင့်ခြင်း တူသောအားဖြင့်။ ဝါ၊ တူသောကြောင့်။ ပဗန္ဓဝေါဟာရံ၊ အစဉ်မပြတ်-ဟူသော ဝေါဟာရကို။ လဘတိ၊ ရ၏။ ဣတိ တသ္မာ၊ ကြောင့်။ စောဒနာ၊ ပြစ်တင်ကဲ့ရဲ့ခြင်းသည်။ အနောကာသာဝ၊ အရာမကျ, ခွင့်မရသည်သာတည်း။ တသ္မာ၊ ကြောင့်။ လိင်္ဂေါ၊ လိင်သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ ဧကကမ္မနိဗ္ဗတ္တာသု၊ တစ်ခုတည်းသော ဇနကကံကြောင့်ဖြစ်သော။ တဿေဝ သန္တာနဿ၊ ထိုသတ္တဝါအစဉ်ကိုသာလျှင်။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပနတော၊ ချခြင်းကြောင့်။ ဝေါဟာရဘေဒတော၊ အခေါ်အဝေါ် ပြားသောအားဖြင့်။ သော၊ ထိုသတ်သော သား,သမီးသည်။ ဣတ္ထိယာတကော ဝါ၊ အဘ-မံကို သတ်သောသူ မည်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ပုရိသယာတကော ဝါ၊ အမိ-ထီးကို သတ်သောသူ မည်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အာနန္တရိယကမ္မတော၊ အာနန္တရိယကံမှ။ န မုစ္စတိ၊ မလွတ်။ (အနုဋီကာအနက်)

ဤပါဠိတို့တွင် အဋ္ဌကထာ၌ 'ဝိ'ကျ၍ ဋီကာ၌ 'ဝိ'ဖြစ်၍နေသော ပါဠိပျက်တို့ကို တွေ့မြင်ကြသော 'နိသ္သ, ဂဏ္ဌိ'တို့၌ အပရိဝတ္တလိင်၊ မပြန်သောလိင်ရှိသော။ ဝါ၊ လိင်မပြန်သော။ - ဟု ဋီကာများနှင့် ဆန့်ကျင်ဘက်အဋ္ဌကထာကို အနက်ပေး မှားလေသည်။

လိင်ပြန်၍ အမိသည် အဘ, အဘသည် အမိဖြစ်သော်ငြားလည်း အာနန္တရိယက် ဖြစ်၏-ဟု ယူလေအံ့ စိုးရကား "အပရိဝတ္တလိင်"မိန့်-ဟု ဂုင်းဂဏ္ဌိ၌ အနုသန္ဓေတက် မှားလေသည်။ အချို့ဆရာတို့ကား အ-အက္ခရာ တဇ္ဇော၊ အဝိသဒ္ဒါ ကျေသည်-ဟု ကြံ၏။ အဓိပ္ပါယ်ကား မှန်၏။ သဒ္ဒါမှာ နေရာမကျ၊ ကြံပုံစည်ပုံ ဖျင်းသုန်နုပ်ဖွဲလှ၏။ ထို့ကြောင့်--

အဝိ ဒိဗ္ဗေသု ကာမေသု၊ ရတိ သော နာဓိ ဝဏ္ဏတိ။ --ဟူသော ဓမ္မပဒပါဠိတော်(၄၁),

ဣတ္ထိယောဝိ ပန အဝိ ဈာသမာပတ္တိလာဘိနိယော ဗြဟ္မပါရိသဇ္ဇေသုယေဝ နိဗ္ဗတ္တန္တိ။

(မာတုဂါမော နာမ အဝိ စက္ကဝတ္တိရာဇာနံ) ဟူသော ဋီကာကျော်(နှာ-၁၈၆။အဘိ၊ဋ္ဌ၂။၄၃၁၉)များ၌ကဲ့သို့ အဝိပရိဝတ္တလိင်-ဟု ပါဠိရှိမှ မှန်သည်-ဟု သန္နိဋ္ဌာန်ကျ မှတ်ယူရာသည်။

ဤဋီကာကျော်ပါဠိအရကိုလည်း မိန်းမ-ဟူက သမာပတ် ၈-ပါးကို ရသော်လည်း အောက်ဆုံးဗြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်ရ၏-ဟု ခပ်သိမ်းသောဆရာကြီးတို့ ဆုံးဖြတ်ရေးသား၍ထားကြသောစကား မသင့်ကြောင်းကို ပရမတ္ထသရူပဘေဒနီ၊ ပ-တွဲ၊ နှာ-၁၈၆ (၂၀၀၀-ခု၊ သာသနာရေးဦးစီးဌာန ရိုက်)တွင် များစွာဆုံးဖြတ်လျက်ပါလေပြီ။ ဤကား အမှာစကားချပ်။]

http://www.dhammadownload.com

- စေတနာ ၃-တန်တို့တွင် အဘယ်စေတနာသည် ပဋိသန္ဓေအကျိုးကို ပေးသနည်း?
- အဘယ်စေတနာကား ပဝတ္တိအကျိုးကို ပေးသနည်း?
- ၃-ပါးလုံးပင် ပဋိသန္ဓေအကျိုးကို ပေးသလော?
- ထိုသို့မဟုတ် မူဝစေတနာသာ ပဋိသန္ဓေအကျိုးကို ပေးသလော?

ဟု မေးလျှောက်ထားရာ၌ ကျမ်းဂန်လာရှိသည့်အတိုင်း ဆုံးဖြတ်ရေးသားလိုက်အံ့။

ဒါန-ဟူသည် အနုသယနှင့်တကွသော ခန္ဓာအစဉ်ရှိသော ပုဂ္ဂိုလ်၏ သူတပါးတို့ကို ပူဇော်ခြင်း, ချီးမြှောက်ခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့် မိမိ၏ထင်ရှားရှိသော ဥစ္စာကို စွန့်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော စေတနာသည် ဒါန မည်၏။

ထို့ကြောင့် အဘိဓမ္မာဝိဘာဝိနီ(၁၇၆)၌–

> **တတ္ထ သာနုသယသန္တာနဝတော ပရေသံ ပူဇာနုဂ္ဂဟကာမတာယ အတ္တနော ဝိဇ္ဇမာန-ဝတ္ထုပရိစ္စဇနဝသပ္ပဝတ္တစေတနာ ဒါနံ နာမ။**

ဟု မိန့်အပ်၏။

တတ္ထ တေသု ဒါနာဒီသု၊ ထိုဒါန-အစရှိသည်တို့တွင်။ သာနုသယသန္တာနဝတော၊ အနုသယနှင့်တကွဖြစ်သော ခန္ဓာအစဉ်ရှိသော ပုဂ္ဂိုလ်၏။ ပရေသံ၊ သူတပါးတို့ကို။ ပူဇာ-နုဂ္ဂဟကာမတာယ၊ ပူဇော်ခြင်း, ချီးမြှောက်ခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့်။ အတ္တနော၊ မိမိ၏။ ဝိဇ္ဇမာနဝတ္ထုပရိစ္စဇနဝသပ္ပဝတ္တစေတနာ၊ ထင်ရှားရှိသောဝတ္ထုကို စွန့်ခြင်း၏အစွမ်း အားဖြင့်ဖြစ်သော စေတနာသည်။ ဒါနံ နာမ၊ ဒါန မည်၏။

ဤပါဠိ၌ "သာနုသယသန္တာနဝတော"ဟူသော ပါဌ်ဖြင့် နိရာနုသယသန္တာန်ရှိသော ရဟန္တာ အရှင်မြတ်၏ ပရိစ္စာဂစေတနာကို နှစ်စေ၍ ထိုစေတနာသည် ဒါနသာ မည်၏။ ပုည-ကြိယဝတ္ထု မမည်။

ထို့ကြောင့် မဏိသာရမဉ္ဇူသာ(၃။၅၁)၌–

> သာနုသယသန္တာနဝတော ပုဂ္ဂလဿ ဧတေန နိရာနုသယသန္တာနဝတော အရဟ-တော ပရိစ္စာဂစေတနံ နိဝတ္တေတိ။ သာ ဟိ ဒါနမတ္တံ နာမ ဟောတိ။ န ပုညကြိယ-ဝတ္ထု နာမ။

ဟု မိန့်အပ်၏။

http://www.dhammadownload.com

"ပူဇာနုဂ္ဂဟကာမတာယ"ဟူသောပါဠိဖြင့် ဘေး-အစရှိသည်တို့ကြောင့် ပေးခြင်း၏ ဒါန မည်သည်၏အဖြစ်ကို နှစ်စေ၏။

ထို့ကြောင့် မဏိသာရမဉ္ဇူသာ(ဒု။၅၁)၌ "ပူဇာနုဂ္ဂဟကာမတာယာတိ(ပူဇာကာမတာ အနုဂ္ဂဟကာမတာယ) ဧတေန ဘယာဒီဟိ ဒါနံ အပနေတိ"ဟု မိန့်အပ်၏။

"ဝိဇ္ဇမာနဝတ္ထုပရိစ္စဇနဝသပ္ပဝတ္ထာ"ဟူသောပါဠိဖြင့် ထင်ရှားမရှိသော ဝတ္ထုကို အာရုံပြု၍ ဖြစ်သော စေတနာသည် ဒါန မမည်၊ ပုညမတ္ထသာတည်း-ဟု ပြ၏။

ထို့ကြောင့် မဏိသာရမဉ္ဇူသာ(ဒု။၅၁)၌–

> ဝိဇ္ဇမာနဝတ္ထုပရိစ္စဇနဝသပ္ပဝတ္ထာတိ ဧတေန အဝိဇ္ဇမာနဝတ္ထု'မာရဗ္ဘ ပဝတ္တာ စေတနာ ဒါနံ နာမ န ဟောတိ၊ ပုညမတ္ထမေဝ ဟောတီတိ ဒဿေတိ။

ဟု မိန့်အပ်၏။

ထင်ရှားရှိသောဝတ္ထုကို ကြံခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း, စွန့်အပ်ပြီးသော ဒါနဝတ္ထုကို ဝမ်းမြောက်သောစိတ်ဖြင့် အဖန်တလဲလဲ အောက်မေ့ခြင်း၏ အစွမ်းအားဖြင့် လည်း ကောင်းဖြစ်သော ရှေ့အဖို့ နောက်အဖို့၌ဖြစ်သော စေတနာတို့သည် ဒါန၌သာလျှင် ပေါင်းခြင်းသို့ ရောက်ကုန်၏။ ။ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီ(၁၇၆)၌–

> ဝိဇ္ဇမာနဝတ္ထုစိန္တနဝသေန (ဒါနဝတ္ထုပရိယေသနဝသေန) ဒိန္နဿ သောမနဿစိတ္တေန အနုဿရဏဝသေန စ ပဝတ္တာ ပုဗ္ဗဘာဂပစ္စာဘာဂစေတနာ ဧတ္ထေဝ သမောဓာနံ ဂစ္ဆန္တိ။

ဟု မိန့်အပ်၏။ ဤပါဠိ၌–

"ဝိဇ္ဇမာနဝတ္ထုစိန္တနဝသေန"ဟူသောပါဠိဖြင့် လျှဖွယ်ဝတ္ထုမှ ကင်း၍ စိတ်ဖြစ်ကာမျှဖြင့် ဒါန-မယကုသိုလ်ကို ဆည်းပူးရပေသတည်းဟူသော အယူကို နှစ်စေရခြင်း အကျိုးရှိ၏။

ထို့ကြောင့် အနုဋီကာ(၁။၇၆)၌–

> ဝိဇ္ဇမာနဝတ္ထုသ္မိန္တိ ဧတေန ဝိနာဝ ဒေယျဓမ္မပရိစ္စာဂေန စိတ္တုပ္ပါဒမတ္တေနေဝ ဒါန-မယံ ကုသလံ ဥပစိတံ ဟောတီတိ ကေသဉ္စိ အတိဓာဝနံ နိဝါရိတံ။

ဟု မိန့်အပ်၏။

ထိုဒါနဝတ္ထုတို့ကို လျှူရာ၌ စေတနာသည် ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရ-စေတနာ-ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင်–

http://www.dhammadownload.com

- လှူအံ့သောငှာ လှူဖွယ်ဝတ္ထုကို တရားနှင့်ညီသဖြင့် ဖြစ်စေသောသူအားလည်းကောင်း,
- ဖြစ်ပြီးသော လှူဖွယ်ဝတ္ထုကို စွန့်အံ့, လှူအံ့-ဟု ကြံသောသူအားလည်းကောင်း,
- အလှူခံပုဂ္ဂိုလ်ကို ရှာမှီးသောသူအား(လည်းကောင်း)၊

အကြင်မျှလောက်သော ကာလပတ်လုံး အလှူဝတ္ထုကို အလှူခံ၏လက်၌ မစွန့်သေး, မညွတ်သေး၊ ထိုမျှလောက်သော ကာလပတ်လုံးဖြစ်သော စေတနာသည် ပုဗ္ဗစေတနာ မည်၏။

ထို့ကြောင့် အဘိဓမ္မတ္ထဝိကာသိနီ(-အဘိဓမ္မာဝတာရဋီ-သစ်၊၁။၂၀၁)၌-

> ဒါနတ္ထာယ ဒေယျဓမ္မံ ဓမ္မေန သမေန ဥပ္ပါဒေန္တသ္သ ဥပ္ပန္နံ 'ပရိစ္စဇိဿာမီ'တိ စိန္တေန္တသ္သ ဒက္ခိဏေယျံ ပရိယေသန္တသ္သ စ နံ ယာဝ(စ ယာဝ) ဝတ္ထုနော ပဋိဂ္ဂါဟကာသ္သ ဟတ္ထေ ဝိသဇ္ဇနံ ပရိဏာမနံ ဝါ၊ တာဝ ပဝတ္တာ ပုဗ္ဗဘာဂစေတနာ **ပုဗ္ဗစေတနာ** နာမ။

ဟု မိန့်အပ်၏။

အလှူခံပုဂ္ဂိုလ်၏လက်၌ စွန့်သော, ညွတ်သော စေတနာသည် **မုဉ္စစေတနာ** မည်၏။
ထို့ကြောင့် အဘိဓမ္မတ္ထဝိကာသိနီ(-အဘိဓမ္မာဝတာရဋီ-သစ်၊၁။၂၀၁)၌-

> ပဋိဂ္ဂါဟကာသ္သ ပန ဟတ္ထေ ဝိသဇ္ဇနစေတနာ ပရိဏာမနစေတနာ ဝါ **မုဉ္စစေတနာ** နာမ။

ဟု မိန့်အပ်၏။

မိမိသည် စွန့်အပ်ပြီးသောဝတ္ထု၌ တပ်ခြင်းကို မပြုမူ၍ "ကောင်း၏၊ ကောင်း၏။ ငါသည် မြတ်သောအလှူကို လှူအပ်ပြီ" ဤသို့ ဝမ်းမြောက်သောစိတ်ဖြင့် ဆင်ခြင်သောသူအား ဖြစ်သောစေတနာသည် **အပရစေတနာ** မည်၏။

ထို့ကြောင့် အဘိဓမ္မတ္ထဝိကာသိနီ(-အဘိဓမ္မာဝတာရဋီ-သစ်၊၁။၂၀၁)၌-

> အတ္တနာ ဝိဿဋ္ဌဝတ္ထုမှိ အာလယံ အကတွာ 'သာဓု သုဋ္ဌု အဂ်ံ ဒါနံ မေ ဒိန္နံ'န္တိ သောမနဿစိတ္တေန ပစ္စဝေက္ခန္တသ္သ ဥပ္ပန္နာ **အပရစေတနာ** နာမ။

ဟု မိန့်အပ်၏။

ထို ၃-ပါးသောစေတနာနှင့် ပြည့်စုံစွာ ပေးလှူအပ်သောဒါနသည် ကြီးသော အကျိုးရှိ၏။

http://www.dhammadownload.com

ထို့ကြောင့် မယ္ဒ(က)သကုဏာဇာတ်အဋ္ဌကထာ(ဇာ၊၅၊၃၀၊၂၈၂)၌–

ဒါနဉ္စိ နာမ တိဿော စေတနာ ပရိပုဏ္ဏံ ကာတုံ သက္ကောန္တသ္သေဝ မဟပ္ဖလံ ဟောတိ။

ဟု မိန့်အပ်၏။

ဟိ သစ္စံ၊ မှန်၏။ ဒါနံ နာမ၊ ဒါနမည်သည်ကား။ တိဿော စေတနာ၊ ၃-ပါးသော စေတနာတို့ကို။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်ကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောန္တသ္သေဝ၊ တတ်နိုင်သောသူအားသာလျှင်။ မဟပ္ဖလံ၊ အကျိုးကြီးသည်။ ဟောတိ၊ ဖြစ်၏။

အဂ်ုတ္တိရ်၊ ဆက္ကနိပါတ်(အံ၊၂။၂၉၆။ ပေတ၊၁၅၉။ ဇာ၊၅၊၃၀၊၂၈၂)၌လည်း–

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတ္ဝာ အတ္တမနော ဟောတိ၊ ဧသာ ယညဿ သမ္ပဒါ။ ။

ဟူ၍ ဟောတော်မူအပ်၏။

(၁) ဒါနာ၊ မုဉ္စစေတနာ-ဟူသော လျူဆဲမှ။ ပုဗ္ဗေဝ၊ ရှေးမဆွဋ္ဌလျှင်။ သုမနော၊ စည်းစိမ်တို့၏အကြောင်းဖြစ်သော အစဉ်လိုက်သော ရွှေအိုးကို မြှုပ်အံ့-ဟု ဝမ်းမြောက်ဝမ်းသာရှိရာ၏။

(၂) ဒဒံ၊ လှူဖွယ်ဝတ္ထုကို အလှူခံတို့၏လက်၌ ထားစဉ်။ စိတ္တံ၊ စိတ်ကို။ ပသာဒယေ၊ "အနှစ်မရှိသော ဥစ္စာမှ အနှစ်ရှိသောဥစ္စာကို ငါပြု၏"ဟု ကြည်လင်စေရာ၏။

(၃) ဒတ္ဝာ၊ လှူပြီး၍။ အတ္တမနော၊ "ပညာရှိတို့သည် ပညတ်အပ်သော ကုသိုလ်ကို ငါ-ဖြစ်စေအပ်ပြီတကား။ အံ့ဖွယ်ရှိစွ၊ အလွန်ကောင်းစွ"ဟု ဝမ်းမြောက်ဝမ်းသာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧသာ၊ ဤသည်ကား။ ယညဿ၊ အလှူ၏။ သမ္ပဒါ၊ ပြည့်စုံခြင်းတည်း။

ထို ၃-ပါးသော စေတနာတို့တွင် မုဉ္စစေတနာသာ ဒါနမယကုသိုလ် မည်သလော၊ သို့တည်းမဟုတ် စေတနာ ၃-တန်လုံးပင် ဒါနမယကုသိုလ် မည်သလောဟူမူ မုဉ္စစေတနာသာ ဒါနမယကုသိုလ် မမည်။ စေတနာ ၃-တန်လုံးပင် ဒါနမယကုသိုလ် မည်သည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဝိဘင်းအဋ္ဌကထာ(၁၃၅)၌–

> စီဝရာဒီသု ပန စတူသု ပစ္စယေသု ရူပါဒီသု ဝါ ဆသု အာရမ္မဏေသု အန္နာဒီသု ဝါ ဒသသု ဒါနဝတ္ထူသု တံ တံ ဒေန္တဿ တေသံ ဥပ္ပါဒနတော ပဋ္ဌာယ ပုဗ္ဗဘာဂေ ပရိစ္စာဂကာလေ ပစ္ဆာ သောမနဿစိတ္တေန အနုဿရဏော စာ'တိ တီသု ကာလေသု ပဝတ္တာ စေတနာ ဒါနမယာ နာမ။ – ဟု မိန့်အပ်၏။

http://www.dhammadownload.com

စိဝရာဒီသု၊ သင်္ဂန်း-အစရှိကုန်သော။ စတူသု၊ ၄-ပါးကုန်သော။ ပစ္စယေသု ဝါ၊ ပစ္စည်းတို့၌လည်းကောင်း။ ရူပါဒီသု၊ ရူပါရုံ-အစရှိကုန်သော။ ဆသု၊ ၆-ပါးကုန်သော။ အာရမ္မဏေသု ဝါ၊ အာရုံတို့၌လည်းကောင်း။ အန္နာဒီသု၊ ဆွမ်း-အစရှိကုန်သော။ ဒသသု၊ ၁၀-ပါးကုန်သော။ ဒါနဝတ္ထူသု ဝါ၊ ဒါနဝတ္ထုတို့၌လည်းကောင်း။ တံ တံ၊ ထိုထို ဆွမ်း,သင်္ဂန်း-အစရှိသော ဒါနဝတ္ထုကို။ ဒေန္တသ၊ ပေးလှူသောသူအား။ တေသံ၊ ထိုဆွမ်း,သင်္ဂန်း-အစရှိသော အလှူဝတ္ထုတို့ကို။ ဥပ္ပါဒနတော၊ ဖြစ်စေသောကာလမှ။ ပဌာယ၊ စ၍။ ပုဗ္ဗဘာဂေ စ၊ ရှေးအဖို့၌လည်းကောင်း။ ပရိစ္စာဂကာလေ စ၊ အလှူဝတ္ထုကို စွန့်သောကာလ၌လည်းကောင်း။ ပစ္စာ၊ နောက်၌။ သောမနဿစိတ္တေန၊ ဝမ်းမြောက်သောစိတ်ဖြင့်။ အနုဿရဏေ စ၊ အောက်မေ့သော ကာလ၌လည်းကောင်း။ ဣတိ၊ သို့။ တီသု၊ ၃-ပါး ကုန်သော။ ကာလေသု၊ ကာလတို့၌။ ပဝတ္တာ၊ သော။ စေတနာ၊ သည်။ ဒါနမယာ နာမ၊ **ဒါနမယကုသိုလ် မည်၏**။

စေတနာ ၃-တန်လုံးပင် ဒါနမယကုသိုလ်မည်သော် ပဋိသန္ဓေအကျိုးကို စေတနာ ၃-တန်လုံးပင် ပေးသလော၊ သို့တည်းမဟုတ် မုဉ္စစေတနာသာလျှင် ပေးသလောဟူမူ-

ဥက္ကဋ္ဌန္တိ ကုသလပရိဝါရလာဘတော ပစ္စာ အာသေဝနပ္ပဝတ္တိယာ ဝါ ဝိသိဋ္ဌံ။

ဟု အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၁၈၂)၌ ကုသိုလ်အခြံအရံကို ရခြင်းကြောင့် ထူးသောကံသည်လည်းကောင်း, နောက်၌ အဖန်တလဲလဲ မှီဝဲခြင်း,ဖြစ်ခြင်းကြောင့် ထူးသောကံသည်လည်းကောင်း ဥက္ကဋ္ဌ မည်၏-ဟု လာသောကြောင့်လည်းကောင်း၊

ယဠိ(ကမ္မံ) အတ္ထနော ပဝတ္တိကာလေ ပုရိမပစ္ဆာဘာဂပ္ပဝတ္တေဟိ ကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ အာသေဝနလာဘေန သမုဒါစိဏ္ဏံ၊ တံ ဥက္ကဋ္ဌံ နာမ။

ဟု ဝိဘာဝနီဋီကာ(၁၈၂)၌ပင် အကြင်ကံကို မိမိ၏ ဖြစ်သောကာလ၌ ရှေ့အဖို့ နောက်အဖို့၌ ဖြစ်ကုန်သော ကုသိုလ်ကံတို့သည် ခြံရံအပ်၏။ ထိုကံသည် ဥက္ကဋ္ဌ မည်၏။

တစ်နည်းလည်း အကြင်ကံကို နောက်၌ အာသေဝနပစ္စည်းကို ရသဖြင့် အဖန်တလဲလဲ လေ့ကျက်အပ်၏။ ထိုကံသည် ဥက္ကဋ္ဌ မည်၏-ဟု လာသောကြောင့် ၎င်းပုဗ္ဗစေတနာ, အပရစေတနာတို့သည် မုဉ္စစေတနာ၏ ဥက္ကဋ္ဌဖြစ်ခြင်း၏အကြောင်း ဖြစ်သည်။ ထိုသို့ မုဉ္စစေတနာ၏ ဥက္ကဋ္ဌဖြစ်ခြင်း၏အကြောင်း ဖြစ်သောကြောင့် မုဉ္စစေတနာသာ ပဋိသန္ဓေအကျိုးကို ပေးသည်။ ပုဗ္ဗစေတနာ, အပရစေတနာတို့ကား ပဝတ္တိအကျိုးကိုသာ ပေးသည်-ဟု နိသဲ့သယယူရန် ရှိချေသည်။

http://www.dhammadownload.com

တစ်နည်းလည်း–

> သန္နိဌာနစေတနာယ ဝါ ဒေဝလောကေ နိဗ္ဗတ္တတိ၊ ပုဗ္ဗာပရစေတနာ ဟိ ဝုတ္တနယေန ဒီယာယုကော ဟောတိ။

ဟု ဥပရိပဏ္ဏာသအဋ္ဌကထာ၊ စူဠကမ္မဝိဘင်္သုတ်(၁၇၉)၌ သန္နိဌာနစေတနာကြောင့် နတ်ပြည်၌ ဖြစ်၏။ ပုဗ္ဗစေတနာ, အပရစေတနာတို့ကြောင့် ဆိုအပ်ပြီးသောနည်းဖြင့် အသက်ရှည်ခြင်းသည် ဖြစ်၏-ဟု မိန့်ဆိုသောကြောင့် မူဆစေတနာသာ ပဋိသန္ဓေအကျိုးကို ပေးသည်။ ပုဗ္ဗစေတနာ, အပရစေတနာတို့ကား ပဝတ္တိအကျိုးကိုသာ ပေးသည်-ဟု နိသဲသယယူရန် ရှိချေသည်။

အချို့သောဆရာတို့သည်ကား အပုတ္တကသူဌေး၏ စေတနာကို ထောက်၍ စေတနာ ၃-တန်လုံးပင် ပဋိသန္ဓေအကျိုးကို ပေး၏-ဟု ယူကုန်၏။ ထိုသို့ ယူခြင်းသည် မသင့်။

အဘယ့်ကြောင့်နည်းဟူမူ ဤအပုတ္တကသူဌေးကား ပုဗ္ဗစေတနာလည်း မထက်၊ အပရစေတနာလည်း ကင်းသောသူ ဖြစ်သည်။ ထိုသို့ ပုဗ္ဗစေတနာလည်း မထက်၊ အပရစေတနာလည်း ကင်းသောသူဖြစ်လျက် ထိုအပုတ္တကသူဌေး၏ စေတနာကို ထောက်၍ စေတနာ ၃-တန်လုံးပင် ပဋိသန္ဓေအကျိုးကို ပေး၏-ဟု ယူခြင်းသည် "ခုတ်ရာတပါး၊ ရှရာတခြား"ဟူဘိသို့ စေတနာ ၃-တန်ကို ဆိုသောအရာ၌ ပုဗ္ဗစေတနာလည်း မထက်၊ အပရစေတနာလည်း ကင်းသောသူကို ဆောင်ရကား မသင့်။ ဤအပုတ္တကသူဌေး၏ စေတနာ၌ကား မူဆစေတနာသာ ပဋိသန္ဓေအကျိုးပေး၏-ဟု ယူရန်ရှိသည်။ ယူရခြင်း၏ အကြောင်းကို ဤဆိုလတ္တံ့သော ကောသလသံယုတ်ပါဠိ, အဋ္ဌကထာ, ဋီကာကို ထောက်၍ သိအပ်၏။

> ယံ ခေါ သော မဟာရာဇ သေဋ္ဌိ ဂဟပတိ တဂ္ဂရသိခိံ ပစ္စေကသမ္ဗုဒ္ဓံ ပိဏ္ဍပါတေန ပဋိပါဒေသိ၊ တဿ ကမ္မဿ ဝိပါကေန သတ္တက္ခတ္တုံ သုဂတိ သဂ္ဂဲ လောကံ ဥပပဇ္ဇိ၊ တဿေဝ ကမ္မဿ ဝိပါကာဝသေသေန ဣမိဿာယေဝ သာဝတ္ထိယာ သတ္တက္ခတ္တုံ သေဋ္ဌိတ္တံ ကာရယိ(ကာရေသိ)။ (ကောသလသံယုတ်ပါဠိတော်။သံ၊၁။၉၂-၃)

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဂဟပတိ၊ အိမ်ရှင်ဖြစ်သော။ သော သေဋ္ဌိ၊ ထိုသူဌေးသည်။ တဂ္ဂရသိခိံ ပစ္စေကသမ္ဗုဒ္ဓံ၊ တဂ္ဂရသိခိပစ္စေကဗုဒ္ဓါကို။ ယံ ခေါ ယေန ကမ္မေန၊ အကြောင်ကံဖြင့်။ ပိဏ္ဍပါတေန၊ ပိဏ္ဍပါတ်ဆွမ်းကို။ ပဋိပါဒေသိ၊ လှူဖူး၏။ တဿ ကမ္မဿ၊ ထိုကံ၏။ ဝိပါကေန၊ ဝိပါက်ဖြင့်။ သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ သုဂတိ၊ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်၌။ ဥပပဇ္ဇိ၊ ဖြစ်၏။ တဿေဝ ကမ္မဿ၊ ထိုကံ၏

http://www.dhammadownload.com

သာလျှင်။ ဝိပါကာဝသေသေန၊ ဝိပါက်အကြွင်းအားဖြင့်။ ဣမိဿာယေဝ သာဝတ္ထိယာ၊ ဤသာဝတ္ထိပြည်၌သာလျှင်။ သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ သေဋ္ဌိတ္တံ၊ သူဌေး၏အဖြစ်ကို။ ကာရယိ၊ ပြု၏။

ဤကောသလသံယုတ်ပါဠိတော်၌ "တဿ ကမ္မဿ ဝိပါကေန"ဟူသော ပါဌ်ဖြင့် တစ်ခုသော ဇဝနဝီထိ၌ရှိသော ရှေ့စေတနာ, နောက်စေတနာ၏အစွမ်းဖြင့် နတ်ပြည်ဝယ် ၇-ကြိမ်ဖြစ်ရာ၌ ပဋိသန္ဓေအကျိုးကို ပြတော်မူ၏။

"တဿေဝ ကမ္မဿ ဝိပါကာဝသေသေန"ဟူသော ပါဌ်ဖြင့် တစ်ခုသော ဇဝနဝီထိ၌ ရှိသော ရှေ့စေတနာ, နောက်စေတနာ၏အစွမ်းဖြင့် လူပြည်၌ သူဌေးအဖြစ် ၇-ကြိမ် ပဝတ္တိအကျိုးကို ပြတော်မူ၏။ ဤသို့ ခွဲ၍ ယူရာသည်။ ၇-ကြိမ် နတ်ပြည်သုဂတိတို့၌ ဖြစ်၏-ဟူရာ၌ တစ်ခုသော ဇဝနဝီထိ၌ရှိသော ရှေ့စေတနာ, နောက်စေတနာတို့၏အစွမ်းဖြင့် အနက်ကို သိအပ်၏။ ထိုစကားသည် မှန်၏။ တစ်ကြိမ်သော ဆွမ်းအလှူ၌ တစ်ခုသော စေတနာသည် ၂-ပါးကုန်သော ပဋိသန္ဓေတို့ကို မပေး၊ ရှေ့စေတနာ, နောက်စေတနာတို့ဖြင့်ကား ဤသူဌေးသည် ၇-ကြိမ် သူဌေးအမျိုး၌ ဖြစ်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ(သံ၊၅၊၁။၁၄၈)၌–

> သတ္တက္ခတ္တုန္တိ သတ္တဝါရေ၊ ပုဗ္ဗပစ္ဆိမစေတနာဝသေန စေ'တ္ထ အတ္ထော ဝေဒိတဗ္ဗော၊ ဧကပိဏ္ဍပါတဒါနသ္မိဉ္ဉိ ဧကာ(ဧကာဝ) စေတနာ ဒ္ဝေ ပဋိသန္ဓိယော နု ဒေတီ။ ပုဗ္ဗ-ပစ္ဆိမစေတနာဟိ ပနေ'သ (သတ္တက္ခတ္တုံ သဂ္ဂေ) သတ္တက္ခတ္တုံ သေဋ္ဌိကုလေ နိဗ္ဗတ္တော။

ဟု မိန့်အပ်၏။

သတ္တက္ခတ္တုန္တိ၊ သတ္တက္ခတ္တုံ-ဟူသည်ကား။ သတ္တဝါရေ၊ ၇-ကြိမ်။ ဧတ္ထ၊ ဤ ၇-ကြိမ် နတ်ပြည်သုဂတိတို့၌ ဖြစ်၏-ဟူရာ၌။ ပုဗ္ဗပစ္ဆိမစေတနာဝသေန၊ တစ်ခုသော ဇဝနဝီထိ၌ ရှိသော ရှေ့စေတနာ, နောက်စေတနာ၏အစွမ်းဖြင့်။ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိသစ္စံ၊ မှန်၏။ ဧကပိဏ္ဍပါတဒါနသ္မိံ၊ ၁-ကြိမ်သော ဆွမ်းအလှူ၌။ ဧကာ စေတနာ၊ တစ်ခုသော စေတနာသည်။ ဒ္ဝေ ပဋိသန္ဓိယော၊ ၂-ပါးကုန်သော ပဋိသန္ဓေတို့ကို။ နု ဒေတိ၊ မပေး။ ပုဗ္ဗပစ္ဆိမစေတနာဟိ ပန၊ တစ်ခုသော ဇဝနဝီထိ၌ရှိသော ရှေ့စေတနာ, နောက်စေတနာတို့ဖြင့်ကား။ ဧသ ဧသော သေဋ္ဌိ၊ ဤသူဌေးသည်။ *(သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ သဂ္ဂေ၊ နတ်ပြည်၌။ နိဗ္ဗတ္တော၊ ဖြစ်၏။)* သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌။ နိဗ္ဗတ္တော၊ ဖြစ်၏။

http://www.dhammadownload.com

ဤရဟန်းအား "ဆွမ်းကို လှူလော့"ဟု ဆိုသော အပုတ္တကသူဌေးအား ၁-ကြိမ်သာ လျှင်ဖြစ်သော ဇောဝိထိ၏အစွမ်းအားဖြင့် အကျိုး၏ပြီးခြင်းသည် အကယ်၍ ရှိ၏ရှင့်။ ထိုသို့ ရှိသော်လည်း ထိုတစ်ခုသော ဇဝနဝိထိဌ် အစဉ်ဖြစ်သော ဇော၏အကြိမ်သည်လည်း ရှိ၏။ နောက်ဌ်ဖြစ်သော ဇော၏အကြိမ်သည်လည်း ရှိ၏။ ထိုဇော၏အကြိမ်ကို ရည်၍ ရှေ့စေတနာ, နောက်စေတနာ-ဟူ၍ အဌကထာဆရာ ဆို၏။ ထို့ကြောင့် ၎င်းဋီကာ (သဂါထာဝဂ္ဂသံယုတ္တ။၁၉၃)၌—

> 'ဣမဿ သမဏဿ ပိဏ္ဍပါတံ ဒေဟီ'တိ ဝဒတော နဲ ဧကာယ ဧဝ ဇဝနဝိထိယာ ဝသေန အတ္ထသိဒ္ဓိ။ အထ ခေါ တတ္ထ အာဒိတော ပဝတ္တဇဝနဝါရောပိ အတ္ထိ။ မဇ္ဈေ ပဝတ္တဇဝနဝါရောပိ၊ တံ သန္ဓာယာ'ဟ ပုဗ္ဗပစ္ဆိမစေတနာဝသေနာတိ။ —

ဟု မိန့်အပ်၏။

ဣမဿ သမဏဿ၊ ဤရဟန်းအား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒေဟိ၊ လှူလော့၊ ဣတိ၊ သို့။ ဝဒတော ဝဒန္တဿ၊ ဆိုသော အပုတ္တကသူဌေးအား။ ဧကာယ ဧဝ၊ ၁-ကြိမ်သာ လျှင်ဖြစ်သော။ ဇဝနဝိထိယာ၊ ဇောဝိထိ၏။ ဝသေန၊ အစွမ်းဖြင့်။ အတ္ထသိဒ္ဓိ၊ အကျိုး၏ပြီးခြင်းသည်။ ကိဉ္စာပိ နဲ အတ္ထိ၊ အကယ်၍ မရှိ၏ရှင့်။ အထခေါ၊ ထိုသို့ မရှိသော်လည်း။ တတ္ထ၊ ထိုတစ်ခုသော ဇဝနဝိထိဌ်။ အာဒိတော၊ အစဉ်။ ပဝတ္တဇဝနဝါရောပိ၊ ဖြစ်သော ဇော၏အကြိမ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ပစ္ဆာ၊ နောက်ဌ်။ ပဝတ္တဇဝနဝါရောပိ၊ ဖြစ်သော ဇော၏အကြိမ်သည်လည်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဇော၏အကြိမ်ကို။ သန္ဓာယ၊ ရည်၍။ ပုဗ္ဗပစ္ဆိမစေတနာဝသေနာတိ၊ ရှေ့စေတနာ, နောက်စေတနာ-ဟူ၍။ အဌကထာစရိယော၊ အဌကထာဆရာသည်။ အာဟ၊ မိန့်၏။

တစ်ခုသော ဇဝနဝိထိဌ်ရှိသော ရှေ့စေတနာ, နောက်စေတနာ-ဟူရာဝယ် ဆွမ်းလှူရာဌ် အတိတဘဝင်, ဘဝင်္ဂစလန, ဘဝဂုံပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, ထို့နောက် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤဇဝနဝိထိဝယ် ဇော ၇-ချက်ဌ်ရှိသော စေတနာ ၇-ခုတို့တွင် ပဌမဇောဌ်ရှိသော စေတနာကား ပဋိသန္ဓေအကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ဒုတိယဇော-စသည်တို့ဌ်ရှိသော စေတနာ ၆-ခုကိုသာ ရှေ့စေတနာ, နောက်စေတနာ-ဟု ယူရန်ရှိသည်။

ယင်းသို့ ယူခဲ့သော် စေတနာကား ၆-ခုသာ, ပဋိသန္ဓေကား ၇-ကြိမ် ဖြစ်ခဲ့၏။ စေတနာနှင့် ပဋိသန္ဓေ မစေ့မကိုက်တကားဟူမူ သုတ္တန်ဒေသနာသည် မုချဒေသနာ မဟုတ်၊ ပရိယာယဒေသနာဖြစ်ရကား နတ်အဖြစ် ၁-ကြိမ် မစေ့ရာဌ် ရှေးအပရာပရိယကုသိုလ်ကံ ပေး၏-ဟု ယူရန်ရှိသည်။ သုတ္တန်ဒေသနာဌ် ဆွမ်း ၁-ကြိမ်လှူဖူးသောကြောင့် စကြာမင်း

http://www.dhammadownload.com

အဖြစ် ၃၇-ကြိမ်, သိကြားမင်းအဖြစ် ၆၄-ကြိမ်၊ ဤသို့ စသည်ဖြင့် လာသောကြောင့်လည်း ကောင်း၊ "တဿေဝ ကမ္မဿ ဝိပါကာဝသေသေန"ဟူ၍လည်းကောင်း၊

ဧကပုပ္ဖံ ပူဇိတ္ဝာန(ယဇိတ္ဝာန)၊ အသီတိကပ္ပကောဋိယော။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဧကပုပ္ဖဿိ'ဒံ ဖလံ။ ။ (ခုဒ္ဒက၊ဠ။၁၈၉)

ဟူ၍ ဟောတော်မူသောကြောင့်လည်းကောင်း နတ်ပြည်ဝယ် ၇-ကြိမ် ပဋိသန္ဓေကို ပေးရာ၌ စေတနာနှင့် ပဋိသန္ဓေ မစေ့မကိုက်သော်လည်း ယခင် ဇဝနဝီထိ၌ပါသော စေတနာပင် များစွာသော ပဋိသန္ဓေအကျိုးကို ပေး၏-ဟု ဆိုခြားအံ့။ ထိုသို့ ဆိုခြင်းသည် မသင့်-ဟု မှတ်ရာ၏။

အဘယ်ကြောင့်နည်းဟူမူ သုတ္တန်ဒေသနာမည်သည် နိတ္တတ္ထဒေသနာလည်း ရှိသည်၊ နေယျတ္ထဒေသနာလည်း ရှိသည်။ ထို ၂-ပါးတို့တွင် ဤဆိုခဲ့ပြီးသော ဒေသနာသည် ဆောင်၍ သိအပ်သောအနက်ရှိသော နေယျတ္ထဒေသနာဖြစ်ရကား လောကဋ္ဌ အကြင်သူသည် အဝတ်အထည်ကို အစတည်၍ ကုန်ကို ရောင်းသဖြင့် စီးပွါးတိုးတက်၏။ ထိုသူသည် နောက်အဖို့ တပါးသောကုန်ကို ရောင်း၍ စီးပွါးများစွာ တိုးတက်သော်လည်း ရှေးဦးစွာ အဝတ်အထည်ကို ရောင်း၍ စီးပွါးတိုးတက်သောကြောင့် "အဝတ်အထည်ကို ရောင်း၍ စီးပွါးဖြစ်သောသူ"ဟု လူတို့ ခေါ်ဝေါ်သကဲ့သို့၊ ထို့အတူ ဆွမ်း ၁-ကြိမ်, ပန်း ၁-ပွင့် လှူဖူးသောကြောင့် သုဂတိဘဝကို ရသဖြင့် အဖန်ဖန် ကုသိုလ်ကောင်းမှုကို ပြု၍ လူမင်းအဖြစ်, နတ်မင်းအဖြစ်ကို များစွာ ခံစားရသော်လည်း ဆွမ်းလှူဖူး, ပန်းလှူဖူးသည်ကို စွဲ၍ အာဒိ-လဒ္ဓနာမ၏အစွမ်းဖြင့် ဆွမ်းလှူဖူး, ပန်းလှူဖူးသောကြောင့် ခံစံစားရသည်-ဟု ဆို၏။ ဤသို့ နေယျတ္ထဆောင်၍ ယူရမည်။

ထိုသို့ ယူမှ "**ဧကစေတနာ ဧကံ ပဋိသန္ဓိံ ဒေတိ။ နာနာစေတနာ နာနာပဋိသန္ဓိယော ဒေန္တိ**"ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ တစ်ခုသော စေတနာသည် တစ်ခုသော ပဋိသန္ဓေကို ပေး၏။ အထူးထူးသော စေတနာတို့သည် အထူးထူးသော ပဋိသန္ဓေကို ပေးကုန်၏-ဟု ဟောတော်မူသော ဘုရားစကားတော်နှင့်လည်းကောင်း၊ *(ပဋိသမ္ဘိဒါမဂ္ဂပါဠိယံ ပရိယေသိတဗ္ဗံ)*

ပဋိသန္ဓိတိ ဧကမေဝ ပဋိသန္ဓိံ။ န ဟိ ဧကေန ကမ္မေန အနေကာသု ဇာတီသု ပဋိသန္ဓိ ဟောတိ။

ဟု အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၁၈၂)၌ တစ်ခုသော ကံသည် တစ်ခုသော ပဋိသန္ဓေကိုသာ ပေး၏။ တစ်ခုသော ကံသည် များစွာသော ဘဝတို့၌ ပဋိသန္ဓေကို မပေး-ဟု အရှင်သုမင်္ဂလ-သာမိ ဋီကာဆရာမိန့်ဆိုသော စကားနှင့်လည်းကောင်း ညီမည်။

http://www.dhammadownload.com

ယင်းသို့ ဆိုသည့်အတိုင်း ဖြစ်စေကာမူ သူဌေးအဖြစ် ၇-ကြိမ်ဖြစ်၏-ဟူရာ၌ စေတနာ ၇-ခု လိုခဲ့၏။ အဘယ်စေတနာ ပေးသနည်းဟူမူ သူဌေးအဖြစ် ၇-ကြိမ်ဖြစ်၏-ဟူရာ၌ "**တဿေဝ ကမ္မဿ ဝိပါကာဝသေသေန**"ဟု ပါဠိတော်၌ပင် ဝိပါကာဝသေသေန-ဟု ဆိုရကား ပဝတ္တိအကျိုးဖြစ်သည်။ ပဝတ္တိအကျိုးဖြစ်ကလည်း "**ပဝတ္တိဝိပါကော ပန ဇာတိသတေပိ ဇာတိသဟဿေပိ ဟောတိ**"ဟု အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၁၈၂)၌ ပဝတ္တိအကျိုးကိုကား ဘဝအရာ, ဘဝအထောင် ပေး၏-ဟု လာသောကြောင့်လည်းကောင်း၊

"**ပဋိသန္ဓိယာ ပန ဒိန္နာယ ဇာတိသတေပိ ပဝတ္တိဝိပါကံ ဒေတိတိ အာစရိယာ**"ဟု ၎င်းဋီကာ(ဋီကာကျော်။နှာ-၁၇၁)၌ပင် သတ္တမဇောစေတနာသည် အနန္တရဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးသော် ဘဝအရာ ပဝတ္တိအကျိုးကို ပေး၏-ဟု လာသောကြောင့်လည်းကောင်း ယခင် ဇဝနဝီထိ၌ပါသော ဒုတိယဇော-စသည်တို့၌ရှိသော ရှေ့စေတနာ, နောက်စေတနာ ၆-ခုပင် ပေးသည်-ဟု ယူရန်ရှိသည်။

ဤသို့ ယူမှ ပါဠိ,အဋ္ဌကထာ, ဋီကာတို့နှင့် ညီမည်။ ဤသို့ မယူမူ၍ ပုဗ္ဗပစ္ဆိမဝေသန၏အရကို မုဉ္စစေတနာမဖြစ်မိ ရှေး၌ဖြစ်သော ပုဗ္ဗစေတနာ, မုဉ္စစေတနာ ဖြစ်ပြီးသည်မှ နောက်၌ဖြစ်သော အပရစေတနာတို့ကိုယူမူ ထိုသူဌေး၌ ပုဗ္ဗစေတနာလည်း မထက်၊ အပရစေတနာလည်း ကင်းရကား ပရမတ်၌ သဘောမကျသော်သူ-ဟု ပညာရှိတို့ ကဲ့ရဲ့ဖွယ်ဖြစ်ရာသည်။ ထိုသူဌေး၌ ပုဗ္ဗစေတနာလည်း မထက်၊ အပရစေတနာလည်း ကင်းကြောင်းကိုကား ဆိုလတ္တံ့သောဝတ္ထုကို ထောက်သဖြင့် သိအပ်၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူဌေးကြီး ၁-ယောက်ရှိသတတ်။ ထိုသူဌေးကြီးသည် နေ့တပါး၌ ပစ္စေကဗုဒ္ဓါကို မြင်ကြားသော်လည်း လျှူလိုသောစိတ်မျှ မဖြစ်။ ထိုနေ့မူကား ပဒုမဝတီမိဖုရား၏ သားဖြစ်သော ဇဝ္ဈရသီခိမည်သော အရှင်ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်၌ နေ့ညဉ့်ကို ဖလသမာပတ်ဖြင့် လွန်စေ၍ မိုးသောက်သောအခါ၌ အနဝတတ်အိုင်၌ မျက်နှာကို သစ်တော်မူ၍ ဆေးဒန်း, မြင်းသီလာကျောက်ဖျာ၌ သင်းပိုင်ပြင်ဝတ်, ခါးပန်းစီး၍ အဘိညာဏ်၏အခြေဖြစ်သော စတုတ္ထဈာန်ဝင်စားတော်မူ၍ တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးဖြင့် ပျံကြွ၍ မြို့တံခါး၌ သက်ပြီးသော် သင်္ကန်းကို ရုံ၍ မြို့သူတို့၏ အိမ်တံခါး၌ ဥစ္စာထောင်ထုပ်ကို ချဘိသကဲ့သို့ ကြည်ညိုစွာသော အသွင်အပြင်ဖြင့် အစဉ်သဖြင့် သူဌေးကြီးအိမ်သို့ ရောက်လေ၏။

ထိုနေ့၌ သူဌေးကြီးသည် မွန်မြတ်သော အစာကို စား၍ အိမ်တံခါးမုခ်၌ နေရာခင်းလျက် နေလေသော် အရှင့်ပစ္စေကဗုဒ္ဓါကို မြင်၍ လျှူလိုသောစိတ်ဖြစ်၍ မယားကို

http://www.dhammadownload.com

ခေါ်ပြီးသော် "ဤရဟန်းအား ဆွမ်းလှူဘိ"ဟု ဆို၍ မင်းအိမ်သို့ သွားလေ၏။ သူဌေးမယားသည် ဤသို့ကြံ၏။

"ငါသည် ဤမျှလောက်သော ကာလပတ်လုံး 'ဤသူအား ပေးဘိ'ဟူသော စကားကိုမျှ မကြားစဘူးပါ။ ယနေ့ ကြားရပေသည်လည်း ဟူးဟူးငြားငြားသောသူအား 'ပေးဘိ'ဟူသော စကားကို မကြားရပေ။ မြတ်လှစွာသော, ကိလေသာ ကင်းငြိမ်းသော အရှင်အား ပေးစေ၏၊ 'လှူဘိ'ဆိုပေ၏"ဟု ကြံပြီး၍ "ဟူးဟူးငြားငြားသောဆွမ်းကို လှူခြင်းငှာ မသင့်။ မွန်မြတ်သော ဆွမ်းကို လှူအံ့"ဟု ကြံ၍ အိမ်မှ ထွက်လတ်၍ အရှင်ပစ္စေကဗုဒ္ဓါကို ရိုသေစွာ ရှိခိုး၍ သပိတ်ကို ယူပြီးသော် အိမ်သို့ ပင့်၍ ခင်းထားအပ်သော မြတ်သောနေရာ၌ နေစေ၍ အလွန်စင်ကြယ်လှစွာသော သလေးဆွမ်းကိုလည်းကောင်း, ထိုဆွမ်းနှင့် လျောက်ပတ်သော လက်သုတ်ကိုလည်းကောင်း, ဟင်းလျာကိုလည်းကောင်း သပိတ်၌ အပြည့်သွတ်၍ သပိတ်တော်ကို ဖျင်နုံသာတို့ဖြင့် တန်ဆာဆင်၍ အရှင်ပစ္စေကဗုဒ္ဓါအား လှူ၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း တပါးသော အရှင်ပစ္စေကဗုဒ္ဓါတို့အားလည်း ခီးမြှောက်လို၍ မဘုဉ်းပေးဘဲ အနုမောဒနာပြု၍ ကြွလာ၏။

ထိုသူဌေးလည်း အပမှ ပြန်လာလ(လေ)သော် အရှင်ပစ္စေကဗုဒ္ဓါကို မြင်၍ "ဆွမ်းရပါ၏လော"ဟု မေး၍ "ရကြောင်း"ကို ပြန်လေသော် လည်ကို မော်ကြည့်၍ ထိုအခါ ဆွမ်းအနုံသည် လှိုင်လတ်၏။ ထိုသူဌေးကား "ကောင်းစွ, ကောင်းစွ"ဟု ဝမ်းမမြောက်မူ၍ "ငါ၏ လုပ်သားကျေးကျွန်များကို စားသောက်စေရသော် ကောင်းလေ၏"ဟု နှလုံးမသာယာခြင်း ဖြစ်၍ နောက်စေတနာ ပျက်လေ၏။

ထိုအခါ ထိုသူဌေးအား ဥစ္စာ မခွဲမဝေမီ မိဘသေလွန်လေသော် အစ်ကိုမယားနှင့် အိမ်ထောင်သင့်၏။ အစ်ကို၏သားငယ် ၁-ယောက်သာ ရှိ၏။ ထိုသားငယ်ကို ခရီးလမ်းမ၌ ကစားစဉ် "ဤကျွန်, ဤယာဉ်အလုံးစုံသည် သင်၏ဥစ္စာ"ဟု တပါးသောသူတို့သည် ဆိုကြကုန်၏။ ထိုသူငယ်သည် ထိုစကားကို ကြား၍ "ဤကျွန်,ဤယာဉ် အလုံးစုံသည် ငါ၏ဥစ္စာ"ဟု ဆို၏။ ထိုအကြောင်းကို ထိုသူဌေးသည် "ဤသူကား ယခုကပင် ဤသို့ဆိုသော် ငါ၏ဥစ္စာ ၂-ဖို့ ကွဲလတ္တံ့"ဟု နှလုံးသွင်း၍ တောသို့ လှည့်ဖြားကာ ခေါ်၍ သတ်လေ၏။

ထို့ကြောင့် ငရဲ၌ အရှည်အလျား ခံပြီး၍ လူဖြစ်လ(လေ)သော် သူဌေးအဖြစ်ကိုပင် ရသော်လည်း အမွေခံမရှိ။ အပရစေတနာ ပျက်သောကြောင့် ပုံးရည်လျှင် ၂-ခွက်မြောက်သော ဆန်ကွဲထမင်းကိုသာလျှင် သုံးဆောင်ရ၏။ ပိုက်ဆန်လျှော်မှင်ဖြင့် ပြီးသောအဝတ်, ၃-စပ်ချုပ်သော အဝတ်ကိုသာ သုံးဆောင်ရ၏။ ဆိုးရွားသော ရထားငယ်ကိုသာ စီးရ၏။ ယာန်းရွက်မိုးသော ထီးငယ်ကိုသာ ဆောင်းရ၏။ ဤဆိုအပ်ခဲ့ပြီးသော ဝတ္ထုကို ထောက်သဖြင့်

http://www.dhammadownload.com

ပုဗ္ဗစေတနာလည်း မထက်, အပရစေတနာလည်း ကင်းသည်၏အဖြစ်ကို သိရာ၏။ (သံဋ္ဌ၊၁။ ၁၄၇-၈။ ဓမ္မ၊ဋ္ဌ၊၂။၃၅၄၊၅)

ဤအပုတ္တကသူဌေး ကုသိုလ်ကား ဥက္ကဋ္ဌကုသိုလ်, ဩမကကုသိုလ် ၂-ပါးတို့တွင် လျှပြီးသည်မှ နောက်၌ နှလုံးမသာမယာခြင်း ဖြစ်ရကား ဩမကကုသိုလ်တည်း။

ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၁၈၂)၌–

> ယံ ပန ကရဏကာလေ အကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ "ဒုက္ကဋ'မေ'တံ မယာ"တိ ဝိပ္ပဋိသာရုပ္ပါဒနေန ပရိဘာဝိတံ၊ တံ ဩမကံ။

ဟု မိန့်အပ်၏။

ယံ ပန၊ အကြောင်ကုသိုလ်ကံကိုကား။ ကရဏကာလေ၊ ပြုသောကာလ၌။ အကုသလကမ္မေဟိ၊ ရှေ့အဖို့, နောက်အဖို့၌ဖြစ်သော အကုသိုလ်ကံတို့သည်။ ပရိဝါရိတံ၊ ခြံရံအပ်၏။ တံ၊ ထိုကုသိုလ်ကံသည်။ ဩမကံ၊ ဩမက မည်၏။ ဝါ၊ တနည်းကား။ ဧတံ ကမ္မံ၊ ထိုကုသိုလ်ကံကို။ မေ-မယာ၊ ငါသည်။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝိပ္ပဋိသာရုပ္ပါဒနေန၊ နှလုံးမသာယာခြင်းတည်းဟူသော အပရစေတနာ ပျက်သဖြင့်။ ပရိဘာဝိတံ၊ အဖန်တလဲလဲ ထုံအပ်၏။ တံ၊ ထိုကုသိုလ်ကံသည်။ ဩမကံ နာမ၊ ဩမကမည်၏။

ဤဆိုအပ်ခဲ့ပြီးသော ပါဠိ,အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ မုဉ္စစေတနာသာ ပဋိသန္ဓေအကျိုးကို ပေး၏။ ပုဗ္ဗစေတနာ, အပရစေတနာတို့ကား ပဝတ္တိအကျိုးကိုသာ ပေးသည်-ဟု နိသ်သယ မှတ်ရာသည်။

* * * * * *

[၁၀] ရှင်ဉာဏလျှောက် ဒသမဝိနိစ္ဆယ

ဗု ဓံ သံ ရတနတ္တယံ အဟံ ဝန္ဒာမိ။

"ဘုရားတပည့်တော် ရှင်ဉာဏ လျှောက်ပါသည် ဆရာတော်ဘုရား။

★ အချို့သော ဆရာတို့သည် 'ကတာကတ ဒုစ္စရိတသုစရိတံ'-ဟူသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာပါဠိ၌ ကတနှင့် ဒုစ္စရိတ, အကတနှင့် သုစရိတကို ယှဉ်၍ ယထာက္ကမနည်းအားဖြင့် ယူသင့်ပါလျက်ကို ကတာကတဒုစ္စရိတ, ကတာကတသုစရိတ-ဟု ယှဉ်၍ ကတကလျာဏ, အကတ ကလျာဏ, ကတပါပ, အကတပါပ၊ ဤ

http://www.dhammadownload.com

၄-ပါးသော အရာဌာနတို့၌ပင် အသီးအသီး ကုက္ကုစ္စဖြစ်သင့်၏-ဟု အယူရှိကုန်သဖြင့် တပည့်လက်သားတို့အား နည်းဥပဒေသ ပေးကုန်သည်။ စာပေရေး၍လည်း ထားကုန်သည်။ ထိုဆရာတို့ အယူဝါဒသည် သင့်မည့်, မသင့်မည်ကို သိလိုပါသည်။

အဋ္ဌကထာ, ဋီကာတို့၌ မည်သို့ လာရှိသည်-ဟု ရေးပေးသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်သည့်အတိုင်း ဆုံးဖြတ်ရေးသားပေအံ့။

ကုက္ကုစ္စံ နာမ အကတကလျာဏာဿ ကတပါပဿ တပ္ပစ္စယာ ဝိပ္ပဋိသာရော။ပ။ "အကတံ ဝတ မေ ကလျာဏံ၊ အကတံ ကုသလံ၊ အကတံ ဘီရုတ္ထာနံ၊ ကတံ ပါပံ၊ ကတံ လုဒ္ဒံ၊ ကတံ ကိဋ္ဌိသ"န္တိအာဒိနာ ပဝတ္တိအာကာရော။ –

ဟူသော ဣတိဝုတ္တအဋ္ဌကထာ(၃၃၇),

ပစ္ဆာနုတာပနုလက္ခဏံ။ – ဟူသော သစ္စသံခိပ်အဋ္ဌကထာ,

ကတာကတဿသောစနာတိ ကတဿ ပါပဿ အကတဿ ကုသလဿ သောစနာ။

ဟူသော သစ္စသံခိပ်ဋီကာ။

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာ, ဋီကာပါဠိတို့နှင့်အညီ ဒုစရိုက်ကိုသာ ပြုကျင့်မိ၍ သုစရိုက်ကို မပြုကျင့်မိသော ပမာဒပုဂ္ဂိုလ်သည် "ငါကား ဒုစရိုက်ကိုသာ ပြုကျင့်မိ၏၊ သုစရိုက်ကိုကား မပြုမကျင့်မိ"ဟု ပြုအပ်ပြီးသော ဒုစရိုက်, မပြုမိသော သုစရိုက် ၂-ပါးကို အာရုံပြု၍ နှလုံးမသာယာခြင်း, နောင်တတဖန် ပူပန်ခြင်းကိုသာ ကုက္ကုစ္စ-ဟူ၍ ဧကန္တ နိသံသယ မှတ်ယူသင့်သည်။

ပြုအပ်ပြီးသော ကောင်းမှုရှိသောသူသည် "ငါကား သုစရိုက်ကို ပြုမိလေခြင်း" ဟူ၍လည်းကောင်း, မပြုအပ်သော မကောင်းမှုရှိသောသူသည် "ငါကား ဒုစရိုက်ကို မပြုမိလေခြင်း"ဟူ၍လည်းကောင်း ဖောက်ပြန်ခြင်းကိုကား သညာဝိပလ္လာသ-စသော ၄-ပါးသော ဝိပလ္လာသတို့တွင် ဒိဋ္ဌိဝိပလ္လာသ၌ သွင်းသင့်သည်။ ထို့ကြောင့် ကတကလျာဏ-စသော ၄-ပါးသော အရာဌာနတို့၌ အသီးအသီး ကုက္ကုစ္စဖြစ်သင့်၏-ဟု အယူရှိကုန်သော ဆရာတို့၏ဝါဒသည် ကျမ်းဂန်သိမြင်တော်မူကုန်သော ဆရာမြတ်တို့၏ ယူနိုးယူစဉ် မဟုတ်ရကား ဝိပရိတဒဿနိတဝါဒ ဖြစ်သည်-ဟု မှတ်သင့်သည် တပည့်ရှင်ဉာဏ။

* * * * * *

http://www.dhammadownload.com

[၁၁] ပေါလူလျှောက် ဧကာဒသမဝိနိစ္ဆယ

မမ ပုညံ ဇိနသာသနံ စိရံ တိဋ္ဌတု။

ဘုရားတပည့်တော် ဟင်္သာတမြို့နေ ဒါယကာပေါလူ လျှောက်ပါသည် ဆရာတော်ဘုရား။

★ ဘုရားတပည့်တော်တို့ ဟင်္သာတမြို့ဝယ် အချို့သော ဆရာတို့သည် 'ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့် ရှိခိုးပါ၏'ဟူ၍သာဆို၍ ရှိခိုးသင့်သည်။ "ကာယက်, ဝစီက်, မနောက်တို့ဖြင့် ရှိခိုးပါ၏-ဟု ဆို၍ မရှိခိုးသင့်"ဟု ဥပါသကာ, ဥပါသကီတို့အား ဆိုဆုံးမကုန်သည်။

★ အချို့သောဆရာတို့သည်လည်း "ကာယက်, ဝစီက်, မနောက်တို့ဖြင့် ရှိခိုးပါ၏"ဟူ၍သာ ဆိုသင့်သည်။ "ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့် ရှိခိုးပါ၏"ဟု မဆိုသင့်-ဟူ၍ ဥပါသကာ, ဥပါသကီတို့အား ဆိုဆုံးမကုန်သည်။

ထိုအယူဝါဒ ၂-ပါးတို့တွင် အဘယ်အယူ သင့်မည်, မသင့်မည်ကို သိလိုပါသည်။ သိသာခြားနားအောင် ကျမ်းဂန်လာသည့်အတိုင်း ရေးပေးသနားစေချင်ပါသည် ဆရာတော်ဘုရား။

လျှောက်ထားတောင်းပန်သည့်အတိုင်း ဆုံးဖြတ်ရေးသားပေအံ့။

"ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့် ရှိခိုးပါ၏"ဟု ဆို၍ ရှိခိုးမူ–

> အဘိဝါဒိယာတိ ဝိသေသတော ဝန္ဒိတွာ၊ ဘယလာဘကုလာစာရာဒိဝိရဟေန သက္ကစ္စံ အာဒရေန ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတျတ္ထော။

ဟူသော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၇၃),

> ဝန္ဒိတွာတိ တီဟိ ဒွါရေဟိ နမဿိတွာ။ တိဿော ဂ္ဂမာ ဘိက္ခဝေ ဝန္ဒနာကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတီတိ ဟိ ဝုတ္တံ။ တတ္ထ ဝိညတ္တိ အနုပ္ပါဒေတွာ ကေဝလံ ရတနတ္တယဂုဏာနုဿရဏဝသေန မနောဒွါရေ ဝဟု-

http://www.dhammadownload.com

လပ္ပဝတ္ထာ ကုသလစေတနာ မနောဒ္ဓါရဝန္ဒနာ။ တံ တံ ဝိညတ္တိ ဥပ္ပါဒေတွာ ပန ပဝတ္ထာ ကာယဝစီဒ္ဓါရဝန္ဒနာ။

ဟူသော သုမင်္ဂလပ္ပသာဒနီမည်သော ခုဒ္ဒသိက္ခာဋီကာ(အဘိနဝ။၂၃၉),

ကာယဝစီမနောဝန္ဒနာဝသေန ဝန္ဒနာယ တိဝိဓတ္တာ အာဟ ကာယဝစီမနော-ဒ္ဓါရေဟီတိ။ အာစရိယော ဟိ ပဌမံ မနောဒ္ဓါရေန ဝန္ဒတိ၊ ဒုတိယံ ကာယဒ္ဓါရေန၊ တတိယံ ဝစီဒ္ဓါရေနာတိ။ –

ဟူသော မဏိသာရမဉ္ဇူသာ(၁။၁၁၇),

ကာယဝစီမနောဒ္ဓါရဝသေန ဟိ တိဿော ဝန္ဒနာ။ ယထာ'ဟ "တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတိ"တိ။ –

ဟူသော အဘိဓမ္မာဝတာရဋီကာသစ်(၁။၁၄၆။ အံ၊၁။၂၉၈),

အာစရိယော ဟိ သတ္တဂုဏေသု ပဌမံ မနောဒ္ဓါရေန နိန္နော၊ ဒုတိယံ ကာယ-ဒ္ဓါရေန၊ တတိယံ ဝစီဒ္ဓါရေနာတိ။ ဇဝဋ္ဌ ကတ္တာ တတ္ထ တတ္ထ တိဟိ ဒ္ဓါရေဟီတိ ဝုတ္တံ။ –

ဟူသော မဏိဒီပ,

ဝိပ္ပသန္နေန စေတသာ ဝန္ဒိတ္တာတိ အရဟာတာဒိအနေကပ္ပကာရဂုဏဝိသေသာ-နုဿရဏဝသေန ဝိဝိဓေန ဝိသေသေန ဝါ ပသန္နေန မနသာ သဒ္ဓိံ ကာယဝါ-စာဟိ ကရဏဘူတာဟိ အဘိဝန္ဒိယာတိ အတ္ထော၊ တီဟိ ဒ္ဓါရေဟိ နမဿိတ္တာတိ ဝုတ္တံ ဟောတိ။ –

ဟူသော ကခ်ိဝိတရဏီဋီကာ(အဘိနဝ။၁၂၁),

နမဿီတိ ကာယဝစီမနောဒ္ဓါရေဟိ ဝန္ဒိတ္တာ။ (သမ္မန္တစိန္တာဋီကာ)

နတ္တာတိ တန္နိန္နတပ္ပေါဏတပ္ပဟာရော ဟုတ္တာ ကာယဝစီမနောဒ္ဓါရေဟိ ဝန္ဒိတ္တာတိ အတ္ထော။ (မူလသိက္ခာဋီကာဟောင်း။၄၅၇)

နတ္တာတိ တီဟိ ဒ္ဓါရေဟိ နမဿိတ္တာ။ တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတီတိ ဟိ ဝုတ္တံ။ (ဝစ္ဆဝါစကဋီကာ)

http://www.dhammadownload.com

တတ္ထ တိက္ကံ့ လောကာနံ် နာထံ နာထဘူတံ် သမ္မာသမ္ဗုဒ္ဓံ နတွာ ကာယဝစီ-မနောဒွါရေဟိ ဝန္ဒိတွာ။ (မူလသိက္ခာဋီကာသစ်)

နမနံ် နမော၊ တီဟိ ဒွါရေဟိ ပဏာမစေတနာ။ အတ္ထူတိ ပါဌသေသော။

(ပရိတ်ကြီးဋီကာ)

ဧတ္ထ အဘိသဒ္ဒေါ ဝိသေသတ္ထဝါစကော။ တေန ဘယလာဘကုလာစာရာဒိ-ဝိရဟေန သက္ကစ္စံ အာဒရေန ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတျတ္ထော။

(အဘိဓမ္မတ္ထသင်္ဂဟဒီပနီဋီကာ)

ကွတိ ဘဂဝါ အပရိမာဏေသု စက္ကဝါဠေသု အပရိမာဏာ သတ္တာ ကုသလာ-ကုသလံ ကမ္မံ အာယူဟမာနာ ကွမေဟိ တီဟိ ဒွါရေဟိ အာယူဟန္တိ အာယူဟန-ကမ္မဒွါရံ ဒသေတိ။ (ဝိဘင်းအဋ္ဌကထာ၊ ပဋိစ္စသမုပ္ပါဒ်အဖွင့်။၁၃၇)

ဤသို့ အရပ်ရပ်ထုတ်ဆောင်၍ ပြအပ်သော သာဓကပါဠိနှင့်အညီ ဒွါရ-သဒ္ဒါဖြင့် တိုက်ရိုက်ဆို၍ ရှိခိုးရကား မုခ-သဒ္ဒါဖြင့် ဆို၍ ရှိခိုး၏-ဟု မှတ်သင့်၏။

"ကာယကံ်, ဝစီကံ်, မနောကံ်တို့ဖြင့် ရှိခိုးပါ၏"ဟု ဆို၍ ရှိခိုးရာ၌ကား–

သခီရေ ဥပါဒါယ သတ္ထောတိ ပညတ္တိမတ္တသမ္ဘဝတော ဝါ ဖလောပစာရေန သခီရာ 'သတ္ထာ'တိ ဝုတ္တာတိ ဝေဒိတဗ္ဗံ။ –

ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ(ပ။၆၂)ပါဠိနှင့်အညီ သခီရတို့ကို အကြောင်းပြု၍ သတ္ထာ-ဟူ၍ ပညတ်မျှ၏ ဖြစ်သင့်သောကြောင့် အကျိုးဖြစ်သော သတ္ထာ၏အမည်ကို အကြောင်း ဖြစ်သော သခီရ၌ တင်စား၍ ဖလူပစာရအားဖြင့် သခီရတို့ကို သတ္ထာ-ဟူ၍–

"သတ္ထေ သတ္ထာ အာဟာရဋ္ဌိတိကာ"ဟူသော ပါဠို(ပဋိသမ္ဘိဒါမဂ်။၆)၌ ယူအပ်သကဲ့သို့ လည်းကောင်း,

ကာယဒွါရာဒီဟိ ပဝတ္တိသဒ္ဒာဝပရိယာယေန ကာယဝစီမနောကမ္မံ သိယာ၊ နကမ္မပထဝသေန။

ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာပါဠို(၂၅)၊

"ဝိကာလဘောဇနာဒီနိ ကာယကမ္မာနိ ဟောန္တိ"ဟူသော ၎င်းအဋ္ဌကထာပါဠိနှင့်အညီ ကာယကမ္မ-သဒ္ဒါသည် အကျိုးဖြစ်သော ကာယက်၏ ကာယကမ္မ-ဟူသော အမည်ကို

http://www.dhammadownload.com

အကြောင်းဖြစ်သော ကာယဒွါရ၌ တင်စား၍ ကာယဒွါရကိုပင် ကာယက်-ဟု ဖလူပစာရ အားဖြင့် ခေါ်ဝေါ်သကဲ့သို့လည်းကောင်း,

"ဩဒနံ ပစတိ"ဟူသော ပြယုဂ်၌ ဩဒန-သဒ္ဒါသည် အကျိုးဖြစ်သော ထမင်းဒြပ်၏ ဩဒန-ဟူသော အမည်ကို အကြောင်းဖြစ်သော ဆန်ဒြပ်၌ တင်စား၍ ဆန်ဒြပ်ကိုပင် ဩဒန-ဟု ဖလူပစာရအားဖြင့် ခေါ်ဝေါ်သကဲ့သို့လည်းကောင်း,

မြန်မာတို့ စကားဝယ်လည်း "ထမင်းကို ချက်၏"ဟု ဆိုရာ၌ အကျိုးဖြစ်သော ထမင်းဒြပ်၏ အမည်ကို အကြောင်းဖြစ်သော ဆန်ဒြပ်၌ တင်စား၍ ဆန်ဒြပ်ကို ထမင်း-ဟု ဖလူပစာရအားဖြင့် ခေါ်ဝေါ်သကဲ့သို့လည်းကောင်း,

"ရထားကို လုပ်၏။ လှည်းကို လုပ်၏။ အိမ်ကို ဆောက်၏။ ပုဆိုးကို ရက်၏" စသည်ဖြင့် ဆိုရာ၌လည်း အကျိုးဖြစ်သော ရထား, လှည်း, အိမ်, ပုဆိုးဒြပ်-စသည်၏ အမည်ကို အကြောင်းဖြစ်သော သစ်, ဝါး, ချည်-စသော ဒြပ်၌ တင်စား၍ သစ်, ဝါး, ချည်-စသော ဒြပ်ကိုပင် ရထား, လှည်း, အိမ်, ပုဆိုး-စသည်ဖြင့် ဖလူပစာရအားဖြင့် ခေါ်ဝေါ်သကဲ့သို့လည်းကောင်း,

ထို့အတူ အကျိုးဖြစ်သော ဒွါရ ၃-ပါး၌ဖြစ်သော မနောက်၏အမည်ကို အကြောင်းဖြစ်သော ကာယဒွါရ-စသော ဒွါရ ၃-ပါး၌ တင်စား၍ ကာယဒွါရ-စသည်ကိုပင် ကာယက်-စသည်ဖြင့် ဖလူပစာရအားဖြင့် ဆို၏-ဟု မှတ်ယူသင့်သည်။

ထို့ကြောင့် ကာယဒွါရ-စသည်တို့ဖြင့် ရှိခိုး၏-ဟူ၍ ဆိုသော်လည်းကောင်း, ကာယက်-စသည်တို့ဖြင့် ရှိခိုး၏ဟူ၍ ဆိုသော်လည်းကောင်း ဤစကား ၂-ရပ်သည် ဝစီ-ဘေဒသဒ္ဒသာ ကွဲလွဲထူးခြားသည်။ အဓိပ္ပါယ်အရမှာမူကား "တိဝိဓော ဟိ ပဏာမော မနောကမ္မမေဝ"ဟူသော မဏိသာရမဉ္ဇူသာပါဠိ(၁။၁၁၇)နှင့်အညီ မနောက်ချည်းသာ ဖြစ်ရကား မထူးမခြား မကွဲမလွဲ၊ မုချနှင့် ဥပစာသာ ဖြစ်သည်။ ကံနှင့်ဖြစ်စေ, ဒွါရနှင့်ဖြစ်စေ ၂-ပါးပင် သင့်လျော်သည်-ဟု မှတ်ယူသင့်သည်။

★★★★★★★

http://www.dhammadownload.com

အောင်မြေရွှေဘုံဆရာတော်

{ ၁၉ } အပ္ပိစ္ဆဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ဓမ္မာဘိနန္ဒ လျှောက်ပါသည် ဆရာတော်ဘုရား။ ယခုကာလ အချို့သော ရဟန်းတို့သည် 'ဧကာသနိက်-စသော ဓူတင်ကို ငါ-ဆောက်တည်၏။ နေလွဲသောအခါ အကြောင်းမရှိဘဲ ကွမ်းစားခြင်းမှ ကြဉ်ရှောင်၏။ အချင်းခပ်သိမ်း ဆေးသောက်ခြင်းမှ ကြဉ်ရှောင်၏။'

ဤသို့-စသောအားဖြင့် ဒါယကာ, ဒါယိကာမတို့အား ပြောဆိုကုန်၏။ ထိုသို့ ပြောဆိုခြင်းသည် အပ္ပိစ္ဆတာရားနှင့် ပြည့်စုံကုန်သော ရဟန်းကောင်းတို့၏ အမူအရာ အလေ့အကျက်ပေလော၊ ထိုသို့မဟုတ် အတြိစ္ဆ, ပါပိစ္ဆ, မဟိစ္ဆရဟန်းတို့၏ အလေ့အကျက် အမူအရာပင်လော။ ကျမ်းဂန်တို့၌ မည်သို့လာရှိသည်-ဟု နောင်လာ အမျိုးသားတို့ မှတ်သားရန် ကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း သိသာခြားနားအောင် ရေးပေးသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်ထားတောင်းပန်ရာ၌ နောင်လာအမျိုးသားတို့ မှတ်သားရန် ကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း ရေးသားလိုက်ခဲ့။

အပ္ပိစ္ဆော-ဟူသောပုဒ်၌–

၁	အတြိစ္ဆတာ,	၂	ပါပိစ္ဆတာ,
၃	မဟိစ္ဆတာ,	၄	အပ္ပိစ္ဆတာ၊

ဤသို့ အပြားကို သိအပ်၏။ ထိုအတြိစ္ဆတာ-စသော အပြားတို့တွင်–

http://www.dhammadownload.com

[၁] အတြိစ္ဆတာ

မိမိရသော လာဘ်၌ မရောင့်ရဲသောရဟန်း၏ သူတပါးရသောလာဘ်၌ တောင့်တခြင်းသည် အတြိစ္ဆတာ မည်၏။ ထိုအတြိစ္ဆတာနှင့် ပြည့်စုံသော ရဟန်းအား တစ်ခုသောအိုးကင်း၌ ကြော်သောမုန့်ဖြစ်သော်လည်း မိမိ၏သပိတ်၌ ကျသည်ရှိသော် ညီညွတ်စွာ မကျက်သကဲ့သို့, ငယ်သကဲ့သို့ ထင်တတ်၏။ ထိုမိမိသပိတ်၌ လောင်းအပ်သော မုန့်ကိုပင် လျှင် တပါးသောရဟန်း၏ သပိတ်၌ လောင်းပြန်အပ်သည် ဖြစ်အံ့။ ညီညွတ်စွာ ကျက်သကဲ့သို့လည်းကောင်း, ကြီးသကဲ့သို့လည်းကောင်း ထင်တတ်၏။

ဤသို့ ဆိုလိုကြောင်းကိုကား–

> အပိစေ'တ္ထ အတြိစ္ဆတာ ပါပိစ္ဆတာ မဟိစ္ဆတာ အပ္ပိစ္ဆတာတိ အယံ ဘေဒေါ ဝေဒိတဗ္ဗော။ တတ္ထ သကလာဘေ အတိတ္တာသ ပရလာဘေ ပတ္ထနာ အတြိစ္ဆတာ နာမ။ တာယ သမန္နာဂတဿ ဧကဘာဇနေ ပက္ကပူဝေါပိ အတ္တနော ပတ္တေ ပတိတော န သုပက္ကော ဝိယ ခုဒ္ဒကော ဝိယ စ ခါယတိ။ သွေဝ ပရဿ ပတ္တေ ပက္ခိတ္တော သုပက္ကော ဝိယ မဟန္တော ဝိယ စ ခါယတိ။

ဟူသော မူလပဏ္ဏာသ၊ ရထဝိနီတသုတ်အဋ္ဌကထာ(၄၄၊၄၅)ကို ထောက်သဖြင့်လည်းကောင်း,

အတြိစ္ဆတာ နာမ အတြ အတြ ဣစ္ဆာတိ ကတွာ။

ဟူသော ၎င်းဋီကာ(မ၊ဋီ၊၂။၁၁၀)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

----- × -----

[၂] ပါပိစ္ဆတာ

မိမိကိုယ်၌ ထင်ရှားမရှိသော သီလ, မရှိသော ဂုဏ်တို့ကို ထင်ရှားရှိသကဲ့သို့ သူတပါးတို့အား ပြောပြလိုသော ရဟန်း၏အဖြစ်သည်လည်းကောင်း၊ ခံခြင်း၌ အတိုင်းအရှည်ကို မသိသော ရဟန်း၏အဖြစ်သည်လည်းကောင်း ပါပိစ္ဆတာ မည်၏။

ထိုပါပိစ္ဆတာသည် "**ဣဓေ'ကစ္စော အဿဒ္ဓေါ သမာနော သဒ္ဒေါတိ မံ ဇနော ဇာနာတု**" ဤသို့ အစရှိသောနည်းဖြင့် အဘိဓမ္မာ(အဘိ၊ဝိ။၃၆၄)၌ လာသည်သာလျှင်တည်း။

http://www.dhammadownload.com

ထိုပါဝိစ္ဆတာတရားနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အံ့ဖွယ်ပြုခြင်း၌ တည်၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

အသန္တဂုဏသမ္ဘာဝနတာ ပန ပဋိဂ္ဂဟဏေ စ အမတ္တညုတာ ပါဝိစ္ဆတာ နာမ၊ သာ "ဣဓေ'ကစ္စော အဿဒ္ဓေါ သမာနော သဒ္ဓေါတိ မံ ဇနော ဇာနာတူ"တိ အာဒိနာ နယေန အဘိဓမ္မေ အာဂတာယေဝ။ တာယ သမန္နာဂတော ပုဂ္ဂလော ကောဟညေ ပတိဋ္ဌာတိ။ –

ဟူသော ၎င်းအဋ္ဌကထာ(မ၊ဋ္ဌ၊၂။၄၅)ကို ထောက်သဖြင့်လည်းကောင်း,

အသန္တဂုဏသမ္ဘာဝနတာတိ အတ္တနိ အဝိဇ္ဇမာနာနံ ဂုဏာနံ ဝိဇ္ဇမာနာနံ ဝိယ ပရေသံ ပကာသနာ။ **သဒ္ဓေါတိ မံ ဇနော ဇာနာတူတိ** ဝတ္တုပဋိပတ္တိကာရကဝိသေသလာဘီတိ ဇာနာတု "ဝတ္တုပဋိပတ္တိအာပါထကဗ္ဗာယိတာ"တိ ဧဝမာဒိနာ။

ဟူသော ၎င်းဋီကာ(မ၊ဋီ၊၂။၁၁၀)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

----- × -----

[၃] မဟိစ္ဆတာ

မိမိ၌ ထင်ရှားရှိသော သီလ-စသော ဂုဏ်တို့ကို သူတပါးတို့အား ပြောပြသော ရဟန်း၏အဖြစ်သည်လည်းကောင်း, ခံခြင်း၌ အတိုင်းအရှည်ကို မသိသော ရဟန်း၏အဖြစ်သည်လည်းကောင်း မဟိစ္ဆတာ မည်၏။

ထိုမဟိစ္ဆတာသည်လည်း–

ဣဓေ'ကစ္စော သဒ္ဓေါ သမာနော သဒ္ဓေါတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။ **သီလဝါ သမာနော သီလဝါ'တိ မံ ဇနော ဇာနာတူတိ** ဣစ္ဆတိ။

ဤသို့သောနည်းဖြင့် အဘိဓမ္မာ(အဘိ၊ဝိ။၃၆၄)၌ လာသည်သာလျှင်တည်း။

ထိုမဟိစ္ဆတာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ရောင့်ရဲစေနိုင်ခဲသည် ဖြစ်၏။ ထိုရဟန်း၏စိတ်ကို ဖွားသောအမိသည်လည်း ယူခြင်း, နှစ်သက်စေခြင်းငှာ မတတ်နိုင်။ ထိုကြောင့် "အဂ္ဂိက္ခန္ဓော ။ပ။ အတပွယာ"ဟူ၍ ဤစကားကို ဆိုအပ်၏။

အဂ္ဂိက္ခန္ဓော၊ မီးအစုသည်လည်းကောင်း။ သမုဒ္ဒေါ စ၊ သမုဒ္ဒရာသည်လည်းကောင်း။ မဟိစ္ဆော၊ အလိုကြီးသော။ ပုဂ္ဂလော စာပိ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ သကဋ္ဌေန၊ လှည်း

http://www.dhammadownload.com

ဖြင့်။ ပစ္စယံ၊ မီးစာ, ရေ, ပေးလျှအပ်သောပစ္စည်းကို။ ဒေတု၊ ပေးသည်ဖြစ်စေ။ ဇတေ တယောပိ၊ ထို ၃-ပါးတို့သည်လည်း။ အတပ္ပယာ၊ မရောင့်ရဲကုန်။

ဤသို့ ဆိုလိုကြောင်းကိုကား–

> သန္တဂုဏသမ္ဘာဝနာ ပန ပဋိဂ္ဂဟဏေ စ အမတ္တညုတာ မဟိစ္ဆတာ နာမ။ သာပိ "ဣဓေ'ကစ္စော သဒ္ဓေါ သမာနော သဒ္ဓေါတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ၊ သီလဝါ သမာနော သီလဝါ'တိ မံ ဇနော ဇာနာတူ"တိ ဣမိနာ နယေန အာဂတာယေဝ။ တာယ သမန္နာဂတော ပုဂ္ဂလော ဒုဿန္တပ္ပယော ဟောတိ၊ ဝိဇာတမာတာပိသ စိတ္တံ ဂဟေတုံ န သက္ကောတိ။ တေနေ'တံ ဝုစ္စတိ–
>
> **အဂိဂ္ဟနွော သမုဒ္ဂေါ စ၊ မဟိစ္ဆော စာပိ ပုဂ္ဂလော။**
> **သကဋ္ဌေန ပစ္စယံ ဒေတု၊ တယောပေ'တေ အတပ္ပယာတိ။**

ဟူသော ၎င်းအဋ္ဌကထာ(မ၊၌၊၂။၄၅)ပါဠိကို ထောက်သဖြင့်လည်းကောင်း,

> သန္တဂုဏသမ္ဘာဝနာတိ ဣစ္ဆာစာရေ ဌတွာ အတ္တနိ ဝိဇ္ဇမာနသီလဂုတဓမ္မာဒိဂုဏဝိဘာဝနာ။ တာဒိသဿ ဟိ ပဋိဂ္ဂဟဏေ အမတ္တညုတာပိ ဟောတိ။ –

ဟူသော ၎င်းဋီကာ(မ၊ဋီ၊၂။၁၁၀)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

----- x -----

[၄] အပ္ပိစ္ဆတာ

မိမိ၌ ထင်ရှားရှိသော သီလ-စသောဂုဏ်တို့ကို လျှို့ဝှက်သောရဟန်း၏ အဖြစ်သည်လည်းကောင်း, ခံခြင်း၌ အတိုင်းအရှည်ကို သိသော ရဟန်း၏အဖြစ်သည်လည်းကောင်း **အပ္ပိစ္ဆတာ** မည်၏။

ထိုအပ္ပိစ္ဆတာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မိမိ၌ ထင်ရှားရှိသည်လည်းဖြစ်သော သီလ-စသောဂုဏ်ကို ဖုံးလွှမ်းလိုသည်၏အဖြစ်ကြောင့် သဒ္ဓါတရားရှိသည်ဖြစ်လျက် "သဒ္ဓါတရားနှင့် ပြည့်စုံသောသူ-ဟူ၍ ငါ့ကို လူများအပေါင်းသည် သိစေသတည်း" ဤသို့ အလိုမရှိ၊ သီလနှင့် ပြည့်စုံသည်။ ဝိဝေက ၃-ပါးနှင့် ပြည့်စုံသည်။ များသော အကြားအမြင် ရှိသည်။ အားထုတ်ခြင်း ဝီရိယနှင့် ပြည့်စုံသည်။ သမာဓိနှင့် ပြည့်စုံသည်။ ပညာရှိသည်။ ကုန်ပြီးသော အာသဝေါရှိသည်ဖြစ်လျက် "ကုန်ပြီးသော အာသဝေါရှိသောသူ-ဟူ၍ ငါ့ကို

http://www.dhammadownload.com

လူများအပေါင်းသည် သိစေသတည်း" ဤသို့ မတောင့်တ။ အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်းဟူမူကား မဇ္ဈန္တိကမထေရ်ကဲ့သို့တည်း။ ကြားဖူးသည်ကို ဆိုဦးအံ့။

မဇ္ဈန္တိကမထေရ်သည် ရဟန္တာကြီးသည် ဖြစ်ပြီ။ ထိုမဇ္ဈန္တိကမထေရ်၏ သပိတ်, သင်္ကန်းသည်ကား ၁-မတ်မျှသည်သာလျှင် အဖိုးထိုက်၏။ ထိုမထေရ်သည် အသောက-မမွရာဇ်မင်း၏ ကျောင်းပူဇော်သောနေ့၌ သံဃာ့မထေရ်သည် ဖြစ်ပြီ။ ထိုအခါ၌ မထေရ်၏ အလွန်ခေါင်းပါးသည်၏အဖြစ်ကို မြင်၍ လူတို့သည် "အရှင်ဘုရား၊ အတန်ငယ် အပ၌ ဖြစ်တော်မူပါကုန်၊" ဤသို့ လျှောက်ဆိုကုန်၏။ မဇ္ဈန္တိကမထေရ်သည် "ငါကဲ့သို့သောသဘော ရှိသော ရဟန္တာပုဂ္ဂိုလ်သည် မင်းက(အား) သဂြိုဟ်ခြင်းကို မပြုသည်ရှိသော် တပါးသော အဘယ်သူသည် ပြုလတ္တံ့နည်း။" ဤသို့ နှလုံးပိုက်၍ မြေ၌ငုပ်၍ သံဃာ့ထေရ်အား ထားအပ်သော ဆွမ်းကို ခံတိုင်းသာလျှင် ပေါ်၏။

ဤသို့ ရဟန္တာပုဂ္ဂိုလ်ဖြစ်လျက် "ရဟန္တာ-ဟူ၍ ငါ့ကို လူများအပေါင်းသည် သိစေသတတ်"ဟူ၍ အလိုမရှိ။ ဤသို့ အလိုနည်းသော ရဟန်းသည်ကား မဖြစ်သေးသော လာဘ်ကို ဖြစ်စေ၏။ ဖြစ်ပြီးသောလာဘ်ကို အမြဲတည်သည်ကို ပြု၏။ ဒါယကာတို့၏စိတ်ကို နှစ်သိမ့်စေ၏။ ထိုစကားသည် မှန်၏။ အကြင်အကြင်သို့သော အခြင်းအရာဖြင့် ထိုရဟန်းသည် မိမိ၏ အလိုနည်းသည်၏အဖြစ်ကြောင့် နည်းသောဝတ္ထုကို ခံ၏။ ထိုသို့သော အခြင်းအရာဖြင့် ထိုရဟန်း၏ဝတ်၌ ကြည်ညိုကုန်သော လူတို့သည် များစွာကုန်သော ပစ္စည်းအာမိသတို့ကို လှူကုန်၏။

ဤသို့ ဆိုလိုကြောင်းကိုကား–

> ကမ္မ ဘိက္ခဝေ ဘိက္ခု အပ္ပိစ္ဆော သမာနော **အပ္ပိစ္ဆောတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ၊ သန္တုဋ္ဌော သမာနော **သန္တုဋ္ဌောတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ၊ ပဝိဝိတ္တော သမာနော **ပဝိဝိတ္တောတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ၊ အာရဒ္ဓဝီရိယော သမာနော **အာရဒ္ဓဝီရိယောတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ၊ ဥပဋ္ဌိတသတိ သမာနော **ဥပဋ္ဌိတသတီတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ၊ သမာဟိတော သမာနော **သမာဟိတောတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ၊ ပညဝါ သမာနော **ပညဝါတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ၊ နိပ္ပပဉ္စာရာမော သမာနော **နိပ္ပပဉ္စာရာမောတိ** မံ ဇာနေယျန္တိ န ကမ္မဆ္ဆတိ။

ဟူသော အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိရ်ပါဠိ(၆၆)ကို ထောက်သဖြင့်လည်းကောင်း,

> သန္တုဋ္ဌနိဂူဟနတာ ပန ပဋိဂ္ဂဟဏေ စ မတ္တညုတာ **အပ္ပိစ္ဆတာ** နာမ။ တာယ သမန္နာဂတော ပုဂ္ဂလော အတ္တနိ ဝိဇ္ဇမာနမ္ပိ ဂုဏံ ပဋိစ္ဆာဒေတုကာမတာယ

http://www.dhammadownload.com

"သဒ္ဓါ သမာနော သဒ္ဓါတိ မံ ဇနော ဇာနာတူတိ နု ဣစ္ဆတိ။ သီလဝါ။ ပဝိဝိတ္တော၊ ဗဟုဿုတော၊ အာရဒ္ဓဝီရိယော၊ သမာဓိသမ္မန္နော၊ ပညဝါ၊ ခီဏာသဝေါ သမာနော ခီဏာသဝေါတိ မံ ဇနော ဇာနာတူ"တိ နု ဣစ္ဆတိ၊ သေယျထာပိ မဏ္ဍန်ကတ္ထေရော ဝိယ။ ထေရော ကိရ မဟာခီဏာသဝေါ အဟောသိ၊ ပတ္တစီဝရံ ပန'သာ ပါဒမတ္တမေဝ အဂ္ဃတိ၊ သော အသောကဿ ဓမ္မရညော ဝိဟာရမဟဒိဝသေ သံဃတ္ထေရော အဟောသိ။ အထဿ အတိလူခဘာဝံ ဒိသွာ မနုဿာ "ဘန္တေ ထောကံ ဗဟိ ဟောထာ"တိ အာဟံသု။ ထေရော "မာဒိသေ ခီဏာသဝေ ရညော သင်္ဂဟံ အကရောန္တေ အညော ကော ကရိဿတီ"တိ ပထဝိယံ နိမုဇ္ဇိတွာ သံဃတ္ထေရဿ ဥက္ခိတ္တပိဏ္ဍံ ဂဏှန္တော ယေဝ ဥမ္မုဇ္ဇိ။ ဧဝံ ခီဏာသဝေါ သမာနော "ခီဏာသဝေါတိ မံ ဇနော ဇာနာတူ"တိ နု ဣစ္ဆတိ။ ဧဝံ အပ္ပိစ္ဆော ပန ဘိက္ခု အနုပ္ပန္နံ လာဘံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ လာဘံ ထာဝရံ ကရောတိ၊ ဒါယကာနံ စိတ္တံ အာရာဓေတိ၊ ယထာ ယထာ ဟိ သော အတ္တာနော အပ္ပိစ္ဆတာယ အပ္ပံ ဂဏှာတိ။ တထာ တထာ တဿ ဝတ္တေ ပသန္နာ မနုဿာ ဗဟူ ဒေန္တိ။

ဟူသော မူလပဏ္ဏာသ၊ ရထဝိနီတသုတ်အဋ္ဌကထာ(၄၅-၆)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။ ထိုမှတပါးလည်း **အပ္ပိစ္ဆသည်**–

၁။ ပစ္စယအပ္ပိစ္ဆ, ၂။ ဓုတင်္အပ္ပိစ္ဆ,

၃။ ပရိယတ္တိအပ္ပိစ္ဆ, ၄။ အဓိဂမအပ္ပိစ္ဆ–

ဟူ၍ ၄-ပါး အပြားရှိ၏။ ထို ၄-ပါးတို့တွင်–

၁။ ပစ္စယအပ္ပိစ္ဆ

၄-ပါးသောပစ္စည်းတို့၌ အလိုနည်းခြင်းသည် ပစ္စယအပ္ပိစ္ဆ မည်၏။ ထိုပစ္စယအပ္ပိစ္ဆ သည် ဒါယကာ၏စိတ်အလိုကို သိ၏။ လျှူအပ်သောဝတ္ထု နည်းသည်, များသည်၏အဖြစ်ကို သိ၏။ မိမိ၏အစွမ်းကို သိ၏။

- ဒေယျဓမ္မသည် များသည် ဖြစ်၏။ ဒါယကာသည် အနည်းငယ်သော ဝတ္ထုကို လျှူလိုက်၏။ ဒါယကာ၏အလိုဖြင့် အနည်းငယ်သော ဝတ္ထုကို ခံ၏။
- ဒေယျဓမ္မသည် နည်း၏။ ဒါယကာသည် များစွာသော ဒါနဝတ္ထုကို လျှူလိုက်၏။ ဒေယျဓမ္မ၏အစွမ်းဖြင့် နည်းစွာသောဝတ္ထုကို ခံ၏။

http://www.dhammadownload.com

- ဒေယျဓမ္မသည်လည်း များ၏။ ဒါယကာသည်လည်း များစွာသော၀တ္ထုကို လျှူလို၏။ မိမိ၏အစွမ်းကို သိ၍ အတိုင်းအရှည်ဖြင့်သာလျှင် ခံ၏။

ဤသို့ ဆိုလိုကြောင်းကိုကား–

အပရောပိ စတုဋ္ဌမော အပ္ပိစ္ဆော ပစ္စယအပ္ပိစ္ဆော, ဓုတင်္အပ္ပိစ္ဆော, ပရိယတ္တိ-အပ္ပိစ္ဆော, အဓိဂမအပ္ပိစ္ဆောတိ။ တတ္ထ စတူသု ပစ္စယေသု အပ္ပိစ္ဆော ပစ္စယအပ္ပိစ္ဆော နာမ၊ သော ဒါယကဿ ဝသံ ဇာနာတိ၊ ဒေယျဓမ္မဿ ဝသံ ဇာနာတိ၊ အတ္တနော ထာမံ ဇာနာတိ။ ယဒိ ဟိ ဒေယျဓမ္မော ဗဟု ဟောတိ၊ ဒါယကော အပ္ပံ ဒါတုကာမော၊ ဒါယကဿ ဝသေန အပ္ပံ ဂဏှာတိ။ ဒေယျဓမ္မော အပ္ပေါ၊ ဒါယကော ဗဟုံ ဒါတုကာမော၊ ဒေယျဓမ္မဿ ဝသေန အပ္ပံ ဂဏှာတိ။ ဒေယျဓမ္မောပိ ဗဟု၊ ဒါယကောပိ ဗဟုံ ဒါတုကာမော၊ အတ္တနော ထာမံ ဉတ္ဝာ ပမာဏေနေဝ ဂဏှာတိ။

ဟူသော ၎င်းအဋ္ဌကထာ(မ၊ဋ္ဌ၊၂။၄၆)ပါဠိကို ထောက်သဖြင့်လည်းကောင်း,

ဒါယကဿ ဝသန္တိ ဒါယကဿ စိတ္တဝသံ။ ဒေယျဓမ္မဿ ဝသန္တိ ဒေယျဓမ္မဿ အပ္ပဗဟုဘာဝံ။ အတ္တနော ထာမန္တိ အတ္တနော ယာပနမတ္တကထာမံ။

ဟူသော ၎င်းဋီကာ(မ၊ဋီ၊၂။၁၁၁)ကို ထောက်သဖြင့်လည်းကောင်း,

ပစ္စယအပ္ပိစ္ဆော ပရိယတ္တိအပ္ပိစ္ဆော အဓိဂမအပ္ပိစ္ဆော ဓုတင်္အပ္ပိစ္ဆောတိ စတ္တာရော အပ္ပိစ္ဆာ။ တတ္ထ ပစ္စယအပ္ပိစ္ဆော ဗဟုံ ဒေန္တေ အပ္ပံ ဂဏှာတိ၊ အပ္ပံ ဒေန္တေ အပ္ပကတရံ ဂဏှာတိ၊ န အနဝသေသဂ္ဂါဟီ ဟောတိ။ –

ဟူသော အဂုံတ္တိရ်၊ အဋ္ဌကနိပါတ်အဋ္ဌကထာ(၂၂၆)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

၂။ ဓုတင်္အပ္ပိစ္ဆ

ဓုတင်ကို ဆောက်တည်ခြင်း၏ မိမိ၌ ရှိသည်၏အဖြစ်ကို မသိစေလိုသော ရဟန်းသည် ဓုတင်္အပ္ပိစ္ဆ မည်၏။

ထိုဓုတင်္အပ္ပိစ္ဆကို ထင်စွာပြခြင်းငှာ ဤသည်တို့ကား ဝတ္ထုတို့တည်း။ သောသာနိက-မဟာသုမမထေရ်ကဲ့သို့တည်း။ ကြားဖူးသည်ကို ဆိုဦးအံ့။ မဟာသုမမထေရ်သည် ဝါ ၆၀-တို့ပတ်လုံး သုသာန်၌ နေ၏။ တစ်ပါးသော, တစ်ယောက်သော ရဟန်းသည်လည်း မသိ၊ မထင်ရှား။

http://www.dhammadownload.com

ထို့ကြောင့်သာလျှင်–

သုသာနေ သဠိ ဝဿာနိ၊ အဗ္ဘောကိဏ္ဏံ ဝသာမ'ဟံ။
ဒုတိယော မံ နံ ဇာနေယ္ယ၊ အဟော သောသာနိကုတ္တမော။ (မ၊ဋ္ဌ၊၂။၄၆)

ဟူ၍ မိန့်ပြီ။

သဠိဝဿာနိ၊ အဝါ ၆၀-တို့ပတ်လုံး။ သုသာနေ၊ ၌။ အဗ္ဘောကိဏ္ဏော၊ အပေါင်းအဖော်တို့နှင့် ရောပြွမ်းခြင်းမှ ကင်းသည်ဖြစ်၍။ အဟံ၊ ငါသည်။ ဝသာမိ၊ နေ၏။ ဒုတိယော၊ ၂-ယောက်မြောက်သောသူသည်။ မံ၊ ငါ့ကို။ နံ ဇာနေယ္ယ၊ မသိရာ။ သောသာနိကုတ္တမော၊ မြတ်သော သုသာန်ဓုတင်အကျင့်သည်။ အဟော၊ အံ့ဖွယ်ရှိစွတကား။

စေတိယတောင်၌ မထေရ်ညီနောင်တို့သည် နေကုန်၏။ ထိုမထေရ်တို့တွင် ညီဖြစ်သောမထေရ်သည် အလုပ်အကျွေးဒါယကာ ပို့လာ၍ ကြံပိုင်းတို့ကို ယူ၍ အစ်ကို၏အထံသို့ သွားလေ၏။ "အရှင်ဘုရား၊ သုံးဆောင်ခြင်းကို ပြုတော်မူပါကုန်" ဤသို့ ဆို၏။ မထေရ်အားလည်း ဆွမ်းစားခြင်းကိစ္စကို ပြုပြီး၍ ခံတွင်းကို ဆေးပြီးသော ကာလသည် ဖြစ်၏။ ထိုနောင်တော်ဖြစ်သော မထေရ်သည် "ငါ့ရှင်၊ တန်ပြီ" ဤသို့ ဆို၏။ "အရှင်ဘုရား၊ အသို့နည်း။ ဧကာသနိက်ဓုတင်ကို ဆောက်တည်သည်၏အဖြစ်ကြောင့် အလိုတော် မရှိသလော၊" ဤသို့ ဆိုလတ်သော် "ငါ့ရှင်၊ ကြံပိုင်းတို့ကို ဆောင်ခဲ့လော့"၊ ဤသို့ ဆို၍ အနှစ် ၅၀-တို့ပတ်လုံး ဧကာသနိက်ဓုတင်ကို ဆောက်တည်သည်ဖြစ်သော်လည်း ဓုတင်ကို ဖုံးလွှမ်းလျှို့ဝှက်လိုသည်ဖြစ်၍ သုံးဆောင်ခြင်းကို ပြု၍ ခံတွင်းကို ဆေး၍ တဖန်ဓုတင်ကို ဆောက်တည်၍ သွားလေ၏။

တစ်ဝတ္ထုမျှလည်း စေတိယတောင်ဝယ် သီတင်းသုံးနေသော ညီနောင်ရဟန်း ၂-ဦးတို့တွင် အစ်ကိုမထေရ် နိသဇ္ဇဓုတင်ကို ဆောက်တည်၏။ ထိုမထေရ် နိသဇ္ဇဓုတင် ဆောက်တည်သည်၏အဖြစ်ကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် မသိ။ ထိုအခါ တနေ့-သ၌ ညဉ့်အခါဝယ် အိပ်ရာအင်းပျဉ်၌နေသော မထေရ်ကို လျှပ်စစ်ရောင်ဖြင့် မြင်၍ ညီ-ရဟန်းသည် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် နိသဇ္ဇဓုတင်ကို ဆောက်တည်ကုန်သလော"ဟု မေး၏။ မထေရ်သည် ဓုတင်၌ အလိုနည်းသည်၏အဖြစ်ကြောင့် ထိုမေးသော ဒဏ္ဍ၌ပင်လျှင် အိပ်၍ နောက်မှ နိသဇ္ဇဓုတင်ကို ဆောက်တည်၏။

ဤသို့ ဆိုလိုကြောင်းကိုကား–

ဓုတင်္သမာဒါနဿ အတ္တနိ အတ္ထိဘာဝံ နံ ဇာနာပေတုကာမော ဓုတင်္အပ္ပိစ္ဆော နာမ။ တဿ ဝိဘာဝနတ္ထံ ဣမာနိ ဝတ္ထူနိ- သောသာနိကမဟာသုမတ္ထေရော ကိရ သဠိ ဝဿာနိ သုသာနေ ဝသိ။ အညော ဧကဘိက္ခုပိ နံ အညာသိ။ တေနေဝါ'ဟ-

http://www.dhammadownload.com

သုသာနေ သဠိ ဝဿာနိ၊ အဇ္ဈောကိဏ္ဏံ ဝသာ'မဟံ။
ဒုတိယော မံ နံ ဇာနေယျ၊ အဟော သောသာနိကုတ္တမော။

စေတိယပဗ္ဗတေ ဒွေဘာတိကတ္ထေရာ ဝသိံသု။ တေသု ကနိဋ္ဌော ဥပဋ္ဌာကေန ပေသိတော ဥစ္ဆုခဏ္ဍိကာ ဂဟေတွာ ဇေဋ္ဌသ္သ သန္တိကံ အဂမာသိ။ ပရိဘောဂံ ဘန္တေ ကရောထာတိ။ ထေရဿ စ ဘတ္တကိစ္စံ ကတ္တာ မုခံ ဝိက္ခာလနကာလော အဟောသိ။ သော အလံ အာဝုသောတိ အာဟ။ ကစ္စိ ဘန္တေ ဧကာသနိကတ္ထာတိ။ အာဟရာ'ဝုသော ဥစ္ဆုခဏ္ဍိကာတိ။ ပညာသ ဝဿာနိ ဧကာသနိကော သမာနောပိ ဓုတင်္ဂံ နိဂူဟမာနော ပရိဘောဂံ ကတ္တာ မုခံ ဝိက္ခာလေတွာ ဓုတင်္ဂံ အဓိဋ္ဌာယ ဂတော။

ဟူသော ၎င်းအဋ္ဌကထာ(မ၊၃၊၂။၄၆)ကို ထောက်သဖြင့်လည်းကောင်း,

ဧကဘိက္ခုပိ နံ အညာသိ သောသာနိကဝတ္တေ သမ္မဒေဝ ဝုတ္တိတ္တာ။ အဇ္ဈောကိဏ္ဏန္တိ အဝိစ္ဆေဒံ။ ဒုတိယော မံ နံ ဇာနေယျာတိ ဒုတိယော သဟာယဘူတောပိ ယထာ မံ ဇာနိတုံ နံ သက္ကုနေယျ၊ တထာ သဠိ ဝဿာနိ နိရန္တရံ သုသာနေ ဝသာမိ၊ တသ္မာ အဟံ အဟော သောသာနိကုတ္တမော။

ဟူသော ၎င်းဋီကာ(မ၊ဋီ၊၂။၁၁၁)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

ဓုတင်္ဂအပ္ပိစ္ဆော ဓုတင်္ဂပရိဟရဏဘာဝံ အညေသံ ဇာနိတုံ နံ ဒေတိ။

ဟူသော အင်္ဂုတ္တိရ်၊ အဋ္ဌကနိပါတ်အဋ္ဌကထာ(၂၂၆)ကို ထောက်သဖြင့်လည်းကောင်း,

ဧတ္ထ စ စေတိယပဗ္ဗတေ ဒွေဘာတိကတ္ထေရာနံ ဇေဋ္ဌကဘာတု ဓုတင်္ဂအပ္ပိစ္ဆတာယ ဝတ္ထု ကထေတဗ္ဗံ။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁။၅၉)၊

ဧတ္ထာတိ အတ္တနာပိ သမာဒါနဿ ရုဟနေ။ ဇေဋ္ဌကဘာတု ဓုတင်္ဂပ္ပိစ္ဆတာယ ဝတ္ထုတိ သော ကိရ ထေရော နေသဇ္ဇိကော၊ တဿ တံ နံ ကောစိ ဇာနာတိ။ အထေ'ကဒိဝသံ ရတ္တိယံ သယနပိဋ္ဌေ နိသိန်္နံ ဝိဇ္ဇုလတောဘာသေန ဒိသွာ ဣတရော ပုစ္ဆိ "ကိံ ဘန္တေ တုမှေ နေသဇ္ဇိကာ"တိ။ ထေရော ဓုတင်္ဂပ္ပိစ္ဆတာယ တာဝဒေဝ နိပ္ပဇ္ဇိတွာ ပစ္ဆာ သမာဒိယိတိ ဧဝ'မာဂတံ ဝတ္ထု။

ဟူသော ၎င်းဋီကာ(ဝိသုဒ္ဓိမဂ်၊ဋီ၊၁။၉၁)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

http://www.dhammadownload.com

၃။ ပရိယတ္တိအပ္ပိစ္ဆ

အကြင်ရဟန်းသည် သာကေတကတိသမထေရ်ကဲ့သို့ အကြားအမြင် များသည်၏ အဖြစ်ကို သိစေခြင်းငှာ အလိုမရှိ။ ဤရဟန်းသည် ပရိယတ်၌ နည်းသောအလိုရှိသော ရဟန်း မည်၏။ ကြားဖူးသည်ကို ဆိုဦးအံ့။ သာကေတကတိသမထေရ်သည် အားလပ်သော အခွင့်သည် မရှိ-ဟူ၍ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်းတို့၌ အခွင့်ကို မပြုသည်ဖြစ်၍ "အရှင်ဘုရား၊ သေအံ့သော အခွင့်ကာလကို ရတော်မူပါကုန်လတ္တံ့လော" ဤသို့ တိုက်တွန်းအပ်သည်ဖြစ်၍ ဂိုဏ်းကို စွန့်၍ ကဏိကာရဝါလိကသမုဒ္ဒမည်သော ကျောင်းသို့ သွားလေ၏။ ထိုကျောင်းတိုက်၌ ဝါတွင်း ၃-လပတ်လုံး ထေရ, နဝ, မဇ္ဈိမတို့အား ကျေးဇူးပြုသည်ဖြစ်၍ သီတင်းကျွတ်လပြည့်၊ မဟာပဝါရဏာနေ့၌ ဥပုသ်နေ့ဝယ် တရားစကားဖြင့် သတ္တဝါအပေါင်းကို ချောက်ချားစေ၍ သွားလေ၏။ ဤသို့ ဆိုလိုကြောင်းကိုကား–

> ယော ပန သာကေတကတိဿထေရော ဝိယ ဗဟုဿုတဘာဝံ ဇာနာပေတုံ န ဣစ္ဆတိ၊ အယံ ပရိယတ္တိအပ္ပိစ္ဆော နာမ။ ထေရော ကိရ "ခဏော နတ္ထိ"တိ ဥဒ္ဒေသပရိပုစ္ဆာသု ဩကာသံ အကရောန္တော "မရဏကွယ် ဘန္တေ လဘိဿထာ"တိ စောဒိတော ဂဏှံ ဝိဿဇ္ဇေတွာ ကဏိကာရဝါလိကသမုဒ္ဒဝိဟာရံ ဂတော။ တတ္ထ အန္တောဝဿံ ထေရနဝမဇ္ဈိမာနံ ဥပကာရော ဟုတွာ မဟာပဝါရဏာယ ဥပေါသထဒိဝသေ ဓမ္မကထာယ ဇနတံ ခေါဘေတွာ ဂတော။

ဟူသော ၎င်းအဋ္ဌကထာ(မ၊၃၊၂။၄၆-၇)ကို ထောက်သဖြင့်လည်းကောင်း,

> **ဓမ္မကထာယ ဇနတံ ခေါဘေတွာတိ** လောမဟံသနသာဓုကာရဒါနစေလုက္ခေပါဒိဝသေန သန္နိပတိတံ ဣတရဉ္စ "ကထံ နုခေါ အယျဿ သန္တိကေဝ ဓမ္မံ သောဿာမာ"တိ ကောလာဟလဝသေန မဟာဇနံ ခေါဘေတွာ။ ဂတောတိ "အယံ သော၊ ယေန ရတ္တိယံ ဓမ္မကထာ ကတာ"တိ ဇာနနဘာယေန ပရိယတ္တိအပ္ပိစ္ဆတာယ ပရိဝေဏံ ဂတော။

ဟူသော ၎င်းဋီကာ(မ၊ဋီ၊၂။၁၁၁)ကို ထောက်သဖြင့်လည်းကောင်း,

> **ပရိယတ္တိအပ္ပိစ္ဆော တေပိဋကောပိ သမာနော နဗဟုဿုတဘာဝံ ဇာနာပေတုကာမော ဟောတိ။**

ဟူသော အင်္ဂုတ္တိရ်၊ အဋ္ဌကနိပါတ်(အင်္ဂုတ္တ၊၂၂၆)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

http://www.dhammadownload.com

၄။ အဓိဂမအပ်ိဳစ္ဆ

အကြင်ရဟန်းသည် သောတာပန်-အစရှိသည်တို့တွင် တစ်ယောက်,တစ်ယောက်သော ပုဂ္ဂိုလ်သည်ဖြစ်၍ သောတာပန်-အစရှိသော ပုဂ္ဂိုလ်၏အဖြစ်ကို သူတပါးတို့ သိစေခြင်းငှာ အလိုမရှိ။ ဤပုဂ္ဂိုလ်သည် **အဓိဂမအပ်ိဳစ္ဆ** မည်၏။ ၃-ယောက်ကုန်သော အနုရုဒ္ဓါအစရှိကုန်သော အမျိုးကောင်းသားတို့ကဲ့သို့လည်းကောင်း, ယဒိုကာရအမည်ရှိသော ဘိုးထိန်းသည်ကဲ့သို့လည်းကောင်းတည်း။ ။ ဤသို့ ဆိုလိုကြောင်းကိုကား–

> ယော ပန သောတာပန္နာဒီသု အညတရော ဟုတ္ဝာ သောတာပန္နာဒိဘာဝံ ဇာနာပေတုံ န ဣစ္ဆတိ။ အယံ **အဓိဂမအပ်ိဳစ္ဆော** နာမ၊ တယော ကုလပုတ္တာ ဝိယ ယဒိုကာရကုမ္ဘကာရော ဝိယ စ။ –

ဟူသော ၎င်းအဋ္ဌကထာ(မ၊၆၊၂။၄၇)ပါဠိကို ထောက်သဖြင့်လည်းကောင်း,

> တယော ကုလပုတ္တာ ဝိယာတိ ပါဠိနဝံသဒါယေ သမဂ္ဂဝါသံ ဝုတ္ထာ တယော ကုလပုတ္တာ ဝိယ။ – ဟူသော ၎င်းဋီကာ(မ၊ဋီ၊၂။၁၁၁)ပါဠိကို ထောက်သဖြင့်လည်းကောင်း,
>
> **အဓိဂမအပ်ိဳစ္ဆော အတ္ထနော အဓိဂမံ အညေသံ ဇာနိတုံ န ဒေတိ။**

ဟူသော အဂုံတ္တိရ၊ အဋ္ဌကနိပါတ်အဋ္ဌကထာ(၂၂၆)ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။

ဤသို့ ပြဆိုအပ်ပြီးသော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌လာသော စကားရပ်တို့ကို ထောက်သဖြင့် "ငါတို့သည် ဇောသနိက်-စသော ဓုတင်ကို ဆောက်တည်၏။ နေလွဲသော အခါ ကွမ်းစားခြင်းမှ ကြဉ်၏။ အချင်းခပ်သိမ်း ဆေးသောက်ခြင်းမှ ကြဉ်၏။" ဤသို့-စသောအားဖြင့် ဒါယကာ, ဒါယိကာမတို့အား ပြောဆိုခြင်းသည် အပို့စ္ဆဂုဏ်နှင့် ပြည့်စုံသော ရဟန်းကောင်းတို့၏ အလေ့အကျက် အမူအရာ မဟုတ်။ ရဟန်းကောင်းတို့သည် ကြဉ်ရှောင်အပ်သော အတြိစ္ဆ, ပါပိစ္ဆ, မဟိစ္ဆ-ဟု ဆိုအပ်သော ပါပဓမ္မတရား ၃-ပါးနှင့် ပြည့်စုံကုန်သော ပစ္စယလောလ, စပလဂုဏ, ဝါဏိဇ္ဇရဟန်းတို့၏ အမူအရာ အလေ့အကျက်-ဟု မှတ်ရာသည် တပည့်ရှင်ဓမ္မာဘိနန္ဒ။

အောင်မြေရွှေဘုံဆရာတော်ကြီးအဆုံးအဖြတ် အပို့စ္ဆဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

သီးလုံးဆရာတော်

{ ၂၀ } ရူပိယဆဋ္ဌကဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနသာသနံ စိရံ တိဋ္ဌတု။

"ရွှေ့ငွေကို ခံမိသောရဟန်းသည် သံဃာရှေ့မှောက်၌သာ စွန့်အပ်၏။ စွန့်သည်ရှိသော်-

အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ (ဘန္တေ ရူပိယံ) နိဿဂ္ဂိယံ၊ ဣမာ'ဟံ သံဃဿ နိဿဇ္ဇာမိ။

ဟု ဆို၍ သံဃာတော်အလယ်၌ စွန့်အပ်၏။ စွန့်ပြီးသော် အာပတ်ကို ဒေသနာကြားအပ်၏။ ကြားသည်ရှိသော် သံဃာ့အတွင်း၌ ဗျတ္တာပဋိဗလနှင့် ပြည့်စုံသော တစ်ယောက်သောရဟန်းသည်-

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိ သရတိ၊ ဝိဝရတိ၊ ဥတ္တာနိံ ကရောတိ၊ ဒေသေတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိ ပဋိဂ္ဂဏေယျံ။

ဟု မိမိကိုယ်ကို ဥ တ်ထား၍ သမုတ်ပြီးသော် ထိုရွှေ့ငွေခံသောရဟန်း ကြားသော အာပတ်ကို ခံရာ၏။

ခံပြီးသော် ထိုရွှေ့ငွေစွန့်ရာအရပ်သို့ တစ်စုံတစ်ယောက်သော ဒါယကာသည် လာသည်ဖြစ်အံ့။ "ဤမည်သောဝတ္ထုကို ဒကာ သိလော"ဟု ဆိုရာ၏။ ဆိုသည်ရှိသော် ထို ဒါယကာသည် "ဤဝတ္ထုဖြင့် အဘယ်ကို ဆောင်စေလိုသနည်း"ဟု မေးသည် ဖြစ်အံ့။ "ဤမည်သောဝတ္ထုကို ဆောင်စေလို၏"ဟု မဆိုအပ်။ "ရဟန်းတို့အား ဆီ,ထောပတ်-အစရှိသည် အပ်၏"ဟု ဝတ္ထုကိုသာ ကြားအပ်၏။ ထို ဆီ,ထောပတ်-အစရှိသည်ကို ဒါယကာ ဆောင်ခဲ့သည်ရှိသော် ရွှေ့ငွေခံသော ရဟန်းကို ထား၍ ကြွင်းသော ရဟန်းတို့သည် ဝေဖန်၍ သုံးဆောင်အပ်၏။ ရွှေ့ငွေခံသောရဟန်းမူကား ထိုရွှေ့ငွေမှဖြစ်သော ပစ္စည်းသည်

http://www.dhammadownload.com

အလျှင်းပင် မအပ်။ ထိုရွှေ့ငွေဖြင့် ဝယ်၍ရအပ်သော ဆီ,ထောပတ်နှင့် တစ်စုံတစ်ခုသော ဆီ,ထောပတ်-စသည်ကို ဖလှယ်၍ရမူကား အပ်သေး၏။

ထိုဒါယကာသည် "ဒကာ၊ ဤဝတ္ထုကို သိလော"ဟု ဆိုသော်လည်း မိမိယူ၍သွားသော်လည်း မမြစ်အပ်။ "ဤကြောင့်ကြဗျာပါရဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု တစ်စုံတစ်ခုမျှ မပြုဘဲ သွားခဲ့သော် အဂတိ ၄-ပါးသို့ မလိုက်ခြင်း၊ စွန့်အပ်သည်, မစွန့်အပ်သည်ကို သိခြင်း၊ ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ရဟန်းကို ရွှေ့ငွေကို စွန့်တတ်သော ရူပိယဆဋ္ဌက ရဟန်း-ဟူ၍ ဥ ဤဒုတိယကမ္မဝါစာဖြင့် သမုတ်အပ်၏။ သမုတ်လိုသော ရဟန်းကို သံဃာတို့သည် တောင်းပန်အပ်၏။ တောင်းပန်ပြီးသော်–

> သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ ရူပိယဆဋ္ဌကံ သမ္မန္နေယျ၊ ဧသာ ဉတ္တိ။
>
> သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ ရူပိယဆဋ္ဌကံ သမ္မန္နတိ၊ ယဿာ ယသ္မတော ခမတိ ဣတ္ထန္နာမဿ ဘိက္ခုနော ရူပိယဆဋ္ဌကဿ သမ္မုတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ သမ္မတော သံဃေန ဣတ္ထန္နာမော ဘိက္ခု ရူပိယဆဋ္ဌကော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။ (ဝိ၊၁။၃၄၆)

ဤသို့ ဥ ဤဒုတိယကမ္မဝါစာဖြင့် ရွှေ့ငွေကို ကိုင်သဖြင့် အာပတ်မသင့်စေခြင်း အကျိုးငှာ သမုတ်ရာ၏။ သမ္မုတိကို ရသော ရဟန်းသည်လည်း ရွှေ့ငွေကို ကိုင်ပြီးသော် ကျရာအရပ်သို့ မမှတ်မူ၍ ရေ, ခြုံ, ချောက်, ကမ်းပါး-စသော အရပ်သို့ စွန့်ပစ်အပ်၏။ အမှတ်ပြုသော် ဒုက္ကဋ်အာပတ်သင့်၏။ ထိုသို့ သင့်ခြင်းသည်လည်း သာယာသောစိတ်၊ ရွှေ့ငွေ၌ ငဲ့ကွက်သောစိတ်ရှိသော် သင့်၏။ မရှိသော် မသင့်။ ဤသို့ ရွှေ့ငွေကို စွန့်သော အခါ အာပတ်ကို ခံခြင်း, ရူပိယဆဋ္ဌကသမုတိကို ပေးခြင်းသည် ဥ ဤတိုက်, ဥ ဤဒုတိယက် ဖြစ်၍ သိမ်တွင်း၌ ပြုအပ်ရာ၏။

လဇ္ဇီပေသလ သိက္ခာကာမဖြစ်ကုန်သော ရဟန်းသူတော်ကောင်းတို့သည် ဆေးကြောသုတ်သင်ပါစေသော-ဟူသော အာသီသပတ္ထနာဖြင့် အထူးထူးသော ဝိနိစ္ဆယတို့ကို သိကျွမ်းနားလည်စေရန် ရည်သန်ဖော်ပြအပ်သော–

ရူပိယဆဋ္ဌကဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ဆင်တဲဆရာတော်

{ ၂၁ } ပါဒ,ပါဒါဓိကဒီပနီဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဇိနော ဒေတု ဇယံ မမ။

"သာသနာတော်၏ မူလဖြစ်သော စာသင်ပုဂ္ဂိုလ်သူမြတ်တို့သည် အဒိန္နာဒါန်သိက္ခာပုဒ်၌ ပါရာဇိကကို ဆုံးဖြတ်သော ပါဒ, ပါဒါဓိကအရကို အသီးအသီး ပြောဆိုဆုံးဖြတ်ကြသော အရာများဖြစ်၍ သန္နိဋ္ဌာန်ကျ အမြဲမှတ်ယူရန် မရှိပါ။ ကျမ်းဂန်တို့၌ လာရှိသည့်အရာကို မှတ်သားပါရအောင် ရေးသား၍ သနားတော်မူပါ လျှောက်ထားကြသောကြောင့် ကျမ်းဂန်ညှိနှိုင်း၍ ဉာဏ်သက်ဝင်တိုင်း ရေးသားပေအံ့။

[၁] ၁။ ပဌမာသကော ပါဒေါတိ တဒါ ရာဇဂဟေ ဝိသတိမာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဌမာသကော ပါဒေါ။ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော။ သော စ ခေါ ပေါရာဏဿ နီလကဟာပဏဿ ဝသေန၊ န ဣတရေသံ ဒုဒ္ဒဒါမကာဒီနံ(ရူဒ္ဒဒါမကာဒီနံ)။

(ပါရာဇိကဏ်အဋ္ဌကထာ၊၁။ ၂၅၈)

၂။ စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာဝ သဗ္ဗဇနပဒေသု ကဟာပဏဿ ဝိသတိမော ဘာဂေါ မာသကောတိ ဣဒဉ္စ ဝုတ္တမေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ပေါရာဏဿတ္ထာနုရူပံ လက္ခဏသမ္ပန္နာ ဥပ္ပါဒိတာ နီလကဟာပဏာတိ ဝေဒိတဗ္ဗာ။ ယသ္မိံ ပဒေသေ နီလကဟာပဏာ န သန္တိ၊ တတ္ထ(တတ္ထာပိ) နီလကဟာပဏာနံ ဝလ္လနုဋ္ဌာနေ စ အဝလ္လနုဋ္ဌာနေ စ သမာနအဂ္ဃဝသေန ပဝတ္တမာနံ ဘဏ္ဍံ ဂဟေတ္ဝာ နီလကဟာပဏဝသေနေဝ ပါဒပရိစ္ဆေဒေါ(ပရိစ္ဆေဒေါ) ကာတဗ္ဗောတိ ဝဒန္တိ။

(သာရတ္ထဒီပနီဋီကာ၊ ၂။ခ ၂၃)

http://www.dhammadownload.com

၃။ ပေါရာဏသတ္ထာနုရူပ် ဥပ္ပါဒိတော ဝိသတိမာသပ္ပမာဏဥတ္တမသုဝဏ္ဏဂ္ဃနကော လက္ခဏသမ္ပန္နော နီလကဟာပဏောတိ ဝေဒိတဗ္ဗော။ ယသ္မိ ပန ပဒေသေ နီလကဟာပဏာ န သန္တိ၊ တတ္ထာပိ ကာဠကဝိရဟိတသ နိဒ္ဒန္တသုဝဏ္ဏသ ပဉ္စမာသဂ္ဃနကေန ဘဏ္ဍေန ပါဒပရိဿေဒေါ ကာတဗ္ဗော။ (ဝိမတိဝိနောဒနီဋီကာ၊၁။၁၆၉)

၁။ ပဉ္စမာသကော ပါဒေါတိ ဇတ္ထာ၊ ပဉ္စမာသကော ပါဒေါ-ဟူသော ဤပါဠိတော်၌။ တဒါ၊ ထိုဘုရားလက်ထက်၌။ ရာဇဂဟော၊ ရာဇဂြိုဟ်ပြည်၌။ ဝိသတိမာသကော၊ မာသက ၂၀-သည်။ ကဟာပဏော၊ ၁-ကျပ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ပဉ္စမာသကော၊ ၅-ပဲသည်။ ပါဒေါ၊ ၁-ပါဒသည်။ ဟောတိ၊ ဖြစ်၏။ ဇတေန လက္ခဏေန၊ ထိုမာသက ၂၀-သည် ကဟာပဏ-ဟူသော အမှတ်လက္ခဏာဖြင့်။ သဗ္ဗဇနပဒေသု၊ အလုံးစုံသော ဇနပုဒ်တို့၌။ ကဟာပဏာဿ၊ ကဟာပဏ၏။ တစ်နည်းကား ၁-ကျပ်၏။ စတုတ္ထော၊ ၄-ခု တို့၏ ပြည့်ကြောင်းဖြစ်သော။ ဘာဂေါ၊ အဖို့ကို။ ပါဒေါတိ၊ ၁-မတ်-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သော စ၊ ထိုကဟာပဏကိုလည်း။ ပေါရာဏဿ၊ ရှေးဖြစ်သော။ နီလကဟာပဏဿ၊ နီလကဟာပဏ၏။ တစ်နည်းကား ရွှေစင် ၁-ကျပ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတရေသံ၊ နီလကဟာပဏမှ တပါးကုန်သော။ ဒုဒ္ဒဒါမကာဒီနံ (ရူဒ္ဒဒါမကာဒီနံ)၊ ဒုဒ္ဒဒါမကကဟာပဏ-အစရှိသည်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ န ဝေဒိတဗ္ဗော၊ မသိအပ်။ (အဋ္ဌကထာအနက်၊ဝိ၊ဋ္ဌ၊၁။၂၅၈)

၂။ စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာ၊ ဝေဒိတဗ္ဗော-ဟူသော ဤပါဠိဖြင့်။ သဗ္ဗဇနပဒေသု၊ အလုံးစုံသောဇနပုဒ်တို့၌။ ကဟာပဏာဿ၊ ကဟာပဏ၏။ ဝါ၊ ၁-ကျပ်၏။ ဝိသတိမော၊ ၂၀-တို့၏ ပြည့်ကြောင်းဖြစ်သော။ ဘာဂေါ၊ အဖို့သည်။ မာသကော၊ မာသက မည်၏။ ဣတိ ဣဒဉ္စ၊ ဤစကားကိုလည်း။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တမေဝ၊ ဆိုအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပေါရာဏသတ္ထာနုရူပ်၊ ရှေးကဟာပဏလုပ်ရိုးကျမ်းအား လျော်စွာ။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်သော။ လက္ခဏသမ္ပန္နာ၊ တံဆိပ်အမှတ်နှင့်ပြည့်စုံသော ကျပ်စေ့ဂဏိုးကို။ နီလကဟာပဏာတိ၊ နီလကဟာပဏ-ဟူ၍။ ဝေဒိတဗ္ဗာ၊ အပ်၏။

ယသ္မိ ပန ပဒေသေ၊ အကြောင်အရပ်၌ကား။ နီလကဟာပဏာ၊ နီလကဟာပဏာတို့ သည်။ န သန္တိ၊ မရှိကုန်။ တတ္ထာ၊ ထိုအရပ်၌။ *(တတ္ထာပိ၊ ထိုအရပ်၌လည်း။ နီလကဟာပဏာနံ၊ တို့ကို။)* ဝလဉ္ဇနဋ္ဌာနေ စ၊ သုံးဆောင်ရာအရပ်၌လည်းကောင်း။ အဝလဉ္ဇနဋ္ဌာနေ စ၊ မသုံးဆောင်ရာအရပ်၌လည်းကောင်း။ သမာနအဂ္ဃဝသေန၊ နီလကဟာပဏနှင့် တူမျှသော

http://www.dhammadownload.com

အဖိုး၏အစွမ်းအားဖြင့်။ ပဝတ္တမာနံ ဘက္ခံ၊ ဖြစ်သောဘဏ္ဍာကို။ ဂဟေတွာ၊ ယူ၍။ နိလကဟာပဏဝသေန၊ နိလကဟာပဏ၏ အစွမ်းအားဖြင့်။ ပါဒပရိစ္ဆေဒေါ၊ ပါဒအဆုံးအဖြတ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

(သာရတ္ထဒီပနီဋီကာအနက်၊ ၂။၁၂၃)

၃။ ပေါရာဏသတ္ထာနုရူပံ၊ ရှေးကဟာပဏလုပ်ရိုးကျမ်းအား လျော်စွာ။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော။ ဝိသတိမာသပ္ပမာဏဥတ္တမသုဝဏ္ဏဂ္ဃနကော၊ မာသက ၂၀-အတိုင်းအရှည် ရှိသော မြတ်သော လျော်ပြီးသောရွှေဖြင့် ပြီးသော။ လက္ခဏသမ္ပန္နော၊ တံဆိပ်အမှတ်နှင့် ပြည့်စုံသော ကျပ်စေ့ကို။ နိလကဟာပဏောတိ၊ နိလကဟာပဏ-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယသ္မိ ပန ပဒေသေ၊ အကြင်အရပ်၌ကား။ နိလကဟာပဏာ၊ နိလကဟာပဏတို့သည်။ န သန္တိ၊ မရှိကုန်။ တတ္ထပိ၊ ထိုအရပ်၌လည်း။ ကာဠကဝိရဟိတဿ၊ မည်းညစ်ခြင်းကင်းသော။ နိဒ္ဒန္တသုဝဏ္ဏဿ၊ နိတုံရွှေ၏။ ပဌမာသဋ္ဌနကေန၊ ၅-မာသက ထိုက်သော။ ဘဏ္ဍေန၊ ဘဏ္ဍာဖြင့်။ ပါဒပရိစ္ဆေဒေါ၊ ပါဒအဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(ဝိမတိဝိနောဒနီဋီကာအနက်၊၁။၁၆၉)

ဤအဋ္ဌကထာ,ဋီကာပါဠိတို့တွင် အဋ္ဌကထာပါဠိဖြင့် "ပဌမာသကော ပါဒေါ"ဟူသော ပါဠိတော်၌ "စ-မူးကိုလည်း ၁-ကျပ်၊ ၁၆-ပဲကိုလည်း ၁-ကျပ်ရှိသည်ဖြစ်၍ ၄-မာသကသည် ၁-ပါဒဖြစ်ကောင်းလျက် အဘယ်ကြောင့် 'ပဌမာသကော ပါဒေါ'-ဟု ဆိုအပ်လေသနည်း" တွေးတောယုံမှားကို ပယ်လိုသောကြောင့် "တဒါ ရာဇဟေ ဝိသတိမာသကော ကဟာပဏော"စသည်ကို မိန့်တော်မူ၏။ ထိုပါဒမာသကသည်လည်း ရွှေ,ငွေ,ကြေး၊ ၃-ပါးတို့တွင် ရွှေဖြစ်သော နိလကဟာပဏ၏ ၄-ဖို့ ၁-ဖို့ဖြစ်သောပါဒ-ဟု ပြလိုသည်ဖြစ်၍ "သဗ္ဗဇနပဒေသု ကဟာပဏသ"စသည်ကို အဋ္ဌကထာ မိန့်၏။ ထိုအဋ္ဌကထာပါဠိ၌လည်း ပေါရာဏသ နိလကဟာပဏသ-၌ သဒ္ဒါဟော အနက်အားဖြင့် မသင့်သည်ဖြစ်၍ နိလကဟာပဏအနက်သဘောကို ထင်စိမ့်သောငှာ "ပေါရာဏသတ္ထာနုရူပံ လက္ခဏသမ္ပန္နော"စသည်ကို သာရတ္ထဒီပနီဋီကာ(၂။၁၂၃)၌ မိန့်၏။

ထိုသာရတ္ထဒီပနီဋီကာ(၂။၁၂၃)ပါဠိ၌လည်း "လက္ခဏသမ္ပန္နော နိလကဟာပဏော" အရ မထင်သေးသောကြောင့် ထိုအနက်ကိုပင် ထင်ရှားစွာ ပြခြင်းငှာ–

> **ပေါရာဏသတ္ထာနုရူပံ ဥပ္ပါဒိတော ဝိသတိမာသပ္ပမာဏဥတ္တမသုဝဏ္ဏဂ္ဃနကော လက္ခဏသမ္ပန္နော နိလကဟာပဏောတိ ဝေဒိတဗ္ဗော။** –

ဟု ဝိမတိဝိနောဒနီဋီကာ(၁။၁၆၉) မိန့်၏။

http://www.dhammadownload.com

ထိုအဋ္ဌကထာ(ဋီကာ) ၃-ရပ်တို့၌ ဆိုသောအရာသည် အထူး မရှိပြီ။ ရှေးရှေးသော စကားကို ထင်အောင်သာ နောက်နောက်ကို ဆင့်၍ ဖွင့်တော်မူကြသောအရာ ဖြစ်သည်-ဟု သိရာ၏။ ထိုပါဠိတို့တွင် အဋ္ဌကထာပါဠိဖြင့် "ပဥ္စမာသကော ပါဒေါ"ဟူသော ပါဠိတော်၌ အစိတ်ဖြစ်သော မာသက၏ အပေါင်းဖြစ်သော နိလကဟာပဏကို ပြတော်မူ၏။ ဋီကာပါဠိတို့ဖြင့် သုဝဏ္ဏကဟာပဏ, ရဇတကဟာပဏ, တမ္ဗလောဟကဟာပဏ ၃-ပါးတို့တွင် သုဒ္ဓသုဝဏ္ဏကဟာပဏသည် နိလကဟာပဏဖြစ်သည်ကိုသာ ပြတော်မူ၏။

ထိုသို့ ကဟာပဏ ၃-ပါး ရှိကြောင်းကိုလည်း–

> တတ္ထ ရဇတမယော သုဝဏ္ဏမယော တမ္ဗမယော စ ကဟာပဏော ဟောတိ။ သုဝဏ္ဏဘူမိယံ ဝိယ။ –

ဟူ၍ မိန့်အပ်သော ဝဇိရဗုဒ္ဓိဋီကာ(၁၂၄)ကို ထောက်၍ သိလေ။

ဥတ္တရဝိနိစ္ဆယဋီကာ(၄၀၈)၌ကား–

> **ပဥ္စမာသာ သုဝဏ္ဏဿ တထာ ရဇတဿ ဒသမာသာ တမ္ဗဿာတိ။ ဧတေ ဝိသတိ-မာသေ မိဿေတ္ဝာ။ ဗန္ဓနတ္ထာယ *(ဝိဟိမတ္တံ)* လောဟံ ပက္ခိပိတ္ဝာ။** –

ဟူ၍ ရွှေ ၅-ပဲ, ငွေ ၅-ပဲ, ကြေးနီ ၁၀-တို့ကို ရောပြီး၍ စပ်နှောစိမ့်သောဌာ စပါး ၁-လုံး မျှသော ခဲကို ထည့်၍ မိဿကကဟာပဏ လုပ်ကြောင်းကို ဆိုသည်။ ဝိနည်းနိဿ၌လည်း ၁-ပါဒမည်သည်ကား ရွှေ ၁-ပဲ, ငွေ ၁-ပဲ, ကြေးနီ ၁-ပဲ, ကြေးဖြူ ၁-ပဲ၊ ၄-ပါးကို ရောနှောစိမ့်သောဌာ ခဲ ၁-ပဲ၊ ဤ ၅-ပါးတို့ကို ရောနှော၍ ၅-ပဲသည် ၁-ပါဒ၊ ၁-ပါဒ=၁-မတ်တည်းဟု မိဿကပါဒ, မိဿကကဟာပဏ ဖြစ်ကြောင်းကို ဆိုသည်။

သိင်္ဂါပဒဝလဉ္ဇနကျမ်း၌ "တတ္ထ ပါဒါရဟံ နာမ ပဉ္စကုဠ္လမတ္တံ သုဝဏ္ဏံ"ဟု ရွှေ ၅-ခွေးသည် ပါဒါရဟဖြစ်၍ ပါရာဇိကဝတ္ထုဖြစ်ကြောင်းကို ဆိုသည်။ ဤသို့ ပါဠို, အဋ္ဌကထာ, ဂန္ထန္တရ အာစရိယဝါဒတို့၌ သုဒ္ဓသုဝဏ္ဏကဟာပဏပါဒ, အသုဒ္ဓသုဝဏ္ဏမိဿကကဟာပဏ ဖြစ်ကြောင်းကိုသာ ဆိုတော်မူကုန်၏။ ကုဠမာသက, အက္ခိပါဒကဟာပဏအဖွဲ့ အခွဲအခြမ်းတို့ဖြင့် ဆိုတော်မမူကုန်။ ထိုသို့ ဆိုတော်မမူ၊ သာမညဆိုတော်မူသောကြောင့် အသီးအသီး ဆုံးဖြတ်တော်မူကြသည်မှာ–

> **ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏာဿ စတုဏ္ဏော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော။**

စသော အဋ္ဌကထာ(ဝိ၊၄၊၁၂၅)၊

http://www.dhammadownload.com

စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာ သဗ္ဗဇနပဒေသု ကဟာပဏာဿ ဝိသတိမော ဘာဂေါ မာသကော။

စသော သာရတ္ထဒီပနီဋီကာ(၂။၁၂၃)-စသည်တို့ကို ထောက်၍ အလုံးစုံ ထိုထိုသို့သော ဇနပုဒ်တို့၌ သုံးစွဲခေါ်ဝေါ်ကြသော ကျပ်၏ ၄-ဖို့, ၁-ဖို့ကို ရွေ့ ၁-ပါဒယူ၍ ထိုသို့ ပါဒမာသကဖြင့် ပါရာဇိကဝတ္ထုကို ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကုန်၏။

ထိုသို့ ဆုံးဖြတ်ရာ၌ မြန်မာတိုင်းနိုင်ငံတွင်–

၈-ရွေးလျှင် ၁-မာသက၊　　၁၆-ရွေးလျှင် ၂-မာသက၊

၂၄-ရွေးလျှင် ၃-မာသက၊　　၃၂-ရွေးလျှင် ၄-မာသက၊

ရွေး ၄၀-လျှင် ၅-မာသက၊ ၁-ပါဒ = ၁-မတ်ဖြစ်၏။

၄-ပါဒ = ၁-ကျပ်ဖြစ်ရကား ၁-မတ်လျှင် ရွေးပေါင်း ၄၀-ဖြစ်သောကြောင့် ရွေး ၁၆၀-လျှင် ၁-ကျပ် ဖြစ်၏။ ထို ၁-ကျပ်၏ ၄-ဖို့, ၁-ဖို့သည် ရွေးပေါင်း ၄၀-ဖြင့် ဖွဲ့အပ်သော ရွေ့ ၁-ပါဒ၌ ငွေအလေး ၂၀-ဖြစ်သောကြောင့် ရွေး ၄၀-ကို ရွေး ၂၀-ဖြင့် မြှောက်သော် ရွေးပေါင်း ၈၀၀-ဖြစ်၏။ ရွေးပေါင်း ၈၀၀-ကို ၁-ကျပ်လျှင် ရွေးပေါင်း ၁၆၀-ဖြစ်သောကြောင့် ထိုရွေးပေါင်း ၁၆၀-နှင့် စား၍ ကျပ်ဖွဲ့သော် လဒ် ၅-ခု ရ၏။ ထိုလဒ် ၅-ခုသည် ၅-ကျပ် ဖြစ်၏။ ဤလည်း တပုံတထုံး။

[၂] တစ်နည်းလည်း မြန်မာတိုင်းနိုင်ငံတွင်ပင်–

၆-ရွေးသည် ၁-မာသက,　　၁၂-ရွေးသည် ၂-မာသက,

၁၈-ရွေးသည် ၃-မာသက,　　၂၄-ရွေးသည် ၄-မာသက,

ရွေး ၃၀-သည် ၅-မာသက၊ ၁-ပါဒ = ၁-မတ် ဖြစ်၏။

၄-ပါဒ = ၁-ကျပ်ဖြစ်ရကား ၁-ပါဒလျှင် ရွေးပေါင်း ၃၀-ဖြစ်သောကြောင့် ရွေးပေါင်း ၁၂၀-လျှင် ၁-ကျပ်ဖြစ်၏။ ထို ၁-ကျပ်၏ ၄-ဖို့, ၁-ဖို့သည် ရွေးပေါင်း ၃၀-ဖြင့် ဖွဲ့အပ်သော ရွေ့ ၁-ပါဒ၌ ငွေအလေး ၂၀-ဖြစ်သောကြောင့် ရွေး ၃၀-ကို ရွေး ၂၀-နှင့် မြှောက်သော် ရွေးပေါင်း ၆၀၀-ဖြစ်၏။ ရွေးပေါင်း ၆၀၀-ကို ၁-ကျပ်လျှင် ရွေးပေါင်း ၁၂၀-ဖြစ်သောကြောင့် ထိုရွေးပေါင်း ၁၂၀-နှင့် စား၍ ကျပ်ဖွဲ့သော် လဒ် ၅-ခု ရ၏။ ထိုလဒ် ၅-ခုသည် ၅-ကျပ် ဖြစ်၏။

http://www.dhammadownload.com

၁။ **ရာဇဒါယော နာမ ကာကဏိကမတ္တံ နု ဝဋ္ဋတိ၊ ဣမသ္မာ နိဗ္ဗိ အမုမာသဉ္ဆနကံ မံသံ အာဟရိတွာ ဒေဟီတိ။**

ဟု ဇာတ်အဋ္ဌကထာ(ဇာ၅၊၆။၁၈၅)၌ ၁-ရွေးသည် ၁-ရွေးပင်, ၂-ရွေးသည် မာသခွဲ, ၄-ရွေးသည် ၁-မာသကဖြစ်၏-ဟု ဇာတ်စာကိုယ်, ဇာတ်ဂဏ္ဌိတို့၌ ဆိုသောအရာကိုလည်း ကောင်း၊

၂။ **သမ္မောဟဝိနောဒနီ၊ အဘိဓမ္မာအဋ္ဌကထာ(၃၆၇)၌–**

မုသာဝါဒေါ ကာကဏိကမတ္တသ္မ အတ္ထာယ မုသာကထနေ အပ္ပသာဝဇ္ဇော၊ တတော အမုမာသကသ္မ။

ဟု ၁-ချင်ရွေးနှင့် အမှုမာသက မတူ။ ၂-ချင်ရွေးသည် အမှုမာသက ပဝက်, ၄-ချင်ရွေးသည် ၁-မာသက, ၁-ပဲ-ဟူ၍ ဆိုသောအရာကိုလည်းကောင်း ထောက်၍–

၄-ရွေးသည် ၁-မာသက၊ ၈-ရွေးသည် ၂-မာသက၊

၁၂-ရွေးသည် ၃-မာသက၊ ၁၆-ရွေးသည် ၄-မာသက၊

ရွေး ၂၀-သည် ၅-မာသက၊ ၁-ပါဒ = ၁-မတ်ဖြစ်ရကား–

ထိုပါဒ, မာသကတို့ဖြင့် ပါရာဇိကဝတ္ထုကို ဆုံးဖြတ်တော်မူကုန်၏။

ထိုသို့ ဆုံးဖြတ်ရာ၌ ၄-ရွေးသည် ၁-မာသက၊ ၈-ရွေးသည် ၂-မာသက-စသည်ဖြင့် ရွေးပေါင်း ၂၀-သည် ၁-ပါဒ = ၁-မတ်ဖြစ်၏။ ၄-ပါဒ = ၁-ကျပ်ဖြစ်ရကား ၁-မတ်လျှင် ရွေးပေါင်း ၂၀-ဖြစ်သောကြောင့် ရွေး ၈၀-လျှင် ၁-ကျပ်ဖြစ်၏။ ထို ၁-ကျပ်၏ ၄-ဖို့, ၁-ဖို့သည် ရွေးပေါင်း ၂၀-ဖြင့် ဖွဲ့အပ်သော ရွေ့ ၁-ပါဒ၌ ငွေအလေး ၂၀-ဖြစ်သောကြောင့် ရွေး ၂၀-ဖြင့် မြောက်သော် ရွေးပေါင်း ၄၀၀-ဖြစ်၏။ ၎င်းရွေးပေါင်း ၄၀၀-ကို ၁-ကျပ်လျှင် ရွေးပေါင်း ၈၀-ရှိသောကြောင့် ထိုရွေးပေါင်း ၈၀-နှင့် စား၍ ကျပ်ဖွဲ့လျှင် လဒ် ၅-ခု ရ၏။ ထိုလဒ် ၅-ခုသည် ၅-ကျပ် ဖြစ်၏။ ယခု မြန်မာနိုင်ငံ၌ သုံးစွဲခေါ်ဝေါ်ကြသည့် "၈-ရွေး ၁-ပဲ"စသည်ဖြင့် ပါဒကဟာပဏကို တွက်သော်, ဖွဲ့သော် ၂-ကျပ်နှင့် ၅-မူးဖြစ်၏။ ၆-ရွေးပဲနှင့် ဖွဲ့သော် ၃-ကျပ်, ၁-မတ်, ၁-ပဲ, ၄-ရွေး ဖြစ်၏။ ဤလည်း တပုံတထုံး။

"စတ္တာရော ဝိဟယော ဂုဏ္ဍာ၊ ဒွေဂုဏ္ဍာ မာသကော ဘဝေ"စသည်ဖြင့် စပါး ၄-လုံးသည် ၁-ရွေး ပဲဝက်၊ ၂-ရွေးသည် ၁-မာသက = ၁-ပဲဖြစ်ကြောင်းကိုဆိုသော အဘိဓာန်ကျမ်း(ဂါ၊၄၇၉)ကို ထောက်၍–

၂-ရွေးလျှင် ၁-မာသက၊ ၄-ရွေးလျှင် ၂-မာသက၊

http://www.dhammadownload.com

၆-လွှေးလျှင် ၃-မာသက၊　　၈-လွှေးလျှင် ၄-မာသက၊

၁၀-လွှေးလျှင် ၅-မာသက၊　၁-ပါဒ ။ ၁-မတ်ဖြစ်၏။

၄-ပါဒလျှင် ထိုမာသကပါဒတို့ဖြင့်လည်း ပါရာဇိကဝတ္ထုကို ဆုံးဖြတ်တော်မူကုန်၏။

ထိုသို့ ဆုံးဖြတ်ရာ၌ ၂-လွှေးသည် ၁-မာသက၊ ၄-လွှေးသည် ၂-မာသက-စသည်ဖြင့် လွှေးပေါင်း ၁၀-သည် ၁-ပါဒ ။ ၁-မတ်မည်၏။ ၄-ပါဒဖြင့် ၁-ကျပ်ဖြစ်ရကား၊ ၁-မတ်လျှင် လွှေးပေါင်း ၁၀-ဖြစ်သောကြောင့် လွှေး ၄၀-လျှင် ၁-ကျပ်ဖြစ်၏။ ထို ၁-ကျပ်၏ ၄-ဖို့ ၁-ဖို့သည် လွှေးပေါင်း ၁၀-ဖြင့် မဖွဲ့အပ်သော လွှေ ၁-ပါဒ၌ ငွေအလေး ၂၀-ဖြစ်သောကြောင့် လွှေး ၁၀-ကို လွှေး ၂၀-ဖြင့် မြှောက်၊ လွှေးပေါင်း ၂၀၀-ဖြစ်၏။ ၎င်းလွှေးပေါင်း ၂၀၀-ကို ၁-ကျပ်လျှင် လွှေးပေါင်း ၄၀-ဖြစ်သောကြောင့် ထိုလွှေးပေါင်း ၄၀-နှင့် စား၍ ကျပ်ဖွဲ့လျှင် ငွေ ၅-ကျပ် ထိုက်၏။ ယခု မြန်မာတိုင်းနိုင်ငံ၌ သုံးစွဲခေါ်ဝေါ်ကြသည့် "စ-လွှေး ၁-ပဲ"စသည်ဖြင့် ပါဒကဟာပဏကို တွက်သော် ၁-ကျပ်နှင့် ၁-မတ်ဖြစ်၏။ ၆-လွှေးပဲနှင့် ဖွဲ့သော် ၁-ကျပ်, ၆-မူး, ၁-ပဲဖြစ်၏။ ဤလည်း တပုံတထုံး။

၃။　ဥတ္တရဝိနိစ္ဆယ(ဋီကာ။၄၀၉)၌ "တဿ ပါဒေါ သုဝဏ္ဏဿ၊ ဝီသဝီဟဋ္ဌနော မတော"ဟု ထို နီလကဟာပဏ၏ ၄-ခုမြောက်ဖြစ်သော ပါဒကို လွှေးစပါး အလုံး ၂၀-ပမာဏရှိ၏။ စပါးလုံး ၂၀-အလေး လွှေသည် ၅-လွှေး ၁-ပါဒဖြစ်သည်ကိုလည်းကောင်း၊ "ပါဒါရဟံ နာမ ပဌကုဋ္ဌမတ္တံ သုဝဏ္ဏံ"ဟူ၍ သိက္ခာပဒဝဏ္ဏနကျမ်း၌ လွှေ ၅-ချင်လွှေးသည် ပါဒါရဟဖြစ်၍ ပါရာဇိကဝတ္ထုဖြစ်၏-ဟူ၍လည်းကောင်း ဆိုကုန်၏။ ထိုသို့ ဆိုရာ၌ ၅-လွှေးလျှင် ၁-ပါဒ ဖြစ်၍ ၄-ပါဒလျှင် ၁-ကျပ်ဖြစ်ရကား လွှေးပေါင်း ၂၀-သည် ၁-ကျပ်ဖြစ်၏။ ၅-လွှေး ၁-ပါဒ၌ ငွေအလေး ၂၀-ဖြစ်သောကြောင့် ၅-လွှေးကို လွှေး ၂၀-ဖြင့် မြှောက်သော် လွှေးပေါင်း ၁၀၀-ဖြစ်၏။ ထိုလွှေးပေါင်း ၁၀၀-ကို လွှေး ၂၀-လျှင် ၁-ကျပ်ဖြစ်သောကြောင့် ထိုလွှေး ၂၀-နှင့် စား၍ ကျပ်ဖွဲ့သော် ၅-ကျပ်ရ၏။ ထို ၅-ကျပ်သည် လွှေး, ပဲ, မူး, မတ်, ကျပ်တို့ဖြင့် အဘယ်မျှ ရှိ၏-ဟူ၍ ခေါ်ဝေါ်ပညတ်ရာ မရှိ။ မြန်မာတို့ တိုင်းနိုင်ငံ၌ "စ-လွှေး ၁-ပဲ"စသည်ဖြင့် ပါဒကဟာပဏကို တွက်သော်, ဖွဲ့သော် ၂-မတ်နှင့် ၁-မူးဖြစ်၏။ ဤလည်း တပုံတထုံး။

၄။　ဝိနယနိဿ၌ လွှေ ၁-ပဲ, ငွေ ၁-ပဲ, ကြေးနီ ၁-ပဲ, ကြေးဖြူ ၁-ပဲ၊ ၄-ပါးတို့ကို ရောနှောစိမ့်သောဌာ ခဲမစင် ၁-ပဲ၊ ဤ ၅-ပဲကား ၁-ပါဒ ။ ၁-မတ်တည်း။ ကြေးအတွက်ကား ၇၅-ကျပ်ထိုက်၏-ဟု ဆုံးဖြတ်သည်ကို ဆို၏။ ထိုသို့ အသီးအသီး ဆုံးဖြတ်တော်မူသည့် အရာကို ယုတ္တိအာဂုံအားဖြင့် ဆင်ခြင်စဉ်းစားသော် "သဗ္ဗဇနပဒေသု ကဟာပဏသဒ္ဒတ္ထော ဘာဂေါ ပါဒေါ"(ဝိ၊၄၊၁။၂၅၈)စသည်ကို ထောက်၍ အလုံးစုံသော ဇနပုဒ်တို့၌

http://www.dhammadownload.com

သုံးစွဲခေါ်ဝေါ်ကြသော နီလကဟာပဏ၏ ၄-ဖို့ ၁-ဖို့ဖြင့် ဆုံးဖြတ်ကြလျှင်–

- သီဟိုဠ်ကျွန်း၌ ၂-ရွေးလျှင် ၁-မာသက, ၄-ရွေးလျှင် ၂-မာသက-စသည်ဖြင့် ၁၀-ရွေးသည် ၁-ပါဒ ပါရာဇိကဝတ္ထု ဖြစ်ရာသည်။
- ယိုးဒယားပြည်၌ ၄-ရွေးလျှင် ၁-မာသက, ၈-ရွေးလျှင် ၂-မာသက-စသည်ဖြင့် ရွေးပေါင်း ၂၀-သည် ၁-ပါဒ ▪ ၁-မတ် ပါရာဇိကဝတ္ထုဖြစ်ရာသည်။
- မြန်မာတိုင်းနိုင်ငံ၌ ၈-ရွေးလျှင် ၁-မာသက, ၁၆-ရွေးလျှင် ၂-မာသက-စသည်ဖြင့် ရွေးပေါင်း ၄၀-လျှင် ၁-ပါဒ ▪ ၁-မတ် ပါရာဇိကဝတ္ထု ဖြစ်ရာသည်။

ဤသို့-စသည်ဖြင့် ထိုထိုသို့သော ဇနပုဒ်တို့၌ သုံးစွဲခေါ်ဝေါ်ကြသည်အားလျော်စွာ သာမညသာ။ ထိုထိုဇနပုဒ်၌ ကဟာပဏ၏ ၄-ဖို့ ၁-ဖို့ကို ပိုင်းခြားလျှင် ပါဒအဖွဲ့ မညီမညွတ်ဖြစ်၍ ပါရာဇိကဝတ္ထုလည်း မညီမညွတ်ပင် ဖြစ်ရာသည်။ ထိုသို့ဖြစ်လျှင် ပါရာဇိကဝတ္ထုလည်း နည်းတုံ, များတုံဖြစ်ရာသည်။ ပါရာဇိက လောက်သော ဝတ္ထု-ဟု ပါဒနိယမကေန္ဒအမြဲဖြစ်သင့်သည်ကို ဆင်ခြင်၍ ထိုဆရာမြတ်တို့၏ အဆုံးအဖြတ်ကို မှတ်ရာ၏။

ဥတ္တရဝိနိစ္ဆယဋီကာ၌ ဆိုသောစကားမှာလည်း စပါးအလုံး ၂၀-အတိုင်းအရှည်ရှိသော ရွှေသည် ၂-မာသကခွဲရှိ၏-ဆိုသော ရှေးစကားနှင့် "**တဿ ပါဒေါ သုဝဏ္ဏဿ၊ ဝီသဝီဟတ္ထနော မတော**"ဟု ထိုနီလကဟာပဏ၏ ပါဒကို စပါးလုံး ၂၀-ရွှေအဖို့ရှိ၏-ဟူ၍ ဆိုသော နောက်စကားသည် မညီ။ စပါးအလုံး ၂၀-ပမာဏရှိသော ရွှေသည် ၂-မာသကခွဲဖြစ်လျှင် ထိုနီလကဟာပဏ၏ပါဒကို စပါးအလုံး ၂၀-ရွှေပမာဏရှိ၏-ဟူ၍ မဆိုသင့်။ စပါးအလုံး ၂၀-အဖို့ရှိသော ရွှေကို ထိုကဟာပဏ၏ ပါဒဖြစ်လျှင်လည်း "**တံ ပန သုဝဏ္ဏ-(မာသက)ဝသေန အမှတိယမာသကံ ဟောတိ**"(ဥတ္တရဝိနိစ္ဆယဋီ၊ ၂။၄၀၈၉)ဟု မဆိုသင့်။

ထိုသို့လျက် စပါးအလုံး ၂၀-အလေးရွှေကို အမှတိယမာသက ၂-ပဲခွဲရှိ၏-ဟူ၍လည်းကောင်း၊ "**တဿ ပါဒေါ**" စသည်ဖြင့် ဆိုသောအရာ မညီရာ၌လည်းကောင်း၊ ၁-ပါဒ ▪ ၁-မတ်-ဟူ၍လည်းကောင်း ရွှေ ၁-မတ်, ငွေ ၁-မတ်, ကြေးနီ ၂-မတ်ကို ရောရှေ့ကဟာပဏပြုကြောင်းကို ဆိုသော ရှေးစကားနှင့် "**ဧလာတိ ဝုစ္စတိ ဒေါသော၊ နိဒ္ဒေါ သတ္ထာ တဆီ'ရိတော**"ဟု မည်းညစ်ခြင်း ဒေါသကို ဧလ-ဟု ဆိုအပ်၏။ ထိုသို့ မည်းညစ်ခြင်း အပြစ်ဒေါသ မရှိသောကြောင့် နီလကဟာပဏ ဆိုအပ်၏-ဟူသော စကားလည်း မသင့်။ ရွှေ ၁-မတ်, ငွေ ၁-မတ်, ကြေးနီ ၁-မတ်ရောရှေ့ နိုင်းခြင်းစပ်ပြုလေပြီးသည်ကို နိဒ္ဒေါသ မည်းညစ်ခြင်း အညစ်အကြေး မကင်းရာ စင်စစ်ဖြစ်သောကြောင့် ကြေးနီ,ငွေ,ရွှေရောရှေ့ပြုသော မိဿကကဟာပဏသည် နီလကဟာပဏ မည်၏-ဟူ၍လည်း မဆိုသင့်။

http://www.dhammadownload.com

[၃] တစ်ကြောင်းမှာလည်း ရွှေ ၁-မတ်, ငွေ ၁-မတ်-စသည်ဖြင့် ၄-စုပြု၍လုပ်သော ကဟာပဏ၌ ၁-ပါဒတွင် ရွှေ ၁-ပဲသာပါလျက် စပါးအလုံး ၂၀-အလေး ရွှေသည် ၂-ပဲခွဲ ရှိ၏-ဟူသော ရှေ့စကားနှင့် ပါဒမည်၏-ဟူသော နောက်စကားသည် ယုတ္တိ မရှိရာ။ စပါးလုံး ၂၀-အလေး ရွှေသည် ပါရာဇိကဝတ္ထုဖြစ်ကြောင်းကိုလည်း "**ဝိသ သောဝဏ္ဏဝိဟဋ္ဌံ၊ ထေနေန္တာ ဘိက္ခဝါ တတော**"(ဥတ္တရဝိနိစ္ဆယဋီကာ။၄၀၉)စသည်ဖြင့်လည်း နောက်ကို ဆိုလတ္တံ့။

၁။ သိက္ခာပဒဝလဉ္ဇနကျမ်း၌လည်း "**ပါဒါရဟံ နာမ ပဉ္စကုဠမတ္တံ သုဝဏ္ဏံ**"ဟူ၍ ရွှေ ၅-ပဲသည် ပါဒါရဟ ၁-ပါဒ ဖြစ်၍ ပါရာဇိကဝတ္ထုဖြစ်ကြောင်းကို ဆိုသည်။ ထိုစကားလည်း ဥတ္တရဝိနိစ္ဆယဋီကာ(၄၀၆)နှင့် အတူပင် ဖြစ်သည်။ ထိုကျမ်းတို့၌ ဆိုအပ်သော "၅-ပဲရွှေသည် ၁-ပါဒ၊ ရွှေး ၂၀-သည် ၄-ပါဒဖြစ်၍ ၁-ကျပ် ဖြစ်၏"ဟူသောစကား၌ ရွှေး, ပဲ, မူး, မတ်, ကျပ်တို့ကို ကျမ်းဂန်တို့၌ဆိုသော ရွှေး, ပဲ, မူး, မတ်, ကျပ် ဤမျှဤရွေ့ရှိ၏-ဟု ခေါ်ဝေါ်ပညတ်ရာမရှိ ဖြစ်သောကြောင့် ထိုကျမ်းဂန်၌ဆိုသော မိဿကကဟာပဏ, မိဿကပါဒတို့သည် ထိုထိုသို့သော ဝိနည်းအဋ္ဌကထာ, ဋီကာကြီး-စသည်တို့၌ မလာမရှိ။ အတ္ထနောမတိဖြင့် ကြေးဖြူ ၁-ပဲ, ခဲ ၁-ပဲ ရောရ၍ မိဿကပါဒကို ပြုသည်-ဟု ဆိုသောအရာဖြစ်၍ ထိုဆရာတို့ အဆုံးအဖြတ်ကို လွတ်လွတ်မသင့်-ဟု ပယ်ရာ၏။

၂။ ဝိနည်းနိသျ၌ မိဿကပါဒဖွဲ့၍ ဆုံးဖြတ်သောအရာလည်း ကျမ်းဂန်တို့၌ မရှိ။ မိဿကပါဒကဟာပဏအဖွဲ့လည်း ငွေ ၅-မာသက, ရွှေ ၅-မာသက, ကြေးနီ ၁၀-မာသက, စပါး ၁-လုံးအလေး ရောနှောစိမ့်သောဌာ ခဲမ-ထည့်၍ မိဿကကဟာပဏပြုသည်-ဟု ဆိုသော ဥတ္တရဝိနိစ္ဆယဋီကာ(၄၀၈)စကား၊ ရွှေ ၁-ပဲ, ငွေ ၁-ပဲ, ကြေးနီ ၁-ပဲ, ကြေးဖြူ ၁-ပဲ, ခဲမ ၁-ပဲရောရ၍ မိဿကပါဒကို ပြုသည်-ဟု ဆိုသော ဝိနည်းနိသျစကား(ဤကျမ်း။၉၂၅)၊ ဤမိဿကကဟာပဏ ပါဒပြုသည်ကို ဆိုသောစကား ၂-ရပ်လည်း မညီကြဖြစ်၍ ကျမ်းဂန်အထောက်အထား မရှိ၊ အတ္ထနောမတိဖြင့်သာ ဆိုတော်မူကြသည်ကား အဋ္ဌကထာတို့ကို လှန်နိုင်မည် မဟုတ်။

> **တတ္ထ စတ္ထာရော ဝိဟယော ဂုဠာ၊ ဒွေ ဂုဠာ မာသကော ဘဝေတိ ဝစနတော ဝိဟိဝသေန စတ္တာလီသဝိ ဟယော ဂုဠာ။ ပဉ္စမာသကောတိ ဝေဒိတဗ္ဗော။**

ဟု ဆိုသော မူလသိက္ခာဋီကာဟောင်း(၄၆၅)နှင့်အညီ "စတ္တာရော ဝိဟယော ဂုဠာ"အစရှိသော အဘိဓာန်လောကီကျမ်းကို မှီ၍ စပါးအလုံး ၄၀-ဖြင့် နှိုင်းယှဉ်အပ်သော ၁၀-ရွေးတို့သည် ပဉ္စမာသကဖြစ်၏-ဟူ၍လည်း ဆရာတို့ ယူကုန်၏။ ဇာတ်,အဘိဓမ္မာအဋ္ဌကထာကို မှီ၍–

1:20:1

http://www.dhammadownload.com

၄-ရွေးလျှင် ၁-မာသက၊ ၈-ရွေးလျှင် ၂-မာသက၊
၁၂-ရွေးလျှင် ၃-မာသက၊ ၁၆-ရွေးလျှင် ၄-မာသက၊
ရွေး ၂၀-လျှင် ၅-မာသက –

စသည်ဖြင့် ကဟာပဏပါဒ, အက္ခမာသကတို့ကို ဆုံးဖြတ်သောအရာ၌–

- ၁-ကျပ်သည် ယိုးဒယားမှ ဆောင်ခဲ့သော တံဆိပ်ခတ် ငွေမတ်စေ့နှင့် အညီတည်း။
- ၎င်း ၅-မာသကသည် ယိုးဒယားတံဆိပ်ခတ် ငွေမတ်စေ့နှင့် ညီသည်။
- ၎င်းမာသကခွဲသည် ယိုးဒယားတံဆိပ်ခတ် ငွေမူးစေ့နှင့် ညီသည်။
- ထို့အတူ မာသက ၂၀-ဖြင့် ဖွဲ့သောကျပ်သည် **ဝေသာလီတံဆိပ်ခတ်** ၁-ကျပ်ငွေဒင်္ဂါး နှင့် ညီသည်။
- ၎င်း ၁၀-မာသကသည် **ဝေသာလီပါတံဆိပ်ခတ်** ကျပ်ဝက်ငွေဒင်္ဂါးနှင့် ညီသည်။
- ထို့အတူ **ရခိုင်ပါတံဆိပ်ခတ်** ၁-ကျပ်ငွေဒင်္ဂါးနှင့်လည်း ညီသည်။

စိုးစဉ်မျှသာ ရခိုင်ဒင်္ဂါး ငယ်သည်။ ထိုသို့ဖြစ်၍ ၄-ရွေး ၁-မာသက-စသည်ဖြင့် မာသက ၂၀-သည် ၁-ကျပ်-ဟူသော အဖွဲ့သည် တပါးသော တိုင်းကြီးပြည်ကြီးတို့၌ သုံးစွဲခေါ်ဝေါ်ကြသော အလေးဖြစ်သည်။

တိက္ခပညော[၁] ဇဝနပညော[၂] ဟာသပညော[၃] ပုထုပညော[၄]
ဂမ္ဘီရပညော[၅] ဘူရိပညော[၆] နိဗ္ဗေဓိကပညော[၇] ပရပ္ပဝါဒမဒ္ဒနပညော[၈]–

ဟူသော ၈-ပါးသော ပညာနှင့်ပြည့်စုံသော ဘုရားအလောင်းတော် မဟောသဓာသုခမိန်သည် **"ကာကဏိကမတ္တံ နု ဝဋ္ဋတိ၊ အမူမာသဂ္ဃနက် မံသံ ဒေဟီ"**ဟူ၍ ရွေး ၁-ပဲ ဝက် ၁-ပဲဟု မှတ်၍ဆိုသော မဟောဇာတ်စကားနှင့်–

> **မုသာဝါဒေါ ကာကဏိကမတ္တဿ မုသာကထနေ အပ္ပသာဝဇ္ဇော၊ တတော အမူမာသ-ကဿ မုသာကထနေ မဟာသာဝဇ္ဇော။** – (အဘိ၊ဋ္ဌ၊၂။၃၆၇)

ဟု ဘုရားမြတ်စွာလက်ထက် သင်္ဃိယနာဆရာတို့အစဉ်ကို မှီ၍ပြုအပ်သော အဘိဓမ္မာအဋ္ဌကထာစကားသည် ဂဂ်ီရေနှင့် ယမုနာရေ နှောဘိသကဲ့သို့ တပြေးတည်း ညီညွတ်သော ကျမ်းကြီးကျမ်းခိုင်စကားဖြစ်၍ ထိုကျမ်းနှင့်အညီ ဆုံးဖြတ်သောအရာကို ဝိနည်းအဋ္ဌကထာစသည်ကို စီရင်တော်မူသော အတိုင်းတိုင်းအပြည်ပြည်, အမြို့မြို့အရပ်ရပ်တို့၌ ကျမ်းသိ,

http://www.dhammadownload.com

ကျမ်းမြင် ကျမ်းတတ်,ကျမ်းပြုဖြစ်ကုန်သော ပညာရှိဆရာတို့၏ ပညာမျက်စိကို ဖွင့်လှစ်တော်မူတတ်သော အရှင်ဗုဒ္ဓယောသဆရာ စကားတော်ချည်းဖြစ်၍ အလွန်သင့်မြတ်၏-ဟု သန္နိဋ္ဌာန်ကျ မှတ်ယူရာ၏။ ထို့ထက်အလွန် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်, ဂန္ထန္တရ အာစရိယဝါဒကို မှီ၍လည်း အာဂုံယုတ္တိရှိရာ ဆင်ခြင်ကြံစည်၍ မှတ်ပါလေဦး။


လင်္ကာပေသလ သိင်္ဂါကာမဖြစ်ကုန်သော သံဃာတော်တို့ လျှောက်သည့်အချက်ကို အောက်မေ့၍ ရေးအပ်သော အဒိန္နာဒါန်သိက္ခာပုဒ်၌ ပါဒ,ပါဒါ'ရဟအဆုံးအဖြတ်ကို အာစာရ ကုလပုတ္တဖြစ်သော အမျိုးကောင်းသားတို့သည် ကြည့်ရှုဆင်ခြင်စေကုန်သတည်း။ ဆင်တဲဆရာတော် စီရင်ထုတ်ဖော်ပြသတော်မူသော ပါဒအဆုံးအဖြတ်သည် ဤတွင်ရွေ့ပြီး၏။

ဆင်တဲဆရာတော်ဘုရားကြီးအဆုံးအဖြတ် ပါဒ,ပါဒါရဟဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

{ ၂၂ } သုရာပါနဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"၁၂၅၇-ခု၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့လျှောက်။ မြင်ကွန်းမြို့နေ ဘုရားတပည့်တော် ရွှေတိုးလှေတော်ပဲနင်းသား တပည့်မောင်စု လျှောက်ကြားအသနားတော်မြတ်ခံပါသည် ဆရာတော်ဘုရား။ မြင်ကွန်းမြို့နေ ဒါယကာတို့သည် နိစ္စသီလ ၅-ပါးတွင် သုရာမေရယသိက္ခာပုဒ်ကို လွန်ကျူးရာ၌ ပဋိသန္ဓိဇနက အပါယဂမနိယ ကမ္မပထမြောက်သင့်ကြောင်းနှင့် "သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ"ဟူ၍ လာသော ပါဠိတော်(အံ၊၃။၇၈)သာဓကများကို ပြောပြကြပါသည်။ ဘုရားတပည့်တော်လည်း မနှစ်သက်နိုင်၍ ပါဠိ,အဋ္ဌကထာ,ဋီကာလာသည့်အတိုင်း နီတတ္ထ, နေယျတ္ထ, ယုတ္တိသာဓက သိမြင်နိုင်သမျှနှင့် ပြောပြပါသော်လည်း ဝိဝါဒ မငြိမ်းနိုင်ပါ။ သို့ဖြစ်ပါသောကြောင့် သုရာပါနအဓိပ္ပါယ်ကို မကျယ်မကျဉ်း အလျဉ်းသင့်မှတ်သားရန် ဆုံးဖြတ်ပေးသနားတော်မူပါမည့်အကြောင်း စာပည့်အပေါင်းတို့၏ကိုးကွယ်ရာ ဆရာတော်ဘုရား"။

[၁] ဆူးခါးဆရာတော်ဘုရားကြီးအဆုံးအဖြတ်

ဇိနသာသနံ စိရံ တိဋ္ဌတု။

ယဒိပိ သုရာပါနံ ပဉ္စဝေရဘာဝေန ဥပါသကေဟိ ပရိဝဇ္ဇနီယံ၊ တဿ ပန အပါယမုခဘာဝေန ပရတော ဝတ္တုကာမတာယ ပါဏာတိပါတာဒိကေ ဧဝ သန္ဓာယ စတ္ထာရောတိ ဝုတ္တံ၊ န ပဌာတိ။ ဝိသုံ အကမ္မပထဘာဝတော စာတိ အပရေ။ သုရာပါနမ္ပိ သုရာမေရယပါနံ ဘိက္ခဝေ ။ပ။ နိရယသံဝတ္တနိကန္တိအာဒိ ဝစနတော ဝိသုံ ကမ္မပထဘာဝေန အာဂတံ။ တထာ ဟိ တံ ဒုစ္စရိတကမ္မံ ဟုတ္ဝာ ဒုဂ္ဂတိဂါမိပိဋ္ဌဝတ္တကဘာဝေန နိယတန္တိ ကေစိ။ တေသံ မတေန ဧကာဒသ ကမ္မပထာ သိယုံ။ တသ္မာ ယထာဝုတ္တောသ္မေ'ဝ ကမ္မပထေသု ဥပကာရကတ္တသဘာဂတ္တဝသေန အနုပ္ပဝေသော ဒဋ္ဌတ္ထောတိ

http://www.dhammadownload.com

"ဝိသုံ အကမ္မပထဘာဝတော စာ"တိ သုဝုတ္တ'မေတံ။ သုရာပါနသ ဘောဂါပါယမုခ-ဘာဝေန ဝုတ္တကာမတာယ 'စတ္တာရော'တွေဝ အဝေါစ။ (သုတ်ပါထေယျဋီကာ။၁၂၈)

ကမ္မပထာ ဧဝါတိ အသင္ဘသာဓာရဏေသု စျာနာဒိကောဌာသေသု ကမ္မပထ-ကောဌာသိကာ ဧဝါတိ အတ္ထော။ သုရာပါနမွိ "သုရာမေရယပါနံ ဘိက္ခဝေ ။ပ။ နိရယသံဝတ္တနိက"န္တိ ဝိသုံ ကမ္မပထဘာဝေန အာဂတန္တိ ဝဒန္တိ။ ဧဝံ သတိ ဧကာဒသ ကမ္မပထာ သိယုံ။ တသ္မာ'ဿ ယထာဝုတ္တေသွေ'ဝ ကမ္မပထေသု ဥပကာရကတ္တ-သဘာဂတ္တဝသေန အနုပဝေသော ဒဋ္ဌတ္ဗော။ (မူလဋီကာ၊၂။၁၈၉)

ကမ္မပထာ ဧဝါတိ နိယမဿ ကတတ္တာ ဝုတ္တံ အသင္ဘသာဓာရဏေသူတိ ။ပ။ ကမ္မပထဘာဝေန အာဂတန္တိ ဝဒန္တိ။ ဒုဂ္ဂတိယာ တတ္ထ ဥပ္ပဇ္ဇနဒုက္ခဿ စ ပဝတ္တိဥပါယ-ဘာဝတောတိ အဓိပ္ပါယော။ အဿ သုရာပါနဿ။ ဥပကာရကတ္တံ သဗ္ဗေသံ။ သဘာဂတ္တံ မိစ္ဆာစာရဿ။ (အနုဋီကာ၊၂။၁၉၀)

ကုသလာကုသလာပိ စ ပဋိသန္ဓိဇနကာယေဝ ကမ္မပထာတိ ဝုတ္တာ၊ ဝုတ္တာဝ-သေသာ ပဋိသန္ဓိဇနနေ အနေကန္တိကတ္တာ ကမ္မပထာတိ န ဝုတ္တာ။

(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊၁။၂၇၃)

ဝုတ္တာဝသေသာတိ ဝုတ္တကမ္မပထတော အဝသေသာ သုရာပါနာဒယော တဋ္ဌိရမ-နာဒယော စ။ သုရာပါနံ ဟိ မဒဿ ပစ္စယော၊ မဒေါ အပုညပထဿ၊ တဋ္ဌိရတိပိ နိမ္မဒတာယ၊ သာ ပုညပထဿာတိ ကမ္မပထူပနိဿယာနိ တာနိ တဒါသန္နကမ္မ-ဝသေန သန္ဓိဇနကာနိပိ ဟောန္တိ။ ကမ္မပထပုဗ္ဗာပရစေတနာယောပေ'တ္ထ အနေကန္တိ-ကပက္ခမေဝ ဘဇာပေတဗ္ဗာ၊ တသ္မိံ သန္တေ သန္ဓိအပစ္စယတ္တာ။ တဿ ပန ဝိပက္က-ဝိပါကတ္တေ တာပိ စ နံ တံ ပက္ခံ ဘဇန္တိ။ ကမ္မပထအဟေတုဘူတာ ပန ပုဗ္ဗစေတနာ။ ယာ ဧကန္တမေဝ တံ ပက္ခံ ဘဇိတုံ ဝုတ္တာ။ (ပဋိသမ္ဘိဒါမဂ်၊ ဂဏ္ဌိပါဠိ။၁၉၄)

ယင်းသို့ မူလဋီကာ, အနုဋီကာ-စသော ဋီကာ, ဂဏ္ဌိကျမ်းတို့၌ ပဋိသန္ဓိဇနကကံ မဖြစ်။ ပဝတ္တိဇနက အာနိသံသမျှသာ ဖြစ်သည်-ဟူ၍ အသီးအသီး ဖွင့်ဆိုတော်မူကြရာ ယခုအခါ ပညာမန္ဒ အချို့သောသူတို့က ဋီကာအရှင်တို့စကားကို ပယ်၍ ဇနကကံ ပဋိသန္ဓေ အကျိုးပေး ကမ္မပထမြောက်သည်-ဟူ၍ "သုရာပါနံ ဘိက္ခဝေ ။ပ။ နိရယသံဝတ္တနိကံ"ဟု လာသော သုတ်ပါဠိတော်ကို နိတ္ထအဓိပ္ပါယ်ယူ၍ အဆုံးအဖြတ် ရေးသားပြောဆိုကြ သောသူများလည်း မသိမမြင် မကျွမ်းကျင်၍ ရေးသားပြောဆိုသည်-ဟု မှတ်ယူရမည်။ အကယ်၍ ဇနကကံ ပဋိသန္ဓေအကျိုးပေး ကမ္မပထမြောက်က ပိဋကတ် ၃-ပုံ, ပါဠို, အဋ္ဌ-

http://www.dhammadownload.com

ကထာ, ဋီကာများမှာ "မည်သူ မည်သို့သောသော်သဖြင့် မည်သည့်အပါယ်မှာ ကျသည်" ဟူ၍ ဝတ္ထုသက်သေ လာရှိရာသည်။ သေကို သောက်၍ အပါယ်သို့ကျသော ဝတ္ထုသက်သေ ကျမ်းဂန်၌ မလာ။

ဒု, သ, န, သော-ဟူသော သူဌေးသား ၄-ယောက်မှာ သေသောက်၍ ပရဒါရကံကို ပြုကြသောကြောင့် လောဟကုမ္ဘီငရဲ၌ ကျရောက်ကြလေသည်။

"**အပ္ပေါသုတ္တာ** (အဗ္ဘာဝဋ္ဌာ) **တုမှေ အာနန္ဒ ဟောထ မမ သရီရပူဇာယ**"(ဒီ၊၂။၁၁၇)ဟူ၍ လည်းကောင်း၊

ပူဇေထ တုမှေ ပူဇနီယဿ ဓာတုံ။ ပူဇံ ကရာ ဣတော သဂ္ဂံ ဂမိဿထ–

(ဝိမာန၊၁၁။ ထောက် ဝိသဒိသံ)ဟူ၍လည်းကောင်း၊ ဤသို့ ၂-ထွေ, ၂-ရပ် ဟောတော်မူရာ လူ,ရဟန်း သင့်ရာ ယူရသကဲ့သို့ သုရာပါနကိုလည်း ပဝတ္တိဝိပါကဇ, သန္ဓိပါကဇ ၂-ရပ် ယူစေခြင်းငှာ–

စတ္တာရော ကမ္မကိလေသာ၊ ဆ အပါယမုခါနိ။ (ဒီ၊၃။၁၄၇-၈)
အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။ –(ခုဒ္ဒက၊၄၊ သုတ္တနိ၊၃၁၉)

ဟု ၂-ထွေ, ၂-ရပ် ပိုင်းခြား၍ ဟောတော်မူသည်။

"**ဗောဓိယာ နိယတာ ဓီရာ(နရာ)၊ အဝိစိမှိ နုပပဇ္ဇန္တိ**"ဟု အဋ္ဌသာလိနီ(၇၂)မိန့်ဆိုသည်နှင့် အညီ ဘုရားလောင်းတို့သည် သေသောက်ကြူးဖြစ်လေရာ အဝီစိငရဲသို့ မကျရောက်လေရကား နေယျတ္ထအားဖြင့် အခြားသောသူတို့လည်း ရောက်နိုင်ရန်အကြောင်းမရှိ-ဟု မှတ်သင့်သည်။ "သုရာ(မေရယ)ပါနံ ဘိက္ခဝေ ။ပ။ နိရယသံဝတ္တနိကန္တိ"(သံ၊၃။၇၈)ဟု ဟောတော်မူရာ၌ သုရာပါနကိုပင် "နိရယသံဝတ္တတိ"ဟု မုချနီတတ္ထ ဟောတော်မမူ။ "နိရယသံဝတ္တနိကံ"ဟု ကာရိတန္တောဂတနှင့် နေယျတ္ထအားဖြင့် ဟောတော်မူသည်၊ သတိရှိစေ။

သုရာပါနမတ္တနှင့်ပင် ငရဲသို့ ကျသည်-ယူမူ ထိုသုရာပါနပြုရာ လောဘဇော, ဒေါသဇော ၂-ကြိမ်ဖြစ်သကဲ့သို့ သတ္တဝါတို့သဏ္ဌာန်၌ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စကြောင့် လောဘဇော, ဒေါသဇော ၂-ကြိမ်ဖြစ်ရာများမှာ သတ္တဝါတကာပင် မလွတ်နိုင်သည်ချည်းဖြစ်၍ ငရဲကပင် လွတ်နိုင်ရန်အကြောင်း မရှိပလေ။ စကြဝတေး မန္ဒာတ်မင်းတို့ ဩဝါဒပေးရာ တရား ၆-ချက်မှာ **မဇ္ဇံ** နှ **ပါတမ်ံ**-ဟူ၍ ပါသည်မှာ **မဇ္ဇပါနာ စ သံယမော**-ဟု မဂ်လာတရားတော်မှာ ဟောတော်မူသကဲ့သို့ (အ)ပမာဒဖြစ်စေခြင်းငှာသာ ဩဝါဒပေးသည်။

ယထာကမ္မုပဂဉာဏ်ကို ပြရာ ထိုထိုပါဠိများမှာ–

http://www.dhammadownload.com

ကာယဒုစ္စရိတေန သမန္နာဂတာ ။ပ။ တေ ကာယဿ ဘေဒါ ပရံ မရဏာ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပပန္နာ။ (ဒီ၊၁။၇၈-စသည်)

ဟု လာရာ၌ ဒုစ္စရိတသာမညကို အပါယသန္ဓိဇ မယူရသကဲ့သို့ သုရာပါနကို အပါယပစ္စယ ဖြစ်ရာ သုရာပါနမတ္တကို မယူသင့်, မယူထိုက်။ အာသေဝိတ, ဘာဝိတ, ဗဟုလီကတ သုရာပါနကိုသာ ယူသင့်သည်။

အနာပတ္တိ အမဇ္ဇပွ ဟောတိ မဇ္ဇဂန္ဓံ မဇ္ဇရသံ တံ ပိဝတိ၊ သူပသမ္ဘာကေ မံသသမ္ဘာကေ တေလသမ္ဘာကေ အာမလကဖာဏိတေ၊ အမဇ္ဇံ အရိဋ္ဌံ ပိဝတိ၊ ဥမ္မတ္တ-ကဿ အာဒိကမ္မိကဿ။ (သုရာပါနသိက္ခာပုဒ်။ ၀၊၂။၁၄၆)

ယင်းသည့် အနာပတ္တိဝါရ၌ သုရာပါနကို ပိဝနမတ္တနှင့် အကုသလသန္ဓိဇပါက ဖြစ်လေက သူပသမ္ဘာက, မံသသမ္ဘာကများကို ဟောတော်မမူရာ။ ဟောတော်မူခဲ့ရကား "သုရာကို ပါနမတ္တနှင့် အကုသလသန္ဓိဇပါက မဖြစ်၊" ဧကန်အမှန် မှတ်ယူသင့်လေသည်။ သုရာပါနအရာ၌ အပွသာဝဇ္ဇ, မဟာသာဝဇ္ဇ, ဧကန္တ မဟာသာဝဇ္ဇ-ဟု အပြစ် ၃-ပါးရှိရာ သုရာပါနမတ္တနှင့် အပါယသန္ဓိဇဖြစ်ခဲ့က အပွသာဝဇ္ဇ-ဟု ဆိုရန်မရှိ, မဆိုသင့်, မဆိုထိုက်။

သုရာပါနံ ပသတမတ္တဿ ပါနေ အပွသာဝဇ္ဇံ၊ အဋ္ဌလိမတ္တဿ ပါနေ မဟာသာဝဇ္ဇံ။ ကာယစာလနသမတ္တံ ပန ဗဟုံ ပိဝိတွာ ဂါမဃာတနိဂမဃာတကမ္မံ ကရောန္တဿ ဧကန္တမဟာသာဝဇ္ဇမေဝ။ (သမ္မောဒဉကထာ။၃၆၇)

ပဉ္စသီလသိက္ခာပဒမှာ သုရာမေရယမဇ္ဇ၌ ပမာဒဋ္ဌာန-သဒ္ဒါကို နိတတ္ထဟောလေ သဖြင့် ၎င်းက်၏ ပမာဒမတ္တမျှ အကျိုးပေးသောအဖြစ်၊ အပါယသန္ဓိဇကမ္မပထ မမြောက် သောအဖြစ်သည် မဇ္ဈိမက တက်ထွန်းပသော မွန်းတည့်နေကဲ့သို့ အလွန်ပင် ထင်ရှားလှ၏။ ပစ္ဆိမဗုဒ္ဓဝစနဋ္ဌ "**အပွမာဒေန သမ္မာဒေထ**"(ဒီ၊၂။၁၂၈)ကို ဟောတော်မူရာ၌ "ပမာဒဖြစ်ရုံမျှ အပါယ်သို့ ရောက်သည်"ဟု ဟောတော်မမူ။ "ပမာဒဖြစ်က ဒုစ္စရိတများကို ပြုတတ်ခြေ သဖြင့် မမေ့မလျော့ကြနှင့်"ဟူ၍သာ ဟောတော်မူသည်။ မဂ္ဂင်တရား ၈-ပါးမှာ သမ္မာကမ္မန္တ အဖွင့်တွင် သုရာမေရယအဖွင့် ပြသင့်သည်။ ဤသို့ နိရယသံဝတ္တနိက ကာရိတန္တောဂတ ပုဒ်ကို နေယျတ္ထ မယူ။ နိရယသံဝတ္တတိအရကို နိတတ္ထယူကြ၍ သုရာပါနမတ္တမျှကို အပါယ-ဂမနိယ, ပဋိသန္ဓိဇနက ကမ္မပထမြောက်သင့်ကြောင်းနှင့် အဆုံးအဖြတ် ရေးသားပြောဆိုကြ သော ပညာရှိယောင် ကေစိမောင်တို့သည် မာန်ထောင်ပလွား တတ်ယောင်ကားနှင့် ဘုရား၊ ရဟန္တာ၊ အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိဆရာတို့ထက်ပင် အမြင်ကြီးမြင်၍ ကျွမ်းကျင်လေဟန် ရေးသားခြင်းများသည် အံ့ဖွယ်သရဲ ဝံ့ရဲသောပုဂ္ဂိုလ်များ ဖြစ်ပါပေသတည်း။

http://www.dhammadownload.com

သို့အရပ်ရပ် ပါဠို, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိပုဒ်တို့၌ သုရာပါနအမှုသည် အပါယ-ဂမနီယ, ပဋိသန္ဓိဇနကကံ မဖြစ်၊ ပဝတ္တိဇနက အာနိသံသမျှသည် ဥဒ္ဒစ္စစေတနာကဲ့သို့ ပဋိသန္ဓေအကျိုးကို မပေးကြောင်းနှင့် အသီးအသီး ဖွင့်ဆိုတော်မူကြသော်လည်း လောက၌ အသိအမြင်အားဖြင့် အပြစ်ဒေါသ အလွန်အားကြီးသော အမှုပင်ဖြစ်သည်-ဟု နီတတ္ထ, နေယျတ္ထ ၂-ပါးနှင့်ပင် သိသင့်လှပေသည်။

ဟတ္ထိပါလဇာတ်(ဇာ၊၄၊၄။၄၈၁-၄၉၄), စူဠသုတသောမဇာတ်(ဇာ၊၄၊၅။၁၉၇-၂၀၂), အယောဃရဇာတ်(ဇာ၊၄၊၄။၄၉၇-၅၀၄), မူဂပက္ခဇာတ်(ဇာ၊၄၊၆။၃၅-၇), ကုဒါလပဏ္ဍိတဇာတ်(ဇာ၊၄၊၁၀။၃၃၃)၊ ဤဇာတ်တော်များ၌ ၇-ပြည်ထောင်လုံး တောထွက်သည့်နောက် ကြွင်းကျန်ရစ်သော သေသောက်ကြူး ၇-ယောက်တို့သည် ငါတို့မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် အခါ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုမျှ မရလိုက်။ ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် အနှစ် ၂၀၀-ကျော်၍ သီဟိုဠ်ကျွန်းသို့ သာသနာတော်ရောက်မှ ရဟန္တာမထေရ် ၇-ပါးဖြစ်ကြောင်းနှင့် အဋ္ဌကထာများမှာ လာသည်။

ထို့ကြောင့် ပရမတ္ထမနုဿ ဥပါသကပဒုမ ကလျာဏပုထုဇ္ဇနသပ္ပုရိသဖြစ်ကုန်ကြ၍ ဗဟုသုတ ဝိဇ္ဇာသိပ္ပအရာ လိမ္မာကျွမ်းကျင် သိမြင်ကုန်ကြသော အမျိုးကောင်းသားတို့သည် အလွန်ယုတ်မာသော အမှုအရာ, သူယုတ်မာတို့၏ အလေ့အကျင့်ဖြစ်သော သေသောက်ခြင်းအမှုများကို အမျိုးကောင်းသားပီပီ "ငါသို့သောသူ သေကို သောက်ရာသလော" ဟု ဇာတိမာန်ကို ရှေ့ထား၍ များစွာကြဉ်ကုန်ရာသည်။ လောက၌ အချို့သော လူမိုက်တို့က "ဇနကပဋိသန္ဓေအကျိုးမပေးလျှင် သောက်သော်ကော"ဟူ၍ အဓမ္မစကားကို ပြောဆိုကြ၏။ ထိုသို့ ပြောဆိုသောစကားကို ပစ္စုပ္ပန်,သံသရာ ဘေး ၂-ဖြာကို ကောင်းစွာ မသိမမြင်၍သာ ပြောဆိုသည်-ဟူ၍ မှတ်ရမည်။ ချေး-ဟု ခေါ်ဝေါ်အပ်သော မစင်ကျင်ကြီးကို ခွေး, ဝက်တို့ကဲ့သို့ စားသောက်သော်လည်း ဇနကကံဖြစ်၍ အပါယ်ပဋိသန္ဓေ အကျိုးပေးမည်မဟုတ်။ သို့မပေးသော်လည်း ပညာရှိသူတော်ကောင်းမှန်က ဝံ့ဝံ့ရဲရဲ မသောက်စားပေရာ။ အကယ်၍ စားစေဦး၊ "မိုက်သည်, ရူးသည်"ဟူ၍ ကဲ့ရဲ့ပြစ်တင်ခြင်း အပြစ်မျှသာ ရှိချေသည်။

သုရာပါနအမှု သေသောက်ခြင်းကို ပြုရာမှာ မူးဝေခြင်း, ရူးနောက်ခြင်း, မပြုသင့်သောအမှုကို ပြုခြင်း, ပြုသင့်သောအမှုကို မပြုခြင်း-စသောအားဖြင့် မကောင်းမှု ဒုစရိုက်များစွာကို လွန်ကျူးသဖြင့် အပြစ်များစွာ ရှိချေသည်။ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်ခြင်းများကို ခံရချေသည်။ သုရာပါနအမှု မိမိသည်ပင် ဇနကကံဖြစ်၍ ကမ္မပထမမြောက်သော်လည်း ဇနကကံ ကမ္မပထမြောက်သည့်အမှုများကို တိုက်တွန်းနှိုးဆော်တတ်သဖြင့် စစ်ရေးစစ်မှုမှာ ခေါင်းတည်သူရဲကြီးနှင့် အလားတူသည်။

http://www.dhammadownload.com

ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။(ဓမ္မပဒ။၃၉။ ဣတိဝုတ္တ။၂၀၇)

ဟူသော ဓမ္မပဒပါဠိတော်အရ ဒုစရိုက် ၁၀-ပါးလုံးမှာပင် မုသာဝါဒအရင်း ဖြစ်သည်။ မုသာဝါဒအရင်းကို ရှာလျှင်လည်း သုရာပါနအမှုကိုသာ အဦးအစ တွေ့ချေသည်။ ထို့ကြောင့် သုရာပါနသည် ရန်ခိုက်ဒေါသ အဓိကရုဏ်းဖြစ်ရာ အနားက မြောက်ပင့်တို့ဆိတ်သူနှင့် တူသည်ဖြစ်၍ အလွန်ရုန့်ကြမ်းသောတရားပင်ဖြစ်၍ ရှောင်ကြဉ်ကုန်ရာသည်။ **ဟိန္နုလူမျိုး** ပုဏ္ဏားတို့အား ၎င်းသုရာပါနအမှုသည် အလွန်အပြစ်ကြီးသည်-ဟု အလေးဂရုပြုကြ၏။ သုရာသောက်ခြင်းကို ပရာဇည်းသင့်သည်-ဟူ၍ ပုဏ္ဏားတို့ဘာသာ ပါရာဇိကအပြစ်ကြီးစွာ ထားကြ၏။ သေအဆင်း,အနံ့ရှိသော တစ်စုံတစ်ရာသော ဆေးရည်-စသည်ကို အလွန်ပင် ရှောင်ကြဉ်ကြ၏။ ငါတို့မြတ်စွာဘုရားမူကား သူပသမွာက, မံသသမွာက, ဘေသဇ္ဇမိဿက အရာများ၌ သေ၏သတ္တိ ကြီးစွာမထင်က ဘေသဇ္ဇဆေးအလို့ငှာ သောက်မျိုခြင်းများကို ခွင့်ပြုတော်မူသေး၏။

အပြဟ္မစရိယသိက္ခာပုဒ်၌ မိစ္ဆာစာရ-သာ အပါယ်လားသကဲ့သို့ မိမိကိုယ်ပိုင်မယား-စသည်၌ သမ္မာစာရဖြစ်သောကြောင့် အပါယ်မလား။ သုရာပါနမတ္တဖြင့် အပါယ်လားစရာ အကြောင်းမထင်။

- ပါဏာတိပါတ-မှာ သူအသက် မမာယနဝတ္ထုကို ဖျက်သည်။
- အဒိန္နာဒါန-မှာ သူဥစ္စာ မမာယနဝတ္ထုကို ဖျက်သည်။
- ကာမေသု မိစ္ဆာစာရ-မှာ ပရဒါရ၌ သူတပါး၏ မမာယနကို ဖျက်သည်။
- သုရာပါနမတ္တ-မှာ မမာယနဝတ္ထုကို ဖျက်ဆီးသောအရာ မထင်။

ထို့ကြောင့် အပြဟ္မစရိယမှာ အပါယ်လားခြင်း, မလားခြင်း ၂-ပါးခွဲသင့်သည်။ မိစ္ဆာစာရမှာ သာရက္ခ, သပရဒါရ(*သပရိဒက္ခ*)မှသာ အပြစ်ကြီးသည်။ သုရာပါနမှာလည်း သေကို သောက်၍ သူတပါးအား နှိပ်စက်ညှဉ်းပန်းခြင်း၊ သူခိုးကြီး, ဓားပြကြီးပြု၍ ရပ်ရွာကို ဖျက်ဆီးခြင်း-စသည်ပြုမှသာ အပြစ်ကြီးသည်။ သုရာမတ္တမှာ ပဝတ္တိအကျိုးမျှသာ ဖြစ်သည်။ ၎င်း သုရာပါနအမှုကို ပြုလျှင် မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတည်း ဟူသော ဝစီဒုစရိုက် ၄-ပါးလုံးမှာပင် ရုန့်ရင်းစွာ နှုတ်က ထွက်ချေသဖြင့် သုဘာသိတ, ပိယ, သစ္စ, ဓမ္မ-ဟူသော စကားကောင်းအဂိ် ၄-ပါးလုံးမှာပင် ချို့ယွင်းတတ်သောကြောင့် "သုရာပါနော ကုတော သစ္စံ"ဟု နိတိဆရာတို့ မိန့်ဆိုကြ၏။ "သုရာပါနော ဘဝေ ဘိက္ခု"ဟူ၍

http://www.dhammadownload.com

လည်း မိန့်ဆိုကြ၏။(ဘိက္ခု-သဒ္ဒါ ဖားဟော) "**သစ္စံ ဟဝေ သာဓုတရံ(သာဒုတရံ) ရသာနံ**"ဟူသော ပါဠိတော်(သံ၊၁။၃၉)ကို "**မုသာ ဟဝေ ဒုဋ္ဌတရံ ရသာနံ**"ဟူ၍ အဓိပ္ပါယ်ပြန်ယူသင့်သည် ဖြစ်သောကြောင့် သုရာပါနအမှုသည် အလွန်မကောင်းဆုံးသော အမှုဖြစ်၍ ရှောင်ကြဉ်ရာသည်။

မုသာဝါဒေါ နာမ အကတ္တပ္ပံ ပါပံ နာမ နတ္ထိ။- ဟူ၍လည်းကောင်း,

မုသာဝါဒေါ နာမ သတ္ထညုတညာဏမွိ အာဝရဏံ ကရောတိ။- ဟူ၍လည်းကောင်း-

အဋ္ဌကထာဆရာတို့ မိန့်ဆိုတော်မူသောကြောင့် သေသောက်သူ-ဟူသမျှသည် မှန်ကန်သောစကား မရှိသည်ချည်းဖြစ်၍၊ မကောင်းမှုမည်သည်ကို ပြုသည်ချည်းဖြစ်၍ သစ္စာ ၄-ပါးတရားကို သိပြီးနောက်မှ ရစကောင်းသော သတ္ထညုတဉာဏ်တော်ကိုပင် ပိတ်ပင်တားဆီးနိုင်ရကား ဇနကဂံဖြစ်၍ ပဋိသန္ဓေအကျိုးကို မပေးသော်လည်း သံသရာဝဋ်ဒုက္ခများ၌ အလွန်တရာ တာရှည်စွာ ကျင်လည်စေရသော မကောင်းမှုအကုသိုလ်၏အကြောင်းဟု ကောင်းကောင်းကြီး မှတ်ယူသင့်သည်။

- လောက၌ အကြားအမြင်ဗဟုသုတ မရှိ၊ မိုက်တီးအတ ဒုပ္ပညာဖြစ်သောသူ၊
- ပရိသတ်အလယ်၌ ငိုက်မျည်းတွေဝေတတ်သောသူ၊
- ပါဠို,အဋ္ဌကထာ, ဋီကာ-စသည်နှင့်တကွ လောကဝိဇ္ဇ သိပ္ပအတတ်များကို သင်ကြားရာ ဉာဏ်ပဋိဘာန် ထိုင်းမှိုင်းလေးလံသောသူ၊
- စကား ဆွံ့အသောသူ၊
- အရာရာ-ဟူသမျှမှာပင် ထိုင်းမှိုင်းမေ့လျော့တတ်သောသူ၊
- မျက်စိ,နား-စသည်၌ ဣန္ဒြေမရှိသောသူ၊
- ကိုယ်ဣန္ဒြေ, နှုတ်ဣန္ဒြေ မစောင့်စည်းသောသူ၊
- ပဋိသန္ဓေများစွာ နေရ၍ သံသရာရှည်လျားသူ၊
- ဈာန်သမာပတ်ဖြင့် အရိယမဂ်သို့ ရောက်ရာ ဒုက္ခပဋိပဒါဒန္ဓာဘိညာဖြစ်သောသူ-

ဟူသမျှတို့အား ဘဝများစွာ သံသရာက သုရာပါနအမှုကို ပြုကျင့်သောသူတို့ချည်း-ဟူ၍ မှတ်ယူသင့်သည်။

၎င်းသုရာပါနအမှုကို ပြုကျင့်၍ ၁-လ ၄-သီတင်း, ၈-သီတင်း, ဥပုသ်သီလသီတင်း ဆောက်တည်သောသူဖြစ်လင့်ကစား သေသည့်အခြားမဲ့၌ သီလအကျိုးဆက်ကြောင့်

http://www.dhammadownload.com

လူကောင်း,နတ်ကောင်းအဖြစ်၌ ရ၍ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသော်လည်း မိမိရသော စည်းစိမ်များကို သတိဂတိ မရှိ၊ မေ့မေ့လျော့လျော့သာ ခံစားရချေသဖြင့် အရူးရူးအနှမ်းနှမ်း၊ နေရာကြီးနှင့် မတန်သော စကားသေး,စကားနုတ် အမူသေးသိမ်သည်များကို ပြုတတ်ချေသဖြင့် မြင့်မြတ်သောနေရာမှ ယုတ်နိမ့်သောနေရာသို့ လျှောကျခြင်း၏အကြောင်း ပါဏာ-တိပါတ-စသော မကောင်းမှုဒုစရိုက်တို့ကို မရှောင်မကြဉ် ပြုတတ်ချေသဖြင့် သံသရာဝဋ်ဆင်းရဲ၌ ထပ်တုံတလဲလဲ အမြဲမကွာ ဘဝများစွာ ကျင်လည်ရခြင်း၏အကြောင်း-ဟု ကောင်းကောင်းကြီး မှတ်ယူသင့်ကြသည်။

ယုတ္တာမုတ္တဝါဒီပီယ ကဝိကုဉ္ဇရ သံယကေသရီ မေဓာဝီပဂ္ဂိလ် ၁-ဆူဖြစ်တော်မူသော ဆူးခါးဆရာတော်ဘုရားကြီးသည် သုရာပါနမတ္တ ပဋိသန္ဓိဇနက အပါယဂမနီယ မဖြစ်ကြောင်းနှင့် အကျဉ်းအမြွက်မျှ ထုတ်ပြရေးသားအပ်သော သုရာပါနဝိနိစ္ဆယ ပြီး၏။

----- × -----

[၂] အောင်မြေရွှေဘုံဆရာတော်ဘုရားကြီးအဆုံးအဖြတ်

ဇိနသာသနံ စိရံ တိဋ္ဌတု။

"ဘုရားတပည့်တော် ရှင်ဝိမလာစာရ လျှောက်ပါသည် ဆရာတော်ဘုရား။ အချို့သောဆရာတို့သည် 'ယဒိပိ သုရာပါနံ'-စသော သိဂ်္ဂါလသုတ်ဋ္ဌကာ, 'သုရာပါနံ ဘိက္ခဝေ။ ပ။ ဒဋ္ဌဗ္ဗော'-ဟူသော မူလဋ္ဌကာပါဠိ၌လာသော စကားရပ်တို့ကို နှလုံးပိုက်၍ သုရာ ၅-ပါး, မေရယ ၅-ပါးကို သောက်စားသဖြင့် သူ၏အသက်ကို သတ်ခြင်း-စသော အကုသိုလ်ကံကို မပြုမူ အပါယသံဝတ္တနိက မဖြစ်။ သူ၏အသက်ကို သတ်ခြင်း-စသော အကုသိုလ်ကံကို ပြုကျင့်မှသာ အပါယသံဝတ္တနိက ဖြစ်သည်-ဟု အယူဝါဒရှိသဖြင့် တပည့်လက်သားတို့အား နည်းဥပဒေသ ပေးကြကုန်သည်။ ထိုအယူဝါဒသည် သင့်,မသင့်ကို သိလိုပါသည်။ ပါဠို, အဋ္ဌကထာတို့၌ မည်သို့ လာရှိသည်-ဟု ရေးသနားစေချင်ပါသည် ဆရာတော်ဘုရား"။

လျှောက်တောင်းပန်ရာ၌ သုတေသနပုဂ္ဂိုလ်တို့ မှတ်သားရန် ရေးလိုက်ပေအံ့။

ယော ပါဏ'မတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။ ။

http://www.dhammadownload.com

အပွဟာယ ပဠု ဝေရာနိ၊ 'ဒုဿီလော' ဣတိ ဝုစ္စတိ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သော'ပပဇ္ဇတိ။ (ပဠုဂုံတ္တရုဝေရသုတ်။၁၈၁)

နိရယေသု ဘယံ ဒိသွာ၊ ပါပါနိ ပရိဝဇ္ဇယေ။
အရိယဓမ္မံ သမာဒါယ၊ ပဏ္ဍိတော ပရိဝဇ္ဇယေ။ (ပဠုဂုံတ္တရုဂိဟိသုတ္တ။၁၈၇)

နာ ဟိသေ ပါဏဘူတာနိ၊ ဝိဇ္ဈမာနေ ပရတ္တမေ။
မုသာ စ နာ ဘဏေ ဇာနံ၊ အဒိန္နံ နာ ပရာမသေ။ ။

သေဟိ ဒါရေဟိ သန္တုဋ္ဌော၊ ပရဒါရဉ္စ အာရမေ။
မေရယံ ဝါရုဏိံ ဇန္တု။ နာ ပိဝေ ခိတ္တမောဟနိ။
(ပဠုဂုံတ္တရုစတုတ္ထပဏ္ဏာသ၊ဂိဟိသုတ်။၁၈၇)

ပဠုဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ ပဠုဟိ? ပါဏာတိပါတိ ဟောတိ၊ အဒိန္နာဒါယိ ဟောတိ၊ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာယီ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဠုဟိ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ (ပဠုဂုံတ္တရုပါဋိတော်။၁၇၉)

သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယ-သံဝတ္တနိကံ၊ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ ပေတ္တိဝိသယသံဝတ္တနိကံ။ ယော သဗ္ဗ-လဟုသော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တ-နိကော ဟောတိ။ (အဋ္ဌဂုံတ္တရု သဗ္ဗလဟုသုတ်။ဒုစရိတဝိပါကသုတ်။၇၈)

ယော ပါဏ'မတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နံ'မာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။

သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။
ဣဓေဝ မေသော လောကသ္မိံ၊ မူလံ ခဏတိ အတ္တနော။

ဧဝံ ဘော ပုရိသ ဇာနာဟိ၊ ပါပဓမ္မာ အသညတာ။
မာ တံ လောဘော အဓမ္မော စ၊ စိရံ ဒုက္ခာယ ရန္ဓယုံ။(ဓမ္မပဒ။ဠ။၂။၄၉-ပဠဥပါသကဝတ္ထု)

သုရာမေရယပါနန္တိ ယဿ ကဿစိ သုရာယ စေဝ မေရယဿ စ ပါနံ။ အနုယုဉ္ဇတီတိ သေဝတိ ဗဟုလီကရောတိ။ မူလံ ခဏတီတိ တိဋ္ဌတု ပရလောကော၊ သော ပန ပုဂ္ဂလော ဣဓ လောကသ္မိံယေဝ ယေန ခေတ္တဝတ္ထုအာဒိနာ မူလေန

http://www.dhammadownload.com

ပတိဋ္ဌဟေယျ(ပတိဋ္ဌပေယျ)၊ တံပိ အဋ္ဌပေတွာ ဝါ ဝိဿဇ္ဇေတွာ ဝါ သုရံ ပိဝန္တော အတ္တာနော မူလံ ခဏတိ၊ အနာထော ကပဏော ဟုတွာ ဝိစရတိ။ ဧဝံ ဘောတိ ပဗ္ဗဇုဿီလျကမ္မကာရကံ ပုဂ္ဂလံ အာလပတိ။ ပါပမ္မာတိ လာမကမ္မာ။ အသညတာတိ ကာယသညတာဒိဝိရဟိတာ။ အစေတသာတိပိ ပါဌော။ အစိတ္တကာတိ အတ္ထော။ လောဘော အဓမ္မော စာတိ လောဘော ဧဝ ဒေါသော စ။ ဥဘယံပိ ဟေတံ အကုသလမေဝ။ စိရံ ဒုက္ခာယ ရန္ဓယုန္တိ စိရကာလံ နိရယဒုက္ခာဒီနံ အတ္ထာယ၊ တံ ဧတေ ဓမ္မာ မာ ရန္ဓေန္တု မာ မထေန္တူတိ အတ္ထော။

(ဇင်းဓမ္မပဒအဋ္ဌကထာ၊၂။၂၂၇)

ဤသို့ ပြဆိုအပ်ပြီးသော ပါဠို, အဋ္ဌကထာတို့၌ နိရယသံဝတ္တနိုက-စသည်တို့၌ ဖြစ်စေတတ်၏-ဟု လာသောကြောင့်လည်းကောင်း၊

တတ္ထ ဓမ္မတောတိ ပဗ္ဗပေ'တေ ပါဏာတိပါတာဒယော စေတနာဓမ္မာ ဝ ဟောန္တိ။ ကောဋ္ဌာသတော ပဗ္ဗပိ ကမ္မပထာ ဧဝ။ သုရာပါနံ လောဘမောဟမူလံ။ သုရာပါနံ ကာယကမ္မမေဝ။ (သိက္ခာပဒဝိဘင်းအဋ္ဌကထာ။၃၆၆)

သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ ကာယကမ္မမေဝ။ (ခုဒ္ဒကပါဋ္ဌအဋ္ဌကထာ။၂၂)

စတသောပိ စေ'တ္ထ ကာယကမ္မံ၊ မုသာဝါဒါဝေရမဏီ ဝစီကမ္မံ။

(ဇင်းအဋ္ဌကထာ။၂၃)

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာတို့၌ "စေတနာဓမ္မ ကမ္မပထလောဘမောဟမူလ ကာယကံ"ဟု လာသောကြောင့်လည်းကောင်း၊

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ မဇ္ဇပါနာ စ သံယမော။ (ခုဒ္ဒကပါဋ္ဌ။၂၄)

မဇ္ဇဉ္စ ပါနံ နု သမာစရေယ္ယ၊ ဓမ္မံ ဣမံ ရောစယေ ယော ဂဟဋ္ဌော။
နု ပါယယေ ပိဝတံ နာနုဇညာ၊ ဥမ္မာဒနန္တံ ဣတိ နံ ဝိဒိတ္ဝာ။

မဒါ ဟိ ပါပါနိ ကရောန္တိ ဗာလာ၊ ကာရေန္တိ စ'ညေပိ ဇနေ ပမတ္တေ။
ဧတံ အပုညာယတနံ ဝိဝဇ္ဇယေ၊ ဥမ္မာဒနံ မောဟနံ ဗာလကန္တံ။

ဟူ၍ ခုဒ္ဒကပါဋ္ဌ၊ သုတ္တနိပါတ်ပါဠိတော်(၃၃၈)၌ ဝိရမိတဗ္ဗဝတ္ထု၏အဖြစ်ဖြင့် ဟောတော်မူသောကြောင့်လည်းကောင်း၊

http://www.dhammadownload.com

သာဝတ္ထိတော ပါဏာတိပါတော အတ္ထိ အပ္ပသာဝဇ္ဇော၊ အတ္ထိ မဟာသာဝဇ္ဇော။ တထာ အဒိန္နာဒါနာဒီနိ။ သုရာပါနံ ပသတမတ္တဿ ပါနေ အပ္ပသာဝဇ္ဇံ၊ အဋ္ဌလိ-မတ္တဿ ပါနေ မဟာသာဝဇ္ဇံ။ ကာယစာလနသမတ္ထံ ပန ဗဟုံ ပိဝိတ္တာ ဂါမယာတ-နိဂမယာတကမ္ပံ ကရောန္တဿ ဧကန္တမဟာသာဝဇ္ဇံ။ သုရာပါနံ ပတ္တာ ကာယစာလ-နသမတ္ထံ ဗဟုံ ပိဝိတ္တာ ဂါမနိဂမယာတနံ မဟာသာဝဇ္ဇံ။

ဟူ၍ သိက္ခာပဒဝိဘင်းအဋ္ဌကထာ(၃၆၆၊၃၆၇)၊ ဣတိဝုတ်အဋ္ဌကထာတို့၌ အပ္ပသာဝဇ္ဇ၊ မဟာသာဝဇ္ဇအဖြစ် ခွဲခြမ်း၍ ပြဆိုသောကြောင့်လည်းကောင်း၊

အပိစေ'တ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ နာ တထာ ပါဏာတိပါတာဒယော၊ ကသ္မာ? မနုဿဘူတသာပိ ဥမ္မတ္တကဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယကရဏတော။

ဟူ၍ ခုဒ္ဒကပါဋအဋ္ဌကထာ(၁၉)၌ ပါဏာတိပါတ-စသော ကံ ၄-ပါးတို့ထက် အပြစ်ကြီးသည်၏အဖြစ်ကို ပြဆိုသောကြောင့်လည်းကောင်း၊

မဇ္ဇပါနာ သံယမော နာမ ပုဗ္ဗေ ဝုတ္တသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ-ယာ ဧဝေ'တံ အဓိဝစနံ။ ယသ္မာ ပန မဇ္ဇပါယီ အတ္တံ နာ ဇာနာတိ၊ ဓမ္မံ နာ ဇာနာတိ။ မာတု အန္တရာယံ ကရောတိ၊ ပိတု ဗုဒ္ဓပစ္စေကဗုဒ္ဓတထာဂတသာဝကာနံပိ အန္တရာယံ ကရောတိ၊ ဒိဋ္ဌေဝဓမ္မေ ဂရဟံ သမ္ပရာယေ ဒုဂ္ဂတိံ အပရာပရိယေ ဥမ္မာဒဋ္ဌ ပါပုဏာတိ။

ဟူ၍ ခုဒ္ဒကပါဋအဋ္ဌကထာ(၁၂၀)၊ သုတ္တနိပါတ်အဋ္ဌကထာ(၂။၂၆)တို့၌ တမလွန်ဘဝ၌ ဒုဂ္ဂတိသို့ လားစေတတ်၏-ဟု လာသောကြောင့်လည်းကောင်း၊

မဇ္ဇပါနာ ပန သံယမော တေသံ ဒေါသာနံ ဝူပသမံ တဒ္ဓိပရိတဂုဏသမ္ပဒဋ္ဌ ပါပုဏာတိ၊ *(တသ္မာ)* အယံ မဇ္ဇပါနာ သံယမော မဂ်လန္တိ ဝေဒိတဗ္ဗော။

ဟူ၍ ခုဒ္ဒကပါဋအဋ္ဌကထာ(၁၂၀။ သုတ္တနိ၊ဋ္ဌ၊၂။၂၆)၌ သုရာပါနမှ ကြဉ်ခြင်း၏ မင်္ဂလာ မည်ကြောင်းကို လာသောကြောင့်လည်းကောင်း၊

ယံ ဂဟပတိ သုရာမေရယမဇ္ဇပမာဒဋ္ဌာယိ သုရာမေရယမဇ္ဇပမာဒဋ္ဌာနပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိ-ကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒယတိ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရ-တဿ ဧဝံ တံ ဘယံ ဝေရံ ဝူပသန္တံ ဟောတိ။

http://www.dhammadownload.com

ဟူ၍ နိဒါနဝဂ္ဂသံယုတ်၊ ပဌမဝဂ်၊ ပဌမဘာယသုတ်(၂၉၈)၌ ဒိဋ္ဌမင်္ဂိကသမ္ပရာယိကဋ္ဌ ဘေးရန်ကို ဆောင်တတ်သော စေတနာကို ပွါးစေသည်၏အဖြစ်၊ စိတ်ကို မှီသော ဒုက္ခဝေဒနာ, နှလုံးမသာယာခြင်း-ဟု ဆိုအပ်သော ဒေါမနဿကို ခံစားရသည်-ဟု လာသောကြောင့် လည်းကောင်း၊

> သုရာမေရယမဇ္ဇပမာဒဋ္ဌာနာနုယောဂေါ ခေါ ဂဟပတိပုတ္တ ဘောဂါနံ အပါယမုခံ။ ဆ ခေါ မေ ဂဟပတိပုတ္တ အာဒီနဝါ သုရာမေရယမဇ္ဇပွမာဒဋ္ဌာနာနုယောဂေ။ သန္ဒိဋ္ဌိကာ ဓနဇာနိ၊ ကလဟပွဝမုနိ၊ ရောဂါနံ အာယတနံ၊ အကိတ္တိသဒ္ဒနိ ကောပီနနိဒံသနိ၊ ပညာယ ဒုဗ္ဗလိကရဏီတွေဝ ဆဋ္ဌံ ပဒံ ဘဝတိ။

ဟူ၍ သိင်္ဂါလသုတ်(ပါထိကဝဂ္ဂ။၁၄၈)၌ ဟောတော်မူအပ်သော အပြစ် ၆-ပါးတို့တွင် ၆-ခုမြောက်သော "ပညာယ ဒုဗ္ဗလိကရဏီ"ဟူသောပါဠိဖြင့် ကမ္မဿကတာပညာ၏ အားနည်းသည်ရှိသော် ပမာဒဖြစ်ရကား နေယျတ္ထအားဖြင့် အပါယသံဝတ္တနိကဖြစ်သည်ကို ပြ၏-ဟု ယူသင့်သောကြောင့်လည်းကောင်း၊

> ဖလတောတိ သဗ္ဗေ ဧဝ စေ'တေ ပါဏာတိပါတာဒယော ဒုဂ္ဂတိဖလနိဗ္ဗတ္တကာ ဟောန္တိ၊ သုဂတိယဉ္စ အနိဋ္ဌာ ကန္တာ မနာပဝိပါကနိဗ္ဗတ္တကာ ဟောန္တိ၊ သမ္ပရာယေ ဒိဋ္ဌဓမ္မေ ဧဝ စ အဝေသာရဇ္ဇာဒိဖလနိဗ္ဗတ္တကာ။ –

ဟူ၍ ခုဒ္ဒကပါဌအဋ္ဌကထာ(၂၃)ဝယ် အကျိုးကို ပြဆိုရာ၌ ဒုဂ္ဂတိအကျိုးကို ဖြစ်စေတတ်သည်ကိုသာ ပြဆိုသောကြောင့်လည်းကောင်း၊

> ဝတ္ထုအဇာနနတာယ စေ'တ္ထ အစိတ္တကတာ ဝေဒိတဗ္ဗာ၊ အကုသလေနေဝ ပါတဗ္ဗတာယ လောကဝဇ္ဇတာ။

ဟူ၍ သုရာပါနအဋ္ဌကထာ(ပါစိတ္တိယဒိအဋ္ဌကထာ။၁၂၇)၌ လောကဝဇ္ဇ၏အဖြစ်ကို ပြဆိုသောကြောင့်လည်းကောင်း၊

> သေတုယာတဝိရတိယာ ပန ဘေဒေါ နာမ နတ္ထိ၊ ဘဝန္တရေပိ ဟိ အရိယသာဝကော ဇီဝိတဟေတုပိ နေဝ ပါဏံ ဟနတိ န သုရံ ပိဝတိ။ သစေ ပိ'ဿ သုရဉ္စ ဒီရဉ္စ မိဿေတွာ မုခေ ပက္ခိပန္တိ၊ ဒီရမေဝ ပဝိသတိ၊ န သုရာ။ ယထာ ကိံ ကောဉ္စသကုဏာနံ ဒီရမိဿကေ ဥဒကေ ဒီရမေဝ ပဝိသတိ၊ န ဥဒကံ။ ဣဒံ ယောနိသိဒ္ဓန္တိ စေ။ ဣဒံ ဓမ္မတာသိဒ္ဓန္တိ စ ဝေဒိတဗ္ဗံ။ –

http://www.dhammadownload.com

ဟူ၍ သုတ်သီလကွန်ကူဋဒန္တသုတ်အဋ္ဌကထာ(၂၇၃)၌ အရိယာပုဂ္ဂိုလ်တို့အား ဘဝန္တရ၌ အသက်-ဟူသောအကြောင်းကြောင့် သေကို မသောက်။ "သေနှင့် ရေကို ရောချေပေးသော်လည်း ရေသာ ဝင်၏၊ သေကား မဝင်"ဟု ဆိုရာ၌ ယင်းသေကို သောက်ခြင်းသည် အကုသိုလ်စိတ်ဖြင့်သာ သောက်အပ်သည်ဖြစ်၍ လောကဝဇ္ဇဖြစ်သောကြောင့် ဓမ္မတာအားဖြင့် ပြီးသည်ဖြစ်၍ မဝင်-ဟု ယူသင့်သောကြောင့်လည်းကောင်း၊

ဝုတ္ထာဝသေသာ ပဋိသန္ဓိဇနနေ အနေကန္တိကတ္ထာ ကမ္မပထဘာဝေန န ဝုတ္ထာ။

ဟူ၍ ပဋိသန္ဓိဒါမက်အဋ္ဌကထာ(၁။၂၇၃)၌ အကုသလကမ္မပထ ၁၀-ပါးဝယ် သရုပ်အားဖြင့် မဟောခြင်း၏အကြောင်းကို ပြဆိုရာ၌ "ပဋိသန္ဓိအဇာနနကတ္ထာ"ဟု ဟိတ်မခတ်မူ၍ **"ပဋိသန္ဓိဇနနေ အနေကန္တိကတ္ထာ"**ဟု ဟိတ်ခတ်သောကြောင့်လည်းကောင်း၊

> ဘေဒတောတိ သာမဏေရာနံ စေ'တ္ထ ဧကသ္မိံ ဘိန္နေ သဗ္ဗာနိပိ ဘိန္နာနိ ဟောန္တိ။ ပါရာဇိကဋ္ဌာနိယာနိ ဟိ တာနိ တေသံ၊ ယံ တံ ဝိတိက္ကန္တံ ဟောတိ၊ တေနေဝ ကမ္မဗန္ဓေါ။ ဂဟဋ္ဌာနံ ပန ဧကသ္မိံ ဘိန္နေ ဧကမေဝ ဘိန္နံ ဟောတိ။ ယတော တေသံ တံသမာဒါနေနေဝ ပုန ပဋိဂ္ဂဟိကတ္တံ သိလဿ သမ္ဘဝတိ။ အပရေ ပနာ'ဟု ဝိသုံ ဝိသုံ သမာဒိန္နေသု ဧကသ္မိံ ဘိန္နေ ဧကမေဝ ဘိန္နံ ဟောတိ၊ 'ပဋိဂ်ဟ်သမန္နာဂတံ(သိလံ) သမာဒိယာမီ'တိ ဧဝံ ပန ဧကတော သမာဒိန္နေသု ဧကသ္မိံ ဘိန္နေ သေသာနိပိ သဗ္ဗာနိ ဘိန္နာနိ ဟောန္တိ။ ကသ္မာ? သမာဒိန္နဿ အဘိန္နတ္တာ။ ယံ တံ ဝိတိက္ကန္တံ၊ တေနေဝ ကမ္မဗန္ဓေါတိ။ –

ဟူ၍ ခုဒ္ဒကပါဋအဋ္ဌကထာ(၁၈၉)၌ ပါဏာတိပါတ-အစ, သုရာမေရယ-အဆုံးရှိသော သိက္ခာပုဒ် ၅-ပါးတို့တွင် အကြင်သိက္ခာပုဒ်ကို လွန်ကျူး၏။ ထိုလွန်ကျူးသော သိက္ခာပုဒ်သည်သာ ကံနှင့်စပ်၏-ဟု လာသောကြောင့်လည်းကောင်း၊

ရှင်ဓမ္မပါလဆရာသည် သိဂ်ီလသုတ်ဋီကာ၌-

> ယဒိပိ သုရာပါနံ ပဋ္ဌဝေရဘာဝေန ဥပါသကေဟိ ပရိဝဇ္ဇနီယံ၊ တဿ ပန အပါယမုခဘာဝေန ပရတော ဝုတ္တတာယ (ဝတ္ထုကာမတာယ) ပါဏာတိပါတာဒယော *(ပါဏာတိပါတာဒိကေ)* ဧဝ သန္ဓာယ စတ္ထာရောတိ ဝုတ္တံ။ နှ ပဋ္ဌာတိ။ ဝိသုံ အကမ္မပထ-ဘာဝတောစာတိ အပရေ။ သုရာ-မေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကန္တိ(အံ၊၃။၇၈) အာဒိဝစနတော ဝိသုံ ကမ္မပထဘာဝေန အာဂတံ။ တထာ ဟိ တံ ဒုစ္စရိတကမ္မံ ဟုတ္ဝာ ဒုဂ္ဂတိဂါမိပဋိပဒ္ဒိဝတ္တကဘာဝေန နိယတန္တိ ကေစိ။ တေသံ မတေန ဧကာဒသ ကမ္မပထာ သိယုံ။ တသ္မာ ယထာဝုတ္တေသ္ဝေဝ

http://www.dhammadownload.com

ကမ္မပထေသု ဥပကာရကတ္တာသဘာဂတ္တာဝသေန အနုပ္ပဝေသော ဒဋ္ဌဗ္ဗောတိ ဝိသုံ အကမ္မပထဘာဝတော စာတိ သုဝုတ္တ'မေတံ။　(သုတ်ပါထေယျဋီ။၁၂၈)

ဟူ၍ အပရေဝါဒ, ကေစိဝါဒ ၂-ရပ်ကို ပြဆိုပြီးလျှင် အပရေဝါဒကို အနုညာတမူသဖြင့် ဆုံးဖြတ်တော်မူခြင်းသည် အပါယသံဝတ္တနိက မဖြစ်-မဆိုလို။ ကမ္မပထတရားကို သရုပ်အားဖြင့် ၁၀-ပါးဟူ၍သာ ဘုရားဟောတော်မူသည်။ သုရာမေရယက်ကို အသီး ကမ္မပထ-ဟု ယူသည်ရှိသော် ကမ္မပထတရား ၁၁-ပါးဖြစ်ရာသည်ဖြစ်၍ သုရာမေရယက်ကို ကမ္မပထတရားတို့၌ ဥပကာရ၏အဖြစ်, သဘာဂ၏အဖြစ်၏အစွမ်းဖြင့် သွင်း၍ ကမ္မပထတရား ၁၀-ပါးသာ ဖြစ်သင့်သည်-ဟု အဓိပ္ပါယတ္ထကို မှတ်ယူသင့်သည်။

သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ။ပ။ နိရယသံဝတ္တနိကန္တိ ဝိသုံ ကမ္မပထ-ဘာဝေန အာဂတန္တိ ဝဒန္တိ။ ဧဝံ သတိ ဧကာဒသ ကမ္မပထာ သိယုံ။ တသ္မာ'သ ယထာဝုတ္တေသ္ဝေဝ ကမ္မပထေသု ဥပကာရကတ္တာသဘာဂတ္တာဝသေန အနုပ္ပဝေသော ဒဋ္ဌဗ္ဗော။ –

ဟူသော ခုဒ္ဒကဝိဘင်း၊ မူလဋီကာ(၂။၁၈၉)ပါဠိ၌လည်း အတူပင် အဓိပ္ပါယတ္ထကို မှတ်ယူသင့်သည်။

တစ်နည်းလည်း ယခင်ပြဆိုအပ်ပြီးသော ဋီကာပါဠိတို့၌ အကျုံးဝင်သော "ဥပကာ-ရတ္ထသဘာဂတ္ထာဝသေန"ဟူသော ဝါကျဝယ် 'ဥပကာရကတ္တာဝသေန'ဟူသောပါဠိဖြင့် သုရာ-မေရယကို သောက်စားသုံးဆောင်ပြီးလျှင် သူ၏အသက်ကို သတ်ခြင်း-စသည်ကို ပြုသည်ဖြစ်အံ့၊ "အသေ သုရာပါနသေ။ ဥပကာရကတ္တံ သတ္တေသံ"ဟူသော အနုဋီကာ(၂။၁၉၀)ပါဠိနှင့် အညီ သုရာပါနကံကို ဥပကာရ၏အဖြစ်ဖြင့် အလုံးစုံသော အကုသလကမ္မပထတရားတို့၌ သွင်း၍ ယူသင့်သည်၏အဖြစ်ကို ပြ၏။

"သဘာဂတ္တာဝသေန"ဟူသော ပါဠိဖြင့် သုရာမေရယကို သောက်စားသုံးဆောင်ပြီး လျှင် သူ၏အသက်ကို သတ်ခြင်း-စသည်ကို မပြုသည် ဖြစ်အံ့၊ "သဘာဂတ္တံ မိစ္ဆာစာရသေ" ဟူသော အနုဋီကာ(၂။၁၉၀)၊ "သုရာပါနမ္ပိ ဧတ္ထေဝ သင်္ဂဟံ ဂတံ ရသသဒိသတော ကာမေသု မိစ္ဆာစာရ ဘာဝတော"ဟူသော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(၁၇၂)ပါဠိနှင့်အညီ ရသဲ့-ဟု ဆိုအပ်သော ကာမ၌ မှားသော အကျင့်ဖြစ်ရကား သုရာပါနကံကို သဘာဂ၏အဖြစ်ဖြင့် ကာမေသုမိစ္ဆာစာရ၌ သွင်း၍ ယူသင့်သည်၏အဖြစ်ကို ပြ၏။ ယင်းသို့ ပြသည်ကို ထောက်သဖြင့် သုရာပါနကံကား ပါပလည်း မည်၏၊ ပါပဟေတုလည်း မည်၏-ဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com

ထိုဥပကာရတ္ထပဝေသက်, သဘာဂတ္ထပဝေသက် ၂-ပါးတို့တွင် ဥပကာရတ္ထပဝေသက် ဖြစ်အံ့၊ "ကာယစာလနသမတ္ထံ ဗဟုံ ပိဝိတ္တာ ဂါမနိဂမယာတနံ မဟာသာဝဇ္ဇံ"ဟူသော (သိက္ခာပဒဝိဘင်း၊ဋ္ဌ။၃၃၆၊၃၃၇), ဣတိဝုတ်အဋ္ဌကထာ(၂၂၂)ပါဠိနှင့်အညီ မဟာသာဝဇ္ဇဖြစ်ရကား "ဗဟုကံပိ ဟိ ပါပကမ္မံ ကတ္တာ စိရံ နိရယေ ပစ္စန္တိ"ဟူ၍ ဓမ္မပဒအဋ္ဌကထာ၌ လာသောကြောင့် ကာလမြင့်ရှည်စွာ ငရဲ၌ ခံရ၏။

သဘာဂတ္ထပဝေသက်၌မူကား အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇ-ဟူ၍ ၂-ပါးပြားသင့်၏။ ထို ၂-ပါးတို့တွင် ၁-လက်ဆွမ်းမျှသော သေကို သောက်ရာ၌ကား "ပသတမတ္တဿ ပါနေ အပ္ပသာဝဇ္ဇံ"ဟူသော ခုဒ္ဒကပါဠိ, ဣတိဝုတ်အဋ္ဌကထာ(၂၂၂)ပါဠိနှင့်အညီ အပ္ပသာဝဇ္ဇဖြစ်ရကား "ပရိတ္တံ ကတ္တာ အပ္ပမတ္တကမေဝ"ဟူ၍ ဓမ္မပဒအဋ္ဌကထာ၌ လာသောကြောင့် အနည်းငယ်မျှသော ကာလသာ ငရဲ၌ ခံရ၏။ တစ်လက်ခုပ်မျှသော သေကို သောက်ရာ၌ကား "အဂ္ဃလိမတ္တဿ ပါနေ မဟာသာဝဇ္ဇံ"ဟူသော ခုဒ္ဒကပါဠိ, ဣတိဝုတ်အဋ္ဌကထာပါဠိနှင့်အညီ မဟာသာဝဇ္ဇဖြစ်ရကား ကာလမြင့်ရှည်စွာပင် ငရဲ၌ ခံရ၏-ဟု မှတ်ယူသင့်သည်။

ထို့ကြောင့် ယခင်ပြဆိုအပ်ပြီးသော ပါဠို,အဋ္ဌကထာတို့၌ လာသည့်အတိုင်းသာ အပါယသံဝတ္တနိက ဖြစ်သည်-ဟု ဧကန္တနိဿယ မှတ်ယူပြီးလျှင် သုရာမေရယကို သုံးဆောင်သောက်စားရာ၌ ဆိုအပ်ပြီးသော အပါယသံဝတ္တနိက-စသော အပြစ်တို့ကိုလည်း ကောင်း၊

သုရာမေရယမှ ကြဉ်ရှောင်ရာ၌–

> သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီယာ အတီတာနာဂတပစ္စုပ္ပန္နေသု သဗ္ဗကိစ္စကရဏီယေသု ခိပ္ပံ ပဋိဇာနနတာ သဒါ ဥပဋ္ဌိတသတိတာ အနုမ္မတ္တကတာ ဉာဏဝန္တတာ အနလသတာ အဇဋ္ဌတာ အနေလမူဂတာ အမတ္တတာ အပ္ပမတ္တတာ အသမ္မောဟတာ အဆမ္ဘိတာ အသာရမ္ဘိတာ အနုဿဏီတာ သစ္စဝါဒိတာ အပိသုဏာဖရုသာသမ္ဖပ္ပလာပဝါဒိတာ ရတ္တိန္ဒိဝမတန္ဒိတတာ ကတညုတာ ကတဝေဒိတာ အမစ္ဆရိတာ စာဂဝန္တတာ သီလဝန္တတာ ဥဇုတာ အက္ကောဓနတာ ဟိရိမနတာ သြတ္တပ္ပိတာ ဥဇုဒိဋ္ဌိကတာ မဟာပညတာ မေဓာဝိတာ ပဏ္ဍိတတာ အတ္ထာနတ္ထကုသလတာတိ ဧဝမာဒိနိ ဖလာနိ။ –

ဟူ၍ ခုဒ္ဒကပါဌအဋ္ဌကထာ(၂၄), ဣတိဝုတ်အဋ္ဌကထာ(၂၂၄)တို့၌ ပြဆိုအပ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ဖြစ်သော ကိစ္စကရဏီယတို့၌–

http://www.dhammadownload.com

- လျင်မြန်စွာ သိခြင်း,
- ဉာဏ်နှင့် ပြည့်စုံခြင်း,
- နုပျိုသော အဆင်းရှိခြင်း,
- အခါခပ်သိမ်း ထင်သောသတိရှိခြင်း,
- မပျင်းမရိခြင်း,
- အရိအရည် မယိုခြင်း,
- မအ-မဆွံ့ခြင်း,
- မရူးမသွပ်ခြင်း,
- မထိတ်မလန့်ခြင်း,
- ဘေးရန် မရှိခြင်း,
- သူတပါးတို့ ရွံရှာခြင်း ကင်းခြင်း,
- ဝန်မတိုခြင်း,
- မမေ့မလျော့ခြင်း,
- မှန်သောစကားကို ဆိုနိုင်ခြင်း,
- ချောပစ်သောစကား, ကြမ်းတမ်းသောစကား, အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ဆိုလေ့မရှိခြင်း,
- သူ့ကျေးဇူးကို သိခြင်း,
- သူ့ကျေးဇူးကို ဆပ်နိုင်ခြင်း,
- စွန့်ကြဲလေ့ရှိခြင်း,
- သီလနှင့်ပြည့်စုံခြင်း,
- ဖြောင့်မတ်ခြင်း,
- အမျက်မကြူးခြင်း,
- ဟိရိသြတ္တပ္ပနှင့် ပြည့်စုံခြင်း,
- ဖြောင့်သော အယူရှိခြင်း,
- ကြီးသော ပညာရှိခြင်း,
- ထိုးထွင်း၍သိသော ပညာရှိခြင်း,
- ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုး ၂-ပါးကို ယူနိုင်သော ပညာရှိခြင်း,
- အကြောင်း,အကျိုး ဟုတ်သည်,မဟုတ်သည်၌ လိမ္မာခြင်း-

အစရှိသော များစွာသော အကျိုးအာနိသံသတို့ကိုလည်းကောင်း ပညာဖြင့် ရှုဆင်ခြင်၍ သုရာမေရယကံကား ဒုစ္စရိတကံ သာဝဇ္ဇမမှဖြစ်သည်-ဟု နှလုံးပိုက်သဖြင့် သုရာ ၅-ပါး, မေရယ ၅-ပါးကို သောက်စားသုံးဆောင်ခြင်းမှ ကြဉ်ရှောင်ရာသည် တပည့်ရှင်ဝိမလာစာရ။

သုရာပါနဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

သီးလုံးဆရာတော်

{ ၂၃ } သေနာသနပဋိဂ္ဂဟဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[၁] ရှင်နန္ဒမာလာလျှော်က် ပထမဝိနိစ္ဆယ

"သက္ကရာဇ် ၁၁၉၈-ခု၊ ဝါဆိုလဆန်း ၉-ရက်၊ စနေနေ့တွင် ငစဉ့်ကူးမြို့နယ်အတွင်း တောင်အင်းရွာကျောင်းတိုက်၌ သီတင်းသုံးနေလေ့ရှိသော ဘုရားတပည့်တော် ရှင်နန္ဒမာလာ လျှော်က်ထားအသနားခံပါသည် သီးလုံးဆရာတော်ဘုရား။

★ ဧရာဝတီမြစ်အရှေ့ဘက်၊ ငစဉ့်ကူးမြို့ကျေးရွာနေ သံဃာတော်တို့တွင် အချို့သော အရှင်တို့သည် ရှေးဆရာမြတ်တို့၏ အစဉ်အလာအယူဖြစ်သော ပုဂ္ဂလိက, ဂဏိက, သံဃိကအားဖြင့် ကျောင်းခံခြင်း ၃-ပါး၊ သမုဒါဘူတကျောင်းခံခြင်းကို ထည့်၍ ၄-ပါးအပြားရှိသော ကျောင်းခံခြင်းကို မှတ်သားကြည့်ရှု၍ သမုဒါဘူတကိုသာ ခံယူသုံးစွဲခြင်း များပါသည်။ ခံယူကြသည်မှာလည်း ၁-ကျိပ်, ၂-ကျိပ်-အစရှိသော သံဃာတို့ကို ပင့်၍ ရေစက်ခံပြီးလျှင် ၁-ကျိပ်, ၂-ကျိပ်-အစရှိသော သံဃာတို့တွင် တစ်ယောက်သောပုဂ္ဂိုလ်အား ကြွင်းသော သံဃာတို့က 'ငါ့ရှင်အား ပေးပါ၏'။ အလိုရှိတိုင်း ချမ်းသာစွာ သီတင်းသုံးနေပါ'-ဆို၍ ပေးအပ်ခဲ့လျှင် ထိုရဟန်းသည် ပုဂ္ဂလိကအစိုးရ၍ အလိုရှိတိုင်း သုံးဆောင်ခြင်းငှာ အပ်၏-ဟု အယူရှိကြပါသည်။

★ အချို့သော အရှင်တို့ကလည်း 'ကျောင်းခံခြင်း ၃-ပါးသာ ရှိသည်။ သမုဒါဘူတ ကျောင်းခံခြင်း-ဟူ၍ ကျမ်းဂန်မရှိ၊ အဝေဘာဂီယ, အဝိသဇ္ဇီယသာ ဖြစ်သည်။ ပေးသူလည်း မပေးထိုက်၊ ခံသူလည်း ခွင့်မရ။ သံဃိကဂရုဘဏ်ကို ပေးသူတို့မှာ အာပတ်မှ မလွတ်ရာ' ပြောဆိုကြပါသည်။

ပါဠို, အဋ္ဌကထာ-စသော ကျမ်းဂန်တို့၌ မပါမလာလျှင် အတ္တနောမတိအယူသာ ဖြစ်၍ သံဃိကဖြစ်သင့်သည်, မဖြစ်သင့်သည်ကို သံသယမကင်း ရှိပါသည်။ ထိုသို့ ကွဲပြား

http://www.dhammadownload.com

သောအယူဝါဒရှိကြသည်များကို ခြားနားသိသာအောင် ဝရဇိန်စက်သွားနှင့်တူသော ဉာဏ်တော်ဖြင့် နှိုင်းခိုန်ထောက်ထား၍ ပါဠို,အဋ္ဌကထာ, ဋီကာ-အစရှိသော ကျမ်းဂန်တို့၌လာတိုင်းဆုံးဖြတ်ပိုင်းခြား၍ သာသနာတော်အစဉ် ထွန်းလင်းစည်ပင်စေခြင်းငှာ မေတ္တာတော်မြတ်ကို ရှေ့ထား၍ ငစဉ့်ကူးမြို့နယ်အတွင်း သီတင်းသုံးနေသော သံဃာတော်တို့အား အစဉ်အလာကြည့်ရှုမှတ်သားစေခြင်းငှာ ဒေသနာဓမ္မဖြင့် မိန့်ဆိုတော်မူလိုက်ပါမည့်အကြောင်းကို သုတပညာနှင့်ပြည့်စုံသော အရှင်ဖြစ်၍ လျှောက်ထားလိုက်ပါသည် သီးလုံးဆရာတော်ဘုရား။

★ မဲထီးဆရာတော် ရေးထားအပ်သော ဒါနဂ္ဂဒီပနီ စာတစ်အင်္ဂါလောက်တွင်လည်း သမုဒါဘူတရေစက်ချနည်း အများရှိသည်ကိုလည်း တွေ့ပါသည်။ ကျမ်းဂန်မလာ, မရှိသော သမုဒါဘူတကျောင်းခံခြင်းသည် မည်သည့်မင်းလက်ထက်, မည်သည့်ဆရာတော်က စ၍ ယခုမင်းလက်ထက် ဆရာသံဃာတို့တိုင် ရောက်အောင် သုံးဆောင်ကြသည်များကိုလည်း သိလို,မှတ်လိုပါသည်ဘုရား"။

ဤသို့ မေးအပ်သော အမေးပဿာပြဿနာစကား၌ အဖြေဝိသဇ္ဇနာကို ပါဠို,အဋ္ဌကထာ, ဋီကာ ကျမ်းဂန်လာတိုင်း ဉာဏ်သက်ရာ ဆုံးဖြတ်ဖြေဆိုပေအံ့။

ရာဇရိုဟ်သူဌေးကြီးသည် အဆောင် ၆၀-သော ကျောင်းတို့ကို ဆောက်လုပ်စေ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဖိတ်၍ ဆွမ်းတို့ဖြင့် လုပ်ကျွေး၍ ဆွမ်းဘဉ်းပေးခြင်းကိစ္စ ပြီးပြီးသော် တင့်အပ်လျောက်ပတ်သောအရပ်၌ နေ၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ကောင်းမှုကို အလိုရှိသည်ဖြစ်၍ ဤအဆောင် ၆၀-သော ကျောင်းတို့ကို ဆောက်လုပ်စေကုန်၏။ ဤအဆောင် ၆၀-သောကျောင်းတို့၌ အကျွန်ုပ်သည် အဘယ်သို့ ကျင့်ရပါအံ့နည်း"ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်-

> **တေန ဟိ တွံ ဂဟပတိ တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ။ –**

ဟူသောပါဠိ(စူဠဝါ။၂၉၁)ဖြင့် "သူဌေးကြီး၊ ရောက်ပြီး,ရောက်လတ္တံ့ဖြစ်သော အရပ် ၄-မျက်နှာ၌တည်သော သံဃာအား လှူလော့"ဟု တိုက်တွန်းတော်မူ၏။ သူဌေးကြီးသည် ဘုရားသခင် တိုက်တွန်းတော်မူတိုင်း ဝန်ခံ၍ ရောက်ပြီး,ရောက်လတ္တံ့ဖြစ်သော အရပ် ၄-မျက်နှာ၌ တည်သော သံဃာအား လှူ၏။ ထိုရာဇရိုဟ်သူဌေးကြီးသည် အာဂတာနာဂတ စာတုဒ္ဒိသာသံဃာကို ရည်၍လှူရာ စူဠဝါပါဠိတော်(၂၉၁)၌-

http://www.dhammadownload.com

တေ သဒ္ဒိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေသိ။

ဟု ဤမျှသာ လာ၏။

ဂင်းစူဠဝါပါဠိတော်၏ အဖွင့်အဋ္ဌကထာ(၅၈)၌ကား–

အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿာတိ အာဂတဿ စ အနာဂတဿ စ စတူသု ဒိသာသု အပ္ပဋိဟတစာရဿ စာတုဒ္ဒိသဿ သံဃဿ။ –

ဤမျှသာ လာ၏။ ။ ဓမ္မပဒအဋ္ဌကထာ၌ကား–

ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော သုဝဏ္ဏဘိင်္ကာရံ ဂဟေတွာ ဘဂဝတော ဟတ္ထတလေ ဥဒကံ ပါပေတွာ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဝေဠုဝနံ အဒါသိ။ –

ဟု ဤမျှသာ လာ၏။

ဝိနယာလင်္ကာရဋီကာ(၂။၅၁)၌ကား–

ကော ဝိဟာရော ကေနဋ္ဌေန၊ ဝိဟာရော သော ကတိဝိဓော။
ကေန သော ကဿ ဒါတဗ္ဗော၊ ကထံ ကော တဿ ဣဿရော။ –

အစရှိသော မာတိကာပုစ္ဆာ ၉-ချက်တို့ကို ဆိုပြီး၍ ထို ၉-ချက်သောပုစ္ဆာတို့တွင် "သော ကတိဝိဓော"ဟူသော ပုစ္ဆာဖြင့် ထိုကျောင်းသည် အဘယ်မျှ ပြားသနည်း-ဟု မေး၍–

စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခူနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ မဟန္တံပိ ခုဒ္ဒကံပိ။

အစရှိသော ဝိနည်းအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၁။ ၂၉၆)ကို ဆောင်၍ သံဃိကကျောင်း, ဂဏိကကျောင်း, ပုဂ္ဂလိကကျောင်း-ဟူ၍ ၃-ပါးအပြားရှိ၏-ဟု ဖြေသည်။

"သော ကဿ ဒါတဗ္ဗော"ဟူသောပုစ္ဆာဖြင့် ထိုကျောင်းကို အဘယ်သူအား လှူအပ်သနည်းမေး၍ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ် ၃-ဦးသောသူတို့အား လှူအပ်၏-ဟု ဖြေသည်။ ထို အဖြေတွင် 'အဘယ်သို့ ဆို၍ လှူအပ်သနည်း'ဟူသော အမေးကို–

ယဒိ သံဃဿ ဒေတိ၊ "ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မိ"တိ, ယဒိ ဂဏဿ၊ "ဣမံ ဝိဟာရံ အာယသ္မန္တာနံ ဒမ္မိ"တိ, ယဒိ ပုဂ္ဂလဿ၊ "ဣမံ ဝိဟာရံ အာယသ္မတော ဒမ္မိ"တိ ဒါတဗ္ဗော။ –

http://www.dhammadownload.com

ဟု ဝိနယာလင်္ကာရ(ဋီ၊ ၂။၅၂)ကျမ်း၌ ကျောင်းခံသောစကားကို များစွာဆိုသည်တွင် ယခုမေးအပ်သော သမ္မုခီဘူတကျောင်းခံခြင်းနှင့်ဆိုင်သော စကားရပ်သည် တစ်စုံတစ်ခုမျှ မပါမရှိ။ ပြဆိုအပ်ပြီးသောအတိုင်း ကျောင်းခံခြင်း ၃-ပါးသာရှိသည်။ ထိုထိုသို့သော ပါဠို, အဋ္ဌကထာ, ဋီကာ၌လည်း ယခုမေးအပ်သော သမ္မုခီဘူတကျောင်းခံခြင်းနှင့်စပ်သော စကားရပ်ကို မတွေ့ မမြင်ပေ။ ထိုသို့ ဖြစ်သောကြောင့် သမ္မုခီဘူတကျောင်းခံသောအရာသည် ကျမ်းဂန်နှင့် ညီလျော်သောအရာ ဟုတ်အံ့သို့ မထင်မိ။ ထိုသို့ဖြစ်လျက် သမ္မုခီဘူတသံယိက ကျောင်းခံခြင်းသည် အဘယ်ကြောင့် ဖြစ်သနည်း-ဟူတုံအံ့။

ဆွမ်း, သင်္ကန်း, ဆေး ပစ္စည်း ၃-ပါးတို့၌ "**သမ္မုခီဘူတေန သံယေန ဘာဇေတဗ္ဗံ**" အစရှိသည်ဖြင့် သမ္မုခီဘူတသံယာ ဝေဖန်၍ သုံးဆောင်ခြင်းငှာ လျောက်ပတ်သော, အပ်သောအရာဌာန၌ဖြစ်သော လဟုဘဏ်ပစ္စည်း ၃-ပါးတို့ကို သမ္မုခီဘူတသံယာသည် ဝေဖန်၍ သုံးဆောင်အပ်၏-ဟု ဆိုသော အဋ္ဌကထာစကားကို ဂရုဘဏ်ထိုက်သော ကျောင်း-စသော ပစ္စည်းတို့၌ သမ္မုခီဘူတသံယိကသည် အပ်၏-ဟု သင့်နိုးထင်မှတ်၍ ခံသည်ဖြစ်ရာ၏။ ထိုသို့ ဖြစ်ခဲ့သော် သမ္မုခီဘူတသ သံယသ-ဟူသောပုဒ်၌ သမ္မုခီဘူတသ-ဟူသော ဝိသေသနသည် နိရတ္ထကအကျိုးမဲ့ မဖြစ်ခဲ့ရာပြီလောဟူတုံအံ့။ "**ဗျဘိစာရေ သမ္ဘဝေ၊ ဝိသေသနံ သာတ္ထကံ သိယာ**"ဟူသည်နှင့်အညီ လျှင်းပါးဖွယ်ရှိသော်လည်းကောင်း၊ ဖြစ်သင့်ခြင်း ရှိသော်လည်းကောင်း ဝိသေသနသည် အကျိုးရှိသည် ဖြစ်ရာ၏။ ဤ"သမ္မုခီဘူတသ သံယသ"ဟူသော ပုဒ်၌ကား 'သမ္မုခီဘူတသ'ဟူသော ဝိသေသနသည် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့၌ မလာမရှိဖြစ်၍ နိရတ္ထက အကျိုးမရှိသည်သာ-ဟု မှတ်ရာ၏။

ဆင်တဲ့အကျော်ကိုယ်တော်သော် သမ္မုခီဘူတကျောင်းခံခြင်းသည် ကျမ်းဂန်မလာသည်ဖြစ်၍ စင်စစ်မပြုအပ်၊ သင့်နိုးထင်မှတ်၍ ပြုကြသည်-ဟူ၏။

အရှင်ကေတုမာလာအကျော်သော် သမ္မုခီဘူတသံယိက, သံယိကသာမည, စာတုဒ္ဒိသသံယိက-ဟူ၍ ဆိုကုန်သော်လည်း အထူးမရှိ၊ ဂရုဘဏ်ဖြစ်သည်ချည်းအတူတူပင် ဟူ၏။

ဒါနဝဂ္ဂဒီပနီအရှင်ကား ကျမ်းဂန်လာသည်ကို သေချာစွာ နှလုံးမပြုမိ၍ အစဉ်အလာခံကြသည်ကို နှုတ်တက်၍ ကျောင်းခံနည်းအပြည့်အစုံပါအောင် ထည့်သွင်း၍ ရေးသည်ဖြစ်ရာ၏။ ထိုဒါနဂ္ဂဒီပနီအရှင်သည် ရေးအပ်သောအရာသည်လည်း သံယိကဖြစ်ထိုက်, မဖြစ်ထိုက်၊ ဂရုဘဏ်ဖြစ်ထိုက်, မဖြစ်ထိုက်၊ ထိုခံသောရဟန်းတို့ ပေးခဲ့လျှင် ပဂ္ဂလိကဖြစ်သင့်,မဖြစ်သင့်၊ အာပတ်သင့်,မသင့်၊ ပေးရာရောက်,မရောက်ကို ဆုံးဖြတ်သောအရာ မပါမရှိဖြစ်၍ ချီးမွမ်းဖွယ်, ကဲ့ရဲ့ဖွယ် မရှိ-ဟု မှတ်ရာ၏။

http://www.dhammadownload.com

"ယဒိ သံယဿ ဒေတိ"စသော ပါဠိ၏ အနက်ကား-

သံယဿ၊ အား။ ယဒိ ဒေတိ၊ အကယ်၍ လျှူအံ့။ 'ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ အာဂတာနာဂတဿ၊ ရောက်ပြီး,ရောက်လတ္တံ့ဖြစ်သော။ စာတုဒ္ဒိသဿ သံယဿ၊ အရပ် ၄-မျက်နှာ၌တည်သော သံဃာအား။ ဒမ္မိ၊ လျှူ၏'။ ဣတိ ဝတ္တာ၊ ဤသို့ ဆို၍။ ဒါတဗ္ဗော၊ လျှူအပ်၏။ ဂဏှဿ၊ ဂိဏ်းအား။ ယဒိ ဒေတိ၊ အကယ်၍ လျှူအံ့။ 'ဣမံ ဝိဟာရံ၊ ကို။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ ဒမ္မိ၊ ၏'။ ဣတိ ဝတ္တာ၊ ၍။ ဒါတဗ္ဗော၊ ၏။ ပုဂ္ဂလဿ၊ အား။ ယဒိ ဒေတိ၊ အံ့။ 'ဣမံ ဝိဟာရံ၊ ကို။ အာယသ္မတော၊ အရှင်ဘုရားအား။ ဒမ္မိ၊ ၏'။ ဣတိ ဝတ္တာ၊ ၍။ ဒါတဗ္ဗော၊ ၏။

အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟ'င်္ဂေဟိ သမန္နာဂတံ ဘိက္ခုံ သေနာသနဂ္ဂါဟာပကံ သမ္မန္နိတုံ။

ဟူသော ဝိနည်းပါဠိတော်(စူဠဝါ။၃၁၇)၊

ဒီယဘာဏကာဒိဘေဒဿ ပန ဂဏဿ ဧကပုဂ္ဂလဿ ဝါ သန္တကန္တိ။

ဟူသော ဝိနည်းအဋ္ဌကထာ(ဝိဇ္ဇ၊၁။၂၉၆)ကိုလည်းကောင်း ဆောင်၍ "ကော တဿ ဣဿရော" ဟူသော မာတိကာပုစ္ဆာဖြင့် မေးအပ်သော အဖြေဝိသဇ္ဇနာဌာန်လည်း-

ယဒိ သံယဿ ဒေတိ၊ သံဃော တဿ ဝိဟာရဿ ဣဿရော။ ယဒိ ဂဏဿ ဒေတိ၊ ဂဏော တဿ ဣဿရော။ ယဒိ ပုဂ္ဂလဿ ဒေတိ၊ ပုဂ္ဂလော တဿ ဣဿရော။

ဟု မိန့်အပ်သော ဝိနယာလင်္ကာရဋီကာ(၂။၅၂)ကို နှလုံးသွင်း၍လည်း ပဂ္ဂိုလ်, (ဂိုဏ်း,) သံဃာကို လျှူလျှင် ပုဂ္ဂလိက, ဂဏိက, သံဃိကဥစ္စာသာ ဖြစ်၏။ သံဃာကို လျှူပြီးသော ဂရုဘဏ်, ဂရုပရိက္ခရာသည် ပုဂ္ဂလိက, ဂဏိက မဖြစ်ရာ။ ထိုက်လျောက်သော ဘဏ္ဍာဖြင့် ဖလှယ်၍ ယူသော်သာ ဖြစ်ရာ၏။

ဒါယကေဟိ 'ကာယေန ဖုသိတ္ဝာ ယထာသုခံ ပရိဘုဉ္ဇထာ'တိ ဒိန္နသေနာသနံ, မဉ္စပီဌာဒိဉ္စ ဒါယကေန ဝုတ္တနိယာမေန ပရိဘုဉ္ဇန္တဿ ဒေါသော နတ္ထိ။

(ဝိနိစ္ဆယဋီကာ၊၂။၃၁၆)

'ဒါယကေဟိ၊ တို့သည်။ ကာယေန၊ ဖြင့်။ ဖုသိတ္ဝာ၊ ထိ၍။ ယထာသုခံ၊ အလိုရှိတိုင်း။ ဝါ၊ ချမ်းသာသောအလျောက်။ ပရိဘုဉ္ဇထ၊ သုံးဆောင်တော်မူပါကုန်'။ ဣတိ၊ ဤသို့ ဆို၍။ ဒိန္နသေနာသနံ မဉ္စပီဌာဒိဉ္စ၊ လျှူအပ်သော ကျောင်းအိပ်ရာနေရာ, ညောင်စောင်း, အင်းဖျဉ် အစရှိသည်ကိုလည်း။ ဒါယကေန၊ သည်။ ဝုတ္တနိယာမေန၊ ဆိုအပ်သောအမှတ်ဖြင့်။ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ ဒေါသော၊ အာပတ်သည်။ နတ္ထိ၊ မရှိ။

http://www.dhammadownload.com

၁။ ကျောင်းခံနည်း ၃-ပါး

ဤဦးကာပါဠ်ကိုလည်းကောင်း၊ ဝိနယာလင်္ကာရဦးကာပါဠ်ကိုလည်းကောင်း၊ ရှေးဠှ ဆိုအပ်ခဲ့ပြီးသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့ကိုလည်းကောင်း ညှိနှိုင်းဆင်ခြင်စဉ်းစား၍ ကျောင်းခံနည်း ၃-ပါးကို ရှေးဆရာမြတ်တို့ စီရင်ဆုံးဖြတ်ထားသည်ကား ဤသို့တည်း။

(၁) သံယိကကျောင်းခံနည်း

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကတ္တာ ကာယာဒီဟိ ဖုသိတ္တာ ယထာသုခံ ပရိဘုဉ္ဇိတုံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံယဿ ဒေမ၊ ပရိဘုဉ္ဇထ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ စ၊ ထွက်မြောက်ပါရခြင်း အကျိုးငှာလည်းကောင်း။ နိဗ္ဗာနဿ၊ ကို။ သစ္ဆိကရဏတ္ထာယ စ၊ မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း။ ဣမံ ဝိဟာရံ၊ ကို။ ကပ္ပိယကုဋိံ၊ ကပ္ပိယကုဋိကို။ ကတ္တာ၊ ပြု၍။ ကာယာဒီဟိ၊ ကိုယ်-အစရှိသည်တို့ဖြင့်။ ဖုသိတ္တာ၊ ထိ၍။ ယထာသုခံ၊ တိုင်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်စိမ့်သောငှာ။ အာဂတာနာဂတဿ၊ ရောက်ပြီး,ရောက်ဆဲ, ရောက်လတ္တံ့ဖြစ်သော။ စာတုဒ္ဒိသဿ သံယဿ၊ **အရပ် ၄-မျက်နှာ၌ရှိသော သံဃာအား**။ ဒေမ၊ လှူပါကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပရိဘုဉ္ဇထ၊ သုံးဆောင်တော်မူပါကုန်။ ။ သံယိကကျောင်းခံနည်း ပြီး၏။

(၂) ဂဏိကကျောင်းခံနည်း

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကတ္တာ ယထာသုခံ ပရိဘုဉ္ဇိတုံ အာယသ္မန္တာနံ ဒေမ၊ ပရိဘုဉ္ဇထ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ တို့။ မယံ၊ တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ မှ။ မောစနတ္ထာယ စ၊ ငှာလည်းကောင်း။ နိဗ္ဗာနဿ၊ ကို။ သစ္ဆိကရဏတ္ထာယ စ၊ ငှာလည်းကောင်း။ ဣမံ ဝိဟာရံ၊ ကို။

http://www.dhammadownload.com

ကပ္ပိယကုဋိ၊ ကို။ ကတွာ၊ ၍။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ်တုံ၊ ဌာ။ အာယသ္မန္တာနံ၊ အရှင်ကောင်းတို့အား။ ဒေမ၊ ကုန်၏။ ဘန္တေ၊ တို့။ အနုကမ္ပံ၊ ကို။ ဥပါဒါယ၊ ၍။ ပရိဘုဉ်ထ၊ ပါကုန်။ ။ ဂဏိကကျောင်းခံနည်း ပြီး၏။

(၃) ပုဂ္ဂလိကကျောင်းခံနည်း

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ဝိဟာရံ ကပ္ပိယကုဋိ ကတွာ ယထာသုခံ ပရိဘုဉ်တုံ အာယသ္မတော ဒေမ၊ ပရိဘုဉ်ထ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ ဘုရား။ မယံ၊ တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ မှ။ မောစနတ္ထာယ စ၊ ဌာလည်းကောင်း။ နိဗ္ဗာနဿ၊ ကို။ သစ္ဆိကရဏတ္ထာယ စ၊ ဌာလည်းကောင်း။ ဣမံ ဝိဟာရံ၊ ကို။ ကပ္ပိယကုဋိ၊ ကို။ ကတွာ၊ ၍။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ်တုံ၊ ဌာ။ အာယသ္မတော၊ အား။ ဒေမ၊ ကုန်၏။ ဘန္တေ၊ ဘုရား။ အနုကမ္ပံ၊ ကို။ ဥပါဒါယ၊ ၍။ ပရိဘုဉ်ထ၊ သုံးဆောင်တော်မူပါကုန်။ ။ ပုဂ္ဂလိကကျောင်းခံနည်း ပြီး၏။

ဤသို့လာသော ကျောင်းခံနည်း ၃-ပါးသည်သာလျှင် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့နှင့် ညီညွတ်သည်ဖြစ်၏။

ဆွမ်း, သင်္ကန်း, ဆေးပစ္စည်းတို့နှင့် သမ္မုခီဘူတသံယိကသည်လည်း ဝေဖန်သောအရာ၌ များသောအားဖြင့်လာ၏။ ထိုသို့လာသော ထိုပစ္စည်း ၃-ပါးတို့၌ အဘယ်ကြောင့် သမ္မုခီဘူတသံယာသည် ဝေဖန်၍ ယူသော်လည်းကောင်း၊ တစ်ယောက်သောရဟန်းအား ပေးသော်လည်းကောင်း ရအပ်,ရထိုက်လေသနည်း-ဟူတုံအံ့၊ လဟုဘဏ်, လဟုပရိက္ခရာဖြစ်သောကြောင့်တည်း။

ကျောင်းနှင့်စပ်သော ပစ္စည်းတို့၌ကား သမ္မုခီဘူတသံယာသည် ဝေဖန်၍ယူသော်လည်းကောင်း, တစ်ယောက်သောရဟန်းအား ပေးသော်လည်းကောင်း အဘယ့်ကြောင့် မရအပ်, မရထိုက်လေသနည်း-ဟူတုံအံ့၊ ဂရုဘဏ်, ဂရုပရိက္ခရာဖြစ်သောကြောင့်တည်း။

ကျမ်းဂန်၌ မလာ, မရှိ၊ သမ္မုခီဘူတ ကျောင်းခံခြင်းသည် ဤမည်သော မင်း, ဤမည်သော ဆရာလက်ထက်မှစ၍ ယခုထက်တိုင် အဘယ်ကြောင့် ဖြစ်သနည်း-ဟူသောအမေးရှိ-

http://www.dhammadownload.com

ပါဠိ၌ အဌကထာ, ဋီကာကျမ်းဂန်တို့၌ မလာသည်ဖြစ်၍ အဆုံးအဖြတ် အပိုင်းအခြား မရှိသော စကားဖြစ်သောကြောင့် မေးသူ,ဖြေသူတို့ မေးခြင်း,ဖြေခြင်းဌာ မသင့်-ဟု မှတ်ရာ၏။ ရှေးဠာဆိုအပ်ပြီးသော ပုစ္ဆာ ၉-ချက်တို့တွင် "ကေန သော ဂါဟိတော"ဟူသော ပုစ္ဆာဖြင့် အဘယ်သူသည် ထိုကျောင်းကို ခံထိုက်လေသနည်း-ဟု မေးပြီး၍ အဂတိ ၄-ပါးသို့ မလိုက်ခြင်း၊ ခံအပ်သည်,မအပ်သည်ကို သိခြင်း၊ ဤအဂ်ါ ၅-ပါးနှင့်ပြည့်စုံသော သမ္မုတိကို ရသော ရဟန်းသည် သံဃာအား ရည်၍ ဒါယကာတို့ လှူသောကျောင်းကို ဆိုအပ်ပြီးသောနည်းဖြင့်-

ဣမံ ဝိဟာရံ ကပ္ပိယကုဋိ ကတ္တာ ကာယာဒီဟိ ဖုသိတ္တာ ယထာသုခံ ပရိဘုဉ္ဇိတုံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ။

စသည်ဖြင့် ဆို၍ ခံရာ၏။

ခံပြီးသော သံဃိကကျောင်းကို အဘယ်သူအား နေစေခြင်းဌာ ပေးအပ်သနည်း၊ အဘယ်သူတို့သည် နေခြင်းဌာ ခံယူအပ်သနည်း-ဟူမူကား ရှေးဠာဆိုအပ်ခဲ့ပြီးသော ပုစ္ဆာ ၉-ချက်တို့တွင် "ကဿ သော ဂါဟိတောတိ"ဟူသော ပုစ္ဆာဖြင့် မေးဦး၍ "**ဘိက္ခူနံ သော ဝိဟာရော ဂါဟိတော**"(ဝိနယာလင်္ကာရ၊၂၅၅)စသည်ဖြင့် ရဟန်းတို့သည် ထိုကျောင်းကို နေခြင်းဌာ ခံယူအပ်၏-ဟု ဖြေဆိုတော်မူသည်။

ထိုသို့ ခံစေရာ၌လည်း အဂ်ါ ၅-ပါးနှင့်ပြည့်စုံသော သမ္မုတိကို ရသော ကျောင်းညွှန် ရဟန်းသည် ရဟန်းတို့အား နေစေခြင်းဌာ ခံယူစေရာ၏။ အဘယ်သို့ နေစေခြင်းဌာ ခံယူစေအပ်သနည်းဟူမူကား-

အနုဇာနာမိ ဘိက္ခဝေ ပဌမံ ဘိက္ခူ ဂဏှေတုံ၊ ဘိက္ခူ ဂဏှေတွာ သေယျာ ဂဏှေတုံ၊ သေယျာ ဂဏှေတွာ သေယျဂွေန ဂါဟေတုန္တိ။ –

ဟူသော စူဠဝါပါဠိတော်(၀ိ၊၄။၃၁၇)နှင့်အညီ ရှေးဦးစွာ ရဟန်းတို့ကို ရေတွက်ပြီး၍ ထို့နောင် ကျောင်းတို့ကို ရေတွက်ရာ၏။ ကျောင်းတို့ကို ရေတွက်ပြီး၍ ကျောင်းအပိုင်းအခြားဖြင့် ရဟန်းတို့အား နေစေခြင်းဌာ ၅-ပါးသောအဂ်ါနှင့်ပြည့်စုံသော သမ္မုတိကိုရသော ရဟန်းသည် ရဟန်းတို့အား ကျောင်းကို ခံယူစိမ့်သောဌာ ပေးရာ၏။ ရဟန်းတို့သည်လည်း ဤကျောင်း၌ နေပါအံ့-ဟု ဝန်ခံ၍ ကျောင်းကို ခံယူရာသည်။

----- × -----

http://www.dhammadownload.com

၂။ တနည်း ကျောင်းခံနည်း ၃-ပါး

ထိုသို့ ခံယူခြင်းသည်လည်း ပုရိမိကကျောင်းခံခြင်း, ပစ္ဆိမိကကျောင်းခံခြင်း, အန္တရာမုတ္တကကျောင်းခံခြင်း-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်-

(၁) ပဌမဝါဆိုလပြည့်ကျော် ၁-ရက်ဟု ဆိုအပ်သော ဝါဆိုသောနေ့၌ ကျောင်းညွှန်ရဟန်းသည် နေစိမ့်သောဌာ ညွှန်၍ နေခြင်းအကျိုးငှာ ရဟန်းတို့ ကျောင်းခံခြင်းသည် ပုရိမိကကျောင်းခံခြင်း မည်၏။

(၂) ပစ္ဆိမဝါဆိုနေ့၌ ညွှန်၍ ခံခြင်းသည် ပစ္ဆိမိကကျောင်းခံခြင်း မည်၏။

(၃) သီတင်းကျွတ်လပြည့်ကျော်အထွက် ၁-ရက်နေ့မှစ၍ ဆောင်းဥတု, နွေဥတုပတ်လုံးနောင်လာလတ္တံ့သော ဝါဆိုခြင်းအကျိုးငှာ ဤကျောင်း၌ နေအံ့၊ စောင့်ရှောက်ထိန်းသိမ်းအံ့-ဟု ဝန်ခံသောအားဖြင့် ကျောင်းကို ခံခြင်းသည် အန္တရာမုတ္တကကျောင်းခံခြင်း မည်၏။

ထို ၃-ပါးတို့တွင် ရဟန်းနည်း၍ သံယိကကျောင်း များသည်ဖြစ်အံ့၊ တစ်ခုခုသော ပရိဝုဏ်အပိုင်းအခြားဖြင့် ပေးခြင်းငှာ လောက်သည်ဖြစ်အံ့၊ တစ်ခုခုသော ပရိဝုဏ်အပိုင်းအခြားဖြင့် ပေးအပ်၏။ ပေးသည်ရှိသော် ထိုပရိဝုဏ်အတွင်း၌ရှိသော မီးတင်းကုပ်, ဇရပ်ရှည်, စည်းဝေးရာဇရပ်-အစရှိသော အလုံးစုံသော အဆောက်အအုံတို့သည် ထိုခံသောရဟန်းအား ရောက်ကုန်၏။

- ဤသို့ တစ်ခုခုသော ပရိဝုဏ်အပိုင်းအခြားဖြင့် မလောက်သည်ရှိသော် ပြာသာဒ်အပိုင်းအခြားဖြင့် ပေးအပ်၏။
- ပြာသာဒ်အပိုင်းအခြားဖြင့် ပေး၍ မလောက်သည်ရှိသော် တစ်ခုခုသော ခန်းတိုက်အပိုင်းအခြားဖြင့် ပေးရာ၏။
- မလောက်သည်ရှိသော် အိပ်ရာအပိုင်းအခြားတို့ဖြင့် ပေးရာ၏။
- မလောက်သည်ရှိသော် တစ်ခုသော ညောင်စောင်းရာဖြင့် ပေးရာ၏။
- မလောက်သည်ရှိသော် တစ်ခုသော အင်းပျဉ်ရာဖြင့် ပိုင်းခြား၍ ပေးရာ၏။
- မလောက်သည်ရှိသော် တစ်ခုသော ညောင်စောင်းကိုလည်းကောင်း, တစ်ခုသော အင်းပျဉ်ကိုလည်းကောင်း ၃-ပါးသောရဟန်းတို့အား အလှည့်အလည် နေစေခြင်းငှာ ပေးရာ၏။

http://www.dhammadownload.com

တစ်ယောက်သောရဟန်း ရပ်လောက်ရုံမျှသောအရပ်ကိုကား မပေးအပ်။

ဤသို့လျှင် ဝါဦးကာလ အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော သမ္မုတိကိုရသော ရဟန်းသည် ဒါယကာတို့ သံဃာကို ရည်၍ လှူသောကျောင်းကို စာတုဒ္ဒိသာသံဃိကအဖြစ်ဖြင့် ခံ၍ အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော သမ္မုတိကိုရသော ရဟန်းသည် ထိုသံဃိကကျောင်းကို ဝါဆို လပြည့်ကျော်အထွက် ၁-ရက် ဝါဆိုနေ့၌ နေအံ့-ဟု ရောက်လာသော ရဟန်းတို့အား ညွှန်၍ ထိုရဟန်းတို့သည် နေခြင်းအကျိုးငှာ ခံခြင်းသည် ပုဂ္ဂိုလိကကျောင်းခံခြင်း မည်၏။ ပစ္ဆိမိက ကျောင်းခံခြင်း၌လည်း ဤနည်းအတူပင်တည်း။

အန္တရာမုတ္ထကကျောင်းခံခြင်းသည် အဘယ်သို့ဖြစ်သနည်းဟူမူကား တစ်ဆောင် သောကျောင်းသည် များသောလာဘ်ရှိ၏။ ထိုကျောင်း၌ ကျောင်းဒါယကာတို့သည် ဝါဆို သော ရဟန်းတို့ကို ပစ္စည်း ၄-ပါးတို့ဖြင့် ရိုသေစွာ လုပ်ကျွေး၍ ပဝါရဏာပြုပြီးလျှင် သွား လေသောကာလ၌ များစွာသော ရဟန်းအသုံးအဆောင်, ပရိက္ခရာတို့ကို လှူကုန်၏။ မထေရ်ကြီးတို့သည် ဝေးသောအရပ်တပါးမှ လာ၍ ဝါဆိုနေ့၌ ထိုလာဘ်များသော ကျောင်းကို ခံ၍ ချမ်းသာစွာ နေ၏။ ဝါကျွတ်သောအခါ ထိုကျောင်း၌ဖြစ်သော များစွာသောလာဘ်တို့ကို ယူ၍ သွားလေကုန်၏။ အာဝါသိကရဟန်းတို့သည် ဤကျောင်း၌ဖြစ်သော လာဘ်ကို ငါတို့ မရကုန်။ အာဂန္တုကမထေရ်တို့သည်သာလျှင် အမြဲရကုန်၏။ ထိုအာဂန္တုကမထေရ်တို့သည် သာလျှင် ထိုကျောင်းကို ပြုပြင်စောင့်ရှောက်သုတ်သင်ကုန်လတ္တံ့-ဟု နှလုံးပိုက်၍ ပျက်စီးသည်ကိုလည်း ပြုပြင်စောင့်ရှောက်ကြည့်ရှုခြင်းကို မပြုကုန်။ ထိုကျောင်းကို စောင့်ရှောက်စေခြင်း အကျိုးငှာလည်းကောင်း၊ နောင်လာလတ္တံ့သော ဝါဆိုဖို့အကျိုးငှာလည်းကောင်း အန္တရာမုတ္ထက ကျောင်းခံခြင်းကို ဘုရားသဗ္ဗညု ခွင့်ပြုတော်မူ၏။

ထိုအန္တရာမုတ္ထကကျောင်းကို ခံစေသောရဟန်းသည် သံဃာထေရ်မှစ၍ "အရှင်ဘုရား၊ အန္တရာမုတ္ထကကျောင်းကို ခံလတ္တံ့လော"ဟု မေးအပ်၏။ အကယ်၍ ခံလိုသည်ဖြစ်အံ့၊ ပေးအပ်၏။ မခံလိုသည် ဖြစ်အံ့၊ ထိုမထေရ်ကြီး၌ မေးအပ်ပြီးသောနည်းဖြင့် အနုထေရ်ကို အစပြု၍ သံဃနဝက တိုင်အောင် မေးအပ်၏။ ခံလိုသည် ဖြစ်အံ့၊ ပေးအပ်၏။ မခံလိုသည် ဖြစ်အံ့၊ သာမဏေကိုသော်လည်း မေး၍ အလိုရှိလျှင် ပေးအပ်၏။

ထိုအန္တရာမုတ္ထကကျောင်းကို ခံသော ရဟန်း,သာမဏေတို့သည် ဆောင်း ၄-လ, နွေ ၄-လအားဖြင့် ၈-လတို့ပတ်လုံး မပျက်မစီးစေခြင်းငှာ ထိုကျောင်းကို စောင့်ရှောက်အပ်၏။ အမိုး-စသည်တို့ ပျက်စီးသည် ဖြစ်အံ့၊ ပြုပြင်အပ်၏။ ဆောင်း ၄-လ, နွေ ၄-လအခါ၌ သီတင်းကြီးတို့ နေလိုသည်-ဟူ၍ လာသည်ရှိသော် မတား,မမြစ်အပ်။ ထိုကျောင်းမှ ထ၍ နေစေခြင်းငှာ ပေးအပ်၏။ ဝါဆိုသောနေ့၌ သီတင်းကြီးရဟန်းတို့ နေလိုသည်-ဟူ၍ ရောက်

http://www.dhammadownload.com

လာသော်လည်း မပေးအပ်။ အန္တရာမုတ္တကကျောင်းခံခြင်းဖြင့် ခံ၍ ၈-လပတ်လုံး စောင့်ရှောက်သော ရဟန်းသည်သာလျှင် ထိုနှစ် ဝါတွင်း ၃-လပတ်လုံး အစိုးတရ နေထိုက်၏။ ဝါကျွတ်သောကာလသို့ ရောက်မူကား သီတင်းကြိုးတို့ အန္တရာမုတ္တကကျောင်းခံခြင်းကို အလိုရှိမူ ပေးအပ်၏။

ဤသို့လျှင် သံဃာကို ရည်၍ ဒါယကာတို့က လှူသော သံယိကကျောင်းသည် ခံသောအခါ သံယိကဝိဟာရအားဖြင့် ၁-ပါးသာ ဖြစ်၏။ ခံပြီးသော သံယိကကျောင်းကို ဝေဖန်သောကာလ နေခြင်းအကျိုးငှာ ခံသောအခါကား ကာလ၏အစွမ်းအားဖြင့် ပုရိမိက, ပစ္ဆိမိက, အန္တရာမုတ္တက-အားဖြင့် ၃-ပါးပြားသည်-ဟူလိုသော်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်– ပုဂ္ဂိုလ်ကို ရည်မှတ်၍ လှူလျှင် ပုဗ္ဗလိက၊
ဂိုဏ်းကို ရည်မှတ်၍လှူလျှင် ဂဏိက၊
သံဃာကို ရည်မှတ်၍ လှူလျှင် သံယိက–

အားဖြင့် ၃-ပါးသော ကျောင်းခံခြင်းသည်သာလျှင် ကျမ်းဂန်တို့၌ ထင်မြင်ကုန်၏။

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ(၂။၆၄)၌–

> **ဧဝံ ဝိနယပါဠိယံ အဌကထာဋီကာသု စ ဝိဟာရဿ သံယိကဂဏဿန္တကပုဂ္ဂလိက-ဝသေန တိဝိဓဿေဝ ဝစနတော စ, တေသံယေဝ သံဃဂဏပုဂ္ဂလာနံ ဝိဟာရ-ဝိစာရဏဿ အနုညာတတ္တာ စ။ –**

ဟု မိန့်အပ်ပြီ။

အချို့သောအရှင်တို့သည် ကျောင်းခံခြင်း ၃-ပါးသာ ရှိသည်။ သမ္မုခီဘူတကျောင်းခံသည်-ဟူ၍ ကျမ်းဂန်မလာ,မရှိသည်ဖြစ်၍ ကျောင်းခံခြင်း ၃-ပါးတို့တွင် တစ်ပါးပါးကိုသာ ခံယူစွဲသုံးကြသည်-ဟူရာ၌ ရှေးပြဆိုအပ်ပြီးသော ဝိနည်းပါဠို, အဌကထာ, ဋီကာတို့ကို ဖွဲ့ပြ၍ ဆိုသည် ဖြစ်ရာ၏။ ပေးသူလည်း မပေးထိုက်၊ ခံသူလည်း ခွင့်မရ၊ အာပတ်မှ မလွတ်-ဟူရာ၌ "သမ္မုခီဘူတသာ သံဃသာ ဒေမ"ဟူ၍ ဆိုသော်လည်း သံယိကသာ ဖြစ်ရာ၏-ဟု နှလုံးပြု၍လည်းကောင်း၊

> **ဣဒဉ္စ ပန (ဂဂ္ဂဘဏ္ဍံ ပန အဝိသဒိယံ အဝေဘင်္ဂိယံ) ဒါတုမေဝ နံ ဝဋ္ဋတိ။ ဣဿရ-ဝတာယ ဒေန္တော ထုလ္လစ္စယံ အာပဇ္ဇတိ၊ ထေယျစိတ္တေန ဂဏှန္တော ဘဏ္ဍံ အဂ္ဃပေတွာ ကာရေတဗ္ဗော။ –**

http://www.dhammadownload.com

ဟူသော ကခ်ိ(၂၆၅)၊ ၎င်းနည်းတူလာသော ဝိနယသင်္ဂဟဝိနည်းအဋ္ဌကထာတို့ကို နှလုံးသွင်း၍လည်းကောင်း ဆိုသည်ဖြစ်ရာ၏။

ထို့ကြောင့် အပြစ်ရှိသည်, မရှိသည် ၂-ပါးတို့ကို စူးစမ်းဆင်ခြင်၍ အပြစ်ရှိအံ့သည်ကို စွန့်၍ အပြစ်မရှိအံ့သည်ကိုသာ မှတ်ယူသုံးစွဲရာ၏-ဟူလိုသော်။

* * * * * *

[၂] ရှင်ဥက္ကံသမာလာလျှောက် ဒုတိယဝိနိစ္ဆယ

"ဘုရားတပည့်တော် ဧရာဝတီမြစ်ညာ ကသာမြို့၊ ဂိုဏ်းအုပ်ဆရာ ဥက္ကံသမာလာလျှောက်လိုက်ပါသည် သီးလုံးဆရာတော်ဘုရား။ အကြင်ဒါယကာ ၁-ယောက်သည် တစ်ဦးသောရဟန်းကို ရည်၍ ပုဂ္ဂလိကကျောင်း ဆောက်လုပ်ပြီးသည့်ကာလ လှူစဉ်ဆဲဆဲတွင် သံယိက လှူလိုပါကြောင်းကို လျှောက်ပြန်သည်ရှိသော် ရည်ရင်းပုဂ္ဂိုလ်က 'သံယိကကျောင်းမည်သည် အသုံးအဆောင်ခက်သည်။ ငါချည်းလည်း မဟုတ်၊ ပဉ္စင်းငယ်, သာမဏေငယ်, လူငယ်တို့နှင့် ရောပြွမ်းဆက်ဆံသည်။ ပုဂ္ဂလိက ခံလိုသည်'-ဆိုလျှင် ကျောင်းဒါယကာက 'ကိုယ်တော်အရှင်မြတ် သုံးဆောင်ခက်လျှင် ပုဂ္ဂလိကလှူပါတော့မည်'-ဆို၍ ပုဂ္ဂလိကပင် ခံလေသည်။

၎င်းခံခြင်းသည် "သံယဿ ပရိဏာတဲ့ အတ္ထာနော ပရိဏာမေယျ"အစရှိသော သိက္ခာပုဒ်မှ လွတ်မည်, မလွတ်မည်၊ အကယ်၍ မလွတ်လျှင် မည်သို့ ဝိနည်းကံလာမည်ကို သိသိသာသာ ရှင်းရှင်းလင်းလင်း မည်သည့်အဋ္ဌကထာ, ဋီကာ-အစရှိသော ကျမ်းဂန်တို့မှ ထွက်ဆိုဆုံးဖြတ်သည်-ဟု ထွက်ဆိုဆုံးဖြတ်သည့်အတိုင်း ရေးသားသနားတော်မူ၍ တပည့်တော်မှစ၍ ကသာနယ် ၄-ရပ်, ၈-ရပ်အတွင်း သီတင်းသုံးနေသော သံယာကြီး,ငယ်တို့အား လေ့လာမှတ်သားပါရအောင် ရေးသနားတော်မူပါ ဆရာတော်ဘုရား"။

သာသနာတော်၏ ဝုဓိဝရဥဋ္ဌဝေပုလ္လအကျိုးငှာ ဤသို့ မိန့်မှာတော်မူလိုက်သော စကားရပ်မှာ ရှေးဦးစွာကာလက ပုဂ္ဂိုလ်ကို ရည်၍ ဆောက်လုပ်သောကျောင်းဖြစ်သော်လည်း လှူစဉ်ဆဲဆဲသို့ ရောက်ပြန်လျှင် "တပည့်တော်သည် သံယာအား ဤကျောင်းကို လှူလိုပါသည်"လျှောက်ဆိုသောကြောင့် သံယာသို့ ညွှတ်သည်ပင် မည်၏။ ထို့ကြောင့် ဝိနယသင်္ဂဟ၊ စတုပစ္စယဘာဇနဋ္ဌ-

http://www.dhammadownload.com

"ယထာ ဒါယကာ ဝဒန္တိ၊ တထာ *(ပဋိပန္နိတဒ္ဒံ)* ကာတဗ္ဗမေဝ"ဟု ရှင်သာရိပုတ္တရာ မဟာမထေရ် မိန့်တော်မူ၏။ (ဝိသင်ဟ။ ၂၇၂။ ဝိ၊ဋ၊၄။၉၇)

ယထာ၊ အကြောင်သို့သော အခြင်းအရာရှိသော စကားဖြင့်။ ဝါ၊ အကြောင်သို့သော အခြင်းအရာရှိသော စကားကို။ ဒါယကာ၊ လျှောက်သော ဒါယကာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ တထာ၊ ထိုသို့သော အခြင်းအရာရှိသော စကားကို ဆိုတိုင်း။ ကာတဗ္ဗမေဝ၊ ပြုအပ်,ဆုံးဖြတ်အပ်သလျင်ကတည်း။

ကထိန်အာနိသင်ကို ဝေဖန်ရာ၌လည်း ကထိန်သင်္ကန်းကို သံဃာအား လှူပြီး၍ ခင်းတတ်သော ပုဂ္ဂိုလ်သည် ကထိန်ကို ခင်းပြီးလျှင် ကထိန်အာနိသင် သင်္ကန်းတို့ကို လှူသော ဒါယကာတို့သည် "ငါတို့ ကထိန်သင်္ကန်းကို ခံသောပုဂ္ဂိုလ် ရပါစေ, ဤမျှလောက်သော ရဟန်းတို့ ရပါစေ"ဆိုလျှင် ဆိုတိုင်းသာ ဆုံးဖြတ်ရာ၏။ တစ်စုံတစ်ခွန်းသောစကားကို ထိုဒါယကာတို့ မဆိုလျှင် လှူရင်းတိုင်း သံဃာသို့ ချ၍ ဝေဖန်ရာ၏။ ထို့ကြောင့် သံဃာသို့ ညွှတ်ပြီးသော လာဘ်ကို မိမိသို့ ညွှတ်စေရာ ရောက်သည်-ဟု မှတ်ရာ၏။

အချို့သော အရှင်တို့သည် "ရှေးဦးစွာ ပုဂ္ဂိုလ်ကို ရည်ပြီးဖြစ်၍ 'နောက်မှ သံဃာသို့ လှူလိုပါသည်' ဆိုသော်လည်း သံဃာသို့ ညွှတ်ရာ မရောက်။ မရောက်သောကြောင့် မိမိသို့ ညွှတ်စေ၍ ခံသော်လည်း သံဃိကလာဘ်ကို ပုဂ္ဂိုလ်သို့ ညွှတ်စေ၍ ခံရာမရောက်နိုင်"ဟု ဆိုကုန်၏။ ထိုဆရာတို့၏ စကားကို "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ကာတဗ္ဗမေဝ"ဟု လာသော စတုပစ္စယဘာဇနစကားဖြင့် ပယ်ရာ၏။

၁။ အဓမ္မိယဒါန ဒုဒိန္န ၉-ပါး

ထိုသို့ ဖြစ်ခဲ့သော် ထိုဒါယကာသည် ပုဂ္ဂိုလ်ကို ရည်ပြီး၍ "သံဃာကို လှူလိုပါသည်" ဟု နှုတ်မြွက်၍ ဆိုသဖြင့် သံဃာသို့ တဖန် ညွှတ်ပြန်ခြင်းကြောင့် တစ်စုံတစ်ခုသော အပြစ်သည် မဖြစ်ခဲ့ပြီလောဟူငြားအံ့၊ ထိုဒါယကာမှာ အဓမ္မိယဒါနဒုဒိန္န ၉-ပါးတို့တွင် တစ်ပါးပါးသို့ ရောက်၏။ အဘယ်သို့ အဓမ္မိယဒါန ဒုဒိန္န ၉-ပါး ဖြစ်သနည်း?

- ပုဂ္ဂိုလ်,ဂိုဏ်းကို ရည်ပြီး၍ သံဃာကို လှူသော်လည်းကောင်း၊ စေတီကို လှူသော်လည်းကောင်း၊ တပါးသော ပုဂ္ဂိုလ်,ဂိုဏ်းတို့ကို လှူသော်လည်းကောင်း အဓမ္မိယဒါန ဒုဒိန္န ၃-ပါးဖြစ်၏။
- သံဃာကို ရည်ပြီး၍ တပါးသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်, ဂိုဏ်းတို့ကို လှူသော်လည်းကောင်း အဓမ္မိယဒါန ဒုဒိန္န ၃-ပါးဖြစ်၏။

http://www.dhammadownload.com

- စေတီတပါးကို ရည်ပြီး၍ သံ့ယာ၊ တပါးသော စေတီ၊ ပုဂ္ဂိုလ်, ဂိုဏ်းတို့ကို လှူသော် လည်းကောင်း အဓမ္မိယဒါန ဒုဒိန္န ၃-ပါး ဖြစ်၏။

ဤသို့လျှင် အဓမ္မိယဒါန ဒုဒိန္န ၉-ပါး ဖြစ်၏။

၂။ အဓမ္မိယပဋိဂ္ဂဟဏ, ဒုပ္ပဋိဂ္ဂဟိတ ၉-ပါး

ခံသောပုဂ္ဂိုလ်တို့က ဒါယကာဆိုတိုင်း ခံရာ၌ကား အဓမ္မိယပဋိဂ္ဂဟဏ, ဒုပ္ပဋိဂ္ဂဟိတ ၉-ပါးတို့သည် မဖြစ်ကုန်။ မဖြစ်သောကြောင့် အဓမ္မိယပရိဘောဂ, ဒုပ္ပရိဘောဂ ၉-ပါးတို့ သည်လည်း မဖြစ်ကုန်။ ထိုသို့မဟုတ်မူ ဒါယကာတို့ ရည်၍ ဆိုသည်မှတပါး ပုဂ္ဂိုလ်, ဂိုဏ်း, စေတီတို့ကို ညွှတ်စေ၍ ခံရာ၌ အဓမ္မိယပဋိဂ္ဂဟဏ, ဒုပ္ပဋိဂ္ဂဟိတ ၉-ပါးတို့သည် ဖြစ်ကုန်၏။ ဖြစ်ကလည်း အဓမ္မိယပရိဘောဂ, ဒုပ္ပရိဘောဂ ၉-ပါးတို့သည်လည်း ဖြစ်ကုန်၏။

အဓမ္မိယပဋိဂ္ဂဟဏ, ဒုပ္ပဋိဂ္ဂဟိတ ၉-ပါးဟူသည်ကား–

- သံ့ယာသို့ ညွှတ်ပြီးသော လာဘ်ကို ပုဂ္ဂိုလ်, ဂိုဏ်းသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး၊
- တပါးသောသံ့ယာသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး၊
- စေတီသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး၊
- တပါးသော ဂိုဏ်း, ပုဂ္ဂိုလ်သို့ ညွှတ်ပြီးသော လာဘ်ကို သံ့ယာသို့ ညွှတ်စေ၍ ခံခြင်း လည်း ၁-ပါး၊
- စေတီသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး၊
- တပါးသော ပုဂ္ဂိုလ်, ဂိုဏ်းသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး၊
- စေတီသို့ ညွှတ်ပြီးသော လာဘ်ကို သံ့ယာသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး၊
- ပုဂ္ဂိုလ်, ဂိုဏ်းသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး၊
- တပါးသောစေတီသို့ ညွှတ်စေ၍ ခံခြင်းလည်း ၁-ပါး။

ဤသို့အားဖြင့် အဓမ္မိယပဋိဂ္ဂဟဏ, ဒုပ္ပဋိဂ္ဂဟိတ ၉-ပါး ဖြစ်ကုန်၏။ ဖြစ်ကလည်း သုံးဆောင်သည့်ကာလ အဓမ္မိယပရိဘောဂ, ဒုပ္ပရိဘောဂ ၉-ပါးတို့သည် ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခဲ့သော် "ထိုရဟန်းတို့မှာ တစ်စုံတစ်ခုသော အပြစ်သည် မရောက်ပြီလော"ဟူတုံ့အံ့၊ ရောက်၏။

"အဘယ်သို့ အပြစ်ရောက်သနည်း"ဟူမူကား သံ့ယာသို့ ညွှတ်ပြီးသော လာဘ်ကို မိမိသို့ ညွှတ်စေသည် ဖြစ်အံ့။

http://www.dhammadownload.com

ယော ပန ဘိက္ခု ဇာနံ သံယိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (ဝိ၊၁။၃၈၀)

ဟူ၍ ဟောတော်မူအပ်သော နိဿဂ္ဂိယပါစိတ်အာပတ်သို့ ရောက်၏။

ဇာနာတိ နာမ သာမံ ဝါ ဇာနာတိ၊ အညေ ဝါ တဿ အာရောစေန္တိ၊ သော ဝါ အာရောစေတိ။

ဟူသော ပဒဘာဇနီပါဠိ(ဝိ၊၁။၃၈၀)နှင့်အညီ သံယာသို့ ညွတ်ပြီးသော လာဘ်၏အဖြစ်ကို ရဟန်းသည် မိမိကိုယ်တိုင်မူလည်း သိ၏။ တပါးသောသူတို့သည်မူလည်း ကြားကုန်၏။ ထိုလျှူသော ဒါယကာသည်မူလည်း ကြား၏။

သံယိကံ နာမ သံယဿ ဒိန္နံ ဟောတိ ပရိစ္စတ္တံ။ (ပဒဘာဇနီပါဠိ။ ဝိ၊၁။၃၈၀)

သံယိကန္တိ သံယဿ သန္တကံ။ သော ဟိ သံယဿ ပရိဏတတ္တာ ဟတ္ထံ အနာရုဠ္ဟောပိ ဧကေန ပရိယာယေန သံယဿ သန္တကော ဟောတိ။(ပါရာဇိကဏ်အဋ္ဌကထာ၊ ၂။၃၁၀)

သံယိကံ နာမ၊ သံယိကမည်သည်ကား။ သံယဿ၊ အား။ ဒိန္နံ၊ လျှူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပရိစ္စတ္တံ၊ စွန့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ (ပဒဘာဇနီအနက်)

သံယိကန္တိ၊ သံယိက်-ဟူသည်ကား။ သံယဿ၊ သံယာ၏။ သန္တကံ၊ ဥစ္စာတည်း။ ဟိ သွစ္စံ၊ မှန်၏။ သော၊ ထိုသံယာသို့ ညွတ်လေပြီးသော လာဘ်သည်။ သံယဿ၊ အား။ ပရိဏတတ္တာ၊ လျှူအံ့, စွန့်အံ့-ဟု နှုတ်မြွက်၍ ညွတ်လေပြီးသည်၏အဖြစ်ကြောင့်။ ဟတ္ထံ၊ လက်သို့။ အနာရုဠ္ဟောပိ၊ မရောက်သော်လည်း။ ဧကေန ပရိယာယေန၊ သံယာသို့ ညွတ်ခြင်းတည်းဟူသော တခုသောအကြောင်းဖြင့်။ ဝါ၊ ကြောင့်။ သံယဿ၊ သံယာ၏။ သန္တကော၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။

သံယာသို့ ညွတ်ခြင်းတည်းဟူသော အကြောင်းဖြင့် သံယိကမည်၏-ဟု သပရိယာယဥပစာနည်းအားဖြင့် အဋ္ဌကထာ၌ ဖွင့်ဆိုခဲ့သော ပဒဘာဇနီ၌ "သံယိကံ နာမ သံယဿ ဒိန္နံ ဟောတိ ပရိစ္စတ္တံ"ဟု နိပ္ပရိယာယ မုချဆိုသောစကားနှင့် မဆန့်ကျင်ပြီလောဟူမူကား ပဒဘာဇနီ၌ကား အနက်ကို ထုတ်သည်၏အစွမ်းအားဖြင့် နိပ္ပရိယာယ မုချအားဖြင့် ဆိုအပ်သောကြောင့် မဆန့်ကျင်-ဟု မှတ်ရာ၏။ ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ(၂။၃၁၀)၌-

ပဒဘာဇနေ ပန "သံယိကံ နာမ သံယဿ ဒိန္နံ ဟောတိ ပရိစ္စတ္တ"န္တိ ဧဝံ အတ္ထုဒ္ဓါရဝသေန နိပ္ပရိယာယတောဝ သံယိကံ ဒဿိတံ။ —

ဟု မိန့်အပ်ပြီ။

http://www.dhammadownload.com

ပဒဘာဇနေ ပန၊ ပဒဘာဇနိဒ္ဓကား။ သံယိကံ နာမ သံဃဿ ဒိန္နံ ဟောတိ ပရိစ္စတ္တန္တိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ အတ္ထုဒ္ဓါရဝသေန၊ အနက်ကို ထုတ်အပ်သည်၏ အစွမ်းအား ဖြင့်။ နိပ္ပရိယာယတောဝ၊ မုချအားဖြင့်သာလျှင်။ သံယိကံ၊ သံယိကဥစ္စာကို။ ဒဿိတံ၊ ပြအပ်၏။

၃။ လာဘ်

လာဘ်-ဟူသည် အဘယ်နည်းဟူမူကား သက်နှံး, ဆွမ်း, ကျောင်း, ဆေး၊ ပစ္စည်း ၄-ပါးတို့သည် ယုတ်သောအပိုင်းအခြားအားဖြင့် ကသယ်မှုန့်စိုင်သည်လည်းကောင်း, ဒန်ပူ သည်လည်းကောင်း, မြိတ်ဆာချည်သည်လည်းကောင်း လာဘ်မည်၏။

ထို့ကြောင့် ပဒဘာဇနီ(ဝိ၊၁။၃၈၀)၌-

> လာဘော နာမ စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာ၊ အန္တမသော စုဏ္ဏပိဏ္ဍောပိ ဒန္တကဋ္ဌပိ ဒသိကသုတ္တံပိ။ –

ဟု မိန့်အပ်ပြီ။

လာဘော နာမ၊ လာဘ်မည်သည်ကား။ စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယ-ဘေသဇ္ဇပရိက္ခာရာ၊ သက်နှံး, ဆွမ်း, ကျောင်း, သူနာတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ် သော ဆေးတည်းဟူသော အသက်၏ အဆောက်အဦ, အခြံအရံတို့သည်။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ စုဏ္ဏပိဏ္ဍောပိ၊ ကသယ်မှုန့်စိုင်သည်လည်းကောင်း။ ဒန္တ-ကဋ္ဌပိ၊ ဒန်ပူသည်လည်းကောင်း။ ဒသိကသုတ္တံပိ၊ မြိတ်ဆာချည်သည်လည်းကောင်း။ လာဘော နာမ၊ လာဘ်မည်၏။

အဋ္ဌကထာ(ဝိ၊၄၊၂။၃၁၀)၌ကား-

> လာဘန္တိ ပဋိလဘိတဗ္ဗဝတ္ထုံ၊ အာဟ။ တေနေဝ'ဿ နိဒ္ဒေသေ စီဝရန္တိအာဒိ ဝုတ္တံ။

ဟု မိန့်အပ်၏။

လာဘန္တိ၊ ဟူသည်ကား။ ပဋိလဘိတဗ္ဗဝတ္ထုံ၊ ရအပ်သောဝတ္ထုကို။ အာဟ၊ ဆို၏။ တေနေဝ၊ လျှင်။ အဿ၊ ထိုလာဘ်-ဟူသော ပုဒ်၏။ နိဒ္ဒေသေ၊ ပဒဘာဇနီ၌။ စီဝရန္တိအာဒိ၊ စီဝရံ-ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

ဤအဋ္ဌကထာစကားနှင့် ပါဠိတော်ပဒဘာဇနီစကားကို ခွဲသားရင်အပ်သကဲ့သို့ တစပ်တည်းပင် ညီ၏-ဟု မှတ်ရာ၏။

http://www.dhammadownload.com

သံယာသို့ ညွတ်၏ဟူသည် အဘယ်နည်းဟူမူကား သံယာအား လျှူကုန်အံ့။ သံယာအား ပြုကုန်အံ့-ဟု နှုတ်မြွက်၍ ဆိုခြင်းတည်း။ ထို့ကြောင့် ပဒဘာဇနီ(ဝိ၊၁။၃၈၀)၌-

ပရိဏာတံ နာမ 'ဒဿာမ ကရိဿာမာ'တိ ဝါစာ ဘိန္နာ ဟောတိ။ -

ဟု ဟောတော်မူအပ်ပြီ။

ပရိဏာတံ နာမ၊ သံယာသို့ ညွတ်ခြင်းမည်သည်ကား။ ဒဿာမ၊ သံယာအား လျှူကုန်အံ့။ ကရိဿာမ၊ သံယာအား ပြုကုန်အံ့။ ဣတိ၊ ဤသို့။ ဝါစာ ဘိန္နာ၊ နှုတ်မြွက်ဆိုသည်။ ဟောတိ၊ ဖြစ်၏။

အဋ္ဌကထာ(ဝိ၊၆၊၂။၃၁၀)၌ကား-

ပရိဏာတန္တိ သံယဿ နိန္နံ သံယဿ ပေါဏံ သံယဿ ပဗ္ဘာရံ ဟုတ္ဝာ ဒိတံ။

ဟု မိန့်အပ်ပြီ။

ပရိဏာတန္တိ၊ ဟူသည်ကား။ သံယဿ၊ သံယာအား။ နိန္နံ၊ ညွတ်သည်။ သံယဿ၊ အား။ ပေါဏံ၊ ကိုင်းသည်။ သံယဿ၊ သံယာအား။ ပဗ္ဘာရံ၊ ဝှမ်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဒိတံ၊ တည်၏။

သံယာသို့ ညွတ်ပြီးသောလာဘ်ကို မိမိသို့ညွတ်စေသော် ပယောဂ၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ ထိုလာဘ်သည် ရသဖြင့် မိမိသို့ ရောက်သည်ရှိသော် နိဿဂ္ဂိယပါစိတ်အာပတ်သို့ ရောက်၏။ ဤသို့ ရောက်ခြင်းသည်လည်း "သံယာကို လှူအံ့"ဟု နှုတ်မြွက်၍ ဆိုသဖြင့် ညွတ်သော လာဘ်ကိုသာလျှင် မိမိသို့ ညွတ်စေ၍ ယူသောရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ်ကို ဆုံးဖြတ်ရာ၏။ ထို့ကြောင့်-

ပယောဂေ ဒုက္ကဋန္တို့ ပရိဏာတလာဘာဿ အတ္တနော ပရိဏာမနပယောဂေ ဒုက္ကဋ်၊ ပဋိလာဘေန တဿိ ဟတ္ထံ အာရူဠ္ဆေ နိဿဂ္ဂိယံ။

ဟု အဋ္ဌကထာ(ဝိ၊၆၊၂။၃၁၁)၌ မိန့်အပ်ပြီ။

"သံယဿ ဒေမ"ဟု သံယာအား လျှူပြီးသော နိပ္ပရိယာယ မုချသံယိကဥစ္စာဖြစ်မူကား မိမိခံယူခြင်းငှာ မအပ်၊ သံယာအားသာလျှင် ပေးအပ်၏။ အကြင်ရဟန်းသည် ခိုးလိုသောစိတ်ဖြင့် အရံအစောင့် အစရှိသည်တို့နှင့်တကွ တစ်ပေါင်းတည်းပြု၍ စားမူ, သုံးမူ ဘဏ္ဍာကို အဖိုးပြတ်စေ၍ ဆုံးဖြတ်အပ်၏။

ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ(၂။၃၁၁)၌-

http://www.dhammadownload.com

သစေ ပန သံယဿ ဒိန္နံ ဟောတိ၊ တံ ဂဟေတုံ န ဝဋ္ဋတိ၊ သံယသ္သေဝ ဒါတဗ္ဗံ။ ယောပိ အာရာမိကေဟိ သဒ္ဓိံ ဧကတော ခါဒတိ၊ ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော။

ဟု မိန့်အပ်ပြီ။

သံယဿ၊ အား။ ဒိန္နံ၊ လျူအပ်ပြီးသော သံယိကဥစ္စာသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ တံ၊ ထိုသံယိကဥစ္စာကို။ ဂဟေတုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။ သံယသ္သေဝ၊ လျှင်။ ဒါတဗ္ဗံ၊ ၏။ ယော ဘိက္ခု၊ သည်။ အာရာမိကေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဧကတော၊ တပေါင်းတည်း။ ဟုတွာ၊ ၍။ ခါဒတိ၊ စားအံ့။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဘဏ္ဍံ၊ ဘဏ္ဍာကို။ အဂ္ဃါပေတွာ၊ အဖိုးပြတ်စေ၍။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။

သံယာသို့ ညွတ်ပြီးသော (လာဘ်ကို) သီတင်းသုံးဖော် ၅-ယောက်တို့၏ ဥစ္စာကိုသော်လည်းကောင်း, လူတို့၏ဥစ္စာကိုသော်လည်းကောင်း၊ ယုတ်သောအပိုင်းအခြားအားဖြင့် အမိ, အဘတို့၏ ဥစ္စာကိုသော်လည်း ရဟန်းသည် "မိမိအား ပေးလော့"ဟု သံယာသို့ ညွတ်ပြီးမှန်း သိလျက် မိမိသို့ ညွတ်စေ၍ မခံမယူအပ်။ ခံယူမိသောရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ထို့ကြောင့်-

ပရိဏတံ ပန သဟဓမ္မိကာနံ ဝါ ဂိဟီနံ ဝါ အန္တမသော မာတုသန္တကံပိ "ဣမံ မယ္ဟံ ဒေဟီ"တိ သံယဿ ပရိဏတဘာဝံ ဥတ္တွာ အတ္တနော ပရိဏာမေတ္တွာ ဂဏှန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ။ – ဟု အဋ္ဌကထာ(၀ိ၊၄၊၂။၃၁၁)၌ မိန့်ပြီ။

ပရိဏတံ ပန၊ သံယာသို့ ညွတ်အပ်ပြီးသော လာဘ်ကိုကား။ သဟဓမ္မိကာနံ ဝါ၊ သီတင်းသုံးဖော်တို့၏လည်းကောင်း။ ဂိဟီနံ ဝါ၊ လူတို့၏လည်းကောင်း။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ မာတု သန္တကံပိ၊ အမိ၏ ဥစ္စာကိုလည်း။ ဣဒံ၊ ဤ ဝတ္ထုကို။ မယ္ဟံ၊ ငါ့အား။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ သံယဿ၊ သံယာအား။ ပရိဏတဘာဝံ၊ ညွတ်လေပြီးသည်၏အဖြစ်ကို။ ဥ တွာ၊ သိ၍။ အတ္တနော၊ မိမိသို့။ ပရိဏာမေတွာ၊ ညွတ်စေ၍။ ဂဏှန္တဿ၊ ယူသောရဟန်းအား။ နိဿဂ္ဂိယံ၊ စွန့်ခြင်း ဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ၏။

သံယာသို့ ညွတ်ပြီးသော လာဘ်ကို မိမိမှ တပါးသောပုဂ္ဂိုလ်အား ညွတ်စေအံ့၊ သုဒ္ဓပါစိတ်အာပတ်သင့်၏။ ထို့ကြောင့် ပဒဘာဇနီ၌-

ဇာနံ သံယိကံ လာဘံ ပရိဏတံ ပုဂ္ဂလဿ ပရိဏာမေတိ၊ အာပတ္တိ ပါစိတ္တိယ'ဿ။

(၀ိ၊၂။၂၀၄)ဟု ဟောတော်မူအပ်ပြီ။

http://www.dhammadownload.com

ဇာန် ဇာနန္တော၊ သိလျက်။ ပရိဏာတံ၊ သံယာသို့ ညွတ်လေပြီးသော။ သံယိကံ၊ သံယိကဥစ္စာဖြစ်သော။ လာဘံ၊ လာဘ်ကို။ ပဂ္ဂလဿ၊ တပါးသောပုဂ္ဂိုလ်အား။ ပရိဏာမေတိ၊ ညွတ်စေအံ့။ ပါစိတ္တိယံ၊ ပါစိတ်အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ အသ၊ ၏။ ။ အဋ္ဌကထာ(၂။၃၁၁)၌ကား-

"ဣမဿ ဘိက္ခုနော ဒေဟိ"တိ စေဝ အညဿ ပရိဏာမေန္တဿ သုဒ္ဓိကပါစိတ္တိယံ။

ဟု မိန့်အပ်၏။

ဣမဿ ဘိက္ခုနော၊ ဤရဟန်းအား။ ဒေဟိ၊ ပေးလော့။ ဣတိ စေဝ၊ ဤသို့။ အညဿ၊ မိမိမှ တပါးသောပုဂ္ဂိုလ်အား။ ပရိဏာမေန္တဿ၊ ညွတ်စေသော ရဟန်းအား။ သုဒ္ဓိကပါစိတ္တိယံ၊ သက်သက်သော ပါစိတ်အာပတ်သည်။ ဟောတိ၊ ၏။

သံယာသို့ ညွတ်လေပြီးသော လာဘ်ကို တစ်လုံးသောသပိတ်ကို မိမိအား, တစ်လုံးသော သပိတ်ကို တစ်ပါးသောရဟန်းအား ညွတ်စေသည်ဖြစ်အံ့၊ တစ်ထည်သော သင်္ကန်းကို မိမိအား, တစ်ထည်သော သင်္ကန်းကို တပါးသောရဟန်းအား ညွတ်စေသည်ဖြစ်အံ့။ နိဿဂ္ဂိပါစိတ်အာပတ်, သုဒ္ဓိကပါစိတ်အာပတ်သို့ တပြိုင်နက် သင့်ခြင်းသို့ ရောက်၏။ များစွာသော သပိတ်, သင်္ကန်း၊ များစွာသော သံယိကဝတ္ထုတို့၌ ဤနည်းအတူ မှတ်အပ်၏။ ထို့ကြောင့် ပရိဝါပါဠိတော်(၃၇၅)၌-

နိဿဂ္ဂိယေန အာပတ္တိ၊ သုဒ္ဓိကေန ပါစိတ္တိယံ။
အာပဇ္ဇေယျ ဧကတော၊ ပဏ္ဏာမေ'သာ ကုသလေဟိ စိန္ဏိတာ။ -

ဟု မိန့်အပ်ပြီ။

ဘိက္ခု၊ သည်။ နိဿဂ္ဂိယေန အာပတ္တိ စ၊ နိဿဂ္ဂိအာပတ်သို့လည်းကောင်း။ သုဒ္ဓိကေန ပါစိတ္တိယဉ္စ၊ သုဒ္ဓပါစိတ်အာပတ်သို့လည်းကောင်း။ ဧကတော၊ တပြိုင်နက်။ အာပဇ္ဇေယျ၊ ရောက်ရာ၏။ ဧသော ပဏ္ဏာ၊ ဤပြဿနာကို။ ကုသလေဟိ၊ ဝိနည်းသိကျွမ်းပုဒ်၌ လိမ္မာကုန်သော သူတို့သည်။ စိန္တိတာ၊ ကြံအပ်၏။

အကြင်ရဟန်းသည် မိုးရေခံသင်္ကန်းကာလ၌ အမိအိမ်၌လည်း သံယာသို့ ညွတ်ပြီးသော မိုးရေခံသင်္ကန်းကို သိလျက် မိမိသို့ ညွတ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ်သို့ ရောက်၏။ တပါးသောရဟန်းသို့ ညွတ်စေအံ့၊ သုဒ္ဓိကပါစိတ်အာပတ်သို့ ရောက်၏။

လူတို့သည် သံယာဘတ်ကို ပြုကုန်အံ့-ဟု ထောပတ်, ဆီ-အစရှိသည်တို့ကို ဆောင်ကုန်၏။ နာသောရဟန်းသည်လည်း သံယာသို့ ညွတ်သည်၏အဖြစ်ကို သိ၏။ စိုးစဉ်းသော

http://www.dhammadownload.com

ဆီ, ထောပတ်ကို တောင်းအံ့၊ နိဿဂ္ဂိယပါစိတ်အာပတ်သို့ ရောက်၏။ ထိုနာသောရဟန်းသည် "သင်တို့အား ဆောင်အပ်သော ထောပတ်-အစရှိသည် ရှိကုန်၏လော"ဟု လူတို့အား မေး၍ "ရှိ၏"ဟု ဆိုလတ်သော် "ငါ့အားလည်း ပေးပါကုန်"ဟု ဆိုသည်ဖြစ်အံ့။ အပ်၏၊ အာပတ်မသင့်။ အဘယ်ကြောင့် မသင့်သနည်း? သံဃာအား ညွှတ်လေပြီးသည်ကို သိသော်လည်း "သင်တို့အား ဆောင်အပ်သော ထောပတ်သည် ရှိကုန်၏လော"ဟု လူတို့၏ဥစ္စာကို သိစေသည်မည်သောကြောင့် "မယှဲ့ ဒေထ"ဟု ဆိုခြင်းသည် အပ်၏ဟူလိုသော်။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ(၂။၄၄၈)၌-

ပရိဏာတဘာဝံ ဇာနိတ္ဝာပိ ဝုတ္ထဝိဓိနာ ဝိညာပေန္တေန တေသံ သန္တကမေဝ ဝိညာပိတံ နာမ ဟောတိ။ – ဟု မိန့်အပ်ပြီ။

ပရိဏာတဘာဝံ၊ သံဃာသို့ ညွှတ်လေပြီးသည်၏အဖြစ်ကို။ ဇာနိတ္ဝာပိ၊ သိပြီး၍လည်း။ ဝုတ္ထဝိဓိနာ၊ ဆိုအပ်ပြီးသောအစီအရင်ဖြင့်။ ဝိညာပေန္တေန၊ တောင်းသောရဟန်းသည်။ တေသံ၊ ထိုလူတို့၏။ သန္တကမေဝ၊ ဥစ္စာကိုသာလျှင်။ ဝိညာပိတံ နာမ၊ သိစေသည်မည်သည်။ ဟောတိ၊ ၏။

မအပ်-ဟု အလိုလို့ရှိသော ရဟန်းကို ဒါယကာတို့သည် သံဃာတို့လည်း ငါတို့သည် လှူအပ်သော်သာလျှင် ရ၏။ "အရှင်ဘုရား ခံတော်မူပါ"ဟု ဤသို့ဆိုသော်လည်း ခံခြင်းငှာ အပ်၏။

တပါးသောကျောင်း၌ သံဃာအား ညွှတ်လေပြီးသည်ကို တပါးသောကျောင်း၌ သံဃာအား ညွှတ်စေသော်လည်းကောင်း၊ သံဃာကို လှူသဖြင့် အဘယ်အကျိုးရှိအံ့နည်း-ဟု စေတီအား ညွှတ်စေသော်လည်းကောင်း ဒုက္ကဋ်အာပတ်သင့်ခြင်းသို့ ရောက်၏။ ထို့ကြောင့်-

သံဃဿ ပရိဏတံ အညဿံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ဝ။၃၈၀) – ဟု ဟောတော်မူအပ်ပြီ။

စေတီ ၁-ဆူအား ရည်မှတ်၍ ညွှတ်လေပြီးသည်ကို စေတီ ၁-ဆူအား ညွှတ်စေသော်လည်းကောင်း၊ ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာသို့ ညွှတ်စေသော်လည်းကောင်း ဒုက္ကဋ်အာပတ်သင့်ခြင်းသို့ ရောက်၏။ ထို့ကြောင့် ပါဠိတော်(ဝိ၊ဝ။၃၈၀)၌-

စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ။ –

ဟု ဟော်တော်မူအပ်ပြီ။

http://www.dhammadownload.com

ဤအရာ၌ စေတီတစ်ဆူအား ရည်မှတ်၍ စိုက်ပျိုးအပ်သော ပန်းပင်မှ ပန်းကို တစ်ဆူသောစေတီ၌ တင်ခြင်းငှာ မအပ်။ ထို့ကြောင့် အဋ္ဌကထာ(ပါရာဇိကဏ်၊ ၂။ခုဒ ၂)၌–

နီယမေတွာ အညစေတီယဿ'တ္ထာယ ရောပိတမာလာဝစ္ဆတော အညစေတီယမှိ ပုပ္ပံပိ အာရောပေတုံ န ဝဋ္ဋတိ။ –

ဟု မိန့်အပ်ပြီ။

"ရောပိတမာလာဝစ္ဆတော"ဟူသော စကားကို တစ်စုံတစ်ယောက်သောသူသည် မှတ်၍ စိုက်အပ်သော ပန်းပင်ကို ရည်၍ အမှတ်မရှိ ထိုပန်းပင်မှ မဆွတ်သေးသော ညှိုးနွမ်း သောပန်းကို ဆွတ်၍ အမှတ်မရှိ တစ်ခုခုသော စေတီ၌ ပူဇော်ခြင်းငှာ အပ်၏-ဟု မှတ်ရာ၏။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ(၁။၃၆၂)၌–

ရောပိတမာလာဝစ္ဆတောတိ ကေနစိ နီယမေတွာ ရောပိတံ သန္ဓာယ ဝုတ္တံ။ အနောစိတံ မိလာယမာနံ ဩစိနိတွာ ယတ္ထ ကတ္ထစိ ပူဇေတုံ ဝဋ္ဋတိ။ –

ဟု မိန့်အပ်ပြီ။

"ပုပ္ပံပိ အာရောပေတုံ န ဝဋ္ဋတိ"ဟူသောစကားကို စေတီတစ်ဆူအား ညွတ်ဆဲဖြစ်သောပန်းကိုသာ ရည်၍ ဆိုသည်။ တစ်ဆူသောစေတီ၌ ပူဇော်ပြီးသောပန်းကို ယူ၍ တပါးသောစေတီ၌ ပူဇော်သည်ဖြစ်အံ့၊ အပ်၏။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ(၂။၄၄၈)၌–

ပုပ္ပံပိ အာရောပေတုံ န ဝဋ္ဋတိတိ ဣဒံ ပရိဏတံ သန္ဓာယ ဝုတ္တံ။ သစေ ပန ဧကသ္မိံ စေတိယေ ပူဇိတပုပ္ဖံ ဂဟေတွာ အညသ္မိံ စေတိယေ ပူဇေတိ၊ ဝဋ္ဋတိ။

ဟု မိန့်အပ်ပြီ။

တစ်ဆူသောစေတီအား ထီးကိုလည်းကောင်း, တံခွန်ကိုလည်းကောင်း တင်ပြီး၍ အပိုအလျှံအကြွင်းတို့ကို ကိုင်၍ရပ်သည်ကို မြင်၍ ထိုအပိုအလျှံ အကြွင်းဖြစ်သော ထီး, တံခွန်ကို တပါးသောစေတီအား လှူခိုင်းခြင်းငှာ အပ်၏။

ထို့ကြောင့် အဋ္ဌကထာ(၀ိ၊၄၊ ၂။ခုဒ ၂)၌–

ဧကဿ စေတိယဿ ပန ဆတ္တံ ဝါ ပဋာကံ ဝါ အာရောပေတွာ ဌိတံ ဒိသွာ သေသံ အညဿ စေတိယဿ ဒါပေတုံ ဝဋ္ဋတိ။ –

ဟု မိန့်အပ်ပြီ။

http://www.dhammadownload.com

ဧကဿ၊ သော။ စေတိယဿ ပန၊ စေတီအားကား။ ဆတ္တံ ဝါ၊ ထီးကိုလည်း ကောင်း။ ပဋာကံ ဝါ၊ တံခွန်ကိုလည်းကောင်း။ အာရောပေတွာ၊ တင်၍။ သေသက်၊ အကြွင်း ကို။ ဂဟေတွာ၊ ကိုင်၍။ (ဤ ၂-ပုဒ်ကိုထည့်) ဌိတံ၊ တည်သည်ကို။ ဒိသွာ၊ မြင်၍။ သေသံ၊ အကြွင်းကို။ အညဿ၊ တပါးသော။ စေတိယဿ၊ စေတီအား။ ဒါပေတုံ၊ လှူစေခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

"သေသက် ဂဟေတွာ" ဤသို့ ပါဠိသေသထည့်၍ ယောဇနာစေလိုသော သာရတ္ထ-ဒီပနီဋီကာ(၂။၄၄၈)ဆရာသည် "ဌိတံ ဒိသွာတိ သေသက် ဂဟေတွာ ဌိတံ ဒိသွာ"ဟု မိန့်အပ်၏။

"ပုဂ္ဂလဿ ပရိဏာတံ အညပုဂ္ဂလဿ ။ပ။ ပရိဏာမေတိ"၌ ယုတ်သောအပိုင်း အခြားဖြင့် ခွေးတစ်ခုအား ညွှတ်ပြီးသောလာဘ်ကို 'ဤခွေးအား မပေးလင့်၊ ဤ(ထို)ခွေးအား ပေးလော့'-ဟု ပုဂ္ဂိုလ်တပါးအား ညွှတ်စေသည်ဖြစ်အံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ 'အန္တ-မသော သုနခဿာပိ'-ဆိုသောကြောင့် ခွေးကို အစပြု၍ အမှတ်မရှိသော သတ္တဝါအပေါင်း သည် 'ပုဂ္ဂလဿ ပရိဏာတံ'-၌ ပုဂ္ဂလမည်၏-ဟု သိအပ်၏။ ထို့ကြောင့်-

အန္တမသော သုနခံ ဥပါဒါယ ယောကောစိ သတ္တော ပုဂ္ဂလောတိ ဝေဒိတဗ္ဗော။-

ဟု ဋီကာ(ကခ်ီ၊ဋီ၊သစ်။၃၄၄) မိန့်အပ်ပြီ။

"ဣမဿ သုနခဿ မာ ဒေဟိ ဧတဿ သုနခဿ ဒေဟီတိ"ဟူသောစကားကို ညွှတ်သောဝတ္ထု၌သာ ဒုက္ကဋ်အာပတ်ကို ရည်၍ ဆို၏။ တိရစ္ဆာန်တစ်ခုအား စွန့်ပြီး၍ ပေးသော်ကား ထိုပေးပြီးသော တိရစ္ဆာန်တစ်ခုကို ပြေးစေ၍ တပါးသော တိရစ္ဆာန်တစ်ခုကို စားစေခြင်းငှာ အပ်၏။ ထို့ကြောင့်-

ဣမဿ သုနခဿ မာ ဒေဟိ၊ ဧတဿ ဒေဟီတိ ဣဒံ ပရိဏာတေယေဝ။ တိရစ္ဆာန-ဂတဿ ပရိစ္စဇိတ္ဝာ ဒိန္နေ ပန တံ ပလာပေတ္ဝာ အညံ ဘုဉ္ဇာပေတုံ ဝဋ္ဋတိ။ -

ဟု ဋီကာ(သာရတ္ထ၊ဋီ၊၂။၄၄၈) မိန့်အပ်ပြီ။

ဒါယကာတို့သည် "သံယာအား ဆွမ်းကို လှူလိုပါကုန်၏၊ စေတီအား ပူဇော်လိုကုန်၏။ တစ်ယောက်သောရဟန်းအား ပရိက္ခရာကို လှူလိုကုန်၏။ အရှင်ဘုရားတို့၏အလိုအား ဖြင့် လှူပါကုန်အံ့၊ ဆိုတော်မူပါကုန်။ အဘယ်အရပ်၌ လှူရကုန်အံ့နည်း"ဟု ဆိုကုန်သည် ဖြစ်အံ့။ ဤသို့ဆိုသည်ရှိသော် ထိုရဟန်းသည် "အကြင်အရပ်၌ အလိုရှိကုန်၏၊ ထိုအရပ်၌ လှူလေကုန်"ဟု ဆိုရာ၏။ သက်သက် "အဘယ်အရပ်၌ လှူရကုန်အံ့နည်း"ဟု ဆိုသည်

http://www.dhammadownload.com

ဖြစ်အံ့။ "အကြင်အရပ်၌ သင်တို့၏လျှဖွယ်ဝတ္ထုသည် သုံးဆောင်ခြင်းကိုလည်း ရရာ၏။ ပြုပြင်ခြင်းကိုလည်း ရရာ၏။ ရှည်မြင့်စွာ တည်မူလည်း တည်ရာ၏။ အကြင်အရပ်၌ သင်တို့၏ စိတ်သည် ကြည်ညိုရာ၏။ ထိုအရပ်၌ လျှလေကုန်"ဟု ပါဠိတော်၌လာသော နည်းအားဖြင့် ဆိုရာ၏။

"ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာတိ"ဟူ၍ ဆိုရာ၌ ဤမည်သောရဟန်းအား လျှလော့-ဟု မှတ်၍ဆိုသော်လည်း အပြစ်မရှိ-ဟု မှတ်ရာ၏။ အဘယ်ကြောင့်နည်းဟူမူကား "တုမှာကံ ရုစိယာ"ဟု ဒါယကာတို့ ဆိုသောကြောင့်တည်း။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ(၁။၃၆၂)၌-

> ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာတိ ဧတ္ထ နိယမေတွာ 'အသုကဿ ဒေဟီ'တိ ဝုတ္ထေပိ ဒေါသော နတ္ထိ။ "တုမှာကံ ရုစိယာ"တိ ဝုတ္ထတ္ထာ။ –

ဟု မိန့်အပ်ပြီ။

သံယာသို့ ညွတ်ပြီးသည်ကို ပုဂ္ဂိုလ်သို့ ညွတ်စေ၍ ခံသောကြောင့် "ဇာနံ သံယိကံ လာဘံ ပရိဏာတံ အတ္တနော ပရိဏာမေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ"ဟု လာသော သိက္ခာပုဒ်မှ မလွတ်-ဟု မှတ်ရာ၏။ မလွတ်လျှင် မည်သို့ ဝိနည်းကံလာသည်ကို သိလိုပါသည်- မိန့်မှာ တော်မူလိုက်သည်မှာ ထိုနိဿဂ္ဂိယဖြစ်သောကျောင်းကို သုံးဆောင်တိုင်း, သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ်သို့ ရောက်၏။ ထိုကျောင်းကို သံယာ, ဂိုဏ်း, ပုဂ္ဂိုလ်ထံ၌ စွန့်အပ်၏။ ထို ၃-ပါးတို့တွင် သံယာထံ၌ စွန့်လိုသည်ဖြစ်အံ့။ လက်ကန်တော့စမ္ပယ်တင်၍ ဆောင့်ကြောင့် ထိုင်၍ လက်အုပ်ချီ၍-

> ဣဒံ မေ ဘန္တေ ဇာနံ သံယိကံ လာဘံ ပရိဏာတံ အတ္တနော ပရိဏာမိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံယဿ နိဿဇ္ဇာမိ။ (ဝိ၊၁း၃၈၀) –

ဟု ဆို၍ သံယာထံ၌ စွန့်အပ်၏။ စွန့်ပြီးသော ရဟန်းသည်-

> အဟံ ဘန္တေ ဧကံ နိဿဂ္ဂိယံ ပါစိတ္တိယံ အာပန္နော၊ တံ ပဋိဒေသေမိ။ –

ဟု ဆို၍ ဒေသနာကြားအပ်၏။ ၂-ပါးသော နိဿဂ္ဂိယပါစိတ်အာပတ်ဖြစ်မူ-

> အဟံ ဘန္တေ ဒွေ နိဿဂ္ဂိယာနိ ပါစိတ္တိယာနိ အာပန္နော၊ တာ အာပတ္တိယော ပဋိ-ဒေသေမိ။ – ဟု ဆို၍ ကြားအပ်၏။

၃-ပါးမှ စ၍ အများဖြစ်မူ "သမ္ဗဟုလာ"ဆို၍ ကြားအပ်၏။ ထိုနိဿဂ္ဂိရဟန်းသည် သံယာထံ အာပတ်ကို ဒေသနာကြားလတ်သော် သံယာတို့၏အတွင်း၌ ဗျတ္တိ, ဗလနှင့် ပြည့်စုံသော တစ်ယောက်သော ရဟန်းသည်-

http://www.dhammadownload.com

သုဏာတု မေ ဘန္တေ သံဃော။ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိ သရတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ ဒေသေတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိ ပဋိဂ္ဂဏှေယျံ။ –

ဟု ဥ တ်ပါဠိဖြင့် မိမိကိုယ်ကို သမုတ်၍ အာပတ်ကို ခံပြီးလျှင် "ပဿသိ အာဝုသော တံ အာပတ္တိ"ဟု ၁-ပါးသောအာပတ်ဖြစ်မှု ဆိုရာ၏။ ၂-ပါး, ၃-ပါး အာပတ်အများဖြစ်မှု "ပဿသိ အာဝုသော တာ အာပတ္တိယော"ဟု ဆိုရာ၏။

ဒေသနာကြားသောရဟန်းက "အဟံ ဘန္တေ ပဿာမိ"ဟု ဆိုရာ၏။

- ဒေသနာခံသောရဟန်းက "အာယတိ အာဝုသော သံဝရေယျာသိ"ဟု ဆိုရာ၏။

ကြားသောရဟန်းက "သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ"ဟု ဆိုရာ၏။

- ခံသောရဟန်းက "သာဓု သာဓု"ဟု ဆိုရာ၏။ (ဝိ၊၄။၂၃၅)

ဤဥ တ်အရာ၌ 'ဣတ္ထန္နာမဿ'အရာ၌ အမည်နာမဝိသေသကို ထုတ်၍ ဆိုအပ်၏။ အာကာရန္တ-အဆုံးရှိသော ခေမာ-အစရှိသော အမည်, ဣကာရန္တ-အဆုံးရှိသော နန္ဒိ-စသော အမည်, ဦကာရန္တအဆုံးရှိသော မဏ္ဍူ-အစရှိသော အမည်တို့၌ နာမသဒ္ဒါနှင့်ယှဉ်၍ "ခေမာနာမော ခေမာနာမဿ၊ နန္ဒိနာမော နန္ဒိနာမဿ၊ မဏ္ဍူနာမော မဏ္ဍူနာမဿ"ဟု ယှဉ်ရာ၏။ နောက်ဆိုလတ္တံ့သော ဉာတ်အရာ၌ ဤနည်းအတူ မှတ်အပ်၏။ ဤသို့ ဒေသနာကြားပြီးသော် သံဃာ၏အတွင်း၌ ဗျတ္တိ, ဗလနှင့်ပြည့်စုံသော ရဟန်းသည်–

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ ဇာနံ သံဃိကံ လာဘံ အတ္ထနော ပရိဏာမိတံ ဣတ္ထန္နာမဿ ဘိက္ခုနော နိဿဋ္ဌိယံ သံဃဿ နိဿဋ္ဌံ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ လာဘံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ။ (ဝိ၊၁။၂၉၅) –

ဟု ဥ တ်ထားပြီး၍ သံဃာအား စွန့်သောဝတ္ထုကို ပေးရာ၏။

၃-ပါးသော ဂိုဏ်းအား စွန့်မူကား–

ဣဒံ မေ ဘန္တေ ဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမိတံ နိဿဋ္ဌိယံ။ ဣမာဟံ အာယသ္မန္တာနံ နိဿဇ္ဇာမိ။ –

ဟု ဆို၍ စွန့်ရာ၏။

စွန့်ပြီးသော် ရှေးနည်းအတူ ဒေသနာကြားအပ်၏။ ဒေသနာကြားပြီးသော် ၃-ပါးသော ရဟန်းတို့တွင် ဗျတ္တိ, ဗလနှင့်ပြည့်စုံသော၊ အာပတ်ကို ခံတတ်သော ရဟန်းတစ်ယောက်သည်–

http://www.dhammadownload.com

သုဏန္တု မေ အာယသ္မန္တာ၊ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိ သရတိ ဝိဝရတိ ဥတ္တာနိ ကရောတိ ဒေသေတိ၊ ယဒါ'ယသ္မန္တာနံ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိ ပဋိဂ္ဂဏှေယျံ။ (ဝိ၊၄၊၂၃၄) –

ဟု မိမိကိုယ်ကို သမုတ်၍ အာပတ်ကို ခံရာ၏။ ခံပြီးသော် 'ပဿသိ အာဝုသော'-အစ ရှိသည်ဖြင့် ရှေးနည်းအတူ ဆိုရာ၏။ ထို့နောင်မှ စွန့်သောဝတ္ထုကို ပေးရာ၏။ ပေးသော အခါ၌လည်း–

သုဏန္တု မေ အာယသ္မန္တာ၊ ဣဒံ ဇာနံ သံယိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမိတံ ဣတ္ထန္နာမဿ ဘိက္ခုနော နိဿဋ္ဌိယံ အာယသ္မန္တာနံ နိဿဇ္ဇံ။ ယဒါ'-ယသ္မန္တာနံ ပတ္တကလ္လံ၊ အာယသ္မန္တာ ဣမံ လာဘံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျုံ။

(ဝိ၊၁။၂၉၆)ဟု ဥတ်ထား၍ ပေးရာ၏။ ၂-ယောက်သောဝိဏ်းအား စွန့်ရာ၌ကား–

ဣဒံ မေ ဘန္တေ ဇာနံ သံယိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမိတံ နိဿဋ္ဌိယံ။ ဣမာဟံ အာယသ္မန္တာနံ နိဿဇ္ဇာမိ။ –

ဟု ဆို၍ စွန့်ရာ၏။

စွန့်ပြီးသော ၂-ပါးသောရဟန်းထံ၌ ရှေးနည်းအတူ ဒေသနာကြားအပ်၏။ ကြား သည်ရှိသော် ၂-ပါးသောရဟန်းသည် ဥတ်ကို မထားမူ၍ တစ်ယောက်သော ဗျတ္တိ, ဗလနှင့် ပြည့်စုံသော ရဟန်းသည် အာပတ်ကို ခံရာ၏။ ခံ၍ ရှေးနည်းအတူ ဒေသနာက် ဆုံးပြီးသော် ဥတ်မထားဘဲ တစ်ဦးသောရဟန်းသည် "ဣမံ လာဘံ မယံ အာယသ္မတော ဒေမ"ဟူ၍ လည်းကောင်း၊ "ဣမံ ဝတ္ထုံ မယံ အာယသ္မတော ဒေမ"ဟူ၍လည်းကောင်း ဆို၍ ပေးရာ၏။ ထို ၂-ယောက်သော ရဟန်းတို့ထံ ပြုရာ၌ ဝိနည်းက အခြားမရှိပြီ-ဟု အဋ္ဌကထာ၌ ဆိုပြီး၍ ပြုရသောဝိနည်းက အမြွက်မျှကိုသာ ပြတော်မူ၏။ (ဝိ၊၄၊၂။၂၂၄)

ပုဂ္ဂိုလ်အား စွန့်လိုမူ–

ဣဒံ မေ ဘန္တေ ဇာနံ သံယိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမိတံ နိဿဋ္ဌိယံ။ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ –

ဟု ဆို၍ စွန့်ရာ၏။

စွန့်ပြီးသောအာပတ်ကို ရှေးနည်းအတူ ဒေသနာကြားရာ၏။ အာပတ်ကို ခံသော ရဟန်းသည် တစ်ယောက်တည်းဖြစ်၍ ဥတ်ဖြင့် သမုတ်ခြင်း-စသည်ကို မပြုရပြီ။ ဒေသနာ ကြားသည်ကို ခံသာ ခံရတော့သည်။ ခံပြီး,ကြားပြီး၍ စွန့်သောဝတ္ထုကို "ဣမာဟံ လာဘံ

http://www.dhammadownload.com

အာယသ္မတော ဒမိ့(ဒမ့်)"ဟု ဆို၍ ပေးရာ၏။ ဤသို့ ဝိနည်းကံကို ပြု၍ရသော ပစ္စည်းသည် စင်ကြယ်သည်ဖြစ်၍ အာပတ်သင့်ခြင်းကို မပြုတတ်။ နှေးလှုပ်ပြတိုင်း ပုဂ္ဂလိကပင်ဖြစ်၍ ထိုကျောင်းရှင်ရဟန်းသည် အစိုးတရ ပုဂ္ဂလိကပင် သုံးဆောင်ခြင်းငှာ ထိုက်၏-ဟူလိုသော်။

အကယ်၍ ကျောင်းဒါယကာသည် ပုဂ္ဂိုလ်ကို ရည်၍ ကျောင်းကို ဆောက်လုပ်ပြီးသော် လှူခါနီးဆဲဆဲကာလတွင် "သံဃာကို ရည်၍ သံယိက လှူလိုပါသည်" လျှောက်ထားပြောဆိုလျှင် "ငါတို့ ကြီးပြီးသောသူတို့မှာ အသင့်အတင့် ဆင်ခြင်နိုင်တော့မည်။ ငါ့မှာ ငါ့ချည်းလည်း မဟုတ်၊ သူငယ်, ရှင်ငယ်တို့နှင့် နေရမည်ဖြစ်သည်၊ သံယိကကျောင်းသည် အသုံးအဆောင်ခက်သည်"၊ ပုဂ္ဂိုလ်က(ကို) ဆိုသောကြောင့် "ကိုယ်တော်တို့ အသုံးအဆောင်ခက်လျှင် ပုဂ္ဂလိကပင် လှူပါတော့မည်"ဆို၍ ပုဂ္ဂလိကခံခြင်းကြောင့် သံဃာသို့ ညွှတ်လေပြီးသောလာဘ်ကို ပုဂ္ဂိုလ်သို့ ညွှတ်စေရာ မရောက်၊ မိမိသို့လည်း ညွှတ်စေရာ မရောက်၊ မရောက်သောကြောင့် နိဿဂ္ဂိယပါစိတ်အာပတ်လည်း မသင့်၊ သုဒ္ဓပါစိတ်အာပတ်လည်း မသင့်-ဟု မှတ်ရာ၏။

အဘယ်ကြောင့်နည်းဟူမူကား အတ္ထာပတ္တိအားဖြင့် သံယိကလာဘ်ကို ပုဂ္ဂိုလ်သို့ ညွှတ်စေရာရောက်သော်လည်း ဝိနည်းအရာ၌ များသောအားဖြင့် ဆိုအပ်သောစကားဖြင့်သာ ဆုံးဖြတ်အပ်သောကြောင့်တည်း။ အချို့သော အဒိန္နာဒါန်-အစရှိသော သိက္ခာပုဒ်တို့၌ ပရိယာယ်ဆို၍ ပါရာဇိကသို့ မရောက်သကဲ့သို့တည်း။ ပုဂ္ဂိုလ်သည် မိမိသို့, သံဃာသို့ ညွှတ်လေပြီးသော လာဘ်ကို လှူစဉ်ဆဲဆဲတွင် "ပုဂ္ဂလိက လှူပါ၊ ငါ့အား လှူပါ"ဟူ၍ ဆိုသော်သာ သံယိကလာဘ်ကို မိမိသို့ ညွှတ်စေရာရောက်၏။ ရောက်သောကြောင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ တပါးသောပုဂ္ဂိုလ်ကို ရည်ညွှန်း၍ "ပုဂ္ဂလိက လှူပါ"ဟု ဆိုမူကား သံယိကလာဘ်ကို ပုဂ္ဂိုလ်တပါးသို့ ညွှတ်စေရာ ရောက်၏။ ရောက်သောကြောင့် သုဒ္ဓပါစိတ်အာပတ်သင့်၏-ဟု သန္နိဋ္ဌာန်ကျ မှတ်ရာ၏။

သီးလုံးဆရာတော်ဘုရားကြီးအဆုံးအဖြတ် သေနာသနပဋိဂ္ဂဟဝိနိစ္ဆယ ပြီး၏။

★★★★★★

http://www.dhammadownload.com

သီးလုံးဆရာတော်

{ ၂၄ } အပလောကနကမ္မဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ရှင်ဇယန္တ လျှောက်ပါသည် သီးလုံးဆရာတော်ဘုရား။ ကျောင်းကို သမုတ်ရာ၌-

- ဥ တ္တိဒုတိယကမ္မဝါစာဖြင့် သမုတ်သောနည်း,
- အပလောကနကံဖြင့် သမုတ်သောနည်း,
- ကဏ္ဏကသာမဏေကို အပလောကနကံဖြင့် ပြဟ္မဒဏ်ပေးသောနည်း,
- ဆန္နရဟန်းကဲ့သို့သော ရဟန်းတို့အား ပြဟ္မဒဏ်ပေးသောနည်း,
- သံယိကသစ်ပင်ကို ကတိကဝတ်ပြုသောနည်း,
- သံယိကသစ်ပင်မှ သစ်သီးတို့ကို သူနာ-စသော ကိုယ်ဝန်ဆောင်မိန်းမတို့အား ရည်၍ တောင်းလာသည်ကို ပေးစိမ့်သောဌာ သမုတ်သော ဥ တ်ကမ္မဝါစာ အပလောကနကံပြုနည်း၊

ပါဠိအစဉ်တို့ကို ဘုရားတပည့်တော်မှ စ၍ နောက်သားနောင်လာ သိသာနုသိသ ပရံပရ အဆက်ဆက် မှတ်သားပါရအောင် ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့မှ ထုတ်နုတ်ရေးသား၍ ပေးသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား"။

လျှောက်ထားချက်အရ အပလောကနကမ္မဝိနိစ္ဆယ-စသည်ကို ပါဠို, အဋ္ဌကထာ, ဋီကာတို့မှ ထုတ်နုတ်၍ ဆုံးဖြတ်ပေအံ့။

http://www.dhammadownload.com

[၁] မိစ္ဆာဒိဋ္ဌိအယူရှိသော သာမဏေကို နှင်ထုတ်သော အပလောကနကံပြုနည်း

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမံ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နေယျ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣတ္ထန္နာမံ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နတိ၊ ယဿာ ယသ္မာတော ခမတိ ဣတ္ထန္နာမဿ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ။ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတော သံဃေန ဣတ္ထန္နာမော ဝိဟာရော ကပ္ပိယဘူမိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။ (သမ္မုတိကဏ္ဍကမ္မဝါစာ၊မဟာဝဂ္ဂ။၃၃၆)

ကမ္မဝါစံ အဝတ္ဝာ အပလောကနေနာပိ ဝဋ္ဋတိယေဝ။(မဟာဝါအဋ္ဌကထာ။၃၇၉)

အပလောကနကံ ပြုလိုလျှင်-

အပလောကနကမ္မံ နာမ သီမဋ္ဌကသံဃံ သောဓေတ္ဝာ ဆန္နာရဟာနံ ဆန္ဒံ အာဟရိတ္ဝာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတ္ဝာ ကတ္တဗ္ဗကမ္မံ။

ဟု အဋ္ဌကထာ(ဝိဋ္ဌ၄။၃၉၊၂၄၃)မိန့်သောကြောင့် သီမဋ္ဌကသံဃာကို သုတ်သင်ပြီး၍ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ပြီး၍ ညီညွတ်သော ကိုယ်,စိတ်ရှိသော သံဃာ၏ အလိုအားဖြင့် ၃-ကြိမ်ကြား၍ ပြုအပ်၏။

ကြားရမည့် စကားအစဉ်ကား-

သံဃံ ဘန္တေ ပုစ္ဆာမိ၊ ဣတ္ထန္နာမဿ ဝိဟာရဿ ကပ္ပိယဘူမိယာ *(ကပ္ပိယဘူမိယာ)* **သမ္မုတိ၊ ရုစ္စတိ သံဃဿာတိ။ ဒုတိယမ္ပိ။ တတိယမ္ပိ ဘန္တေ သံဃံ ပုစ္ဆာမိ ။ပ။ ရုစ္စတိ သံဃဿာတိ။** (ဗားကရာဆရာတော် အပလောကနကံပြုနည်း)

ဤကုဋိသမုတ်ရာ၌ ဉတ္တိဒုတိယကမ္မဝါစာ၌လည်းကောင်း, အပလောကနကံ၌လည်းကောင်း ဣတ္ထန္နာမော၏အရပ်တွင် ခေါ်ဝေါ်နေကျ ကျောင်း၏အမည်ကို ထည့်၍ ဖတ်ရွတ်ရမည်။

အခြို့သောဆရာတို့သည် အပလောကနကံကို ဂါမခေတ်ကို မသိမ်းမူ၍ ဥပစာရသိမ်၌ပင် ပြုအပ်၏-ဟု အယူရှိ၍ ကုဋိသမုတ်ခြင်းကိုလည်း ပြုကြကုန်၏။

ထိုဆရာတို့ဝါဒကို-

http://www.dhammadownload.com

အပလောကနကမ္မံ နာမ သီမဋ္ဌကသံယံ သောဓေတွာ ဆန္နာရဟာနံ ဆန္ဒံ အာဟ-
ရိတွာ သမဂ္ဂဿ သံယဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗကမ္မံ။

ဟူသော ဤအဋ္ဌကထာ(ဝိဇ္ဈ၊၄။၃၉၊၂၄၃)ပါဠိကို ထောက်၍ အပလောကနကံကိုလည်း ဉ တွိ-ဒုတိယ-စသော ကမ္မဝါစာဖတ်ခြင်းငှာ ထိုက်သော ဗဒ္ဓသီမ်, အဗဒ္ဓသီမ် ၂-ပါးဠိသာ ပြုအပ်၏-ဟု ဝိနယာလင်္ကာရဋီကာ(၂။၂၆၈၊၂၈၁)ဆရာ ပယ်တော်မူသည်။

အချို့သောဆရာတို့သည် ဉ တွိဒုတိယကမ္မဝါစာဖြင့် ကုဋိသမုတ်ခြင်းကို ပတ္တနိ-ကုဇ္ဇနံ-စသည်တို့ဖြင့်ကဲ့သို့ မျက်ကွယ်၌ပြုသော်လည်း အပ်၏-ဟု ဆို၍ ခဏ္ဍသီမ်သို့ သွား၍ ဉ တွိဒုတိယကမ္မဝါစာဖြင့် သမုတ်ကြကုန်၏။ ထိုဆရာတို့၏ ဝါဒကိုလည်း-

သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မန္တိ ဧတ္ထ
အတ္ထိ ကမ္မံ သမ္မုခါကရဏီယံ၊ အတ္ထိ အသမ္မုခါကရဏီယံ။ တတ္ထ အသမ္မုခါ-ကရဏီယံ နာမ ဒ္ဝေနုပသမ္ပဒါ, ပတ္တနိက္ကုဇ္ဇနံ, ပတ္တုက္ကုဇ္ဇနံ, ဥမ္မတ္တကဿ ဘိက္ခုနော ဥမ္မတ္တကသမ္မုတိ သေက္ခာနံ ကုလာနံ သေခသမ္မုတိ, ဆန္နဿ ဘိက္ခုနော ပြဟ္မဒဏ္ဍော, ဒေဝဒတ္တဿ ပကာသနီယကမ္မံ, အပ္ပသာဒနီယံ ဒဿေန္တဿ ဘိက္ခုနော ဘိက္ခုနိသံယေန ကာတဗ္ဗံ အဝန္ဒိယကမ္မန္တိ အဋ္ဌဝိဓံ ဟောတိ။ တံ သဗ္ဗံ တတ္ထ တတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဣဒံ အဋ္ဌဝိဓံပိ ကမ္မံ သမ္မုခါ ကတံ သုကတံ ဟောတိ အကုပ္ပံ။

သေသာနိ သဗ္ဗကမ္မာနိ သမ္မုခါ ဧဝ ကာတဗ္ဗာနိ၊ သံယသမ္မုခတာ ဓမ္မသမ္မု-ခတာ ဝိနယသမ္မုခတာ ပုဂ္ဂလသမ္မုခတာတိ ဣမံ စတုဗ္ဗိဓံ သမ္မုခါဝိနယံ ဥပနေတွာဝ ကာတဗ္ဗာနိ။ ဧဝံ ကတာနိ ဟိ သုကတာနိ ဟောန္တိ။ ဧဝံ အကတာနိ ပနေတာနိ ဣမံ သမ္မုခါဝိနယသင်္ခါတံ ဝတ္ထုံ ဝိနာ ကတတ္တာ ဝတ္ထုဝိပန္နာနိ နာမ ဟောန္တိ။ တေန ဝုတ္တံ 'သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မန္တိ။ –

ဟူသော အဋ္ဌကထာ(ဝိဇ္ဈ၊၄။၂၄၄)ပါဠိဖြင့် ဒ္ဝေနုပသမ္ပဒ-အစရှိသော ၈-ပါးသော ကံတို့ကို သာ မျက်ကွယ်၌ ပြုအပ်၏။ ကြွင်းသော အလုံးစုံသောကံတို့ကို မျက်ကွယ်၌ ပြုသည်ရှိသော် ဝတ္ထုဝိပန္နအဓမ္မကံ မည်၏-ဟု လာရကား မသင့်-ဟု ပယ်ရာ၏။

ဧတရဟိ သစေပိ သာမဏေရော ဗုဒ္ဓဿ ဝါ ဓမ္မဿ ဝါ သံယဿ ဝါ အဝဏ္ဏံ ဘဏတိ၊ အကပ္ပိယံ ကပ္ပိယန္တိ ဒီပေတိ မိစ္ဆာဒိဋ္ဌိကော ဟောတိ။ အန္တဂ္ဂါဟိ-ကာယ ဒိဋ္ဌိယာ သမန္နာဂတော၊ သော ယာဝတတိယံ နိဝါရေတွာ တံ လဒ္ဓိ

http://www.dhammadownload.com

နိဿဇ္ဈာပေတတ္တော့။ နော စေ ဝိဿဇ္ဇေတိ၊ သံယံ သန္ဓိပါတေတ္တာ ဝိဿဇ္ဇေဟီတိ ဝတ္တတ္တော့။ နော စေ ဝိဿဇ္ဇေတိ၊ ဗျတ္တေန ဘိက္ခုနာ အပလောကနကမ္မံ ကတ္တာ နိဿာရေတတ္တော့။ ဧဝဉ္စ ပန ကမ္မံ ဝါ ကာတဗ္ဗံ–

သံယံ ဘန္တေ ပုစ္ဆာမိ "အယံ ဣတ္ထန္နာမော သာမဏေရော ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အဝဏ္ဏဝါဒီ မိစ္ဆာဒိဋ္ဌိကော၊ ယံ အညေ သာမဏေရာ လဘန္တိ ဒိရတ္တ-တိရတ္တံ ဘိက္ခူဟိ သဒ္ဓိံ သဟသေယျံ၊ တဿ အလာဘာယ နိဿာရဏာ ရုစ္စတိ သံဃဿာ"တိ။ ဒုတိယမ္ပိ။ တတိယမ္ပိ ဘန္တေ သံယံ ပုစ္ဆာမိ "အယံ ဣတ္ထန္နာမော သာမဏေရော ဗုဒ္ဓဿ ။ပ။ ရုစ္စတိ သံဃဿာ"တိ။ စရ ပိရေ ဝိနဿာတိ။

သော အပရေန သမယေန "အဟံ ဘန္တေ တာလတာယ အညာဏာတာယ အလက္ခိကတာယ ဧဝံ အကာသိ၊ သွာဟံ သံယံ ခမာပေမီ"တိ ခမာပေန္တော ယာဝတတိယံ ယာစာပေတ္တာ အပလောကနကမ္မေနေဝ ဩသာရေတတ္တော့။ ဧဝံ ပန ဩသာရေတတ္တော့၊ သံယမဿေ ဗျတ္တေန ဘိက္ခုနာ သံယဿ အနုမတိယာ သာဝေတဗ္ဗံ–

သံယံ ဘန္တေ ပုစ္ဆာမိ "အယံ ဣတ္ထန္နာမော သာမဏေရော ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အဝဏ္ဏဝါဒီ မိစ္ဆာဒိဋ္ဌိကော၊ ယံ အညေ သာမဏေရာ လဘန္တိ ဘိက္ခူဟိ သဒ္ဓိံ ဒိရတ္တတိရတ္တံ သဟသေယျံ၊ တဿ အလာဘာယ နိဿာရိတော၊ သွာ'ယံ ဣဒါနိ သောရတော နိဝါတဝုတ္တိ၊ လဇ္ဇိဓမ္မံ ဩက္ကန္တော ဟိရောတ္တပ္ပေ ပတိဋ္ဌိတော ကတဒဏ္ဍကမ္မော အစ္စယံ ဒေသေတိ၊ ဣမဿ သာမဏေရဿ ယထာ ပုရေ ကာယသမောဂဿာမဂ္ဂိဒါနံ ရုစ္စတိ သံဃဿာ"တိ။ ဧဝံ တိက္ခတ္တုံ ဝတ္တဗ္ဗံ။ ဧဝံ အပလောကနကမ္မံ ဩသာရဏာဉ္စ နိဿာရဏာဉ္စ ဂဇ္ဈတိ။　(ဝိ၊၅၊၄။၂၅၀၊၂၅၁)

----- × -----

[၂] ဗြဟ္မဒဏ်ပေးသော အပလောကနကံပါဠို

နု ကေဝလံ ပနေသ ဆန္နသေဝ ပညတ္တော၊ ယော အညောပိ ဘိက္ခု မုခရော ဟောတိ၊ ဘိက္ခူ ဒုရုတ္တဝစနေဟိ ယဉ္ဇေန္တော ခုံသေန္တော ဝမ္ဘေန္တော ဝိဟရတိ၊ တဿပိ ဒါတတ္တော့။ ဧဝဉ္စ ပန ဒါတတ္တော့၊ သံယမဿေ ဗျတ္တေန ဘိက္ခုနာ သံယဿ အနုမတိယာ သာဝေတဗ္ဗံ–

ဘန္တေ ဣတ္ထန္နာမော ဘိက္ခူ မုခရော ဘိက္ခု ဒုရုတ္တဝစနေဟိ ယဉ္ဇေန္တော ဝိဟရတိ၊ သော ဘိက္ခု ယံ ဣစ္ဆေယျ၊ တံ ဝဒေယျ၊ ဘိက္ခူဟိ ဣတ္ထန္နာမော ဘိက္ခု

http://www.dhammadownload.com

နေဝ ဝတ္တတ္ထော၊ န သြဝဒိတတ္ထော၊ န အနုသာသိတတ္ထော။ သံယံ ဘန္တေ ပုစ္ဆာမိ၊ 'ဣတ္ထန္နာမဿ ဘိက္ခုနော ပြဟ္မဒဏ္ဍဿ ဒါနံ ရုစ္စတိ သံယဿာ'တိ။ ဒုတိယမ္ပိ ပုစ္ဆာမိ။ တတိယမ္ပိ ပုစ္ဆာမိ၊ 'ဣတ္ထန္နာမဿ ဘန္တေ ဘိက္ခုနော ပြဟ္မဒဏ္ဍဿ ဒါနံ ရုစ္စတိ သံယဿာ'တိ။ (ဝိ၊၅၊၄။၂၅၁)

တဿ အပရေန သမယေန သမ္မာ ဝတ္တိတ္တာ ခမာပေန္တဿ ပြဟ္မဒဏ္ဍော ပဋိပ္ပဿမ္ဘေတတ္ထော။ ဧဝဉ္စ ပန ပဋိပ္ပဿမ္ဘေတတ္ထော။ ဗုတ္ထေန ဘိက္ခုနာ သံယမဿေ သာဝေတဗ္ဗံ–

ဘန္တေ ဘိက္ခုသံယော အသုကဿ ဘိက္ခုနော ပြဟ္မဒဏ္ဍံ အဒါသိ။ သော ဘိက္ခု သောရတော နိဝါတဝုတ္တိ လဇ္ဇီမဲ့ ဩကပ္ပနွော ဟိရောတ္တပ္ပေ ပတိဋ္ဌိတော ပဋိသဓီ အာယတိ သံဝရေ တိဋ္ဌတိ၊ သံယံ ဘန္တေ ပုစ္ဆာမိ၊ 'တဿ ဘိက္ခုနော ပြဟ္မဒဏ္ဍဿ ပဋိပ္ပဿဒ္ဓိ ရုစ္စတိ သံယဿာ'တိ။

ဧဝံ ယာဝတတိယံ ဝတ္တာ အပလောကနကမ္မေနေဝ ပြဟ္မဒဏ္ဍော ပဋိ-ပ္ပဿမ္ဘေတတ္ထောတိ။ (ဝိ၊၅၊၄။၂၅၁)

----- x -----

[၃] သစ်သီး,သစ်ပင်ကို အပလောကနကံ ပြုသောပါဠိ (အပလောကနကံပြုနည်း)

ဒေန္တေန ပန သံယံ သန္ဓိပါတာပေတွာ ယာဝတတိယံ သာဝေတွာ အပ-လောကနကမ္မံ ကတ္တာဝ ဒါတဗ္ဗံ၊ ဧဝဉ္စ ပန ကာတဗ္ဗံ။ ဗုတ္ထေန ဘိက္ခုနာ သံယဿ အနုမတိယာ သာဝေတဗ္ဗံ–

သာမန္တဂါမေဟိ မနုဿာ အာဂန္တွာ ဂိလာနာဒီနံ အတ္ထာယ ဖလာဖလံ ယာစန္တိ၊ သံယံ ဘန္တေ ပုစ္ဆာမိ။ ဒွေ နာဠိကေရာနိ၊ ဒွေ တာလဖလာနိ၊ ဒွေ ပနသဖလာနိ ပဉ္စ အမ္ဗဖလာနိ၊ ပဉ္စ ကဒလိဖလာနိ ဂဏှန္တာနံ အနိဝါရဏံ အသုကရုက္ခတော စ အသုကရုက္ခတော စ ဖလံ ဂဏှန္တာနံ အနိဝါရဏံ ရုစ္စတိ သံယဿာတိ။ ။ ဒုတိယမ္ပိ ဘန္တေ သံယံ ပုစ္ဆာမိ။ ဒွေ နာဠိကေရာနိ ။ပ။ ရုစ္စတိ သံယဿာတိ။ ။ တတိယမ္ပိ ဘန္တေ သံယံ ပုစ္ဆာမိ။ ဒွေ နာဠိကေရာနိ ။ပ။ ရုစ္စတိ သံယဿာတိ သာမန္တဂါမေဟိ မနုဿာ အာဂန္တွာ ဂိလာနာဒီနံ အတ္ထာယ ဖလာဖလံ ယာစန္တိ။ သံယံ ဘန္တေ ပုစ္ဆာမိ။ အသုကရုက္ခတော စ အသုကရုက္ခတော စ ဖလံ ဂဏှန္တာနံ အနိဝါရဏံ ရုစ္စတိ သံယဿာတိ တိက္ခတ္တုံ ဝတ္တဗ္ဗံ။ (ဝိ၊၅၊၄။၂၅၆)

http://www.dhammadownload.com

[၄] သစ်သီး,သစ်ပင်ကို အပလောကနက် ပြုသောပါဠို (ကတိကဝတ်ပြုနည်း)

ကတိကဝတ္တံ ဝါ ကတ္တာ ဌပေတဗ္ဗံ။ ဧဝဉ္စ ပန ကာတဗ္ဗံ။ ဗျတ္တေန ဘိက္ခုနာ သံယဿ အနုမတိယာ သာဝေတဗ္ဗံ–

သာမန္တဂါမေဟိ မနုဿာ အာဂန္တွာ ဂိလာနာဒီနံ အတ္ထာယ ဖလာဖလံ ယာစန္တိ။ ဒွေ နာဠိကေရာနိ၊ ဒွေ တာလဖလာနိ ဒွေ ပနသဖလာနိ၊ ပဉ္စ အမ္ဗဖလာနိ၊ ပဉ္စ ကဒလိဖလာနိ၊ ဂဏှန္တာနံ အနိဝါရဏံ အသုကရုက္ခတော စ အသုကရုက္ခတော စ ဖလံ ဂဏှန္တာနံ အနိဝါရဏံ ရုစ္စတိ ဘိက္ခု သံယဿာတိ တိက္ခတ္တုံ ဝတ္တဗ္ဗံ။

(ဝိ၊၄၊၄။ ၂၅၆)

တတော ပဌာယ ဂိလာနာဒီနံ နာမံ ဂဟေတွာ ယာစန္တာ ဂဏှထာတိ န ဝတ္တဗ္ဗာ၊ ဝတ္တုံ ပန အာစိက္ခိတဗ္ဗံ "နာဠိကေရာဒီနိ ဣမိနာ နာမ ပရိစ္ဆေဒေန ဂဏှန္တာနံ အသုကရုက္ခတော စ အသုကရုက္ခတော စ ဖလံ ဂဏှန္တာနံ အနိဝါရဏံ ကတ"န္တိ။ အနုဝိစရိတွာ ပန "အယံ မဒုရဖလော အမ္ဗော၊ ဣတော ဂဏှထာ"တိပိ န ဝတ္တဗ္ဗာ။ (ပရိဝါအဋ္ဌကထာ။ ၂၅၆)

----- × -----

[၅] ဘဏ္ဍုကမ္မ အပလောကနက်ပြုနည်း

အနုဇာနာမိ ဘိက္ခဝေ သံယံ အပလောကေတုံ ဘဏ္ဍုကမ္မာယ။

(မဟာဝါပါဠိတော်။ ၁၀၇)

သံယံ ဘန္တေ ပဋိစ္စာမိ။ ဣမဿ ပဏ္ဍုပလာသဿ ဘဏ္ဍုကမ္မံ ရုစ္စတိ သံယဿာတိ။ ။ ဒုတိယမ္ပိ ဘန္တေ သံယံ ပဋိစ္စာမိ ။ပ။ ရုစ္စတိ သံယဿာတိ။ ။ တတိယမ္ပိ ဘန္တေ သံယံ ပဋိစ္စာမိ ။ပ။ ရုစ္စတိ သံယဿာတိ။

ကျောင်းတိုက်အာရာမ်တွင်း၌ သစ်ပင်တို့ကို အပလောကနက်ပြုရာ၌ကား ကျောင်းတိုက်၌ အသီးသီးကုန်သော အကြင်သစ်ပင်တို့ကို သံယာသည် သိမ်းဆည်းစောင့်ရှောက်အပ်ကုန်၏။ အကြင်သစ်ပင်တို့၏ သစ်သီးတို့ကို ခေါင်းလောင်း, ကျောက်စည်တို့ကို ထိုး၍ ဝေဖန်၍ သုံးဆောင်ကုန်၏။ ထိုသစ်ပင်တို့၌ အပလောကနက်ကို မပြုအပ်။ အကြင်သစ်ပင်

http://www.dhammadownload.com

တို့ကို သံယာသည် မသိမ်းဆည်းအပ်ကုန်။ ထိုသစ်ပင်တို့၌ အပလောကနက်ကို ပြုအပ်၏။ ပြုသည်ရှိသော် ရှေး၌ ဆိုအပ်ပြီးသောနည်းဖြင့် ဆန္ဒထိုက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်၍ သံယာကို သုတ်သင်၍ ၄-ပါး, ၅-ပါး-စသော ရဟန်းတို့သည် ဟတ္ထပါသ်သို့ မစွန့်မူ၍ သစ်ပင်ရှိသော ကျောင်းတိုက်၌ စည်းဝေး၍ ဗျတ္တိဗလနှင့်ပြည့်စုံသော ရဟန်းသည် သံယာ၏ အလိုအားဖြင့် ကြားအပ်၏။

ကြားသော ပါဠိ(ပရိ၀၊၆။ ၂၅၄)အစဉ်ကား-

> ဘန္တေ ယံ ဂ္ဂမသ္မိံ ဝိဟာရေ အန္တောသီမာယ သံယသန္တကံ မူလတစပတ္တ-အကုံရဖလခါဒနီယာဒိ အတ္ထိ၊ တံ သဗ္ဗံ အာဂတာနာဂတာနံ ဘိက္ခူနံ ယထာသုခံ ပရိဘုဉ္ဇိတုံ ရုစ္စတီတိ သံယံ ပုစ္ဆာမိ။ ။ ဒုတိယမ္ပိ ဘန္တေ ယံ ဂ္ဂမသ္မိံ ဝိဟာရေ။ ပ။ သံယံ ပုစ္ဆာမိ။ ။ တတိယမ္ပိ ဘန္တေ ယံ ဂ္ဂမသ္မိံ ဝိဟာရေ ။ပ။ သံယံ ပုစ္ဆာမိ။

ဤသို့ ၃-ကြိမ်ရွတ်၍ ပြုအပ်၏။

အကြင်ဂါမခေတ် ကျောင်းတိုက်၌ ၂-ယောက်, ၃-ယောက်သော ရဟန်းတို့သည် သာလျှင် နေကုန်၏။ ထိုရဟန်းတို့သည် ဂါမခေတ်ကျောင်းတိုက်၌နေ၍ ပြုအပ်သော အပလောကနက်, ကတိကဝတ်သည် သံယာသည် ပြုအပ်သည်နှင့် တူသည်သာလျှင်တည်း။ ပြုသည်ရှိသော် ၂-ယောက်, ၃-ယောက်သော ရဟန်းတို့ကို အညီအညွတ် စည်းဝေးစေ၍ ထို ၂-ယောက်, ၃-ယောက်သော ရဟန်းတို့တွင် ၁-ယောက်သော ဗျတ္တိဗလနှင့် ပြည့်စုံသော ရဟန်းသည်-

> ဘန္တေ ယံ ဂ္ဂမသ္မိံ ဝိဟာရေ *(အန္တော)* သီမာယ သံယသန္တကံ မူလတစ-ပတ္တအကုံရပုပ္ဖဖလခါဒနီယာဒိ အတ္ထိ၊ တံ သဗ္ဗံ အာဂတာနာဂတာနံ ဘိက္ခူနံ ယထာသုခံ ပရိဘုဉ္ဇိတုံ အာယသ္မန္တာနံ ရုစ္စတိ။ ။ ဒုတိယမ္ပိ ဘန္တေ ယံ ဂ္ဂမသ္မိံ ဝိဟာရေ ။ပ။ ယထာသုခံ ပရိဘုဉ္ဇိတုံ အာယသ္မန္တာနံ ရုစ္စတိ။ ။ တတိယမ္ပိ ဘန္တေ ယံ ဂ္ဂမသ္မိံ ဝိဟာရေ ။ပ။ ယထာသုခံ ပရိဘုဉ္ဇိတုံ အာယသ္မန္တာနံ ရုစ္စတိ။
>
> (ဝိ၊၆၊၄။ ၂၅၄)

ဤသို့ ၃-ကြိမ်ရွတ်၍ ပြုအပ်၏။ .

အကြင်ဂါမခေတ် ကျောင်းတိုက်၌ ၁-ယောက်သောရဟန်းသည် နေ၏။ ထိုရဟန်းသည် ဥပုသ်နေ့၌ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စတို့ကို ပြုပြီး၍နေသဖြင့် ပြုအပ်သော ကတိကဝတ်သည်လည်း သံယာသည်ပြုအပ်သည်နှင့် တူ၏။ ပြုသည်ရှိသော် ထို ၁-ယောက်သော

http://www.dhammadownload.com

ရဟန်းသည်–

> ယံ ဣမသ္မိံ ဝိဟာရေ အန္တောသီမာယ သံဃသန္တကံ မူလတစပတ္တာအဂ််ံရပုပ္ပ-
> ဖလခါဒနီယာဒိ အတ္ထိ၊ တံ သဗ္ဗံ အာဂတာနာဂတာနံ ဘိက္ခူနံ ယထာသုခံ
> ပရိဘုဉ်္ဇိတုံ မယ့် ဂုစ္ဆတိ။　။ ဒုတိယမ္ပိ ယံ ဣမသ္မိံ ဝိဟာရေ ။ပ။ ယထာသုခံ
> ပရိဘုဉ်္ဇိတုံ မယ့် ဂုစ္ဆတိ။　။ တတိယမ္ပိ ယံ ဣမသ္မိံ ဝိဟာရေ ။ပ။ ယထာသုခံ
> ပရိဘုဉ်္ဇိတုံ မယ့် ဂုစ္ဆတိ။　– (ဝိ၊၄၊၄၊၂၅၄)

ဤသို့ ၃-ကြိမ်ရွတ်၍ ပြုအပ်၏။

ပြုသောအခါ သစ်သီးအကြိမ်ဖြင့် ပြုခြင်းငှာလည်း အပ်၏။ ၄-လ, ၅-လ, ၆-လ စသည်ဖြင့် လ-ကို ပိုင်းခြား၍လည်းကောင်း၊ ၁-နှစ်, ၂-နှစ်-စသည်ဖြင့် နှစ်ကို ပိုင်းခြား၍လည်းကောင်း ပြုခြင်းငှာ အပ်၏။ ဤသို့ သစ်သီးအကြိမ်, လ, နှစ်တို့ကို ပိုင်းခြား၍ ပြုသည်ရှိသော် ပိုင်းခြားတိုင်းသော ကာလပတ်လုံး သုံးဆောင်၍ ပိုင်းခြားသောကာလ လွန်သည်ရှိသော် တဖန် ကတိကဝတ်ကို ပြုအပ်၏။ သစ်သီးအကြိမ်, နှစ်, လတို့ကို မပိုင်းခြားမူ၍ ပြုအပ်သည်ရှိသော် အကြင်မျှလောက်သောကာလ သစ်ပင်တို့သည် ထင်ရှားတည်ကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး သုံးဆောင်ခြင်းငှာ အပ်၏။

ကတိကဝတ် ပြုအပ်ပြီးသော် အကြင်သစ်ပင်တို့၏ မျိုးစေ့တို့ဖြင့် တပါးကုန်သော သစ်ပင်တို့ကို စိုက်ပျိုးအပ်ကုန်၏။ ထို သစ်ပင်တို့၏လည်း နှေးပြုအပ်ပြီးသော ကတိကဝတ် အပိုင်းအခြားလျှင်တည်း။ ဤကျောင်းတိုက်၌ ကတိကဝတ်ပြုအပ်ပြီးသော သစ်ပင်တို့၏ မျိုးစေ့တို့ဖြင့် တပါးသောကျောင်းတိုက်၌ စိုက်ပျိုးအပ်ကုန်သည်ဖြစ်အံ့။ ထိုသစ်ပင်တို့ကို တပါးသောကျောင်းတိုက်၌ စိုက်ပျိုးအပ်သော သံဃာသည် အစိုးရ၏။

တပါးသောအရပ်မှ မျိုးစေ့တို့ကို ဆောင်၍ နှေးကတိကဝတ်ပြုသော ကျောင်းတိုက်၌ နောက်မှ စိုက်ကုန်သည်ဖြစ်အံ့၊ ထိုသစ်ပင်တို့၌ တပါးသောကတိကဝတ်ကို ပြုအပ်၏။ ကတိကဝတ်ကို ပြုအပ်ပြီးသည်ရှိသော် ပုဂ္ဂလိကအရာ၌ တည်၍ အလိုရှိတိုင်း သစ်သီး-အစရှိသည်တို့ကို သုံးဆောင်ခြင်းငှာ အပ်၏။ ဤကတိကဝတ်ပြုပြီးသော ကျောင်းတိုက်၌ ထိုထိုသို့သောအရပ်ကို စည်း, စောင့်ရန်း, ပရိဝုဏ်တို့ဖြင့် ရံ၍ စောင့်ရှောက်ကုန်သည်ဖြစ်အံ့၊ ထိုစောင့်ရှောက်ကုန်သော ရဟန်းတို့၏ ပုဂ္ဂလိကအရာ၌ တည်ကုန်၏။ တပါးကုန်သော ရဟန်းတို့သည် သုံးဆောင်ခြင်းငှာ မရအပ်ကုန်။ ထိုစောင့်ရှောက်ကုန်သော ရဟန်းတို့သည် သံဃာအား ၁၀-ဖို့, ၁-ဖို့ပေး၍ သုံးဆောင်အပ်ကုန်၏။

http://www.dhammadownload.com

အကြင်ရဟန်းသည် ကျောင်းတိုက်၏အလယ်၌ ရောက်သောသစ်ပင်ကို သစ်ခက်-စသည်တို့ဖြင့် ရံ၍ စောင့်ရှောက်၏။ ထိုရဟန်းအားလည်း ဤနည်းအတူပင် ကျင့်အပ်၏။

ကတိကဝတ်ပြုအပ်ပြီးသော သစ်ပင်တို့မှ သာမဏေတို့သည် မိမိ၏ဆရာ, ဥပဇ္ဈာယ်တို့အား များစွာကုန်သော သစ်သီးတို့ကို ပေးကုန်၏။ တပါးသော ရဟန်းတို့သည် မရကုန်သည်ဖြစ်၍ ကဲ့ရဲ့ရွှတ်ချကုန်သည်ရှိသော် ကဲ့ရဲ့ရွှတ်ချရုံမျှသာ ဖြစ်၏။ ငတ်မွတ်ခေါင်းပါးသောကာလ၌ တစ်ခုသော ပိန္နဲ-စသော သစ်ပင်ကို မှီ၍ ၆-ကျိပ်သော ရဟန်းတို့သည်လည်း အသက်မွေးကုန်၏။ ထိုသို့ သဘောရှိသောကာလ၌ အလုံးစုံသောရဟန်းတို့အား သင်္ကြိုဟ်ထောက်ပံ့ခြင်းကို ပြုခြင်းအကျိုးငှာ ဝေဖန်၍ သုံးဆောင်အပ်၏။

ဤသို့ ဝေဖန်၍ သုံးဆောင်အပ်၏-ဟု ဆိုခြင်းသည် အလျော်ဖြစ်သော သာမိစိဝတ်ကို ပြခြင်းငှာ ဆိုအပ်၏။ မဝေဖန်မူ၍ စားခြင်းကြောင့် အာပတ်ကား မသင့်။ အကြင်မျှလောက်သော ကာလပတ်လုံး ကတိကဝတ်သည် မငြိမ်းသေး၊ ထိုမျှလောက်သော ကာလပတ်လုံး အကြင်ရဟန်းတို့သည် စားအပ်သည် ဖြစ်အံ့၊ ထိုရဟန်းတို့၏ စားခြင်းသည် သုခါဒိတ(သုခါယိတ) ကောင်းစွာ စားအပ်သည်သာလျှင်တည်း။

အဘယ်အခါ၌ ကတိကဝတ်သည် ငြိမ်းကုန်သနည်းဟူမူကား အကြင်အခါ၌ ကိုယ်, စိတ်ညီညွတ်သော သံဃာသည် စည်းဝေး၍ "ဣတော ပဋ္ဌာယ ဘာဇေတွာ ခါဒေန္တု(ခါဒန္တု)" ဟု ဆို၍ ကြားသည်ရှိသော် ကတိကဝတ်သည် ပြီးငြိမ်း၏။ ဤပါဠိအဆိုကို ၃-ကြိမ်ကြားရမည်-ဟူ၍ အဋ္ဌကထာ၌ မလာသော်လည်း ၃-ကြိမ်ကြားလျှင် သင့်ရာသည်။ တစ်ယောက်သော ရဟန်းနေသော ကျောင်း၌ တစ်ယောက်သောရဟန်းသည် "ဣတော ပဋ္ဌာယ ဘာဇေတွာ ခါဒေန္တု(ခါဒန္တု)"ဟု ၃-ကြိမ်ဆို၍ ကြားအပ်သည်ရှိသော် နှေးကတိကဝတ်သည် ငြိမ်းလေတော့သည်။ ကတိကဝတ်ငြိမ်းပြီးသော သံဃိကသစ်ပင်၌ ကတိကဝတ် မပြုအပ်သေးသော သစ်ပင်၌ကဲ့သို့ ကျင့်အပ်၏။

သီးလုံးဆရာတော်ဘုရား၏အဆုံးအဖြတ် အပလောကနကမ္မဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

သီးလုံးဆရာတော်

{ ၂၅ } ဓုဒ္ဓသမဝိနိဆ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရောဝတီမြစ်မင်း၏ ၂-စင်း, ၂-မြွာ ခွဲဖြာရာဖြစ်သော အညာရွှေဖောင်ကျွန်းတော်၏ အနီးအရင်း အင်းရွာကျောင်းနေ တပည့်တော်ရှင်ကေတုမာလာ၊ တောကျောင်းနေ ရှင်ဝိမလာစာရတို့ လျှောက်ပါသည် သီးလုံးဆရာတော်ဘုရား။ ဤဆိုလတ္တံ့သော ၁၄-ပါးသော အရာဌာနတို့၌ ယုံမှားသံသယ နှလုံးနှစ်ခွ ဒွိဟမကင်းရှိသည်ဖြစ်ပါ၍ ယုံမှားသံသယ ဒွိဟကင်းပါစေခြင်းငှာ ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့မှ ထုတ်ဆောင်ရေးသား၍ ပေးသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

"သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉ္ဉိတဗ္ဗံ"ဟူသော ပါဠိတော်(ပါစိတ္တိယ။၁၈၆)နှင့်အညီ မြတ်စွာဘုရားသခင် ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်၌ မဆုတ်မနစ် အားသစ်ကြိုးပမ်း ထမ်းရွက်ဖြည့်ကျင့်ခြင်းငှာ အလိုရှိသည်ဖြစ်၍ ဥစ္စာသယန, မဟာသယနာ-အစရှိသော ၁၄-ပါးသော ဝိနည်းပုစ္ဆာရပ်တို့ကို မေးလျှောက်အပ်ပြီး၊ ဝိနည်းသိက္ခာပုဒ်အရာ-ဟူသည်လည်း သဗ္ဗညုဘုရားရှင်တို့၏ အရာသာဖြစ်၍ အလွန်နက်နဲ သိနိုင်ခဲသောသဘောရှိ၏။ တိပိဋကဓရ ဂန္ထကာရကဖြစ်တော်မူသော ရှေးရှေးသော ဆရာမြတ်တို့သည်ပင်လျှင် တစ်ဦးအယူနှင့် တစ်ဦးအယူ မတူကြဘဲ ကွဲလွဲထူးခြားမပိုင်းခြားနိုင်သောအရာလည်း များစွာရှိသည်။

သို့ဖြစ်၍ မခွမသွေ သေသေချာချာ သည့်နယ်သာ ဟုတ်သည်-ဟု ထုတ်နုတ်ဆုံးဖြတ်ခြင်းငှာ မဝံ့ချေ။ လေ့လာမိသမျှသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ သဘောသက်ရာ ဉာဏ်ထင်ရာကိုသာ ကောင်းစွာထုတ်နုတ်၍ ဖြေဆိုရေးသားပေအံ့။

http://www.dhammadownload.com

တတ္ထ ယုတ္ထံ ဂဟေတဗ္ဗံ။ အယုတ္ထံ ကုစ္ဆိတဗ္ဗကံ။

တတ္ထ၊ ထိုဖြေဆိုလတ္တံ့သည်၌။ ယုတ္တံ့၊ ပါဠို, အဋ္ဌကထာ, ဋီကာတို့နှင့် သင့်တင့်သည်ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ အယုတ္တံ့၊ ပမာဒဖြစ်၍ မသင့်သည်ကို။ ကုစ္ဆိတဗ္ဗကံ၊ စက်ဆုပ်အပ်၏။

[၁] အာသနဝိနိစ္ဆယ

မေး။ ယခုကာလ တရုတ်ပြည်, ကုလားပြည်ကဖြစ်သော ကော်ဇောကို ပကတိကပွဲယ ကော်ဇော-ဟု ယူရမည်၊ ဂေါဏက-စသော အကပွဲယ မဟာသယနအတွင်းသို့ သွင်းရမည်၌ ယုံမှားသံသယရှိပါသည် ဆရာတော်ဘုရား?

ဖြေ။

အာသန္နီ တူလီ ပလ္လင်္ကော၊ ပဋိက် ဂေါနစိတ္တက်။
ပဋလိ ဝိကတိ ဥဒ္ဓ-လောမီ ဧကန္တလောမိကာ။

ကုတ္တံ် ကောသေယျံ် ကဋ္ဌိဿံ၊ ဟတ္ထိအဿရထတ္ထရာ။
ဇိနပွဝေဏိကဒလိ-မိဂပွဝရအတ္ထရာ။

သလောဟိတပီတာနဉ္စ-ဘတော ရတ္တူပဂါနကံ်။
အကပွိယာနိ ဧတာနိ၊ ဒုက္ကဋံ် ပရိဘုဉ္ဇတော။ –

ဟူသော ခုဒ္ဒသိက္ခာဂါထာ(နှာ-၂၁)တို့နှင့်အညီ အာသန္နီ-အစရှိသော ၁၉-ပါးသော နေရာတို့သည် ဥစ္စာသယန, မဟာသယနဖြစ်၍ ရဟန်း, သာမဏေ, ဥပုသ်ဆောက်တည်သော ဒါယကာတို့အား ထိုင်နေခြင်း မအပ်ကုန်။

အာသန္နီ၊ ၁-တောင့်ထွာထက် အခြေရှည်သောနေရာလည်းကောင်း။ တူလီ၊ သစ်လဲ, နွယ်လဲ, မြက်လဲ သွတ်သောနေရာလည်းကောင်း။ ပလ္လင်္ကော၊ အခြေ၌ သားရဲရုပ်ခံသော နေရာလည်းကောင်း။ ပဋိက်၊ ပန်းပြောက်ခြယ်သော ဖြူသောသားမွေးအခင်းလည်းကောင်း။ ဂေါနံ၊ လက် ၄-သစ်ထက်အလွန် အမွေးရှည်သော ကော်ဇောလည်းကောင်း။ စိတ္တက်၊ နံရံပေါက်သဏ္ဌာန်-အစရှိသည်တို့၏အစွမ်းဖြင့် ရက်၍ပြုသော အခင်းလည်းကောင်း။ ပဋလီ၊ ပန်းပြောက်အတိခြယ်သော, နီသောသားမွေးအခင်းလည်းကောင်း။ ဝိကတိ၊ ခြသေ့ရုပ်, သမင်ရုပ်-စသည်ဖြင့် ဆန်းကြယ်သော သားမွေးအခင်းလည်းကောင်း။ ဥဒ္ဓလောမိ၊ တဖက်အမွေးတပ်သော အခင်းလည်းကောင်း။ ဧကန္တလောမိကာ၊ ၂-ဖက် အမွေးတပ်သော အခင်းလည်းကောင်း။

http://www.dhammadownload.com

ကုတ္တံ၊ ၁-ကျိပ် ၆-ယောက်ကုန်သော ကချေသည်တို့ ရပ်၍ က-လောက်သော အခင်းလည်းကောင်း။ ကောသေယျံ၊ ရွှေချည်ဖြင့် ချုပ်အပ်, ခြယ်အပ်သော ပိုးချည်အခင်းလည်းကောင်း။ ကဋ္ဌိဿံ၊ ပိုးချည်အတွင်း ရွှေချည်သွင်း၍ ရက်အပ်သော အခင်းလည်းကောင်း။ ဟတ္ထိအဿရထတ္ထရာ၊ ဆင်ကုန်းနှီး, မြင်းကုန်းနှီး, ရထားကုန်းနှီးလည်းကောင်း။ အဇိနပ္ပဝေဏီ၊ သစ်နက်ရေဖြင့် ညောင်စောင်းပမာဏာ ချုပ်၍ ပြုအပ်သောအခင်းလည်းကောင်း။ ကဒလိမိဂပ္ပဝရာအတ္ထရာ၊ အဝတ်ဖြူထက် ဝံပိုင်ရေ ကြက်၍ပြုအပ်သော မြတ်သော အခင်းလည်းကောင်း။

သလောဟိတပိတာနံ၊ ဗိတာန်နီ ကြက်သည်နှင့်တကွသော။ ဥဘတောရတ္တူပဓာနကဉ္စ၊ ခြေရင်း, ခေါင်းရင်း ၂-ပါး၌ အုံးနှီး ၂-ခုရှိသော နေရာလည်းကောင်း။ အကပ္ပိယာနိ၊ မအပ်ကုန်သော။ ဧတာနိ၊ ထိုနေရာတို့ကို။ ပရိဘုဉ္ဇတော၊ သုံးဆောင်အပ်သော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

ထိုနေရာတို့တွင် **အာသန္ဒီတိ ပမာဏာတိက္ကန္တာသနံ**-(ဝိ၊၄၊၃၊၃၆၉)ဟူရကား ပကတိလူတို့ ၁-တောင်ထွာထက် အခြေရှည်သော၊ ၄-တောင့်စပ်စပ် မဟုတ်သော၊ အုံးထား, လက်တင်မပါသော ညောင်စောင်း,အင်းပျဉ်သည် **အာသန္ဒီ** မည်၏။

"အာဝသိတွာ သမာဒါယတိ သုပ္ပတိ ဇော္ဈာတိ အာသန္ဒီ" ဝိဂြိုဟ်။

"**စတုရဿ အာသန္ဒီကော ပန ပမာဏာ'တိက္ကန္တော ဝဋ္ဋတီတိ ဝေဒိတဗ္ဗော**"- ဟု အဋ္ဌကထာ(စူဠဝ၊၆၊၅၉)ဆိုသောကြောင့် အညီအညွတ် ၄-ထောင့်စပ်စပ်ဖြစ်မူကား အပ်၏။

"**သတ္ထဂေါ နာမ တိသု ဒိသာသု အပဿယံ ကတ္တာ**"(စူဠဝ၊၆၊၅၉)ဟူသောကြောင့် အခြေ ၄-ပါး, အုံးထား, လက်တင်ရှိသော သတ္တဂ်, ပဉ္စဂ် ညောင်စောင်းတို့လည်း အပ်ကုန်၏။ ဝိမတိဋီကာ(၂၊၂၃၇)၌ကား-

အာယတစတုရဿာ ပန သတ္ထဂ်ပဉ္စဂ်ါပိ ဥစ္စာပါဒါ န ဝဋ္ဋန္တိ။ -

ဟု အထူးလာ၏။

အာယတစတုရဿာ ပန၊ လျားလျား ၄-ထောင့်ဖြစ်သော ညောင်စောင်းတို့သည်ကား။ သတ္တဂ်ပဉ္စဂ်ါပိ၊ သတ္တဂ်, ပဉ္စဂ်ဖြစ်သော်လည်း။ ဥစ္စာပါဒါ၊ အခြေမြင့်ကုန်သည်ရှိသော်။ **န ဝဋ္ဋန္တိ**၊ မအပ်ကုန်။

သတ္တဂ်, ပဉ္စဂ်တို့သည် အပ်ကုန်၏-ဟူကြားသော်လည်း အညီအညွတ် ၄-ထောင့်စပ်စပ်မှသာ အပ်သည်။ ခပ်လျားလျားဖြစ်မူ မအပ်။ (ဝိမတိဋီကာရှင်အလို။)

http://www.dhammadownload.com

ခုဒ္ဒသိက္ခာဋီကာသစ်(၃၄၄)၌ကား-

စတုရံသပီဌာနံ ဝိသုံ ကပ္ပိယဘာဝဿ ဝုတ္ထတ္တာ။ သတ္ထဂိါဒယော ပန ဒီဃာတိ ဝိညာယန္တိ။ -

ဟု လာ၏။

အဓိပ္ပါယ်ကား "အနုဇာနာမိ ဘိက္ခဝေ ဥစ္စကမ္မံ အာသန္ဒိကံ"(စူဠဝါဝါဠိ။၂၉၄)ဟု ၄-ထောင့်စပ်စပ် အင်းပျဉ်ကို ခွင့်ပြုပြီးမှ "အနုဇာနာမိ ဘိက္ခဝေ သတ္ထင်"ဟု ပဌဉ်, သတ္ထဉ်ကို အသီးအခွင့်ပြု သောကြောင့် ပဌဉ်, သတ္ထဉ် ညောင်စောင်းတို့သည် အလျား,အရှည် တူငြား သော်လည်း အပ်ပါ၏-ဟူရာ၌လည်း နောက်ဋီကာအရှင်စကား ပါဠိတော်အာဂုံနှင့်ပေ။

"တူလိကာတိ ပကတိတူလိကာယေဝ"(ဝိ၊၄၊၃။၃၆၉)ဟူလိုရကား လဲ ၃-ပါးသွတ်သော အခင်းသည် တုလိက မည်၏။ သားမွေး, သစ်ရွက်, လျှော်ပုဆိုးကြမ်းတို့ကိုသာ ဘုံလျှိုစာ၌ ခွင့်ပြုသောကြောင့် လဲသွတ်သော ဘုံလျှိုကို မှီခြင်းငှာမျှ မအပ်-ဟူ၏။

"ဝိလာနဿ ဗိမ္ဗောဟနမ္ပိ သန္ထရိတွာ ဥပရိ ပစ္စတ္ထရဏံ ကတွာ နိဗ္ဗဋ္ဋိတုံပိ ဝဋ္ဋတိ"ဟု နာသောရဟန်းအား ခေါင်းအုံးပေါ်၌ အိပ်ရသည်ကိုပင် အဋ္ဌကထာ(စူဠဝါ၊၄။၆၀)ဆိုသော ကြောင့် လဲသွတ်သောဘုံလျှိုး၌ ထိုင်ခြင်း, အိပ်ခြင်းကိုသာ ပယ်သည်။ ပမာဏာတိက္ကန္တ ညောင်စောင်းကို မှီကောင်းသကဲ့သို့ မှီကောင်း၏-ဟု ဧကေဆရာတို့ ဆိုကုန်၏။

(ဝဇိရဗုဒ္ဓိစကား။၅၂၅)

တူလပူရိတံ ဘိသိံ အပဿယိတုံ န ဝဋ္ဋတိတိ ကေစိ ဝဒန္တိ။ ဝဋ္ဋတိတိ အပရေ။

(သာရတ္ထဒီပနီ၊၃၊၃၉၅။ "ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ။ ဧတံ ဝိနယလက္ခဏံ"ဟူသည်ကို ရှု။)

အခြေခံ သားရဲရုပ်ရှိသောနေရာသည် ပလ္လင် မည်၏။ အာသန္ဒိ, တူလိ, ပလ္လင် နေရာ ၃-ခုသည် အချင်းခပ်သိမ်း မအပ်သောနေရာတည်း။

"စတုရင်္ဂုလာဒိကလောမော ကောဇဝေါ ဂေါနကောတိ ပဝုစ္စတိ။ ပဋိကာတိ ဥဏ္ဏာမယော သေတတ္ထရဏော"(ခုဒ္ဒသိက္ခာ၊ဋီ၊ပုရာဏ၊၁၉၄။ ဝိ၊၄၊၃။၃၆၉)ဟူသည်နှင့်အညီ သားမွေးဖြင့်ပြီးသော ဖြူသော သားမွေးအခင်းသည် ပဋိက မည်၏။

အထူးထူးအဆင်းရှိသော သားမွေးတို့ဖြင့် နံရံပေါက်သဏ္ဌာန်-အစရှိသည်တို့၏ အစွမ်းဖြင့် ရက်၍ပြုအပ်သောအခင်းသည် စိတ္တက မည်၏။ ဆရာတို့ကား "ဝါနစိတ္တော-ဥဏ္ဏာမယတ္ထရဏကော"ဟူသော အဋ္ဌကထာ(ဝိ၊၄၊၃။၃၆၉)ကို ရှု၍ သားရဲရုပ်ဖြင့် ဆန်းကြယ် သော အခင်းသည် စိတ္တက မည်၏-ဟု ဆိုကုန်၏။ ဝိကတိကအခင်းနှင့် မတူရာသောကြောင့်

http://www.dhammadownload.com

လည်းကောင်း၊ "ဝါဠဓိတြော ဥဏ္ဏမယတ္ထရဏောတိ နာနာဝဏ္ဏောဟိ ဥဏ္ဏမယသုတ္တေဟိ ဘိတ္ထိစ္ဆေဒါဒိဝသေန ဝါယိတွာ ကတစိတ္တတ္ထရဏော"ဟူသော ဋီကာဝိမတိ(၂။၁၈၄)တို့နှင့် ဆန့်သောကြောင့်လည်းကောင်း၊ ဆင်ခြင်။

တခဲနက် ပန်းပြောက်ခြယ်သော, နီသော သားမွေးအခင်းသည် **ပဋလိက** မည်၏။

"ပဋလိတိ ဃနပုပ္ဖရတ္တအတ္ထရဏံ။"(ခုဒ္ဒသိက္ခာဋီကောင်း။၁၄၉)

သားရဲရုပ်တို့ဖြင့် ဆန်းကြယ်သော သားမွေးအခင်းသည် **ဝိကတိက** မည်၏။

"ဥဒ္ဓလောမိတိ ဧကတော ဥဂ္ဂတလောမံ (*ဥဏ္ဏာမယတ္ထရဏံ ဥဒ္ဓလောမိတိပိ ပါဠိဒွော။*)" (အဋ္ဌကထာ။ ဝိ၊ဋ္ဌ၊၃။၃၆၉)၊

"ဧကတော ဒသံ" (ဝိမတိ၊ဋီ၊၂။၂၈၄)၊

"ဧကတော ဥဂ္ဂတပုပ္ဖံ" (ခုဒ္ဒသိက္ခာဋီကာဟောင်း။၁၄၉)–

တို့နှင့်အညီ ဥဒ္ဓလောမိ-ဟူသည်ကား တစ်ဖက်အမွေးတပ်သော အခင်းတည်း။ တစ်ဖက်အဆာရှိသော အခင်း, တစ်ဖက်ပန်းပွင့်ရှိသော အခင်း-ဟူ၍လည်း ဆို၏။

၂-ဖက်အမွေး တပ်သောအခင်းသည် **ဧကန္တလောမိ** မည်၏။

ဧကန္တလောမိတိ ဥဘတော ဥဂ္ဂတလောမံ ဥဏ္ဏာမယတ္ထရဏံ။ (ဝိ၊ဋ္ဌ၊၃။၃၆၉)

၁-ကျိပ် ၆-ယောက်သော ကချေသည်တို့ ရပ်၍က-လောက်သော သားမွေးအခင်းသည် ကုဋ္ဌကမည်၏။ အဘိဓာန်၌ ဥဒ္ဓလောမိ, ဧကန္တလောမိသည်ပင် ထိုပမာဏလောက်ကြီးသော ကုဋ္ဌကမည်၏-ဟု ဆို၏။ ဥဒ္ဓလောမိ, ဧကန္တလောမိလက္ခဏာလည်း ဆိုအပ်ပြီးသည်မှ ပဋိလောမ လာ၏။

ဒ္ဝိဒသေကဒသာနဉ္စ-လောမိ ဧကန္တလောမိနော။
တဒေဝ သောဋ္ဌသိတ္ထိနံ၊ နစ္စယောဂ္ဂံ ဟိ ကုတ္တကံ။ (အဘိဓာန်။ ဂါ။၃၁၃၊၃၁၄)

ဒ္ဝိဒသေကဒသာနိ၊ ၂-ဖက်အဆာရှိသောအခင်း, တစ်ဖက်အဆာရှိသော အခင်းတို့သည်။ ဥဒ္ဓလောမိ ဧကန္တလောမိနော၊ မည်ကုန်၏။ တဒေဝ၊ ထိုဥဒ္ဓလောမိ, ဧကန္တလောမိသည်သာလျှင်။ သောဋ္ဌသိတ္ထိနံ၊ ၁-ကျိပ်, ၆-ယောက်သော ကချေသည်တို့သည်။ နစ္စယောဂ္ဂံ၊ ရပ်၍ က-လောက်မူကား။ ကုတ္တကံ၊ ကုတ္တက မည်၏။ (ဝိ၊ဋ္ဌ၊၃။၃၆၉)

စတုရဂုံလာမိကာနိတိ ဥဒ္ဓလောမိဧကန္တလောမိဟိ ဝိသေသဒဿနံ။ စတုရဂုံလ-တော ဟိ ဥနာနိ ကိရ ဥဒ္ဓလောမိအာဒိသု ပဝိသန္တိ။ (ဝိမတိ၊ဋီ၊၂။၁၈၄)

http://www.dhammadownload.com

ဤသို့ ကျမ်းဂန်လာသောကြောင့်-

- လက် ၄-သစ်ထက် အမွေးရှည်မူ ဂေါနက၊
- ပမာဏကြီးမူ ကုတ္ထက၊
- အမွေးတို့၌ ပမာဏငယ်မူ ဥဒ္ဒလောမီ, ဧကဋ္ဌလောမီ၊ အထူး။

ကဋ္ဌိဿန္တိ ရတနပရိသိဒ္ဓိတံ ကောသေယျကဋ္ဌိဿမယံ ပစ္စတ္ထရဏံ၊ ကောသေယျန္တိ ရတနပရိသိဒ္ဓိတံ ကောသိယသုတ္တမယံ။ -(ဝိ၊၄၊၃၊။၃၆၉)ဟူသည်နှင့်အညီ-

- ပိုးချည်, ရွှေချည် ၂-ပါးရောရှ် ရက်မူကား ကဋ္ဌိဿ၊
- ပိုးထည်တွင် ရွှေချည် ခြယ်လှယ်သည်ကား ကောသေယျ။

ကောသေယျကဋ္ဌိဿမယန္တိ ကောသိယသုတ္တာနံ အန္တရာ သုဝဏ္ဏမယသုတ္တာနိ ပဝေသေတွာ ဝိတံ။ သုဝဏ္ဏသုတ္တံ ကိရ "ကဋ္ဌိဿံ, ကသဋ္ဌ"န္တိ စ ဝုစ္စတိ။

(ဝိမတိ၊ဋီ၊၂။၁၈၄)

"ရတနပရိသိဒ္ဓိတန္တိ သုဝဏ္ဏလိတ္တံ"(ဝိမတိ၊ဋီ၊၂။၁၈၄)ဟူ၍လည်း ဖွင့်သည်။ ကဋ္ဌိဿ-သဒ္ဒါ ရွှေချည်ဟော။ ပိုးချည်သက်သက်ဖြင့် ရက်မူ အပ်၏။

ကဋ္ဌိဿံ ကောသေယျံ ရတန-ပရိသိဒ္ဓိတ'မတ္ထရဏံ ကမာ။
ကောသိယကဋ္ဌိဿမယံ၊ ကောသိယသုတ္တေန ပကတ္စ။ (အဘိဓာန်။၈၊၃၁၅)

ကောသိယကဋ္ဌိဿမယံ ကောသိယသုတ္တကဋ္ဌိဿဝါကေဟိ ပကတမတ္ထရဏံ ကဋ္ဌိဿံ နာမ။ (ဌင်းဋီကာ။၂၁၈)

ဤဋီကာအလိုကား ချည်ကို ကဋ္ဌိဿ-ဟူ၍ ဆို၏။

ရတနပရိသိဒ္ဓိတံ၊ ရွှေချည်ဖြင့် ဆိုးအပ်, ချုပ်အပ်သော။ ကောသေယျကဋ္ဌိဿမယံ၊ ပိုးချည်ဖြင့် လျှော်ချည်ရောရှ် ရက်အပ်သော။ အတ္ထရဏံ၊ သည်။ ကဋ္ဌိဿံ၊ မည်၏။ ကောသိယသုတ္တေန၊ ပိုးချည်ဖြင့်။ ပကတ္စ၊ ရက်အပ်သည်လည်းဖြစ်သော။ ရတနပရိသိဒ္ဓိ-တ္စ၊ ရွှေချည်ဖြင့် ထိုးအပ်,ချုပ်အပ်သည်လည်းဖြစ်သော။ အတ္ထရဏံ၊ သည်။ ကောသေယျံ၊ မည်၏။

ဆင်ကုန်းနှီး, မြင်းကုန်းနှီး, ရထားကုန်းနှီးတို့ကား ထင်ရှားပြီ။ သစ်နက်ရေဖြင့် ညောင်စောင်းပမာဏ ချုပ်၍ပြုသော အခင်းသည် အဇိနပဋဝေဏီ မည်၏။

http://www.dhammadownload.com

အဝတ်ဖြူထက် ဝံပိုင်ရေ ကြက်၍ပြုအပ်သော အခင်းသည် ကဒလိမိဂပဝရအတ္ထရဏ မည်၏။

ဗိတာန်နိန္နင့်တကွ ခြေရင်း, ခေါင်းရင်း၌ အုံးနှီး ၂-ခုရှိသောနေရာသည် သလော-ဟိတဝိတာနဥဘတောရတ္ထုပမာန မည်၏။ ဗိတာန်ဖြူ ကြက်သော်လည်းကောင်း, အနီမဟုတ်သော်လည်းကောင်း အပ်၏။ အုံးကား လဲ ၃-ပါး, ဘုံလျှိုအစာ ၅-ပါးသွတ်၍ သီသပမာဏဖြင့် ချုပ်အပ်၏။ ပမာဏထက် ကြီးသော် မအပ်။

"**စမ္မမယံ ပန ဗိမ္ဗောဟနံ တူလပုဏ္ဏမိ န ဝဋ္ဋတိ**"(ဝိမတိ၊ဋီ၊၂။၂၃၈) ဆိုသောကြောင့် သားရေလွှမ်းသောအုံးကား မအပ်။ "**တူလဝဇ္ဇမသူရကေ**"ဟု ခုဒ္ဒသိက္ခာ(၂၁)၌ ဆိုသောကြောင့် သားရေလွှမ်းသော ဘုံလျှိုအပ်၏။

> သီသပွမာဏံ နာမ ယဿ ဝိတ္ထာရတော တီသု ကဏ္ဏေသု ဒွိန္နံ ကဏ္ဏာနံ အန္တရံ မိနိယမာနံ ဝိဒတ္ထိ စေဝ စတုရင်္ဂုလဉ္စ ဟောတိ၊ မဇ္ဈဋ္ဌာနံ မုဋ္ဌိရတနံ ဟောတိ။ ဒီယသော ပန ဒီယမုရတနံ ဝါ ဒွိရတနံ ဝါတိ ကုရုန္ဒိယံ ဝုတ္တံ။ အယံ သီသပွမာဏဿ ဥက္ကဋ္ဌပရိစ္ဆေဒေါ၊ ဣတော ဥဒ္ဓံ န ဝဋ္ဋတိ၊ ဟေဋ္ဌာ ပန ဝဋ္ဋတိ။

ဟု အဋ္ဌကထာ(စူဠဝါ၊၆၀)ဆိုသောကြောင့် အနံတောင်ဆုပ်, အလျား ၂-တောင်ရှိသော ခေါင်းအုံးသာ အပ်သည်။ တရုတ်ပြည်, ကုလားပြည်ကဖြစ်သော ကော်ဇောသည်–

- အကွက်အကန့် အရေးအသားရှိချေလျှင် စိတ္တက၊
- သမင်ရုပ်, ကျားရုပ်-စသည် ပါချေလျှင် ဝိကတိ၊
- ပန်းနွယ်, ပန်းပြောက်ရှိသော ကောဇောနီဖြစ်မူ ပဋလိက၊
- ပန်းနွယ်,ပန်းပြောက်ရှိသော ကော်ဇောဖြူဖြစ်မူ ပဒိုက၊
- အမြိတ်အဆာ တစ်ဖက်ရှိမူ ဥဒ္ဓလောမီ၊
- ၂-ဖက်ရှိမူ ဧကန္တလောမီ။

အရုပ်မှင်ကား အပြောက်အပြိန်းမပါသော အဖြူသက်သက်, အနီသက်သက် ကော်ဇောသည် ပကတိကောဇဝ ကပ္ပိယအခင်း မည်၏။

"**ပဒိုကာတိ ဥဏ္ဏမယော သေတတ္ထရဏော**"ဟု အဋ္ဌကထာ(ဝိ၊ဋ၊၃။၃၆၉)၌ သာမည ဆိုသော်လည်း ပန်းနွယ်,ပန်းပြောက်ပါမှသာလျှင် ပဒိုကအဝင်ဖြစ်၏။ အဖြူသက်သက် မူကား ကပ္ပိယကော်ဇောပင်။

http://www.dhammadownload.com

အနာပတ္တိ တုလ် ဝါပိ၊ ဗဟုံ ဝါ သဗ္ဗမေဝ ဝါ။
ကရောန္တဿ ဂဟေတွာန၊ ဩဒါတံ ကပိလမ္မိ ဝါ။ –

ဟူသော ဝိနယဝိနိစ္ဆယ(၆၄)ကို ထောက်သည်။

ဩဒါတံ ဝါ၊ သိုးဖြူမွေးကိုလည်းကောင်း။ ကပိလမ္မိ ဝါ၊ သိုးကြောင်မွေးကိုလည်းကောင်း။ တုလံ ဝါပိ၊ တစ်ကြိမ်စီးကိုလည်းကောင်း။ ဗဟုံ ဝါပိ၊ တစ်ကြိမ်စီးထက် များများလည်းကောင်း။ သဗ္ဗမေဝ ဝါ၊ အလုံးစုံ သိုးဖြူမွေးသက်သက်, သိုးကြောင်မွေးသက်သက်ကို လည်းကောင်း။ ဂဟေတွာန၊ ယူ၍။ ကရောန္တဿ၊ အား။ အနာပတ္တိ၊ အာပတ်မသင့်။

ကော်ဇောနက်သည် သက်သက် အနက်များသောကော်ဇော, ပိုးချည်ရောသော ကော်ဇောတို့သည် ဥစ္စာသယန, မဟာသယန မဟုတ်ငြားသော်လည်း ကောသေယျ, သုဒ္ဓ-ကာလကဒ္ဒေဘာဂသိက္ခာပုဒ်တို့ဖြင့် ပယ်သောကြောင့် မအပ်။

အညေန ကတံ ပဋိလဘိတ္ဝာ ပရိဘုဉ္ဇနေ စ ဒုက္ကဋံ။ (အဋ္ဌကထာ)

အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိ ဧတ္ထ ပကတိကောဇဝမေဝ ဝဋ္ဋတိ၊ မဟာပိဋ္ဌိယ-ကောဇဝံ န ဝဋ္ဋတိ။ –

ဟူသော အဋ္ဌကထာ(ဝိနည်းမဟာဝဂ္ဂ၊၌၄၀၁)၌ ပယ်,မပယ်သော မဟာပိဋ္ဌိယကောဇဝ-ဟူသည်လည်း လက် ၄-သစ်ထက် အမွေးရှည်သော ဂေါနကအခင်းပင်တည်း။ ထို့ကြောင့် **"အတိရေကစတုရဏ်လဲ"**ဟု ဋီကာရှင်တို့ မိန့်ကုန်သတည်း။

ဇာတ်အားဖြင့် သင်္ကန်း ၆-ထည်တို့တွင် ကမ္ဗလာ-ဟူသည်ကား **"ကမ္ဗလန္တိ မနုဿ-လောမံ ဝါဠလောမဉ္စ ဌပေတွာ သေသလောမေဟိ ဝါယိတံ"**ဟူသော ခုဒ္ဒသိက္ခာဋီကာ (အဘိနဝ၊၂၇၀)နှင့်အညီ သားမွေးဖြင့် ရက်၍ပြုအပ်သော သင်္ကလပ်ကို ယူရမည်။ ယခုကာလ ကမ္ဗလာ-ဟု ခေါ်ကြသည့်အခင်းကိုကား **"အနုဇာနာမိ ဘိက္ခဝေ နမတကံ"**ဟု ခုဒ္ဒကဝတ္ထု၊ ခန္ဓက(စူဠဝါ၊၂၆၁)၌ ခွင့်ပြုတော်မူအပ်သော နမတကအခင်းတည်း-ဟု ယူရမည်။ (ခုဒ္ဒသိက္ခာနိဿသစ်ဆရာအလို)

နမတကံ နာမ ဧဠကလောမေဟိ ကတံ အဝါယိမံ။ (စူဠဝါအဋ္ဌကထာ၊၅၁)

န ဘိက္ခဝေ ဗာဟိယလောမိ ဥဏ္ဏိ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။
(စူဠဝါ၊ခုဒ္ဒကဝတ္ထုပါဠိတော်၊၂၄၄)

ဗာဟိရလောမီ ဥဏ္ဏိန္တိ ဥဏ္ဏလောမာနိ ဗဟိ ကတ္ဝာ ဥဏ္ဏာပါဝါရံ ပါရုပန္တိ။ တထာ ဓာရေန္တဿ ဒုက္ကဋံ။ လောမာနိ အန္တော ကတ္ဝာ ပါရုပိတံ ဝဋ္ဋတိ။ (ဂဠိအဋ္ဌကထာ၊၄၆)

http://www.dhammadownload.com

ပါဝါရောတိ သလောမကော ကပ္ပါသာဒိဘေဒေါ။(စီဝရခန္ဓကအဋ္ဌကထာ။ ၀။၄၃။၄၀၁)

ဤပါဠိ, အဋ္ဌကထာတို့၌လာသော ပါဝါရ-ဟူသည်ကား ယခုကာလ ချည်ကတ္တီပါ, ပိုးကတ္တီပါတို့ကို ဆိုလိုရိပ်ရှိ၏။ ဆရာတို့ကား စုလျား-ဟူ၍လည်းကောင်း, ပုတီး-ဟူ၍ လည်းကောင်း မြန်မာပြန်ကုန်၏။ "စုလျားရစ်ဖွဲ့၊ နွဲ့ရွဲ့လျှင်၊ ချဲ့.ချဲ့.ကျင်လျက်"ဟူ၍လည်း ကဗျာဆရာတို့ စပ်ကြ၏။

ထိုအာသန္ဒီ, တုလိ, ပလ္လင်-စသော အခင်းတို့ကို သံယိကအားဖြင့်လည်းကောင်း၊ ပုဂ္ဂလိကအားဖြင့်လည်းကောင်း ရလျှင် အဘယ်သို့ ပြုအပ်သနည်းဟူမူ–

> **အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ ပရိဘုဉ္ဇိတုံ။ ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ ပရိဘုဉ္ဇိတုံ။ တူလိကံ ဝိဇ္ဈေတွာ ဗိမ္ဗောဟနံ ကာတုံ။ အဝသေသံ ဘူမတ္ထရဏံ ကာတုံ။** –

ဟူသော သေနာသနက္ခန္ဓကပါဠိတော်(စူဠဝ၀ါ။၃၂၀)နှင့်အညီ အာသန္ဒိမှာ အခြေကို ဖြတ်၊ ပလ္လင််မှာ သားရဲရုပ်ကို ဖျက်၊ တုလိကမှာ လဲကို ဖောက်၍ ခေါင်းအုံးချုပ်၊ ကြွင်းသောနေရာ ၁၆-ကို ဘူမတ္ထရဏလုပ်၍ သုံးလေ။

ဘူမတ္ထရဏဟူသည်ကား 'ဘူမတ္ထရဏံ နာမ ဘူမိယံ အတ္ထရိတဗ္ဗာ ကဋ္ဌသာရကာဒိ-ဝိကတိ'-ဟု အဋ္ဌကထာ(ပါစိတ္တိယဒိ။၄၁)ဆိုသောကြောင့် ဖျာ,နှီးခေါက်-စသည်တို့ကိုကဲ့သို့ မြေပေါ်,ကြမ်းပေါ်တို့၌သာ ခင်း၍ သုံးဆောင်အပ်၏။ ကပ္ပိယခင်းနှီးများကဲ့သို့ ညောင်စောင်း,အင်းပျဉ်ပေါ်၌ မိမိခင်း၍လည်းကောင်း၊ ခင်းစေ၍လည်းကောင်း၊ မစေဘဲ လူတို့ အလျောက် ခင်းသည်ကို လည်းကောင်း မသုံးဆောင်အပ်။ ထို့ကြောင့် အဋ္ဌကထာ(စူဠဝ၀ါ။၄။ ၇၆)၌–

> **ဂေါနကာဒီနိ သံယိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ မဉ္စပီဌကေသု အတ္ထရိတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။** –

ဟု မိန့်အပ်ပြီ။ ထိုဘူမတ္ထရဏအားဖြင့် ခင်းအပ်သည်၌ကား ထိုင်ခြင်း,အိပ်ခြင်းငှာ အပ်၏။

> **ဘူမတ္ထရဏကေ တတ္ထ၊ သယိတုမ္ပိ စ ဝဋ္ဋတိ။** (ဝိနယဝိနိစ္ဆယ။၂၅၆)

ဂင်းဦးကာ(ဝိနယဝိနိစ္ဆယ။၂။၂၂၄)၌–

> **ဘူမတ္ထရဏကေဟိ ဧတ္ထ ကတေတိ သေသော။ တတ္ထာတိ သံယိကေ ဝါ ဂိဟိသန္တကေ ဝါ ဂေဟကာဒိမှိ သဟဓမ္မိကေဟိ အနာဏတ္တေဟိ ဂိဟိ ဧဝ ဘူမတ္ထရဏေ ကတေ။** –

http://www.dhammadownload.com

ဟု လာသည့်အလိုကား ဘူမတ္ထရဏာ ပြုအပ်၏-ဟူသော်လည်း ရဟန်း,သာမဏေတို့ မစေဘဲ လူတို့အလိုအလျောက် ဘူမတ္ထရဏာအဖြစ်ဖြင့် ခင်းမှသာ သုံးကောင်း၏။ ရဟန်း,သာမဏေတို့က ခင်းသော် မအပ်-ဟူလိုသည်။

ဘူမတ္ထရဏာကော၊ မြေအခင်းကို။ ကတော၊ ဒါယကာတို့အလိုအလျောက် ပြုအပ်သော်သာလျှင်။ တတ္ထ၊ ထိုအခင်း၌။ သယိတုမ္မိ စ၊ အိပ်နေခြင်းငှာလည်း။ ဝဋ္ဋတိ၊ အပ်၏။ ဤသို့ အနက်ပေးလေ။

ပဿေနဒီကောသလမင်းကြီး(၏) ဘွားတော်သေ၍ သံယာအား အကပ်ိယအခင်း ဖြစ်လှာသောဝတ္ထုတွင် '**အနုဇာနာမိ ဘိက္ခဝေ။ပ။အဝသေသံ ဘူမတ္ထရဏံ ကာတုံ**'(ဝိ၊၄။၃၂၀) ဟု ဘူမတ္ထရဏာ ပြုစိမ့်သည်ကို ခွင့်ပြုတော်မူသည်။ လူတို့သည် ဆွမ်းစားဇရပ်, ရွာတို့၌ အကပ်ိယအခင်းကို ခင်းအပ်သည်ကို ရဟန်းတို့ ထိုင်ခြင်းငှာ ကုက္ကုစ္စရှိ၍ လျှောက်ထားသည့်ဝတ္ထုတွင် "**အနုဇာနာမိ ဘိက္ခဝေ။ပ။ ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ န တွေဝ အဘိနိပဇ္ဇိတုံ**" ဟု ဘတ္တဂ္ဂဇန္တာယရတို့၌ ဂိဟိဝိကဋ္ဌ အပ်သည်ကို ခွင့်ပြုတော်မူသည်။ (စူဋ္ဌ၀၊။၃၁၃)

အဋ္ဌကထာ(စူဋ္ဌ၀၊။၄။၇၆)၌လည်း-

> **ဂေါနကာဒီနိ သံယိကဝိဟာရေ ဝါ ပဏ္ဍလိကဝိဟာရေ ဝါ မဉ္စပီဌကေသု အတ္ထရိတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။ ဓမ္မာသနေ ပန ဂိဟိဝိကဋ္ဌနိဟာရေန လဒ္ဓန္တိ။ တတြာပိ နိပဇ္ဇိတုံ န ဝဋ္ဋတိ။** -

ဟု ဓမ္မာသန၌သာ ဂိဟိဝိကဋ္ဌနိဟာရေန-လာသည်။ ၎င်းဓမ္မာသနအရာ၌သာ-

> **ဂိဟိဝိကတနိဟာရေန လဒ္ဓန္တိ ဂိဟိ ဝိကတနိဟာရေန ပရိဘုဉ္ဇိတုံ လဒ္ဓန္တိ၊ တေဟိ အတ္ထရိတွာ ဒိန္နာနေဝ နိသီဒိတုံ လဒ္ဓန္တိ။ န သယံ အတ္ထတာနိ ဝါ အတ္ထရာပိတာနိ ဝါ။** -

ဟု သာရတ္ထဒီပနီ(၃။၄၀၄), ဝိမတိဝိနောဒနီတို့၌ လာသည်။

ခုဒ္ဒသိက္ခာဋီကာဟောင်း(၁၅၀)၌လည်း-

> **ယဒိ ဓမ္မာသနေ သံယိကမိဿိ ဂေါနကာဒိ ဘိက္ခူဟိ အနာဏတ္တာ အာရာမိကာဒယော သယမေဝ ပညာပေန္တိ ဧဝေ နိဟရန္တိ စ၊ ဧတံ ဂိဟိဝိကဋ္ဌနိဟာရံ နာမ။** -

ဟု ဓမ္မာသန၌သာ ဂိဟိဝိကဋ္ဌကို ဆိုသည်။ ဘူမတ္ထရဏာ၌ ဂိဟိဝိကတကို မဆိုကြ။ "ဂေါန-ကာဒိနိ ။ပ။ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ"ဟူသော အဋ္ဌကထာ(ဝိ၊၄။၃။၇၆)၌ "အနုဇာနာမိ ဘိက္ခဝေ

http://www.dhammadownload.com

။ပ။ အဝသေသံ ဘူမတ္ထရဏံ ကာတုံ"(ဝိ၎။၃၂၀)ဟု ဘူမတ္ထရဏကိုသာ ခွင့်ပြုတော်မူသော ကြောင့် ဘူမတ္ထရဏမဟုတ်ဘဲ ညောင်စောင်း,အင်းပျဉ်တို့၌ ခင်း၍ သုံးဆောင်ခြင်းကို ပယ်ပြီး၍ ညောင်စောင်း,အင်းပျဉ်ပေါ်၌လည်း မအိပ်ကောင်းသော အရာအထူးကို, ပရိဘောဂအထူးကို ပြခြင်းငှာ "ဓမ္မာသနေ ပန ဂိဟိဝိကတနီဟာရေန လဗ္ဘန္တိ။ တတြာပိ နိပဇ္ဇိတုံ န ဝဋ္ဋတိ"(ဝိ၎၄၊၄။၇၆)ဟု မိန့်တော်မူ၏။ ထိုသို့ ဖြစ်၍ ဘူမတ္ထရဏအားဖြင့် ရဟန်း, သာမဏေတို့ ခင်းကောင်း, ခင်းစေကောင်း, အိပ်နေ ကောင်း၏။ ဃရဘတ္တဂ္ဂဓမ္မာသန-မဟုတ်မူ ညောင်စောင်း, အင်းပျဉ်ပေါ်၌ ဂိဟိဝိကဋ္ဌဖြစ်သော်လည်း မအပ်။ ဓမ္မာသန-စသည်၌ကား ညောင်စောင်း, အင်းပျဉ်ပေါ်၌ ဒါယကာတို့ အလိုအလျောက်ခင်းသည်ကို ထိုင်ခြင်းငှာသာ အပ်သည်၊ အိပ်ခြင်းငှာ မအပ်။ ရဟန်း, သာမဏေတို့ ခင်း၍, ခင်းစေ၍ကား မထိုင်နေအပ်။ ဤသို့ယူလျှင် ပါဠို,အဋ္ဌကထာတို့နှင့် ဆန့်ကျင်စရာ မရှိ။

အာသန္နာဒိတ္ထယာ သေသေ၊ လဗ္ဘတေ ဂိဟိသန္ထကေ။
ဓမ္မာသနေ စ ဘတ္ထဂ္ဂေ၊ ဃရေစာပိ နိသီဒိတုံ။
ဘူမတ္ထရဏသင်္ခေပေ၊ သယိတုဉ္စာပိ ကပ္ပတိ။　　။ (ခုဒ္ဒသိက္ခာ။နှာ-၂၁)

ဎင်းဋီကာ(ခုဒ္ဒသိက္ခာဋီ၊သစ်။၃၄၃)၌-

သယိတုဉ္စာတိ အတ္ထနော ကပ္ပိယပစ္စတ္ထရဏံ အတ္ထရိတွာ သယိတုဉ္စ နိသီဒိတုဉ္စ။ "ပရိဘဏ္ဍကတံ ဘူမိ ဝါ ဘူမတ္ထရဏသေနာသနံ ဝါ သံယိကမဉ္စပီဌံ ဝါ အတ္ထနော သန္တကေန ပစ္စတ္ထရဏေန ပစ္စတ္ထရိတွာဝ နိပဇ္ဇိတဗ္ဗ"န္တိဟိ အဋ္ဌကထာယံ ဝုတ္တံ။ သယိတုဉ္စာပိတိ ဧတ္ထ အပိသဒ္ဒေန နိသီဒိတုဉ္စာတိ အတ္ထံ သမုစ္စိနောတိ။

(ဝိနိစ္ဆယဋီ၊၂။၂၂၄)ဟု ဂေါနက-စသော ဘူမတ္ထရဏ-၌ မိမိ၏ ကပ္ပိယအိပ်ရာခင်းကို လွှမ်းမှသာ အပ်သည်ကို ဆို၏။

ဝိနိစ္ဆယဋီကာ(၂။၂၂၄)၌လည်း-

သယိတုန္တိ ဥပရိ အတ္ထနော ပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုံ ဝဋ္ဋတိ။ -

ဟု ဆို၏။

ထိုဋီကာရှင်တို့သည် သံယိကအခင်းကိုသာ ရည်၍ ဆိုကုန်သည်။ အဘယ့်ကြောင့် သိရသနည်းဟူမူ-

ဝိနိစ္ဆယဋီကာ(၂။၂၂၄)၌ "တတ္ထာတိ သံယိကေ ဝါ ဂိဟိသန္တကေ ဝါ ဂေါနကာဒိမှိ"ဟု ဖွင့်သောကြောင့်လည်းကောင်း၊

http://www.dhammadownload.com

ခုဒ္ဒသိက္ခာဒိကာရှင်သည် သံယိကသေနာသနအရာတွင် လာသော "ပရိဘဏ္ဍကတံ ဘူမိ ဝါ ဘူမတ္ထရဏသေနာသနံ ဝါ"အစရှိသော အဋ္ဌကထာ(၀ိ၊ဋ္ဌ၊၈၇)ကို သာဓကပြုသော ကြောင့်လည်းကောင်း သိရ၏။

တေန ခေါ ပန သမယေန ဘိက္ခူ ဓောတပါဒကာ နိပဇ္ဇိတုံ ကုက္ကုစ္စာယန္တိ။ အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတ္ထာ နိပဇ္ဇိတုံ။ (စူဠဝါသေနာသနက္ခန္ဓကပါဠိတော်။၃ ၂၉)

ပစ္စတ္ထရိတ္ထာတိ ပရိဘဏ္ဍကတံ ဘူမိ ဝါ ။ပ။ နိပဇ္ဇိတဗ္ဗံ။ သစေ နိဒ္ဒါယတောပိ ပစ္စတ္ထရဏေ သင်္ကိုဋ္ဌိတေ ကောစိ သရီရာဝယဝေါ မဉ္စံ ဝါ ပီဌံ ဝါ ဖုသတိ၊ အာပတ္တိ-ယေဝ။ (ဎင်းစူဠဝါအဋ္ဌကထာ။၈၇)

အကယ်၍ ပုဂ္ဂလိကဖြစ်သော ဂေါနက-စသည်တို့ကိုလည်း ရည်၍ဆိုသည်-ဟု ယူသည်ရှိသော် ထိုအဋ္ဌကထာ၌ ဘူမတ္ထရဏနှင့်တကွ လာသောကြောင့် ပုဂ္ဂလိက ပရိဘဏ္ဍကတဘူမိ-စသည်တို့၌ သံယိက၌ကဲ့သို့ အာပတ်သင့်ခြင်းသည် ဖြစ်ရာ၏။ ပုဂ္ဂလိက ၌ကား ဥစ္စာသယနကြောင့်ခြင်းငှာသာ လွှမ်းအပ်သည်။

ဒုဗ္ဗိဇာန'မိဒံ ဌာနံ၊ အာစရိယေန ပုနပ္ပုနံ။
ပုစ္ဆိတ္ထာန ဧသန္တု၊ နယံ ဣတောပိ သုန္ဒရံ။ ။

ပဌမပုစ္ဆာ၏ ဝိသဇ္ဇနာ ပြီး၏။

* * * * * *

[၂] အတ္ထရဏဝိနိစ္ဆယ

မေး။ ဒါယကာတို့က ပုဆိုး, တင်းတိမ်-စသည်တို့ကို 'ခြေသုတ်တော်မူပါ'ဟု ခင်းပါသည်။ ခြေဆေးမှ သုတ်အပ်သည်, မဆေးဘဲ သုတ်အပ်သည်ကိုလည်း ယုံမှားရှိပါသည်။

ဗောဓိမင်းသားသည် သားဆုကို လိုသောကြောင့် ကော်ကနုဒပြာသာဒ်၌ အဝတ်ဖြူ ခင်း၍ "နင်းတော်မူပါ"ဟု လျှောက်သည်ကို နင်းတော်မမူဘဲ ရဟန်းတို့အား "နု ဘိက္ခဝေ စေလပ္ပဋိကာ အက္ကမိတဗ္ဗာ၊ ယော အက္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ"(စူဠဝါ။၂၆၇)ဟု ပညတ် တော်မူသည်။

တစ်ယောက်သော မာတုဂါမသည် အဝတ်ဖြူခင်းပြီးလျှင် ရဟန်းတို့အား "မဂ်လာ အလို့ငှာ နင်းတော်မူပါ"ဟု တောင်းပန်သော်လည်း ကုက္ကုစ္စရှိ၍ မနင်းသည့်ဝတ္ထုတွင် "ဂိဟိ

http://www.dhammadownload.com

ဘိက္ခဝေ မင်္ဂလိကာ။ အနုဇာနာမိ ဘိက္ခဝေ ဂိဟီနံ မင်္ဂလတ္ထာယ ယာစိယမာနေန စေလပ္ပ-ဋိကံ အက္ကမိတုံ"(စူဠဝ။၂၆၈)ဟု တောင်းပန်လျှင် နင်းစိမ့်သောငှာ ခွင့်ပြုတော်မူသည်။

> **စေလပဋိကန္တိ စေလသန္ထရံ။ မင်္ဂလတ္ထာယ ယာစိယမာနေနာတိ အပဂတဂဗ္ဘာ ဝါ ဟောတု ဂရုဂဗ္ဘာ ဝါ။ ဧဝရူပေသု ဌာနေသု မင်္ဂလတ္ထာယ ယာစိယမာနေန အက္ကမိတုံ ဝဋ္ဋတိ။** (အဋ္ဌကထာ။ ဝိ၊ဋ္ဌ၊၅၂)
>
> **အပဂတဂဗ္ဘာတိ ဝိဇာတပုတ္တာ။ တေနာဟ မင်္ဂလတ္ထာယာတိ။** (ဝိမတိ၊၂။၂၃၅)
>
> **မင်္ဂလံ ဣစ္ဆန္တီတိ မင်္ဂလိကာ။** (သာရတ္ထဒီပနီ၊ဋီ၊၃။၃၉၀)

ဝိနယာလင်္ကာရဋီကာရှင်ကား ပါဠိဋ္ဌ–

- **ယာစိယမာနေန**-ဆိုခြင်းကြောင့် မတောင်းပန်လျှင် မနင်းကောင်း။
- **မင်္ဂလတ္ထာယ**-ဆိုခြင်းကြောင့် သီရိသောဘဂ္ဂ-စသည်အလို့ငှာ တောင်းပန်သော်လည်း မနင်းကောင်း–

ဟု ဆို၏။ ထိုစေလဝတ္ထုအခြားမဲ့ဋ္ဌ–

> **တေန ခေါ ပန သမယေန ဘိက္ခူ ဓောတပါဒကံ အက္ကမိတုံ ကုက္ကုစ္စာယန္တိ။ အနုဇာနာမိ ဘိက္ခဝေ ဓောတပါဒကံ အက္ကမိတုံ။ –**

ဟု ပါဠိတော်(စူဠဝဂ္ဂ။၂၆၈)ရှိသည်။

ဌင်းအဋ္ဌကထာ(စူဠဝါ၊ဋ္ဌ။၅၂)ဋ္ဌ–

> **ဓောတပါဒကံ နာမ ပါဒဓောဝနဋ္ဌာနေ ဓောတေဟိ ပါဒေဟိ အက္ကမနတ္ထာယ ပစ္စတ္ထရဏံ အတ္ထတံ ဟောတိ၊ တံ အက္ကမိတုံ ဝဋ္ဋတိ။**

ဦးကာကြီး ၃-စောင်အဖွင့် မရှိ။ ဝိနယာလင်္ကာရဋီကာရှင်ကား ပါဠိဋ္ဌ 'ယာစမာနေ'-ဟု မပါ။ 'ဓောတပါဒကံ အက္ကမိတုံ'-ဟူ၍သာ သာမညဟောတော်မူသောကြောင့်*(ဟုလည်း ကောင်း၊)* ဌင်းအဋ္ဌကထာဋ္ဌ "အက္ကမိတုံ ဝဋ္ဋတိ"ဟု သာမညဆိုသောကြောင့်လည်းကောင်း ဆေးပြီးသော ခြေဖြင့် နင်းစေခြင်းငှာ ဒါယကာတို့က ခင်းအပ်သည်ကို "ဓောတေဟိ ပါဒေဟိ အက္ကမနတ္ထာယ"ဟု အဋ္ဌကထာ မိန့်သောကြောင့်ကား မဆေးသောခြေဖြင့် မနင်းအပ်-ဟု ဆို၏။ ယင်းသို့ ခြေဆေးပြီး နင်းစေခြင်းငှာ ခင်းသည်ကို မတောင်းပန်ဘဲ နင်းသော် ရှေးစေလပဋိကသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ပြီလော-ဟူငြားအံ့။ ဓောတပါဒကို တဖန်ခွင့်ပြု ပြန်သောကြောင့် အာပတ်မသင့်ပြီ-ဟူပေ။ (ဝိနယာလင်္ကာရဋီကာရှင်အဘော်) "**စေလပဋိကန္တိ**

http://www.dhammadownload.com

စေလ သန္တရံ"ဟု အခင်းကိုသာ အဋ္ဌကထာ(စူဠဝ၊၅၂)ဖွင့်ရကား ခြေသုတ်ပုဆိုးဌ ထိုသိက္ခာပုဒ်ဖြင့် အနာပတ္တိသာတည်း။

ဒုတိယဝိနိစ္ဆယ ပြီး၏။

* * * * * *

[၃] ပဉ္စဘိသိဝိနိစ္ဆယ

မေး။ စောဠဘိသိ-အစရှိသော ဘုံလျှို ၅-ပါးတို့ကို သေနာသနအသုံးအဆောင်ဖြင့်သာ အပ်မည်။ ပုဂ္ဂလိကပြု၍ သုံးဆောင်ကောင်းမည်, မသုံးဆောင်ကောင်းမည်ကို ယုံမှားရှိပါသည်။

စောဠဝါကုဏ္ဍပဏ္ဏာနံ၊ တီဏာနဉ္စေဝ ပူရိတာ။
စီဝရဋ္ဌဝိယော ပဉ္စ-ဘိသီ သဗ္ဗတ္ထ ကပ္ပိယာ။ –

ခုဒ္ဒသိက္ခာဂါထာ(၁၉၂)နှင့်အညီ [၁]ပုဆိုးကြမ်း, [၂]လျှော်ထွေ, [၃]သားမွေး, [၄]သစ်ရွက်, [၅]မြက်၊ အစာသွတ်သောအားဖြင့် ဘုံလျှို ၅-ငါးရှိ၏။ လူမွေးမှတပါး သားမွေး, ဝက်မွေး အပ်၏။ စံပယ်, ချရား-စသောပန်းပွင့် မအပ်။ ပန်းညှိရွက်ကား သက်သက်သာ မအပ်၊ အရောဖြစ်မူ အပ်၏။ လဲ ၃-ပါးကား အလျှင်းမအပ်။

ဘုံလျှိုလွှမ်းကား "**ဆန္နံ စီဝရာနံ, ဆန္နံ အနုလောမစီဝရာနဉ္စ**"(ပုရာဏဋီ၊၁၅၀)ဟု ဆိုသောကြောင့် အဝတ်တကာဖြင့် လွှမ်းအပ်၏။ သားရေသည်လည်း လွှမ်းအပ်၏။

ဧကလောမာနိ ပန အပကွိပိတွာ ကမ္မလမေဝ စတုဂ္ဂုဏ် ဝါ ပဉ္စဂုဏ် ဝါ ပကွိပိတွာ ကတာပိ ဥဏ္ဏာဘိသိ သန္နံမေဝ ဝဋ္ဋတိ။ ယံကိဉ္စိ နဝစောဋ္ဌံ ဝါ ပုရာဏစောဋ္ဌံ ဝါ သံဟရိတွာ ဝါ အန္တော ပကွိပိတွာ ဝါ ကတာ စောဠဘိသိ။ –

ဟု အဋ္ဌကထာ(စူဠဝ၊၆၀)ဆိုသောကြောင့် ကမ္မလာကော်ဇောဖြစ်စေ, အဝတ်သင်္ကန်းကို ဖြစ်စေ ၄-ခေါက်, ၅-ခေါက် ထပ်၍ချုပ်သော် အစာတခြား မသွတ်သော်လည်း ဘုံလျှိုဖြစ်၏။

ကမ္မလမေဝ ။ပ။ ဥဏ္ဏာဘိသိ သန္နံမေဝ ဝဋ္ဋတိတိ သာမညတော ဝုတ္တတ္တာ ဂေါနကာဒိ-အကပ္ပိယမိဂ ဥဏ္ဏမယတ္ထရဏံ ဘိသိယံ ပကွိပိတွာ သယိတုံ ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။–

ဟု အကပ္ပိယကော်ဇောများကို ဘုံလျှိုစာ ပြုအပ်၏-ဟု ဝိမတိဋီကာ(၂။၂၃၈)၌ ဆို၏။

http://www.dhammadownload.com

ထို ၅-ပါးသော ဘုံလျှိုတို့ကို မိမိဥစ္စာဖြစ်မူ ပုဂ္ဂလိကပရိဘောဂဖြင့် သုံးဆောင်ကောင်း၏။

ယော ပန ဘိက္ခု သံယိကံ မဉ္စံ ဝါ ပီဌံ ဝါ ဘိသိ ဝါ ကောစ္ဆံ ဝါ။ (၀။၂။၅၈)

ဟူသော သိက္ခာပုဒ်၏ အနာပတ္တိဝါရ၌ "အတ္တနော ပုဂ္ဂလိကေ အနာပတ္တိ" (၀။၂၅၉)စသည်ဖြင့်လာသော ပါဠို,အဋ္ဌကထာဖြင့် ထောက်သည်။ သံယိကဖြစ်မူကား ဂရုဘဏ်ဖြစ်၍ မဝေဖန်အပ်။ သေနာသနသံယိကအသုံးအဆောင်ဖြင့်သာ သုံးဆောင်ရမည်။

တတိယဝိနိစ္ဆယ ပြီး၏။

* * * * * *

[၄] သေနာသနပရိဘောဂဝိနိစ္ဆယ

မေး။ တစ်ကျောင်းက သေနာသနအသုံးအဆောင်ဖြစ်သော ဘုံလျှိုကို တစ်ကျောင်းသို့ ဆောင်၍ သုံးဆောင်ကောင်းမည်, မသုံးဆောင်ကောင်းမည်ကို ယုံမှားရှိပါသည်။

တေန ခေါ ပန သမယေန ဘိက္ခူ ဥပေါသထဂ္ဂမှိ သန္နိသဒ္ဒမှိ ဟရိတုံ ကုက္ကုစ္စာယန္တာ ဆမာယ နိသီဒန္တိ။ ဂတ္ထာနိပိ စီဝရာနိပိ ပံသုကီတာနိ ဟောန္တိ။ အနုဇာနာမိ ဘိက္ခဝေ တာဝကာလိကံ ဟရိတုံ။ – (စူဠဝဂ္ဂ။၃၂၈)

ဟု လာသောကြောင့် အခိုက်အတန့် အခြားကျောင်းသို့ ယူ၍ သေနာသနပရိဘောဂဖြင့် သုံးဆောင်အပ်၏။

တေန ခေါ ပန သမယေန သံယသ မဟာဝိဟာရော ဥန္ဒြိယတိ၊ ဘိက္ခူ ကုက္ကုစ္စာယန္တာ သေနာသနံ နာတိဟရန္တိ။ အနုဇာနာမိ ဘိက္ခဝေ ဝုတ္ထတ္ထာယ ဟရိတုံ။ (စူဠဝဂ္ဂ။၃၂၈)

ဟု လာသောကြောင့် သံယိကကျောင်းပျက်က အသုံးအဆောင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းငှာ တခြားတစ်ကျောင်းသို့ ယူ၍ သံယိကပရိဘောဂဖြင့် သုံးဆောင်ရာ၏။ ပျောက်ပျက်သောကြောင့် မပျောက်မပျက်စေခြင်းငှာတည်း။ မပျောက်မပျက်ရှိမူ ထိုကျောင်းကို ပြုပြင်သောကာလ တဖန်ထား၊ ပုဂ္ဂလိကပရိဘောဂဖြင့် သုံးဆောင်၍ ပျောက်ပျက်မူ အစားလျော်။ ထိုကျောင်း၌ အာဝါသိကရှိသောကာလ ပေးမည်အာဘောဂနှင့် ယူအပ်၏။ ထေယျစိတ္တနှင့် ယူမူ "ဥဒ္ဓါရေယေဝ ဘဏ္ဍဋ္ဌေန ကာရေတဗ္ဗော"။(စူဠဝါသေနာသနက္ခန္ဓကအဋ္ဌကထာစကား။၈၆)

စတုတ္ထဝိနိစ္ဆယ ပြီး၏။

http://www.dhammadownload.com

[၅] အလဇ္ဇီပုဂ္ဂလဝိနိစ္ဆယ

မေး။ ★ အလဇ္ဇီလက္ခဏာအင်္ဂါ ၃-ပါးလုံး စေ့မှပင် အလဇ္ဇီ ဆိုရမည်၊

★ တစ်ပါးပါးနှင့်ပြည့်စုံလျှင်ပင် အလဇ္ဇီဆိုရမည်ကို ယုံမှားရှိပါသည်။

ဒုစိန္တိတဿ စိန္တာ စ၊ ဒုဘ္ဘာသိတဿ ဘာသနံ။
ဒုကမ္မဿ ကတဉ္စေဝ၊ ဇတော ဗာလဿ လက္ခဏံ။ –

ဟူသော ဗာလလက္ခဏာ ၃-ပါးတွင် တစ်ပါးပါးနှင့်ပြည့်စုံလျှင်ပင် ဗာလ-ဟု ဆိုအပ်သကဲ့သို့

(ယော) သဠိစ္စ အာပတ္တိ အာပန္နတိ၊ အာပတ္တိ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။ (ဝိ၅။၂၇၉)

ဟူသော အလဇ္ဇီလက္ခဏာ၃-ပါးတို့တွင် တစ်ပါးပါးနှင့်ပြည့်စုံလျှင်ပင် အလဇ္ဇီ-ဟု ဆိုရချို့မ့်မည်။ "ပဂေဝ ဒုဝဂ် တိဝဂ် သမန္နာဂတော"အာပတ္တိအရာ၌ အနာပတ္တိ ထင်မှတ်၍ လွန်ကျူးသောရဟန်း, မရှုမကုသောရဟန်းကား အာပတ်ပင် သင့်သော်လည်း အလဇ္ဇီမဟုတ်ပေသေး။ ထိုရဟန်းသည် တဖန်သိ၍ မကုသော်သာလျှင် အလဇ္ဇီဖြစ်၏။

ယော ပန အာပတ္တိဌာနေ အနာပတ္တိ ဒိဋ္ဌိတာယ အာပတ္တိ န ပဿတိ။ တေနေဝ ပဋိကမ္မမ္ပိ ကရောတိ။ သော ယသ္မာ ဇတ္ထာဝတာ အလဇ္ဇီ နာမ န ဟောတိ။ –

ဟု ဝိမတိ၌ လာ၏။

အနက်အဓိပ္ပါယ်ကို အထက်သံဝါသပဏ္ဏာအဖြေမှာမှ ဆိုပေလတ္တံ့။ အလဇ္ဇီလက္ခဏာ တစ်ပါးပါးနှင့် ပြည့်စုံသောရဟန်းကို မဆိုထားဘိဦး။ လိင်,ဒဏ်ထိုက်လျှင် လိင်မပြန်, ဒဏ်မထမ်းသော သာမဏေကိုလည်း အလဇ္ဇီ-ဟု အဋ္ဌကထာဆိုသည်။ "ဧကော လဇ္ဇီ အလဇ္ဇီ-သတမ္မိ ကရောတိ"ဟူသော အဋ္ဌကထာ(ဝိ၅၊၂။၂၇၃)နှင့်အညီ ထိုအလဇ္ဇီရဟန်း, သာမဏေတို့ကို မဆုံးမဘဲ သံဘောဂ,သံဝါသအဖြစ်ဖြင့် ပေါင်းဖော်သောရဟန်းတို့လည်း အလဇ္ဇီပင်။

အလဇ္ဇီဟိ ပန ဘိက္ခူဟိ ဝါ သာမဏေရေဟိ ဝါ ဟတ္ထကမ္မံ န ကာရေတဗ္ဗံ။–
(အဋ္ဌကထာ။ ဝိ၅၊၂။၁၅၀)

သဠိစ္စ အာပတ္တိ အာပန္နတိ-အစရှိသော လက္ခဏာကိုကား ရဟန်းတို့ကို အစွဲပြု၍ ဥက္ကဋ္ဌနည်းအားဖြင့်သာ ဟောတော်မူသည်။ ထိုလက္ခဏာတစ်ပါးပါးသို့ပင် မရောက်သော်

http://www.dhammadownload.com

လည်း လိင်မပြန်, ဒဏ်မထိမ်းသော သာမဏေ လိင်္ဂတ္ထေနကဂေါတြဘုကာသာဝလက္ခဏာ ရှိ၍ မိမိတို့၏ အကျင့်ပဋိပတ်၌ မတည်ခြင်းသည်လည်း အလင်္ဒိလက္ခဏာပင်တည်း။

ထို့ကြောင့် မဟုတ်လော–

> ဤ စ အလင်္ဒိဟိ သာမဏေရေဟိတိ ဝုတ္တတ္တာ 'သဗ္ဗိစ္ဆ အာပတ္တိ အာပဇ္ဇတိ'တိ အာဒိ အလင်္ဒိလက္ခဏံ ဥက္ကဋ္ဌဝသေန ဥပသမ္ပန္နေ ပဋိစ္ဆ ဥပလက္ခဏတော ဝုတ္တန္တိ တံလက္ခဏဝိရဟိတာနံ သာမဏေရာဒီနံ လိင်္ဂတ္ထေနကဂေါတြဘုပရိယောသာနာနံ ဘိက္ခုပဋိညာနံ ဒုဿီလျာဒီနမ္ပိ သာဓာရဏဝသေန အလင်္ဒိတာလက္ခဏံ ယထာ-ဝိဟိတပဋိပတ္တိယံ သဗ္ဗိစ္ဆ အတိဋ္ဌနမေဝါတိ ဂဟေတဗ္ဗံ။ –

ဟု ဝိမတိ(ဋီ၊၁။၂၇၃)၌ မိန့်အပ်ပြီ။

အဋ္ဌကထာ၌ လက်သုပ်ဟင်းလျာအရာ၌သာ "ဟတ္ထကမ္မံ နာမ ကာရေတဗ္ဗံ"ဟု ဆိုသောကြောင့် စားမှုသောက်မှုမှ တပါးသော သပိတ်ဖုတ်ခြင်း-အစရှိသော ဗာဟိရအမှုကို အလင်္ဒိအား ခိုင်းစေကောင်း၏-ဟု သာရတ္ထဒီပနီ၌ ဆို၏။

> အလင်္ဒိဟိ ။ပ။ နာမ ကာရေတဗ္ဗန္တိ ဣဒံ ဥတ္တရိဘင်္ဂိမိကာရတ္တာ အဇ္ဈောဟာရကိယံ သန္ဓာယ ဝုတ္တံ။ ဗာဟိရပရိဘောဂေသု ပန အလင်္ဒိဟိပိ ဟတ္ထကမ္မံ ကာရေတုံ ဝဋ္ဋတိယေဝ။ (သာရတ္ထဒီပနီ၊၂။၃၃၁) –

ဝိမတိဋ္ဌကား "ဟတ္ထကမ္မံ နာမ ကာရေတဗ္ဗံ"ဟု အဋ္ဌကထာသာမညသာ ဆိုသောကြောင့် ခပ်သိမ်းသောအမှုကိုပင်လျှင် မိမိအလို့ငှာ မပြုစေအပ်။ စေတိယကမ္မ-စသည်ကိုကား ပြုစေကောင်း၏။ အလင်္ဒိသည် တားမြစ်ပါလျက်လည်း ယပ်လေခပ်ခြင်း-စသောအမှုကို ပြုလာသည်ဖြစ်အံ့၊ အပြစ်မရှိ-ဟု ဆို၏။

> အလင်္ဒိဟိ ပန ။ပ။ နာမ ကာရေတဗ္ဗန္တိ သာမညတော ဝုတ္တတ္တာ အတ္တနော အတ္ထာယ ယံကိဉ္စိ ဟတ္ထကမ္မံ ကာရေတုံ နဝဋ္ဋတိ။ ယံ ပန အလင်္ဒိ နိဝါရိယမာနောပိ ဗီဇနာဒိ ကရောတိ၊ တတ္ထ ဒေါသော နတ္ထိ၊ စေတိယကမ္မာဒီနိ ပန တေဟိ ကာရာ-ပေတုံ ဝဋ္ဋတိ။ –

ဟု ဝိမတိ(၁။၂၇၃)၌ လာ၏။

ပဋ္ဌမဝိနိစ္ဆယ ပြီး၏။

* * * * * *

http://www.dhammadownload.com

[၆] ဥပေါသထပဝါရဏာဒီဝိနိစ္ဆယ

မေး။ "ဥဒကုက္ခေပရိစ္ဆေဒါဘာဝေပိ အန္တောနဒီယံ ကမ္မံ ကာတုံ ဝဋ္ဋတီတိ သိဒ္ဓံ"ဟု လာသော ဝဇိရဗုဒ္ဓိဋီကာ(၄၅၈)အတိုင်း ဥဒကုက္ခေပ၌ မပြုဘဲ နဒီ,ဇာတသရတို့၌ ဥပုသ်, ပဝါရဏာ-စသောကံကို ပြုသင့်မည်၊ မပြုသင့်မည်ကို ယုံမှားရှိပါသည်။

ဝဇိရဗုဒ္ဓိ၌ ရေတစ်ကျ, သဲတစ်ကျ မပိုင်းမခြားဘဲပင် ကံပြုအပ်၏-ဟု ဆိုကြားသော်လည်း ဥဒကုက္ခေပသိမ်တည်းဟု ငဲ့ခြင်းရှိမှသာ ပြုအပ်၏။ အမှတ်တမဲ့ ငဲ့ခြင်းမရှိမူ၍ မပြုအပ်။ ထိုသို့ အမှတ်တမဲ့ငဲ့ခြင်း မရှိမူ၍ပြုသော် နဒီသိမ်၌ ပြုရာရောက်သောကြောင့် အဝေး,အနီး မြစ်ကြီးအတွင်း သက်ဆင်းသမျှ သဲယာတို့ကြောင့် ဝဂ္ဂဖြစ်၍ ကံဖျက်ရာသည်။ ဇာတသရဖြစ်၍ ဤသိမ်တွင်း၌ အခြားက ရဟန်းမရှိ-ဟု သိမူ ဥဒကုက္ခေပသီမာပေကွ မရှိဘဲပင် ကံပြုအပ်၏။

သစေ နဒီ နာတိဒီဃာ ဟောတိ၊ ပဘဝတော ပဋ္ဌာယ ယာဝ မုခဒ္ဒါရာ သဗ္ဗတ္ထ သံယော နိသီဒတိ၊ ဥဒကုက္ခေပသီမာကမ္မံ နတ္ထိ။ (မဟာဝါအဋ္ဌကထာ။၃၃၄)–

နဒီ၊ မြစ်သည်။ နာတိဒီဃာ၊ မရှည်လွန်းသည်။ သစေ ဟောတိ၊ အံ့။ ပဘဝတော၊ အမွှန်ဖြစ်ရာမှ။ ပဋ္ဌာယ၊ စ၍။ ယာဝ မုခဒ္ဒါရာ၊ မြစ်စတိုင်အောင်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော မြစ်တွင်းအရပ်၌။ သံယော၊ သည်။ သစေ နိသီဒတိ၊ အကယ်၍ ထိုင်နေသည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဥဒကုက္ခေပသီမာကမ္မံ၊ ဥဒကုက္ခေပသီမ်၌ ကံပြုခြင်းသည်။ နတ္ထိ၊ မရှိ။ (နဒီသိမ်၌ ကံပြုရာ ရောက်၏-ဟူလို။)

ဥဒကုက္ခေပသီမာကမ္မံ၊ ဥဒကုက္ခေပသီမ်-ဟု ငဲ့ခြင်းအမှုသည်။ နတ္ထိ၊ မရှိ။ (မြစ်တွင်းက အခြားကရဟန်း မရှိသောကြောင့် ဥဒကုက္ခေပ-ဟု ငဲ့ဖွယ်ကိစ္စ မရှိပြီ။ နိဿယဖြစ်သော နဒီသိမ်ဖြင့်ပင် ကံမြောက်၏-ဟူလို။)

ဣမိနာ ဧဝံ စ ဝစနေန ဝဋ္ဌကမ္မပရိဟာရတ္ထံ သီမာပေက္ခာယ သတိ ဧဝ ဥဒကုက္ခေပ-သတ္တဗ္ဘန္တရသီမာ ဥပ္ပဇ္ဇန္တိ၊ နာ'သတီတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိဋီကာ၊၂။၁၅၉) –

ဣမိနာ ဧဝံ စ ဝစနေန၊ ဤသို့ "သစေ နဒီ နာတိဒီဃာ ဟောတိ"အစရှိသော အဋ္ဌကထာစကားဖြင့်လျှင်။ ဝဋ္ဌကမ္မပရိဟာရတ္ထံ၊ အဝေး,အနီး မြစ်ကြီးအတွင်း သက်ဆင်းကုန်သော ရဟန်းတို့အတွက်ကြောင့် ဝဋ္ဌကံဖြစ်ခြင်းကို တားမြစ်ခြင်းငှာ။ သီမာပေက္ခာယ၊ ဥဒကုက္ခေပသီမ်, သတ္တဗ္ဘန္တရသီမ်တည်း-ဟု ငဲ့ခြင်းသည်။ သတိ ဧဝ၊ ရှိမှသာလျှင်။ ဥဒ-

http://www.dhammadownload.com

ကုက္ကေ့ပသတ္တဘန္တရသိမာ၊ ဥဒကုက္ကေ့ပသိမ်, သတ္တဘန္တရသိမ်တို့သည်။ ဥပဂ္ဂန္ဒို့၊ ဖြစ်ကုန်၏။ သီမာပေက္ခာယ၊ ဥဒကုက္ကေ့ပသိမ်တည်း-ဟု ငဲ့ခြင်းသည်။ အသတိ၊ မရှိမူကား။ နဥပဂ္ဂန္ဒို့၊ သိမ်မဖြစ်ကုန်။ ကွတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဒဋ္ဌဗ္ဗံကား သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗံ-ကား သဲသယ၊ သိဒ္ဓံရှိက၊ စကားကျ။ (နိယ်)

ဤအရာတွင် ဆရာမြတ်တို့ကား ရဟန်းတို့ ဆင်းကာမျှဖြင့်ပင် ထက်ဝန်းကျင်က သီမာပေက္ခမရှိဘဲ ဥဒကုက္ကေ့ပသိမ်ဖြစ်၏-ဟု ဆိုသော် ပေါ့လွန်းသော အပရေဝါဒ ရေတစ်ကျ, သဲတစ်ကျပစ်မှသာ ဥဒကုက္ကေ့ပသိမ်ဖြစ်၏-ဟု ယူသော် အလွန်တင်းလွန်းသော ကေစိဝါဒသို့ မလိုက်မူ၍ မလေးမပေါ့, မတင်းမလျော့, မပျော့မမာ မဖွဖွမာပဋိပတ် ကောင်းမြတ်သော ဝိမတိဝိနောဒနီဋီကာရှင်ဝါဒ၌ တည်အပ်၏။ (ဝိမတိဋီကာ)

ဤတွင် ဋီကာ၌ ကျယ်စွာဆို၏-ဟု မိန့်အပ်၏။ **သီမဝိသောဓနအရှင်ကား** ဝိမတိဝါဒကို ပယ်၍ ရေကြဲခြင်း, သဲချခြင်းကို ပြုမှသာ ဥဒကုက္ကေ့ပသိမ်ဖြစ်၍ ကံကို ပြုခြင်းငှာ ပယ်အပ်သည်-ဟု ကုန်၏။ ဝဇိရဗုဒ္ဓိ, ဝိမတိဝါဒတို့သည် ရေကြဲခြင်း, သဲချခြင်းကို ပြုအပ်သည်-ဟူသော သီမဝိသောဓနဝါဒ၌ ဝင်သောကြောင့် သင့်မည် ထင်၏။ ဤ၌ သက်ရာယူပါ။

ဆဋ္ဌဝိနိစ္ဆယ ပြီး၏။

* * * * * *

[၇] ဘိက္ခုပရိဘောဂဝိနိစ္ဆယ

မေး။ ရဟန်းတို့ သုံးဆောင်နေကျ ပန်းကန်များကို ကျောင်းသား, လူငယ်သူငယ်တို့အား ထည့်၍ ပေးကောင်းမည်, မပေးကောင်းမည်ကို ယုံမှားရှိပါသည်။

ပတ္ထာပလာသဿ ထာလကေ ပက္ခိပိတွာပိ ဒါတုံ ဝဋ္ဋတိ။ တံ ဌပေတွာ အညေသံ အာဂါရိကာနံ မာတာပိတူနမ္ပိ နဝဋ္ဋတိ။ ပဗ္ဗဇိတပရိဘောဂေါ ဟိ အာဂါရိကာနံ စေတိယဋ္ဌာနိယော။ (အဋ္ဌကထာ။ ဝိ၊ဋ္ဌ၊၂။၆၇) –

ပတ္ထာပလာသဿ၊ ပဉ္စင်းလောင်း, ရှင်လောင်းအား။ ထာလကေ၊ သံယိကခွက်၌။ ပက္ခိပိတွာပိ၊ ထည့်၍လည်း။ ဒါတုံ၊ ပေးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ တံ၊ ထိုပဉ္စင်းလောင်း, ရှင်လောင်းကို။ ဌပေတွာ၊ ထား၍။ အညေသံ၊ သော။ အာဂါရိကာနံ၊ ဒါယကာတို့အား။

http://www.dhammadownload.com

မာတာပိတူနမ္မိ၊ ကုန်သော်လည်း။ နံ ဝဋ္ဋတိ၊ သံယိကထာလကဖြင့် ပေးခြင်းငှာ မအပ်သလျှင် ကတည်း။ ဟိ၊ ထိုစကား မှန်စွ။ ပဗ္ဗဇိတပရိဘောဂေါ၊ ရဟန်းတို့ အသုံးအဆောင်သည်။ အာဂါရိကာနံ၊ တို့အား။ စေတိယဋ္ဌာနိယော၊ စေတီအရာ တည်၏။

ထာလကေတိ သံယိကေ ကံသာဒိမယေ ထာလကေ၊ ပတ္တောပိ ဧတ္ထ သင်္ဂယှတိ။ နံ ဝဋ္ဋတီတိ ဣမိနာ ဒုက္ကဋန္တိ ဒသေတိ။ (ဝိမတိ၊ဋီ၊၁။၂၃၇) –

ဤဋီကာပါဠိတော် ကံသာဒိတော် အာဒိ-သဒ္ဒါဖြင့်–

- ဝဋ္ဋထာလက, တိပုထာလက, သီသထာလက, အယထာလက, ကာစထာလက, ဒါရုထာလက, မတ္တိကထာလက-ဟူသော အလုံးစုံသော သံယိကခွက်တို့ကို ယူရမည်။
- သုဝဏ္ဏထာလက, ရဇတထာလက, ဟာရကုဋ္ဌထာလက, ဖလိကထာလကတို့ကား အကပ္ပိယခွက်တို့တည်း။
  - ခဲမဖြူနှင့် ကြေးနီရောလျှင် ပြုမူ-ကံသ၊
  - ခဲမပုတ်နှင့် ကြေးနီရောမူ ဝဋ္ဋလောဟ။

"ဝဋ္ဋလောဟံ နာမ ပိတဝဏ္ဏံ"ဟု ဝဇိရဋီကာ(၅၂၈) လာသောကြောင့် ကြေးဝါကို ဝဋ္ဋလောဟ ဆိုကြ၏။ "သီသတမွေ မိဿေတွာ ကတံ ဝဋ္ဋလောဟံ"ဟု အခြားဋီကာ(သာရတ္ထ၊ ဋီ၊၂။၃၂၁)တို့၌ လုပ်နည်းပြသည်နှင့်အညီ ခဲပုတ်သည် အဆင်းအရောင် ကင်းသောကြောင့် ပိတဝဏ္ဏံ-ဟု ပါဠိရှိရာသည် အရေးပျက်ဟန်ရှိ၏-ဟု ဆိုကြကုန်၏။ ကြေးနီကို ပြဒါး,ဒုဋ္ဌာ တို့နှင့် ရောလျှင် ဆိုးလျှင်ပြုမူ ဟာရကုဋ္ဌ။ ဤဟာရကုဋ္ဌ-ဟူသော တခွန်းပြောကား အနာမာသ တည်း။

သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကဘာဇနာနိ ဂိဟိဝိကဋာနိပိ နံ ဝဋ္ဋန္တိ။ (ပဝေဝ သံယိကပရိဘောဂေန ဝါ ပုဂ္ဂလိကပရိဘောဂေန ဝါ) သေနာသနပရိဘောဂေ ပန အာမာသမ္ပိ အနာမာသမ္ပိ သဗ္ဗံ ဝဋ္ဋတိ။ (ကခ၊ဋ္ဌ။၂၆၂) – ဟူ၍လည်းကောင်း၊

ကံသလောဟဝဋ္ဋလောဟဘာဇနဝိကတိ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋာ ဝါ ဝဋ္ဋတိ။ ပုဂ္ဂလိကပရိဘောဂန နံ ဝဋ္ဋတိ။ –

ဟူ၍လည်းကောင်း အဋ္ဌကထာ(ကခ၊ဋ္ဌ။၂၆၁)၌ လာ၏။

"ကပ္ပိယာ ထာလကာ တိသော၊ လောဟတမ္ဗာယော မတ္တိကာမယာ"(ခုဒ္ဒသိက္ခာ။ နှာ-၉)ဟူသည်နှင့် အညီ ကြေးနီခွက်, သံခွက်, မြေခွက် ၃-လုံးသာ ပုဂ္ဂလိက အပ်သည်။

http://www.dhammadownload.com

ပဋ္ဌင်းလောင်း, ရှင်လောင်းကို ထား၍ ကြွင်းသောလူတို့အား မိ,ဘပင်ဖြစ်သော်လည်း ထာလကဖြင့် ထည့်၍ မပေးကောင်း-ဟူ၍ အဋ္ဌကထာ၌ သံယိက, ပုဂ္ဂလိက မဆို၊ သာမည-ထာလက လာသည် ဖြစ်လျက် ဋီကာအရှင်တို့သည် သံယိကေ ကံသာဖိမယေ-(ဝိမတိ၊ဋီ၊၁။ ၂၃၇)ဟု ဖွင့်လှစ်တော်မူသည့် အာဘော်ကား ပုဂ္ဂလိကခွက်ကို မိ,ဘတို့အား တာဝကာလိကမျှ ပေးကောင်းလျှင် မူလစ္ဆဒ္ဒအားဖြင့် မပေးကောင်းသည်သာတည်း-ဟု စကားကျ၏။ ထိုသို့ကား မဟုတ်။

"အနုဇာနာမိ ဘိက္ခဝေ မာတာပိတူနံ ဒါတုံ"ဟူသောကြောင့် မိ,ဘတို့အား မူလစ္ဆဒ္ဒ အားဖြင့် ပေးကောင်း၏။ တာဝကာလိကကား ဆိုဖွယ်မရှိ။ သို့ဖြစ်၍ သံယိကထာလကကို သာ ရည်၍ "မာတာပိတူနမ္မိ နံ ဝဋ္ဋတိ"(ဝိ၊၄၊၂။၆၇)ဟု ဆိုသည်ဟူလို။ ယင်းသို့ သံယိက ထာလကကိုသာ ရည်၍ဆိုမူ ပုဂ္ဂလိကသပိတ်ဖြင့် ထည့်၍ လူတို့အား ပေးကောင်း၏-ဟု အမြွက်ထောင်၍ နံမြှောင်တက်အံ့စိုးသောကြောင့် "ပတ္ထောပိ ဇတ္ထ သင်္ဃတိ"ဟူသော (ဝိမတိ၊ဋီ၊၁။၂၃၇)စကားဖြင့် ဆီးတားပိတ်ဆို့ တော်မူသည်။ သို့ဖြစ်၍ အမြဲသုံးဆောင်သည် ဖြစ်စေ, ရံဖန်ရံခါသုံးဆောင်သည်ဖြစ်စေ သံယိကခွက်ဟူသမျှနှင့် မပေးအပ်။

သတ္ထမဝိနိစ္ဆယ ပြီး၏။

* * * * * *

[၈] စေတိယဂေါပကဝိနိစ္ဆယ

မေး။ ★ စေတိယဂေါပက-ဟု သမုတ်၍ ထားအပ်သောရဟန်းသာ စေတီ, ရုပ်ပွါးစေတီ များကို သုံးသပ်၍ ပြောင်းရွှေ့ကောင်းမည်။

★ မသမုတ်သော ရဟန်းများလည်း သုံးသပ်ကောင်းမည်, မသုံးသပ်ကောင်းမည်ကို လည်း ယုံမှားရှိပါသည်။

ဥတ္တရရာဇပုတ္တော ကိရ သုဝဏ္ဏစေတိယံ ကာရေတ္တာ မဟာပဒုမတ္ထေရဿ ပေသေသိ။ ထေရော 'န ကပ္ပတိ'တိ ပဋိက္ခိပိ။ စေတိယဃရေ သုဝဏ္ဏပဒုမသုဝဏ္ဏ-ဗုဇ္ဈင်္ဂကာဒိနိ ဟောန္တိ၊ စောနိပိ အနာမာသာနိ။ စေတိယဃရဂေါပကာ ပန ရူပိယ-ဆဒ္ဒကဋ္ဌာနေ ဌိတာ၊ တသ္မာ တေသံ ကေဉ္စာပယိတုံ ဝဋ္ဋတိတိ ဝုတ္တံ။ ကုရုန္ဒိယံ ပန တမ္မိ ပဋိက္ခိတ္တံ။ သုဝဏ္ဏစေတိယေ ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ ဇတ္တကမေဝ အနုညာတံ။ (အဋ္ဌကထာ။ ဝိ၊၄၊၂။၁၃၀)

1:24 D

http://www.dhammadownload.com

ဥတ္တရရာဇပုတ္တော၊ ဥတ္တရမင်းသားသည်။ သုဝဏ္ဏစေတိယံ၊ ရွှေစေတီ-ဟု ဆိုအပ်သော ဓာတ်တော်ကြုတ်ကို။ ကာရေတွာ၊ ပြုစေ၍။ မဟာပဒုမထေရဿ၊ မဟာပဒုမထေရ်အား။ ပေသေသိ ကိရ၊ ပို့စေသတဲ့။ ထေရော၊ မထေရ်သည်။ နံ ကပ္ပတိတိ၊ မအပ်-ဟူ၍။ ပဋိက္ခိပိ၊ ပယ်၏။ စေတိယဃရေ၊ စေတီအိမ်၌။ ဝါ၊ ဘုရားကျောင်း၌။ သုဝဏ္ဏပဒုမသုဝဏ္ဏ-ဗုဇ္ဈာကာဒီနံ၊ ရွှေကြာ, ရွှေကြယ်-အစရှိသည်တို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ ဧတာနိပိ၊ ထိုရွှေကြာ, ရွှေကြယ်-အစရှိသည်တို့ကိုလည်း။ အနာမာသာနိ၊ မသုံးသပ်အပ်ကုန်။ ပန၊ အထူးကား။ စေတိယရဂေါပကာ၊ စေတီအိမ်ကို စောင့်သောရဟန်းတို့သည်။ ရူပိယ-ဆဋ္ဌကဋ္ဌာနေ၊ နိဿဂ္ဂိယရွှေငွေကို စွန့်စေခြင်းငှာ သမုတ်အပ်သော ရဟန်း၏အရာ၌။ ယသ္မာ၊ အကြင်ကြောင့်။ ဌိတာ၊ တည်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုစေတိယ-ဂေါပကရဟန်းတို့အား။ ကေဠာပယိတုံ၊ ပြောင်းရွှေ့ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ အဋ္ဌကထာ၌ ဆိုအပ်၏။ ကုရုန္ဒိယံ ပန၊ ဤကုရုန္ဒီဋ္ဌကား။ တမ္မိ၊ ထိုစေတိယဂေါပက ရဟန်း၏ ပြောင်းရွှေ့ခြင်းကိုလည်း။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ သုဝဏ္ဏစေတိယေ၊ ရွှေစေတီ၌။ ကစဝရမေဝ၊ အမှိုက်သရိုက်ကိုသာလျှင်။ ဟရိတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဇတ္တကမေဝ၊ ဤမျှကိုသာလျှင်။ အနုညာတံ၊ ခွင့်ပြုအပ်၏။

ပဋိက္ခိပိတိ "ဓာတုဌပနတ္ထာယ ဂဏ္ဟထာ"တိ အဝတွာ "တုမှာကံ ဂဏ္ဟထာ"တိ ပေသိတတ္တာ ပဋိက္ခိပိ။ (သာရတ္ထဒီပနီ၊ဋီ၊၂။၃၂၁)

"တုမှာကံ ဂဏ္ဟထ"ဆို၍ စေခြင်းကြောင့် ပယ်သည်။ "ဓာတုဌပနတ္ထာယ ဂဏ္ဟထ" ဆို၍ စေမူကား အပ်၏-ဟူလို။

ပဋိက္ခိပိတိ သုဝဏ္ဏမယဓာတုကရဏ္ဍကဿ, ဗုဒ္ဓရူပါဒိဿ စ အတ္တနော သန္တက-ကရဏေ နိဿဂ္ဂိယတ္တာ ဝုတ္တံ။ (ဝိမတိ၊ဋီ၊၁။၂၆၂)

ပဋိက္ခိပိတိ၊ ပဋိက္ခိပိဟူသော စကားကို။ သုဝဏ္ဏမယဓာတုကရဏ္ဍကဿ စ၊ ရွှေဖြင့်ပြီးသော ဓာတ်တော်ကြုတ်ကိုလည်းကောင်း။ ဗုဒ္ဓရူပါဒိဿ စ၊ ဘုရားဆင်းတု-စသည်ကိုလည်းကောင်း။ အတ္တနော သန္တကကရဏေ၊ မိမိဥစ္စာပြုလုပ်ခြင်းသည်။ သတိ၊ ရှိသော်။ နိဿဂ္ဂိယတ္တာ၊ နိဿဂ္ဂိဖြစ်သောကြောင့်။ ဝုတ္တံ၊ ၏။

ဤအဋ္ဌကထာ၌ စေတိယဂေါပက-ဟူသည် အပလောကန-စသည်ဖြင့် သမုတ်ရတော့မည် မဟုတ်၊ စေတီရုပ်ပွါးတို့ကို စောင့်ရှောက်ထိန်းသိမ်းလျှင်ပင် စေတိယဂေါပကဖြစ်ကောင်း၏။ စောင့်ရှောက်ထိန်းသိမ်းသူ မဟုတ်လျှင် ဆင်းတု, ရုပ်ပွါးတို့ကို မပြောင်းရွှေ့ကောင်း။ စောင့်ရှောက်ထိန်းသိမ်းသောသူကား ပြောင်းရွှေ့ကောင်း၏-ဟု မဟာဝါအဋ္ဌကထာ

F.24 C

http://www.dhammadownload.com

၌ ဆို၏။ ကုရုန္ဒီ၌ကား ထိုဂေါပကရဟန်း ပြောင်းရွှေ့ကောင်း၏-ဟူသော စကားကို ပယ်၍ ဂေါပကပင်ဖြစ်စေ, တပါးသော ရဟန်းပင်ဖြစ်စေ စေတီ၌ အမှိုက်ကိုသာ ပယ်အပ်၏။ ရွှေဆင်းတု, ရွှေစေတီကို မထိစေအပ်-ဟု ဆို၏။

အဋ္ဌဝိနိစ္ဆယ ပြီး၏။

* * * * * *

[၉] ပဒီပပူဇာရဟဝိနိစ္ဆယ

မေး။ ဆီမီး၌ ပိုးပရဲတို့ ကျသည်ကို မြင်သောကြောင့် ဆီမီးပူဇော်ရာ၌ ကုက္ကုစ္စမကင်းရှိပါသည်။

ဇတ္ထ စ ပဒုဂ်ပါဏကာနံ ပတနံ ဉတ္ဝာပိ သုဒ္ဓစိတ္တတာယ ဒီပဇာလနေ ဝိယ သပ္ပါဏကဘာဝံ ဉတ္ဝာပိ ဥဒကသညာယ ပရိဘုဉ္ဇိတဗ္ဗတော ပဏ္ဏတ္တိဝဇ္ဇတာ ဝေဒိတဗ္ဗာ။
(ပါစိတ္တိယဒိအဋ္ဌကထာ။၁၃၃)

ဇတ္ထ စ၊ ဤသပါဏကသိက္ခာပုဒ်၌လည်း။ **ပဒုဂ်ပါဏကာနံ**၊ ပိုးဖလံကောင်တို့၏။ **ပတနံ**၊ ကျအံ့သည်ကို။ **ဉတ္ဝာပိ**၊ သိသော်လည်း။ **သုဒ္ဓစိတ္တတာယ**၊ ယာတစေတနာနှင့် မရောက်, သက်သက်သော သမ္မသာဒနစိတ်ရှိသည်၏အဖြစ်ဖြင့်။ **ဒီပဇာလနေ**၊ ဆီမီးညှိထွန်းပူဇော်ခြင်း၌။ *(ကမ္မာဘာဝေါ)* **ဝိယ**၊ ပါဏာတိပါတကံ မရှိခြင်းကဲ့သို့။ **သပါဏကဘာဝံ**၊ ပိုးပါသော ရေအဖြစ်ကို။ **ဉတ္ဝာပိ**၊ သိသော်လည်း။ **ဥဒကသညာယ**၊ ရေသောက်အံ့သော အမှတ်ဖြင့်သာလျှင်။ **ပရိဘုဉ္ဇိတဗ္ဗတော**၊ သုံးဆောင်ခြင်းငှာလည်း ဖြစ်သင့်သောကြောင့်။ ကမ္မာဘာဝေါ၊ ပါဏာတိပါတကံ၏ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣမသ္မာ၊ ဤသပါဏကသိက္ခာပုဒ်၏။ **ပဏ္ဏတ္တိဝဇ္ဇတာ**၊ **ပဏ္ဏတ္တိဝဇ္ဇ**အဖြစ်ကို။ **ဝေဒိတဗ္ဗာ**၊ ၏။

အဓိပ္ပါယ်ကား ပိုးကောင်ကျအံ့သည်ကို သိသော်လည်း သတ်လိုသောစေတနာ မရှိဘဲ ပသာဒနိယစိတ်သက်သက်ဖြင့် ဆီမီးပူဇော်သောရဟန်းအား မြေ၌ ပိုးကောင်များစွာ ရှိသည်ကို သိသည်ပင်လျှင် သိလျက် ခရီးသွားသောရဟန်း, လယ်ထွန်သောသူတို့ကဲ့သို့ ပါဏာတိပါတကံ မဖြစ်။ ထိုကဲ့သို့ပင်လျှင် ပိုးရှိသောရေ-ဟု သိလျက်လည်း ပိုးကို သတ်လိုသော စိတ်စေတနာ ကင်းသည်ဖြစ်၍ သုဒ္ဓစိတ်ဖြင့် ရေသောက်သောရဟန်းအား ပါဏာတိပါတကံမှ ကင်းခြင်းသည် ဖြစ်ရာသောကြောင့် သပါဏကသိက္ခာပုဒ် ၂-ခုသည် ပဏ္ဏတ္တိဝဇ္ဇ

http://www.dhammadownload.com

သာတည်းဟူလို။ ပိုးကို သတ်လိုသောစိတ်ရှိမူကား "သဠိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ" ဟူသောသိက္ခာပုဒ်(ပါစိတ္တိယ၁၆၄။ ကခ်ီ၊၌။၂၂)ဖြင့် အာပတ်သင့်၏။

ထို့ကြောင့် ဝိမတိ(ဋီ၊၂။၁၉)၌-

> တဒုဘယံပိ သပါဏကန္တိ ကတ္တာ ဝဓကစိတ္တံပိ ဝိနာဝ သိဉ္စနေ ပညတ္တတ္တာ ပဏ္ဏတ္တိ-ဝဇ္ဇန္တိ ဝုတ္တံ။ ဝဓကစိတ္တေ ပန သတိ သိက္ခာပဒန္တရေနေဝ ပါစိတ္တိယံ၊ န ဣမိနာတိ ဒဋ္ဌဗ္ဗံ။ - ဟု မိန့်အပ်ပြီ။

ဤစကား၌ သစိတ္တက, အစိတ္တက၂-ပါးရှိသည်တွင် ကုသိုလ်စိတ်ဖြစ်စေ, အကု-သိုလ်စိတ်ဖြစ်စေ ဝတ္ထုကို သိသောစိတ်ရှိမှသာ သင့်သောအာပတ်ကား သစိတ္တက၊ ဝတ္ထုကို သိသောစိတ်ရှိသော်လည်းကောင်း, မရှိသော်လည်းကောင်း (*အာပတ်*)သင့်သော်ကား အစိတ္တက။ သိက္ခာပုဒ်ကို သိခြင်း, မသိခြင်းအားဖြင့် အစိတ္တက, သစိတ္တကကို မယူအပ်။ ထိုသို့ယူသော် သစိတ္တက-ဟူသရွေ့သည် အာဏာဝိတိက္ကမစိတ်ကြောင့် လောကဝဇ္ဇချည်း သာ ဖြစ်ရာ၏။ "ယဿ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ"ဟူသည်နှင့်အညီ-

- သစိတ္တကၦ ဝတ္ထုကို သိသောစိတ်သည် အကုသိုလ်သာဖြစ်သင့်မူ လောကဝဇ္ဇ မုသာဝါဒ-စသည်ကို ယူ။
- ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်သင့်မူကား ပဏ္ဏတ္တိဝဇ္ဇပထဝိခဏန-စသည်ကို ယူ။
- အစိတ္တကၦ ဝတ္ထုကို သိသော်လည်းကောင်း, မသိသော်လည်းကောင်း လွန်ကျူး သော အကုသိုလ်သာ ဖြစ်သင့်မူ လောကဝဇ္ဇသုရာပါန-စသည်ကို ယူ။
- ကုသိုလ်, အဗျာကတလည်း ဖြစ်သင့်မူ ပဏ္ဏတ္တိဝဇ္ဇအပဋိဂ္ဂဟဏ-စသည်ကို ယူ။

သေကို အုံးရည်-စသည် မှတ်၍ သေခံရာ၌ ဝတ္ထုကို မသိသောကြောင့် အစိတ္တက၊ သောက်ဆဲ အကုသိုလ် ကောန်ဖြစ်ရာသောကြောင့် လောကဝဇ္ဇ။ ထို့ကြောင့် သုရာပါန သိက္ခာပုဒ်အဋ္ဌကထာ(ပါစိတ္တိယဒိအဋ္ဌကထာ။၁၂၇)၌-

> **အစိတ္တကံ၊ လောကဝဇ္ဇံ၊ ကာယကမ္မံ၊ အကုသလစိတ္တံ၊ တိဝေဒနန္တိ။** ဝတ္ထုအဇာနတာယ စေ'ဘ္ထ အစိတ္တကတာ ဝေဒိတဗ္ဗာ။ အကုသလေနေဝ ပါတဗ္ဗတာယ လောကဝဇ္ဇ-တာ။ -

ဟု မိန့်အပ်ပြီ။

http://www.dhammadownload.com

ဤအရာ၌ ဝိမတိဋီကာကျမ်းမှာ ဆို၏။ ထို့ကြောင့် ပိုးကောင်ကျအံ့သည်ကို ရှေး အဖို့က သိသော်လည်း ပိုးသေမည်ကို အမှတ်မထားမိမူ၍ ပသာဒနိယစိတ်နှင့်သာ ဆီမီး ပူဇော်သောရဟန်းအား အပြစ်မရှိ။

ဒုနိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမတော သာဓု၊ ဒန္ဆ စိတ္တံ သုခါဝဟံ။ (ဓမ္မပဒ၊၁၈။ဂါ-၃၅) –

ဟူသော ပါဠိတော်နှင့်အညီ စိတ်-ဟူသည် ဒုနိဂ္ဂဟ လဟုပရိဝတ္တိသဘောရှိသောကြောင့် ဆင်ခြင်၍ ပြုကောင်းပါ၏။

ထီးဖြူကိုမျှ၊ အရကုပ်ကုပ်၊ ပုဆစ်တုပ်သော်၊ သရုပ်အလျောက်၊ ၅-ပါးမြောက်သည်၊
မင်းမြောက်တန်ဆာ၊ ရန်ကာစမြဲ၊ ပေးလွန်ကဲသည်–

ဟု ဆိုသကဲ့သို့ ဆီမီးပူဇော်ရာ၌ ကုက္ကုစ္စရှိပါသည်-ဟူ၍သာ မေးသည်ကို အစိတ္တက, သစိတ္တက, လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇ, သုရာပါနဝိနိစ္ဆယနှင့်တကွ ရေးလိုက်ပါသည်။

နဝမဝိနိစ္ဆယ ပြီး၏။

* * * * * *

[၁၀] ဒွါရဗန္ဓနဝဿုပနာယိကဝိနိစ္ဆယ

မေး။ ★ ဝါဆိုရာကျောင်း၌ "သဒွါရဗန္ဓနေ ဧဝ"ဟူ၍ ဋီကာပါဠိ၌ လာသည်။ အောက်ဆုံးယ် အထက်လက်ကောက်ကွင်းနှင့်တကွ တံခါးဖွဲ့ရှိသည်မှသာ ဝါဆိုအပ်မည်။

★ ကဲလားတံခါးများနှင့်ပင် ဝါဆိုအပ်မည်, မအပ်မည်ကိုလည်း ယုံမှားရှိပါသည်။

သဒွါရဗန္ဓနေ ဌာနေ၊ သောဒုက္ခလကပါသကေ။
သယန္တေန ဒိဝါ ဒွါရံ၊ ဗန္ဓေယျ ပရိဝတ္တကံ – (ခုဒ္ဒသိက္ခာ။နှာ-၃၇။ဂါ-၃၄)

ဟူသော ဒိဝါသေယျသိက္ခာပုဒ်၌ ဆုံးယ်လက်ကောက်ကွင်းရှိသော တံခါး-ဟု လာသကဲ့သို့ ဝါကပ်အပ်သောကျောင်း၌ ဆုံးယ်လက်ကောက်ကွင်းကို မက–

ဝဿံ ဥပဂစ္ဆန္တေန ဟိ နာလကပဋိပဒံ ပဋိပဇ္ဇန္တေနာပိ ပဒွန်ံ ဆဒနာနံ အညတရေန ဆန္နေယေဝ သဒွါရဗန္ဓေ သေနာသနေ ဥပဂန္တဗ္ဗံ။ – (ဝိ၊၄၊၂။၂၄၈)

ဟု အဋ္ဌကထာ၌ "သဒွါရဗန္ဓေ"သာ လာသည်။

http://www.dhammadownload.com

အသေနာသနိကေနာပိ၊ ဥပဝဒ္ဓံ နာ ဝဋ္ဋတိ။ (ခုဒ္ဒသိက္ခာ။နှာ-၃၅၊ဂါ-၃၂၁)

အသေနာသနိကေနာပီတိ ယဿ တိဏပဏ္ဏကဋ္ဌကသိလာသုဓာသခီါတာနံ ပဋ္ဌန်ံ ဆဒနာနံ အညတရေန ဆန်ံ ယောဇိတ(ဒွါရ)ဗန္ဓနံ သေနာသနံ နတ္ထိ၊ တေန။ (ဂဠ်းဋီကာသစ်။၃၈၉)

သဒ္ဓါရဟန္တေ-သဒ္ဓါဖြင့် ဆုံငယ်လက်ကောက်ကွင်းကို ပြသည်မဟုတ်လော-ဟူငြားအံ့၊ မပြ။ တံခါးသာမညကို ပြသည်။ အကယ်၍ သဒ္ဓါရဟန္တေ-သဒ္ဓါဖြင့် ဆုံငယ်လက်ကောက်ကွင်းကို ပြသည်ဖြစ်အံ့၊ ဒီဝါသေယျဂါထာ၌ "သော ဒုတ္ထလဟပါသကေ"ဟု အဘယ်ကြောင့် ထပ်၍ ဆိုတော့မည်နည်း။ ထို့ကြောင့် ဆုံငယ်လက်ကောက်ကွင်းရှိမှသာ မဟုတ်၊ "ပတ္တ-ဟတ္ထော ဝါ ကဝါဋံ နာ ပဇာမေယျ"ဟူသော အရာများကဲ့သို့ အမှတ်မရှိ ပိတ်စရာကောင်းသော တံခါးဖြင့်ပင် ဆုံးဖြတ်အပ်၏။

ဒသမဝိနိစ္ဆယ ပြီး၏။

* * * * * *

[၁၁] ဝေယျာဝစ္စကရဏဝိနိစ္ဆယ

မေး။ ★ ကျောင်းသားလူငယ်များကို ဝေယျာဝစ္စအရာ၌ သွင်းရမည်။

★ ဘိက္ခုနီသိတကအရာ၌ သွင်းရမည်ကိုလည်း ယုံမှားရှိပါသည်။

ဝေယျာဝစ္စတရော နာမ ယော ဝေတနံ ဂဟေတွာ အရညော ဒါရူနိ ဝါ ဆိန္နတိ အညံ ဝါ ကိဉ္စိ ကမ္မံ ကရောတိ၊ တဿ ရောဂေ ဥပ္ပန္နေ ယာဝဉာတကာ နာ ပဿန္တိ။ တာဝ ဘေသဇ္ဇံ ကာတဗ္ဗံ။ ယော ပန ဘိက္ခုနိသိတကောဝ ဟုတွာ သပ္ပကမ္မာနိ ကရောတိ။ တဿ ဘေသဇ္ဇံ ကာတဗ္ဗမေဝ။ (ဝိ၊၄၊၂၊၆၅)

ဤအဋ္ဌကထာ၌ ဝေယျာဝစ္စကရ-ဟူသည် ရဟန်းတို့ကို မမှီဘဲ အခယူ၍ ရဟန်းတို့အမှုကို ပြုသောသူသည် ဝေယျာဝစ္စကရ။ အခမယူဘဲပြုလုပ်မူ ဆိုဖွယ်မရှိ။ "ဝေယျာဝစ္စ-ကရဿာတိ အတ္တနော ဥပဋ္ဌာကဿ"ခုဒ္ဒသိက္ခာဋီကာသစ်(၃၇၅)ကို ထောက်။

ရဟန်းတို့ကို မှီ၍ အမှုကြီးငယ်ကို ပြုသောသူသည် ဘိက္ခုနိသိတက။ ထို့ကြောင့် ကျောင်းသားလူငယ်တို့သည် ဘိက္ခုနိသိတကအရာသို့ ဝင်ကုန်၏။

ဧကာဒသမဝိနိစ္ဆယ ပြီး၏။

http://www.dhammadownload.com

[၁၂] ဓူမပါနဝိနိစ္ဆယ

မေး။ ပဥ္စင်းငယ်, သာမဏေငယ်တို့ တစ်စုံတစ်ခု အနာမရှိဘဲ အခိုးဖြစ်သော ဆေးလိပ် သောက်ခြင်းသည် အပြစ်ရှိမည်, မရှိမည်ကို ယုံမှားရှိပါသည်။

ဘိက္ခု ဓူမဝတ္ထိ (ဓူမဝဋ္ဋိ) ပဒိဋ္ဌဟေတွာ ဓူမံ ပိဝတိ။ မုခဒွ ကဏ္ဏော စ မနောသိလာယ လိတ္ထော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ်္ဇိတုံ ဝဋ္ဋတိ။ ယာဝကာလိကေန ယာဝ-ဇီဝိကသံသဋ္ဌေ ဒေါသော နတ္ထိ။ (ပါစိတ္တိယဒိအဋ္ဌကထာ။၁၁၈)

ဘိက္ခု၊ ရဟန်းသည်။ ဓူမဝဋ္ဋိ၊ အခိုးတံဆေးလိပ်ကို။ ပဒိဋ္ဌဟေတွာ၊ ထိုနေ့ အကပ်ခံ၍။ ဓူမံ ပိဝတိ၊ အခိုးသောက်၏။ မုခဒွ၊ ခံတွင်းသည်လည်းကောင်း။ ကဏ္ဏော စ၊ လည်ချောင်းသည်လည်းကောင်း။ မနောသိလာယ၊ ဆေးဒန်းမြင်းသီလာဖြင့်။ လိတ္ထော ဝိယ၊ လိမ်းကျံသကဲ့သို့။ ဟောတိ၊ ၏။ ယာဝကာလိကံ၊ ယာဝကာလိကကို။ ဘုဉ်္ဇိတုံ၊ စားခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ယာဝကာလိကေန၊ နှင့်။ ယာဝဇီဝိကသံသဋ္ဌေ၊ ယာဝဇီဝိကဖြစ်သော ဆေးခြောင်း၏ ရောယှက်၍ ဝင်ခြင်းကြောင့်။ ဒေါသော၊ သန္နိဓိအပဒိဋ္ဌဟဏဒေါသသည်။ နတ္ထိ၊ မရှိ။ (ဆေးလိပ်တုန်းက အကပ်ခံခြင်းသည် မပျက်သောကြောင့် အပဒိဋ္ဌဟဏအပြစ်လည်း မရှိ-ဟူလို။)

ပဒိဋ္ဌဟေတ္ထာတိ တဒဟု ပဒိဋ္ဌဟေတွာ။ တေနေဝ ယာဝကာလိကေန ယာဝဇီဝိက-သံသဋ္ဌေ ဒေါသော နတ္ထိတိ ဝုတ္တံ။ သစေ ပန ပုရိမဒိဝသေ ပဒိဋ္ဌဟေတွာ ဌပိတာ ဟောတိ။ သာမိသေန မုခေန တဿာ ဓူမဝတ္ထိယာ (ဓူမဝဋ္ဋိယာ) ဓူမံ ပိဝိတုံ န ဝဋ္ဋတိ။ (သာရတ္ထဒီပနီ၊၃။၇၅)

ဓူမော ဝတ္ထတိ စတ္ထာတိ ဓူမဝတ္ထံ။ (ဝိဂြိဟ်။) ဆေးတံ, ဆေးလိပ်ကို ရစေ။

ဝါ။ ဆေးသောက်ကုန်၏။

အဋ္ဌကထာ(ဝိ၊၄၊၃။၁၁၈)၌ "**ဓူမဝတ္ထိ ပဒိဋ္ဌဟေတွာ**"ဆိုသောကြောင့် ဆေးလိပ်ကို အကပ်ခံ၍ သောက်အပ်၏။ "**ပဒိဋ္ဌဟေတွာ(ပဋိဂ္ဂဟိတာ) စတ္ထာရော ကာလိကာ**"(ခုဒ္ဒသိက္ခာ။ ၁၀)ဟူသည်နှင့်အညီ အကပ်ခံရလျှင် ကာလိကအဝင်ဖြစ်၏။ ကာလိက ၄-ပါးတို့တွင် ယာဝ-ဇီဝိကသံသဋ္ဌေ-ဟူသောကြောင့် ယာဝဇီဝိကဖြစ်၏။ ထို့ကြောင့် နေမလွဲမီ တဒဟုပဒိဋ္ဌဟိတ ဖြစ်သော ဆေးလိပ်ကို အကြောင်းမရှိသော်လည်း သောက်အပ်၏။ နေလွဲမူကား "**ပစ္ဆာယေသု**

http://www.dhammadownload.com

ကာလေပိ၊ ကပ္ပတေ ကာလိကတ္ထယံ"(ခုဒ္ဒသိက္ခာ၊နှာ-၁၁။ဂါ-၉၈။ ထောက် ဝိသဒိသံ)ဟူသောကြောင့် ထိုဆေးလိပ်ဖြင့် ပျော်စေအပ်သော အနာရှိလျှင် ပစ္စဝေက္ခဏာဆင်ခြင်၍ သောက်။ နေ့၌ အကပ်ခံ၍ထားသော ဆေးလိပ်မူကား လည်ချောင်း,အာစောက်၌ ကစ်ငြိသော ဆေးချေးသည် အာမိသနှင့် ရောစပ်လျှင် သန္ဓိမပါစိတ်ကို ဖြစ်စေ၏။

ပတ္တံ ဝါ ရဇနံ ဝါ ပစ္စန္တဿ ကဏ္ဏနာသမုခဆိဒ္ဒေဟိ ဓူမော ပဝိသတိ။ အဇ္ဈောဟာရိကတ္ထာ ဝဋ္ဋတိ။ (ပါစိတ္တိယဋ္ဌကထာ။၁၁၉)

အပဋိဂ္ဂဟိတတာ အနနုညာတတာ ဓူမာဒိအဇ္ဈောဟာရိကတ္ထာဘာဝေါ အဗ္ဗောဟာရဏတ္ထိ။ ဣမာနေတ္ထ စတ္တာရိ အင်္ဂါနိ။ (ဝိမတိ၊ဋီ၂။၃၈)

ဤအဋ္ဌကထာ, ဋီကာတို့၌ သပိတ်ဖုတ်စဉ်, ဆေးရည်ကို ကျိုစဉ် နား, နှာခေါင်း, ခံတွင်းပေါက်တို့မှ ဝင်သော မီးခိုးသည် အဇ္ဈောဟာရိကဖြစ်၍ အပ်သည်ကို ဆိုသောကြောင့် ဆေးငွေ့သည် အကပ်မခံဘဲပင် အပ်၏-ဟု မဟုတ်တုံလော။ အကပ်မခံရလျှင် ကာလိကဝိမုတ်ဖြစ်၍ အချိန်မရွေး အနာမရှိဘဲ, ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲပင် သုံးဆောင်အပ်၏ မဟုတ်လော ဟူငြားအံ့။ သပိတ်ဖုတ်ရာ, ဆေးရည်ကျိုရာတို့၌ မီးခိုးသည် လည်ချောင်း, အာစောက်တို့၌ မှင်ကြက်ခိုးအစိုင်အခဲကို မဖြစ်စေတတ်သောကြောင့် အဇ္ဈောဟာရိကဖြစ်သည်။ ဆေးလိပ်ငွေ့ကား တခဏချင်းပင်လျှင် လည်ချောင်း, အာစောက်တို့၌ ဆေးချေးအစိုင်အခဲကို ဖြစ်စေတတ်သောကြောင့် အငွေ့တုန်းကပင် အဇ္ဈောဟာရိကဖြစ်ငြားသော် လည်း ဆေးချေးအစိုင်အခဲဖြစ်က အဇ္ဈောဟာရိကအဖြစ်သို့ မရောက်အပ်သည်ဖြစ်သောကြောင့် အကပ်ခံရသည်။

အဋ္ဌကထာ(သာရတ္ထ၊၃။၇၅)၌ "တဒဟု ပဋိဂ္ဂဟိတတ္တာ"ဆေးလိပ်ငွေ့ကြောင့် စွဲသော ဆေးချေးသည် ယာဝကာလိကနှင့်ရောစပ် အပြစ်မရှိ-ဟု သန္ဓိမအဖြစ်ဖြင့် လျှဉ်းပါးဖွယ်မရှိသည်ကို အဘယ်ကြောင့် ဆိုပြန်လေသနည်းဟူမူကား အကပ်ခံအပ်သော ဆေးလိပ်မှ အကပ်မခံကောင်းသော အဇ္ဈောဟာရိက မီးခိုးအဖြစ်သို့ ရောက်၏။ တဖန် အဇ္ဈောဟာရိက ဆေးချေးဖြစ်ပြန်ရကား ဆေးလိပ်တုန်းက အကပ်ခံခြင်းသည် ကင်းလေပြီ-ဟု အပဋိဂ္ဂဟဏ အရာ၌ ကုက္ကုစ္စရှိရာသောကြောင့် ဆိုပြန်သည်။

"သိဒ္ဓိဝေရာဒိနံ အကုံရာ နိက္ခမန္တိ၊ ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ"(ဝိ၊ဋ၊၃။၁၁၉)ဟူသော စကားများကဲ့သို့တည်း။ စွဲကပ်သောဆေးချေးသည် တစ်စုံတစ်ခုနှင့်ရောမှသာ ဝင်ရာသောကြောင့် သံသဂ္ဂေ-ဟု ဆိုသည်။ ယာဝကာလိကသည် ရုန့်ရင်းသောအာဟာရဖြစ်သောကြောင့် ဥပလက္ခဏ, နိဒဿနနည်းအားဖြင့် ယာဝကာလိကေန-ဆိုသည်။ ကြွင်းသော

http://www.dhammadownload.com

ကာလိက ၃-ပါး, တံတွေး, ချဲခန်းတို့နှင့်တကွ ဝင်လျှင်လည်း နည်းတူပင်။ ဒေါသအရကိုလည်း ဒန္တပေါနအရာအားဖြင့် ပဋိဂ္ဂဟဒေါသကိုလည်း ယူ။

ဒွါဒသမဝိနိစ္ဆယ ပြီး၏။

* * * * * *

[၁၃] အလင်္ကိသဲ့ဝါသဝိနိစ္ဆယ

မေး။ "အလဘမာနာယ သာမဂ္ဂိယာ ပုန ဥက္ခိပိတဗ္ဗော"အစရှိသော ပါဠိတော်၌လည်း ကောင်း၊ အဋ္ဌကထာ, ဋီကာပါဠိတို့၌(လည်းကောင်း) အနက်အဓိပ္ပါယ် သဘောမကျ မယူမဆနိုင် ရှိပါသည်။

လဘ္ဘမာနာယ သာမဂ္ဂိယာ ပုန ဥက္ခိပိတဗ္ဗော။ အလဘ္ဘမာနာယ သာမဂ္ဂိယာ အနာပတ္တိ သိမ္ဘောဂေ သံဝါသေ။ (ပဗ္ဗဇိတခန္ဓက၊ မဟာခန္ဓကပါဠိတော်။ ဝိ၃။၁၃၅-၆)

အလဘ္ဘမာနာယ ။ပ။ သံဝါသေတိ ယာဝ တဿ ဥက္ခေပနိယကမ္မကရဏတ္ထာယ သာမဂ္ဂိ နှ လဘ္ဘတိ၊ တာဝ တေန သဒ္ဓိံ သမ္ဘောဂေ စ ဥပေါသထပဝါရဏာဒိကရဏာဘေဒေ သံဝါသေ စ အနာပတ္တိ။ (ဂဠိမဟာဝါအဋ္ဌကထာ။၃၁၆)

ဇတ္ထစာ'ယမ'မိပ္ပါယော၊ ယသ္မာ အယံ သြသာရိတတ္တာ ပကတတ္တော၊ တသ္မာ ဥက္ခိတ္တက(ဥက္ခိတ္တ)သမ္ဘောဂါဒိပစ္စယေန ပါစိတ္တိယေနေ'တ္ထ အနာပတ္တိတိ။ ယော ပန အာပတ္တိဌာနေ အနာပတ္တိဒိဋ္ဌိတာယ အာပတ္တိ နှ ပဿတိ၊ တေနေဝ ပဋိကမ္မမ္မိ နှ ကရောတိ၊ သော ယသ္မာ ဇတ္တာဝတာ အလဇ္ဇီ နာမ နှ ဟောတိ။ ပဏ္ဏတ္တိ ဥတ္တာ ဝိတိက္ကမံ ကရောန္တော ဇဝ ဟိ အလဇ္ဇီ နာမ ဟောတိ။ "သဒ္ဓိစ္စ အာပတ္တိ အာပဇ္ဇတီ"တိအာဒိ (ဝိ၅။၂၇၉) ဟိ ဝုတ္တံ။ တသ္မာ ဇတ္ထ အလဇ္ဇိသံမ္ဘောဂါဒိပစ္စယာ ဒုက္ကဋာပတ္တိနိယမော နတ္ထိ။ တေနေ သာပေ'တ္ထ အာပတ္တိ နှ ဝုတ္တာတိ ဒဋ္ဌဗ္ဗံ။

ယော ပနေ'တ္ထ ဣမံ အဓိပ္ပါယံ အသလ္လက္ခေန္တေန ကေနစိ "အနာပတ္တိ သမ္ဘောဂေ သံဝါသေ"တိ ဣမိနာ ပါစိတ္တိယေန အနာပတ္တိ ဝုတ္တာ၊ အလဇ္ဇိသမ္ဘောဂပစ္စယာ ဒုက္ကဋံ့ ပန အာပဇ္ဇတိ ဇဝါတိ အာပတ္တိနိယမော ဝုတ္တော၊ သော အလဇ္ဇိတ္တေ သတိ ဇဝ ဝုတ္တော၊ နာသတိတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိဋီကာပါဠိ၂။၁၃၉)

ဇတ္ထ စ၊ ဤအလဘ္ဘမာနာယ သာမဂ္ဂိယာ-အစရှိသော ပါဠိ၌။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ အဓိပ္ပါယော၊ တည်း။ ယသ္မာ၊ ကြောင့်။ အယံ၊ ဤအာပတ်ကို ကုပါအံ့-ဟု

http://www.dhammadownload.com

ဆို၍ သွင်းအပ်သော ရဟန်းသည်။ ဩသာရိတတ္တာ၊ သွင်းလေပြီးဖြစ်သောကြောင့်။ ပက-တတ္တော၊ ပကတတ်ဖြစ်ပြီ။ တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤပုဂ္ဂိုလ်ဖြင့် ပေါင်းဖော်ရာ၌။ ဥက္ခိတ္တက-သမ္ဘောဂါဒိပစ္စယေန၊ ဥက္ခိတ္တကသမ္ဘောဂ-စသည်လျှင် အကြောင်းရှိသော။ ပါစိတ္တိယေန၊ ဖြင့်။ အနာပတ္တိ၊ အာပတ်မသင့်။ ဣတိ အယံ၊ ဤသည်လျှင်။ အဓိပ္ပါယော၊ တည်း။ ပန၊ အထူးကား။ ယော၊ အကြင်ရဟန်းသည်။ အာပတ္တိဌာနေ၊ အာပတ်သင့်သောအရာ၌။ အနာပတ္တိဒိဋ္ဌိတာယ၊ အနာပတ္တိ-ဟု အယူရှိသည်၏အဖြစ်ကြောင့်။ အာပတ္တိ၊ ကို။ န ပဿတိ၊ မမြင်။ တေနေဝ၊ ထိုသို့ မမြင်ခြင်းကြောင့်သာလျှင်။ ပဋိကမ္မံ ပိ၊ ကုစားခြင်းကိုလည်း။ န ကရောတိ၊ မပြု။ သော ဘိက္ခု၊ ထိုအနာပတ္တိ-ဟု အယူရှိသောရဟန်းသည်။ ယသ္မာ၊ ကြောင့်။ ဧတ္ထာဝတာ၊ ဤသို့ အာပတ်သင့်ကာမျှဖြင့်။ အလဇ္ဇီ နာမ၊ အလဇ္ဇီ မည်သည်။ န ဟောတိ၊ မဖြစ်သေး။

ဟိ၊ သင့်စွ။ ပဏ္ဏတ္တိ၊ ပဏ္ဏတ္တိကို။ ဥ တ္တာ၊ သိ၍။ ဝိတိက္ကမံ ကရောန္တော ဧဝ၊ သာလျှင်။ အလဇ္ဇီ နာမ၊ သည်။ ဟောတိ၊ ၏။ ဟိ၊ ကြောင့်။ သဗ္ဗိစ္ဆ အာပတ္တိ အာပဇ္ဇတီတိ၊ အာပဇ္ဇတိ-(ဝိ၅၊၂၇၉)ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ ဤသို့ သဘောရှိသောပုဂ္ဂိုလ်ကို ပေါင်းဖော်ရာ၌။ အလဇ္ဇီသမ္ဘောဂါဒိပစ္စယာ၊ အလဇ္ဇီသမ္ဘောဂ-အစရှိသော အကြောင်းကြောင့်။ ဒုက္ကဋာပတ္တိနိယမော၊ ဒုက္ကဋ်အာပတ်သင့်ခြင်း မြဲသော အဖြစ်သည်။ နတ္ထိယေဝ၊ မရှိသည်သာလျှင်တည်း။ တေန၊ ထို့ကြောင့်။ ဧတ္ထ၊ ဤသွင်းအပ် သောပုဂ္ဂိုလ်ကို ပေါင်းဖော်ရာ၌။ သာပိ အာပတ္တိ၊ ထိုဒုက္ကဋ်အာပတ်ကိုလည်း။ န ဝုတ္တာ၊ ဟောတော်မမူ။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ပန၊ အထူးတပါး ကွဲပြားသည်ကို ဆိုအံ့။ ဧတ္ထ၊ ဤ'အနာပတ္တိ သမ္ဘောဂေ သံဝါသေ' ဟူသော ပါဠိ၌။ ဣမံ အဓိပ္ပါယံ၊ ဤငါဆိုအပ်ခဲ့ပြီးသော အဓိပ္ပါယ်ကို။ အသလ္လက္ခေန္တေန၊ အမှတ်မထင်မိသော။ ကေနစိ၊ အချို့သော ဝဇိရဗုဒ္ဓိဋီကာဆရာသည်။ (နောက်ဆုံး ဝုတ္တောဌ် စပ်။) အနာပတ္တိ သမ္ဘောဂေ သံဝါသေတိ ဣမိနာ၊ အနာပတ္တိ သမ္ဘောဂေ သံဝါသေ-ဟူသော ပါဌ်ဖြင့်။ ပါစိတ္တိယေန၊ ဖြင့်သာလျှင်။ အနာပတ္တိ၊ အာပတ်မသင့်ခြင်းကို။ ဝုတ္တာ၊ ၏။ အလဇ္ဇီသမ္ဘောဂပစ္စယာ၊ အလဇ္ဇီသမ္ဘောဂအကြောင်းကြောင့်။ ဒုက္ကဋံ ပန၊ သို့ကား။ အာပဇ္ဇတိ ဧဝ၊ ရောက်သလျှင်ကတည်း။ (ဤတိုင်အောင် ဝဇိရဗုဒ္ဓိ။ဌ၄၄-စကား။) ဣတိ၊ သို့။ ယော အာပတ္တိနိယမော၊ အကြင်ဒုက္ကဋ်အာပတ် မြဲသောအဖြစ်ကို။ ဝုတ္တော၊ ၏။ သော အာပတ္တိ-နိယမော၊ ထိုဒုက္ကဋ်အာပတ် မြဲသောအဖြစ်သည်။ အလဇ္ဇီတ္တေ၊ အလဇ္ဇီဖြစ်၍ မရှုမကုသော အဖြစ်သည်။ သတိ ဧဝ၊ ရှိသော်သာလျှင်။ ယုတ္တော၊ သင့်၏။ အလဇ္ဇီတ္တေ၊ အလဇ္ဇီအဖြစ် သည်။ အသတိ၊ မရှိသော်။ န ယုတ္တော၊ မသင့်လေ။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

http://www.dhammadownload.com

ပါဠိတော်(ဝိ၃။၁၃၅-၆)အဓိပ္ပါယ်ကား ဥက္ခိတ္တကရဟန်းသည် စတ္တာလီသဝတ်ကို မဖြည့်ဘဲ မသွင်းမီ လူထွက်၍ တဖန် "ရဟန်းခံလိုသည်"ဟု တောင်းပန်ငြားအံ့။ "သင့် အာပတ်ကို ရှုအံ့လော" မေး၍ "ရှုပါအံ့"ဆိုမှ ရှင်ပြုအပ်၏။ ရှင်ပြုပြီးလျှင် "သင့်အာပတ်ကို ရှုအံ့လော"ဟု တဖန်မေး၍ "ရှုအံ့"ဟု ဆိုမှ ပဋိုင်းခံရာ၏။ ပဋိုင်းခံပြီး၍ "အာပတ်ကို ရှုပါအံ့"ဟု ဆိုမှ ဥ တ်ကမ္မဝါစာဖြင့် သွင်းအပ်၏။ သွင်းပြီးလျှင် "အာပတ်ကို ရှုလော"ဟု ဆို၍ ရှုကုမူ ရဟန်းကောင်းဖြစ်၏။ မရှုမကုမူ သံဃာ့သာမဂ္ဂိကို ရသော် တဖန် ဥက္ခေပနိယ ကံကို ပြုအပ်၏။ သံဃာ့သာမဂ္ဂိကို မရ၍ ဥက္ခေပနိယကံကို မပြုရမီ ထိုရဟန်းနှင့် သမ္ဘောဂ, သံဝါသပြုရာ၌ တပါးသော ရဟန်းတို့အား အနာပတ္တိဖြစ်၏-ဟူလိုသည်။ (ဝိ၃။၁၃၅-၆)

ဋီကာ(ဝိမတိ၂။၁၃၉)အဓိပ္ပါယ်ကား ထိုရဟန်းသည် ပဋိုင်းခံပြီးနောက် သွင်းအပ်ပြီး ဖြစ်၍ ဥက္ခိတ္တက မဟုတ်ရကား ပေါင်းဖော်ကုန်သော ရဟန်းတို့အား "ယော ပန ဘိက္ခု ဇာနံ တထာဝါဒိနာ ဘိက္ခုနာ"(ဝိ၂။၁၈၀)သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်လည်း မသင့်ပြီ။ "သဉ္စိစ္စ အာပတ္တိ အာပဇ္ဇတိ"စသော ပါဠိတော်(ဝိ၅။၂၇၉)နှင့်အညီ အာပတ်ကို အာပတ်-ဟု သိလျက် မရှုမကုသော ရဟန်းသာ အလင်္ကဿဖြစ်သည်။ အာပတ်အရာကို အနာပတ္တိ ထင်မှတ်၍ မရှုမကုသောရဟန်းကား အလင်္ကဿမဟုတ် ဖြစ်၍ ထိုသို့သဘောရှိသောရဟန်းနှင့် ပေါင်းဖော်ခြင်းကြောင့် အလင်္ကဿသမ္ဘောဒုက္ကဋ် အာပတ်လည်း မသင့်ပြီ။

အာပတ်ကို အာပတ်-ဟု မှတ်၍ မရှုမကုသော ရဟန်းနှင့်ကား ပါစိတ်အာပတ်ဖြင့် အနာပတ္တိဖြစ်သည်။ အလင်္ကဿသမ္ဘောဒုက္ကဋ်ကား သင့်၏။ ဤသို့ အာပတ္တိသညီ, အနာပတ္တိ-သညီအားဖြင့် ဝေဖန်၍ဆိုအပ်သော အဓိပ္ပါယ်ကို နှလုံးမထားမိသော ကေစိဆရာသည် "အနာပတ္တိ သမ္ဘောဂေ သံဝါသေ"ဟူသောစကားဖြင့် ပါစိတ်အာပတ် မသင့်သည်ကိုသာ ဟောသည်။ ဒုက္ကဋ်ကား သင့်သည်သာတည်း-ဟု ဒုက္ကဋ်အာပတ် မြဲသောအဖြစ်ကို ဆို၏။ ထိုဒုက္ကဋ်အာပတ် မြဲသောအဖြစ်သည် ထိုပုဂ္ဂိုလ် အာပတ္တိသညီဖြင့် မရှုမကု၍ အလင်္ကဿ မဟုတ်သော်သာ သင့်၏။ အနာပတ္တိသညီဖြင့် မရှုမကု၍ အလင်္ကဿမဟုတ်သော် မသင့်-ဟူလိုသော်။

တေရသမဝိနိစ္ဆယ ပြီး၏။

* * * * * *

http://www.dhammadownload.com

[၁၄] ဓမ္မဿဝနဝိနိစ္ဆယ

မေး။ ဂိဟီ နာမ ပဗ္ဗ၊ [၈]သဗ္ဗသေတနိဝါသနံ ဂိဟီ။ [၂]ယော ဘိက္ခု ကသိကမ္မံ ကရောတိ၊ သောပိ ဂိဟီ။ [၃]ယောပိ ဘိက္ခု ဣက္ခဏံ ဝတ္တေတိ၊ သောပိ ဘိက္ခု ဂိဟီ။ [၄]ယောပိ ဘိက္ခု နက္ခတ္တကမ္မံ ကရောတိ၊ သောပိ ဘိက္ခု ဂိဟီ။ [၅]ယောပိ ဘိက္ခု ဝဇ္ဇကမ္မံ ကရောတိ၊ သောပိ ဘိက္ခု ဂိဟီ။ ဣမေ ပဗ္ဗ ဂိဟီ နာမ။ တေ ဘိက္ခူ ဂိဟီနံ ဓမ္မံ ဒေသေန္တိ။ တံ ဓမ္မံ သုဏန္တသာပိ အပါယဂမနံ ဟောတိ။

ဤပါဠိအတိုင်း အလဇ္ဇီပုဂ္ဂိုလ်တို့၏ တရားကို နာလျှင် အပါယ်လားရမည်ကို ပိုင်းခြား၍ သိလိုပါသည်။

ဤ ၅-ယောက်သောသူတို့သည် ရဟန်းဖြစ်လျက် လူတို့အမူအရာကို ကျင့်သောကြောင့် သဒိသူပစာအားဖြင့် ဂိဟိဆိုသည် ဖြစ်ရာ၏။ ထိုအလဇ္ဇီရဟန်းတို့သည် ဝိနည်းမဟုတ်သော ဝဇ္ဇကမ္မ, နက္ခတ္တကမ္မ-အစရှိသော အကျင့်ယုတ်ကို တရားဝိနည်းပြု၍ လှည့်ပတ်ပြောဟောခြားအံ့။ ဝဇ္ဇီပုတ္တက-အစရှိသည်တို့ကဲ့သို့ အဓမ္မဝိနယကို ဓမ္မဝိနယပြု၍ ပြောဟောခြားအံ့။ လိုက်နာကုန်သော ရှင်,လူ,ရဟန်းတို့အား တဒနုဝတ္တကဖြစ်၍ အပါယ-ဂမနိယ ဖြစ်၏။ ပါဠိတော်မှ လာသောတရားကို အမှန်အကန်ဟောမူကား နာအပ်ပါ၏။

ရှေးအခါ သီဟိဠ်ကျွန်းတွင် မဟာနိဒ္ဒေသပါဠိတော်ရေးသော(*အကြိမ်များစွာ လေ့လာပြီးသော*) အလဇ္ဇီမဟာထေရ်ကြီးထံ မဟာပဒုကထေရ်က စေခိုင်း၍ မဟာရက္ခိတမထေရ်ကြီး သင်ကြောင်းကို အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၂။၂၇၄-၅)၌ လာသည်။ ဤဝိဟီ ၅-ပါးကို ဆိုသောပါဠိလည်း ခိုင်ခံ့သော အဋ္ဌကထာ,ဋီကာတို့မှလာသော စကားဟုတ်ဟန် မရှိ။

စုဒ္ဒသမဝိနိစ္ဆယ ပြီး၏။

သက္ကရာဇ် ၁၂၁၃-ခု၊ တပို့တွဲလဆန်း ၅-ရက်နေ့တွင် သင်္ဘောအင်းရွာကျောင်းနေ ရှင်ကေတုမာလာ၊ တောကျောင်းနေ ရှင်ဝိမလာစာရ ပုဂ္ဂိုလ်သူမြတ် ၂-ပါးတို့က လျှောက်ထားအပ်သော ၁၄-ရပ်သော ပုစ္ဆာပြဿနာတို့ကို ပါဠို,အဋ္ဌကထာ, ဋီကာကျမ်းဂန် အစောင်စောင်တို့မှ ထုတ်နုတ်ညှိနှိုင်း၍ ဖြေဆိုအပ်သော ဝိသဇ္ဇနာစကားရပ်ကား ဤတွင်ရွေ့ ပြီးပြီ။

★★★★★★★

http://www.dhammadownload.com

အမည်မသိဆရာတော်

{ ၂၆ } နိဿယမုစ္ဆကဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[၁] ဥပဇ္ဈာယ်နှင့် ကင်းရာသောအကြောင်း ၅-ပါး

ဥပဇ္ဈာယ်ဆရာနှင့် သဒ္ဓိဝိဟာရိကတပည့်တို့ ကင်းရာသောအကြောင်းကား "ပဉ္စိမာ ဘိက္ခဝေ နိဿယပဋိပ္ပဿဒ္ဓိယော ဥပဇ္ဈာယမှာ" အစရှိသော မဟာဝါပါဠိတော်(၈၉)နှင့် အညီ [၁]ပက္ကန္တ, [၂]ဝိဗ္ဘန္တ, [၃]ကာလင်္ကတ, [၄]ပက္ခသင်္ကန္တ, [၅]အာဏတ္တိ-ဟူ၍ ၅-ပါးတည်း။ ထို ၅-ပါးတို့တွင် ပက္ကန္တ-ဟူသည်ကား ဥပဇ္ဈာယ်ဆရာသည် နေမြဲကျောင်းမှ ကင်း၍နေခြင်းငှာ အလိုရှိသည်ဖြစ်၍ တစ်စုံတစ်ခုသောအရပ်သို့ သွားခြင်းတည်း။

"ပက္ကန္တောတိ တမှာ အာဝါသာ ဝိပ္ပဝသိတုကာမော ပက္ကန္တော ဒိသံ ဂတော"ဟူသော မဟာဝါအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၆၇)ကို ထောက်။

တစ်စုံတစ်ခုသောအရပ်သို့ နေခြင်းငှာ သွားရာ၌လည်း တဖန်ပြန်ခြင်းငှာ အလိုရှိသည်မူလည်းဖြစ်စေ, တဖန်ပြန်ခြင်းငှာ အလိုမရှိသည်မူလည်းဖြစ်စေ ပက္ကန္တ ယူရသည်ချည်းမှတ်။

ဒိသံ ဂတောတိ ပုန အာဂန္တုကာမော အနာဂန္တုကာမော ဝါ ဟုတွာ ဝါသတ္ထာယ ကိန္တိ ဒိသံ ဂတော။ –

ဟူသော သာရတ္ထဒီပနီဋီကာ(၃၊၂၃၈)ကို ထောက်။

ဤပက္ကန္တအင်္ဂါ၌ တပါးသောအရပ်မှာ အရုဏ်မတက်မီ အခိုက်အတန့်နေအံ့-ဟု သွားသည့်အရာကို ပက္ကန္တ မယူအပ်။ အရုဏ်တက်သည်တိုင်အောင် နေအံ့-ဟု ဝန်ချ၍ သွားသည်ကိုသာ ယူအပ်၏။

"ဒိသံ ဂတောတိ တတ္ထ ဓုရန်ကွိတ္တဝါသော ဟုတွာ တိရောဂါမံ ဂတော"ဟူသော ဝဇိရဗုဒ္ဓိဋီကာ(၄၁၉)ကိုလည်းကောင်း၊ "ပက္ကန္တောတိ တဒဟု အပစ္စာဂန္တုကာမတာယ ဒိသံ

http://www.dhammadownload.com

ဂတေ"ဟူသော ဝိနယဝိနိစ္ဆယဋီကာ(၂။၁၄၅)ကိုလည်းကောင်း ထောက်။ ဤသို့ ပြဆိုအပ်ပြီးသော ပက္ကန္တသဘောကို နှလုံးသွင်း၍ ဥပဇ္ဈာယ်နှင့် ကင်းသည့်အရာကို ဆုံးဖြတ်နိုင်သည်။

ဥပဇ္ဈာယ်ဆရာ အရပ်တပါးသို့ သွားခဲ့သော် တပည့်တို့သည် ဤသို့ ကျင့်အပ်၏။ ထိုကျောင်း၌ နိဿယပေးခြင်းငှာ စွမ်းနိုင်သောပုဂ္ဂိုလ်သည် ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၏အထံ၌ နိဿယယူ၍ နေအပ်၏။ ၁-ရက်မျှ အစောင့်အရှောက် မရ၊ နိဿယပေးမယူဘဲနေလျှင် အာပတ်သင့်သည် ဆိုလိုသည်။ "ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထိ"ဟူသော မဟာဝါအဋ္ဌကထာ(၂၆၇)၊ "ပရိဟာရော နတ္ထိတိ အာပတ္တိပရိဟာရော နတ္ထိ"ဟူသော ဝိမတိဝိနောဒနီ(၂။၁၀၆)တို့ကို ထောက်။

ထိုကျောင်း၌ နိဿယပေးခြင်းငှာ စွမ်းနိုင်သောပုဂ္ဂိုလ်မရှိလျှင် တပါးသော လင်္ကိုပုဂ္ဂိုလ်ထံမှာ ဥပဇ္ဈာယ်ဆရာ သွားသောနေ့၌ပင် နိဿယပေး တောင်းအပ်၏။ တောင်းသော်လည်း မပေးမူ၍ "သင်တို့ဆရာ လာသည်တိုင်အောင် ဆိုင်းငံ့ကြဦး"ဆိုလျှင်လည်း နေအပ်၏။ လင်္ကိုအဖြစ်ကို မသိလျှင်လည်း ၄-ရက်, ၅-ရက်-စသည်ဖြင့် ဆိုင်းငံ့၍ ယူအပ်၏။ ထိုကျောင်း၌ နိဿယပေးခြင်းငှာ စွမ်းနိုင်သောပုဂ္ဂိုလ် မရှိသည်ဖြစ်အံ့၊ ဤသို့ကျင့်ရမည်။

မသွားမီကပင် ဥပဇ္ဈာယ်ဆရာသည် "ငါကား ၁-ရက်, ၂-ရက်ဖြင့် လာအံ့၊ မဆန့်ကျင်သဖြင့် နေရစ်ကြ"ဟု မှာ၍ သွားသော်လည်းကောင်း၊ ဒါယကာတို့က တဖန် ပင့်ဖိတ်ပြန်၍ "၅-ရက်, ၁၀-ရက်ရှိမှ ရောက်နိုင်မည်"ဟု ဥပဇ္ဈာယ်ဆရာက စေ၍ ကြားပြန်လာသော်လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာလာ၍ လမ်းခရီးတွင် မြစ်ရေပြည့်ခြင်း-စသော အကြောင်းကြောင့် ဆိုင်းငံ့၍ နေသည်-ဟု ကြားသော်လည်းကောင်း၊ အကြောင်းကိုပင် မကြားလာသော်လည်း "တစ်စုံတစ်ခုသောအကြောင်းကြောင့် ငါတို့ဆရာသည် ဤကျောင်းသို့ လာလတ္တံ့"ဟု အမှတ်သညာရှိ၍နေသော်လည်းကောင်း ဥပဇ္ဈာယ်ဆရာ လာသည်တိုင်အောင် အစောင့်အရှောက် ရ၏။ "ဥပဇ္ဈာယ်ဆရာ ထိုအရပ်မှာ နေပြီ။ ဤကျောင်းသို့ မလာရပြီ"ဟု ကြားလျှင် အစောင့်အရှောက် မရပြီ။ နိဿယပေးတတ်သော ပုဂ္ဂိုလ်ရှိရာ သွား၍ နိဿယယူ၍ နေအပ်၏။

ပြအပ်ပြီးသော စကားတွင် နေခြင်းငှာ အပ်၏-ဟူ၍လည်းကောင်း၊ ယူအပ်၏-ဟူ၍လည်းကောင်း၊ အစောင့်အရှောက်ရ၏-ဟူ၍လည်းကောင်း ဆိုသောအရာများသည် အာပတ်မသင့်သည်ကို ရည်၍ ပြသောအရာဖြစ်သောကြောင့် နိဿယပေးကား ဇြမ်း၏-ဟု အမြဲမှတ်ရမည်။ ဤပက္ကန္တအဂ်ီ၌ မဟာဝါအဋ္ဌကထာ၊ ၎င်းအဖွင့်ဝိမတိဝိနောဒနီဋီကာ-စသည်တို့နှင့် နှီးနှော၍ အဖန်တလဲလဲဆင်ခြင်။

http://www.dhammadownload.com

- ဥပဇ္ဈာယ်ဆရာ လူထွက်ခြင်းသည် ဝိပ္ပန္ဏ မည်၏။
- သေခြင်းသည် ကာလင်္ကတ မည်၏။
- တိတ္ထိအပင်းအသင်းသို့ ပြောင်းခြင်းသည် ပက္ခသင်္ကန္တ မည်၏။

ထိုဝိပ္ပန္န, ကာလင်္ကတ, ပက္ခသင်္ကန္တတို့၌ကား ၁-ရက်မျှ အာပတ်အစောင့်အရှောက်မရ။ နိဿယည်းပေးခြင်းငှာ စွမ်းနိုင်သောပုဂ္ဂိုလ်ရှိရာသို့ သွား၍ နိဿယည်း ယူအပ်၏။ နိဿယည်း မယူဘဲနေသော် အာပတ်မလွတ်-ဟူလိုသည်။ (ဝိ၊ဋ္ဌ၊၃၊၂၆၇-၈)

အာဏတ္တိဟူသည်ကား နှင်ထုတ်ခြင်းတည်း။ "ဤကျောင်းသို့ မဝင်လင့်၊ ငါ့ကို မလုပ်ကျွေးလင့်၊ ရွာသို့ ဝင်ခြင်းကို မပန်လင့်၊" ဤသို့ စသည်ဖြင့် အပြစ်အားလျော်စွာ တပည့်ကို နှင်ထုတ်သည်ရှိသော် ကန်တော့အပ်၏။ သည်းမခံလျှင် ဒဏ်အမှုကို ဆောင်၍ ၃-ကြိမ် ကန်တော့အပ်၏။ အကယ်၍ သည်းမခံငြားအံ့၊ ထိုကျောင်း၌ရှိသော မဟာထေရ်တို့ကို ပင့်ဆောင်၍ ကန်တော့အပ်၏။ အကယ်၍ သည်းမခံငြားအံ့၊ အနီးကျောင်း၌ရှိသော ရဟန်းတို့ကို ပင့်ဆောင်၍ ကန်တော့အပ်၏။ အကယ်၍ သည်းမခံငြားအံ့၊ အရပ်တပါးသို့ သွား၍ ဥပဇ္ဈာယ်ဆရာနှင့် သဘောတူသော ရဟန်းတို့၏အထံ၌ နေ၍ ကန်တော့အပ်၏။ ထိုသို့ ကန်တော့သော်လည်း အကယ်၍ သည်းမခံငြားအံ့၊ နေမြဲကျောင်းသို့ မပြန်မူ၍ တပါးသောအရပ်မှာ နိဿယည်းယူ၍ နေအပ်၏။ တပါးသောအရပ်မှ ပြန်ခဲ့၍ တဖန် ဥပဇ္ဈာယ်ရှိရာ ကျောင်းသို့ ရောက်သည်ဖြစ်စေ တပါးသောရဟန်း၏အထံ၌ နိဿယည်း ယူ၍ နေအပ်ပြီ။ ဤအရာ၌ ၂-ပါးစုံ အာလယပြတ်သောကြောင့် နေအပ်သည်-ဟူလို။ ဥပဇ္ဈာယ်နှင့် ကင်းရာသောအကြောင်း ၅-ပါး ပြီး၏။ (ဝိ၊ဋ္ဌ၊၃၊၂၆၈)

----- × -----

[၂]　နိဿယည်းနှင့် ကင်းရာသော အကြောင်း ၆-ပါး

နိဿယည်းဆရာနှင့် အန္တေဝါသိကတပည့်တို့ ကင်းရာသောအကြောင်းကား ဥပဇ္ဈာယ်၌ ပြအပ်ပြီးသော ပက္ကန္တ-စသော ၅-ပါးတို့တွင် ဥပဇ္ဈာယ်နှင့် ပေါင်းမိခြင်းအင်္ဂါကို ထည့်၍ ၆-ပါးတည်း။ ထို ၆-ပါးတို့တွင် ပက္ကန္တအင်္ဂါ၌ နိဿယည်းငြိမ်းရာသည်ကား ဥပစာရအတွင်း,အပ၌ ပန်၍သွားခြင်း, မပန်ဘဲသွားခြင်းအားဖြင့် ၂-ပါးတည်း။ ပန်၍ သွားရာ၌ "ဤမည်သောအရပ်သို့ သွားလိုသည်"ဟု တပည့်က ဆရာကို ပန်လျှင် "ကောင်းပြီ"ဟူ၍ ဆရာ ဝန်ခံအံ့၊ ထိုခဏ၌ နိဿယည်း ငြိမ်း၏။ ရှေးနည်းအတူ "ဤမည်သောအရပ်သို့

http://www.dhammadownload.com

သွားလိုသည်"ဟု တပည့်က ဆရာကို ပန်လျှင် "ကောင်းပြီ"ဟု ထိုခဏ၌ အခွင့်မပေးမူ၍ "ဤမည်သောကိစ္စ ပြီးမှ"ဟု မှတ်၍ ဆရာက ဆိုအံ့။ ဆိုသည်ကို "ကောင်းပြီ"ဟု တပည့်ဝန်ခံသောအရာ၌လည်းကောင်း၊ "ညဉ့်အခါ တိုင်ပင်ပြီးမှ"ဟု ကာလကို မှတ်၍ ဆရာက ဆိုသောအရာ၌လည်းကောင်း မှတ်အပ်သောအချိန်ကာလသို့ ရောက်၍ သွားမှ နိဿယည်း ငြိမ်း၏။ မှတ်အပ်သော အချိန်ကာလသို့ ရောက်သော်လည်း မသွားဖြစ်မူ မငြိမ်း။ မပန်ဘဲ သွားသောအရာမှာ ဥပစာရအတွင်း၌ဖြစ်မူ ဥပစာရသိမ်ကို လွန်မှ၊ ဥပစာရအပ၌ဖြစ်မူ ခဲ ၂-ကျကို လွန်မှ နိဿယည်းငြိမ်းသည်-ဟု ဆုံးဖြတ်လေ။ ပန်၍သွားခြင်း, မပန်ဘဲသွားခြင်း စသည်တို့သည် ဆရာ,တပည့် ဆက်ဆံသော စကားတည်း။ နိဿယည်း ငြိမ်းသည်ချည်း ဟူလိုသည်။ **"အာစရိယမှာ နိဿာယပဋိပ္ပဿဒ္ဓိသု ။ပ။ သစေ ဒွေလေဏ္ဍပါတေ အတိက္ကမိတ္ထာ နိဝတ္ထတိ၊ ပဋိပဿဒ္ဓေါ ဟောတိ"**ဟူသော မဟာဝါအဋ္ဌကထာ(၂၆၈၊၂၆၉)ကို ထောက်။

ဥပဇ္ဈာယ်၌ ပြအပ်ပြီးသော ပက္ကန္တသဘောကို နိဿယည်း၌လည်း ဆုံးဖြတ်ရမည်။ နိဿယည်း၌ ပြအပ်သော ပက္ကန္တသဘောကို ဥပဇ္ဈာယ်၌လည်း ဆုံးဖြတ်ရမည်။ ဤကဲ့သို့ ဆုံးဖြတ်သင့်ကြောင်းကို သိလိုမူ သာရတ္ထဒီပနီဋီကာ(၂။၃၉၅-၆)မှာ ယူလေ။ ဝိဇ္ဇန္တ, ကာလက်တ, ပက္ခသင်္ကန္တ, အာဏာတို့တို့၌ကား ဥပဇ္ဈာယ်၌ ပြအပ်ပြီးသည့်အတိုင်း မှတ်။ (ဝိဋ္ဌ၊၃။၂၆၈-၉) ဥပဇ္ဈာယ်နှင့် ကင်းခိုက် နိဿယည်းယူ၍နေသော တပည့်သည် အမှတ်မရှိသောအရပ်၌ ဥပဇ္ဈာယ်ဆရာကို မြင်၍ "ဤရဟန်းကား ငါ၏ဥပဇ္ဈာယ်"ဟု ဧကန်သိသော်လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာ၏ အသံကို ကြား၍ "ဤအသံကား ငါ၏ဥပဇ္ဈာယ်ဆရာအသံ"ဟု ဧကန်သိသော်လည်းကောင်း ဥပဇ္ဈာယ်နှင့် ပေါင်းမိသည် မည်၏။ နိဿယည်း ငြိမ်း၏-ဟု ဆိုသည်။ နိဿယည်းကင်းရာသော အကြောင်း ၆-ပါး ပြီး၏။(ဝိဋ္ဌ၊၃။၂၇၀)

----- × -----

[၃] အရပ်တပါးသို့ သွားသောတပည့်တို့ ကျင့်ရာသောနည်း

ဥပစာရအပ၌ မပန်ဘဲသွား၍ ခဲ ၂-ကျကို လွန်လျှင် နိဿယည်းငြိမ်းသည်-ဟု ပြအပ်ပြီးသောစကား၌ အရုဏ်အတွင်း၌ ပြန်အံ့,သွားအံ့-ဟူသော ဥဿာဟဂမန ၂-ပါး မရှိသောအရာမှာ ယူရမည်။ အရုဏ်အတွင်း၌ ပြန်အံ့,သွားအံ့-ဟူသော ဥဿာဟဂမန ရှိမူ ခဲ ၂-ကျကို မဆိုထားလင့်၊ အရုဏ်တက်သော်လည်း နိဿရည်း မငြိမ်း။ ဤစကားရပ်ကို ဆိုလတ္တံ့သောယုတ္တိဖြင့် သိအပ်၏။

http://www.dhammadownload.com

- နိဿဂ္ဂိယအဋ္ဌကထာ(ဝိ၊၄။ ၂၃၇-၈)တွင် ခရီးသွားဆဲအခါ ဆရာ,တပည့်ကွဲ၍ အရုဏ်တက်သော်လည်း အရုဏ်အတွင်း၌ ဥဿဟာဂမန ရှိခြင်းကြောင့် နိဿယညီးကား မငြိမ်း၊ သင်္ကန်း နိဿဂ္ဂိဖြစ်၏-ဟု ပြသော စကား ၁-ရပ်။
- စဉ်းငယ်အိပ်၍ မှီအောင်လိုက်မည်-ဆိုပြီးလျှင် အရုဏ်တက်မှ လိုက်ငြားအံ့။ အရုဏ်အတွင်း၌ ဥဿာဟဂမန မရှိခြင်းကြောင့် သင်္ကန်းလည်း နိဿဂ္ဂိ ဖြစ်၏၊ နိဿယညီးလည်း ငြိမ်း၏-ဟု ပြသော စကားလည်း ၁-ရပ်။
- ဆန့်ကျင်သောစကားဖြစ်၍ ခရီးသွားရာဝယ် အရုဏ်အတွင်း၌ ဥဿာဟ ရှိ၏။ ဂမန မရှိခြင်းကြောင့် အရုဏ်တက်သည်နှင့်တကွ သင်္ကန်းလည်း နိဿဂ္ဂိဖြစ်၏၊ နိဿယညီးလည်း ငြိမ်း၏-ဟု ပြသော စကားလည်း ၁-ရပ်။
- ဆေးပစ္စည်းခံခြင်းငှာ ရွာသို့ ဝင်ပြီးမှ လိုက်သောတပည့်သည် မရောက်မီအကြား၌ အရုဏ်တက်သော်လည်း အရုဏ်အတွင်း၌ ဥဿာဟဂမနရှိခြင်းကြောင့် နိဿယညီးကား မငြိမ်း၊ သင်္ကန်း နိဿဂ္ဂိဖြစ်သော-ဟု ပြသော စကားလည်း ၁-ရပ်။
- ခရီးအကြားတွင် နွားလှေခြင်း-စသော ဘေးကြောင့် ရပ်တန့်၍ လိုက်သောတပည့်သည် မရောက်မီအကြား၌ အရုဏ်တက်ငြားအံ့။ အရုဏ်အတွင်း၌ ဂမနရှိ၍ မရောက်နိုင်-ဟူသော နှလုံးသွင်းရှိခြင်းကြောင့် သင်္ကန်းလည်း နိဿဂ္ဂိဖြစ်၍ နိဿယညီးလည်း ငြိမ်း၏-ဟု ပြသော စကားလည်း ၁-ရပ်။
- အဝိပ္ပဝါသသိမ်တွင်း၌ ခရီးသွားဆဲအခါ ရွာသို့ ဝင်၍လာသော တပည့်သည် မရောက်မီအကြား၌ အရုဏ်တက်သော်လည်း အရုဏ်အတွင်း၌ ဥဿာဟဂမန ရှိခြင်းကြောင့် နိဿယညီးလည်း မငြိမ်း၊ အဝိပ္ပဝါသသိမ်တွင်းဖြစ်၍ သင်္ကန်းလည်း နိဿဂ္ဂိ မဖြစ်-ဟု ပြသော စကားလည်း ၁-ရပ်။
- ထိုသို့မဟုတ် သိမ်တွင်း, ရွာတွင်း၌ လင်းအောင်နေ၍ လိုက်ငြားအံ့၊ နိဿယညီးကား ငြိမ်း၏။ သင်္ကန်း နိဿဂ္ဂိယ ဖြစ်၏-ဟု ပြသော စကားလည်း ၁-ရပ်။
- အနီးကျောင်းသို့ တရားနာခြင်းငှာ သွား၍ ပြန်ခဲ့သော် အကြား၌ အရုဏ်တက်ငြားအံ့။ အရုဏ်အတွင်း၌ ဥဿာဟဂမနရှိခြင်းကြောင့် နိဿယညီးကား မငြိမ်း၊ သင်္ကန်း နိဿဂ္ဂိ ဖြစ်၏-ဟု ပြသော စကားလည်း ၁-ရပ်။
- ထိုသို့မဟုတ် "တရားဆုံးအောင်နာပြီးမှ သွားအံ့"ဟု နေခဲ့သော် အရုဏ်အတွင်း၌ ဥဿာဟရှိ၍ ဂမန မရှိခြင်းကြောင့် အရုဏ်တက်သည်နှင့်တကွ သင်္ကန်းလည်း နိဿဂ္ဂိ ဖြစ်၏၊ နိဿယညီးလည်း ငြိမ်း၏-ဟု ပြသော စကားလည်း ၁-ရပ်။

http://www.dhammadownload.com

- ဝိမတိဋီကာ(၁။၃၂၀)တွင် ခရီးသွားဆဲအခါ စဉ်းငယ်အိပ်ပြီးလျှင် အရုဏ်မတက်မီ ထ၍ လိုက်ငြားအံ့။ မရောက်မီအကြားဌ အရုဏ်တက်သော်လည်း အရုဏ်အတွင်းဌ ဥဿာဟ ဂမနရှိခြင်းကြောင့် နိဿယည်းကား မငြိမ်း၊ သင်္ကန်း နိဿဂ်ဖြစ်၏-ဟု ပြသော စကားလည်း ၁-ရပ်။

- နွားတွေ့ခြင်း-စသော ဘေးကြောင့် ရပ်တန့်၍ လိုက်သောတပည့်သည် မရောက်မီ အကြားဌ အရုဏ်တက်သည်ဖြစ်စေ အရုဏ်အတွင်းဌ ဥဿာဟဂမနရှိလျှင် နိဿယည်းလည်း မငြိမ်း၊ သင်္ကန်း နိဿဂ် ဖြစ်၏-ဟု ပြသောစကားလည်း ၁-ရပ်။

- သာရတ္ထဒီပနီ(၂။၃၉၅-၆)တွင် ဆရာ,တပည့် ဆန့်ကျင်သောစကားဖြစ်၍ သွားရာဌ အရုဏ်မတက်မီ ဥဿာဟဂမန ပြတ်ကင်းကြမူ အရုဏ်မတက်မီ နိဿယည်း ငြိမ်း၏-ဟု ပြသော စကားလည်း ၁-ရပ်။

ဤသို့ ပြအပ်ပြီးသော စကားရပ်တို့ကို ထောက်ရှုဆင်ခြင်၍ ဆရာရှိရာအရပ်သို့ လည်းကောင်း, နေမြဲကျောင်းသို့လည်းကောင်း အရုဏ်အတွင်းဌ သွားအံ့, ပြန်အံ့-ဟု ဥဿာဟဂမန ၂-ပါးရှိရာမှာ အရုဏ်တက်သော်လည်း နိဿယည်း မငြိမ်း။

- **တစ်ပါးပါးသာ ရှိသောအရာမှာ အရုဏ်တက်သည်နှင့်တကွ ငြိမ်း၏။**

- **၂-ပါးစုံရှိသောအရာမှာ အရုဏ် မတက်မီ ငြိမ်း၏။** ဤသို့ အထူးကို မှတ်။

ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာနှင့် ကင်း၍ တရပ်တပါးသို့ သွားသော တပည့်သည် မရောက်ဘူးသောအရပ်သို့ ရောက်ခဲ့သော် အာဝါသိကရဟန်းတို့က "နိဿယည်းယူလော"ဟု တိုက်တွန်းနှိုးဆော်သည်ဖြစ်စေ၊ ၄-ရက်, ၅-ရက် လဒ္ဓိအဖြစ်ကို စုံစမ်း၍ ယူအပ်၏။ နိဿယည်းပေးရာကျောင်းသို့ သွားသော်လည်းကောင်း, နှေးကာလ၌ နိဿယည်းယူဖူးသော ကျောင်းသို့ပင်သော်လည်းကောင်း ၁-ညဉ့်နေလျှင် နိဿယည်း ယူအပ်၏။ ခရီးသွားဆဲအခါတွင် နိဿယည်းပေးခြင်းငှာ စွမ်းနိုင်သော ရဟန်းအဖော်ကို မရလျှင်လည်း နိဿယည်းကင်း၍ အခိုက်အတန့်သွားအပ်၏။ အကျယ်ကို အလိုရှိမူ မဟာဝါပါဠိတော်(၈၉), အဋ္ဌကထာ(၀ိ၊၄၁၃။၂၆၇-၉), ဋီကာ(သာရတ္ထ၊၃။၂၃၈-၉။ဝိမတိ၊၂။၁၀၆-၇။ဝဇိရ၊၄၁၉၊၄၂၀)တို့ကို ကြည့်။ ဤသည်ကား **အရပ်တပါးသို့ သွားသောတပည့်တို့ ကျင့်ရာသောသဘောတည်း**။

----- × -----

http://www.dhammadownload.com

[၄] ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာ ပညတ်ခြင်းအကြောင်း

ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာကို ပညတ်ခြင်း၏အကြောင်းကို ပြဦးအံ့။

ဘုရားသဗ္ဗညုသည် ပဌမဝါကျွတ်သည့်နောက် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသောအခါတွင် ဥပဇ္ဈာယ်, နိဿရည်းမရှိသော ရဟန်းတို့သည် မကောင်းသောဝတ်ခြင်း, ရဲခြင်း ရှိကုန်သည်ဖြစ်၍ ဆွမ်းခံသွားခြင်း-စသောအကြောင်းကြောင့် ဥပဇ္ဈာယ်သို့ ရှေးဦးစွာ ပညတ်တော်မူသည်။ ထို့နောက် ဥပဇ္ဈာယ်ဆရာ အရပ်တပါးသို့ သွား၍လည်းကောင်း, လူထွက်၍လည်းကောင်း, သေ၍လည်းကောင်း, တိတ္ထိအပင်းအသင်းသို့ ပြောင်း၍လည်းကောင်း ဆရာမရှိ ဖြစ်ပြန်ရာတွင် ရှေးနည်းအတူ ဒုန္နိဝတ္ထ, ဒုပါရုတ-စသော အကြောင်းဖြစ်ပြန်၍ နိဿယည်းကို ပညတ်တော်မူပြန်သည်။ ဤသို့ ဥပဇ္ဈာယ်မရှိသောအရာ၌သာ နိဿယည်းကို ခွင့်ပြုတော်မူသောကြောင့် ဥပဇ္ဈာယ်နှင့် ပေါင်းမိလျှင် နိဿယည်းငြိမ်းသည်ဟု ဟောတော်မူသောကြောင့် ရဟန်းတို့မှာ ဥပဇ္ဈာယ်မရှိလျှင် နိဿယည်းယူ၍ နေရမည်။ ဥပဇ္ဈာယ်ထပ်၍ မယူရပြီ။ (ဝိ၊၃း၈၉။ ဝိ၊၄၊၃။ ၂၇၀)

သာမဏေတို့မှာကား ရဟန်းတို့ကဲ့သို့ မဟုတ်၊ နေရာအရပ်တိုင်းမှာပင် ဥပဇ္ဈာယ်ယူ၍သာ နေအပ်သည်။ အဘယ်အာဂုံယုတ္တိကို ထောက်၍ သိအပ်သနည်း-ဟူသော် စီဝရ-အစ္ဆိန္ဒနသိက္ခာပုဒ်အဖွင့်(၃၀၂)တွင်-

> **အာဝုသော မယံ တုယ္ဟံ "ဝတ္ထုပဋိပတ္တိ ကရိဿတိ၊ အမှာကံ သန္တိကေ ဥပဇ္ဈံ ဂဏှိဿတိ၊ ဓမ္မံ ပရိယာပုဏိဿတီ"တိ စီဝရံ အဒမှ၊ သော ဒါနိ တွံ န ဝတ္ထံ ကရောသိ၊ န ဥပဇ္ဈံ ဂဏှာသိ၊ န ဓမ္မံ ပရိယာပုဏှာသီတိ။ –**

ဟူ၍လည်းကောင်း၊ ဝဇိရဗုဒ္ဓိဋီကာ(၂၇၆)၌–

> **ဥပဇ္ဈံ ဂဏှိဿတီတိအာဒိဝစနံ သာမဏေရဿ ဒါနံ ဒီပေတိ။ –**

ဟူ၍လည်းကောင်း လာသည်ကို ထောက်၍ သိအပ်၏။

ဥပဇ္ဈာယ်ယူနည်းကား လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမ္မယ်တင်ခြင်း, လက်အုပ်ချီခြင်း, ဆောင့်ကြောင့်ထိုင်ခြင်းကို ပြု၍ "ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ" (ဝိ၊၃း၅၇)ဟု ၃-ကြိမ် တပည့်က ရွတ်ဆိုရမည်။ ဤသို့ဆိုလျှင် ဆရာက "[၁]သာဟု, [၂]လဟု, [၃]ဩပါယိကံ, [၄]ပဋိရူပံ။ [၅]ပါသာဒိကေန သမ္မာဒေဟိ"ဟူသော ၅-ပုဒ်တို့တွင် တစ်ခုခုသော ပုဒ်ဖြင့် ဥပဇ္ဈာယ်အဖြစ်ကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်,နှုတ်

http://www.dhammadownload.com

၂-ပါးဖြင့်လည်းကောင်း သိစေရမည်။ သာဟု-စသော ပုဒ်တို့၏အဓိပ္ပါယ်ကား "°ကောင်း၏။ ²ငါဝန်မလေး၊ ³ငါ၏ဝန်ပေ။ ⁴သင့်တင့်၏။ ⁵ကြည်ညိုဖွယ်ကို ဆောင်သဖြင့် ပြီးစေလော၊" ဤသို့ ဆိုလိုသည်။

နိဿယည်းယူနည်းကား ယခင်ရှေးနည်းအတူ ကိုယ်ဝတ်စမယ်တင်ခြင်း-စသည်ကို ပြု၍ "အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ"(ဝိ၊၃။၇၆)ဟု ၃-ကြိမ် တပည့်က ရွတ်ဆိုရမည်။ ဤသို့ဆိုလျှင် ဆရာက ယခင်ရှေးအတူ သာဟု-စသော ၅-ပုဒ်တို့တွင် တစ်ခုခုသောပုဒ်ဖြင့် နိဿယည်းဆရာအဖြစ်ကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်,နှုတ် ၂-ပါးဖြင့်လည်းကောင်း သိစေရမည်။

- ဥပဇ္ဈာယ်ယူ၍နေသော တပည့်သည် သဒ္ဓိဝိဟာရိက,
- နိဿယည်းယူ၍နေသော တပည့်သည် နိဿယန္တေဝါသိက၊

ဤသို့ တပည့် ၂-ပါးတို့၏ အထူးကိုလည်း မှတ်။ ယင်းမှတပါးလည်း–

- သရဏဂုံပေးသောဆရာသည် ပဗ္ဗဇ္ဇာစရိယ, တပည့်သည် ပဗ္ဗဇ္ဇန္တေဝါသိက၊
- ကမ္မဝါရွတ်ဖတ်သောဆရာသည် ဥပသမ္ပဒါစရိယ, တပည့်သည် ဥပသမ္ပဒန္တေဝါသိက၊
- ပါဠိ,အဋ္ဌကထာ-စသည်ကို သင်သောဆရာသည် ဓမ္မာစရိယ, တပည့်သည် ဓမ္မန္တေဝါသိက၊

ဤသို့ ဆရာအပြား, တပည့်အပြားကို မှတ်။

"*(အာယသ္မာဝိ ဥပသေနော)*ဝဝံန္တပုတ္တော ဇကဝဿော သဒ္ဓိဝိဟာရိကံ ဥပသမ္မာဒေဟိ" ဟူသော မဟာဝါပါဠိတော်(၇၄)ကို ထောက်၍ သာမဏေသဒ္ဓိဝိဟာရိကရှိကြောင်းကို မှတ်။

ပဗ္ဗဇ္ဇာယ ပန ဣမာနိ တီဏိ သရဏာနိ ဒုကာရဓကာရာဒီနံ ဗျဥ္ဇနာနံ ဌာနကရဏ-သမ္ဖဒံ အဟာပေန္တေနေဝ အာစရိယေနပိ အန္တေဝါသိကေနပိ ဝတ္ထဗ္ဗာနိ။ –

ဟူသော မဟာဝါအဋ္ဌကထာ(၂၅၀)ကို ထောက်၍ သာမဏေ ပဗ္ဗဇ္ဇန္တေဝါသိကရှိကြောင်းကိုလည်း မှတ်။

ယခင် ပြအပ်ပြီးသော ဆရာ၏အပြား, တပည့်၏အပြားမှတပါး ရာဟုလာမင်းသားကို ရှင်ပြုသောအရာတွင် "မဟာကဿပထေရော ဩဝါဒါစရိယော အဟောသိ"ဟူ၍ လာသောကြောင့် ဩဝါဒါစရိယ, ဩဝါဒန္တေဝါသိက-ဟူ၍လည်း ရှိ၏-ဟု မှတ်။

ပဗ္ဗဇ္ဇာစရိယ, ပဗ္ဗဇ္ဇန္တေဝါသိကအရာ၌ ဆရာ,တပည့် ၂-ပါးစုံ ဌာန်,ကရိုဏ်းပီပြင်စွာ ရွတ်ခြင်းငှာ စွမ်းနိုင်မှ အပ်သည်။ "သစေ ပန ဥဘောပိ သက္ကောန္တိ၊ ဝဋ္ဋတိ"ဟူသော မဟာဝါ-

http://www.dhammadownload.com

အဋ္ဌကထာ(၂၅၀)ကို ထောက်။ သရဏဂုံပေးရာသော အခြင်းအရာကိုလည်း-

> ဣမာနိ စ ပန ဒဒမာနေန 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမီ'တိ ဧဝံ ဧကသမ္မန္နာနိ အနုနာသိကန္တာနိ ဝါ ကတ္တာ ဒါတဗ္ဗာနိ၊ 'ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီ'တိ ဧဝံ ဝိဘိန္နိတ္တာ မကာရန္တာနိ ဝါ ကတ္တာ ဒါတဗ္ဗာနိ။ -

ဟု မဟာဝါအဋ္ဌကထာ(၂၅၁)၌ လာသည့်အတိုင်း မှတ်။ သိက္ခာပုဒ်ကို ဆောက်တည်ရာသော အခြင်းအရာကိုလည်း-

> သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာပရိပူရဏတ္ထံ ဇာနိတဗ္ဗာနိ။ တသ္မာ တာနိ ပါဠိယံ အာဂတနယေန ဥဂ္ဂဟေတုံ အသက္ကောန္တသ္သ ယာယ ကာယစိ ဘာသာယ အတ္ထဝသေနာပိ အာစိက္ခိတုံ ဝဋ္ဋတိ။

ဟု မဟာဝါအဋ္ဌကထာ(၂၅၂)၌ လာသည့်အတိုင်း မှတ်။ ဥပသမ္ပဒါစရိယအရာ၌ ဗျတ္တို, ပဋိဗလ-ဟူသည်ကား-

> ဗျတ္တေန ဘိက္ခုနာ ပဋိဗလေနာတိဧတ္ထ ဗျတ္တော နာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ။ တသ္မိံ အသတိ ယဿ အန္တရာယော ဣဒံ ဥ ဤတ္တိ-စတုတ္ထကမ္မဝါစာမတ္တမ္ပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ၊ အယမ္ပိ ဣမသ္မိံ အတ္ထေ ဗျတ္တော။ ယော ပန ကာသောသသေမ္ပာဒိနော ဝါ ဂေလညေန, ဩဠဒန္တ-ဇိဝှါဒိနံ ဝါ အသမ္မတ္တိယာ, ပရိယတ္တိယံ ဝါ အကတပရိစယတ္တာ နု သက္ကောတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံ ဝါ ပဒံ ဝါ ဟာပေတိ၊ အညထာ ဝါ ဝတ္တုံ အညထာ ဝဒတိ၊ အယံ အပဋိဗလော။ တဒ္ဒိပရီတော ဣမသ္မိံ အတ္ထေ ပဋိဗလောတိ ဝေဒိတဗ္ဗော။ -

ဟု မဟာဝါအဋ္ဌကထာ(၂၆၄-၅)၌ လာသည့်အတိုင်း မှတ်။

ဗျတ္တေန ဘိက္ခုနာ ပဋိဗလေနာတိ ဧတ္ထ၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန-ဟူသော ဤပုဒ်၌။ ဗျတ္တော နာမ၊ ဗျတ္တမည်သည်ကား။ ယဿ ဘိက္ခုနော၊ အကြင်ရဟန်းအား။ သာဋ္ဌကထံ၊ သော။ ဝိနယပိဋကံ၊ ကို။ ဝါစုဂ္ဂတံ၊ နှုတ်၌ဆောင်လျက်။ ပဝတ္တတိ၊ လေ့လာ၏။ တသ္မိံ၊ ထိုလေ့လာခြင်းသည်။ အသတိ၊ မရှိသော်ကား။ ယဿ ဘိက္ခုနော၊ အား။ အန္တရာယော၊ အယုတ်အားဖြင့်။ ဣဒံ ဥ ဤတ္တိစတုတ္ထကမ္မဝါစာမတ္တမ္ပိ၊ ဤဥ ဤတ္တိစတုတ္ထကမ္မဝါစာမျှကိုလည်း။ သုဂ္ဂဟိတံ၊ ကောင်းစွာ သင်သည်။ ဟောတိ၊ ဖြစ်၏။ ဝါစုဂ္ဂတံ၊ နှုတ်၌ဆောင်လျက်။ ပဝတ္တတိ၊ လေ့လာ၏။ အယံပိ ဘိက္ခု၊ ဤရဟန်းသည်လည်း။ ဣမသ္မိံ အတ္ထေ၊ ဤကမ္မဝါစာဖတ်သော အရာ၌။ ဗျတ္တော၊ ဗျတ္တမည်၏။

http://www.dhammadownload.com

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်ကား။ ကာသသောသသေမှာဒိနာ၊ ချောင်း-ဆိုး,ကုတ်ဟီး,သလိပ်-အစရှိသော။ ဂေလညေန ဝါ၊ အနာဖြင့်လည်းကောင်း။ သြဒဒန္တဇိဝှါ-ဒီနံ၊ နှုတ်ခမ်း,သွား,လျှာ-အစရှိသည်တို့၏။ အသမ္မတ္တိယာ ဝါ၊ မပြည့်စုံသဖြင့်လည်းကောင်း။ ပရိယတ္တိယံ၊ ပိဋကတ်ကို သင်ခြင်း၌။ အကတပရိစယတ္တာ ဝါ၊ အလေ့အကျင့် မပြုခြင်း ကြောင့်လည်းကောင်း။ ပရိမဏ္ဍလေဟိ၊ အဝန်းညီကုန်သော။ ပဒဗျဉ္ဇနေဟိ၊ ပုဒ်ဗျည်းတို့ဖြင့်။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ သာဝေတုံ၊ ကြားအံ့သောငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဗျဉ္ဇနံ ဝါ၊ ဗျည်းကိုလည်းကောင်း။ ပဒံ ဝါ၊ ပုဒ်ကိုလည်းကောင်း။ ဟာပေတိ၊ ယုတ်စေတတ်၏။ အည-ထာ၊ တပါးသော အခြင်းအရာဖြင့်။ ဝတ္တုံ ဝါ၊ ရွတ်အပ်သော အက္ခရာကိုလည်း။ အညထာ၊ တပါးသောအခြင်းအရာဖြင့်။ ဝဒတိ၊ ရွတ်၏။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ အပဋိဗလော၊ မစွမ်းနိုင်သည် မည်၏။ တဒ္ဓိပရီတော၊ ထိုမှ ဖောက်ပြန်သောအားဖြင့်။ ဣမသ္မိံ အတ္ထေ၊ ဤကမ္မဝါစာဖတ်သောအရာ၌။ ပဋိဗလောတိ၊ စွမ်းနိုင်သော်-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဥပဇ္ဈာယ်, နိဿယပြုအရာ၌ ဗျတ္တိ, ပဋိဗလနှင့်ပြည့်စုံသော ၁၀-ဝါရှိသောရဟန်း, ၁၀-ဝါထက် အလွန်ရှိသော ရဟန်းတို့သည်သာ ပေးအပ်ကြောင်းကို-

> အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေက-ဒသဝဿေန ဝါ နိဿယံ ဒါတုံ။ –

ဟု မဟာဝါပါဠိတော်(၈၉)၌ ဟောတော်မူသည်။ ဥပဇ္ဈာယ်, နိဿယပြုအရာ၌ ဗျတ္တ-ဟူသည်ကား-

> **အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာတိအာဒိမှိ ဗျတ္တော ပုဗ္ဗေ ဘိက္ခုနောဝါဒက ဝဏ္ဏနာယံ ဝုတ္တလက္ခဏတောယေဝ။** –

ဟု မဟာဝါအဋ္ဌကထာ(၂၆၆)၌ လာခြင်းကြောင့် ဘိက္ခုနောဝါဒကအဖွင့်၌လာသော လက္ခဏာနှင့် ပြည့်စုံလျှင် ဗျတ္တအင်္ဂါနှင့် ပြည့်စုံပြီ-ဟု မှတ်။

ဘိက္ခုနောဝါဒကအဖွင့်(၀။၄၊၃။၅၅)၌လာသော လက္ခဏာကား-

> ပရိသုပဋ္ဌာပကေန ဥပသမ္ပဒါယ ဒသဝဿေန သတ္တန္နံမေန ပရိစ္ဆေဒေန ပရိသံ အဘိဝိနယေ ဝိနေတုံ ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ အသက္ကောန္တေန တီဟိ ဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ၊ ကမ္မာကမ္မဉ္စ ခန္ဓကဝတ္တဉ္စ ဥဂ္ဂဟေ-တဗ္ဗံ။ ပရိသာယ ပန အဘိဓမ္မေ ဝိနယနတ္ထံ သစေ မဇ္ဈိမဘာဏကော ဟောတိ မူလပဏ္ဏာသကော ဥဂ္ဂဟေတဗ္ဗော။ ဒီဃဘာဏကေန မဟာဝဂ္ဂေါ။ သံယုတ္တ-

http://www.dhammadownload.com

ဘာဏကေန ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါ မဟာဝဂ္ဂေါ ဝါ။ အဂ်ုတ္တရဘာဏကေန ဟေဋ္ဌာ ဝါ ဥပရိ ဝါ ဥပမုနိကာယော ဥဂ္ဂဟေတဗ္ဗော၊ အသက္ကောန္တေန တိကနိပါတတော ပဋ္ဌာယ ဟေဋ္ဌာ ဥဂ္ဂဟေတုမ်ဖြ ဝဋ္ဋတိ။

မဟာပစ္စရိယံ ပန ဧကံ ဥဂ္ဂဏှန္တေန စတုက္ကနိပါတံ ဝါ ပဉ္စကနိပါတံ ဝါ ဂဟေတုံ ဝဋ္ဋတိတိ ဝုတ္တံ။ ဇာတကဘာဏကေန သာဋ္ဌကထံ ဇာတကံ ဥဂ္ဂဟေတဗ္ဗံ။ တတော ဩရံ န ဝဋ္ဋတိ။ ဓမ္မပဒမ်ဖြ သဟ ဝတ္ထုနာ ဥဂ္ဂဟေတုံ ဝဋ္ဋတိတိ မဟာပစ္စရိယံ ဝုတ္တံ။ တတော တတော သမုစ္စယံ ကတွာ မူလပဏ္ဏာသကမတ္တံ ဝဋ္ဋတိ န ဝဋ္ဋတိတိ။ န ဝဋ္ဋတိတိ ကုရုန္ဒဋ္ဌကထာယံ ပဋိက္ခိတ္တံ၊ ဣတရာသု ဝိစာရဏာယေဝ နတ္ထိ။ အဘိဓမ္မေ ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ န ဝုတ္တံ။ ယဿ ပန သာဋ္ဌကထံပိ ဝိနယပိဋကံ အဘိဓမ္မပိဋကဉ္စ ပဂုဏံ၊ သုတ္တန္တေ စ ဝုတ္တပ္ပကာရော ဂန္ထော နတ္ထိ၊ ပရိသံ ဥပဋ္ဌာပေတုံ န လဘတိ။ ယေန ပန သုတ္တန္တတော ဝိနယတော စ ဝုတ္တပ္ပမာဏော ဂန္ထော ဥဂ္ဂဟိတော။ အယံ ပရိသုပဋ္ဌာကော ဗဟုဿုတော ဟောတိ ဒိသာပါမောက္ခော ယေန ကာမံ ဂမော၊ ပရိသံ ဥပဋ္ဌာပေတုံ လဘတိ။ (ဝိ၊ဋ္ဌ၊၃၅၅)–

ဟူသည်တည်း။

ပရိသုပဋ္ဌာပကေန၊ ပရိသတ်အလုပ်အကျွေးကို ခံသော ဗဟုဿုတပုဂ္ဂိုလ်သည်။ သဗ္ဗဉ္ဉိမေန ပရိစ္ဆေဒေန၊ ငယ်စွာသော အပိုင်းအခြားဖြင့်။ ဥပသမ္ပဒါယ၊ ပဉ္စင်းဖြစ်သည်မှ။ ဒသဝဿေန၊ ၁၀-ဝါရှိပြီးသောရဟန်းသည်။ ပရိသံ၊ ပရိသတ်ကို။ အဘိဝိနယေ၊ အချင်းချင်း မရောသော ဝိနည်းပိဋကတ်၌။ ဝိနေတုံ၊ ပြအံ့သောငှာ (ဝိနေတုန္တိ သိက္ခာပေတုံ ပကာသေတုံ။ ဝိမတိ၊၂။၂၀)။ ဒွေ၊ ၂-ပါးကုန်သော။ ဝိဘင်္ဂါ။ ဝိဘင်းတို့ကို။ ပဂုဏာ၊ လေ့လာသည်တို့ကို။ ဝါစုဂ္ဂတာ၊ နှုတ်ဖြင့် ဆောင်သည်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ အသက္ကောန္တေန၊ မတတ်နိုင်သဖြင့်။ တီဟိ ဇနေဟိ၊ ၃-ယောက်သော ရဟန်းတို့နှင့်။ သဒ္ဓိ၊ တကွ။ ပရိဝတ္တ-နက္ခမာ၊ ဟောခြင်း, ဆွေးနွေးခြင်းတို့၌ ခံ့သည်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ ကမ္မာကမ္မဉ္စ၊ ကံကြီး,ကံငယ်တို့ကိုလည်းကောင်း။ ခန္ဓကဝတ္တဉ္စ၊ မဟာဝါ, စူဠဝါဋ္ဌလာသော ဝတ်ကိုလည်းကောင်း။ ဥဂ္ဂဟေတဗ္ဗံ၊ သင်အပ်၏။

ပန၊ အထူးကို ဆိုအံ့။ ပရိသာယ၊ ပရိသတ်၌။ အဘိဓမ္မေ၊ နာမ်,ရုပ်အပိုင်းအခြား၌။ ဝိနယနတ္ထံ၊ ပြခြင်းအကျိုးငှာ။ မဇ္ဈိမဘာဏကော၊ မဇ္ဈိမနိကာယ်ကို တတ်လိုသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ မူလပဏ္ဏာသကော၊ မူလပဏ္ဏာသကို။ ဥဂ္ဂဟေတဗ္ဗော၊ သင်အပ်၏။ ဒီဃဘာဏကေန၊ ဒီဃနိကာယ်ကို တတ်လိုသောပုဂ္ဂိုလ်သည်။ မဟာဝဂ္ဂေါ၊ မဟာဝဂ်ကို။ ဥဂ္ဂဟေတဗ္ဗော၊ သင်အပ်၏။ သံယုတ္တဘာဏကေန၊ သံယုတ်ကို တတ်လိုသော

http://www.dhammadownload.com

ပုဂ္ဂိုလ်သည်။ ဟေဋ္ဌိမာ၊ အောက်၌ဖြစ်ကုန်သော။ တယော ဝဂ္ဂါ၊ ၃-ဝဂ်တို့ကို။ ဥဂ္ဂဟေတဗ္ဗာ၊ သင်အပ်ကုန်၏။ မဟာဝဂ္ဂေါ ဝါ၊ မဟာဝဂ်ကိုလည်း။ ဥဂ္ဂဟေတဗ္ဗော၊ ၏။ အဂုတ္တရဘာဏ-ကေန၊ အင်္ဂုတ္တရနိကာယ်ကို တတ်လိုသောပုဂ္ဂိုလ်သည်။ ဟေဋ္ဌာ ဝါ၊ အောက်၌လည်းကောင်း။ ဥပရိ ဝါ၊ အထက်၌လည်းကောင်း။ ဥပမုနိကာယော၊ ထက်ဝက်သော အင်္ဂုတ္တရနိကာယ်ကို။ ဥဂ္ဂဟေတဗ္ဗော၊ သင်အပ်၏။ အသက္ကောန္တေန၊ ထိုသို့ မတတ်နိုင်သဖြင့်။ တိကနိပါတတော၊ တိကနိပါတ်မှ။ ပဋ္ဌာယ၊ စ၍။ ဟေဋ္ဌာ၊ အောက်၌။ ဥဂ္ဂဟေတုံပိ၊ သင်ခြင်းငှာလည်း။ ဝဋ္ဋတိ၊ အပ်၏။

ပန၊ အထူးကို ပြအံ့။ မဟာပစ္စရိယံ ပန၊ မဟာပစ္စရိတ်၌ကား။ ဧကံ၊ ၁-ပါးတည်းသော နိကာယ်ကို။ ဂဏှန္တေန၊ သင်လိုသဖြင့်။ စတုက္ကနိပါတံ ဝါ၊ စတုက္ကနိပါတ်ကိုလည်းကောင်း။ ပဉ္စကနိပါတံ ဝါ၊ ပဉ္စကနိပါတ်ကိုလည်းကောင်း။ ဂဟေတုံ၊ သင်အံ့သောငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဇာတကဘာဏကေန၊ ဇာတ်ကို တတ်လိုသောသူသည်။ သာဋ္ဌကထံ၊ အဋ္ဌကထာနှင့်တကွသော။ ဇာတကံ၊ ဇာတ်ကို။ ဥဂ္ဂဟေတဗ္ဗံ၊ သင်အပ်၏။ တတော ဩရံ၊ ထိုအောက်အယုတ်သည်ကား။ န ဝဋ္ဋတိ၊ မအပ်။ ဓမ္မပဒံပိ၊ ဓမ္မပဒကိုလည်း။ ဝတ္ထုနှာ၊ ဝတ္ထုနှင့်။ သဟ၊ တကွ။ ဥဂ္ဂဟေတုံ၊ သင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ မဟာ-ပစ္စရိယံ၊ မဟာပစ္စရိတ်၌။ ဝုတ္တံ၊ ဆိုအပ်၏။

တတော တတော၊ ထိုထိုသို့သော ကျမ်းမှ။ သမုစ္စယံ၊ ပေါင်းသည်ကို။ ကတ္တာ၊ ပြု၍။ မူလပဏ္ဏာသကမတ္တံ၊ မူလပဏ္ဏာသကျမ်းမျှလည်း။ ဝဋ္ဋတိ၊ အပ်ပါအံ့လော။ န ဝဋ္ဋတိ၊ မအပ်ပါအံ့လော။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ န ဝဋ္ဋတီတိ၊ မအပ်-ဟူ၍။ ကုရုန္ဒဋ္ဌကထာယံ၊ ကုရုန္ဒီအဋ္ဌကထာ၌။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ ဣတရာသု၊ ကုရုန္ဒီမှ တပါးသော အဋ္ဌကထာတို့၌ကား။ ဝိစာရဏာယေဝ၊ စိစစ်ခြင်းသည်သာလျှင်။ နတ္ထိ၊ မရှိ။ အဘိဓမ္မေ၊ အဘိဓမ္မာ၌ကား။ ကိဉ္စိ၊ တစ်စုံတစ်ခုကို။ ဂဟေတဗ္ဗန္တိ၊ သင်အပ်၏-ဟူ၍။ န ဝုတ္တံ၊ မဆိုအပ်။ ယသ္မာ ပန ဘိက္ခုနော၊ အကြင်ရဟန်းအားကား။ သာဋ္ဌကထံပိ၊ အဋ္ဌကထာနှင့်တကွလည်းဖြစ်သော။ ဝိနယပိဋကဉ္စ၊ ဝိနည်းပိဋကကိုလည်းကောင်း။ အဘိဓမ္မပိဋကဉ္စ၊ အဘိဓမ္မာပိဋကကိုလည်းကောင်း။ ပဂုဏံ၊ လေ့လာ၏။ သုတ္တန္တေ စ၊ သုတ္တန်၌လည်း။ ဝုတ္တပုဂ္ဂလော၊ ဆိုအပ်ပြီးသော အပြားရှိသော။ ဂန္ထော၊ ကျမ်းသည်။ နတ္ထိ၊ မရှိ။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပရိသံ၊ ပရိသတ်ကို။ ဥပဋ္ဌာပေတုံ၊ လုပ်ကျွေးစိမ့်သောငှာ။ န လဘတိ၊ မရ။

ယေ ပန၊ အကြင်ရဟန်းတို့သည်ကား။ သုတ္တန္တတော စ၊ သုတ္တန်မှလည်းကောင်း။ ဝိနယတော စ၊ ဝိနည်းမှလည်းကောင်း။ ဝုတ္တပုဂ္ဂလော၊ ဆိုအပ်ပြီးသော ပမာဏရှိသော။

http://www.dhammadownload.com

ဂန္ဆော၊ ကျမ်းကို။ ဥဂ္ဂဟိတော၊ သင်အပ်၏။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ ပရိသုပဋ္ဌာ-ပကော၊ ပရိသတ်ကို လုပ်ကျွေးစေတတ်သော။ ဗဟုဿုတော၊ ဗဟုသုတပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဒိသာပါမောက္ခော၊ အရပ်ထက်ဝန်းကျင်နေသောသူတို့၏ အကြီးသည်။ ဟောတိ၊ ဖြစ်၏။ ယေန ကာမံ၊ အလိုရှိရာကို။ ဂမော၊ သွားလျက်။ ပရိသံ၊ ပရိသတ်ကို။ ဥပဋ္ဌာပေတုံ၊ လုပ်ကျွေးစိမ့်သောငှာ။ လဘတိ၊ ရ၏။

> ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာတိ ဣဒံ ပရိပုစ္ဆာဝသေန ဥဂ္ဂဟဏ်ပိ သန္ဓာယ ဝုတ္တံ။ –

ဟူ၍ သာရတ္ထဒီပနီ(၃။၄၀)၌ ပြသောကြောင့်လည်းကောင်း၊

> ပဂုဏာ ဝါစုဂ္ဂတာတိ ပါဠိတော စ အတ္ထတော စ ပဂုဏာ။ မုခေ သန္နိဓာပနဝသေန ဝါစုဂ္ဂတာ ကာတဗ္ဗာ။ အတ္ထမတ္တဝသေန ပနေ'တ္ထ (ပေတ္ထ)ယောဇနံ ကရောန္တိ။-

ဟူ၍ ဝိမတိဝိနောဒနီ(၌။၂။၂၀)၌ ပြအပ်သောကြောင့်လည်းကောင်း သဒ္ဒါအစဉ်ကို ဝါစုဂ္ဂတ ပင် မဆောင်နိုင်သော်လည်း အနက်အဓိပ္ပါယ် မယုတ်လျှင် ထိုပုဂ္ဂိုလ် နိဿယည်းအဂ်ီ မြောက်ပြီ-ဟု အဓိပ္ပါယ်ယူရမည်။

"**အဘိဓမ္မေ** ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ နံ ဝုတ္တံ"ဟူ၍ ဆိုရာ၌ အဓိပ္ပါယ်ကို ဆိုလတ္တံ့သော ငှါကပါဠိဖြင့် သိအပ်၏။

> **အဘိဓမ္မေ** ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ နံ ဝုတ္တန္တိ ဇ္ဈေ ယသ္မာ ဝိနယေ ကုသလတ္တိကာဒိ-ဝိဘာဂေါ သုတ္တန္တေသု သမထဝိပဿနာမဂ္ဂေါ စ အဘိဓမ္မပါဒဲ့ ဝိနာ နံ ဝိညာယတိ၊ အန္ဓကာရေ ပဝိဋ္ဌကာလော ဝိယ ဟောတိ၊ တသ္မာ သုတ္တဝိနယာနံ ဂဟဏဝသေ-နေဝ အဘိဓမ္မဂ္ဂဟဏံ ဝုတ္တမေဝါတိ ဝိသုံ နံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ဝိမတိ၊ဋီ၊၂။၂၁)

အဘိဓမ္မေ ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ နံ ဝုတ္တန္တိ ဇ္ဈေ၊ **အဘိဓမ္မေ ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ နံ ဝုတ္တံ** ဟူသော ဤပါဠိ၌။ ယသ္မာ၊ အကြောင်းကြောင့်။ ဝိနယေ၊ ဝိနည်း၌။ ကုသလတ္တိကာဒိဝိဘာဂေါ၊ ကုသလတိက်-စသည်၌ ဝေဖန်ခြင်းကို။ သုတ္တန္တေသု၊ သုတ္တန်တို့၌။ သမထဝိပဿနာမဂ္ဂေါ စ၊ သမထ, ဝိပဿနာ, မဂ်ကိုလည်း။ အဘိဓမ္မပါဒဲ့၊ အဘိဓမ္မာပါဋိကို။ ဝိနာ၊ ကြဉ်၍။ နံ ဝိညာယတိ၊ မသိအပ်။ အန္ဓကာရေ၊ အမိုက်တိုက်၌။ ပဝိဋ္ဌကာလော ဝိယ၊ ဝင်သောအခါ ကဲ့သို့။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သုတ္တဝိနယာနံ၊ သုတ်, ဝိနည်းတို့ကို။ ဂဟဏ-ဝသေနေဝ၊ သင်သည်၏ အစွမ်းဖြင့်သာလျှင်။ အဘိဓမ္မဂဟဏံ၊ အဘိဓမ္မာကို သင်ခြင်းကို။ ဝုတ္တမေဝ၊ ဆိုအပ်သည်သာလျှင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိသုံ၊ အသီး။ နံ ဝုတ္တံ၊ မဆိုအပ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

http://www.dhammadownload.com

ဥပဇ္ဈာယ်ဆရာ, နိဿယဉီးဆရာ၌ ပဋိဗလ-ဟူသည်ကား–

> ယော ပန အန္တေဝါသိနော ဝါ သဒ္ဓိဝိဟာရိကဿ ဝါ ဂိလာနဿ သတ္ထောတိ ဥပဋ္ဌာနာဒီနိ ကာတုံ၊ အယံ ဣဓ ပဋိဗလောတိ အဓိပ္ပေတော၊ ဝုတ္တမ္ပိ စေတံ-ပဗ္ဗဇုပါလိ အဂ်ံဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ ကတမေဟိ ပဗ္ဗဇုဟိ? ပဋိဗလော ဟောတိ အန္တေဝါသိ ဝါ သဒ္ဓိဝိဟာရိ ဝါ ဂိလာနံ ဥပဋ္ဌာတုံ ဝါ ဥပဋ္ဌာပေတုံ ဝါ၊ အနဘိရတံ ဥပကာသေတုံ ဝါ ဥပကာသာပေတုံ ဝါ၊ ဥပ္ပန္နံ ကုက္ကစ္စံ ဓမ္မတော ဝိနောဒေတုံ၊ အဘိဓမ္မေ ဝိနေတုံ၊ အဘိဝိနယေ ဝိနေတုန္တိ။ –

ဟူ၍ မဟာဝါအဋ္ဌကထာ(၂၆၆)၌ လာသည့်အတိုင်း မှတ်။

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဂိလာနဿ၊ နာသော။ အန္တေဝါသိနော ဝါ၊ နိဿယဉီးယူ၍နေသော တပည့်အားလည်းကောင်း။ သဒ္ဓိဝိဟာရိကဿ ဝါ၊ ဥပဇ္ဈာယ်ယူ၍နေသော တပည့်အားလည်းကောင်း။ ဥပဋ္ဌာနာဒီနိ၊ လုပ်ကျွေးခြင်း-စသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ သတ္ထောတိ၊ စွမ်းနိုင်၏။ အယံ ဘိက္ခု၊ ဤရဟန်းကို။ ဣဓ၊ ဤနိဿယဉီး, ဥပဇ္ဈာယ်အရာ၌။ ပဋိဗလောတိ၊ စွမ်းနိုင်သောသူ-ဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ စ သစ္ဈံ၊ မှန်၏။ ပဗ္ဗဇုပါလိ ။ပ။ အဘိဝိနယေ ဝိနေတုန္တိ၊ **အဘိဝိနယေ ဝိနေတုံ**-ဟူသော။ ဧတံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ဝိ၅။၃၁၄)

အလွန်အားဖြင့် ဥပဇ္ဈာယ်ဆရာ, နိဿရဉီးဆရာတို့ ပြည့်စုံရာသောအင်္ဂါကား–

- ရဟန္တာတို့၏ဥစ္စာဖြစ်သော သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ, ဝိမုတ္တိခန္ဓ, ဝိမုတ္တိ-ညာဏဒဿနဂုဏ်နှင့် ပြည့်စုံခြင်းတည်းဟူသော **ပဌမပဗ္ဗဇု**။
- ရဟန္တာတို့၏ဥစ္စာဖြစ်သော သီလက္ခန္ဓ-စသောဂုဏ်နှင့် မိမိလည်း ပြည့်စုံခြင်း, သူတပါးတို့အားလည်း ထိုသီလက္ခန္ဓ-စသောဂုဏ်ကို ဆောက်တည်စေခြင်းတည်းဟူသော **ဒုတိယပဗ္ဗဇု**။
- သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အာရဒ္ဓဝီရိယ, ဥပဋ္ဌိတသတိနှင့် ပြည့်စုံခြင်းတည်းဟူသော **တတိယပဗ္ဗဇု**။
- ပါရာဇိက, သံဃာဒိသိသ်-ဟု ဆိုအပ်သော အဓိသီလ၌ သီလဝိပွန္နမဖြစ်ခြင်း, အထက်အာပတ် ၅-ပုံ-ဟု ဆိုအပ်သော အဇ္ဈာစာရ၌ အာစာရဝိပွန္နမဖြစ်ခြင်း, မြတ်သောအယူ၌ ဒိဋ္ဌိဝိပွန္နမဖြစ်ခြင်း, အကြားအမြင်များခြင်း, ပညာရှိခြင်းတည်းဟူသော **စတုတ္ထပဗ္ဗဇု**။

http://www.dhammadownload.com

- သဒ္ဒဝိဟာရိက, အန္တေဝါသိကတပည့်တို့၌ နာဖျားသည်ကို မိမိလုပ်ကျွေးအံ့သောဌာ လည်းကောင်း, သူတပါးကို လုပ်ကျွေးစိမ့်သာဌာလည်းကောင်း စွမ်းနိုင်ခြင်း၊ ထို တပည့် မမွေ့လျော်ခြင်းကို မိမိငြိမ်းစိမ့်သောဌာလည်းကောင်း, သူတပါးကို ငြိမ်းစိမ့် သောဌာလည်းကောင်း စွမ်းနိုင်ခြင်း၊ ထိုတပည့်ကို ကုက္ကုစ္စဖြစ်သည်ကို မိမိဖျောက်အံ့ သောဌာလည်းကောင်း, သူတပါးတို့ ဖျောက်စိမ့်သောဌာလည်းကောင်း စွမ်းနိုင်ခြင်း၊ အာပတ်ကို သိခြင်း၊ အာပတ်မှ ထမြောက်ခြင်းကို သိခြင်းတည်းဟူသော ပဌမပဌက။
- [၁]တပည့်တို့ကို အာဘိသမာစာရိက-ဟု ဆိုအပ်သော ခန္ဓကဝတ်၌ သင်စိမ့်သောဌာ စွမ်းနိုင်ခြင်း၊ [၂]အာဒိဗြဟ္မစရိယက-ဟု ဆိုအပ်သော ဥဒ္ဒေသာဝိဘင်း၌ ဆုံးမအံ့သော ဌာ စွမ်းနိုင်ခြင်း၊ [၃]အာဘိဓမ္မာဖြင့် ဆုံးမခြင်းဌာ စွမ်းနိုင်ခြင်း၊ [၄]ဝိနည်းဖြင့် ဆုံးမခြင်းဌာ စွမ်းနိုင်ခြင်း၊ [၅]မိစ္ဆာအယူကို ကင်းစေခြင်းဌာ စွမ်းနိုင်ခြင်းတည်းဟူသော ဆဋ္ဌပဌက။
- အာပတ်ကို သိခြင်း, အာပတ်မှ ထမြောက်ခြင်းကို သိခြင်း, လဟုကအာပတ်ကို သိခြင်း, ဂရုကအာပတ်ကို သိခြင်း, ပါတိမောက် ၂-ပါးကို အကျယ်အားဖြင့် ဆောင် ခြင်းဌာလည်းကောင်း၊ ပညတ်မာတိကာကို ဝေဖန်ခွဲခြမ်းနိုင်ခြင်းဌာလည်းကောင်း, နှုတ်၌ ရွရွပါခြင်းဌာလည်းကောင်း၊ မာတိကာပဒဘာဇနီအားဖြင့် ကောင်းစွာဆုံးဖြတ် ခြင်းဌာလည်းကောင်း စွမ်းနိုင်ခြင်းတည်းဟူသော သတ္တမပဌက။
- အာပတ်ကို သိခြင်း, အာပတ်မှ ထမြောက်ခြင်းကို သိခြင်း, လဟုကအာပတ်ကို သိခြင်း, *(ဂရုကအာပတ်ကို သိခြင်း)* ၁၀-ဝါပြည့်ခြင်းတည်း-ဟူသော **အဋ္ဌမပဌက**။

ဤ ၈-ပါးတည်း။

ထို ၈-ပါးသော ပဌကတို့တွင်-

- ပဌမပဌက, ဒုတိယပဌက, တတိယပဌက မပြည့်စုံခြင်းကြောင့်လည်းကောင်း၊ စတုတ္ထပဌကဌ အစ ၃-ပါး, ပဌမပဌကဌ အစ ၂-ပါး မပြည့်စုံခြင်းကြောင့်လည်း ကောင်း အာပတ်မသင့်၊ အယုတ္တသာ ဖြစ်သည်။
- စတုတ္ထပဌကဌ အဆုံး ၂-ပါး, ပဌမပဌကဌ အဆုံး ၃-ပါး မပြည့်စုံသောအရာဌလည်း ကောင်း၊ ဆဋ္ဌပဌက, သတ္တမပဌက, အဋ္ဌမပဌက မပြည့်စုံသောအရာဌလည်းကောင်း အာပတ်သင့်သည်ချည်း-ဟု မှတ်။

အာဒိတော တယော ပဌကာ, စတုတ္ထေ တီဏိ ပဒါနိ, ပဌမေ ဒွေ ပဒါနိတိ သဒ္ဒေပိ စတ္တာရော ပဌကာ အယုတ္တဝသေန ဝုတ္တာ။ စတုတ္ထပဌကေ ဒွေ ပဒါနိ။

http://www.dhammadownload.com

ပဠမေ တီဏိ, ဆဋ္ဌသတ္တာအဋ္ဌမာ တယော ပဠကာတိ သဗ္ဗေပိ စတ္တာရော ပဠကာ အာပတ္တိအင်္ဂဝေန ဝုတ္တာ။ –

ဟူသော မဟာဝါအဋ္ဌကထာပါဠိ(၂၇၂)ကို ထောက်။

မှီ၍မနေအပ်သောပုဂ္ဂိုလ်ကား အလဇ္ဇီပုဂ္ဂိုလ်, ဗာလပုဂ္ဂိုလ်တည်း။ ထို ၂-ပါးတို့တွင် အလဇ္ဇီပုဂ္ဂိုလ်သည် ပိဋကတ် ၃-ပုံကို ဆောင်ရွက်လေ့လာ မှတ်သားသည်ဖြစ်စေ ထိုအလဇ္ဇီ-ပုဂ္ဂိုလ်ကို မှီ၍ မနေအပ်။ ဗာလပုဂ္ဂိုလ်သည် ဝါအရေအတွက် ၆၀-ပင်ရှိသည်ဖြစ်စေ ထို ဗာလပုဂ္ဂိုလ်ကိုမှီ၍ မနေအပ်။ နိဿယည်းမမြောက်သောပုဂ္ဂိုလ် ဆိုလိုသည်။

"ဒွိန္နံ ပုဂ္ဂလာနံ နိဿာယ နာ ဝတ္ထုဗ္ဗံ အလဇ္ဇိဿ စ ဗာလဿ စ"ဟူသော ပရိဝါပါဠိ တော်(၂၁၄)ဖြင့်လည်းကောင်း၊ "**အလဇ္ဇိဿ စ ဗာလဿစာတိ** အလဇ္ဇီ သစေပိ တေပိဋကော ဟောတိ၊ ဗာလော စ သစေပိ သဠင်္ဂဝေသော ဟောတိ၊ ဥဘောပိ နိဿာယ နာ ဝတ္ထုဗ္ဗံ"ဟူသော ၎င်းပရိဝါအဋ္ဌကထာ(၁၆၁)ဖြင့် နှိုင်းယှဉ်၍ ဆင်ခြင်။

နိဿယည်းပေးအပ်သော ပုဂ္ဂိုလ်ကိုလည်းကောင်း, မပေးအပ်သောပုဂ္ဂိုလ်ကိုလည်း ကောင်း ဆိုလတ္တံ့သော ပါဠိတော်,အဋ္ဌကထာ,ဋီကာဖြင့် နှိုးနှောင်၍ ယူလေ။

ဒွိန္နံ ပုဂ္ဂလာနံ နိဿယော နာ ဒါတဗ္ဗော အလဇ္ဇိဿ စ လဇ္ဇိနောစာတိ (စ နာ ယာစတိ)။ ဒွိန္နံ ပုဂ္ဂလာနံ နိဿယော ဒါတဗ္ဗော ဗာလဿ စ လဇ္ဇိဿစာတိ (စ ယာစတိ)။ (ပရိဝါပါဠိတော်။၂၁၄)

ဗာလဿ စ လဇ္ဇိဿ စာတိ ဧတ္ထ ဗာလဿ 'တုံ နိဿယံ ဂဏှာ'တိ အာဏာယပိ နိဿယော ဒါတဗ္ဗော။ လဇ္ဇိဿ ပန ယာစန္တဿေဝ။ (၎င်းပရိဝါအဋ္ဌကထာ။၁၆၁)

ဗာလဿာတိ နိဿယဂ္ဂဟဏာဝိမိ အဇာနန္တဿ လဇ္ဇိဗာလဿေဝ။ လဇ္ဇိဿာတိ ဗျတ္တဿ နိဿာယဒါယိကသဘာဂတံ ပရိဝိမံသန္တဿ။(ဝိမတိဝိနောဒနိဋီကာ၊၂။၂၈၆)

ဤသို့ ပြဆိုအပ်သော ပါဠိ, အဋ္ဌကထာ, ဋီကာ လာရှိသည့်အတိုင်း ရှေ့,နောက် နှိုးနှောင်၍ ယူလေ။

နိဿယမုစ္စကဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

မိုးထားဆရာတော်

{ ၂၇ } အာရာမဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနသာသနံ စိရံ ဇောတေသု၊ အနုတ္တရာ၊ ဓမ္မသာမိ၊ မုနိပုင်ဝ၊ ထုတိကုဋ္ဌရာ၊ သက္ကဝတ္ထုဏ္ဍထား၊ ဘုရားဇိနေ၊ နေမင်းဆွေသည်၊ ပလ္လင်ဗွေထက်၊ မာရ်ရန်မက်ကို၊ ပယ်ဖျက်ခုတ်ထွင်၊ အောင်မြင်ပြီးကာ၊ ပြည်သာနဂိုရ်၊ ရာဇာဂြိုဟ်တွင်၊ ဘဝသျှင်ဗိမ္ဗိသာ၊ တကာတော်မင်းမြတ်က၊ လျှုဒါန်းလတ်ဥယျာန်၊ ဝေဠုဝန်ကျောင်းအာရာမ်ကို၊ အလှူခံတော်မူပြီး၍ "အနုဇာနာမိ ဘိက္ခဝေ အာရာမံ"(ဝိ၃။၅၀)ဟူ၊ ဘဝဂ်လှုံမှု၊ ပါဠိတော်ဓမ္မဖြင့်၊ အာဝါသ ကျောင်းအရံအာရာမ်ကို၊ သုံးဆောင်ရန် ခံစိမ့်ဌာ၊ ကရုဏာရှေးရှု၊ ခွင့်ပြုတော်မူလတ်သတည်း။ အမိန့်တော်ထုတ်ပြ၊ ယင်းဝါကျစကားမှာ **အာရာမ**-ဟူသည် အချို့သောအရာဝယ် အရံရှိလျှင် အရံ၊ အရံမရှိလျှင် ဥပစာဖြင့် ပိုင်းခြားအပ်သော ဥပစာရသိမ်-ဟု ဆိုအပ်သော ကျောင်းအာရာမ်ကို အာရာမ-ဟု ဆိုသည်။ ယင်းသို့ ဆိုသည်ကိုလည်း–

အနုဇာနာမိ ဘိက္ခဝေ အဗ္ဘောကာသေ ဥပါဟနံ ဓာရေတုံ။(ဝိနည်းမဟာဝါပါဠိတော်။၂၇၆)

အနုဇာနာမိ ဘိက္ခဝေ အဂိလာနေနပိ အာရာမေ အာရာမူပစာရေ ဆတ္တံ ဓာရေတုံ။
(စူဠဝါပါဠိတော်။၂၇၀)

အနာပုစ္ဆံ ဂစ္ဆေယျာတိ ဘိက္ခု၊ ဝါ သာမဏေရံ ဝါ အာရာမိကံ ဝါ အနာပုစ္ဆာ ပရိက္ခိတ္တသ္မာ အာရာမသ္မာ ပရိက္ခေပံ အတိက္ကမန္တသ္မာ အာပတ္တိ ပါစိတ္တိယဿ။ အပရိက္ခိတ္တသ္မာ အာရာမသ္မာ ဥပစာရံ အတိက္ကမန္တသ္မာ အာပတ္တိ ပါစိတ္တိယဿ။
(ဒုတိယသေနာသနသိက္ခာပုဒ်၊ ပဒဘာဇနီယပါဠိတော်။၀၆၊၂။၆၁)

ဤပါဠိတော်ကို ထောက်၍ သိ။

http://www.dhammadownload.com

အချို့သောအရာဝယ် ကျောင်းအာရာမ်မှတပါး အခြားသော သစ်သီးအာရာမ်, ပန်းအာရာမ်တို့ကို အာရာမ-ဟု ဆိုသည်။ ထိုသို့ ဆိုသည်ကိုလည်း-

အာရာမော နာမ ပုပ္ပါရာမော ဖလာရာမော။

(ဒုတိယပါရာဇိကသိက္ခာပုဒ်အဖွင့်၊ ပဒဘာဇနီပါဠိတော်။ ဝိ၊၁။၆၀)

အာရာမဌေပိ တာဝ အာရာမံ ဒသေန္တော "**အာရာမော နာမ ပုပ္ပါရာမော ဖလာ-ရာမော**"တိ အာဟ။ တေသု ဝဿိကာဒီနံ ပုပ္ပနကော ပုပ္ပါရာမော။ အမ္ဗဖလာဒီနံ ဖလနကော **ဖလာရာမော**။ (ဂင်းပါဠိအဖွင့်အဋ္ဌကထာ။ ဝိ၊ဋ္ဌ၊၁။၂၉၄)

ဤပါဠို, အဋ္ဌကထာတို့ကို ထောက်ချင့်၍ သိ။ ထို၂-ပါးသော အာရာမ်တို့တွင် ဤအရာဝယ် ယခင် ပြဆိုအပ်ပြီးသည့် ဥပစာရဖြင့် ပိုင်းခြားအပ်သော ကျောင်းအာရာမ်ကိုသာ အာရာမ-ဟု လိုအပ်သည်။ ထိုသို့ လိုအပ်သည်ကိုလည်း "ကတ္ထ နုခေါ ဘဂဝါ ဝိဟရေယျ၊ ယံ အဿ ဂါမတော နေဝ အဝိဒူရေ န အစ္ဆာသန္နေ ဂမနာဂမနသမ္ပန္နံ အတ္ထိကာနံ အတ္ထိကာနံ မနုဿာနံ အတိက္ကမနိယံ၊" ဤသို့ အစရှိသော မဟာဝါပါဠိတော် (၄၉)ကို ထောက်။

ထို့ကြောင့် မိုးစွေ, ချရား, စကား-စသော ပန်းတို့၏ပွင့်ရာ ပန်းအာရာမ်ပင်ဖြစ်စေ၊ သရက်, ပိန္နဲ, နွဲ့, ထောက်ရှာ, မာလကာ-အစရှိသော သစ်ပင်တို့၏သီးပွင့်ရာ သစ်သီး အာရာမ်ပင်ဖြစ်စေ၊ သစ်ပင်မရှိ, ပကတိမြေအပြင်-ဟု ဆိုအပ်သည့် အာရာမ်ပင်ဖြစ်စေ ကျောင်းအာရာမ်အလို့ငှာ လှူမူ အကပ်ိုယဝေါဟာရနှင့် လှူသော်လည်း ခံအပ်သည်ချည်း။ အဘယ်ကြောင့်နည်း၊ "**ခေတ္တဝတ္ထုပဋိဂ္ဂဟကာပဋိဝရတော ဟောတိ**"ဟူသော သုတ်သိလက္ခန် ပါဠိတော်(၅)ပြု ခေတ္တဝတ္ထုတို့၌ ကျောင်းအာရာမ်၏ မဝင်သောကြောင့်-ဟု မှတ်။

ဤဝယ် **ခေတ္တဝတ္ထု**-ဟူသည် ကောက်ပဲတို့၏ ရောက်ပေါက်ရာ မြေအဖို့ဖြစ်သည်။ ထိုမြေအဖို့ကား ဒုက္ကဋ်ဝတ္ထု။ အာရာမ-ဟူသည်လည်း အသီး, အပွင့်, အရိပ်, ရေတို့ဖြင့် နှစ်သက်စေတတ်သော မြေအဖို့ပင် ဖြစ်သည်။

အာရာမေန္တိ စိတ္တံ တောသေန္တီတိ အာရာမာ၊ ပုပ္ဖေနပိ ဖလေနပိ ဆာယာယပိ ပါနီယေနပိ အာရာမေန္တီတိ အတ္ထော။ (မဟာနိဒ္ဒေသအဋ္ဌကထာ။၄၆)

ဝဿိကာဒီနံ ပုပ္ဖနကော ပုပ္ပါရာမော၊ အမ္ဗဖလာဒီနံ ဖလနကော ဖလာရာမော။

(ပါရာဇိကဏ်အဋ္ဌကထာ၊၁။၂၉၄)

ပုပ္ဖလ္လံ ဇတ္ထ ဒေ(ဂေ)သတိ ပုပ္ဖနကော။ (ဂင်းယောဇနာ)

http://www.dhammadownload.com

ထိုမြေအဖို့-ဟု ဆိုအပ်သည့် အာရာမ်ကို ယခင် အနုဇာနနသိက္ခာပုဒ်ဖြင့် အထူးပင် ခွင့်ပေးတော်မူသည်။ ထို့ကြောင့် ဥပစာရသိမ်ဖြင့် ပိုင်းခြားအပ်သော မြေအဖို့-ဟု ဆိုအပ်သော ကျောင်းအာရာမ်လည်း ဒုက္ကဋ်ဝတ္ထု မဟုတ်သည်ဖြစ်၍ မဝင်သည်ကို သိအပ်သည်။

ဤတွင် "**အနုဇာနာမိ ဘိက္ခဝေ အာရာမိကံ**"(ဝိ၊၃။၃၀၀)ဟူသော အနုဇာနနစကား ဖြင့် ခွင့်ပြုတော်မူသောကြောင့် ဒုက္ကဋ်ဝတ္ထုဖြစ်သည်။ ကျွန်ုပ်၌ "**အာရာမိကံ ဒမ္မိ**"ဟု သာသနဝေါဟာရဖြင့်လျှမူ အနုဇာနနပါဠိသို့ သက်သည်ဖြစ်၍ ခံအပ်သည်။ "**ဒါသံ ဒမ္မိ**"ဟု လောကဝေါဟာရဖြင့် လျှမူ "**ဒါသိဒါသပဋိဂ္ဂဟဏာ ပဋိဝိရတော**"ဟူသော သုတ်ပါဠိတော် (ဒီ၊၁။၅)ပြ ဒုက္ကဋ်ဝတ္ထုသို့ သက်သည်ဖြစ်၍ မခံအပ်။ ဤကဲ့သို့ ဤအရာ၌ ယူရန်ရှိ၏။ သို့သော်လည်း ကျောင်းအာရာမ်ဖြစ်သောကြောင့် မယူသင့်။

ဥပစာရသိမ်ဖြင့် ပိုင်းခြားအပ်သည့် ကျောင်းအာရာမ်မှတပါး သစ်သီးအာရာမ်, ပန်းအာရာမ်တို့ကိုကား "**အနုဇာနာမိ ဘိက္ခဝေ အာရာမံ**"(ဝိ၊၃။၅၀)ဟူသော ပါဠိဝယ် အာရာမ-ဟု အလိုမရှိအပ်။ အလိုမရှိအပ်သည့်အဖြစ်ကိုလည်း ယခင် မဟာဝါခန္ဓကပါဠိတော် ဓမ္မမှ ထုတ်နုတ်၍ ပြအပ်ပြီးသည့် "**ကတ္ထ နုခေါ ဘဂဝါ ဝိဟရေယျ**" ဤသို့ အစရှိသော ပါဠိကိုပင် ထောက်ချင့်၍ သိသင့်သည်။ ထို့ကြောင့် သစ်သီးအာရာမ်, ပန်းအာရာမ်တို့ကို ဤအနုဇာနန ပါဠိတော်ဝယ် အာရာမ-ဟု မမှတ်အပ်။ ၎င်းအာရာမ်တို့ကို "**ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ**"ဟု သုတ်သီလက္ခန်(၅)၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်-စသည်တို့ဝယ် ဟောတော်မူသော ခေတ္တဝတ္ထုတို့၌ သဂြိုဟ်ရေတွက်အပ်သည်။

ထိုပါဠိတော်ပြ ခေတ္တဝတ္ထု ၂-ပါးတို့တွင် "**ခေတ္တံ နာမ ယသ္မိံ ပုဗ္ဗဏ္ဏံ ရုဟတိ။ ဝတ္ထု နာမ ယသ္မိံ အပရဏ္ဏံ ရုဟတိ။ ယတ္ထ ဝါ ပန ဉာဟယမ္မိ ရုဟတိ၊ တံ ခေတ္တံ။ တဒတ္ထာယ ကတဘူမိဘာဂေါ ဝတ္ထု**"ဟူသော ၎င်းအဋ္ဌကထာပါဠိ(ဒီ၊ဋ္ဌ၊၁။၇၆)နှင့်အညီ-

- သလေး-အစရှိသော စပါးမျိုး ၇-ပါးတို့၏ ရောက်ပေါက်ရာမြေအဖို့သည် **ခေတ္တ**။
- ပဲမျိုးတို့၏ ရောက်ပေါက်ရာ မြေအဖို့သည် **ဝတ္ထု**။

တစ်နည်းကား - ကောက်ပဲတို့၏ ရောက်ပေါက်ရာ မြေအဖို့သည် **ခေတ္တ**။

- ထိုကောက်ပဲ တို့ကို စိုက်ပျိုးခြင်းငှာ ပြုပြင်အပ်သော မြေအဖို့သည် **ဝတ္ထု** မည်သည်။

ဤတွင် ခေတ္တ-ဟူသည် စပါးမျိုးတို့၏ ရောက်ပေါက်ရာမြေအဖို့သာ ခေတ္တမည်သည်ဖြစ်၍ ဌာနဖြစ်သော မြေအဖို့သည် ဒုက္ကဋ်ဝတ္ထုဖြစ်သည်။ ဌာနီဖြစ်သော စပါးကား ခေတ္တမမည်ငြားသော်လည်း ၎င်းစကားသည် "**အာမကဓညပဋိဂ္ဂဟဏာ ပဋိဝိရတော**"

http://www.dhammadownload.com

ဟူသော သုတ်သီလက္ခန်ပါဠိတော်(၅)ပြ ဒုက္ကဋ်ဝတ္ထုသို့ သက်သည်။ ဝတ္ထု-ဟူသည်မှာလည်း ဌာနဖြစ်သော မြေအဖို့သာ ဝတ္ထုမည်သည်။ ဌာနီဖြစ်သော ပဲမျိုးကား ဝတ္ထု မမည်ဖြစ်၍ ဒုက္ကဋ်ဝတ္ထုသို့ မသက်။ ထို့ကြောင့် ကောက်ပဲတို့၏ ရောက်ပေါက်ရာမြေအဖို့-ဟု ဆိုအပ်သည့် ခေတ္တဝတ္ထုတို့ကို "ခေတ္တံ ဒမ္မိ"ဟု အကပ္ပိယဝေါဟာရဖြင့်လျှူမူ ခံခြင်းငှာ မအပ်။ "ဝနံ ဒမ္မိ, အရညံ ဒမ္မိ"ဟု ကပ္ပိယဝေါဟာရဖြင့် လျှူမူအပ်၏။

ဤမှတပါး လူတို့၏ဝေါဟာရ ထူးထွေခြားနား ဆန်းပြားသောကြောင့်သာ "ဝါပိ-တဉ္စာက အာဝါဋပေါက္ခရဏီ"စသည်-ဟု ဝေါဟာရဖြစ်သည်။ သရုပ်မူကား ရေ-စသည်၏ တည်ရာမြေအဖို့ပင်ဖြစ်သည်။ ယင်းသို့ဖြစ်၍ ခေတ္တဝတ္ထု-ဟု ဆိုအပ်သည့် မြေအဖို့နှင့် 'ဝါပိတဉ္စာက'စသည်-ဟု ဆိုအပ်သော မြေအဖို့သည် ဝေါဟာရများကို ထား၍ ထူးထွေခြားနား ကွဲပြားခြင်းသည် မဖြစ်။ ထို့ကြောင့် ခေတ္တဝတ္ထုတို့ကဲ့သို့ ဒုက္ကဋ်ဝတ္ထုပင် ဖြစ်သည်။ ယင်းသို့ဖြစ်၍ ဝါပိတဉ္စာက-စသည်တို့ကို ပါဠိတော်ပြ ဒုက္ကဋ်ဝတ္ထု ဖြစ်သည်။ ခေတ္တဝတ္ထုတို့မှာ ထည့်သွင်းရေတွက်အပ်ပါသည်။

ပုပ္ဖါရာမ, ဖလာရာမ-ဟူသည်မှာလည်း ဌာနီဖြစ်သော သစ်ပင်သည် အပ်သော ဝတ္ထုဖြစ်၍ ကပ္ပိယဝတ္ထုသာ။ သစ်ပင်၏ တည်ရာဌာနဖြစ်သည့် ပုပ္ဖါရာမ, ဖလာရာမ-ဟု ဆိုအပ်သောမြေအဖို့ကား "**အနုဇာနာမိ ဘိက္ခဝေ အာရာမံ**"(ဝိ၊၃။၅၀)ဟူသော အနုဇာနနပါဠိတော်ပြ အာရာမသို့လည်း ယခင်ဆိုခဲ့ပြီးသော အကြောင်းကြောင့် မဝင်။ ခေတ္တဝတ္ထုအရ မြေအဖို့နှင့် ဝေါဟာရမျှကို ထား၍ ထူးထွေခြားနား ကွဲပြားခြင်းလည်း မရှိ။ ထို့ကြောင့် ခေတ္တဝတ္ထုတို့ကဲ့သို့ ဒုက္ကဋ်ဝတ္ထုပင် ဖြစ်သည်။ ယင်းသို့ဖြစ်၍ ထိုပုပ္ဖါရုံ, ဖလာရုံတို့ကို ခေတ္တဝတ္ထု၌ ထည့်သွင်းရေတွက်အပ်သည်။

ဤသို့ ပြဆိုအပ်ပြီးသည့် ဗုဒ္ဓဝစန အဓိပ္ပါယ်ကျကိုပင် ဆင်ခြင်ပိုက်ကျူး နှလုံးသွင်းပါ၍ အဋ္ဌကထာဆရာမြတ်တို့သည်လည်း "ခေတ္တဝတ္ထုသီသေန စေတ္ထ ဝါပိတဉ္စာကာဒိနိပိ သင်္ဂဟိတာနေဝ"ဟု(ဒီ၊ဋ္ဌ၊၁။၇၇) မဟာဝဂ္ဂသံယုတ်-စသော အဋ္ဌကထာတို့ဝယ် မိန့်ဆိုတော်မူပါသည်။ ဤအဋ္ဌကထာဝယ် အာဒိ-သဒ္ဒါဖြင့် ပုပ္ဖါရုံ, ဖလာရုံတို့ကိုလည်း ယူ။ ယူအပ်သည့် အဖြစ်ကိုလည်း "**ဒါသီဒါသခေတ္တဝတ္ထုပုပ္ဖါရာမဖလာရာမာဒယော**"ဟူသော ဝိနည်းအဋ္ဌ-ကထာစကားကို ထောက်၍ သိ။ ဤဝိနည်းအဋ္ဌကထာဝယ် အာဒိ-သဒ္ဒါဖြင့်ကား ဝါပိတ-ဉ္စာက-စသည်တို့ကို ယူ။ ၎င်းသုတ်အဋ္ဌကထာကိုလည်း ထောက်။ ဤရူပိယသိက္ခာပုဒ်ဝိနည်း အဋ္ဌကထာမှာ ကောက်ပဲတို့၏ စိုက်ပျိုးရာဖြစ်သော ခေတ္တဝတ္ထုတို့၌ ထည့်သွင်းရေတွက်အပ်သည့် ပုပ္ဖါရာမ, ဖလာရာမ-စသည်တို့ကို သရုပ်ထုတ်၍ ပြလိုသောကြောင့်သာ "ပုပ္ဖါ-

http://www.dhammadownload.com

ရာမဖလာရာမာဒယော"ဟူသော စကားကို ခေတ္တဝတ္ထုတို့မှ အသီးထုတ်နုတ်၍ ဆိုတော်မူသည်-ဟု မှတ်။ ထို့ကြောင့် ပုပ္ပါရုံ, ဖလာရုံတို့ကို လှူဒါန်းရာလည်း ခေတ္တဝတ္ထုတို့ကဲ့သို့ ဝေါဟာရသို့ လိုက်၍ ခံအပ်သည်, မခံအပ်သည်ကို မှတ်။

ထိုမှတပါး သုတ်ပါဠိတော်(ဒီ၊၁။၅)များ၌ "ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ"ဤသို့စသော ပါဠိတော်ဖြင့် လယ်ယာ-စသည်တို့ကို ခံခြင်းမှ ကြဉ်ရမည်။ ဤမျှကို သာ ဟောတော်မူသည်။ လယ်ယာ-စသည်တို့ကို ဒုက္ကဋ်ဝတ္ထု-ဟူ၍ကား ဟောတော်မမူ။ ဝိနည်းပါဠိတော်မှာလည်း မရှိ။ သို့သော်လည်း မြတ်စွာဘုရား၏ စကားတော်ကျ အဓိပ္ပါယ်အရကို သိတော်မူကြသော သင်္ဃိယနာတင် အရှင်မြတ်တို့ ဖြတ်ဆိုဆုံးမ ဩဝါဒပေးတော်မူသမျှ ဒုက္ကဋ်ဝတ္ထု-ဟူ၍သာ မှတ်။

> ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိတိ အာဒိနာ သုတ္တန္တေသု အာဂတပဋိက္ခေပေါ ဘဂဝတာ အာပတ္တိယာပိ ဟေတုဘာဝေန ကတောတိ ဘဂဝတော အဓိပ္ပါယံ ဇာနန္တေဟိ သံဂီတိမဟာထေရေဟိ ခေတ္တဝတ္ထုပဋိဂ္ဂဟ-ဏာဒိနိသိတော အယံ သဗ္ဗောပိ ပါဠိမုတ္တကဝိနိစ္ဆယော ဝုတ္တောတိ ဂဟေတဗ္ဗော။
> (ဝိမတိဝိနောဒနီဋီကာ၊၁။၃၃၂)

ဤကား သံဝဏ္ဏနာဝါကျ အဋ္ဌကထာဝစန၏ ဒဋ္ဌိကမ္မဖြစ်ကြရအောင် ဥပက စကားပါဠိများနှင့် နီးနှောထောက်ချင့် အသင့်အားဖြင့် ပြဆိုအပ်သော စကားရပ်တည်း။

★★★★★★★

http://www.dhammadownload.com

မလက်တိုဂူကုန်း ဂိုဏ်းထောက်ဆရာတော်

{ ၂၈ } ကံ့ဒွါရဝိဒိန်ဆွယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ခိပ္ပံ ဇောတေသု သာသနံ၊ အာဏာပညတ်၊ ပရမတ်ရွှေဗျာ၊ ဒေသနာတို့ကို လေ့လာကမ်းခတ်၊ ကုန်စင်အောင်တတ်သည့်ပြင်၊ လောကဓာတ်ခြင်းရာ၊ အပ်သမျှပညာကို၊ ဉာဏ်အာဇာကျော်ထင်၊ အလုံးစုံကျွမ်းကျင်၍၊ မြော်မြင်နိုင်သမှုကြောင့် သုနာပရန်၊ တမွှဒီပ၊ ရာမညနှင့်၊ ကမ္ဘောဇတိုင်း၊ ဝိုက်သိုင်းမြို့ငါးမြို့၊ ရခိုင်,ယိုးဒယား၊ ကုလားနွယ်ရိုး၊ လူမျိုးအပြား၊ ရာ့တစ်ပါးတို့၏၊ နားသောတာရုံ၊ ဂုဏ်သရေမို့၊ သတင်းတော်ချီလှသော မလက်တိုဂူကုန်း ဂိုဏ်းထောက်ဆရာတော်ဘုရားသည် ကံ့ဒွါရ ၂-ပါးတို့၏ဖြစ်ပွါးခြင်း အဓိကရုဏ်းစကားနှင့် တကွ ဒါယကာတို့ သီလသီတင်း ဆောက်တည်ခံယူခြင်း-စသော ကာလတို့၌ "ကန်တော့ရသည့် နည်းနာနယကို အကျဉ်းအမြွက်မျှ ဆုံးဖြတ်ချက် ပေးသနားတော်မူပါ"ဟု ဒါယကာတို့ လျှောက်ထားတောင်းပန်ချက်အရနှင့် သဒ္ဒနယ,အတ္ထနယတို့ဖြင့် ရွေးချယ်စိစစ်၍ အဆီဖြစ် ထုတ်ဆောင်ရလျှင် ကျယ်ပွါး၍ အကျိုးမများမည့်အရာကြောင့် သင့်လျော်စွာ သဒ္ဒါ, အနက် စွက်ဖက်၍ ဆုံးဖြတ်ချက်ပေးတော်မူသော ကန်တော့ဝန်ချ ကံ့ဒွါရဝိဒိန်ဆွယစာတမ်း။

ကံ့ဒွါရ ၂-ပါးတို့၏ ဖြစ်ပွါးသည် အဓိကရုဏ်း စကားအရင်းမှာ–

ဩကာသ, ဩကာသ၊ ကာယကံ, ဝစီကံ, မနောကံတည်းဟူသော ကံ ၃-ပါးတို့ဖြင့် ပဌမ, ဒုတိယ, တတိယ၊ ၁-ကြိမ်, ၂-ကြိမ်, ၃-ကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ် ၃-ပါးတို့အား အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏။ ဤသို့ အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါရသော အကျိုးအားဖြင့် အပါယ် ၄-ပါး, ကပ် ၃-ပါး, အရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါးတို့မှ ကင်းလွတ်သည်သာဖြစ်၍ မင်္ဂလာတရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏။

http://www.dhammadownload.com

ဤသို့ ယခုကာလ ယေဘူယျဖြင့် ရှေးနည်းမကျ အပွသုတတို့တ ကန်တော့ကြသည့် အနက်မှားကြီး, အပျက်ကြီးကို အထအနာကောက်ယူကြ၍ ဒွါရဆရာတို့က–

> **အဘိဝါဒိယာတိ ဝိသေသတော ဝန္ဒိတွာ၊ ဘယလာဘကုလာစာရာဒိဝိရဟေန သက္ကစ္စံ အာဒရေန ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတျတ္ထော။**

ဟု အဘိဓမ္မတ္ထဝိဘာဝနီဋီကာ(၇၃)ကျမ်းတို့၌ လာလေရကား ဝန္ဒနကိရိယာ၏ကရိဏ်းကို ကံဖြင့် မပြ၊ ဒွါရဖြင့်သာ ပြသည်-ဟု ဒွါရဆရာတို့က ငြင်းခုံကြခြင်း၊ ကံဆရာတို့ကလည်း ဟုတ်ပါရိုးလား "အဘိဝါဒိယာတိ ဝိသေသတော ဝန္ဒိတွာ"စသော ယင်းဋီကာပါဠိသည် ပူဇော်သောသူတို့အား ဒွါရဖြင့်သာ ပူဇော်ရမည်၊ ကံဖြင့် မပူဇော်ရ-ဟု နည်းဥပဒေသကို ပြသည့်ပါဠိ မဟုတ်။ စင်စစ်ကား မှီရာသံဝဏ္ဏောတဗ္ဗဖြစ်သော အဘိဝါဒိယ-ဟူသောပုဒ်၌ ဝန္ဒနကြိယာ၏ ပြီးကြောင်းဖြစ်သော ကရိဏ်းကို ရသင့်၏။ သို့ရသင့်သော်လည်း ကရိဏ်း ဖြစ်ထိုက်သော ဒွါရ ၃-ပါးတို့တွင် တစ်ပါးပါးကို သံဝဏ္ဏောတဗ္ဗပုဒ်၌ မမှတ်,မယူသင့်။ သို့စသည်ဖြင့် အထွေထွေ အဝဝ ကိုးကွယ်ဆည်းကပ်အပ်သည့် ဒွါရ,ကံဆရာတို့က ငြင်းခုံဖြစ်ပွါးလျှင် ကိုးကွယ်ဆည်းကပ်တတ်သည့် ဒါယကာတို့ကလည်း အတုအပဆရာတို့ နည်းနယနှင့် ငြင်းခုံဖြစ်ပွါး ခိုက်ရန်များသဖြင့် ငရဲလားပမာဏကို ရမ်းဆလျှင် အနန္တ ရှိလောက်ပြီ။ ဤကား ကံ,ဒွါရ ၂-ပါးတို့၏ ဖြစ်ပွါးရင်း အဓိကရုဏ်းစကားတည်း။

ရဟန်းသံဃာတော်မြတ်တို့ထဲ သီလသီတင်း ဆောက်တည်ခဲယဉ်ခြင်း-စသော အခါကာလတို့၌ ကန်တော့ကြသည့် ဩကာသ-စသော စကားကို ရှေးရှေးက သူဟောင်းတို့ နည်းနယနှင့် အမှန်အကန် ကျနအောင် နောက်မှထုတ်ဆောင်၍ ပြမည်။

သုနာပရန္တ ရာမညတွင် ဗုဒ္ဓဘာသာ, သမ္မာလူမျိုးတို့သည် ဘိုးဘွားဘီဘင်တို့၏ အစဉ်အဆက်အားဖြင့် ကျမ်းဂန်အရနှင့် အလေ့အထပြုကျင့်၍ လာခဲ့ကြသည်မှာ ပူဇော်ခြင်း, ကန်တော့ခြင်း-ဟူ၍ ၂-ပါးရှိသည့်အနက်တွင် ပူဇော်ခြင်းအရမှာ အရဟံ-အစ ဘဂဝါ အဆုံးရှိသော ၉-ပါးသော ဘုရားဂုဏ်တော်မြတ်ကို ဟုတ်မှန်သောအလျောက် ချီးမြှောက် ကော်ရော် ပူဇော်သက္ကာရကို ပြုကြခြင်းသည် ပူဇော်သည် မည်၏။

ကန်တော့ခြင်းဆိုရာမှာလည်း ၂-ပါး အပြားရှိ၏။ ၂-ပါး-ဟူသော်ကား–

- ပုထုဇွန်တို့ ဂတိအားလျော်စွာ မပြစ်မှား, မကျူးလွန်ထိုက်သော ရတနာ ၃-ပါး, ဆရာ, မိဘ-စသော သူတို့ကို ပြစ်မှားကျူးလွန်မိသော ကံကို သည်းခံစေလို၍ ကန်တော့ဝန်ချခြင်း ၁-ပါး,

http://www.dhammadownload.com

- အိမ်ထောင်ဦး-စသည်တို့၌ သက်ကြီးရွယ်ရင့်ဖြစ်သောသူတို့ကို ပဋိသန္ထာရ အစေ့အစပ် လောကဝတ်ကို ငဲ့သောအားဖြင့် ကန်တော့ခြင်း ၁-ပါး၊

ဤ ၂-ပါးတို့တည်း။ ထို ၂-ပါးတို့တွင် ရတနာ ၃-ပါးတို့အား ကန်တော့ခြင်းမှာ ပဋိသန္ထာရ အစေ့အစပ် လောကဝတ်ကို ငဲ့သဖြင့် ကန်တော့ကြသည်-ဟု မှတ်ယူဖွယ်ရန် မရှိပြီ။ စင်စစ်ကား ယခုဖြစ်စေ, ရှေးကဖြစ်စေ, ကျူးလွန်မိသည့်အပြစ်ကို သည်းခံစေလိုခြင်း ပဝေဏီစဉ်ဆက်က ဆရာတို့နည်းပေးချက်အရနှင့် မိဘ,ဘိုးဘွားတို့က ဆင်းသက်သဖြင့် ယခုထက်တိုင်အောင် သား,သမီး,မြေး,မြစ်တို့ ဆက်လက်၍ မပျက်စေရ ကန်တော့ကြသည့် နည်းနာ-နယ-ဟု မြဲမြံစွဲစွဲ သဲကြီးအူခတ် တံဆိပ်အပ်ဘိသကဲ့သို့ ကြပ်ကြပ်စိစိ ပိပိရရ မှတ်သားကြလေ။ ဤအရာ၌ စောဒနာမည့်အချက်ကို အနည်းငယ် အမြွက်မြင်သောကြောင့် သာဓကထုတ်ဆောင်ဦးမည်။

ရှေးရှေးက ပြစ်မှားကျူးလွန်မိခဲ့သောသူသည် ယခုပင် မရှိသော်လည်း ရတနာ ၃-ပါးတို့ထံမှာ ကန်တော့ဝန်ချပြန်လျှင် အပြစ်ဒဏ်ပြေငြိမ်း၏-ဟု ကျမ်းဂန်တို့၌ လာလေသည်လည်းတစ်ကြောင်း၊ ၎င်းပြင် သာဓကမှာ ဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်ကာလ

- ဝသဘဂေါတ္တမည်သော ရဟန်းကို အာဂန္ဆကရဟန်းတို့ တရားလမ်းမသက်သော ဥက္ခေပနိယကံဖြင့် ပြစ်မှားကျူးလွန်မိသည်ကို ဘုရားထံ ကန်တော့ဝန်ချခြင်း၊
- ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သားတော်အဇာတသတ်မင်း ပြစ်မှားကျူးလွန်မိသည်ကို ဘုရားထံ ကန်တော့ဝန်ချခြင်း၊
- ပုဏ္ဏားသူဌေး၏သမီး ဥတ္တရာကို ဇီဝကဆေးဆရာနှမ သီရိမာ ပြစ်မှားကျူးလွန်မိသည်ကို ဘုရားထံ ကန်တော့ဝန်ချခြင်း–

တို့ကား အလွန်ပင်ထင်ရှားလေပြီ။ ထို့ကြောင့် ရှေးရှေးသော ဆရာကြီးတို့သည် သတ္တဝါတို့အား သနားကရုဏာ မေတ္တာသက်၍ "ဆယ်ရေ့ တစ်ရေး၊ ကိုးရေ့ တစ်ရာ" ပြစ်မှားကျူးလွန်မိသည့်ကံပါလျှင်လည်း ပစ္စုပ္ပန်, သံသရာဘေးမှ ကင်းဝေးလွတ်ကွာကြပါစေတော့-ဟု ရဟန်းသံဃာတော်တို့ထံ ချဉ်းကပ်၍ သီလသီတင်း ခံယူဆောက်တည်ခြင်း-စသော ကာလတို့၌ ဒါယကာ,ဒါယိကာမတို့ကို ရှေးဦးစွာ ဩကာသ-စသော ပဏာမပုဗ္ဗကကို ပြုကြစေသည့် ပဝေဏီအဆက်ဆက်က ဆရာတို့နည်းပေးချက် ကန်တော့ဝန်ချခြင်း-ဟု ယခင်ကကဲ့သို့ပင် မြဲမြံစွဲစွဲ သဲကြီးအူခတ် တံဆိပ်အပ်ဘိသကဲ့သို့ ကြပ်ကြပ်စိစိ ပိပိရရ မှတ်သားကြလေ။

http://www.dhammadownload.com

သို့ရာတွင်လည်း ယခုကာလ ယေဘူယျဖြင့် ကန်တော့ကြသည့် ပဏာမပုဗ္ဗက ဩကာသ-စသော စကားကို ဆရာကြားရသည်မှာ ရကစု, မှတ်ကစု အတုအပနှင့် အခို့ကလည်း ကြိယာကာရက အပြည့်အစုံ မဟုတ်ချေ။ အပြည့်အစုံ ကြိယာကာရကနှင့် ရှေးရှေးက ဆရာကြီးတို့၏ အစဉ်အလာ နည်းနာနယအတိုင်း ကန်တော့လိုကြမူ အထက်ပဋိညာဉ်အရနှင့် ထုတ်ဖော်၍ ဆရာပြမည်။ "ဩကာသံ ဒေထ"ဟု အာယာစန, ဝစနကို ၃-ကြိမ်တောင်းဆိုပြီးမှ "ကာယကံ, ဝစီကံ, မနောကံတည်းဟူသော ကံ ၃-ပါးတို့တွင်၊ တစ်နည်းကား-ကာယကံ, ဝစီကံ, မနောကံတည်းဟူသော သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့မှ၊ တစ်နည်းကား ကာယကံ, ဝစီကံ, မနောကံတည်းဟူသော ရှေးရှေးက ပြစ်မှားကျူးလွန်မိသော ကံ, ယခု ပြစ်မှားကျူးလွန်မိသောကံတို့ကို ပျောက်ပါစေခြင်းအကျိုးငှာ။" (၎င်းသမ္မာန်ပုဒ်ကို ကန်တော့ပါ၏-ဟူသော ကြိယာ၌စပ်။)

ဤ၌ သဗ္ဗဒေါသ-ဟူသော ဝိသေသျသဒ္ဒန္တရိက်ကို အခို့မရိပ်မိကြမည့်အရာကြောင့် နောက်ထပ်၍ တဖန် (ဝါ) တစ်ချက်လွန်ပြီးလျှင် အပြစ်က်-ဟူသော ဝိသေသနပုဒ်ကို မ-၍ ပြလိုက်သည်။ (ဤကား အမှာ။)

"ပဌမ, ဒုတိယ, တတိယ၊ ၁-ကြိမ်, ၂-ကြိမ်, ၃-ကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာတည်းဟူသော ရတနာမြတ် ၃-ပါးတို့အား အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏။ ဤသို့ အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါရသော အကျိုးအားဖြင့်"၊ ဤ၌ အကြောင်းအားဖြင့်-ဟု အခို့ဆရာတို့ ပြင်ကြကုန်၏။ ထိုဆရာတို့ မသိခြင်းမျှသာ-ဟု မှတ်။

အဘယ်ကြောင့်နည်းဟူမူကား ပစ္စုပ္ပန်, သံသရာ ၂-ပါးတို့၌ ဖြစ်ပွါးကျရောက်လာမည့်အန္တရာယ်ကို ပယ်ဖျောက်ခြင်းသည် ထိုပြုအပ်သော ပဏာမကုသိုလ် စေတနာ၏အကျိုးအာနိသင်-ဟု မှတ်။ ထို့ကြောင့် အဋ္ဌကထာ၌ "ပယောဂသမ္ပတ္တိယာ ဝိပါကဿ ပဋိဗာဟိတတ္တာ"ဟု မိန့်ပြီ။ ပယောဂသမ္ပတ္တိယာ၊ ကောင်းသောလုံ့လ၏ ပြည့်စုံခြင်းဖြင့်။ ဝိပါကဿ၊ အကျိုး၏။ ပဋိဗာဟိတတ္တာ၊ အပပြုသည်၏အဖြစ်ကြောင့်တည်း။

ယင်းသို့ဖြစ်၍ အကျိုးတခြား, ကင်းလွတ်ခြင်းတခြား၊ ဤသို့အားဖြင့် မမှတ်သားလင့်။ ကင်းလွတ်ခြင်းကြိယာ, ရခြင်းကြိယာသည် အကျိုးတရားပင်-ဟု ဘိန္နာဓိကရဏ ဝိသေသနအနက်ကိုယူ။ အဘယ်ပုဒ်ကဲ့သို့နည်းဟူမူကား ဝိပါကေန ဇာတာ ဝိပါကဇာ၊ ဝိပါကဇာယ ဣန္ဒြိ ဝိပါကဇိန္ဒြိ-တို့ကဲ့သို့ မှတ်။ (ဤကား အမှာ)

http://www.dhammadownload.com

"အပါယ် ၄-ပါး, ကပ် ၃-ပါး, အရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါးတို့မှ ကင်းလွတ်သည်သာဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏" ဤသို့ဆို၍ ကြီယာ, ကာရက အစုံအလင်နှင့် ကန်တော့ကြလေ။ ကာယက်, ဝစီက်, မနောက်တည်းဟူသော ကံ ၃-ပါးတို့ဖြင့် ဆိုအပ်သော စကားသည် ဝန္ဒနကြီယာမဟုတ်။ နောက်သဗ္ဗဒေါသဟူသော သဒ္ဒန္တရိုက်ကို ထောက်၍ အပြစ်က်ကို ဝန်ခံသည့် စကားနိမိတ်-ဟု မှတ်။

ဤသို့ ကန်တော့ခြင်း အရိုးအစဉ်ကား သရေခေတ္တရာ, ပေါက္ကံ, မြင်စိုင်း၊ စစ်ကိုင်း, ပင်းယ၊ အင်းဝ, ကုန်းဘောင်၊ ရန်အောင်အမရ၊ မန္တလေးသို့ကျအောင် အစဉ်မပျက် တစ်သံတည်း ထွက်ဆိုခဲ့ကြသည့် နေ,လပမာကဲ့သို့ ကျမ်းဂန်အရာဝယ် အလွန်လိမ္မာတော်မူကြသည့် ငါတို့မှီရာသမျှ နည်းဥပဒေသကို ခံခဲ့ရသည့် ဆရာတော်တို့ကား–

စလင်းသာသနာပိုင်, သဲအင်းသာသနာပိုင်, ဗားကရာသာသနာပိုင်,
မောင်းထောင်သာသနာပိုင်, အုတ်ကျောင်းဆရာတော်ကြီး, ဝူကြီးဆရာတော်ကြီး,
ခင်မကန်ဆရာတော်ကြီး,
ဓမ္မာစရိယအဖြစ်ဖြင့် ခြေရင်း၌ ချဉ်းကပ်၍ သင်ကြားခဲ့ရသည့် ပြည်ဆရာတော်ကြီး,
ဘုံကျော်ဆရာတော်ကြီး, မိုးထိဆရာတော်ကြီး, ပင်းဆရာတော်ကြီး,
ဆီးဘန်နီကျောက်တံဆောင်းဆရာတော်ကြီး–

စသော နောက်နောက်သော ဆရာတော်တို့နှင့်တကွ အစဉ်မပျက် ဆက်လက်၍ လာခဲ့ကြသည့် သိဿာနုသိဿနည်းနယ လမ်းရိုးကြီးကန်တော့စဉ်ကို ဆရာဆုံးဖြတ်ချက်အရနှင့် သဘောကျလျှင် ယခင်ကြီယာကာရကနှင့် အပြည့်အစုံပြသည့် နည်းနယသည် ရှုပ်ရှုပ်ထွေးထွေး ပုဒ်ရေး, ပါဠိရေး, သဒ္ဒါရေးနှင့် လေးလေးငန်ငန်ရှိအောင် ပြသောကြောင့် ကန်တော့နည်းနယကို ဒါယကာတို့ မဝေခွဲနိုင်ကြလျှင် ဆည်းကပ်ကိုးကွယ်သည့် မိမိတို့ဆရာသမားတို့ထံ နည်းခံမှတ်သား၍ မိဘ,ဘိုးဘွားတို့ ထုံးစံနယကို မဖျက်ဆီးကြလေလင့်။

ရှေးသူဟောင်းတို့အလိုအရ ကြီယာ, ကာရက အစုံအလင်နှင့် ကန်တော့ခွင့်တောင်းလိုလျှင် "ဩကာသံ ဒေထ"ဟု တောင်းဆိုသင့်၏။ သို့ တောင်းဆိုသင့်သော်လည်း အများတို့ နှုတ်ကပင် "ဩကာသ ဩကာသ"ဟု ဆိုလျက် ရှိကြလေပြီဖြစ်၍ ဆိုမြဲတိုင်းပင် တောင်းဆိုကြလေတော့။ အဘယ်ကြောင့်နည်းဟူမူကား "သဟ ပဠ သဟ ပြဠ၊ ဗုဒ္ဓံ သရဏံ ဂတ်ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"တို့ကဲ့သို့ အကျိုးပြီးပြည့်စုံခြင်းသည်သာလျှင် ပဓာနဖြစ်ချေသောကြောင့်တည်း။

http://www.dhammadownload.com

အကယ်၍ပင် အခြားတပါးသူတို့က ရှိခိုးခြင်း ဝန္ဒနကြိယာ၏ကရိဏ်းကို ကဲ့ဖြင့် မပြ၊ ဒွါရဖြင့်သာ ပြသည်-ဟု ဋီကာရိပ်စကားနှင့် လှုပ်ချောက်ချားအံ့။ ငါတို့ ဘိုး,ဘွား, ဘီ,ဘင်တို့က အစဉ်သဖြင့် ဆင်းသက်၍ လာခဲ့ကြသည့် ကာယက်, ဝစီက်, မနောက်-ဟု ဆိုအပ်သော ဤသဒ္ဒါအစဉ်သည် ယခင် ဋီကာလာအရနှင့် ဝန္ဒနာပြုကြသည့် ကြိယာ-ကာရက မဟုတ်။ စင်စစ်ကား ရှေးရှေးကဖြစ်စေ, ယခုပင်ဖြစ်စေ မကျူးလွန်, မပြစ်မှား ထိုက်သည့်သူတို့ကို ကျူးလွန်ပြစ်မှားမိက ကန်တော့ဝန်ချလျှင် အပြစ်ကဲ ပြေပျောက်ကြောင်း ကို တိကနိပါတ်၊ အဂုံတွိရ်အဋ္ဌကထာ၌-

> ဒေါသေန ဟိ ဒုဋ္ဌော မာတာပိတူသုပိ စေတိယေပိဗောဓိမ္ပိပိ ပဒွဇိတေသုပိ အပရဇ္ဈိတွာ "မယ္ပံ ခမထာ"တိ။ အစ္စယံ ဒေသေတိ။ တဿ သဟ ခမာပနေန တံ ကမ္မံ ပါကတိကမေဝ ဟောတိ။(အံ၊၄၊၂။၁၉၁) ပယောဂသမ္ပတ္တိယာ ဝိပါကဿ ပဋိဗာဟိတတ္တာ အဟောသိကမ္မဘာဝေန အဝိပါကမမ္မတံ အာပန္နန္တိ နေဝ သဂ္ဂါ-ဝရဏဉ္စ န မောက္ခာဝရဏဉ္စ ဟောတိ။

ဟိ၊ ထင်စွာဆိုဦးအံ့။ မာတာပိတူသုပိ၊ အမိ, အဘတို့၌လည်းကောင်း။ စေတိယေ-ပိဗောဓိမ္ပိပိ၊ ဗောဓိ၌လည်းကောင်း။ ပဒွဇိတေသုပိ၊ ရဟန်းသံဃာတို့၌လည်းကောင်း။ ဒေါသေန၊ အမျက်ဖြင့်။ ဒုဋ္ဌော၊ ဖျက်ဆီးအပ်သည်ဖြစ်၍။ အပရဇ္ဈိတွာ၊ ပြစ်မှားမိသည် ရှိသော်။ မယ္ပံ၊ အကျွန်ုပ်၏။ အစ္စယံ၊ လွန်ကျူးမိသောအပြစ်ကို။ ခမထ၊ သည်းခံတော်မူပါ ကုန်လော့။ ဣတိ၊ ဤသို့။ ဒေသေတိ၊ ကန်တော့တောင်းပန် ဝန်ချအံ့။ တဿ၊ ထိုသူအား။ ခမာပနေန၊ ကန်တော့တောင်းပန် သည်းခံစေသည်နှင့်။ သဟ၊ တကွ။ တံ ကမ္မံ၊ ထိုပြစ်မှား မိသော မကောင်းမှုကံသည်။ ပါကတိကမေဝ၊ ပြကတ္တေသာလျှင်။ ဟောတိ၊ ဖြစ်၏။ ပယောဂသမ္ပတ္တိယာ၊ ကောင်းသောလုံ့လ၏ ပြည့်စုံခြင်းဖြင့်။ ဝိပါကဿ၊ အကျိုး၏။ ပဋိ-ဗာဟိတတ္တာ၊ အပပြုသည်၏အဖြစ်ကြောင့်။ အဟောသိကမ္မဘာဝေန၊ အဟောသိကံ၏ အဖြစ်ဖြင့်။ အဝိပါကမမ္မတံ၊ အကျိုးမပေးသော, သဘောရှိသောအဖြစ်သို့။ အာပန္နံ၊ ရောက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သဂ္ဂါဝရဏဉ္စ၊ နတ်ပြည်ကို တားမြစ်တတ်သည်လည်း။ နေဝ ဟောတိ၊ မဖြစ်။ မောက္ခာဝရဏဉ္စ၊ မဂ်,ဖိုလ်ကို တားမြစ်တတ်သည်လည်း။ န ဟောတိ၊ မဖြစ်။

ဤသို့ ကျမ်းဂန်၌ပင် ထင်လင်းသိသာ တိုက်ရိုက်လာရကား ကျူးလွန်ပြစ်မှားမိသည့် ကာယက်, ဝစီက်, မနောက်-ကို တဖန်ဖော်ပြ၍ ကန်တော့ဝန်ချသည့် သဒ္ဒါအစဉ်မျှသာ ရှိခိုးခြင်းဝန္ဒနာကြိယာ မဟုတ်ပါသေး။ ပဌမအစ နောက်ဝါကျအလာ ရှိခိုးခြင်းဝန္ဒနာမှာ ကဲ့မပါတကား-ဟု အကျယ်အပွါး စကားမများရအောင် တိုတိုဇာတ်သိမ်း၍ ကံ,ဒွါရ ငြိမ်းကြ

http://www.dhammadownload.com

လေ။ ထိုသို့မဟုတ် သင့်,မသင့်ကို အခွင့်ရှိသမျှ ကျမ်းဂန်နှင့်ပြောရလျှင် ရှည်လျားစွာက ဖြစ်ပွါးလာခဲ့ကြသည့် ဟင်းလေးကြီး ဗလချာ ကဲ့,ဒွါရ ရွံစရာကို သာသနာတော် ၅၀၀၀-ကုန်တော့ အပြီးမသတ်-ဟု မှတ်လေ။

သောရေယျသုဒ္ဒေးသားသည် "ဤမထေရ်ကား လွန်စွာ ရှုချင်ဖွယ်ရှိ၏။ ငါ၏ မယား ဖြစ်ပါမူကား ကောင်းလေစွ"ဟု ကစ္စည်းမထေရ်ကို ပြစ်မှားကျူးလွန်သောကံကြောင့် မိန်းမ ဖြစ်ရပြီးသည့်နောက် တဖန်ပြန်၍ ကန်တော့ပြန်က ယောကျ်ားဖြစ်ပြန်သဖြင့် နိဗ္ဗာန်သို့ ရောက်ခြင်း,

အဇာတသတ်မင်း၏ မြို့ကွပ်ဖြစ်သော ဝဿကာရပုဏ္ဏားသည် "ဤမထေရ်ကား အသွားအလာ အလွန်လျင်မြန်၏။ နွားမြီးဆွဲမျောက်နှင့် တူလေစွ"ဟု ကစ္စည်းထေရ်ကို ပြစ်မှားကျူးလွန်မိသော ကံကို တဖန်ပြန်၍ မကန်တော့ပြန်သောကြောင့် ဝေဠုဝန်အာရာမ်၌ နွားမြီးဆွဲမျောက်ဖြစ်၍ နေရကြောင်းများကို–

ကျမ်းဂန်တို့၌လာလေရကား ထင်မြင်သည် ဖြစ်စေ, မထင်မြင်သည်ဖြစ်စေ ရဟန်းသံဃာတော်မြတ်တို့ထံ ရောက်ကြလျှင် လက်ဝါးပြင်၌ မီးတင်၍ထားသော ယောကျ်ားကဲ့သို့ ရှေးပညာရှိတို့လုပ်၍ ထားခဲ့သည့် ဤကာယက်, ဝစီက်, မနောက်-စသော ကန်တော့နည်းနယကို အလျှင်အမြန် ဝပ်ချ၍ သုတ်သုတ်သက်သက် နူတ်ဆိုမြွက်ဟသဖြင့် ကန်တော့တည့်ကြလေ-ဟူ၍ ဘုရားသာသနာတော် ၂၄၃၁-ခုနှစ်၊ သက္ကရာဇ် ၁၂၄၉-ခု၊ ပြာသိုလဆန်း ၁၃-ရက်နေ့၊ မလက်တိုဂူကုန်းဂိုဏ်းထောက် အရှင်သူမြတ် ဆုံးဖြတ်အပ်သည့် ကန်တော့ဝန်ချ ကဲ့,ဒွါရဝိနိစ္ဆယစာတမ်း ပြီး၏။

★★★★★★★

http://www.dhammadownload.com

ခင်မကန်ဆရာတော်

{ ၂၉ } ကံ့ဒ္ဓါရဝိဝါဒဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် ဟင်္သာတမြို့နေ၊ တကာ ရဲလှရန္ဓမျံကျော် ကိုယ်တော်အရှင်မြတ်တို့၏ ရအပ်သော သီလ, သမာဓိ, ပညာ အဖြာဖြာသော ဂုဏ်ကျေးဇူးသကတ်ကို လေးမြတ်ယုံကြည်စွာ ၂-ဖြာသော ခြေတော်အစုံ၌ ထိခိုက်ရိုကျိုး ဦးခေါင်းလျိုးသဖြင့် ရှိခိုးနားတော်လျှောက်ပါသည်ဘုရား။

ဆရာသမား, ဘိုးဘွား,မိဘစဉ်လာ ရတနာ ၃-ပါး၊ ဆရာ,မိဘ-စသော ကြီးမြတ်သူတို့ကို ပူဇော်ကန်တော့ရာ ကာယက်-စသည်ဖြင့် ဆို၍ ပူဇော်ကန်တော့ခြင်း, ကာယဒ္ဓါရ-စသည်ဖြင့် ဆို၍ ပူဇော်ကန်တော့ခြင်း ၂-ပါးတွင် ကံဖြင့် မဆိုသင့်၊ ဒ္ဓါရဖြင့်သာ ဆိုသင့်ကြောင်းနှင့် အပေါင်းများစွာ ဥပါသကာ, ဥပါသကီတို့ မည်မည်ဟာ ဝိဝါဒဖြစ်ပွါးလျက် ရှိကြပါသည်။ ဆရာတော်ဘုရားထံမှ ရအပ်သော အဆုံးအဖြတ်ကို သိမှတ်ပါရလျှင် ဝိဝါဒကင်းလွတ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးရှိမည်ဖြစ်ပါ၍ တကာ,တကာမတို့အား သနားသဖြင့် အသင့်ယုတ္တိကို လွတ်လွတ်ဆိုတော်မူသော ကိုယ်တော်အရှင်မြတ်က မှတ်ယူသင့်သောနည်းဥပဒေသစကားကို မိန့်ကြားတော်မူပါမည့်အကြောင်းကို ရှိခိုးနားတော်လျှောက်ပါသည်ဘုရား"။

သက္ကရာဇ် ၁၂၂၃-ခု၊ တော်သလင်းလဆန်း၊ ၁၀-ရက်နေ့၊ ရဲလှရန္ဓမျံကျော်လျှောက်–

"ဆရာတော် မိန့်လိုက်သည် တကာရဲလှရန္ဓမျံကျော်၊ ရတနာ ၃-ပါး, ဆရာ, မိဘ-စသော အရှင်တို့အား ရှိခိုးပူဇော်ကန်တော့ရာ ကာယဒ္ဓါရ-စသည်ဖြင့် ဆို၍ ရှိခိုးပူဇော်ကန်တော့သင့်မည်၊ ကာယက်-စသည်ကို ဆို၍ ရှိခိုးပူဇော်ကန်တော့သင့်မည် မေးလျှောက်ရာမှာ

http://www.dhammadownload.com

သဒ္ဒါ, မေတ္တာရှေ့သွားရှိသော ကုသိုလ်စိတ်ဖြင့် ပြုသည်ဖြစ်က ကာယဒွါရ-စသည်ဖြင့် ဆို၍ ရှိခိုးပူဇော်ကန်တော့သည်ဖြစ်စေ, ကာယကံ-စသည်ဖြင့် ဆို၍ ရှိခိုးပူဇော်ကန်တော့သည်ဖြစ်စေ၊ ပူဇော်သင့်, ပူဇော်အပ်, ပူဇော်ထိုက်သော ရတနာ ၃-ပါး, မိခင်,ဖခင်, ဆရာ-စသောသူတို့အား ပူဇော်ကန်တော့သည့်အရာဖြစ်၍ "ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ-မုတ္တမံ"ဒေသနာတော်နှင့်လျော်စွာ ပူဇနိယပူဇာကို မင်္ဂလာတရား ပွါးစီးခြင်းအကြောင်း ကောင်းမှုအထူး ဖြစ်တော့သည်။ ယင်းသို့ ကောင်းမှုအထူးဖြစ်သောကြောင့် ဆရာ,မိဘတို့မှ ဥပဒေသရသည်အလိုက် ကြိုက်ရာပင် ဆိုသင့်၏။ ဆိုတော့။

ဒွါရကံ အနေမကျ ဝိဝါဒဖြစ်ကြသည်-ဟူရာမှာ–

> အာဘိဝါဒိယာတိ ဝိသေသတော ဝန္ဒိတွာ၊ ဘယလာဘကုလာစာရာဒိဝိရဟေန သက္ကစ္စံ အာဒရေန ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတျတ္ထော။

အဘိဓမ္မတ္ထဝိဘာဝနီ-စသော ဋီကာ(နှာ-၇၃)ကျမ်းတို့၌ ဝန္ဒနကြိယာ၏ကရိုဏ်းကို ကံတို့ဖြင့် မပြ၊ ဒွါရဖြင့်သာ ဋီကာဆရာတို့ပြသည်ကို ထောက်၍ ဒွါရဖြင့်သာ ဆို၍လည်း ပူဇော် ကန်တော့သင့်၏-ဟု ဆိုမူကား ဆိုသင့်၏။ ဒွါရဖြင့်သာ ဆို၍ ပူဇော်ကန်တော့ရမည်။ ကံဖြင့်ဆို၍ ပူဇော်ကန်တော့ခြင်းသည် မသင့်။ အမှားဖြစ်သည်-ဟူသော ဝဝတ္ထာနစကားကို မူကား မဆိုသင့်။

အဘယ်ကြောင့်နည်းဟူမူ "အာဘိဝါဒိယာတိ ။ပ။ ကာယဝစီမနောဒွါရေဟိ ဝန္ဒိ-တွာတျတ္ထော"ဟူသော ဋီကာပါဠိသည် ရှိခိုးပူဇော်သောသူတို့အား ဒွါရဖြင့်သာ ဆို၍ ရှိခိုးပူဇော်သင့်သည်- နည်းဥပဒေသကို ပြသည့်အရာ မဟုတ်။ စင်စစ်သော်ကား မှီရာ သံဝဏ္ဏောတပ္ပဖြစ်သော အာဘိဝါဒိယ-ပုဒ်၌ ဝန္ဒနာကြိယာ၏ ပြီးကြောင်းဖြစ်သော ကရိုဏ်း ပုဒ်ကို ဆိုသင့်၏၊ ရသင့်၏။ ရသင့်သည်တွင် ကရိုဏ်းဖြစ်ထိုက်သော ဒွါရ ၃-ပါးတွင် တစ်ပါးပါးကို သံဝဏ္ဏောတပ္ပ-၌ မမှတ်ယူသည်ဖြစ်၍ "ဧကဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ နိဗ္ဗဒေသတော ဝိညာယတိ"ဟု လာသော သဒ္ဒါလက္ခဏာနည်း၊ "တိဿော ဏ္ဟမာ ဘိက္ခဝေ ဝန္ဒနာ။ ကာယေန ဝစသာ မနသာ။ ဏ္ဟမာ ခေါ ဘိက္ခဝေ တိဿော ဝန္ဒနာနာ"ဟု လာသော ပါဠိတော်(အံ၊၁။၂၉၈)နည်းများနှင့် လျော်သင့်စွာ ဒွါရ ၃-ပါးလုံးပင် ကရိုဏ်း ဖြစ်သင့်သည်,ယူသင့်သည်-ဟူသော အနက်အဓိပ္ပါယ်ကိုသာ ပြသည့်အရာဖြစ်သောကြောင့် တည်း။

အကယ်၍ ဒွါရကို နှစ်သက်လိုသူတို့ အယူဝါဒအတိုင်း ရှိခိုးပူဇော်သောသူတို့အား ဒွါရဖြင့်သာ ဆို၍ ရှိခိုးပူဇော်ရမည်- နည်းဥပဒေသကို ပြ၏-ဟု မှတ်ယူချေသော် မိမိကိုယ်

http://www.dhammadownload.com

ပင် စီရင်သောကျမ်းအစဉ် ရတနတ္တယပဏာမကိုပြရာ "ဝိသုဒ္ဓကရုဏာဉာဏ်"စသော ပဌမ စကားမှာ ဒွါရကရိဏ်း မပါသည်ဖြစ်၍ ဦးကာဆရာသည် ယထာဝါဒီ မဖြစ်ခဲ့-ဟု ကဲ့ရဲ့ပြစ် တင်ဖွယ်ရောက်မည်ကဲ့သို့ပင် ဖြစ်ရာချေသည်။ ယင်းသို့ဖြစ်၍ ဒွါရဖြင့်သာ ဆို၍ ရှိခိုးပူဇော်ရမည်-ဟု ဝဝတ္ထာနစကားကို မဆိုကောင်းချေ။ ကံဖြင့် ဆို၍ ပူဇော်ကန်တော့ခြင်းသည် မသင့်၊ အမှားဖြစ်သည်-ဟူရာ၌လည်း အဝန့်ရှည်စွာ ဆရာ,မိဘ ပြဿသွန်သင် အစဉ် ဆင်းသက်သော ဥပဒေသ ဥပနိသျှည်းကြီးကိုကား အထူးထူးအပြားပြားသော သဒ္ဒနယ, အတ္ထနယ-တို့ဖြင့် သင့်သောအကြောင်းကိုသာ ငါတို့ ရှာအပ်ပေသည်-ဟု ယောနိသော-မနသိကာရ ဖြစ်ရာကောင်းလျက် မိမိတို့ လေ့ကျက်မှတ်သားမိသော ဝန္ဒနာကြီယာ၏အရကို ပဏာမစေတနာ ကံပြဌာန်းသော နာမကွန္ဓာ ဒွါရအရကို ထိုစေတနာကံ၏ပြီးကြောင်း ကရိဏ်းဖြစ်သော ဝိညတ္တိကုသိုလ် မန-ဟူသည် နည်းတစ်စိတ်ကို သိမြင်သည်နှင့် ခုံတမင် ဆိုချင်မက်မော ပြောဆိုမိလေသည်အရာဖြစ်သည်-ဟု ဆိုခွင့်ရှိချေသည်။

အဘယ်ကြောင့်နည်းဟူမူကား ချင်းတို့သိမြင်သော နည်းတစ်ပါးဖြင့်သာ ယူကောင်းသော သဘောမရှိ၊ နာနာနယနိပုဏဂမ္ဘီရံ ကျမ်းဂန်-ဟူသည်နှင့်အညီ–

- ကာယကံ-စသည်ဖြင့် ဆိုရာ၌လည်း ကာယ၏အရကို စိတ္တသမုဋ္ဌာနရူပကာယ၊
- ဝစီ၏အရကို စိတ္တသမုဋ္ဌာနသဒ္ဒဝါစာ၊
- မနော၏အရကို စေတနာအနဘိဇ္ဈာ–

စသည်မှ တပါးသော မဟာကုသိုလ်စိတ္တုပ္ပါဒ်-ဟူ၍ ကံ၏အရကို စောပန ကြီယာ-ဟူသော ဝိညတ်ဒွေး, အနဘိဇ္ဈာ-စသော ကြီယာဖြစ်သည်-ဟု ယူသော်လည်းကောင်း၊

တစ်ကြောင်းလည်း ကာယ၏အရကို ကာယဝိညတ်, ဝစီ၏အရကို ဝစီဝိညတ်, မနော၏အရကို ယခင်နည်း ကုသိုလ်စိတ္တုပ္ပါဒ်ယူ၍ ကံ၏အရကို ရူပကာယ၏ ထမ္ဘန, စလန-ဟူသော စောပနကြီယာ, ဥပါဒိန္နကယဋ္ဌန-ဟူသော စောပနကြီယာ, အနဘိဇ္ဈာ-စသော ကြီယာဖြစ်သည်-ဟု ယူလျှင် ကာယကံ-စသည်ဖြင့် ဆိုသောစကားလည်း အသင့်ပင် ဖြစ်သည်။ ထို့ကြောင့် ကံဖြင့် ဆို၍ ပူဇော်ကန်တော့ခြင်းသည် မသင့်၊ မှားသည်ဟု, အမှားဖြစ်သည်-ဟု မဆိုကောင်းပေ။ ယင်းသို့ ဖြစ်၍ ပဝေဏီမှ လာသော ဆရာ,မိဘတို့၏ ဥပဒေသဩဝါဒအရာများကို သေချာစေ့ငုအောင် ယူဆ မဆင်ခြင်ဦးဘဲ စွပ်စွဲကဲ့ရဲ့မှုကို မပြုသင့်, မပြုထိုက်, မပြုကောင်းလေ။

ဤသို့ ကာယကံ-စသည်ကို ဆိုရာ၌ နည်း ၂-ပါးဖြင့် အသင့်ဆုံးဖြတ်သည့်အရာကို စေတနာ၏ ကံမည်သောအဖြစ်ကို သာဓကဆောင်ရာ **ဓမ္မသင်္ဂဏီအဋ္ဌကထာ**(၁၃၀)၌

http://www.dhammadownload.com

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတ္ဝာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ"ဟူသော ပါဠိ(အံ၊၂။၃၆၃။ အဘိ၊၄။၂၉၀)၊

ထိုပါဠိ၌ "စေတယိတ္ဝာ ကမ္မံ ကရောတိ"စသော ဒုတိယဝါကျ၏ အနက်သဘော ကို ပြသော်-

> ယသ္မာ စ စေတနာယ စေတယိတ္ဝာ ကာယဝါစာဟိ စောပနကိရိယံ မနသာ စ အဘိဂ္ဂါဒိကိရိယံ ကရောတိ၊ တသ္မာ တဿာ ကိရိယာယ ကာရိကံ စေတနံ အဟံ ကမ္မံ ဝဒါမီတိ အတ္ထော။ –

ဟူသော မူလဋီကာ(၁။၇၇)၊ ထိုဋီကာအနက်ကို ပြသော်-

> **စောပနကိရိယန္တိ** ဝိညတ္တိဒွယံ အာဟ။ တဿာ ဟိ စိတ္တသမုဋ္ဌာနကာယသဒ္ဒ-ဝါစာဟိ ကာယဝစီဝိညတ္တိဟိ ဧဝ ဝါ ပုရိမပုရိမာဟိ ပဝတ္တေတဗ္ဗတ္တာ "ကာယဝါစာ-ဟိ စောပနကိရိယံ ကရောတိ"တိ ဝုတ္တံ တဒ္ဓိကာရာနံ ဘူတာနံ တထာပဝတ္တန-တော။ အထ ဝါ ကာယဝါစာဟီတိ ကာယဝစီဝိညတ္တိဟိ၊ **စောပနကိရိယန္တိ** ရူပကာယဿ ထမ္ဘနစလနကိရိယံ ဉပါဒိန္နကယဋ္ဌနကိရိယဉ္စ။ ဧသော ဟိ ကိရိယာ "ရူပကာယံ ထမ္ဘေတုံ စာလေတုံ ပစ္စယော ဘဝိတုံ သမတ္ထော"တိ, "ဉပါဒိန္နကယဋ္ဌ-နဿ ပစ္စယဘူတော"တိ စ ဝုတ္တတ္တာ ကာယဝစီဝိညတ္တိဟိ နိပ္ပဇ္ဇတီတိ။ –

ဟူသော အနုဋီကာ(၁။၈၄)။

ဤသို့ အဋ္ဌကထာ, ဋီကာပါဠိများကို ထောက်၍ နှိုင်းယှဉ်ကြံစည်သဖြင့် မှတ်ယူရမည်။

'ရှိခိုးပူဇော် ကန်တော့ပါ၏'-ဆိုရာ၌ ရှိခိုးပူဇော်သည့်အရာ သိသာ၏။ ကန်တော့ခြင်းမှာ ပြစ်မှားကျူးလွန်မိသောအပြစ်ကို သည်းခံစေလိုသောအားဖြင့် ကန်တော့ခြင်း, ပဋိသန္ဓာရ အစေ့အစပ် လောကဝတ်ပြုသောအားဖြင့် ကန်တော့ခြင်း ၂-ပါးရှိသည်တွင် ဘုရား, တရား, ရဟန်းသံဃာတို့ထံမှ ပဋိသန္ဓာရ လောကဝတ်ပြုသောအားဖြင့် ကန်တော့ကြ သည်မှာ ပူဇော်အပ်, ပူဇော်ထိုက်သော ရတနာ ၃-ပါး၌ ရှိခိုးပူဇော်ခြင်းကို ပြုသော ကုသိုလ် စေတနာသည် အန္တရာယ်ကို ပြုတတ်သော မကောင်းမှုအကုသိုလ်-ဟူသမျှကို ပယ်ဖျက် ဖိတားနိုင်ရကား ဤပစ္စုပ္ပန်ဘဝ၌ လွန်ကျူးမိဖူးသော မကောင်းမှုဖြစ်စေ, လွန်လေပြီးသော အတိတ်ကာလဘဝတို့က လွန်ကျူးမိဖူးသော မကောင်းမှုဖြစ်စေ, ခပ်သိမ်းသော အကုသိုလ် အစု မကောင်းမှု-ဟူသမျှကို ပျောက်စေခြင်းငှာ လွန်ကျူးပြစ်မှားမိသည်-ဟူ၍ ထင်ရှားမသိ သော်လည်း-

http://www.dhammadownload.com

- သာဝတ္ထိပြည်၊ နောက်ရွာစွန် ဇနပုဒ်၌နေသော ဝသဘဂေါတ္တမည်သော ရဟန်းကို အာဂန္ဆကရဟန်းများ တရားမဟုတ်သော ဥက္ခေပနိယကံဖြင့် ကျူးလွန်ပြစ်မှားမိသည်ကို ဘုရားသခင်အား ကန်တော့သည်ကိုလည်းကောင်း,
- ခမည်းတော်အား ပြစ်မှားမိသော အဇာတသတ်မင်းသည် ဘုရားမှာ ကန်တော့သည်ကိုလည်းကောင်း,
- သူဌေးသမီး ဥတ္တရာကို ပြစ်မှားမိသော သီရိမာသည် မြတ်စွာဘုရားမှာ ကန်တော့သည်ကိုလည်းကောင်း,
- လွန်ကျူးပြစ်မှားအပ်သူ ထင်ရှားမရှိသည်မှာ ရဟန်းသံဃာတို့ထံ ကန်တော့ရမည်လာသော အဋ္ဌကထာများကိုလည်းကောင်း၊

ဤသို့ ပါဠို, အဋ္ဌကထာပုံစံ ကျမ်းဂန်အရာ လိမ္မာသိမြင် သခင်မွန်,သခင်မြတ်တို့မှ ရအပ်သော လဒ္ဓါပဒေသ ဥပနိဿရည်းစဉ်ဆက်ပင် ဖြစ်သည်-ဟု ယုံကြည်သိမှတ်အပ်သည် တကာရဲလှရန္ဓပျံကျော်။

ခင်မကန်ဆရာတော်ဘုရားကြီးအဆုံးအဖြတ် ကံ,ဒွါရဝိဝါဒဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ခင်မကန်ဆရာတော်

{၃၀} ပရဘဏ္ဍပရိဏာမဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

လျှောက်ပါသည် ဆရာတော်ဘုရား။ "ဒုစရိုက် ၁၀-ပါး၌ အကျုံးဝင်သော မနောကံ အဘိဇ္ဈာ၏အင်္ဂါကိုပြရာ ပရဘဏ္ဍ, အတ္တနော ပရိဏာမန ၂-ပါးရှိသည်တွင်-

- ဣန္ဒြိယဗဒ္ဓ သဝိညာဏက သတ္တဝါ-ဟူသော ဘဏ္ဍာ,
- အနိန္ဒြိယဗဒ္ဓ အဝိညာဏကသခါရ-ဟူသော ဘဏ္ဍာ,
- သိကြား-စသော၊ နတ်,နဂါး-စသော တိရစ္ဆာန်တို့၏ သဝိညာဏက, အဝိညာဏက-ဘဏ္ဍာ,
- သား,သမီးတို့အား မိဘတို့၏၊ မိဘတို့အား သားသမီးတို့၏ သဝိညာဏက, အဝိ-ညာဏက ဘဏ္ဍာ,
- စေတီယသန္တက, ဝိဟာရသန္တကဖြစ်သောကျောင်းတို့၏ သဝိညာဏက, အဝိညာဏ-ကဘဏ္ဍာ၊

ဤသို့ များစွာသောဘဏ္ဍာတို့တွင် အဘယ်ဘဏ္ဍာသည် ပရဘဏ္ဍာ-ဟူသော အင်္ဂါ၏အရ ဖြစ်မည်။ သူတပါးဘဏ္ဍာကို 'မိမိဘဏ္ဍာဖြစ်မူ ကောင်းလေစွ'ဟူ၍လည်း ကောင်း 'ခိုးယူအံ့'(ဟု) ရရာရကြောင်းကြံသော်လည်းကောင်း၊ 'ငါ့အား ဥစ္စာရှင်ပေးမူ ကောင်း လေစွ'ဟူ၍လည်းကောင်း၊ 'ဥစ္စာရှင်ထံ တောင်းယူအံ့'ဟူ၍လည်းကောင်း၊ 'မတောင်းဘဲ ခိုးအံ့'ဟူ၍လည်းကောင်း၊ ဤသို့ များစွာသော ညွတ်ခြင်းတို့တွင် အဘယ်ညွတ်ခြင်းသည် အတ္တနောပရိဏာမန အင်္ဂါ၏အရ ဖြစ်မည်။ အဘယ်သို့ ညွတ်ခြင်းသည် ပရိဏာမန ဖြစ်မည်-ဟု ပရိဏာမနာကာရကို မပြု။ စိတ္တမနကိုသာ ဦးကာ၍ ပြသည်ဖြစ်၍ အာကာရကို မထင်ဖြစ်ခဲ့ပါသည်။ ခိုးယူမှု အဘိဇ္ဈာမြောက်မည်။ မခိုးယူဘဲ 'ခိုးယူအံ့' ကြံကာမျှဖြင့်

http://www.dhammadownload.com

မြောက်သည်ဖြစ်မည်၊ "ပရသမ္ပတ္တိအဘိမုခံ စျာယတိ စိန္တေတိ လောဘဝသေနာတိ အဘိဇ္ဈာ"ဟူသော ဋီကာစကား၌ သညာဝိတက်တို့ဖြင့် ကြံခြင်းကို နှစ်စေလျက် လောဘဖြင့် ကြံခြင်းကို ပြလို၍ 'လောဘဝသေန ဌ-ဖွင့်ဆိုကြောင်းကို မဏိမဉ္ဇူသာတွင် လာရှိသည်ဖြစ်၍ ပရသမ္ပတ္တိကို တဏှာဖြင့် ကြံခြင်းသည် အဘိဇ္ဈာမည်၏-ဟု အဓိပ္ပါယ်အရဖြစ်သောကြောင့် လောဘ၏မှီရာ အာရုံ ၆-ပါးတွင် ဓမ္မာရုံ-ဟူသော ပရသမ္ပတ္တိကို အဘယ်သူ ကြံသည်ဖြစ်က အဘိဇ္ဈာ ဖြစ်မည်၊ ပရဘဏ္ဍာကို အာရုံပြု၍ လောဘဖြစ်ကာမျှဖြင့် အဘိဇ္ဈာကမ္မပထ မမြောက်ကြောင်းကိုသာ ပြလို၍ တပ်မက်မောသော အခြင်းအရာ လုပ္ပနာကာရကို မပြသည်နှင့် အာကာရမထင် ဖြစ်ခဲ့ပါ၍ ဤသို့ အဋ္ဌကထာ၌ မထင်သည်ဖြစ်၍ သမ္မပ္ပလာပ-အဘိဇ္ဈာ စတုတ္ထမဂ္ဂဝဇ္ဇ-ဟူသော အဋ္ဌကထာစကား၌ သေက္ခပုဂ္ဂိုလ်တို့အား အပါယဂမနိယ မဟုတ်သော အဘိဇ္ဈာ မည်သို့ဖြစ်မည်။ ဤအကြောင်းအရာများကို ဆရာတော်ကို လျှောက်ထားစေ။" ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ခြက်ရသည်ဖြစ်ပါ၍ မေးလျှောက်ရသင့်သည်ကို လွတ်လွတ်ဆိုလေ့ရှိသော ယုတ္တမုတ္တဝါဒီ ဖြစ်တော်မူသည်နှင့်အညီ အာဂမဒဋ္ဌိ, ယုတ္တိဒဋ္ဌိ ၂-ပါးတွင် အသင့်ယုတ္တိကျမ်းဂန်များကို ထောက်ထားဖြေဆိုပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

"သက္ကရာဇ် ၁၂၂၂-ခု၊ သီတင်းကျွတ်လဆန်း ၁-ရက်နေ့၊ **မလွန်မင်းသားဆရာ** ပညာသီရိကို စေလွှတ်၍ လျှောက်ထားလာစေရာ-

ဆရာတော် အမိန့်ရှိလိုက်သည် ဧကရာဇ်မင်းမြတ်။ ဒုစရိုက်ကံ ၁၀-ပါး၌ အကျူးဝင်သော မနောက်အဘိဇ္ဈာ၏အဂိုကို ပြဆိုရာ ပရဘဏ္ဍာ, အတ္တနောပရိဏာမန ၂-ပါးရှိသည်တွင်-စသည်ဖြင့် မေးတော်မူရာမှာ အကုသလကမ္မပထ၏ အကြောင်းဖြစ်သော ပရဘဏ္ဍာ၏အရကို-

> **အဒိန္နံ နာမ** ယံ အနိဿဋ္ဌံ အပရိစ္စတ္တံ ရက္ခိတံ ဂေါပိတံ မမာယိတံ ပရပရိဂ္ဂဟိတံ၊ ဧတံ အဒိန္နံ နာမ။ (ဘိက္ခုဝိဘင်းပါဠိတော်။ ၀။၁။၅၇)
>
> ကွမ ပန ယံကိဉ္စိ ပရပရိဂ္ဂဟိတံ သဿာမိကံ ဘဏ္ဍံ၊ တဒေတံ တေဟိ သာမိကေဟိ ကာယေန ဝါ ဝါစာယ ဝါ န ဒိန္နန္တိ **အဒိန္နံ**။ အတ္တနော ဟတ္ထတော ဝါ ယထာဌိတဌာနတော ဝါ န နိဿဋ္ဌန္တိ **အနိဿဋ္ဌံ**။ ယထာဌာနေ ဌိတမ်ိ အနပေက္ခတာယ န ပရိစ္စတ္တန္တိ **အပရိစ္စတ္တံ**။ အာရက္ခဝံဝိဓာနေန ရက္ခိတတ္တာ **ရက္ခိတံ**။ မဏ္ဍူသာ-

http://www.dhammadownload.com

ဒီသု ပက္ခိပိတွာ ဂေါဗိတံ။ 'မမ ဣဒ'န္တိ တဏှာ မမတ္တေန မမာယိတတ္တာ မမာယိတံ။ တာဟိ အပရိစ္စာဂရက္ခဏဂေါပနာဟိ တေဟိ ဘဏ္ဍာသာမိကေဟိ ပရေဟိ ပရိဂ္ဂဟိတန္တိ ပရပရိဂ္ဂဟိတံ။ ဧတံ အဒိန္နံ နာမ။ (ဝိဘင်းအဋ္ဌကထာ။ ဝိ၊၄၊၁။၂၆၁)

ဤသို့ ပါဠိ,အဋ္ဌကထာ လာသောကြောင့် မိမိမှတပါးသော လူသတ္တဝါတို့၏ အနိသဿ, အပရိစ္စတ္တ-စသော သတ္တဝါသခ်ိရဘဏ္ဍာ, ရက္ခိတ, ဂေါပိတ, မမာယိတ, ပရပရိဂ္ဂဟိတဖြစ်သော စေတီ,ဗောဓိဝိဟာရ၏ သတ္တဝါသခ်ိရဘဏ္ဍာများသော ကမ္မပထ၏အဂ်ီအကြောင်းဖြစ်သော ပရဘဏ္ဍာဖြစ်သည်-ဟု ယူတော်မူသင့်သည်။ သိကြား-စသော နတ်, နဂါး-စသော တိရစ္ဆာန်တို့၏ ဥစ္စာဘဏ္ဍာများမှာ-

အနာပတ္တိ သသညိဿ ဝိဿာသဂ္ဂါဟေ တာဝကာလိကေ ပေတပရိဂ္ဂဟေ တိရစ္ဆာန ဂတပရိဂ္ဂဟေ ပံသုကူလသညိဿ ဥမ္မတ္တကဿ ခိတ္တစိတ္တဿ ဝေဒနဋ္ဋဿအာဒိကမ္မိကဿာတိ။ (ဂဠဝိဘင်းပါဠိတော်။ဝိ၊၁။၆၉)

ပေတပရိဂ္ဂဟေတိ ဇတ္ထ ပန ပိတ္တဝိသယေ ဥပပန္နာပိ ကာလံ ကတ္တာ တသ္မိံယေဝ အတ္တဘာဝေ နိဗ္ဗတ္တာပိ စာတုမဟာရာဇိကာဒယော ဒေဝါပိ သဗ္ဗေ 'ပေတာ'တ္တေဝ သင်္ခံ ဂတာ။ တေသံ ပရိဂ္ဂဟေ အနာပတ္တိ။ (ဝိ၊၄၊၁။၃၂၇) –

စသော ဂဠဝိဘင်းအဋ္ဌကထာတို့ကို ထောက်ထားသဖြင့် ကမ္မပထ၏အဂ်ီအကြောင်း ဖြစ်, မဖြစ်ကို စိစစ်ဖွယ် မရှိပြီ။ ဧကန်စင်စစ် ကမ္မပထ၏အဂ်ီအကြောင်း မဖြစ်သော ပရဘဏ္ဍာဟူ၍သာ မှတ်သင့်သည်, ယူသင့်သည်။

သား,သမီးတို့အား မိဘတို့၏၊ မိဘတို့အား သား,သမီးတို့၏ သဝိညာဏက, အဝိညာဏကဘဏ္ဍာများမှာ မိဘ,သားသမီးတို့ သီးသန့်ခြားနား မှတ်သားသိမ်းဆည်းကြသော ဝတ္ထုဘဏ္ဍာတို့၌ မိဘ,သားသမီး ၂-ဦးပင် ပုထုဇ္ဇန်ဂတိရှိသူချည်းဖြစ်၍ တရံတဆစ် တစိုးတစိ အခါဖြစ်ရာသော သဘောရှိ၏။ ထိုပရဘဏ္ဍာ-ဟူသော အဂ်ီ၏အရဖြစ်သော သူတပါးဘဏ္ဍာကို ခိုးယူအံ့-ဟု ရရာရကြောင်း ကြံခြင်းသည်ကား အဒိန္နာဒါန် ကာယကံ၏ ရှေ့အဖို့ဖြစ်ရကား ကမ္မပထသို့ရောက်လျှင် စေတနာပက္ခိက, ကမ္မပထ မရောက်မူ "ယော မိဂံ ဂမိဿာမီတိ ဓနုံ သဇ္ဇေတိ"စသည်ဖြင့်လာသော ဓမ္မသင်္ဂဏီအဋ္ဌကထာ(၁၃၂)၌ ပါဏာတိပါတ၏ ရှေ့အဖို့ဖြစ်သော လေး,မြားကို ပြင်ဆင်ခြင်း-စသော ကာယပယောဂ, သူတပါးအား လေး,မြားပြင်ဆင်ခြင်း-စသည်ဖြင့် တိုက်တွန်းသော ဝစီပယောဂ, ပြုသမျှ အကုသိုလ်ကို ကာယဒုစရိတ, ဝစီဒုစရိတ၌ သွင်းသကဲ့သို့ ဒုစိန္တိတဖြစ်သော မနောဒုစရိတ အရာမှာသာ သွင်းရမည်။ အဘိဇ္ဈာမနောက် ကမ္မပထအရာမှာ မသွင်းရ။

http://www.dhammadownload.com

"ငါ့အား ဥစ္စာရှင်ပေးမူ ကောင်းလေစွ"ဟူ၍လည်းကောင်း၊ "ဥစ္စာရှင်ထံ တောင်းယူအံ့"ဟူ၍လည်းကောင်း ညွတ်ခြင်း, အကြဖြစ်ခြင်းမှာ သူဥစ္စာကို ရလိုသော လူကောင်းတို့ အလေ့ပင် ဆိုသင့်သည်။ အဘိဇ္ဈာကမ္မပထမှာ မချမသွင်းကောင်းပေ။ မာတုရက္ခိတ-စသော စ-ယောက်သော မိန်းမတို့တွင် တစ်ယောက်ယောက်သောမိန်းမကို "ငါ၏မိန်းမဖြစ်မူ ကောင်းလေစွ"ဟူ၍လည်းကောင်း၊ "မိဘ-စသည်တို့ပေးမူ ကောင်းလေစွ"ဟူ၍လည်းကောင်း၊ "မိဘ-စသည်တို့ထံ တောင်းယူအံ့"ဟူ၍လည်းကောင်း ဤသို့ ညွတ်ခြင်း, အကြဖြစ်ခြင်းသည် မဟောသဓ, အမရာဒေဝီတို့သည် လမ်းခရီး၌ တွေ့မြင်ကြလျှင် တစ်ဦးသည်တစ်ဦး အဲခိုးထဲသံ အကြဖြစ်သကဲ့သို့ သူကောင်းသားမြေးတို့ အဲခိုးထဲသံ အကြလုံ့လပြုကြသော လောကစာရိတ, လောကတန္တိ, ပဝေဏီစဉ်ဆက်လည်း ရှိသည်ဖြစ်၍ စင်စစ်လောဘ တရားသာဖြစ်သည် မယူသာ။ ဆန္ဒအာသာ ပတ္ထနာဝိတက် လျော်သင့်ရာ ကုသလ, အကုသလ ဓမ္မ ၂-ပါးပင် ဖြစ်သင့်သည်။

အရှင်မဟာကစ္စည်းအား သောရေယျသူဌေးသားသည် "ဤသခင် ငါ့မယားဖြစ်မူ ကောင်းလေစွ၊ ငါ့မယား၏ကိုယ်အဆင်းလည်း ဤအရှင်ကိုယ်အဆင်းကဲ့သို့ဖြစ်မူ ကောင်းလေစွဟု"အကြဖြစ်သည်နှင့်တကွ ပုရိသဘာဝ ကွယ်ပျောက်၍ ဣတ္ထိဘာဝကို ရခြင်းသည် အဘိဇ္ဈာ-ဟူသော အကုသိုလ်ကမ္မပထပင် မှတ်ဖွယ်ရှိ၏။ ပရဘဏ္ဍအဂ်ိလက္ခဏာ မရှိရကား အဘိဇ္ဈာကမ္မပထ မယူရ။

တိဝိဓာ ဘိက္ခဝေ မနောသဉ္စေတနာ အကုသလံ မနောကမ္မံ၊ ဒုက္ခုဒြယံ ဒုက္ခဝိပါကံ။

ဟူသော ပါဠိတော်(အဘိ၊၄။၂၉၀)နှင့် လျော်ညီစွာ ခိဏာသဝ အဂ္ဂဒက္ခိဏေယျဖြစ်သော ရဟန္တာ, မဟာသာဝကပုဂ္ဂိုလ်မြတ်၌ မသင့်သောအားဖြင့် ပြစ်မှားကြံစည်မိသော မနော-ဒုစ္စရိတအကုသိုလ်စေတနာဖြစ်သည်-ဟူ၍သာ မှတ်ယူတော်မူရာသည်။

မိဘ-စသော စောင့်ရှောက်သူတို့ကို မစေ့ဆိုဘဲ 'ခိုးယူအံ့'-ဟု ကြံဆခြင်းဖြစ်ရာမှာ ယောကျ်ားတို့သည် မိန်းမတို့ကို အရဆဲသံ ကြံစည်ရာ၌ များသောအားဖြင့် ဖောဋ္ဌဗ္ဗ၏အစွမ်းဖြင့် သခ်ါရလျှင် အာရုံရှိသော မိစ္ဆာစာရကာယကမ္မ၏ ပုဗ္ဗဘာဂ အကုသလအစု မကောင်းမှုသာဖြစ်သည်။ အဘိဇ္ဈာ-ဟူသော မနောကမ္မပထ လက္ခဏာမထင်။ ယင်းသို့ မိစ္ဆာစာရအလို့ငှာပင် မဟုတ်၊ ကျွန်စေပြုလုပ်လိုရ၌ ခိုးယူအံ့-ဟု ကြံစည်အားထုတ်စေကာမူ ဘုဇိဿဖြစ်သော သူတော်ကောင်းသား,သမီးသည် အဒိန္နာဒါန ကမ္မပထလက္ခဏာအင်္ဂါအကြောင်းဖြစ်သော ပရဘဏ္ဍာဝတ္ထု မဟုတ်။

"ပါဏော နာမ မနုဿပါဏောတိ ဝုစ္စတိ"ဟူသော ဝိဘင်းပါဠိတော်(ဝိ၊၁။၆၄)၊

http://www.dhammadownload.com

ဣတော ပရသ္မိံ ဧကံသေန အဝဟာရပ္ပဟောနကပါဏံ ဒဿေန္တော မနုဿ-ပါဏောတိ အာဟ။ တမ္မိ ဘုဇိဿံ ဟရန္တသ္သ အဝဟာရော နတ္ထိ။ –

ဟူသော ပါရာဇိကဏ်အဋ္ဌကထာ(၁။၃၁၆)။

၎င်းပါဠို, အဋ္ဌကထာများကို ထောက်ထားနှိုင်းဆသဖြင့် အန္တောဇာတ-စသော ကျွန်သည်သာ အဒိန္နာဒါနကမ္မပထ၏ အင်္ဂါအကြောင်းဖြစ်သော ပရဘဏ္ဍာ-ဟု မှတ်ယူသင့်သည်။ ဤသို့ ကမ္မပထ၏ အင်္ဂါအကြောင်းဖြစ်သော ပရဘဏ္ဍာကို ဆိုပြီးသည့်အတိုင်း သီးသန့်ပိုင်းခြား သတိတော်ထားရာသည်။

ပရဘဏ္ဍာဌ် အတ္တနောပရိဏာမနအင်္ဂါ၏အဖြစ်ကိုမူကား-

အဘိဇ္ဈာယတီတိ အဘိဇ္ဈာ၊ ပရဘဏ္ဍာဘိမုခီ ဟုတ္ဝာ တန္နိန္နတာယ ပဝတ္တတီတိ အတ္ထော။ သာ "အဟော ဝတ ဣဒံ မမဿာ"တိ ဧဝံ ပရဘဏ္ဍာဘိဇ္ဈာယန-လက္ခဏာ။ အဒိန္နာဒါနံ ဝိယ အပ္ပသာဝဇ္ဇာ မဟာသာဝဇ္ဇာ စ။ တဿာ ဒ္ဝေ သမ္ဘာရာ ပရဘဏ္ဍံ အတ္တနော ပရိဏာမနဉ္စာတိ။ ပရဘဏ္ဍဝတ္ထုကေဟိ လောဘော ဥပ္ပန္နေပိ န တာဝ ကမ္မပထဘေဒေါ ဟောတိ။ ယာဝ န "အဟော ဝတ ဣဒံ မမဿာ"တိ အတ္တနော ပရိဏာမေတိ။ –

ဟူ၍ မမွသင်္ဂဏီအဋ္ဌကထာ(၁၄၃၊၁၄၄) လာသည်။ ဤ၌–

- "အဘိဇ္ဈာယတီတိ အဘိဇ္ဈာ"ဟူသော ပဒမဝါကျဖြင့် အဘိဇ္ဈာ၏ ဝစနတ္ထကို အဋ္ဌကထာဆရာ ပြတော်မူသည်။
- "ပရဘဏ္ဍာဘိမုခံ ။ပ။ အတ္ထော"ဟူသော ဒုတိယဝါကျဖြင့် အဘိဇ္ဈာ၏ အဘိ-ဓေယျတ္ထကို ပြတော်မူသည်သာ။
- "အဟောဝတ ။ပ။ အဘိဇ္ဈာယနလက္ခဏာ"ဟူသော တတိယဝါကျဖြင့် အဘိဇ္ဈာ၏ အခြင်းအရာ အာကာရနှင့်တကွသော လက္ခဏာကို ပြတော်မူသည်။
- "အဒိန္နာဒါနံ ဝိယ"စသော စတုတ္ထဝါကျဖြင့် အဘိဇ္ဈာ၏ သာဝဇ္ဇကို ပြတော်မူသည်။
- "တဿ ဒ္ဝေ သမ္ဘာရာ"စသော ပဉ္စမဝါကျဖြင့် အဘိဇ္ဈာ၏ အင်္ဂါသမ္ဘာရကို ပြတော်မူသည်။
- "ပရဘဏ္ဍဝတ္ထုကေဟိ"စသော ဆဋ္ဌမနောက်ဝါကျဖြင့် အဘိဇ္ဈာ၏ ကမ္မပထ ဖြစ်ရာ, မဖြစ်ရာသော သဘောဝိနိစ္ဆယကို ပြတော်မူသည်။

http://www.dhammadownload.com

အဂိါသမ္ဘာရကို ပြရာ၌ အတ္တနောပရိဏာမန-အရကို "**အတ္တနော ပရိဏာမနံ စိတ္တေန ဝါ**"ဋီကာဟူရကား စိတ်ဖြင့် ကြံသောအခါသာ ပရိဏာမန ဖြစ်၏။ ကိုယ်,လက်ဖြင့် သုံးသပ်ဆွဲငင်ကိုင်ယူခြင်း၊ နှုတ်ဖြင့် "ငါ့အား ပေးလော့၊ ငါယူတော့အံ့"ပြောဆိုခြင်း၊ ကိုယ်အမှု, နှုတ်အမှုနှင့် မစပ်-ဟု မှတ်တော်မူပါ။

ယင်းသို့ဖြစ်၍ သူတပါးဥစ္စာကို ရရာရကြောင်း "ခိုးယူအံ့"ဟူ၍လည်းကောင်း၊ "ငါ့အားပေးမူ ကောင်းလေစွ"ဟူ၍လည်းကောင်း၊ "ဥစ္စာရှင်ထံ တောင်းယူအံ့"ဟူ၍လည်းကောင်း ညွတ်သော ကြံသောအခြင်းအရာ အာကာရသည် အဘိဇ္ဈာ၏ အတ္တနော ပရိဏာမန-ဟူသော အဂိါအကြောင်း မဟုတ်။ "ဤဥစ္စာသည် ငါ၏ဥစ္စာဖြစ်ဘိမူကား ကောင်းလေစွ"ဟူသော အခြင်းအရာသာ အဘိဇ္ဈာ၏ အာကာရဖြစ်သည်။ ဤအခြင်းအရာ အာကာရဖြင့် သူတပါးဥစ္စာကို နှေးရှုအလွန်ပြင်းစွာ တပ်မက်မောခြင်း, ညွတ်ခြင်း, ကြံခြင်းသာ အဘိဇ္ဈာကမ္မပထ၏ အတ္တနောပရိဏာမန-ဟူသော အဂိါအကြောင်း ဖြစ်သည်။

တရားကိုယ်အားဖြင့် လောဘတရားတစ်ခုဖြစ်သော်လည်း **အားနည်းသော လောဘကို တဏှာ၊ အားကြီးသော လောဘကို ဥပါဒါန်**-ဟု သိမှတ်အပ်သကဲ့သို့၊ ပရဘဏ္ဍာဖြစ်သောဝတ္ထု၌ "**အဟော ဝတ ဣဒံ မမဿ**"ဟူသော အခြင်းအရာဖြင့် မညွတ်သေး, မကြံစည်သေး။ လုဇ္ဇနာကာရမျှဖြင့် တပ်တတ်သော အားနည်းသော လောဘကို လောဘ-သာမည။ "**အဟော ဝတ ဣဒံ မမဿ**"ဟူသော အခြင်းအရာဖြင့် ပြင်းစွာ တပ်မက်မော သော အားကြီးသော လောဘကို အဘိဇ္ဈာကမ္မပထဖြစ်သည်-ဟု သိမှတ်အပ်တော့သည်။ ဤသို့ ကမ္မပထမြောက်သော အဘိဇ္ဈာ-ဟူသော လောဘ၏ ပရိဏာမနအာကာရ-ဟု ဆိုအပ်ပြီးသည့်အတိုင်း သီးသန့်ပိုင်းခြား သတိတော်ထားရာသည်။

ထိုအဘိဇ္ဈာ-ဟူသော လောဘ၏ အာရုံကို "**သမ္မပ္ပလာပေါ ဒိဋ္ဌသုတမုတဝိညာတ-ဝသေန သတ္ထာရမ္မဏော ဝါ သဒ္ဒါရာရမ္မဏော ဝါ။ တထာ အဘိဇ္ဈာ**"(အဘိ၊ဋ္ဌ၊၁။၁၄၄)ဟု ရူပါရမ္မဏ-စသည်ကို မမှတ်မူ၍ သတ္တဝါသဒ္ဒါရအာရုံရှိကြောင်းကို အဋ္ဌကထာသခင် မိန့်ဆိုသည်။ သတ္တဝါအာရုံမှာ ဓမ္မာရမ္မဏ, သဒ္ဒါရအာရုံမှာ ရူပါရမ္မဏ-စသော အာရုံ ၆-ပါးပင် ယထာရဟထိုက်၏-ဟု မှတ်တော်မူသင့်သည်။ "**သမ္မပ္ပလာပေါ အဘိဇ္ဈာ စတုတ္ထဉာဏဝဇ္ဇော**" ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပရဘဏ္ဍာ, အတ္တနော ပရိဏာမနသမ္ဘာရ ၂-ပါးရှိသော အဘိဇ္ဈာကို စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်အပ်,သတ်အပ်သော အဘိဇ္ဈာ ဖြစ်သည်-ဟု မယူသင့်, မယူထိုက်။

http://www.dhammadownload.com

အဘယ်ကြောင့်နည်းဟူမူကား အဋ္ဌကထာဆရာသည် "**ယေန ယေန ပဟာတဗ္ဗာ ဓမ္မာ၊ တေသံ ပဟာနဋ္ဌာတိ**"ဟု မာတိကာ ထားပြီးလျှင်–

> ကုမေသု ပန စတူသု ဉာဏေသု ယေ ဓမ္မာ ယေန ဉာဏေန ပဟာတဗ္ဗာ။ တေသံ ပဟာနဋ္ဌေ ဇာနိတဗ္ဗံ။ ဧတာနိ ဟိ ယထာယောဂသံယောဇနကိလေသ-မိစ္ဆတ္တလောကဓမ္မမစ္ဆရိယ ဝိပလ္လာသ ဂန္ထ'ဂတိအာသဝဩဃယောဂနီဝရဏပရာ-မာသဉပါဒါနာနုသယမလအကုသလကမ္မပထစိတ္တုပ္ပါဒသဒိသိတာနံ ဓမ္မာနံ ပဟာန-ကရာနံ။ –

အစရှိသည်ဖြင့် ဓမ္မသာမိဖြစ်တော်မူသော ဘုရားသခင်သည် ထိုထိုသုတ္တန်-စသော ပိဋကတ်၌ ရထိုက်သော အမည်အားလျော်စွာ ဒေသနာဝိလာသဖြစ်တော်မူ၍–

သံယောဇဉ်,	ကိလေသာ,	မိစ္ဆတ္တ,	လောကဓမ္မ,
မစ္ဆရိယ,	ဝိပလ္လာသ,	ဂန္ထ,	အဂတိ,
အာသဝ,	ဩဃ,	ယောဂ,	နီဝရဏ,
ပရာမာသ,	ဥပါဒါန,	အနုသယ,	မလကမ္မပထ,
အကုသလ,	စိတ္တုပ္ပါဒါ –		

ဟူသော အမည်နာမတို့ဖြင့် ပြအပ်သော အကုသလ ပါပဓမ္မတို့ကို ယှဉ်သင့်သည့်အားလျော်စွာ ၄-ပါးသော မဂ်ဉာဏ်တွင် ဤမည်သော မဂ်ဉာဏ်သည် သံယောဇဉ်, ကိလေသာ, မိစ္ဆတ္တ-စသော အကုသိုလ်အစုတွင်–

ဤမည်သော သံယောဇဉ်ကို၊	ဤမည်သော ကိလေသာကို၊
ဤမည်သော မိစ္ဆတ္တကို၊	ဤမည်သော လောကဓမ္မကို၊
ဤမည်သော မစ္ဆရိယကို၊	ဤမည်သော ဝိပလ္လာသကို၊
ဤမည်သော ဂန္ထကို၊	ဤမည်သော အဂတိကို၊
ဤမည်သော အာသဝကို၊	ဤမည်သော ဩဃကို၊
ဤမည်သော ယောဂကို၊	ဤမည်သော နီဝရဏကို၊
ဤမည်သော ပရာမာသကို၊	ဤမည်သော ဥပါဒါန်ကို၊
ဤမည်သော အနုသယကို၊	ဤမည်သော မလကို၊

http://www.dhammadownload.com

ဤမည်သော အကုသလကမ္မပထကို၊ ဤမည်သော အကုသလစိတ္တုပ္ပါဒ်ကို အကြွင်းမဲ့ ဖျက်ဆီးသတည်းဟု ဝိနိစ္ဆယကို ပြတော်မူသည့်အရာဖြစ်သောကြောင့်တည်း။

ထိုသို့ဖြစ်၍ ပရဘဏ္ဍာ, အတ္တနောပရိဏာမန သမ္ဘာရ ၂-ပါး မရကောင်းသော အကုသလကမ္မပထ-ဟူသော အမည်ဖြင့်ပြအပ်သော၊ အောက်မင်္ဂ, အောက်ဖိုလ်တို့ဖြင့် မပယ်သေးသော ဒိဋ္ဌဂတဝိပ္ပယုတ္တအကုသိုလ် စိတ္တုပ္ပါဒ်၌ရှိသော လောဘ-ဟူသော အကုသိုလ်ဓမ္မကို ထိုလောဘ၏ ဝေဝစနပရိယာယ်ဖြစ်သော အဘိဇ္ဈာ-ဟူသော အမည်ဖြင့် ယှဉ်၍ အဋ္ဌကထာဆရာ ပြတော်မူသည်-ဟု မှတ်ယူသင့်သည်။

သေက္ခပုဂ္ဂိုလ်တို့အား အပါယဂမနိယ မဟုတ်သော အဘိဇ္ဈာ-ဟူသည်ကိုလည်း ဆိုပြီးသော စတုတ္ထဉာဏဝဇ္ဇာ အဘိဇ္ဈာအတူ မှတ်တော်မူရာသည်။ သေက္ခဖြစ်သော အရိယာပုဂ္ဂိုလ်တို့ကို မဆိုထားဘိ၊ ဝိပဿနာယောဂီဖြစ်သော ကလျာဏပုထုဇ္ဇန်များမှာလည်း သမ္ဘာရ ၂-ပါးရှိကောင်းသော ကမ္မပထမြောက်သော အဘိဇ္ဈာကို ဝိပဿနာ-ဟူသော ပုဗ္ဗဘာဂဖြင့် ပယ်ဖျက်နိုင်သည်ပင် ဖြစ်တော့သည် ကောရဇ်မင်းမြတ်။

သက္ကရာဇ် ၁၂၂၂-ခု၊ သီတင်းကျွတ်လဆန်း ၁-ရက်နေ့၊ မလွန်ဆရာ ပညာသီရိကို စေလွှတ်တော်မူ၍ လျှောက်ထားလာစေသည်တွင် ၎င်းလဆန်း ၇-ရက်နေ့၊ ခင်မကန်ဆရာတော် ဖြေဆိုသည်။

ပရဘဏ္ဍပရိဏာမဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ခင်မကန်ဆရာတော်

{၃၁} ပဋိသန္ဓိဇနကကမ္မဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယခုဘဝပြုအပ်သော သတ္တမဇော့ဉပပဇ္ဇဝေဒနီယကံသည် အနန္တရဘဝ၌ အကျိုးကို မပေးလျှင် အဟောသိကံဖြစ်၍ အလယ်ဇော ၅-ချက် အပရာပရိယဝေဒနီယကံသည် အနန္တရဘဝ၌ ပဋိသန္ဓေကို ပေး၏-ဟူရာ၌ အပရာပရိယဝေဒနီယကံသည် ရှေးရှေးသော အတိတ်ဘဝ ပြုအပ်သောကံ, ယခုဘဝပြုအပ်သောကံ-ဟု ၂-ပါးရှိသည်တွင် ရှေးရှေးသော အတိတ်ဘဝ ပြုအပ်သောကံပင် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ဖြစ်စေသည်။ ယခုဘဝ ပြုအပ်သောကံပင် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ဖြစ်စေသည်။ ၂-ပါးသောကံပင် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ဖြစ်စေသင့်သည်, မဖြစ်စေသင့်သည်များကို လျှောက်ထားရာမှာ(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊၂၃၄)-

> ကမ္မံ ဟိ ကရိယမာနမေဝ တယော ကောဋ္ဌာသေ ပူရေတိ။ သတ္တသု စိတ္တေသု ကုသလာ ဝါ အကုသလာ ဝါ ပဌမဇဝနစေတနာ **ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ** နာမ ဟောတိ။ တံ ဣမသ္မိံယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။ တထာ အသက္ကောန္တံ အဟောသိ ကမ္မံ၊ နာဟောသိ ကမ္မဝိပါကော, န ဘဝိဿတိ ကမ္မဝိပါကောန္တု နတ္ထိ ကမ္မဝိပါကောတိ ဣမဿ တိကဿ ဝသေန **အဟောသိကမ္မံ** နာမ ဟောတိ။
>
> အတ္ထသာဓိကာ သတ္တမဇဝနစေတနာ **ဥပပဇ္ဇဝေဒနီယကမ္မံ** နာမ။ တံ အနန္တရေ အတ္တဘာဝေ ဝိပါကံ ဒေတိ။ တထာ အသက္ကောန္တံ ဝုတ္တနယေနေဝ တံ အဟောသိကမ္မံ နာမ ဟောတိ။ ဥဘိန္နံ'မန္တရေ ပဉ္စမဇဝနစေတနာ **အပရာပရိယဝေဒနီယကမ္မံ** နာမ ဟောတိ။ တံ အနာဂတေ ယဒါ ဩကာသံ လဘတိ၊ တဒါ ဝိပါကံ ဒေတိ။ သတိ သံသာရပ္ပဝတ္တိယာ အဟောသိကမ္မံ နာမ န ဟောတိ။

ဟိ၊ ဆိုသင့်စွ။ ကိရိယမာနမေဝ၊ ပြုအပ်သည်သာလျှင်ဖြစ်သော။ ကမ္မံ၊ သည်။ တယော ကောဋ္ဌာသေ၊ ၃-စုတို့ကို။ ပူရေတိ၊ ပြည့်စေ၏။ သတ္တသု စိတ္တေသု၊ ၇-ချက်သော ဇောစိတ်တို့တွင်။ ကုသလာ ဝါ၊ ကုသိုလ်မူလည်းဖြစ်စေ။ အကုသလာ ဝါ၊ အကုသိုလ်မူလည်း

http://www.dhammadownload.com

ဖြစ်စေ။ ပဌမဇဝနစေတနာ၊ သည်။ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ နာမ၊ မည်သည်။ ဟောတိ၊ ၏။ တံ၊ ထိုဒိဋ္ဌဓမ္မဝေဒနီယကံမည်သော ပဌမဇောစေတနာသည်။ ဣမသ္မိံယေဝ အတ္တဘာဝေ၊ ဤမျက်မှောက်သောကိုယ်၏ အဖြစ်၌သာလျှင်။ ဝိပါကံ၊ ကို။ ဒေတိ၊ ပေး၏။ တထာ၊ ထို အကျိုးပေးသော အခြင်းအရာဖြင့်။ အသက္ကောန္တံ၊ သော။ ကမ္မံ၊ သည်။ အဟောသိ၊ ဖြစ်ပြီ။ ကမ္မဝိပါကော၊ ကံ၏အကျိုးသည်။ နံ အဟောသိ၊ ဖြစ်ပြီမဟုတ်။ ကမ္မဝိပါကော၊ သည်။ နံ ဘဝိဿတိ၊ လတ္တံ့။ ကမ္မဝိပါကော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ ဣမဿ တိကဿ၊ ဤတိုက်၏။ ဝသေန၊ အစွမ်းဖြင့်။ **အဟောသိကမ္မံ** နာမ၊ သည်။ ဟောတိ၊ ဖြစ်၏။ အတ္ထသာဓကော၊ ပါဏာတိပါတ-စသော အကျိုးကို ပြီးစေတတ်သော သတ္တမဇဝနစေတနာသည်။ **ဥပပဇ္ဇဝေဒနီယကမ္မံ** နာမ၊ ကံမည်သည်။ ဟောတိ၊ ၏။ တံ၊ ထိုဥပပဇ္ဇဝေဒနီယကံမည်သော သတ္တမဇောစေတနာသည်။ အနန္တရေ၊ အခြားမဲ့ဖြစ်သော။ အတ္တဘာဝေ၊ ကိုယ်၏အဖြစ်၌။ ဝိပါကံ၊ ကို။ ဒေတိ၊ ၏။ တထာ၊ ဖြင့်။ အသက္ကောန္တံ၊ သော။ ဝုတ္တနယေန၊ နည်းဖြင့်။ အဟောသိကမ္မံ နာမ၊ သည်။ ဟောတိ၊ ၏။

ဥဘိန္နံ၊ ၂-ပါးသော ပဌမဇော, သတ္တမဇောတို့၏။ အန္တရေ၊ အလယ်၌။ ပဋမဇဝန-စေတနာ၊ ဖြစ်သော ၅-ချက်သော စေတနာသည်။ **အပရာပရိယဝေဒနီယံ** နာမ၊ ကံမည်သည်။ ဟောတိ၊ ၏။ တံ၊ ထိုအပရာပရိယဝေဒနီယကံမည်သော ဇော ၅-ချက် စေတနာသည်။ အနာဂတေ၊ တတိယဘဝ-စသော အနာဂတ်ကာလ၌။ ယဒါ၊ ၌။ ဩကာသံ၊ အကျိုးပေးခွင့်ကို။ လဘတိ၊ ၏။ တဒါ၊ ၌။ ဝိပါကံ၊ ကို။ ဒေတိ၊ ၏။ သံသာရပဝတ္တိယာ၊ သံသရာဝဋ်သည်။ သတိ၊ သော်။ အဟောသိကမ္မံ နာမ၊ သည်။ နံ ဟောတိ၊ မဖြစ်။

ဤမရွိမပဏ္ဏာသအဋ္ဌကထာ၊ ၎င်းနည်း အဂုံတို့ရိအဋ္ဌကထာ လာရှိသောကြောင့် ဥပပဇ္ဇဝေဒနီယကံသည် အနန္တရဘဝ၌ ပဋိသန္ဓေ, ပဝတ္တိ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရူပ-ဟူသော အကျိုးကို မပေးနိုင်သော် ရှေးရှေးသောဘဝက ပြုအပ်သော အပရာပရိယဝေဒ-နီယကံလျှင် ယခင်ဆိုအပ်ပြီးသော အကျိုးကိုဖြစ်စေသည်-ဟု မှတ်သားရမည်။ ယခုဘဝတွင် ဖြစ်သော အပရာပရိယဝေဒနီယကံ၏ ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို မပေးသည့်အရာမှာ ၎င်းအဋ္ဌကထာဖြင့်သာ သိအပ်သေးသည် မဟုတ်။ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ ၃-ပါး၏ ထင်ရှားမရှိသည်၊ မရှိသော အတိတ်ကာလဘဝတို့က ပြုအပ်သော ကဋတ္တာကံ၏ ဒုတိယဘဝ၌ ပဋိသန္ဓေကိုဖြစ်စေခြင်း ဝိပါကဒါနာနုတ္တမကို ထောက်ထားနှိုင်းယှဉ်သဖြင့် သိမှတ်ရမည်။ ယင်းသို့ ဆိုလိုသည်ကိုလည်း–

တတ္ထ ကုသလံ ဝါ ဟောတု အကုသလံ ဝါ၊ ဂရုကာဂရုကေသု ယံ ဂရုကံ အကုသလပက္ခေ မာတုဃာတာဒိကမ္မံ၊ ကုသလပက္ခေ မဟဂ္ဂတကမ္မံ ဝါ၊ တဒေဝ

http://www.dhammadownload.com

ပဌမံ ဝိပစ္စတိ သတိပိ အာသန္နာဒိကမ္မေ ပရိတ္တံ ဥဒကံ ဩတ္ထရိတွာ ဂစ္ဆန္တော မဟောယော ဝိယ။ တထာ ဟိ တံ ဂရုကန္တိ ဝုစ္စတိ။ တသ္မိံ အသတိ ဒုရာသန္နေသုယံ အာသန္နံ မရဏကာလေ အနုဿရိတံ၊ တဒေဝ ပဌမံ ဝိပစ္စတိ။ အာသန္နကာလေ ကတေ ဝတ္တပ္ပ'မေဝ နတ္ထိ။ တသ္မိံ့ အသတိ အာစိဏ္ဏာနာစိဏ္ဏေသု စ ယံ အာစိဏ္ဏံ သုသီလ္ယံ ဝါ ဒုသီလ္ယံ ဝါ၊ တဒေဝ ပဌမံ ဝိပစ္စတိ။ပ။ ဂရုကေ အသတိ အာသန္နံ၊ တသ္မိံ့ အသတိ အာစိဏ္ဏံ၊ တသ္မိံ့ အသတိ ကဋတ္တာကမ္မံ၊ တေနာ'ဟ ပါကဒါန-ပရိယာယေနာတိ။ (ဋီကာ။ အဘိဓမ္မတ္ထဝိဘာဝိနီ။၁၇၀)

တတ္ထ၊ ထိုဂရုက်-စသော ၄-ပါးသော ကံတို့တွင်။ ကုသလံ ဝါ၊ ကုသိုလ်မူလည်း။ ဟောတု၊ စေ။ အကုသလံ ဝါ၊ မူလည်း။ ဟောတု၊ စေ။ ဂရုကာဂရုကေသု၊ ဂရုကံ, အဂရုကံ တို့တွင်။ ဂရုကံ၊ ဂရုကဖြစ်သောကံသည်။ အကုသလပက္ခေ၊ အကုသိုလ်၏အဖို့၌။ ယံ မာတုဃာတာဒိကမ္မံ ဝါ၊ အကြင်မာတုဃာတ-စသော ကံသည်လည်းကောင်း။ ကုသလ-ပက္ခေ၊ ၌။ ယံ မဟဂ္ဂတကမ္မံ ဝါ၊ အကြင်မဟဂ္ဂုတ်ကံသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တဒေဝ၊ ထိုမာတုဃာတ-စသော အကုသိုလ်ကံ, မဟဂ္ဂုတ်ကုသိုလ်ကံသည်သာလျှင်။ ပဌမံ၊ စွာ။ ဝိပစ္စတိ၊ ၏။

ယထာ၊ ဥပမာသော်ကား။ မဟောယော၊ ကြီးစွာသော ရေအလျဉ်သည်။ ပရိတ္တံ၊ နည်းသော။ ဥဒကံ၊ ရေကို။ ဩတ္ထရိတွာ၊ လွှမ်းမိုး၍။ ဂစ္ဆန္တော ဝိယ၊ သွားသကဲ့သို့။ တထာ၊ တူ။ တဒေဝ၊ ထိုဂရုကံသည်သာလျှင်။ အာသန္နာဒိကမ္မေ၊ အာသန္န-အစရှိသော ကံသည်။ သတိပိ၊ လည်း။ တံ၊ ထိုအာသန္န-အစရှိသော ကံကို။ ဩတ္ထရိတွာ၊ ၍။ ပဌမံ၊ စွာ။ ဝိပစ္စတိ၊ ၏။ တထာ ဟိ၊ ထို့ကြောင့်လျှင်။ တံ၊ ထိုကံကို။ ဂရုကန္တိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ တသ္မိံ့၊ ထိုဂရုကံသည်။ အသတိ၊ သော်။ ဒုရာသန္နေသု၊ နီးသောကံ, ဝေးသောကံတို့တွင်။ ယံ၊ အကြင်ကံသည်။ အာသန္နံ၊ နီး၏။ မရဏကာလေ၊ သေခါနီးကာလ၌။ အနုဿရိတံ၊ အောက်မေ့အပ်၏။ တဒေဝ၊ ထိုအာသန္နကံသည်သာလျှင်။ ပဌမံ၊ စွာ။ ဝိပစ္စတိ၊ ၏။ အာသန္နကာလေ၊ သေခါနီးကာလ၌။ ကတံ၊ ပြုအပ်သောကံသည်။ ဝတ္တပ္ပမေဝ၊ ဆိုဖွယ်သည်သာလျှင်။ နတ္ထိ၊ မရှိ။ တသ္မိံ့၊ ထိုအာသန္နကံသည်လည်း။ အသတိ၊ သော်။ အာစိဏ္ဏာနာစိဏ္ဏေသု၊ လေ့ကျက်အပ်သောကံ, မလေ့ကျက်အပ်သောကံတို့တွင်။ သုသီလ္ယံ ဝါ၊ သုသီလျမူလည်း ဖြစ်စေ။ ဒုသီလ္ယံ ဝါ၊ ဒုသီလျမူလည်းဖြစ်စေ။ ယံ၊ ကို။ အာစိဏ္ဏံ၊ လေ့ကျက်အပ်၏။ တဒေဝ၊ ထို လေ့ကျက်အပ်သော ကံသည်သာလျှင်။ ပဌမံ၊ စွာ။ ဝိပစ္စတိ၊ ၏။ လဒ္ဓါသေဝနံ၊ ရအပ်သော အာသေဝနပစ္စည်းရှိသော။ ကဋတ္တာကမ္မံ နာမ၊ သည်ကား။ ပုရိမာနံ၊ ရှေး၌ဖြစ်ကုန်သော ဂရုက-စသော က် ၃-ပါးတို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ ပဋိသန္ဓိံ၊ ကို။ အာကမုတိ၊

http://www.dhammadownload.com

ငင်၏။ ဣတိ၊ သို့။ ဂရုကံ၊ ဂရုကံသည်။ သဗ္ဗပဌမံ၊ အလုံးစုံသော ကံတို့၏ ရှေးဦးစွာ။ ဝိပစ္စတိ၊ ၏။ ဂရုကေ၊ ဂရုကံသည်။ အသတိ၊ သော်။ အာသန္နံ၊ အာသန္နကံသည်။ ဝိပစ္စတိ၊ ၏။ တသ္မိမ္ပိ၊ ထိုအာသန္နကံသည်လည်း။ အသတိ၊ သော်။ အာစိဏ္ဏံ၊ အာစိဏ္ဏကံသည်။ ဝိပစ္စတိ၊ ၏။ တသ္မိမ္ပိ၊ ထိုအာစိဏ္ဏကံသည်လည်း။ အသတိ၊ သော်။ ကဋတ္တာကမ္မံ၊ သည်။ ဝိပစ္စတိ၊ ၏။ တေန၊ ကြောင့်။ ပါကဒါနပရိယာယေနာတိ၊ နှ-ဟူ၍။ အာဟ၊ ၏။

-ဟူ၍ ဋီကာလာရှိသဖြင့် သိမှတ်ရမည်။

ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ ၃-ပါးတို့၏ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ဥပပဇ္ဇဝေဒနိယကံ, ကဋတ္တာကံ၏ အတိတ်ဘဝ အပရာပရိယကံဖြစ်သည်ကိုလည်း—

ဇတ္ထ စ ပုရိမကမ္မတ္ထယံ ပစ္စုပ္ပန္နဘဝသံသိဒ္ဓံ ဥပပဇ္ဇဝေဒနီယံ။ ပစ္ဆိမံ ပန အတီတဘဝသံသိဒ္ဓံ အပရာပရိယဝေဒနီယန္တိ ဒဋ္ဌဗ္ဗံ။

စ၊ ဆက်၍ဆိုအံ့။ ဇတ္ထ၊ ဤဂရုကံ-စသော ၄-ပါးသော ကံတို့တွင်။ ပုရိမကမ္မတ္တယံ၊ ဂရုကံ-စသော ရှေးကံ ၃-ပါးတို့၏အပေါင်းသည်။ ပစ္စုပ္ပန္နဘဝသံသိဒ္ဓံ၊ ပစ္စုပ္ပန်ဘဝ၌ပြီးသော။ ဥပပဇ္ဇဝေဒနီယံ၊ ဥပပဇ္ဇဝေဒနီယကံ မည်၏။ ပစ္ဆိမံ ပန၊ နောက်ဖြစ်သော ကဋတ္တာကံသည်ကား။ အတီတဘဝသံသိဒ္ဓံ၊ အတိတ်ဘဝ၌ပြီးသော။ အပရာပရိယဝေဒနီယံ၊ အပရာပရိယဝေဒနီယကံမည်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ – ဟု မဏိသာရမဉ္ဇူ-မှာ လာရှိသည်။

ဒိဋ္ဌဓမ္မ-စသောကံကို ပြရာဋီကာ၌လည်း အပရေ၊ အပရေ-ပုဒ်ကို "ဒိဋ္ဌဓမ္မတော အညသ္မိ"(ဋီကာကျော်။၁၇၀)ဟု အပါဒါန် ၁-ချက်သာ ခံသောကြောင့် ဒိဋ္ဌဓမ္မမှတပါး အနန္တရိယ ဒုတိယဘဝ၌ ဥပပဇ္ဇကံ မပေးခဲ့သော် ယခုဘဝ အပရာပရိယကံပင် အကျိုးပေးသင့်သည်ကို ပြလိုသည်-ဟု အယူမှတ်သားဖွယ် ရှိသည်။ ဤသို့ ဋီကာဆရာ ပြလိုသည်မဟုတ်။

အဘယ်ကြောင့်နည်းဟူမူကား ဂဂီရေနှင့် ယမုနာရေသည် အညီအညွတ် နှီးနှော သကဲ့သို့ အဋ္ဌကထာတို့နှင့် အညီအညွတ်ဖြစ်သော-

တတ္ထ ပဋိပက္ခေဟိ အနာဘိဘူတတာယ, ပစ္စယဝိသေသေန ပဋိလဒ္ဓဝိသေသတာယ စ ဗလဝဘာဝပ္ပတ္တာ တာဒိသဿ ပုဗ္ဗာဘိသင်္ခါရဿ ဝသေန သာတိသယာ ဟုတ္ဝာ တသ္မိံယေဝ အတ္တဘာဝေ ဖလဒါယိနီ ပဋမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒနီယ နာမ။

အတ္ထသာမိကာ ပန သတ္တမဇဝနစေတနာ သန္နိဋ္ဌာပကစေတနာဘူတာ ဝုတ္တနယေန ပဋိလဒ္ဓဝိသေသာ အနန္တရတ္တဘာဝေ ဝိပါကဒါယိနီ ဥပပဇ္ဇဝေဒနီယ နာမ။ သာ စ ပဋိသန္ဓိ ဒတ္ဝာ ပဝတ္တိဝိပါကံ ဒေတိ။ ပဋိသန္ဓိယာ ပန အဒိန္နာယ ပဝတ္တိ-

http://www.dhammadownload.com

ဝိပါက် ဒေတီတိ နတ္ထိ။ စုတိအနန္တရဉ္စိ ဥပပဇ္ဇဝေဒနီယဿ ဩကာသော။ပ။ ယထာဝုတ္တကာရဏာဝိရဟတော ဒိဋ္ဌမ္မဝေဒနီယာဒီဟာဝံ အသမ္ဘဟ္တာ အာဒိပရိယောသာနစေတနာနံ မဇ္ဈေ ပဝတ္တာ ပဋ္ဌ စေတနာ ဝိပါကဒါနသဘာဝဿ အနုပစ္ဆိန္နတ္တာ ယဒါ ကဒါစိ ဩကာသလာဘေ သတိ ပဋိသန္ဓိပဝတ္တိသု ဝိပါက် အာဘိနိပ္ပါဒေန္တီ အပရာပရိယဝေဒနီယံ နာမ။ —

(ဋီကာကျော်။၁၇၁)ဟု မိန့်၏။

တတ္ထ၊ ထိုဒိဋ္ဌမ္မ-စသော ၄-ပါးသော ကံတို့တွင်။ ပဋိပက္ခေဟိ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်တို့သည်။ အနဘိဘူတတာယ စ၊ မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပစ္စယဝိသေသေန၊ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရူပ်ကို ဖြစ်စေတတ်သော သတ္တိအထူးဖြင့်။ ပဋိလဒ္ဓဝိသေသတာယ စ၊ ရအပ်သောသတ္တိ အထူးရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဗလဝဘာဝပတ္တာ၊ အားကြီးသောအဖြစ်သို့ ရောက်သော။ ဝါ၊ ကြောင့်။ တာဒိသဿ၊ သော။ ပုဗ္ဗာဘိသင်္ခါရဿ၊ ၏။ ဝသေန၊ ဖြင့်။ သာတိသယာ၊ အလွန်အကဲနှင့်တကွ ဖြစ်သည်။ ဟုတ္တာ၊ ၍။ တသ္မိံယေဝ အတ္တဘာဝေ၊ ထိုပစ္စုပ္ပန် အတ္တဘောဌ်သာလျှင်။ ဖလဒါယိနီ၊ အကျိုးကို ပေးတတ်သော။ ပဌမဇဝနစေတနာ၊ ပဌမဇော စေတနာသည်။ ဒိဋ္ဌမ္မဝေဒနီယံ နာမ၊ မည်၏။ အတ္ထသာဓိကာ၊ အကျိုးကို ပြီးစေတတ်သော။ သန္နိဋ္ဌာပကစေတနာဘူတာ၊ ဆုံးဖြတ်သောစေတနာ ဖြစ်၍ဖြစ်သော။ ဝုတ္တနယေန၊ ဖြင့်။ ပဋိလဒ္ဓဝိသေသာ၊ ရအပ်သောသတ္တိထူးရှိသော။ အနန္တရအတ္တဘာဝေ၊ အခြားမဲ့ဖြစ်သော အတ္တဘောဌ်။ ဝိပါကဒါယိနီ၊ သော။ သတ္တမဇဝနစေတနာ၊ သည်။ ဥပပဇ္ဇဝေဒနီယံ၊ မည်၏။

သာ စ၊ ထိုဥပပဇ္ဇဝေဒနီယကံသည်ကား။ ပဋိသန္ဓိ၊ ကို။ ဒတ္တာဝ၊ ပေးသော်သာလျှင်။ ပဝတ္တိဝိပါက်၊ ပဝတ္တိအကျိုးကို။ ဒေတိ၊ ၏။ ပဋိသန္ဓိယာ ပန၊ ပဋိသန္ဓေကိုကား။ အဒိန္နာယ၊ မပေးသည်ရှိသော်။ ပဝတ္တိဝိပါက်၊ ပဝတ္တိအကျိုးကို။ ဒေတိ၊ ၏။ ဣတိ၊ သို့။ ဝတ္တဗ္ဗဝစနိယံ၊ ဆိုအပ်ပြီးသော စကားသည်။ နတ္ထိ၊ မရှိ။ ဟိ ကသ္မာ၊ ကား။ စုတိအနန္တရံ၊ စုတိ၏အခြားမဲ့၌။ ဥပပဇ္ဇဝေဒနီယဿ၊ ကံ၏။ ဩကာသော၊ အခွင့်သည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်တည်း။ ယထာဝုတ္တကာရဏာဝိရဟတော၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အကြောင်းမှကင်းသည်၏အဖြစ်ကြောင့်။ ဒိဋ္ဌမ္မဝေဒနီယာဒီဟာဝံ၊ ဒိဋ္ဌမ္မဝေဒနီယ-အစရှိသောအဖြစ်သို့။ အသမ္ဘဟ္တာ၊ မရောက်သော။ အာဒိပရိယောသာနစေတနာနံ၊ အစ,အဆုံးဖြစ်သော စေတနာတို့၏။ မဇ္ဈေ၊ ၌။ ပဝတ္တာ၊ သော။ ဝိပါကဒါနသဘာဝဿ၊ အကျိုးပေးခြင်းသဘော၏။ အနုပစ္ဆိန္နတ္တာ၊ မပြတ်သည်၏အဖြစ်ကြောင့်။ ယဒါ ကဒါစိ၊ တတိယ-စသော အမှတ်မရှိသောဘဝ၌။ ဩကာသကာလေ၊ အကျိုးပေးခွင့်ကို ရသည်။ သတိ၊ သော်။ ပဋိသန္ဓိပဝတ္တိသု၊

http://www.dhammadownload.com

ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌။ ဝိပါက်၊ အကျိုးကို။ အဘိနိပ္ပါဒေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ပဉ္စစေတနာ၊ ၅-ချက်သော စေတနာသည်။ **အပရာပရိယဝေဒနီယံ** နာမ၊ ကံမည်၏။

ဤသို့ ဒိဋ္ဌဓမ္မ-စသော ကံတို့ကို အကျိုးပေးရာကာလဖြင့် အထူးမှတ်၍ ပြအပ်သောကြောင့် ဦးကာဆရာ အလိုမဟုတ်-ဟု မုချမှတ်အပ်၏။

ဒိဋ္ဌဓမ္မတော-ဟူသော အပါဒါန်သာမညကို မစွဲလမ်းပြု၍ ယခုဘဝ အပရာပရိယကံသည် ဒုတိယဘဝ၌ မုချအကျိုးပေး၏-ဟု ယူချေလျှင် ယခုဘဝ အပရာပရိယဇော ၅-ချက်စေတနာသည် မိမိအကျိုးပေးရာကာလ-ဟု ဆိုအပ်သော တတိယ-အစရှိသော ဘဝအပိုင်းအခြားကို လွန်၍ ဥပပဇ္ဇဝေဒနီယက်၏ အကျိုးပေးရာကာလ အထူးဖြစ်သော ဒုတိယဘဝကို ယူလေခြင်းကြောင့် အပရာပရိယကံသည် ဥပပဇ္ဇကံအဖြစ်သို့ ရောက်ရာသည်။ ယင်းသို့ဖြစ်သော် ဥပပဇ္ဇ,အပရာပရိယကံတို့သည် အနုဝတ္တသက်ာရ ဖြစ်ခဲ့ရာသည်။ ယင်းသို့လည်း တစ်ရံတစ်ဆစ်မျှ ဖြစ်ဖူးသော သဘောမရှိသောကြောင့် သဒ္ဒါအရိပ်ဖြင့် အနက်ကို မြစ်ရာရောက်သည်-ဟု မုချမှတ်ရမည်။ ဤအကြောင်းကိုလည်း-

> တေသံ သက်မနံ နတ္ထိ၊ ယထာဌာနေယေဝ တိဋ္ဌန္တိ။ ယဒိ ဟိ ဒိဋ္ဌဓမ္မဝေဒနီယံ ကမ္မံ ဥပပဇ္ဇဝေဒနီယံ ဝါ အပရပရိယာယဝေဒနီယံ ဝါ ဘဝေယျ၊ **ဒိဋ္ဌေ ဝါ ဓမ္မေတိ** သတ္ထာ နဝေဒယျ။ သစေပိ ဥပပဇ္ဇဝေဒနီယံ ဒိဋ္ဌဓမ္မဝေဒနီယံ ဝါ အပရပရိယဝေဒနီယံ ဝါ ဘဝေယျ၊ ဥပပဇ္ဇ ဝါတိ သတ္ထာ နဝေဒယျ။ အထာပိ အပရပရိယာယဝေဒနီယံ ဒိဋ္ဌဓမ္မဝေဒနီယံ ဝါ ဥပပဇ္ဇဝေဒနီယံ ဝါ ဘဝေယျ၊ **အပရေ ဝါ ပရိယာယေတိ** ဝါ သတ္ထာ နဝေဒယျ။ (အံ၊၆၊၂၊၁၁၄)

တေသံ၊ ထိုဒိဋ္ဌဓမ္မ-စသော ကံတို့၏။ သက်မနံ၊ ပြောင်းရွှေ့ခြင်းသည်။ နတ္ထိ၊ မရှိ။ ယထာဌာနေယေဝ၊ တည်မြဲတိုင်းသော အရာ၌သာလျှင်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ၊ ကံသည်။ ဥပပဇ္ဇဝေဒနီယံ ဝါ၊ ဥပပဇ္ဇဝေဒနီယကံသည်လည်းကောင်း။ အပရာပရိယာယဝေဒနီယံ ဝါ၊ ကံသည်လည်းကောင်း။ ယဒိ ဘဝေယျ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ သော်။ ဒိဋ္ဌေ ဝါ ဓမ္မေတိ၊ **ဒိဋ္ဌေ ဝါ ဓမ္မေ**-ဟူ၍။ သတ္ထာ၊ မြတ်စွာဘုရားသည်။ နဝေဒယျ၊ ဟောတော်မမူရာ။ ဥပပဇ္ဇဝေဒနီယံ၊ ကံသည်။ ဒိဋ္ဌဓမ္မဝေဒနီယံ ဝါ၊ ကံသည်လည်းကောင်း။ အပရပရိယာယဝေဒနီယံ ဝါ၊ ကံသည်လည်းကောင်း။ သစေ ဘဝေယျ၊ အံ့။ ဧဝံ သတိ၊ သော်။ ဥပပဇ္ဇဝေဒနီယံ ဝါတိ၊ ဥပပဇ္ဇဝေဒနီယ-ဟူ၍။ သတ္ထာ၊ သည်။ နဝေဒယျ၊ ဟောတော်မမူရာ။ အပရပရိယာယဝေဒနီယံ ဝါ၊ ကံသည်လည်းကောင်း။ ဒိဋ္ဌဓမ္မဝေဒနီယံ ဝါ၊ ကံသည်လည်းကောင်း။ ဥပပဇ္ဇဝေဒနီယံ ဝါ၊ ကံသည်လည်းကောင်း။ အထာပိ ဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ သော်။ အပရေ ဝါ ပရိယာယေတိ

http://www.dhammadownload.com

ဝါ၊ ယေ-ဟူ၍။ သတ္ထာ၊ သည်။ နု ဝဒေယျ၊ ရာ။ -ဟူ၍ အဂုံတို့ရိအဋ္ဌကထာ(၂။၁၁၄)ဖြင့် မြဲမြံယုံကြည်စွာ မှတ်ရမည်။

ဤကာဆရာသည် "ဒိဋ္ဌမ္မတော"ဟု အပါဒါန် ၁-ချက်သာ ထားရာ၌ အသင့်ယုတ္တိကို ဆိုလိုက်အံ့။ 'ဥပဝဇ္ဇဝေဒနီယ'ဟု ဆိုအပ်သော အတ္ထသာဓက သတ္တမဇ္ဈောစေတနာသည် အနန္တရိယ နိယတအဖြစ်သို့ ရောက်သော ဂရုက်, အနန္တရိယ နိယတအဖြစ်သို့ မရောက်သော လဟုကက်အားဖြင့် ၂-ပါးရှိသည်တွင် ဂရုကအဖြစ်သို့ ရောက်သော ဥပဝဇ္ဇဝေဒနီယကံသည်ကား စုတိစိတ်၏အခြားမဲ့၌ ဒုတိယဘဝကာလ၌ အကျိုးပေးခြင်း မြဲသည်ဖြစ်၍ ထိုဒုတိယအနန္တရဘဝသည် တပါးအပရာပရိယကံ၏ အကျိုးပေးသောကာလ မဟုတ်သောကြောင့် ဂရုကဥပဝဇ္ဇဝေဒနီယကံကို ယှဉ်၍ ဥပဝဇ္ဇတော-အပါဒါန်ကို ခံသင့်သော်လည်း ဥပဝဇ္ဇဝေဒနီယကံသည် အနန္တရိယ နိယတဂရုကချည်းသာ မဟုတ်။ အနိယတလဟုကကံလည်းရှိ၍ ၎င်းကံ၏ အနန္တရဘဝ၌ ဝိပါကဒါနသတ္တိကို ကံတပါးအား မြှင့်လျှင် ၎င်းဒုတိယဘဝသည် အခြားမဲ့သော အပရာပရိယဝေဒနီယကံ၏ အကျိုးပေးသော ကာလဖြစ်သောကြောင့် ဥပဝဇ္ဇတော-အပါဒါန်သည် အနေကန္တိကဖြစ်၍ အနိဋ္ဌပသက်မကင်း ဖြစ်ရာသည်။

စုတိ၏အခြားမဲ့၌ ဒုတိယဘဝကာလသည် ယခုဘဝ၌ဖြစ်သော အပရာပရိယကံ၏ အကျိုးပေးရာကာလ မဟုတ်သော်လည်း အပရာပရိယဝေဒနီယကံသည် ဥပဝဇ္ဇဝေဒနီယကဲ့သို့ ပစ္စုပ္ပန်ဘဝကံ ဝိသေသကိုသာ အပရာပရိယဆိုရမည် မဟုတ်။ ရှေးရှေးသောဘဝကာလတို့က ပြုအပ်သောကံ သာမညကိုလည်း အပရာပရိယဝေဒနီယ-ဟု ဆိုအပ်သောကြောင့် စုတိ၏အခြားမဲ့ ဒုတိယဘဝကာလသည်လည်း ရှေးရှေးသောဘဝက အပရာပရိယကံ၏အကျိုးကို ပေးရာကာလဖြစ်၍ သာမညအပရာပရိယကာလ ဆိုသင့်ရကား ဒိဋ္ဌမ္မတော-အပါဒါန်နှင့် မဆန့်ကျင် ဖြစ်သည်။ ဤသို့ ဆိုခဲ့တိုင်း ဥပဝဇ္ဇတော-အပါဒါန်၏ အနေကန္တိကဖြစ်၍လည်းကောင်း၊ ဒိဋ္ဌမ္မတော-အပါဒါန်၏ အပရာပရိယကံနှင့် မဆက်ဆံသည်ဖြစ်၍လည်းကောင်း ဥပဝဇ္ဇတော-အပါဒါန်ကို မဆိုမူ၍ ဒိဋ္ဌမ္မတော-အပါဒါန်ကိုသာလျှင် ဤကာဆရာ မိန့်ဆိုသည်-ဟု ယူလျှင် ဤကာ ပုဗ္ဗာပရ နှီးနှောညီညွတ်သည်ဖြစ်၍ အသင့်ယုတ္တိရှိသည်-ဟု မှတ်ရမည်။ ဤသို့ နာနက္ခဏိကပစ္စယသတ္တိရှိသော ဥပဝဇ္ဇဝေဒနီယကံ, အပရာပရိယကံ ၂-ပါး၏ အကျိုးပေးရာကာလအားဖြင့် တစ်ပါးပါးနှင့် ရောယှက်ခြင်း ကင်း၍ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာကဋ္ဌတ္တာရူပ်-ဟူသော အကျိုးကို ဖြစ်စေတတ်သောအရာ၌ အဋ္ဌကထာ,ဤကာကျမ်းဆရာတို့ ဝိနိစ္ဆယကိုသာ ပမာဏပြု၍ အယုံအကြည်မှတ်ရမည်။

ခင်မကန်ဆရာတော်ဘုရားကြီးအဆုံးအဖြတ် ပဋိသန္ဓိဇနကကမ္မဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

{ ၃၂ } ဒုစ္စရိတဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[၁] စံကျောင်းဆရာတော်အဆုံးအဖြတ်

"ဤသတ္တဝါတို့သည် သေကျေပျက်စီးစေသတည်း"ဟူ၍ ဖြစ်စေသော သေစေလိုသောစေတနာ မရဏာဓိပ္ပါယ ဖြစ်ရုံမျှဖြစ်သော်လည်းကောင်း, ထိုမရဏာဓိပ္ပါယနှင့်တကွ မသေလောက်သော ပယောဂကို ပြုသော်လည်းကောင်း ဗျာပါဒကမ္မပထ မြောက်သည်၊ အမျက်ဒေါသဖြစ်ရုံမျှဖြင့် ဗျာပါဒကမ္မပထ မမြောက်သေး။ ဒုစရိုက်အကုသိုလ်မျှသာ ဖြစ်သေးသည်။ ဤသတ္တဝါကို သတ်ညှဉ်းဖျက်ဆီးတော့အံ့-ဟူ၍ဖြစ်သော သေစေလိုသောစေတနာမရဏာဓိပ္ပါယ ဖြစ်ရုံမျှဖြစ်သော်လည်းကောင်း, ထိုမရဏာဓိပ္ပါယနှင့်တကွ သေလောက်သော ပယောဂကိုပြုသဖြင့် တပါးသောသတ္တဝါတို့ သေကျေပျက်စီးသော် ပါဏာတိပါတကမ္မပထ မြောက်သည်၊ မသေသည်ရှိသော်ကား ပါဏာတိပါတကမ္မပထ မမြောက်၊ ဒုစရိုက်အကုသိုလ်မျှသာ ဖြစ်သည်။ ပါဏာတိပါတကမ္မပထ၏ ရှေ့အဖို့ ပုဗ္ဗဘာဂဖြစ်သော ဓား,လှံ,သေနတ် ကိုင်စွဲခြင်း-စသော ကာယပယောဂ, ဝစီပယောဂ အကုသိုလ်စေတနာတို့သည်ကား အကုသိုလ်မျှသာ ဖြစ်၏။ ပါဏာတိပါတကမ္မပထ မမြောက် ကောန်မုချပင်တည်း။

ထို့ကြောင့် ဓမ္မသင်္ဂဏီမူလဋီကာ၏အဖွင့် အနုဋီကာ(၁။၈၉)၌-

> ဒုဋ္ဌစိတ္တဿ အမရဏာဓိပ္ပါယဿ ဖရုသကာယဝစီပယောဂသမုဋ္ဌာပိကာ ဖရုသစေတနာ ဖရုသဝါစာ။ မရဏာဓိပ္ပါယေ ပန သတိ အတ္ထသိဒ္ဓိတဒဘာဝေသု ပါဏာတိပါတာ ဗျာပါဒါ စ ဟောန္တိတိ။

ဟူ၍ နာဂပဋ္ဌသဘော်ဆိပ်၊ ပဒရိတိတ္ထဝိဟာရဝါသီဆရာ ဓမ္မပါလသည် မိန့်ဆိုတော်မူကုန်သည်။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီမူလဋီကာ(၁။၇၈)၌–

> တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ အကုသလံ ကာယကမ္မန္တိအာဒိနာ ကမ္မ-ပထပ္ပတ္တာဝ သန္နိဋ္ဌာပကစေတနာ ကမ္မန္တိ ဝုတ္တာတိ ပုရိမစေတနာ သဗ္ဗာ ကာယကမ္မံ နာ ဟောတီတိ ဝုတ္တံ။ –

ဟူ၍ သီဟိုဠ်ကျွန်း၊ ကလဿပုရဝါသီဓာနန္ဒာဆရာ မိန့်ဆိုတော်မူကုန်သည်။

ဒုဋ္ဌစိတ္တဿ၊ ဗျက်စီးစေလိုသော ဒေါသစိတ်ရှိထသော။ အမရဏာဓိပ္ပါယဿ၊ သေစေလိုသောစေတနာ, မရဏာဓိပ္ပါယမရှိသော ပုဂ္ဂိုလ်၏။ ဖရုသကာယဝစီပယောဂ-သမုဋ္ဌာပိကာ၊ ကြမ်းတမ်းသော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော။ ဖရုသ-စေတနာ၊ ကြမ်းတမ်းသော စေတနာသည်။ ဖရုသဝါစာ၊ မည်၏။ မရဏာဓိပ္ပါယေ၊ ဤသတ္တဝါကို သတ်ညှဉ်းဖျက်ဆီးတော့အံ့-ဟူ၍ဖြစ်သော သေစေလိုသောစေတနာ မရဏာ-ဓိပ္ပါယ, ဤသတ္တဝါသည် သေကျေပျက်စီးစေသတည်း-ဟူ၍ဖြစ်သော သေစေလိုသော စေတနာ မရဏာဓိပ္ပါယသည်။ သတိ ပန၊ အစဉ်အတိုင်း ရှိခဲ့မူကား။ အတ္ထသိဒ္ဓိတဒဘာ-ဝေသု၊ တပါးသောသတ္တဝါတို့၏ သေခြင်းတည်း-ဟူသော အကျိုး၏ပြီးခြင်း, ထိုတပါးသော သတ္တဝါတို့၏ သေခြင်းတည်း-ဟူသော အကျိုးပြီးခြင်း၏ မရှိသောအခါတို့၌။ ပါဏာတိ-ပါတာ စ၊ ပါဏာတိပါတကမ္မပထတို့သည်လည်းကောင်း။ ဗျာပါဒါ စ၊ ဗျာပါဒကမ္မပထ တို့သည်လည်းကောင်း။ ဟောန္တိ၊ အစဉ်အတိုင်း ဖြစ်ကုန်၏။

တိဝိဓာ ဘိက္ခဝေ ။ပ။ ကမ္မန္တိအာဒိနာ၊ "တိဝိဓာ ဘိက္ခဝေ ။ပ။ ကမ္မံ"ဤသို့ အစရှိ သောပါဠိဖြင့်။ ကမ္မပထပတ္တာဝ၊ လျှင်ဖြစ်သော။ ဝါ၊ ကမ္မပထမြောက်သည်သာလျှင်ဖြစ်သော။ သန္နိဋ္ဌာပကစေတနာ၊ ဆုံးဖြတ်ပိုင်းခြားတတ်သောစေတနာကို။ ကမ္မန္တိ၊ ၍။ ဘဂဝ-တာ၊ သည်။ ဝုတ္တာ၊ ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗာ၊ သော။ ပုရိမစေတနာ၊ ပါဏာတိ-ပါတကမ္မပထ၏ရှေ့အဖို့ ပုဗ္ဗဘာဂဖြစ်သော ဓား, လှံ, သေနတ်ကိုင်စွဲခြင်း-စသော ကာယ-ပယောဂ, ဝစီပယောဂ အကုသိုလ်စေတနာသည်။ ကာယကမ္မံ၊ သည်။ နာ ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ အဋ္ဌကထာစရိယေဟိ၊ တို့သည်။ ဝုတ္တံ၊ ကုန်၏။ ဝါ၊ ဆိုပိုင်ပေ၏။

- ကာယဒုစရိုက် ၃-ပါးတွင် ကာမေသုမိစ္ဆာစာရသည် ကာယဒွါရ၌သာ ဖြစ်သည်၊ ပါဏာတိပါတ, အဒိန္နာဒါနတို့သည်ကား ကာယဒွါရ, ဝစီဒွါရ ၂-ပါးစုံ၌ ဖြစ်သည်။
- ဝစီဒုစရိုက် ၄-ပါးသည်လည်း ကာယဒွါရ, ဝစီဒွါရ ၂-ပါးစုံ၌ပင် ဖြစ်သည်။
- မနောဒုစရိုက် ၃-ပါးသည်ကား ကာယဒွါရ,ဝစီဒွါရ, မနောဒွါရ ၃-ပါးလုံး၌ပင် ဖြစ်သည်။

http://www.dhammadownload.com

ဤသို့ ဒုစရိုက် ၁၀-ပါးကို ၄-ပါးသော အမျိုးသားတို့သည် အကျဉ်းအမြွက်အားဖြင့် မှတ်သား၍ ၄-ပါးသော အပါယ်တံခါးကို ပိတ်ဆို့ဆီးတားရာသတည်း။

စံကျောင်းဆရာတော်အဆုံးအဖြတ် ဒုစ္စရိတဝိနိစ္ဆယ ပြီး၏။

----- × -----

[၂] လယ်ပြင်ဆရာတော်အဆုံးအဖြတ်

ပြည်ဆရာတော်ဘုရားကြီး၏အာဘော်ကား "သူတပါး၏ဥစ္စာကို ခိုးအံ့-ဟု ကြံစည်ခြင်းသည် အဘိဇ္ဈာဖြစ်မည်, မဖြစ်မည်" မင်းဧကရာဇ်က လျှောက်ရာ "အားကြီးစွာသော အဘိဇ္ဈာဖြစ်၏"ဟု မိန့်တော်မူသည်ကို ထောက်လျှင်–

"သတ်အံ့"ဟု ကြံခြင်းသည်လည်း ဗျာပါဒကမ္မပထ မြောက်၏-ဟု အာဘော်ကျ (ရောက်)သည်။ ဝဓကစေတနာသည် "သတ်အံ့" ဟု ကြံသော ပါဏာတိပါတအစွမ်းအားဖြင့် ဖြစ်သော ဝဓကစေတနာ "ဤသတ္တဝါသေမူ ကောင်းလေစွ"ဟု ဗျာပါဒအစွမ်းအားဖြင့် ဖြစ်သော ဝဓကစေတနာ-ဟူ၍ ၂-ပါး ရှိကုန်၏။ ထို ၂-ပါးတို့တွင် "ဤသတ္တဝါသေမူ ကောင်းလေစွ"ဟု ဖြစ်သော ဝဓကစေတနာသာ ဗျာပါဒကမ္မပထ မြောက်သည်။

သေခြင်းတည်းဟူသော အကျိုးမပြီးက ဗျာပါဒကမ္မပထမြောက်၏-ဟူသော အနုဋ္ဌကာ၌လည်း ယခင် စေတနာ ၂-ပါးတွင် နောက်စေတနာ မပြီးသည်ကို ယူ။

လယ်ပြင်ဆရာတော်အဆုံးအဖြတ် ဒုစ္စရိတဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ခင်မကန်ဆရာတော်

{ ၃၃ } မရဏာဓိပ္ပါယဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တတ္ထ အကုသလံ ကာယကမ္မံ ။ပ။ မနောကမ္မဉ္စေတိ ကမ္မဒ္ဒါရဝသေန တိဝိဓံ ဟောတိ။ (ဝိသုဒ္ဓါရုံအဘိဓမ္မတ္ထသင်္ဂဟ။၃၇)

ဟူသော ဥဒ္ဒေသဒ္ဒ ကာယ,ဝစီပုဒ်၏အရ သရူပတ္ထကိုလည်းကောင်း ကာယကမ္မ, ဝစီကမ္မ၏ သရူပဘေဒကိုလည်းကောင်း၊ ကာယကမ္မ, ဝစီကမ္မ၏ နာမလာဘဟေတုကိုလည်းကောင်း၊ "ကထံ ပါဏာတိပါတော အဒိန္နာဒါနံ ။ပ။ ဝစီကမ္မံ နာမ"ဟူသော ပါဠိတို့ဖြင့် အကျယ်ပြုပြီး၍ မနောကမ္မ၏ သရူပဘေဒကိုလည်းကောင်း, မနောကမ္မ၏ နာမလာဘဟေတုကိုလည်းကောင်း ပြလိုသော အရှင်အနုရုဒ္ဓါဆရာသည် "အဘိဇ္ဈာ ။ပ။ မနောကမ္မံ နာမ"ပါဠိ (ဝိသုဒ္ဓါရုံသင်္ဂြိဟ်။၃၈)ကို မိန့်သတည်း။

ထိုတွင် "အဘိဇ္ဈာဟျာပါဒေါ မိစ္ဆာဒိဋ္ဌိစေတိ ။ပ။ မနောကမ္မံ နာမ"(သင်္ဂဟ။၃၄)ပါဠိဖြင့် မနောက်၏ သရူပဘေဒကို ပြသည်။ "မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော"ပါဠိဖြင့် အဘိဇ္ဈာ-စသော တရား ၃-ပါး၏ မနောက်-ဟူသော အမည်ရခြင်းသည် အကြောင်းနာမလာဘ ဟေတုကို ပြသည်။

"အညတြာပိ ဝိညတ္တိယာ"ပုဒ်ကား "မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော" ပုဒ်ကို စွဲ၍ ထွက်သည်။ ထွက်ဟန်ကား အရှင်အနုရုဒ္ဓါဆရာ၊ အဘိဇ္ဈာ-စသော တရား ၃-ပါးသည် စိတ်၌သာ ဖြစ်သောကြောင့် မနောက်-ဟု ခေါ်ဝေါ်ရသော် ပါဏာတိပါတ-စသော ကာယကမ္မစေတနာ၊ မုသာဝါဒ-စသော ဝစီကမ္မစေတနာတို့သည် သမ္မယုတ္တဓမ္မဖြစ်၍ စိတ်၌ ဖြစ်ရကား မနောက်-ဟု ခေါ်ဝေါ်အပ်သည် မဟုတ်လော-ဟု စောဒနာရန် ရှိ၍ "အညတြာပိ ဝိညတ္တိယာ"ပါဠိကို မိန့်သတည်း။

အဓိပ္ပါယ်ကား ပါဏာတိပါတ-စသော ကာယကမ္မစေတနာ, မုသာဝါဒ-စသော ဝစီကမ္မစေတနာတို့သည် သမ္မယုတ္တဓမ္မဖြစ်၍ စိတ်၌သာဖြစ်သော်လည်း ယင်းစေတနာ တရားများသည် ဝိညတ္တိသမုဋ္ဌာပကဖြစ်သော စိတ်တို့၌ဖြစ်၍ ဝိညတ္တိသဟိတဖြစ်ရကား

http://www.dhammadownload.com

ကာယဒွါရ၌ဖြစ်သောကံ, ဝစီဒွါရ၌ဖြစ်သောကံ-ဟူ၍သာ ခေါ်ဝေါ်ခြင်းကို ရလေသည်။ မနောကံ-ဟူသော ခေါ်ဝေါ်ခြင်းကို မရအပ်။ အဘိဇ္ဈာ-စသော တရား ၃-ပါးကား ဝိညတ္တိ-ရုပ်တို့ဖြစ်၍ သုဒ္ဓ-ဖြစ်သော မန-၌ဖြစ်ရကား မနောကံ-ဟူသော ဝေါဟာရကို ရအပ်သင့်သည်-ဟူလို။

အပိ-သဒ္ဒါဖြင့်ကား အဘိဇ္ဈာ-စသော တရား ၃-ပါးသည် ဝိညတ္တိရုပ်တို့တသာ မယူရ။ စင်စစ်ကား ဝိညတ္တိသဟိတဖြစ်သော အရာလည်း ရှိ၏-ဟူသော အနက်ကို သိစေသည်-ဟူ၏။ အပိ-သဒ္ဒါဖြင့် ဆိုပြီးသည့်အနက်ကို သိရသော် အဘိဇ္ဈာ-စသော တရားသည် ဒွါရ ၃-ပါးလုံးနှင့် ဆက်ဆံသည်ဖြစ်၍ "မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော"ဟူသော စကားသည် အဗျာပိတ မရောက်ရာပြီလော၊ စောဒနာခွင့် ရှိပြန်သောကြောင့် "မနသ္မိံယေဝ ဝုတ္တိတော"သာ မဆိုမူ၍ "မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော"ဟု ဗာဟုလ္လ-သဒ္ဒါဖြင့် မိန့်သည်။ ဗာဟုလ္လ အဓိပ္ပါယ်လွယ်၏။

မနသ္မိံ-၌ အဝဓာရဏာ-ကို မဆိုသော်လည်း လိုအပ်သောအနက် ပြီးသည်ဖြစ်လျက် မနသ္မိံယေဝ-ဟု အဝဓာရဏာနှင့်တကွ ပြဆိုသည့်အရာသည် ဗျာကုလဖြစ်သည် ဟူငြားအံ့။ သန္နိဋ္ဌာနတ္ထ, နိဝတ္တနတ္ထ, အနုညာတတ္ထ-ဟူသော အဝဓာရဏတ္ထ ၃-ပါးကို ဤ၌ မလိုအပ်။ "နိပါတာနံ အနေကတ္ထတ္တာ"ဟူသည်နှင့်အညီ ထိုအနက် ၃-ပါးမှတပါး နိယမတ္ထကို ဤ၌ အလိုရှိအပ်သည်။

အဓိပ္ပါယ်ကား အဘိဇ္ဈာ-စသော တရား ၃-ပါးသည် ကာယဒွါရ, ဝစီဒွါရတို့၌ ဖြစ်သောအခါ မနောကံ-ဟူသော ဝေါဟာရကို ရသည်လည်း ရှိ၏။ ပါဏာတိပါတ-စသော စေတနာ၏သဟဲဖြစ်၍ မနောကံ-ဟူသော ဝေါဟာရကို မရသည်လည်း ရှိ၏။ ဤသို့ ဒွါရ ၂-ပါး၌ဖြစ်သော အဘိဇ္ဈာ-စသော တရားသည် မနောကမ္မနိယမ မဖြစ်။ စိတ်၌ဖြစ်သော အဘိဇ္ဈာ-စသော တရား ၃-ပါးမူကား မနောကံ-ဟူသော ဝေါဟာရကို မရသည်မရှိ။ စင်စစ် မနောကံ-ဟူသော ခေါ်ဝေါ်ခြင်းကို ရသည်သာ-ဟု မြဲမြံစွာ သိအပ်သော နိယမတ္ထ အကျိုးငှာ မနသ္မိံ သာ မဆိုမူ၍ အဝဓာရဏာနှင့်တကွ မနသ္မိံယေဝ-ဟု ဆိုတော်မူသည်ကို သိအပ်သည်။ (အဘိမတ္ထသင်္ဂဟအဋ္ဌကထာ ဒွါရခွဲ ခဲရပ်)

အရှင်အဋ္ဌကထာဆရာ "ယော မိဂဝံ ဂမိဿာမိ"အစ "။လ။ ကေဝလံ ဝစီဒုစ္စရိတံ နာမ ဟောတိ"(ဓိဘာဝိနီဋီ။၁၃၂)အဆုံးရှိသောပါဠိဖြင့် ပါဏာတိပါတကမ္မပထသို့ မရောက်သော ကာယပယောဂ, ဝစီပယောဂ အစု-ဟူသမျှ မကောင်းမှုအကုသိုလ်သည် အကုသိုလ်ကို ကာယဒုစ္စရိတ, ဝစီဒုစ္စရိတဖြစ်၍ များသောအားဖြင့် ပါဏာတိပါတက်၏ဖြစ်ရာ ကာယ-ဒွါရ၌ သက်ဝင်ခြင်း, ထည့်သွင်းခြင်း, ဝစီဒုစ္စရိတဖြစ်၍ အပွကအားဖြင့် ပါဏာတိပါတက်

http://www.dhammadownload.com

၏ဖြစ်ရာ ဝစီဒွါရ၌ သက်ဝင်ခြင်း, ထည့်သွင်းခြင်းကို ဆိုသော် ထိုပါဏာတိပါတကမ္မပထ အပတ္တဖြစ်သော အကုသိုလ်သည် မနောဒွါရ၌ အဘယ်သို့ သက်ဝင်သနည်း၊ အဘယ်သို့ ထည့်သွင်းအပ်သနည်း-ဟု စောဒနာရန်ရှိသောကြောင့် ထိုပါဏာတိပါတကမ္မပထ အပတ္တဖြစ်သော အကုသိုလ်၏ မနောဒွါရ၌ မသက်ဝင်သင့်ကောင်း, မထည့်သွင်းသင့်ကောင်းသည်ကို ပြလိုသော အဋ္ဌကထာဆရာသည် **"မနောဒွါရေ ပန ဝဓကစေတနာယ ဥပ္ပန္နမတ္တာယ ဧဝ ကမ္မပထဘေဒေါ ဟောတီ"**မိန့်။ (အဘိ၊ဋ္ဌ၊၁။၁၃၂)

အဋ္ဌကထာဆရာ ပါဏာတိပါတဖြစ်သော စေတနာသည် ဝဓကစေတနာပင်ဖြစ်သည် မဟုတ်လော စောဒနာရှိရကား "သော စ ခေါ ဗျာပါဒဝသေန၊ န ပါဏာတိပါတ-ဝသေန"(အဘိ၊ဋ္ဌ၊၁။၁၃၂) မိန့်။

ပဌမဝါကျအဓိပ္ပါယ်ကား မနောဒွါရ၌သာ သတ်စေလို,သေစေလိုသော စေတနာ၏ဖြစ်ခြင်းကြောင့်သာ ကမ္မပထအထူး ဖြစ်သည်။ ဇီဝိတိန္ဒြေ၏ ပျက်စီးခြင်းအကြောင်း ဥပက္ကမကို ဖြစ်စေတတ်သော ဝဓကစေတနာဖြစ်၍ ကမ္မပထဖြစ်သည် မဟုတ်-ဟူ၏။ ဤပဌမဝါကျဖြင့် မနောဒွါရသည် ပါဏာတိပါတစေတနာ၏ဖြစ်ရာ မဟုတ်သည်ကို ပြသည်။

ဒုတိယဝါကျအဓိပ္ပါယ်ကား မနောဒွါရ၌ ကမ္မပထဖြစ်သော ထိုဝဓကစေတနာသည်လည်း ဤမည်သော သတ္တဝါတို့သည် သေစေကုန်သတည်း။ ဤမည်သောသတ္တဝါတို့သည် သတ်နှစ်စေကုန်သတည်းဟူသော ဗျာပါဒ၏အစွမ်းဖြင့် ဖြစ်၏။ ပါဏာတိပါတအစွမ်းဖြင့် မဖြစ်-ဟူ၏။ အနွယ, ဗျတိရိတ်အစုံပြသော ဒုတိယဝါကျဖြင့် မနောဒွါရ၌ ဝဓကစေတနာဖြစ်သော ဗျာပါဒသည် ကာယကံ-ဟူသော ဝေါဟာရကို မရ။ ကာယကံသည် မနောဒွါရ၌ဖြစ်သည်ကို ပြသည်။

ယင်းသို့ မနောဒွါရသည် ကာယကံ၏ဖြစ်ရာ မဟုတ်သည်ဖြစ်၍ ပါဏာတိပါတကာယကမ္မသို့ မရောက်သော ကာယဒုစ္စရိတ, ဝစီဒုစ္စရိတကို မနောဒွါရ၌ မသွင်းအပ်၊မသွင်းသင့်။ ကာယဒုစ္စရိတ, ဝစီဒုစ္စရိတဖြစ်၍ ကာယကမ္မ၏ဖြစ်ရာ ကာယဒွါရ, ဝစီဒွါရ၌သာ သွင်းအပ်, သွင်းထိုက်သည်-ဟူလို။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော စကားကို မြဲမြံစေလိုသော အဋ္ဌကထာဆရာသည်-

> **အကုသလဉ် ကာယကမ္မံ ကာယဝစီဒွါရေသု သမုဋ္ဌာတိ၊ န မနောဒွါရေ။ တထာ အကုသလံ ဝစီကမ္မံ။** (အဘိ၊ဋ္ဌ၊၁။၁၃၂)

ဟူသော စကားကို မိန့်သတည်း။ ဤသို့ "မနောဒွါရေ ပန"စသော အဋ္ဌကထာဝါကျ၌ အနုသန္ဓေနှင့်တကွ အဓိပ္ပါယ် ကို ပြဆိုသည့်အတိုင်း မြဲမြံစွာ မှတ်သားရာသတည်း။

http://www.dhammadownload.com

အရှင်ဋီကာဆရာ၊ ဖရုသဝါစာ ကမ္မပထကိုပြရာ၌ အဋ္ဌကထာဆရာသည် "**ပရဿမမစ္ဆေဒကကာယဝစီပယောဂဿ သမုဋ္ဌာပိကာ ဧကန္တဖရုသစေတနာ ဖရုသဝါစာ**"ဟု ဆိုတော်မူ၏။ ဖရုသဝါစာသာ စင်စစ်ကြမ်းကြုတ်သည်မဟုတ်၊ ပါဏာတိပါတ, ဗျာပါဒ တရား ၂-ပါးလည်း ဖရုသဝါစာပင်။ ဒေါသ-ဟူသော မူလရှိသည်ဖြစ်၍ စင်စစ်ကြမ်းကြုတ် သော တရားချည်းဖြစ်သည်။ ထိုသို့ဖြစ်သော ဖရုသဝါစာ, ပါဏာတိပါတ, ဗျာပါဒတရား ၃-ပါးတို့၏ ကမ္မပထအထူးကို ပြလိုသော ဋီကာဆရာသည်-

> ဒုဋ္ဌစိတ္တဿ အမရဏာဓိပ္ပါယဿ ဖရုသကာယဝစီပယောဂသမုဋ္ဌာပိကာ ဖရုသ-စေတနာ ဖရုသဝါစာ။ မရဏာဓိပ္ပါယေ ပန သတိ အတ္ထသိဒ္ဓိတဒဘာဝေသု ပါဏာတိပါတာ ဗျာပါဒါ စ ဟောန္တိတိ။ (ဓမ္မသင်္ဂဏီ၊အနုဋီ၊၈၉) – မိန့်။

ဒုဋ္ဌစိတ္တဿ၊ ဒေါသသည် ဖျက်ဆီးအပ်သောစိတ်ရှိသည်ဖြစ်၍။ အမရဏာဓိပ္ပါ-ယဿ၊ သတ္တဝါ၏သေခြင်းကို အလိုမရှိသောသူ၏။ ဖရုသကာယဝစီပယောဂသမုဋ္ဌာပိကာ၊ ကြမ်းကြုတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ဖရုသစေတနာသည်။ ဖရုသဝါစာ၊ ဖရုသဝါစာကမ္မပထသည်။ ဟောတိ၊ ၏။ မရဏာဓိပ္ပါယေ၊ သတ္တဝါကို သေစေ လိုသော စေတနာသည်။ သတိ ပန၊ မူကား။ အတ္ထသိဒ္ဓိတဒဘာဝေသု၊ ထိုသတ္တဝါ၏ သေခြင်း-ဟူသော အကျိုး၏မရှိခြင်းတို့၌။ ပါဏာတိပါတာ စ၊ ပါဏာတိပါတကမ္မပထတို့ သည်လည်းကောင်း။ ဗျာပါဒါ စ၊ ဗျာပါဒကမ္မပထတို့သည်လည်းကောင်း။ ဟောန္တိ၊ ၏။ ဣတိ၊ ဤသို့ ဖရုသဝါစာ, ပါဏာတိပါတ, ဗျာပါဒတရား ၃-ပါးတို့၏ အထူးကို မှတ်လေ။ (ပါဏာတိပါတ, ဗျာပါဒါ စ-၌ စ-ကို ဧဝတ္ထ-ကြံသည်။ ဗျာပါဒါဝ-ဟု ပါဠိရှိမူကား အတိယုတ္တ ထင်မိ၏)

အဓိပ္ပါယ်ကား ဖရုသဝါစာ, ပါဏာတိပါတ, ဗျာပါဒတရား ၃-ပါးတို့၏ အဂိါသမ္ဘာရ ကို အဋ္ဌကထာဖြင့် ထင်စွာသိသာပြီဖြစ်၍ ဋီကာဆရာ ဆိုဖွယ်မရှိပြီ။ ဖရုသဝါစာ, ပါဏာတိ-ပါတ, ဗျာပါဒတရား ၃-ပါးတို့၏ ဧကန္တသဘောဖြစ်ခြင်းတူသည်ဖြစ်၍ ကမ္မပထအထူး ဖြစ်ရာမှာသာ သင်္ကာတွေးတောဖွယ်ရှိရကား ယင်းတရား ၃-ပါးတို့၏ ကမ္မပထအထူးကို ပြလိုသော ဋီကာဆရာသည် ယခင်ပါဠိကို မိန့်ဆိုတော်မူသည်-ဟူ၍သာ သိမှတ်အပ်သည်။ ဤကား "ဒုဋ္ဌစိတ္တဿ အမရဏာဓိပ္ပါယဿ"စသော ဋီကာပါဠိ၏ အနုသန္ဓေနှင့်တကွ ပိဏ္ဍတ္ထအဓိပ္ပါယ်၊ အဋ္ဌသာလိနီ၊ မူလဋီကာ ဒွါရသံသန္ဒနဒ္ဒ ဝါဒခွဲ ခဲရပ်-ဟု မှတ်ရမည်။

မရဏာဓိပ္ပါယဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ပညာသာမိသီရိကဝိဇဇမဟာဓမ္မရာဇာဓိရာဇဂုရု မောင်းထောင်ဆရာတော်

{၃၄} အဒိန္နာဒါနဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဝန်ရှင်တော်မင်းကြီး ပုခန်းကြီးမြို့စား လျှောက်ပါသည် ဆရာတော်ဘုရား။ ပဌမမြေရှင် ငရွေသားက မိမိပိုင် အိမ်ရာမြေကို ရောင်းစားရာ နောင်ကာလရှည်လျားမှ ဒုတိယဝယ်ယူသူ ငကိုးလက်တွင် အိမ်ဆောက်လို၍ အခစားတူးရွင်းသမားတို့ကို တူးဆွစေရာ ငွေအိုးကို ရရှိလျှင် ပဌမရောင်းရင်း ငရွေသားက မိဘတို့လက်ထက်က မြှုပ်၍ထားသော ငွေအိုးဖြစ်ကြောင်းနှင့် ပြောဆို၍ တောင်းပါသည်။

- ၁-အချက် ပဌမ ရောင်းရင်းမြေရှင် ငရွေသား၊
- ၂-အချက် ဒုတိယ ဝယ်ယူသူ လက်ရှိမြေရှင် ငကိုး၊
- ၃-အချက် တတိယ မြေကို တူး၍ ငွေအိုးကို တွေ့မြင်သူ။

ထိုသူ ၃-ယောက်တို့တွင် မည်သူရသင့်, မည်သူမရသင့်၊ မည်သူမှာ မည်မျှသာရသင့်၍ မည်သူက မည်မျှသာ ရမည်။ ဥစ္စာရှင်တွေ့မြင်၍ တောင်းယူရာ မပေးနေခဲ့သော မပေးသူ ရဟန်း,ရှင်,လူတို့မှာ အာပတ်သင့်,မသင့်။ အဒိန္နာဒါန်မြောက်, မမြောက်ကို သိလိုပါသည်။ ကျမ်းဂန်အထောက်အထား အကိုးအကားများနှင့်တကွ အသေအချာ ရေးသား၍ အဆုံးအဖြတ် ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

"ဆရာတော်က အမိန့်ရှိလိုက်သည် ဝန်ရှင်တော်ပုခန်းမြို့စားမင်းကြီး။

> **သစေ နိရာလယကာလေ၊ န ပါရာဇိကေန ကာရေတဗ္ဗော။ ဘဏ္ဍာသာမိကေသု ပန ဘဏ္ဍံ အာဟရာပေန္တေသု ဘဏ္ဍံ ဒါတဗ္ဗံ။ အယ'မေတ္ထ သာမိစိ။** (ဝိ၊၄၊၁။၂၆၅)

ဟူ၍ သမန္တပါသာဒိကာဝိနည်းအဋ္ဌကထာ လာသည်နှင့်အညီ ဤအရာ၌ အချို့သောဆရာတို့က "သာမိစီတိ ဝတ္တံ၊ အာပတ္တိ ပန နတ္ထိတိ အဓိပ္ပါယော"ဟူ၍ သာရတ္ထဋီကာ(၂။၁၃၀)

http://www.dhammadownload.com

ဖွင့်ဆိုသောကြောင့် ဥစ္စာရှင် အာလယပြတ်စဲပြီးမှ ယူသော် ဘဏ္ဍာစား မထိုက်၊ အဒိန္နာဒါန် မမြောက် ဆိုကြ၏။

> ဧတေန ဓုရနိက္ခေပံ ကတ္တာပိ စောရေဟိ အာဟဋံ စောဒေတ္တာ ဂဏှတော အနာပတ္တိတိ ဒီပိတံ ဟောတိ။

ဟူသော ဝဇိရဗုဒ္ဓိဋီကာ(၁၃၁),

> အာဟရာပေန္တေ ဒါတဗ္ဗန္တိ ဧတ္ထ "ဆဋ္ဌေတ္ဝာ ဓုရံ နိက္ခိပိတ္ဝာ ဂတာနမ္ပိ နိရာလယာနံ ပုန အာဟရာပနဿ ဝုတ္တတ္တာ ဘိက္ခုနမ္ပိ အတ္တနော သန္တကေ ပရိက္ခာရေ အစ္ဆိန္ဒိတ္ဝာ ပရေဟိ ဂဟိတေ တတ္ထ ဓုရနိက္ခေပံ ကတ္ဝာပိ ပုန တံ ဗလက္ကာရေနပိ အာဟရာပေတုံ ဝဋ္ဋတီ"တိ ဒေသဝါသိနော အာစရိယာ ဝဒန္တိ၊ သီဟဠဒီပဝါသိနော ပန တံ ကေစိ အာစရိယာ နာ ဂ္ဂဏ္ဍန္တိ။ တေနေဝ မဟာဂဏ္ဌိပဒေ မဇ္ဈိမဂဏ္ဌိပဒေ စ ဝုတ္တံ "အမ္ဟာကံ ပန တံ နာ ရုစ္စတီ"တိ။

ဟူသော သာရတ္ထဋီကာ(၂။၁၄၈),

> အာဟရာပေန္တေ ဒါတဗ္ဗန္တိ ဂ္ဂဟိနာ ပဌမံ ပရိစ္စတ္တာလယာနမ္ပိ ယဒိ ပစ္ဆာပိ သကသညာ ဥပ္ပဇ္ဇတိ၊ တေသညေဝ တံ ဘဏ္ဍံ ဟောတိ၊ ဗလက္ကာရေနာပိ သကသညာယ တဿ ဂဟဏေ ဒေါသော နတ္ထိ၊ အဒဒန္တဿေဝ အဝဟာရောတိ ဒဿေတိ။ -

ဟူသော ဝိမတိဋီကာ(၁။၁၈၈)တို့ကို ထောက်၍ ဥစ္စာရှင်သည်လည်း နောင်တွေ့မြင်ပြန်လျှင် ယူသင့်,ယူထိုက်၏။ တောင်း၍ မပေးနေသော် အဒိန္နာဒါန်မြောက်၍ ဝတ္ထုအားလျော်စွာ ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိကအာပတ်သင့်၏-ဟု ဆိုကြကုန်၏။

ဤသို့ ကျမ်းဂန်အထောက်အထားများနှင့်တကွ ဝါဒအသီးအသီး ကွဲပြားကြသည်ကို ညှိနှိုင်းဆင်ခြင်သော် အာလယကင်းပြတ်၏-ဟု ဆိုရာမှာ သူတစ်ထူးတို့၏ ပယောဂလုံလည်ဩဟမရှိဘဲ ပျောက်ပျက်ရာ၌ မရနိုင်၍ အာလယကင်းပြတ်သော အရာလည်း ရှိသည်။ သူတစ်ထူး၏ ပယောဂလုံလည်ဩဟကြောင့် ပျောက်ပျက်ရာ၌ မရနိုင်၍ အာလယကင်းပြတ်သောအရာလည်း ရှိသည်။

ထို ၂-ပါးတို့တွင် သီဟိုဠ်ကျွန်း၊ ဘာတိကမင်းလက်ထက် မဟာစေတီပွဲတော်တွင် အနုရာဓမြို့ တောင်လက်သား ရဟန်း ၁-ဦး၏သင်္ကန်း ပျောက်ခြင်းသည် ပွဲတော်ပင်စည်၍ အတိုးအဝှေ့ အတိုက်အခိုက် များလှသောကြောင့် မိမိကိုယ်မှ အလိုအလျောက် ကျပျောက်ရစ်သောအခါ ရှာ၍မရနိုင်သဖြင့် အာလယကင်းပြတ်မှ ရဟန်းတစ်ဦး ကောက်၍ ယူရ

http://www.dhammadownload.com

သည်မှာ ထိုကောက်ယူ၍ရသော ရဟန်း၏ ပယောဂကြောင့် သင်္ကန်းကျသည် မဟုတ်ချေ။ တွေ့မြင်၍ ကောက်ယူခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် ထိုကောက်ယူသော ရဟန်းမှာ မိမိပယောဂမရှိ၊ နိရာလယအခါ ကောက်ယူသည်ဖြစ်၍ ဘဏ္ဍာစား မထိုက်၊ အဒိန္နာဒါန် မမြောက်-ဟု မှတ်ရာသည်။ ။ ထို့ကြောင့် သာရတ္ထဋီကာ(၂။၁၃၀)၌–

သာမိစီတိ ဝတ္ထံ၊ အာပတ္တိ ပန နတ္ထီတိ အဓိပ္ပါယော။

ဟူ၍လည်းကောင်း,

စီဝရသာမိကေန ယသ္မာ ဓုရနိက္ခေပေါ ကတော၊ တသ္မာ တသာ အဒိန္နံ ဂဟေတုံ နဝဋ္ဋတိ။ (သာရတ္ထ၊ဋီ၊၁။၁၃၀)

ဟူ၍လည်းကောင်း မိန့်၏။

ဝိမတိဋီကာ(၁။၁၇၄)၌ကား–

သာမိစီတိ ဝတ္ထံ။ သကသညာယ အဒေန္တသ္သ အာပတ္တိ နတ္ထီတိ ဝဒန္တိ။

ဟူ၍ မိန့်၏။

ဤဋီကာ၌ကား "သာမိစီတိ ဝတ္ထံ၊ သကသညာယ အဒေန္တသ္သ အာပတ္တိ နတ္ထီ"ဟူ၍ ဆိုရကား သကသညာမှ တပါးသောစိတ်ဖြင့် မပေးနေခဲ့သော် အပြစ်ရှိဦးမည် ထင်ခဲ့။ သို့ထင်သော်လည်း ဋီကာဆရာ၏စကား မဟုတ်၊ ဝါဒန္တရကို ပြခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် ထိုစကားကို အလေးပြု၍ မယူအပ်။

သူတပါးတို့ ပယောဂကြောင့် ပျောက်ပျက်ရာ၌ မရနိုင်၍ အာလယကင်းပြတ်သော အရာမှာ အာရာမ်, ဥယျာဉ်-စသည်တို့၌ ထွက်ဝင်, သွားလာပျော်ပါးစဉ် ချွတ်၍ထားသော ပုတီး, လက်ကောက်ကို ရဟန်းတစ်ဦး မြင်လျှင် "အကယ်၍ ငါကုန်းကွကောက်သည်ရှိသော် 'ဤရဟန်းသည် အဘယ်ကို ကုန်းကွကောက်ပါလိမ့်မည်နည်း'ဟု သူတပါးတို့ သိမြင်၍ ငါ့အား ယုံမှားလေတော့မည်"ဟု ကြံစည်အောက်မေ့၍ မြေမှုန့်, သစ်ရွက်-စသည်တို့ဖြင့် ဖုံးလွှမ်းကွယ်ဝှက်၍ 'နောက်မှ ယူမည်'ဟု နှလုံးပိုက်၍ ထား၏။ ထိုရဟန်းအား ယင်းသို့ ဖုံးလွှမ်း၍ ထားကာမျှဖြင့် ဌာနာစာဝန မဖြစ်ရကား ခိုးခြင်းမမြောက်။ အကြင်အခါ၌ကား ထိုသူတို့သည် မြို့တွင်း,ရွာတွင်းသို့ ပြန်သွားလိုသဖြင့် ထိုပုတီး, လက်ကောက်-စသည်တို့ကို ရှာဖွေကြည့်ရှု၍ မတွေ့မမြင်သဖြင့် ဆည်းဆာရောင်ကြိုက်၍ မှောင်မိုက်လေရကား "နက်ဖြန်မိုးသောက်မှ လာ၍ ရှာဦးမည်"ဟု အာလယမကင်းမပြတ်ဘဲ အိမ်သို့ ပြန်သွားကြလေသော် ထိုရဟန်း ထိုဥစ္စာကို ခိုကာမျှဖြင့် ဌာနာစာဝန အဒိန္နာဒါန် အာပတ်သို့ သက်၏။

http://www.dhammadownload.com

ထိုသို့မဟုတ် လူတို့ ပြန်သွားသည်မှ စ၍ "ငါ့ဥစ္စာကို ငါပိုင်ထိုက်ပြီ"ဟု သကသညာဖြင့် လည်းကောင်း၊ ထိုသူတို့ ပြစ်ခွါသွားသည်ရှိသော် ဆင့်ဆိုတဘဏ္ဍာ မှန်စွာဖြစ်၏-ဟု ပုံသုကူလ သညာဖြင့် ယူသော်လည်းကောင်း ဘဏ္ဍာစား ထိုက်၏။ ထိုသူတို့ နက်ဖြန်ခါလာ၍ စုံစမ်းလျှင် မတွေ့မမြင်ရကား ဝန်ချ၍ သွားသော်လည်း ဘဏ္ဍာစားအဖြစ်မှ မလွတ်နိုင်လေ။ ဤအရာ၌ ဥစ္စာရှင်တို့က ရှာဖွေ၍ မရသဖြင့် ဝန်ချ၍ အာလယပြတ်ပါသော်လည်း ဘဏ္ဍာဒေယျအဖြစ်မှ မလွတ်နိုင်။ ထိုရဟန်း၏ ပယောဂလုံ့လကြောင့် အာလယ ကင်းပြတ်ရသော အရာဖြစ်၍ ထိုလုံ့လပယောဂပြုသူ ရဟန်းမှာ ဘဏ္ဍာစား မပေးနေခဲ့လျှင် ဝတ္ထုအားလျော်စွာ အဒိန္နာဒါန်အာပတ်မှ မလွတ်သင့်-ဟု မှတ်ရာသည်။ ထို့ကြောင့် အဋ္ဌကထာ၌–

> **တေသု ဒုတိယဒိဝသေ အာဂန္ဒာ ဝိစိနိတ္တာ အဒိဿာ ဓုရနိက္ခေပံ ကတ္တာ ဂတေသုပိ ဝဟိတံ ဘဏ္ဍာဒေယျမေဝ။ ကသ္မာ? ယသ္မာ တဿ ပယောဂေန နဒ္ဓံ။ –**

ဟု မိန့်၏။

ထိုမှတပါးလည်း ဒါယကာတစ်ယောက်သည် မိမိဥစ္စာကို မိမိထမ်းပိုးရွက်ဆောင်၍ သွားရာ လမ်းခရီးအကြား၌ "ရပ်လော, ရပ်လော"ဟု ဆိုသဖြင့် ထိုဥစ္စာရှင်လည်း ဥစ္စာထက် အသက်ကို နှစ်သက်အပ်၏-ဟု နှလုံးပိုက်၍ ဥစ္စာထုပ်ကို နိရာလယပြတ် စွန့်ပစ်ချထား၍ သွားလေသော် ထိုရဟန်းသည် ထေယျစိတ်ဖြင့်လည်းကောင်း, သကသညာဖြင့်လည်းကောင်း, ပံသုကူလသညာဖြင့်လည်းကောင်း ကောက်ယူသည်ရှိသော် ထိုရဟန်းအား ဘဏ္ဍာစား ထိုက်၏။ ဤအရာ၌ ထိုရဟန်း၏ပယောဂကြောင့် ချထား၍ အာလယကင်းပြတ်လေရကား ပယောဂပြုသူရဟန်းမှာ အာလယကင်းပြတ်ပြီးမှ ကောက်ယူသော်လည်း ဘဏ္ဍာဒေယျအဖြစ်မှ မလွတ်နိုင်။ ထို့ကြောင့် အဋ္ဌကထာ(ဝိ၊၄၊၁။၃၀၅)၌–

> **အာဟရာပေန္တေ ဒါတဗ္ဗံ၊ အဒေန္တဿ ပါရာဇိကံ။ ကသ္မာ? တဿ ပယောဂေန ဆဒ္ဒိတတ္တာ။**

ဟူ၍ မိန့်အပ်၏။

ဤအရာ၌ ခိုးလိုသောစိတ်ဖြင့် ကောက်ယူသော်လည်း ရဟန်းက ဥစ္စာထုပ်ကို "ချလော"ဟု မဆို။ "ရပ်လော"ဟူ၍သာ ဆိုသောကြောင့် ကောက်ယူဆဲခဏ၌ အဒိန္နာဒါန်အာပတ်မသင့်-ဟု မှတ်ရာ၏။

သူတပါးတို့၏ လုံ့လပယောဂကြောင့် အာလယကင်းပြတ်သည်ဖြစ်မူ ပယောဂပြုသူလက်တွင် အာလယပြတ်စဲပြီးမှပင် တွေ့သော်လည်း ယူပြန်ထိုက်၏။ အာလယပြတ်စဲသောအခါ ပယောဂပြုသူမှတပါး အခြားသောသူဖြစ်ခဲ့အံ့၊ ဘဏ္ဍာစား မထိုက်-ဟု မှတ်ယူရာ

http://www.dhammadownload.com

၏။ ပယောဂပြုသူဖြစ်လျှင် မိမိပယောဂနှင့် စပ်သောကြောင့် အာလယပြတ်ပြီးမှ အနှစ် ၁၀၀-ပင် ကြာသော်လည်း ဘဏ္ဍာစားပြန်၍ ပေးသင့်သည်သာတည်း။ လုယက်လိုလျှင် လုယက်သင့်သည်သာလျှင်တည်း။ ။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ(၁၃၁)၌–

ဧတေန ဓုရနိက္ခေပံ ကတ္တာပိ စောရေဟိ အာဟဋံ စောဒေတ္တာ ဂဏှတော အနာပတ္တိတိ ဒီပိတံ။

ဟူ၍ မိန့်၏။ ။ သာရတ္ထဋီကာ(၂။၁၄၈)၌လည်း–

အာဟရာပေန္တေ ဒါတဗ္ဗန္တိ ဧတ္ထ "ဆဒ္ဒေတ္တာ ဓုရံ နိက္ခိပိတ္တာ ဂတာနမ္ပိ နိရာလယာနံ ပုန အာဟရာပနဿ ဝုတ္တတ္တာ ဘိက္ခုနမ္ပိ အတ္တနော သန္တကေ ပရိက္ခာရေ အစ္ဆိန္ဒိတ္တာ ပရေဟိ ဂဟိတေ တတ္ထ ဓုရနိက္ခေပံ ကတ္တာပိ ပုန တံ ဗလက္ကာရေနပိ အာဟရာပေတုံ ဝဋ္ဋတိ။

ဟူ၍ မိန့်၏။ ။ ဝိမတိဋီကာ(၁။၁၈၈)၌လည်း–

အာဟရာပေန္တေ ဒါတဗ္ဗန္တိ ဣမိနာ ပဌမံ ပရိစ္ဆတ္တာလယာနမ္ပိ ယဒိ ပစ္ဆာပိ သကသညာ ဥပ္ပဇ္ဇတိ၊ တေသညေဝ တံ ဘဏ္ဍံ ဟောတိ။ ဗလက္ကာရေနာပိ သကသညာယ တဿ ဂဟဏေ ဒေါသော နတ္ထိ၊ အဒဒန္တဿေဝ အဝဟာရောတိ ဒဿေတိ။

ဟူ၍ မိန့်၏။ ။ ဝိနိစ္ဆယဋီကာ(၁။၁၁၇)၌–

အာဟရာပေန္တေန္တိ ဧတ္ထ ဘာဝလက္ခဏေ ဘုမ္မံ၊ တသ္မိံ ဘဏ္ဍသာမိနိ အာဟရာပေန္တေ သတီတိ အတ္ထော။ နိရာလယေန ဆဒ္ဒိတဝတ္ထုနော ဂဟဏေ ဘဏ္ဍဒေယျဿ အဒဒန္တဿ ပရာဇယောစ။ –

ဟူ၍ မိန့်၏။

ဤသို့လျှင် ဋီကာများ၌ အာလယပြတ်ပြီးမှသော်လည်း နောင်တွေ့ပြန်လျှင် လုယက်၍ပင် ယူသင့်, ယူထိုက်ကြောင်းကိုသာ ဆိုသည်။ အလိုအလျောက် ပျောက်ပျက်၍ အာလယပြတ်စဲသော်လည်း ပယောဂပြုသူမှတပါး အခြားသူ ယူရာများ၌ မဖွင့်မဆို။ ထို့ကြောင့်ရကား ဝါဒ ၂-ပါး ကွဲပြားကြသော်လည်း အရာသို့လိုက်၍ ဟုတ်မှန်သည်ချည်းပင် ဖြစ်သည်။ သူတပါးတို့ ပယောဂမရှိဘဲ အာလယပြတ်စဲရာ၌ သူတပါးတို့၏ ပယောဂကြောင့် အာလယပြတ်ခဲ့၍ ပယောဂပြုသူ ယူသောအရာသည် အချင်းချင်း အဆုံးအဖြတ်ကို အထူးထူးမကွဲမပြား တပေါင်းတည်းပြု၍ ပြဆိုအပ်ပြီးသော အဋ္ဌကထာ, ဋီကာ အချင်းချင်း မစေ့မစပ်နိုင်သဖြင့် တေဘင်,မြောက် ကိုင်ဆုပ်၍ လှုပ်ရှားသော ပိုးချည်ခင်သည် သင်၍ မရှင်းမလင်း

http://www.dhammadownload.com

နိုင်သကဲ့သို့ အသိဉာဏ် မရှင်းမလင်း အထွေးထွေး အရှုပ်ရှုပ်ရှိ၍ ဣန္ဒိတတ္ထ လိုအပ်သော ဆန္ဒ မပြီးစီးနိုင်ရှိ၍ အကျိုးမဲ့ဖြစ်ရာပချေသည်။

ယင်းသို့ဖြစ်၍ ယခင်ပြဆိုအပ်ခဲ့ပြီးသော အဌကထာ, ဋီကာအရပ်ရပ်တို့ကို စေ့စပ်နှိုက်နဲ့ ခွဲခြမ်းဝေဖန်၍ အမှန်ကို ဆုံးဖြတ်ရန် ငွေအိုးကို တူးဆွ၍ ရသည့်အရာမှာ ပဌမမြေရှင် ရောင်းချသူ ငရွေသားက အာလယပြတ်,မပြတ်၊ အာလယပြတ်လျှင်လည်း တူးဆွ၍ ရသည်နှင့် ရှေ့,နောက် ကျ,မကျ၊ တူးဆွ၍ရသည့် ရှေးမဆွကပင် အာလယပြတ်ခဲ့သော် ဒုတိယဝယ်သူ မြေရှင်ငကိုး ပယောဂပြု,မပြု၊ ရှေးမြေရှင်ရောင်းချသူ ငရွေသား အာလယပြတ်, မပြတ်များကို စစ်ဆေးမေးမြန်းရန် ရှိချေသည်။ မေးစိစစ်၍ ငရွေသားသည် မိမိအလို အလျောက် အာလယပြတ်ပြီးမှ ငကိုး တူးဆွ၍ရခဲ့လျှင် မဟာစေတီပွဲတော်တွင် သင်္ကန်းပျော်သောဝတ္ထုနှင့် အလားတူမည် ထင်သည်။

ယင်းသို့ဖြစ်၍ ဒုတိယမြေရှင် ငကိုးကို နှစ်သက်ကြည်ဖြူစေ၍ "တသေဝ သန္တကံ ကတွာ ဒေဟိ"စသည်ဖြင့် သင်္ကန်းပျော်မှုကို စီရင်သော **စူဠသုမနမထေရ်**၏ဆုံးဖြတ်ချက်ကို နှစ်သက်စွာနှလုံးထား၍ အားလုံးဖြစ်စေ, တစ်ဝက်ဖြစ်စေ ပဌမမြေရှင်ဖြစ်သူ ငရွေသားအား ပေးရလျှင် **အယ'မေတ္ထ** သာမီစိ-ဟူသော အဌကထာပါဠိနှင့်အညီ လောကုတ္တရာတရားအားလျော်သော ဖြတ်ထုံးစီရင်ချက်ဖြစ်မည် ထင်သည်။ ပဌမရောင်းချသူ မြေရှင် ငရွေသားလက်မှ ဝယ်ယူသူ ဒုတိယမြေရှင် ငကိုးလက်သို့ ငင်းမြေရောက်ခဲ့လျှင် ငင်းမြေတွင် ရှိသော ငွေအိုးလည်း ရောက်သည်မည်သည်။ မြေကိုပိုင်က ဥစ္စာရှင် အာလယပြတ်ပြီးသော ငွေအိုးကိုလည်း ပိုင်သင့်တော့သည်။

ဝယ်၍ရသောမြေ၌ ငွေအိုးရှိ၏။ ထိုငွေအိုးသည် "ငါဥစ္စာပင် မသိလင့်ကစား ဒုတိယမြေရှင် ဝယ်သူငကိုး၏ ငွေအိုးပင် ဖြစ်သင့်မည်, မဖြစ်သင့်မည် သာဓကအထောက်အထား ကျမ်းဂန်မရှိချေသော် သက်သေမဲ့သော တရားကဲ့သို့ တန့်စားငြိမ်ဝပ်ခြင်းငှာ မတတ်စကောင်းရကား ကျမ်းဂန်ကို ရှာဖွေထောက်လှမ်းသော် သီဟိုဠ်ဖြစ် ဝိနည်းဋီကာကြီး ၃-ကျမ်းတွင် ဝဇိရဗုဒ္ဓိဋီကာ(၁၂၅)၌-

> "ပရိစ္စာဂါဒိမှိ အကတေ 'ဣဒံ မယ္ဟံ သန္တက'န္တိ အဝိဒိတမှိ ပရပရိဂ္ဂဟိတမေဝ ပုတ္ထကာနံ ပိတု အစ္ဆယေန သန္တကံ ဝိယ၊ တံ အတ္ထတော အပရိစ္စတ္ထေ သင်္ဃံ ဝစ္ဆတိ"တိ ဂဏ္ဌိပဒေ ဝုတ္ထံ။

ဟု မိန့်၏။

သာရတ္ထဋီကာ(၂။၁၂၆)၌လည်း-

http://www.dhammadownload.com

ပရိစ္စာဂါဒိမှိ အကတေ "ဣဒံ မယ့် သန္ဓတ"န္တိ အဝိဒိတမ္ပိ ပရပရပရိဂ္ဂဟိတမေဝ မာတာပိတူနံ အစ္ဆယေန မန္ဒာနံ ဥတ္ထာနသေယျကာနံ ဒါယကာနံ သန္ဓကမိဝ။–

ဟူ၍ မိန့်၏။ ။ ဝိမတိဋီကာ(၁။၁၇၁)၌လည်း–

ပရိစ္စာဂါဒိမှိ အကတေ "ဣဒံ မယ့် သန္ဓက"န္တိ ဝတ္ထုသာမိနာ အဝိဒိတမ္ပိ ပရိဂ္ဂဟိတမေဝ ဗာလမ္ပတ္ထာဒီနံ သန္ဓကံ ဝိယ၊ တာဒိသံ အဝဟရန္တောပိ ဉာတကာဒီဟိ ပစ္ဆာ ဥတ္တာ ဝတ္ထုသာမိနာ စ အနုဗန္ဓိတဗ္ဗတော ပါရာဇိကောဝ ဟောတိ။ –

ဟူ၍ မိန့်ဆို၏။

ဤသို့လျှင် ကျမ်းဂန်တို့၌ ဥစ္စာရှင်သည် ငယ်ရွယ်သူ, ရူးသွပ်သူဖြစ်၍ "ဤဥစ္စာကား ငါ့ဥစ္စာ"ဟု မဆိုငြားသော်လည်း ထိုသူငယ်, သူရူးတို့၏ဥစ္စာပင် ဖြစ်သင့်ကြောင်းကို မိန့်ဆိုရကား ယခုငွေအိုးမှာ ဥစ္စာရှင်ငရွေသား အာလယပြတ်ပြီးဖြစ်မူ အာလယပြတ်ပြီးမှ ဒုတိယမြေရှင်ဝယ်သူ ငကိုးဥစ္စာ စင်စစ်မှန်သည်။ တူးရွင်းသမားမှာ မြေတူးရာတွင် အမှုလုပ်အခစားမှတပါး အခြားပိုင်ဆိုင်ရန် မရှိပြီ။ လူတို့ မသိမ်းဆည်းအပ်သော တော, တောင်, ရေ, မြေတွင် ရလျှင်လည်း မင်းဘဏ္ဍာသာ ဖြစ်သင့်သည်။ တူးရွင်းသမားနှင့် အလျှင်းပင် မစပ်ဆိုင်။ ယင်းသို့ဖြစ်၍ ဒုတိယမြေရှင်ဝယ်သူ ငကိုးသည် မိမိဝယ်သောမြေ၌ ငွေအိုးရှိ၏-ဟု မသိသော်လည်း ငကိုးဥစ္စာပင် ဖြစ်သင့်သည်။ မြေရှင်ထင်ရှား မရှိဖြစ်ခဲ့လျှင် မင်းဘဏ္ဍာသာ ဖြစ်သင့်သည်။ တူးရွင်းသမားနှင့် အလျှင်းပင် မစပ်မဆိုင်။ သို့သော်လည်း တူရွင်းသမားကို အကြောင်းပြု၍ ငွေအိုးကို တွေ့သည်ဖြစ်ရကား ကတညုတ, ကတဒေဝိသဘော သို့ သက်၍ ၁၀-ဖို့, ၁-ဖို့ဖြစ်စေ, ၁၅-ဖို့, ၁-ဖို့ဖြစ်စေ သင့်လျော်အောင် ဆုလာဘ်ပေးရလျှင် သင့်လျော်မည်ထင်သည် ပုခန်းမြို့စားဝန်ရှင်တော်မင်းကြီး။

သက္ကရာဇ် ၁၂၂၁-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်နေ့တွင် သပြေငါးရွာစား၊ စာရေးတော်ကြီးမင်းလှသိခ်သူ, အမှာတော်ရေး မင်းလှသီရိဇေယျသူတို့ကို စေလွှတ်၍ လျှောက်ထားစေရာ ပညာသာမိသီရိကဝိဇဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရသာသနာပြုမောင်းထောင်ဆရာတော်ဘုရားကြီး မိန့်ဆိုဆုံးဖြတ်ချက်။

★★★★★★★

http://www.dhammadownload.com

သုဒဿနဓဇအတုလဓိပတိသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု
စံကျောင်းဆရာတော်
{ ၃၅ } စီဝရသိဗ္ဗနဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စံကျောင်းဆရာတော် စာဆက်သွင်းအပ်ပါသည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

"မဟာမုနိဘုရား, မဟာသက္ကဝံသဘုရား, မဟာသက္ကမာရဇိန် ကျောက်တော်ကြီးဘုရားမှစ၍ ရုပ်ရှင်တော်မြတ်တို့အား သက်တော်ထင်ရှားရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရား ဝတ်ရုံတော်မူသည့် သင်္ကန်းတော်နှင့် အလျား, အနံ, မြောင်းအိမ်, အခန်းဖွဲ့ပုံစံနှင့်ထပ်တူ သင်္ကန်းတော် ချုပ်လုပ်လျှဒါန်းတော်မူမည်၊ သင်္ကန်းချုပ်လုပ်ရန် စံနှင့် ပုံစံများကို ဆရာတော်တို့သို့ လျှောက်ထား၍ ကျမ်းဂန်ထုံးစံနှင့်အညီ စာဆက်သွင်းစေ"–

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ခွက်ရသည့်အတိုင်း မဟာဒါန်စာရေးတို့ကို လျှောက်ထားလာပါစေသည်။

[၁] သင်္ကန်းတော်ချုပ်လုပ်ရန် အတောင်,အထွာ ပမာဏ

၁။ ချုပ်လုပ်ရန် စံနှင့် ပုံစံများကို ကျမ်းဂန်ထွက်ရှိသည့်အတိုင်း အသေအချာ ကြည့်ရှုမှတ်သား၍ အမိန့်တော်မြတ်ခံသာအောင် သက္ကရာဇ် ၁၂၃၃-ခု၊ တော်သလင်းလပြည့်ကျော် ၁၀-ရက်နေ့၊ စာဆက်သွင်းတော်မူပါမည့်အကြောင်းနှင့် မြတ်စွာဘုရား သင်္ကန်းတော် အလျား,အနံ,မြောင်းအိမ်,ခန်းဖွဲ့,စံနှင့် ပုံစံများကို လျှောက်ထားသည့်အရာမှာ–

http://www.dhammadownload.com

တတြိ'ဒံ သုဂတဿ သုဂတစီဝရပ္ပမာဏံ၊ ဒီယသော နဝ ဝိဒတ္ထိယော သုဂတဝိ-ဒတ္ထိယာ၊ တိရိယံ ဆ ဝိဒတ္ထိယော၊ ဣဒံ သုဂတဿ သုဂတစီဝရပ္ပမာဏံ။

ဟူသော သုဂတစီဝရပမာဏသိက္ခာပုဒ်၊ ဥဘတောဝိဘင်းပါဠိတော်(၀ိ၊၂။၂၂၅)၊

သုဂတဝိဒတ္ထိယာတိ သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော, ဝမုကိဟတ္ထေန ဒီယမ္ပော ဟတ္ထော ဟောတိ။

ဟူသော သံယာစိကသိက္ခာပုဒ်အဖွင့်၊ သမန္တပါသာဒိကအဋ္ဌကထာ(ကုဋိကာရသိက္ခာပဒအဖွင့်။ ၀ိ၊၄၊၂။၁၅၃-၄)တို့နှင့်အညီ–

- မြတ်စွာဘုရား သင်္ကန်းတော်ပမာဏကို ဘုရားအတောင်, အထွာတော်အားဖြင့် အလျား ၄-တောင်, ၁-ထွာ၊
- မဇ္ဈိမပုရိသတို့၏ အတောင်,အထွာအားဖြင့် အလျား ၁၃-တောင်, ၁-ထွာ၊
- ပကတိပုရိသတို့၏ အတောင်လက်သစ်အားဖြင့် အလျားသံတောင်-၂၀, ၆-သစ်၊
- ဘုရားအတောင်အားဖြင့် အနံ ၃-တောင်၊
- မဇ္ဈိမပုရိသတို့၏ အတောင်အားဖြင့် အနံ ၉-တောင်၊
- ပကတိပုရိသတို့၏ အတောင်,အထွာအားဖြင့် အနံသံတောင် ၁၃-တောင်, ၁-ထွာ

ချုပ်လုပ်လျှဒါန်းတော်မူလျှင် ဝိနည်းဓမ္မကံအားဖြင့် သင့်လျော်မည်အကြောင်း၊

၂။ မြောင်းအိမ်,ခန်းဖွဲ့ဆိုသည့်အရာမှာ–

ပဋ္ဌကေန ဝါ အတိရေကပဋ္ဌကေန ဝါ တဒဟေဝ သဉ္ဆိန္နေန သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိန်။


ဟူသော ဝိနည်းမဟာဝါ၊ ကထိနက္ခန္ဓကပါဠိတော်(၃၅၃)။

စီဝရဝိစာရဏာမတ္ထေနာတိ "ပဋ္ဌံ ဝါ သတ္ထကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတူ"တိ ဧဝံ ဝိစာရိတမတ္ထေန။

ဟူသော ၎င်းအဖွင့် ကထိနက္ခန္ဓကအဋ္ဌကထာ(၃၉၁)တို့နှင့်အညီ အယုတ်အားဖြင့် ပဋ္ဌဓဏ်း, အလွန်အားဖြင့် ဧကာဒသဓဏ်းတိုင်အောင် ဖွဲ့မှတ်ဖြတ်ချုပ်လျှင် ဝိနည်းဓမ္မကံအားဖြင့် သင့်လျော်မည့်အကြောင်းများကို စာဆက်သွင်းအပ်ပါသည် သာသနာ့ဒါယကာ မဟာ-ဓမ္မရာဇ်တရားမင်းမြတ်။

http://www.dhammadownload.com

သင်္ကန်းချုပ်ရန် ဇယားပုံစံ



ဒုဋ္ဌိဇာန'မိဒံ ဌာနံ၊ အာစရိယေ ပုနပ္ပုနံ။
ပုစ္ဆိတွာ သေန္တ နယံ၊ ဣတောပိ အတိသုန္ဒရံ။ ။

http://www.dhammadownload.com

၃။ ဝိနည်းမဟာဝါပါဠိတော်၊ စီဝရက္ခန္ဓက(၄၀၀)၌-

'ပဿတိ နော တွံ အာနန္ဒ မဂဓဒေတ္တံ အစ္ဆိဗဒ္ဓံ ပါဠိဗဒ္ဓံ မရိယာဒဗဒ္ဓံ သိယ်ာဠကဗဒ္ဓ'န္တိ။

ပဿိတော ဘိက္ခဝေ အာနန္ဒော၊ မဟာပညော ဘိက္ခဝေ အာနန္ဒော၊ ယတြဟိ နာမ မယာ သဒ်ဓိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနိဿတိ။ **ကုသိမ်ဳိ နာမ ကရိဿတိ၊ အမုကုသိမ်ဳိ နာမ ကရိဿတိ၊ မဏ္ဍလမ်ဳိ နာမ ကရိဿတိ၊ အမုမဏ္ဍလမ်ဳိ နာမ ကရိဿတိ၊ ဝိဝဋ္ဋမ်ဳိ နာမ ကရိဿတိ၊ အနုဝိဝဋ္ဋမ်ဳိ နာမ ကရိဿတိ၊ ဂိဝေယျကမ်ဳိ နာမ ကရိဿတိ၊ ဇယေယျကမ်ဳိ နာမ ကရိဿတိ၊ ဗာဟန်ဆိပ် နာမ ကရိဿတိ၊** ဆိန္နက် ဘဝိဿတိ သတ္ထလူခဲ သမဏသာရုပ္ပံ ပစ္စတ္ထိကာနံ စ အနဘိစ္ဆိတံ။ အနုဇာနာမိ ဘိက္ခဝေ ဆိန္နက် သံယာဠိ ဆိန္နက် ဥတ္တရသဂိ် ဆိန္နက် အန္တရဝါသကန်တိ။ (မဟာဝါ။၄၀၀၊၄၀၁)

ဟု ဟောတော်မူသည်။

၄။ ဝိနည်းမဟာဝါအဋ္ဌကထာ၊ စီဝရက္ခန္ဓကအဖွင့်(၄၀၈-၉)၌-

အစ္ဆိဗဒ္ဓန်တိ စတုရဿကေဒါရကဗဒ္ဓံ။ ပါဠိဗဒ္ဓန်တိ အာယာမတော စ ဝိတ္ထာရတော စ ဒီဃမရိယာဒဗဒ္ဓံ။ **မရိယာဒဗဒ္ဓန်တိ** အန္တရန္တရာ ရဿမရိယာဒဗဒ္ဓံ။ **သိယ်ာဠကဗဒ္ဓန်တိ** မရိယာဒါယ မရိယာဒံ ဝိနိဝိဗ္ဗိတ္တာ ဂတဋ္ဌာနေ သိယ်ာဠကဗဒ္ဓံ။ စတုက္ကသဏ္ဌာနန်တိ အတ္ထော။

ကုသိမ်ဳိ နာမာတိအာဒိသု ကုသိမ်ဳိတိ အာယာမတော စ ဝိတ္ထာရတော စ အနုဝါတာဒိနံ ဒီဃပတ္တာန'မေတံ အဓိဝစန်။ **အမုကုသိတိ** အန္တရန္တရာ ရဿပတ္တာနံ နာမံ။ **မဏ္ဍလန်တိ** ပဒ္မခဏ္ဍိကစီဝရဿ ဧကေကသ်ဳိ ခဏ္ဍော မဟာမဏ္ဍလံ။ **အမုမဏ္ဍလန်တိ** ခုဒ္ဒကမဏ္ဍလံ။ **ဝိဝဋ္ဋန်တိ** မဏ္ဍလဒ္ဝေ အမုမဏ္ဍလဒ္ဝေ ဧကေတော ကတ္ဝာ သိဗ္ဗိတံ မဇ္ဈိမခဏ္ဍံ။ **အနုဝိဝဋ္ဋန်တိ** တဿ ဥဘောသု ပဿေသု ဒ္ဝေ ခဏ္ဍာနိ။ **ဂိဝေယျကန်တိ** ဂိဝါဝေဌနဋ္ဌာနေ ဒဋ္ဌကရဏတ္ထံ အညံ သုတ္တသံသိဗ္ဗိတံ အာဂန္တုကပတ္တံ။ **ဇယေယျကန်တိ** ဇယ်ပါပုဏနဋ္ဌာနေ တထေဝ သံသိဗ္ဗိတံ ပတ္တံ။ ဂိဝဋ္ဌာနေ စ ဇယ်ဋ္ဌာနေ စ ပတ္တာန'မေဝေတံ နာမန်တိပိ ဝဒန်တိ။ **ဗာဟန်ဆိန်တိ** အနုဝိဝဋ္ဋာနံ ဗဟိ ဧကေကံ ခဏ္ဍံ။ ဣတိ ပဒ္မခဏ္ဍိကစီဝရေနေ'တံ ဝိစာရိတန်တိ။

အထဝါ **အနုဝိဝဋ္ဋန်တိ** ဝိဝဋ္ဋဿ ကေပဿတော ဒ္ဝိန္နံ ကေပဿတော ဒ္ဝိန္နန်တိ စတုန္နမ်ဳိ ခဏ္ဍာန'မေတံ နာမံ။ ဗာဟန်ဆိန်တိ သုပ္ပမာဏံ စီဝရံ ပါရုပေန္တေန သံဟရိတ္ဝာ

http://www.dhammadownload.com

ဗာဟာယ ဝါ ဥပရိ ဌပိတာ ဥဘော အန္တာ ဗဟိမုခါ တိဋ္ဌန္တိ၊ တေသံ ဧတံ နာမံ။ အယ'မေဝ ဟိ နယော မဟာအဋ္ဌကထာယံ ဝုတ္တောတိ။ (ဝိ၊ဋ၊၃။၄၀၈-၉)

ဟု မိန့်သည်။

၅။　ဝိမတိဝိနောဒနီဋီကာ ၎င်းအဖွင့်(၂။၁၉၈)၌-

အနုဝါတာဒီနံ ဒီဃပတ္ထာနန္တိ အာယာမတော, ဝိတ္ထာရတော စ အနုဝါတံ။ အာဒိသဒ္ဒေန ဒ္ဝိန္နံ ခဏ္ဍာနံ အန္တရာ မာတိကာကာရေန ဌပိတပတ္တဉ္စ ဒီဃပတ္ထန္တိ ဒဋ္ဌဗ္ဗံ။ အာဂန္ထုကပတ္ထန္တိ ဒ္ဝိဝုဏ္ဏစီဝရဿ ဥပရိ အညံ ပတ္တံ အပ္ပေန္တိ၊ တံ သန္ဓာယ ဝုတ္တံ။ တံ ကိရ ဣဒါနိ နံ ကရောန္တိ။

ဟု မိန့်သည်။

ဤသို့ ပါဠိ,အဋ္ဌကထာ,ဋီကာ လာရှိသည်ကို ထောက်၍ စီဝရသိဗ္ဗနအရာကို မှတ်ယူဆုံးဖြတ် စီရင်အပ်၏။

★★★★★★★

http://www.dhammadownload.com

မိုင်းခိုင်းဆရာတော်

{ ၃၆ } နိသီဒနဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

လင်္ကာပေသလ သိင်္ဂါကာမ ဝိနယကုက္ကုစ္စကပုဂ္ဂိုလ်တို့ လျှောက်ထားချက်အရ နိသီဒိုင်သင်္ကန်း၌–

- အဆာခွင့်ပြုခြင်းအကြောင်း,
- အဆာတပ်ရာဘက်,
- နေရာချထားသုံးစွဲပုံ,
- နိသီဒိုင်အထပ်အလွှာ,
- ဇာတ်အမျိုး,
- နိသီဒိုင်အခင်းနှင့်
- နိသီဒိုင်သင်္ကန်းအထူးများကို ပြဆိုရေးသားပေအံ့။

[၁] အဆာခွင့်ပြုခြင်းအကြောင်း

တေန ခေါ ပန သမယေန အာယသ္မာ ဥဒါယီ မဟာကာယော ဟောတိ။ သော ဘဂဝတော ပုရတော နိသီဒနံ ပညပေတွာ သမန္တတော သမဉ္ဇမာနော နိသီဒတိ။ အထ ခေါ ဘဂဝါ အာယသ္မန္တံ ဥဒါယိံ ဧတ'ဒဝေါ စ "ကိဿ တွံ ဥဒယိ နိသီဒနံ သမန္တတော သမဉ္ဇသိ။ သေယျထာပိ ပုရာဏာသိင်္ကောဠော"တိ။ တထာ ဟိ ပန ဘန္တေ ဘဂဝတာ ဘိက္ခူနံ အတိခုဒ္ဒကံ နိသီဒနံ အနုညာတန္တိ။ အထ ခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ၊ အနုဇာနာမိ ဘိက္ခဝေ နိသီဒနဿ ဒသံ ဝိဒတ္ထိံ။

(ပါစိတ်ပါဠိတော်၊နိသီဒနသိက္ခာပုဒ်။၂၂၁)

ဤသို့ ကိုယ်ကြီးဆူဖြိုးသော ဥဒါယိမထေရ်သည် မြတ်စွာဘုရားရှေ့တော်၌ နိသီဒိုင်သင်္ကန်းကို ခင်း၍ ထက်ဝန်းကျင်မှ ဆွဲကာ,ဆွဲကာ နေထိုင်ရာ "ထက်ဝန်းကျင်မှ ဆွဲခြင်း

http://www.dhammadownload.com

အကြောင်း"ကို မြတ်စွာဘုရား မေးတော်မူလျှင် "ရဟန်းတို့အား ခွင့်ပြုတော်မူအပ်သော မြတ်စွာဘုရား အထွာတော်နှင့် အလျား ၂-ထွာ, အနံ ၁-ထွာခွဲရှိသော နိသီဒိုင်သင်္ကန်း အလွန်ငယ်၍ မထိုင်လောက်သောကြောင့် ဆွဲပါသည်" လျှောက်သောကြောင့် ရှေ့နိသီဒိုင် ပမာဏကို မဖျက်မပြင်ဘဲ နိသီဒိုင်ပမာဏကြီးစေခြင်းငှာ အဆာ ၁-ထွာ တပ်စိမ့်သည်ကို ခွင့်ပြုတော်မူသည်။

[၂] အဆာတပ်ရာဘက်

> **နိသီဒနံ နာမ သဒ္ဒသံ ဝုစ္စတိတိ သန္ထတသဒိသံ သန္ထရိတ္ဝာ ဧကသ္မိံ အန္တေ သုဂတ-**
> ဝိဒတ္ထိယာ ဝိဒတ္ထိမတ္တေ ပဒေသေ ဒ္ဝိသု ဌာနေသု ဖာလေတ္ဝာ တိသော ဒသာ ကရိယန္တိ၊ တာဟိ ဒသာဟိ သဒ္ဒသံ နာမ ဝုစ္စတိ။ –

ဟူသော ၎င်းအဖွင့်အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၀၁)၌လည်း တစ်ခုသောအစွန်းက မြတ်စွာဘုရား ၁-ထွာ အတိုင်းအရှည်ရှိသော အရပ်၌ ၂-ဌာနတို့မှာ ခွဲ၍ အဆာ ၃-ခု ပြုရမည်-ဟူ၍ သာမညသာ လာသည်။ ၂-ထွာ အတိုင်းအရှည်ရှိသော အလျားဘက်ကသာ အဆာကို ပြုရမည်-ဟု မလာမရှိ။ ထို့ကြောင့် အလျား, အနံ ၂-ဖက်တို့တွင် အမှတ်မရှိ ကြီးလိုရာဘက်က အဆာ ၁-ထွာ တပ်အပ်,ပြုအပ်သည်-ဟု သိရာ၏။

အရှင်ဥဒါယီမထေရ်ကဲ့သို့ ကိုယ်ကြီး၍ မထိုင်လောက်သောအရာ၌ကား ဘုရား ၁-ထွာခွဲရှိသော အနံဘက်က အဆာ ၁-ထွာတပ်ခြင်း သင့်လျော်သည်။ ထိုသို့ တပ်လျှင် အဆာဘက်က ၂-ထွာခွဲ၊ အဆာမရှိသောဘက်က ၂-ထွာ ပမာဏရှိ၍ အလျားကို အနံ၊ အနံကို အလျားပြု၍ ခင်းထားထိုင်နေသော် ထိုင်နေခြင်းငှာ လောက်၍ အဆာတပ်ခြင်းကို ခွင့်ပြုတော်မူခြင်း အကျိုးထူး ထင်ရှားရှိသည်။ ၂-ထွာရှိသော အလျားဘက်ကသာ အဆာ ၁-ထွာတပ်လျှင် အလျားဘက်ကသာ ပမာဏကြီး၍ အနံ ၁-ထွာခွဲဘက်က ပမာဏငယ်မြဲပင် ငယ်သောကြောင့် ရှေးကဲ့သို့ မထိုင်လောက်သည်သာ ဖြစ်ရာ၏။ ထို့ကြောင့်–

> **ဆေဒနကေ ပါစိတ္တိယန္တိ သုတ္တဝိဘင်္ဂေ ဟိ "နိသီဒနံ နာမ သဒ္ဒသံ ဝုစ္စတိ"တိ** အာဂတံ၊ တသ္မာ ဒ္ဝိန္နံ သုဂတဝိဒတ္ထိနံ ဥပရိ ဒသာယေဝ ဝိဒတ္ထိမတ္တာ လဒ္ဓတိ။ ဒသာယ ဝိနာ တံ ပမာဏံ ကရောန္တသ္သ ဣဒံ အာဂတမေဝ ဟောတိ "တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယ"န္တိ။ တသ္မာ 'ကိံ အာပဇ္ဇတီ'တိ ပုဋ္ဌော 'ဆေဒနကေ ပါစိတ္တိယ'န္တိ အာဟ။ ဆေဒနကသိက္ခာပဒေ ဝုတ္တပါစိတ္တိယံ အာပဇ္ဇ-တီတိ အတ္ထော။ (သုတ္တသတိကခန္ဓကဋ္ဌဥဝါအဋ္ဌကထာ။၁၃၅၊၁၃၆)

http://www.dhammadownload.com


တံ ပမာဏံ ကရောန္တသာတိ သုဂတဝိဒတ္ထိယာ ဝိဒတ္ထိတ္တယပမာဏံ ကရောန္တသ၊ ဒသာယ ပန ဝိဒတ္ထိဒ္ဝယပမာဏံ ကတံ၊ အဒသကမ္မိ နိသီဒနံ ဝဋ္ဋတိ ဧဝါတိ အဓိပ္ပါယော။ (ၾသဖွင့် ဝိမတိ၊ဋီ၊၂။၂၉၆)

တိဝိဒတ္ထိပ္ပမာဏန္တေ၊ အဒသံ တံ နိသီဒနံ။
နိသီဒနံ ကထံ ဟောတိ၊ သဒသံ တဋ္ဌိ လက္ခဏံ။ (ၾသဖွင့် ဝဇိရဗုဒ္ဓိ။၅၄၂)

ဤအဋ္ဌကထာ,ဋီကာတို့၌ ၂-ထွာပမာဏရှိသော အလျားဘက်က အဆာ ၁-ထွာ တပ်၍ ၃-ထွာ ပမာဏပြုရမည်ကို အဆာမပါဘဲ ၃-ထွာရှိသော နိသီဒိုင်ကို ပြုရာ၌ ဆေဒနကပါစိတ် အာပတ်သင့်ကြောင်းကို ဖွင့်ဆိုတော်မူကြခြင်းသည် အလျားဘက်က အဆာတပ်သော အဖို့ကိုသာ ရည်၍ ဖွင့်ဆိုတော်မူကြသည်။ ၁-ထွာခွဲ ပမာဏရှိသော, အနံဘက်က ၁-ထွာ ပမာဏရှိသောအဆာ မတပ်အပ်, မတပ်ကောင်း၍ ဖွင့်ဆိုတော်မူကြသည် မဟုတ်-ဟု ယူရာ၏။

ထိုစကား ဆိုသင့်စွ။ နိသီဒိုင်သင်္ကန်း၌ အထွာတော်ဖြင့် အလျား ၂-ထွာ, အနံ ၁-ထွာခွဲ, အဆာ ၁-ထွာထက် ပိုမိုပြုလုပ်လျှင်သာ ဆေဒနကပါစိတ် သင့်သည်။ အနံ ၁-ထွာဘက်က အဆာ ၁-ထွာထပ်၍ အဆာနှင့်တကွ ၂-ထွာခွဲ ပြုခြင်းကြောင့် ဆေဒနကပါစိတ် မသင့်။ အလျား ၂-ထွာ, အနံ ၁-ထွာခွဲထက် ကြီးလိုလျှင် အဆာ ၁-ထွာတပ်စေတော့-ဟု သာမညခွင့်ပြုတော်မူသော ပါဠိတော်ရင်း, အဋ္ဌကထာရင်းတို့နှင့် အသင့်အညီပင် ဖြစ်သည်။ အလျားဘက်က အဆာနှင့်တကွ ၃-ထွာမပြုဘဲ အဆာလွတ် ၃-ထွာပြုရာ၌ ဆေဒနကပါစိတ်သင့်သကဲ့သို့ အနံဘက် အဆာမပါ ၂-ထွာခွဲ ပြုလျှင်လည်း ဆေဒနကပါစိတ်သင့်သည်သာ ဖြစ်သည်။ ထို့ကြောင့် အလျား, အနံ ၂-ဖက်တွင် အမှတ်မရှိ အကြီးကို အလိုရှိရာဘက်က အဆာ ၁-ထွာ တပ်အပ်,ပြုအပ်သည်-ဟု ရှေ့စကား အရင်းနှင့်အဖျား ဝတ္ထုသွားနှင့် အကျိုးရှိကို နှိုင်းညှိစပ်ဟပ်၍ သိမှတ်ရာ၏။


နိသီဒိုင် ၂-ထွာရှိသော အလျားက အဆာတပ်ပုံ



http://www.dhammadownload.com

- က-နှင့် ခ-မှာ မူလပညတ်ရင်း နိသီဒိုင်အလျား၊ မြတ်စွာဘုရား အထွာတော်နှင့် ၂-ထွာ။
- ခ-နှင့် ဂ-မှာ အနုပညတ်အဆာ၊ မြတ်စွာဘုရား အထွာတော်နှင့် ၁-ထွာ။
- ဃ-ဌာန, င-ဌာနတို့မှာ 'ဒွိသု ဌာနေသု'အရဖြစ်သော ခွဲရာဌာန-ဟူ၍ မှတ်အပ်၏။
- ခ-နှင့် ဆ-တို့မှာ မူလပညတ်တော်မူရင်း နိသီဒိုင်အနံ၊ မြတ်စွာဘုရား အထွာတော် နှင့် ၁-ထွာခွဲ။

တစ်နည်း နိသီဒိုင် ၁-ထွာခွဲရှိသောအနံက အဆာတပ်ပုံ



- ၁-နှင့် ၂-မှာ မူလပညတ်ရင်း နိသီဒိုင်အလျား၊ မြတ်စွာဘုရား အထွာတော်နှင့် ၂-ထွာ ပမာဏရှိ၏။
- ၂-နှင့် ၃-မှာ မူလပညတ်တော်မူရင်း နိသီဒိုင်အနံ၊ မြတ်စွာဘုရား အထွာတော်နှင့် ၁-ထွာခွဲ ပမာဏရှိ၏။
- ၃-နှင့် ၄-မှာ အနုပညတ်၊ မြတ်စွာဘုရား အထွာတော် နှင့် ၁-ထွာ ပမာဏရှိ၏။
- ၅-မှတ်ဌာန, ၆-မှတ်ဌာနတို့မှာ 'ဒွိသု ဌာနေသု'ဖြစ်သော ခွဲရာဌာန-ဟူ၍ မှတ်အပ် ၏။

[၃]　နေရာချထားသုံးစွဲပုံ

ထိုနိသီဒိုင်သင်္ကန်းကို ပြခဲ့ပြီးသော ပမာဏနှင့်ယှဉ်မူ ညောင်စောင်း,အင်းပျဉ်ပေါ်၌ လည်းကောင်း၊ ညောင်စောင်း,အင်းပျဉ်အောက်၌လည်းကောင်း၊ ဘုမ္မတ္ထရဏ-စသည်ပြု၍ လည်းကောင်း အိပ်ခြင်း,ထိုင်ခြင်း-စသည်ဖြင့် သုံးဆောင်အပ်၏။

ထို့ကြောင့် ညောင်စောင်း,အင်းပျဉ်ပေါ်မှာ ခင်း၍ သုံးဆောင်သောအခြင်းအရာကို နိသီဒနသိက္ခာပုဒ်၊ နိသီဒိုင်ပမာဏကို ခွင့်ပြုတော်မူရာ ဝတ္ထု(ပါစိတ္တိယပါဠိ။၂၂၁)၌–

> **အပ္ပမာဏိကာနိ နိသီဒနာနိ ဓာရေန္တိ၊ မဇ္ဈဿပိ ပိဌဿပိ ပုရတောပိ ပစ္ဆတောပိ ဩလမ္ဗေန္တိ။** –

ဟု ဟောတော်မူသည်။

http://www.dhammadownload.com

(အနာပတ္တိ ပမာဏိက် ကရောတိ၊) ဥိနက် ကရောတိ၊ အညေန ကတံ ပဋိလဘိတွာ ဆိန္နိတွာ ပရိဘုဉ္ဇတိ၊ ဝိတာနံ ဝါ ဘူမတ္ထရဏံ ဝါ သာဏိပါကာရံ ဝါ ဘိသိ ဝါ ဗိမ္ဗောဟနံ ဝါ ကရောတိ။ –

ဟူသော အနာပတ္တိဝါရ(ပါစိတ္တိယပါဠိ။၂၂၂)၌လည်း ပမာဏထက်လွန်သော နိသီဒိုင်သက်နှံးကို ညောင်စောင်း,အင်းပျဉ်ပေါ်မှာ မခင်းဘဲ မျက်နှာကြက်, မြေအခင်း, တင်းတိမ်ကန့်လန့်ကာ, ဘုံလျှို, ခေါင်းအုံးပြု၍သုံးဆောင်က အနာပတ္တိဖြစ်ကြောင်းကို ဟောတော်မူသည်။ ရဟန်းတို့သည် ပဏီတဘောဇဉ်တို့ကို သုံးဆောင်၍ သတိသမ္ပဇဉ်ကင်းလျက် အိပ်မော်ရာသုက်လွတ်၍ ကျောင်းအိပ်ရာနေရာကို သုက်အညစ်အကြေး လိမ်းကျံသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ ကိုယ်ကို လုံခြုံစေခြင်း, သင်္ကန်းကို လုံခြုံစေခြင်း, ကျောင်းအိပ်ရာ,နေရာကို လုံစေခြင်းအကျိုးငှာ **"အနုဇာနာမိ ဘိက္ခဝေ ကာယဂုတ္တိယာ စီဝရဂုတ္တိယာ သေနာသန-ဂုတ္တိယာ နိသီဒနန္တိ"**ဟု နိသီဒိုင်သက်နှံးကို ခွင့်ပြုတော်မူသည်။ (မဟာဝ။၄၁၀)

[၄] နိသီဒိုင်အခင်း

အရှင်အာနန္ဒာ၏ အလွန်ငယ်သော နိသီဒိုင်သက်နှံးသည် အလုံးစုံသော ကျောင်းအိပ်ရာနေရာ, ညောင်စောင်း, အင်းပျဉ်ကို မလုံခြုံစေနိုင်သည်ကို မြတ်စွာဘုရားအား လျှောက်ရာတွင် အလိုရှိတိုင်း ကြီးကြီးပြုရအောင်–

အနုဇာနာမိ ဘိက္ခဝေ ယာဝမဟန္တံ ပစ္စတ္ထရဏံ အာကင်္ခတိ။ တာဝမဟန္တံ ပစ္စတ္ထရဏံ ကာတုန္တိ။ – (မဟာဝ။၄၁၀)

ဟူ၍ နိသီဒိုင်အရာ၌ အိပ်ရာခင်းကို ခွင့်ပြုတော်မူသည်။

ထိုအကြောင်းတို့ကြောင့် အိပ်ရာခင်း, ပစ္စတ္ထရဏကိုကဲ့သို့ နိသီဒိုင်သက်နှံးကို ညောင်စောင်း, အင်းပျဉ်ပေါ်၌လည်းကောင်း၊ ညောင်စောင်း, အင်းပျဉ်အောက်၌လည်းကောင်း ခင်း၍အိပ်ခြင်း, ထိုင်ခြင်းတို့ဖြင့် သုံးဆောင်အပ်သည်-ဟု သိရာ၏။

[၅] နိသီဒိုင်အထပ်အလွှာ

ဤသို့ နိသီဒိုင်သက်နှံးကို ကာယဂုတ္တိ, စီဝရဂုတ္တိ, သေနာသနဂုတ္တိအကျိုးငှာ ညောင်စောင်း, အင်းပျဉ်, ကျောင်းအိပ်ရာနေရာတို့ အပေါ်၌ အိပ်ရာခင်း, အိပ်ရာလွှမ်း ပစ္စတ္ထရဏ

http://www.dhammadownload.com

ကိုကဲ့သို့ ထိုင်ခြင်း, အိပ်ခြင်းဖြင့် သုံးဆောင်အပ်သောကြောင့် ခေါမချည်, ပိုးချည်, ဝါချည် စသော ချည် ၆-မျိုးတို့တွင် တမျိုးမျိုးသောချည်ဖြင့် ရက်သောသင်္ကန်းတို့ကို တစ်ထပ် တည်းလည်းကောင်း, အထူအထဲကို အလိုရှိသောရဟန်းအား အထပ်ထပ်လည်းကောင်း ဆိုအပ်ခဲ့ပြီးသော ပမာဏအတိုင်း ပြုအပ်၏။

| ၆ | နိသီဒိုင်သင်္ကန်းအထူး

ထို့ကြောင့် နိသီဒိုင်အခင်းနှင့် နိသီဒိုင်သင်္ကန်းအထူးကို ပြရာ နိဿဂ္ဂိယိစတ်၊ နိသီဒနသန္ထတသိက္ခာပုဒ်၊ ဝိမတိဝိနောဒနီဋီကာ(၁။၃၃၄)၌–

> ကေစိ ပန "ဣဒံ နိသီဒနသန္ထတံ နာမ နဝသု စီဝရေသု နိသီဒနစီဝရမေဝ၊ နဲ့ည်။ နိသီဒနသိက္ခာပဒေပိ ဣမသ္မိံ သိက္ခာပဒေ ဝိယ 'နိသီဒနံ နာမ သဒ္ဒသံ ဝုစ္စတီ'တိ စ အဋ္ဌကထာယဉ္စ'သ္မာ သန္ထတသဒိသံ သန္ထရိတ္ဝာ ဧကသ္မိံ အန္တေ သုဂတဝိဒတ္ထိယာ ဝိဒတ္ထိမတ္တေ ပဒေသေ ဒ္ဝိသု ဌာနေသု ဖာလေတ္ဝာ တိသ္သောဒသာ ကရီယန္တိ၊ တာဟိ ဒသာဟိ သဒ္ဒသံ နာမ ဝုစ္စတီ'တိ စ ဝုတ္တတ္တာ"တိ ဝဒန္တိ။ တံ န ယုတ္တံ။ ဣမ ပမာဏနိယမဿ အဝုတ္တတ္တာ, သန္ထတဿ စ အဝါယိမစီဝရတ္တာ အဓိဋ္ဌာနုပဂတ္တာဘာဝါ အဋ္ဌကထာယံ အဝုတ္တတ္တာ စ။ နိသီဒနစီဝရံ ပန ဆန္နံ စီဝရာနံ ခဏ္ဍပိလောတိကာနိ ပမာဏယုတ္တမေဝ သန္ထရိတ္ဝာ သန္ထတံ ဝိယ ကရောန္တိ။ တေနေဝ သန္ထတသဒိသန္တိ သဒိသဂဟဏံ ကတံ၊ တသ္မာ တဒေဝ စီဝရံ အဓိဋ္ဌာနုပဂဉ္စ၊ နဲ့ ဣဒန္တိ ဂဟေတဗ္ဗံ။ –

ဟု မိန့်၏။

တေရသကဏ်ဍကား ဤ ၂-ဝါဒတွင် ကေစိဝါဒကိုပင် နှစ်သက်သကဲ့သို့ မိန့်ပြီး လျှင် အဆုံးသတ်၌ သင့်မြတ်ရာကို စုံစမ်း၍ ယူ-ဟု မှာ၏။

မိုင်းခိုင်းဆရာတော်အဆုံးအဖြတ် နိသီဒနဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ပုခန်းဆရာတော်

{ ၃၇ } ဝစ္ဆကုဋ္ဌိဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဣန္ဒိယ ပဌမဘုရင်ခံထံသွင်းစာ၊ ဝစ္ဆကုဋ္ဌိတွင် ဇလားမပြုလုပ်ရန်အကြောင်း

မန္တလေးမြို့အရှေ့ပြင်၊ အတုမရှိတိုက်၊ သမ္မုတိသာသနာပိုင် ပုခန်းဆရာတော်ကြီး အမှူးရှိသော မန္တလေးမြို့၊ တံဆိပ်တော်ရဆရာတော် တိုက်အုပ်ပုဂ္ဂိုလ် သံဃာတော်တို့ မေတ္တာစာဆက်သွင်းပါသည်။ မြန်မာနိုင်ငံအလုံးကို အုပ်ချုပ်စီရင်တော်မူသော ဘုရင်ခံမင်းကြီး, အစိုးရမင်းတို့နှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာ သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့ ကျင့်ရာသောသာသနာ ရှေးအစဉ်အလာ ပါဠို, အဋ္ဌကထာတို့ဝယ် လာရှိသည်မှာ အနုတ္တရ-သေဋ္ဌ, ဇေဋ္ဌ, မုနိပုင်္ဂဝ, လောကဝိဒူ သယမ္ဘူအစစ် ဓမ္မရာဇ်တစ်ဆူဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ ရာဇဂြိုဟ်ပြည်ကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းမြတ်က ဝါလကို ငင်လိုကြောင်းနှင့် ရဟန်းတို့အား လျှောက်ထားချက်စကားကို မြတ်စွာဘုရားအား လျှောက်ထားသောအတ္ထုပ္ပတ်တွင်–

"**အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ**"(မဟာဝ။၁၉၃)ဟူသော ဤအနုညာတပါဠိဖြင့် မင်းတို့၏အလိုသို့ လိုက်အပ်ကြောင်းကို ခွင့်ပြုတော်မူပါကြောင်း။

ယင်းသို့ မင်းတို့၏အလိုသို့ လိုက်အပ်၏-ဟု သာမညအားဖြင့် ခွင့်ပြုပြောသော်လည်း ပါဠိတော်ပြ ဝိမွိသာရမင်း လျှောက်ထားချက် စကားထွက်အမှုကဲ့သို့ မင်းတို့ ခွင့်ပန်လျှောက်ထားစကားပါ အမှုသည် ဝိနည်းပညတ်တော်နှင့် ညီညွတ်နှီးနှော၍ ရဟန်းတို့ ကျင့်ဝတ္တရားပျက်ပြားဆုတ်ယုတ်ခဲ့ခြင်း မရှိခဲ့မူ မင်းတို့အလိုသို့ လိုက်အပ်ပါကြောင်း။

http://www.dhammadownload.com

ယင်းသို့မဟုတ် မင်းတို့ လျှောက်ထားတောင်းပန်သော အမှုသည် ဝိနည်းပညတ်တော်နှင့် မညီမမျှ ဝိရုဒ္ဓဖြစ်လျက်နှင့် မင်းတို့၏အလိုသို့လိုက်က သီလသိက္ခာ ပျက်စီးရာဖြစ်မှု တစ်စုံတစ်ယောက်သောသူ၏ အလိုသို့ မလိုက်အပ်ကြောင်း ၎င်းသိက္ခာပုဒ်အဖွင့်ဖြစ်သော ဝိနည်းမဟာဝါအဋ္ဌကထာ(၃၅၀)တွင် **"အညသ္မိမ္ဖိ ဓမ္မိကေ ကမ္မေ အနုဝတ္တိတဗ္ဗံ။ အဓမ္မိကေ ပန နာဿစိ အနုဝတ္တိတဗ္ဗံ"** ဟု ဖွင့်ဆိုဆုံးမချက် ရှိပါသည်။ ရှေးရှေးသော ဗုဒ္ဓဘာသာဝင် ဆရာမွန်ဆရာမြတ်တို့လည်း ၎င်းပါဠို, အဋ္ဌကထာများ၌ ဟောပြမိန့်ဆိုတော်မူတိုင်းပင် မင်းတို့ လျှောက်ထားသောအမှုများတွင် ဝိနည်းတရားနှင့် မညီမညွတ်သောအမှုများ၌ မင်းတို့၏အလိုသို့ မလိုက်ကြဘဲ **ဝိနည်းတရားနှင့် မဆန့်ကျင်သောအမှုများ၌သာ မင်းတို့၏အလိုသို့ လိုက်ရှိုးအစဉ်အလာ ထုံးစံလည်း ရှိပါသည်။**

ဗုဒ္ဓဘာသာ သာသနာတော်ထမ်း ရဟန်းခပ်သိမ်းတို့၊ မတိမ်းမစောင်း လမ်းကြောင်း ခရီးသဖွယ်ဖြစ်သော ဝိနယသည် သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိ-ဟူ၍ ၄-ပါး ရှိပါကြောင်း၊ ထို ၄-ပါးတို့တွင်–

"သုတ္တံ နာမ သကလေ ဝိနယပိဋကေ"ဟူသော ပါရာဇိကဏ်အဋ္ဌကထာ(၁။၁၉၆)နှင့် အညီ အလုံးစုံသော ဝိနည်းပိဋကတ်တော်မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကားတော်သည် သုတ္တ။

"**သုတ္တာနုလောမံ နာမ စတ္တာရော မဟာပဒေသာ**"ဟူသော ၎င်းအဋ္ဌကထာ(၀ိ၊၅၊၁။ ၁၉၆)နှင့်အညီ အပဋိက္ခိတ္တဝယ် ကပ္ပိယာနုလောမ, အကပ္ပိယာနုလောမအားဖြင့် ၂-ပါး၊ အနနုညာတဝယ် ကပ္ပိယာနုလောမ, အကပ္ပိယာနုလောမအားဖြင့် ၂-ပါး၊ ဤမဟာပဒေသ ၄-ပါးသည် သုတ္တာနုလောမ။

အာစရိယဝါဒေါ နာမ ဓမ္မသင်္ဂါဟကေဟိ ပဥ္စဟိ အရဟန္တသတေဟိ ဌပိတာ ပါဠိ-ဝိနိမုတ္တာ သြက္ကန္တဝိနိစ္ဆယပဝတ္တာ အဋ္ဌကထာတန္တိ။

ဟူသော ၎င်းအဋ္ဌကထာ(၁။၁၉၆)နှင့်အညီ သင်္ဂါယနာတင်တော်မူကြသော ရဟန္တာအရှင်မြတ်တို့သည် ထားအပ်သော အဋ္ဌကထာအစဉ်သည် အာစရိယဝါဒ။

"**အတ္တနောမတိ နာမ သုတ္တသုတ္တာနုလောမအာစရိယဝါဒေ မုဉ္စိတွာ**"သို့ စသည် လာသော ၎င်းအဋ္ဌကထာပါဠိ(၁။၁၉၆)နှင့်အညီ မိမိတို့အသိဉာဏ်ဖြင့် နယဂ္ဂါဟ နည်းယူဆ လျက် ထင်တော်မူကြသည့်အတိုင်းဆိုခြင်းသည် အတ္တနောမတိ မည်၏-ဟု သိအပ်ပါ ကြောင်း။

http://www.dhammadownload.com

"အတ္ထနောမတိ အာစရိယဝါဒေ ဩတာရေတဗ္ဗာ"သို့စသည်လာသော ၎င်းအဋ္ဌကထာပါဠိ(၁။၁၉၆)နှင့်အညီ အတ္တနောမတိကို အဋ္ဌကထာ-ဟု ဆိုအပ်သော အာစရိယဝါဒ၌ ရောနှောထည့်သွင်းအပ်သော် သက်ဝင်ယုံကြည်တတ်ခဲ့မူ မှတ်ယူအပ်၏။ မယုံကြည်တတ်, မသက်ဝင်ခဲ့မူ မယူသင့်,မယူထိုက်။ ထိုနည်းထပ်တူ အာစရိယဝါဒကိုလည်း သုတ္တာနုလောမ၌ ရောနှောထည့်သွင်းအပ်၏။ သို့ရောနှောထည့်သွင်း ဟောထားတော်မူရင်းဖြစ်သော ၎င်းသုတ္တန့် ညီညွတ်နှီးနှော သဘောယုတ္တိရှိသည်ဖြစ်မူ စင်စစ်ဆတ်ဆတ် မှတ်ယူအပ်၏။ မသက်ဝင်, မယုံကြည်တတ်ရှိခဲ့မူ အမှန်ဆတ်ဆတ် စွန့်ပစ်အပ်ပါကြောင်း။

သုတ္တဟူသည်မှာ "သုတ္တံ ဟိ အပ္ပဋိဝတ္တိယံ ကာရကသံယသဒိသံ, ဗုဒ္ဓါနံ ဋီတကာလ သဒိသံ"ဟူသော ၎င်းအဋ္ဌကထာ(၁။၁၉၇)နှင့်အညီ အဆုံးမရှိသော လောကဓာတ်၌ တစ်စုံတစ်ယောက်သောသူမျှ ဆီးတားပိုင်ပိုင် မတတ်နိုင်ကောင်းသည်ဖြစ်ပါ၍ ကာရကသံယာ, မြတ်စွာဘုရား ထင်ရှားကိုယ်တော်တိုင်ရှိသည်နှင့် တူသောကြောင့် ချင့်ယူထောက်မှု ညှိနှိုင်းပြုလျက် တစ်စုံတစ်ခုဌ်မျှ မထည့်မသွင်းပိုင်။ သုတ္တလာတိုင်း မဆိုင်းမလင့် ပြုကျင့်နေထိုင်သင့်, နေထိုင်အပ်ပါကြောင်း။

ယင်းသို့ လာရှိတိုင်းသာ မဆိုင်းမလင့် ပြုကျင့်နေထိုင်ကြောင်းဖြစ်သော သက်တော်ထင်ရှားရှိသော ကိုယ်တော်မြတ်နှင့်အမျှ ပုံတူလှသော ယခင်ပြအပ် ၄-ရပ်သော ဝိနယတွင် သုတ္တ-ဟူသော ဝိနယ၌ ခွင့်ပြုတော်မူအပ်သော ကရီသစွန့်ပစ်ရာဌာနသည် ဓုဝဌာန, အနိစ္စဌာန-ဟု ၂-ပါး ရှိပါကြောင်း၊ ထို ၂-ပါးတွင် ရဟန်းသံဃာတို့ ရက်စဉ်မပြတ် အထပ်ထပ် တလဲလဲ အမြဲစွန့်ပစ်ရာဌာနသည် ဓုဝဌာန မည်ပါကြောင်း။

ယင်းသို့ ထပ်ခါတလဲလဲ အမြဲစွန့်ပစ်ရာဌာနကို လောကထွဋ်ထား သဗ္ဗညုဘုရားသည် သုတ္တ-ဟူသော စူဠဝါပါဠိတော်၊ ခုဒ္ဒကဝတ္ထုခန္ဓက(၂၈၂)ဝယ် "အနုဇာနာမိ ဘိက္ခဝေ ဝစ္စကုဋိ"ဟူ၍ ဇကန်ထင်လင်း တွင်းကိုသာ ခွင့်ပြုတော်မူပါကြောင်း။

တွင်းမှတပါး အခြားသော ဓုဝဌာနကို ပြုကြစေမှု ခွင့်ပြုသောစကားသည် သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္ထနောမတိ-ဟူသော ဤအခြေမူလ ဝိနယ ၄-ပါးတွင် တစ်ပါးပါး၌မျှ မလာ,မရှိပါကြောင်း။

ဤမှတပါး "န ဟရိတေ ဓဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမိ" သို့-စသည်လာသော ပါဠို(၀။၂။၂၇၀), အဋ္ဌကထာများဖြင့် သနားကြည့်ရှု ခွင့်ပြုတော်မူအပ်သော မြက်,သစ်ပင်တို့ဖြင့် မစိမ်းမစိုရာ-စသော အရပ်များသည်ကား ထိုထိုသမယအခါ

http://www.dhammadownload.com

တွင်းကို ရှာရသဖြင့် လွန်မင်းစွာ မငြိုငြင်စိမ့်သောဌာ မြော်မြင်သမှု ခွင့်ပြုတော်မူအပ်သော အရပ်ဌာနဖြစ်၍ အနိစ္စဌာနမည်ပါကြောင်း၊ ဤသို့အားဖြင့် ၂-ပါးသော ဓုဝဌာန, အနိစ္စဌာန အရပ်တို့တွင် ရက်စဉ်မပြတ် ပြုစွန့်ရာဖြစ်သော ဓုဝဌာန၌ ကူပကိုသာ ခွင့်ပြုတော်မူရင်း ထင်လင်းပါဦ လာရှိသည့်အတိုင်း ချင့်နှိုင်းထောက်ရှု အမြဲစွန့်ပြုရာ ကူပ-ဟူသော တွင်းသာ လျှင် မြတ်စွာဘုရား အလိုတော်ကျလတ်၍ ရဟန်းတို့အား သင့်လျော်လျောက်ပတ် ကောင်းမြတ်သည် ဖြစ်ပါကြောင်း။ ယင်းသို့ ယထာပါဦ လာရှိတိုင်း တွင်းကို ပယ်ရှား၍ ဇလားကို ပြုလုပ်ကြရ မည်-ဟု ဆင့်ဆိုသည်ဖြစ်ပါလျှင် ခွင့်ပြုတော်မူရင်းဖြစ်သော သိက္ခာပုဒ်တော်ကို နုတ်သိမ်းပယ်ဖျက်သည် မည်ပါကြောင်း။

ၛင်းသိက္ခာပုဒ်တော်ကို နုတ်သိမ်းပယ်ဖျက်လျှင် "သုတ္တေ ဟိ ပဋိဇာဟိတေ ဗုဒ္ဓါဝ ပဋိဇာဟိတော ဟောတိ"ဟူသော ဝိနည်းဋီကာများနှင့်အညီ ဗုဒ္ဓဘာသာဝင်အမျိုးသားတို့ ရှိသေလေးမြတ် ကိုးကွယ်အပ်သော ဘုရားကို ပယ်ဖျက်ရာ ရောက်သည်ဖြစ်၍ ဆရာတော်တို့ ဗုဒ္ဓဘာသာ သာသနာတော်ကို ထိခိုက်ရာရောက်မည်ဖြစ်သော အနှောင့်အယှက်ကြီး တစ်ခုဖြစ်ရန် ဖြစ်ပါသည်။ အစိုးရမင်းတို့အလိုနှင့် မဆန့်ကျင်စေလို၍ ဆင့်ဆိုတိုင်း ပြုလုပ်ခဲ့လျှင်လည်း အာဏာတော်ရှင် ဘုရားသခင်၏ "**အနုဇာနာမိ ဘိက္ခဝေ ဝစ္ဆကူပံ**"(စူဠဝါ။ ၂၈၂)ဟူသော ဤအာဏာတော်ဓမ္မစက်ကို နုတ်သိမ်းဖျက်ဆီးရာ ရောက်ရာသည်အချက်, ပြုလုပ်ကြရမည်-ဟု ဆင့်ဆိုရင်း ဇလားကလည်း ရဟန်းတို့အား စင်စစ်အကပ်ိယဖြစ်၍ မအပ်သည့်အချက်၊ ဤအချက်များကြောင့် "**အဓမ္မိကေ ပန နာ ကဿစိ အနုဝတ္တိတဗ္ဗံ**" ဟူသော ဤအဋ္ဌကထာ(မဟာဝါ။၄။၃၅၀)အလိုကို ထောက်စာလျှင် မင်းတို့၏အလိုသို့ လိုက်ရမည့်အရာ ရဟန်းသံဃာတို့မှာ အလွန်ပင် မလျော်ပါကြောင်း။

ဘုရားခွင့်ပြုတော်မူရင်း တွင်း-ဟူသော ဓုဝဌာနမှတပါး ဇလား-ဟူသော ဌာနသည် သုတ္တပါဦလာရှိခဲ့ရင်း တွင်းအား သဘောအားဖြင့် သင့်တင့်လျောက်ပတ်ခဲ့မှု ရဟန်းသံဃာတို့ စခန်းသင့်မြတ်အောင် သုံးဆောင်သွားလာခြင်းငှာ အပ်ခဲ့ရာ၏။ စင်စစ်မူကား ဘုရားခွင့်ပြုတော်မူရင်း တွင်း-ဟူသော ဓုဝဌာနသည် အပ္ပကိစ္စ, အနဝဇ္ဇ စင်စစ်ရဟန်းတို့အားဖြစ်သကဲ့သို့ ထို့အတူ ဇလား-ဟူသော ဌာနသည် အပ္ပကိစ္စ အနဝဇ္ဇ မဟုတ်ချေ။ ထူးထွေသမှု ဗဟုကိစ္စ မဟာသာဝဇ္ဇဖြစ်ခြင်းကြောင့် ခွင့်ပြုတော်မူရင်း တွင်းအား အလျှင်းပင် မလျော်လှ၍ သုတ္တာနုလောမ မဟုတ်ခဲ့ရကား ရဟန်းတို့ တည်ထားသုံးဆောင်ခြင်း, စေခိုင်းခြင်းငှာ မအပ်သည်သာ ဖြစ်ပါကြောင်း။

ယင်းသည့် ဗဟုကိစ္စ, မဟာသာဝဇ္ဇ ၂-ပါးတွင် ဗဟုကိစ္စဖြစ်ရာ၌-

http://www.dhammadownload.com

နု ဘိက္ခဝေ ကတကံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ ဣာပတ္တိ ဒုက္ကဋဿ။
(စူဠဝ၀ါ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓကပါဠိတော်။ ၂၆၈)

ကတကံ နာမ ပဒုမကဏ္ဏိကာကာရံ ပါဒယံသနတ္ထံ ကဏ္ဌကေ ဥဋ္ဌာပေတွာ ကတံ၊ တံ ဝဋ္ဋံ ဝါ ဟောတု စတုရဿာဒိဘေဒံ ဝါ။ ဗာဟုလိကာနုယောဂတ္ထာ ပဋိက္ခိတ္တ-မေဝ။ (ဂဠိသိက္ခာပုဒ်အဖွင့်၊ စူဠဝါအဋ္ဌကထာ။ ၅၂)

ဤပါဠို, အဋ္ဌကထာများဖြင့် ပဒုမာကြာချက်သဏ္ဌာန်အတူ ဆူးပြုတ်ပြုတ်ထစေ၍ ပြုလုပ်သော ကတကခြေပွတ်၏ များစွာသော လုံ့လပယောဂတို့ဖြင့် ပြုလုပ်အပ်သောကြောင့် ရဟန်းတို့အား စင်စစ်ပင် မအပ်-ဟု မြစ်ပယ်တော်မူပါကြောင်း။

မဟာသာဝကဖြစ်ရာ၌ အိုးထိန်းသည်သားဖြစ်သော ဓနိယထေရ် မြေညက်ဖြင့် ပြီးသော ကုဋိကို ပြုလုပ်ရာ မြတ်စွာဘုရား မြင်တော်မူ၍–

"ဘိက္ခဝေ၊ ရဟန်းတို့။ ပထဝီဓာတုဒီသု၊ မြေကို တူးခြင်း, မြေကို နယ်ခြင်း, ကုဋိကို မီးဖုတ်ခြင်းတို့၌။ ပါစေား၊ ကြီးကြီးငယ်ငယ်သော သတ္တဝါတို့ကို။ ဝိနာသေန္တိသေ၊ ဖျက်ဆီးနှိပ်စက်သော။ တသေ မောယပုရိသသေ၊ ထိုမင်္ဂလိမှ ဆိတ်သောယောကျ်ား၏။ ပါစေားသု၊ ကြီးကြီးငယ်ငယ်သော သတ္တဝါတို့၌။ အနုဒ္ဒယာ၊ အစဉ်စောင့်ရှောက်သနားခြင်းသည်လည်းကောင်း။ အနုကမ္ပာ၊ သူတပါး ဒုက္ခဖြင့် ကိုယ်,စိတ်၏တုန်လှုပ်ခြင်းသည်လည်းကောင်း။ အဝိဟေသာ၊ မညှဉ်းဆဲမနှိပ်စက်ခြင်းသည်လည်းကောင်း။ နု ဟိ နာမ ဘဝိဿတိ၊ အနုညးဃယ်မျှ မဖြစ်ပါသနည်း"။ (ဝိ၊၁။ ၅၂)

ဤသို့သော ပါဠိဖြင့် များစွာပြစ်တင် ကဲ့ရဲ့တော်မူပြီး၍ မြေကုဋိကို မပြုအပ်-ဟု ပယ်မြစ်တော်မူပါကြောင်း။

ဤသို့ မြေညက်ဖြင့်ပြီးသော ကုဋိ၏ မြေကို တူးသောအခါ, ရေဖြင့် နယ်ခြေသောအခါ, မီးဖြင့် ဖုတ်တိုက်သောအခါ ကြီးကြီးငယ်ငယ်ဖြစ်သော ပိုးသတ္တဝါတို့ သေကြေပျက်စီးကြောင်း ဖြစ်သောကြောင့် ပြုလုပ်သော ရဟန်းတို့အား မဟာသာဝကဖြစ်လတ်၍ စင်စစ်ပင် မအပ်-ဟူသော အနက်သွားကို ဘုရားကိုယ်တော်တိုင်ပင် ဟောတော်မူသည်ကို ထောက်စား၍ မဟာသာဝကဖြစ်သဖြင့် အကပ္ပိယအဖြစ်ကို စင်စစ် သိအပ်လှပါကြောင်း။

သို့ဖြစ်၍ ဇလား-ဟူသည်လည်း တစ်ကြိမ်တစ်ခါ တည်ထားသော ပယောဂဖြင့် ခွင့်ပြုတော်မူရင်း တွင်းကဲ့သို့ ကိစ္စဆက်ဆက် ပြီးပြေလတ်သည် မဟုတ်ပါ။ နေ့စဉ်ရက်ဆက်

http://www.dhammadownload.com

သိမ်းဆည်းစွန့်ပစ်ရခြင်း-တည်းဟူသော ဗဟုကိစ္စရှိသည်လည်း အချက်, ထိုသို့ သိမ်းဆည်းစွန့်ပစ်သောအခါ မချွတ်ဆတ်ဆတ် ပိုးလောက်သတ္တဝါအများ သေကျေပျက်စီးသဖြင့် မဟာသာဝဇ္ဇဖြစ်သည်အချက်၊ သို့အချက်များကြောင့် ဇလား-ဟူသော ဌာနသည် အကပ္ပိယ စင်စစ် ရဟန်းတို့အား ဖြစ်၏-ဟု မှတ်ယူထိုက်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့ သံဃာတော်တို့မှာ 'ခွင့်ပြုတော်မူရင်း တွင်းကို ပယ်ရှား၊ ဇလား ထားကြရမည်'-ဟု ဆင့်ဆိုခြင်းသည် ရဟန်းသံဃာ သာသနာတော်၌ နှောင့်ယှက်ထိခိုက်ခြင်းသို့ ရောက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအလုံးကို အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းအား ကောင်းစွာ ထောက်ထားမြော်ခေါ် စဉ်းစားတော်မူပြီးလျှင် ဗုဒ္ဓဘာသာသာသနာတော်ထမ်း ရဟန်းသံဃာတော်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်တော်နှင့်အညီ သာသနာတော်၏ ရှေးအစဉ်ထုံးစံ မပျက်မစီး ရဟန်းသံဃာ သာသနာတော်၌ အနှောင့်အယှက်မရှိ၊ ရဟန်းသံဃာတော်တို့ အခြေအနေ မပျက်မပြား အတည်အမြဲ အငြိမ်အဝပ်ဖြစ်စေခြင်းငှာ ရန်ကုန်မြို့ သံဃာတော်တို့မှာ 'ပညတ်တော်မူရင်း တွင်းကို ပယ်ရှား၍ ဇလား ထားကြရမည်' ဟူသော ဆင့်ဆိုခြင်းမှ လွတ်ငြိမ်းချမ်းသာအောင် မြန်မာနိုင်ငံအလုံးကို အုပ်ချုပ်စီရင်တော်မူသော ဒကာတော်ဘုရင်ခံမင်းက ကောင်းစွာစောင့်ရှောက်၍ အမိန့်စာ ထုတ်ပြန်သင့်ရာ ထုတ်ပြန်တားမြစ်တော်မူလိမ့်မည်ကို ဆရာတော်တို့က ယုံကြည်မျှော်လင့်တောင့်တကြပါကြောင်း မေတ္တာစာ ဆက်သွင်းပါသည် မြန်မာနိုင်ငံတော်အလုံးကို အုပ်ချုပ်စီရင်တော်မူသော ဘုရင်ခံမင်း။

သာသနာ့သောဓကသံဃရာဇသမ္မုတိသာသနာပိုင် ပုခန်းဆရာတော်အဆုံးအဖြတ်
ဝစ္စကုဋိဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

မောင်းထောင်ဆရာတော်

{ ၃၈ } ဗုဒ္ဓနဝမဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဘုရားတပည့်တော် စာရေးကြီး၊ သပြေငါးရွာစား မင်းလှသိန်သူ လျှောက်ပါသည် ဆရာတော်ဘုရား။ ယခုလောကတွင် ဘုရား ၉-ဆူ ပူဇော်ကြသည်မှာ အကြောင်းအတ္ထုပ္ပတ္တိ မည်သို့ရှိသည်၊ မည်သည့်ကာလက စ၍ဖြစ်သည်၊ ရဟန္တာ ၈-ပါးနှင့်တကွ ဘုရား ၁-ဆူသာ ဖြစ်လျက် ဘုရား ၉-ဆူ အဘယ့်ကြောင့် ခေါ်သည်။

မြတ်စွာဘုရားကို အလယ်, အရှင်သာရိပုတ္တရာကို တောင်,
အရှင်အာနန္ဒာကို အနောက်, အရှင်မောဂ္ဂလာန်ကို မြောက်,
အရှင်ကောဏ္ဍညကို အရှေ့, အရှင်ဝင်္ဂီသကို အနောက်မြောက်,
အရှင်ဥပါလိကို အနောက်တောင်, အရှင်ရေဝတကို အရှေ့တောင်,
အရှင်ရာဟုလာကို အရှေ့မြောက်၊

အရပ် ၈-မျက်နှာကို အစွဲအမှတ်ပြု၍ နေရာချထား ကိုးကွယ်သည်မှာ ရဟန္တာအများရှိပါလျက် အဘယ်ကြောင့် ယခင် ၈-ပါးကို ကိုးကွယ်စမှတ်ပြုသည်။ ယခင် ၈-ပါးတွင်လည်း မည်သည့်အရှင် မည်သည့်အရပ်-ဟု အသေအချာ အစွဲအမှတ်ပြုသည်။ ကိုးကွယ်ပူဇော်သည့် ကာလ "ပုဒ္ဓေါ မဇ္ဈိမေ"စသောဂါထာ(ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿ။၁၁၅), "အဋ္ဌာရသဟတ္ထုဗ္ဘေမော" ဥပ္ပါတသန္တိဂါထာ(ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿ။၁၄၉)များကို စွဲ၍ ပူဇော်ရည်မှတ်ပြုကြသည်မှာ ကျမ်းဂန်လာတိုင်း ဖြစ်မည်။ ကျမ်းဂန်မှ အထူးမည်သို့ ရွတ်ဖတ်ပူဇော်ရမည်-လာရှိသည်များကို ယုတ္တိအာဂုံ အထောက်အထား ဥပဒေသများနှင့် မိန့်ဆိုတော်မူပါဘုရား"။

http://www.dhammadownload.com

မောင်းထောင်ဆရာတော် အမိန့်တော်ရှိလိုက်သည် သပြေငါးရွာစား စာရေးတော်ကြီးမင်း။ ဘုရား ၉-ဆူ ပူဇော်ရိုးထုံးစံ အမှန်ဖြစ်ကြောင်း အတ္ထုပ္ပတ္တိများကို သိလို၍ သက္ကရာဇ် ၁၂၂၁-ခု၊ နတ်တော်လဆန်း၊ ၁၃-ရက်နေ့ လျှောက်ထားလာသည်မှာ ဇင်းမယ်အရပ်တွင် ဇင်းမယ်ပြည်သားတို့ အန္တရာယ်ပျောက်ခြင်း, အမှုကိစ္စပြီးစီးခြင်းအကျိုးငှာ ငြိုဟ် ၉-လုံးဟု နတ်ပူဇော်သည်ကို မြင်၍ ရဟန်းတို့က ငြိုဟ် ၉-လုံးအမှတ်အသားနှင့် ဘုရား ၉-ဆူ ပူဇော်ရသော် ငြိုဟ် ၉-လုံးပူဇော်ခြင်း, ရတနာ ၃-ပါးကို ပူဇော်ခြင်း ၂-ပါးကို သရက်ပင်ရင်း၌ ဆရာကို ရေချိုးစေသည်နှင့်-

အမ္ဘော စ သိတ္တော သမဏော စ နှာသိတော၊ မယာ စ ပုည် အနုပ္ပကံ။
ဣတိပိ သော ဗီတိယာ ကာယံ၊ သဗ္ဗံ ဖရတိ အတ္တနော။

ဟူ၍ အမွဝိမာနဝတ္ထုပါဠိ(၁၀၇) လာသည်နှင့်အညီ သရက်ပင်ကို ရေသွန်းလောင်းခြင်း, ဆရာကို ရေချိုးစေခြင်း ကိစ္စ ၂-ပါးကို တပြိုင်နက်ပြီးစေ၍ အကျိုးများစွာ ခံစားရသကဲ့သို့ ပြီးစီးရာ၏-ဟု ဟောပြောပြသ ဆုံးမသဖြင့် ငြိုဟ် ၉-လုံးအရေအတွက်ဖြင့် ဘုရား ၉-ဆူ ပူဇော်ရိုးထုံးစံ အမှန်ဖြစ်သည်။ ဤနည်းလမ်း ၁-ပါးမှတ်။

ဤလောက၌ အရပ် ၈-မျက်နှာ၌ ထင်ရှားသော ငြိုဟ် ၈-လုံးကို အစွဲအမှတ်ပြု၍ ရဟန္တာ ၈-ဆူ ပူဇော်သည်။ သံယာ-ဟူက ဘုရားလျှင် အမွန်ရှိရကား မြတ်စွာဘုရားကို အလယ်အရပ်၌ ထား၍ ဘုရား ၉-ဆူ ခေါ်ရိုးထုံးစံဖြစ်သည်-ဟူ၍လည်း စာဟောင်း၌ အမှတ်အသားရှိကြသည်။

အချို့သောဆရာတို့ကလည်း "အဋ္ဌ ဝါ သောဋ္ဌသ ဝါ အာသနာနိ ပညာပေတွာ တေသု မမ သာဝကာ နိသီဒါပေတွာ"စသည်ဖြင့် အာယုဝဍ္ဎနသတ္တိသားဝတ္ထုတွင် လာသည်ကို ထောက်၍ အဋ္ဌ ဝါ-အရ ရဟန္တာ ၈-ပါးနှင့်တကွ ဘုရား ၉-ဆူ ပူဇော်စမှတ်, ထုံးဥပဒေသဖြစ်သည်-ဟူ၍ ဆိုကြကုန်၏။ ထိုစကားကို သင့်,မသင့် ဆင်ခြင်သော် အဋ္ဌ ဝါ-အရ ရဟန္တာ ၈-ပါးကို နေရာချထား၍ ဘုရားနှင့်တကွ ဘုရား ၉-ဆူပူဇော်ရိုး ထုံးစံဖြစ်သည်ယူချေသော် သောဋ္ဌသ၏အရ ရဟန္တာ ၁၆-ပါး-ဟု ယူ၍ ဘုရားနှင့်တကွ ဘုရား ၁၇-ဆူ ပူဇော်ရိုးထုံးစံ ဖြစ်ရာသည်။ ရတနာ ၃-ပါးကို သဒ္ဓါတတ်အားသမျှ ပူဇော်လိုတိုင်း ၂-ပါး, ၃-ပါး ရာ,ထောင်မကပင် ပူဇော်ရသောကြောင့် "အဋ္ဌ ဝါ သောဋ္ဌသ ဝါ"ဟူသောပုဒ်၌ ဝါ-သဒ္ဒါသည် ဝုတ္တာဝုတ္တသမုစ္စည်းအနက် ဖြစ်သင့်၏။ ဖြစ်သင့်ကလည်း ရဟန္တာ ၁-ပါး + ဘုရားနှင့်တကွ ဘုရား ၂-ဆူ၊ ရဟန္တာ ၂-ပါး + ဘုရားနှင့်တကွ ဘုရား ၃-ဆူ၊ ဤသို့စသည်ဖြင့်လည်းကောင်း၊ ရဟန္တာ ၉-ပါး + ဘုရားနှင့်တကွ ဘုရား ၁၀-ဆူ-ဟူ၍လည်း

http://www.dhammadownload.com

ကောင်း ဤသို့ စသည်ဖြင့် အမှတ်မရှိ ထုံးစံဖြစ်ရာသည်။ "အဌ ဝါ သောဋသ ဝါ"ဟု လာသည်မှာ "လဒ္ဓါတပတ္တော ရာဇကုမာရော"ဟူရာ၌ကဲ့သို့ ဥပလက္ခဏာနည်းဖြင့် ပြခြင်း မျှသာ ဖြစ်သည်။ ထို့ကြောင့် ထိုဆရာတို့၏စကားကို အလေးမူ၍ မယူအပ်။

အချို့သောဆရာတို့ကလည်း ဂုဏ်တော် ၉-ပါးကို ရည်၍ ဘုရား ၉-ဆူ ပူဇော်စမှတ် ပြုကြသည်-ဟု ဆိုကုန်၏။ ရဟန္တာ ၈-ပါး, ဘုရား ၁-ဆူသာဖြစ်လျက် ဘုရား ၉-ဆူခေါ်သည်မှာ နေတွိလက္ခဏာဟာရနည်းအားဖြင့် မြတ်စွာဘုရားနှင့် ဒက္ခိဏေယျပုဂ္ဂလက္ခဏာအားဖြင့် တူရကား ဘုရား ၉-ဆူ-ဟူသော သဒ္ဒါဖြင့်ပင် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်-စသော ရဟန္တာများကိုလည်း ယူရာသည်။ ယင်းသို့ ယူခဲ့သော် သံဃာတော်အများပင် ဘုရား-ဟူသောအနက်ဖြင့် ယူသင့်ရကား အလိုရှိအပ်သည်ကိုသာ ယူလို၍ ၈-ပါးဟု အပိုင်းအခြား ပရိစ္ဆေဒကို ပြု၍ ဆိုသည်။

တစ်နည်းကား "ရာဇာ အာဂတော"၌ကဲ့သို့ ပဓာနနည်းအားဖြင့် ဘုရား-ဟူသော သဒ္ဒါဖြင့်ပင် သံဃာတော်အများကိုလည်း ယူရ၏။ ယင်းသို့ ယူရသော် သံဃာတော်အများဖြစ်၍ အလိုရှိအပ်သည်ကိုသာ ယူလိုရကား ၈-ပါးဟု ပရိစ္ဆေဒသင်္ချာဖြင့် ပြဆိုပြန်သည်။

မြတ်စွာဘုရားကို အလယ်ထား၍–

အရှင်သာရိပုတ္တရာကို တောင်အရပ်၌ ထားသည်မှာ လက်ယာတော်ရံဖြစ်၍ ထားသည်။

အရှင်မောဂ္ဂလာန်မှာလည်း လက်ဝဲတော်ရံဖြစ်၍ မြောက်အရပ်မှာ ထားသည်။

အရှင်ကောဏ္ဍညမှာ ရတ္တညူဧတဒဂ်ရ သိက္ခာကြီးဖြစ်၍ အရှေ့အရပ်မှာ ထားသည်။

အရှင်အာနန္ဒာမှာ အလုပ်အကျွေးနောက်တော်ပါဖြစ်၍ အနောက်အရပ်မှာ ထားသည်။

အရှင်ဂဝံပတိမှာ ပသု-သဒ္ဒါသည် နွားကိုလည်း ဟောသည်၊ ရာဟုဂြိုဟ်ကိုလည်း ဟောသည်။ ပသု-သဒ္ဒါနှင့် ဂေါ-သဒ္ဒါသည် ပရိယာယ်တူဖြစ်၍ ပသု-သဒ္ဒါ ရာဟုကို ဟောလျှင် ဂေါ-သဒ္ဒါသည် ရာဟုကို ဟောသည်ပင်ဖြစ်၍ ရာဟုဂြိုဟ်ကို ဟောသော ပသု-သဒ္ဒါ, ဂေါ-သဒ္ဒါကို စွဲ၍ ဂုန္နံ ပတိ ဂေါပတိ။ ဂုန္နံ၊ ရာဟုဂြိုဟ်တို့၏။ ပတိ၊ အရှင်တည်း။ ဂဝံပတိ၊ ရာဟုဂြိုဟ်တို့၏အရှင်။ ဤသို့ အလုတ္တသမာသ် ဝစနတ္ထကြံ၍ အနောက်မြောက်အရပ်၌ ထားသည်။ (ရာဟုဂြိုဟ်တစ်ခုသာဖြစ်လျက် "ဂုန္နံ ပတိ ဂဝံပတိ"ဟု ဝစနတ္ထပြုသည်မှာ လောကီသမယအားဖြင့် ဂရုကာတဗ္ဗ ဗဟုဝစနတ်ပြု။)

အရှင်ရာဟုလာမှာ ထိုရဟန္တာ ၈-ပါးတွင် အသက်သိက္ခာငယ်သည်ဖြစ်၍ အသက်နည်းသော တနင်္္ဂေါဂြိုဟ်အရပ်မှာ ထားသည်။

http://www.dhammadownload.com

အရှင်ရေဝတမှာ အရှင်သာရိပုတ္တရာ ညီတော်ဖြစ်၍ အရှင်သာရိပုတ္တရာ အနီးအပါးတွင် ရေမြေရှင်မင်းတရားကြီး ထွက်စံစမယ်တော်မူလျှင် အိမ်ရှေ့မင်း ရှေဦးရှေးဖျား ထွက်ရသကဲ့သို့ အရှင်သာရိပုတ္တရာ၏ ရှေ့တော်တူရူမှာ ထားသည်။

အရှင်ဥပါလိမထေရ်မှာ "စနေဂြိုဟ်သည် ရှေးကာလ တရားကောက်ယူ ဆုံးဖြတ်တတ်သော အမတ်ကြီးဖြစ်ဖူးသည်"ဟူ၍ ဆိုသော လောကီသမယကို စွဲ၍ ဝိနည်းအရာ လိမ္မာကျွမ်းကျင် သိမြင်ကောက်ယူတတ်သဖြင့် ဓမ္မဝိနိစ္ဆယတရားသူကြီးနှင့် တူကြောင်းကို ဥပါလိအပဒါန်တို၌ ဥပါလိမထေရ်သည်ပင်လျှင် ဥဒါန်းကျူးရင့်တော်မူသည်နှင့်အညီ ဝိနိစ္ဆယဆေးကဖြစ်ဖူးသော စနေဂြိုဟ်အရပ်၌ ဓမ္မဝိနိစ္ဆယဖြစ်သော အရှင်ဥပါလိမထေရ်ကို ထားသည်။

ဤသို့ ရဟန္တာ ၈-ပါး အသီးအသီး နေရာချထားရာ စိန္တာမယညာဏ်ဖြင့် ကြံဆ၍ ပြလိုက်သည်။ စာဟောင်း, ပေဟောင်းများ၌ အထူးမဆို။ ရဟန္တာအများရှိလျက် ဤရဟန္တာ ၈-ပါးကိုလျှင် ရွေးကောက်၍ ထားသည်မှာ ဤရဟန္တာ ၈-ပါးသည်သာလျှင် ဆိုအပ်ပြီးသော အတိုင်း အရပ် ၈-မျက်နှာ၌ လျော်သောကြောင့် နေရာချထား ကိုးကွယ်သည်။ ကိုးကွယ်ပူဇော်သောကာလ "**ပုဒ္ဓါ မရှိမေ**"စသော ဂါထာ, "**အဋ္ဌာရသ ဟတ္ထာဗွေဓော**"စသောဂါထာများကို ရွတ်၍ ပူဇော်စမှတ်ပြုကြသည်မှာ ရတနာရွှေခြို့ငှ်, ဥပ္ပါတသန္တိဂါထာများကို ဖွဲ့စီကုံးသော ဆရာတို့သည်ပင်လျှင် ဤဘုရား ၉-ဆူ ပူဇော်ထုံး နည်းဥပဒေကို အစပြု၍ စီရင်သော အရာဖြစ်၍ "ပုဒ္ဓါ မေ"စသော ရတနာရွှေခြို့ငှ်ဂါထာ, "အဋ္ဌာရသဟတ္ထာဗွေဓော"စသော ဥပ္ပါတသန္တိဂါထာများကို ရွတ်၍ ပူဇော်ရိုးထုံးစံဖြစ်သည်-ဟု ယူရမည်။ နမက္ကာရထောမနာဂါထာများကို ရွတ်၍ ပူဇော်ရာ၌လည်း အထူးထူးအထွေထွေ မရှိသဖြင့် သင့်မြတ်သည်ချည်းပင် မှတ်အပ်သည် သပြေငါးရွာစား စာရေးတော်ကြီး။

မင်းသတိုးသုဓမ္မ မဟာသက်တော်ရှည်မည်သော အဂ္ဂမဟာသေနာမတိ ဝန်ရှင်တော်၊ လယ်ကိုင်းမြို့စား၊ သေနတ်ဝန်မင်းကြီးသည် သပြေငါးရွာစား စာရေးတော်ကြီးအဖြစ်က လျှောက်ထားတောင်းပန်ချက်အရ မောင်းထောင်ဆရာတော်ဘုရားကြီး ရေးသားဆုံးဖြတ်တော်မူသော ဘုရား ၉-ဆူအဆုံးအဖြတ်။

ပုဒ္ဓနဝမဝိနိစ္ဆယ ပြီး၏။

★★★★★★★

http://www.dhammadownload.com

ကျော်အောင်စံထားဆရာတော်

{ ၃၉ } အနုသုရာဝိနိစ္ဆယကျမ်း



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[၁] ရတနတ္တယပဏာမဂန္ထာရမ္ဘကထာ

ပု ဓံ သံ သရဏံ နတ္ဝာ၊ ကာ ဝ မာ ဥ ကု နာ'ဒရံ။
ဝိသေသပ္ပဓာနလက္ခဏံ၊ ဝက္ခံ့ အနုသုရာဝိနိစ္ဆယံ။ ။

အဟံ၊ ငါသည်။ သရဏံ၊ လောက ၃-ပါးကို သိတော်မူတတ်သော။ ပု ဓံ သံ၊ ဘုရား, တရား, သံဃာ ရတနာ ၃-ပါးကို။ ကာ ဝ မာ၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရဖြင့်။ နတ္ဝာ နမာမိ၊ ရှိခိုးပါ၏။ နတ္ဝာ၊ ရှိခိုးပြီး၍။ ဝိသေသပ္ပဓာနလက္ခဏံ၊ ထူးသော ဂုဏ်ကျေးဇူးဖြင့် မှတ်အပ်သော။ ဥ ကု နာ၊ အရှင်ဥပဂုတ်, အရှင်ကုမာရကဿပ, အရှင်နာဂသိန် မထေရ မြတ် ၃-ပါးကိုလည်း။ အာဒရံ၊ ရိုသေစွာ။ နတ္ဝာ နမာမိ၊ ရှိခိုးပါ၏။ နတ္ဝာ၊ ရှိခိုးပြီး၍။ အနုသုရာဝိနိစ္ဆယံ၊ အနုသုရာဝိနိစ္ဆယကို။ ဝက္ခံ့ ဝက္ခာမိ၊ ဆိုပေအံ့။

၁။ ကရဏပ္ပကာရ ပဏာမနိဒါန်း

ဂါထာဗန္ဓတို့၏သဘောသည်–

- အစအက္ခရာဖြင့် မှတ်၍ ဖွဲ့သောဂါထာ၊
- အဆုံးအက္ခရာဖြင့် မှတ်၍ ဖွဲ့သောဂါထာ၊
- အစ,အဆုံး ၂-ပါးဖြင့် မှတ်၍ ဖွဲ့သောဂါထာ–

အားဖြင့် ၃-ပါးရှိသည်။

http://www.dhammadownload.com

၂။ အစအက္ခရာဖြင့် ဖွဲ့သောဂါထာ

(၁) ယာ အာဒသ ယာ သာ ပု ( )၊ သံတိ ဝေါ ဇော တ စု ကိ။
သျာ ပ ဘာ အာ ဝိသံ တိ ဝေါ၊ ဇော တ စု ဋ္ဌာ နံ ပကာသိတံ။

ဤဂါထာကို ထောက်၍ သိအပ်,မှတ်အပ်၏။

၃။ အဆုံးအက္ခရာဖြင့် ဖွဲ့သောဂါထာ

(၂) ဒေါနဂ္ဂိ ခေါ ပရိယန္တာ၊ ( ) သုခ မုလပ္ပကာသကာ။
စတုပါသာမ ဟတ္ထာဝ၊ သဗ္ဗညုံ ဇိနဒေသိတာ။ ။

ဤဂါထာကို ထောက်၍ သိအပ်၏။

၄။ အစ,အဆုံးအက္ခရာဖြင့် ဖွဲ့သောဂါထာ

(၃) ယန္တာ ဥသု ဝိဇာချာဒိ၊ ပေဒ ဂမ္ဘီရ သံယုတ္တာ။
ဒီပေန္တိ သဗ္ဗပါဏိနံ၊ ဂေါဂေါပဒါနုဂါမိကံ။

ဤဂါထာကို ထောက်၍ သိအပ်၏။

ဤဝိနိစ္ဆယ ရတနတ္တယပဏာမဌ် ဗုဒ္ဓဝယ် ဗု-အက္ခရာ, ဓမ္မဝယ် ဓ-အက္ခရာ, သံဃာဝယ် သံ-အက္ခရာ, ကာယဂွါရဝယ်-ကာ, ဝစီဂွါရဝယ်-ဝ, မနောဂွါရဝယ်-မ, ဥပဂုတ္တ ဝယ်-ဥ, ကုမာရကဿပဝယ်-ကု, နာဂသိန်ဝယ်-နာ၊ ယင်းသည့် အစအက္ခရာဖြင့် မှတ်၍ ဖွဲ့သော ပထျာဝတ္တဂါထာတည်း။ ဤဂါထာ၌ ပဌမပါဒဖြင့် ရတနာ ၃-ပါးအား ရှိခိုးခြင်းကိစ္စဖြင့် ပြီးပြီးလျက် ဒုတိယ, တတိယပါဒတို့ဖြင့် မထေရ် ၃-ပါးကို ရှိခိုးပြန်သည်ကား ၎င်းမထေရ် ၃-ပါး ကျေးဇူးများသည်ကို အလွန်သော သဒ္ဓါခြင်းဖြင့် ရှိခိုးပြန်သတည်း။

မထေရ် ၃-ပါးတို့တွင် **ရှင်နာဂသိန်မထေရ်မြတ်၏** ကျေးဇူးကား ပညာဆန်းလှ၊ မိလိန္ဒ၏၊ ပဉ္စာလေးနက်၊ မေးလျှောက်ချက်ကို၊ မျက်ဆက်မပါ၊ လွန်ကြည်စွာ၍၊ သာသနာ-ငါးထောင်၊ နောက်နောင်အရှည်၊ ဤသည်နယ၊ ထုံးစံပြုစိမ့်၊ မှတ်ရနည်းနာ၊ သူ,ငါကစ၊ ဝေနေယျအား၊ သနားသဖြင့်၊ ခီးမြှင့်ဖြေကြား၊ ထားတော်မူခဲ့သော၊ ဝိသဇ္ဇနာဉာဏ်တော်သည် အရှင်နာဂသိန်၏ ကျေးဇူးတော်ပေတည်း။

http://www.dhammadownload.com

အရှင်ကုမာရကဿပ ကျေးဇူးတော်ကား သူတပါးတို့သည် ဆုံးမခြင်းငှာ ခဲခက်သော မြဲမြံခိုင်ခံ့စွာ သံသရာမရှိ-ဟု ယူသော မင်းယုတ်ပါပ၊ ရာဇာ၏၊ မြွက်ဟန္ဒတ်ထွက်၊ စကားဆက်ကို၊ ချေဖျက်သောခါ၊ ဆိုရာမရှိ၊ ရှုံးမှန်းသိက၊ ပိပိပျပ်ပျပ်၊ မဝပ်ဝံ့လျှင်၊ ငုံရှင်ဝါဒ၊ ကောင်းပေလှသည်၊ ဝါဒမိန္ဒာ၊ ယူသည့်တာကို၊ စွန့်ခွါမချ၊ ကောသလဟု၊ ရာဇာနင်း၊ ထိုသည် မင်းက၊ စသည်မျှားစွာ၊ မင်းတကာလည်း၊ လိုက်နာမကြွင်း၊ မင်းရာဇာ၊ သို့ဝါဒဟု၊ သိကြခဲ့ပြီ။ ဤသို့စသည်ဖြင့် မိန္ဒာအယူကို မစွန့်လိုသော အခြင်းအရာဖြင့် ဖင့်နွဲ့၍နေရာ ရှားခါမနေရ အယူတော်သို့ ကျအောင် ဟောပြောတတ်သော ပညာတော်သည် **အရှင်ကုမာရကဿပ ကျေးဇူးတော်**ပေတည်း။

အရှင်ဥပဂုတ် ကျေးဇူးတော်ကား စိတ်စက်အာကာ၊ သာသနာဖျက်၊ မာရ်ကြမ်းခက်ကို၊ လက်ဦးစွာပင်၊ နာကျင်နင့်နင်း၊ ဆုံးမသင့်လည်း၊ အခွင့်အလှည့်၊ မြော်ချင့်ကြည့်၍၊ နတ်ပြည်တစ်ထောက်၊ နတ်တစ်ယောက်-ဟု၊ ကြော်ချောက်လွှဲပတ်၊ တန်ခိုးလွှတ်သည့်၊ နတ်၏အရှိန်၊ ညှိုးနွမ်းပိန်မည်၊ အချိန်လင့်စား၊ ထိုနတ်သားအား၊ သနားချစ်ခြင်း၊ အလွန်ပြင်းသည်ဖြစ်၍ အလျင်အမြန် မဆုံးမမူ၍ ဆူးကိုဆူးချင်း ထွင်၏သို့ တန်ခိုးကို တန်ခိုးချင်း ဆုံးမသော်လည်း မာန်မာနကို မချမှန်းသိသော်လည်း မျောက်အိုပမာ လျင်စွာပြုတော်မမူဘဲ ထောက်ထောက်ညာညာ သာသာဖြည်းဖြည်း ဆုံးမတော်မူခြင်းသည် **အရှင်ဥပဂုတ်၏ကျေးဇူးတော်**ပေတည်း။

ထိုသို့သော ကျေးဇူးတော်တို့ကို မြော်ခေါ် အောက်မေ့လျက် ဤဘဝမှစ၍ ဖြစ်လေရာရာ သမ္မာသမ္ဗောဓိဆုကို မပြည့်စုံသေးသရွေ့ကာလ ဆုယူသမျှ သဒ္ဓါခြင်းဖြစ်လှ၍ အထူးရှိခိုးပြန်သတည်း။

"ဝက္ခံ အနုသုရာဝိနိစ္ဆယံ"ဟူသော စတုတ္ထပါဒ၌ ယင်းသည့်စာသည် အဘယ့်ကြောင့် အနုသုရာဝိနိစ္ဆယ မည်သနည်း? အဘယ်အကြောင်းကြောင့် **အနုသုရာဝိနိစ္ဆယ**-ဟူ၍ စီရင်ပြန်သနည်း?ဟူမူ မူလပညတ်ရှိသဖြင့် နောက်ပညတ်ခြင်းသည် **အနုပညတ်** မည်၏။ မူလဋီကာရှိသဖြင့် နောက်ဖွင့်ဋီကာသည် **အနုဋီကာ** မည်၏။ သို့မူလသုရာဝိနိစ္ဆယ ရှိသဖြင့် **အနုသုရာဝိနိစ္ဆယ** မည်ပြန်ရာသည်။

ရွှေနန်းတော်သို့ ဝင်လေအောင်, ရွှေနန်းတော်နှင့် တန်လေအောင် ဆိုသောစာစောင်သည် ရွှေနန်းဝင် တွင်သကဲ့သို့ ရှေးသုရာဝိနိစ္ဆယထက် သာလွန်၍ ဆန်းဆန်းကြယ်ကြယ် ထွေထွေပြားပြား ထူးထူးခြားခြား သိမ်မွေ့လှစွာ နုနုပါအောင် ဆိုသည်ဖြစ်၍လည်း **အနုသုရာဝိနိစ္ဆယ** မည်သည်။

http://www.dhammadownload.com

အနုသုရာဝိနိစ္ဆယ-ဟု တဖန်စိရင်ပြန်သည်ကား ရှေးသုရာဝိနိစ္ဆယကို သာသနပါ-လကဖြစ်တော်မူသော ဧကရာဇ်, ဓမ္မရာဇဆရာတော်ဖြစ်၍ သာသနာတော်ကို သုခ်သင်သော အားဖြင့် မည်သည့်ပုဂ္ဂိုလ် ချုတ်ယွင်းကြောင်းကို မဆို၊ သာမန်သာ ဆုံးဖြတ်သည်ကို ဥပမာ ဆိုသော် ရှေးသောအခါ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း၏သားတော်ဖြစ်သော ဘုန်းတန်ခိုး ကြီးလှသော မင်းယဝသည် တတ္ထသိုလ်ဆရာပေးသော ၃-ဂါထာတွင်–

ကုဟိ ဂတာ ကတ္ထ ဂတာ၊ ဣတိ လာလပွတီ ဇာနော။
အဟ'မေဝေ'ကော ဇာနာမိ၊ ဥဒပါနေ မူသိကာ ဟတာ။ ။(ဇာ၊၁။၁၃၄)

ဟူသော ပဌမဂါထာကို ဆရာ၏အမှာတော်အတိုင်း ဥယျာဉ်,ရေကန်တော်သို့ သွားရာ ရွှတ်လေသည်နှင့် သားတော်အကြံကောက် နှလုံးပေါက်သည်နှင့် တော်သင့်လေသကဲ့သို့ သုရာဝိနိစ္ဆယဝယ် ဆိုသည်နှင့် ပုဂ္ဂိုလ်ဝါဒ တော်လှသည်ဖြစ်၍ ပင်ပန်းရှာလေတော့သည်။

ယဿေတံ ဣတိ စိတိ စ၊ ဂဒြဘောဝ နိဝတ္တသိ။
ဥဒပါနေ မူသိကံ ဟန္ဒာ၊ ယဝံ ဘက္ခေတု'မိစ္ဆသိ။ (ဇာ၊၁။၁၃၄)

ဟူသော ဒုတိယဂါထာကို ရေကန်မှသည် နန်းတော်စောင်းတန်းသို့ ပြန်ရောက်သည့်တိုင် အောင် ရွှတ်လေသည်နှင့် သားတော်စိတ်ကောက် နှလုံးပေါက်သည်နှင့် တော်သင့်လေ သကဲ့သို့ ပုဂ္ဂိုလ်ဝါဒနှင့် တော်သင့်လှသည်ဖြစ်၍ ပင်ပန်းရှာလေတော့သည်။

ဒဟရော စာ'သိ ဒုမ္မေဓ၊ ပဌမုပ္ပတ္တိကော သုသု။
ဒီယေတံ သမာသဇ္ဇ၊ နံ တေ ဒဿာမိ ဇီဝိတံ။ – (ဇာ၊၁။၁၃၄)

ဟူသော တတိယဂါထာကို စောင်းတန်းသို့ တက်သောအခါ ရွှတ်လေသည်နှင့် သားတော် စိတ်ကောက် အကြံပေါက်သည်နှင့် တော်သင့်လေသကဲ့သို့ ပုဂ္ဂိုလ်ဝါဒနှင့် တော်သင့်လှ သည်ဖြစ်၍ ပင်ပန်းရှာလေတော့သည်။ (၎င်း ၃-ဂါထာကို ဆင်ခြင်ကြပါကုန်။)

သုံးလူ့အထွဋ် တမွတ်သျှောင်ဖျား မင်းတရားသည် အမွဋ္ဌလုလင်နှင့် "ပုဏ္ဏားမျိုး မြတ်၏၊ မင်းမျိုးမြတ်၏၊ ကုလိကုလ ဇာတိဇာတ"စသော အမျိုးစကား သာမာန်ကို ပြောဟော တော်မူသည်နှင့် အမွဋ္ဌကား ပုဏ္ဏားမျိုးဖြစ်၍ မိမိ၏အမျိုးဇာတိ ညံ့ရင်းရှိသည်နှင့် တော်သင့် လေသကဲ့သို့ သုရာဝိနိစ္ဆယကို ဆိုသည်နှင့် ပုဂ္ဂိုလ်ဝါဒ ညံ့လှသည်နှင့် တော်သင့်ရှာလေတော့ သည်။

တော်သင့်ကာသာမဟုတ်၊ အမွဋ္ဌသည် မိမိကိုယ်ကို "မာတိတော စ ပိတိတော စ ဥဘတော'မှ သုဇာတ"တကား-ဟု ကြုံးဝါးသကဲ့သို့ အရပ်ထက်ဝန်းကျင် သနားစရာ မှာစာ

http://www.dhammadownload.com

တလျားလျားနှင့် ကြုံးဝါးရလေတော့သည်။ ဥစ္စာပျောက်သောသူသည် ကြုံးဝါးသဖြင့် သူ၏ ဘာသာ ဥစ္စာပျောက်ရာ သူခိုးစိစိ ဖမ်းမိလေသကဲ့သို့လည်းကောင်း၊ တောင်သူကြီးသည် တောင်သူဘာသာ လယ်ယာစကျင်း ထွန်ရေးခင်းကို ပေါင်းမြက်သုတ်သင်၍နေရာ သေသောက်ကြူး ၆-ယောက် ရှေ့နောက်မမြင်၊ စကားတင်ချင့်၊ သခင်စိစိ၊ ဖမ်းမိလေသကဲ့သို့ အယူချွတ်ယွင်းသော ပုဂ္ဂိုလ်စိစိ ဖမ်းမိသည်ဖြစ်၍ ရှေးသုရာဝိနိစ္ဆယရှိလျက်လည်း နောက် အနုသုရာဝိနိစ္ဆယ-ဟု တဖန်စီရင်ပြန်သည်။

သုံးလူထွင့်ဖျား မင်းတရားသည် "ငါသည် အမွှဋ္ဌကို ဟုတ်တိုင်းဆိုသော် အနဗ္ဘတ္တိက ဘူတစိတ်ဖြင့်မူကား ညွှတ်မည်ထားဘိ၊ မိမိနောက်ပါ ၅၀၀-အခြံအရံမျှသော်လည်း 'ငါတို့ သခင် အရှင်အမွှဋ္ဌကို သုဇာတ'-ဟု ထင်မှတ်ရှာကြချေတော့မည်။ 'ငါတို့သခင် အရှင်အမွှဋ္ဌ သည် သုဇာတမဟုတ်၊ ဒုဇာတ-တကား'-ဟု ရှက်ဖွယ်လိလိ မချိအောင်မျှ အနာဒရဆိုကြအံ့" သည်ကို မြင်တော်မူလျက်လည်း မျက်မှောက်ဆဲဆဲ အရှက်ကွဲထက် သံသရာစက် ဆင်းရဲနက်-ဟု ငဲ့ကွက်ထောက်ထား သနားလှစွာသော မဟာကရုဏာတော်သည် နှိုးဆော်တိုက်တွန်းအပ် သည်ဖြစ်၍ ၁-ပင်မျှတည်းသော ဆံပင်ဖြူကို ကြီးစွာသော သံညှပ်ဖြင့် ကြပ်ကြပ်ကြီး ကိုင်ဘိ သကဲ့သို့ မဆုတ်မတက် မဝှက်သာအောင် "အမွှဋ္ဌအမျိုးကို ဆိုလော့"ဟု အဖန်တလဲလဲ မိန့်တော်မူလျက် အမွှဋ္ဌ မဆိုဘဲနေသည်ကို သာသနပါလကဖြစ်သော နတ်မင်းသည် နတ်၏ နားဖြင့် ကြားသိ၍ နတ်မင်းနှင့်တကွ ဆုံးမတော်မူသကဲ့သို့ ရာဇာနီ မင်းနေပြည်ကြီးဝယ် သာသနပါလကမင်းနှင့်တကွ ဆိုသင့်လှပြီ။

ထိုသို့ သင့်သော်လည်း ထိုပုဂ္ဂိုလ်သည် သက်ကြီး ရွယ်ရင့်ဖြစ်၍ ပင်ပန်းလေအံ့ သည်ကို သနားသဖြင့်လည်းကောင်း၊ "ကစ္စည်းမဟာထေရ်သည် ကန္တာရပုဏ္ဏား အားကြီး သော်လည်း ငယ်သောအရာ၌ တည်သည်၊ ငယ်သော်လည်း ကြီးသောအရာ၌ တည်သည်" ဟု မိန့်တော်မူသကဲ့သို့ ငယ်သောအရာ၌ တည်သူဖြစ်၍ မဖက်လိုသဖြင့်လည်းကောင်း၊ "ဆိုသည့်စကားကို သူမဆို၍သာ ဆိုရပေသည်၊ သူဆိုခဲ့သော် မဆိုရချေပြီ"ဟု ဆိုရပေသော ကျေးဇူးကို အောက်မေ့သဖြင့်လည်းကောင်း ဤဆိုလတ္တံ့သော အနုသုရာဝိနိစ္ဆယ၌ မျက်အိုက် မပါ၊ ရင်ရှာမဖက်၊ သက်သက်ဟုတ်မှန်ရာကို ပါဠိ, အဋ္ဌကထာ, ဋီကာ ဂန္ထန္တရသာဓကနှင့်တကွ ထုတ်ပြဆိုပေအံ့သတည်း။

ဤကား ကရဏပွကာရနိဒါန်း စကားတစ်ရပ်။

----- × -----

http://www.dhammadownload.com

[၂] ဟောင်းသာဟောင်း၍ မကောင်းသည့်အကွရာမူ စာအစောင်စောင်ရှိသည်ကို ဥပမာသာဓကနှင့် ပြဦးအံ့။

၁။ ကမ္မဝါဒ် "သေယျထာပိ ဗန္ဓနာ ပဝုတ္တော ပဝုတ္တာ ဇာတိလဲ"စသည်တို့၌ ပဝုတ္တသဒ္ဒါနှင့် ရှိရမည်ကို ပမုတ္တော-ဟု သြဠဇ မ-အက္ခရာနှင့် ကမ္မဝါအစောင်စောင်ရှိသည်။

၂။ ကထိနုဒ္ဒါကမ္မဝါ အနုသာဝနဒ်၌လည်း "သုဏာတု မေ ဘန္တေ သံဃော။ သံဃော ကထိနံ ဥဒ္ဓရတိ"ဟု ရှိရမည်ကို "ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကထိနံ ဥဒ္ဓရတိ"ဟု ကမ္မဝါအစောင်စောင်ရှိသည်။ (ဝိ၊၂။၃၇၇)

၃။ ဝိနယာလင်္ကာရဋီကာ၌ "သံဃော သံဃော"ဟု ၂-ထပ် ရှိရမည်ကို သံဃော ၁-ပုဒ် မပါဘဲ ရှိသည်။

၄။ ပါရာဇိကဏ်အဋ္ဌကထာ၊ ပဏာမပယောဇဉ်(ဝိ၊ဋ္ဌ၊၁။၁)ကို ပြရာ၌လည်း "ယံ ပုညာဘိသန္ဒံ ဝိပုလံ အလတ္ထံ"ဟု အံဝိဘတ်၏ ကာရိယ-တ္ထံနှင့် ရှိရမည်ကို တ-ပစ္စည်း၏ ကာရိယဒ္ဓံ-နှင့် အလဒ္ဓံ-ဟု စာအစောင်စောင်ရှိသည်။

၅။ မထေရ် ပြာဠိဟာပြရာ၌လည်း "ရာဇာ ပါဠိဟာရိယံ ဒိသွာ သက္ခတိ ဒါနိ"ဟု သ-ကျေစေ၍ 'သက္ခတိ'ရှိရမည်ကို သိက္ခိဿတိ-ဟု သ-မကျေဘဲ စာအစောင်စောင် ရှိသည်။

၆။ သုဝဏ္ဏဘုမ္မဂါထာ၌လည်း "ပြဟ္မဇာလ'မဒေသိသု"(ဝိ၊ဋ္ဌ၊၁။၅၂)ဟု ဥဂိဝဘတ်၏ ကာရိယ ကွံသု-နှင့် ရှိရမည်ကို မဒေသယုံ-ဟု ယ-အာဂုံ ဥဂိဝဘတ်နှင့် စာအစောင်စောင် ရှိသည်။

၇။ လောကဝိဒူအဖွင့်၌လည်း "အထဝါ ဝိသုဒ္ဓသီလာဒီနံ"မှသည် "ဒမေဟိယေဝ"တိုင် အောင် စာတစ်ကြောင်းခန့် စာအစောင်စောင်၌ ပါဠိလွန်,ပါဠိသစ်ရှိသည်။ လုံရာတွင် မိုးပြန်သည်-ဟူသကဲ့သို့ ယင်းပါဠိလွန်သည်လည်း ကျမ်းတပါးနှင့်မညီ ချွတ်ပြန်သည်။ ချွတ်သည်ကိုပင် လိုက်၍ နိသျအစောင်စောင် မြန်မာပြန်သည်။

၈။ ပါဠိတော်၊ သုဒိန္နကဏ္ဍ၌လည်း "ဧကပုတ္တကော ပိယော သုခေဓိတော"(ဝိ၊၁။၁၅)ဟု ဒန္တဇစတုတ္ထကွရာ ဓ-နှင့် ရှိရမည်ကို "သုခေဒ္ဓိတော"ဟု မုဒ္ဓဇ ဒုတိယကွရာ ဒ္ဓ-နှင့် စာအစောင်စောင်ရှိသည်။

၉။ အဋ္ဌကထာ၌လည်း "သုခေဓိတောတိ သုခေန ဧဓိတော"(ဝိ၊ဋ္ဌ၊၁။၁၇၁)ဟု ဧ-ဓာတ်နှင့် ရှိရမည်ကို ဧ-၏ နောက်၌ ဝ-ကို လောင်းစွက်၍ "သုခေန ဧဝဒ္ဓိတော"ဟု မုဒ္ဓဇ

http://www.dhammadownload.com

ဒုတိယကွရာ ၌-နှင့်ပင် စာအစောင်စောင်ရှိသည်။ ရှိသည်သို့ လိုက်၍ နိသျအစောင်စောင် အနက်မြန်မာပြန်သည်။

၁၀။ ပဌမပညတ္တိကထာ၌ "သန္နိဋ္ဌမာ ဥပဇ္ဈာ ဟောန္တိ"ဟု ဒန္တဇ တတိယကွရာ ဒ-နှင့် ရှိရမည်ကို "သန္နိဋ္ဌ"ဟု ပဌမကွရာ တ-နှင့် စာအစောင်စောင်ရှိသည်။

၁၁။ ဒုတိယပါရာဇိကဋ္ဌ ကုဋိကို ပြရာဝယ် "ဝိဠုကာဝ သတသခ်ံပေန"ဟု ကဏ္ဌဇ ဂ-နှင့် ရှိရမည်ကို "ဘိဠုကာ"ဟု ဩဋ္ဌဇ စတုတ္ထကွရာ ဘ-နှင့် ရှိကြသည်။

၁၂။ ပါဠိတော်၊ တတိယပါရာဇိက(ဝိ၊၁။၈၇)၌လည်း "မိဂလဏ္ဍိကော သမဏကုတ္ထကော" (ဆဋ္ဌမူ)ဟု ပဌမ-ကွရာ က-နှင့် ရှိရမည်ကို "သမဏဝုတ္ထကော"ဟု တတိယကွရာ ဂ-နှင့် ရှိကြသည်။

၁၃။ မိဂလဏ္ဍိ၊ သန်လျက်ဆေးသောမြစ်ကို ဆိုရာ၌ "ဝဂ္ဂုမတာ"ဟု ဒန္တဇ-ပဌမကွရာ တ-နှင့် ရှိရမည်ကို 'ဝဂ္ဂုမုဒါ'ဟု တတိယကွရာ ဒ-နှင့်လည်းကောင်း မ-ဝယ် ဥ-သရ နှင့်လည်းကောင်း စာအစောင်စောင်ရှိသည်။ (ဝိ၊၁။၈၇)

၁၄။ သံယာဓိသိသ်၊ ကာယသံသဂ္ဂ(ဝိ၊၁။၁၇၃)၌လည်း အမျိုးချွေးမ-ဟော ပါဠိသည် သမုဓေတ်၊ ဏှာ-ပစ္စည်းသက်၍ "ကုလသုဏှာ"ဟု ရှိရမည်ကို ဏ-တွင် မုဒ္ဓဇတတိယ-ကွရာ ဒု-ဆွဲ၍ 'ကုလသုဏ္ဍာ'-ဟု စာအစောင်စောင်ရှိသည်။

၁၅။ အဋ္ဌကထာ၊ အမူလကသံယာဓိသိသ်၌လည်း ရဟန်းတို့အိပ်ရာ ကျောက်ဖျာကို ဆိုရာဝယ် "သိလာပဋ္ဌကေ"ဟု ပဌမကွရာ ပ-နှင့် ရှိရမည်ကို "သိလာမတ္ထကေ ဥပရိ ပရိယာ-ယမတ္ထကေ"ဟု ပဗ္ဗမကွရာ မ-နှင့် ရှိကြသည်။

၁၆။ ပါဠိတော် "ဝိလက် ဒုတိယံ"ဟူသော ပါဠို၌ ဝိလက်-ဟု ပဌမကွရာ က-နှင့်လည်းကောင်း၊ "ကိဠိယ ဒုတိယံ"ဟူသော အဖွင့်အဋ္ဌကထာပါဠို၌လည်း ဂိဠိယ-ဟု တတိယကွရာ ဇ-နှင့် ရှိရမည်ကို ဝိလဇ်-ဟု တတိယကွရာ၊ ကိဠိယ-ဟု ပဌမကွရာနှင့် ရှိကြသည်။

၁၇။ အညာဘဂိယ သံယာဓိသိသ်၌ "ဆဝလက်"ဟု တတိယကွရာ ဂ-နှင့် ရှိရမည်ကို ပဌမကွရာ က-နှင့် "ဆ ကလက်"ဟု စာအစောင်စောင်ရှိကြသည်။

၁၈။ နိဿဂ္ဂိယပါစိတ်ဥပက္ခေဒသိက္ခာပုဒ်၌လည်း "စီဝရစေတာပနံ"(ဝိ၊၄၊၂။၂၅၀)ဟု နဒွေးဘော်နှင့် ရှိရမည်ကို ဟောင်းသာဟောင်း၍ မကောင်းသော စာမူတို့၌ "စီဝရ-စေတာပနံ"ဟု ဝိသံယောဂနှင့် ရှိသည်။

http://www.dhammadownload.com

၁၉။ ဝိမတိဝိနောဒနီဋီကာ၊ ပဗ္ဗဇ္ဇာနန္ဒကအဖွင့်(၂။၁၁၇)၌ "နု အဇာနိတ္ထာတိ သုရာတိ အဇာနိတ္ထာ ပိဝတောာ ပါဏာတိပါတာ ဝေရမဏိအာဒိသဒ္ဒသီလဘေဒံ၊ သရဏာဘေဒဉ္စ နု အာပဇ္ဇတိ"ဟူသော ဝါကျ၏အခြားမဲ့၌ "အကုသလံ ပန သုရာပါနဝေရမဏိသီလဘေဒေါ စ ဟောတိ"ဟု ဟိတ်၏အဖြစ်ဖြင့် ရှိရမည်ကို ဒါ-၏ ရှေ့၌ ဧ-ကျ၍ ဝ-ကိုလည်း သမုစ္စယ စ-အဖြစ်ဖြင့် ရေးသား၍ "ဘေဒေါ စ ဟောတိ"ဟု စာအစောင်စောင်ရှိသည်။

ဤသို့ စသည်ဖြင့် ဝိနည်း၌ ဆိုဖွယ်များစွာရှိ၏။ ပညာရှိက သိလေတော့အံ့သည်။

----- × -----

[၃] အဘိဓမ္မာ၌ ထုတ်၍ ပြဆိုဦးအံ့။

၂၀။ **အဋ္ဌသာလိနီဝယ် ဝိသတိဂါထာ၏အဆုံး**(အဘိ၊ဋ္ဌ၊၁။၃)၌ "တတ္ထ ကေနတ္ထေန အဘိဓမ္မောာ" ဟု ဤမျှသာ ရှိရမည်ကို "တတ္ထ အဘိဓမ္မောတိ ကေနတ္ထေန အဘိဓမ္မောာ"ဟု စာအစောင်စောင်ရှိသည်။

၂၁။ ဝတ္ထုမာတိကာကို ထုတ်ရာ၌လည်း "သင်္ဂိကဋ္ဌောပရမတ္ထော"(အဘိ၊ဋ္ဌ၊၁။၄၅)ဟု တာလုဇ ပဌမကွရာ-စ-ဒွေးဘော်နှင့် ရှိရမည်ကို သင်္ဂီကတ္ထ-ဟု အသဒိသဒွေးဘော်နှင့် စာအစောင်စောင် ရှိသည်။

၂၂။ မြတ်စွာဘုရား ရောင်တော်ဖွင့်(အဘိ၊ဋ္ဌ၊၁။၁၅)၌လည်း "သုဝဏ္ဏကလသေဟိ အာသိဉ္စမာန"ဟု မဂ်လာဘိုးဟော ကလသ-သဒ္ဒါနှင့် ရှိရမည်ကို ညွန်ဟော ကလလ-သဒ္ဒါနှင့် သုဝဏ္ဏကလလေဟိ-ဟု စာအစောင်စောင်ရှိသည်။

၂၃။ ဆွမ်းခံကြွတော်မူရာ မြောက်ကျွန်းကို ဆိုရာ(အဘိ၊ဋ္ဌ၊၁။၁၇)၌လည်း "ဥတ္တရကုရု"ဟု ပဌမကွရာ က-နှင့် ရှိရမည်ကို ဥတ္တရဂုရု-ဟု တတိယကွရာ ဂ-နှင့် စာအစောင်စောင် ရှိသည်။

၂၄။ မဟာဂေါသိင်္ဂသုတ်၊ ဗုဒ္ဓဘာသိတကိုဆိုရာ၌ "ဗုဒ္ဓါနဉ္စိ"မှသည် နတ္ထိ-တိုင် နိဂုံးအုပ်ရာဝယ် နတ္ထိမျှသာ ပါဠိဟောင်းဖြစ်သည်။ နတ္ထိ ပဏ္ဍိတာ-ဟု စာအစောင်စောင် ပါဠိသစ်, ပါဠိလွန်ရှိသည်။

၂၅။ သုမေဓကထာ(အဘိ၊ဋ္ဌ၊၁။၃၃)၌ "မြာဟွဏော"ဝယ် အာဒိဒီဃနှင့် ရမည်ကို မြဟွဏော-ဟု အာဒိ-ရဿနှင့် စာအစောင်စောင်ရှိသည်။

http://www.dhammadownload.com

၂၆။ ဗုဒ္ဓဝင်ဂါထာ(အဘိ၊ဋ္ဌ၊၁။၃၅)တို့တွင်လည်း "ဧဝံ ကိလေသပရိရုဒ္ဓေါ"ဟူသောဂါထာ၌ သိဝမဿယေ ဟု တတိယကွရာ ဇ-နှင့် ရှိရမည်ကို သိဝမဿယေ-ဟု ပဌမကွရာ စ-နှင့် ရှိကြသည်။

၂၇။ သင်္ကိန်းအပြစ်ကို ဆိုရာ၌ "ဗေလုဝပက္ကဝဏ္ဏာ"ဟူသော ပါဠိ(အဘိ၊ဋ္ဌ၊၁။၄၀)၌ သြဋ္ဌတတိယကွရာ ဗ-နှင့်တကွ အကွရာ ၃-လုံးရှိသော ဥသ္ဘစ်ဟော ဗေလဝ-သဒ္ဒါနှင့် ရှေးရှေးစာတို့၌ ရှိသည်။ ယခုကား များသောအားဖြင့် ဝါးဟော ဝေဠု-သဒ္ဒါနှင့် ရှိသည်။

၂၈။ ဗိလာသယာ ဂါထာ၌ "သုဋ္ဌာ"ဟု တာလုဇ ဒုတိယကွရာ ဋ္ဌ-နှင့် မူဟောင်းတို့၌ရှိသည်ကို သုဒ္ဓါ, ဝုဒ္ဓါ-ဟု ၂-ထွေ, ၂-ရပ် စာအစောင်စောင် ရှိသည်။ (အဘိ၊ဋ္ဌ၊၁။၄၇)

၂၉။ နဂရံ ရမ္မာဝတီ နာမ-ဟူသော ဂါထာ(အဘိ၊ဋ္ဌ၊၁။၅၆)၏အခြားမဲ့၌ လူ၏အဖြစ်ဖြင့် စံပယ်တော်မူသော ပြာသာဒ် ၃-ဆောင်ကို ဆိုသော "ယဿ သတ္ထုနော"စသော ဂါထာသည် မူဟောင်း, မူကောင်းတို့၌ မပါမရှိ။ ယခုကား ယင်းသည့်ဂါထာ စာအစောင်စောင်ရှိသည်။

၃၀။ ပါဠိတော်၏အဖွင့် ပုစ္ဆာ ၅-ပါးကို ဆိုရာဝယ် "အဒိဋ္ဌဇောတနာ"ဟု တတိယကွရာ ဇ-နှင့် ရှိရမည်ကို 'စောဒနာ'-ဟု ပဌမကွရာ စ-နှင့်လည်းကောင်း၊ ဒန္တဇတတိယကွရာ ဒ-နှင့်လည်းကောင်း စာအစောင်စောင်ရှိသည်။ (အဘိ၊ဋ္ဌ၊၁။၉၈)

၃၁။ သမယ-သဒ္ဒါ၏ အတ္ထုဒ္ဓါရ၌လည်း "ဒိဋ္ဌေ ဓမ္မေ စ"ဟူသော ဂါထာ(အဘိ၊ဋ္ဌ၊၁။၁၀၀)၌ အတ္ထာဘိသမယာ-ဟု ဟိတ်၏အဖြစ်ဖြင့် ရှိရမည်ကို ယာ၏ရှေ့၌ သဝေဈပ်၍ သမယော-ဟု စာအစောင်စောင်ရှိသည်။ ရှိသည်သို့ လိုက်၍ နိသျအစောင်စောင် ဝိသေသန အဖြစ်ဖြင့် မြန်မာပြန်သည်။

၃၂။ ဝိတက်ဝိစာရအဖွင့်(အဘိ၊ဋ္ဌ၊၁။၁၅၈)၌လည်း အမှုန့်ဟော စုဏ္ဏ-သဒ္ဒါ။ ဆီဟော တေလ-သဒ္ဒါ။ သားမြီးယပ်ဟော ဝါလဏ္ဏုပက-သဒ္ဒါတို့၌ စုဏ္ဏတေလဝါလဏ္ဏုပကေန-ဟု ရှိရမည်ကို စုဏ္ဏ, တေလနောင် ဝိဘတ်ကို ဆုံးစေ၍ ဝါ-နှင့် လ-ကို တစ်ပုဒ်တည်း ကြဲရမည်ကို "သဒ္ဒနယေန ဝါ ဝိသောဒ္ဒာဒိပက္ခေပလက္ခဏေန ဝါ"ဟူသော ထိုထို သို့သော ဂုဏ်တော်အဖွင့်အဋ္ဌကထာတို့၌ ပိ-ကို ရှေ့သို့ ပေါင်းမှား၍ ဝါ-တွင် ဖြတ်ရမည်ကို ပိ-တွင် ဖြတ်မှား၏သို့ 'စုဏ္ဏတေလေန ဝါ'-ဟု ရှေ့ပုဒ်သို့ အပါပြု၍ လ-ကို လည်း 'လဏ္ဏုပကေန ဝါ'-ဟု နောက်ပုဒ်သို့ အပါပြု၍ ဝါ-သဒ္ဒါလည်း တစ်ခုလောင်း

http://www.dhammadownload.com

စွက်၍ ဟောင်းသာဟောင်း၍ မကောင်းသောမူတို့၌ ပါ၌ပျက်ရှိသည်။ ရှိသည်သို့ လိုက်၍လည်း ယောဇနာဆရာ အဖွင့်မှားသည်။

၃၃။ ဟိရိဩတ္တပ္ပ(အဘိ၊ဋ္ဌ၊၁။၁၆၉)ဝယ်–

ဂရဟိသန္တိ တံ ဝိညူ။ **အသုစီ နာဂရဟိတော** ယထာ။
ဝဇ္ဇိတော သီလဝန္တေဟိ၊ ကထံ ဘိက္ခု ကရိဿတိ။ –

ဟူသော ပါဠိ၌လည်း အသုစိ-ဟု စိ-တွင် ဖြတ်၍ နာ-ကို နောက်ပုဒ်သို့ အပါပြု၍ နာ၏ နောက်၌လည်း ကဏ္ဌဇတတိယက္ခရာ ဂ-နေရာကို ဩဋ္ဌဇစတုတ္ထက္ခရာ ဘ-ကို ထား၍ ရိ-၏နောက် ကဏ္ဌဇပဉ္စမက္ခရာ က-နှင့် ကောကိုလည်း ဒန္တဇပဉ္စမက္ခရာ တ-နှင့် ရေးသား၍ '**အသုစိနာ ဘရိတော**'-ဟု ဟောင်းသာဟောင်း၍ မကောင်းသောမူတို့၌ ရှိသည်။ ရှိသည်သို့ လိုက်၍လည်း နိသျဆရာတို့ အနက်ပေးချွတ်သည်။

၃၄။ **ပညိဇ္ဇေ၏ နိဒ္ဒေသအဌကထာပါဠိ**(အဘိ၊ဋ္ဌ၊၁။၁၉၂)၌လည်း "အယံပိ သဏ္ဌာဒ္ဒေန ဝိတ္ထဋ္ဌ-ဒ္ဒေန စ ဘူရိဝိယာတိ ဘူရိ"ဟူသော ဘူရိဝိဂ္ဂဟဝယ် သုခုမပရိယာယ် မုဒ္ဒဇဏ-နှင့် ဟ-ကို ယှဉ်၍ '**သဏ္ဌာဒ္ဒေန**'-ဟု ရှိရမည်ကို မုဒ္ဒဇ ဏ-တွင် သီဟိုဠ် ဋ-ဆွဲ၍ '**သဏ္ဌာဋ္ဌေန**' ဟု ယခုစာများ ရှိသည်။ ရှိသည်သို့ လိုက်၍ အချို့နိသျဆရာတို့ အနက်ပေးချွတ်သည်။

၃၅။ **အရူပါဝစရဈာန်အဖွင့်**(အဘိ၊ဋ္ဌ၊၁။၂၅၃)၌လည်း နေဝသညာနာသညာယတနဈာန်ကို ဝိပဿနာပြုရာဝယ် "အဝိ စ အာယသ္မာ သာရိပုတ္တော"မျှသာ ရှိရမည်ကို "အဝိ စ သေယထာပိ အာယသ္မာ သာရိပုတ္တော"ဟု စာအစောင်စောင်ရှိသည်။ ယင်းတွင်လည်း "အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တိ"ဟူ၍မျှသာ ရှိရမည်ကို ဝေ-၏နောက်၌ ဒ-လောင်းစွက်၍ '**ပဋိဝေဒန္တိ**'-ဟု ဟောင်းသာဟောင်း၍ မကောင်းသောမူတို့၌ ရှိသည်။ ရှိသည်သို့ လိုက်၍လည်း အချို့နိသျ အနက်ပေးချွတ်သည်။

၃၆။ **နိယာမကထာ**(အဘိ၊ဋ္ဌ၊၁။၃၁၃)ဝယ် သဘော်သားတို့ စာရေးတံချရာ၌ "ကာလကဏ္ဏီ-သလာက"ဟု မုဒ္ဒဇ ဏ-ဒွေးဘော်နှင့် ရှိရမည်ကို ဏ-တွင် ၃-ဆွဲ၍ '**ကာလကဏ္ဏီ**'ဟု စာအစောင်စောင် ရှိသည်။

၃၇။ **ရူပကဏ္ဏ**(အဘိ၊ဋ္ဌ၊၁။၃၅၁)၌လည်း ယာန, ဇိဝှါ, ကာယတို့၏ အာရုံယူဟန်ကို ဆိုရာ၌လည်း "ယာနဇိဝှါကာယာသမ္ဖုတ္တဝိသယဂ္ဂါဟကာ၊ နိဿယဝသေန စေဝ သယဉ္စ **အတ္ထနော နိဿယံ အလ္လီနေယေဝ** ဝိသယေ ဝိညာဏဟေတုတ္တာ"ဟု ရှိရမည်ကို

http://www.dhammadownload.com

"အလွိနေယေဝ"နေရာ၌ "အနလွိ နနိဿယ ဧဝ"ဟု၊ "အတ္တနော နိဿယံ"၏ နေရာ၌ "အတ္တနော နိဿယဝသေန စ"ဟု စာအစောင်စောင်ရှိသည်။

၃၈။ နိက္ခေပကဏ္ဍ၌ နိဝရဏဂေါစ္ဆက(အဘိ၊ဋ္ဌ၊၁။၄၁၁)ဝယ် သုရာ၏အပြစ် ၆-ပါးကို ပြသော ပါဠိတော်ဝယ် ဓနဇာနိ-ဟု တာလုဇတတိယက္ခရာ ဇ-နှင့်ရှိရမည်ကို 'ဓနတာနိ'-ဟု တာ-ဓာတ်နှင့် စာအစောင်စောင်ရှိသည်။

၃၉။ ယင်းတွင် ၎င်းပဠမအဖြစ်(အဘိ၊ဋ္ဌ၊၁။၄၁၁)၌ "ကောပိနနိဒံသနိ"ဟု ရှိရမည်ကို ဟိရိ-သဒ္ဒါနှင့် 'ဟိရိကောပိနနိဒံသနိ'-ဟု စာအစောင်စောင်ရှိသည်။

၄၀။ သုတ္တန္တမာတိကာအဖွင့်၌လည်း "ဒုဿီလာတိ သီလဿ ဒုဋ္ဌု နာမ(*ဒုန္နာမံဆဋ္ဌမှ*) နတ္ထိ"မျှ ရှိရမည်ကို ဒု-၏နောက်၌ ဋ္ဌု-သဒ္ဒါမလောင်း၍ 'ဒုဋ္ဌုနာမ'-ဟု စာအစောင်စောင် ရှိသည်။

၄၁။ သာခလျနိဒ္ဒေသ(အဘိ၊ဋ္ဌ၊၁။၄၂၅)၌လည်း "ပုရေ သံဝမုနာရီ ဝိယ ကုသုမာရာတိပိ ပေါရိ"ဟု ဣတ္ထိ ပရိယာယ် နာရီ-သဒ္ဒါနှင့် ရှိရမည်ကို ရ-နေရာဝယ် ဒန္တဇ တတိယက္ခရာ ဒ-နှင့် 'သံဝမာဒိ ဝိယ"ဟု ပဘူတိ ပရိယာယ်ကဲ့သို့ စာအစောင်စောင် ရှိသည်။ ရှိသည်သို့ လိုက်၍လည်း နိသျဆရာ-ဟု ပြုသောပုဂ္ဂိုလ်တို့ အနက်ပေး ချွတ်သည်။

ဤသို့ အစရှိသည် အဘိဓမ္မာ၏ အဋ္ဌကထာအမျိုးမျိုးတို့၌ ဆိုဖွယ်များစွာ ရှိ၏။ ပညာရှိက သိလေအံ့သည်။

----- × -----

[၄] ပါဠိတော်တို့တွင်–

၄၂။ ဣန္ဒြိယယမိုက်ပါဠိတော်၌ သုဒ္ဓိန္ဒြိယဝါရ(ယမက၊တ၊၉၉)ဝယ် "သောတံ ဣန္ဒြိယန္တိ? ယံ သောတံ ဣန္ဒြိယံ တံ သောတဋ္ဌေဝ ဣန္ဒြိယဋ္ဌ၊ အဝသေသံ သောတံ၊ နံ ဣန္ဒြိယံ" ဤနည်းအတူ ကာယ, ဉပေက္ခာတို့၌ ဝိဘင်းထွက်ရမည်ကို ပါဠိတော်အစောင်စောင် တို့၌ အာမန္တာ-ဟု ပါဌ်ပျက်ရှိသည်။

၄၃။ ပဌာန်းဥပါဒိန္နတိက်၊ ပစ္စနီယုဒ္ဓါရ၌လည်း ဒုတိယော ပဌမဿ၌ တိဇရုပ်ဖြစ်၍ ဝတ္ထု-ပုရေကိုလည်း မရသာ။ အာရမ္မဏအားဖြင့် ယူပြီးဖြစ်၍ အာရမ္မဏပုရေကိုလည်း အသီးမထွက်သာသည်ကို ပုရေဇာတနှင့် ၆-ပစ္စည်းပါဠိတော် အစောင်စောင်ရှိသည်။

----- × -----

http://www.dhammadownload.com

[၅] သုတ်မျိုးဥွလည်း–

၄၄။ ဖြဟ္မဇာလသုတ်၊ စူဠသီလ(ဒီ၊၁။၄)ဝယ် "အနာစာရီ ဝိရတော မေထုနာ ဂါမဓမ္မာ"သာ ပါဠိဟောင်းရှိသည်။ ယခုအခါ စာတိုဥ် "မေထုနာ အသဒ္ဓမ္မာ ဂါမဓမ္မာ"ဟု စာအစောင်စောင်ရှိသည်။

၄၅။ မုသာဝါဒ(ဒီ၊၁။၄)ဥွလည်း "သစ္စသန္ဓော"ဟု ဒန္တဇ သ-နှင့်၊ "ပစ္စယိကော"ဥွလည်း သြဌဇ ပ-နှင့် ရှိရမည်ကို "ပစ္စသန္ဓော"ဥ သ-နေရာကို ပ-နှင့်၊ "ဝစ္စယိတော"ဥွလည်း ပ-နေရာကိုလည်း 'ဝ'နှင့် စာအစောင်စောင်ရှိသည်။

၄၆။ မဟာသီလ(ဒီ၊၁။၁၁)ဥွလည်း "ဟတ္ထာဘိဇပွန်"၏နောက်ဥ "ဟနုဇပွန်"ဟု စာအချို့ ရှိသည်။

၄၇။ သုတ်မဟာဝါအဋ္ဌကထာဥွလည်း မဟာပဒါနသုတ်အဖွင့်ဝယ် ရေဖြင့် ကမ္ဘာဖျက်သည်ကို ဆိုရာဝယ် "ယာဝ အနဋ္ဌပြဟ္မလောကာ ပူရေတွာ တိဋ္ဌန္တိ"ဟု မပျက်သော ဗြဟ္မာပြည်ကို အနဋ္ဌ-သဒ္ဒါဖြင့် ရှိရမည်ကို န-၏ရှေ့ဥ က-ကို လောင်းစွက်၍၊ န-ကို လည်း ဏ္ဍ-တင်၍ 'ယာဝ အကနိဋ္ဌ'-ဟု စာအစောင်စောင်ရှိသည်။

ဤသို့ အစရှိသော သုတ်မျိုးဥွ ဆိုဖွယ်များစွာရှိ၏။ ပညာရှိက သိလေအံ့သည်။

----- × -----

[၆] သဒ္ဒါမျိုးဥွလည်း–

၄၈။ ကစ္စည်းကျမ်း(၄၂)ဝယ် ပရသမညာ ပယောဂေ-သုတ်၏ ဝုတ္တိဥ ပဋိညာဏ်နှင့်လျော်စွာ ဟ-တွင်၍ ၂၀-ပြည့်သော ယောသရှိရမည်ကို မုဒ္ဓဇ ဋ-နှင့် ၂၁-ပြည့်သာ စာအစောင်စောင်ရှိသည်။

၄၉။ သမာသ်ဥွလည်း ဗဟုဗ္ဗီဟိဝယ် "ယမေတ္ထ ဝတ္တဗ္ဗံ၊ တံ ဟေဋ္ဌာမေဝ"(သဒ္ဒါကြီး။၁၇၁)သည် ရှာသဆရာ သယံပကတိတကို ရုပ်မစီရင်လို၍ အောက်ကို ညွှန်သောစကား ဖြစ်သည်ကို ရေးဘိရကား ပါဠိလွန်ဖြစ်သည်။

၅၀။ အာချာတ်(၂၃၁)ဥွလည်း "သွာဒိတော ဏာဏာ ဥဏာ စ"၏သုတ် ဥဒါဟရုဏ်ဥ "အဘိသုဏောတိ၊ သံဝုဏောတိ၊ ပါဝုဏာတိ"မျှသာ ပါဠိဟောင်းဖြစ်သည်ကို "ပါပုဏောတိ ပါပုဏာတိ"ဟု စာအစောင်စောင် ဥဒါဟရုဏ်လွန် ရှိသည်။

http://www.dhammadownload.com

၅၁။ မောဂ္ဂလာန် ၉-ပါးတွင်လည်း သန္နိမောဂ္ဂလာန်(၅၄)၌ တစတ္တာလီသဝဏ္ဏကို ဆိုရာဝယ် အ,အာ၊ ကွ,ဤ၊ ဥ,ဦ၊ ဧတ်,ဧ၊ ဩတ်,ဪ-ဟု ဧတ်ရသ, ဩတ်ရသနှင့် ရှိရမည်ကို စာအစောင်စောင် ဧဧ, ဩဩ-ဟု ဒီဃနှင့်ပါ၌သာ ရှိသည်။

၅၂။ သဒ္ဒါငယ်တို့တွင်လည်း ကစ္စာယနဘေဒ၌ "ကွမေ အကာရကာ မတာ"တွင်ရွေ့သာ အကျဉ်းဥဒ္ဒေသနှင့်အညီ ကာရကဘေဒ ပါ၌ဟောင်းဖြစ်သည်။ "ယဿ ကတ္တစိ ဝိဘတ္တိ တံ"စသော ဝိသေသနကို ခွဲဝေသောစကားသည် ပါ၌သစ်ဖြစ်သည်။

၅၃။ သဒ္ဒသာရတ္ထဇာလိနီ၌လည်း "အတ္ထာပကရဏာ လိင်္ဂါ"စသော အကျဉ်းဥဒ္ဒေသနှင့်အညီ "သီဟော ဂါယတိ"ဟူသော အတ္ထ၏ဥဒါဟရဏ် ရှေးရှိရမည်ကို "ဒါနသာ-လာယကေ ဌတွာ"ဟူသော ပကရဏ ဥဒါဟရဏ် စာအစောင်စောင် ရေး၍ ရှိသည်။

ဤသို့ အစရှိသည့်သဒ္ဒါမျိုး၌ ဆိုဖွယ်များစွာရှိ၏။ ပညာရှိက သိလေအံ့သည်။

----- × -----

[၇] ဇာတ်အမျိုးမျိုးတို့တွင်လည်း–

၅၄။ တေမိဇာတ်၌ "တာသု ဧကံပိ ပုတ္တံ ဝါ ဓီတရံ ဝါ နာလဘိ" ဟု ဧကဝုစ်နှင့် ရှိရမည်ကို "န လဘိသု"ဟု ဗဟုဝုစ်နှင့် စာအစောင်စောင်ရှိသည်။

၅၅။ ဝံသာနုရက္ခတောဋ္ဌလည်း ဏ္ဍုပစ္စည်း၏ကာရိယနှင့် 'ရက္ခကော'-ဟု ရှိရမည်ကို 'က္ခ' ထက် ဂ္ဂ-တင်၍၊ က-ကိုလည်း တ-အဖြစ် ရေးသား၍ "ရက္ခိတော"ဟု စာအစောင်စောင်ရှိသည်။

၅၆။ "တယိ မနုဿလောကေ ဥပ္ပန္နေ"၌လည်း လောကေ-ဟု သို့-ဝိဘတ်၏ ကာရိယ ဧ-နှင့် ရှိရမည်ကို အံ-ဝိဘတ်နှင့် လောကံ-ဟု စာအစောင်စောင်ရှိသည်။

ဤသို့ အစရှိသည် ဇာတ်မျိုး၌ ဆိုဖွယ်များစွာရှိ၏။ ပညာရှိက သိလေအံ့သည်။

----- × -----

[၈] ပညာကြီး,ပညာကျယ်တို့သည် ပေတွင်ရေးတိုင်း, သူပြတိုင်း ယူတော်မမူကုန်။ အရေးပျက်, အဖတ်ပျက်, အဖြတ်ပျက်, အစပ်ပျက်, ဗန္ဓပျက်, အနက်ပျက်၊ ဤပျက်ခြင်း ၆-ပါးနှင့် ဆင်ခြင်၍ သဘောမိမှ ယူကုန်သည်။

http://www.dhammadownload.com

၅၇။ "နမော ဗုဒ္ဓါ"၌ အဲ-ကို သဝေထိုးနောက်ပြစ်၍သော်လည်း သသ်ကရိုက်ကျမ်းနှင့်အညီ ရေးသင့်ရမည်ကို ထိုသို့မဟုတ်လည်း သ-သက်သက်ကို နောက်သို့ ပစ်၍ ရေးသင့်ရမည်။ က-ကို ယပင့်၍ နောက်ပစ်နှင့် ကျဲ-ဟု ရေးကြသည် အရေးပျက်သည်။

၅၈။ စဒိပ် ၉-ကြောင်း၌လည်း "ဒေ ဝါ ဒွေ ဝါ ပမာ"ဟူသော ကလာပ်လက္ခဏာနှင့်အညီ မုဒ္ဓဇ ၌-ထက်၊ ဩဠဇ ပ-ထက်စီ၍ "ဒွေ နဝါ အမျိုဒသ"ဟူ၍လည်းကောင်း၊ အဟ္ဟာ ဒသ-ဟူ၍လည်းကောင်း ရေးရမည်ကို "ဒွေ နဝါ အဿဒါ ဒသ"ဟု ပ-နေရာကို သ-ရေးခြင်း၊ ဒန္တဇတတိယက္ခရာ ဒ-ရေးခြင်း၊ ခြား၍ ရေးခြင်းများသည် အရေးပျက်သည်။

၅၉။ ပြဟ္မာ-ဟူသော ပုဒ်ကို အာယသ္မာကဲ့သို့ ဟ-လည်း ထင်အောင်, မ-လည်း ထင်အောင် ဖတ်အပ်၏။ သို့ထင်အောင် ဖတ်ရမည်ကို မဖတ်မူ၍ ဟ-ကို ဖျောက်လျက် ဥစ္စာရဏ ဒီပနီကို အခိုင်အမာပြု၍ မဝဂ္ဂန်ကို ထင်စေလျက် ရွတ်ဖတ်ခြင်းသည် အဖတ်ပျက်သည်။

၆၀။ ကလာပ်ကျမ်း၌လည်း မိုးကြိုးသွားသဏ္ဌာန် အက္ခရာကို ပြသော "ကိ ဣတိ ဇိတ္တာ မူလိရာ"ဟူသော သုတ်၌ မိုးကြိုးသွားတင်ကို "နှုဿ နွှော ယောသု စ"သုတ်၌ တု-ကို န-သံယုတ်ကို မငဲ့ဘဲ ဖတ်၏သို့ ဝိသဇ္ဇနီ၏ကာရိယ မိုးကြိုးသွားကို မငဲ့ဘဲ ဖတ်ရမည်ကို မဖတ်မူစွ ဣတာက-စသည် ဖတ်ကြခြင်း၊ ဆင်ဦးကင်းသဏ္ဌာန် အက္ခရာကို ပြသော "ကှ ဣတျု ပ ဓမ္မာနိယာ"ဟူသောသုတ်၌ ဆင်ဦးကင်းထက် ကှ-ကို ဆင်ဦးကင်းကို မငဲ့ဘဲ ဖတ်ရမည်ကို မဖတ်မူ၍ ဥပတ်-စသည် ဖတ်ကြခြင်းသည် အဖတ်ပျက်သည်။

၆၁။ ကေဝနောကာ-ဟူသောပုဒ်၌ *(ကေဝ+နောကာ)* အလယ်၌တည်သော 'ဝ'ကို ရှေ့သို့ ပေါင်း၍ ကေဝ-ဟု 'ဝ'တွင် ဖြတ်မူ 'ကေဝ'သည် ပီဿနိုးကို ဟောသည်။ 'နောကာ' သည် လှေကို ဟောသည်။ *(ကေ+ဝနောကာ)* 'ဝ'ကို နောက်သို့ ပေါင်း၍ 'ဝ'တွင် ဖြတ်မူ ကေသည် ဆံကို ဟောသည်။ 'ဝနောကာ'သည် မျောက်ကို ဟောသည်။ ဤသို့ အစရှိသော အနက်နှင့်လျော်စွာ ဖြတ်ရမည်ကို မဖြတ်မူ၍ မသင့်သော ဖြတ်ခြင်းဖြင့် ဖြတ်ခြင်းသည် အဖြတ်ပျက်သည်။

၆၂။ "ဝဂ္ဂါ ပဗ္ဗ ပဗ္ဗသော မန္တာ"ဟူသောသုတ်၌ ပဗ္ဗ ပဗ္ဗသော-ကို "တဒ္ဓိသေသန နိဒ္ဒေ-သော"ဟူသော နိဒ္ဒေသနှင့်အညီ ဝဂ္ဂါသို့ စပ်ရမည်ကို မန္တာသို့ စပ်မှား၏။ သို့မစပ်တန်သည်သို့ စပ်ခြင်းသည် အစပ်ပျက်သည်။

http://www.dhammadownload.com

၆၃။ "နဌကွရေသု(ပါဒေသု) သွာဒိမှာ"စသော လက္ခဏာနှင့်အညီဖွဲ့သော ဗန္ဓသည်သာလျှင် ဗန္ဓရှင် ကို မဟာကဝိပညာရှိ၏အဖြစ်ကို ပြတတ်သည်။ ထိုသို့ မဟုတ်မူကား "ဒုပြရုတ္တ ပုန ဂေါ တွံ။ ပြယောတ္တသောဝ သဲသတိ"ဟူသော ဒဏ္ဍီပါဠိနှင့်အညီ ယင်းဗန္ဓသည် ပင်လျှင် ဗန္ဓရှင်ကို နွားဖ၏အဖြစ်ကို ပြတတ်သည်။ ဤသို့ ဆန်းလက်ာ လက္ခဏာမရက ဂါထာဗန္ဓဆိုသမျှသည် ဗန္ဓဖျက်ဖြစ်သည်။

၆၄။ အနက်ဖျက်-ဟူရာ၌ အနက်သည် ပဒတ္ထလည်း ရှိသည်၊ သင်္ကေတတ္ထလည်း ရှိသည်၊ ရာဇာကို မင်း-ဟု ပေးခြင်းသည် ပဒတ္ထဖြစ်သည်၊ မင်း-ဟူသည်ကား စီရင်ခွဲခြမ်းတတ် သော လူထူးတည်း-ဟု ပြခြင်း, ကြားခြင်းသည် သင်္ကေတတ္ထဖြစ်သည်။ ယင်းပဒတ္ထနှင့် သင်္ကေတတ္ထမညီ ယူသည်ကိုလည်း အနက်-ဟူသည်။

၆၅။ "ဒွေ'မေ ဘိက္ခဝေ တထာဂတံ အဘ္ဘာစိက္ခန္တိ။ *(ကတမေ ဒွေ?)* ယော စ နေယျတ္ထံ သုတ္တန္တံ 'နီတတ္ထော သုတ္တန္တော'တိ ဒီပေတိ။ ယော စ နီတတ္ထံ သုတ္တန္တံ 'နေယျတ္ထော သုတ္တန္တော'တိ ဒီပေတိ"(အံ၊၁။၆၁)ဟူသော ဒေသနာနှင့်အညီ နေယျတ္ထကို နီတတ္ထ၊ နီတတ္ထကို နေယျတ္ထ-ဟု ယူကုန်သော ပုဂ္ဂိုလ်ယူချက် ဘုရားစွတ်တို့၏ဝါဒကဲ့သို့ ယူခြင်းကို အနက်ဖျက်-ဟူသည်။

ဤသို့ ပညာကြီး, ပညာကျယ်တို့သည် သူပြတိုင်း မယူကုန်၊ ပျက်ခြင်း ၆-ပါးနှင့်*(ဖြင့်)* ဆင်ခြင်၍ သဘောအဓိပ္ပါယ်မိမှ ယူတော်မူကြကုန်သည်။

----- × -----

[၉] ကေစိဆရာတို့ စီရင်ဆုံးဖြတ်သည့် နွေးသုရာဝိနိစ္ဆယ၏ အဖွင့်ဖြစ်သော အနုသုရာ ဝိနိစ္ဆယကို ဆိုပေအံ့။

နွေးသုရာဝိနိစ္ဆယ၌ ထုတ်ဆောင်၍ ပြအပ်သော ဤ"တာလနာဠိကေရာဒီနံ ပုပ္ဖရသဿ ဂဟိတအဘိနဝကာလတောယေဝ စ ပဌာယ"ဟူသော ပရဝါဂျ(သာရတ္ထ၊ဋီ၊၃။ ၇၉)သည် မူဟောင်း, မူကောင်းတို့၌ မလာမရှိ။ ဤဋီကာကို ပြုသော အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု ဆိုသည်ကို အရပ်ရပ်ကြည့်ဖူးသည့် ဋီကာများတွင် ပါရှိသည့်နည်း ပြပါမည်-ဟု မှာစာတလျားလျားနှင့် အားထုတ်ရှာရလေသည်မှာ မျောက်ကို လူ-ဟု ပြသော်လည်း ပညာနည်းသူတို့သာ လူ-ဟု မှတ်နိုင်ဘိမည်။ ပညာကြီးသူတို့မှာ မျောက်အရာ,အထောင်ပင် ပြငြားသော်လည်း မျောက်ပြယောက်ျား တလျားလျားရှိလေသကဲ့သို့ ဟောင်းလည်း ဟောင်းအောင်, ကောင်းလည်း ကောင်းအောင် မပြနိုင်သဖြင့်

http://www.dhammadownload.com

ပင်ပန်းမည်သာ။ ဥပမာဆိုသော် မြေရှင်ကို လှည့်ပတ်လိုသော မြီစားသည် မြီကို လက်ရမ်း လက်ဆပေးသည်ကို မြေရှင်ပညာရှိ မသိမ်းယူပေရာ။ မြီကို ရှု၍ ချိန် ၃-ခုဖြင့် ချိန်လေသကဲ့သို့ ချိန် ၃-ခုပမာ ဆရာမြတ်တို့ထားခဲ့သော အဋ္ဌကထာ, ဋီကာနည်း, နေတ္တိနည်း, မဟာနိဒ္ဒေသ နည်းတို့ဖြင့် ချိန်၍ ရသော်သာလျှင် ပညာကြီးသူတို့ ယူတော်မူကုန်သည်၊ သူပြတိုင်း ယူတော် မမူကုန်။

မှင်ဆံရှိစေကာမူ ကေသရာဇာစစ် မဖြစ်သေးသည်ကို ကေသရာဇာအစစ်-ဟု အတုအပ အသံပြုက ခွေးအ-စင်စစ် ဖြစ်လေအံ့သည်။ သာရတ္ထဒီပနီဋီကာ မစစ်သည်ကို သာရတ္ထဒီပနီဋီကာစစ်-ဟု အတုပြုတုံသော်လည်း နနုဋ္ဌကနည်း, သမုဋ္ဌာနာသတ္ထကနည်း, ပယောဇနဆက္ကနည်း, သမ္ဗန္ဓဆက္ကနည်း, ဥပဂ္ဃါတပဋ္ဌကနည်း, ဟေတုစတုက္ကနည်း, ဥပမာ စတုက္ကနည်း, ဇကနာဋီကထာတိကနည်း, ဘေဒကထာတိကနည်း, ပဒတိကသံဝဏ္ဏနာနည်း၊ ဤသို့ အစရှိသော အဋ္ဌကထာနည်းများစွာနှင့် လက္ခဏာမညီရကား ကေသရာဇာခြင်္သေ့တုပမာ ဋီကာ အ-စင်စစ်ဖြစ်လေအံ့သည်။

ဇရသိဂီလ၊ တောခွေးအ-သည် အခြေ ၄-ချောင်းရှိခြင်း ခြင်္သေ့မင်းနှင့်တူလျှင်း စေကာ သီဟာမာနစိတ်ရှိထ၍ သံပကြုံးဝါး ဟောက်တုံငြားလည်း ဘေဒဏ္ဍာက အသံ အ-သာ ထွက်ရာလေသကဲ့သို့ ဋီကာနယ နည်းသို့ချက ဇရသိဂီလ-သဒ္ဒပမာ ကျရာလေအံ့သည်။

အမ္ဘုသဉ္စရီ၊ ကုက္ကုဋိသည်၊ အကယ့်အယောင်၊ အတောင် ၂-ဖက်၊ ခြေ,လက်မုခ၊ စုံကာမျှကို၊ ကြက်ဖအတု၊ တွန်ဟန်ပြုသည်လည်း အမ္ဘုသဉ္စရီ၊ ရဝိရဝ၊ ကြက်မ-မည်ချက်၊ ရယ်ဖွယ်ထွက်သကဲ့သို့ ကြိယာကာရက မဆိုက်ရာ၊ ရယ်ဖွယ်သာလျှင် ဖြစ်ရာလေအံ့သည်။ ဟောင်းသာဟောင်း၍ မကောင်းသည်ကိုလည်း မူစာအစောင်စောင်ရှိသည်-ဟု ပမာဏပြု သာမည်မဟုတ်-ဟု မုချဆတ်ဆတ် မှတ်ယူအပ်သည်။

ဤတွင် စကားတစ်ရပ် ပြီး၏။

----- × -----

[၁၀] ဤ "တာလနာဋိကေရာဒီနံ ပုပ္ဖရသဿ ဂဟိတာဘိနဝကာလတော ယေဝ စ ပဌာယ"ဟူသော ပရဝါကျသည် အရှင်သာရိပုတ္တရာ၏စကားတော်ရင်း အကယ်၍ ဖြစ်ငြားအံ့၊ "တာလနာဋိကေရာဒီနံ ပုပ္ဖရသဿ ဂဟိတာဘိနဝကာလတောယေဝ စ ပဌာယ"သာ ဆိုတော်မူရာ၏။ "ရသံ"ဆိုက်ရာ ပရပဌမန္တကတ္ထားကို ဆိုတော်မမူရာ။ နိစ္စမသတ်၏ ဆိုဆိုက်ရာ မရ၊ ယင်းပဒကို ဆိုသဖြင့် သမ္ဗန္ဓဆက္ကနည်းနှင့် ဆန့်ကျင်မူကား အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

http://www.dhammadownload.com

ယင်းပါဠိသည် ဗီဇတော-ဟူသော သံဝဏ္ဏေတဗ္ဗ၏ သံဝဏ္ဏနာဖြစ်သည်။ သံဝဏ္ဏနာတို့သဘောသည် ဆင်ရုပ်သည် ဆင်နှင့်တူသကဲ့သို့ သံဝဏ္ဏေတဗ္ဗနှင့်ဆိုက်ရာ ကြိယာ-စသည်တူမြဲ။ ဤ၌ ဗီဇတော-ဟူသော သံဝဏ္ဏေတဗ္ဗကား "ပဌာယ ပိဝတော"ဟူသော သံဝဏ္ဏေတဗ္ဗ ကြိယာ၌ ဆိုက်ဆိုသကဲ့သို့ "ဂဟိတာဘိနဝကာလတောယေဝ"ဟူသော သံဝဏ္ဏနာကား "ပဌာယ န ပါတဗ္ဗံ န ဝဋ္ဋတိ"စသော သံဝဏ္ဏနာ၌ ဆိုက်ခဲ့။ ဤသို့ သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာဆိုက်ရာ ကွဲလွဲရသည်ကို ထောက်သဖြင့်လည်း အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

သံဝဏ္ဏေတဗ္ဗ-၌ ပိဝတော-ဟူသော ကြိယာ၏ကံသည် "ဧတံ သုရံ ဝါ မေရယံ ဝါ"(ဝိ၊၄၊၃။၁၂၇)ဖြစ်ခဲ့၊ သံဝဏ္ဏနာ၌ ပိဝတော-ကြိယာ၏ကံသည် "နံ ပါတဗ္ဗံ"စသည်တည်း။ ကြိယာသို့ ဆိုက်လေသော ပဒဝိပလ္လာသဖြင့် လာသင့်သော 'ရသ'-ဖြစ်ခဲ့။ ဤသို့ သဒ္ဒနယပြင်ပြင် ဆန့်ကျင်သဖြင့်လည်း အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

သံဝဏ္ဏေတဗ္ဗ၌ "သုရံ ဝါ မေရယံ ဝါ"ကံ၏အရကား ယစ်မျိုးရသည်ဖြစ်ခဲ့၊ သံဝဏ္ဏနာ၌ ပဒဝိပလ္လာသဖြင့် ရသင့်သောကံ၏အရကား ယစ်မျိုးအကြောင်း ဗီဇရသည်ဖြစ်ခဲ့၊ ဤသို့ အတ္ထနယပြင်ပြင် ဆန့်ကျင်သဖြင့်လည်း အရှင်သာရိပုတ္တရာ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

သံဝဏ္ဏေတဗ္ဗ၌ ကံတခြား၊ သံဝဏ္ဏနာ၌ ကံတပါး-ဟူငြားအံ့။ ယင်းသို့ သဘောမရှိ၊ ပါဠိမုတ္တဝိနိဏ္ဆယလည်း မဟုတ်၊ သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာအစုံပင်ဖြစ်၍လည်း ကံမပြားသေးသည်ကို ထောက်သဖြင့် အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

သံဝဏ္ဏေတဗ္ဗ၌ "သုရံ ဝါ မေရယံ ဝါ"ဟူသော ကံကို ပဒဝိပလ္လာသဖြင့် ရသင့်သော ရသကံဖြင့် ဖွင့်သည်ဟူငြားအံ့။ သံဝဏ္ဏေတဗ္ဗကံကား ကျယ်ခဲ့၊ သံဝဏ္ဏနာကံကား ကျဉ်းခဲ့၊ သံဝဏ္ဏနာ မထင်ရှားခဲ့၊ ဤသို့ ကျယ်သည်ကို ကျဉ်းသဖြင့်, ထင်ရှားသည်ကို မထင်ရှားသဖြင့် ဖွင့်ခဲ့ရကား ဖွင့်သည် မမည်၊ ပိတ်သည် မည်ခဲ့၏။ ဤသို့ ထောက်သဖြင့်လည်း အရှင်သာရိ-ပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

"သံဝဏ္ဏေတဗ္ဗ ဗီဇတော"၌ ဗီဇ-သဒ္ဒါသည် ဗီဇကာလ-ကို ဟောသည်နှင့်အညီ သံဝဏ္ဏနာ၌ "တာလနာဠိကေရာဒီနံ ဂဟိတာဘိနဝကာလတော"ဟု ဖွင့်လျှင် ပြီးကောင်းပြီးလျက် ယင်းကာလ၌ ကာလဝန်းကား တခြားမရှိ။ ဗီဇကာလတစ်စိတ်ဖြင့် မှတ်အပ်သော

http://www.dhammadownload.com

သံဝဏ္ဏောတဗ္ဗကံသည်ပင် လာရမည်ကို ကာလဝန်တခြားရှိ၏သို့ 'ရသော (ရသံ)'-ကို တဖန် ဆိုပြန်သဖြင့်လည်း အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသာလှတော့သည်။

သုရာဝိနိစ္ဆယ၌ "န ပါတဗ္ဗံ"ကို ပါဠိသေသအဖြစ်ဖြင့် ထည့်၍ သမ္မန်လိုက်သည်လည်း အနက်စကားကျ ကောင်းလှသည်နှင့် တပါးဦးကာတို့၌ အပြည့်အစုံလာသည်ကို ထောက်၍ "မမ စစ"သမ္မန်လိုက်သည်သာဖြစ်သည်၊ ကျမ်း၏သဘော မရ။ 'ပါဠိသေသ'-ဟူသည်လည်း ရှေ့,နောက်မြော်ကာ ကြိယာ-စသည် မရှိရာ၌သာ ဆိုသည်၊ ရှိရာ၌ မဆို။ ဤ၌ ပိဝတော-ဟူသောကြိယာသည် ထင်ရှားရှိပြီးရကား 'န ပါတဗ္ဗံ'-စသည် မထည့်သင့်ပြီဖြစ်၍လည်း အရှင်သာရိပုတ္တရာ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

ကာရကသမုစ္စယ စ-သဒ္ဒါနှင့် ယှဉ်၍ အပါဒါန, ကာရက ၂-ပါးကို စပ်ကာဆိုသဖြင့် ကြိယာတပါး စပ်သွားလေသော ကာရကတပါး မခြားသင့်သည်ကို ထောက်သဖြင့်လည်း အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

ချုတ်ယွင်းသောပုဂ္ဂိုလ်တို့ မြန်မာပြန်သကဲ့သို့ "ရသော(ရသံ)၊ အရည်သည်(ကို)။ ပိဝတော၊ သောက်သောရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏"ဟု မြန်မာပြန်ရမည်လည်း "ကုသလာ ရူပံ စက္ခုမာ"စသည်ကဲ့သို့ အသမ္ဘန္ဓဒေါသ ရောက်သည်ဖြစ်၍ အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

"ယထာရူပေ အဒိန္နာဒါနေ"ဟူသောပုဒ်၌ ယထာရူပေ-ကို အဒိန္နကစိတ်တွင် ဆိုက်၏သို့ 'ရသော'(ရသံ)-ဟူသော ကတ္တားကို ဂဟိတစိတ်တွင် ဆိုက်ရမည်လည်း ရှေးကဲ့သို့လည်း ကောင်း ဝေါဟာရာနုသိဒ္ဓိမဖြစ်ခြင်းကြောင့် အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

ကခ်ီဋီကာ၌ ပဌာယ-ဟူသော ဝိသေသနနောက် စေဝ-သဒ္ဒါ, စ-သဒ္ဒါထိုင်လျက် "ပိဝန္တသ ပါစိတ္တိယံ"ဟူသော သံဝဏ္ဏောတဗ္ဗ၏ အနက်စကားကျဖြစ်သော 'န ပါတဗ္ဗံ'ဟူသော သံဝဏ္ဏနာကြိယာနှင့် 'ရသော'-နှင့်တကွ ဝါကျ ၂-ပါးကို ဆိုက်၏။ သို့'ပဌာယ'နောင် 'စေဝ' မယှဉ်သည်ဖြစ်၍လည်း "န ပါတဗ္ဗံ"စသည် သံဝဏ္ဏနာကြိယာချည်း မဆိုက်သာ။ မူလသိက္ခာဋီကာ, ဝိနယဝိနိစ္ဆယဋီကာတို့၌ ပုဗ္ဗဝါကျသည် သံဝဏ္ဏောတဗ္ဗကြိယာသို့ ပရဝါကျသည် သံဝဏ္ဏနာကြိယာသို့ ဆိုက်၏သို့လည်း သမုစ္စယ-စ မပါ၊ ပဌာယ ၂-ချက် မဆိုသည်ဖြစ်၍လည်း မဆိုက်သာ။ ဤကို ထောက်သဖြင့်လည်း အရှင်သာရိပုတ္တရာ၏ စကားတော်ရင်း မဟုတ်-ဟု သိသင့်လှတော့သည်။

http://www.dhammadownload.com

ဤကား ကေသရာဇာမှန်သည် မှင်ဆံသက်သေဖြစ်သကဲ့သို့ သာရတ္ထဒီပနီဋီကာ၌ ပရဝါကျ ပါရိုးမှန်သည်ကို ဇမ္ဗူဒီပါကျွန်းလုံး၌ သာရတ္ထဒီပနီဋီကာဆိုသည်မျှကိုပင် ပြပါမည်ဟု မှာစာတလျားလျားနှင့် ကြုံးဝါးပြန်လေသောကြောင့် ပါဠိဟောင်းမဟုတ်ကြောင်းကို ဆန်းဆန်းကြယ်ကြယ် ထွေထွေပြားပြား ထူးထူးခြားခြား သိမ်မွေ့လှစွာ နုနုပါအောင် ဆိုသောစကား တည်း။

သုရာဝိနိစ္ဆယဝယ် ရှေ့နောက်မျှော်မျှော် ပြေပြေပြစ်ပြစ် ဆစ်ဆစ်ချက်ချက် တိုင်းထွာပြီးမှ စီစဉ်၍ သေချာစွာ ဆိုသည်။ "ယစ်မျိုးဟူသမျှကို တဆေးသမ္ဘာရ ထည့်မှသာလျှင် ယစ်မျိုးဖြစ်သည်၊ တဆေးသမ္ဘာရ မထည့်လျှင် ယစ်မျိုးမဖြစ်" သုရာဝိနိစ္ဆယ၌ ပါလတ်သည်-ဟု **'မေးကား မေး၏ စကားလုပ်၊ ဖြေကား ဖြေ၏ မဟုတ်၊ ချပ်ကား ချပ်၏ မကြေပ်၊'** အမေး စကား လုပ်၊ အဖြေ မဟုတ်။

မကြေပ်ချပ်သည်မှာ ရှေးသရောခါ ညီအစ်ကို ၂-ယောက် တရားစီစစ်ရာ ခုံသမတ်တို့သည် ညီ 'ငကြီးကို ရစေ'ဆုံးဖြတ်စီရင်သည်ကို အစ်ကိုမိုက်သည် မည်မှန်းမသိ ဖြတ်စာရှိလျက် ဆိုမိဆိုရာ မောဟာဂတိ လွှမ်းမိုးဘိ၍ ငကြီး၌ ငအက္ခရာကို မျက်စိမှိတ်၍ 'အကြီးရစေ' စီရင်သော-ဟု ပလေပစာ ဝါစာလေလွင့် ပြင်ပလွင့်လည်း လွှင့်တိုင်းမတည်ရာ ဖြတ်စာသက်သေဖြစ်လေသကဲ့သို့ ဖြတ်စာပမာ သုရာဝိနိစ္ဆယရှိပြီး ဖြစ်သည်။

ရှေးခါ သူ ၂-ယောက် မည်သည့်နေ့ကို ဆိုင်ကြဆို၏။ ဆိုတိုင်း မပြိုင်မဆိုင် မရောက်၊ သစ္စာဖောက်က၊ ရှုံးကြစတမ်း၊ စကားကန်း၍၊ အတူတကွ၊ နိစ္စမကွာ၊ ထွက်ကြလာသည်ကို "ဖပေါင်းဘိ ပေါင်းထုပ်လျှင် ပေါင်းထုတ်၍" ဟုတ်ဟုတ်ရက်ရက် လွှတ်သို့တက်လည်း တက်တိုင်းမဖြစ်ရရာ မင်းထံရောက်က ဖုတ်ဖုတ်ကျသို့ ရာဇပမာ သုရာဝိနိစ္ဆယ ရှိပြီးဖြစ်သည်။

သူ့ငါကစ ပဌမပဉ္စင်းလောင်းတော် ဆိုသမျှသည် နှစ်ရှည်လကြာ စာပေကြိုးကုတ်အားအံထုတ်မှ ပဌမအညီဖြစ်ရသည်ကို သိမ်ကို ရှေးဦးစွာဝင်ကာ ပဌမဦးဖြစ်သည် အမှတ်တည်၍ မည်မှန်းမသိရှာ။ ရှေးခါ ပဉ္စင်းလောင်း ၁-ပါး သိမ်ဝင်မှား၏သို့ ထင်ရှားလေတော့သည်။ ဤကား အမေးလုပ်သည်၊ အဖြေမဟုတ်။ မကြေပ်ချပ်သည်၌ နုနုပါအောင်ဆိုသော စကားတည်း။

ရှေးသုရာဝိနိစ္ဆယ၌ မေရယကို မည်မှန်းမသိ၊ မေရယတွင် မသွင်း၊ တရုဏသုရာ၌ သွင်းသည်ကို 'မေရယနုသည် မေရယကိုသာ စွဲ၍ဖြစ်သည်၊ သေနုသည် သေကိုသာစွဲ၍ ဖြစ်သည်'-ဟု မှာစာတလျားလျားနှင့် ကြုံးဝါးရရှာလေသည်မှာ ဥပမာကား နှ-တစ်လုံး, မ-တစ်လုံး မည်မှန်းမသိ၊ အရစ်,အပင့် မည်မှန်းမသိ၊ သူတစ်ယောက်သည် ဆိုတိုင်းဟုတ်သည်

http://www.dhammadownload.com

ဟု မှတ်၍ ရွန့်သည် ပရိယာယ်၊ အရစ်သံနှင့် အစ်ကိုကို "ငါကြောက်သည်"ဆိုရမည်ကို အပင့်သံနှင့် "ငါကျောက်သည်"ဆိုချေ၍ သူအထောင်းခံရသဖြင့် အရှက်တကွဲအကျိုးနဲဖြစ်၏ သို့ သွင်းသည်-ဖြစ်သည်ဆိုသော် ၂-ခွန်းစကား ထူးခြားကြောင်းကို မသိရာလေတော့သည်။

ခရမ်းနုသည် ခရမ်းကိုသာ စွဲ၍ဖြစ်သည်၊ ပမာစကားလှ ထွေထွေပြသည်မှာလည်း ဖြစ်သည်ကို ဆိုလိုလျက် ခရမ်းနုသည် ခရမ်းစေ့, ခရမ်းပင်ကို စွဲ၍ဖြစ်သည်သာ ဆိုရမည်။ သွင်းသည်ကို ဆိုလိုလည်း ခရမ်းနုအမည်သည် ခရမ်းအရင့်စွဲ၍ တွင်သည်သာ ဆိုရမည်။ အသွင်အပင်ကို ဆိုလိုလည်း ခရမ်းပင်၌ ခရမ်းနုသည် ခရမ်းနု၌လည်းကောင်း၊ ဘူတဂါမ်ဖြင့် ဝင်သည်-စသည်သာ ဆိုရမည်ကို ရှေးသရောအခါ ကျိုးကို စွဲ၍ဖြစ်သော ကြက် ၁-ခုသည်ကား မိမိလည်း ကျိုးသံမရ ကောက်ပိပိလည်း ကြက်သံ မရ၊ ကကောက်ကို တွဲ၏သို့အဖြစ်တွင် အသွင်းမရ ဝိမုတ္တစကားဖြစ်၍ နှမြောစရာ ရှိရာလေတော့သည်။

သုရာဝိနိစ္ဆယ၌ မေရယကို သုရာ၌ သွင်း၍ တရုဏသုရာဆိုသည်မှာကား ဓမ္မုပမာဖြင့် ဤသို့ သိအပ်၏။ ဥပါသကစူဠသောတာပန်သည် ဒီဋ္ဌ, ဝိစိကိစ္ဆာ ကိလေသာ ၂-ပါးကို ပိုင်းပိုင်းပြတ်ပြတ် မဖြတ်ရသေးသည်ဖြစ်၍ သောတာပန်ကြီး သောတာပန်စစ် မဖြစ်သေး။ မဂ်ရဖိုလ်ရ စူဠသောတာပန်မည်သည်လည်း မရှိ၊ ပုဂ္ဂိုလ်အားဖြင့် ရေတွက်သော် ပုထုဇ္ဇန်ခွင်ဝယ် ကျရာလေသကဲ့သို့ မေရယနုသည် ကြာမြင့်စွာ မထုံအပ်သည်ဖြစ်၍ မေရယကြီးလည်း မဖြစ်သာ၊ ကြာမြင့်စွာ မထုံဘဲလည်း မေရယမျိုး မမည်သည်မဟုတ်၊ ယစ်မျိုးအားဖြင့် ရေတွက်သော် မေရယခွင်၌ မကျ၊ သုရာခွင်၌သာ တရုဏသုရာအဖြစ်ဖြင့် ကျတော့သည် ဆိုလိုသည်။

နို့ခမ်းသည် နို့ခမ်းဖြစ်ခြင်း၏အကြောင်းသာ ဖြစ်သည်။ ယင်းသို့သော်လည်း နို့ခမ်းနုသည် နို့ခမ်းဒမိ-၌ မဝင်၊ နို့ရည်ခဲရ၌သာ ဝင်လေသကဲ့သို့ မေရယကြီးဖြစ်ခြင်း၏အကြောင်း မေရယနုဖြစ်သည်။ မေရယနုသည် မေရယ၌မဝင်၊ သုရာ၌သာ တရုဏသုရာအဖြစ်ဖြင့်သာ ဝင်လေတော့သည် ဆိုလိုသည်။

လောကူပမာကား စိရင်တတ်သည်၊ အရည်အသွားရှိသည်၊ အသည်မသားကို မိမျိုး, ဘမျိုးမှ မလာ၊ ရာဇာမျိုး မစစ်သော်လည်း အသည်မခွင်က ဖြစ်သည်တမင်-ဟု အသည်သာမန်မဆိုသာ။ ရာဇာခွင်က မဟုတ်လျက် ရာဇာစုတွင် မဝင်ရသကဲ့သို့ မင်းဝယ်တစ်ပါးဖြစ်သကဲ့သို့ မေရယနု ကြာမြင့်စွာ မထုံအပ်သည်ဖြစ်၍ မေရယခွင်၌တည်လျက် မေရယတွင် မဝင်သာ။ ဝိဋ္ဌသုရာ-စသည် သုရာစစ်မဟုတ်လျက် သတ္တိမျှကို စွဲ၍ တရုဏသုရာ ဆိုပါသည်။ ဤကား မေရယနုသည် မေရယကိုသာ စွဲ၍ ဖြစ်သည်၊ သုရာနုသည် သုရာကိုသာ စွဲ၍ ဖြစ်သည်-ဟု ခရမ်းနုဥပမာဖြင့် မှာစာတလျားလျား ကြုံးဝါးရာ၌ ဥပမာ ၂-ပါးဖြင့် ဆန်းဆန်း

http://www.dhammadownload.com

ကြယ်ကြယ် ထွေထွေပြားပြား ထူးထူးခြားခြား သိမ်မွေ့လှစွာ နုနုပါအောင် ဆိုကောင်းသော စကားတည်း။

သုရာသည် ၅-ပါးရှိသည်။ ထို ၅-ပါးတို့တွင် ပဋ္ဌသုရာ-ကို အာဒိဒီပက၊ ကိဏ္ဏပက္ခိတ္တသုရာကို မဇ္ဈေဒီပက၊ ထန်းရည်သုရာ၌ အရက်ကို အန္တဒီပကအားဖြင့် ပြတော်မူလိုသော အဋ္ဌကထာဆရာသည်–

> **သုရာ နာမ ပဋ္ဌကိဏ္ဏပက္ခိတ္တာ၊ နာဠိကေရာဒီနမ္ပိ ရသေန ကတာ သုရာတွေဝ သဒ္ဒီ ဂစ္ဆတိ။ တဿာ ယေဝ ကိဏ္ဏပက္ခိတ္တာယ မဇ္ဈေ ဂဟိတေ မေရယောတွေဝ သဒ္ဒီ ဂစ္ဆတိ။** (ပါစိတ္တိယဋ္ဌ၊၄၂)

ဟု အထူးထူးထုတ်၍ ပြတော်မူသည်။

ပဋ္ဌသုရာလောင်းစွက်၍ ပဋ္ဌနှင့် ကိဏ္ဏပက္ခိတ္တာအကြားဌာလည်း ပေယျာလထား၍ **"တဿာ ယေဝ ကိဏ္ဏပက္ခိတ္တာယ"**ကိုလည်း 'တာသံယေဝ ကိဏ္ဏပက္ခိတ္တာနံ'ဟု ဝစနဝိပလ္လာသ ကြံ၍ ပါဠိကို ပြုပြုပြင်ပြင် ပင်ပင်ပန်းပန်း ဒီပကနည်းဖြင့် အားထုတ်ရှာလေသည်မှာ ရပ်စွန်ပြည်နားဝယ် စကားကို အသူကြားအံ့နည်း မှတ်ထင်ရှာလေတော့သည်။ မဟောသဓာသုခမိန်သည် အရှေ့ဇနပုဒ်၌နေလျက် ပညာရှိသည်၊ ရှိသည့်အတိုင်းလည်း ထွန်းသည်။ ရပ်စွန်ပြည်နားဆိုသော်လည်း သာမညမဟုတ်၊ ပညာကြီး,ပညာကျယ် မြောက်ဘက်တလွှား အမှားရှိဘိသည်။ နွား ၅-ခုတွင် ကျွဲနှင့်မြင်းကို ဆောင်ခဲ့-ဟူသော စကားသည် စကားရှင်နှင့် စကား လျောက်ပတ်လေသည်သာ ဖြစ်သကဲ့သို့ သုရာ ၅-ပါးတွင် ထန်းရည်ကြည်သူရာနှင့် အရက်-ဟူသောစကားသည် စကားရှင်နှင့် စကား လျောက်ပတ်လေသည်သာ။

နွားဖြူအစ ၄-ခုမြောက်နှင့် အလယ်၊ ၁-ခုကျော် နွားနှင့် မြင်းအဆုံးဆိုသော စကားသည် တခြားဆိုရာ မရှိ၊ စကားရှင်နှင့် စကားတော်သည်သာဖြစ်လေသကဲ့သို့ သုရာ ၅-ပါးတွင် ပဋ္ဌသုရာ အစ ၄-ခု, ကိဏ္ဏပက္ခိတ္တာသူရာ အလယ် ၅-ပါးဖြင့် ထန်းရည်ကြည်နှင့် အရက်သည် အဆုံး-ဟူသော စကားသည် တခြားဆိုရာ မရှိ၊ စကားရှင်နှင့်စကား တော်သင့်လေသည်သာ။ ပါဠိကို ပြင်ရာ၌လည်း ပါဠိရှင်,ပါဠိ လျောက်ပတ်လေသည်သာ။ ပေယျာလဖြင့် သရုပ်အစေ့ပြသည်ကို ဒီပက-ဟူသည်မှာလည်း ဒီပကရှင်နှင့် ဒီပက တော်သင့်လေသည်သာ။

ယင်းအဋ္ဌကထာပါဠိကို သုရာဝိနိစ္ဆယ၌ ဆိုသည်မှတပါး နည်းတခြားဆိုဦးအံ့။ "သုရာ နာမ ပဋ္ဌကိဏ္ဏပက္ခိတ္တာ"ဟူသော သံဝဏ္ဏနာပါဠိသည် အဘယ်ကို စွဲ၍ ထွက်သနည်းဟူသော် သုရာ ၅-ပါး၌ ကိဏ္ဏပက္ခိတ္တာ-ဟူသော သံဝဏ္ဏောတပ္ပ စတုတ္ထသုရာကို စွဲ၍ ထွက်သည်၊

http://www.dhammadownload.com

ထွက်သော် အဘယ်သို့ ထွက်မည်နည်း။ အရှင်အဌကထာဆရာ! သုံးလူအထွဋ် သဗ္ဗညုတရား မင်းဘုရားသည် ပါဠိတော်၌ ပူဝသူရာ-စသည်ဖြင့် သုရာ ၅-ပါးကို ဟောတော်မူ၏။ ယင်းသုရာ ၅-ပါးသည် 'အိုးနှင့်ဆန် တန်ကာ'ဟူသကဲ့သို့ "ဒြပ်အပါ လောင်းစွက်ခြင်း မည်သည် မပြီး၊ မုန့်စိုင်မုန့်ညက် သက်သက်ဖြင့်သာ ပြုပြင်ခြင်းဖြစ်လေသလော" စုဒ်ရှိရကား "သုရာ နာမ ပိဋ္ဌကိဏ္ဏပက္ခိတ္တာ"ဟု အရှင်အဌကထာဆရာ မိန့်တော်မူသည်။ (ဝိ၊ဋ္ဌ၊၃၊၁၂၂)

ပိဋ္ဌကိဏ္ဏပက္ခိတ္တာ၊ မုန့်ညက်နှင့်တကွ တဆေး သေ၏မျိုးစေ့ထည့်သော သုရာသည်။ သုရာ နာမ၊ **ကိဏ္ဏပက္ခိတ္တသုရာ** မည်၏။

အဓိပ္ပါယ်ကား ပါဠိတော်(ဝိ၊၂၊၁၄၆)၌ ကိဏ္ဏပက္ခိတ္တ သာမန်ဟောတော်မူသော်လည်း တဆေးသက်သက်ထည့်ကာ မယူလေလင့်၊ မုန့်ညက်နှင့်တကွ တဆေးထည့်သော သုရာကို ကိဏ္ဏပက္ခိတ္တသုရာဆိုသည် ယူလေ-ဟူလိုသတည်း။ ဤသို့ ပိဋ္ဌဖြင့် ပူဝသြဒနတို့ကို ယူပါလေ။ ဤနည်းကား "ပါဠိယဲ့ **ကိဏ္ဏပက္ခိတ္တာ**တိ ပိဋ္ဌပူဝါဒီ အပက္ခိပိတ္တာ ကိဏ္ဏသဒ္ဒါတံ့ ဓညကုံရာဒိ-သုရာဇီဇံ ပက္ခိပိတ္တာ ကတာ"ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိ(၂။၄၂)၌ ရှေးပက္ခိပိတ္တာ၌ အ-သဒ္ဒါနှင့် အပက္ခိပိတ္တာလည်း ရှိသည်။ အ-မပါဘဲ ပက္ခိပိတ္တာ-သာလည်း ရှိသည်၊ ၂-ချက်တွင် အ-မပါ ဋီကာပါဠိနှင့် လျော်စေသည်။

တစ်နည်းကား အရှင်အဌကထာဆရာ! သုံးလူအထွဋ် တရားမင်းဘုရားသည် ပါဠိတော်၌ သုရာ ၅-ပါးကို သက်သက်ဟောတော်မူပြီ။ "မုန့်ညက်-စသည်နှင့် တဆေးရောခဲ့သော် အဘယ်မည်လေတုံ့သနည်း။ သုရာမမည်-ရှိတုံလေသလော"စုဒ်ရှိရကား "သုရာ နာမ ပိဋ္ဌ-ကိဏ္ဏပက္ခိတ္တာ"ဟု အရှင်အဌကထာဆရာ မိန့်တော်မူပြန်သည်။

ပိဋ္ဌကိဏ္ဏပက္ခိတ္တာ၊ မုန့်ညက်နှင့်တကွ တဆေးထည့်သော ရသသည်လျှင်။ သူရာ နာမ၊ သုရာမည်သည်သာတည်း။

အဓိပ္ပါယ်ကား ပါဠိတော်၌ သက်သက်ဆိုသည်မထင်-ဟု အရောကို သုရာမဖြစ်မယူလေလင့်။ သုရာမည်သည်ချည်း-ဟူလိုသည်။ ဤကား လူတို့အပြုနှင့် လျော်သည်။ သုရာဝိနိစ္ဆယ၌ ဆိုခဲ့ပြီးသည်နှင့်တကွ ပါဠိ၌ ၃-နည်းကို ဉာဏ်သက်ရာ လေ့ကျက်မှတ်သားလေ။ ၃-နည်းတွင် နောက် ၂-နည်းသည် ကျမ်း၌ သက်လှစွာ၏။

"တာလနာဠိကေရာဒိနမ္မိ ရသေန ကတာ သုရာတွေဝ သဒ္ဒီ ဂစ္ဆတိ"ဟူသော အဌကထာပါဠိ(ပါစိတျာဒိ၊ဋ္ဌ၊၁၂၂)အရ သုရာဝိနိစ္ဆယ၌ ထိုမှတပါး နည်းတခြားဖြင့် ဆိုဦးအံ့။ အရှင်အဌကထာ ဆရာ! သုံးလူအထွဋ် သဗ္ဗညုတရား မင်းဘုရားသည် ပါဠိတော်၌ "ပိဋ္ဌသုရာ ပူဝသုရာ"စသည် ဒဗ္ဗဝိသေသ အသီးအခြား သုရာ ၅-ပါးကို ပြုတော်မူ၏။ ယင်းသို့သာ

http://www.dhammadownload.com

ပြတော်မူခဲ့သော် တဆေး-စသည် သမ္ဘာရဖြင့် ပြုပြင်အပ်သော ထန်းရည်, အုန်းရည်, မင်းပေါရည်, သင်းပေါင်းရည်, တောထန်းရည်, ကြံရည်-စသည်လည်း တဆေး-စသည် အဆောက်အအုံသက်သက်ဖြင့် မပြီးဖြစ်၍ သုရာ ၅-ပါးတွင်လည်း အတတ်မဆိုသာ။ တဆေး-စသည် သုရာ၏ သမ္ဘာရ ရောခြင်းကြောင့် မေရယ ၅-ပါးတွင်လည်း အတတ်မသွင်းသာ။ သုရာ, မေရယ ၂-ပါးမှ မုတ္တဖြစ်၍ ယစ်မျိုးမမည် ဖြစ်လေတုံ့သလော-ဟု စုဒ်ရှိရကား "**တာလနာဠိ-ကေရာဒီနံပိ ရသေန ကတာပိ သုရာတွေဝ သဒ္ဒီ ဂစ္ဆတိ**"ဟူသော ပါဠိ(ဝိ၊၄၊၃။၁၂၇)ကို အရှင်အဌကထာဆရာ မိန့်ပြန်သည်။

တာလနာဠိကေရာဒီနံ၊ ထန်း, အုန်း-စသည်တို့၏။ ရသေန၊ အရည်ဖြင့်။ ကတာပိ၊ ပြုအပ်သော ယစ်မျိုးသည်လည်း။ သုရာသွေဝ၊ သုရာ-ဟူ၍သာလျှင်။ သဒ္ဒီ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဤပါဠိဝယ် သုရာဝိနိစ္ဆယ၌ ဆိုခဲ့သောနည်းနှင့် ၁-နည်း, ၂-နည်း လေ့ကျက်မှတ်သားလေ။

"ဥဿိသင်္ဂေ မံ ဌတွာန၊ ဣဒံ ဝစန'မဗြဝိ"၌ မံ-သဒ္ဒါသည် ရှေး'ဥဿိသင်္ဂေ'ကို ငဲ့မူ သမ္ဗန်၊ နောက်အဗြဝိကို ငဲ့မူ ကံ၊ ဥဘယာပေက္ခဖြစ်သကဲ့သို့၊ "ပရတီရံ ဂစ္ဆန္တော နာဝါယ ဥပရိတလေ"၌ နာဝါ-သဒ္ဒါသည် ရှေ့ဂစ္ဆန္တောကို ငဲ့မူ ကရိဏ်း, နောက်ဥပရိကို ငဲ့မူ သမ္ဗန် ဖြစ်သကဲ့သို့ ဤ၌ ကိဏ္ဏာပက္ခိတ္တာ-သဒ္ဒါသည် ရှေ့'သုရာ နာမ'ကို ငဲ့မူ ကတ္တား၊ နောက်ကတ္တား ပုဒ်ကို ငဲ့မူ ကံ၊ 'ဝိသေသန'-ဟု ဥဘယာပေက္ခကြောင်းလည်း အပြစ်မရှိ။ ကျမ်း၏သဘော သင့်မြတ်စွာ။ "တဿာယေဝ"စသော တတိယဝါကျ၌ ကိဏ္ဏာပက္ခိတ္တာယ-ဟူသော ဝိသေသန နှင့်လည်း လျော်ကပ်တတ်စွာ။ ပညာရှိက သိအံ့သည်။ ဤ၌ သမ္ဗန်သည်ကား ထန်းရည်ကြည်၏ အနီး သမ္ဘာရသည်ပင် ဗီဇမည်ပြီးဖြစ်၍ အရှင်အဌကထာဆရာ မိန့်တော်မူအပ်သော ရသေန ကရ-ဖြင့်ပင် ပြီးပြီဖြစ်၍ မသမ္ဗန်လိုက်သည်။

ဆိုဦးအံ့။ အကယ်၍ ထိုစ စစ်စစ်ထွက်စ ထန်းရည်ကြည်သည်ပင် မပြုမပြင်ရ သုရာစစ်ဖြစ်ငြားအံ့၊ အတိုင်းမသိပညာရှင် အရှင်အဌကထာဆရာသည် သုရာဖြင့် သုရာကို ပြုတော်မမူပေရာ။ အကယ်၍ ဆန်သည်ပင် ထမင်းဖြစ်ငြားအံ့၊ လိမ္မာသော စဖိုသည်သည် ထမင်းဖြင့် ထမင်းကို မချက်ပေရာ။ အကယ်၍ မြီးစေ့သည် သစ်ပင်ဖြစ်ငြားအံ့၊ လိမ္မာသော ဥယျာဉ်သည်သည် သစ်ပင်ဖြင့် သစ်ပင်ကို မစိုက်ပေရာ။ ထို့ကြောင့်ရကား ဆန်သည် ထမင်းဖြစ်သော-ဟူ၏သို့ သစ်စေ့သည် သစ်ပင်ဖြစ်သော-ဟူ၏သို့ ထန်းရည်သည် သုရာဖြစ်သော-ဟု ယူခြင်းသည် အကြောင်းမှတပါး အကျိုးတခြားမရှိ၊ အကြောင်းဟူသမျှသည် အကျိုးမှ

http://www.dhammadownload.com

ဆိတ်၏။ ပကတိဝါဒီပုဂ္ဂိုလ်၏ ပကတိနှင့် အကျိုးတရား-ဟူသမျှသည် အကြောင်းမှတပါး တခြားမရှိ၊ အကြောင်းနှင့်တကွဖြစ်၏-ဟု ယူသော ဒိဿနုကဝါဒီပုဂ္ဂိုလ်တို့၏ ဒိဿနုအလျဉ်း အစပ် အဟပ်အပါ ဖြစ်လေအံ့သည်ကို နမြောစရာ ဖြစ်ရာလေတော့သည်။

တတိယဝါကျ၌ "တဿာ ယေဝ ကိဏ္ဏာပက္ခိတ္တာယ"ကို ဝိပလ္လာသဖြင့် ကြားရာ၌ လည်း တပါးတခြား ထောက်ထားဆိုဖွယ်ရာ မရှိ၊ အနက်ရှင်နှင့်အနက် လျောက်ပတ်လေသည်သာ။ ဤကား—

> **သုရာ နာမ ပိဌကိဏ္ဏာပက္ခိတ္တာ တာလနာဠိကေရာဒီနမ်ဖို ရသေန ကတာ သုရာတွေဝ သချီ ဂစ္ဆတိ။ တဿာယေဝ ကိဏ္ဏာပက္ခိတ္တာယ မဏ္ဍော ဂဟိတေ မေရယောတွေဝ သချီ ဂစ္ဆတီတိ ဝဒန္တိ။**

ဟူသော အဋ္ဌကထာပါဠိ(ဝိ၊ဋ္ဌ၊၁။၁၇)ဟောင်းကို ဖျက်၍ ပဌမဝါကျ၌လည်း ပိဌ-နှင့် ကိဏ္ဏ အကြား ပေယျာလထား၍ တစ်ဝါကျတည်း၏သို့ ဒုတိယဝါကျနှင့်စပ်၍ အနက်သမွှန်လျက် တတိယဝါကျ၌လည်း "တဿာယေဝ ကိဏ္ဏာပက္ခိတ္တာယ"ကို ပုဒ်ပြန်သင့်သည်ကို မပြန်သည်သို့ ပြလျက် ဒီပကနည်း မဟုတ်သည်ကို ဒီပကနည်း-ဟု ပညာနည်းသူတို့ လှည့်ပတ်လျက် မှာစာတလျားလျား ကြံုးဝါးရာ၌ ဆန်းဆန်းကြယ်ကြယ် ထွေထွေပြားပြား ထူးထူးခြားခြား သိမ်မွေ့လှစွာ နုနုပါအောင် ဆိုသောစကားတည်း။

ပါဠိတော်လာ သုရာ ၅-ပါး, မေရယနှင့် အဋ္ဌကထာလာ သုရာ ၃-ပါး, မေရယ ၃-ပါးကို ပေါင်း၍ သုရာ ၆-ပါးဆိုသည်ကို မဆိုသင့်-ဟူသည်မှာ သုရာဝိနိစ္ဆယကို စီရင်သည့် ပုဂ္ဂိုလ်ပင် ပါဠိတော်လာ သင်္ကန်း ၆-ထည်နှင့် အဋ္ဌကထာလာ သင်္ကန်း ၆-ထည်ကို ပေါင်း၍ ၁၂-ထည် ဆိုဖူးတော့သည်-ဟု ဒဗ္ဗဝိသေသဖြင့် အဋ္ဌကထာလာလေ၏သို့ အဋ္ဌကထာလာ သင်္ကန်း ၆-ထည် မမှတ်မတိုင်း မန္ဒိုင်းခိုင်းသာသည်ကို ထိထိပါးပါး မှတ်သားရာလေသည်မှာ ဥပမာကား ငိုချင်းသည်မိန်းမတစ်ယောက် ချိုးဥငယ်နှယ် ငုလုံးငယ် ငိုသည်ကို နှမဥကို ရောင်းသော-ဟူ၏သို့ စိတ်စက်ဗျာပါ များလှစွာ၏ မှားရာလေတော့သည်။

ထန်းရည်ကြည်သည် သေနုကို သောက်ရာမှ သံသရာ, ပစ္စုပ္ပန် ၂-တန် ရှုံးခြင်းကြီး ပင် ရှုံးလှသည်-ဟူသော စကားသည် တမူကား သေနုမှန်က သုရာဝိနိစ္ဆယစကား ကျမ်းကြီး, ကျမ်းငယ်၌ အစောင်စောင်းလာသည်နှင့် သင့်တင့်လျောက်ပတ်လှတော့သည်-ဟု ချီးမွမ်းရတော့မည်ကို ရှေ့လက်ကောင်း၍ နောက်ပေါင်မပါသည့် မြင်းသည် နောက်ပေါင်ဖျက်၍ ချီးမွမ်းမရ၏သို့။

ယော ပန သသမ္ဘာရပက္ခိတ္တော၊ သော မဇ္ဈ ဟောတိ၊ ဗီဇတော ပဌာယ န ဝဋ္ဋတိ။

http://www.dhammadownload.com

အစရှိသော မျှားစွာသော အဋ္ဌကထာ,ဋီကာ(၀ိ၊ဋ္ဌ၊၃။၁၂၇)၊

ယံ ဝါ ပန တာလနာဠိကေရာဒီနံ ပုပ္ဖတော ဂဟိတာဘိနဝေါ သမ္ဘာရသံယုတ္ထော ရသော၊ မေရယံ နာမ နဟောတိ။ တသ္မာ ဘိက္ခူဟိ ပါတဗ္ဗန္တိ ဒဋ္ဌဗ္ဗံ။

စသော သီလာဝဟာရပါဠိ၊

ဤသို့ အစရှိသည်ဖြင့် ကောင်းကင်၌ နေ,လပမာ ထောက်ထားစရာ မျှားစွာရှိသည်ကို မမြော်မမြင် 'ခလဂုံပမာ'ကျင့်ရှာသည်ဖြစ်၍သာ ခိုးမွမ်းမရ ရှိပြန်ရလေသည်။ ဤကား သုရာ ၆-ပါး, မေရယ ၆-ပါးဟူသော ဝါဒနှင့် ထန်းရည်ကြည်သေနုကို သုံးသောသူတို့အား အပြစ်ကို ပြ၍ ကြဲးဝါးရာ၌ ပသံသိတ ၂-ပါးဖြင့် နုနုပါအောင် ဆိုသောစကားတည်း။

"ကုလားဟုတ်ကြောင်းကို နှာခေါင်းသက်သေ"ဖြစ်လေသကဲ့သို့ ထန်းရည်ကြည်သေနု၏သမ္ဘာရ မရှိ၊ မိမိသတ္တိအရည်ဖြင့်ပင် သေရင်းဖြစ်ကြောင်းကို သက်သေတစ်ဦးကူးရမည် မဟုတ်ပြီ။ ထန်းရည်ကြည်သေနုသည် သက်သေဖြစ်လေတော့သည်-ဟု အရပ်ထက်ဝန်းကျင် သနားစရာပုံပမာဖြင့် မှာစာတလျားလျား ကြဲးဝါးရှာလေသည်မှာ စကားတစ်ခွန်းမျှ အရိပ်အမြွက် မထွက်မဟ မပြသာအောင် "လိမ္မာကုန်သော လူပညာရှိ, ရှင်ပညာရှိတို့သည် အမိပုတ်ထဲတွင် မအောင်းဘူးဟူဘိ၏သို့"စကားအရ ဖမ်းမိကြလေတော့သည်။

တစ်ကြောင်းလည်း အတိဇာတသားတို့ ကြားသိလေသဖြင့် ဝိပ္ပဋိသာရ ဖြစ်ရှာလေတော့သည်။ တစ်ကြောင်းလည်း သတ္တဝါတို့၏ ကံနှင့်လျော်စွာ မည်သည့်အမျိုးမဆို မျက်စိ, နား, နှာခေါင်း ထူးပြားကြခြင်းသည် လောကဌ ထင်ရှားသည်ကို ထောက်သဖြင့်လည်း ကောင်း, ယခင်ဥပမာသည် မမြဲ၊ ရှေးရှေးသော ဝါသနာအထုံပါသည်နှင့်အညီ ဆိုလိုရာ ကျလေတော့သည်။ တစ်ကြောင်းလည်း သည်ဆိုပုံကောင်း၏သို့ မှတ်ထင်၍ မှာစာပေးပါသမျှ မပါမရှိ၊ မှားရှာလေသဖြင့်လည်း ရှေးခါကသော် ရဟန်း ၂-ပါးထံ အမိဒကာမ တရားနာသည်ကို သားကြီးဟောလည်း ဖားတရား၊ သားငယ်ဟောလည်း ဖားတရားကိုသာ ဟောသကဲ့သို့ အမိဒကာမက "သား ၂-ပါးတို့မှာ ဖားသာ ရှိလေတော့သလော"ဟူ၏သို့ ယခင်မျက်နှာ, နှာခေါင်းသာလျှင် ရှိရှာလေတော့သလော-ဟု တွေးတောဆိုကြလေတော့မည်။

ဇမ္ဗူဒီပါတစ်သောင်း ကျယ်ဝန်းကြောင်းကို ဇမ္ဗူဒီပါသက်သေဖြစ်လေသကဲ့သို့ ပညာရှိ တကာ ဆိုရိုးမပြု ဒုတန္တဖြင့် မှာစာတလျားလျား ကြဲးဝါးလေသည်မှာလည်း သုံးလူအထွဋ် သဗ္ဗညုတရားမင်း ဘုရားသည် ရုပ်ကို ကျဉ်း,ကျယ်ဟောတော်မူရာ နတ်နှင့်တကွသော လူတွင် မည်သူတစ်ယောက်မျှ တိုင်းလို့တာလို့ မဖောက်မလှန် မပြန်ဆိုရ တိုင်းတာရဖူးသော မည်သည် မရှိ၊ တည့်တည့်မတ်မတ် ကြပ်ကြပ်မြဲစွာ နှလုံးမခွ ယုံမှတ်ကြလေတော့သည်။

http://www.dhammadownload.com

ယခုမှသာ ဇမ္ဗူဒီပါတစ်သောင်း ကျယ်ချေအံ့လော၊ ဂေါတမစကား ငါ့တွင် မှားစိမ့်ဆိုဘိ သကဲ့သို့ ပညာရှိတကာနား၌ တံသင်းပမာ ဒုဝါစာကို ကြားကြရှာပလေတော့သည်။

ထန်းရည်ကြည်၏ သေနုဖြစ်ကြောင်းကို ထန်းရည်ကြည်ဖြင့်ပင် ပြရသည်မှာလည်း တရားတို့၏သဘောသည် သက်သေသက်ကန် မရမှန်မှ သစ္စာကိုရွှက် ပန္နက်ရသည်။ စကား တို့၏သဘောလည်း အကိုးအရိုး မရသာမှ ထင်ရှားမြင်ရအောင် ပြသည်။ ယင်းသို့ ပန္နက်၍ ပြရခြင်းလည်း တရားတွင်, စကားတွင် ဆုံးဖြတ်သည်။

လူဆိုးလက္ခဏာ၊ သစ္စာပန္နက်၊ ကိုယ်တွင်ရွှက်လည်း၊ သံသရာဘေးဝေးစွာကို ထားဘိဦး။ မျက်စိအင်္ဂါ၊ သစ္စာလွဲဖောက်၊ အပြစ်ရောက်မြဲ ဖြစ်သည်။ လှေကို ရောက်စေလိုသော လှေငင်ယောက်ျား၊ လူငန်ကားသည်၊ လှေထက်တွင်ပင်၊ လှေကြိုးငင်လည်း၊ ငင်ကျိုးမရှိ၊ ပင်ပန်းရိကာ ဖြစ်ရာလေအံ့သည်။ မြေကြီးကို လွန်စေလိုသည့် ငဆွံယောက်ျား၊ သူကောင်းသားသည်၊ ကြိုးစားကုတ်ကော်၊ ခုန်ပါသော်လည်း၊ ခုန်ကျိုးမရှိ၊ ပင်ပန်းရိကာ ဖြစ်ရာလေအံ့သည်။ ထန်းရည်ကြည်၏ အပ်သောအဖြစ်ကို လွန်စေလို၍ ထန်းရည်ကြည်၏အကြောင်းများစွာ ဆိုပေရာလည်း ဆိုရာမထင်၊ လှေငင်ယောက်ျား၊ ငဆွံနှိုင်းပုံစံများနှင့် မယွင်းမစား၊ ဖြစ်သောအားကို အများသိကြလေအံ့သည်။ ဤကား နှာခေါင်းဥပမာ, ဇမ္ဗူဒီပါဥပမာ-စသည်ဖြင့် ထန်းရည်ကြည်သူရာဖြစ်ကြောင်းကို မှာစာတလျားလျား ကြုံးဝါးရာ၌ နုနုပါအောင် ဆိုသောစကားတည်း။

တစ်ကြောင်းလည်း ဥဒရစာကို တပည့်သာရဓေ လျှောက်တောင်းပါစေသည် ဆရာတော်ဘုရား၊ သနားတော်မူပါ- လျှောက်ဆိုရာ၌ "လှေသည် ရေရိုးမှ သွားရိုး၊ ဗျားလည်း စွဲတန်ရှိမှ စွဲရိုး၊ ပညာရှိသူတော်ကောင်းတို့လည်း ဟုတ်မှန်ဆိုရိုး"ဟု "ဒေါသော အတ္ထံ နဇာနာတိ"အစရှိသော တရားတော်နှင့်အညီ အကြောင်း,အကျိုးမမြင်၊ ဆဲပင်ဖားဖား ကြုံးဝါးရှာလေသည်မှာ လောကာ၌ ပညာတကာ ဆရာဥဒရကိုမှ မယုံကြည်ပြီးသည်ကို တပည့်ဥဒရငယ်ကို ပဇာအကြောင်းဖြင့် ပဇာယုံနိုင်ဘိမည်-ဟု တရားစိစစ်ကြရာ လက်ရှိစာကို ပြုပြင်လိုသော နှလုံးဖြင့် လူဆိုးလက္ခဏာစာကို အရကုတ်သည်ကို တရားဘက်ပညာရှိ လွယ်စွာမပေးရာ အရာကျမှ ပြလေအံ့သည်။ ဥဒရစာကို အလိုရှိမူ ဥဒရငယ်ကို စေ၍ မရရာ၊ သမာဓိရှိသူ ရှင်,လူမဆို လျှောက်တောင်းဆိုက ချက်ချင်းရအံ့သည်။ ဤပုံကို သတိရှိပါစေ။

ဤသို့ စသည်ဆိုအပ်သော အလုံးစုံသောစကားတို့ကို သူ့အား နှိပ်လို၍ ဆိုသည် မဟုတ်ကြောင်းကား "ဒွေ မေ ဘိက္ခဝေ တထာဂတံ အဿာစိက္ခန္တိ။ ကတမေ ဒွေ? ဒုဗ္ဘောဝါ ဒေါသန္တရော"(အံ၊၁။၆၁)စသည်ဖြင့် ဟောအပ်သော တရားနှင့်အညီ အယူကျပြီးလျက်ကို

http://www.dhammadownload.com

အမျက်လို၍ ဘုရားအလိုတော်သို့ မလိုက်မယူခြင်း, သဒ္ဓါတရားရှိသူဖြစ်လျက် အယူသို့ မကျခြင်း-ဟု ဆိုအပ်သော တထာဂတ အဿာစိကွနအပြစ်၊ နေယျတ္ထ-ကို နီတတ္ထ, နီတတ္ထ-ကို နေယျတ္ထယူခြင်း-ဟု ဆိုအပ်သော တထာဂတအဿာစိကွနအပြစ်၊

> ဒွေ မေ ဘိက္ခဝေ ဓမ္မာ သဒ္ဒမ္မဿ သမ္မောသာယ အန္တရာယာယ သံဝတ္တန္တိ။ ကတမေ ဒွေ? ဒုန္နိက္ခိတ္တဉ္စ ပဒဗျဉ္ဇနံ အတ္ထော စ ဒုန္နီတော။ ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ။ – (အံ၊၁။၆၀)

စသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာနယ, အတ္ထနယကို မဆင်ခြင် ပုဒ်မြင်တိုင်း, ပေတွင်ရှိတိုင်း ယူသော သာသနန္တရဓာပနအပြစ်၊ ဤသို့ အစရှိသော သံသရာအပြစ်၊

ငါတို့ ဘုရားအလောင်းကျွမ်းကျင်းအား မတော်မသင့်ပြစ်မှားသော ဒေဝဒတ်အလောင်း မျောက်သည် တိရစ္ဆာန်ဘာသာ မိုက်မဲစွာ၍ ကျွဲ-ဟူသမျှ သည်နည်း-ဟု ကျင့်လေသဖြင့် အာဏာစိတ်စက် ကျွဲမာန်ခက်နှင့် ကြုံလေသဖြင့် အကျိုးမဲ့ပျက်စီးသကဲ့သို့ နောင်သောအခါ အခိုင်အဖြိုး ပညာကြီးသူ တွေ့လေမူက အရှက်တကွဲ အကျိုးနဲဖြစ်ခြင်းသည် ပစ္စုပ္ပန်အပြစ်၊ ဤသို့သော အပြစ်တို့ကို တရံတဆစ်မျှ မဖြစ်စေလို၊ ချမ်းသာအတိကို အလိုရှိ၍ သနားလှစွာသော ကရုဏာစိတ်ဖြင့်သာ ရေးသားထုတ်ဆိုလိုက်သည်။ သတိရှိကြစေ။

----- x -----

| ၁၁ | ခဲဖွယ် ၆-ပါး

သောတုဇနတို့အား ပညာဉာဏ်တိုးပွါးစေခြင်းငှာ ထန်းတပါးတည်း၌ ကာလိကကို စစ်လိုက်ဦးအံ့။

ထန်းကို စွဲ၍ဖြစ်သော ခဲဖွယ်တို့သည် [၁]အမြစ်ခဲဖွယ်, [၂]အဖုခဲဖွယ်, [၃]အရွက်ခဲဖွယ်, [၄]အခေါက်ခဲဖွယ်, [၅]အစေ့ခဲဖွယ်, [၆]အမှုန့်ခဲဖွယ်၊ ဤသို့အားဖြင့် ၆-ပါးတည်း။ ထိုတွင် ရင့်ပြီးသောထန်းမြစ်သည် အမြစ်ခဲဖွယ် မည်၏။ ယင်းခဲဖွယ်ကား လူတို့၌ သုံးဆောင်ခြင်းသည် ထမင်းကိစ္စ မပြီးစေနိုင်။ ထို့ကြောင့် "ဣတရံ ယာဝဇီဝကံ"ဟူသော အဋ္ဌကထာ(ဝိနယသင်္ဂဟ၊၌ ၉၄)နှင့်အညီ ကာလိက ၄-ပါးတွင် ယာဝဇီဝက မည်၏။

ယင်းထန်းမြစ်သည်ပင် မကြီးမရင့်မီ ပွပွရွရွ နုလှသည့်အခိုက် "မုဉ္ဇာလန္တိ ထူလ-တရုဏာမူလမေဝ"ဟူသော ဋီကာ(ဝိမတိ၊ဋီ၊၂။၃၂၂) နှင့်အညီ ထန်းစွယ် မည်၏။

http://www.dhammadownload.com

ယင်းထန်းစွယ်သည်ကား "**တာလဟိန္တာလ ကုန္တာလနာဠိကေရ ပူဂရုက္ခာဒိမုဠာလံ ပန ယာဝဇီဝကံ**"ဟူသော အဋ္ဌကထာပါဠိ(ဝိ၊ဋ္ဌ၊၃၀၀။ဝိနယသင်္ဂဟ၊ဋ္ဌ။၉၅)နှင့်အညီ ယာဝဇီဝက မည်၏။ ပင်စည်ကို စွဲ၍ဖြစ်သော လုံးသော,လျသော အဖုသည် ထန်းဖုခဲဖွယ် မည်၏။ ယင်းခဲဖွယ်ကား "**တာလကန္ဒော ။ပ။ ဖရဏကန္ဒော ယာဝကာလိကော**"ဟူသော အဋ္ဌကထာပါဠိ(ဝိနယသင်္ဂဟ၊ဋ္ဌ။၉၅)နှင့်အညီ အာဟာရကိစ္စကို ပြီးစေနိုင်သောအဖုသည် ယာဝကာလိက မည်၏။ အာဟာရကိစ္စကို မပြီးစေနိုင်၊ ရှင့်ပြီးအဖုကား ယာဝဇီဝက မည်၏။

မြေ၌ ဝင်သည်နှင့်တကွသော ပင်စည်သည် ပင်စည်ခဲဖွယ် မည်၏။ ယင်းခဲဖွယ်ကား လူတို့သုံးဆောင်သည် မထင်၊ ယာဝဇီဝက မည်၏။ ထန်းရွက်သည်ကား ခဲဖွယ် မည်၏။ ယင်းအရွက်လည်း လူတို့ သုံးဆောင်မည်မထင်၊ ယာဝဇီဝက မည်၏။

ထန်းစေ့မှ ထွက်ကာ ပင်စည်နုသည် **အညောက်** မည်၏။ ယင်းအညောက်သည်ကား "**တာလဟိန္တာလ ။ပ။ ယာဝကာလိကော**"ဟူသော အဋ္ဌကထာပါဠိနှင့်အညီ စားသောအဖို့သည် ယာဝကာလိက မည်၏။ ကြမ်းသော, ရင့်သော အညောက်သည်ကား "**တာလ ။ပ။ ဇရဋ္ဌဗုန္ဒော ယာဝဇီဝိကော**"ဟူသော အဋ္ဌကထာပါဠိ(ဝိနယသင်္ဂဟ၊ဋ္ဌ။၉၆)နှင့်အညီ ယာဝဇီဝကော-ဟု အဋ္ဌကထာဆိုရကား ယာဝဇီဝကသာတည်း။

ဝတ်ဆံနှင့်တကွသော ထန်းနို့သည် **အပွင့်** မည်၏။ ယင်းအပွင့်ကား "**နာဠိကေရ-တာလကေတကာနံ တရုဏပုပ္ဖါနိ ။ပ။ ယာဝကာလိကံ**"ဟူသော အဋ္ဌကထာပါဠိ(ဝိနယသင်္ဂဟ၊ဋ္ဌ။၉၇)နှင့်အညီ အနုသည် ယာဝကာလိက မည်၏။ အရင့်ကား ယာဝဇီဝက မည်၏။

ထန်းသီးသည် **အသီးအခဲဖွယ်** မည်၏။ ယင်းခဲဖွယ်ကား "**ပနသလဗုဇတာလနာဠိ-ကေရ ။ပ။ ယာဝကာလိကာနိ**"ဟူသော အဋ္ဌကထာပါဠိ(ဝိနယသင်္ဂဟ၊ဋ္ဌ။၉၇)နှင့်အညီ ယာဝ-ကာလိက မည်၏။

ထန်းစေ့သည်ကား "**လဗုဇပနသတာလနာဠိကေရအမ္ဗဇမ္ဗု အမ္ဗာဋက ။ပ။ မဓုကာဒီနံ ဖလာနိ**"ဟူသော ပါဠိ(ဝိနယသင်္ဂဟ၊ဋ္ဌ။၉၇)နှင့်အညီ **အစေ့ခဲဖွယ်** မည်၏။ ယင်းခဲဖွယ်ကား ယာဝကာလိက မည်၏။ ထန်းသီး, ထန်းပွင့်-စသည်တို့၏ ဓောတကအမှုန့်သည် ယာဝ-ကာလိက, အဓောတကအမှုန့်သည် ယာဝဇီဝက မည်၏။

ထို့ကြောင့် အဋ္ဌကထာ(ဝိနယသင်္ဂဟ၊ဋ္ဌ။၉၇။ပါစိတ္တိယဒိ၊ဋ္ဌ။၁၀၃)၌ "**အဓောတကံ တာလပိဋ္ဌံ ။ပ။ ယာဝဇီဝကာနိ**"ဟု မိန့်တော်မူအပ်သည်။ ပင်စည်မှ ထွက်သော ထပ်ထပ်သော အရည်သည်ကား **အစေးခဲဖွယ်** မည်၏။ ယင်းအစေးကား "**ဧကော ဥစ္ဆုနိယာသော၀ သတ္ထာ-ဟကာလိကော**"ဟု အဋ္ဌကထာ(ဝိ၊ဋ္ဌ။၁၀၃။ဝိနယသင်္ဂဟ၊ဋ္ဌ။၉၈)ဆိုရကား ယာဝဇီဝကသာတည်း။

http://www.dhammadownload.com

ပွင့်တန်, သီးတန်, ရွက်တန်တို့သည်ကား–

> ဥပ္ပလဇာတိနံ ပဏ္ဏဒဏ္ဍကော ပဒုမဇာတိနံ သတ္ထောပိ ဒဏ္ဍကော ကာရဝိန္ဓကဒဏ္ဍာ-
> ဒယော စ အဝသေသသတ္ထုခန္ဓာ ယာဝဇီဝကာ။ (ဝိနယသင်္ဂဟ၊ဋ္ဌ။၉၆။ ဝိ၊ဋ္ဌ၊၃။၁၀၁)

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ပင်စည်ခဲဖွယ်၌ သွင်း၍ ယာဝဇီဝက ဆိုသင့်၏။ ထိုသို့သော်လည်း ခဲဖွယ် ၁၂-ပါးကို ဒဗ္ဗဝိသေသဖြင့် ဝေဖန်ခွဲခြမ်းရာ၌သာ ဆိုသည်။ ခဲဖွယ် ၁၂-ပါးကို စွဲ၍ဖြစ်သော ရသဝိကတိ-စသည်၌ မဆို။ ဤအရာ၌ကား "ဂန္ဓနာဒီသု သတ္ထာပိ ဆ ပုပ္ဖဝိကတိယော ဝေဒိတဗ္ဗော"စသည်၌ ပွင့်တန်ကို အပွင့်ဖြင့် သဘျောက်အပ်သကဲ့သို့ ပွင့်တန်ကို အပွင့်ဖြင့်၊ သီးတန်ကို အသီးဖြင့်၊ ရွက်တန်ကို အရွက်ဖြင့် ယူတော်မူ၍ ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ "ပုပ္ဖရသော ပုပ္ဖတော ပုပ္ပါသဝေါ ဖလာသဝေါ"စသည်ဖြင့် မိန့်အပ်၏။

- ယင်းရသသည်လည်း ၁၂-ပါး အသီးအသီးတည်သော ဇာတိရသ၊
- ကြဲရည်-စသည်ကဲ့သို့ ညှစ်သဖြင့် ခဲဖွယ် ၁၂-ပါးမှ အသီးအသီးရအပ်သော ပိလိတ-ရသ၊
- ခက်မ ၅-ဖြာ ခန္ဓာကိုယ်ကို စွဲ၍ သွေးသည် အမာဖြစ်ရာ တစ်ခုသော ဒွါရဖြင့်သာ ထွက်၏သို့ ပင်စည်-စသည်ကို စွဲ၍ ပုပ္ဖဒွါရ, ဖလဒွါရဖြင့် ယိုထွက်လတ်သော ထန်း, အုန်း-စသည်တို့၏ အရည်ကဲ့သို့ ဂလိတရသ၊

ဤသို့အားဖြင့် ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် ဇာတိရသ, ပိလိတရသ ၁၂-ပါးကို စင်စေလိုလျှင် အရှင်ဋီကာဆရာတို့သည် "ဂဟိတာဘိနဝရသော"ဟု ဂဟိတ-သဒ္ဒါနှင့် မိန့်တော်မူကုန်သည်။ ထို့ကြောင့်ရကား ပွင့်တန်, သီးတန်နှင့်တကွကို ဤပုပ္ဖဖလဆိုသည်-ဟု ဧကန်သိလင့်။ အချို့သောသူတို့သည် ဝတ်ဆံ-ဟူသမျှ ပုပ္ဖ-ဟု ဆိုကုန်၏။ ထိုသူတို့၏ မသိခြင်းမျှသာတည်း။

ဤဝိနိစ္ဆယ၌ နိဂုံးအုပ်တော့အံ့။

အထူးထူးအပြားပြား ထီးဖြူ, ထီးနီ, တရုတ်ဖြူ, တရုတ်နီ, ဦးထုပ်လုံး, ဦးထုပ်ပြား, မိုးကြိုးသွား-အစရှိသော အဝတ်အစား အသွင်အပြင်ကို စွဲ၍ဖြစ်သော နိဂုံးဆရာအပေါင်းတို့တွင် ကြယ်အပေါင်းတို့ဖြင့် ခြုံရံအပ်သော လမင်းကဲ့သို့ သီလဝန်, ဂုဏဝန်, စာတတ်ပေတတ် ပုဂ္ဂိုလ်သူမြတ်အပေါင်းတို့ဖြင့် ခြုံရံအပ်သော အရံ-ဟူသော ကြီးကျယ်ခိုင်ခံ့သော ဝိဏ်း၌ အစစွာ အာဒိကမ္မိကဖြစ်တော်မူသော ကူးခန်းမြို့တောင်၊ နောင်ဘအမည်ရှိသော ရွာဝယ်

http://www.dhammadownload.com

နိဗ္ဗာန်ကူးဆိပ်သဖွယ်ဖြစ်၍ နိဗ္ဗာန်ကျောင်း-ဟု သမုတိရသော မဟာဝုဏ်နှင့်တူသော တိုက်ကြီး၌ လေးပိုက်ကွရိယာမျှစံကာ သီတင်းသုံးတော်မူသော–

- **ဓမ္မာနန္ဒာလင်္ကာရမဟာထေရ်မြတ်** ဘုန်းကြီးထွဋ်၏ **စန္ဒမဥ္ဇု**-ဟူ၍လည်းကောင်း, ပဉ္စင်းသစ်-ဟူ၍လည်းကောင်း ကျော်စောသော စာပို့ကောင်း၊
- တပည့် ဉာဏဝရအမည်ရှိသော စာပို့ကောင်း၊
- တပည့် ဂမ္ဘီသာရ အမည်ရှိသော စာပို့ကောင်း၊
- တပည့် ဥတ္တမသီက္ခာ အမည်ရှိသော စာပို့ကောင်း၊

တပည့်စာပို့ကောင်း တပည့်အများတွင် လက်ယာရံ အရှင်သာရိပုတ္တရာကဲ့သို့ တပည့်တော်အကြီးဖြစ်ထသော ပိဋကတ်ဗေဒင် မမြင်မတတ် မမှတ်မသိ လုံးစုံသိသော ပဉ္စင်းသစ်-ဟု အရပ်ရပ်ထက်ဝန်းကျင် ထင်ရှားထသော **အရှင်စန္ဒပညာမဟာထေရ်မြတ်** ကဝိထွဋ်သည် သိမ်းပိုက်ပြုစုအပ်သည်ဖြစ်၍ ၃-နှစ်ဖြင့်သာ သဒ္ဒါ,သင်္ကြိုဟ် ညဉ့်ဝါ,နေ့ဝါ ပါဠိ,ဋီကာ, ဆန်း, အလင်္ကာ၊ သာမဏေတို့၏ သင်ရိုးဝါကို အကြွင်းမဲ့ကုန်သဖြင့် သာမဏေ၏ ကျော်စောခြင်းတို့ဖြင့် ကျော်စောထသော ဆရာထေရ်မြတ် ကဝိထွဋ်သည်–

သက္ကရာဇ် ၁၀၈၅-ခု၊ သက်တော် ၃၉-ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၅-ရက်နေ့ တန်ဆောင်ကြီးသည် ငြိမ်းသကဲ့သို့ ခန္ဓာစေ့ခဲ့သဖြင့် ရတနာပူရ ရာဇာနီ မင်းနေပြည်သို့ ရောက်၍ ခမည်းတော် **ဆင်ဖြူရှင်မင်းတရား**၏ ဆရာဖြစ်တော်မူသော အောင်မြေစံလွတ် ဘုန်းကြီးထွဋ်၏ ရင်နှီတော်ကို စို့လျက်–

သက္ကရာဇ် ၁၀၈၉-ခု၊ ကဆုန်လပြည့်နေ့ စာမေးတော်ခဲ့သဖြင့် ပဉ္စင်းတော် ပဌမကျော်၏ အဖြစ်ဖြင့်လည်း ကျော်စောထသော,

သက္ကရာဇ် ၁၀၉၀-ပြည့်၊ ၄-ဝါမြောက်၊ ၁၀၉၃-ခု၊ ၇-ဝါမြောက်သည့်တိုင် ကူးခန်းကြီးမြို့၌ စာပို့ကောင်းပုဂ္ဂိုလ်ကျော်အဖြစ်ဖြင့်လည်း အရပ်ထက်ဝန်းကျင် ထင်ရှားထသော,

ဆင်ဖြူရှင်၏သားတော် ဓမ္မရာဇ်တရားမင်းမြတ်သည်လည်း ချစ်ကြည်သဒ္ဓါသဖြင့် ကျော်-အောင်စံထားနန်း-ဟူသော ရွှေနန်းတော်ကို ကျော်အောင်စံထား-ဟူသော တံဆိပ်နှင့်တကွ လှူအပ်သည်ဖြစ်၍ ကျော်အောင်စံထားဆရာတော်-ဟု အဝေး,အနီးရေပေါ်မီးသို့ ထင်ပေါ်ကျော်စောခြင်းလည်းရှိထသော–

http://www.dhammadownload.com

မင်း၏ဆရာ ငါသည် သာသနာတော်၏ ထွန်းတောက်စည်ပင်ခြင်းကို အလိုရှိ၍ စီရင်အပ်သော သုရာဝိနိစ္ဆယဌ္ဌ "တာလနာဠိကေရာဒီနံ ပုပ္ဖရသဿ"အစရှိသော တေရ-သကဏ်ဍီကာပါဠိ(သာရတ္ထဒီပဉ။၂၉)ကို ပါဠိဟောင်းမဟုတ်-ဆိုသည်ကို သဒ္ဒနယ, အတ္ထနယ မည်မှန်းမသိ ပုဂ္ဂိုလ်တစ်ယောက် ဇမ္ဗူဒီပါတပြင် မြင်မြင်သမျှ ပါဠိကို ပြမည်။ စာရှည်လျှား လျှား ကြုံးဝါးပြန်သောကြောင့် ပါဠိဟောင်း မဟုတ်ကြောင်း-စသည်ကို ထင်ရှားစွာ သိသဖြင့် ဆန်းဆန်းကြယ်ကြယ် ထွေထွေပြားပြား ထူးထူးခြားခြား သိမ်မွေ့လှစွာ နုနုပါအောင် စီရင်အပ်သော-

အနုသုရာဝိနိစ္ဆယကား ပြီး၏။

★★★★★★★

http://www.dhammadownload.com

မိုင်းခိုင်းဆရာတော်

{ ၄၀ } အစ္စယဒါနဝိနိစ္ဆယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"လွတ်တော်မြန်မာအရာရှိ မှူးတော်,မတ်တော်တို့ လျှောက်ပါသည် ဆရာတော်ဘုရား။ ရဟန်းတို့၏ အစ္စယဒါနသည် ပဋိဂ္ဂါဟကပုဂ္ဂိုလ်သို့ မရောက်၊ သံယိကသာ ဖြစ်စေ' ဆိုသည့်အချက်သည် ရဟန်းတော်တို့မှာ ကိုယ်ပိုင်ပစ္စည်းကို တစ်စုံတစ်ယောက်သောသူသို့ ပေးနိုင်သည့်အခွင့် မရမရှိစေနှင့်-ဟု တားမြစ်သည့်အချက်ဖြစ်သည်-ဟု မှတ်ရမည်လား? သို့မဟုတ် ရဟန်းတော်တို့ ကိုယ်ပိုင်ပစ္စည်းများကို ပစ္စည်းရှင် ရဟန်းတော် သေသည့်နောက် သံယိကအဖြစ်သို့ မရောက်ဘဲ အလိုရှိရာ ပုဂ္ဂိုလ်တစ်ဦးတစ်ဦးသို့ ရောက်အောင်ပေးနိုင်သည့်အခွင့် ရှိပါသေးသလား? စာပါအချက်များကို ကျမ်းဂန်အထောက်အထားများနှင့် အစဉ်မှတ်သားရန် အသေအချာ ရေးသားပေးသနားတော်မူပါ ဆရာတော်ဘုရား"။

လွတ်တော်မြန်မာအရာရှိ မှူးတော်,မတ်တော်တို့က မိုင်းခိုင်းဆရာတော်ကို လျှောက်ထားရာ ရေးသားဖြေကြားလိုက်သည်။

"ရဟန်းတို့၏ မိမိပိုင်ပစ္စည်းကို ပေးခြင်းသည် သေလွန်သောအခါဖြင့် မှတ်၍ ပေးခြင်း, သေလွန်သောအခါဖြင့် မမှတ်မူ၍ ပေးခြင်းအားဖြင့် ၂-ပါးရှိသည်တွင် "ငါပိုင်ပစ္စည်းကို ငါသေလွန်သောအခါ ယူရစ်တော့"ဟု **သေလွန်သောအခါဖြင့် မှတ်၍ ပေးခြင်း အစ္စယဒါနသည်သာ ပဋိဂ္ဂါဟကပုဂ္ဂိုလ်သို့ မရောက်၊ သံယိကသာ ဖြစ်စေ**-ဟု စူဠဝါဘိက္ခုနီခန္ဓကပါဠိ, အဋ္ဌကထာတို့၌ လာသည်။ အကြောင်းမှာ ရဟန်းတို့ ကိုယ်ပိုင်ပစ္စည်းသည် မပေးမအပ်၊ သေခဲ့လျှင် သေသည်နှင့်တပြိုင်နက် သံယိကဥစ္စာဖြစ်မြဲဖြစ်၍ အစ္စယဒါနမှာလည်း သေလွန်သောအခါမှ ယူရစ်တော့-ဆိုခြင်းကြောင့် **သံယိကဖြစ်မှ ယူရစ်-ဟု ဆိုရာရောက်ရကား** ပဋိဂ္ဂါဟကပုဂ္ဂိုလ်သို့ မရောက်၊ သံယိကသာ ဖြစ်သည်-ဟု အကြောင်းနှင့်တကွ မှတ်ယူအပ်၏။

သေလွန်သောအခါဖြင့် မမှတ်မူ၍ အသက်ရှိစဉ်ကလျှင် ရဟန်းသည် မိမိပိုင်ပစ္စည်းကို လူအားဖြင့်ဖြစ်စေ, ရှင်အားဖြင့်ဖြစ်စေ ဤသူအား ပေး၏-ဟု သုဒ္ဓိန္နဖြစ်အောင် ကောင်းသောပေးခြင်းဖြင့် စွန့်၍ ပေးမူကား အပေးအအပ်ခံရသောပုဂ္ဂိုလ် ရ၏၊ သံယိက မဖြစ်။

http://www.dhammadownload.com

ပစ္စည်းရှင် အသက်ရှိစဉ် ဝိဿာသ မြောက်ထိုက်အောင် ရဟန်း,ရှင်,လူ တစ်ယောက်ယောက် သည် အကျွမ်းဝင်၍ ယူလျှင်လည်း ထိုယူအပ်သောပစ္စည်းသည် ယူသူပစ္စည်းသာ ဖြစ်၏။ သံယိက မဖြစ်-ဟု မှတ်အပ်၏။ ထို့ကြောင့် မဟာဝါ၊ စီဝရက္ခန္ဓကအဋ္ဌကထာ(၄၁၅)၌-

> **သစေ ပန သော ဇီဝမာနောယေဝ သဋ္ဌံ အတ္ထနော ပရိက္ခာရံ နိဿဇ္ဇိတ္ထာ ကဿစိ အဒါသိ။ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ။ —**

ဟု မိန့်၏။

ပန၊ သံယိကဖြစ်သည်မှတပါး မဖြစ်သည်ကို ဆိုဦးအံ့။ သော၊ ထိုနာသောရဟန်းသည်။ ဇီဝမာနောယေဝ၊ အသက်ရှိသည်သာလျှင်။ သဋ္ဌံ၊ ဂရုဘဏ်, လဟုဘဏ် အလုံးစုံသော။ အတ္တနော ပရိက္ခာရံ၊ မိမိပိုင် ပစ္စည်းပရိက္ခရာကို။ နိဿဇ္ဇိတ္ထာ၊ ဤမည်သောသူအား ပေး၏-ဟု ဆိုသဖြင့် စွန့်လွှတ်၍။ ကဿစိ၊ ရဟန်းရှင်,လူ တစ်စုံတစ်ယောက်သောသူအား။ သစေ အဒါသိ၊ အကယ်၍ ပေးသည်ဖြစ်အံ့။ ဝါ၊ ပစ္စည်းရှင်ရဟန်းက ပေး၍ သံယိကမဖြစ်သောနည်းမှတပါး မပေးဘဲလျက် သံယိကမဖြစ်သော နည်းတပါးကား။ ကောစိ၊ ဝိဿာသအင်္ဂါမြောက်သော တစ်စုံတစ်ယောက်သော ရဟန်းရှင်,လူသည်။ ဝိဿာသံ၊ အကျွမ်းဝင်သောအားဖြင့်။ သစေ အဂ္ဂဟေသိ၊ ပစ္စည်းရှင်ရဟန်း အသက်ရှိစဉ် ယူလေအံ့။ ယဿ၊ ရဟန်း,ရှင်,လူ အကြင်သူအား။ ဒိန္နံ၊ ပေးစွန့်အပ်၏။ ယေန စ၊ ဝိဿာသဂ္ဂါဟမြောက်သော အကြင်သူသည်လည်း။ ဂဟိတံ၊ အကျွမ်းဝင်သဖြင့် ယူအပ်၏။ တံ၊ ထိုပေးအပ်,ယူအပ်သော ပစ္စည်းသည်။ တဿေဝ၊ ထိုပေးရာ ပဋိဂ္ဂါဟကပုဂ္ဂိုလ်, ဝိဿာသယူသူ ပုဂ္ဂိုလ်အားသာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ရဟန်းတို့၏ ပေးခြင်းသည် သေလွန်သောအခါဖြင့် မှတ်၍ ပေးခြင်း **အစွယ်ဒါန**၊ သေလွန်သောအခါဖြင့် မမှတ်မူ၍ ပေးခြင်းမြောက်အောင် ပေးစွန့်သော **သုဒ္ဓိကဒါန**-ဟူ၍ ပေးခြင်း ၂-ပါး ထူးပြားရှိကြောင်း၊ ၎င်းဒါန ၂-ပါး၌ သံယိကဖြစ်,မဖြစ် အကျိုးလည်းခြားနားရှိကြောင်းကို မိုင်းခိုင်းဆရာတော် ဖြေကြားအပ်သည်- လွတ်တော်မြန်မာအရာရှိ မှူးတော်မတ်တော်တို့။

အလုံမြို့၊ သာစည်ရွာလျှင် ဖွားရာဇာတိရှိတော်မူသော ပဏ္ဍိတဓဇသိရိပဝရ **မဟာဓမ္မရာဇာဓိရာဇဂုရု** ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော်ဘုရားကြီး **အဆုံးအဖြတ် အစွယ်ဒါနဝိနိစ္ဆယ** ပြီး၏။

★★★★★★★

http://www.dhammadownload.com

{၄၁} အစ္စယဒါနာဒိဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[၁] ဗုဒ္ဓဘာသာ သာသနာတော်ထမ်း ရဟန်းသံဃာတို့မှာ ပုဂ္ဂလိကပိုင်ပေးသော ပစ္စည်းများကို ပစ္စည်းရှင်ပုဂ္ဂိုလ် အလိုရှိသောသူအား ဝိနည်းတရားတော်နှင့်အညီ ပေးဖူးသည့် အရာ များစွာရှိသည်ဖြစ်၍ ထိုကဲ့သို့ ရဟန်းတော်ချင်းချင်း ပေးသင့်ပေးထိုက်, ရသင့်ရထိုက်သော အကြောင်းအရာ၊ ပစ္စည်းရှင် မပေးခဲ့သော်လည်း ရသင့်သည့်ပုဂ္ဂိုလ်ဖြစ်က ရယူထိုက်သည့် အကြောင်းအရာ ဝိနည်းကျမ်းဂန်ထွက် ဝန်ရှင်တော်ကင်းဝန်မင်းကြီး ကောက်နုတ်ချက် ပါဠိအနက်များနှင့် ရဟန်းတော်ချင်းချင်း ပေးကြ,ယူကြဖူးသည့် စာတမ်းအမှတ်အသား လက်ခံ။

၁။ သမန္တပါသာဒိကအမည်ရှိသော မဟာဝါအဋ္ဌကထာ၊ စီဝရက္ခန္ဓက(၄၁၅)လာ—

သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္ထနော ပရိက္ခာရံ နိဿဇ္ဇိတ္ဝာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ။ ယဿ ဒိန္နံ ယေန စ ဂဟိတံ။ တဿေဝ ဟောတိ။

ပန၊ သံယိကဖြစ်သည်မှတပါး မဖြစ်သည်ကို ဆိုဦးအံ့။ သော၊ ထိုနာသောရဟန်းသည်။ ဇီဝမာနောယေဝ၊ အသက်ရှိစဉ်သာလျှင်။ သဗ္ဗံ၊ အလုံးစုံသော။ အတ္ထနော ပရိက္ခာရံ၊ မိမိပိုင်ပစ္စည်းပရိက္ခရာကို။ နိဿဇ္ဇိတ္ဝာ၊ ဤမည်သောသူအား ပေး၏-ဟု ဆိုသဖြင့် စွန့်လွှတ်၍။ ကဿစိ၊ ရဟန်းရှင်,လူ တစ်စုံတစ်ယောက်သောသူအား။ သစေ အဒါသိ၊ အကယ်၍ ပေးသည်ဖြစ်အံ့။ ဝါ၊ ပစ္စည်းရှင်ရဟန်းက ပေး၍ သံယိကမဖြစ်သော နည်းမှတပါး မပေးဘဲလျက် သံယိကမဖြစ်သော နည်းတပါးကား။ ကောစိ၊ ဝိဿာသအဂ်ီမြောက်သော တစ်စုံတစ်ယောက်သော ရဟန်းရှင်,လူသည်။ ဝိဿာသံ၊ အကျွမ်းဝင်သောအားဖြင့်။ သစေ အဂ္ဂဟေသိ၊ ပစ္စည်းရှင်ရဟန်း အသက်ရှိစဉ် ယူလေအံ့။ ယဿ၊ ရဟန်းရှင်,လူ အကြင်သူအား။ ဒိန္နံ၊ ပေးစွန့်အပ်၏။ ယေန စ၊ ဝိဿာသဂ္ဂါဟမြောက်သော အကြင်သူသည်လည်း။ ဂဟိတံ၊ အကျွမ်းဝင်သဖြင့် ယူအပ်၏။ တံ၊ ထိုပေးအပ်,ယူအပ်သော ပစ္စည်းသည်။ တဿေဝ၊ ထိုပေးရာ ပဋိဂ္ဂါဟကပုဂ္ဂိုလ်, ဝိဿာသယူသူပုဂ္ဂိုလ်အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဂုဏ်းကျမ်းမှာ ရှင်ဗုဒ္ဓဃောသ ပြုစုစီရင်သည်။)

http://www.dhammadownload.com

၂။ သမန္တပါသာဒိကအမည်ရှိသော ပါရာဇိကဏ်အဋ္ဌကထာ၊ ပဌမကထိနသိက္ခာပုဒ် အဖွင့်(ဝိ၊ဋ္ဌ၊၂။၂၃၁)လာ–

> ဝိဿဇ္ဇေတီတိ အညဿ ဒေတိ။ ကထံ ပန ဒိန္နံ ဟောတိ? ကထံ ဂဟိတံ? "ဣမံ တုယ္ဟံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဒေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမီ"တိ ဝါ "ဣတ္ထန္နာမဿ ဒေမိ ။ပ။ နိဿဇ္ဇာမီ"တိ ဝါ ဝဒတိ။ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။ "တုယ္ဟံ ဂဏှာဟီ"တိ ဝုတ္တေ "မယ္ဟံ ဂဏှာမီ"တိ ဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စ။ "တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊ တဝ သန္တကံ ကရိဿာမီ"တိ ဝုတ္တေ "မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမီ"တိ ဝဒတိ၊ ဒုဒ္ဒိန္နံ ဒုဂ္ဂဟိတဉ္စ။ နေဝ ဒါတာ ဒါတုံ ဇာနာတိ၊ န ဂ္ဟီတရော ဂဟေတုံ။ သစေ ပန "တဝ သန္တကံ ကရောဟီ"တိ ဝုတ္တေ "သာဓု ဘန္တေ မယ္ဟံ ဂဏှာမီ"တိ ဂဏှာတိ၊ သုဂ္ဂဟိတံ။

ဝိဿဇ္ဇေတီတိ၊ ဝိဿဇ္ဇေတိ-ဟု ဟောတော်မူရာ၌။ အညဿ၊ သူတပါးအား။ ဒေတိ၊ ပေးစွန့်၏။ ကထံ ပန၊ အဘယ်သို့လျှင်။ ဒိန္နံ၊ ပေးအပ်သည်။ ဝါ၊ အပေးမြောက်သည်။ ဟောတိ၊ ဖြစ်သနည်း။ ကထံ၊ အဘယ်သို့လျှင်။ ဂဟိတံ၊ ယူအပ်သနည်း, အယူမြောက်သနည်း။ ဣမံ၊ ဤငါပိုင်ပစ္စည်းကို။ တုယ္ဟံ၊ သင့်အား။ ဒေမိ၊ ပေး၏။ ဒဇ္ဇာမိ၊ ပေး၏။ ဩဒေမိ၊ စွန့်၏။ ပရိစ္စဇာမိ၊ စွန့်၏။ ဝိဿဇ္ဇာမိ၊ စွန့်၏။ နိဿဇ္ဇာမိ၊ စွန့်၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဤကား **မျက်မှောက် သုဒိန္နဖြစ်အောင် ပေးပုံ**။

ဣတ္ထန္နာမဿ၊ ဤအမည်ရှိသောသူအား။ ဒေမိ၊ ပေး၏, လှူ၏ ။ပ။ နိဿဇ္ဇာမိ၊ စွန့်၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဤကား **မျက်တွယ်၌ သုဒိန္နပေးပုံ**။

ဝဒတိ၊ နှုတ်မြွက်ဆိုအံ့။ သမ္မုခါပိ၊ ခံယူသူ၏ မျက်မှောက်၌လည်းကောင်း။ ပရမ္မုခါပိ၊ မျက်ကွယ်၌လည်းကောင်း။ ဒိန္နံယေဝ၊ အပေးမြောက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဤကား **သုဒိန္နသက်သက် ပြသည်**။

တုယ္ဟံ၊ သင့်အား။ ဂဏှာဟိ၊ ယူလော့။ ဣတိ ဝုတ္တေ၊ ဤသို့ ဆို၍ပေးသော်။ မယ္ဟံ၊ ငါ့အား။ ဂဏှာမိ၊ ယူ၏။ ဣတိ ဝဒတိ၊ ဤသို့ ဆိုအံ့။ သုဒိန္နံ၊ အပေးလည်း မြောက်၏။ သုဂ္ဂဟိတဉ္စ၊ အယူလည်း မြောက်၏။ ဤကား **သုဒိန္န, သုဂ္ဂဟိတ ၂-ရပ်စပ်၍ ပြသည်**။

တဝ သန္တကံ ကရောဟိ၊ သင်၏ဥစ္စာပြုလော့။ တဝ သန္တကံ ဟောတု၊ သင်၏ဥစ္စာသည် ဖြစ်စေတော့။ တဝ သန္တကံ ကာရာပေဟိ၊ သင်၏ဥစ္စာကို ပြုစေလော့။ ဣတိ ဝုတ္တေ၊ ဤသို့ အပေးမတတ်၍ ဒုဒ္ဒိန္နစကားကို ဆိုအပ်သော်။ မမ သန္တကံ ကရောမိ၊ ငါ၏ဥစ္စာကို

http://www.dhammadownload.com

ပြု၏။ မမ သန္တကံ ဟောတု၊ ငါ၏ဥစ္စာသည် ဖြစ်စေတော့။ မမ သန္တကံ ကရိဿာမိ၊ ငါ၏ ဥစ္စာကို ပြုအံ့။ ဣတိ ဝဒတိ၊ ဤသို့ ယူနည်းမတတ်၍ ဒုဂ္ဂဟိတစကားကို ဆိုအံ့။ ဒုဒ္ဒိန္နဥ္စ၊ အပေးလည်း မမြောက်။ ဒုဂ္ဂဟိတဥ္စ၊ အယူလည်း မမြောက်။ ဒါတာ၊ ပေးသော ပစ္စည်းရှင်သည်။ ဒါတုံ၊ ပေးခြင်းငှာ။ နေဝ ဇာနာတိ၊ မတတ်မသိ။ ဣတရော၊ ခံယူသောသူသည်။ ဂဟေတုံ၊ ခံယူခြင်းငှာ။ န ဇာနာတိ၊ မသိမလိမ္မာ။ ဤစကားဖြင့် အပေး,အယူ မတတ်၍ ဒုဒ္ဒိန္နံ, ဒုဂ္ဂဟိတ ၂-ရပ်လုံး ဖြစ်သည်ကို ပြ၏။

ပန၊ ဒုဒ္ဒိန္နဖြစ်လျက် သုဂ္ဂဟိတဖြစ်သည်ကို ဆိုအံ့။ တဝ သန္တကံ ကရောဟိ၊ သင်၏ ဥစ္စာကို ပြုလော့။ ဣတိ ဝုတ္တေ၊ ဤသို့ ဒုဒ္ဒိန္နစကားကို ဆိုအပ်သော်။ ဘန္တေ၊ အရှင်။ သာဓု၊ ကောင်းပြီ။ မယ္ဟံ ဂဏှာမိ၊ ငှဲ့အား ယူ၏။ ဣတိ၊ ဤသို့ သုဂ္ဂဟိတစကားကို ဆို၍။ သစေ ဂဏှာတိ၊ အကယ်၍ ယူအံ့။ သုဂ္ဂဟိတံ၊ ကောင်းစွာ ယူအပ်၏၊ အယူမြောက်၏။ ဤစကားဖြင့် ဒုဒ္ဒိန္နံ, သုဒ္ဓဟိတဖြစ်သည်ကို ပြ၏။ (ဎင်းကျမ်းမှာ ရှင်ဗုဒ္ဓယောသ ပြုစုစီရင်သည်)

၃။ တေရသကဏ်ဍီကာ(သာရတ္ထဒီ၂။၃၉၂)လာ—

တုယ္ဟံ ဒေမီတိအာဒိသု "တသ္မိံ ကာလေ နံ ဂဏှိတုကာမောပိ သစေ နံ ပဋိဂ္ဂဏှာတိ၊ ပုန ဂဏှိတုကာမတာယ သတိ ဂဟေတုံ ဝဋ္ဋတီ"တိ ဝဒန္တိ။

တုယ္ဟံ ဂဏှာဟီတိ ဝုတ္တေ "မယ္ဟံ ဂဏှာမီ"တိ ဝဒတိ။ သုဒိန္နံ သုဂ္ဂဟီတဥ္စာတိ ဧတ္ထ "ယထာ ပရတော 'တဝ သန္တကံ ကရောဟီ'တိ ဝုတ္တေ ဒုဒ္ဒိန္နမ္ပိ 'သာဓု ဘန္တေ မယ္ဟံ ဂဏှာမီ'တိ ဝစနေန သုဂ္ဂဟိတံ ဟောတီတိ ဝုတ္တံ။ ဧဝ'မိဓာပိ 'တုယ္ဟံ ဂဏှာဟီ'တိ ဝုတ္တေ သုဒိန္နတ္တာ 'မယ္ဟံ ဂဏှာမီ'တိ အဝုတ္တေပိ သုဒိန္နမေဝါ"တိ ဝဒန္တိ။ ဂဏှာဟီတိ စ အာဏတ္တိယာ ဂဟဏဿ တပ္ပဋိဗဒ္ဓတာကရဏဝသေန ပဝတ္တတ္တာ တဒါ ဂဏှာမီတိ စိတ္တေ အနုပ္ပါဒိတေ ပစ္ဆာ ဂဟေတုံ န လဘတီတိ ဝဒန္တိ။

တုယ္ဟံ ဒေမိ၊ သင်အား ပေး၏။ ဣတိ အာဒိသု၊ ဤသို့ ပေးရာ-စသည်တို့၌။ တသ္မိံ ကာလေ၊ ထိုပေးသောကာလ၌။ နံ ဂဏှိတုကာမောပိ၊ မယူလိုသော်လည်း။ သစေ နံ ပဋိဂ္ဂဏှာတိ၊ အကယ်၍ မပယ်အံ့။ ပုန ဂဏှိတုကာမတာယ၊ တဖန် ယူလိုသည်။ သတိ၊ ရှိသော်။ ဂဟေတုံ၊ ယူခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ ဝဒန္တိ၊ ဤသို့ ဆရာတို့ ဆိုကုန်၏။

တုယ္ဟံ ။ပ။ ဥ္စာတိ၊ ဥ္စ-ဟူသော သုဒိန္နံ, သုဂ္ဂဟိတပြု အဋ္ဌကထာဝါကျ၌။ ပရတော၊ နောက်၌။ တဝ သန္တကံ ကရောဟိ၊ 'သင်၏ဥစ္စာကို ပြုလော့'။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသော်။ ဒုဒ္ဒိန္နံပိ၊ အပေးမမြောက်သော်လည်း။ သာဓု ဘန္တေ မယ္ဟံ ဂဏှာမီတိဝစနေန၊ 'ကောင်းပြီ

http://www.dhammadownload.com

ဘုရား၊ ငါ့အား ယူ၏'-ဟူသောစကားဖြင့်။ သုဂ္ဂဟိတံ၊ အယူမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဓာပိ၊ ဤရှေ့ဝါကျ၌လည်း။ တုယ္ဟံ ဂဏှာဟီတိ၊ သင့်အား ယူလော့။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုအပ်သော။ သုဒိန္နတ္တာ၊ အပေးမြောက်ခဲ့ပြီးဖြစ်သောကြောင့်။ မယံ ဂဏှာမိ၊ 'ငါ့အား ယူ၏'။ ဣတိ အဝုတ္တေပိ၊ ဤသို့ ယူသူက မဆိုသော်လည်း။ သုဒိန္နမေဝ၊ အပေးမြောက်သည်သာ။ ဣတိ ဝဒန္တိ၊ ဤသို့ ဆရာတို့ ဆိုကုန်၏။ စ၊ ဝါဒအထူးကား။ ဂဏှာဟိ၊ ယူလော့။ ဣတိ၊ ဤသို့။ အာဏာတ္တိယာ၊ စေခိုင်းခြင်း၏။ ('ကရဏဝသေန ပဝတ္တတ္တာ'၌စပ်။) ဂဟဏာဿ၊ ယူခြင်း၏။ တပ္ပဋိပဒွတာကရဏ-ဝသေန၊ ထိုယူသူနှင့် စပ်သည်၏အဖြစ်ကို ပြုသည်၏အစွမ်းဖြင့်။ ပဝတ္တတာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ တဒါ၊ ထိုပေးသောအခါ၌။ ဂဏှာမိ၊ ယူပါ၏။ ဣတိ စိတ္တေ၊ ဤသို့သော စိတ်ကို။ အနုပ္ပါဒိတေ၊ မဖြစ်စေအပ်သည်ရှိသော်။ ပစ္ဆာ၊ နောက်မှ။ ဂဟေတုံ၊ ယူခြင်းငှာ။ န လဘတိ၊ မရ။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆရာတို့ ဆိုကုန်၏။ (ဒုဋ္ဌုလ္လကျမ်းမှာ သီဟိဠ်ကျွန်း ရှင်သာရိပုတ္တရာ ပြုစုစီရင်သည်။)

၄။ ဝဇိရဗုဒ္ဓိ(၂၂၉)လာ-

> တုယ္ဟံ ဂဏှာဟီတိ ဝုတ္တေ ဝိနာပိ မယံ ဂဏှာမီတိ ဝစနေန သုဒိန္နံ ဟောတိ။ ဣတရော ဟိ စေ အဓိဝါသေတိ၊ တေနာပိ သုဂ္ဂဟိတံ ဟောတိ၊ နော စေ အဓိဝါသေတိ၊ ဒေန္တေန သုဒိန္နံ။ တံ ပန ဝတ္ထုံ န ကဿစိ ဟောတိ။ တထာ မယံ ဂဏှာမီတိ ဝဒတိ။ သာမိကော စေ အဓိဝါသေတိ။ ဝိနာပိ ဂဏှာဟီတိ ဝစနေန သုဂ္ဂဟိတံ။ နော စေ အဓိဝါသေတိ။ သာမိကဿေဝ တံ။

တုယ္ဟံ၊ သင်သည်။ ဂဏှာဟိ၊ ယူလော့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ မယံ၊ ငါသည်။ ဂဏှာမိ၊ ယူပါ၏။ ဣတိ ဝစနေန၊ ဤသို့ ဆိုခြင်းနှင့်။ ဝိနာ၊ ကင်း၍။ သုဒိန္နံ၊ ကောင်းသော ပေးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတရော၊ ပေးသူမှ တပါးသော ခံယူသူ ပဋိဂ္ဂါဟကပုဂ္ဂိုလ်သည်။ စေ အဓိဝါသေတိ၊ အကယ်၍ သာယာသည်ဖြစ်အံ့။ တေနာပိ၊ ထိုပဋိဂ္ဂါဟကပုဂ္ဂိုလ်သည်လည်း။ သုဂ္ဂဟိတံ၊ ကောင်းသော ခံယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နော စေ အဓိဝါသေတိ၊ အကယ်၍ မသာယာသည်ဖြစ်အံ့။ ဒေန္တေန၊ ပေးသော ဥစ္စာရှင်သည်။ သုဒိန္နံ၊ ကောင်းစွာပေးအပ်ပြီးသော။ တံ ပန ဝတ္ထုံ၊ ထိုပစ္စည်းဝတ္ထုသည်ကား။ ကဿစိ၊ တစ်စုံ တစ်ယောက်သောသူ၏။ သန္တကံ၊ ဥစ္စာသည်။ န ဟောတိ၊ မဖြစ်။ တထာ၊ ထိုမှတပါး။ မယံ၊ ငါသည်။ ဂဏှာမိ၊ ယူ၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆိုအံ့။ သာမိကော၊ ဥစ္စာရှင်သည်။ စေ အဓိဝါသေသိ၊ အကယ်၍ သာယာသည်ဖြစ်အံ့။ ဂဏှာဟိ၊ ယူလော့။ ဣတိ ဝစနေန၊

http://www.dhammadownload.com

ဤသို့ ဆိုခြင်းနှင့်။ ဝိနာပိ၊ ကင်း၍လည်း။ သုဂ္ဂဟိတံ၊ ကောင်းသောယူခြင်း ဖြစ်၏။ နော စေ အဓိဝါသေသိ၊ အကယ်၍ မသာယာအံ့။ တံ၊ ထိုဝတ္ထုသည်။ သာမိကသော၀၊ ဥစ္စာရှင်၏ သာလျှင်။ သန္တကံ၊ ဥစ္စာတည်း။ (၎င်းကျမ်းမှာ သီဟိုဠ်ကျွန်း၊ ရှင်၀ဇိရဗုဒ္ဓိ ပြုစီရင်သည်။)

၅။ ဝိနည်းပိဋကတ် ၅-ကျမ်းတွင် ၃-ခုမြောက်ဖြစ်သော မဟာဝါပါဠိတော်၊ စီ၀ရက္ခန္ဓက (၄၂၀-၄၂၁)လာ—

> တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဗဟုဘဏ္ဍော ဗဟုပရိက္ခာရော ကာလင်္တော ဟောတိ။ ဘဂဝတော ဧတ'မတ္ထံ အာရောစေသုံ။ ဘိက္ခုသ ဘိက္ခဝေ ကာလင်္တေ သံယော ဿာမီ ပတ္တစီ၀ရေ၊ အပိ စ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ။ အနုဇာနာမိ ဘိက္ခဝေ သံယေန တိစီ၀ရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ၊ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီဘူတေန သံယေန ဘာဇေတုံ။ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတဿ စာတုဒ္ဒိ-သဿ သံဃဿ အဝိဿဇ္ဇိယံ အဝေဘင်္ဂိကံ။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဗဟုဘဏ္ဍော၊ များသော ဘဏ္ဍာရှိသော။ ဗဟုပရိက္ခာရော၊ များသော ပရိက္ခာရရှိသော။ အညတရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ကာလင်္တော၊ သေသည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ အား။ ဧတ'မတ္ထံ၊ ထို အကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဘိက္ခုသ ဘိက္ခုသို့၊ ရဟန်းသည်။ ကာလင်္တေ၊ သေသည်ရှိသော်။ သံယော၊ သံဃာသည်။ ပတ္တစီ၀ရေ၊ သပိတ်, သင်္ကန်းဖြင့် မှတ်အပ်သော အလုံးစုံသော ပရိက္ခရာဘဏ္ဍာဒ်။ သာမိကသဿရော၊ အစိုးရ၏။ အပိစ၊ ယင်းသို့ အစိုးရသော်လည်း။ ဘိက္ခဝေ၊ တို့။ ဂိလာနုပဋ္ဌာကာ၊ သူနာကို လုပ်ကျွေးကုန်သော ရှင်,လူ,ရဟန်းတို့သည်။ ဗဟူပကာရာ၊ ကျေးဇူးများကုန်၏။ ဘိက္ခဝေ၊ တို့။ တိစီ၀ရဉ္စ၊ သင်္ကန်း ၃-ထည်ကိုလည်းကောင်း။ ပတ္တဉ္စ၊ သပိတ်ကိုလည်းကောင်း။ ဂိလာနုပဋ္ဌာကာနံ၊ သူနာကို လုပ်ကျွေးကုန်သော ရှင်,လူ,ရဟန်းတို့အား။ သံယေန၊ သံဃာသည်။ ဒါတုံ၊ ပေးစိမ့်သောငှာ။ အနုဇာနာမိ၊ ၏။ တတ္ထ တသ္မိံ ဝိဟာရေ၊ ထိုသေသော ရဟန်းနေရာ ကျောင်းတိုက်၌။ ယံ လဟုဘဏ္ဍံ၊ အကြင်လဟုဘဏ်သည်။ ယံ လဟုပရိက္ခာရံ၊ အကြင် လဟုဘဏ်ပရိက္ခရာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုလဟုဘဏ်ပရိက္ခရာကို။ သမ္မုခီဘူတေန၊ မျက်မှောက်ဖြစ်သော။ ဝါ၊ ဥပစာသီမ်တွင်း၌တည်သော။ သံယေန၊ သံဃာသည်။ ဘာဇေတုံ၊ ဝေဖန်၍ ယူစိမ့်သောငှာ။ အနုဇာနာမိ၊ ၏။ တတ္ထ တသ္မိံ ဝိဟာရေ၊ ထိုသေသော ရဟန်းနေရာ ကျောင်းတိုက်၌။ ယံ ဂရုဘဏ္ဍံ၊ အကြင်ဂရုဘဏ်သည်။ ယံ ဂရုပရိက္ခာရံ၊ အကြင်ဂရုဘဏ် ပရိက္ခရာသည်။

http://www.dhammadownload.com

အတ္ထိ၊ ရှိ၏။ တံ၊ ထိုဂရုဘဏ်ပရိက္ခရာကို။ အာဂတာနာဂတသာ၊ ရောက်ဆဲရောက်လတ္တံ့ ဖြစ်သော။ စာတုဒ္ဒိသသာ၊ အရပ် ၄-မျက်နှာ၌ ပိတ်ပင်ခြင်း မရှိ၊ သွားလာခြင်းရှိသော။ သံဃဿ၊ သံဃာသည်။ အဝိဿဇ္ဇိယံ၊ သူတပါးအား မစွန့်အပ်။ ဝါ၊ စွန့်သော်လည်း စွန့်ရာ မရောက်။ အဝေဘာဂိကံ၊ အချင်းချင်း ဝေဖန်၍ မယူအပ်။ ဝါ၊ ဝေဖန်သော်လည်း ဝေဖန်သည် မမည်။

၆။ သမန္တပါသာဒိက-အမည်ရှိသော မဟာဝါအဋ္ဌကထာ၊ စီဝရက္ခန္ဓက(၄၁၅)လာ–

အညေသံ အဒတ္တာ ဒူရေ ဌပိတပရိက္ခာရာပိ တတ္ထ တတ္ထ သံဃဿေဝ ဟောန္တိ။

အညေသံ၊ တပါးသော ရှင်,လူ,ရဟန်းတို့အား။ အဒတ္တာ၊ မပေးမူ၍။ ဒူရေ၊ ဝေးသော အရပ်၌။ ဌပိတပရိက္ခာရာပိ၊ ထားအပ်သော လဟုဘဏ်, ဂရုဘဏ်ပရိက္ခရာတို့သည်လည်း။ တတ္ထ တတ္ထ တသ္မိံ တသ္မိံ ဝိဟာရေ၊ ထိုထိုပစ္စည်းဘဏ္ဍာ ထားရာကျောင်းတိုက်၌။ သံဃဿေဝ၊ သံဃာ၏သာလျှင်။ သန္တကာ၊ ဥစ္စာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဂင်းကျမ်းမှာ ရှင်ဗုဒ္ဓဃောသ ပြုစီရင်သည်။)

၇။ ဝိနည်းပိဋကတ် ၅-ကျမ်းတွင် ၄-ခုမြောက်သော စူဠဝါဟိဋ္ဌကော်၊ ဘိက္ခုနီခန္ဓက(၄၅၉) လာ–

> တေန ခေါ ပန သမယေန အညတရာ ဘိက္ခုနီ ကာလံ ကရောန္တီ ဧဝမာဟ "မမစ္စယေန မယ္ဟံ ပရိက္ခာရော သံဃဿ ဟောတူ"တိ။ တတ္ထ ဘိက္ခူ စ ဘိက္ခုနိယော စ ဝိဝဒန္တိ "အမှာကံ ဟောတိ၊ အမှာကံ ဟောတီ"တိ၊ ဘဂဝတော ဧတ'မတ္ထံ အာရောစေသုံ။ ဘိက္ခုနီ စေ ဘိက္ခဝေ ကာလံ ကရောန္တီ ဧဝံ ဝဒေယျ "မမစ္စယေန မယ္ဟံ ပရိက္ခာရော သံဃဿ ဟောတူ"တိ။ အနိဿရော တတ္ထ ဘိက္ခုသံဃော၊ ဘိက္ခုနီသံဃသေဝေတံ။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အညတရာ၊ တစ်ယောက်သော။ ဘိက္ခုနီ၊ ဘိက္ခုနီမသည်။ ကာလံ ကရောန္တီ၊ သေခါနီးလတ်သော်။ မမစ္စယေန၊ ငါသေလွန်ခါ၌။ မယ္ဟံ၊ ငါ၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ သံဃဿ၊ သံဃာအား။ ဟောတု၊ ဖြစ်စေ။ ဣတိ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ တတ္ထ၊ ထိုသေသောဘိက္ခုနီမ ပရိက္ခရာ၌။ ဘိက္ခူ စ၊ ရဟန်းယောကျ်ားတို့သည်လည်းကောင်း။ ဘိက္ခုနိယော စ၊ ရဟန်းမိန်းမတို့သည်လည်းကောင်း။ အမှာကံ၊ ငါတို့အား။ ဟောတိ၊ ဖြစ်၏။ အမှာကံ၊ ငါတို့အား။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိဝဒန္တိ၊

http://www.dhammadownload.com

ငြင်းခုံကြကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတ'မတ္ထံ၊ ဤငြင်းခုံကြကြောင်းကို။ အာရောစေသုံ၊ လျှောက်ကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနီ၊ ဘိက္ခုနီမသည်။ ကာလံ ကရောန္တိ၊ သေခါနီးလတ်သော်။ မမစ္ဆယေန၊ ငါသေလွန်ခါ၌။ မယှံ၊ ငါ၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ သံယဿ၊ သံယာအား။ ဟောတု၊ ဖြစ်စေ။ ဣတိ ဧဝံ၊ ဤသို့။ ဝဒေယ္ယု၊ ဆိုရာ၏။ တတ္ထ၊ ထိုသေသောဘိက္ခုနီမ ပရိက္ခရာ၌။ ဘိက္ခုသံယော၊ ရဟန်းယောက်ျားသံဃာသည်။ အနိဿရော၊ အစိုးမရချေ။ ဧတံ၊ ဤသေသော ဘိက္ခုနီမ ပရိက္ခရာသည်။ ဘိက္ခုနီ-သံယဿေဝ၊ ဘိက္ခုနီသံဃာအား သာလျှင်။ ဟောတိ၊ ဖြစ်၏။

၈။ သမန္တပါသာဒိကအမည်ရှိသော စူဠဝါအဋ္ဌကထာ၊ ဘိက္ခုနီခန္ဓကအဖွင့်(၁၃၀)လာ-

ဘိက္ခု ဟိ ဘိက္ခုနိဝိဟာရေ ကာလံ ကရောတိ၊ တဿ ပရိက္ခာရော ဘိက္ခုနုံယေဝ ဟောတိ၊ ဘိက္ခုနီ ဘိက္ခုဝိဟာရေ ကာလံ ကရောတိ၊ တဿာ ပရိက္ခာရော ဘိက္ခုနီနုံ-ယေဝ ဟောတိ။

ဘိက္ခု၊ ရဟန်းယောက်ျားသည်။ ဘိက္ခုနိဝိဟာရေ၊ ရဟန်းမိန်းမကျောင်း၌။ ကာလံ ကရောတိ၊ သေအံ့။ တဿ၊ ထိုသေသော ရဟန်းယောက်ျား၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ ဘိက္ခုနုံယေဝ၊ ရဟန်းယောက်ျားတို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ဘိက္ခုဝိဟာရေ၊ ရဟန်းယောက်ျားကျောင်း၌။ ကာလံ ကရောတိ၊ သေအံ့။ တဿာ၊ ထိုသေသော ဘိက္ခုနီမ၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ ဘိက္ခုနီနုံယေဝ၊ ဘိက္ခုနီမတို့အား သာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဒုဋ္ဌုလ္လဝုဋ္ဌာပနက္ခန္ဓကဝဏ္ဏနာ ပြုစုစီရင်သည်။)

၉။ သမန္တပါသာဒိကအမည်ရှိသော စူဠဝါအဋ္ဌကထာ၊ ဘိက္ခုနီခန္ဓကအဖွင့်(၁၃၀)လာ-

ဘိက္ခုနီ စေ ဘိက္ခဝေ ကာလံ ကရောန္တီတိအာဒီသု အယံ ပါဠိမုတ္တကဝိနိစ္ဆယော၊ သစေ ဟိ ပဋ္ဌသု သဟဓမ္မိကေသု ယော ကောစိ ကာလံ ကရောန္တော "မမစ္ဆယေန မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု၊ အာစရိယဿ ဟောတု၊ သဒ္ဓိဝိဟာရိ-ကဿ ဟောတု၊ အန္တေဝါသိကဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ အညဿ ဝါ ယဿ ကဿစိ ဟောတူ"တိ ဝဒတိ။ တေသံ နု ဟောတိ။ သံယဿေဝ ဟောတိ။ နု ဟိ ပဋ္ဌန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရုဟတိ။ ဂိဟီနံ ပန ရုဟတိ။

ဘိက္ခုနီ စေ ဘိက္ခဝေ ကာလံ ကရောန္တီတိအာဒီသု၊ "**ဘိက္ခုနီ စေ ဘိက္ခဝေ ကာလံ ကရောန္တီ**"ဤသို့ အစရှိသော ပါဠိတို့၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ပါဠိမုတ္တကဝိနိစ္ဆယော၊

http://www.dhammadownload.com

ပါဠိတော်မှ လွတ်သော အဆုံးအဖြတ်တည်း။ ဟိ၊ ပါဠိမုတ္တကဝိနိစ္ဆယကို ထင်စွာဆိုဦးအံ့။ ပဋ္ဌသု၊ ၅-ယောက်ကုန်သော။ သဟဓမ္မိကေသု၊ သီတင်းသုံးဖော်တို့တွင်။ ယော ကောစိ၊ တစ်ယောက်ယောက်သည်။ ကာလံ ကရောန္တော၊ သေခါနီးလတ်သော်။ မမစ္စယေန၊ ငါသေလွန်ခါ၌။ မယှံ၊ ငါ၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်အား။ ဟောတု၊ ဖြစ်ရစ်စေ။ အာစရိယဿ၊ ဆရာအား။ ဟောတု၊ ဖြစ်ရစ်စေ။ သဒ္ဒိဝိဟာရိကဿ၊ ဥပဇ္ဈာယ်ယူအတူနေ တပည့်အား။ ဟောတု၊ ဖြစ်ရစ်စေ။ အန္တေဝါသိကဿ၊ အနီးနေတပည့်အား။ ဟောတု၊ ဖြစ်ရစ်စေ။ မာတု၊ အမိအား။ ဟောတု၊ ဖြစ်ရစ်စေ။ ပိတု၊ အဘအား။ ဟောတု၊ ဖြစ်ရစ်စေ။ အညဿ၊ တပါးသော။ ယဿ ကဿစိ ဝါ၊ အမှတ်မရှိသောသူအားလည်း။ ဟောတု၊ ဖြစ်ရစ်စေ။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆိုအံ့။ တေသံ၊ ထိုဥပဇ္ဈာယ်ဆရာ-စသည်တို့အား။ န ဟောတိ၊ မဖြစ်။ သံယသော၀၊ သံယာအားသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ သစ္စံ၊ မှန်၏။ ပဋ္ဌန်၊ ၅-ယောက်ကုန်သော။ သဟဓမ္မိကာနံ၊ သီတင်းသုံးဖော်တို့၏။ အစ္စယဒါနံ၊ "ငါသေလွန်ခါ ငါ့ဥစ္စာကို ယူရစ်"ဟု ပေးခြင်းသည်။ န ရုဟတိ၊ ခံယူသူသို့ မရောက်။ ပန၊ အထူးကို ဆိုအံ့။ ဂိဟီနံ၊ လူတို့၏။ အစ္စယဒါနံ၊ "ငါသေလွန်ခါ ငါ့ဥစ္စာကို ယူရစ်"ဟု ပေးခြင်းသည်။ ရုဟတိ၊ ခံယူသူသို့ ရောက်၏။ (၎င်းကျမ်းမှာ ရှင်ဗုဒ္ဓယောသ ပြုစုစီရင်သည်။)

၁၀။ ခုဒ္ဒသိက္ခာလက်သန်းအဋ္ဌကထာ၊ ပကိဏ္ဏက(နှာ-၄၁)လာ—

န ရုဟတစ္စယေ ဒါနံ၊ ပဋ္ဌန်း သဟဓမ္မိနံ။
သံယသော၀ စ တံ ဟောတိ၊ ဂိဟီနံ ပန ရုဟတိ။ ။

ပဋ္ဌန်း၊ ၅-ယောက်ကုန်သော။ သဟဓမ္မိနံ၊ သီတင်းသုံးဖော်တို့၏။ အစ္စယေ ဒါနံ၊ "ငါသေလွန်ခါ ငါ့ဥစ္စာကို ယူရစ်"ဟု ပေးခြင်းသည်။ န ရုဟတိ၊ ခံယူသူသို့ မရောက်။ တံ၊ ထိုသီတင်းသုံးဖော် ၅-ယောက်တို့၏။ အစ္စယဒါနံ၊ ဖြစ်သောဥစ္စာသည်။ သံယသော၀ စ၊ သံယာအားသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဂိဟီနံ၊ လူတို့၏။ အစ္စယေ ဒါနံ ပန၊ "ငါသေလွန်ခါ ငါ့ဥစ္စာကို ယူရစ်"ဟု ပေးခြင်းသည်ကား။ ရုဟတိ၊ ခံယူသူသို့ ရောက်၏။ (၎င်းကျမ်းမှာ သီဟိုဠ်ကျွန်း၊ ရှင်ဓမ္မသိရိ ပြုစုစီရင်သည်။) ("န ရုဟတိတိ န ဟောတိ" ပုရာဏဋီ၊၁၉၄)

----- × -----

http://www.dhammadownload.com

[၂] ရဟန်းတော်ချင်းချင်း ပေးကြ,ယူကြသည့်စာတမ်း အမှတ်အသားလက်ခံ

၁။ ရွှေရေးဆောင်ဆရာတော်က တပည့်ရှင်ကေလာသို့ ပေးလှူသည့်စာတမ်း

သက္ကရာဇ် ၁၂၃၃-ခု၊ တပေါင်းလပြည့်ကျော်၊ ၁၂-ရက်နေ့၊ ရွှေရေးဆောင်ဆရာတော် တိလောကဇေဇိဘဝ်ဝါစီမဟာဓမ္မရာဇာဓိရာဇဂုရု တဲ့ဆိပ်နာမံတော်ရှိသော ဆရာတော်မကျန်းမမာ ရောဂါကပ်ရောက်ရှိနေသောကြောင့် တိုက်နေသံယာတော် ဦးစိတ္ထာစာရ, ဦးစန္ဒ, ဦးတိက္ခတို့ကို ပင့်ခေါ်ပြီးလျှင် ၎င်းသံယာတော်တို့ရှေ့ "ငါပိုင်ထိုက်သည့် အထက်ကျောင်း, အောက်ကျောင်းရှိ ဂရုဘဏ်, လဟုဘဏ်ပစ္စည်း ပရိဘောဂရှိသမျှကို တပည့်ရှင်ကေလာသို့ ငါပေး၏။" "အရှင်မြတ်က ပေးသည့်အတိုင်း တပည့်တော် ယူပါ၏" ဆို၍ ယူဆသည့်ကာလ စာစီ ဦးစိတ္ထာစာရ, ဦးစန္ဒ၊ စာရေး ဦးတိက္ခ။

၂။ လင်္ကာရာမဆရာတော်က ငယ်တပည့်ဖြစ်သူ ဦးနန္ဒမဏ္ဍူသို့ ပေးလှူသည့်စာတမ်း

လင်္ကာရာမဆရာတော်က ငယ်တပည့်ဖြစ်သူ လင်္ကာရာမတိုက်နေ ပဌမစာချကြီး ဦးနန္ဒမဏ္ဍူအား စာပေကျမ်းဂန် တတ်မြောက်လိမ့်မာ၍ သာသနာတော်၌ ကျေးဇူးများသော ပုဂ္ဂိုလ်မှန်သည့်အတိုင်း အတွင်းဝန် မင်းကျောင်းအုတ်တိုက်, ဘုရားစာတိုက်တို့နှင့် ဦးနန္ဒဝံလက်ရှိပေစာ, ပုရပိုက်စာ, ကမ္မဝါစာ စာအုပ်များအပြင် ကျန်ရှိသည့် အရပ်ရပ်ပေစာ, ပုရပိုက်စာ, ကမ္မဝါစာမှစ၍ အရပ်ရပ်အသုံးအဆောင်ပစ္စည်းများကို အလိုရှိရာ ကြည့်ရှုသုံးဆောင်ရန် နိဗ္ဗာန်၏အကြောင်းကို ရည်မှတ်ပြီးလျှင် ၁၂၄၂-ခု၊ နတ်တော်လဆန်း၊ ၁၀-ရက်၊ စနေနေ့၊ ဦးမုနိန္ဒ, ငချစ်ဆိုး, လွတ်တော်စာရေး ငအုန်းခိုင်, ငကြဲဘက်, ငလူအောင်တို့ရှေ့ ပေးအပ်လှူဒါန်းပါ၏။ ဦးနန္ဒမဏ္ဍူကလည်း "ခံယူပါ၏"ဟု ဆို၍ ခံယူသည်။ (၁၂၄၂-ခု၊ နတ်တော်လဆန်း ၁၀-ရက်၊ စနေနေ့။)

၃။ ဘုံကျော်ဆရာတော်က ရှင်ညာဏဝံသသို့ ပေးလှူသည့်စာတမ်း

သက္ကရာဇ် ၁၂၄၂-ခု၊ တော်သလင်းလပြည့်ကျော်၊ ၁၀-ရက်နေ့တွင် ဘုံကျော်ဆရာတော်ဘုရားက မြေးဖြစ်သူ ရှင်ညာဏဝံသအား ပိုင်ထိုက်သည့် ဂရုဘဏ်, လဟုဘဏ်ပစ္စည်းရပ်များကို အောင်မြေရွှေဘုံဆရာတော်, ဒက္ခိဏာရာမတိုက်အုပ် ဦးပုညတို့ရှေ့ ပေး၏။ ရှင်ညာဏဝံသ-ကလည်း "ယူပါ၏"ဟု ယူသည်ကို မှတ်သားသည့်စာတမ်း။

http://www.dhammadownload.com

၄။ ရန်ကုန်မြို့၊ တောရကြီးဘုန်းကြီးပိုင် ပစ္စည်းများကို ဝိဿာသဂ္ဂါဟယူနည်း,ယူပုံ မှတ်သားချက်

ဘုန်းတော်ကြီး ဦးပဒုမသည် ဝေဒနာ သည်းထန်ပြင်းပြစွာ နှိပ်စက်၍ရှိစဉ် မိုးထားဆရာတော်ဘုရားကြီးက နောင်အရှုပ်အထွေးမရှိ ရှင်းလင်းစေခြင်းငှာ ဦးပဒုမနှင့် ဒဋ္ဌိမိတ္တသဟာယဖြစ်သော လယ်ကိုင်ဂိုဏ်းချုပ် ဦးပညာကို "သိက္ခမ်းလိမ္မာ နားလည်သူပုဂ္ဂိုလ်တို့ရှေ့ ဦးပဒုမ ပိုင်ထိုက်သော ဂရုဘဏ်, လဟုဘဏ်ပစ္စည်းများကို ဦးပဒုမ ကြားသိနားလည်အောင် ဝစီဘေဒနှုတ်မြွက်၍ ဝိဿာသဂ္ဂါဟ ယူလိုက်ရမည်"အမိန့်တော်ရှိသည့်အတိုင်း နံနက် ၉-နာရီအချိန်တွင် "ဦးပဒုမကိုယ်တော် သတိထားတော်မူပါ၊ ကိုယ်တော်၏ဝေဒနာ ချမ်းသာစေခြင်းငှာ ရှင်ဘုရားပိုင်ထိုက်သော ဂရုဘဏ်, လဟုဘဏ်ပစ္စည်းများကို တပည့်တော်ယူပါ၏"ဟု ၃-ကြိမ်တိုင်တိုင် ဝစီဘေဒနှုတ်မြွက်၍ ယူလိုက်သည်။ ယူသည့်ကာလ တစ်စုံတစ်ရာ ဖောက်ပြန်ခြင်း မရှိ၊ ပကတိနားစိုက်၍ ထောင်နေသည်ကို သိရှိသူ မိုးထားတိုက်၊ အုတ်ကျောင်းဘုန်းကြီး ဦးဇနိန္ဒ, တိုက်ကြပ်ဘုန်းကြီး ဦးဝိစိတ္တ, ဝါးရုံဆိပ်ကျောင်းဘုန်းကြီး ဦးဝိလာသတို့ အစုံအညီတွင် ရေးသားသည့် မှတ်သားချက်စာတမ်း။ (၁၂၅၄-ခု၊ တပေါင်းလဆုတ် ၁၀-ရက်နေ့။)

----- x -----

[၃] ဗုဒ္ဓဘာသာသာသနာတော်ကို အယူရှိကြကုန်သော မြန်မာအမျိုးသားဖြစ်သူလူတို့၏သေတမ်းစာ အမှတ်အသားလက်ခံ

၁။ "မှတ်သားချက်နှင့် သာသနာပြုဆရာတော်ဘုရားမှာ လျှောက်ထားစေ" အမိန့်တော်အတိုင်း မေးလျှောက်ချက်

"ပြည်သူတို့က ဘ,မိတို့ရှိစဉ် အမွေကို ခွဲဝေခံစံသင့်ကြောင်းများနှင့် လွတ်ရုံးတွင် လျှောက်ထားပြောဆိုကြသည့်အမှုများမှာ ဘ,မိတို့က ဥစ္စာပစ္စည်းများကို တစ်ဦးတစ်ယောက် နှစ်သာ သား,သမီးတို့အား ပေး၍ရှိသည်ကို မပေးမရသည့် သားသမီးတို့က အမွေကြောင်း အလျောက် ခွဲဝေခံစံသင့်ကြောင်းနှင့် ပြောဆိုလျှင် ဘ,မိတို့ပေးသည့်အတိုင်း တည်သင့်, မတည်သင့်များကို သာသနာပြုဆရာတော်ဘုရားထံ လျှောက်ထားစေ။" ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ခွက်ရသည့်အတိုင်း သက္ကရာဇ် ၁၂၂၂-ခု၊ တော်သလင်းလပြည့်

http://www.dhammadownload.com

ကျော်၊ ၁၂-ရက်နေ့၊ အိမ်ရှေ့ဘုရား ဝန့်ရှင်တော် မကွေးမြို့စားမင်းကြီး, မြတောင်မြို့စားမင်းကြီး, ပုခန်းမြို့စားမင်းကြီး, ဝန်ထောက်ခန်းပတ်မြို့စား, ၎င်းဘောင်ဝန်မြို့သစ်မြို့စား, ပုပွါးမြို့စား, ကျောက်ရဲမြို့စားတို့ ကျောင်းတော်သို့ သွား၍ သာသနာပြုဆရာတော်ဘုရားမှာ လျှောက်ထားရာ–

ဘ,မိတို့က တစ်ဦးတစ်ယောက်သော သား,သမီးတို့ကို ရဟန်းရှင်,လူ စုံရာတို့နှင့် ဖြစ်စေ၊ ခွဲတမ်းဝေစာ စာချုပ်စာတမ်းနှင့်ဖြစ်စေ ပေးလျှင် ကျန်သား,သမီးတို့က ပေးသင့်, ရသင့်ကြောင်းနှင့် မပြောမဆိုသင့်။ ဘ,မိတို့ပေးသည့်အတိုင်း တည်သင့်သည်။ သား,သမီးတို့ အား မိ,ဘအစိုးရ ဖြစ်သည်။ အခြားသူကိုပင် ဥစ္စာပစ္စည်း ပေးကမ်းငြားသော်လည်း သား, သမီးတို့က မပြောမဆိုသင့်။ မိ,ဘတို့ပေးသည့်အတိုင်းသာ တည်သင့်သည်။ မိ,ဘတို့ ပေးကမ်းသည့် ဥစ္စာပစ္စည်းများကို ဘ,မိကွယ်လွန်၍ ကျန်သား,သမီးတို့က ပေးသင့်ကြောင်းနှင့် ပြောဆိုသည်ကို လက်ခံ၍ ပစ္စည်းရှင် မိ,ဘတို့ ပေးသည့်အတိုင်း မတည်မပေးရ၊ 'ကျန်သား,သမီးတို့သို့ ခွဲဝေပေးစေ' စီရင်သူနှင့် အမွေဥစ္စာ ရသူတို့မှာ အဒိန္နာဒါန် မကင်းဖြစ်သည်-မိန့်ဆိုတော်မူသည်။

သက္ကရာဇ် ၁၂၂၂-ခု၊ သီတင်းကျွတ်လဆန်း ၄-ရက်နေ့၊ အမိန့်တော်အတိုင်း သာသနာပြုဆရာတော်ဘုရားမှာ လျှောက်ထားရာ သာသနာပြုဆရာတော်ဘုရား မိန့်ဆိုတော်မူချက်ကို လွတ်တော်တွင် စာရေးတော်ကြီးမင်းလှကျော်ထင်(သည်) စာရေး ငပေါ်ထင်ထံက ကူးယူသည်။

၂။ မိုးနဲတပ်စစ်ကဲကြီး သေတမ်းစာ

"မိုးနဲတပ်စစ်ကဲကြီး မင်းကြီးမဟာမင်းလှမင်းခေါင် သိန္နီမြို့ရပ်က နေ၍ စီရင်စေဘုရားအမိန့်တော်မြတ်"။ ယင်းနှင့်အညီ သိန္နီမြို့သို့ တက်သွား၊ အမှုတော်ကို ထမ်းရွက်ရမည်ဖြစ်၍ ဥတု, ဒေသကွဲပြားရာသည့်အရပ်မှာ ဝိပရိဏာမသဒ္ဓါရ ဖြစ်တန်ရာသည်လည်း ရှိသည်၊ မဖြစ်တန်ရာသည်လည်း ရှိသည်ဖြစ်သောကြောင့် သား,သမီးတို့မှာ အရှုပ်အထွေး မရှိစေရ၊ အသီးအသီး လက်ရှိပေးကမ်းပြီး ရွှေ,ငွေ,လယ်ယာများပြင် ကျန်တောင်ပြုံးကြီးမြို့ရှိ မုယင်းလယ်ယာ,ဥယျာဉ်များမှာ အထက်သမီးအကြီး မယ်ကွယ် ၁-စု၊ ရွှေလောင်းဝန်ကတော်က မွေးသူ သမီးမယ်အိမ်ရှင် ၁-စု၊ ၎င်းမောင် သားငမောင် ၁-စု ဝေယူကြ၍ စစ်ကဲတော်ကြီးမှာ အမွေမကွဲ၊ မြေဒူးမြို့စားဟောင်းတို့နှင့် နှစ်စဉ်လယ်ယာမြေစု စပါးဝေခြမ်းယူကြသည့် ရစုထွက်များကို မယ်ကွယ်, မယ်အိမ်ရှင်, ငမောင်တို့ မောင်နှမ ၃-ဦး အထက်အတိုင်း ၃-ပုံ ညီမျှခွဲဝေ ယူကြစေ။

http://www.dhammadownload.com

ငင်းပြင် အဘလက်ရှိ သုံးစွဲသည့်ရွှေငွေ အကွင်းအချည်, အထည်အလိပ်များအနက် ဗောင်း, ဝတ်လုံ, မျဉ်းတို, မျဉ်းရှည်, ချရားပွင့်, သေနတ်ဝများကို သားငမောင် နုတ်ယူစေ။ ကျန်သက်ရှိသက်မဲ့ အကွင်းအချည်, အထည်အလိပ်, ရွှေငွေဥစ္စာပစ္စည်း, အိမ်ထောင်ခမ်းနားများမှာ ဆိုးကောင်းညီမျှ ၄-စု, ၄-ပုံပြုပြီးလျှင် သမီးကြီး မယ်ကွယ် ၁-စု၊ မယ်အိမ်ရှင် ၁-စု၊ ၎င်းမောင် ငမောင် ၁-စု၊ မိရွှန်းသား ငသာထင်, ညီ-ငအောင်ဘတို့ ၁-စု ရယူကြစေ။ မိရွှန်းနှင့် သားတို့ ရစုဝေပုံမှာ ၄-စုပြုပြန်၍ ၁-စုတွက်ကို မိရွှန်းအစ်မ မိကွန်းတွင် မွေးမြင်သူ သား-ငသက်ရှည်ကို ပေးဝေစေ။

မိရွှန်း နေထိုင်သည့် အိမ်ခြံမြေများမှာ မိရွှန်းက လက်ရှိအတိုင်း သီးသန့်ရယူစေ။ စစ်ကဲတော်ကြီးမင်း အမိဝိုင်သည့် လေးပတုတ်ခေါ် မုယင်းလယ်နှင့် အမိပစ္စည်းနှင့် ဝယ်သည့် ဝင်းမှာ အမိကွယ်လွန်ခဲ့လျှင် သမီးမယ်ကွယ်, မယ်အိမ်ရှင်, သား-ငမောင်တို့နှင့် အမိကို ရေပူ,ရေချမ်း ကမ်းလှမ်းပြုစုသူ တူမ ရှင်သဲတို့ ၃-ဦး ညီမျှဝေယူကြစေ။ သက္ကရာဇ် ၁၂၂၄-ခု၊ တော်သလင်းလဆန်း ၁၂-ရက်နေ့၊ ကျိဝန်ယင်းတော်မြို့စား မင်းကြီးမဟာသီဟသူ, ကျိဝန်စာရေး ဦးမောင်, မြို့အုပ် ဦးစာဥတို့ရှေ့ စာတမ်းထားသည့်အတိုင်း တည်ငြိမ်ကြရမည်။ စစ်ကဲတော်ကြီး နှုတ်မြွက်ထွက်ဆိုချက်အတိုင်း စာတမ်းရေးသားသူ ဝန်စာရေး နေမျိုးသီရိရာဇာ။

၃။ ပုဂံမြို့ဆိုင်ရာ ၉-ခရိုင်အုပ် ဝန်ထောက်တော်မင်း မင်းကြီးမင်းမဟာရာဇသင်္ကြိုက သား,မယားတို့ကို ပေးဝေခဲ့သည့်သေတမ်းစာ

အဘဝန်ထောက်တော်မင်း မှာထားသည် သမီးရှင်မကြီး, ရှင်မယ်ပုတို့၊ ဘုန်းတော်ကြီးလှသောဘုရား သူကောင်းပြုတော်မူသည့် ကျေးဇူးသစ္စာတော်မြတ်ရှိသည့်အတိုင်း မိုင်းနောင်ကြောင်းသို့ ခြီတက်ထမ်းရွက်ရာ ၁၂၄၆-ခု၊ နယုန်လဆန်း၊ ၃-ရက်နေ့က အဖျားရောဂါကပ်ရောက်၊ ဝါဆိုလ လွတ်ကင်းသည့်နောက် ရင်တွင် လေပြည့်၍ စားသောက်မဝင်နံနက်ရမန်း ၁-ပန်းကန်မျှကိုသာ စားသောက်သုံးဆောင်နိုင်သောကြောင့် အားခွန်လျော့ပါး သားရေကြဲလို ဝါခေါင်လပြည့်ကျော် ၆-ရက်နေ့တွင် မဆုတ်မယုတ် မောပန်းသည်ဖြစ်၍ သတိသမ္ပဇဉ်ရှိသည့်အခါ သား,သမီး,မယား, တပည့်,ဆွေမျိုးတို့ မရှုပ်မထွေးစေရအောင် မှာစာစာတမ်း ရေးသားထားသည်။

အဘမြတ်စွာဘုရား ဟောတော်မူသည့် သခ်ါရသဘောတရားကို မလွန်နိုင်ကွယ်လွန်ခဲ့လျှင် မိန်းမငယ် ရွှေသင်က မွေးဖွားသည့်သမီး မကျီတော်၊ ရွှေညွန့်က မွေးဖွားသည့်

http://www.dhammadownload.com

သား စော်ဘွားကြီး၊ ရှင်ဟသ်ာက မွေးဖွားသည့်သမီး မအေးကြူ ၃-ဦးရှိကြသည်။ ၎င်းတို့ အမိများမှာ သက်ရွယ်နုပျိုသူများဖြစ်၍ အိမ်ထောင်သစ် ပြုကြလိမ့်မည်။ သမီး မကျီတော်, သား စော်ဘွားကြီး, သမီး မအေးကြူတို့ကို လူလားမြောက်အောင် သမီးရှင်မကြီး, ရှင်မယ်ပုတို့က ယူ၍ ကျွေးမွေးပြုစုထားရမည်။ အသက် ၁၇-နှစ်ရွယ် ခြံန်တိုင်ရောက်လျှင် သမီးမကျီ-တော်မှာ အထက်ဝတ်ဆင်သည့် ရွှေစတိလက်ကောက် ရန်စုံ-၅, အခြံန် ၂၀-ပြင် ရွှေခြံန် ၁၀-တိုး၍ ရွှေ-၃၀၊ သား စော်ဘွားကြီးမှာ ရွှေခြံန်-၂၀၊ သမီး မအေးကြူမှာ ရွှေခြံန်-၂၀၊ သမီးရှင်မကြီး, မယ်ပု, ညီ-စာရေးတော်ကြီးတို့နှင့်အတူ နေထိုင်လျှင် သမီးကြီးတို့က ပေးရမည်။ မနေမထိုင်သူတို့ အမိနောက်သို့ လိုက်သွားကြလျှင် ရွှေခြံန် ၅-ကျပ်စီသာ ပေးလိုက်ရမည်။ နောက်တဖန် ပြန်လာ၍ သမီးကြီးတို့ထံဖြစ်စေ, ညီစာရေးတော်ကြီးထံဖြစ်စေ နေလာပြန်လျှင်လည်း သမီးကြီး ၂-ယောက်တို့ ပေးလိုသမျှသာ ပေးရမည်။

ရဲမက်,လက်နက်ကိုင်အမှုထမ်းတို့ စားသုံးရန် ချေးငှားစိုက်ထုတ်ပေးရသည့် ငွေ ၅၄၆၀-ရရှိလျှင် ရွှေညွှန့်ကို-၁၀၀၊ ရှင်ဟသ်ာကို ၁၀၀-ပေးရမည်။ ၎င်းပြင် ရွှေသင်, ရွှေညွှန့်, ရှင်ဟသ်ာတို့သို့ လက်ရောက်ပေးပြီး နားဆောင်း, ပုတီး, လက်စွပ်, ငွေများကိုလည်း အပြန်အယူ မရှိကြနှင့်၊ ပေးသည့်အတိုင်း ရယူစေရမည်။ သမီးမကျီတော်, သားစော်ဘွားကြီး, သမီး မအေးကြူတို့ နားထွင်းရှင်ပြုလောက်သည့်အရွယ်တိုင်ရောက်လျှင် သမီးကြီးတို့က အဘ ရင်သွေးဖြစ်သည့်အတိုင်း လျောက်ပတ်သင့်တင့်အောင် ချီးမြှောက်ကြရမည်။ မကျီတော်, စော်ဘွားကြီး, မအေးကြူတို့ အသက် ၁၇-နှစ်မပြည့်မီ သမီးကြီးတို့ သိမ်းဆည်းထားသည့် ပေးရန်ရွှေများကိုလည်း ရန်သူမျိုး ၅-ပါး ဖျက်ဆီးဆုံးပါးသည်ဖြစ်စေ, သမီးကြီးတို့ ကံ အလျောက် ဆင်းရဲပြုငြင် မပေးနိုင်ရှိသည်ဖြစ်စေ မကျီတော်, စော်ဘွားကြီး, မအေးကြူတို့က ရကောင်းသည်- အတောင်းအခံ မရှိကြနှင့်။ မကျီတော်, စော်ဘွားကြီး, မအေးကြူတို့ကို ပေးရန် ရွှေခြံန် ၇၀-ပြင် ကျန်ရွှေ,ငွေ, အကွင်းအချည်, အထည်အလိပ်, လယ်မြေ, သက်ရှိ, သက်မဲ့ ဥစ္စာပစ္စည်းများမှာ သမီးရှင်မကြီး, မယ်ပုတို့ ညီမျှခွဲဝေယူကြရမည်။

၎င်းပြင် မြင်းအုန်းခွံဖြူမှာ သမက်စာရေးကြီး၊ မြင်းနီကြီးမှာ သံတော်ဆင့်လယ်ဝန် ယောမြို့စား၊ ဒေါနခေါ် အုန်းခွံညိုမှာ မြေးမောင်ဘ၊ ငယ်ဖြူကြီးမှာ ညီစာရေးတော်ကြီး၊ ဘောင်းဝတ်ခြောက်မှာ ယောက်ဖ ဥယျာဉ်အုပ်မင်း၊ ပလောင်ခေါ် အုန်းခွံမှာ တပည့် မောင်သာမြိုင်တို့ ယူကြစေရမည်။

သစ်ဆိမ့်ကျောင်း, အသောကာရာမကျောင်း, ရွှေပန်းရကျောင်းနှင့် စေတီများကို သမီးရှင်မကြီးက မပျက်မစီး မယိုမယွင်းအောင် ကိုးကွယ်ကြည့်ရှု လှူဒါန်းရမည်။ ကံသာ ကျောင်း, ပုသိမ်ကလေးကျောင်းနှင့် စေတီများကို သမီးမယ်ပုက မပျက်မစီး မယိုမယွင်း

http://www.dhammadownload.com

အောင် ကိုးကွယ်ကြည့်ရှု လျှုဒါန်းရမည်။ တောင်ဝင်းရှိ ဝဲဆောင်နှင့် မြောက်ဆောင်ကို ဖျက်သိမ်း၍ ရွှေပန်းရဘုရားမှာ သိမ်တန်ဆောင်း သမီးကြီး ၂-ဦးတို့က ပြီးပြေအောင် လုပ်ဆောင်လျှုဒါန်းရမည်။

တောင်ဝင်းအနောက်ပေါက် မြောက်ဘက် ဝင်းပြင်အိမ်, ဝင်းတွင်းအိမ်ကို ယောက်ဖ ဥယျာဉ်အုပ်မင်းကို အိမ်ဆောက်ရန် ပေးသည်၊ ဖျက်သိမ်းယူစေရမည်။ မြောက်ဝင်းပေါက်ရှိ မြင်းဇောင်း, ၎င်းအနောက် ဝင်းတွင်းအိမ်ငယ်, ၎င်းအရှေ့ ဗြတိုက် သံတော်ဆင့် ကိုကြူး နေထိုင်သည့်အိမ်များကို ညီ-စာရေးတော်ကြီးမင်းသို့ အိမ်ဆောက်ရန် ပေးသည်၊ ဖျက်သိမ်းယူ စေရမည်။ အမှာတော်ရေး နေထိုင်သည့်အိမ်, လက်စွဲမောင်လောဟူ နေထိုင်သည့်အိမ်များမှာ ၎င်းတို့က ရောင်းချလျှင် ရောင်းချသည့်အဖိုးကို သမီးတို့က တောင်းယူရမည်။ မရောင်းမချ နေထိုင်ကြလျှင်လည်း နေထိုင်မြဲအတိုင်း နေထိုင်စေရမည်။

ဥယျာဉ်ဝင်းတွင်းအိမ် အနောက်ဘက်ရှိ မီးဖို, အမှာတော်ရေးအိမ် နောက်ဘေးရှိ နွားတဲများကို သမီးရှင်မကြီးက ဖျက်သိမ်းယူ၍ သစ်ဆိမ့်ကျောင်း, အသောကာရာမကျောင်း များတွင် မီးတင်းကုတ် ဆောက်လုပ်လျှုဒါန်းရမည်။ ၎င်းပြင် တောင်ဝင်းရှိ တိုက်များကို သမီးရှင်မကြီး, မယ်ပုတို့က ဖျက်သိမ်းရောင်းချ၍ ရွှေပန်းရဘုရား, ပုသိမ်ဘုရားများမှာ တံတိုင်းပြီးပြေအောင် ကုသိုလ်လုပ်ကြရမည်။ ဝင်းမှာ သနားတော်မြတ်ခံရသည့် ဝင်းဖြစ်သည်၊ အထူးမဆိုသာ။ ရွှေပန်းရဘုရား, ပုသိမ်ဘုရား တံတိုင်းလုပ်ရန်များကိုလည်း သမီးတို့ကို ဝေပုံပေးအပ်ခဲ့သည့်အတိုင်း လုပ်ဆောင်ကြရမည်။

တပည့် ငပွါး, ငချိပ်တို့သည် ငယ်ရွယ်စဉ်အခါကပင် အဘစေခိုင်း အဝေးမြို့ရွာသို့ လိုက်ပါထမ်းရွက်ကြသည်။ ၎င်းတို့ ကိုယ်နေသက္ကရာဇ်ကို ဖျက်သိမ်းရမည်။ ငကြုတ်ကြီး ငယ်ရွယ်စဉ်ဆွဲသည့် ရွှေဆီးဖြူကုံးပုတီးကို ငကြုတ်ကြီး အိမ်ထောင်ကျကာလ ၎င်းသို့ ပေးရမည်။ သမီးရှင်မကြီး, မယ်ပုတို့ ၂-ဦးမှာလည်း အဘထိမ်းမြားခဲ့သည့် ခင်ပွန်းကို ရိုသေစွာ ဝတ်မပျက်အောင် ပြုစုလုပ်ကျွေးကြရမည်။ သမီး ၂-ဦးတို့ တစ်စုံတစ်ရာအကြောင်းကြောင့် ဒေါသပွါးများ မသင့်မတင့်ရှိကြလျှင် ဦးလေး ဥယျာဉ်အုပ်မင်း, ဘထွေး စာရေးတော်ကြီးမင်းတို့ ပြောဆိုရာ အဘပြောဆိုသကဲ့သို့ ထင်မှတ်နာယူ၍ ပြေကြေသင့်မြတ်ကြရမည်။ ဆွေမျိုး, တပည့်,ကျေးကျွန်တို့ကိုလည်း အဘကြည့်ရှုသကဲ့သို့ ကြည့်ရှုကြရမည်။ အဘမှာထားသည့် အတိုင်း သမီးကောင်းတို့လည်း မဖောက်မပြန် နာခံကြပါလျှင် ဘုန်းကြီးသက်ရှည် အန္တရာယ် ကင်းဝေး၍ တက်သစ်သောနေဝန်း, ဆန်းသစ်သောလကဲ့သို့ တနေ့တခြား စီးပွါးချမ်းသာ တိုးတက်ကြလိမ့်မည်။ အဘစကားကို မတည်လျှင် မတည်သူ သမီးဆို,သမီးညစ် ဖြစ်ကြမည် များကို အမြဲနှလုံးထားကြရမည်။

http://www.dhammadownload.com

ဂင်းမှာထားသည့်အတိုင်း မတည်ကြလျှင်လည်း ဘထွေး စာရေးတော်ကြီး, ဦးလေး ဥယျာဉ်အုပ်မင်း, သမက် စာရေးတော်ကြီး, သံတော်ဆင့် လယ်ဝန်ယောမြို့စား, တပည့် အမှာတော်ရေး, တပည့် လယ်ဝန်စာရေး, တပည့်ဘဏ္ဍာစိုး, ဗိုလ်တပ်ရေးမောင်ကြီးတို့က မပျက်မကွက်အောင် ပြောဆိုကြရမည်။

၁၂၄၆-ခု၊ ဝါခေါင်လပြည့်ကျော် ၆-ရက်နေ့ စာတမ်းရေးသားသည်။ သိရှိသူ စာရေးတော်ကြီး နေမျိုးမင်းထင်ရာဇာ, အမှာတော်ရေး ဦးမဲ့, လယ်ဝန်စာရေးကြီး ဦးစိုး, ဦးစံလှ, ဗိုလ်တပ်ရေး မောင်ကြီး, ဘဏ္ဍာစိုး မောင်သော်, မောင်ကံစ ၎င်းစာတမ်းနှင့် မိုင်းနောင်တပ်ရှိ ပစ္စည်းအသုံးအဆောင်စာရင်းများကို တံဆိပ်ခတ်စက္ကူတွင် ရေးသား၍ သမီးရှင်မကြီးသို့ ၁-စောင်, သမီးမယ်ပုသို့ ၁-စောင်, ညီစာရေးတော်ကြီးမင်း ထိန်းသိမ်းထားရန် ၁-စောင် အပ်ခဲ့သည်။ စာရင်းစာတမ်းများကို ကြည့်ရှုမှတ်သား သင့်တင့်ညီညွတ်စွာ နေထိုင်ကြရမည်။

၅။ ပုခန်းမင်းကြီးကတော် သေတမ်းစာ

သက္ကရာဇ် ၁၂၄၉-ခု၊ တော်သလင်းလဆန်း ၂-ရက်နေ့တွင် ပုခန်းမင်းကြီးကတော် ထိပ်တင်က လင်-ဝန်ရှင်တော် ပုခန်းကြီးမြို့စားမင်းကြီးရှိစဉ် ၂-ပါးစုံကိတ္တိမအဖြစ် မောင်ဘိုးကံ မွေးမြူရှိ၍ ကျွန်ုပ်တို့ ပိုင်ထိုက်သည့် ရွှေ,ငွေ,စိန်,ကျောက်, လယ်ယာ,ဥယျာဉ်,ဝင်းခြံ သက်ရှိ, သက်မဲ့ပစ္စည်းများကို အမွေခံစေသူ မောင်ဘိုးကံကို ယခု ဝန်ရှင်တော်မင်းကြီး မရှိသည့်နောက် သားမောင်ဘိုးကံ လူလားမြောက်သည်ဖြစ်သောကြောင့် ကျွန်ုပ်ပိုင်သည့် ရွှေ,ငွေ,စိန်,ကျောက်, လယ်ယာ,ဥယျာဉ်,ဝင်းခြံ သက်ရှိ,သက်မဲ့ပစ္စည်းရပ်များနှင့် အခြားသူတို့ထံ ရရန် ကြွေးမြီပစ္စည်းရပ်များကို လက်ရှိပေးအပ်။

ဆိုးမွေ,ကောင်းမွေများကို သားမောင်ဘိုးကံမှတပါး အခြားသား,သမီး အမွေခံမရှိဖြစ်၍ ကျွန်ုပ်က ထပ်မံပေးပြီးလျှင် မာစဉ်,သာစဉ် မအိုမီ,မနာမီအတွင်း လှူဒါန်းပေးကမ်းသုံးဆောင်ပြီးလျှင် ကျွန်ရွှေ,ငွေ,စိန်,ကျောက်, လယ်ယာ,ဥယျာဉ်,ဝင်းခြံ သက်ရှိ,သက်မဲ့ပစ္စည်းရပ်များနှင့် အခြားသူတို့ထံ ရရန် ကြွေးမြီပစ္စည်းရပ်များကို ထပ်မံ၍ ပေးအပ်ကြောင်းကို အသိသက်သေ ညောင်ရမ်းမိဖုရား၊ စကု,လယ်ကိုင်း ၂-မြို့ဝန် ဦးဘိုးအို၊ သူရဲဝန်မင်းဦးခေါင်၊ အဝေးကျီဝန်မင်း ဦးဘိုးအို၊ သံတော်ဆင့်မင်း ဦးမြတ်ကျော်၊ ပုဏ္ဏားစာရေး ဦးတေ၊ ဝန်စာရေး ဦးစံထွန်း၊ ဦးရွှေပြည့်၊ ရွှေဘွဲ့ဗိုလ် ဦးဆိုင်၊ ဦးကွန်းစဉ်၊ ကိုရှင်ကြီး၊ ဦးသာမှတ်၊ ဦးစောတို့ရှေ့ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးသည်။

http://www.dhammadownload.com

၆။ အနောက်နန်းတော် ထိပ်ခေါင်တင်ဖုရားသေတမ်းစာ-၂

ခရစ်သက္ကရာဇ် ၁၈၈၇-ခု၊ ဒီဇင်ဘာလ၊ ၂၃-ရက်၊ မြန်မာသက္ကရာဇ် ၁၂၄၉(၁၂၈၀?)-ခု၊ ပြာသိုလဆန်း၊ ၁၀-ရက် ပဉ္စမသင်္ဂီယနာတင်မင်းတရားကြီးဘုရား နှမတော် အနောက်နန်းတော်ထိပ်ခေါင်တင်ဖုရားသည် သခ်ါရမရဏာသတိတရားများကို နှလုံးသွင်းတော်မူ၍ သခင်မိဘတို့ မှူခင်းကြီး,ငယ်များကို ရိုသေလေးမြတ် ရွက်ဆောင်သူတို့ကို တဖန်ပေးကမ်းပြုစုရလျှင် ကတညုတ ကတဝေဒီ တရားကျမ်းဂန်နှင့်အညီ သူတော်ကောင်းပညာရှိတို့ အလေးအမြတ်ပြုအပ်သည့်အတိုင်း တူမောင်ကြီးသည် သီပေါမင်းလက်ထက် ဆင်းရဲငြိုငြင်ပင်ပန်းစဉ် ၇-နှစ်ကျော် ၈-နှစ်ခန့် မှူခင်းကြီး,ငယ်များကို ရိုသေလေးမြတ် ရွက်ဆောင်သူဖြစ်သည်တစ်ကြောင်း၊ သူတပါး နှောင့်ယှက်ရှိသည့် ဝင်းမြေများကို စရိတ်ကြေးငွေ ၃၁၅-ကျပ် စိုက်ထုတ်ပြောဆိုသူ တစ်ကြောင်းဖြစ်၍ ကျွန်ုပ်ပိုင် မန္တလေးမြို့၊ အနောက်ပြင်၊ ပုလဲငွေရောင်ရပ်ကွက်ရှိ ပြပေါက်ဝင်းအနက် တဝက်မြောက်ပိုင်း အရှေ့,အနောက် ၃၃-တာ, ၁-တောင်၊ မြောက် ၂၄-တာ, ၄-တောင်၊ ရှေ့ပေါက်,နောက်ပေါက် ဥပစာမြေပေါ်ရှိ သစ်ပင်ဝင်းအကာ အရံများနှင့်တကွ ကျွန်ုပ်ကွယ်လွန်လျှင် တူမောင်ကြီးကို ပေးသင့်,ပေးထိုက်သည့်အတိုင်း နောင်ဆွေမျိုးရင်းချာ ဉာတိသင်္ဂဟတို့က ဆိုင်သည်,ပိုင်သည်-ဟူ၍ ပြောဆိုနှောင့်ယှက် မရှိနိုင်အောင် သေတမ်းစာ ရေးသားပေးသနားတော်မူသည့်ကာလ စာရေးမောင်ရှင်ကလေး။

၇။ အနောက်နန်းတော်ထိပ်ခေါင်တင်ဖုရား သေတမ်းစာ-၁

ခရစ်သက္ကရာဇ် ၁၈၈၇-ခု၊ ဖေဖော်ဝါရီလ၊ ၁၂-ရက်၊ ၁၂၄၉-ခု၊ တပို့တွဲလပြည့်ကျော်၊ ၁၃-ရက်နေ့တွင် အမရပူရဒုတိယမြို့,တည်နန်းတည်မင်းတရားကြီးဘုရား သမီးတော်, မန္တလေးမြို့,တည်နန်းတည် ပဉ္စမသင်္ဂီယနာတင်မင်းတရားကြီးဘုရား နှမတော် အနောက်နန်းတော်ထိပ်ခေါင်တင်ဖုရားသည် ဘုရားဟောကျမ်းဂန်တို့ကို နှလုံးသွင်းတော်မူ၍ သခင်မိဘတို့ မှူခင်းကိစ္စများကို ကောင်းမွန်ရိုသေစွာ အလေးအမြတ် လုပ်ကျွေးရွက်ဆောင်သူတို့ကို တဖန်ပြုစုပေးကမ်းရလျှင် ကတညုတ ကတဝေဒီ တရားကျမ်းဂန်နှင့်အညီ သူတော်ကောင်းပညာရှိတို့ အလေးအမြတ်ပြုအပ်သည့်အတိုင်း ဆင်းရဲစဉ်အခါ ကြေးငွေစိုက်ထုတ် မိဘအရင်းကဲ့သို့ အလေးအမြတ်ပြု၍ လုပ်ကျွေးမွေးမြူဆောင်ရွက်သူ တူ-မောင်ရှင်ကလေးသို့ မန္တလေးမြို့,အနောက်ပြင်၊ ပုလဲငွေရောင်အရပ်ရှိ ကျွန်ုပ်ပိုင် ပြပေါက်ဝင်းအနက် တောင်ဘက်တဝက် အရှေ့,အနောက် ပေပေါင်း-၃၅၀၊ တောင်,မြောက် ပေပေါင်း ၂၂၂-ရှိသော ဝင်းမြေနှင့် ၎င်းမြေပေါ်အတွင်းရှိ တိုက်အိမ်, မီးဖို, မြင်းဇောင်း, သစ်ပင်များနှင့်တကွ အဖိုးငွေဂဏန်း

http://www.dhammadownload.com

၄,၀၀၀-ခန့်တန်ကို ပေးသင့်,ပေးထိုက်သည့်အတိုင်း အပိုင်လက်ရောက် ပေးသနားတော်မူသည်။ ဤပေးခြင်းမှာ အမွေစားအမွေဆိုင်တို့က အနှောင့်အယှက်မရှိစေရဘဲ လက်ရောက်အပိုင် လက်မှတ်ရေးထိုး ပေးသနားတော်မူသည်။

၈။ မန္တလေးမြို့၊ လွတ်တော်ရှိ မြန်မာမှူးတော်,မတ်တော်တို့က ရန်ကုန်မြို့၊ ဂျူဒီရှက်ကံမစ်ရှံနားခေါ် တရားမအရေးပိုင်မင်းကြီးထံ ပြန်ကြားစာ

၁-မှတ်မေးချက်။ ဗုဒ္ဓဘာသာသာသနာဝင် မြန်မာလူမျိုး ယောကျ်ားဖြစ်စေ, မိန်းမဖြစ်စေ ကိုယ်ပိုင်ဥစ္စာပစ္စည်းများကို မသေမီ စာတမ်းနှင့် ခွဲဝေပေးခဲ့သည့်အရာများကို သင်တို့၏ သားချင်းဆွေမျိုးထဲတွင်ဖြစ်စေ, အသိအကျွမ်း မိတ်ဆွေများတွင်ဖြစ်စေ ကိုယ်တိုင်တွေ့ကြုံသိမြင်ခဲ့ဖူးသည့်အချက်ရှိလျှင် အကြောင်းအရာစေ့စုံအောင် ဖြေဆိုပြန်ပြောပါ။ ၎င်းသေတမ်းစာ၏ အချုပ်အဓိပ္ပါယ်၊ သက္ကရာဇ်နေ့စွဲ၊ ၎င်းသေတမ်းစာကို ခုခံငြင်းပယ်ချက် ရှိ,မရှိ၊ ရှိလျှင်လည်း နောက်ထပ်မံ စုံရာတို့နှင့် ပြင်ဆင်ပြုလုပ်ရသည်၊ မပြု,မလုပ်ရသည် အကြောင်းများကိုလည်း ဖြေဆိုပြန်ပြောပါမည့်အကြောင်း။

၁-မှတ်ဖြေချက်။ ဗုဒ္ဓဘာသာ သာသနာတော်အယူရှိသော မြန်မာလူမျိုးတို့မှာ ကိုယ်ပိုင်ပစ္စည်းများကို မသေမီ သေတမ်းစာနှင့် ပေးဝေခဲ့ဖူးသော ဓလေ့ထုံးစံရှိသည့်အတိုင်း ကျွန်ုပ်တို့၏ အသိအကျွမ်းမိတ်ဆွေတို့တွင် ထိုကဲ့သို့ သေတမ်းစာပြုလုပ်ပေးဝေခဲ့သည်များကို ကျွန်ုပ်တို့ကိုယ်တိုင် ကြားသိတွေ့ကြုံခဲ့ဖူးသည်ဖြစ်၍ ၎င်းခွဲဝေပေးခဲ့သော သေတမ်းစာမူရင်းများက ကူးယူသည့် လက်ခံစောင်ရေ ၅-ကို ပူးတွဲပေးပို့လိုက်ကြောင်း၊

၎င်းသေတမ်းစာများတွင် ၁-မှတ် သေတမ်းစာစောင်ရေ ၁-မှာ သေတမ်းစာရှင် မသေမီ သဘောမတူသော အမွေခံအချို့တို့က ခုခံငြင်းပယ်ချက်ရှိသော်လည်း ၎င်းငြင်းပယ်ချက်များသည် အချည်းနှီးဖြစ်၍ သေတမ်းစာရှိသည့်အတိုင်း အတည်အငြိမ်ဖြစ်ခဲ့ဖူးကြောင်း၊

၂-မှတ်က ၅-မှတ်တိုင် သေတမ်းစာစောင်ရေ ၄-မှာ ရေးသားပေးဝေခဲ့သည့်နေ့က စ၍ ယခုတိုင် အမွေခံစံရသူကသော်လည်းကောင်း, အခြားတစ်စုံတစ်ယောက်သောသူက သော်လည်းကောင်း ခုခံငြင်းပယ်ချက်မရှိ၊ အတည်အငြိမ်ဖြစ်ကြောင်း။

၂-မှတ်မေးချက်။ သေတမ်းစာပြုလုပ်ခြင်း, သေတမ်းစာ ပြုလုပ်နိုင်သောအခွင့်သည် တရားသဖြင့်ဖြစ်သည် ထင်ပါ၏လား၊ သို့မဟုတ် မြန်မာအမျိုး

http://www.dhammadownload.com

သားတို့ ဗုဒ္ဓသာသနာဝင်ကျမ်းဂန်တို့၌ တစ်စုံတစ်ရာ ဂါထာဗန္ဓအားဖြင့် တားမြစ်သည့်အရာ ရှိသလား။ သင်တို့က ဖြေလတ္တံ့သောအဖြေတွင် တစ်စုံတစ်ရာ ကျမ်းဂန်ကို ကိုးကားသည့် အချက်ပါရှိလျှင် ကိုးကားသော ဂါထာဗန္ဓ, ကျမ်းပြုဆရာ၏ အမည်နာမ, ကျမ်းစာအမည်, မည်သည့်ကဏ္ဍ, မည်သည့်ဝဂ်, မည်သည့်ဂါထာ, မည်သို့ လာရှိကြောင်း အရပ်ရပ်များကို ဝိသေသပြု၍ ထည့်သွင်းဖြေဆိုပါမည့်အကြောင်း၊

ဤအမေးပုစ္ဆာများကို မဖြေမဆိုမီ သင်တို့နှင့် သိကျွမ်းသူ ရဟန်းပညာရှိ, လူပညာရှိ ညှိနှိုင်းတိုင်ပင်သင့်သူတို့ကို ကျေးဇူးပြု၍ တိုင်ပင်ပါ။ ဤကဲ့သို့ တိုင်ပင်(သည့်)ကာလလည်း အသိအကျွမ်း, အဆွေခင်ပွန်း, အတိုင်ပင်ခံသူတို့အား လွတ်လွတ် အလိုရှိတိုင်း သဘောကုန် သင်တို့နှင့် ပြောဆိုနိုင်သည့် အခွင့်ရှိပါစေမည့်အကြောင်း။

၂-မှတ်ဖြေချက်။ သေတမ်းစာပြုလုပ်ခြင်း, သေတမ်းစာပြုလုပ်နိုင်သော အခွင့်များသည် မတရားသဖြင့်-ဟု ထင်မှတ်ရန် အကြောင်းမရှိ၊ တရားသဖြင့် ဖြစ်သည်-ဟု ထင်မှတ်ယုံကြည်ရန် သင့်ကြောင်းကို အောက်၌ ဆိုလတ္တံ့သော အကြောင်းများကို ထောက်၍ ကောင်းစွာ သိသင့်,သိထိုက်ကြောင်း၊

အကြောင်းမှာ ဗုဒ္ဓဘာသာသာသနာတော် အယူရှိသော မြန်မာအမျိုးသားလူတို့မှာ သေတမ်းစာပြုလုပ်ခြင်း, သေတမ်းစာပြုလုပ်နိုင်သော အခွင့်များကို ဗုဒ္ဓဘာသာ သာသနာတော်ကျမ်းဂန်တို့၌ တစ်စုံတစ်ရာ ဂါထာဗန္ဓအားဖြင့် တားမြစ်သည့်အရာ မရှိသည်တစ်ကြောင်း၊

လောကီဓမ္မသတ်ကျမ်းတို့၌လည်း ထိုကဲ့သို့ သေတမ်းစာပြုလုပ်ခြင်း, သေတမ်းစာပြုလုပ်နိုင်သော အခွင့်များကို တားမြစ်သည့်အချက် တစ်စုံတစ်ရာမရှိသည်တစ်ကြောင်း၊

အချို့သော ဓမ္မသတ်ကျမ်းတို့တွင် အမွေရှင်ဖြစ်သောသူတို့သည် သေရာညောင်စောင်းသို့ရောက်မှ မှာညွှန်းခဲ့သော သေတမ်းစာကို မတည်သင့်, မတည်ထိုက်ကြောင်းနှင့် ထွက်ရှိသော်လည်း သေရာညောင်စောင်းသို့ရောက်မှ ဆိုသောစကားသည် အမွေရှင်ဖြစ်သောသူ သေခါနီးကာလ ကျ၍ မိန်းမောတွေဝေသောအဖြစ်ကို ရောက်မှ-ဟု အဖြောင့်အဓိပ္ပါယ်ဆိုလိုသည်ဖြစ်၍ သေခါနီးကာလ မရောက်၊ မိန်းမောတွေဝေခြင်းမဖြစ်မီ ရဟန်းကြီး, လူကြီးစုံရာတို့ရှေ့ နှုတ်ဖြင့်သော်လည်းကောင်း, စာဖြင့်သော်လည်းကောင်း မှာညွှန်းခဲ့သော သေတမ်းစာဖြစ်လျှင် အမှန်တည်သင့်,တည်ထိုက်ကြောင်းကို ငင်းဓမ္မသတ်ကျမ်းထွက် စကားအရ အဓိပ္ပါယ်အပြန်အားဖြင့် သိသင့်,သိထိုက်သည်တစ်ကြောင်း၊

http://www.dhammadownload.com

ဓမ္မသတ်ကျမ်းအများတို့တွင် အမွေပုံဥစ္စာကို အမွေခံတို့အား ခွဲဝေခံစံကြစေရန် ပြဆိုထွက်ရှိသော ဝေနည်း,ဝေပုံအကြောင်းအရာများမှာ အဂီါစုံညီ၍ တည်သင့်,တည်ထိုက်အောင် နှုတ်ဖြင့်ဖြစ်စေ, စာဖြင့်ဖြစ်စေ မှာညွှန်းခဲ့ခြင်းမရှိသောသူတို့၏ အမွေပုံကို အမွေခံတို့အား ခွဲဝေပေးရာသော ထုံးနည်း-ဟူ၍သာ သ ပညဝါ ဝိဇာနေယျ-အားဖြင့် မှတ်သင့်,မှတ်ထိုက်သည်တစ်ကြောင်း၊

ရှေးကာလက စ၍ ဗုဒ္ဓဘာသာ မြန်မာအမျိုးသားတို့မှာ ကိုယ်ပိုင်ဥစ္စာပစ္စည်းများကို မသေမီ သေတမ်းစာနှင့် အကြောင်းအဂီါပြည့်စုံစွာ မှာညွှန်းပေးဝေခဲ့ဖူးကြသည်ကို ၁-မှတ်ဖြေချက်တွင် ပါရှိသည့်အတိုင်း အတည်ဖြစ်ခဲ့ဖူးသော သေတမ်းစာအများရှိသည်ကို ထောက်ထားမြော်ခေါ် သင့်သည်တစ်ကြောင်း၊

သို့ ဆိုခဲ့သောအကြောင်းများကို ထောက်၍ အမွေရှင်ဖြစ်သောသူသည် သေရာညောင်စောင်းသို့ မရောက်၊ သေခါနီး၍ မိန်းမောတွေဝေခြင်းမဖြစ်မီ ရဟန်းကြီး, လူကြီးစုံရာတို့ ရှေ့သော်လည်းကောင်း၊ အခြားလုံလောက်သော နည်းဖြင့်သော်လည်းကောင်း အဂီါပြည့်စုံစွာ နှုတ်ဖြင့်ဖြစ်စေ, စာဖြင့်ဖြစ်စေ မှာညွှန်းခဲ့သော သေတမ်းစာဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာတော်ကျမ်း, လောကီဓမ္မသတ်ကျမ်းတို့နှင့် ဆန့်ကျင်ခြင်း မရှိ၊ ၎င်းသေတမ်းစာသည် တရားသဖြင့် ပြုသင့်,ပြုထိုက်သည့်အရာဖြစ်ကြောင်းကို မဖောက်မပြန် ယုံကြည်ထင်မှတ်သင့်ကြောင်း၊

၎င်းသေတမ်းစာအကြောင်းနှင့်စပ်၍ ဗုဒ္ဓဘာသာ သာသနာတော်ကျမ်းဂန်တို့၌ ထွက်ရှိသည်ကို တွေ့မြင်သိမှတ်မိသမျှ အကြောင်းအရာ, ကောက်နုတ်ချက်, ပါဠိ,အနက်များကိုလည်း ကျမ်းပြုဆရာအမည်, ကျမ်းအမည်, ဝဂ်, ကဏ္ဍ, အပိုင်းအခြားများနှင့်တကွ အသေအချာကောက်နုတ်ရေးသား ပူးတွဲပေးပို့လိုက်ကြောင်း၊

အထက်ဆိုခဲ့သော ဖြေဆိုချက်များကို မဖြေမဆိုမီ ကျွန်ုပ်တို့နှင့် သိကျွမ်းသူ ရဟန်းပညာရှိ, လူပညာရှိတို့ အစုံအညီ ညှိနှိုင်းတိုင်ပင် ဖြေဆိုပြန်ကြားသည့်အချက်များ ဖြစ်ကြောင်း၊

ထိုကဲ့သို့ တိုင်ပင်ရာလည်း ၎င်းအတိုင်ပင်ခံသူတို့ အလိုရှိတိုင်း သဘောကုန် လွတ်လွတ်ပြောဆိုနိုင်သည့်အခွင့်ကို ပေး၍ ညှိနှိုင်းတိုင်ပင် ပြုလုပ်သည့်အရာဖြစ်ကြောင်း-

ဗန်ကျီတိုက်၊ မင်းတိုင်ပင်မြို့လျှင် ဖွားရာဇာတိရှိသော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်၊ လယ်ကိုင်းမြို့စား၊ သေနတ်ဝန်ကင်းဝန်မင်းကြီး။ (၁၂၅၀၊ နယုန်လဆန်း ၁၅-ရက်နေ့)

★★★★★★★

http://www.dhammadownload.com

နိဒါန်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မန္တလေးရတနာပုံ ပဌမမြို့တည်,နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီး, သားတော်ဒုတိယမြို့တည် သီပေါမင်းတရားကြီး မင်းထီး မင်းဖျား မင်းဘသား ၂-ပါးတို့ မြောက်စားကိုးကွယ်ရာဖြစ်တော်မူသော ဧ ယျဓမ္မာဘိမုနိဝရ-ညာဏကိတ္တိသိရိဓဇမဟာသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော ဘွဲ့တံဆိပ်တော်ရ သာသနသောဓကသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ တပည့်ရင်းချာ၊ ဓမ္မန္တေဝါသိက၊ တပည့်ဟူလောက်၊ တစ်ဆူပေါက်၍၊ မဟေန္ဒိုင်းရန်၊ ဉာဏ်ပါရဂူ၊ အင်စုံပြည့်ဝ၊ တေပိဋကဓရ၊ သာဋ္ဌကထ၊ နယသာဂရ၊ ရေလှိုင်းမဋ္ဌိ၊ ဂဏ္ဌိပါရဂူ၊ လင်းယဉ်ထူသဖြင့်၊ အဆူဆူ ကျမ်းပြုဆရာ၊ ဂန္ထာဘိသူရ၊ ပါဠို,အဋ္ဌကထာ၊ ဋီကာ,အနု၊ မဓု,ယောဇန၊ ဂဏ္ဌိ ဂန္ထန္တရ၊ သိက္ခာနုလျက်၊ လောက,ဓမ္မ၊ ရာဇအကြောင်း၊ ထုံးဟောင်းဥပဒေ၊ အထွေထွေနှံ့သိ၊ အာစရိယ မုဋ္ဌိ၊ လက်ဆုပ်ရှိသဖြင့်၊ တိပိဋက၊ သာသနဝရ၌၊ ဂဏ္ဌိပါမောက်၊ တံခွန်ဆောက်သော၊ ပေါက်သားကြီးတို့၏၊ ထုံးမှီးနည်းခံ၊ အနက်မြန်မာ၊ သဒ္ဒါဉာဏ်ဟုန်၊ စူးထူးလှံစုံ၊ ချက်တိုင်းလုံ လျက်၊ အာဂုံသာဓက၊ ယုတ္တိဉာဝက၊ စူးရှနသဖြင့်၊ အဋ္ဌကထာ၊ ဋီကာ ဒီးလည်၊ လမ်းရိုးတည် သော၊ ဇာနည်ပုဂ္ဂလ၊ ဓမ္မရသ၊ သြဇဂုဏ်ထူး၊ ဉာဏ်ဟုန်မြူးလျက်၊ ကျေးဇူးဝယာ၊ လောကီ, လောကုတ္တရာ၊ ဝိဇ္ဇာ,သိပ္ပ၊ ကိစ္စ ၂-ဖြာ၊ စခန်းသာ၍၊ ယထာဘူတ၊ ကောသလ္လဖြင့်၊ သူရသတ္တိ၊ ရဲရဲညီသား၊ ဓိပတိဉာဏ၊ ယုတ္တ မုတ္တဝါဒီ ပီယ၊ ကဝိကုဉ္ဇရ၊ သံယကေသရီ၊ မေဓာဝီ ပုဂ္ဂိုလ် ၁-ဆူဖြစ်တော်မူသော သုမနဝံသာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု၊ လွတ်တုခတ်နှိပ်၊ တံဆိပ်မင်းစံ၊ နာမံ ၂-ကြိမ်၊ သိန်သရေထူး၊ ဂုဏ်နုံကြူးသော၊ ဆူးခါးဆရာတော်ဘုရားကြီး သည်–

မန္တလေးမြို့၊ အနောက်ပြင်၊ ဂုန္တန်တိုက်အတွင်း သီတင်းသုံးနေတော်မူစဉ်အခါ ဒကာ တော် ခရိုင်ဝန်, အုတ်ဝန်မင်း ၂-ဦးတို့ လျှောက်ထားတောင်းပန်ချက်အရ ရေးသားဆုံးဖြတ် စီရင်အပ်သော မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိကို မဖျက်သိမ်းသင့် ကြောင်း လောက,ဓမ္မ ဥပဒေသဝတ္ထု အစုစုသာဓက ဉာဏောဘာသဝိနိစ္ဆယစာတမ်း။

http://www.dhammadownload.com

သုမနဝံသာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ဆူးခါးဆရာတော်
{၄၂} ထာဝရကမ္မဇဘဒန္တဝိနိစ္ဆယစာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရိပုံ ဇယတု မေတ္တစိတ္တေန။

[၁] ရှေးရှေးသော ဘုရားရှင်တို့သည် ထာဝရကမ္မ-ဟူသမျှကို ဖျက်ဆီးသုတ်သင်ပယ်ရှားခြင်းငှာ အလိုတော် မရှိကြ။ နောက်နောက် ဘုရားရှင်တို့လည်း ၎င်းထာဝရကမ္မအမှုကို ဖျက်ဆီးခြင်းငှာ အလိုတော်ရှိကြမည် မဟုတ်။ ငါတို့ဘုရားရှင်လည်း အလိုတော်မရှိ။ ဝိနည်း ၅-ကျမ်း၌ ရဟန်းနှင့်ကျောင်း သုံးကောင်းသမျှ ထာဝရကမ္မကပ်ပါယ သာရုပ္ပပစ္စည်းပရိက္ခရာအလုံးစုံကို ဖျက်ဆီးခြင်းငှာ အလိုတော်မရှိ။ မြမြံသည်ထက် မြမြံအောင်သာ ခွင့်ပြုတော်မူသည်။ ဖျက်ဆီးခြင်းကို အထူးသဖြင့် မြစ်တားတော်မူသည်။ "ကိုယ်တော်ကိုလည်း လှည်းအိုနှင့် ဥပမာပြု၍ မြမြံနိုင်သမျှ မြမြံအောင် ငါဘုရား ပြုတော်မူကြောင်း" အရှင်အာနန္ဒာအား မိန့်တော်မူသည်။ ရဟန္တာအရှင်မြတ်တို့လည်း ခန္ဓာဝန်ကို ချလိုက်သဖြင့် အတိရေကသုခကို မုချရမှန်း သိတော်မူကုန်လျက် မဖျက်မဆီး တည်နေတော်မူကြကြောင်း၊ ဘောဇဉ်အာဟာရတို့ဖြင့် ထာဝရဖြစ်အောင်သာ ခန္ဓာကိုယ်ကို ပြုကြကုန်သည်။ မြတ်စွာဘုရားရှင်လည်း လိစ္ဆဝီဝင္ဇီမင်းတို့အား အပရိဟာနိယ မဖျက်မဆီး, မဆုတ်မယုတ်ရသော တရားကိုသာ ဟောတော်မူသည်။ တပည့်သား ရဟန်းတို့အားလည်း ၎င်းနည်းတူ အပရိဟာနိယတရား ၇-ပါး, ၆-ပါးများကို ဟောကြားတော်မူသည်။ ဂရုဘဏ်များကို ဖျက်ဆီးသော ရဟန်းတို့အား ပါရာဇိက, ထုလ္လစ္စယ အာပတ် ၂-ချက် ပညတ်တော်မူသည်။ ဂရုဘဏ်ကို လူတို့အား ပေးသူကိုလည်း ခိုးသူ-ဟု ပညတ်တော်မူသည်။ ပဋ္ဌာနန္တရိယကံ ၅-ပါးလည်း ထာဝရကို ဖျက်ဆီးသောကြောင့် ကံကြီးသည်-ဟူ၍ မှတ်ရမည်။

http://www.dhammadownload.com

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ'မန္ဒေတိ၊ ဆာယာဝ အနုပါယိနီ။ ။ (ဓမ္မပဒ။၁၃)

ဟူသော ဓမ္မပဒဒေသနာ ပြုပြုသမျှ သတ္တသာဓာရဏာ မဟုတ်၊ အနဝဇ္ဇကမ္မအရာ သဒ္ဓါတရား အစစ်ကိုသာ ဆိုသည်။ သဒ္ဓါတရားတု, တဏှာ, ဒေါသများကို မဆိုလို။ သေဝနီးပါး ရောဂါခံရသော မိခင်ကို ကုသိုလ်ကောင်းမှုပြုစေ၍ နတ်ရွာသုဂတိသို့ရောက်အောင် သတ်၍ ရောက်စေဦး၊ သတ်သော အကုသိုလ် မာတုဃာတကကံ ဒေါသစေတနာသာ။ ကုသိုလ်ပုည ကိရိယာ ဖြစ်စရာမရှိ။ 'ရေးစီးတသွယ်၊ မီးလောင်တခြား'၊ ဖျက်ဆီးသည်ကား အကုသိုလ်, ပြုပြင်ထပ်မံသည်ကား ကုသိုလ်၊ ဥဒ္ဒိဿကဒါန သဒ္ဓါဒေယျဝတ္ထုများကို ပဓာဝိဓာနအတိုင်း သာ ပြုပြင်သင့်ကြောင်း သိက္ခာပုဒ် ပညတ်တော်မူသည်။ သကသန္တက, ပရသန္တက, ပုဂ္ဂလိကဘဏ္ဍာ, သံဃိကဘဏ္ဍာ, ဂဏသန္တက, စေတိယသန္တကများကို ဖျက်ဆီးသင့်ကြောင်း ပါဠို, အဋ္ဌကထာ မလာ။ ထာဝရထက် ထာဝရဖြစ်အောင်သာ စောင့်ရှောက်ထိန်းသိမ်းသင့်ကြောင်း သာ လာသည်။

၁။ မိစ္ဆာအယူရှိသူ ဗုဒ္ဓောရကျေးမင်းသည် ရထားစွန်းနှင့် အမှတ်မဲ့ ပုထိုးစေတီအစွန်းကို တိုက်ခိုက်မိရာ လမ်းခရီးတွင် လည်စင်း၍ လှည်းနင်းခံပြီးနောက် ကျောက်အုပ် ၁၅-ချပ်နှင့် ငွေစားရိတ် ၁,၅၀၀-ပေး၍ ပြင်ဆင်စေသည်။

၂။ သီရိဓမ္မာသောကမင်းလည်း အဇာတသတ် တည်သောစေတီကို ဖောက်ရုံမျှသာ ပြု၍ ဓာတ်တော်ကို ယူပြီးလျှင် နှေးအတိုင်း ကျနအောင် ပြင်ဆင်လုပ်ဆောင်သည်။ ၎င်းသီရိ-ဓမ္မာသောကမင်းသည် ပရိဘောဂစေတီ မဟာဗောဓိကို ဓားနှင့် မဖြတ်ဝံ့၍ ဗောဓိတောင်ကိုင်းအရင်းမှာ ဆေးဒန်း,မြင်းသီလာကို ရွှေစုတ်နှင့် သားလေသည်။

၃။ ကံကြီးပြုသူ ရှင်ဒေဝဒတ်မှာ ပစ္စုပ္ပန်ဘဝ၌ သွေးအံခြင်း, မြေမျိုခြင်း၊ သံသရာဘဝ၌ အဝီစိငရဲသို့ရောက်ခြင်း အကျိုးအာနိသင် တွေ့ရသကဲ့သို့ စေတီယ, စေတီယဂေဟ ၂-ပါး ကို ဖျက်ဆီးသူတို့လည်း ကောကာလိကကဲ့သို့ ပစ္စုပ္ပန်၌ ရောဂါဆိုး တွေ့ခြင်း, ပဒုမငရဲသို့ ရောက်ခြင်း အကျိုးအာနိသင် ၂-ချက် ရောက်စရာပင် ရှိသည်။ သီမာသမ္မနနအရာ၌လည်း ပေါရာဏာအာစိဏ္ဏအတိုင်းသာ ပြုရိုးပြုစဉ် ထုံးစံအတိုင်း ယခုတိုင် ပြုကြသည်။

ခဏ္ဍသီမတော ပဋ္ဌာယ ဗန္ဓနံ အာစိဏ္ဏံ။ အာစိဏ္ဏကရဏေနေဝ စ သမ္မောဟော နဟောတိ။ (ဋီကာ။ သာရတ္ထ၊ဋီ၊၃။၂၇၁)

သက်တော်ထင်ရှားရှိသော ဘုရားရှင် ဂန္ဓကုဋီတော်မှာ ဓမ္မတာအားဖြင့် ဘုရားရှင်တော်တို့အများပင် အဝဇ္ဇဟိတဌာနအထူး ဖြစ်သည်။ ၎င်းဂန္ဓကုဋီအတွင်း ညောင်စောင်း

http://www.dhammadownload.com

အခြေ ၄-ချောင်း တည်နေရာလည်း အဝိဇ္ဇာတဏှာနအထူးပင် ဖြစ်သည်။ ထို့ကြောင့် ယခုအခါ ပလ္လင်တော် စမ္မခဏ်ပါ ရုပ်ရှင်တော်များကို ထုံးစံအစီအစဉ်မူကြသည်။ လကုဏ္ဍ-ဘဒ္ဒိယထေရ်မှာ စေတီမတည်မီ မဟာစေတီကို စုလွှစေတီ ဖြစ်စေသည်။ တည်ပြီး စေတီကို ဖျက်ဖြိုလျှင် ကွဲရုံနှင့် ရပ်မည်မဟုတ်။ အပါယ် ၄-ပါးကျရောက်မည် မုချဧကန် မှတ်ယူသင့်သည်။

၄။ သီဟိုဠ်ကျွန်းမှာ **ဒုဋ္ဌဂါမဏိအဘယမင်း** မဟာစေတီကို ကြီးကျယ်စွာ တည်မည်ရှိရာ သိဒ္ဓတ္ထမည်သော ရဟန္တာအရှင်မြတ်သည် ၎င်းစေတီတည်၍ မပြီးမီပင် မင်းသေမည်ကို မြင်သောကြောင့် အကြီးကို တားမြစ်၍ အလတ်စေတီကို ရေပွက်ကဲ့သို့ တည်စေသည်။

၅။ ဥတ္တာကမင်းလက်ထက် သင်္ဃတရား ၄-ပါးကို ပြန်၍ ယဇ် ၄-ခုပြုသောကြောင့် သာကိယမင်းရိုး ပြတ်လေသည်။ စေတီပုထိုးသာ မဟုတ်ချေ။ ရှေးက ပြုခဲ့သမျှ ထာဝရကမ္ဘအမှု-ဟူသမျှကို ဖျက်ဆီးပြုလုပ်ချေလျှင် အပြစ်ကြီးစွာ တွေ့ရောက်လေသည်-ဟူ၍မှတ်။

ရှေးရှေးမင်းတို့လက်ထက် မြေတိုင်ရှိသည်။ နောက်နောက်မင်းများထက်ထက် မြေတိုင် မရှိ။ ရှေးရိုးအစဉ် ပြတ်သည်။ အမရပူရမြို့တည်မင်းတရားလက်ထက် တစ်မြို့နှင့် တစ်မြို့, တစ်ရွာနှင့်တစ်ရွာ နယ်မြေမှု စကားအလုအဆိုရှိကြရာ နိုင်ငံပုံကို သွင်းစေ၍ ရှင်ဘုရင်ကိုယ်တိုင် မီးသွေးတားကြောင်း ပြောရိုးဆိုစဉ်ရှိသည်။ ၎င်းလည်း ရှေးရိုးအစဉ် ပြတ်သည်။

၆။ ကပ်ဦးကာလ **စေတီယမင်းလည်း အစ်ကိုကို ညီ၊ ညီကို အစ်ကို ပြုပြင်၍ ထာဝရကမ္ဘ**ကို ဖျက်ဆီးသောကြောင့် မြေမိုးခံရလေသည်။ မုသာဝါဒက် သက်သက်မဟုတ်၊ လူသည် ထာဝရသတ္တဝါထူးဖြစ်လေရကား တိရစ္ဆာန်များကို သတ်သောထက် လူကို သတ်ခြင်းက် အပြစ်လေးသည်။

၇။ တောင်ငူဘုရင် နတ်ရှင်နောင်သည် ရှေးရှေးသင်္ကေတဝေါဟာရများကို ဖျက်ဆီး၍ အသစ်ပြုပြင်သောကြောင့် ရွှေထီးရွှေနန်းနှင့် ကင်းလွတ်၍ အထီးကျန် သေရလေသည်။

၈။ **အနောက်ဘက်လွန်** တောင်ငူကို လုပ်ကြံရာ ဗားမဲ့ဆရာတော်နည်းနှင့် မြတ်စော ညီနောင်ဘုရား ထီးတော်ကို ချသောကြောင့် တောင်ငူကအပြန် မကြာမတင် သေလေသည်။

၉။ တလိုင်းမင်း ရာဇာဓိရာဇ် အဝမြို့သို့ ဆန့်တက်လာရာ မြစ်စဉ်တလျှောက် ဘုရားများမှာ ရှေးရှိရင်း မြန်မာထီးကို ချ၍ တလိုင်းထီး အသစ်လဲလှယ်တင်သောကြောင့် မင်းနှင့်တကွ တလိုင်းတပြည်လုံး ပျက်စီးလေသည်။

http://www.dhammadownload.com

၁၀။ ပုဂံတရုတ်ပြေး မင်းခွေးချေးသည် တရုတ်စစ်သည် အများလာရာ စေတီ,ပုထိုး အများကို ဖျက်၍ ခံမြို့တည်သောကြောင့် မင်းနှင့်တကွ ပုဂံတစ်ပြည်လုံး ပျက်စီးလေသည်။

၁၁။ မဇ္ဈိမဒေသ ဓနနန္ဒမင်း မြစ်ကို ပင်း၍ ဖျက်သောကြောင့် နန္ဒမင်းရိုး ပျက်သည်။

၁၂။ အလောင်းမင်းတရားလည်း မူးကို ပင်း၍ ဖျက်သောကြောင့် အသက်စည်းစိမ် တာမရှည်၊ မိမိတည်ထောင်သော မြို့လည်း မင်း-တာရှည်သည် မရှိ၊ ခေတ္တသာ တည်နေကြ သည်။ ရှေးရှေးသော လူကြီးသူကြီး သိမ့်သူတို့ စေတီပုထိုး အဟောင်းအမြင်း အိုမင်းသည် များကို ရုတ်တရက် မပြင်ဆင်တည့်ဝံ့ကြလေ။ ရှောင်ကြဉ်ကြသည်မှာ စိုးစဉ်းမတွ ဖျက်ဆီး ကောင်းသောအရာကိုပင် ဖျက်ဆီးရမည် မဝံ့ရဲ၊ စိုးရိမ်ကြောက်ရွံ့သောကြောင့်ပင်-ဟု ဧကန် ယူသင့်သည်။

၁၃။ ရတနာပုံမြို့တည်မင်း ရတနာသိန်းမြို့ကို အောင်မြေပျက်အောင် မြို့ ၄-ထောင့်က သိမ်သမုတ်၍ ဖျက်သည်။ တူ-ပထိမ်းမင်းသား ၎င်း ၄-ထောင့်က သိမ်ကို နုတ်၍ ဖျက်သည်။ သား,ဘကြီး ၂-ဦးပင် ထာဝရကမ္မကို ဖျက်ဆီးသည်။ တူမှာ ဗုဒ္ဓအာဏာဓမ္မထာဝရကမ္မကို ဖျက်သောကြောင့် ရုတ်တရက်ပင် သေသည်။ ဘကြီးတော်မှာ အယျကအာဏာ လောက ထာဝရကို ဖျက်သောကြောင့် တိုင်းပြည်မငြိမ်မသက် စနောင့်စနင်းဖြစ်၍ ကုလားတိုင်းပြည် ဖြစ်သည်။

၁၄။ သားသီပေါဘုရင် အဘထားခဲ့သည့် မိကြီးဂူကို ဖျက်ဆီးခြင်း၊ နောင်တော် ထာဝရ ပုဂ္ဂိုလ်များကို သတ်ခြင်းကြောင့် ကုလားနိုင်ငံသို့ ပါရသည်။

၁၅။ ဇလုံသိုဟန်ဘွား ရတနာပူရအင်းဝမှာ စေတီပုထိုး, ရဟန်းသံဃာများကို ဖျက်ဆီး သုတ်သင်ညှဉ်းဆဲခြင်းကြောင့် မကြာခင် သေကျေပျက်စီးသည်။

၁၆။ ကုလားဇေဂီ စေတီပုထိုးကို အများဖျက်ဆီးသောကြောင့် သေဘေးရောက်၍ ပျက်စီးသည်။

၁၇။ သီဟိုဠ်မှာ နောက်နောက်မင်းတို့ စေတီ,ပုထိုး,ကျောင်းကန် ဘုရားမှ စ၍ ထာဝရ ကမ္မများကို ဖျက်ဆီးကြသောကြောင့် သီဟိုဠ်မင်းရိုး ပြတ်သည်။ ကောင်းမည့်ဟန်ပုံနှင့် မကောင်းသည့်အမှု လောကမှာ များစွာပင် ရှိသည်။

သုသာန်မှာ သတ်ထိုက်သူ ၁-ဦးကို "တစ်ချက်တည်းနှင့် ကောင်းကောင်းသတ်ပါ။ မဆင်းရဲပါစေ"နှင့် ဆို၍ သတ်စေဦး၊ ထိုသူ ပါဏာတိပါတာကံ မလွတ်။ ရဟန်း ၁-ပါး သုဂတိဘဝသို့ လားလိုသဖြင့် သီလဝိသုဒ္ဓိကို ဖြစ်စေပြီးမှ ကမ်းပါးချောက်ကို ခုန်ဆင်းသဖြင့်

http://www.dhammadownload.com

မိမိကိုယ်ကို မိမိသတ်ရာ အတ္တယာတန အတ္တပါတန အာပတ်မလွတ်။ သေခါနီး မိအို,ဖအို့ကို သနားကရုဏာနှင့် တစ်စုံတစ်ရာပြု၍ သေစေရာ မာတုယာတကဲ့ မလွတ်။

"ဝန္ဒနာမာန-ပူဇာသက္ကာရဘာဇနံ"ဟု ကခ်ီအဋ္ဌကထာ(၈၃)လာတိုင်း စေတီ,ပုထိုး-ဟူက ရှိခိုးမြတ်နိုး ရိုသေပူဇော်စရာသာ၊ ဖျက်ဆီးစရာ မဟုတ်။ လောကီကျမ်းဂန်များ၌ မိဘ,ဆရာ, သူတော်ကောင်းကို ကဲ့ရဲ့ပြစ်တင်သူတို့သည် မကောင်းမှုတကာကို ပြုသည်မည်ခြင်း[၁], နေရာ ဌာနမှ လျှောကျရခြင်း[၂], တစ်မျိုးလုံး ပျက်စီးဆုံးရှုံးရခြင်း[၃], သေသည့်အခြားမဲ့၌ အပါယ်လားရခြင်း[၄]၊ ၎င်း ၄-ပါး တွေ့တတ်ခဲ့ရကား ယခု မဟာမုနိဂန္ဓကုဋိ ပရိဘောဂ စေတီကို ဖျက်ဆီးကြလျှင် သမ္မာဆန္ဒရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ယခင် ဘေးအပြစ် ၄-ပါး မချွတ်ဧကန် တွေ့ရောက်ရန်အကြောင်းသာ ရှိသည်။ ကောင်းစရာ အလျင်းပင် မရှိ။

၁၈။ **အရှင်ဆန္ဒမထေရ်** စေတီယရုက္ခ နဂရရဋ္ဌပူဇိတဝတ္ထုကို လှဲသောကြောင့် တစ်ပြည်လုံး ကဲ့ရဲ့ပြစ်တင်ခံရသည်။

၁၉။ **အရှင်ကပ္ပိတကမထေရ်** ဆဋ္ဌဂိဘိက္ခုနီမတို့အကြီးဆုံး သေဆုံးရာ အနိုးစေတီကို ဖျက်ဆီးမိသောကြောင့် ကျောင်းကို အသေ ခဲပစ်ခံရသည်။ တိမ်းရှောင်၍ နေသောကြောင့် အသက်ချမ်းသာရသည်။

၂၀။ **သုပညာနဂရဆိန္နမင်းလက်ထက်** မှူးမတ်,ပြည်သူတို့သည် ရွှေဆင်းတု ၁-ဆူကို ဖျက်ဆီးကြသောကြောင့် သရေခေတ္တရာ ၃-စုကွဲ၍ ပျက်သည်။

၂၁။ **ဒဏ္ဍကီနိုင်ငံလည်း** ကိသဝစ္ဆရ်ရသေ့ကို ပြစ်မှား၍ တပြည်လုံး သဲမိုးအတောင် ၆၀-ဖိ၍ ပျက်လေသည်။

၂၂။ ဘုန်းတော်ကြီး ၁-ပါးသည် **အထက်စက်တော်ရာဘုရား**ကို နေရာပြောင်းရွှေ့မိခြင်းကြောင့် လတ်တလောချင်းပင် မျက်စိကွယ်ပျောက်သည်။

၂၃။ **မဏ္ဍတိုင်းလည်း မာတင်္ဂရသေ့**ကို ပြစ်မှားသောကြောင့် မဏ္ဍတောကြီး ဖြစ်သည်။

၂၄။ ရတနာပုံမြို့တည် ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးလက်ထက် မြောက်နန်းတော်မိဖုရားက မဟာမုနိရုပ်ရှင်တော် ကိန်းဝပ်ရန် ကုသိုလ်အထူး ပြင်ဆင်ပြုလုပ်လိုကြောင်းနှင့် ငါတို့ကျေးဇူးရှင်သာသနာပိုင်ဆရာတော် ဦးညေယျကို လျှောက်ကြားရာ "ဂန္ဓကုဋိကို ချန်၍ ၄-မျက်နှာ အလိုရှိသရွေ့ ပြင်ဆင်ပြုလုပ်ပါ။ ဂန္ဓကုဋိကို မထိပါစေနှင့်"ဟု အမိန့်တော်ရှိသည်ကို ကြားသိမှတ်သားဖူးသည်။

http://www.dhammadownload.com

၂၅။ ပုဂံ နရပတိမင်း ပြည်မြို့၊ ဆံတော်စေတီကို အဖူးအမြော်လာရာ ဆံတော်ဌာပနာတိုက်ကို ဖောက်စေ၍ ဖူးသောကြောင့် မကြာခင်ပင် သေကျေပျက်စီးသည်။

အရိုင်းအစိုင်း ချင်း, ကရင်, သဝရလူမျိုးတို့မှာ မိအို,ဖအိုတို့ကို ထမ်းစင်နှင့် ထမ်းယူ၍ လိုမှ်ချသေစေပြီးမှ သင်္ဂြိဟ်ပြီးလျှင် အနိုးကောက်ပွဲ ပူဇော်သော-ဟူ၏သို့ ယခု မဟာမုနိဂန္ဓကုဋိတော်ကိုလည်း ဆွေးမြေ့ပျက်စီးယိုယွင်းသည် မရှိဘဲလျက် အမှည့်ခွဲပြု၍ အသစ်ကောင်းမွန်လှပအောင် အကြီးအကျယ်ပြုလုပ်ကြမည် ဆိုသောအရာ, ကြံစည်ကြသောအရာများသည် အလျင်းပင် မသင့်။ နှေးနှေးက မာတုယာတက, ပိတုယာတက, အရဟန္တ-ယာတက, လောဟိတုပ္ပါဒက, သံယဘေဒက၊ ကံ ၅-ပါးကို ပြုဝံ့သူတို့ကား ယခုမဟာမုနိဂန္ဓကုဋိတော်ကို ဖျက်ဆီးမည် ပြောဆိုကြံစည်သူတို့ အစားကပင် ဖြစ်သည်။

၂၆။ နန္ဒဘီလူးလည်း လက်ယာရံ ရှင်သာရိပုတ္တရာဦးခေါင်းကို တင်းပုတ်နှင့် ရိုက်သောကြောင့် မြေမျိုး၍ အဝီစိငရဲသို့ ရောက်သည်။

"ဘုရားထဲက နေ၍ ဟောင်သောခွေးကို ဘုရားကို ထိပါးမည်ကြောင့် ခဲ,အုတ်, ကျောက်နှင့် မပစ်ဝံ့ကြလေ။ ဖျက်ဆီးဝံ့မည်မှာ ဆိုဖွယ်မရှိ" အဓိပ္ပါယ်ရသည့် ဂန္ဓကုဋိကို ဖျက်လျှင် အုတ်, အင်္ဂတေ, မှန်, သားရိုး, သစ္စေး-ဟူသမျှသည် တပြင်လုံး နှမ်းကြဲသကဲ့သို့ ဖြစ်၍ ဝင်,ထွက်ဖူးမြော်သူ မိန်းမ,ယောကျ်ားတကာတို့ နင်းမိ,ကျော်မိရှိချေက "ဆဲသည်နှင့် ဆန်ချေးမတန်"ဆိုသကဲ့သို့ "ကုသိုလ် ၁-ပဲ၊ ငရဲ ၁-ပိဿာ"ဆိုသကဲ့သို့ ဖြစ်စရာသာရှိသည်။ အကျိုးစီးပွါး ဆုတ်ယုတ်ရန်အကြောင်း မကောင်းစရာ အများရှိသည်။ အလျင်းပင် မသင့်-ဟူ၍ မှတ်။

မဟာမုနိရုပ်ရှင်တော်ကို ရွှေစင်ပိဿာ ၁၀၀-ထည့်၍ အသစ်ပြင်ဆင်ထုလုပ်၍ သွန်းဦးမည်-ဆိုသော် ပညာရှိသူတော်ကောင်း သမ္မာဒိဋ္ဌိအစစ်ဖြစ်သူတို့ ဝံ့ရဲစရာ မရှိ၊ မိစ္ဆာဒိဋ္ဌိမိစ္ဆာဉာဏ်ရှိသူတို့ကား မိုက်လှသူဖြစ်၍ မဆိုနိုင်။ မဟာမုနိရုပ်ရှင်တော်ကို ဆောင်ယူခဲ့သူ ဘိုးတော်သား အိမ်ရှေးမင်းကြီးလည်း ရုပ်ရှင်တော်ကို သဒ္ဓါယုံကြည်လျက် သမ္မာဆန္ဒနှင့်ပင် ဖျက်ဆီးတန်သောအရာကို ဖျက်ဆီးရသောကြောင့် မင်းအဖြစ်သို့ မရောက်နိုင်ပလေ။

၂၇။ ပုခန်းဝန်ကြီး အမရပူရမြို့ကို တည်ရန် ပန္နက်ချနှက်ရာ ဘိုးတော်မင်းတရား နုတ်သိမ်းဖျက်ဆီးပြင်ဆင်သောကြောင့် ၎င်းအမရပူရမြို့ ကွန်ရွှေ့ မရ၊ တာမရှည်လေ။

၂၈။ ရှေးပြည်စား, ပုခန်းစားတို့ကား အရှေ့မြစ်ငယ်ကို တောင်သမန်အင်းသို့ လွှဲမည် ပြုကြသောကြောင့် မင်းသား ၂-ဦးပင် တာမရှည်၊ မင်းအဖြစ်သို့ မရောက်နိုင်။

http://www.dhammadownload.com

၂၉။ ရတနာပုံမြို့တည်မင်းလည်း အောင်ပင်လယ်, နန္ဒာကန်, ရန်ကင်းတောင်များကို ဖြိုဖျက်သောကြောင့် ယခုမျက်မြင် အထင်အရှားပင် ပြည်ပျက်,မင်းသုဉ်း ကရုန်းကရင်း ဖြစ်ကြသည်။

၃၀။ ဆင်ဖြူရှင်မင်းတရားလက်ထက် မဟာနော်ရထာတို့ ယိုးဒယားနိုင်ငံကို တိုက်ခိုက်သိမ်းယူရာ ရဲမက်, လက်နက်ကိုင်လူမိုက်တို့ ယိုးဒယားနိုင်ငံမှာရှိသည့် ရုပ်တု,ဆင်းတုများကို ဖျက်ဆီးခဲ့ကြသောကြောင့် မင်းပျောက်ကြေပြုန်း ပျက်စီးဆုံးရှုံးရသည်။ ရုတ်တရက် မရွေ့မပြောင်းထိုက်သည့် ကြီးမားသော ရုပ်တု,ဆင်းတု, ဘုရားရှင်များကို မရွေ့ပြောင်းကောင်း။

၃၁။ မဟာသက္ကသီဟ, မဟာသက္ကရံသီရုပ်ရှင်တော်ကို တစ်နေရာက တစ်နေရာ ပြောင်းရွှေ့ကြသဖြင့် ရုပ်ရှင်တော်မှာ အစွန်းအဖျား ပျက်စီးယိုယွင်းသောကြောင့် မြန်မာပြည်လည်း ယိုယွင်းပျက်စီးရပလေသည်။

၃၂။ မဟာသက္ကသီဟရုပ်ရှင်တော် သွန်းလုပ်ရာ မျက်နှာတော် ပျက်သည်ကို ဖျက်သိမ်း၍ ဘကြီးတော်မင်းတရားကိုယ်တိုင် ဖယောင်းမံ၍ ရွှေချိန် ၂၅-ပိဿာနှင့် ထပ်မံပြင်ဆင်သောကြောင့် နန်းကျခါနီး စိတ်ဖောက်ပြန်ကြောင်း ပြောရိုးဆိုစဉ်ရှိသည်။

၃၃။ အမရပူရ ဒုတိယမြို့တည် ရွှေဘိုမင်းတရားလည်း မြောက်ပြင် ရွှေစေတီတိုက်, ခွေးချိုတိုက်, ကုတိုးတိုက်များကို အရှေ့အလယ်ပြင်သို့ ပြောင်းရွှေ့သောကြောင့် သမ္မတ်မြို့မှာ စိတ်ဖောက်ပြန်သည်။

၃၄။ ရတနာပုံမြို့တည်မင်း, သားတော် သီပေါမင်း ၂-ဦးလက်ထက် ကျိုင်းရုံးကြီးမြို့များသို့ ခရီတက်သည့် ရဲမက်တို့သည် နံ့သာဆင်းတုများကို ဓားနှင့် ဖောက်ခွဲဖျက်ဆီးသောကြောင့် မြန်မာနိုင်ငံ တာမရှည်၊ ပျက်စီးရသည်။

၃၅။ ဋီကာကျော်နိဿယဆရာ ဆင်တဲဆရာတော်ကြီး ပဥ္စင်း ၁-ပါးကို ညောင်ကိုင်းအခြောက် အခုတ်စေခိုင်းမိသောကြောင့် မြို့သို့ရောက်၍ ပေါက်မြိုင်တိုက်၊ အတွင်းဝန်ကျောင်းမှာ နေထိုင်ရာ သည်မတိုင်ကို မိုးကြိုးပစ်ခံရသည်။

၃၆။ အမရပူရမြို့ကို တည်သည့် ပုခန်းဝန်ကြီး သစ်ပင်ကြီးအများကို လှဲသောကြောင့် မြို့မပြီးခင် သေဆုံးရကြောင်း ပြောရိုးဆိုစဉ်ရှိသည်။

စေတီ,ပုထိုးမှစ၍ ရုပ်ရှင်တော်များမှာ မျက်နှာတော်မြင်ရာအရပ်က အဂါရဝသိက္ခာပုဒ်ကို စောင့်ရှောက်ခြင်းငှာ ထီး, ဖိနပ်များကို သိမ်းရသည်ဖြစ်၍ မဟာမုနိရုပ်ရှင်တော်မျက်နှာကို အနီးသို့ ရောက်မှ ဖူးမြင်သာအောင် ရှေးလူကြီးတို့ စီစဉ်၍ထားကြောင်း ဒုလ္လဘဒဿန

http://www.dhammadownload.com

ဖြစ်စေခြင်းများလည်း ဒီယဒဿီအရာပင် ဖြစ်သည်။ ၄-မျက်နှာအရပ်က မြင်ရအောင် ဖော်ပြ ချေက အခါခပ်သိမ်း သက္ကစ္စဂါရဝ မဖြစ်နိုင်ရာ။ ပရိသတ်တို့ ရှေ့မှာ ဘုရားရှင်တို့ ယပ်ကိုင်မြဲ မမွတာဖြစ်သည်။ ရုပ်ရှင်တော်မျက်နှာကို ၄-မျက်နှာ အထေးအရပ်က ဖူးမြင်ကြရလျှင် သဒ္ဓါ တရားပင် ယုတ်လျော့စရာရှိသည်။

သက္ကာရဇ်ဖြိုမင်းတို့ မဟာထာဝရကိန်းကို ဖျက်ဆီးကြသောကြောင့် စည်းစိမ်,အသက် တာမရှည်၊ မြို့ပြောင်း,ရွာပြောင်း၊ ထာဝရ,ဇင်္ဂမကိန်း ရေးသူ, သိုက်စာရေးသူတို့အား ပဉ္စာ-နန္တရိယကံနီးပါးပင် အပြစ်ရှိသင့်သည်။ ၎င်းကဲ့သက်ပင် ထက်ဦးမည်-ဟု ငါတို့ကျေးဇူးရှင် သာသနာပိုင်ဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူသည်များကို ကြားနာမှတ်သားဖူးသည်။

ကြေးသွန်းပန်းတဉ်းလူမျိုးတို့ ရုပ်တု,ဆင်းတု အဟောင်းအမြင်းများကို ဖျက်ဆီးရ သောကြောင့် ကောင်းစားသည် မရှိ၊ ရုပ်တု,ဆင်းတု, စေတီ,ပုထိုး-ဟူက ဒုလ္လဘဒဿန, ဒဿနုတ္တရိယဝတ္ထုဖြစ်၍ မဟာမုနိရုပ်ရှင်တော်ကို တစ်မျက်နှာသာ ဖူးမြင်ရအောင် စီရင်ခြင်း များလည်း ရှေးလူတို့ အကြံအစည်သည် အံ့ဖွယ်သရဲဖြစ်ပေသည်။

သက်တော်ထင်ရှားရှိသော ဘုရားရှင် ဂန္ဓကုဋိတော်ကား တပါးသူတို့နှင့် အသာ-ဓာရဏ၊ အရှင်အာနန္ဒာအရှင်ပင် ဘုရားရှင်နှင့်အတူတကွ ဂန္ဓကုဋိမှာ မနေထိုင်လိုကြောင်း ပယ်ဆု ၄-ပါးမှာ ပါသည်။ အရှင်ကောဋိကဏ္ဏ, ကစ္စာနတို့မူကား အာဂန္တုကဖြစ်၍ အဌက ဝတ်များကို သရဘာဏကပြုစေလို၍ ခေတ္တခဏ ဂန္ဓကုဋိတော်မှာ နေရ,ခင်းရသည်။

ဘုရားရှင်တို့ပွင့်ရာ ဗောဓိမဏ္ဍိုင်သည်လည်း ထာဝရ၊ ဘုရားရှင်တို့ သိမြင်သော သစ္စာ ၄-ပါးလည်း ထာဝရ၊ ဘုရားလောင်း ဖွားရာ ကပိလဝတ်ပြည်လည်း ထာဝရ၊ ဘုရား-ဟူသော ပုဂ္ဂလအတ္တဝိသေသလည်း ထာဝရ၊ ပစ္စန္တဒေသအရပ်မှာ ဘုရားရှင် ကိန်းတော်မမူ ခြင်းလည်း ထာဝရ၊ ပုဂ္ဂလန္တရ သမ္မာသမ္ဗုဒ္ဓ နေထိုင်ကိန်းဝပ်ရာ ဂန္ဓကုဋိတော်လည်း စေတီ အထူးဖြစ်၍ မဖျက်မဆီး ထာဝရတည်စေခြင်းသာ သာရုပ္ပတရ ဖြစ်ချေသည်။ အရှင်အာနန္ဒာ အရှင်လည်း ပရိဘောဂစေတီအထူးဖြစ်၍ ဂန္ဓကုဋိတော်ကို ရှိခိုးပြီးမှ ဖွင့်လေသည်။

ရှေးရှေးပွင့်တော်မူသမျှ ဘုရားရှင်တော်တိုင်း ရှေးနောင်တော်ဘုရားရှင်တို့ ထာဝရ ကမ္မ-ဟူသမျှကို စွန့်တော်မမူကြကုန်။ ငါတို့ မြတ်စွာဘုရားသခင်လည်း စွန့်တော်မမူ။ နောက် နောက်ဘုရားရှင်တို့လည်း စွန့်တော်မူကြမည် မဟုတ်။ သဒ္ဓါသမ္ပန္န, ဒိဋ္ဌသမ္ပန္နဖြစ်သည့် သူတော်ကောင်းတို့ စေတီ,ပုထိုးအတွင်းမှာ အလေး,အပေါ့, နှပ်, တံတွေးများကိုပင် မစွန့်တည့် ဝံ့ကြ၊ မစွန့်ကောင်းပလေ။ ဖျက်မည်မှာ ဆိုဖွယ်မရှိ။

http://www.dhammadownload.com

စစ်ကိုင်းမြို့, ပုညစေတီ၊ ပုဂံ, ရွှေစည်းခုံ၊ ဒဂုံ, ဆံတော်ရှင်-စသော ရှေးရှေးဘုရားများကို အသစ်ဖျက်၍ မပြု၊ ထပ်မံ၍သာ ပြုကြသည်။ ဥဒ္ဓိဿစေတီကား ပညတ်ဝေါဟာရသာ။ ဧာတု, ဧမွ, ပရိဘောဂ ၃-ပါးကား ဝတ္ထု,ပညတ် ၂-ချက်ရ။ မဟာမုနိ ဂန္ဓကုဋိတော်ကား ဝတ္ထု,ပညတ် စေတီ ၂-ချက်ရ။ ထို့ကြောင့် အထူးသတိမူသင့်သည်။

နာရာယနဥပါတ်၌ ဘုရားရုပ်တု ငိုခြင်း, ရယ်ခြင်း, ပြုံးခြင်း၊ မျက်ဆံမဲခြင်း, မျက်စေ့မှိတ်ခြင်း၊ ချွေးထွက်ခြင်း၊ လက်ဝဲ,လက်ယာ လှည့်ခြင်း, ပြောင်းခြင်း၊ အရာမှ ရွှေ့ခြင်း-စသည်ဖြင့် နာရာယနဥပါတ်ထင်သော် ပြည့်,ရွာ, အိမ်,ကျောင်း, အရပ် ပျက်စီးအံ့၊ သုဉ်ဖျင်းအံ့သော အကြောင်းတည်း။

၃၇။ ငါတို့ ဓမ္မာစရိယဖြစ်ပေသော မင်းတဲဆရာတော်ဘုရားကြီးလည်း ရှေးစေတီအဟောင်းများကို မဖြိုဖျက်သင့်။ ထပ်မံသင့်ကြောင်း၊ ပျက်စီးရာသမျှသော ခဏ္ဍဖုလ္လပဋိသံခရဏမတ္တ ပြုသင့်ကြောင်း၊ ထပ်မံရာလည်း အလုံးစုံ မဖိသင့်ကြောင်း မိန့်ဆိုတော်မူသည်ကို ကြားဖူးသည်။

၃၈။ မဟာမုနိရုပ်ရှင်တော်ကို မဟာဝိဟိကတိုင်း၊ ဓညဝတီရခိုင်ပြည်က မြန်မာနိုင်ငံသို့ ဖျက်ဆီးသင့်သောအရာကို ဖျက်ဆီးဆောင်ယူခဲ့ရာ ကန္တာရခရီး ဝေးကွာရှည်လျားသည်ဖြစ်၍ ရုပ်ရှင်တော်မှာ မခိုင်မမာ နာကျင်ချေသဖြင့် တစ်နေရာတည်း မပြောင်းမရွှေ့သာအောင် ဂန္ဓကုဋိတော်ကို မကြီးမမားစေရ၊ မုခ်ထွတ်ကိုလည်း ရုပ်ရှင်တော် မထုတ်သာအောင် အကျဉ်းအငယ်မျှ စီရင်ခြင်းများလည်း ရှေးလူကြီးတို့သည် ဒီယဒသီပင် ဧကန်ဖြစ်ပေသည်။

ဌာန,ဌာနီ၊ နဂို, ယာယီ၊ ၂-ပါးစီရှိသည်တွင် ဌာနနှင့် နဂိုကို ကောင်းအောင် သဘောထား၍ပင် ပြုသော်လည်း အရင်းမူလကို မဖျက်မဆီးသင့်၊ ထပ်မံပြုပြင်ရုံသာ တော်သည်။ ဌာနီ,ယာယီကိုကား ကောင်းအောင် သဘောထားကာ ဖျက်ဆီး, ပြုပြင်ခြင်း ၂-ပါးပင် အသင့်။ မြစ်နား,ကမ်းနား မြို့,ရွာများမှာ မြစ်သွားမြဲ မသွား၊ သောင်ထွန်းမြဲထွန်း၊ နေရာရွှေ့ပြောင်းရာ၌ ငင်းမြစ်နား မြို့,ရွာ ပျက်စီးတတ်သည်။

၃၉။ ဒက္ခကိနိုင်ငံလည်း ရှင်မောဂ္ဂလ္လာန်အလောင်း ကိဿဝစ္ဆရှင်ရသေ့ကို မစင်တီးပြင်အညစ်အကြေး, နှပ်, တံတွေးတို့ဖြင့် နစ်မွန်းစေကာမျှ တစ်နိုင်ငံလုံး သေကျေပျက်စီးသည်။ မဟာမုနိဂန္ဓကုဋိတော်ကို ဖျက်ဆီးခဲ့က ပဂေဝအရာသာ ဖြစ်သင့်သည်။ နေတ္တိဟာရ ၁၆-ပါးမှာ အဓိဋ္ဌာနဟာရ၌ ဥဒ္ဒေသ, နိဒ္ဒေသ ၂-ပါးကို ဘုရားဟောတိုင်း မှတ်သားရခြင်း၊ စိတ်ဆောက်တည်ရခြင်းများလည်း စေတီ,ပုထိုးထာဝရများကို ရှေးအတိုင်း တည်သင့်ကြောင်း, မဖျက်ဆီးသင့်ကြောင်း ပြသောအရာပင် ဖြစ်သည်။

http://www.dhammadownload.com

၄၀။ ဟံသာဝတီ၊ သထုံပြည်၊ ဓမ္မစေတီမင်းလည်း ရဟန်းတို့ သိက္ခာဟောင်းကို ချစေ၍ သိက္ခာအသစ် တင်စေသောကြောင့် သေခါနီးအခါ မိမိပြုသောအမှုကို မိမိပင် ကုက္ကုစ္စ ကြီးစွာဖြစ်၍ သေရလေသည်။ ဇာတိပေါရာဏာကို ပတ္တိနဝကမ္မပြု၍ အငယ်ကို အကြီး, အကြီးကို အငယ်ဖြစ်စေသောအရာ မသင့်။ ဌာနနှင့် ဌာနီဆိုရာမှာ ဌာနီကိုသာ ဖျက်ရမည်။ ဌာနတိုင်အောင် မဖျက်ဆီးသင့်ကောင်း။ ကြွက်ကို မုန်း၍ ကျီကို မီးရှို့သည်နှင့် တူသည်။ မဟာမုနိဂန္ဓကုဋ္ဌိကို ဖျက်လျှင် ဤနည်းအတိုင်းပင် မှတ်သင့်ပချေသည်။ ဟံသာဝတီ ဆင်ဖြူရှင် လင်-ရှင်တရုတ်ကို သတ်၍ မယား-သီရိဘုန်းထွတ်ကို မိဖုရားမြောက်သည်နှင့်လည်း တူ၏။

ဘုရားစေတီပေါ်မှာ ပေါက်သည့် ညောင်ပင်, မြက်ပင်များကို သမ္မာဆန္ဒနှင့် စေတီ မပျက်မစီးရအောင် အပေါ့နှင့် နေ့တိုင်းပန်း၍ သတ်ရာ ကုသိုလ်အမှန်ရသည်ဖြစ်လျှင် မဟာ-မုနိဂန္ဓကုဋ္ဌိကို ဖျက်၍ ပြုပြင်က ကောင်းစရာရှိပေ၏။ ရေကို မမှားအောင် ချိုးတတ်ခဲသကဲ့သို့ ဘုရား,ပုထိုးအဟောင်းများကို အပြစ်မရှိရအောင် ဖျက်ဆီး၍ ပြင်ဆင်တတ်ခဲသည်။ ရေမချိုး ဘဲ အရှင်းနေက ရေချိုးမမှားနိုင်သကဲ့သို့ ဘုရား,ပုထိုးအဟောင်းများကို မဖျက်မဆီးဘဲ ထပ်မံ၍ပြုပြင်က မကောင်းစရာ, မှားစရာ မရှိ။

၄၁။ လကုဏ္ဍကဘဒ္ဒိယထေရ် စေတီပမာဏကို လျှော့ကာမျှ ပြုရုံနှင့် (ပု)ကွသည်။ စေတီအပြီးကို ဖျက်ဆီးချေက ကွရုံနှင့် နေမည်မဟုတ်။ သာဝကဘာဏ်ကိုပင် သံသရာရှည် သဖြင့် ငါတို့ဘုရားရှင်လက်ထက်တော်မှာ ပေါက်ရောက်စရာမရှိ။ ၎င်းလကုဏ္ဍကဘဒ္ဒိယ ထေရ်ကို ဇာတ်အဋ္ဌကထာများက လူကြီးသူကြီးတို့ကို ထောင်းထုသတ်ဖြတ် ညှဉ်းဆဲသော ကြောင့် ကွသည်, ကုန်းသည်, ပုသည်-ဟု ဆိုသည်။

မြတ်စွာဘုရားအလောင်းတော်ကို မီး, ထင်း-စသည်ဖြင့် မပူဇော်ကြရ။ အလို အလျောက် တေဇောဓာတ်လောင်ခြင်းများလည်း သတ္တဝါတို့အစီးအပွါးကို ကျင့်တော်မူသည် ပင် ဖြစ်သည်။

၄၂။ ဆရာဇီဝကလည်း စမြင်းဒေါသတော်ကို ဆေးကျမ်းဖြင့် မထုတ်နုတ်၊ ကြာလက်ကို ဆေးဖြင့် ထုံ၍ နမ်းရှူကာမျှနှင့် စမြင်းဒေါသတော်ကို ဖြို့လေသည်။

ပုတီး,နားဆွဲကောင်းကို ဖျက်၍ ဘုရားရုပ်ထုပြုက အသင့်၊ ဘုရားရုပ်တုအငယ်ကို ဖျက်၍ အကြီးဘုရားပြုက မသင့်။ ဖျက်ဆီးက အပြစ်များစွာရှိသည်။ ဖျက်ဆီးရန် ကြံစည် ခြင်းဌာ အလျင်းမသင့်။

ပုဒ္ဓဘာသာသာသနာ ထွန်းကားစည်ပင်ရာ အရပ်တိုင်းမှာရှိနေသည့် အဟောင်း အမြင်း မကောင်းသမျှ စေတီပုထိုး, ရုပ်တု,ဆင်းတုများကို ဘုရား,ပုထိုး-ဟူက ကြည်ညိုစရာ

http://www.dhammadownload.com

ဝတ္ထုဖြစ်၍ အပွကဖြစ်သဖြင့် ကြည်ညိုဖွယ်ကို ဆောင်မှ ကောင်းမည်-ဟု နှလုံးထား၍ ငယ်သောစေတီအများကို အကြီးတစ်ဆူတည်း။ ငယ်သော ရုပ်တု,ဆင်းတု၊ မသပ်ပါယ်သော ရုပ်တု,ဆင်းတုများကို ဖျက်၍ ကြီးသော ရုပ်တု,ဆင်းတု တစ်ခုတည်း။ သပ်ပါယ်သော ရုပ်တု, ဆင်းတုတစ်ခုတည်း ပြုလုပ်မည်ဆိုသော် ကောင်းလှပါသည်-ဟု သူတော်ကောင်း ဒိဋ္ဌသမ္မန္နပုဂ္ဂလန္တရတို့ သာဓု မခေါ်နိုင်ရာ။ စေတီအသစ် ကောင်းစွာပြုလုပ်လို၍ စေတီအဟောင်းကို ဖျက်ရာ ပသန္နစိတ်နှင့် မဖျက်ဆီးနိုင်ပချေ။ ၎င်းစေတီဟောင်း မကောင်းသည်ကို အမြင်ကတ်သဖြင့် ပြစ်မှား၍သာ ဖျက်ဆီးရာသည် ဧကန်ပင်။

အသမ္ပိန္န, သမ္ပိန္နသာရီရိကစေတီ, ဓမ္မစေတီများကိုလည်း မဖျက်ဆီးကောင်း၊ မဖျက်ဆီးထိုက်သကဲ့သို့ ပရိဘောဂ, ဥဒ္ဒိဿစေတီများကိုလည်း မဖျက်ဆီးထိုက်။ ဖျက်ဆီးသမျှ ပဒုဋ္ဌစေတ-သာ၊ ပသန္နဖြစ်စရာ အလျင်းပင် မရှိ။

သမ္မောအဋ္ဌကထာ၊ တေရသကဏ်ဍီကာများမှာ စေတီဗောဓိများကို ဖျက်ရာ ပဒုဋ္ဌ မပါ။ စေတီယပဒုဋ္ဌမှာ တထာဂတဿ-သမ္ဗဒါန်ခံရကား စေတီယဘေဒကလည်း တထာဂတဿ ပဒုဋ္ဌဿ၊ စေတီမှာ အဝိညာဏက၊ စေတီယပဒုဋ္ဌယူမူ အဋ္ဌာနကောပဖြစ်၍ အကျိုးပေးစရာ မရှိ၊ အနန္တရသဒိသကို ထောက်။ မင်းကိုယ်စားလှယ်ကို မရိုသေက မင်းကို မရိုသေသည်နှင့်အတူ အမိသည် လှသောသား, မလှသောသား ၂-ဦးကိုပင် ချစ်ခင်မြတ်နိုးဘိသကဲ့သို့ ကြီးသည်,ငယ်သည်ဖြစ်စေ၊ သပ်ပါယ်သည်, မသပ်ပါယ်သည်ဖြစ်စေ စေတီ,ပုထိုးရုပ်တု,ဆင်းတု ၂-ပါးကိုပင် မဖျက်မဆီးကောင်း။ ဖျက်ဆီးသမျှ ပဒုဋ္ဌ-သာ၊ ပသန္နမဟုတ်။ အငယ်အဖျက်ခံရသော စေတီလည်း စေတီအထူးပင် ဖြစ်သည်။ အဟောင်းမကောင်းသည့် စေတီကို ဖျက်၍ ထိုဖျက်သည့်နေရာမှာ ကောင်းအောင် စေတီအသစ်တည်က အပြစ်မရှိ၊ ပုညဗလဝဖြစ်သည်-ဟု ပါဠို,အဋ္ဌကထာ မလာ။ သမာပတ်ဝင်စားသည့် ပစ္စေကဗုဒ္ဓါအရှင်ကို မီးတိုက်ရှို့မိသောကြောင့် မီးတိုက်ခံ၍ သေရသော သာမာဝတီလည်း ရှိသည်။

ဣတ္ထိပုရိသလိင်္ဂပရိဝတ္တနဖြစ်ရာ ကွယ်ပျောက်သည်ကား အကုသလာနိသံသ၊ တဖန် ရပြန်သည်ကား ကုသလာနိသံသ။ ဒုလ္လဘဗလဝ-သာ အထူးဖြစ်သကဲ့သို့ စေတီယဘေဒကမှာ ရှေ့အဟောင်း အဖျက်ခံရသည်ကား အကုသလာနိသံသ၊ နောက်အသစ်ပြင်ဆင်သည်ကား ကုသလာနိသံသ။ သဇိဝဗုဒ္ဓမှာ ပါရမီကံ-ရှိ၊ နိဇ္ဇီဝစေတီယမှာ ပါရမီ-ကမ္မဝေဂ အဟုန်မျှသာ။

သဒ္ဓါပသန္နဥပါသက, ဥပါသိကာတို့ တံမြက်ခြေး, အမှိုက်သရိုက် အစုအပုံမှာ မစင်လူးလဲ ကပ်လိမ်း၍ စွန့်ပစ်ထားသည့် သင်္ကန်းအစုတ်အပဲ့အရွဲ့မျှကိုပင် ပတိဋ္ဌတ ၅-ပါးနှင့် ရှိခိုးသင့်ကြောင်း၊ ပူဇော်သင့်ကြောင်း ပါဠို,အဋ္ဌကထာ လာရှိရကား စေတီပုထိုးကို သမ္မာဒိဋ္ဌ

http://www.dhammadownload.com

ဥပါသက-ဟူက ဖျက်ဆီးဝံ့ရဲစရာ မရှိ၊ တတိယပါရာဇိကမှာ အဆိပ်ကို ပေး၍ သေ,မသေ စမ်းရာ ဝီမံသနာဓိပ္ပါယဖြစ်၍ အနာပတ္တိ-ဟူရကား မုန်ညင်းစေ့မျှ သရီရဓာတ်တော်မှန်က တူ,ပေတို့ဖြင့် အားရှိအားများ ဖျက်ဆီးရိုက်နှက်သော်လည်း ကွဲပြိုပျက်စီး မရှိ-ဟု ရှေးအမှတ် ရှိသည့်အတိုင်း သရီရဓာတ်တော် မှန်,မမှန်သိသာအောင် ပေမှာတင်၍ တူနှင့် ရိုက်မည့်အမူကို အနဝဇ္ဇပင် ဆိုသော်လည်း သာဓုဇနဥပါသကမှန်က ဧကန်မပြုဝံ့ရဲရာသကဲ့သို့ ပရိဘောဂ စေတီကို ဖျက်ဆီးရာလည်း အပြစ်မရှိစေကာ တမဲ့၊ သာဓုဇနဥပါသကတို့ ဝံ့ရဲစရာ မရှိ။

ဒိဋ္ဌသမ္ပန္နသောတာပန်ပုဂ္ဂိုလ်တို့ စေတီပုထိုး, ဂူကျောင်းများကို စကြာမန္ဒတ်မင်း ဖြစ်မည်ဆိုသော်လည်း မဖျက်ဆီး၊ ဖျက်ဆီးမည် မကြံ။ "စေတီပုထိုးကို ဖျက်ဆီးရမည်" လည်ပင်းကို ဓားမိုး၍ ထားသော်လည်း မိမိလည်ကို အဖြတ်သာ ခံမည်။ စေတီပုထိုးကို မဖျက်၊ ဖျက်မည် မကြံနိုင်ကြပလေ။ ဖျက်မည်ကို ထားဘိဦး၊ ဘုရား,တရား,သံဃာ မဟုတ်-ဟူ၍ မဆိုနိုင်ပလေ။ မိအို,ဖအိုတို့ ဝတ်ရုံသုံးဆောင်သည့် ပုဆိုးနွမ်းအဟောင်းများကို သား, သမီးတို့ မိဘကို ကြည်ညိုလေးမြတ်က ဖျက်ဆီးနိုင်စရာ မရှိ၊ မိုက်သော သား,သမီးမှာ မဆိုနိုင်။ စေတီပုထိုး, ရုပ်တု,ဆင်းတု ပရိဘောဂစေတီကို ဖျက်ဆီးသူတို့မှာ မြမြသော ရောဂါ နှုနာတွေထိခြင်း, ရူးသွပ်ခြင်း, တွေဝေ၍ သေရခြင်း, သေသည်၏ အခြားမဲ့၌ အပါယ်လား ရခြင်းသာ ဖြစ်ရာသည်။ ယုံမှား မရှိသာပလေ။

ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။ (ခုဒ္ဒကပါဋ္ဌ။၃)

မင်္ဂလာတရား-ဟူရာ ရတနာ ၃-ပါး စေတီပုထိုး, ရုပ်တု, ဆင်းတု-ဟူက ပူဇနိယ ဝတ္ထုသာ၊ ဘေဒနိယဝတ္ထု မဟုတ်။ ၎င်းအဘေဒနိယဝတ္ထုကို ဘေဒနိယဝတ္ထုပြု၍ ဖျက်ဆီးလျှင် ဘေဒနကမ္မအတိုင်း မကောင်းကျိုးပေးစရာသာ ရှိသည်။ ကောင်းကျိုးပေးစရာ အလျင်း မရှိ။ ပူဇာတ်ကား ဘေဒဓာတ္တုကို မဟောနိုင်ရာ။ တစ်စုံတစ်ရာ အသုံးအဆောင်ကိုပင် ချစ်ခင်မြတ်နိုးက မဖျက်ဆီးနိုင်၊ မုန်းမှသာလျှင် ဖျက်ဆီးနိုင်ရာသည်။ မုန်းထား၍ ဖျက်ဆီး သောဝတ္ထုကို ကောင်းအောင်ပြုသည် မဆိုနိုင်ပခေါ။

ယော စ ပူဇေယျ သမ္ဗုဒ္ဓံ၊ နိဗ္ဗတ္တေ လောကနာယကံ။
ဓာတုံ သာသပမတ္တံပိ၊ နိဗ္ဗာနသ္မာပိ ပူဇယေ။ –

ဟူသော ပါဠိနှင့်အညီ သဇီဝဗုဒ္ဓကို ပူဇော်လိုက နိဇ္ဇီဝဓာတုစေတီကို ပူဇော်ရသကဲ့သို့ ပရိဘောဂစေတီယကိုလည်း ဓာတုစေတီနှင့်အတူ ပူဇော်သင့်, ပူဇော်ထိုက်လေရကား စေတီယဂေဟ, ပရိဘောဂစေတီယကို ဖျက်ဆီးချေက ဘေဒနကမ္မအတိုင်း ဒုစ္စရိတအကု-သလကမ္မတစေ-သာ။ သောဘနပူဇနကမ္မမာနိယ အချင်းခပ်သိမ်းပင် မဟုတ်လေ။

http://www.dhammadownload.com

၄၃။ သီဟိုဠ်၊ သီရိသယ်ဗောဓိမင်း တောတွင်းသား ၁-ဦးကို ထမင်းစားမြိန်စာထုပ် ၁-နပ်စာမျှ ဆက်ပေးသဖြင့် "ဦးခေါင်းကို ဖြတ်၍ နောက်မင်းကို ဆက်သလော့" ဆိုသော်လည်း မဖြတ်ဝံ့၍ မဖြတ်လေ။ စေတီကို ဖျက်ရာမှာ ပဂေဝ၊ တောတွင်းသားလောက် လိမ္မာကောင်းသည်။

၄၄။ အမွပါလိပြည့်တန်ဆာ မြတ်စွာဘုရားအား ဆွမ်း ၁-ထပ်စာကို ဝေသာလီပြည်၊ ကျေးလက်ခရိုင်ပေး၍ မလဲသော ဝတ္ထုများကို ထောက်သင့်သည်။

၄၅။ သုနက္ခတ္တ လိစ္ဆဝီမင်းသားလူထွက် မြတ်စွာဘုရားကို ဥတ္တရိမနုဿဓမ္မ မရှိ၊ ရဟန်းဂေါတမတရား အကြံရသမျှ ပြောသည်။ ရဟန်းဂေါတမတရား ကျင့်သောသူကို ဒုက္ခတကာကုန်စေသဖြင့် ထွက်မြောက်ကြောင်းကား ဖြစ်၏-ဟု စကား ၂-ခွန်းဆိုရာ ပဒုဋ္ဌချည်းပင် ဖြစ်သော်လည်း ရှေးစကားကိုသာ နိရယဂတိ၊ နောက်စကားကား ဝဏ္ဏဘဏန-ဟု ဟောတော်မူရာမှာကဲ့သို့ စေတီယ, စေတီယဂေဟမှာလည်း ဖျက်ဆီးသည်ကား ပဒုဋ္ဌနာသနသာဝဇ္ဇ၊ ပြင်ဆင်ပြုလုပ်သည်ကား ပဋိသံခရဏာ နဝကမ္မနိရာဝဇ္ဇ ခွဲယူသင့်သည်။

၄၆။ ဒုဿိမာရိ(သည်) ကောက္ကသန်မြတ်စွာဘုရား လက်ယာရံ ဝိဒူရမထေရ်ဦးခေါင်းကို ကျောက်စရစ်နှင့် ပစ်၍ သွေးယိုစေသောကြောင့် ငရဲကြီးသို့ မြေခွဲ၍ ရောက်သည်များကို စဉ်းစားဆင်ခြင်ရမည်။ မဟာမုနိ ဂန္ဓကုဋိကို အသစ်ကောင်းစွာ ပြုလို၍ အဟောင်းကို ဖျက်ဆီးစေဦး။ ၎င်းသောမနဿ အသေဝိတ-သာ၊ သေဝိတ မဟုတ်။ ၎င်းသောမနဿကြောင့် အကုသိုလ်သာ များစရာရှိသည်။ ကုသိုလ်ရစရာ, ပွါးစရာ အလျင်းမရှိ။ သုဂတိသို့ ရအောင်, ရောက်အောင် ဒုဂ္ဂတိသတ္တဝါကို သတ်သည်နှင့် အလားတူသည်။ သတိကြီးစွာ ထားသင့်ပချေသည်။

ဂါရဝေါ စ နိဝါတော စ ။ပ။ မုတ္တမံ။

မဂ်လတရား-ဟူရာ စေတီယဂေဟဘောဒနအမှုကို ဂါရဝ မဆိုနိုင်ရာ, မဆိုထိုက်, မဆိုကောင်း။

"ဒါနဥ္စ ဓမ္မစရိယာ၊ အနဝဇ္ဇာနိ ကမ္မာနိ၊ အပ္ပမာဒေါ စ ဓမ္မေသု၊ သန္တုဋ္ဌိ စ ကတညုတာ၊
သမဏာနဥ္စ ဒဿနံ၊ အရိယသစ္စာနဒဿနံ"–

စသည်ဟူရာ မဂ်လာတရားများကို စေတီယဘောဒနကမ္မအမှုကို ပြုလုပ်ဖျက်ဆီးသူတို့မှာ အလျင်းပင် နှလုံးမသွင်း၊ မိစ္ဆာအသင်းဝင်များနှင့် မခြား၊ လူငနွား ဆိုထိုက်ပချေသည်။

http://www.dhammadownload.com

စေတီယ, စေတီယဂေဟ ၂-ချက်အရ ဂန္ဓကုဋိဘေဒနသာဝဏ္ဍ၊ ဒုစ္စရိတကမ္မဇကေန္ဒကို နိရာဝဏ္ဍ သုစရိတပါသံသကမ္မဇကေန္ဒ-ဟု မိဆ္ဆာဉာဏ အဝိဇ္ဇာပုဗ္ဗင်္ဂမဖြင့် ဒဋ္ဌဂါဟဒုပ္ပဋိနိဿဂ္ဂ ပြု၍ ဘေဒနအမှုကို ပြုပချေက အတ္တကိလမထာနုယောဂ အတ္တန္တပမိဆ္ဆာဝါဒကဲ့သို့ ပစ္စုပ္ပန်၌ ပရူပဝါဒ = သူတပါး ကဲ့ရဲ့ပြစ်တင် အစွပ်စွဲခံရခြင်း၊ ဥပသဂ္ဂ = ဒဏ္ဍာ ၁၀-ပါးတွေ့ခြင်း, သံသရာ၌ အပါယ်လားခြင်း ပစ္စက္ခ, သမ္မရာယိကဒုက္ခ ၂-ပါးသာ ငါတို့ဉာဏ်မှာ ထင်မြင်သည်။ သုခ အလျင်းပင် မထင်။

မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်တော်မူသည့် ဂန္ဓကုဋိတော်ကို တည်ထောင်ပြုစုခဲ့သော အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးသည် ရွှေဘိုမင်းရိုး၌ မင်းသာမည မဟုတ်၊ မင်းထူးမင်းမြတ် အရှည်မြော်မြင်သူဖြစ်ပေရကား ထိုမင်းတရား တည်ထားကိုးကွယ်ပြုလုပ်ခဲ့သော လက်ရာတော်ကို ဖျက်ဆီးချေက ပစ္စုပ္ပန်, သံသရာ ၂-ဖြာသောအဖြစ်၌ အပြစ်များစွာရှိသည်-ဟု ငါတို့ဉာဏ်မှာ ထင်မြင်သည်။

ဤသို့ အရပ်ရပ် လောကဓမ္မသာဓကသက်သေ အထွေထွေဥပမာ ကျမ်းလာသည့် အတိုင်း ရေးသားဆုံးဖြတ်စီရင်အပ်သော ဆာဝရကမ္မဘေဒနဝိနိစ္ဆယကို ပစ္စုပ္ပန်,သံသရာ ၂-ဖြာသော အကျိုးစီးပွါး များရာများကြောင်း သပ္ပုရိသသူတော်ကောင်းတို့ ဘေဒနသာဝဏ္ဍ ဒုစ္စရိတကမ္မကို ယောနိသောမနသိကာရ သဒ္ဓါပုဗ္ဗင်္ဂမ ရှေ့သွားဖြင့် အမှားမဖြစ်ရအောင် သတိဆောင်၍ ကြဉ်ရှောင်ကြရမည်။

(နိဒါန်းတွင် ဉာဏောဘာသဝိနိစ္ဆယစာတမ်း-ဟု ပါရှိသည်။)

* * * * * *

[၂] နိဂုံးဂါထာပါဠိအနက်

ဟေမာမိ ပရိဝတ္ထေတွာ၊ ဥဒ္ဓနန္တမရုဒ္ဓရာ။
သဟဿာ သုဒုဏ္ဍရေ'ဒံ၊ စိန္တေတဗ္ဗံ ပုနပ္ပုနံ။ ။

ဟေမာမိ၊ ရွှေ, ငွေ, မြ, ဖလ်၊ ၄-တန်ရောင်စိုး၊ တောင်ပေါင်းခိုသည့်၊ မြင်းမိုရ်ဦးကိုင်၊ မဏ္ဍိုင်ရောင်ညီး၊ တောင်များထီးကို။ ပရိဝတ္ထေတွာ၊ ထက်,အောက်ပြောင်းပြန်၊ တွန်းထိုးလှန်၍။ ဥဒ္ဓနန္တမရုဒ္ဓရာ၊ မြခုံလောက်ကြား၊ ပေါက်သားမျက်ရွဲ၊ ပုလဲတိုးပြည်း၊ သည်းတလုံးကို၊ ယူကျုံးယုတ်ဆောင်၊ ထုတ်ဆောင်သောထက်။ သဟဿာ၊ အထောင်မက၊ တွက်ဆတိုင်းမှန်၊

http://www.dhammadownload.com

ကိုင်ကန်ရေတွက်၊ ဂဏန်းဆက်ဖြင့်။ သုဒ္ဒကွရံ၊ တိုင်းထွာမလျော်၊ ကုတ်ကော်သည်းထန်၊ အလွန်တရာ၊ ခဲယဉ်းစွာ၍၊ လွယ်ခါသမှု၊ မပြုစွမ်းနိုင်သော။ ကွဒံ ဌာနံ၊ မဟာမုနိ၊ နှံ့သိထင်ပေါ်၊ ဂျွန်းလုံးကျော်သည့်၊ ရုပ်ရှင်တော်မြတ်၊ ကိန်းဝပ်တော်မူရာ၊ မဟာအတုလ၊ ဂန္ဓကုဋိတော်ကြီး၊ မဖျက်ဆီးသင့်၊ ကျမ်းစုံဖွင့်သား၊ သင့်တင့်လျောက်ပတ်၊ ဆုံးဖြတ်ပိုင်းခြား၊ စကားထောက်စရာ၊ ပါဠိ,အဋ္ဌကထာ၊ ဂဏ္ဌိ,ဋီကာ၊ အရာရာဤနိဂ္ဂုယကို။ ပဏ္ဏိတေဟိ၊ ၂-လမ်းဝဲ,ယာ၊ လောကီ, လောကုတ္တရာ၊ စာသိကျမ်းမြင်၊ ပညာရှင်တို့(သည်)။ ပုနပ္ပုနံ၊ ရာ,ထောင်မရပ်၊ အထပ်ထပ် မနေမနား၊ စားဝါးနှိုင်းချိန်လျက်၊ အကြိမ်ကြိမ်အတန်တန်။ စိန္တေတပ္ပံ၊ ဉာဏ်ရဟတ်ဖြင့်၊ လှည့်ပတ်ထွေထွေ၊ သေခွေစေ့စပ်၊ ကြံစေအပ်သတည်း။

* * * * * *

[၃] သံပိုင်းမော်ကွန်းလင်္ကာ

မင်္ဂလာကျော်သရေ၊ ကိုးမျက်ထွေလျက်၊ ဝေဘူတောင်မြင့်၊ ရောင်စုံတင့်သို့၊ ရှင်ပင့်သာသနာ၊ နှစ်ထောင်သာ၍၊ လေးရာတကယ်၊ သုံးဆ ယ်ဝန်းသစ်၊ စွန်း ခုနစ်တည့်(၂၄၃၇)၊ ခေတ်ကလိမ္ဘာ၊ လေးထောင်သာ၍၊ ကိုးရာကိုးဆယ်၊ စွန်းကယ် လေးနှစ်(၄၉၉၄)၊ သက္ကရာဇ်ကောဇာ၊ ထောင့်နှစ်ရာဝယ်၊ ငါးဆယ့်ငါးနှစ်(၁၂၅၅)၊ ရောက်လစ်သောခါ၊ မြန်တိုင်းညာ၌၊ မဟာမုနိ၊ နှံ့သိထင်ပေါ်၊ ရုပ်ရှင်တော်ကို၊ ပူဇော်မြတ်နိုး၊ ရိုကျိုးလေဟန်၊ စိတ်ဖောက်ပြန်၍၊ ဂန္ဓကုဋိ၊ ပရိဘောဂ၊ ပေါရာဏာကို၊ မွမွကျေညက်၊ လုံးစုံပျက်အောင်၊ ဖျက်ဆီးကြမည်၊ ကြံစည်ကြောင်း၊ လူ,ရှင်များကို၊ သနားသဖြင့်၊ တရားဖွင့်လျက်၊ ရှည်မြင့်နောက်နောင်၊ မှတ်ရအောင်လျှင်၊ စာစောင်စာတမ်း၊ ရှေးတည်းငြမ်းဖြင့်၊ အခန်းပေါလှ၊ သဘောကျအောင်၊ လောကဓမ္မ၊ ရာဇ ၃-လီ၊ ထုံးမှိဝေဆာ၊ ပဒေသာသို့၊ ကြေငြာအိန့်ရန်၊ တည်စိမ့်တန်ဟု၊ မိန့်ပြန်လင်းစွာ၊ တရင်းသာ၍၊ ခြင်းရာစကား၊ လင်းကာကြားသည်။ ။ **တရားသီထင်၊ လူ,ရှင် သာဓု သာဓု ခေါ်စေသောဝ်။**

ထာဝရကမ္မဘေဒနဝိနိစ္ဆယ ပြီး၏။

★ ★ ★ ★ ★ ★ ★

http://www.dhammadownload.com

အာသီသပတ္ထနာလက််ဇကပိုဒ်

မဂ််လာဝုဏ်ရောင်၊ ထိန်ထိန်ပြောင်စိမ့်၊ ရွှေတောင်တသွန်၊ ဤကျမ်းမွန်ကို၊ သူမွန်ဆုံးဖြတ်၊ နီတတ်,နေယျတ်၊ သိမှတ်ဆန်းကျယ်၊ ထုံးနည်းနယ်လျှင်၊ ဓိပ္ပါယ်မတိမ်၊ မွှေသိမ်နက်နဲ၊ ရှုမရဲအောင်၊ ခက်ခဲရကား၊ အများအပြား၊ ထွေပြားဂန္ဆန်၊ အူသည်းလှန်၍၊ လမ်းမှန်ဆုံးဖြတ်၊ နည်းပညတ်၌၊ မတတ်မမြင်၊ မကျွမ်းကျင်ဘဲ၊ လူတွင် ပဏ္ဍိ၊ ကဝိအယောင်၊ ဟန်ဆောင်သူ၊ ဖြစ်လင့်မူကား၊ လောကူပမာ၊ ပုံပြင်ရှာလျှင်၊ တောဇာရောင်မြူး၊ ယုဂန်ဦးဝယ်၊ သောက်ရှူးအသွင်၊ လင်းလင်းထင်သား၊ မျက်ရှင်ပြည်တန်၊ မဏိမွန်ကို၊ လမ်းစွန်တွေ့ပြား၊ ထိုယောကျ်ားလျှင်၊ နည်း,များဖိုးသင့်၊ ဉာဏ်ဖြင့်စာနာ၊ မသိရှာ၍၊ ဈေးမှာလှည့်လည်၊ မုန့်သည်ထံပါး၊ လဲလှယ်စားသို့၊ တောသားပလောင်၊ မြို့,ချောင်ခိုဝင်၊ ချင်း,ကရင်လည်း၊ လူတွင် ကောင်းမြတ်၊ သုံးဆောင်လတ်သည်၊ ထောပတ်,ဆီဥ၊ မခုချိုမြိုက်၊ နှစ်မခြိုက်သို့၊ တောဌ် ဗျော်ရွှင်၊ ဆဒ္ဒန်ဆင်ကို၊ စုံလင်ထွေထူး၊ မမြင်ဘူးသည့်၊ လေးဦးပေါင်းစု၊ စက္ခုမစွမ်း၊ လူရည်နွမ်းသို့၊ ကြောင်းလမ်းမထင်၊ ပြစ်တင်ဝိုးဝါး၊ ယုံမှားသင်္ကာ၊ မိစ္ဆာသက်ဝင်၊ ဉာဏ်ဆန့်ကျင်လိမ့်၊ ယခင်ကျမ်းမြတ်၊ နည်းဆုံးဖြတ်နှင့်၊ ပညတ်မူလ၊ ဓမ္မလက္ခဏာ၊ အရာရာဝယ်၊ ယုတ္တာယုတ္တိ၊ ကျွမ်းကျင်သိမူ၊ မဏိလျှံလက်၊ ပြည်တန်စက်ကို၊ ချိန်စက်ဖိုးကျ၊ အနုပ္ပဟု၊ မုချထင်ထင်၊ သိမြော်မြင်သို့၊ လူတွင် ယခု၊ သုံးဆောင်ပြုသည်၊ ဆီဥ,ထောပတ်၊ ထူးမြတ်ရသာ၊ ပျားသကာကို၊ လွန်စွာမြိန်ရှက်၊ ကြိုက်နှစ်သက်သို့၊ မြို့ငနက်ခိုမှီး၊ ဆင်ပြောင်ကြီးကို၊ အမြီး,ခြေ,လက်၊ နားရွက်,နှာမောင်း၊ စွယ်ချောင်းသိမ်းရုံး၊ ကိုယ်လုံးဖြူဖြူ၊ မြင်ဖူးသူတို့၊ ပုံတူမကွဲ၊ ရှိမမြဲတည့်၊ မလွဲမှန်စွာ၊ ထို့ကြောင့်သာလျှင်၊ သုတာမယ၊ ဉာဏတက်သစ်၊ ဥစ္စာနှစ်ကို၊ မလစ်စေမူ၊ ရှာမှီးစုသည်၊ စတုဝံသာ၊ မျိုးလေးဖြာတို့၊ ဤစာဉာဏ်မျိုး၊ တန်ခိုးမမှိန်၊ ရောင်ရှိန်ငွါးငွါး၊ ပတ္တမြားကို၊ ရွှေနားသိဏ်၊ နာရဏီဝယ်၊ ဉာဏ်လက်သွယ်ဖြင့်၊ ဆန်းကြယ်ပြုပြင်၊ ဖန်စီရင်၍၊ ကြည်ရွှင်နေ့,ည၊ ဆင်ကုန်ကြလော့၊ ပေါ်စထွန်းသစ်၊ ကျေးဇူးနှစ်ကို၊ မှတ်ရစ်လိမ့်ဌာ၊ ပညာအလှူ၊ ကုသိုလ်မူသည်။ ။ ဆုယူဗောဓိ ရွှေဉာဏ်တည်း။

----- × -----

http://www.dhammadownload.com

ကျမ်းပြီးနိဂုံးလင်္ကာ

အောင်မျှို့မင်္ဂလာ၊ ခြိမ့်ခြိမ့်သာစိမ့်၊ သပြေညာတိုက်၊ ဇေယျသိုက်ဖြင့်၊ မကိုဋ်မြန့်ပေါင်၊ ကြင့်နှံးထောင်သည့်၊ ကုန်းဘောင်မန္တာတ်၊ ဘေးတော်မြတ်မှာ၊ နေနတ်နွယ်ပွင့်၊ ဆယ်ကြိမ်ဆင့်လျက်၊ စုံတင့်သမ္ဘာ၊ မုံရင့်မာ၍၊ ရိုက်ရာတော်ဆက်၊ စောဘုန်းတက်လျှင်၊ ရံလက်ယာနေ၊ ညာမဟေန္ဒင့်၊ အောင်ဘိသေပန်း၊ ဗွေသဖန်းဝယ်၊ ရေဖျန်းခံယူ၊ စံတော်မူသည်၊ ဇမ္ဗူလုံးဖျား၊ မင်း ၂-ပါးတို့၊ ပွါးကုသိုလ်တော်၊ မန်းမြို့ပေါ်မှာ၊ လွှဲကျော်ဝေးနီး၊ တိုက်တော်ကြီးတွင်၊ သင်မှီးကျမ်းဂန်၊ အတန်တန်ကို၊ ပြန်လှန်ရွှန်၊ ဓာရဏာကြောင့်၊ ပဌမ, မဇ္ဈိ၊ ဂုဏ်ထူးရှိသား၊ ဇာတိမည်ကို၊ ဆင့်ဆင့်တိုး၍၊ ရှေးရိုးပညတ်၊ ကျေပွန်နပ်အောင်၊ အပတ်တကုတ်၊ အားအံထုတ်၍၊ လောကုတ်,လောကီ၊ ကျမ်းထို,ဤကို၊ ပါရမီအခြေ၊ ဖြစ်ပစေဟု၊ သေခွေသိပ်သည်း၊ ရှေးထုံးနည်းကို၊ နိသျည်းမှန်ပု၊ နှိုင်းတန္တြဖြင့်၊ စံဥဒါဟြုဏ်၊ ဉာဏ်စွယ်စုံကို၊ ဂုဏ်အဆီပြု၊ နိဂြောဓဟု၊ နာမန္ဓနိုးစိုး၊ မထေရ်ပျိုလျှင်၊ ပုဂ္ဂိုလ်အကျော်၊ ဆရာတော်ဟု၊ ထင်ပေါ်ကြေငြာ၊ သုဓမ္မာဝယ်၊ သိဂ်ီရောင်ခြိပ်၊ ဘွဲ့ရွှေလိပ်နှင့်၊ တံဆိပ်တော်ခံ၊ မင်းစံရောင်မြူး၊ ဂုဏ်နှံ့ကြူးသည်၊ **ဆူးခါးဆရာတော်**၊ သောင်းရပ်ကျော်သား၊ အဟော်အစ္ဆရိ၊ ဂုဏ်သိဒ္ဓိကို၊ နှံ့သိမြန်ခွင်၊ ကျေးဇူးရှင်ထံ၊ နည်းနာခံလျက်၊ စက်ပျံအစုံ၊ ရွှေပဒုံကို၊ ထိပ်မုံပန်ဆင်၊ ရှိဉီးတင်၍၊ သင်ကြံပြီးခါ၊ ဤကျမ်းစာကို၊ စွမ်းပါသမျှ၊ ပြစ်မရှအောင်၊ ကျနပ်ပြင်၊ စက်ပုံတင်သည်၊ ဝေဒင်ဝေါဟာ၊ သက္ကရာမူ၊ ဘောမာရသ၊ နေတွေက(၁၂၆၃)တွင်၊ မာသနံကာ၊ ပန်းခတ္တာလည်း၊ မုံအာပွင့်ချိန်၊ မာယဝိန်လျှင်၊ မနိန်စိတ်၌၊ နှိုးဆော်ကြိုက်၍၊ သိုက်မြိုက်စီရင်၊ ပြီးအောင်မြင်သည်။ ။ ဆင်ခြင်စေ့ငုံ၊ ကြိမ်ကြိမ်ရွှန်၍၊ သာဓု သာဓု ခေါ်စေသောဝ်။

"သုမနဝံသာဘိဓေယျသိရိပဝရမဟာဓမ္မရာဇဓိရာဇဂုရု"တံဆိပ်တော်ရ
ဆူးခါးဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက
ဦးနိဂြောဓအမှည် တည်းဖြတ်သုတ်သင် ကြိုးကြပ်ပြင်ဆင်သော
ဝိနယသမ္မဟဝိနိစ္ဆယ၊ ဒုတိယတွဲ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

ရကြပါစေ၊ အမျှဝေ

"ဓမ္မအလှူ၊ ဖြစ်စေ"ဟူ၍၊ ဘယ်သူမန္ဒီး၊ ကိုယ်တိုင်နိုးလျက်၊ ကောင်းကျိုးရမူ၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ, အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေဒကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုးဉာတကာ၊ ကုလာဇေဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွဋ်ကုန်ကျ၊ အဋ္ဌအရိယာ၊ ဒေဝါ, သက္က၊ ပြဟ္မမဟာ၊ လောကပါလ၊ ဝဠာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြားဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ဖိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်, ရွာ, တိုင်းကား၊ လူတလွားကို၊ စီးပွါးရှာရှာ၊ သာသနာကို၊ မချာနေ့, ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခာ၊ အာကာသဋ္ဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတများမြောင်၊ တော, တောင်, ကုန်းကျင်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ်၊ ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပမ်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဤပုညကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အား ချစ်ခင်၊ မိဘသွင်သို့၊ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်၊ ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ
ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

၁။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁

၂။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၂

၃။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၃

၄။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် (အပိုင်း- ၁) အတွဲ- ၄

၅။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၅

၆။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၆

၇။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၇

၈။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၈

၉။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၉

၁၀။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၀

၁၁။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၁

၁၂။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၂

၁၃။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၃

၁၄။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၄ (ပ-ပိုင်း)

၁၅။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၅

၁၆။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၆

၁၇။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် (ရိုက်ပြီး၊ချုပ်ဆဲ) အတွဲ-၁၇

၁၈။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၈

၁၉။ တိပိဋကတ ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၉

၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း ၂၁။ မူလဓမ္မဝိသောဓနီကျမ်း

၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာ (ထိမ်တော၊ ဒု-ကြိမ်)

၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာ (ထိမ်တော၊ တ-ကြိမ်) ၂၄။ ပုစ္ဆာနယပကာသနီကျမ်း

၂၅။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-ဌာနဝိနိစ္ဆယကျမ်း (၂-ကျမ်းတွဲ)
သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပွဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာ)

http://www.dhammadownload.com

ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံသဂြိုဟ်နိဿယ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဠိ
၉။ သိရိမဟာမာယာဒေဝီဝတ္ထုနိဿယ
၁၀။ ဓာတွတ္ထသင်္ဂဟပါဠိ + နိဿယ
၁၁။ ဆိဒ္ဓပိဓာနနီကျမ်း
၁၂။ လင်္ကာဒီပဝဏ္ဏနာ
၁၃။ ဝိစိတြဝန္ဓနာ-စသည် (ပ,ဒု၊ ၂-ကြိမ်)
၁၄။ မနောဒီဋ္ဌဝန္ဓနာ
၁၅။ သတိသမ္ပဇညနိဂ္ဂဟစာတမ်း (ဦးနာရဒ)
၁၆။ မဟာဇောဓာဒီပဝဏ္ဏဒီပနီ
၁၇။ အမေးတော်ဖြေ
၁၈။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၉။ ဝိမိဿမဓုရရစနာ (ပ, ဒု-တွဲ) (ပ-ကြိမ်) (အရှင်စန္ဒဇောတိ)
၂၀။ ဝိမိဿမဓုရရစနာ (၂-တွဲပေါင်း) (ဒု-ကြိမ်) (အရှင်စန္ဒဇောတိ)
၂၁။ မင်္ဂလာအမြွေတေ
၂၂။ လူနှင့်တူသော၁လူ
၂၃။ တထာဂတဥာနဒီပနီ (ပထမတွဲ)
၂၄။ တထာဂတဥာနဒီပနီ (ဒုတိယတွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (ပထမတွဲ)
၂၆။ ဗုဒ္ဓနိုင်ငံတော် (ဒုတိယတွဲ)
၂၇။ ဗုဒ္ဓနိုင်ငံတော် (တတိယတွဲ)
၂၈။ ဝိမတိစ္ဆေဒနီ (ကျီးသဲ)

http://www.dhammadownload.com

ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၂၉။ သမ္မာဒိဋ္ဌိကထာကျမ်း
၃၀။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၃၁။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပွဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၂။ မဟာဗောဓိပတ္တိကထာကျမ်း
၃၃။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၃၄။ ဘူမိစာလနိဒါန်းကျမ်း (၃, တ ၂-ကြိမ်)
၃၅။ ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၆။ တွံတေး၊ ပရိတ်ကြီးပါဠိ,နိဿယ
၃၇။ ကစ္စာယနသာရသင်္ဂဟပတ္ထဒီပနီ (ပြည်)
၃၈။ ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)
၄၀။ ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)
၄၁။ မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ (ဟရိဇလ၊ ကုသိနာရုံ)
၄၂။ စေတိယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း (ထိမ်တော)
၄၃။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ပထမတွဲ)
၄၄။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ဒုတိယတွဲ)
၄၅။ ပြက္ခဒိန်အကြောင်းသိကောင်းစရာနှင့် ကာဗျမိဿက (ပ, ဒု ၂-ကြိမ်)
၄၆။ ဒုစရိုက်,သုစရိုက်ခွဲတမ်း လူစည်းကမ်းဥပဒေတော်ကြီး (အရှင်စန္ဒဇောတိ)
၄၇။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (တတိယတွဲ)
၄၈။ ဂမ္ဘီရတ္ထဒေသနာ (သီးလုံးဆရာတော်)
၄၉။ မုဒ္ဓါဘိသေကာဒိပဉ္စက (၅-ကျမ်းတွဲ)
၅၀။ ဆယ့်နှစ်လရာသီပြ ကြယ်တာရာပုံများ (အရှင်သဒ္ဓိယနှင့် ကိုလူသောင်း) (ဒု-ကြိမ်)
၅၁။ အနေကဇာဋိကာ (ဦးကေတုမာလာ)
၅၂။ ဝိနယသမူဟဝိနိစ္ဆယကျမ်း (ပထမတွဲ)
၅၃။ ဆန်းကျမ်း ၆-စောင်တွဲ
၅၄။ ဝိနယသမူဟဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)

http://www.dhammadownload.com

ဤဝိနယသမူဟဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)ကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါနဒါယကာများ

သရေစည်သူ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်

ဒုတိယပိုလ်ချုပ်ကြီးသာအေး(ဌေး)

ဇနီး ဒေါ်ဝေဝေခိုင်

"အေးရိပ်ဝေ"မိသားစု

သား,သမီး, မြေးတစုကောင်းမှု

နတ်လူသာဓုခေါ်စေသော်။

http://www.dhammadownload.com

http://www.dhammadownload.com